http://www.dhammadownload.com

၉၀၀၇

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌောတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ကာရုဏိက
၏

# ဓမ္မာစရိယမျက်ရှု

အရှင်ဂုဏိသာရ (ဓမ္မာစရိယ၊ ပါဠိပါရဂူ)
တည်းဖြတ် မွမ်းမံသည်။

တတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

၉၀၀၇

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ကာရုဏိက
၏

# ဓမ္မာစရိယမျက်ရှု

အရှင်ဂုဏိဿရ (ဓမ္မာစရိယ၊ ပါဠိပါရဂူ)
တည်းဖြတ် မွမ်းမံသည်။

တတိယအကြိမ်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဋ္ဌာနတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ကာရဏိက
၏

# ဓမ္မာစရိယမျက်ရှု

အရှင်ဂုဏိဿရ (ဓမ္မာစရိယ၊ ပါဠိပါရဂူ)
တည်းဖြတ် မွမ်းမံသည်။

တတိယအကြိမ်

သာသနာ–၂၅၅၂ ကောဇာ–၁၃၇၀ ခရစ်–၂၀၀၈

http://www.dhammadownload.com

**ပုံနှိပ်ခြင်း**

၂၀၀၈-ခုနှစ်၊ ဇွန်လ။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဇာနည်ဝင်း

(မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅)ကထုတ်ဝေ၍

သာသနာရေးဦးစီးဌာနအတွက်

ဦးနိုင်လေး(မှတ်ပုံတင်အမှတ်-၀၈၈၅၀)

သီရိတိပိဋကပုံနှိပ်တိုက်

အမှတ်-၃၃၃၊ ဗိုလ်ဆွန်ပက်လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

http://www.dhammadownload.com

# အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။
တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ဓမ္မပဒ)

# ဓမ္မဒါနကုသိုလ်ရှင်

ဖခင်ကြီး (ဦးတင်လှ) နှင့် မိခင်ကြီးဒေါ်စန်းရီ ကို
အမှူးထား၍
ဒေါက်တာခင်ခင်ရီ မိသားစု ကောင်းမှု။

http://www.dhammadownload.com

http://www.dhammadownload.com

# အမှာစာ

ဤ"ဓမ္မာစရိယမျက်ရှု"ကျမ်းစာသည် ဘုရားကြီးနိယံ, ရွှေရေးဆောင်နိယံ စသော ကျမ်းစာများကဲ့သို့ နှစ်ပေါင်းများစွာ စာပေပို့ချရင်း စုဆောင်းမှတ်သားထားအပ်သော မှတ်စုများကို အမှီပြု၍ သိပ်သည်းစွာ ပြုစုထားအပ်သော ကျမ်းစာတစ်စောင် ဖြစ်ပါသည်။ ကျမ်းပြုသူသည် ၁၃၁၇–ခုနှစ်တွင် "ဓမ္မာစရိယဘွဲ့"ကို ရရှိခဲ့သူဖြစ်ရုံမျှမက ဓမ္မာစရိယဘွဲ့ကို မရမီ တပည့်ဘဝတွင်လည်းကောင်း, ဓမ္မာစရိယဘွဲ့ရပြီး ဆရာဘဝတွင်လည်းကောင်း, ဓမ္မာစရိယာစည်းမျဉ်းနှင့် ပတ်သက်သမျှ နည်းစနစ်များကို နှစ်ပေါင်း ၂၀–ကျော်ကျော် လေ့လာ စုဆောင်းခဲ့သူ ဖြစ်ပါသည်။

ဆရာအဖြစ်ဖြင့် စာဝါပို့ချခဲ့ရာတွင် သူ့ထံ၌စာဝါလိုက်၍ သူ့နည်းကို လိုက်နာကြသဖြင့် ဓမ္မာစရိယဘွဲ့ ရခဲ့ကြသူများ အမြို့မြို့အနယ်နယ်တွင် အတော်များများ ရှိနေကြသည်။ စာချသက်ဝါရင့်ပြီး ဓမ္မာစရိယဘွဲ့ရ တပည့်များ ထွက်ပေါ်ပြီးမှ ရေးသားအပ်သော ကျမ်းစာဖြစ်သောကြောင့် စာတွေ့လက်တွေ့ ဗဟုသုတများဖြင့် စုံလင်စွာ ထုံမွမ်းထားသည်။ စာတွေ့ဗဟုသုတထက် လက်တွေ့ဗဟုသုတများက ပိုမို၍ အကျိုးသက်ရောက်စေနိုင်ကြသည်။ လက်တွေ့လေ့လာစမ်းသပ်မှု မပြုရသေးသော စာတွေ့မျှဖြင့် ကျေနပ်မှုမရှိကြသော ဓမ္မာစရိယစာမေးပွဲနှင့် မကင်းကြသူများအား ဤ "ဓမ္မာစရိယမျက်ရှု"ကျမ်းက အကျိုးသက်ရောက်မှုရှိအောင် လိုအပ်ချက်မှန်သမျှကို ကူညီဖြည့်စွက် ပေးပါလိမ့်မည်။

ဓမ္မာစရိယစာမေးပွဲ စည်းမျဉ်းဥပဒေများကား ကျယ်ဝန်းလှရုံမျှမက အယူအဆ နာနာဝါဒများဖြင့် ရှုပ်ထွေးခက်ခဲလှသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာများ၌ မပါဝင်သော ရှေးအဋ္ဌကထာ, ဋီကာဆရာများ ဖွင့်ပြရိုးမရှိသေးသော ထွက်နည်း, တက်နည်း စသည်များကို သုံးစွဲသတ်မှတ်ထားသဖြင့် မူဝါဒအတိအကျ သတ်မှတ်ဆန်းစစ်လို့ပင် မရနိုင်အောင် အယူအဆ ဂါဒကွဲပြားပါသည်။

ထို့ပြင် နိုင်ငံတော်အစိုးရက ဓမ္မာစရိယမေးခွန်းထုတ်ရာတွင် တစ်ပြည်လုံး အများသုံးရိုး အယူအဆများသို့ မလိုက်ဘဲ မိမိအယူအဆ ဝါဒကစ်ခုတည်းကို မှတည်၍ မေးခွန်းထုတ်လေ့ရှိတတ်ကြသည်။ မေးခွန်းတွင်ပါဝင်သော ဝေါဟာရ အသုံးအနှုန်းအချို့မှာလည်း အများသုံးရိုးမဟုတ်သည့် ဝေါဟာရများကို တခါခါ တစ်ခါ ထည့်၍ သုံးနှုန်းတတ်ကြသည်။ ယင်းတို့ကြောင့် စာဖြေသံဃာတော် အရှင်မြတ်များအတွက် များစွာနစ်နာလှပါသည်။

http://www.dhammadownload.com



တစ်ပြည်လုံးနှင့်ပတ်သက်သော စာမေးပွဲတိုင်း၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာများ၌လည်း မတွေ့နိုင်သော ဆရာအစဉ်အဆက် သုံးစွဲရိုးလည်းမရှိသော မိမိတစ်ဦးတည်းသာ နားလည်နိုင်သော ဝေါဟာရအသုံးများ သုံးစွဲခြင်းမှ ရှောင်သင့်ပါသည်။ ဓမ္မာစရိယစာမေးပွဲ, ပါဠိပထမပြန်စာမေးပွဲများကို နိုင်ငံတော်အစိုးရက ပရိယတ္တိသာသနာ ထွန်းကားစေရန် ရည်သန်၍ ကျင်းပပေးနေသဖြင့် မေးခွန်းများမှာလည်း "ပရိယတ္တိ သာသနာထွန်းကားစေရန်"ဟူသော ရည်ရွယ်ချက်နှင့် လျော်ညီစေသင့်ပါသည်။

ဤ"ဓမ္မာစရိယမျက်ရှု"ကျမ်းစာသည် ပရိယတ္တိသာသနာ ထွန်းကားရေးအတွက် ဖြည့်စွက်ကူညီရန် ပေါ်ထွက်လာခဲ့ပေပြီ၊ ကျမ်းစာရှင်သည် ဗဟုသုတစုံလင်ပြည့်ဝ၍ ၁၈-နှစ်ကျော်ကျော် စာချသက်ရှိပြီး ယခုလည်း စာချနေဆဲဖြစ်သည့် စာချအကျော်တစ်ဦးဖြစ်သဖြင့် ဓမ္မာစရိယစာမေးပွဲနှင့် မကင်းနိုင်ကြသော စာချ, စာသင်အရှင်မြတ်များအဖို့ အမြဲလက်စွဲပြုလျက် ကြည့်ရှုထိုက်သော"မျက်ရှုကျမ်းစာတစ်စောင်"ဖြစ်ကြောင်း စာရှုသူများအား မှာကြားလိုက်ပါရစေ။

ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးကြပါစေ။

ဥူးဣန္ဒဝံသ (ဓမ္မာစရိယ)
တိုက်သစ်ပဓ္ဓောတာရုံဆရာတော်
နေရှင်နယ်ကုန်း၊ မြောင်းမြို့။

၁၃၃၇-ခု၊ ပြာသိုလဆုတ် ၁၄-ရက်။
၁၉၇၆-ခု၊ ဇန်နဝါရီလ ၂၉-ရက်၊ ကြာသပတေးနေ့။

http://www.dhammadownload.com



# နိဒါန်း

အရဟာတော–တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝါသနာနှင့်အတူ ဝေးတော်မူ၍.. လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းတူ ပျော် အလှူတော်မှန် အပူဇော်ကို ခံထိုက်သောကြောင့် "အရဟံ"ဆိုတဲ့ ဂုဏ်တော်, ကိလေသာမာရ် ကိုယ်တွင်းရန်ကို လေးတန်ဉာဏ်မဂ် စိန်သန်လျက်ဖြင့် တွဲလျက်ဝါသနာ သတ်ပစ်ပါ၍... သံသရာဘီး အဝိုင်းကြီးကို ဖျက်ဆီးခုတ်ထွင် သုတ်သင်ပြီးဖြစ်သောကြောင်း "အရ–ဟံ"ဆိုတဲ့ ဂုဏ်တော်, လူသူရှေ့နား မဆိုထားနှင့် တစ်ပါးတည်းသာ ဆိတ်ကွယ်ရာ၌ပင် ဘယ်ခါဘယ်ကြောင်း မငဲ့စောင်းဘဲ မကောင်းအမှု အပေါင်းစုကို မပြုဝေးစေ ရှောင်ကြဉ်၍ နေသောကြောင့် "အ–ရဟံ"ဆိုတဲ့ ဂုဏ်တော်, ဤသို့ဖော်ကျူး ဂုဏ်တော်ထူးနှင့် ပကတူးစေ့စုံ အထူးပြည့်စုံတော်မူပေသော၊ သမ္မာသမ္ဗုဒ္ဓသ–မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ငါးတန်ဉေယျ ဓမ္မလုံးစုံ တရားပုံကို အကုန်အစင် သိမြင်တော်မူပေထသော၊ တသ ဘဂဝတော–ဣဿရိယ ဓမ္မယသ သိရိကာမ ပယတ္တဂုဏ် ဘုန်းခြောက်စုံတို့နှင့် ကုံလုံတော်မူသာ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား၊ နမော–ရိုသေမြတ်နိုး မာန်ညွှတ်ကျိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့လိုက်ရခြင်းသည်၊ အတ္တ–ချမ်းသာအမျိုးမျိုး ကောင်းကျိုးအဖြာဖြာ မင်္ဂလာအခန်းခန်း စန်းလင်္ဂ အထွေထွေ ကျက်သရေအခင် ခင်း စုံပြည့်တင်းဖို့ မယွင်းမသွေ တကယ်တမ်း ဖြစ်ပေါ်ပါစေသတည်း။

## ဤကျမ်းစာ ထုတ်ဝေရခြင်း အကြောင်း

မိမိသည် စာချသောအခါ စာသင်သားများအား မှတ်စုပေး၍ ချလေ့ရှိသည့် အတိုင်း စာချတန်းကိုလည်း မှတ်စုပေး၍ အကူးခိုင်းခဲ့၏။ သို့ရာတွင် ကာလကြာမြင့်သောအခါ အချို့ကလည်း မကူးချင်ကြ၊ ကူးသူများ အဖို့လည်း မှတ်စုမျှသာ ဖြစ်၍ စုံစုံလင်လင်မရ၊ သို့ဖြစ်၍ စာသင်သားများ သက်သာရေး ကို ရေးရှု၍ မှတ်စုအကျဉ်းကို အကျယ်ချဲ့ကာ "ဓမ္မာစရိယမျက်ရှု"ဟူသော အမည် ဖြင့် ကျမ်းစာတစ်စောင် ပြုလုပ် ထုတ်ဝေရပါသည်။ အထက်တွင် ဆိုခဲ့သည့် စကားအရ ဓမ္မာစရိယမျက်ရှုကို "ကျမ်းစာ"ဟု ခေါ်ခြင်းထက် "မှတ်စု"ဟု ခေါ် ခြင်းက ပို၍ လျော်ကန်ပါလိမ့်မည်။

http://www.dhammadownload.com



## ကျမ်း၏ အခြင်းအရာ

ဤကျမ်း၌ ကျမ်းရင်းသုံးကျမ်းလုံးအတွက် စည်းမျဉ်းဥပဒေများ၊ ၎င်းတို့၏ အဖြေများ၊ ၎င်းတို့၏ ပုံစံများ၊ လေ့ကျင့်ခန်းများကို စုလင်စွာ ရေးသားထားပါသည်။

## ကျမ်းရေးသားပုံ

ကျမ်းရင်း သုံးကျမ်းလုံးအနက် တစ်ကျမ်းစီ တစ်ကျမ်းစီအတွက် ပထမဦးစွာ စည်းမျဉ်းဥပဒေကို ရေးပါသည်။ ၎င်းနောက် စည်းမျဉ်းအဖြေများနှင့် ပုံစံများကို ရေးပါသည်။ ၎င်းနောက် လေ့ကျင့်ခန်း ၁၅–ခုစီ ပေးထားပါသည်။ ယင်း ၁၅–ခုတွင် ရှေ့ ၈–ခုတွင်သာ အဖြေပါ၍ နောက် ၇–ခု၌ကား အဖြေမပါ၊ ပုစ္ဆာသာ ဆင်ထားပါသည်။ လေ့ကျင့်ခန်း ပေးရာ၌ စာသင်သားများ နည်းရစေရန် ရည်သန်လျက် ဋီကာအဖွင့်နှင့် နိဿယမှတ်ချက်များကိုလည်း ထည့်သွင်းထားပါသည်။ ဋီကာက ဘယ်လိုဖွင့်၍ နိဿယက ဘယ်လိုမှတ်ချက်ရေးထားလျှင် ပုစ္ဆကဆရာတို့က ဘယ်လိုပုစ္ဆာထုတ်တတ်သည်–ဟု လေ့လာရန် ဖြစ်ပါသည်။

## ဤကျမ်းကို အသုံးချနည်း

စည်းမျဉ်းဥပဒေနှင့် ၎င်းတို့၏ အဖြေများကို နားလည်အောင် ကြည့်ရှုပါ။ ကျက်သင့်သည်တို့ကို အရအမိ ကျက်ထားပါ။ ၎င်းနောက် အဖြေတွဲလျက်ပါသော လေ့ကျင့်ခန်းပုစ္ဆာများကို သေချာစွာကြည့်ရှုလေ့လာ၍ အတုယူပါ။ မှတ်ချက်များကို သဘောပေါက်အောင် စဉ်းစားပါ။ ၎င်းနောက် အဖြေမပါသော လေ့ကျင့်ခန်း ပုစ္ဆာများကို အဖြေရေး၍ သင့်လျော်သော ဆရာတစ်ပါးပါးထံ အစစ်ခံပါ။ ၎င်း ပုစ္ဆာများကုန်သောအခါ အစိုးရပုစ္ဆာများကို ရှာ၍ဖြစ်စေ၊ ထိုထို ကျောင်းတိုက်များမှ ပုစ္ဆာများကို တောင်း၍ဖြစ်စေ၊ ကိုယ်တိုင်ဝါကျဆင်ကာ ပုစ္ဆာထုတ်၍ဖြစ်စေ ဆက်လက် လေ့ကျင့်ပါ။ ဝါကျဆင်သောအခါ ဋီကာအဖွင့်နှင့် နိဿယမှတ်ချက်များကိုပါ ထည့်သွင်းမှတ်ထားရန် မမေ့ပါနှင့်။ ဤကျမ်းတွင် ပြထားသည့်အတိုင်း စာမျက်နှာနံပါတ်ထိုး၍ မှတ်သားမိအောင် မှတ်သားထားပါ။

## တိုက်တွန်းခြင်း

ကိုယ်တိုင် ဝါကျဆင် ပုစ္ဆာထုတ်ရန် ညွှန်ကြားချက်ကို အချို့က ကန့်ကွက်ကောင်း ကန့်ကွက်ကြပေလိမ့်မည်။ "စာသင်သားတစ်ယောက်အနေဖြင့် ကိုယ်တိုင် ဝါကျဆင်, ပုစ္ဆာထုတ်ဖို့ မဖြစ်နိုင်"ဟု ဆိုကောင်းဆိုကြပေလိမ့်မည်။ ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ–ဟူသည့်အတိုင်း ဆန္ဒဓာတ်ရှိလျှင် ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



စာသင်ရာတွင် မူလတန်းနှင့် ငယ်, လတ်, ကြီးတို့ကို သင်ပြရာ၌ ရင်ခွင်ပိုက်နည်းဖြင့် သင်ပြပေးရ၏။ စာချတန်းကိုကား လမ်းညွှန်နည်းဖြင့် သင်ပြပေးရ၏။ တပည့်ကလည်း ထိုစနစ်အတိုင်း သင်ယူရ၏။ ဤကျမ်းကို တကယ်တမ်း စိတ်ဝင်စားစွာ လေ့လာထားသူသည် ကေန်မုချ ကိုယ်တိုင် ဝါကျဆင်နိုင်ရမည်သာ ဖြစ်၏။

ထို့ကြောင့် စာချတန်းဝင်အရှင်များသည် စာမေးပွဲအောင်လိုပါလျှင် သဒ္ဒါကျမ်းတစ်ခုခုကို လက်ကိုင်ပြုကာ ကြည့်ရှုနေပါ။ ပါဠိကို အမြဲတမ်း စီကုံးနေပါ။ ပါဠိတော်နှင့်အဋ္ဌကထာ နိဿယကျေအောင် ကြိုးစားပါ၊ မိမိမှီခိုရာ ဆရာ့ထံမှ စာချတန်းဆိုင်ရာ နည်းကောင်းများကို ရအောင်ယူပါ။ ဤကျမ်း၌ ပြထားသည့်အတိုင်း စည်းမျဉ်းဥပဒေများ၊ အဖြေများ၊ ပုံစံများ၊ လေ့ကျင့်ခန်းများကို ကျေညက်အောင် လေ့လာပါ။ ပြီးလျှင် ကိုယ်တိုင် ဝါကျဆင်ကာ ပုစ္ဆာထုတ်၍ လေ့ကျင့်ခန်းများများ လုပ်ယူပါ။ ကိုယ်တိုင် လုပ်ယူသော အသိသာလျှင် ကိုယ်ပိုင်အသိဖြစ်၏။ "ကျွန်ုပ်ကြားရသော အရာကို ကျွန်ုပ် မေ့လျော့၏။ ကျွန်ုပ် ဖတ်ရသော အရာကို ကျွန်ုပ် မှတ်မိ၏။ ကျွန်ုပ် လုပ်ကိုင်သော အရာကိုကား ကျွန်ုပ်သိ၏"-ဟူသော တရုပ်စကားပုံလို တန်ဖိုးထား၍ လိုက်နာပါ။

**ပူဇော်ခြင်း**

မိမိ စာလိုက်ခဲ့ဖူးသော အောက်ပါ ဆရာတော်များကို ဤကျမ်းစာဖြင့် ပူဇော်ပါသည်။ ယင်းဆရာတော်များကား—

၁။ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အလ္လကပ္ပရွာ အုတ်လှေခါးကျောင်းဆရာတော် ဦးကောသလ (ငယ်ဆရာ)

၂။ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက် ဆီးပင်ကျောင်းဆရာတော် ဦးသုဇာတ (ဥပဇ္ဈာယ်ဆရာ)

၃။ ၄င်းကျောင်း စာချ ဦးကောဏ္ဍညာဘိဝံသ (သ+စ+အ-ဓမ္မာစရိယ)

၄။ ၄င်းတိုက် စည်ရှင်ကျောင်း၊ စာချ ဦးဓမ္မာဂုဏာဘိဝံသ (သ+စ+အ-ဓမ္မာစရိယ)

၅။ မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် အာဂမနယုပဒေသဆရာတော် ဦးဝိစိတ္တာဘိဝံသ (သကျသီဟဓမ္မာစရိယ)

၆။ မန္တလေးမြို့ အနောက်ပြင် မဟာဝေယံဘုံသာတိုက် ဆရာတော် ဦးကလျာဏ

၇။ ၄င်းတိုက် စာချ ဦးဓမ္မာနန္ဒ (ယခု ထိုင်းနိုင်ငံ၊ လန်းပန်မြို့)

၈။ ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံသ (ရွှေတိဂုံ ဩဝါဒါစရိယ)

http://www.dhammadownload.com



၉။ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့ရပ် မဟာဗောဓိကျောင်းတိုက် ဆရာတော် ဦးကုမာရ (အလင်္ကာပန်းကုံး၊ ယမကပန်းကုံး–စသည်ကျမ်းပြု)

၁၀။ ရန်ကုန်မြို့ ကမ္ဘာအေး ဝိဇ္ဇောတာရုံဆရာတော် ဦးဝိဇ္ဇောတ (သိရောမဏိ)

၁၁။ ဖျာပုံမြို့ ဇီဝကာရာမရွှေကျင်ကျောင်းတိုက်ဆရာတော် ဦးဉာဏိဿရာဘိဝံသ (သံ+စ+အ–ဓမ္မာစရိယ)

၁၂။ မြောင်းမြမြို့ ညောင်လေးပင်ရပ် ပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် ဦးဉာဏိက (ဓမ္မာစရိယ၊ ဘီအေ၊ သက္ကတဂုဏ်ထူး)

၁၃။ မြောင်းမြမြို့၊ နေရှင်နယ်ကုန်း တိုက်သစ်ပဇ္ဇောတာရုံဆရာတော် ဦးဣန္ဒဝံသ (ဓမ္မာစရိယ) တို့ ဖြစ်ကြပါသည်။

၁၄။ စာချမပေးသော်လည်း ရဟန်းဖြစ်ပြီးလျှင်ပြီးချင်း မြောင်းမြမြို့သို့ ပို့ပေး၍ ပစ္စည်းလေးပါး, ဩဝါဒစကား, လမ်းစဉ်ကို ညွှန်ကြားခြင်းတို့ဖြင့် ချီးမြှောက်တော်မူကာ ပျံလွန်တော်မူခါနီးတွင် "ဟဲ့ ... ကာရဏိက၊ ကျမ်းစာလေး ဘာလေး မထုတ်ဘူးလား" ဟု မေးသွားတော်မူခဲ့သော ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ သကျသီဟမှော်စရိယ၊ သမ္မုတိသံဃရာဇာ၊ ဒုသမ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးအား အထူး သတိရစွာ ပူဇော်ပါသည်။

## ကျေးဇူးတင်ခြင်း

မိမိသည် ၈–နှစ်အရွယ်တွင် ကျောင်းနေ၍ ၁၀–နှစ်အရွယ်တွင် ကိုရင်ဝတ်ကာ ၁၅–နှစ်အရွယ်တွင် စာသင်ထွက်ပြီးလျှင် ၁၉–နှစ်အရွယ်တွင် စာမေးပွဲကိစ္စ ပြီးခဲ့၏။ စာမေးပွဲကိစ္စပြီးသော်လည်း မိမိအတွက် စာတက်ခြင်း၊ သူတပါးအား ချပို့ပေးခြင်းဖြင့် အချိန်ကုန်ခဲ့သည်မှာ ယနေ့အထိဖြစ်၏။ မိမိသည် စာပေကိစ္စမှတပါး အခြားကိစ္စများကို လုံးဝ စိတ်မဝင်စားပေ။ စာချဘုန်းကြီးဘဝဖြင့်သာ အရိုးထုတ်လို၏။ သို့ဖြစ်၍ စာချဘုန်းကြီးတို့၏ သဘာဝအတိုင်း မိမိမှာ ကိုယ်ပိုင် လာဘ်လာဘဟူ၍ ပြောပလောက်အောင် မရှိ။ ငွေကြေးစိုက်ထုတ်ပေးမည့် ဒကာ ဒကာမလည်း မရှိ။ ယင်းသို့သော အခက်အခဲကြောင့် မိမိ၏ စာမူများကို စာအုပ်ဖြစ်အောင် မလုပ်နိုင်ဘဲ အကျပ်အတည်း တွေ့နေစဉ် ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ဆရာတော် အရှင်ပညာဇောတက "စာမူကိုသာပေး၊ ငါ ဖြစ်အောင် ရိုက်ပေးမည်" ဟု မိန့်တော်မူသဖြင့် ဤကျမ်းစာ ပေါ်လာနိုင်ခြင်းဖြစ်၏။ ထို့ကြောင့် ယင်း ဆရာတော်အား အထူး ကျေးဇူးတင်ကြောင်းကို ဤနေရာတွင် မှတ်တမ်းတင်ပါသည်။

http://www.dhammadownload.com



**ခွင့်တောင်းခြင်း**

ဤကျမ်းတွင် ဆိုင်ရာပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ–တို့အပြင် မအူနိဿယ၊ ပခုက္ကူနိဿယ၊ ပြည်နိဿယ၊ ဘာသာဋီကာကျမ်းများနှင့် မစိုးရိမ်သီလက္ခန် အဖြေ–တို့မှ ဆိုင်ရာ ဆိုင်ရာတို့ကို ထုတ်ယူသုံးစွဲထားပါသည်။ ခွင့်ပြုကြပါရန် ဤနေရာမှ ခွင့်တောင်းရပါသည်။

**ဖိတ်ခေါ်ခြင်း**

မိမိသည် ဤကျမ်းစာကို ပထမဆုံး စ၍ ထုတ်ရသဖြင့် ကျွမ်းကျင်မှု မရှိသေးသည့်အလျောက် အယူအဆ အမှားများ၊ စာပုံနှိပ်စက် အမှားများ၊ အပိုများ၊ အလိုများ ဤကျမ်းတွင် ပါဝင်မည်မှာ သေချာပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ ပြင်ဆင်ဖတ်ရှု၍ ရနိုင်သည်တို့ကို ပြင်ဆင်ဖတ်ရှုကာ မရနိုင်သည်တို့ကိုကား စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အမှား ထောက်ပြကြပါရန် ဖိတ်ခေါ်ပါသည်။ ဆွေးနွေးဖွယ် အချက်များကိုလည်း ဆွေးနွေးလိုပါက ဆွေးနွေးနိုင်ကြောင်း ဖိတ်ခေါ်ပါသည်။

**ကြေညာခြင်း**

ပါဠိပါရဂူမျက်ရှု ရိုက်နှိပ်ရန် စီစဉ်နေပါပြီ၊ မကြာမီ ထွက်ပေါ်လာပါလိမ့်မည်။

ဤကျမ်းစာနှင့်စပ်သမျှ အောင်မြင်ကြပါစေ။

ဥူးကာရဏိက<br>
တိုက်သစ်ပဓ္ဓောတာရုံ<br>
နေရှင်နယ်ကုန်း<br>
မြောင်းမြမြို့။

၁၃၃၇–ခု၊ ပြာသိုလပြည့်ကျော် (၆) ရက်။<br>
၁၉၇၆–ခု၊ ဇန်နဝါရီလ (၂၁) ရက်၊ ဗုဒ္ဓဟူးနေ့။

http://www.dhammadownload.com



## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | **ကျမ်းရင်းသုံးကျမ်းလုံး ပထမနေ့** | |
| | ပါဠာနုသာရီ-စသော ယောဇနာနည်းများ – | ၁ |
| | အနက်ပေးနှင့်ပတ်သက်သော နိယာမ်များ – | ၁၀ |
| | **ပါရာဇိကဏ် ဒုတိယနေ့** | |
| ၂–နံပါတ်။ | ကျမ်းတက်နည်းများ – – – | ၂၀ |
| | စာစပ်နည်းများ – – – | ၄၀ |
| | ကျမ်းထွက်နည်းများ – – – | ၄၆ |
| ၃–နံပါတ်။ | ဝါကျခွဲနည်းများ – – – | ၅၇ |
| | ဝါကျနှင့်ဆိုင်သော နိယာမ်များ – – | ၆၇ |
| ၄–နံပါတ်။ | သမာသ်ပုဒ် ဝိဂ္ဂဟပြုနည်းများ – – | ၇၂ |
| | တဒ္ဓိတ်ပုဒ် ဝိဂ္ဂဟပြုနည်းများ – – | ၇၈ |
| | ကိတ်ပုဒ် ဝိဂ္ဂဟပြုနည်းများ – – | ၈၂ |
| | သမာသ်ပုဒ် ဉာသ်ကောက်နည်း – – | ၈၆ |
| | တဒ္ဓိတ်ပုဒ် ဉာသ်ကောက်နည်း – – | ၈၉ |
| | ကိတ်ပုဒ် ဉာသ်ကောက်နည်း– – – | ၉၁ |
| ၅–နံပါတ်။ | ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ လိင်၊ ကာရက၊ ကြိယာခွဲပုံများ – – – | ၉၆ |
| ၆–နံပါတ်။ | အာဘော်ယူဆနည်းများ – – – | ၉၈ |
| | သံဝဏ္ဏနာစစ် – – – | ၁၀၀ |
| | သံဝဏ္ဏနာသံပေါက်များ – – – | ၁၁၁ |
| ၇–နံပါတ်။ | ပုဒ်မှားပုဒ်မှန် ဆုံးဖြတ်နည်းများ – – | ၁၁၅ |
| ၈–နံပါတ်။ | ဥပစာယူဆနည်း – – – | ၁၁၇ |
| | ဥပစာ ၁၂–ပါးဆိုရိုး – – – | ၁၁၈ |
| | နည်းလေးဆယ်ဆိုရိုး – – – | ၁၂၀ |
| | ဥပစာနှင့်နည်းတွဲပုံ – – – | ၁၃၂ |
| | ဥပမာန၊ ဥပမေယျ၊ ဥပရိက္ခာ–စသည်ခွဲပုံ | ၁၃၃ |

http://www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၉–နံပါတ်။ | ပါဠိစာစီစာကုံးလမ်းညွှန် – – – | ၁၃၄ |
| ၁၀–နံပါတ်။ | နေတ္တိဟာရ ဆိုရိုးကျ – – – | ၁၃၅ |
| | ပါရာဇိကဏ် ဒုတိယနေ့အတွက် လေ့ကျင့်ခန်း | ၁၇၁ |

သီလက္ခန် ဒုတိယနေ့

| | | |
|---|---|---|
| ၃။ နံပါတ်။ | ကိဋ္ဌာပိ–စသည်ထားရခြင်းအကြောင်း – | ၂၃၆ |
| | စတုက္ကထုတ်ပုံများ – – | ၂၃၈ |
| ၄–နံပါတ်။ | ဝစနာဒိဆက္ကခွဲပုံ – – | ၂၅၂ |
| ၅–နံပါတ်။ | ဟိတ်၏သမ္ဗန်ထားနည်း၊ စာစပ်နည်း၊ | |
| | ဘာဝသမ္ဗန်၏ ပစ္စယတ္တထုတ်နည်း – | ၂၅၃ |
| ၇–နံပါတ်။ | နိရုတ္တိနည်း နမူနာပုံစံများ – – | ၂၆၀ |
| ၈–နံပါတ်။ | နိတတ္ထ–စသည်အားဖြင့် အဓိပ္ပါယ်ယူဆပုံ– | ၂၆၈ |
| ၉–နံပါတ်။ | ၈–လုံးဖွဲ့ ဂါထာစီကုံးနည်း:– – – | ၂၇၁ |
| | ဂါထာအမည်၊ ဆန်းအမည် ရွေးချယ်နည်း: | ၂၇၄ |
| ၁၀–နံပါတ်။ | ဘာဝါလက်ာရ–ထုတ်ပုံပြ – – | ၂၈၀ |
| | သီလက္ခန်ဒုတိယနေ့ လေ့ကျင့်ခန်းများ | ၂၉၀ |

အဋ္ဌသာလိနီ ဒုတိယနေ့

| | | |
|---|---|---|
| ၂–နံပါတ်။ | ဥပနာပဥ္စကနှင့် ကျမ်းရိုးငါးချက် | |
| | ကျမ်းတက်နည်းများ – – | ၃၅၀ |
| | အနုလောမပါပနာဒိထုတ်နည်း – – | ၃၅၈ |
| ၃–နံပါတ်။ | ဝါ၊ အထဝါ–စသည်ထားရပုံ – – | ၃၆၁ |
| | တေန၊ တသ္မာ–စသည်ထားရပုံ – – | ၃၆၉ |
| | ဒေါသအပြားနှင့် ဒေါသပယ်ပုံများ:– – | ၃၇၁ |
| ၄–နံပါတ်။ | ဗျုပ္ပတျာဒိစတုက္က ခွဲပြပုံ – – – | ၃၇၇ |
| ၅–နံပါတ်။ | လိင်၊ ဂိုဏ်း၊ ကာရန္တ၊ ပုဒ်ခွဲပုံ – – | ၃၈၀ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၇–နံပါတ်။ | ဟိ, စ, ပန–စသော နိပါတ်ပုဒ်တို့၏ အနက်များ – – | ၃၈၂ |
| | ဝေ၏ အနက်သုံးပါးထုတ်ပုံ – – | ၃၈၃ |
| | တ–သဒ္ဒါသုံးမျိုး – – | ၃၈၆ |
| ၈–နံပါတ်။ | ကြိယာငါးတန်ထုတ်နည်း – – | ၃၈၈ |
| | ဒဏ္ဍဖွဲ့၊ ဝေဒိတဖွဲ့၊ သိဒ္ဓ ထားရပုံ – – | ၃၉၆ |
| | သိဒ္ဓိအကြောင်း – – | ၃၉၇ |
| ၉–နံပါတ်။ | လက္ခဏာဒိစတုက္ကပါဠိ – – | ၄၀၁ |
| ၁၀–နံပါတ်။ | ပဋ္ဌာန်းပစ္စည်းပြိုင်နည်း – – | ၄၁၉ |
| | သုဒ္ဓသချာ – – | ၄၂၁ |
| | အဋ္ဌသာလနီဒုတိယနေ့ လေ့ကျင့်ခန်းများ – | ၄၃၅ |
| | ကျမ်းရင်းသုံးကျမ်း စုပေါင်းလေ့ကျင့်ခန်း – | ၄၈၇ |


ဤ"ဓမ္မာစရိယမျက်ရှု" စာမူကို ရေးသားသူ
ဆရာကြီး ဦးကျော်လွင် + ဒေါ်တင်လှတို့က
တိုက်သစ်ပဓ္ဓောတာရုံကျောင်းတိုက်
ဘဒ္ဒန္တ ဂုဏိဿရ (အဂ္ဂမဟာပဏ္ဍိတ) အမှူးရှိသော
နာယကဆရာတော် အဆက်ဆက်အား
သာသနာတော်အတွက် လှူဒါန်းပါသည်။

http://www.dhammadownload.com

# မဟာစရိယမျက်မှ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းရင်းသုံးကျမ်း ပထမနေ့
## စည်းမျဉ်းနှင့် အဖြေ

### စည်းမျဉ်း

ပါဠာနုသာရီ အနက်ယောဇနာနည်း၊ အာကာရင့်၍+ထုတ်၍ အနက်ယောဇနာနည်း၊ ဝါကျအပြန်အလှန် အနက်ယောဇနာနည်း၊ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ အနက်ယောဇနာနည်းများကို ထည့်သွင်းမေးနိုင်သည်။

### ပါဠာနုသာရီ အနက်ယောဇနာနည်း

ဥပမာ, ဟိတ်တို့ဖြင့် တန်ဆာမဆင်မူ၍ ပါဠိကို အစဉ်လျှောက်လျက် (ပါဠိရှိ တိုင်းသာ) အနက်ယောဇနာခြင်း။ [ မြန်မာနိသျယပေးနည်းအတိုင်း အနက်ယောဇနာ ရုံသာ၊ အထူးအဆန်း မဟုတ်။]

---

### အာကာရင့်၍ အနက်ယောဇနာနည်း

ဖြစ်ပုံ, တည်ပုံ, ပြုလုပ်ပုံစသော အခြင်းအရာပြဝါကျ (ဝါ-ဣတိထိုင်ရာ ဝါကျ)ကို "အာကာရဝါကျ"ဟု ခေါ်၏။ အပြင်သို့ရောက်နေသော ထိုအာကာရ ဝါကျကို အာကာရဝန္တဝါကျရှိ ကြိယာ၏အတွင်းသို့ သွင်းလျက် အနက်ယောဇနာ ခြင်း။ ၎င်းသည်-

၁။ သဒ္ဒါအားဖြင့် ငုံခြင်း၊ ဝါ-အာကာရဝါကျကို အနက်မပေးဘဲ ငုံခြင်း။
၂။ အနက်အားဖြင့် ငုံခြင်း၊ ဝါ-အာကာရဝါကျကို အနက်ပေးလျက် ငုံ ခြင်း-ဟု နှစ်မျိုးရှိ၏။

**ပုံစံ။** ။ဘိက္ခူ အာမန္တေသိ "တေန ဟိ ဘန္တေ ထေရော ဘိက္ခူ ဥဗ္ဗိနတူ"တိ။

http://www.dhammadownload.com



**၁။ သဒ္ဒါအားဖြင့် ငုံခြင်း။** ။ဘိက္ခူ–ရဟန်းတို့သည်၊ (တေန ဟိ ။ ပ ။ ဥစ္စိနတူ) တိ–တေနဟိ ။ ပ ။ ဥစ္စိနတုဟူ၍၊ ဝါ–တေန ဟိ ။ ပ ။ ဥစ္စိနတုဟူသော အခြင်းအရာအားဖြင့်၊ ဝါ–တေန ဟိ ။ ပ ။ ဥစ္စိနတုဟူသောစကားကို၊ အာဟံသု–ဆိုကြကုန်ပြီ။

**မှတ်ချက်။** ။အာကာရဝန္တ ရှိကြိယာက အကမ္မက ဖြစ်လျှင် "ဥစ္စိနတူတိ–ဥစ္စိနတုဟူ၍"ဟုသော်လည်းကောင်း၊ "ဥစ္စိနတူတိ–ဥစ္စိနတုဟူသောအကြံသည်" စသည်ဖြင့်သော်လည်းကောင်း ပေးရသည်။ အာကာရဝန္တ ရှိ ကြိယာက သကမ္မက ဖြစ်လျှင် "ဥစ္စိနတူတိ–ဥစ္စိနတုဟူ၍"ဟု သော်လည်းကောင်း၊ ဥစ္စိနတူတိ–"ဥစ္စိနတုဟူသောအကြံကို" စသည်ဖြင့်သော်လည်းကောင်း ပေးရသည်။

**၂။ အနက်အားဖြင့် ငုံခြင်း။** ။ဘိက္ခူ–တို့သည်၊ (ဘန္တေ –အရှင်ဘုရား၊ တေန ဟိ–ထိုသို့ဖြစ်လျှင်၊ ထေရော– ထေရ်သည်၊ ဘိက္ခူ–တို့ကို၊ ဥစ္စိနတု–ရွေးကောက်တော်မူပါ၊) ဣတိ–ဤသို့၊ ဝါ–ဤသို့သော အခြင်းအရာအားဖြင့်၊ ဝါ–ဤစကားကို၊ အာဟံသု–ကုန်ပြီ။

**မှတ်ချက်။** ။အာကာရဝန္တ ရှိကြိယာက အကမ္မက ဖြစ်လျှင် "ဣတိ–ဤသို့"ဟုသော်လည်းကောင်း၊ "ဣတိ–ဤအကြံသည်"စသည်ဖြင့်သော်လည်းကောင်း ပေးရသည်။ အာကာရဝန္တ ရှိကြိယာက သကမ္မက ဖြစ်လျှင် "ဣတိ–ဤသို့"ဟု သော်လည်းကောင်း၊ "ဣတိ–ဤအကြံကို"စသည်ဖြင့်သော်လည်းကောင်း ပေးရသည်။

---

## အာကာရထုတ်၍ အနက်ယောဇနာနည်း

အတွင်းရောက်နေသော အာကာရကို အာကာရဝန္တ ရှိ ကြိယာ၏ အပြင်ဘက်သို့ ထုတ်လျက် အနက်ယောဇနာခြင်း၊ ၎င်းသည်လည်း–

၁။ သဒ္ဒါအားဖြင့် ထုတ်ခြင်း၊ ဝါ–အာကာရဝါကျကို အနက်မပေးဘဲ ထုတ်ခြင်း။
၂။ အနက်အားဖြင့်ထုတ်ခြင်း၊ ဝါ–အာကာရဝါကျကို အနက်ပေးလျက်ထုတ်ခြင်း–ဟု နှစ်မျိုးပင် ပြား၏။

**ပုံစံ။** ။ရာဇာ "ကသ္မာ ဘန္တေ ပထဝီ ကမ္ပိတ္ထာ"တိ ပုစ္ဆိ။

**၁။ သဒ္ဒါအားဖြင့် ထုတ်ခြင်း။** ။ရာဇာ–မင်းသည်၊ ပုစ္ဆိ–မေးပြီ။ (ကိန္တိ–အဘယ်သို့လျှင်၊ တစ်နည်း= ကေနာကာရေန–အဘယ်သို့သော အခြင်းအရာအားဖြင့်၊ တစ်နည်း= ကိံ–အဘယ်စကားကို၊ ပုစ္ဆိ–မေးသနည်း၊) ကသ္မာ ။ ပ ။

http://www.dhammadownload.com



ကမ္ပိတ္ထာတိ–ကသ္မာ ။ ပ ။ ကမ္ပိတ္ထဟူ၍၊ ဝါ–ကသ္မာ ။ ပ ။ ကမ္ပိတ္ထဟူသော အခြင်းအရာအားဖြင့်၊ ဝါ–ကသ္မာ ။ ပ ။ ကမ္ပိတ္ထ ဟူသောစကားကို၊ (ပုစ္ဆိ–မေးပြီ။)

၂။ **အနက်အားဖြင့် ထုတ်ခြင်း။** ။ရာဇာ–မင်းသည်၊ ပုစ္ဆိ–မေးပြီ။ (ကိန္တိ၊ တစ်နည်း=ကေနာကာရေန၊ တစ်နည်း=ကိံ၊ ပုစ္ဆိ။) ဘန္တေ –အရှင်ဘုရား၊ ကသ္မာ–အဘယ့်ကြောင့်၊ ပထဝီ– မြေကြီးသည်၊ ကမ္ပိတ္ထ–တုန်လှုပ်ပါသနည်း၊ (ဣတိ၊ ပုစ္ဆိ။)

**မှတ်ချက်။** ။အာကာရဝန္တရှိကြိယာက အကမ္မက ဖြစ်လျှင် "ကိန္တိ–အဘယ်သို့လျှင်"ဟုသော်လည်းကောင်း၊ "ကေနာကာရေန–အဘယ်သိုသောအခြင်းအရာအားဖြင့်" ဟုသော်လည်းကောင်း၊ "ကိံ–ဘယ်အကြံသည်"စသည်ဖြင့်သော်လည်းကောင်း ထည့်ပေးပါ။ အာကာရဝန္တရှိ ကြိယာက သကမ္မက ဖြစ်လျှင် "ကိန္တိ–အဘယ်သို့လျှင်"ဟု သော်လည်းကောင်း၊ "ကေနာကာရေန–အဘယ်သို့သော အခြင်းအရာအားဖြင့်" ဟုသော်လည်းကောင်း၊ "ကိံ–အဘယ်အကြံကို" စသည်ဖြင့်သော်လည်းကောင်း ထည့်ပေးပါ။ ဤသို့ ကိံသဒ္ဒါကိုအပိုထည့်၍ အနက်ပေးမှသာလျှင် အာကာရအပြင်ရောက်ကာ အာကာရထုတ်၍ အနက်ယောဇနာနည်း ဖြစ်နိုင်သည်။

---

## ဝါကျအပြန်အလှန် အနက်ယောဇနာနည်း

အနဝါကျမှ မူလဝါကျသို့ ပြန်လှန်၍ အနက်ယောဇနာခြင်း၊ ဝါ–နောက်ဝါကျကို အနက်ပေးပြီးလျှင် ရှေ့ဝါကျကို ပြန်အုပ်၍ အနက်ပေးခြင်း၊ ဝါ–ပထမဝါကျကို အနက်ပေး၊ ထို့နောက် ထည့်သင့်သည်များကိုထည့်၊ ထို့နောက်မှ ဒုတိယဝါကျကို အနက်ပေး၊ ထို့နောက် ပထမဝါကျကို တစ်ခါ ပြန်ကျော့၍ အနက်ပေးခြင်း။ ဤဝါကျအပြန်အလှန် အနက်ယောဇနာနည်းကို–

၁။ ကာရဏဝါကျ၊

၂။ ဒဠှီကရဏဝါကျ၊

၃။ အနိယမက နောက်မှာနေသော နိယမာနိယမဝါကျ၊

၄။ ဥပမာနက နောက်မှာနေသော ဥပမာဝါကျတို့၌ ရနိုင်၏။

### ၁။ ကာရဏဝါကျ

ဤကာရဏဝါကျသည်– (က)နိပါတ်ထွန်းသော ကာရဏဝါကျ၊ (ခ)ဟိတ်ပါဌ်ထွန်းသော ကာရဏဝါကျ–ဟု နှစ်မျိုး ပြား၏။

http://www.dhammadownload.com



**(က) နိပါတ်ထွန်းသော ကာရကဝါကျပုံစံ။** ။တေန အာယသ္မတာ သဟာပိ န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ၊ သော ဟာယသ္မာ သေက္ခော သကရဏီယော။ တေန အာယသ္မတာ-ထိုအရှင်နှင့်၊ သဟာပိ-တကွလည်း၊ ဓမ္မသင်္ဂီတိ-တရားတို့ကို ပေါင်းစုရွတ်ကာ သင်္ဂါယနာတင်ခြင်းကို၊ ကာတုံ-ပြုခြင်းငှာ၊ န သက္ကာ-မတတ်ကောင်း။ (ကသ္မာ-အဘယ့်ကြောင့်၊ န သက္ကာ-မတတ်ကောင်းသနည်း။) ဟိ ယသ္မာ-အကြင့်ကြောင့်၊ သော အာယသ္မာ-ထို အရှင်သည်၊ သေက္ခော-သေက္ခသာဖြစ်၍၊ သကရဏီယော-ပြုစရာကိစ္စနှင့် တကွ ဖြစ်၏။ (တသ္မာ-ထို့ ကြောင့်၊ န သက္ကာ-ကတတ်ကောင်း။)

**မှတ်ချက်။** ။နိပါတ်က ထွန်းပြအပ်သောဟိတ်သည် ရိုးရိုးဟိတ်မဟုတ်ဘဲ ဉာပကဟိတ် ဖြစ်နေခဲ့သော် "ကသ္မာ-အဘယ့်ကြောင့်၊ ဝိညာယတိ-သိအပ်သနည်း"ဟုမေး၍ "တသ္မာ-ထို့ကြောင့်၊ ဝိညာယတိ-သိအပ်၏"ဟု ဖြေရ၏။

**(ခ) ဟိတ်ပါဠ်ထွန်းသော ကာရကဝါကျပုံစံ။** ။ဝိနယပိဋကေ ကိလေသာနံ ဝိတိက္ကမပဟာနံ ဝုတ္တံ၊ ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ ဝိနယပိဋကေ-ဝိနည်းပိဋကဉ်၌၊ ကိလေသာနံ-ကိလေသာတို့၏၊ ဝိတိက္ကမ ပဟာနံ-ဝီတိက္ကမ ပဟာန်ကို၊ ဝုတ္တံ-ဟောအပ်ပြီ။ (ကသ္မာ-အဘယ့်ကြောင့်၊ ဝိညာယတိ-သိအပ် သနည်း။) သီလဿ-သီလ၏၊ ဝါ-သီလသည်၊ ဝီတိက္ကမပဋိပက္ခတ္တာ-လွန်ကျူး မှု၏ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ (ဝိညာယတိ-သိအပ်၏။)

---

## ၂။ ဒဋ္ဌိကရဏဝါကျ

ဤဒဋ္ဌိကရဏဝါကျသည် "(က)အာဂမဒဋ္ဌိကရဏဝါကျ၊ (ခ)သဘာဝ ဒဋ္ဌိကရဏဝါကျ"ဟု နှစ်မျိုးပြား၏။

**(က) အာဂမဒဋ္ဌိကရဏဝါကျပုံစံ။** ။ဓမ္မောတိ ဟေတု၊ ဝုတ္တဉ္စေတံ "ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ။" ဓမ္မောတိ-ဓမ္မဟူသည်ကား၊ ဟေတု-အကြောင်းတည်း။ (ဓမ္မောတိ ဟေတူတိ-ဓမ္မောတိ ဟေတုဟူသော၊ ယံ သကဝစနံ-အကြင် မိမိဥစ္စာဖြစ်သောစကားကို၊ မယာ-ငါသည်၊ ဝုတ္တံ-ဆိုအပ်ပြီ၊ တံ-ထို စကားသည်၊ ဣမိနာ ပရဝစနေန-ဤဆိုလတ္တံ့သော သူတစ်ပါးစကားဖြင့်၊) ဟိ သစ္စံ-မှန်၏၊ (ကေန-အဘယ်မည်သော သူတစ်ပါးစကားဖြင့်၊ သစ္စံ-မှန်သနည်း၊ ဣတိ-ဤသို့၊ စေ ပုစ္ဆေယျ-အကယ်၍မေးငြားအံ့။) ဟေတုမှိ ဉာဏံ ဓမ္မပဋိ သမ္ဘိဒါတိ-ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါဟူသော၊ ဧတံ-ဤစကားကို၊ ဝုတ္တံ-

http://www.dhammadownload.com



မြတ်စွာဘုရား ဟောထားအပ်ပြီ။ (ဣမိနာ–ဤမည်သော သူတစ်ပါးစကားဖြင့်၊ သစ္စံ–မှန်၏၊ ဣတိ–ဤသို့၊ ဝိသဇ္ဇေယျ–ဖြေဆိုရာ၏။)

**မှတ်ချက်။** ။သကာဝစနနှင့် ပရဝစနအစား သာဓု+သာဓက, ဉာပျ+ဉာပက, သုတ္တ+ဥဒါဟရဏ, လက္ခဏ+လက္ခ, ဥဒ္ဒေသ+နိဒ္ဒေသ, ဝိဓိ+အနုဝါဒတို့ကိုလည်း သုံးနိုင်၏။

**(ခ) သဘာဝဒဋ္ဌိကရဏဝါကျပုံစံ။** ။ဟောတီတိ အဟောသိ၊ အတီတကာလတ္တော ဟောတ္တ ဟောတိသဒ္ဒေါ။ ဟောတီတိ–ဟောတိဟူသည်ကား၊ အဟောသိ–ဖြစ်ပြီ၊ (ဟောတီတိ အဟောသီတိ–ဟောတီတိ အဟောသိဟူသော၊ နိယုတ္တိကံ–ယုတ္တကင်းသော၊ ဒဋ္ဌိယံ–ခိုင်မြဲစေအပ်သော၊ ယံဝစနံ–အကြင်စကားကို၊ မယာ–ငါသည်၊ ဝုတ္တံ–ဆိုအပ်ပြီ၊ တံ–ထိုစကားသည်၊ သယုတ္တိကေန–အသင့်ယုတ္တိနှင့်တကွဖြစ်သော၊ ဒဋ္ဌိကရဏေန–ခိုင်မြဲအောင်ပြုတတ်သော၊ ဣမိနာ ဝစနေန–ဤဆိုလတ္တံ့သောစကားဖြင့်၊ ဟိ သစ္စံ–မှန်၏၊ (ကေန–အဘယ်စကားဖြင့်၊ သစ္စံ–မှန်သနည်း၊ ဣတိ–ဤသို့၊ စေ ပုစ္ဆေယျ–အကယ်၍ မေးငြားအံ့၊) တ္တော–ဤနေရာ၌၊ ဟောတိ သဒ္ဒေါ–ဟောတိသဒ္ဒါသည်၊ အတီတကာလတ္တော–အတိတ်ကာလ အနက်ရှိ၏၊ (ဣမိနာ–ဤစကားဖြင့်၊ သစ္စံ–မှန်၏၊ ဣတိ–ဤသို့၊ ဝိသဇ္ဇေယျ–ဖြေဆိုရာ၏။)

**မှတ်ချက်။** ။ဒဋ္ဌိကရဏဝါကျ၌ ဝါကျအပြန်အလှန် အနက်ပေးပုံသည် ရှုပ်ထွေးလှ၏၊ အသိဉာဏ်ရှင်းအောင် အောက်ပါအတိုင်း ပါဠိချည်းသက်သက် မှတ်ထားပါ။

**(က) အာဂမဒဋ္ဌိကရဏဝါကျ။** ။ဓမ္မောတိ–ကား၊ ဟောတု–တည်း၊ (ဓမ္မောတိ ဟောတူတိ၊ ယံ သကာဝစနံ မယာ ဝုတ္တံ၊ တံ ဣမိနာ ပရဝစနေန) ဟိ သစ္စံ၊ (ကေနာတိ စေ)၊ ဟောတုမိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ ဝေါ ဝုတ္တံ (ဣမိနာတိ ဝိသဇ္ဇေယျ။)

**(ခ) သဘာဝဒဋ္ဌိကရဏဝါကျ။** ။ဟောတီတိ–ကား၊ အဟောသိ–ပြီ၊ (ဟောတီတိ အဟောသီတိ ယံ နိယုတ္တိကံ ဒဋ္ဌိယံ ဝစနံ မယာ ဝုတ္တံ၊ တံ သယုတ္တိကေန ဒဋ္ဌိကရဏေန ဣမိနာ ဝစနေန) ဟိ သစ္စံ၊ (ကေနာတိ စေ)၊ တ္တော၊ ဟောတိသဒ္ဒေါ၊ အတီတကာလတ္တော၊ (ဣမိနာတိ ဝိသဇ္ဇေယျ။)

http://www.dhammadownload.com



## ၃။ အနိယမက နောက်မှာနေသော ဝါကျ

သော နိရယေ ဥပ္ပဇ္ဇိဿတိ၊ ယော အကုသလံ ကရောတိ။ သော-ထို သူသည်၊ နိရယေ-ငရဲ၌၊ ဥပ္ပဇ္ဇိဿတိ-ဖြစ်လတ္တံ့၊ (ကော-အဘယ်သူသည်၊) ဥပ္ပဇ္ဇိဿတိ-ဖြစ်လတ္တံ့နည်း၊) ယော-အကြင်သူသည်၊ အကုသလံ-အကုသိုလ်ကို၊ ကရောတိ-ပြု၏၊ (သော-ထိုသူသည်၊ ဥပ္ပဇ္ဇိဿတိ-ဖြစ်လတ္တံ့။)

**မှတ်ချက်။** ။ဤသို့ ပေးမှသာ ရှေးပုံစံများနှင့် ညီညွတ်သည့်အပြင် ဝါကျအပြန်အလှန်ဟူသော စကားနှင့်လည်း လိုက်လျော၏။ ဗဟိုစံပြအဖြေကား "နောက်ဝါကျမှစ၍ အနက်ပေးခြင်းကိုပင် ဝါကျအပြန်အလှန် အနက်ပေးခြင်း တစ်မျိုး"ဟု ဆိုကာ အောက်ပါအတိုင်း ပေးထားလေသည်။

ယော-သည်၊ အကုသလံ-ကို၊ ကရောတိ-ပြု၏၊ သော-သည်၊ နိရယေ-၌၊ ဥပ္ပဇ္ဇိဿတိ-လတ္တံ့။

**စိစစ်ချက်။** ။ဗဟိုစံပြအဖြေသည် အောက်ပါ အဋ္ဌကထာနှင့် မကိုက် ညီချေ။

**သာဓက-၁။** ။န တံ ယာစေ ယဿ ပိယံ ဇိဂီသေ။ (ပါရာဇိကပါဠိ၊ ၂၂၂။) န တံ ယာစေတိ-တံ န ယာစေယျ (ကတရံ) ယဿ ပိယံ ဇိဂီသေတိ-ယံ အဿ သတ္တဿ ပိယန္တိ ဇာနေယျ။ (ပါရာဇိကကဏ္ဍအဋ္ဌကထာ။)

အဋ္ဌကထာဆရာသည် ပါဠိတော်ကို ဝါကျအပြန်အလှန်နည်းဖြင့် အနက်ပေး ထားခြင်း ဖြစ်၏၊ အဋ္ဌကထာအဖွင့်နှင့်ညီအောင် ပါဠိတော်ကို အောက်ပါအတိုင်း အနက်ပေးလိုက်လျှင် ဝါကျအပြန်အလှန် အနက်ယောဇနာနည်း ဖြစ်တော့၏။

တံ-ထိုအရာကို၊ န ယာစေ-မတောင်းရာ၊ (ကတရံ-အဘယ်အရာကို၊ န ယာစေ-မတောင်းရာသနည်း။) ယံ-အကြင်အရာကို၊ အဿ-ထိုသတ္တဝါသည်၊ ပိယံ-ချစ်ခင်အပ်၏ဟူ၍၊ ဇိဂီသေ-သိရာ၏။ (တံ-ထိုအရာကို၊ န ယာစေ-မတောင်းရာ။)

**သာဓက-၂။** ။ကော၀ သေယျော ပုရိသော သပဉ္ဉော။ ပ ။ ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။ (ဇာ၊ ပ၊ ၂၃)

ကော၀ သေယျော ပုရိသော သပဉ္ဉောတိ-ဝေဠုပါနံ ဇာလာနံ ပရော သဟဿတောပိ ကော ပဏ္ဍိတပုရိသော၀ သေယျော ဝရတရော၊ (ကီဒိသော **သပဉ္ဉောတိ)၊** ယော ဘာသိတဿ အတ္ထံ ဝိဇာနာတိ။ (ဇာဋ္ဌ၊ ပ၊ ၄၃၁)

http://www.dhammadownload.com



**အမှာ။** ။အထက်ပါ အဋ္ဌကထာတို့ကို ထောက်ခြင်းအားဖြင့် အနိယမက နောက်ကနေသောဝါကျကို ဝါကျအပြန်အလှန်နည်းဖြင့် အနက်ယောဇနာလိုလျှင် ဤကျမ်းအယူအတိုင်းသာ ယောဇနာသင့်၏၊ သို့ရာတွင် စာဖြေရာ၌ကား ဗဟို စံပြအဖြေဝါဒအတိုင်းသာ ဖြေပါ၊ သို့မှသာ အမှတ်ရပါလိမ့်မည်။

## ၄။ ဥပမာက နောက်မှာနေသော ဥပမာဝါကျ

သဝတိ စေတံ အတ္တေ၊ သဿမိဝ ဖလံ။ စ-အဖို့တစ်ပါးကား၊ တေံ-ဤ သုတ်သည်၊ အတ္တေ-အကျိုးတို့ကို၊ သဝတိ-သီးတတ်၏၊ (ကိံ-ဘယ်အရာသည်၊ ကိံ-ဘယ်အရာကို၊ သဝတိဣဝ-သီးသကဲ့သို့နည်း၊) သဿံ-ကောက်သည်၊ ဖလံ-အသီးကို၊ သဝတိဣဝ-သီးသကဲ့သို့၊ (ဇဝံ-ဤအတူ၊ သဝတိ-သီး၏။)

**မှတ်ချက်။** ။ဥပမာပုဒ်တို့၏ လိင်, ဝိဘတ်, ဝုစ်တို့ကိုရှု၍ ကိံသဒ္ဒါ ထည့်စွက် အနက်ပေးထားပုံကို သတိပြုပါ။ ဗဟိုစံပြအဖြေ၌ကား 'ကိမိဝ-အဘယ်ကဲ့သို့နည်းဟူမူကား'ဟူ၍ချည်းသာ တစ်သမတ်တည်း ပေးထား၏၊ မနှံ့စပ်ပါ။

---

## ဥပမာသွင်း၍ အနက်ယောဇနာနည်း

နှိုင်းခိုင်းကြောင်းစကားကို "ဥပမာ"ဟုခေါ်သည်၊ နှိုင်းခိုင်းအပ်သောစကားကို "ဥပမေယျ"ဟုခေါ်သည်၊ ဥပမာစကားရပ်ကို ဥပမေယျ၏ အတွင်းဘက်သို့ သွင်းလျက် အနက်ယောဇနာခြင်း။

**ပုံစံ။** ။သဝတိ စေတံ အတ္တေ၊ သဿမိဝ ဖလံ။ စ-ကား၊ သဿံ-သည်၊ ဖလံ-ကို၊ သဝတိဣဝ-သကဲ့သို့၊ (ဇဝံ-တူ)၊ တေံ-သည်၊ အတ္တေ-တို့ကို၊ သဝတိ-၏။

**အမှာ။** ။ဝါကျအပြန်အလှန် ယောဇနာနည်းနှင့် မတူသည်ကို သတိပြုပါ။

## ဥပမာထုတ်၍ အနက်ယောဇနာနည်း

ဥပမာစကားရပ်ကို ဥပမေယျ၏ အပြင်ဘက်သို့ ထုတ်လျက်အနက်ယောဇနာခြင်း။

**ပုံစံ။** ။သဝတိ စေတံ အတ္တေ၊ သဿမိဝ ဖလံ။ စ-ကား၊ တေံ-သည်၊ အတ္တေ-တို့ကို၊ သဝတိ-၏၊ (ကိမိဝ-အဘယ်ကဲ့သို့နည်း၊) သဿံ-သည်၊ ဖလံ-ကို၊ သဝတိဣဝ-သီးသကဲ့သို့တည်း။

http://www.dhammadownload.com



## ဥပရိက္ခာထုတ်၍ အနက်ယောဇနာနည်း

နိဗ္ဗာပါရ, နိဿတ္တိက သဘောဖြစ်ပါလျက် သဗ္ဗာပါရ, သသတ္တိကသဘော ကဲ့သို့ အလွန်အကျွံအနက်ကို ဟောတတ် ထွန်းပြတတ်သော သဒ္ဒါကို "ဥပရိက္ခာ" ဟုခေါ်၏၊ ထိုဥပရိက္ခာကို ဥပရိက္ခာဝန္တ၏ အပြင်ဘက်သို့ ထုတ်လျက် အနက် ယောဇနာခြင်း။

**ပုံစံ။** ။သာဓုကာရံ ဝိယ ဒဒမာနာ အယံ မဟာပထဝီ ကမ္ပိ။ အယံ မဟာပထဝီ–ဤမြေကြီးသည်၊ ကမ္ပိ–တုန်လှုပ်ပြီ၊ (ကီဒိသီ–အဘယ်သို့သဘော ရှိသည်၊ ဟုတွာ–ဖြစ်၍၊ ကမ္ပိ–တုန်လှုပ်သနည်း၊) သာဓုကာရံ–ကောင်းချီးကို၊ ဒဒမာနာ ဝိယ–ပေးသကဲ့သို့ဖြစ်၍၊ ကမ္ပိ–တုန်လှုပ်ပြီ။

**မှတ်ချက်။** ။ဥပရိက္ခာပုဒ်၏ လိင်, ဝိဘတ်, ဝုစ်တို့ကိုရှုလျက် ကီဒိသော, ကီဒိသီ, ကီဒိသံ–စသည်ဖြင့် ကီဒိသ–သဒ္ဒါ ထည့်စွက် အနက်ပေး ထားပုံကို သတိပြုပါ၊ ဥပမာ ဥပမေယျခွဲခြား၍ မရကောင်းသော အလွန်အကျွံ ပြောဆိုထားသော စကားမှန်သမျှ ဥပရိက္ခာချည်းသာ။

---

## တုလျတ်, လိင်္ဂတ် အနက်ယောဇနာနည်း

ကြိယာ လုံးဝမပါဘဲ ကတ္တားဖြစ်စေ, ကံဖြစ်စေ ၂–ခု ၃–ခုစသည် ပါရှိသော ဝါကျ၌ ကြိယာထည့်စွက် အနက်မပေးမူ၍ နောက်တက်ဖြစ်သော ကတ္တား, ကံ တို့ဖြင့် အဆုံးသတ်လျက် အနက်ပေးခြင်း၊ ဝါ–နာမသတ် အနက်ပေးခြင်း။

**ပုံစံ။** ။သမဏော ဂေါတမော နော သတ္ထာ။ သမဏော ဂေါတမော–ရဟန်းဂေါတမသည်၊ နော–ငါတို့၏၊ သတ္ထာ– ဆရာတည်း။

---

## ပကတိ, ဝိကတိ အနက်ယောဇနာနည်း

ပင်ကိုရှိရင်းစွဲ ကတ္တား, ကံတို့ကို "ပကတိကတ္တား၊ ပကတိကံ"ဟု လည်း ကောင်း၊ ပြောင်းလွဲသွားသော ကတ္တား, ကံတို့ကို "ဝိကတိကတ္တား, ဝိကတိကံ"ဟု လည်းကောင်း ခေါ်၏။ တုလျတ်, လိင်္ဂတ် အနက်ယောဇနာနည်းတွင် ဟောတိ– စသော ဖြစ်ခြင်းအနက်ဟော ကြိယာပုဒ်များ ထည့်စွက်လျက် အနက်ယောဇနာခြင်း။

သမဏော ဂေါတမော–သည်၊ နော–ငါတို့၏၊ သတ္ထာ–ဆရာသည်၊ (ဟောတိ– ဖြစ်၏)။

---

http://www.dhammadownload.com



## နိယမာနိယမ အနက်ယောဇနာနည်း

'မည်သည့်အရာ'ဟု မသတ်မှတ်ဘဲ သိမ်းကျုံး၍ ဆိုထားသောစကားကို "အနိယမ"ဟု ခေါ်၏၊ ယ, သဒ္ဒါက ဟော၏။ 'ဤအရာတည်း'ဟု သတ်မှတ်လျက် ဆွဲထုတ်၍ ဆိုထားသောစကားကို "နိယမ"ဟု ခေါ်၏၊ တ, တေ, ဧတ-သဒ္ဒါတို့က ပြ၏။ ပကတိကတ္တား, ပကတိကံ-တို့ကို အနိယမဝါကျချင်း၍ ဝိကတိကတ္တား, ဝိကတိကံတို့ကို နိယမဝါကျချင်းလျက် အနက်ယောဇနာခြင်း။

(ယော) သမဏော ဂေါတမော-သည်၊ (အတ္ထိ-၏၊) (သော-သည်၊) နော-တို့၏၊ သတ္ထာ-ဆရာတည်း။ ဝါ-ဆရာသည်၊ (ဟောတိ)။

---

## သဒ္ဒတ္ထစသည်အားဖြင့် အနက်ယောဇနာနည်း

ဤ၌ သဒ္ဒတ္ထစသည်တို့၏ အဓိပ္ပါယ်ကို ပထမ သိထားသင့်၏။ သဒ္ဒတ္ထ-သဒ္ဒါ၏ ဟောရင်းအနက်ကို ပေါ်လွင်အောင် အနက်ပေးခြင်း။

ဆိုလိုသည်မှာ သမာသ်နာမ်ပုဒ်ဖြစ်က ရှေ့ပုဒ်အနက် နောက်ပုဒ်အနက်နှင့် သမွန်အနက်ပေါ်အောင် ယောဇနာခြင်း၊ တဒ္ဓိတ်နာမ်ဖြစ်က လိင်ပုဒ်အနက် ပစ္စည်းအနက်နှင့် သမွန်အနက်ပေါ်အောင် ယောဇနာခြင်း၊ ကိတ်နာမ်ဖြစ်က ဓာတ်အနက်နှင့် ပစ္စည်းအနက်ပေါ်အောင် ယောဇနာခြင်း၊ အာချာတ်ပုဒ်ဖြစ်က ဓာတ်အနက်နှင့် ပစ္စည်းအနက်ပေါ်အောင် ယောဇနာခြင်း၊ ဥပသာရ, နိပါတ်ပုဒ်တို့ဖြစ်က ယင်းတို့၏ ဟောရင်းအနက်ပေါ်အောင် ယောဇနာခြင်း-တည်း။

**သင်္ကေတတ္ထ, ပညတျတ္ထ, ဝေါဟာရတ္ထ။** ။ရှေးလူကြီးသူမတို့ သတ်မှတ် ပညတ် သမုတ်အပ်သည့်အတိုင်း အနက်ယောဇနာခြင်း။

**အဓိပ္ပါယတ္ထ။** ။အရာအားလျော်စွာ အလိုရှိအပ်သော အနက်ကို တိုက်ရိုက် ယောဇနာခြင်း၊ ဝါ-နောက်ထပ် ပြီးစေအပ်သော အနက်တို့ကို ယောဇနာခြင်း။

**အမှာ။** ။အောက်ပါ ပုံစံတို့၌ ပထမအနက်သည် သဒ္ဒတ္ထ၊ ဒုတိယ အနက်သည် သင်္ကေတတ္ထ, ပညတျတ္ထ, ဝေါဟာရတ္ထ၊ တတိယအနက်သည် အဓိပ္ပါယတ္ထ ဖြစ်၏။

**သမာသ်နာမ်။** ။ခီဏာသဝေါ-ကုန်ပြီးသော အာသဝေါရှိသောသူ။ ဝါ-ရဟန္တာ။ ဝါ-အရှင်သာရိပုတ္တရာ (အရှင်မဟာမောဂ္ဂလ္လာန်-စသည်)။

**တဒ္ဓိတ်နာမ်။** ။ဒေါဝါရိကော-တံခါး၌ယှဉ်သောသူ။ ဝါ-တံခါးစောင့်၊ ဝါ-မောင်ခင် (မောင်တင်-စသည်)။

http://www.dhammadownload.com



**ကိတ်နာမ်။** ။ဗုဒ္ဓေါ-သိတတ်သောသူ။ ဝါ-ဘုရား။ ဝါ-အရှင်ဂေါတမ (အရှင်ကဿပ-စသည်)။

**အာချာတ်။** ။ကာရာပေတိ-ပြုလုပ်စေ၏။ ဝါ-ခိုင်း၏။ ဝါ-ပြုလုပ်ပါဟု ပြော၏။

**မှတ်ချက်။** ။ဥပသာရပုဒ်၊ နိပါတ်ပုဒ်-တို့ကား အထက်ပါပုဒ်တို့၌ ထိုက်သင့်သလို ပါဝင်ကြပြီ။ ဥပမာ-အစ္စာဝဒတိ-လွန်ကျူး၍ ပြောဆို၏။ ဝါ-ဆဲရေး၏။ ဝါ-စံဏ္ဍာလဟု ပြော၏-စသည်တည်း။

---

## ကေဝလဒဗ္ဗာပေက္ခ, သင်္ဂဏဒဗ္ဗာပေက္ခ အနက်ယောဇနာနည်း

တစ်ချက်တည်းဖြင့် ဒြပ်အနက်ပေါ်ထွက်အောင် အနက်ယောဇနာခြင်းကို "ကေဝလဒဗ္ဗာပေက္ခ အနက်ယောဇနာခြင်း"ဟုခေါ်၏။ သဒ္ဒတ္ထကို ပေါ်ထွက်စေပြီးမှ ဝါ-ရှေ့ကသွင်းပြီးမှ ဒြပ်အနက်ပေါ်ထွက်အောင် အနက်ယောဇနာခြင်းကို "သင်္ဂဏဒဗ္ဗာပေက္ခ အနက်ယောဇနာခြင်း"ဟုခေါ်၏။

ဗုဒ္ဓေါ-ဘုရားသည်(ကေဝလဒဗ္ဗာပေက္ခ)။ ဗုဒ္ဓေါ-သိတော်မူတတ်သော ဘုရာ သည် (သင်္ဂဏဒဗ္ဗာပေက္ခအနက်)။

**အမှာ။** ။ဤမှ တစ်ပါး ကတ္တားထည့်၍ အနက်ယောဇနာခြင်း၊ ကံထည့်၍ အနက်ယောဇနာခြင်း၊ သဗ္ဗနာမ်၏အစွဲ ပေါ်လွင်အောင် အနက်ယော ဇနာခြင်း-စသည်တို့လည်း ရှိသေး၏။ ၎င်းတို့ကား ကျမ်းရင်းကျေလျှင် ခက်ခဲသော အရာများ မဟုတ်ကြ၍ ၎င်းတို့ကို မပြတော့ပြီ၊ အနက်ပေးနှင့် ပတ်သက်သော **နိယာမ်အချို့ကိုသာ ပြပါတော့မည်။**

---

## အနက်ပေးနှင့်ပတ်သက်သော ဘုရားကြီးနိယာမ်များ

၁။ သမ္ဗန္ဓောပုဒ်၊ ထုတ်၍ကေန်၊ ရှိသည်မှန်မူ၊ သမ္ဗန်+သဟာတ်၊ ကံ+သဟာတ်နှင့်၊ နေမှတ် အာကာရာ၊ သုံးပါးမှာလျှင်၊ တစ်ခုခုထင်မြဲ။

**ပုံစံ။** ။ပက္ကိတ္တုံ ဝရန္တိ သမ္ဗန္ဓော။

**သမ္ဗန်+သဟာတ်** = ပက္ကိတ္တုန္တိ ပဒဿ-ပက္ကိတ္တုံဟူသောပုဒ်၏၊ ဝရန္တိ ဣမိနာ-ဝရံဟူသောဤပုဒ်နှင့်၊ သမ္ဗန္ဓော-ဆက်စပ်ခြင်းကို၊ (ကာတဗ္ဗော-ပြုထိုက်၏)။

**ကံ+သဟာတ်** = ပက္ကိတ္တုန္တိ သော သဒ္ဒေါ-ပက္ကိတ္တုံဟူသော ဤသဒ္ဒါကို၊ ဝရန္တိ ဣမိနာ-ဝရံဟူသော ဤပုဒ်နှင့်၊ သမ္ဗန္ဓော-ဆက်စပ်အပ်၏။

http://www.dhammadownload.com



**နေမှတ်အာကာရာ** = ပက္ကိတ္တံ–ထည့်အပ်သည်ရှိသော်၊ ဝရံ–မြတ်သေး၏၊ ဣတိ–ဤသို့၊ သမ္ဗန္ဓော–ဆက်စပ်ခြင်းကို၊ ကာတဗ္ဗော–ပြုထိုက်၏။ (တစ်နည်း၊) သမ္ဗန္ဓော–ဆက်စပ်ခြင်းသည်၊ ဟောတိ–ဖြစ်၏။ (တစ်နည်း၊) သမ္ဗန္ဓော–ဆက်စပ်အပ်၏။

၂။ သမ္ဗန္ဓောကြောင့်၊ သဘောသမ္ဗန်၊ ကံသဟတ္တာ၊ လာတုံကမူ၊ ဝိသေသနမှာ၊ ထိုက်ရာမလွဲ၊ သွင်းလေမြဲ။

**သမ္ဗန်+သဟတ်** = ပက္ခိတ္တန္တိ ပဒဿ–၏၊ ဝရန္တိ ဣမိနာ–နှင့်၊ (ဝိသေသန ဝိသေသျဘာဝေန–ဝိသေသန ဝိသေသျအဖြစ်ဖြင့်၊) သမ္ဗန္ဓော၊ ကာတဗ္ဗော။

**ကံ+သဟတ်** = ပက္ခိတ္တန္တိ သောသဒ္ဒေါ–ကို၊ ဝရန္တိ ဣမိနာ–နှင့်၊ (ဝိသေသန ဝိသေသျဘာဝေန–ဖြင့်၊) သမ္ဗန္ဓော–၏။

၃။ အာကာရနှင့်၊ အာဟ၏ကံ၊ ဤနှစ်တန်၊ အမှန်ဒဿနကရိဏ်းဖြစ်မြဲ။

**အာကာရပုံစံ**။ ။ဧဝံ ကုသလံ ဒဿေတွာ အကုသလံ ဒဿေတုံ ကတမေ ဓမ္မာ အကုသလာတိ အာဟ။ ဧဝံ–ဤသို့၊ ကုသလံ–ကို၊ ဒဿေတွာ–၍၊ (ကတမေ ဓမ္မာ အကုသလာတိ ဣမိနာ–ကတမေ ဓမ္မာ အကုသလာဟူသော ဤပါဠ်ဖြင့်၊) အကုသလံ–ကို၊ ဒဿေတုံ– ငှာ၊ ကတမေ ဓမ္မာ အကုသလာတိ–ကတမေ ဓမ္မာ အကုသလာဟူ၍၊ အာဟ–ဆိုပြီ။

**အာဟ၏ကံ ပုံစံ**။ ။ဧဝံ ကုသလံ ဒဿေတွာ အကုသလံ ဒဿေတုံ ကတမေ ဓမ္မာ အကုသလာတိ အာဒိမာဟ။ ဧဝံ–ဤသို့၊ ကုသလံ–ကုသိုလ်ကို၊ ဒဿေတွာ–၍၊ (ကတမေ ဓမ္မာ အကုသလာတိအာဒိနာ–ကတမေ ဓမ္မာ အကုသလာ အစရှိသောပါဠ်ဖြင့်၊) အကုသလံ–ကို၊ ဒဿေတုံ–ငှာ၊ ကတမေ ဓမ္မာ အကုသလာတိ အာဒိံ–ကတမေ ဓမ္မာ အကုသလာအစရှိသော စကားကို၊ အာဟ–ဆိုပြီ။

၄။ ဒဿေန္တော အာဟ၊ ပြသည့်ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿနကရိဏ်း၊ အာဟ၏ကံ၊ ဤနှစ်တန်၊ ကေန် တတ္ထစွဲမြဲ။

**ပုံစံ**။ ။ဧဝံ ကုသလံ ဒဿေတွာ အကုသလံ ဒဿေန္တော ကတမေ ဓမ္မာ အကုသလာတိ အာဟ၊ တတ္ထ–။ တတ္ထ–ထိုကတမေ ဓမ္မာ အကုသလာဟူသော ပါဠ်၌။

၅။ ဣဒါနိ အာဟ၊ ရှိက ကေန်၊ ပစ္စုပ္ပန်ကို၊ အမှန် အာဟ ဟောလေမြဲ။

**ပုံစံ**။ ။ဧဝံ ကုသလံ ဒဿေတွာ ဣဒါနိ အကုသလံ ဒဿေတုံ ကတမေ ဓမ္မာ အကုသလာတိ အာဟ။ အာဟ–ဆို၏။ (ဗြူဓာတ်၊ တိဝိဘတ်ဖြင့်

http://www.dhammadownload.com



ပြီးသော အာဟ-ပုဒ်တည်း။ ပရောက္ခာ အ, ဝိဘတ်ဖြင့်ပြီးသော အာဟ-ပုဒ် မဟုတ်ဟူလို။)

၆။ ဝေ ဝိဘာဗိတွာ အာဟ၊ စသည် ပါဌ်ထွက်၊ ဝေနက်မှာ၊ မှန်စွာ နိဒ္ဒေသန ကရိဏ်းပြမြဲ။

**ပုံစံ။** ။ဝေ ကုသလံ ဝိဘာဗိတွာ အကုသလံ ဝိဘာဗိတုကာမော ကတမေ ဓမ္မာ အကုသလာတိ အာဟ။ ဝေ-ဤသို့(နိဒ္ဒေသနအနက်)။ ဝေ-ဤဆိုအပ် ပြီးသောနည်းဖြင့် (ကရိဏ်းအနက်)။

**မှတ်ချက်။** ။စာစပ်သောအခါ၌လည်း ဝေကို ဝိဘာဗိတွာ၌ နိဒ္ဒေသန သော်လည်းကောင်း၊ ကရိဏ်းသော်လည်းကောင်း စပ်ရမည်ဟူလို။

၇။ ဟိ စ ပန၊ နိပါတနှင့်၊ တကွ တက်မူ၊ ယူလေ ဝုစ္စမာနာ၊ မယှဉ်ပါမူ၊ ဝုတ္တာပေက္ခ၊ မှတ်ကုန်ကြ။

နိပါတနှင့်ယှဉ်လျှင် "အယံ ပန-ဤဆိုအပ်လတ္တံ့သည်ကား" ဟုပေး၊ နိပါတ နှင့် မယှဉ်လျှင် "အယံ-ဤဆိုအပ်ပြီးသည်ကား" ဟုပေးဟူလို။

၈။ တွေ့ သိယာ၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊ သမ္ဘန္ဓဟု၊ ကတ္တုသုံ ပါး၊ ထည့်ငြားမလွဲ၊ သမ္ဗန်မြဲ။

တွေ့ ဌာနေ (ဌတွာ၊ ဓာဒကာဿ၊ ဤဒိသိ စောဒနာ) သိယာ။

၉။ တွော့ဟမှာ၊ ကြိယာဝိသေသန၊ ကတ္တုမျှနှင့်၊ ကမ္မနစ်ချက်၊ ထည့်ကာ စွက်လျက်၊ အနက်သမ္ဗန်မြဲ။ တွေ့ ဌာနေ (ဌတွာ၊ စောဒကော၊ စောဒနံ) အာဟ။

၁၀။ ကိစ္စေ တွပုဒ်၊ ထုတ်၍ရှိမူ၊ ကိဋ္ဌိနောက်မှ၊ အဝသိဋ္ဌ၊ ယံ အတ္ထိနှင့်၊ တံဗြူဟိကို၊ ဆို၍ထည့်ငြား၊ ရေ့နားကမှာ၊ တဝ စောဒနာ၊ အသမတ္တာကို၊ ဆောင် ကာ စွက်၍၊ အနက်သမ္ဗန်မြဲ။

တွေ့ ဌာနေ၊ တဝ၊ စောဒနာ၊ အ,သမတ္တာ၊ ကိဋ္ဌိ၊ အဝသိဋ္ဌ၊ ယံ၊ အတ္ထိ၊ တံ၊ ဗြူဟိ။ (နိယံအတိုင်း)။ **(တစ်နည်း)** တွေ့ ဌာနေ၊ ကိဋ္ဌိ၊ ဝတ္တဗ္ဗံ၊ အသမတ္တာ၊ တဝ၊ စောဒနာ၊ အဝသိဋ္ဌ၊ တာဝ၊ ဗြူဟိ။ (မူလဋီကာနည်း)။

၁၁။ ဝုစ္စတေပုဒ်၊ အဖြေထုတ်ရာ၊ အာဓာ လည်းကောင်း၊ တစ်ကြောင်းသမ္ဗန်၊ ကံနှင့်ကတ္တား၊ လေးပါးစွက်၍၊ အနက်သမ္ဗန်မြဲ။ ( တွေ့-ဌာနေ၊ စောဒကဿ ပရိဟာရော၊ မယာ) ဝုစ္စတေ။

http://www.dhammadownload.com



၁၂။ ဉာတရထာ၊ အညထာပုဒ်၊ ထုတ်၍ရှိက၊ လက္ခဏာနှင့်၊ လက္ခဏာဝန်၊ ဤနှစ်တန်ကို၊ အမှန်သွင်းလျက်၊ အနက်သမ္ဗန်၊ အပါဒါန်မှာ၊ အနွယာကို၊ ခံကာမလွဲ၊ ထားလေမြဲ။ (ဉာတော) ဉာတရထာ၊ (အတ္တေ၊ ဂယှမာနေ)။

၁၃။ အညေ သေသာ၊ ပုဒ်နှစ်ဖြာ၏၊ ရှေ့မှာမယုတ်၊ ဝဇ္ဇေတွာ ထပေတွာ ထုတ်မူ၊ ထိုပုဒ်၏ကံ၊ တစ်ဆံမသွေ၊ အညေ သေသာ၊ ပုဒ်နှစ်ဖြာ၏၊ အပါဒါန် ဖြစ်မြဲ။

**ပုံစံ။** ။ခုဒ္ဒကနိကာယော နာမ စတ္တာရော နိကာယေ ဌပေတွာ အဝသေသံ ဗုဒ္ဓဝစနံ။ ခုဒ္ဒကနိကာယော နာမ–ခုဒ္ဒကနိကာယ် မည်သည်ကား၊ စတ္တာရော နိကာယေ–နိကာယ်ကြီးလေးပါးတို့ကို၊ ဌပေတွာ–ထား၍၊ (စတူဟိ နိကာယေဟိ–နိကာယ်ကြီးလေးပါးတို့မှ)၊ အဝသေသံ–ကြွင်းကျန်သော၊ ဗုဒ္ဓဝစနံ–ဘုရားစကား တည်း။

၁၄။ သံဝဏ္ဏနာ၊ အတ္တောပါမူ၊ သဒ္ဒါသံဝဏ္ဏေတဗ္ဗ၊ ဝါစကသည်၊ မုချ သမ္ဗန် ခံမြဲ။

**ပုံစံ။** ။ဗြာဟ္မဏောတိ ဗာဟိတပါပေါ၊ အရဟာတိ အတ္တော။ ဗြာဟ္မဏောတိ–ဗြာဟ္မဏော ဟူသည်ကား၊ ဗာဟိတပါပေါ–အပပြုအပ်ပြီးသော မကောင်းမှုရှိသူသည်၊ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ ဉာတိအယံ–ဤဆိုအပ်ပြီး သည်ကား၊ (ဗြာဟ္မဏောတိ ပဒဿ–ဗြာဟ္မဏောဟူ သောပုဒ်၏၊) အတ္တော– အနက်တည်း။

၁၅။ သံဝဏ္ဏေတဗ္ဗ၊ ပဒလည်းကောင်း၊ တစ်ကြောင်းပုဂ္ဂိုလ်၊ ထိုနှစ်ပါးတွင်၊ လျော်ရာလျှင်၊ မြပင် ဓိပ္ပါယော၏ သမ္ဗန်တည်း။ (ပုံစံကို ပါရာဇိကဏ်ဒုတိယနေ့ အမှတ်–၅ လေ့ကျင့်ခန်းမှာရှု။)

၁၆။ လက္ခဏာပုဒ်၊ ထုတ်၍အရာ၊ ရှိသည်မှာ၊ များစွာ ဟိတ်လည်း ငင်သတည်း။

**ပုံစံ။** ။ပုဗ္ဗသရေ လုတ္တေ ပရော အသဝဏ္ဏံ ပပ္ပေါတိ။ ပုဗ္ဗသရေ–ရှေ့သရသည်၊ လုတ္တေ–ကျေပြီးလတ်သော်၊ ဝါ–ကျေခြင်းကြောင့်၊ ပရော–နောက် သရသည်၊ အသဝဏ္ဏံ၊ ပပ္ပေါတိ။

၁၇။ အန္တသမ္ဗဒါန်၊ မာနသမ္ဗဒါန်၊ ဤနှစ်တန်ကို၊ ရံဖန်လက္ခဏာ၊ အနက်ပေး သတည်း။

**ပုံစံ။** ။ဓမ္မသင်္ဂဏီ သမ္မသန္တ ဿာပိ ရသ္မိယော န နိက္ခန္တာ။ ဓမ္မသင်္ဂဏီ–ကို၊ သမ္မသန္တဿာပိ–သုံးသပ်တော်မူသော မြတ်စွာဘုရားအားလည်း၊ ဝါ–သုံးသပ် ပါသော်လည်း၊ ရသ္မိယော၊ န နိက္ခန္တာ။

http://www.dhammadownload.com



**၁၈။** ယထာဟဟူ၊ တွေ့လေမူကား၊ ယထာ+အာဟ နှစ်ပုဒ်ယူမြဲ။

**၁၉။** ယေန ကီ'ခံ၊ ကရိဏ်းကံ၊ အမှန် ကျေစမြဲ။

**ပုံစံ။** ။ယထာ–ယေန ကာရဏေန ဘဂဝါ အာဟ။ 'ယထာ'သည် ကာရဏဝါစကဖြစ်သောကြောင့် 'တ'သဒ္ဒါကို ငဲ့နေဖွယ် မလိုပြီ။ ( တစ်နည်း ) မယာ ဝုတ္တဿ ဝစနဿ သာကော် ယထာ–ကီ' ဝစနံ ဘဂဝါ အာဟ။

**၂၀။** တံ ယထာသား၊ ရှိလာငြားမူ၊ တံကို အနက်ယူ၊ ယထာ တံမူ၊ တံ၏ အနက် ထူးမထွက်။

**ပုံစံ။** ။တံ–တေ အက္ခရာ၊ ယထာ–ကတမေ။

**၂၁။** သေဝနယော၊ ပုဒ်သဘောမှာ၊ ထင်စွာဧဝ၊ ဣဝနှစ်ချက်၊ ခွဲလျက် သမ္ဘန်မြဲ။

**ပုံစံ။** ။သေဝ နယော သော ဧဝ နယော–ဤနည်းကိုသာလျှင်၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။ (ဤနည်းသာလျှင် နည်းရှိ၏–ဟူသော အနက်ကား မကောင်းပါ။) (တစ်နည်း) သေဝ နယော–သော ဣဝ နယော–ဤနည်းကဲ့သို့သောနည်းကို၊ ဒဋ္ဌဗ္ဗော။

**၂၂။** ဂရဟာဝါစက၊ နာမသဒ္ဒါ၊ တွေ့လေပါက၊ ကြိယာနှင့်၊ ယှဉ်ကာစပ်လျက် အနက်သမ္ဘန်မြဲ။

**ပုံစံ။** ။ကရိဿတိ နာမ–ပြုရက်တုံဘိ၏။

**၂၃။** ဥပမာဇောတက၊ ထိုပဒမှာ၊ ကြိယာနှင့်၊ ယှဉ်ကာစပ်လျက် အနက် သမ္ဘန်မြဲ။

**ပုံစံ။** ။ဟောတိ ယထာ–ဖြစ်သကဲ့သို့၊ ဟောတိ ဣဝ–ဖြစ်သကဲ့သို့။

**၂၄။** တော် မလွဲ၊ ဝိဘတ်စွဲလျှင်၊ ထင်အောင်ဝိဘတ်၊ မှတ်၍ ပေးမြဲ။

**၂၅။** ပုဒ်စွဲရှိကာ၊ အဿတ္ထိအနက်၊ ထွက်အောင် သမ္ဘန်မြဲ။

**ပုံစံ။** ။ယေနာတိ တော် ဘုမ္မတ္ထေ ကရဏဝစနံ။

**ဝိဘတ်စွဲပုံ။** ။ယေနာတိ တ္ထေ–ယေနဟူသောဤပုဒ်၌၊ တော်–ဤ နာဝိဘတ်သည်၊ ဘုမ္မတ္ထေ–အာဓာရအနက်၌၊ ပဝတ္တံ–ဖြစ်သော၊ ကရဏဝစနံ–တတိယာ ဝိဘတ်တည်း။

**ပုဒ်ကိုစွဲပုံ။** ။ယေနာတိ တော်–ယေနဟူ သော ဤပုဒ်သည်၊ ဘုမ္မတ္ထေ–၌၊ ကရဏဝစနံ–တတိယဝိဘတ်ရှိသောပုဒ်တည်း။

http://www.dhammadownload.com



၂၆။ ဣလသေဒ္ဒါ၊ ရှိလေရာကား၊ အတ္ထာပကရဏ-စသည် စမ်းမြဲ။

(၁) သာသနံ စေဝ လောကံ စ၊ ဒေသပါဒါယ ဝုစ္စတေ။
ဣလသဒ္ဒေါ တထာ ဟောတိ၊ ကတ္တစိ ပဒပူရဏေ။
(၂) အတ္ထာ ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလံ။

၂၇။ ဝိသေသနများစွာ၊ ဆင့်လျက်ပါက၊ မှန်စွာမယုတ်၊ ရှေးရှေးပုဒ်သည်၊ နောက်နောက်ပုဒ်၏ ဟိတ်ဖြစ်မြဲ။

ပုံစံ။ ။အဘိရူပေါ မနာပေါ ပုရိသော အာဂတော။ အဘိရူပေါ-လှသော၊ ဝါ-လှသည်၏အဖြစ်ကြောင့်၊ မနာပေါ-နှစ်သက်ဖွယ်ကောင်းသော၊ ပုရိသော၊ အာဂတော။

၂၈။ ဂဟာရှေ့မှ၊ အာဓာရကို၊ ဘူမတ္ထပင်၊ ယူလေချင်မူ၊ ရှေ့တွင်ပုဒ်မှာ၊ ဆဋ္ဌီပါက၊ ကံမှာသက်ဟု၊ မိန့်မြွက် ဆရာတစ်ဦး အလိုတည်း။ (သဒ္ဒနီတိ)

၂၉။ ဂဟာရှေ့မှ၊ အာဓာရကို၊ ကံဆိုလိုမူ၊ ထိုရှေ့ပုဒ်မှာ၊ ဒုတိယာကို၊ ဆဋ္ဌီမှာ သက်၊ ဤအချက်လည်း၊ မိန့်မြွက် ဆရာတစ်ဦး အလိုတည်း။

ပုံစံ။ ။ပုရိသဿ ဗာဟာသု ဂဟေတွာ။

(၂၈) ပုရိသဿ-ကို၊ ဗာဟာသု-တို့၌၊ ဂဟေတွာ-၍။

(၂၉) ပုရိသဿ-၏၊ ဗာဟာသု-တို့ကို၊ ဂဟေတွာ-၍။

(ပုရိသံ-ဟုရှိလျှင်လည်း 'ပုရိသံ-၏'ဟုပင် ပေးရမည်။)

၃၀။ ဂဟာဒိကံ၊ အပေါင်းမှန်၊ နောက်ရံ အာဓာရမှာ အစိတ်တည်း။

ပုံစံ။ ။ပုရိသံ ဗာဟာသု ဂဟေတွာ-၌ ပုရိသံသည် အပေါင်း၊ ဗာဟာသု-သည် အစိတ်။

၃၁။ ယထာ တထာ၊ ဥပမာ မဟုတ်၊ ယင်းသို့ ထုတ်မူ၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာ လက္ခဏာဖြစ်မြဲ။

ပုံစံ။ ။ယထာ အနုဇာနန္တိ တထာ ကရိဿာမိ။ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ (ကရောန္တေ-ပြုလသော်၊) အနုဇာနန္တိ-ခွင့်ပြုကြကုန်၏၊ တထာ-ထိုအခြင်းအရာအားဖြင့်၊ ကရိဿာမိ။

၃၂။ အပေါင်း တည်ထ၊ စိတ်ဖွင့်ပြ၊ ထွေမရှိ ထည့်လေမြဲ။

ပုံစံ။ ။ရာဇဂဟေ ဝိဟရတီတိ ရာဇဂဟံ နာမ နဂရဿ နာမ။

http://www.dhammadownload.com



ရာဇဂဟော ဝိဟရတီတိ (ဧတ္ထ)-ရာဇဂဟော ဝိဟရတိဟူသော ဤပါဌ်၌၊ ရာဇဂဟံ နာမ-ရာဇဂဟမည်သည်၊ နဂရဿ-မြို့၏၊ နာမံ-အမည်တည်း။

၃၃။ အညတြ ဝိနာ၊ နိပါတာ၏၊ ရှိရာမှန်လှ၊ ယင်းပဒဝယ်၊ ဒု, တ, ပဥ္စမီ သက်မြ။

ပုံစံ။ ။အညတြ ကုသလံ၊ အညတြ ကုသလေန၊ အညတြ ကုသလာ။

၃၄။ အညတြ ဝိနာ၊ နိပါတာကို၊ ကြိယာဝိသေသန ပေးမြ။

ပုံစံ။ ။ကုသလံ-ကုသိုလ်ကို၊ အညတြ-ကြဉ်ထား၍။

၃၅။ ဝုစ္စတိပုဒ်၊ ထုတ်၍အရာ၊ ရှိသည်မှာ၊ အာကာရ ဣတိရှိ၊ မရှိက ထည့်မြ။

ပုံစံ။ ။အယံ ဗာလော ဝုစ္စတိ။ အယံ-ဤသူကို၊ ဗာလော=ဗာလောဣတိ-လူမိုက်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

၃၆။ နှစ်ခုပဋိသေ၊ ခွဲဝေမရှိ၊ နက်ပေးဘိမူ၊ ပကတိအနက်၊ ထွက်အောင် သမွန်မြ။

၃၇။ မပေါင်းရောဘဲ၊ ခွဲ၍တစ်ခါ၊ သမွန်ပါမူ၊ ကြိယာနောင်၊ ဧဝ ဆောင်မြ။

ပုံစံ။ ။န န ဟောတိ။

(၃၆) န န ဟောတိ-ဖြစ်၏။
(၃၇) န ဟောတိ-မဖြစ်သည်ကား၊ န-မဟုတ်၊ ဟောတိဧဝ-ဖြစ်သည်သာတည်း။

၃၈။ သကမ္မကကြိယာ၊ ယှဉ်ကာနောက်နား၊ တတ္ထသွားသော်၊ ခွဲပြား ကြိယာ၏ ကံကိုတည်း။

ပုံစံ။ ။ဣဒ္ဓါနိ အကုသလံ ဒဿေတုံ ကတမေ ဓမ္မာ အကုသလာတိ အာဒိမာဟ။ တတ္ထ-။ တတ္ထ-ထိုကတမေ ဓမ္မာ အကုသလာအစရှိသော စကား ရပ်၌။

၃၉။ တတ္ထ အစွဲ၊ စိတ်မရဲသော်၊ ရှေ့အစိတ်ကိုမျှော်၊ အပေါင်းဖော်၍စွဲ။

ပုံစံ။ ။တတ္ထ တိဿော အဘိရူပေါ၊ ဒတ္တော ဒီဃော၊ သုမနော ကိသော။ တတ္ထ-ထို တိဿ, ဒတ္တ, သုမန သုံးယောက်တို့တွင်။

http://www.dhammadownload.com



၄၀။ ယဒိဒံပုဒ်၊ ထုတ်၍ရှိရာ၊ လိင်ဝုစ်မှာ၊ သေချာ နောက်၌ ရှုမြဲတည်း။
ပုံစံ။ ။တေဒဂ္ဂံ ဘိက္ခဝေ၊ ယဒိဒံ သာရိပုတ္တော။ ယဒိဒံ=ယော အယံ သာရိပုတ္တော–အကြင် သာရိပုတ္တရာသည်၊ အတ္ထိ–ရှိ၏၊ တေ=သော–ဤ သာရိပုတ္တရာသည်၊ အဂ္ဂံ=အဂ္ဂေါ–အမြတ်ဆုံးတည်း။

၄၁။ သဗ္ဗနာမ်ပုဒ်၊ ဆင့်၍ထုတ်မူ၊ နောက်ပုဒ်တစ်ခု၊ အနက်မဲ့သာ များသတည်း။
ပုံစံ။ ။ယေ တ္တမေ မနုဿာ–အကြင်လူတို့သည်။

၄၂။ ဝိသေသနကြိယာ၊ ဝုစ်သချာမှာ၊ ဝိသေသျကြိယာနှင့် တူမြဲ။
ပုံစံ။ ။မိဂေါ ဓနုနာ ဝိဒ္ဓေါ မတော။
ရှင်း။ ။'ဝိဒ္ဓေါ'ဟူသော ဝိသေသနကြိယာနှင့် 'မတော'ဟူသော ဝိသေသျကြိယာတို့ ဝုစ်–စသည်တူရ၏။

၄၃။ ဣတိသဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံသဒ္ဒါကို၊ ရှေ့မှာစွက်၍ အနက်သမ္ဗန်မြဲ။ အာကာရအပြင်ထုတ်၍ ယောဇနာနည်းအတိုင်းပင်။

၄၄။ ကိံသဒ္ဒါနောက်၊ စိလျှင်ရောက်က၊ အပ္ပဝါစကာ၊ ရှေ့မှာတစ်တန်၊ ယ, ဝင်ပြန်က၊ သကလဝါစကာ၊ ဝင်လာမဖက်၊ ကိံသက်သက်မှာ၊ ပုစ္ဆာဝါစက ဓကန်တည်း။
ကောစိ–အချို့သောသူသည်။ ယောကောစိ–အမှတ်မရှိ အလုံးစုံသောသူသည်။ ကော–အဘယ်သူသည်။

၄၅။ ဆဋ္ဌီကတ္တား၊ ရံခါငြားမူ၊ ကတ္တားတတိယာနှင့် တူမြဲ။
ပုံစံ။ ။ကတံ မေ ပါပံ။ မေ–ငါသည်၊ ပါပံ–မကောင်းမှုကို၊ ကတံ–ပြုအပ်ပြီ။

၄၆။ ဂုဏ္ဍရာ အဓိကရဏာ၊ နောက်ပုဒ်ကလျှင်၊ ပြလေသောခါ၊ ရှေ့ပုဒ်မှာ၊ ကံသာ့ ဝုတ္တ, အဝုတ္တဖြစ်မြဲ ။
ပုံစံ။ ။သတ္တေ ဝိနေန္တိ ဧတေန တ္တေ ဝါတိ ဝိနယော။ ဝိနယော–သတ္တဝါတို့ကို ဆုံးမကြောင်း, ဆုံးမရာဖြစ်သော တရား။

၄၇။ **တာရိုတ်** ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ ဆဋ္ဌီ၊ သုံးလီဝိဘတ်၊ သက်တုံလတ်က၊ ကျမ်းမြတ် ဤသို့ မိန့်သတည်း။
ပုံစံ။ ။သာမိကော ပုရိသံ၊ (ပုရိသေန၊ ပုရိသဿ) ကမ္မံ ကာရာပေတိ။

http://www.dhammadownload.com



၄၈။ ဘူတပုဒ်သာ၊ ရှိလေရာ၊ ဟုတ္တာ ကျေစမြဲ။

ပုံစံ။ ။တုလာဘူတော–ချိန်သဖွယ်(ဖြစ်၍)ဖြစ်သည်။

၄၉။ ဒီသာဝါစက၊ ပဒဋ္ဌလျှင်၊ နေ မြင်မူ၊ နောက်တွင်ပုဒ်မှာ၊ ဒုတိယာကို၊ သက်ပါ ပဉ္စမီနှင့် ဆဋ္ဌီအနက် ဝယ်တည်း။

ပုံစံ။ ။ပုဗ္ဗေန ဂါမံ ရမဏီယံ။ ဂါမံ–ရွာမှ၊ ဝါ–ရွာ၏၊ ပုဗ္ဗေန–အရှေ့ အရပ်၌၊ ရမဏီယံ–ပျော်ဖွယ်ကောင်း၏။

၅၀။ ဥပရိနှင့်၊ ပရိဥပ၊ အဘိမှနောက်၊ တောယှဉ်ရောက်သော်၊ သည်နောက်ပုဒ်မှာ၊ ဒုတိယာကို၊ ဆဋ္ဌီမှာသက်၊ အနက် ၏–ဟု ပေးမြဲ။

ပုံစံ။ ။ပရိတော ဂါမံ။ ဂါမံ–ရွာ၏၊ ပရိတော–ထက်ဝန်းကျင်၌။

၅၁။ အနန္တ ရုံ၊ သမယံဟု၊ နှစ်တန်ပုဒ်မှာ၊ ဒုတိယာ၊ မြစ္စာ ဘူမတ္တ၌သက်။
တဒနန္တ ရုံ–ထိုစကား၏ အခြားမဲ့၌။ ဧကံ သမယံ–အခါတစ်ပါး၌။

၅၂။ အာချာတ်ပုဒ်ပင်၊ ရံခါလျှင်၊ နာမ်တွင် ကံနှင့်ကတ္တား ဖြစ်သတည်း။

ကံဖြစ်ပုံ။ ။မိဂံ ဓာဝတိ ပဿာမိ။ မိဂံ–သမင်ကို၊ ဓာဝတိ–ပြေးသွား သည်ကို၊ ပဿာမိ–မြင်၏။

ကတ္တားဖြစ်ပုံ။ ။ကော မေ ဝန္ဒတိ ပါဒါနိ။ မေ–ငါ၏၊ ပါဒါနိ– ခြေတို့ကို၊ ဝန္ဒတိ–ရှိခိုးသူကား၊ ကော–အဘယ်သူနည်း။

၅၃။ နာဂတ်နက်မှာ၊ မာနန္တာ၊ ရံခါ ကာမတ္တကို ထွန်းသတည်း။

ပုံစံ။ –။အကုသလံ ဒဿေန္တော အာဟ။ အကုသလံ–ကို၊ ဒဿေန္တော– ပြ(လို)သည်ဖြစ်၍၊ အာဟ။

၅၄။ ဟိတ်လည်းတစ်ချက်၊ လက္ခဏပါ၊ နှစ်နက်မှာ၊ သက်လာ မာန အန္တ ပစ္စည်းတည်း။

ပုံစံ။ ။သော ဟိံသိယမာနော ရောဒတိ။ သော–သည်၊ ဟိံသိယမာနော– ညှဉ်းဆဲအပ်သည်၏အဖြစ်ကြောင့်၊ ဝါ–ညှဉ်းဆဲအပ်သည်ရှိသော်၊ ရောဒတိ– ငိုကြွေး၏။

၅၅။ တုံ တွံလည်းကောင်း၊ ရှိတုံရှောင်း၊ အကြောင်း အကျိုး ပြန်မြဲ။

ပုံစံ။ ။ဒဿနတ္ထံ–ပြလိုခြင်းဟူသော အကြောင်းကြောင့် (အကြောင်း ပြန်ပုံ)။ ဒဿနတ္ထံ–ပြခြင် အကျိုးငှာ (အကျိုးပြန်ပုံ)။

http://www.dhammadownload.com



၅၆။ တွာပစ္စည်းနက်၊ တစ်ချက်ဟောငြား၊ ကတ္တားနှင့်ကံ၊ သမ္ပဒါန်၊ မှတ်ရန် တုံပစ္စည်းသဘောတည်း။

**တွာပစ္စည်းနက် ဟောပုံ။** ။နေကွမ္မံ ခေမတော ဒဋ္ဌုံ။ ဒဋ္ဌုံ–မြင်၍–ဟုပေး။

**ကတ္တားကို ထွန်းပုံ။** ။အာစိဏ္ဏံ ခေါ ပနေတံ အာဂန္တုကေဟိ သဒ္ဓိံ ပဋိသမ္မောဒိတုံ။ ပဋိသမ္မောဒိတုံ–ရောနှောပေါင်းဆုံခြင်းသည်–ဟုပေး။

**ကံကို ထွန်းပုံ။** ။အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝသိတုံ။ ဝသိတုံ–နေခြင်းကို–ဟုပေး။

**သမ္ပဒါန်ကို ထွန်းပုံ။** ။ဘတ္တံ ဘုဉ္ဇိတုံ ဣစ္ဆာမိ။ ဘုဉ္ဇိတုံ–စားခြင်းငှာ–ဟုပေး။

၅၇။ နနဋ္ဌသာ၊ စ, တည်းပါ၊ တောဒနာ အနေ။ (နနုစ တောဒေမိ–ဟု အနက်ဖော်။)

၅၈။ နနုချည်းသာ၊ စ, မပါ၊ ကြိယာနှင့်ယှဉ်စေ။ (ဟောတိနနု–စသည်ဖြင့် ယှဉ်။)

**အမှာ။** ။ဤနေရာ၌ ပထမနေ့အတွက် လေ့ကျင့်ခန်း ပြသင့်၏၊ သို့ရာတွင် ဒုတိယနေ့များ၏ ၁–နံပါတ်တွင် အလိုလို အကျုံးဝင်သွားမည် ဖြစ်သောကြောင့် မပြတော့ပြီ။

ဝဝဝဝဝ

ကျမ်းရင်းသုံးကျမ်း ပထမနေ့ စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



# ပါရာဇိကဏ် ဒုတိယနေ့

## စည်းမျဉ်းနှင့် အဖြေများ

### ၁–နံပါတ်

စည်းမျဉ်းရော အဖြေပါ ပထမနေ့နှင့် တူပြီ။

### ၂–နံပါတ် စည်းမျဉ်း

လိုအပ်သော ပါဠိဝါကျတို့ကို ထုတ်ပြ၍ အနုသန္ဓေ, ပုစ္ဆာ, စောဒနာ ကျမ်းတက်+ထွက်နည်းကို မေးရာ၌ သုဒ္ဓတက်+ထွက်နည်း နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို မေးခြင်း။

**မှတ်ချက်။** ။စောဒနာတက်ကို မေးရာ၌ လိနတ္ထ ရစောဒနာ၊ အာဘောဂ စောဒနာ၊ အယုတ္တစောဒနာ၊ ဗျတိရေကစောဒနာ၊ အန္ဓယစောဒနာတို့တွင် တစ်ခုခုကိုသာ မေးရမည်။ အထွက်ကို မေးရာ၌လည်း သဒ္ဒါ, ပညတ်, ပရမတ် တို့တွင် တစ်ခုခုကိုသာ မေးရမည်။

### ကျမ်းတက်နည်းများ

**ကျမ်းတက်အဓိပ္ပါယ်။** ။ရှေ့ဝါကျကိုဆုပ်ကိုင်လျက် ယင်း၌ ဖြစ်သင့်သော အပြစ်များကို မေးမြန်း ဖြေဆိုခြင်းကို "အတက်"ဟု ခေါ်၏။ တစ်နည်း၊ စကားတစ်လုံးမှ တစ်လုံးသို့လည်းကောင်း၊ တစ်ဝါကျမှ တစ်ဝါကျသို့လည်းကောင်း အဓိပ္ပါယ်ဆက်စပ်ပေးခြင်း, စောဒနာဖွယ်ကို ထုတ်ဖော်ပြခြင်းကို "ကျမ်းတက်"ဟု ခေါ်၏။

**ကျမ်းတက်နည်းအပြားနှင့် အစီအစဉ်။** ။ကျမ်းတက်နည်းသည် စည်းမျဉ်းတွင် ပါသည့်အတိုင်း "အနုသန္ဓေ, ပုစ္ဆာ, စောဒနာ"ဟူ၍ မူလအားဖြင့် သုံးပါးသာ ပြား၏။ သို့ရာတွင် ပုစ္ဆာ, စောဒနာတို့၌ လက်တက်ပွားများ ရှိသောကြောင့်လည်းကောင်း၊ အဘိယာစကတက်ကို ရှေးဆရာများ အသုံးပြုကြသောကြောင့်လည်းကောင်း အောက်ပါအတိုင်း ၁၁–မျိုးပြား၏။ အတက် ၁၁–မျိုးနှင့် အစီအစဉ်များကို အောက်ပါအတိုင်း မှတ်ထားပါ။

၁။ အနုသန္ဓေ = ပုဗ္ဗာနုသန္ဓေ၊ ပရာနုသန္ဓေ။

၂။ အနာဘောဂပုစ္ဆာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အဓိပ္ပါယ် ပြန်။

http://www.dhammadownload.com



၃။ ရိုးရိုးသာဘောဂပုစ္ဆာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်။

၄။ အဒေါသာရောပနစောဒနာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်။

၅။ ဒေါသာရောပနစောဒနာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်။

၆။ အဘိယာစက = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဘိယာစနာ။

၇။ လျှဉ်းပါးသာဘောဂပုစ္ဆာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်။

၈။ လိနတ္ထရစောဒနာ = အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ ဒေါသ၊ အဓိပ္ပါယ်ပြန်။

၉။ အယုတ္တစောဒနာ = တူပြီ။

၁၀။ ဗျတိရေကစောဒနာ = တူပြီ။

၁၁။ အန္ဓယစောဒနာ = တူပြီ။

မှတ်ချက်။ ။အထက်ပါ ၁၁–ချက်ကို ကျေညက်အောင် မှတ်ထားပါ။ အနုသန္ဓေသည် အပြားမရှိ၊ ပုစ္ဆာသည် "အနာဘောဂပုစ္ဆာ, ရိုးရိုးသာဘောဂပုစ္ဆာ, လျှဉ်းပါးသာဘောဂပုစ္ဆာ"ဟု ၃–မျိုးပြား၏။ စောဒနာသည် "အဒေါသာရောပနစောဒနာ, ဒေါသာရောပနစောဒနာ, လိနတ္ထရစောဒနာ, အယုတ္တစောဒနာ, ဗျတိရေကစောဒနာ, အန္ဓယစောဒနာ"ဟု ၆–မျိုးပြား၏။ (စည်းမျဉ်းတွင် ပါဝင်သော အာဘောဂစောဒနာဟူသည် အထူးမဟုတ်၊ အဒေါသာရောပနစောဒနာကိုပင် ဆိုလိုခြင်း ဖြစ်၏။) အဘိယာစကသည်လည်း အပြားမရှိ။ ဤသို့ ကျမ်းတက်နည်းပေါင်း ၁၁–မျိုးကို မှတ်ထားပါ။ ထို ၁၁–မျိုးတွင် လျှဉ်းပါးသာဘောဂပုစ္ဆာနှင့် လိနတ္ထရစောဒနာ စသည်တို့သည် တက်ပုံချင်း တူညီသောကြောင့် ၄င်းတို့ကို နောက်သို့ ပို့၍ တစ်စု စုထားလိုက်ပါသည်။

အဘိယာစကဌ် အချို့က ပုစ္ဆာရော အာဘော်ပါ မပါစေလိုကြ၊ အချို့က ပုစ္ဆာသာ၊ အချို့က အာဘော်သာ ပါစေလိုကြ၏။ ဤဌ် ဗဟိုစံပြအဖြေအတိုင်း ပုစ္ဆာရော အာဘော်ပါ ထည့်ထားခြင်းဖြစ်၏။ လိနတ္ထရစောဒနာစသည်တို့ဌ် အစီအစဉ်တွင် အာဘော်ကို ထည့်မထား၊ သို့ရာတွင် လိုအပ်လျှင် အာဘော်ကိုလည်း ထည့်ရမည်၊ အာဘော်ပါခြင်းကြောင့် "အမှား"ဟု မဆိုရ။ ထို့ပြင် အမှတ် ၃– ဖြင့် ပြထားသော ရိုးရိုးသာဘောဂပုစ္ဆာကို အချို့က ထပနာတိကပုစ္ဆာတက်–

http://www.dhammadownload.com



ဟုလည်း ခေါ်ကြသေး၏။ "ထပနာ, ပုစ္ဆာ, အာဘော်"ဟူ၍ ထပနာပဓာနရှိသော အချက်အလက် ၃-ခုပါသောကြောင့် ထိုကဲ့သို့ ခေါ်ဆိုခြင်းဖြစ်၏။

ဤသို့စသည်ဖြင့် ဤကျမ်း၌ တိုက်ရိုက်ပြမထားသော်လည်း ထိုထိုဆရာတို့၏ အလိုအားလျော်စွာ ထူးခြားသော နာမည်များလည်း ရှိတတ်သေး၏၊ နာမည် ဘယ်လောက်ပင် များသော်လည်း ဤ ၁၁-မျိုးအပြင် မရှိနိုင်ပါ။ သို့ဖြစ်၍ ဤ ၁၁-မျိုးကို ကျေညက်စွာ နားလည်အောင်ကျက်၍ ပုစ္ဆာနှင့်တွေ့သောအခါ "ဤ ၁၁-မျိုး အနက်မှ အဘယ်ကို ဆိုလိုသည်"ဟု သဘောပေါက်အောင် စဉ်းစားပြီးမှ ဖြေဆိုလျှင် မလွဲနိုင်တော့ပါ။

---

## ကျမ်းတက်နည်း

အထက်ပါ ၁၁-မျိုးထဲမှ တစ်မျိုးမျိုးဖြင့် ကျမ်းတက်လိုသော်-

(က) ဝါကျတက်နှင့်သင့်လျော်လျှင် ဝါကျတက်နည်းဖြင့် တက်ရ၏။

(ခ) ပိဏ္ဍတ္ထတက်နှင့်သင့်လျော်လျှင် ပိဏ္ဍတ္ထတက်နည်းဖြင့် တက်ရ၏။

(ဂ) အဓိပ္ပါယ်တက်နှင့်သင့်လျော်လျှင် အဓိပ္ပါယ်တက်နည်းဖြင့် တက်ရ၏၊ အထက်ပါ ၁၁-မျိုးသည် "ဝါကျတက်, ပိဏ္ဍတ္ထတက်, အဓိပ္ပါယ်တက်"ဟူ၍ ဖြစ်သင့်သလို သုံးမျိုးစီ ပြားသွားပြန်သည်ဟု ဆိုလို၏။

ဝါကျတက် တက်လိုလျှင် ထွက်ရာမူလဝါကျကို ရှာရ၏၊ ထို့နောက် မူလဝါကျ, မူလီဝါကျတို့၏ ဝါကျအမည်ကို ပေးထားရ၏၊ ပြီးမှ တက်ရ၏၊ ပိဏ္ဍတ္ထတက် တက်လိုလျှင် ထွက်လာမူလဝါကျကို ရှာရ၏၊ ထို့နောက် မူလဝါကျ, မူလီဝါကျတို့၏ ဆိုလိုရင်းကို ကောက်ထားရ၏၊ ပြီးမှ တက်ရ၏။ အဓိပ္ပါယ်တက် တက်လိုလျှင် ထွက်ရာ မူလဝါကျကို ရှာရ၏၊ ထို့နောက် မူလဝါကျ, မူလီဝါကျတို့၏ အဓိပ္ပါယ်ကို ပြန်ထားရ၏၊ ပြီးမှ တက်ရ၏။

ကျမ်းတက်နည်း သုံးမျိုးတွင် အဓိပ္ပါယ်တက်နည်းသည် အကောင်းဆုံးဖြစ်၏၊ ၎င်းကို ဖြစ်နိုင်သမျှ အသုံးပြုရ၏၊ ၎င်းကို အသုံးပြု၍ မဖြစ်နိုင်မှ ပိဏ္ဍတ္ထတက်ကို အသုံးပြုရ၏၊ ပိဏ္ဍတ္ထတက်ကိုလည်း အသုံးပြု၍ မဖြစ်တော့သော အခါကျမှ ဝါကျတက်ကို အသုံးပြုရ၏၊ ဝါကျတက်သည် အားအနည်းဆုံး ဖြစ်၏။ ဤသို့ "ဝါကျတက်, ပိဏ္ဍတ္ထတက်, အဓိပ္ပါယ်တက်"ဟု တက်နည်းသုံးမျိုးထဲမှ နောက်နောက်အတက်သည် ရှေ့ရှေ့အတက်ထက် ကောင်းမွန်သော်လည်း ဤကျမ်း၌ကား လေ့ကျက်ခါစပုဂ္ဂိုလ်များ အလွယ်တကူ မှတ်ယူနိုင်စေခြင်းငှာ ဝါကျတက်ကို ပထမပြပါမည်၊ ထို့နောက်မှ ပိဏ္ဍတ္ထတက်ကို ပြ၍ နောက်ဆုံးမှ အဓိပ္ပါယ်

http://www.dhammadownload.com



တက်ကို ပြပါမည်၊ အဝါးဝသောအခါ အဓိပ္ပါယ်တက်ကိုသာ အမြဲအစွဲ သုံးစွဲပါ၊ ထိုတွင်လည်း လျှဉ်းပါးသာဘောဂပုစ္ဆာတက်ကို အထူးလေ့လာပါ၊ လေ့ကျက်ပါလေ။

## (က) ဝါကျတက်နည်းများ

(က) ဗုစ္ဆတီတိ ဗုစ္ဆေါ။

(ခ) ဘဂဝါ။

(က) ဝါကျသည် ပက္ခဝါကျ။

(ခ) ဝါကျသည် ပက္ခန္တရဝါကျ-ဟု ဝါကျအမည်ခွဲထားပါ။

**၁။ အနုသန္ဓေ။** ။ဤသို့လျှင် က-မှတ်ပြဝါကျဖြင့် ပက္ခကို ပြဆိုတော်မူပြီး၍ (ပုဗ္ဗာနုသန္ဓေ)၊ ယခုအခါ ထို၏ ပက္ခန္တရကို ပြဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် (ပရာနုသန္ဓေ) ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။

**၂။ အနုဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ(အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြဝါကျဖြင့် ပက္ခကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ပက္ခန္တရကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ ပက္ခန္တရကား ခ-မှတ်ပြဝါကျ ဖြစ်၏-ဟူလိုသော်။

**မှတ်ချက်။** ။အနုသန္ဓေတက်တုန်းက ပုဗ္ဗာနုသန္ဓေသည် ဤပုစ္ဆာတက်၌ ထပနာဖြစ်လာ၏၊ ပရာနုသန္ဓေသည် ပုစ္ဆာဖြစ်လာ၏၊ ထို့ကြောင့် အနုသန္ဓေတက်နည်းကို နားလည်လျှင် ပုစ္ဆာတက်နည်း စသည်တို့ကိုလည်း နားလည်မည်သာ ဖြစ်၏။ ပါဠိတော်ကို အဋ္ဌကထာက ကျမ်းတက်ပြရာ၌လည်းကောင်း၊ အဋ္ဌကထာကို ဋီကာက ကျမ်းတက်ပြရာ၌လည်းကောင်း ပုစ္ဆာတက်, စောဒနာတက်များဖြင့်ႇ များစွာပြလေ့မရှိဘဲ အနုသန္ဓေတက်ဖြင့်သာ အများအပြား ပြလေ့ရှိ၏၊ အနုသန္ဓေတက်ကိုသိလျှင် ပုစ္ဆာတက်, စောဒနာတက်များကိုလည်း သိရှိနားလည်အောင် လေ့ကျင့်ယူတတ်ပါစေ။ အဋ္ဌကထာ, ဋီကာတို့၏ အနုသန္ဓေ ကျမ်းတက်များကို လေ့လာခြင်းဖြင့်လည်း ကျမ်းတက်ခြင်း၏ အဓိပ္ပါယ်မှန်ကို နားလည်ပါစေ။

**ထပနာထားနည်း။** ။ပုစ္ဆာ, စောဒနာ, အဘိယာစကတက်တို့၌ ထပနာပါ၏၊ ထပနာထားနည်းသည် အောက်ပါအတိုင်း ၅-မျိုးရှိ၏။

(၁) ရှေ့ဝါကျထဲမှ ပုဒ်တစ်ပုဒ်၊ သို့မဟုတ် ပုဒ်တစ်စုကို ထပနာထားရသည်လည်း ရှိ၏။

http://www.dhammadownload.com



(၂) ရှေ့တစ်ဝါကျလုံးကို ထပနာထားရသည်လည်း ရှိ၏။

(၃) ရှေ့နှစ်ဝါကျ သုံးဝါကျစသည်ကို ပေါင်း၍ ထပနာထားရသည်လည်း ရှိ၏။

(၄) ရှေ့ပုဒ်ကို ထပနာထားရသည်လည်း ရှိ၏။

(၅) သံဝဏ္ဏေတဗ္ဗပုဒ်, ဝါ-ပါဠိတော်ကို ထပနာထားရသည်လည်း ရှိ၏။ ဤသို့ ထပနာထားနည်း ၅-မျိုးရှိသည့်အနက်မှ ဤ၌ အမှတ်-၂ ဥပဒေသအရ ရှေ့တစ်ဝါကျလုံးကို ထပနာကိုင်ထား၏၊ အခြားသော ထပနာနည်းများကို အမှတ်-၆ လေ့ကျင့်ခန်းသို့ ရောက်သောအခါ တွေ့ရပါလိမ့်မည်။

ထပနာကိုင်ခြင်းသည် ကျမ်းတက်ခြင်း၌ အထူးအရေးပါ၏၊ ထပနာကိုင်မှန်မှ ပုစ္ဆာစသည် မှန်နိုင်၏၊ ထပနာမှန်ကန်စွာ ထားနည်းကား-တက်ရမည့် ဝါကျ၏ သဘောအဓိပ္ပါယ်ကို စဉ်းစားပါ၊ ယင်းဝါကျက ရှေ့ဝါကျထဲမှ ပုဒ်တစ်ပုဒ်, သို့မဟုတ် ပုဒ်စုတစ်စုနှင့်ပတ်သက်၍ တက်လာသောဝါကျဖြစ်လျှင် အမှတ်-၁ ဥပဒေသအရ ရှေ့ဝါကျထဲမှ ပုဒ်တစ်ပုဒ်, သို့မဟုတ် ပုဒ်စုတစ်စုကို ထပနာထားပါ။ တက်ရမည့်ဝါကျက ရှေ့တစ်ဝါကျလုံးနှင့် ပတ်သက်၍တက်လာလျှင် အမှတ်-၂ ဥပဒေသအရ ရှေ့တစ်ဝါကျလုံးကို ထပနာထားပါ။ တက်ရမည့် ဝါကျက ရှေ့နှစ်ဝါကျ, သုံးဝါကျတို့နှင့် ပတ်သက်၍တက်လျှင် အမှတ်-၃ ဥပဒေသအရ ရှေ့နှစ်ဝါကျ, သုံးဝါကျကို စုပေါင်း၍ ထပနာထားပါ။ တက်ရမည့် အရာက တစ်ဝါကျလုံး မဟုတ်ဘဲ ပုဒ်တစ်ပုဒ်တည်း ဖြစ်လျှင် ရှေ့ပုဒ်ကို ထပနာထားပါ။ တက်ရမည့်အရာက ရိုးရိုးဝါကျမဟုတ်ဘဲ သံဝဏ္ဏနာဖြစ်နေလျှင် သံဝဏ္ဏေတဗ္ဗပါဠိတော်ကို ထပနာထားပါ။

၃။ **ရိုးရိုးသာဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြ ဝါကျဖြင့် ပက္ခကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ပက္ခန္တရကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ပက္ခန္တရကို မပြတော့ပြီလော (အာဘော်)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ ပက္ခန္တရကို မပြသည်မဟုတ် ပြထားပါ၏၊ ထို၏ ပက္ခန္တရကား ခ-မှတ်ပြဝါကျဖြစ်၏-ဟူလိုသော်။

**ဆောင်။** ။၏ ထပနာ၊ နည်း ပုစ္ဆာ၊ လောမှာ အာဘောဂ။

**မှတ်ချက်။** ။အနာဘောဂပုစ္ဆာတက်နှင့် အဓိပ္ပါယ်ပြန်ပုံ မတူသည်ကို သတိပြုပါ၊ အနာဘောဂပုစ္ဆာတုန်းက ပုစ္ဆာကိုသာကြည့်၍ အဓိပ္ပါယ်ပြန်ရ၏၊ ဤ၌ကား "သူ့အာဘော်ကော်၊ ကိုယ့်အာဘော်၊ မေးသော် ထုတ်လေမင်း"ဟူသော

http://www.dhammadownload.com



နိယာမ်အရ အာဘော်ကို ပထမမြစ်ပြီးမှ ပုစ္ဆာမေးပုံနှင့် လျော်ညီအောင် အဓိပ္ပါယ် ပြန်ရ၏။

**အမှာ။** ။သာဘောဂပုစ္ဆာတက်ကိုပင် ထပနာတိကပုစ္ဆာတက်ဟုလည်း ခေါ်သေး ၏။ ထို့ပြင် ပုစ္ဆာက ရှေ့က နေလျှင် "အယုတ္တာဘောဂပုစ္ဆာတက်"ဟု လည်းကောင်း၊ အာဘော်က ရှေ့ကနေလျှင် "သာဘောဂါယုတ္တပုစ္ဆာတက်"ဟု လည်းကောင်း ခေါ်ကြသေး၏။

**၄။ အဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က–မှတ်ပြဝါကျဖြင့် ပက္ခကိုပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ပက္ခန္တရကား အဘယ်နည်း (ပုစ္ဆာ)၊ ထို၏ ပက္ခန္တရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘော်)၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား–ထို၏ ပက္ခန္တရကိုလည်း ပြဆိုသင့်သည်အားလျော်စွာ ပြထား ပါ၏၊ ထို၏ ပက္ခန္တရကား ခ–မှတ်ပြဝါကျ ဖြစ်၏ဟုလိုသော်။

**မှတ်ချက်။** ။ရိုးရိုးသာဘောဂပုစ္ဆာတက်နှင့် အာဘော်ထားပုံချင်း မတူ သည်ကို သတိပြုပါ၊ ပုစ္ဆာဟူသည် ရိုးရိုးသာမေးခြင်း ဖြစ်၏၊ အပြစ်တင်လိုသော သဘောမပါ၊ စောဒနာဟူသည်ကား အပြစ်တင်လိုသော သဘောလည်း ပါဝင် နေသောကြောင့် ဤကဲ့သို့ အပြစ်တင်သံ နှော၍ အာဘော်ထားရခြင်း ဖြစ်၏၊ မြန်မာစကားကို စဉ်းစားပါ။

**အမှာ။** ။ဤအဒေါသာရောပနစောဒနာကိုပင် စည်းမျဉ်းဥပဒေ မှတ် ချက်၌ "အာဘောဂစောဒနာ"ဟု သုံးထား၏၊ ထို့ကြောင့် အာဘောဂစောဒနာကို မေးလျှင် ဤအဒေါသာရောပနစောဒနာကို ဖြေပါ။

**၅။ ဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က–မှတ်ပြဝါကျဖြင့် ပက္ခကိုပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ပက္ခန္တရကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ပက္ခန္တရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘော်)၊ ထို၏ ပက္ခန္တရကို မပြဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏ (ဒေါသ)၊ ဤသို့ သူစောဒနာဖွယ်ရှိသော ကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြ ဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား–ထို၏ ပက္ခန္တရကို ပြဆိုသင့်သည် အား လျော်စွာ ပြဆိုထားသည်သာဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတ ဒေါသ ငါ့အပေါ်၌ မရောက်–ဟူလိုသော်။

http://www.dhammadownload.com



**မှတ်ချက်။** ။အာဘော်ကိုမြစ်၍ ပုစ္ဆာအားလျော်စွာ ဖြေဆိုပြီးလျှင် ဒေါသကို ပယ်ချလျက် အဓိပ္ပါယ်ပြန်ထားပုံကို သတိပြုပါ။ ဤဒေါသာရောပန စောဒနာတက်နှင့်စပ်၍ ဒေါသများကို သိထားသင့်၏။ ဒေါသတို့သည် "အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ, အတိဗျာပိတဒေါသ, ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသ"ဟု ၆–မျိုးပြား၏။

ထိုတွင် စကားမပျံ့နှံ့ မပြည့်စုံသဖြင့် တင်အပ်သောဒေါသသည် "အဗျာပိတဒေါသ"မည်၏၊ "အပရိပုဏ္ဏဒေါသ"ဟုလည်းခေါ်၏။ စကားပျံ့နှံ့လွန်းသဖြင့် ဝါ–ပိုလွန်သဖြင့် တင်အပ်သောဒေါသသည် "အတိဗျာပိတဒေါသ"မည်၏။ လောကသဘာဝစသည်နှင့် ဆန့်ကျင်သဖြင့် တင်အပ်သောဒေါသသည် "ဝိရောဓိဒေါသ"မည်၏။ ဆိုပြီးသားကို ထပ်၍ဆိုသဖြင့် တင်အပ်သောဒေါသသည် "ပုနရုတ္တိဒေါသ"မည်၏။ အနက်အဓိပ္ပါယ် မရှိသလိုဖြစ်သဖြင့် တင်အပ်သောဒေါသသည် "နိရတ္ထကဒေါသ"မည်၏။

ဤ၌ က–ဝါကျကိုသာ ဆို၍ ခ–ဝါကျကို မဆိုလျှင် ဗုဒ္ဓ–အရ ဗုဒ္ဓ ဗုဒ္ဓကို လည်းကောင်း, သုတဗုဒ္ဓ–စသော အခြားသော အရာများကိုလည်းကောင်း ကောက်ယူနိုင်သဖြင့် က–ဝါကျစကားသည် ပိုလွန်နေ၏၊ ထို့ကြောင့် စောဒကပုဂ္ဂိုလ်က အတိဗျာပိတဒေါသတင်ဖွယ်ရှိ၏၊ ထိုဒေါသကို အဋ္ဌကထာဆရာက ခ–ဝါကျဖြင့် ပစ်ပယ်ရလေသည်။

**အမှာ။** ။ဒေါသတင်, ဒေါသပယ်နှင့် ပတ်သက်၍ အဋ္ဌသာလိနီ ၃–နံပါတ်စည်းမျဉ်း အဖြေကျမှ ပိုမိုပြည့်စုံစွာ ရေးပါမည်၊ ဤနေရာ၌ သင့်ရုံသာ ရေးထားပါသည်။ ဤမျှလောက် နားလည်လျှင်လည်း အတက်အတွက် လုံလောက်ပါပြီ။

**၆။ အဘိယာစက။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က–မှတ်ပြဝါကျဖြင့် ပက္ခကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ပက္ခန္တရကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ပက္ခန္တရကို မပြရသေးသည် မဟုတ်ပါလော (အာဘော်)၊ ထို၏ ပက္ခန္တရကိုလည်း ပြတော်မူပါဦး (အဘိယာစက)၊ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် ထို၏ ပက္ခန္တရကို ပြလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြဝါကျကို မိန့်တော်မူ၏။

**မှတ်ချက်။** ။သာဘောဂပုစ္ဆာတက်, စောဒနာတက်, အဘိယာစကတက် တို့၌ အာဘော် ပါကြ၏၊ သို့ရာတွင် ၎င်းတို့သည် အချင်းချင်း စကားအသွားအလာချင်း မတူကြ၊ အောက်ပါအတိုင်း စုဝေါင်း၍ နှိုင်းယှဉ်ကြည့်ပါ။

http://www.dhammadownload.com



**ပုစ္ဆာအာဘော်**—ထို၏ ပဋ္ဌက္ကရကို မပြတော့ပြီလော။ (ရိုးရိုးကလေး မေး၏။)

**စောဒနာအာဘော်**–ထို၏ ပဋ္ဌက္ကရကိုလည်း ပြသင့်သည် မဟုတ်ပါလော။ (အပြစ်တင်သံဖြင့် မေး၏။)

**အဘိယာစကအာဘော်**—ထို၏ ပဋ္ဌက္ကရကို မပြရသေးသည် မဟုတ်ပါလော။ (တောင်းပန်သံဖြင့် မေး၏။)

**အမှာ။** ။အချို့ကား သာဘောဂပုစ္ဆာတက်နှင့် အဒေါသာရောပနစောဒနာတက်တို့သည် "အာလုပ်, ကတ္တား, ထပနာ, ပုစ္ဆာ, အာဘော်, အစိပ္ပါယ်ပြန်" ဟု အစီအစဉ် တူနေသောကြောင့် ၎င်းတို့အချင်းချင်း ထူးခြားစေခြင်းငှာ "ပုစ္ဆာကိုရှေ့ အာဘော်ကို နောက်ထားလျှင် သာဘောဂပုစ္ဆာတက်"ဟုလည်းကောင်း၊ "အာဘော်ကိုရှေ့ ပုစ္ဆာကိုနောက်ထားလျှင် အဒေါသာရောပနစောဒနာတက်"ဟုလည်းကောင်း ခွဲခြား သတ်မှတ်ကြ၏။ ပုစ္ဆာနှင့်အာဘော်တို့မှာ ရှေ့နေ နောက်နေ မမြဲကြ၊ အဓိပ္ပါယ်သွားကို ကြည့်၍ ရှေ့ကဖြစ်စေ, နောက်ကဖြစ်စေ သင့်သလိုနေရသောကြောင့် ထိုဆရာတို့၏ ခွဲခြားမှုသည် ပညာရှိများ လက်ခံထိုက်သော ခွဲခြားမှု မဟုတ်နိုင်ပါ။ သို့ဖြစ်၍ မြန်မာစကား အသွားအလာနှင့်ကိုက်ညီသော ဤကျမ်း၏ ခွဲခြားချက်ကိုသာ အတည်ပြု၍ ယူသင့်ပါသည်။

လျဉ်းပါး သာဘောဂပုစ္ဆာတက်၊ လိနတ္ထ ရစောဒနာတက်၊ အယုတ္တစောဒနာတက်၊ ဗျတိရေကစောဒနာတက်–တို့၌ ဝါကျတက်နည်းဖြင့် တက်၍မဖြစ်နိုင်။ သို့ဖြစ်၍ ၎င်းတို့ကို ဤဝါကျတက်နည်း၌ ပြဖွယ်မလိုတော့ပြီ။

---

## (ခ) ပိဏ္ဍတ္ထတက်နည်းများ

(က) ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

(ခ) ဘဂဝါ။

(က) ဖြင့် အဘိဓာနတ္ထကို ပြ၏။ (ခ)ဖြင့် အဘိဓေယျတ္ထကို ပြ၏–ဟု ပိဏ္ဍတ္ထကောက်ထားပါ။

**၁။ အနုသန္ဓေ။** ။ဤသို့လျှင် က–မှတ်ပြဝါကျဖြင့် "ဗုဒ္ဓေါ"ဟူသော ပုဒ်၏ အဘိဓာနတ္ထကို ပြဆိုတော်မူပြီး၍ (ပုစ္ဆာနုသန္ဓေ)၊ ယခုအခါ ထို၏ အဘိဓေယျတ္ထကို ပြဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် (ပရာနုသန္ဓေ) ခ–မှတ်ပြဝါကျကို မိန့်တော်မူ၏။

**၂။ အနုဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က–မှတ်ပြဝါကျဖြင့် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ အဘိဓာနတ္ထကို

http://www.dhammadownload.com



ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ အဘိဓေယျတ္ထကား ဘဂဝါ-ဖြစ်၏-ဟူလိုသော်။

၃။ **ရိုးရိုးသာဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြဝါကျ ဖြင့် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ အဘိဓာနတ္ထကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ အဘိဓေယျတ္ထကို မပြတော့ပြီလော (အာဘော်)၊ ဤသို့မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ အဘိဓေယျတ္ထကို မပြသည်မဟုတ်၊ ပြထားပါ၏၊ ထို၏ အဘိဓေယျတ္ထကား ဘဂဝါ- ဖြစ်၏-ဟူလိုသော်။

၄။ **အဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြဝါကျ ဖြင့် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ အဘိဓာနတ္ထကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘော်)၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာ ဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ အဘိဓေယျတ္ထကို ပြဆိုသင့်သည်အားလျော်စွာ ပြဆိုထားပါ၏၊ ထို၏ အဘိဓေယျတ္ထကား ဘဂဝါဖြစ်၏-ဟူလိုသော်။

၅။ **ဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြဝါကျ ဖြင့် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ အဘိဓာနတ္ထကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘော်)၊ ထို၏ အဘိဓေယျတ္ထကို မပြဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏ (ဒေါသတင်)၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား-ထို၏ အဘိဓေယျတ္ထကို ပြဆိုသင့်သည်အားလျော်စွာ ပြဆိုထားသည်သာဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်-ဟူလိုသော်။

၆။ **အဘိယာစက။** ။အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ က-မှတ်ပြဝါကျ ဖြင့် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ အဘိဓာနတ္ထကို ပြဆို

http://www.dhammadownload.com



တော်မူ၏ (ထပနာ)၊ ထို၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ အဘိဓေယျတ္ထကို မပြဆိုရသေးသည် မဟုတ်ပါလော (အာသော်)၊ ထို၏ အဘိဓေယျတ္ထကိုလည်း ပြဆိုတော်မူပါဦး (အဘိယာစနာ)၊ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် ထို၏ အဘိဓေယျတ္ထကို ပြဆိုလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြဝါကျကို မိန့်ဆိုတော်မူ၏။

မှတ်ချက်။ ။လျှင်းပါးသာဘောဂပုစ္ဆာတက် စသည်ကို ဤပိဋကတ္ထတက်၌လည်း မရနိုင်၊ သို့ဖြစ်၍ ၄င်းတို့ကို ဤပိဋကတ္ထတက်၌ မပြတော့ပြီ။ ယခုအခါ အဓိပ္ပါယ်တက်များကို ပြတော့မည်၊ ၄င်းအဓိပ္ပါယ်တက်များသည် အနှစ်အသားလည်း ပါ၏၊ အဋ္ဌကထာ, ဋီကာများနှင့်လည်း ကိုက်ညီ၏၊ အမြဲအစွဲ အသုံးပြုရမည့် အတက်များလည်း ဖြစ်၏၊ ထို့ကြောင့် ရေရေလည်လည် နားလည်သဘောပေါက်အောင် ယူဆပုံ, ဆိုရိုးပြုပုံများနှင့်တကွ မှတ်သားထားပါလေ။

---

## (ဂ) အဓိပ္ပါယ်တက်နည်းများ

(က) ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

(ခ) ဘဂဝါ။

(က) "သိတတ်သောကြောင့် ဗုဒ္ဓ"ဟုခေါ်၏။

(ခ) "သဗ္ဗညုဘုရားရှင်ကို အရကောက်ရ၏"ဟု အဓိပ္ပါယ်ပြန်ထားပါ။

**၁။ အနုသန္ဓေ။** ။ဤသို့လျှင် "က–ဝါကျဖြင့် သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ပြဆိုတော်မူပြီး၍ ယခုအခါ ထိုဗုဒ္ဓ၏အရကို ပြဆိုလိုသော အဋ္ဌကထာဆရာသည် ခ–ဝါကျကိုမိန့်။

**၂။ အနာဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က–မှတ်ပြဝါကျဖြင့် "သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ဆိုတော်မူ၏၊ ထိုဗုဒ္ဓ၏ အရကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ–ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–ထိုဗုဒ္ဓ၏အရကား သဗ္ဗညုဘုရားဖြစ်၏–ဟူလို။

**၃။ ရိုးရိုးသာဘောဂပုစ္ဆာ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–ဝါကျဖြင့် "သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ဆိုတော်မူ၏၊ ထိုဗုဒ္ဓ၏အရကား အဘယ်ပါနည်း၊ ထိုဗုဒ္ဓ၏အရကို မပြတော့ပြီလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ–ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–ထိုဗုဒ္ဓ၏ အရကို မပြသည်မဟုတ်၊ ပြထားပါ၏၊ ထိုဗုဒ္ဓ၏အရကား သဗ္ဗညုဘုရားဖြစ်၏–ဟူလို။

http://www.dhammadownload.com



**၄။ အဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က–ဝါကျဖြင့် "သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ဆိုတော်မူ၏၊ ထိုဗုဒ္ဓ၏ အရကား အဘယ်ပါနည်း၊ ထိုဗုဒ္ဓ၏ အရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် ခ–ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–ထိုဗုဒ္ဓ၏ အရကိုလည်း ပြဆိုသင့်သည့်အားလျော်စွာ ပြဆိုထားပါ၏၊ ထိုဗုဒ္ဓ၏အရကား သဗ္ဗညုဘုရား ဖြစ်၏– ဟူလို။

**၅။ ဒေါသာရောပနစောဒနာ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–ဝါကျဖြင့် "သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ဆိုတော်မူ၏၊ ထိုဗုဒ္ဓ၏ အရကား အဘယ်ပါနည်း၊ ထိုဗုဒ္ဓ၏ အရကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော?၊ ထိုဗုဒ္ဓ၏ အရကို မပြဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ ရောက်လေရာ၏၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် ခ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား– ထိုဗုဒ္ဓ၏ အရကိုလည်း ပြဆိုသင့်သည်အားလျော်စွာ ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်–ဟူလို။

**၆။ အဘိယာစက။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–ဝါကျဖြင့် "သိတတ်သောကြောင့် ဗုဒ္ဓမည်၏"ဟု ဆိုတော်မူ၏၊ ထိုဗုဒ္ဓ၏ အရကား အဘယ်ပါနည်း၊ ထိုဗုဒ္ဓ၏ အရကို မပြရသေးသည် မဟုတ်ပါလော၊ ထိုဗုဒ္ဓ၏ အရကို ပြတော်မူပါဦး၊ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် ခ–ဝါကျကိုမိန့်။

**အမှာ။** ။အနုသန္ဓေတက်စသော အတက် ၆–မျိုး၌ ဝါကျတက်၊ ပိဏ္ဍတ္ထတက်၊ အဓိပ္ပါယ်တက် ၃–ပါးလုံး ရကောင်း၏၊ တစ်ခုနှင့်တစ်ခု နှိုင်း၍ ယှဉ်ကြည့်ပါ၊ အချင်းချင်းမတူသည်ကိုလည်းကောင်း၊ ဝါကျတက်ထက် ပိဏ္ဍတ္ထတက်က ပို၍ကောင်းပုံ၊ ပိဏ္ဍတ္ထတက်ထက် အဓိပ္ပါယ်တက်က ပို၍ ကောင်းပုံ၊ သဘာဝကျပုံကိုလည်းကောင်း တွေ့ရပါလိမ့်မည်။ အောက်ပါ လျှဉ်းပါးသာဘောဂပုစ္ဆာတက် စသည်တို့၌ကား အဓိပ္ပါယ်တက်တစ်မျိုးသာ ရကောင်း၏၊ သေချာစွာ လေ့လာပါ၊ လေ့ကျက်ပါ။

**၇။ လျှဉ်းပါးသာဘောဂပုစ္ဆာတက်။** ။ဤလျှဉ်းပါးသာဘောဂပုစ္ဆာတက်ကို–

က။ အဘိဓာနတ္ထ+အဘိဓေယျတ္ထဝါကျ၊

ခ။ အတ္ထုဒ္ဓါရ+အတ္ထုဒ္ဒေသဝါကျ၊

ဂ။ စကားကြွင်းပြ ဥပန္ယာသဝါကျ၊

http://www.dhammadownload.com



ဃ။ သံဝဏ္ဏနာဝါကျ၊

င။ သမုစ္စယဝါကျ၊

စ။ အဝဓာရဏဝါကျ၊

ဟူသော ၆-ဝါကျတို့၌ သိသိသာသာ ရကောင်း၏၊ တစ်ခုချင်း တက်ပြမည်။

**(က) အဘိဓာနတ္ထ+အဘိဓေယျတ္ထဝါကျ**

(က) အာဟနတိ စိတ္တန္တိ=အာဃာတော။

(ခ) ကောပဿေတံ အဓိဝစနံ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "စိတ်ကို ညှဉ်းဆဲ တတ်သောကြောင့် အာဃာတမည်၏"ဟု ဆိုတော်မူ၏၊ ထို၏ အရကား အဘယ် ပါနည်း။ **ထို၏အရကား ဒေါမနဿ ဖြစ်ပါသလော**၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ-မှတ်ပြဝါကျကို မိန့်။ အဓိပ္ပါယ်ကား—အာဃာတအရကား ဒေါမနဿမဟုတ်၊ ဒေါသဖြစ်၏-ဟူလို။

**ဆောင်။** ။အဖြေရှုကာ၊ မေးပုစ္ဆာ၊ လျော်စွာ တင်ထုတ်ကြ။
အဖြေရောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ။

**အမှာ။** ။(က) ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ (ခ) ဘဂဝါ။-ကိုလည်း တက်ကြည့်ပါ။

**(ခ) အတ္ထုဒ္ဓါရ+အတ္ထုဒ္ဓေသဝါကျ**

(က) သမယသဒ္ဒေါ-

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။
ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

(ခ) ဣဓ ပန သော ကာလေဃေဝ ဒိဿတိ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "သမယသဒ္ဒါသည် သမဝါယ ။ ပ ။ ပဋိဝေဓ-အနက်တို့၌ ထင်၏"-ဟု ဆိုတော်မူ၏၊ ဤ၌ မည်သည့် အနက်တွင် ထင်ပါသနည်း၊ **သမဝါယစသော အနက်များတွင်** ထင်ပါသလော၊ ဤသို့ သူမေးဖွယ်ရှိသောကြောင့် ခ-မှတ်ပြဝါကျကို မိန့်။ အဓိပ္ပါယ်ကား -သမယ သဒ္ဒါသည် ဤ၌ သမဝါယစသော အနက်များတွင် မထင်၊ ကာလအနက်တွင်သာ ထင်၏-ဟူလို။

**ဆောင်။** ။အညဥဒ္ဒေ၊ အဓိက၊ သုံး၀ စောဒနာ။

**အမှာ။** ။ဤဆောင်ပုဒ်အတွက် ပုံစံအပြည့်အစုံကို သီလက္ခန်ဒုတိယနေ့ အမှတ်-၂ လေ့ကျင့်ခန်းမှာ ရှုပါ။

http://www.dhammadownload.com



**(ဂ) စကားကြွင်းပြ ဥပန္ယာသဝါကျ**

(က) ယာယာ ရုစိ ယထာရုစိ။

(ခ) ရုစိ စ နာမ ဣစ္ဆာ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–မှတ်ပြဝါကျဖြင့် "ယထာရုစိ"ကို "ယာယာ ရုစိ"ဟု ဝိဂ္ဂဟပြုရမည့်အဖြစ်ကို ပြဆိုတော်မူ၏၊ ရုစိသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊ **အရောင်ဟူသောအနက်ကို ဟောပါသလော**၊ ဤသို့ သူမေးဖွယ်ရှိသောသောကြောင့် ခ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား–ရုစိသဒ္ဒါသည် အရောင်ဟူသောအနက်ကို မဟော၊ အလိုဟူသောအနက်ကို ဟော၏–ဟူလို။

**(ဃ) သံဝဏ္ဏနာ ဝါကျ**

(က) အဿာတိ တဿ။

အရှင်အဋ္ဌကထာဆရာ၊ ပါဠိတော်၌ "အဿ"ဟု ဟောတော်မူ၏၊ ထို၌ အ, သဒ္ဒါသည် အဘယ်၏ကာရိယ ဖြစ်ပါသနည်း၊ **ဣမသဒ္ဒါ၏ကာရိယ ဖြစ်ပါသလော**၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "တဿ"ဟူသော သံဝဏ္ဏနာပါဌ်ကို မိန့်။ အဓိပ္ပါယ်ကား–အ, သဒ္ဒါသည် ဣမသဒ္ဒါ၏ကာရိယ မဟုတ်၊ တ, သဒ္ဒါ၏ ကာရိယဖြစ်၏–ဟူလို။

**မှတ်ချက်။** ။သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာပုဒ်သို့ တက်ရာ၌ ဤမှာပြထားသည့်အတိုင်း ဗျတ်ရေကအာဘော်ကို အာဘော်ထား၍ အန္ဝယအာဘော်ကို အဓိပ္ပါယ်ပြန်ရသည်၊ ထို့ကြောင့် သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာပုဒ်သို့ တက်လိုသောအခါ ပထမဦးစွာ ဗျတိရေက+အန္ဝယအာဘော်တို့ကို ဖော်ပြီးမှတက်လျှင် မလွဲနိုင်ပါ။

**(င) သမုစ္စယ ဝါကျ**

(က) ပုရိသော အာဂစ္ဆတိ။

(ခ) မာတုဂါမောပိ အာဂစ္ဆတိ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–မှတ်ပြဝါကျဖြင့် "ယောကျ်ား လာ၏"ဟု ဆိုတော်မူ၏၊ အဘယ်သူလည်း လာပါသေးသနည်း၊ **ယောကျ်ားသာ လာပါသလော**၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား–ယောကျ်ားသာ လာသည်မဟုတ်၊ မိန်းမလည်း လာသေး၏–ဟူလို။

**ဆောင်။** ။နောက် သမုစ္စယ၊ ကျမ်း၌ပြ၊ ဧဝ အာဘော်ဆင်။

http://www.dhammadownload.com



**(၈) အဝဓာရဏ ဝါကျ**

(က) မာတုဂါမော န အာဂစ္ဆတိ။

(ခ) ပုရိသောယေဝ အာဂစ္ဆတိ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "မိန်းမ, မလာ"ဟု ဆိုတော်မူ၏၊ ယောကျ်ားအတွက်ကား အဘယ်သို့ မှတ်ရပါမည်နည်း၊ ယောကျ်ားလည်း မလာဟုပင် မှတ်ရမည်လော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ-ဝါကျကို မိန့်။ အဓိပ္ပါယ်ကား—မိန်းမ, မလာသော်လည်း ယောကျ်ားကား လာ၏-ဟူလို။ **ဆောင်။** ။နောက်မှာ ဧဝ၊ ကျမ်း၌ပြ၊ သမုစ္စယ အာဘော်ဆင်။

**မှတ်ချက်။** ။ကျမ်းတက်နည်း အပေါင်းတို့တွင် ဤလျှဉ်းပါးသာဘောဂ ပုစ္ဆာတက်နည်းသည် အကောင်းတကာ့ အကောင်းဆုံး ဖြစ်၏၊ ထို့ကြောင့် ဤတက်နည်းကိုသာ ဖြစ်နိုင်သမျှ အသုံးပြုရမည်၊ ဤတက်နည်းနှင့် လုံး၀ မသင့် လျော်မှသာ အခြားနည်းများကို သုံးရမည်။

ထို့ပြင် "ကျမ်းတက်ခြင်း"ဟူသည် ရှေ့ပုဒ်၊ သို့မဟုတ် ရှေ့ဝါကျကိုသာ ဆို၍ နောက်ပုဒ်၊ သို့မဟုတ် နောက်ဝါကျကို မဆိုလျှင် ထိုရှေ့ပုဒ်၊ သို့မဟုတ် ရှေ့ဝါကျ၌ သင့်နိုင်သောအပြစ်ကို ဖော်ထုတ်ခြင်းတစ်မျိုးပင်ဖြစ်ရာ ထိုကဲ့သို့ ဖော်ထုတ်ခြင်းသည် ပါဠိစာပေ၌သာ ရကောင်းသည် မဟုတ်ဘဲ မြန်မာစာပေ စသော အခြားသော စာပေများ၌လည်း ရကောင်းသည်ပင် ဖြစ်သောကြောင့် မြန်မာစကား၌လည်း ကျမ်းတက်၍ ဖြစ်သည်သာတည်း၊ အောက်ပါပုံစံကို လေ့လာကြည့်ပါ၊ အသေးအဖွဲ့မျှသာ ရယ်စရာဟု သဘောမထားပါနှင့်။

(က) မောင်ဘသည် ငါ၏ ယောက်ဖ ဖြစ်သည်။

(ခ) သူ၏ အစ်မကို ငါ ယူထားသည်။

အရှင်၏ အရှင်သည်၊ က-မှတ်ပြဝါကျဖြင့် "မောင်ဘသည် ငါ၏ ယောက်ဖ ဖြစ်သည်"ဟု ဆိုတော်မူ၏၊ အဘယ်ကဲ့သို့ ယောက်ဖတော်စပ်ပါသနည်း၊ အရှင်၏ အစ်မကို သူ့အားပေးထားသောကြောင့် ယောက်ဖတော်စပ်ခြင်း ဖြစ်ပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ-ဝါကျကို မိန့်။ အဓိပ္ပါယ်ကား—ငါ၏အစ်မကို သူ့အား ပေးထားသောကြောင့် ယောက်ဖတော်စပ်သည်မဟုတ်၊ စင်စစ်တမူကား သူ၏အစ်မကို ငါက ယူထားသောကြောင့်သာ ယောက်ဖတော်စပ်ခြင်းဖြစ်၏-ဟူလို။

**အမှာ။** ။"ယောက်ဖ"ဟူသော မြန်မာစကားသည် အစ်မ, နှစ်မ ပေးထားသူကိုလည်း ခေါ်၏၊ အစ်မ, နှစ်မ ယူထားသူကိုလည်း ခေါ်၏။

http://www.dhammadownload.com



ဤနေရာ၌ "ပထမပုဂ္ဂိုလ်ကိုသာ ယောက်ဖ"ဟု ခေါ်လို၏၊ ထို့ကြောင့် မလိုအပ်သော ဒုတိယပုဂ္ဂိုလ်ကို အာဘော်ထား၍ ကျမ်းတက်ထားသည်၊ ဤနည်းကိုမှီ၍ အခြားယောက်မ၊ ယောက္ခမ-စသော စကားများ၌လည်း ကျမ်းတက်တတ်ပါစေ။

ဤသို့ မြန်မာစကား၌လည်း ကျမ်းတက်၍ ရနိုင်ကြောင်းကို လက်ခံနားလည်၍ ပါဠိဝါကျတို့၌ ကျမ်းတက်သောအခါလည်း မြန်မာစကား အသွားအလာကို စဉ်းစားပြီးမှ ဖြစ်သင့်သလို ပုစ္ဆာ, အာဘော်တို့ကို ထည့်သွင်း၍ တက်ပါလျှင် ကျမ်းတက်အတွက် အခက်မတွေ့နိုင်ပါ၊ လွဲလည်း မလွဲနိုင်ပါ၊ ထို့ကြောင့် ပါဠိဝါကျတိုင်းကို မြန်မာဝါကျဖြင့် အစားထိုး၍ ကျမ်းတက်ကြည့်သော အလေ့အထကို မွေးယူကြပါလေ။

## (က) လီနတ္ထ ရစောဒနာ

တိုက်ရိုက်မပါ၊ အတွင်းမှာ ငုပ်နေသော စောဒနာကို ထုတ်ဖော်၍ တက်ခြင်းကို "လီနတ္ထ ရစောဒနာတက်"ဟု ခေါ်၏၊ ဋီကာဆရာများက "အဇ္ဈောလီနစောဒနာ" ဟု သုံးစွဲကြ၏၊ အမှန်အားဖြင့် မြန်မာလိုတက်ရာ၌ လီနတ္ထ ရစောဒနာဟူ၍ သီးသန့် မရှိနိုင်။ မြန်မာလို ကျမ်းတက်ခြင်းမှန်သမျှသည် အတွင်းမှာ ငုပ်နေသောစောဒနာကို ဖော်ထုတ်၍ တက်ရသည်ချည်းသာ ဖြစ်သောကြောင့် လီနတ္ထ ရစောဒနာတက်ချည်းသာ ဖြစ်ကြ၏။ သို့ရာတွင် အများက လက်ခံသုံးစွဲ၍ ပုစ္ဆာလည်းထုတ်နေသောကြောင့် ဤကျမ်း၌လည်း မိုးခါးရေသောက် သဘောမျိုးဖြင့် လီနတ္ထ ရစောဒနာတက် ကိုလည်း ကျမ်းတက်နည်းတစ်မျိုးအနေဖြင့် ပြပါမည်။ ၄င်းလီနတ္ထ ရစောဒနာတက်ကိုလည်း—

(က) အဘိဓာနတ္ထ+အဘိဓေယျတ္ထဝါကျ။

(ခ) အတ္ထုဒ္ဓါရ+အတ္ထဒ္ဒေသဝါကျ။

(ဂ) စကားကြွင်းပြ ဥပန္ယာသဝါကျ။

(ဃ) သံဝဏ္ဏနာဝါကျ။

ဟူသော ၄-ဝါကျတို့၌ ထင်ရှားစွာ ရကောင်း၏၊ တစ်ခုချင်း တက်ပြပါမည်။

### (က) အဘိဓာနတ္ထ+အဘိဓေယျတ္ထဝါကျ

(က) အာဟနတိ စိတ္တန္တိ အာဃာတော။

(ခ) ကောပသေယတံ အဓိဝစနံ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "စိတ်ကို ပွဦးဆဲတတ် သောကြောင့် အာဃာတမည်၏"ဟု ဆိုတော်မူ၏၊ ထို"အာဃာတ"

http://www.dhammadownload.com



**ဟူသောအမည်သည် အဘယ်၏အမည် ဖြစ်ပါသနည်း၊** ထိုအာဃာတ၏အရကို မပြချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ **စောဒနာဖွယ်ရှိသောကြောင့် ခ- ဝါကျကို မိန့်။ အဓိပ္ပါယ်ကား- ခ-ဝါကျဖြင့် ထိုအာဃာတ၏ အရကိုလည်း ငါ ပြထားသည်သာ ဖြစ်သောကြောင့် သင်တင် အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်-ဟူလို။**

**မှတ်ချက်။** ။လျဉ်းပါးသာဘောဂပုစ္ဆာနှင့် လီနတ္ထ ရစောဒနာတို့၏ အထူးကား လျဉ်းပါးသာဘောဂပုစ္ဆာကို သင့်သလိုထားနိုင်သည်၊ လီနတ္ထ ရစောဒနာ၌ကား နောက်ဝါကျရှိ အဖြေစကား အသွားအလာနှင့် လိုက်လျောအောင် ပုစ္ဆာကို ထားရသည်၊ ပုစ္ဆာထားပုံချင်း ယှဉ်ကြည့်ပါ။ အာဘော်ကား လျဉ်းပါးသာဘောဂ ပုစ္ဆာ၌ ပါသလို လီနတ္ထ ရစောဒနာ၌လည်း ပါမှအဓိပ္ပါယ်ပြည့်စုံမည်ဖြစ်လျှင် ပါနိုင်သည်သာ ဖြစ်၏၊ ထို့ကြောင့် အာဘော်ပါခြင်း, မပါခြင်းဖြင့် ၎င်းတို့၏အထူးကို အသားလုပ်၍ မယူသင့်။ ထို့ပြင် လျဉ်းပါးသာဘောဂပုစ္ဆာ၌ ဒေါသတင် မပါသကဲ့သို့ လီနတ္ထ ရစောဒနာ၌လည်း ဒေါသတင်မပါသော်လည်း အပြစ်မရှိပါ၊ သို့ရာတွင် ဤ၌ ပြထားသည့် နမူနာပုံစံအတိုင်းသာ တက်ပါ၊ ပုစ္ဆာထားပုံကို ဂရုပြု၍ လေ့လာပါ။

**(ခ) အတ္ထုဒ္ဓါရ+အတ္ထုဒ္ဒေသ ဝါကျ**

(က) သမယသဒ္ဒေါ-

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။
ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

(ခ) ဣဓ ပန သော ကာလေယေဝ ဒိဿတိ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "သမယသဒ္ဒါသည် သမဝါယ ။ပ။ ပဋိဝေဓအနက်တို့၌ ထင်၏"ဟု ဆိုတော်မူ၏၊ ဤ၌ **ထိုသမယသဒ္ဒါသည် အဘယ်အနက်၌ ထင်ပါသနည်း၊** သမယသဒ္ဒါ ဟောအပ်သော အနက်ကို မပြချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား - ခ-ဝါကျဖြင့် သမယသဒ္ဒါ ဟောအပ်သော အနက်ကိုလည်း ငါပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်-ဟူလို။

**(ဂ) စကားကြွင်းပြ ဥပဏ္ဏာသ ဝါကျ**

(က) ယာ ယာ ရတ္တိ ယထာရတ္တိ။

(ခ) ရတ္တိ စ နာမ ဣဓ္ဆာ။

http://www.dhammadownload.com



အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က–မှတ်ပြဝါကျဖြင့် ယထာရုစိကို "ယာ ယာ ရုစိ ယထာရုစိ"ဟု ဝိဂ္ဂဟပြုရမည့်အဖြစ်ကို ပြဆိုတော်မူ၏၊ ထိုစဉ် **ရုစိမည်သည် အဘယ်ပါနည်း၊** ရုစိသဒ္ဒါ၏ အနက်ကို မပြချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား– ခ–ဝါကျဖြင့် ရုစိသဒ္ဒါ၏ အနက်ကို ငါပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက် ဟူလို။

**(ဃ) သံဝဏ္ဏနာ ဝါကျ**

အဿာတိ တဿ။

အရှင်အဋ္ဌကထာဆရာ၊ ပါဠိတော်၌ "အဿ"ဟု ဟောတော်မူ၏၊ ထိုစဉ် **အ, သဒ္ဒါသည် အဘယ်၏ ကာရိယ ဖြစ်ပါသနည်း၊** အ, သဒ္ဒါ၏ ကာရီကို မပြချေသော် ပါဠိတော်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား– အ, သဒ္ဒါ၏ ကာရီကို ငါပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်–ဟူလို။

## ဋီကာလာ လီနတ္ထ ရစောဒနာတက် ပုံစံများ

၁။ တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။ သော ဟိ ဧကံ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပရိပတန္တံ အတ္တဘာဝံ ဟရတိ ပဝတ္တေတိ၊ တသ္မာ ဝိဟရတီတိ ဝုစ္စတိ။ (ပါရာ၊ ၈၁)

ကဿ ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ကဿ ပဝတ္တနန္တိ အန္တောလီနစောဒနံ သန္ဓာယာဟ "သော ဟိ"တိ အာဒိ။ (သာရတ္ထဋီကာ၊ ပ၊ ၂၀၄)

ကြွ, ရပ်, ထိုင်, လျောင်းတော်မူသော မြတ်စွာဘုရားကို "ဂစ္ဆတိပိ တိဋ္ဌတိပိ နိသီဒတိပိ သယတိပိ"ဟု ကြိယာအသီးသီးဖြင့် မဆိုဘဲ အဘယ်ကို အဘယ်ဖြင့် ဖြတ်တောက်၍၊ အဘယ်သို့၊ အဘယ်ကို ဆောင်သောကြောင့် "ဝိဟရတိ"ဟု ဆိုအပ်ပါသနည်း–ဟု မေးဖွယ်ရှိရကား သော ဟိ–စသည်ကို မိန့်။ ဘာသာဋီကာ။

၂။ ဂရဟိတာတိ ဗုဒ္ဓေဟိ ပစ္စေကဗုဒ္ဓေဟိ သာဝကေဟိ အညေဟိ စ ပဏ္ဍိတေဟိ ဗဟုဿုတေဟိ ဂရဟိတာ။ ကိံ ကာရဏာ၊ သာပေက္ခကာလကိရိယာ ဟိ အတ္တနော ယေဝ ဂေဟေ ယက္ခကုက္ကုရအဇဂေါဏမဟိံသမူသိကကုက္ကုဋဘာဝါ မင်္ဂလာဒိဘာဝေန နိဗ္ဗတ္တနကာရဏံ ဟောတိ။ (သုတ်မဟာဝါ၊ ၄၊ ၂၂၆)

http://www.dhammadownload.com



ဂရဟိတာတိ ထွေ ကေဟိ ဂရဟိတာ၊ ကဿ္မာ စ ဂရဟိတာတိ အန္တောလိန စောဒနံ ဝိသဇ္ဇေန္တော "ဗုဒ္ဓေဟိ"တိ အာဒိမာဟ။ (ဋီကာ၊ ၂၀၂)

၃။ သတ္ထန္တရကပ္ပေါတိ သတ္ထေန အန္တရကပ္ပေါ။ သံဝဋ္ဋကပ္ပံ အပတွာ အန္တရာဝ လောကဝိနာသော။ အန္တရကပ္ပေါ စ နာမေသ ။ ပ ။ အညမညံ ဗလဝါ ဃာတတာယ။ (သုတ်ပါထေယျ၊ ဋ္ဌ၊ ၃၈)

သွာယံ အန္တရကပ္ပေါ ကတိဝိဓော၊ ကထဉ္စဿ သမ္ဘဝေါ၊ ကိံဂတိကောတိ အန္တောဂဓံ စောဒနံ သန္ဓာယာဟ "အန္တရကပ္ပေါ စ နာမာ"တိအာဒိ။ (ဋီကာ၊ ၃၁)

၄။ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေတိ ထွေ အယံ အနုပုဗ္ဗိကထာ။ (ပါထေယျ၊ ၄၃)

ကောယံ ပုဗ္ဗာရာမော၊ ကထဉ္စ ပုဗ္ဗာရာမော၊ ကာ စ မိဂါရမာတာ၊ ကထဉ္စဿာ ပါသာဒေါ အဟောသီတိ တေသံ အန္တောလိနေ အနုယောဂေ အယံ ဉာဒါနိ ဝုစ္စမာနာ၊ အနုပုဗ္ဗိကထာ အာဒိတော ပဋ္ဌာယ သခေ်ပေနေဝ အနုပုဗ္ဗိကထာ။ (ဋီကာ၊ ၃၆)

၅။ ဟိံသတီတိ သရဏံ။ သရဏဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော။ (သိ၊ ဋ္ဌ၊ ၂၀၅)

ဟိံသတ္ထဿ သရသဒ္ဒဿ ဝသေနေတံ သိဒ္ဓန္တိ ဒဿေန္တော ဓာတွတ္ထဝသေန "ဟိံသတီတိ သရဏံ"န္တိ ဝတွာ တံ ပန ဟိံသနံ ကေသံ, ကထံ, ကဿ ဝါတိ စောဒနံ သောဓေတိ "သရဏဂတာန"န္တိ အာဒိနာ၊ ကေသန္တိ ဟိ သရဏဂတာနံ။ ကထန္တိ တေနေဝ သရဏဂမနေန။ ကဿာတိ ဘယာဒိနန္တိ ယထာက္ကမံ သောဓနာ။ (ဋီကာသစ်၊ ၁၊ ၁၇၆)

**အမှာ။** ။အထက်ပါ ဋီကာကျမ်းတက်များကို ကောက်ချက်ချခြင်းအားဖြင့် လိနတ္ထရစောဒနာ၏ လိုရင်းအချက်ကား "နောက်ဝါကျရှိ စကား အသွားအလာနှင့် လိုက်လျောအောင် ပုစ္ဆာထားခြင်းပင်"ဟူသော အချက်ကိုသံသယကင်းစွာ လက်ခံပါလေ။

## ၉။ အယုတ္တစောဒနာ

မသင့်လျော်ဟု နှလုံးထား၍ ကထံ၊ ကသ္မာ၊ ကိမတ္ထံ-တို့ဖြင့် မေးလျက် တက်ခြင်းကို "အယုတ္တစောဒနာတက်"ဟု ခေါ်၏၊ ထို့ကြောင့် ဤတက်နည်းကို ရှေ့ဝါကျဝယ် စောဒကမနှစ်သက်ဖွယ်ရှိ၍ တက်လာသော ဝါကျတိုင်းမှာ ရကောင်း၏။

http://www.dhammadownload.com



(က) ဒဗ္ဗိဟောမာဒီနိပိ အဂ္ဂိဟောမာနေဝ။

(ခ) ဝေဠုပါယ ဒဗ္ဗိယာ ဤဒိသေဟိ ကဏာဒီဟိ ဟုတေ ဣဒံ နာမ ဟောတီတိ ဧဝံ ပဝတ္တိဝသေန ပန ဝိသုံ ဝုတ္တာနိ။ (သီ၊ ဋ္ဌ၊ ၈၈)

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "ဒဗ္ဗိဟောမစသည်တို့သည်လည်း အဂ္ဂိဟောမမျိုးပင်တည်း"ဟု ဆိုတော်မူ၏၊ "ထိုသို့ဖြစ်ပါလျက်" အဘယ့်ကြောင့် အသီးအခြား ဟောထားအပ်ပါကုန်သနည်း၊ အသီးအခြား ဟောရခြင်း၏ အကြောင်းကို မပြချေသော် ပါဠိတော်၌ ပုနရုတ္တိဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ-ဝါကျကို မိန့်။

အဓိပ္ပါယ်ကား- "ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမမျိုးပင်တည်း၊ သို့သော်လည်း ဤသို့သဘောရှိသော ယောက်မဖြင့်၊ ဤသို့သဘောရှိသော ဆန်ကွဲ စသည်တို့ဖြင့် ပူဇော်အပ်သည်ရှိသော် ဤမည်သော အကျိုးသည် ဖြစ်၏၊ ဤသို့ ဖြစ်ခြင်း၏ အစွမ်းအားဖြင့် အသီးအခြား ဟောထားအပ်ကုန်၏"ဟု အသီးအခြား ဟောရခြင်း၏ အကြောင်းကို ငါပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော ပုနရုတ္တိဒေါသသည် ပါဠိတော်၌ မရောက်-ဟူလို။

**မှတ်ချက်။** ။ပုစ္ဆာ၏ ရှေ့နားက နေသော (ထိုသို့ဖြစ်ပါလျက်) ဟူသော စကားရပ်သည် အယုတ္တစောဒနာတက်၏ ဝိသေသလက္ခဏာဖြစ်၏၊ အယုတ္တစောဒနာတက်ရာ၌ ၎င်းစကားရပ် ကေန်မုချ ပါစေရမည်။

## ၁၀။ ဗျတိရေကစောဒနာ

အဖြေ၏ ဆန့်ကျင်ဘက်အားဖြင့် ယဒိ၊ သစေ-စသောပုဒ်တို့ဖြင့် မေး၍ တက်ခြင်းကို "ဗျတိရေကစောဒနာတက်"ဟု ခေါ်၏၊ အထက်ပါ ပုံစံကိုပင် တက်ပြမည်။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် "ဒဗ္ဗိဟောမ စသည်တို့သည်လည်း အဂ္ဂိဟောမမျိုးပင်တည်း"ဟု ဆိုတော်မူ၏။ "ထိုသို့ ဖြစ်ပါလျှင်" အဘယ့်ကြောင့် အသီးအခြား ဟောအပ်ပါကုန်သနည်း၊ အသီးအခြား ။ပ။ ခ-ဝါကျကို မိန့်။ အဓိပ္ပါယ်ကား-ဒဗ္ဗိဟောမ စသည်တို့သည်လည်း ။ပ။ ဟူလို။

**မှတ်ချက်။** ။ပုစ္ဆာ၏ ရှေ့နားက နေသော (ထိုသို့ဖြစ်ပါလျှင်) ဟူသော စကားရပ်သည် ဗျတိရေကစောဒနာ၏ ဝိသေသလက္ခဏာဖြစ်၏၊ ဗျတိရေကစောဒနာတက်ရာ၌ ၎င်းစကားရပ် ကေန်မုချ ပါစေရမည်။

F 7 B

http://www.dhammadownload.com



## ၁၁။ အနုယောဂဒေသနာ

အလျော်အားဖြင့် ကေန၊ ကသ္မာ-ပုဒ်တို့ဖြင့် မေးလျက် တက်ခြင်းကို "အနုယောဂဒေသနာတက်"ဟု ခေါ်၏၊ ထို့ကြောင့် ဤအတက်ကို အကြောင်းပြဝါကျ တိုင်းမှာ ရကောင်းသည်ဟုမှတ်။

(က) ဝိနယပိဋကေ စ ဝီတိက္ကမပဟာနံ ကိလေသာနံ ဝုတ္တံ။

(ခ) ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။ (ပါဠ္ဌ၊ ပ၊ ၁၈)

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က-မှတ်ပြဝါကျဖြင့် "ဝိနည်းပိဋကဌ် ကိလေသာတို့၏ ဝီတိက္ကမပဟာန်ကို ဟောအပ်ပြီ"ဟု ဆိုတော်မူ၏၊ အဘယ့် ကြောင့် ထိုကဲ့သို့ ဟောအပ်ကြောင်းကို သိရပါသနည်း၊ အကြောင်းကို မပြချေသော် ဆရာ့အပေါ်၌ အဇ္ဈာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ အပြစ်တင်ဖွယ် ရှိသောကြောင့် ခ-ဝါကျကို မိန့်။

အဓိပ္ပါယ်ကား- "သီလသည် လွန်ကျူးမှု၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဝိနည်းပိဋကဌ် ကိလေသာတို့၏ ဝီတိက္ကမပဟာန်ကို ဟောအပ်ကြောင်းကို သိရ သည်"ဟု အကြောင်းကို ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဇ္ဈာပိတဒေါသသည် ငါ့အပေါ်၌မရောက်-ဟူလို။

ဆောင်။ ။ကထံ ကသ္မာ ကိမတ္ထံတိ၊ လဗ္ဘာ အယုတ္တဓောဒနာ။
နနုတိ လက္ခိတာ ဘောဂါ၊ ဗျတိရေကော ယဒျာဒီနာ။
ကေန ကသ္မာတိ လဗ္ဘာဝ၊ အနုယောဂဒေသနာ ဘဝေ။

မှတ်ချက်။ ။အဓိပ္ပါယ်ထင်ရှားပြီ။ ဤဌ်ပါသော နနုတိ လက္ခိတာ ဘောဂါ-အရ အာဘောဂဓောဒနာဟူသည် အမှတ်-၄ ၌ ပြခဲ့သောအဒေါသာရောပန ဓောဒနာပင်တည်း။ "နနုတိ လက္ခိတာ ဘောဂါ"ဟူသော ဤစကားကို ထောက်၍ပင် အဒေါသာရောပနဓောဒနာတုန်းက "ထိုဗုဒ္ဓ၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့် သည် မဟုတ်လော"ဟူ၍ အာဘော်ထားခဲ့သည်မှာ သဘာဝကျကြောင်းကို နိဿံသယလက်ခံပါ။ မှန်၏၊ ထိုစကားကို ပါဠိစီလိုလျှင် "နနု တဿ ဗုဒ္ဓဿ အဘိဓေယျတ္ထောပိ ဒဿေတဗ္ဗော"ဟု နနုဖြင့် စီကုံးရမည် ဖြစ်ပါသတည်း။

ဓဓဓဓဓ

ကျမ်းတက်နည်းများ ပြီး၏။

http://www.dhammadownload.com



## ကျမ်းထွက်နည်းများ
## စာစပ်ခြင်း

"စပ်ရာမှ ထွက်၊ ထွက်ရာမှ စပ်"ဟူသည်နှင့်အညီ စာစပ်နည်းသိမှ ကျမ်းထွက်နည်းကို နားလည်မည်ဖြစ်သောကြောင့် ကျမ်းထွက်နည်းကို မပြမီ စာစပ်နည်းကို ပထမ ပြပါမည်။ စာစပ်ခြင်းသည် ကျမ်းထွက်အတွက်သာ အရေးပါသည် မဟုတ်၊ စာတတ်ရေးအတွက်လည်း အထူးပင် အရေးပါ၏။ ရှေးရှေးဆရာတော်ကြီးများသည် စာကြီးပေကြီးများကို ချပို့တိုင်း စာစပ်ခိုင်းကြ၏၊ ထို့ကြောင့် စာစပ်ခြင်းကို ကျမ်းထွက်နည်း အတွက်လောက်သာ မရည်မှန်းဘဲ စာပေကို တကယ်တမ်း တတ်မြောက်ရေးအတွက်ပါ ရည်မှန်း၍ စိတ်ပါလက်ပါ ပျော်ရွှင်စွာ ကျက်ထားပါ၊ အခြေပြုသဒ္ဒါမှ ထုတ်ပြထားပါသည်။

### ပထမာဝိဘတ်ဆိုင်ရာ စာစပ်

သော မေ သတ္တာ-၌ သောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် သတ္တာ၌ တုလျတ်၊ သတ္တာကား လိင်္ဂတ်။

အဠ အက္ခရာ သရာ နာမ-၌ အက္ခရာကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် သရာ နာမ၌ သညီနာမီဖြစ်သော တုလျတ်၊ သရာ နာမကား သညာ နာမဖြစ်သော လိင်္ဂတ်။

ပုရိသော ဂစ္ဆတိ-၌ ပုရိသောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ-၌ "တိ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဂစ္ဆတိကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစက။

သာမဏေရော ဥပသမ္ပန္နော အဟောသိ-၌ သာမဏေရောကား "သည်" ဟူ၍အနက်ပေးသောကြောင့် အဟောသိ-၌ "ဤ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ပကတိဝုတ္တကတ္တား၊ ဥပသမ္ပန္နောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အဟောသိ-၌ ဝိကတိဝုတ္တကတ္တား၊ အဟောသိကား ထိုပကတိ ဝိကတိကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။

အဠ အက္ခရာ သရာ နာမ ဟောန္တိ-၌ အက္ခရာကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် ဟောန္တိ-၌ "အန္တိဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော သညီနာမီ ဝုတ္တကတ္တား၊ သရာ နာမကား "တို့မည်သည်" ဟူ၍အနက်ပေးသောကြောင့် ဟောန္တိ-၌ သညာ နာမဖြစ်သော ဝုတ္တကတ္တား၊ ဟောန္တိကား သညီနာမီ, သညာ နာမကတ္တားနှစ်မျိုးကိုဟောသော အာချာတ်ကြိယာဝါစက။

http://www.dhammadownload.com



မဂ္ဂေါ ဂစ္ဆိယတေ-၌ မဂ္ဂေါကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆိယတေ-၌ "တေ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကံ၊ ဂစ္ဆိယတေကား ထိုကံကိုဟောသော အာချာတ်ကြိယာဝါစက။

**အမှာ။** ။ပကတိ ဝိကတိ ဝုတ္တကံ၊ သညီနာမိ သညာနာမ ဝုတ္တကံ တွေ့လျှင်လည်း ဝုတ္တကတ္တားကို နည်းမှီ၍ စပ်တတ်လောက်ပြီ။

ဘော ပုရိသ ဂစ္ဆာဟိ-၌ ဘောပုရိသကား သဗိဝအာလုပ်ပုဒ်တည်း၊ တစ်နည်း၊ ဘော ပုရိသကား "အို ယောကျ်ား"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆာဟိ၌ ဗဟိဒ္ဓကြိယာဝိသေသန၊ ဂစ္ဆာဟိကား ဗဟိဒ္ဓကြိယာဝိသေသျ။

## ဒုတိယာဝိဘတ်ဆိုင်ရာ စာစပ်

မဂ္ဂံ ဂစ္ဆတိ-၌ မဂ္ဂံကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆတိ၌ "တိ-ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဂစ္ဆတိကား ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက။

**မှတ်ချက်။** ။မဂ္ဂံ ဂတော-စသည်ဖြင့် ကိတ်ကြိယာနှင့် တွဲဖက်ရာ၌လည်း "တ,ပစ္စည်း"ဟူသော ကိတ်ကြိယာဝါစကသည် မဟောအပ်သော-ဟု ဆိုရုံသာ၊ ကတ္တားအရာ၌လည်း ဤနည်းပင်တည်း။

သုဝဏ္ဏံ ကင္ဂကံ ကရောတိ-၌ သုဝဏ္ဏံကား "ကို"ဟူ၍အနက်ပေးသောကြောင့် ကရောတိ၌ "တိ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော ပကတိအဝုတ္တကံ၊ ကင္ဂကံကား "ကို"ဟူ၍အနက်ပေးသောကြောင့် ကရောတိ-၌ ဝိကတိ အဝုတ္တကံ၊ ကရောတိကား ထို ပကတိ ဝိကတိကံကို မဟောသော အာချာတ်ကြိယာဝါစက။

မာသံ ဘုဥ္ဇတိ-၌ မာသံကား "ပတ်လုံး"ဟူ၍ အနက်ပေးသောကြောင့် ဘုဥ္ဇတိ၌ ကာလအစ္စန္တသံယောဂ၊ ဘုဥ္ဇတိကား ကာလအစ္စန္တသံယောဂဝန္တ။

ယောဇနံ ဒီဃော-၌ ယောဇနံကား "တိုင်တိုင်"ဟူ၍ အနက်ပေးသောကြောင့် ဒီဃော-၌ အဒ္ဓါအစ္စန္တသံယောဂ၊ ဒီဃောကား အဒ္ဓါအစ္စန္တသံယောဂဝန္တ။

ပဗ္ဗဇိတံ အနု ပဗ္ဗဇိံသု-၌ ပဗ္ဗဇိတံကား အနု၌ ကမ္မပ္ပဝစနီယယုတ္တ၊ အနုကား ကမ္မပ္ပဝစနီယ။

သာမိကော ဒါသံ ဂါမံ ဂမယတိ-၌ သာမိကောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂမယတိ-၌ "ဏာယပစ္စည်းသည်" ဟောအပ်သော ကာရိတ်ဝုတ္တကတ္တား၊ ဂမယတိကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစက။

http://www.dhammadownload.com



ဒါသံကား "ကို"ဟူ၍ အနက်ပေးသောကြောင့် ဂမယတိ၌ "ဏာယပစ္စည်းသည်" မဟောအပ်သော ကာရိတ်အဝုတ္တကံ၊ ဂမယတိကား ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက။ ဂါမံကား "သို့"ဟူ၍ အနက်ပေးသောကြောင့် "ဂမုဓာတ် တိ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဂမယတိကား ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက။

**မှတ်ချက်။** ။ဤစာစပ်အရ "သာမိကော-ကို ကာရိတ်ကတ္တား"ဟူ၍ လည်းကောင်း၊ "ဒါသံကို ကာရိတ်ကံ"ဟူ၍လည်းကောင်း၊ "ဂါမံကို ဓာတ်ကံ"ဟူ၍ လည်းကောင်း ခေါ်ဝေါ်ရ၏။

ကေမန္တံ နိသီဒိ-၌ ကေမန္တံကား "စွာ"ဟူ၍ အနက်ပေးသောကြောင့် နိသီဒိ၌ ကြိယာဝိသေသန၊ နိသီဒိကား ကြိယာဝိသေသျ။

**မှတ်ချက်။** ။မုဒုံ-နူးနူးညံ့ညံ့။ သုခံ-ချမ်းချမ်းသာသာ။ ဒက္ခိဏာဝတ္တံ-လက်ယာရစ်လည်၍။ ဓာနံ-ဓာနန္တော-သိလျက်။ ယထာဗာလံ-မိုက်သည့်အလျောက်-စသည်တို့လည်း ကြိယာဝိသေသနတို့ပင်တည်း။ အနက်အတိုင်း ဆို၍ စပ်လေ။

## တတိယာဝိဘတ်ဆိုင်ရာ စာစပ်

ဒတ္တေန ဝီဟိံ လုနာတိ-၌ ဒတ္တေနကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် လုနာတိ၌ ကရိုဏ်း၊ လုနာတိကား ကရိုဏ်း၏ကြိယာ။

သဟာပိ ဂစ္ဆေန-၌ ဂစ္ဆေနကား "နှင့်"ဟူ၍ အနက်ပေးသောကြောင့် သဟာပိ၌ သဟယောဂ၊ သဟာပိကား သဟယောဂဝန္တ။

ဝိနာပိ ဂစ္ဆေန-၌ ဂစ္ဆေနကား "နှင့်"ဟူ၍ အနက်ပေးသောကြောင့် ဝိနာပိ၌ သဟာဒိယောဂ၊ ဝိနာပိကား သဟာဒိယောဂဝန္တ။

ကောကာလိကေန (နှင့်တကွ) ပါဝိသိ-၌ ကောကာလိကေနကား တကွ ဟူသောအနက်၌ သံဟတ္ထ၊ "တကွ"ဟူသောအနက်ကား သဟတ္ထယောဂဝန္တ။

ပုရိသေန ဂစ္ဆီယတေ-၌ ပုရိသေနကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂစ္ဆီယတေ-၌ "တေ ဝိဘတ်"ဟူသော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကတ္တား၊ ဂစ္ဆီယတေကား ထိုကတ္တားကို မဟောသော အာချာတ် ကြိယာဝါစက။

အန္နေန ဝသတိ-၌ အန္နေနကား "ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် ဝသတိ၌ အကြောင်းဖြစ်သော ဟိတ်၊ ဝသတိကား အကျိုးဖြစ်သော ဖိုလ်။

http://www.dhammadownload.com



အဂ္ဂိနာ ကာဏော–၌ အဂ္ဂိနာကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ကာဏော၌ အင်္ဂဝိကာရလက္ခဏာ၊ ကာဏောကား အင်္ဂဝိကာရလက္ခ။

တိဒဏ္ဍကေန ပရိဗ္ဗာဇကော–၌ တိဒဏ္ဍကေနကား "ဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ပရိဗ္ဗာဇကော၌ ဣတ္ထမ္ဘူတလက္ခဏာ၊ ပရိဗ္ဗာဇကောကား ဣတ္ထမ္ဘူတလက္ခ။

ဂေါတ္တေန ဂေါတမော–၌ ဂေါတ္တေနကား "အားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ဂေါတမော၌ ဘိန္နာဓိကရဏဝိသေသန၊ ဂေါတမောကား ဘိန္နာဓိကရဏဝိသေသျ။

ပရမတ္ထတော စတုဓာ–၌ ပရမတ္ထတောကား "အားဖြင့်"ဟူ၍အနက်ပေးသောကြောင့် စတုဓာ၌ အဘိန္နဝိသေသန၊ စတုဓာကား အဘိန္နဝိသေသျ။

သမေန ဓာဝတိ–၌ "သဖြင့်"ဟူ၍ အနက်ပေးသောကြောင့် ဓာဝတိ၌ ကြိယာဝိသေသန၊ ဓာဝတိကား ကြိယာဝိသေသျ။

ယေဘုယျေန မတ္တိကာ–၌ ယေဘုယျေနကား "အားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် မတ္တိကာ၌ နာမဝိသေသန၊ မတ္တိကာကား နာမဝိသေသျ။

ပဋိသန္ဓိဘဝင်္ဂစုတိဝသေန တိကိစ္စာနိ–၌ ပဋိသန္ဓိဘဝင်္ဂစုတိဝသေနကား "အားဖြင့်"ဟူ၍ အနက်ပေးသောကြောင့် တိကိစ္စာနိ၌ သရူပကျွာဝိသေသန၊ တိကိစ္စာနိကား သရူပကျွာဝိသေသျ။

## စတုတ္ထီဝိဘတ်ဆိုင်ရာ စာစပ်

ဘိက္ခုဿ ဒဒါတိ–၌ ဘိက္ခုဿကား "အား"ဟူ၍ အနက်ပေးသောကြောင့် ဒဒါတိ၌ သမ္ပဒါန်၊ ဒဒါတိကား သမ္ပဒါနီ။

ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ–၌ အတ္ထာယကား "ငှာ"ဟူ၍ အနက်ပေးသောကြောင့် ပရိစ္စဇာမိ၌ တဒတ္ထသမ္ပဒါန်၊ ပရိစ္စဇာမိကား တဒတ္ထသမ္ပဒါန်၏ ကြိယာ။

လောကာနုကမ္ပာယ ဗုဒ္ဓေါ လောကေ ဥဒပါဒိ–၌ လောကာနုကမ္ပာယကား "ငှာ"ဟူ၍ အနက်ပေးသောကြောင့် ဥဒပါဒိ၌ တုမတ္ထသမ္ပဒါန်၊ ဥဒပါဒ်ကား တုမတ္ထသမ္ပဒါန်၏ ကြိယာ။

အမှာ။ ။နိဒ္ဒိဘုံ အရဟတိ–ကိုလည်း ဤနည်းအတိုင်းပင် စပ်။

## ပဉ္စမီဝိဘတ်ဆိုင်ရာစာစပ်

ဂါမာ အပေန္တိ–၌ ဂါမာကား "မှ"ဟူ၍ အနက်ပေးသောကြောင့် အပေန္တိ၌ အပါဒါန်၊ အပေန္တိကား အပါဒါနီ။

http://www.dhammadownload.com



လ္လတော ပဏီတတရော နတ္ထိ–၌ လ္လတောကား "ထက်"ဟူ၍ အနက်ပေး သောကြောင့် ပဏီတတရော၌ ဝိဘတ္တအပါဒါန်၊ ပဏီတတရောကား ဝိဘတ္တ အပါဒါနီ။

မှတ်ချက်။ ။အယံ လ္လတော ဟီနတရော–၌ လ္လတောကို "အောက်"ဟု ပေး၍ နည်းတူ စပ်ပါ၊ ပါဝစန် ဆန္ဒဝုတီနံ ပါသဏ္ဍာနံ ပဝရံ–၌ ဆန္ဒဝုတီနံ ကိုလည်း "ထက်"ဟုပေး၍ နည်းတူ စပ်ပါ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ–၌ အဝိဇ္ဇာပစ္စယာကား "ကြောင့်"ဟူ၍ အနက်ပေးသောကြောင့် သမ္ဘဝန္တိ၌ အကြောင်းဖြစ်သော ဟိတ်၊ သမ္ဘဝန္တိကား အကျိုးဖြစ်သော ဖိုလ်။

## ဆဋ္ဌီဝိဘတ်ဆိုင်ရာ စာစပ်

ဘိက္ခုနော ပတ္တော–၌ ဘိက္ခုနောကား "၏"ဟူ၍ အနက်ပေးသောကြောင့် ပတ္တော၌ သမ္ဗန်၊ ပတ္တောကား သမ္ဗန္ဓီ။

ကဏ္ဍာ ဂါဝီနံ သမ္ဗန္ဓိရတမာ–၌ ဂါဝီနံကား "တို့တွင်"ဟူ၍ အနက်ပေး သောကြောင့် ကဏှာ၌ နိဒ္ဓါရဏသမုဒါယ၊ ကဏှာကား နိဒ္ဓါရဏီယ။

မှတ်ချက်။ ။သုဝိဘတ်သက်၍ "တို့တွင်"ဟု ပေးရာ၌လည်း စာစပ် အတူပင်။

ဒါရကဿ ရုဒန္တဿ ပိတာ ပဗ္ဗဇိ–၌ ဒါရကဿကား "သည်"ဟူ၍ အနက် ပေးသောကြောင့် ရုဒန္တဿ၌ အနာဒရိယဝန္တ ဝုတ္တကတ္တား၊ ရုဒန္တဿကား အနာဒရိယ ကြိယာ။ ရုဒန္တဿကား "စဉ်"ဟူ၍ အနက်ပေးသောကြောင့် ပဗ္ဗဇိ၌ အနာဒရိယ၊ ပဗ္ဗဇိကား အနာဒရ။ ပိတာကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ပဗ္ဗဇိ၌ အနာဒရဝန္တ ဝုတ္တကတ္တား၊ ပဗ္ဗဇိကား ထိုကတ္တားကိုဟောသော အနာဒရဖြစ်သော အာချာတ်ကြိယာဝါစက။

မှတ်ချက်။ ။ဤစာစပ်ကို ရှု၍ အောက်ပါအတိုင်း ခေါ်ဝေါ် သုံးနှုန်း ရ၏။

ဒါရကဿ–အနာဒရိယဝန္တ။ ရုဒန္တဿ–အနာဒရိယ။
ပိတာ–အနာဒရဝန္တ။ ပဗ္ဗဇိ–အနာဒရ။

ဤလေးချက်ကိုပင် "အနာဒရစတုက္က"ဟု ခေါ်ရသည်။

http://www.dhammadownload.com



## သတ္တမီဝိဘတ်ဆိုင်ရာ စာစပ်

ပါပသ္မိံ ရမတိ-၌ ပါပသ္မိံကား "၌"ဟူ၍ အနက်ပေးသောကြောင့် ရမတိ၌ အာဓာရ၊ ရမတိကား အာဓေယ်။

စမ္မေသု ဟညတေ-၌ စမ္မေသုကား "တို့ကြောင့်"ဟူ၍ အနက်ပေးသော ကြောင့် ဟညတေ၌ နိမိတ်၊ ဟညတေကား နိမိတ္တဝန္တ။

ရုက္ခေ သာခါ-၌ ရုက္ခေကား "၌"ဟူ၍ အနက်ပေးသောကြောင့် သာခါ၌ အပေါင်းအာဓာရ၊ သာခါကား အစိတ်အာဓေယ်။

ဂါဝီသု ဒုယှမာနာသု ပုရိသော ဂတော-၌ ဂါဝီသုကား "တို့ကို"ဟူ၍ အနက်ပေးသောကြောင့် ဒုယှမာနာသု၌ လက္ခဏဝန္တဖြစ်သော ဝုတ္တကံ၊ ဒုယှမာနာသုကား ထိုကံကို ဟောသော လက္ခဏဖြစ်သော ကိတ်ကြိယာဝါစက။ ဒုယှမာနာသုကား "သော်"ဟူ၍ အနက်ပေးသောကြောင့် ဂတော၌ လက္ခဏ၊ ဂတောကား လက္ချ။ ပုရိသောကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဂတော၌ လက္ချဝန္တဝုတ္တကတ္တား၊ ဂတောကား ထိုကတ္တားကို ဟောသော လက္ချဖြစ်သော ကိတ်ကြိယာဝါစက။

**မှတ်ချက်။** ။ဤစာစပ်ကို ထောက်၍ အောက်ပါအတိုင်း ခေါ်ဝေါ် သုံးနှုန်းရာ၏။

ဂါဝီသု-လက္ခဏဝန္တ ။ ဒုယှမာနာသု-လက္ခဏ။
ပုရိသော-လက္ချဝန္တ ။ ဂတော-လက္ချ။

ဤလေးချက်ကိုပင် "လက္ခဏစတုက္က"ဟုခေါ်ရသည်။

## အထွေထွေ စာစပ်

ပစိတွာ ဘုဥ္ဇတိ-၌ ပစိတွာကား "၍"ဟူ၍ အနက်ပေးသောကြောင့် ဘုဥ္ဇတိ၌ ကြိယာဝိသေသန၊ ဘုဥ္ဇတိကား ကြိယာဝိသေသျ။

**အမှာ။** ။"ပစိတွာ ဘုတ္တော"ဟူသော ကိတ်ပုဒ်၌လည်း နည်းတူစပ်ပါ။

မဟန္တော ပုရိသော-၌ မဟန္တောကား "သော"ဟူ၍ အနက်ပေးသောကြောင့် ပုရိသော၌ တုလျာဓိကရဏဝိသေသန၊ ပုရိသောကား တုလျာဓိကရဏဝိသေသျ။

**အမှာ။** ။"သော"ဟု အနက်ပေးရသော ဝိသေသနမှန်လျှင် ဤနည်း အတိုင်းပင်။

ပုဗ္ဗကရဏန္တိ ဝုစ္စတိ-၌ ပုဗ္ဗကရဏန္တိကား "ဟူ၍"ဟု အနက်ပေးသောကြောင့် ဝုစ္စတိ၌ အာကာရ၊ ဝုစ္စတိကား အာကာရဝန္တ ။

http://www.dhammadownload.com



ဣတိ စတုဓာ–၌ ဣတိကား "ဤသို့"ဟူ၍ အနက်ပေးသောကြောင့် စတုဓာ၌ နိဒဿန၊ စတုဓာကား နိဒဿနဝန္တ။

အမှာ။ ။"ဓဝံ ဝေဒိတဗ္ဗံ၊ ဣစ္စေဝံ ဝုတ္တနယေန"စသော ပုဒ်များလည်း နည်းတူ။

စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ–၌ စိတ္တံကား "လည်းကောင်း" ဟူ၍ အနက်ပေးသောကြောင့် ဣတိ၌ နိဒဿေတဗ္ဗ၊ ဣတိကား နိဒဿန။

ဒွေ မေ့ာ နာမံ ရူပံ–၌ နာမံကား "နာမ်လည်းကောင်း"ဟူ၍ အနက်ပေးသောကြောင့် ဒွေ၌ သရူပ၊ ဒွေကား သရူပဝန္တ။

မှတ်ချက်။ ။"သရူပကို သချေ်ယျ၊ သရူပဝန္တကို သချာ"ဟုဆို၍လည်း စပ်ကြ၏။

အမှာ။ ။ယောတိ ယထာ–ဖြစ်သကဲ့သို့၊ တထာ–ထို့အတူ–စသဖြင့် လာရာ၌ ယထာကား ဥပမာဇောတက နိပါတ်ပုဒ်တည်း။ တထာကား ဥပမေယျ ဇောတကနိပါတ်ပုဒ်တည်း–စသည်ဖြင့် တစ်စုံတစ်ခုသောပုဒ်၌ မစပ်ဘဲ နာမည်ကို ဖော်၍ ပြောပြရ၏၊ ဝါကျအရာ၌ ဟိကား ဒဠှီကရဏဇောတက နိပါတ်ပုဒ်တည်း– စသည်ဖြင့် စပ်ရ၏။

စစစစစ

စာစပ်နည်း ပြီး၏။

## ကျမ်းထွက်နည်း သဘာဝ

ပဓာနကြိယာကို ဆုပ်ကိုင်၍ ယင်းမှ ကတ္တား, ကံစသည်သို့ ရေ့ရှုခြင်း၊ ဝါ–မေးခြင်း ဖြေခြင်းကို "အထွက်"ဟု ခေါ်သည်။

## အထွက်အပြားနှင့် အစီအစဉ်

ကျမ်းထွက်နည်းသည် အောက်ပါအတိုင်း ၇–ပါး ပြား၏၊ ၎င်းတို့ကို အစီအစဉ်နှင့်တကွ သေချာစွာ မှတ်ထားပါ။

၁။ အနုသန္ဓေ= ပုဗ္ဗာနုသန္ဓေ၊ ပရာနုသန္ဓေ။

၂။ အနာဘောဂပုစ္ဆာ= အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အဓိပ္ပါယ်ပြန်။

၃။ ရိုးရိုးသာဘောဂပုစ္ဆာ= အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဓိပ္ပါယ်ပြန်။

၄။ လျှဉ်းပါးသာဘောဂပုစ္ဆာ= တူပြီ။

၅။ အဒေါသာရောပနစောဒနာ= တူပြီ။

http://www.dhammadownload.com



၆။ ဒေါသာရောပနစောဒနာ= အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ ဒေါသ၊ အဓိပ္ပါယ်ပြန်။

၇။ အဘိယာစက= အာလုပ်၊ ကတ္တား၊ ထပနာ၊ ပုစ္ဆာ၊ အာဘော်၊ အဘိယာစနာ။

**မှတ်ချက်-၁။** ။အဘိယာစကဌ် အချို့က ပုစ္ဆာ မပါစေလိုကြ၊ အချို့က အာဘော် မပါစေလိုကြ၊ အချို့က ပုစ္ဆာရောအာဘော်ပါ မပါစေလိုကြ၊ ပုစ္ဆာရော အာဘော်ပါ မပါခြင်းသည်သာ အကောင်းဆုံး ဖြစ်ဖွယ်ရှိ၏၊ သို့ရာတွင် အများစု နောက်သို့ လိုက်သောအားဖြင့် ဤဌ် ပုစ္ဆာရော အာဘော်ပါ ထည့်ထားပါသည်။

**မှတ်ချက်-၂။** ။အထက်ပါ ၇-ပါးတို့တွင် တစ်ပါးပါးဌ် "သဒ္ဒါထွက်, ပညတ်ထွက်, ပရမတ်ထွက်"ဟူ၍ ၃-မျိုးစီ ပြားပြန်သောကြောင့် ကျမ်းထွက် နည်းပေါင်း (၇×၃=၂၁)ချက်ဖြစ်၏၊ ထို ၂၁-ပါးတို့ကို အစဉ်အတိုင်း ပြသွားပါမည်၊ စာစပ်ကို သတိပြုပါ။

### သဒ္ဒါနည်းကျမ်းထွက် ၇-ချက်
### သဘာဝ

ဂဟေတဗ္ဗအရ သဒ္ဒါကို ယူ၍ ကတ္တားသံ, ကံသံ, ကြိယာသံ-စသော သဒ္ဒါ နည်းလမ်းကျသော အသံတို့ဖြင့် ထွက်ခြင်းကို "သဒ္ဒါထွက်"ဟု ခေါ်၏။

**ထွက်နည်း။** ။စပ်ရာပဒ၊ ပထမ ဖွေရှာ။
ပိဋကတ္တကောက်၊ ထို့နောက်သေချာ။
စပ်ရာပုဒ်အား၊ ကိုင်ထား ထပနာ။
စပ်လာအား၊ မေးပြား အာဘော်ပါ။

**ပုံစံ။** ။အဟံ ဗုဒ္ဓံ ဝန္ဒာမိ။ (အဟံ-သို့ စပ်ရာပုဒ်မှ ကျမ်းထွက်ပြပါ။)

**၁။ အနုသန္ဓေ**

ဤဝါကျဌ် လိုရင်းပဓာနပါဌ်ကား ဝန္ဒာမိ-ဟူသည်တည်း။ အဓိပ္ပါယ်ကား- ရှိခိုးပါ၏-ဟူလိုသော်။ (လိုရင်းကောက်၊ အဓိပ္ပါယ်ပြန်)။

ဤသို့လျှင် "ဝန္ဒာမိ"ဟူသောပါဌ်ဖြင့် ကတ္တုဝါစကကြိယာကို ပြဆိုတော်မူပြီး၍(ပုဗ္ဗာနုသန္ဓေ)၊ ယခုအခါဌ်, ထို၏ကတ္တားကို, ပြဆိုခြင်းငှာ, အလိုရှိတော်မူသော, အဋ္ဌကထာဆရာသည် (ပရာနုသန္ဓေ) "အဟံ"ဟူသောပါဌ်ကို မိန့်တော်မူ၏။

http://www.dhammadownload.com



**ဆောင်။** ။နုသန္ဓေကိုဆို၊ လိုရင်းကိုကောက်၊ မိပွါယ်လှောက်၊ ထို့နောက် စာထွက်ပြ။

**မှတ်ချက်။** ။ဤသို့ ပုဗ္ဗာနုသန္ဓေ၌ "နိဒ္ဒေသန, ကရဏ, ကမ္မ, ကြိယာ ဝိသေသန" လေးချက်စုံလင်အောင် ထွက်၍ ပရာနုသန္ဓေ၌ "အာဓာရ, ကမ္မ, သမ္ပဒါန်, တုလျာဓိကရဏ ဝိသေသန, ကတ္တား, ကြိယာ" ၆-ချက်စုံလင်အောင် ထွက်ရ၏၊ သို့မှသာ ရှေးဆရာများ နှစ်သက်ကြ၏၊ အတက်တုန်းကလည်း ဤနည်းပင်တည်း၊ ထို့ပြင် 'ပညတ်ထွက်၌သာ လိုရင်းကောက်ခြင်း၊ အဓိပ္ပါယ်ပြန်ခြင်း လုပ်သင့်သည်၊ သဒ္ဒါထွက်နှင့် ပရမတ်ထွက်၌ကား လုပ်ဖွယ်မလို'ဟု ထင်မြင်ပါသည်။

သို့ရာတွင် အများနှင့်မဆန့်ကျင်လို၍ ဤကျမ်း၌လည်း ထွက်နည်းအားလုံး၌ပင် လိုရင်းကောက်ခြင်း၊ အဓိပ္ပါယ်ပြန်ခြင်း လုပ်ထားပါသည်၊ ထို့ပြင် "ဝုတ္တဖြစ်သော ကတ္တား, ကံတို့၌သာ ကတ္တုဝါစိကာ, ကမ္မဝါစိကာ"ဟု သုံးစွဲ၍ အဝုတ္တဖြစ်သော ကတ္တား, ကံတို့၌ကား "ကတ္တုဝါစိကာ, ကမ္မဝါစိကာအစား ကတ္တာပေက္ခ, ကမ္မာပေက္ခ"ဟုသာ သုံးစွဲသင့်ပါသည်။

## ၂။ အနာဘောဂပုစ္ဆာ

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္နာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တားကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသောပါဌ်ကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား ဝန္ဒာမိဟူသော ကတ္တုဝါစိကာ ကြိယာ၏ကတ္တားကား အဟံ ဖြစ်၏-ဟူလိုသော်။

**မှတ်ချက်။** ။"စပ်ရာပဒ၊ ပထမဖွေရှာ"စသော ဆောင်ပုဒ်အတိုင်း ပထမဦးစွာ စပ်ရမည့်ပုဒ်ကို ရှာ၍ ထို့နောက် စပ်ရာပုဒ်နှင့် မိမိဟူသော စပ်လာပုဒ်တို့၏ ဆိုလိုရင်း ကောက်ပြီးလျှင် စပ်ရာပုဒ်ကို ထပနာကိုင်လျက် စပ်လာပုဒ်ကို ပုစ္ဆာလုပ်ထားသည်ကို သတိပြုပါ။

## ၃။ ရိုးရိုးသာဘောဂပုစ္ဆာ

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တာ ကာ

http://www.dhammadownload.com



အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ကတ္တားကို မပြတော့ပြီလော (အာဘော်)၊ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေဆိုလိုသော အဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား— "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကို မပြသည် မဟုတ်၊ ပြထား၏၊ ထို၏ ကတ္တားကား "အဟံ"ဖြစ်၏ ဟူလိုသော်။

**မှတ်ချက်။** ။အပြစ်တင်သံ မပါဘဲ ကိ'သဒ္ဒါအသွားဖြင့် အာဘော်ထားသည်ကိုလည်းကောင်း၊ အဓိပ္ပါယ်ပြန်ရာ၌ သူ့အာဘော်ကို ကော်ပစ်ပြီးမှ အဓိပ္ပါယ်ပြန်ထားသည်ကိုလည်းကောင်း သတိပြုပါ၊ ထို့ပြင် အနုသန္ဓေတုန်းက ပုစ္ဆာနုသန္ဓေသည် ပုစ္ဆာထွက်၌ ထပနာဖြစ်၍ ပရာနုသန္ဓေသည် ပုစ္ဆာနှင့်အာဘော် လျော်သလို ဖြစ်သွားသည်ကိုလည်း သတိပြုပါ၊ လာမည့် စောဒနာထွက်နှင့် အဘိယာစကထွက်တို့၌လည်း နည်းတူပင်တည်း။ ဤအချက်ကို သဘောပေါက်လျှင် အနုသန္ဓေထွက် တစ်ခုကို နားလည်ရုံမျှဖြင့် ပုစ္ဆာထွက်, စောဒနာထွက်, အဘိယာစကထွက် တို့ကိုလည်း အလိုလို နားလည်ပြီးဖြစ်တော့၏၊ ထို့ကြောင့် ဤအပြောင်းအလဲကို ဂရုပြု၍ လေ့လာသင့်၏။

**၄။ လျှဉ်းပါး သာဘောဂပုစ္ဆာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တားကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ကတ္တားကား ပုရိသောဖြစ်ပါသလော (အာဘော်)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုလိုသော အဌကထာဆရာသည် "အဟံ"ဟူသောပါဌ်ကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား– "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာကြိယာ၏ ကတ္တားကား ပုရိသော မဟုတ်၊ "အဟံ" ဖြစ်၏–ဟူလို။

**မှတ်ချက်။** ။ရိုးရိုးသာဘောဂပုစ္ဆာနှင့် အာဘော်မတူသည်ကို သတိပြုပါ၊ ဤလျှဉ်းပါးသာဘောဂပုစ္ဆာ၌ အဖြေရှောင်ကွင်း လျော်ရာနင်း၍ အာဘော်သွင်းထားသည်ကို မှတ်သားပါ။

ထို့ပြင် အချို့က သာဘောဂပုစ္ဆာထွက်နှစ်မျိုးလုံးကို "ထပနာတိကပုစ္ဆာထွက်" ဟုလည်း ခေါ်ကြသေး၏၊ ထိုတွင်လည်း "ထပနာ, ပုစ္ဆာ, အာဘော်"ဟု အစီအစဉ်ထားလျှင် အယုတ္တာဘောဂပုစ္ဆာထွက်ဟုလည်းကောင်း၊ "ထပနာ, အာဘော်,

http://www.dhammadownload.com



ပုစ္ဆာ"ဟု အစီအစဉ်ထားလျှင် "သာဘောဂါယုတ္တပုစ္ဆာထွက်"ဟုလည်းကောင်း ခေါ်ကြသေး၏။ အတက်တုန်းကလည်း နည်းတူပင်။ အဋ္ဌကထာ, ဋီကာနောက်ကို လိုက်၍စဉ်းစားလျှင် ဤဝါဒသည် အပိုပင်။ သို့ရာတွင် အစိုးရပုစ္ဆာများ၌ မေးလေ့ရှိသဖြင့် အစီအစဉ်နှင့်အမည်ကို သတိပြု၍ မှတ်သားထားဖို့ လို၏၊ သို့မှသာ သူများနည်းတူ စာမေးပွဲ အောင်မြင်နိုင်ပေလိမ့်မည်။

## ၅။ အဒေါသာရောပနစောဒနာ

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တားကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ကတ္တားကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော (အာဘော်)၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် ထိုအပြစ်ကို ဖယ်ရှားလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပါယ်ကား- "ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာကြိယာ၏ ကတ္တားကို ပြဆိုသင့်သည်အားလျော်စွာ ပြထားပါ၏၊ ထို၏ ကတ္တားကား "အဟံ"ဖြစ်၏ ဟူလို။

**မှတ်ချက်။** ။သာဘောဂပုစ္ဆာနှင့်မတူဘဲ အပြစ်တင်သံနှောလျက် နနသဒ္ဒါ အသွားဖြင့် အာဘော်သွင်းထားသည်ကို သတိပြုပါ။ သာဘောဂပုစ္ဆာထွက်နှင့် အဒေါသာရောပနစောဒနာထွက်တို့သည် အစီအစဉ် တူကြသော်လည်း အာဘော် ထားပုံခြင်း မတူသည်ကို ရှု၍ ၎င်းတို့၏ အထူးကို သိသင့်၏။ အာဘော်ချင်း တိုက်ဆိုင် နှိုင်းယှဉ် ကြည့်ပါ။

အချို့က "ပုစ္ဆာက ရှေ့က နေ၍ အာဘော်က နောက်က နေလျှင် ရိုးရိုး သာဘောဂပုစ္ဆာထွက်၊ အာဘော်က ရှေ့က နေ၍ ပုစ္ဆာက နောက်ကနေလျှင် အဒေါသာရောပနစောဒနာထွက်"ဟု အထူးကို ဆိုကြ၏။ ပုစ္ဆာနှင့်အာဘော်ဟူသည် ရှေ့နေ, နောက်နေ မမြဲကြ၊ သင့်သလိုသာ ရှေ့နောက် နေကြရ၏။ ထို့ကြောင့် ထိုကဲ့သို့ ခွဲခြားချက်ကို သာရအားဖြင့် မမှတ်ထိုက်ပါ။

## ၆။ ဒေါသာရောပနစောဒနာ

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တားကား

http://www.dhammadownload.com



အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ ကတ္တားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော (အာဘော်)၊ ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အပေါ်၌ အဇ္ဈာပိတဒေါသ သင့်ရောက်လေရာ၏ (ဒေါသတင်)၊ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနေ့ာလိုရကား "အဟံ"ဟူသော ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား-"ဝန္ဒာမိ"ဟူသော ကတ္တုဝါစိကာ ကြိယာ၏ ကတ္တားကို ပြဆိုသင့်သည်အားလျော်စွာ "အဟံ"ဟူသောပါဌ်ဖြင့် ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဇ္ဈာပိတဒေါသသည် ငါ့အပေါ်၌မရောက် ဟူလို။

**မှတ်ချက်။** ။အထွက်အရာ၌ ဒေါသတင်လိုလျှင် အဇ္ဈာပိတဒေါသချည်းသာ တင်သင့်၏၊ အကြောင်းမှာ ကြိယာစသည်ကိုသာဆို၍ ကတ္တားစသည်ကို မဆိုလျှင် စကားမပြည့်မစုံ မပျံ့နှံ့သောကြောင့်ဖြစ်၏၊ အများစုကား ဝိရောဓိ ဒေါသချည်း တစ်သမတ်တည်း တင်ကြ၏၊ သင့်မည်မထင်။ အကြောင်းကား- ကြိယာစသည်ကိုသာ ဆို၍ ကတ္တားစသည်ကို မဆိုရုံမျှဖြင့် ဘယ်အရာနှင့် ဘယ်အရာလာ၍ ဆန့်ကျင်နေပါသနည်း။ သို့ရာတွင် စာမေးပွဲနှင့်ပတ်သက်လာလျှင် အများနောက်ကို လိုက်ခြင်းသည်သာ အောင်မြင်ကြောင်း ဖြစ်၏။

**၇။ အဘိယာစက**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ(အာလုပ်)၊ ဆရာသည် (ကတ္တား)၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ကတ္တုဝါစိကာ ကြိယာကို ပြဆိုတော်မူ၏ (ထပနာ)၊ ထို၏ ကတ္တားကား အဘယ်ပါနည်း (ပုစ္ဆာ)၊ ထို၏ကတ္တားကို မပြရသေးသည် မဟုတ်ပါလော (အာဘော်)၊ ထို၏ ကတ္တားကိုလည်း ပြဆိုတော်မူပါဉီး (အဘိယာစနာ)၊ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် ထို၏ ကတ္တားကို ပြဆိုလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကို မိန့်တော် မူ၏။

၈၈၈၈၈

သဒ္ဒါနည်း ကျမ်းထွက် ၇-ချက်ပြီး၏။

http://www.dhammadownload.com



## ပညတ်နည်း ကျမ်းထွက် ၇-ချက်

### သဘာဝ

ဂဟေတဗ္ဗအရ ပညတ်ကို ယူ၍ သဒ္ဒါသံလည်း မဖက်, ပရမတ်သံလည်း မရောယှက်မူ၍ သက်သက်သော လောကဝေါဟာရသုံးတို့ဖြင့် ထွက်ခြင်းကို "ပညတ်ထွက်"ဟု ခေါ်၏။

**ထွက်နည်း။** ။စပ်ရာပဒ၊ ပထမဖွေရာ။
အဓိပ္ပါယ်ကောက်၊ ထို့နောက်သေချာ။
စပ်ရာပုဒ်အား၊ ကိုင်ထား ထပနာ။
စပ်လာအား မေးဩား အာဘော်ပါ။

ပုံစံ။ ။အဟံ ဗုဒ္ဓံ ဝန္ဒာမိ။
(အဟံ-သို့ စပ်ရာပုဒ်မှ ပညတ်နည်း ကျမ်းထွက်ပြပါ။)

**၁။ အနုသန္ဓေ**

ဤဝါကျ၌ လိုရင်းပဓာနပါဌ်ကား "ဝန္ဒာမိ"ဟူသည်တည်း။ အဓိပ္ပါယ်ကား-ရှိခိုး ပါ၏ ဟူလို။ (လိုရင်းကောက်၊ အဓိပ္ပါယ်ပြန်။)

ဤသို့လျှင် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူပြီး၍ ယခု အခါ ရှိခိုးသူကို ပြလိုသော အဋ္ဌကထာဆရာသည် "အဟံ"ဟူသော ပါဌ်ကိုမိန့်။

**၂။ အနာဘောဂပုစ္ဆာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် ရှိခိုးပါ၏ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "အဟံ"ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား- ရှိခိုးသူကား ငါ-ဖြစ်၏ ဟူလို။

**၃။ ရှိုးရှိုးသာဘောဂပုစ္ဆာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် "ရှိခိုးပါ၏"ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ရှိခိုးသူကို မပြတော့ပြီလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "အဟံ"ဟူသော ပါဌ်ကိုမိန့်။ အဓိပ္ပါယ်ကား- ရှိခိုးသူကို မပြသည် မဟုတ်၊ ပြထားပါ၏၊ ရှိခိုးသူကား ငါ-ဖြစ်၏ ဟူလို။

http://www.dhammadownload.com



**၄။ လျှဉ်းပါးသာဘောဂဝုဋ္ဌာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝဋ္ဋာမိ"ဟူသော ပါဠ်ဖြင့် "ရှိခိုးပါ၏" ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ယောက်ျားဖြစ်ပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "အဟံ"ဟူသော ပါဠ်ကို မိန့်။

**၅။ အဒေါသာရောပနစောဒနာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝဋ္ဋာမိ"ဟူသော ပါဠ်ဖြင့် "ရှိခိုးပါ၏" ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ရှိခိုးသူကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် "အဟံ"ဟူသော ပါဠ်ကိုမိန့်။ အဓိပ္ပါယ်ကား- ရှိခိုးသူကို ပြဆိုသင့်သည်အားလျော်စွာ ပြဆိုထားပါ၏၊ ရှိခိုးသူကား ငါ-ဖြစ်၏ ဟူလို။

**၆။ ဒေါသာရောပနစောဒနာ**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝဋ္ဋာမိ"ဟူသော ပါဠ်ဖြင့် "ရှိခိုးပါ၏" ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ရှိခိုးသူကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ အပြစ်တင်ဖွယ် ရှိသောကြောင့် "အဟံ"ဟူသော ပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား- ရှိခိုးသူကို ပြထိုက်သည်အားလျော်စွာ "ငါ"ဟု ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဗျာပိတဒေါသ ငါ့ အပေါ်၌ မရောက်-ဟူလို။

**၇။ အဘိယာစက**

လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝဋ္ဋာမိ"ဟူသော ပါဠ်ဖြင့် "ရှိခိုးပါ၏" ဟု ဆိုတော်မူ၏၊ ရှိခိုးသူကား အဘယ်ပါနည်း၊ ရှိခိုးသူကို မပြရသေးသည် မဟုတ် ပါလော၊ ရှိခိုးသူကိုလည်း ပြဆိုတော်မူပါဦး။ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် "အဟံ"ဟူသော ပါဠ်ကို မိန့်။

ဓဓဓဓဓ

ပညတ်နည်း ကျမ်းထွက် ၇-ချက် ပြီး၏။

http://www.dhammadownload.com



## ပရမတ်နည်း ကျမ်းထွက် ၇-ချက်

### သဘာဝ

ဂဟောတဗ္ဗအရ ပရမတ်ကို ယူ၍ အာရုံ, အာရမ္မဏိကပစ္စည်း, ပစ္စယုပ္ပန် ဟု ဆိုအပ်သော ပရမတ်နည်းလမ်းကျသော အသံတို့ဖြင့် ထွက်ခြင်းကို "ပရမတ်ထွက်"ဟု ခေါ်၏။

**ထွက်နည်း။** ။စပ်ရာပဒ၊ ပထမဖွေရှာ။
အမျိုးကိုကောက်၊ ထို့နောက်သေချာ။
စပ်ရာပုဒ်အား၊ ကိုင်ထား ထပနာ။
စပ်လာအား မေးငြား အာဘော်ပါ။

**ပရမတ်စာစပ်နည်း**

ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ သ, နံ, ပူ။
ကြိယာကံ စပ်ဟန်ရိုး၊ မျိုးအာရုံဟူ။
အဓျတ်တဲ့ ကရိုဏ်းမှု၊ ကတ္တားတူ ၃-မျိုး၊
သမ္ပဒါန် အာရုံမျိုးရုံခါပ၊ အကြွင်းမှာ ဓါဒေသ, ဥပတဲ့ဖျိုး။

**အဓိပ္ပါယ်**— ကတ္တားနှင့်ကြိယာကို သဟဇာတ, အနန္တရ, ပုရေဇာတ သင့်လျော်ရာ စပ်ရ၏၊ ကံနှင့်ကြိယာကို အာရမ္မဏမျိုး စပ်ရ၏၊ အဓျတ္တိကကရိုဏ်းနှင့်ကြိယာကို ကတ္တားကဲ့သို့ သဟဇာတ, အနန္တရ, ပုရေဇာတ သင့်လျော်ရာ စပ်ရ၏၊ သမ္ပဒါန်နှင့်ကြိယာကို ရံခါ အာရမ္မဏမျိုး စပ်ရ၏၊ အများအားဖြင့် ပကတူပနိဿယမျိုး စပ်ရ၏၊ ဗာဟိရကရိုဏ်း, အပါဒါနကာရက, ဩကာသကာရကနှင့်တကွ ကြိယာဝိသေသန-စသောပုဒ်တို့နှင့် ကြိယာကို ပကတူပနိဿယမျိုးသာ စပ်ရ၏။

**အမှာ။** ။ဤကဗျာမှာ ပရမတ်စာစပ်နည်း အတွက်သာ ဖြစ်သည်၊ အဋ္ဌသာလိနီစည်းမျဉ်း နံပါတ် ၁၀-လာ ပစ္စည်းပြိုင်အတွက်မှာမူ အသုံးပြု၍ မရပါ၊ ပစ္စည်းပြိုင်အတွက်ကား သဘာဝကို ရှု၍သာ အဖြေထုတ်ရသည်၊ ဤအချက်ကို အထူးသတိပြုခဲ့ပါ။

**ပုံစံ။** ။အဟံ ဗုဒ္ဓံ ဝန္ဒာမိ။ (ဗုဒ္ဓံသို့ စပ်ရာပုဒ်မှ ပရမတ်နည်း ကျမ်းထွက်ပြပါ။)

**၁။ အနုသန္ဓေ။** ။ဤဝါကျ၌ လိုရင်းပဓာနပါဌ်ကား "ဝန္ဒာမိ"ဟူသည်တည်း။ အဓိပ္ပါယ်ကား-ရှိခိုးပါ၏-ဟူလို။

ဤသို့လျှင် "ဝန္ဒာမိ"ဟူသော ပါဌ်ဖြင့် အကျိုး-အာရမ္မဏိက-ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူပြီး၍ ယခုအခါ ထို၏ အကြောင်း-အာရုံ-ပစ္စည်းတရားကို

http://www.dhammadownload.com



ပြဆိုလိုသော အဋ္ဌကထာဆရာသည် "ဗုဒ္ဓ"ဟူသော ပါဠ်ကို မိန့်တော်မူ၏။

**၂။ အနာဘောဂပုစ္ဆာ။** ။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။) အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုးအာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူ၏၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသော ပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား-ထို၏ အကြောင်း အာရုံပစ္စည်းတရားကား "ဗုဒ္ဓ"ဖြစ်၏-ဟူလို။

**၃။ ရိုးရိုးသာဘောဂပုစ္ဆာ။** ။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။) အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုးအာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူ၏၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား အဘယ်ပါနည်း၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကို မပြတော့ပြီလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသော ပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား-ထို၏ အကြောင်း အာရုံပစ္စည်းတရားကို မပြသည် မဟုတ်၊ ပြထားပါ၏၊ ထို၏ အကြောင်း အာရုံပစ္စည်း တရားကား "ဗုဒ္ဓ"ဖြစ်၏-ဟူလို။

၄။ လျှဉ်းပါးသာဘောဂပုစ္ဆာ။ ။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။) အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုး အာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြတော်မူ၏၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား အဘယ် ပါနည်း၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား ဓမ္မ-ဖြစ်ပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသော ပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား- ထို၏ အကြောင်း အာရုံပစ္စည်းတရားကား ဓမ္မ မဟုတ်၊ "ဗုဒ္ဓ"ဖြစ်၏ဟူလို။

**၅။ အဒေါသာရောပနစောဒနာ။** **။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။)** အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုးအာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူ၏၊ ထို၏ အကြောင်း အာရုံပစ္စည်းတရားကား အဘယ်ပါနည်း၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသော ပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား-- ထို၏ အကြောင်းအာရုံပစ္စည်းတရားကို ပြဆိုသင့်သည်အားလျော်စွာ ပြဆိုထားပါ၏၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား "ဗုဒ္ဓ" ဖြစ်၏-ဟူလို။

**၆။ ဒေါသာရောပနစောဒနာ။** ။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ။) အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠ်ဖြင့် အကျိုးအာရမ္မဏိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူ၏၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကား

http://www.dhammadownload.com



အဘာယ်ပါနည်း၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသောပါဠိ ကို မိန့်။ အဓိပ္ပါယ်ကား– ထို၏ အကြောင်းအာရုံပစ္စည်းတရားကိုလည်း ပြဆို သင့်သည်အားလျော်စွာ "ဗုဒ္ဓ"ဟူသော ပါဠိဖြင့် ပြဆိုထားသည်သာ ဖြစ်သော ကြောင့် သင်တင်အပ်သော အဗျာပိတဒေါသ ငါ့အပေါ်၌ မရောက် ဟူလို။

၇။ **အဘိယာစက**။ ။(လိုရင်းကောက်၊ အဓိပ္ပါယ်ပြန် တူပြီ)။ အရှင် အဋ္ဌကထာဆရာ၊ ဆရာသည်၊ "ဝန္ဒာမိ"ဟူသော ပါဠိဖြင့် အကျိုးအာရမ္မဏာဓိက ပစ္စယုပ္ပန်တရားကို ပြဆိုတော်မူ၏၊ ထို၏ အကြောင်း အာရုံပစ္စည်းတရားကား အဘာယ်ပါနည်း၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကို မပြရသေးသည် မဟုတ် ပါလော၊ ထို၏ အကြောင်းအာရုံပစ္စည်းတရားကို ပြဆိုတော်မူပါဦး။ ဤသို့ တောင်းပန်ဖွယ်ရှိသောကြောင့် "ဗုဒ္ဓ"ဟူသော ပါဠိကို မိန့်။

**မှတ်ချက်**။ ။ပညတ်နည်းဖြင့် ကျမ်းထွက်ရာ၌ ထွက်ပြီးသမျှ ပုဒ်အား လုံးကို ထပနာကိုင်ထားရ၏၊ သဒ္ဒါထွက်, ပရမတ်ထွက်တို့၌ကား ထွက်ရာပုဒ် တစ်ခုတည်းကိုသာ ထပနာကိုင်ထားရ၏၊ ကျမ်းထွက်နည်း ၃–မျိုးတို့တွင် ပညတ်ထွက်နည်း တစ်ခုသာလျှင် တန်ဖိုးရှိ၏။ သဒ္ဒါထွက်နည်းမှာ စာစပ်တတ်ဖို့ သာ အရေးကြီး၏၊ ပရမတ်ထွက်နည်းကား ဘာမျှ အဓိပ္ပါယ်မရှိချေ။ ပါဠိတော် အဋ္ဌကထာများကို သင်ပြ လေ့လာသောအခါ စာစပ်ကို အချိန်ယူ၍ စပ်ပြီး ပညတ်ထွက်နည်းဖြင့် ကျမ်းထွက်ကြည့်လျှင် စာ၏သဘောကို နစ်နော့စွာ နားလည်၍ စာမြန်မြန် တတ်မြောက်နိုင်၏။ ထို့ကြောင့် "နေ့တိုင်း စာစပ်သင့် သည်၊ ပညတ်ထွက်နည်းဖြင့် ကျမ်းထွက်သင့်သည်"ဟူသော အချက်ကို စိတ်ထဲမှာ စွဲစေ၍ လက်တွေ့လုပ်ကြည့်ပါ။

---

ပရမတ် ကျမ်းထွက် ၇–ချက် ပြီး၏။
ကျမ်းထွက်နည်းများ ပြီး၏။

ထထထထထ

၂–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီးပါပြီ။

http://www.dhammadownload.com



## ၃–နံပါတ် စည်းမျဉ်း

သခ်ေပ, ဝိတ္ထာရစသော ဝါကျအမည် ခွဲခြင်း၊ စာစပ်ကိုမေးခြင်း။

**မှတ်ချက်။** ။ဝါကျခွဲရာ၌ ဂန္ထာဘာရဏကျမ်းလာနှင့် အဋ္ဌကထာ, ဋီကာသုံးရိုး ဝါကျအမည်များကိုသာ မေးမြန်းရမည်။

**ဝါကျခွဲ ဥပဒေသ**

ထွက်ရာမူလ၊ ဝါကျကိုရှာ၊ ပိဏ္ဍာတ္ထကောက်၊ ထို့နောက်သေချာ။
တူလော စပ်လော၊ နွယ်လော ရှုကာ၊ ထို့နောက်ခွဲ၊ မလွဲနိုင်တော့ပါ။

**အဓိပ္ပါယ်။** ။ဥပမာ ဃ–ဝါကျ၏ ဝါကျအမည်ကို မေးသည် ဆိုကြပါစို့၊ ထိုအခါ "ထို ဃ–ဝါကျ"ကို "ထွက်လာဝါကျ"ဟု မှတ်သား၍ "ထို–ဃ"ဟူသော ထွက်လာဝါကျသည် "က–ဝါကျ"မှသာ ထွက်လာသလော၊ "ခ+ဂ–နှစ်ဝါကျ ပေါင်းမှ ထွက်လာသလော၊ က+ခ+ဂ–သုံးဝါကျပေါင်းမှ ထွက်လာသလော"ဟု သိလို ပြန်လျှင် "ထွက်လာဝါကျသည် မည်သည့်ဝါကျနှင့် ပတ်သက်၍ ဖြစ်ပေါ် လာသနည်း"ဟု စဉ်းစား၍ ထိုပတ်သက်ရာဝါကျကို ထွက်ရာမူလဝါကျဟု နားလည် ရမည်၊ ထပနာကိုင်နည်းနှင့် သဘောသွား တူ၏။

ထို့နောက် ထွက်ရာဝါကျနှင့် မေးထားသော ထွက်လာဝါကျတို့၏ ဆိုလို ရင်းကို ကောက်ယူထားရ၏၊ ထို့နောက် "ထွက်ရာဝါကျနှင့် ထွက်လာဝါကျ တို့သည် ပိဏ္ဍတ္ထတူသလော, စပ်သလော, နွယ်သလော"ဟု စောကြောရ၏၊ ထို့နောက်မှ ပိဏ္ဍာတ္ထတူလျှင် ပိဏ္ဍာတ္ထဝါကျ ၅–ဝါကျထဲ မှ သင့်လျော်ရာကိုလည်း ကောင်း၊ စပ်လျှင် စပ်ဝါကျ ၄–ဝါကျထဲမှ သင့်လျော်ရာကိုလည်းကောင်း၊ နွယ်လျှင် နွယ်ဝါကျ ၉–ဝါကျထဲမှ သင့်လျော်ရာကိုလည်းကောင်း ဉာဏ်ဖြင့် ရွေးချယ်၍ ဝါကျအမည် ပေးရလေသည်။

### ဝါကျခွဲ သင်နည်း

၁။ ပုဒ်ခတ် တစ်ခုရှိတိုင်း က၊ ခ၊ ဂ–စသော အက္ခရာအမှတ်အသား ပြထားမည်။

၂။ ခ–ဝါကျ၏ အမည်ကို သိလိုလျှင် ထို ခ–ဝါကျ၏ ထွက်ရာဌာန ဆုံးရာ ဌာနတို့ကို ရှာရမည်။

၃။ ထို့နောက်မှ ဝါကျခွဲ ဥပဒေသအတိုင်း သင့်လျော်သော ဝါကျအမည် ပေးရမည်။

၄။ ခ–ဝါကျအတွက် ပြီးသောအခါကျမှ ဂ–ဝါကျ စသည်အတွက် နည်းတူ စဉ်းစားရမည်။

http://www.dhammadownload.com



၅။ အချင်းချင်းထောက်ဆ၍ ဝါကျအမည် ပေးရာ၌ က–ဝါကျသည် ခ–ကိုထောက်၍သာ အမည်ရ၏၊ ခ–စသည်ကား အထက်က ဝါကျကို ထောက်၍လည်း နာမည်ရ၏၊ အောက်ကဝါကျကို ထောက်၍လည်း နာမည်ရ၏၊ နောက်ဆုံးဝါကျလည်း မိမိ၏ အထက်ကဝါကျကို ထောက်၍သာ အမည်ရ၏။ ဆိုလိုသည်မှာ "က၊ ခ၊ ဂ၊ ဃ၊ င"ဟု ငါးဝါကျပြထားရာ၌ က–သည် လည်းကောင်း၊ င–သည်လည်းကောင်း တစ်မည်စီသာ ရကြ၏။ ခ၊ ဂ၊ ဃ–တို့သည်ကား နှစ်မည်စီ ရကြ၏–ဟု ဆိုလိုသည်။ အောက်ပါ ဝါကျဇယားကို သေချာစွာ ရှုပါ။ အရကျက်ထားပါ၊ အကျိုးများလှပါသည်။

### ဝါကျ ၁၈–ပါး အကျဉ်းဇယား

| ဦးရေ ထွက်ရာမူလဝါကျ | ထွက်လာမူလိဝါကျ | သင်္ကေတအနက် |
|---|---|---|
| ၁။ သခ္ခေပ | ဝိတ္ထာရ | ချဲ့ဉီးအံ့။ |
| ၂။ ဝိတ္ထာရ | သခ္ခေပ | အကျဉ်းချုပ်ကား။ |
| ၃။ ဒဠှီယ | ဒဠှီကရဏ | မှန်၏၊ သင့်၏။ |
| ၄။ အပါကဋ | တပ္ပါကဋီကရဏ | ထင်ရှားအောင် ပြဉီးအံ့။ |
| ၅။ နိဂမနီယ | နိဂမန | နိဂုံးကို ဆိုဉီးအံ့။ |
| ၆။ ဖလ | ကာရဏ(ဟေတု) | အကြင့်ကြောင့်။ |
| ၇။ ကာရဏ (ဟေတု) | ဖလ | ထို့ကြောင့်၊ အကျိုးကား။ |
| ၈။ ယုတ္တိ (လဒ္ဓဂုဏီယ) | လဒ္ဓဂုဏ | အကျိုးကား။ |
| ၉။ အယုတ္တိ (လဒ္ဓဒေါသီယ) | လဒ္ဓဒေါသ | အပြစ်ကား၊ လဒ္ဓဒေါသ ထင်ရှားပြအံ့။ |
| ၁၀။ အမူလဇ္ဈေဒ | ဉပန္យာသ | ဆက်ဉီးအံ့။ |
| ၁၁။ မူလဇ္ဈေဒ | ဝါကျာရမ္ဘ | ဆက်ဉီးအံ့။ |
| ၁၂။ သာမည | ဝိသေသ | အထူးကား။ |
| ၁၃။ ဝိသေသ | သာမည | သာမညကား။ |
| ၁၄။ အန္ဝယ | ဗျတိရေက | ဗျတိရိက်ကား၊ ဆန့်ကျင်ဘက်ကား။ |
| ၁၅။ ဗျတိရေက | အန္ဝယ | အန္ဝယကား၊ အလျော်ကား၊ စင်စစ်ကား။ |
| ၁၆။ သမ္ဘာဝနာ | ဂရဟာ | သို့သော်လည်း။ |
| ၁၇။ ဂရဟာ | သမ္ဘာဝနာ | သို့သော်လည်း။ |
| ၁၈။ ပက္ခ | ပက္ခန္တရ | အဖို့တစ်ပါးကား၊ သည်သာမကသေး။ |

http://www.dhammadownload.com



## တူ, စပ်, နှယ်, သုံးမျိုးခွဲပုံ

၁။ ဝိတ္ထာ-ဒဋ္ဌိ၊ ပါကဋိ၊ သန္ဓိ-နိဂမ တူပေကြ။
၂။ ကာရဏာ-ဖလ်၊ ဂုဏ်-ဒေါသ်၊ လေးတန် စပ်ပေကြ။
၃။ ဥပ-ဝါကျာ၊ ဝိ-သာမာနှင့်၊ ဗျ-နွာ-ပက္ခန်၊ ဂရဟာ-သမ်၊ ကိုးတန် နှယ်ရုံမျှ။

မှတ်ချက်။ ။ဤဇယား၌ ထွက်လာမူလီဝါကျအကွက်ရှိ နာမည်များသာ လိုရင်းဖြစ်၏၊ ရိုးရာအခါ၌ ၎င်းအမည်များကိုသာ သုံးစွဲရ၏၊ ထွက်ရာမူလဝါကျရှိ အမည်များကိုကား အချင်းချင်း ထောက်ဆ၍ ဝါကျအမည် ပေးရာ၌သာ အသုံး ပြုရ၏၊ ထို့ပြင် နိဿယကို ကြည့်သောအခါ နိဿယက "ဟိ-ချဲ့ဦးအံ့"ဟု အနက်ပေးထားလျှင် ထိုဝါကျသည် ဝိတ္ထာရဝါကျဖြစ်၏ စသည်ဖြင့် နားလည် ပြီးလျှင် တစ်ဆင့်တက်ကာ "အဘယ့်ကြောင့် ဝိတ္ထာရဝါကျ ဖြစ်ရသနည်း"ဟု စဉ်းစား၍ ဝိတ္ထာရဖြစ်ကြောင်းကို တိတိကျကျ သဘောပေါက်လျှင် ဝါကျကော သလ္လဉာဏ် ရင့်သန်လေတော့၏။

အခက်အခဲနှင့် တွေ့သောအခါ ဤ ၁၈-ဝါကျအပြင် ပုစ္ဆာဝါကျ၊ ဝိသဇ္ဇနာ ဝါကျ၊ အနိယမဝါကျ၊ နိယမဝါကျ၊ ဥပမာနဝါကျ၊ ဥပမေယျဝါကျ-စသော ဝါကျအမည်များကို သုံးစွဲနိုင်၏။ (၎င်းတို့ကို ဝါကျ ၁၈-မျိုးအတွင်း သွင်းလျှင် ပက္ခ၊ ပက္ခန္တရ ဖြစ်၏။)

ဝါကျနှင့်စပ်၍ အောက်ပါ ဆိုရိုးများ၊ ပုံစံများကို ရမိ, နားလည်အောင် လေ့လာထားပါ၊ ဝါကျကောသလ္လဉာဏ် ရင့်သန်ပါလိမ့်မည်၊ နိဿယက ပေးသော အနက်များကိုလည်း သဘာဝဆိုက်အောင် စဉ်းစားယူပါ။

## ၁။ ဝိတ္ထာရဝါကျ

ရှေ့ဝါကျကို ဖော်ချဲ့သော ဝါကျသည် "ဝိတ္ထာရဝါကျ"မည်၏၊ ၎င်းသည်-
(က) အငုပ်ကို ဖော်သော ဂုဋ္ဌဝိတ္ထာရဝါကျ၊
(ခ) အကျဉ်းကိုချဲ့သော သင်္ခေပဝိတ္ထာရဝါကျ-ဟူ၍ ၂-မျိုးပြား၏။

### (က) ဂုဋ္ဌဝိတ္ထာရဝါကျပုံစံ

(က) တေရသာတိ ကုသလတော စတ္တာရိ အကုသလတော စတ္တာရိ ကြိယတော ပဉ္စာတိ တေရသ။
(ခ) တေသု ဟိ ပုထုဇ္ဇနာ အဋ္ဌဟိ ကုသလာကုသလစိတ္တေဟိ ဟာသန္တိ၊ သေက္ခာ ဒိဋ္ဌိသဟဂတဝဇ္ဇိတေဟိ၊ အသေက္ခာ ပန ပဉ္စဟိ ဟာသန္တိ။

http://www.dhammadownload.com



**မှတ်ချက်။** ။က-ဝါကျကို ထွက်ရာမူလဝါကျဟုခေါ်၏၊ ခ-ဝါကျကို ထွက်လာ မူလီဝါကျဟု ခေါ်၏။ ထိုတွင် ခ-ဝါကျသာ လိုရင်း ဖြစ်၏၊ ခ-ဝါကျသာ နာမည်စစ်စစ်ကို ရနိုင်၏၊ က-ဝါကျကား ခ-ဝါကျကို ထောက်ဆ၍သာ နာမည်ရနိုင်၏၊ ထိုသို့ ရရာ၌ ခ-ဝါကျက ဝိတ္ထာရဝါကျ ဖြစ်သောကြောင့် ထို ခ-ဝါကျကို ထောက်၍ က-ဝါကျသည် သင်္ခေပဝါကျ အမည်ရလေသည်၊ ခ-ဝါကျ၏ ဝိတ္ထာရဖြစ်ပုံကား က-ဝါကျဖြင့် တေရသ-အရကိုသာ ကောက်ပြရသေး၏၊ မည်သည့်ပုဂ္ဂိုလ်က မည်သည့်စိတ်ဖြင့် ရယ်ရွှင်ရသည်ဆိုသော အချက်ကား ငုပ်ကွယ်၍နေ၏၊ ထိုအငုပ်ကို ဖော်၍ ပြသောကြောင့် ဝိတ္ထာရဝါကျ ဖြစ်ရလေသည်။

**အမှာ။** ။နောက်ဝါကျများ၌ ပုံစံကိုသာ ပြပါမည်၊ အဓိပ္ပါယ်ရှင်းလင်းချက်ကို မပြတော့ပါ၊ အထက်က အကျဉ်းခေါင်းစဉ်ကို ကြည့်၍ အကျယ်ကို သိပါ။

**(ခ) သင်္ခေပ ဝိတ္ထာရဝါကျ ပုံစံ**

(က) အာကပ္ပေါတိ ဂမနာဒိကော။

(ခ) ဣတ္ထိယော ဟိ ဂစ္ဆမာနာ အဝိသဒါ ဂစ္ဆန္တိ၊ တိဋ္ဌမာနာ နိသီဒမာနာ နိပဇ္ဇမာနာ ခါဒမာနာ ဘုဉ္ဇမာနာ အဝိသဒါ ဘုဉ္ဇန္တိ။

## ၂။ သင်္ခေပဝါကျ

ရှေ့ဝါကျကို ကျဉ်းချုံးသောဝါကျသည် "သင်္ခေပဝါကျ" မည်၏၊ ပုံစံကား-

(က) သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ ။ ပ ။ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

(ခ) အဋ္ဌဓာ လောဘမူလာနိ ။ ပ ။ ဒွါဒသာကုသလာ သိယုံ။

## ၃။ ဒဠှီကရဏဝါကျ

ရှေ့ဝါကျကို ခိုင်မြဲအောင် ပြုပေးသော ဝါကျ သည် "ဒဠှီကရဏဝါကျ"မည်၏၊ ထိုဒဠှီကရဏဝါကျသည်-

က=အသင့်ယုတ္တိဖြင့် ခိုင်မြဲအောင် ပြုပေးသော ယုတ္တိဒဠှီကရဏဝါကျ၊

ခ = အာဂုံပါဠိဖြင့် ခိုင်မြဲအောင် ပြုပေးသော အာဂမဒဠှီကရဏဝါကျ-ဟု ၂-မျိုးပြား၏။

**(က) ယုတ္တိဒဠှီကရဏဝါကျပုံစံ**

က= ဒသ္ဃနေနာတိ သောတာပတ္တိမဂ္ဂေန။

ခ = သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော ဒဿနန္တိ ဝုတ္တော။

http://www.dhammadownload.com



**(ခ) အာဂမဒဋ္ဌိကရဏဝါကျပုံစံ**

က= ဓမ္မောတိ ဟောတု။

ခ = ဝုတ္တဥ္စေတံ "ဟောတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။

---

## ၄။ တပ္ပါကဋိကရဏဝါကျ

ရှေ့ဝါကျကို ထင်ရှားအောင် ပြပေးသော ဝါကျသည် "တပ္ပါကဋိကရဏဝါကျ" မည်၏။

ပုံစံ။ က= စိတ္တမဥ္ဇူသန္တိ သမာဓိံ။

ခ = အဘိညာဒိနဉ္စ ဓမ္မာနံ ပါဒကဘာဝေန သမာဓိ မဥ္ဇူသသဒိသော ဟောတိ။

### ဝိတ္ထာရဝါကျနှင့် တပ္ပါကဋိကရဏဝါကျ အထူး

အကြောင်း+အကျိုး၊ သဒ္ဒါ+အနက် မပြည့်စုံ၍ ကျဉ်းသည်ကို အကျယ်ချဲ့လျှင် ဝိတ္ထာရဝါကျ ဖြစ်၏၊ လိင်္ဂ၊ အာသက်ာ၊ ဗျာတိစာရအားဖြင့် မထင်ရှားသည်ကို ထင်ရှားစေလျှင် တပ္ပါကဋိကရဏဝါကျ ဖြစ်၏၊ တစ်နည်းကား–ဝိတ္ထာရဝါကျနှင့် တပ္ပါကဋိကရဏဝါကျတို့သည် ရှေ့ဝါကျကို အကျယ်ချဲ့ခြင်းအားဖြင့် တူကြသော်လည်း ဝိတ္ထာရဝါကျက ရိုးရိုးကလေး ချဲ့၏၊ စာချဘုန်းကြီး စာအဓိပ္ပါယ် ပြောပုံနှင့် တူ၏။ တပ္ပါကဋိကရဏဝါကျက ဥပမာ+ဥပမေယျ၊ အန္ဝယ+ဗျတိရေက၊ ကာရဏ+ဖလတို့ဖြင့် ချဲ့၏၊ ဓမ္မကထိကဘုန်းကြီး တရားရှင်းပုံနှင့် တူ၏၊ ဤသို့ အထူးကို သိပါ။

---

## ၅။ နိဂမနဝါကျ

ရှေ့စကားရပ်များကို ပြန်၍အုပ်ဖုံးသော ဝါကျသည်၊ ဝါ–စကားလက်စသတ်သော ဝါကျသည် "နိဂမနဝါကျ" မည်၏။ ပုံစံကား–

(က) သော်မနဿဒဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ ။ပ။ ဣမာနိ ဒွေပိ မောမူဟစိတ္တာနိ နာမ။

(ခ) ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။

---

## ၆။ ကာရဏဝါကျ

ရှေ့ဝါကျ၏ အကြောင်းကိုပြသော ဝါကျသည် "ကာရဏဝါကျ" မည်၏။ ပုံစံကား–

(က) ဝိနယပိဋကေ ကိလေသာနံ ဝီတိက္ကမပဟာနံ ဝုတ္တံ၊

(ခ) ဝီတိက္ကမပဋိပက္ခတ္တာ သီလဿ။

http://www.dhammadownload.com



## ၇။ ဖလဝါကျ

ရှေ့ဝါကျ၏ အကျိုးကို ပြသော ဝါကျသည် "ဖလဝါကျ" မည်၏။ ပုံစံကား—

(က) သဗ္ဗေသမ္ပိ ဟိ ပရမတ္ထဓမ္မာနံ ဘာဝသာဓနေမေဝ နိပ္ဖရိယာယတော လဗ္ဘတိ၊ ကတ္တုကရဏာဝသေန ပန နိဗ္ဗစနံ ပရိယာယကထာတိ ဝေဒိတဗ္ဗံ။

(ခ) တထာ နိဒဿနံ ပန ဓမ္မသဘာဝဝိနိမုတ္တဿ ကတ္တာဒိနော အဘာဝ ပရိဒီပနတ္ထံတိ ဝေဒိတဗ္ဗံ။

## ၈။ လဒ္ဓဂုဏဝါကျ

ရှေ့ဝါကျမှ ရအပ်သော အကျိုးကို ပြသော ဝါကျသည်၊ ဝါ—ရှေ့ဝါကျ၌ ဆိုထားသည့်အတိုင်း ယူလျှင် ရအပ်သော အကျိုးကို ပြသော ဝါကျသည်၊ ဝါ—ပထမအကျိုးတစ်ပါးကို ပြပြီး၍ ထိုအကျိုးမှ တစ်ဆင့်တက်၍ ရအပ်သော အကျိုး တစ်ပါးကို ပြသောဝါကျသည်၊ ဝါ—ဉာပကအကြောင်းကို အကျိုးအဖြစ်ဖြင့် ပြဆိုသော ဝါကျသည် "လဒ္ဓဂုဏဝါကျ" မည်၏။ ပုံစံကား—

(က) အဘိယာစိတောတိ သက္ကစ္စံ ယာစိတော။

(ခ) တေန အနာဒရိယံ အတ္ထုပကာသနေ ကာတုံ အသက္ကုဏေယျံ ဒဿေတိ။

### ဖလဝါကျနှင့် လဒ္ဓဂုဏဝါကျအထူး

တိုက်ရိုက် အကျိုးရင်းကို ပြလျှင် ဖလဝါကျ၊ အကျိုးရင်းမှ တစ်ဆင့်တက်၍ ရအပ်သော အကျိုးဆက်ကို ပြလျှင်၊ ဝါ—ဖလဝါကျ၏ ဖလကိုပြလျှင် လဒ္ဓဂုဏ ဝါကျမည်၏။ တစ်နည်း—အကြောင်းရှေ့ အကျိုးနောက်နေက ဖလဝါကျ၊ အကျိုးရှေ့ အကြောင်း နောက်နေက လဒ္ဓဂုဏဝါကျ မည်၏။

## ၉။ လဒ္ဓဒေါသဝါကျ

ရှေ့ဝါကျမှ ရအပ်သော အပြစ်ကို ပြသော ဝါကျသည်၊ ဝါ—ရှေ့ဝါကျ၌ ဆိုထားသည့်အတိုင်း မယူလျှင် ရအပ်သောအပြစ်ကို ပြသော ဝါကျသည် "လဒ္ဓဒေါသဝါကျ"မည်၏။ ပုံစံကား—

(က) ပရိယေသေယျာတိ ယထာ လဘတိ၊ တထာ ကရေယျ၊ ဥပနိက္ခိပေယျာတိ အတ္ထော။ တေန ထာဝရပယောဂံ ဒဿေတိ။

(ခ) ဣတရထာ ဟိ ပရိယိဋ္ဌိတမတ္တေနေဝ ပါရာဇိကော ဘဝေယျ၊ န စေတံ ယုတ္တံ။

http://www.dhammadownload.com



## ၁၀–၁၁။ ဥပန္ယာသနှင့် ဝါကျာရမ္ဘဝါကျ

ရှေ့ဝါကျ၌ စကား မပြီးပြတ်ခဲ့၍ ဆက်လက်ပြသော ဝါကျသည်၊ ဝါ–စကားစပ်သဖြင့် အပိုစကားတစ်ခုကို ဆက်လက်ပြသော ဝါကျသည်၊ ဝါ–အမှာအထားကို ပြသော ဝါကျသည် "ဥပန္ယာသဝါကျ"မည်၏။ အပိုစကား ဝင်လာသဖြင့် ပြောလက်စ စကား ပြတ်သွားသောကြောင့် ပြန်၍ဆက်ပြသော ဝါကျသည် "ဝါကျာရမ္ဘဝါကျ" မည်၏။ ပုံစံကား–

က= ယာ ယာ ရုစိ ယထာရုစိ။

ခ= ရုစိ စ ဉ္ဆော၊ ကတ္တုကာမတာ သာ။

**မှတ်ချက်။** ။ခ–ဝါကျသည် ရှေ့ဝါကျ၌ စကားမပြီးပြတ်ခဲ့၍ ဆက်လက်ပြသောကြောင့် ဥပန္ယာသဝါကျ မည်၏။

က= ဉ္ဆဒါနိ အယံ ခေါ သာရိပုတ္တ ဟေတုတိအာဒိ နိဂမနံ။

ခ= ယဒ္ဓေတ္ထ အန္တရန္တရာ န ဝုတ္တံ၊ တံ ဥတ္တာနတ္ထမေဝ။ တသ္မာ ပါဠိက္ကမေနေဝ ဝေဒိတဗ္ဗံ။

ဂ= ယံ ပန ဝုတ္တံ ေ စိရဋ္ဌိတိကံ အဟောသိတိ၊ တံ ပုရိသယုဂဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ပါရာ–ဋ္ဌ၊ ပ ၊ ၁၅၇)

**မှတ်ချက်။** ။ခ–ဝါကျသည် အမှာစကားကို ပြသောကြောင့် ဥပန္ယာသဝါကျမည်၏၊ ဂ–ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။

က= ထေရော တသာ ဝစနံ သမ္ပဋိစ္ဆိတွာ အတ္တသတ္တမော ဝေဠုံသကပဗ္ဗတာ ဝေဟာသံ ဥပ္ပတိတွာ အနုရာဓပုရဿ ပုရတ္ထိမဒိသာယ မိဿကပဗ္ဗတေ ပတိဋ္ဌဟိ။ ဒဝံ ဉ္ဆဋ္ဌိယာဒီဟိ သဒ္ဓိံ ။ ပ ။ ဉ္ဆမသ္မိံ ဒီပေ ပတိဋ္ဌဟိတိ။

ခ= တသ္မိံ စ ဒိဝသေ တမ္ဗပဏ္ဏိဒီပေ ဇေဋ္ဌမူလနက္ခတ္တံ နာမ ဟောတိ။ (ပါရာ–ဋ္ဌ၊ ပ ၅၃–၄–၅)

**မှတ်ချက်။** ။ခ–ဝါကျသည် ဝါကျာရမ္ဘဝါကျ မည်၏။

---

## ၁၂။ ဝိသေသဝါကျ

ရှေ့ဝါကျကို အထူးပြုသော ဝါကျသည်၊ ဝါ–ရှေ့၌ဆိုအပ်သော အများဆိုင်စကားထဲမှ ဤ၌ အလိုရှိအပ်သော အနက်ထူးကို သီးခြားထုတ်ပြသော ဝါကျသည် "ဝိသေသဝါကျ" မည်၏။ ပုံစံကား– သမယသဒ္ဒေါ–

က= သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။ ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

ခ= ဉ္ဆဓ ပန ကာလော အတ္ထော။ (ပါရာ–ဋ္ဌ၊ ပ ၊ ၇၉)

http://www.dhammadownload.com



## ၁၃။ သာမညဝါကျ

ရှေ့ဝါကျ၏ အများဆိုင်အနက်ကို ဖော်ပြသော ဝါကျသည် "သာမညဝါကျ" မည်၏။ ပုံစံကား—

က= ဥဋ္ဌာရာတိ သေဋ္ဌာ။

ခ = အယဥ္စ ဥဋ္ဌာရသဒ္ဒေါ "ဥဋ္ဌာရာနိ ခါဒနီယာနိ ခါဒန္တိ"တိအာဒီသု မဓုရေ အာဂစ္ဆတိ ။ ပ ။ (ပါထိကဋ္ဌ၊ ၆၂)

## ၁၄။ ဗျတိရေကဝါကျ

ဆန့်ကျင်ဘက် အနက်ကို ပြသော ဝါကျသည်၊ ဝါ–မူလဝါကျနှင့် ဆန့်ကျင်သော အနက်ကိုပြသော ဝါကျသည် "ဗျတိရေကဝါကျ"မည်၏။

က=ကပ္ပဿာတိ အသင်္ချေယျကပ္ပဿ (ပကတိသဘာဝဿ)။ န ဟိ ဗြဟ္မပါရိသဇ္ဇာဒီနံ တိဏ္ဏံ မဟာကပ္ပဝသေန အာယုပရိစ္ဆေဒေါ ဒဋ္ဌဗ္ဗော။

ခ = အသင်္ချေယျကပ္ပဝသေန တေသံ အာယုပရိစ္ဆေဒေါ ဒဋ္ဌဗ္ဗော။ (ဋီကာကျော်၊ ၁၆၇–၈။)

## ၁၅။ အနွယဝါကျ

အလျော်အနက်ကို ပြသော ဝါကျသည်၊ ဝါ–မူလဝါကျနှင့် လျော်သော အနက်ကို ပြသော ဝါကျသည် "အနွယဝါကျ" မည်၏။ ပုံစံကား—

က= နေဝိတ္ထိံ ပဏ္ဍိတော သေဝေ။

ခ = ဝက်ံ ဟိ ဣတ္ထိယာ မနံ။

မှတ်ချက်။ ။ဗျတိရေကဝါကျ, အနွယဝါကျတို့သည် သံဝဏ္ဏနာ မဟုတ်သော ရိုးရိုးစကားပြေ၌လည်းကောင်း၊ သံဝဏ္ဏနာအရာ၌လည်းကောင်း တွဲလျက် ရှိတတ်၏၊ ရိုးရိုးစကားပြေ၌ န, ပါလျှင် ဗျတိရေကဝါကျ၊ န, မပါလျှင် အနွယ ဝါကျ ဖြစ်၏။ သံဝဏ္ဏနာအရာ၌ကား န, ပါခြင်း မပါခြင်းသည် ပမာဏမဟုတ်၊ သံဝဏ္ဏေတဗ္ဗနှင့် ဆန့်ကျင်ဘက်ဖြစ်လျှင် ဗျတိရေကဝါကျ ဖြစ်၍ သံဝဏ္ဏေတဗ္ဗနှင့် ဆန့်ကျင်ဘက် မဖြစ်လျှင် အနွယဝါကျဖြစ်၏။

## ၁၆။ ဂရဟာဝါကျ

ရှေ့ဝါကျကို ကဲ့ရဲ့သော ဝါကျသည်၊ ဝါ–ကဲ့ရဲ့အပ်သော အနက်ကိုပြသော ဝါကျသည် "ဂရဟာဝါကျ" မည်၏၊ ပုံစံကား—

က= ကိဉ္စာပိ "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ"တိ ဝုတ္တတ္တာ "သုဏောထ မနသိ ကရောထာ"တိ ဝတ္တုံ ယုတ္တံ ဝိယ ဒိဿတိ။

http://www.dhammadownload.com



ခ= "သံဃော ဥပေါသထံ ကရေယျာ"တိ ဣမိနာ ပန န သမေတိ။ (ကခ်ါဋ္ဌ၊ ၉၉)

## ၁၇။ သမ္ဘာဝနာဝါကျ

ရှေ့ဝါကျကို ချီးမွမ်းသော ဝါကျသည် ဝါ– ချီးမွမ်းအပ်သော အနက်ကို ပြသော ဝါကျသည် "သမ္ဘာဝနာဝါကျ" မည်၏။ ပုံစံကား–

က= ဒယာပန္နောတိ ဒ္ဒေ ပန ကာရုဏိကော အဝိဟိံသဇ္ဈာသယတ္တာ ပရေသံ ဝိဟေဟသာမတ္တမ္ပိ န ကရောတိ။

ခ= ကော ပန ဝါဒေါ ပါဏာတိပါတနေ။ (ဓမ္မသင်္ဂဏီအနုဋီ၊ ၉။ လိုအပ်သလိုသာ ယူထား)

### ဂရဟာ၊ သမ္ဘာဝနာ ယူဆနည်း

အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်း၍ စောဒကနှင့် ပရိဟာရတို့ ငြင်းခုံကြရာ စောဒကကလည်း အကြောင်းပြ၏၊ ပရိဟာရကလည်း အကြောင်းပြ၏၊ ထိုသို့ ပြကြရာ၌ အကြောင်းပြ မှန်ကန် အားကောင်းလျှင် "သမ္ဘာဝနာ"၊ မှန်ကန်သော်လည်း အားမကောင်းလျှင် "ဂရဟာ"မှတ်၊ အောက်ပါ ဆောင်ပုဒ်များကိုလည်း စဉ်းစားပါ။

၁။ ပနစပ်ရာ၊ ယုတ်+နည်းပါ၊ ဂရဟာ မှတ်ယူရာ။
၂။ ယင်းသို့စပ်ရာ၊ များ+မြတ်ပါ၊ သမ္ဘာဝနာသာ။
၃။ အနည်း+အယုတ်၊ ပုဒ်နှောင်ထုတ်၍၊ ပိ–ယုတ် ဂရဟာ၊ ဖြစ်တုံပါလည်း စပ်ရာပုဒ်မှာ၊ များ+မြတ်ပါမူ၊ သမ္ဘာဝနာမူ၊ ပေါင်းယူ ဂရဟာပေ။
၄။ အမြတ်+အများ၊ နောက်ထိုင်ငြား၍၊ ပိ–ကား သမ္ဘာဝနာ၊ ဖြစ်တုံပါလည်း၊ စပ်ရာပုဒ်မှာ၊ ယုတ်နည်းပါမူ၊ ဂရဟာမူ၊ ပေါင်းယူ သမ္ဘာဝနာပေ။
၅။ ထိုင်ရာစပ်ရ၊ နှစ်ဝလုံးမှာ၊ ယုတ်+နည်းပါမူ၊ ဂရဟာယူ၊ ပေါင်းမူ သမ္ဘာဝနာပေ။
၆။ ထိုင့်စပ်ရှိရာ၊ များ+မြတ်ပါမူ၊ သမ္ဘာဝနာယူ၊ ပေါင်းမူ ဂရဟာပေ။

## ၁၈။ ပက္ခန္တရဝါကျ

ရှေ့ဝါကျမှ တစ်ပါးသောအဖို့ကို ပြသော ဝါကျသည် "ပက္ခန္တရဝါကျ" မည်၏။ ပုံစံကား–

က= အတ္တာနံ သူစနတော သုဝုတ္တတော၊ သဝနတောထ သူဒနတော။ သုတ္တာဏာ သုတ္တသဘာ–ဂတော စ သုတ္တန္တိ အက္ခာတံ။(အပေါင်းပြ)

ခ= တဥ္စိ အတ္တတ္တပရတ္ထာဒိဘေဒေ အတ္တေ သူစေတိ။

ဂ= သုဝုတ္တာ စေတ္ထ အတ္တာ။

http://www.dhammadownload.com



**ပက္ခန္တရတစ်မျိုး။** ။ရှေ့၌ အပေါင်းအစုထဲမှ ထုတ်ယူသော ပက္ခ မရှိသော်လည်း ရှေ့စကားရပ်၌ စောဒကပုဂ္ဂိုလ်တို့က အထူးမျှသာ မေးဖွယ်ရာဖြစ်သောကြောင့် ဖြေဆိုရသော ပက္ခန္တရဝါကျတစ်မျိုးလည်း ရှိသေး၏၊ ထိုဝါကျမျိုးကို အပရေ ပန၊ အညေ ပန၊ ကေစ္စေ ပန၊ ကေစိ ပန၊ အဋ္ဌကထာယံ ပန၊ အာနန္ဒာစရိယော ပန-စသည်ဖြင့် ရေးသားလေ့ရှိ၏၊ ဤဝါကျ၌ သကဝါဒကို ပက္ခ၊ ပရဝါဒကို ပက္ခန္တရ-ဟု ယူပါ။ အချို့ကား-ဤဝါကျမျိုးကို ဝိသေသဝါကျ-ဟု ယူ၏၊ ဘာသာဋီကာဆရာကား "ဝါကျာရမ္ဘဝါကျ"ဟု ယူလေသည်။ (အမှာအထားပြသော သဘောမျိုးဖြစ်၍ ဘာသာဋီကာဝါဒ သဘာဝကျ၏။)

## ဝါကျ ၁၈-မျိုးနှင့် ဆိုရိုး

၁။ **ဝိတ္ထာရဝါကျ။** ။ရှေ့ဝါကျကို ဖော်ချဲ့သော ဝါကျသည် ဝိတ္ထာရဝါကျမည်၏။

၂။ **သင်္ခေပဝါကျ။** ။ရှေ့ဝါကျကို ကျဉ်းချုံးသောဝါကျသည် သင်္ခေပဝါကျမည်၏။

၃။ **ဒဠှီကရဏဝါကျ။** ။ရှေ့ဝါကျကို ခိုင်မြဲအောင် ပြုပေးသော ဝါကျသည် ဒဠှီကရဏဝါကျမည်၏။

၄။ **တပ္ပါကဋီကရဏဝါကျ။** ။ရှေ့ဝါကျကို ထင်ရှားအောင် ပြုပေးသောဝါကျသည် တပ္ပါကဋီကရဏဝါကျမည်၏။

၅။ **နိဂမနဝါကျ။** ။ရှေ့စကားရပ်များကို ပြန်၍ အုပ်ဖုံးသော ဝါကျသည် နိဂမနဝါကျမည်၏။

၆။ **ကာရဏဝါကျ။** ။ရှေ့ဝါကျ၏ အကြောင်းကို ပြသောဝါကျသည် ကာရဏဝါကျမည်၏။

၇။ **ဖလဝါကျ။** ။ရှေ့ဝါကျ၏ အကျိုးကို ပြသောဝါကျသည် ဖလဝါကျမည်၏။

၈။ **လဒ္ဓဂုဏဝါကျ။** ။ရှေ့ဝါကျမှ ရအပ်သော ကျေးဇူးဂုဏ်ကို ပြသောဝါကျသည်၊ ဝါ-ရှေ့ဝါကျ၌ ဆိုထားသည့်အတိုင်းယူလျှင် ရအပ်သော အကျိုးကို ပြသော ဝါကျသည်၊ ဝါ-ပထမအကျိုးတစ်ပါးကို ပြပြီး၍ အကျိုးတစ်ပါးကို ထပ်၍ ပြသော ဝါကျသည်၊ ဝါ-ဥပကကြောင်းကိုပင် အကျိုးအဖြစ်ဖြင့် အသုံးပြုထားသော ဝါကျသည် လဒ္ဓဂုဏဝါကျမည်၏။

၉။ **လဒ္ဓဒေါသဝါကျ။** ။ရှေ့ဝါကျမှ ရအပ်သော အပြစ်ကို ပြသော ဝါကျသည်၊ ဝါ-ရှေ့ဝါကျ၌ ဆိုထားသည့်အတိုင်း မယူလျှင် ရအပ်သော အပြစ်ကို ပြသောဝါကျသည် လဒ္ဓဒေါသဝါကျမည်၏။

http://www.dhammadownload.com



**၁၀။ ဥပနျာသဝါကျ။** ။ရှေ့ဝါကျ၌ စကားမပြီးပြတ်ခဲ့၍ ဆက်လက်ပြသော ဝါကျသည် ဝါ–စကားစပ်သဖြင့် အပိုစကားတစ်ခုကို ဆက်လက်ပြသော ဝါကျသည် ဝါ–အမှာအထားကို ပြသော ဝါကျသည် ဥပနျာသဝါကျမည်၏။

**၁၁။ ဝါကျာရမ္ဘဝါကျ။** ။အပိုစကား ဝင်လာသဖြင့် ပြောလက်စ စကားပြတ်သွားသောကြောင့် ပြန်ဆက်၍ပြသော ဝါကျသည် ဝါကျာရမ္ဘဝါကျမည်၏။

**၁၂။ ဝိသေသဝါကျ။** ။ရှေ့ဝါကျကို အထူးပြုသော ဝါကျသည်၊ ဝါ–ဤ၌ အလိုရှိအပ်သော အနက်အထူးကို သီးခြားထုတ်၍ ပြသောဝါကျသည် ဝိသေသဝါကျမည်၏။

**၁၃။ သာမညဝါကျ။** ။ရှေ့ဝါကျ၏ အများဆိုင်အနက်ကို ဖော်ပြသော ဝါကျသည် သာမညဝါကျမည်၏။

**၁၄။ ဗျတိရေကဝါကျ။** ။ဆန့်ကျင်ဘက် အနက်ကို ပြသော ဝါကျသည် ဗျတိရေကဝါကျမည်၏။

**၁၅။ အန္ဝယဝါကျ။** ။အလျော်အနက်ကို ပြသော ဝါကျသည် အန္ဝယဝါကျမည်၏။

**၁၆။ ဂရဟာဝါကျ။** ။ရှေ့ဝါကျကို ကဲ့ရဲ့သော ဝါကျသည်၊ ဝါ–ကဲ့ရဲ့အပ်သော အနက်ကို ပြသော ဝါကျသည် ဂရဟာဝါကျမည်၏။

**၁၇။ သမ္ဘာဝနာဝါကျ။** ။ရှေ့ဝါကျကို ချီးမွမ်းသော ဝါကျသည်၊ ဝါ–ချီးမွမ်းအပ်သော အနက်ကို ပြသော ဝါကျသည် သမ္ဘာဝနာဝါကျမည်၏။

**၁၈။ ပက္ခန္တရဝါကျ။** ။ရှေ့ဝါကျမှ တစ်ပါးသောအဖို့ကို ပြသော ဝါကျသည် ပက္ခန္တရဝါကျမည်၏။

**အမှာ။** ။အထက်ပါ ဆိုရိုးများကို အရကျက်ပါ၊ အောက်ပါ ဆောင်ပုဒ်များကိုလည်း သဘာဝဆိုက်အောင် စဉ်းစားပါ၊ နိဿယကပေးသော အနက်ကိုလည်း သဘာဝဆိုက်အောင် စဉ်းစားပါ။ ဤအစီအစဉ် သုံးချက်ကို လိုက်နာလျှင် ဝါကျနှင့် ပတ်သက်၍ ကြောက်စရာ မလိုတော့ပါ။

### ဝါကျနှင့်ဆိုင်သော ရှေးရေးဆောင် နိယာမ်များ

၁။ ဟိ, စ, ပန၊ နိပါတ၊ ဝါကျရှေ့၌တွင်။

၂။ ဟိ–နက်မှတ်သား၊ ထင်ရှား, ချဲ့မြဲ၊ နက်စွဲသုံးအင်၊ ရှေ့စကားနှင့် အတူပင်။

၃။ ကြောင်း, ကျိုး, ပြစ်လျှင်၊ ဤသုံးအင်၊ ရှေ့စကားနှင့် စပ်ရုံပင်။

၄။ ဆက်နက်နှစ်ဖော်၊ ထူး, လျော်, ဆန့်ကျင်၊ ဤငါးအင်၊ ရှေ့စကားနှင့် နွယ်ရုံပင်။

http://www.dhammadownload.com



ဟိ, စ, ပန–ဟု ဝါကျဇောတက နိပါတ်ပုဒ် ၃–လုံးရှိရာတွင် ဟိသည် တပ္ပါကဋိကရဏ၊ ဝိတ္ထာရ၊ ဒဠှီကရဏ၊ ကာရဏ၊ ဖလ၊ လဒ္ဒဂုဏ၊ လဒ္ဒဒေါသ၊ ဥပန္ယာသ၊ ဝါကျာရမ္ဘ၊ ဝိသေသ၊ အနွယ၊ ဗျတိရေကဝါကျတို့ကို ထွန်းပြ၏။ ထိုဝါကျတို့တွင် တပ္ပါကဋိကရဏ၊ ဝိတ္ထာရ၊ ဒဠှီကရဏဝါကျတို့သည် ရှေ့ဝါကျနှင့် ပိဏ္ဍတ္ထတူ၏။ ကာရဏ၊ ဖလ၊ လဒ္ဒဂုဏ၊ လဒ္ဒဒေါသဝါကျတို့သည် ရှေ့စကားနှင့် ပိဏ္ဍတ္ထစပ်ရုံသာ စပ်၏။ ဥပန္ယာသ၊ ဝါကျာရမ္ဘ၊ ဝိသေသ၊ အနွယ၊ ဗျတိရေကဝါကျတို့သည် ရှေ့ဝါကျနှင့် ပိဏ္ဍတ္ထ နွယ်ရုံသာ နွယ်၏။

၅။ စ, ပနမူ၊ ဟိ, နှင့်တူ၊ ထုတ်ယူ နည်းတူပင်။

၆။ ပန, ထူးခဲ့၊ ကဲ့ရဲ့, ချီးမွမ်း၊ အဖို့စွန်း၊ နက်ညွန်း အတူပင်။

စ, ပနတို့လည်း ဟိ, ကဲ့သို့ပင် တပ္ပါကဋိကရဏစသော ဝါကျများကို ထိုက်သလို ထွန်းပြ၏၊ ပန အတွက် ထူးခြားချက်ကား ပနသည် ဂရဟာ, သမ္ဘာဝနာ, ပက္ခန္တရဝါကျတို့ကိုလည်း ထွန်းပြသေး၏။ ယခုအခါ တပ္ပါကဋိကရဏ အစ ပက္ခန္တရအဆုံးရှိသော ဝါကျတို့၏ သဘာဝအဓိပ္ပါယ်ကို ပြလတ္တံ့၊ အထူး တိမ်မြုပ်နေရာ၌သာ အဓိပ္ပါယ် ရှင်းပြပါအံ့၊ ကျန်ဆောင်ပုဒ်များ၏ အဓိပ္ပါယ်ကို စဉ်းစားလျှင် နားလည်နိုင်ပါသည်၊ ပုံစံအတွက်မှာလည်း စာကြီးပေကြီး တက်နေပြီ ဖြစ်သည့်အပြင် ဆရာကလည်း သင်ပြနေပြီ ဖြစ်သောကြောင့် အထူးထုတ်ပြနေဖွယ် မလိုတော့ပြီ။

၇။ လိနတ် ထင်ရှား၊ ငုပ်, ကျဉ်းကားချဲ့၊ မခိုင်ခဲ့မြဲ၊ ကျိုးတဲ့ဝက်၊ သုံးဝ ဟိတ်မျိုး၊ လဒ္ဒကျိုး၊ ထွက်ရိုး စုဒ်ထုတ်တင်။

၈။ ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျာရမ္ဘပင်။

၉။ မပြတ်စပ်ကာ၊ ဆက်၍လာ၊ ဥပန္ယာသပင်။

၁၀။ အပြစ်တင်ဖွယ်၊ ပယ်၍ခက်ခဲ၊ တစ်ချက်သာမန်၊ စုဒ်ထုတ်ပြန်၊ မိန့်ဟန် အထူးပင်။

၁၁။ အနက်ရောက်လျော်၊ နွယခေါ်၊ ပြန်သော် ဗျတိတင်။

၁၂။ ပနစပ်ရာ၊ ယုတ်+နည်းပါ၊ ဂရဟာ မှတ်စေချင်။

၁၃။ ယင်းသို့စပ်ရာ၊ များမြတ်ပါ၊ သမ္ဘာဝနာပင်။

၁၄။ ပေါင်းပြီး စိတ်ပြ၊ နောက်ပက္ခ၊ ယူကြ ပက္ခန်ပင်။

တိမ်မြုပ်ကွယ်ဝှက် အသိခက်သော ရှေ့ဝါကျကို ထင်ရှား ပေါ်လွင်စေသော နောက်ဝါကျသည် တပ္ပါကဋိကရဏဝါကျ မည်၏–စသည်ဖြင့် အဓိပ္ပါယ်အကျယ် သိပါ၊ ယခုအခါ သင်္ကေတ၏ အစွမ်းဖြင့် ဝါကျအယူအဆကို ပြတော့လတ္တံ့။

http://www.dhammadownload.com



၁၅။ လိနတ်တစ်ဖြာ၊ ဥပမာနောက်၊ ဟိ–လျှင်ရောက်၊ နက်ကောက် ထင်ရှားခြင်း။

၁၆။ ကထံ တတ္ထ၊ ဟိတ်ပြနောက်မှာ၊ ဟိရောက်လာ၊ ချဲ့ကာယူကြမင်း။

၁၇။ ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဋ္ဌခြင်း။

၁၈။ ယင်းဒဋ္ဌပင်၊ ယုတ္တိထင်၊ စမ်းချင် မှန်မယွင်း။

၁၉။ ဝုတ္တဒွေတ၊ အာဂမ၊ ယူကြ ဒဋ္ဌရင်း။

၂၀။ ဝက်တ္တနောက်၊ ဟိလျှင်ရောက်၊ ဟိတ်ထောက် သုံးပါးလင်း။

၂၁။ သူက ပယ်နိုင်၊ ဟိတ်သာကိုင်၊ မနိုင် ဒဋ္ဌခြင်း။

၂၂။ ဝေဥိမှာ၊ ကျိုးပြစ်ရှာ၊ လျော်စွာ အနက်ခင်း။

တိမ်မြုပ်ကွယ်ဝှက် အသိခက်သော စကားနောင် ဟိပါလျှင်လည်းကောင်း၊ ဥပမာဇောတကပုဒ်နောင် ဟိပါလျှင်လည်းကောင်း၊ ထိုဟိကို တပ္ပါကဒိုကရဏဝါကျဇောတကဟု ယူဆပါ–စသည်ဖြင့် အကျယ်သိပါ၊ အောက်ပါ ဆောင်ပုဒ်များ၌လည်း နည်းတူပင်တည်း။

၂၃။ လိနသက်ာ၊ ဗျာဘိစာကြောင့်၊ ယသ္မာနောက်၊ ပနရောက်၊ နက်ကောက် ထင်ရှားစွဲ။

၂၄။ ဟောတိစေတ္ထ၊ စ, နက်ရ၊ သခေ်ပဟုစွဲ။

၂၅။ ဇဝံ ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ်–ဟိ၊ ယုတ္တိဒဋ္ဌစွဲ။

၂၆။ တထာ ဟိ မှာ၊ ဉာပကာ၊ ရံခါ ချဲ့ မြဲစွဲ။

၂၇။ စပနဟု၊ တကွတက်ရာ၊ စ, နက်မှာ ဆက်၊ ပနနက်၊ ထူးချက် ဓိပ္ပါယ်စွဲ။

၂၈။ ဇဝ, စ, ဝါ၊ ပနပါမူ၊ ကန့်ယူ ဇဝ၊ စ, ဝါမျှမှာ၊ ဆည်းပေါင်းရာ၊ ပနာ ထူးကြောင်းစွဲ။

၂၉။ နှ ဟိ တက်ရာ၊ ဟိ–နက်မှာ၊ ဟိတ်ပါ ဒဋ္ဌစွဲ။

၃၀။ သစေ ဣဓ၊ နောက် ပန၊ ဝိသေသဟုစွဲ။

၃၁။ ယဒိနောက်မှ၊ နိပါတ်ပြ၊ လဒ္ဓဒေါသစွဲ။

၃၂။ အညထာနောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ ဗျတိစွဲ။

၃၃။ ချင်း၏နောက်မှာ၊ ဟိ တက်လာ၊ နှစ်ဖြာ ထင့်ရှား+မြဲ။

၃၄။ အယံ ဧတ္ထ၊ တာဝနောက်မှာ၊ နိပါတ်ပါ၊ ဝါကျာရမ္ဘစွဲ။

၃၅။ တတော ပရံနောက်၊ နိပါတ်ရောက်၊ နက်ထောက် အဖို့စွဲ။

၃၆။ ဗျုပ္ပတ်ဖွင့်ပြ၊ ရှေ့ ဟိ, စ၊ ချဲ့ထ, ဟိတ်, ဆက်, မြဲ။

http://www.dhammadownload.com



၃၇။ အဓိပ္ပါယော၊ အတ္တောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့, ထင်, ဟိတ်, ဆက်, မြဲ။

၃၈။ အဓိဝစန်နောက်၊ ဟိ,လျှင်ရောက်၊ နက်ကောက် ချဲ့, ထင်, မြဲ။

## ဝါကျနှင့်ဆိုင်သော ထိုမှဤမှ ဆောင်ပုဒ်များ

၃၉။ ဟေတု, သမ္ဗန္ဓ, ဝိသေသနောက်၊ ဟိတ်လျောက် ထည့်ပြ၊ ဝိတ္ထာရ။

၄၀။ ဟေတုကြောင်းပေ၊ ကျိုးနေ သမ္ဗန္ဓ၊ မှတ်သားကြ။

၄၁။ ဝိတက်ချောက်ချား၊ မလှုပ်ရှားအောင်၊ ကိုးကား သက်သေ၊ ကြောင်းရာဖွေ၍၊ အခြေတည်ရန်၊ နိပါတ်ခံ၊ မြဲမြံ ဒဠှီသာ။

၄၂။ သန္နိဋ္ဌာနောင်၊ ဟိနှင့်ဆောင်မူ၊ မြဲခေါင်ဒဠှီ ဇောတပြီ။

၄၃။ ဟေတုနောက်မှာ၊ ဟိသဒ္ဒါ၊ ရံခါဒဠှီ ဇောတပြီ။

၄၄။ မူလစကား၊ လျှို့ဝှက်ငြား၍၊ ထင်ရှားပြဘိ၊ နိပါတ်ရှိ၊ ယူဘိ ပါကဋာ။

၄၅။ ဝုတ္တံ ဟေနာဟာ၊ စ-သည် ဝက္ခတိ၊ ရှိသည့်အညီ၊ ပုဒ်နှင့်မှီမူ၊ ဒဠှီဉာပက၊ စုဒ်ထုတ်ရ၊ မှတ်ကြ အရာမျှော်။

၄၆။ အကြောင်း နောက်ထိုင်၊ ထိုင်သည့် စ, ဟိ၊ မှတ်သိ ဖလသာ။

၄၇။ လဒ္ဓဂုဏ်ပြ၊ ဒေါသတစ်ဖုံ၊ နိဂုံတစ်ဖြာ၊သရုပ်မှာ၊ လျော်စွာ ဧဝံပြ။

၄၈။ ဧဝံ သတိ၊ သင်္ခေ့ချိုးလျက်၊ ယုတ္တိကိုသာ၊ တက်ခဲ့လာ၊ လဒ္ဓါဂုဏ်ဟုပြ။

၄၉။ အယုတ္တိမျှ၊ တက်လာက၊ လဒ္ဓဒေါသပြ။

၅၀။ တေန တသ္မာ၊ ရှေ့အလာ၊ ယုတ္တာယုတ္တိ စမ်းကြကုန်။

၅၁။ အယုတ္တိရောက်၊ မိမိနောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ ယူပါ လဒ္ဓဂုဏ်။

၅၂။ ဗျတိရေကာ၊ ဟိတ်ပုဒ်မှာ၊ ပြန်ကာ ယူကြကုန်။

၅၃။ သူနိုင်ဒေါသ၊ ကိုယ်နိုင်က၊ ယူကြ လဒ္ဓဂုဏ်။

၅၄။ တသ္မာနောင်၊ ဟိတ်ဆောင်နက်တူ၊ ရှေ့ဆောင်မူပြာ၊ သိ ငြား တသ္မာ၊ ရှိခဲ့ရာ၊ ယူပါ လဒ္ဓဂုဏ်။

၅၅။ ချဲ့ မြဲ ဟိ-နောက်၊ တသ္မာရောက်၊ မဖောက် လဒ္ဓဂုဏ်။

၅၆။ အကြောင်း ဟိမှန်၊ အရင်းပြန်၊ နောက်ဌာန် လဒ္ဓဂုဏ်။

၅၇။ သာဓကနောက်၊ ဟိတ်ကူရောက်ကား မူလမှာပြန်၊ သာဓကံ၊ ဖြဒ်ရန် လဒ္ဓဂုဏ်။

၅၈။ ဝေဠ ကတွာ၊ သာဓကော၊ တစ်ဖြာ လဒ္ဓဂုဏ်။

၅၉။ တေန ဝုစ္စတိ-ဟူ၍ရှိက၊ လဒ္ဓဂုဏ်ပါ၊ သာဓကော၊ ညီရာ ရှေ့နောက်ပြ။

၆၀။ တေန ဝုတ္တံ၊ တည်ပါဌ်ပြန်ပြ၊ ထားကုန်ကြမူ၊ လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၍၊ နိဂုံထင်လှ၊ နော တက္က။

http://www.dhammadownload.com



၆၁။ တည်ပါဌ်မပြန်၊ ကြောင်းကျိုးဆန်က၊ လဒ္ဒဂုဏ်လှမ်း၊ လက်ရုံးတမ်း။

၆၂။ ဒသေတိ ဒီပေတိ၊ ကျမ်းဌ်ရှိက၊ လဒ္ဒဂုဏ်၊ ကြောင့်ဖြင့် ကျိုးပြ၊ ကြောင့်ပြ ကျိုးနေ၊ ရှိရိုးပေ။

၆၃။ ဝေဠ ကတွာ၊ တသ္မာ တေန၊ အယံ ယောဇ္ဇနှင့်၊ မနသိ ကတွာ၊ ကျမ်းမှာလာကြုံ၊ လဒ္ဒဂုဏ်။

၆၄။ တေနာဟုပြ၊ တေန ဝုတ္တံ၊ တွေ့ကြုံ ပြန်ကြ၊ လဒ္ဒဂုဏ်လည်းပြ-မြင်းဆက်ခွ။

၆၅။ မပြတ်စပ်ကာ၊ စုဒ်ထုတ်ရာကား၊ ဥပနျာသ၊ မှတ်သားကြ။

၆၆။ သူကဝင်လာ၊ စောဒနာကို၊ ပယ်ခွါတတ်ဘိ၊ နိပါတ်ရှိ၊ မှတ်သိ အာရမ္ဘာ။

၆၇။ ပြတ်ပြီးစင်းစင်း၊ စုဒ်ထုတ်လျှင်းမူ၊ မှတ်ခြင်း ဝါကျာရမ္ဘပြီ။

၆၈။ မူလသာမန်၊ ဝါကျတ္တံကို၊ ထူးရန်ထွန်းဘိ၊ နိပါတ်ရှိ၊ မှတ်သိ ဝိသေသာ။

၆၉။ နှ, ဟိ နှ, စ၊ ဆိုသမျှကို၊ ဗျတိရိက်ချည်း၊ ဆရာနည်းတည်း။

၇၀။ ဣတိမျှမှာ၊ နိဂုံးသာ၊ ရံခါ သရုပ်ပြ။

*********

## စာစပ်ခြင်း

စာစပ်ခြင်းသည် "သဒ္ဒါစပ်, ပရမတ်စပ်"ဟု နှစ်မျိုးပြား၏၊ နှစ်မျိုးလုံးကိုပင် ကျမ်းထွက်နည်း အခန်းတုန်းက ပြပြီးပြီ၊ အထူးမှတ်သားရန်ကား-စာစပ်ရာ၌ ဝိဘတ်ကို ပဓာနထား၍ မစပ်ရ၊ အနက်ကို ပဓာနထား၍ စပ်ရသည်၊ ဥပမာ တုယံ ပုည် ကတံ-၌ တုယံကို "သည်"ဟု ပေးရသောကြောင့် ၄င်းကို ကတံ၌ စပ်သောအခါ သမ္ဗန်မစပ်ဘဲ ကတ္တားသာ စပ်ရလေသည်၊ ဤအချက်ကို သတိပြုမထားလျှင် စာစပ်သောအခါ သံသယဖြစ်တတ်၏။

၃-နံပါတ် စည်းမျည်းနှင့်အဖြေ ပြီးပါပြီ။

http://www.dhammadownload.com



# ၄–နံပါတ် စည်းမျဉ်း

## ဝိဂ္ဂဟနှင့် ဉာဉ်ကောက်နည်းကို မေးခြင်း

## ဝိဂ္ဂဟပြုနည်း

သမာသ်နာမ်ပုဒ် တဒ္ဓိတ်နာမ်ပုဒ်နှင့် ကိတ်နာမ်ပုဒ်တို့ကိုသာ ဝိဂ္ဂဟအပြုခိုင်းမည် ဖြစ်၏။ ထို့ကြောင့် ပုဒ်တစ်ခုကို ဝိဂ္ဂဟအပြုခိုင်းလျှင် သမာသ်ပုဒ်လော, တဒ္ဓိတ်ပုဒ်လော, ကိတ်ပုဒ်လော–ဟု ပထမစဉ်းစားရ၏။ နာမ်ပုဒ် နှစ်ခု သုံးခု စသည် ဆက်စပ်ထားလျှင် "သမာသ်ပုဒ်"ဖြစ်၏။ နာမ်ပုဒ်နှင့် တဒ္ဓိတ်ပစ္စည်းကို ဆက်စပ်ထားလျှင် "တဒ္ဓိတ်ပုဒ်"ဖြစ်၏။ ဓာတ်နှင့် ကိတ်ပစ္စည်းကို ဆက်စပ်ထားလျှင် "ကိတ်ပုဒ်" ဖြစ်၏–ဟု နားလည်ထားရ၏။

## သမာသ်ဝိဂ္ဂဟပြုနည်း

သမာသ်ပုဒ်ကို ဝိဂ္ဂဟပြုလိုလျှင် ရှေ့ပုဒ်နောက်ပုဒ် ခွဲထားပါ၊ ထို့နောက် ရှေ့ပုဒ်အရ နောက်ပုဒ်အရတို့ကို ကောက်ယူထားပါ၊ ၎င်းတို့၏ ဆက်စပ်ဟန်ကို မှန်ကန်အောင် စဉ်းစားပါ၊ ထို့နောက်မှ သမာသ် ၆–မျိုးတို့တွင် သင့်လျော်ရာ၌ သွင်း၍ ဝိဂ္ဂဟပြုပါ၊ ထိုသို့ပြုရာ၌ ဣတိအတွင်းရှိ ပုဒ်များကို ၎င်းတို့၏ ရှိရင်းစွဲ အတိုင်း လိင်, ဝုစ်ချ၍ နိပ္ဖန္နပုဒ်ကိုကား အရကောက်ရှု၍ လိင်, ဝုစ်ချပါ။ (နောက်၌ အကျယ်လာလတ္တံ့။)

**သမာသ်အပြား။** ။သမာသ်သည် အဗျယီဘောသမာသ်–စသောအားဖြင့် ၆–ပါးပြား၏။

### ၁။ အဗျယီဘောသမာသ် ဝိဂ္ဂဟပြုနည်း

ဥပသာရပုဒ်, နိပါတ်ပုဒ် ပြဋ္ဌာန်း, ရှေးရှိသော သမာသ်သည် "အဗျယီဘော သမာသ်" မည်၏၊ ၎င်းပုဒ်ကို ဝိဂ္ဂဟပြုလိုသောအခါ ရှေးဖြစ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၌ ပထမာဝိဘတ် အမြဲထားရ၏၊ နောက်ပုဒ်၌ကား ဝိဘတ်၇–သွယ် သင့်လျော်ရာ ထားရ၏၊ နိပ္ဖန္နပုဒ်မှာ နပုံလိင် ဧကဝုစ် အမြဲ ထားရ၏၊ ထို့ပြင် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို တိုက်ရိုက်မသုံးဘဲ ၎င်းတို့၏ ကိုယ်စား ၎င်းတို့၏အနက်ကို ဟောသောပုဒ်ဖြင့် ဝိဂ္ဂဟ ပြုရ၏။ အောက်ပါ ပုံစံများကို သေချာစွာ စဉ်းစား၍ လေ့လာကြည့်ရှုပါ။

**ပထမာ။** ။ယေ ယေ ဝုဍ္ဎာ ယထာဝုဍ္ဎံ။

http://www.dhammadownload.com



**ဒုတိယာ။** ။စိတ္တမဓိကိစ္စ ပဝတ္တာတိ အဓိစိတ္တံ။ အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တံ။

**တတိယာ။** ။ကောကိလေန အဝကုဋ္ဌ အဝကောကိလံ။ သဟမက္ခိကာယ သမက္ခိကံ။

**စတုတ္ထီ။** ။ကမဿ အနုရူပံ ယထာက္ကမံ။

**ပဉ္စမီ။** ။ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ။ အာ ပါဏကောဋိယာ အာပါဏကောဋိကံ။ အာ ကုမာရေဟိ ပဝတ္တတီတိ အာကုမာရံ။

**ဆဋ္ဌီ။** ။နဂရဿ သမီပန္တိ ဥပနဂရံ၊ ဒရထာနံ အဘာဝေါ နိဒ္ဒရထံ၊ ဝါတဿ ပစ္ဆာ အနုဝါတံ၊ သောတဿ ပဋိလောမံ ပဋိသောတံ၊ ဇေဋ္ဌာနံ အနုပုဗ္ဗော အနုဇေဋ္ဌံ၊ ဘိက္ခာယ သမိဒ္ဓိ သုဘိက္ခံ၊ ဝုၮ္ဍာနံ ပဋိပါဋိ ယထာဝုၮ္ဍံ၊ ပါသာဒဿ အန္တော အန္တောပါသာဒံ၊ ဘတ္တဿ ပုရေ ပုရေဘတ္တံ၊ ဇီဝဿ ယတ္တကော ပရိစ္ဆေဒေါ ယာဝဇီဝံ၊ ယတ္တကေန အတ္ထော ယာဝဒတ္ထံ၊ ပဗ္ဗတဿ ပရဘာဂေါ တိရောပဗ္ဗတံ။

**သတ္တမီ။** ။ကုမာရီသု အဓိကိစ္စ ပဝတ္တာတိ အဓိကုမာရိ။

**ဝိစ္ဆာ။** ။အဒ္ဓမာသံ အဒ္ဓမာသံ အနု အနွဒ္ဓမာသံ၊ ယေ ယေ ဝုၮ္ဍာ ယထာဝုၮ္ဍံ၊ အတ္တာနံ အတ္တာနံ ပတိ ပစ္စတ္တံ။

**ဝိဘတျတ္ထ။** ။အတ္တနာတိ ပစ္စတ္တံ။ ဣတ္ထီယန္တိ အဓိတ္ထိ။

---

## ၂။ ကမ္မဓာရယ်သမာသ် ဝိဂ္ဂဟပြုနည်း

ရှေ့ပုဒ် နောက်ပုဒ် အရတူသော သမာသ်ပုဒ်သည် "ကမ္မဓာရယ်သမာသ်" မည်၏၊ ၎င်းပုဒ်ကို ဝိဂ္ဂဟပြုသောအခါ ရှေ့ပုဒ်နောက်ပုဒ် နှစ်ခုလုံးမှာ ပဌမာ ချည်းသာ ထားရ၏။ ရှိပုဒ်ဌ နောက်ပုဒ်၏ လိင်, ဝုစ်အကိုင်း လိင်, ဝုစ်ရ၏။ အောက်ပါပုံစံများကို သေချာစွာ ကြည့်ပါ။

**ဝိသေသနပုဗ္ဗပဒ။** ။မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော၊ မဟန္တံ ဗလံ မဟာဗလံ။

**ဝိသေသနပရပဒ။** ။ဂဏော စ သော ဥတ္တမော စာတိ ဂဏုတ္တမော၊ ထေရော စ သော သာရိပုတ္တော စာတိ သာရိပုတ္တတ္ထေရော။

**ဝိသေသနောဘယပဒ။** ။သဏှော စ သော သခုမော စာတိ သဏှ သုခုမော၊ သီတဉ္စ တံ ဥဏှဉ္စာတိ သီတုဏှံ။

**ဥပမာနုတ္တရပဒ။** ။သီဟော ဝိယာတိ သီဟော၊ မုနိ စ သော သီဟော စာတိ မုနိသီဟော၊ ရံသိ ဝိယာတိ ရံသိ၊ သဒ္ဓမ္မော စ သော ရံသိ စာတိ သဒ္ဓမ္မရံသိ။

http://www.dhammadownload.com



**သမ္ဘာဝနာပုဗ္ဗပဒ။** ။အနိစ္စာဣတိ သညာ အနိစ္စသညာ၊ ဓမ္မောဣတိ ဗုဒ္ဓိ ဓမ္မဗုဒ္ဓိ၊ (ဣတိ၊ ဟုတွာ၊ ဘူတ၊ သင်္ခါတ-တို့ ကြေနိုင်သည်။)

**အဝဓာရဏာပုဗ္ဗပဒ။** ။ဂုဏော ဧဝ ဓနံ ဂုဏဓနံ၊ စက္ခု ဧဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ။

**န နိပါတပုဗ္ဗပဒ။** ။န ဗြာဟ္မဏော အဗြာဟ္မဏော၊ န အဿော အနဿော။

**ကုနိပါတပုဗ္ဗပဒ။** ။ကုစ္ဆိတော ပုတ္တော ကုပုတ္တော၊ ကုစ္ဆိတံ အသနံ ကဒသနံ။

**ပါဒိပုဗ္ဗပဒ။** ။ပဓာနံ ဝစနံ ပါဝစနံ၊ ဝိဝိဓာ မတိ ဝိမတိ၊ သမံ အာဓာနံ သမာဓာနံ၊ ဝိဝိဓော ကပ္ပေါ ဝိကပ္ပေါ၊ အဓိကော ဒေဝေါ အဓိဒေဝေါ၊ သုန္ဒရော ဂန္ဓော သုဂန္ဓော၊ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓော၊ သောဘနံ ကတံ သုကတံ၊ အသောဘနံ ကတံ ဒုက္ကဋံ။

## ၃။ ဒိဂုသမာသ် ဝိဂ္ဂဟပြုနည်း

သင်္ချာရေးရှိသော သမာသ်သည် "ဒိဂုသမာသ်"မည်၏၊ (ဤဒိဂုသမာသ်သည် ကမ္မဓာရည်း သမာသ်မျိုးပင်တည်း၊ သင်္ချာရေးရှိသောကြောင့် 'ဒိဂု'ဟူသော အမည်ထူးကို ရခြင်း ဖြစ်သည်။) ၎င်းကို ဝိဂ္ဂဟပြုလိုလျှင် ရှေ့ပဒ, နောက်ပဒ နှစ်ခုလုံးတို့၌ ပဌမာဝိဘတ်ချည်း ထားရ၏၊ သမာဟာရဒိဂု၌ နိပ္ဖန္နကို နပုံး, ဧကဝုစ် ချရ၏၊ အသမာဟာရဒိဂု၌ကား လိင်သုံးပါး ဝုစ်နှစ်ပါး ချနိုင်၏။

**သမာဟာရ။** ။တယော လောကာ တိလောကံ၊ စတဿော ဒိသာ စတုဒ္ဒိသံ။

**အသမာဟာရ။** ။ပဉ္စ ဣန္ဒြိယာနိ ပဉ္စိန္ဒြိယာနိ၊ ဧကော စ သော ပုဂ္ဂလော စာတိ ဧကပုဂ္ဂလော၊ တယော ဘဝါ တိဘဝါ၊ စတဿော ဒိသာ စတုဒ္ဒိသာ။

## ၄။ တပ္ပုရိသ်သမာသ် ဝိဂ္ဂဟပြုနည်း

နောက်ပုဒ်အနက် ပြဋ္ဌာန်းသော သမာသ်သည် "တပ္ပုရိသ်သမာသ်"မည်၏။ ၎င်းကို ဝိဂ္ဂဟပြုလိုလျှင် ရှေ့ပုဒ်မှာ ဒုတိယာစသော ဝိဘတ်၆-သွယ်မှ သင့်လျော်ရာထားရ၏။ (ပဌမာဝိဘတ်ကိုကား ထား၍ မဖြစ်၊ ပဌမာဝိဘတ်ကို ထားလျှင် ကမ္မဓာရယ် ဖြစ်သွားလိမ့်မည်၊) နောက်ပုဒ်၌ ပဌမာဝိဘတ် ထားရ၏၊ နိပ္ဖန္နပုဒ်ကို လိင်သုံးပါး, ဝုစ်နှစ်ပါး လျော်သလို ထားရ၏။

**ဒုတိယာ။** ။ဘူမိံ ဂတော ဘူမိဂတော၊ သဗ္ဗရတ္တိံ သောဘနော သဗ္ဗရတ္တိသောဘနော။

http://www.dhammadownload.com



**တတိယာ။** ။သလ္လေန ဝိဒ္ဓေါ သလ္လဝိဒ္ဓေါ၊ ဗုဒ္ဓေန ဘာသိတော ဗုဒ္ဓဘာသိတော။

**စတုတ္ထီ။** ။ကထိနဿ ဒုဿံ ကထိနဒုဿံ၊ ယာဂုယာ အတ္ထာယ တဏ္ဍုလာ ယာဂုတဏ္ဍုလာ၊ သံဃဿ အတ္ထာယ ဘတ္တံ သံဃဘတ္တံ။

**ပဉ္စမီ။** ။စောရာ ဘယံ စောရဘယံ၊ မေထုနသ္မာ အပေတော မေထုနာပေတော၊ ဥက္ကဋ္ဌတော ဥက္ကဋ္ဌ ဥက္ကဋ္ဌုက္ကဋ္ဌံ။

**ဆဋ္ဌီ။** ။ရညော ပုတ္တော ရာဇပုတ္တော၊ သပ္ပိဿ ကုမ္ဘော သပ္ပိကုမ္ဘော၊ ဒေဝါနံ ရာဇာ ဒေဝရာဇာ။ (ဒေဝဒတ္တဿ ဂရုကုလံ၊ ဘဂဝတော သာဝကသံဃော- စသောပုံစံများ၌ကား သမာသ်မနေဘဲ ဝါကျလည်း နေနိုင်၏-ဟူလို။)

**သတ္တမီ။** ။သံသာရေ ဒုက္ခံ သံသာရဒုက္ခံ၊ ဝနေ ပုပ္ဖံ ဝနပုပ္ဖံ၊ ဣတ္ထိယာ ဓုတ္တော ဣတ္ထိဓုတ္တော။

**အထူး။** ။အန္တံ အတိက္ကန္တာတိ အစ္စန္တံ၊ ဝေလံ အတိက္ကန္တောတိ အတိဝေလော၊ မာသံ အတိက္ကန္တောတိ အတိမာသော၊ အက္ခံ ပတိဂတံ နိဿိတန္တိ ပစ္စက္ခံ၊ အတ္ထံ အနုဂတန္တိ အန္ဝတ္ထံ၊ ကောကိလာယ အဝကုဋ္ဌန္တိ အဝကောကိလံ၊ ကမ္မဿ အလံ သမတ္ထောတိ အလံကမ္မော၊ ဝစနာယ အလန္တိ အလံဝစနီယာ၊ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ၊ ကိလေသေဟိ နိက္ခန္တောတိ နိက္កိလေသော၊ အာစရိယတော ပရောတိ ပါစရိယော၊ ဂင်္ဂါယ ဥပရိ ဥပရိဂင်္ဂံ၊ ဟံသာနံ ရာဇာ ရာဇဟံသော၊ မာသဿ အဍ္ဎံ အဍ္ဎမာသံ၊ ရတ္တိယာ အမုံ အမုရတ္တံ၊ အဟဿ ပုဗ္ဗံ ပုဗ္ဗဏှံ။ (ဒုရာဇာနမဂ္ဂတပ္ပုရိသ်-များတည်း၊ အဗျယီဘောလည်း သင့်မည်ပင်။)

**အဆန်း။** ။ဒိဋ္ဌော ပုဗ္ဗန္တိ ဒိဋ္ဌပုဗ္ဗော တထာဂတံ၊ ဒိဋ္ဌာ ပုဗ္ဗန္တိ ဒိဋ္ဌပုဗ္ဗာ ဒေဝါ၊ အပုနဂေယျာ ဂါထာ၊ အစန္ဒမုလ္လောကိကာနိ မုခါနိ၊ အသဒ္ဓဘောဇီ၊ အလဝဏဘောဇီ၊ အနောကာသံ ကာရေတွာ၊ အနတ္တကာမာ၊ အသဇ္ဈာယကာဒါယကော။ (၎င်းတို့သည်ကား သမာသ်အမည်သာမညသာ ရကြသည်၊ သဒ္ဒနီတိကား- 'တပ္ပုရိသ်' သမာသ်ဟု ဆို၏။)

---

## ၅။ ဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုနည်း

အညပုဒ်အနက်ကို အရကောက်ရသော သမာသ်သည် "ဗဟုဗ္ဗီဟိသမာသ်" မည်၏၊ ၎င်းကို ဝိဂ္ဂဟပြုလိုလျှင် ရှေ့နှစ်ပုဒ်မှာ ယေဘုယျအားဖြင့် ပထမာဝိဘတ် ထားရ၏၊ အညပုဒ်မှာ ဝိဘတ်၇-သွယ်ထဲမှ သင့်လျော်ရာ ထားရ၏။ နိဂ္ဂဟပုဒ်ကို လိုင်သုံးပါး, ဝုစ်နှစ်ပါး လျော်ရာထားရ၏။ ပုံစံကို သေချာစွာ လေ့လာပါ။

http://www.dhammadownload.com



"သမာသ်ပုဒ် တစ်စိတ်ဖြစ်သော ကြိယာက ကံကိုင်ခြင်း, ယင်း ကံသည်ပင် အညပုဒ်အရ ဖြစ်နိုင်ခြင်း"ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် ဒုတိယာဗဟုဗ္ဗီဟိပြု၊ "သမာသ်ပုဒ်တစ်စိတ်ဖြစ်သော ကြိယာက ကတ္တားကိုင်ခြင်း, ယင်းကတ္တားသည်ပင် အညပုဒ်အရ ဖြစ်နိုင်ခြင်း"ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံလျှင် တတိယာ ဗဟုဗ္ဗီဟိ-ပြု စသည်ဖြင့် သိပါလေ။

**ဒွိပဒတုလျာဓိကရဏ။** ။အာဂတာ သမဏာ ဣမံ သံဃာရာမန္တိ အာဂတသမဏော၊ ပဋိပန္နာ အဒ္ဓိကာ ယံ ပထန္တိ ပဋိပန္နဒ္ဓိကော၊ အဘိရူဠှာ ဝါဏိဇာ ယံ နာဝန္တိ အဘိရူဠှဝါဏိဇာ၊ ဇိတာနိ ဣန္ဒြိယာနိ အနေန သမဏေ- နာတိ ဇိတိန္ဒြိယော၊ ဇိတာ မာရော အနေနာတိ ဇိတမာရော၊ ဒိန္နော သုင်္ကော ယဿာတိ ဒိန္နသုင်္ကော၊ ဥပနီတံ ဘောဇနံ ယဿာတိ ဥပနီတဘောဇနော၊ နိဂ္ဂတာ ဇနာ အသ္မာ ဂါမာတိ နိဂ္ဂတဇနော၊ ဆိန္နော ဟတ္ထော ယဿာတိ ဆိန္နဟတ္ထော၊ ဆန္နော ဇာတော ယဿာတိ ဆန္နဇာတော၊ သမ္ပန္နာနိ သဿာနိ ယသ္မိံ ဇနပဒေတိ သမ္ပန္နသဿော၊ သုလဘော ပိဏ္ဍော အသ္မိံ ပဒေသေတိ သုလဘပိဏ္ဍော။

**ဒွိပဒဘိန္နာဓိကရဏ။** ။ဧကရတ္တိံ ဝါသော အဿာတိ ဧကရတ္တိဝါသော၊ သမာနေန ဇနေန သဒ္ဓိံ ဝါသော အဿာတိ သမာနဝါသော၊ ဥဘတော ဗျဉ္ဇနံ အဿာတိ ဥဘတောဗျဉ္ဇနကော၊ ဆတ္တံ ပါဏိမှိ အဿာတိ ဆတ္တပါဏိ၊ ဒါနေ အဇ္ဈာသယော အဿာတိ ဒါနဇ္ဈာသယော။

**တိပဒ။** ။ပရက္ကမေန အဓိဂတာ သမ္ပဒါ ယေဟီတိ ပရက္ကမာဓိဂတသမ္ပဒါ၊ ဩဏီတော ပတ္တတော ပါဏိ ယေနာတိ ဩနီတပတ္တပါဏိ၊ သီဟဿ ပုဗ္ဗဒ္ဓံ ဝိယ ကာယော အဿာတိ သီဟပုဗ္ဗဒ္ဓကာယော၊ မတ္တာ ဗဟဝေါ မာတင်္ဂါ အသ္မိံတိ မတ္တဗဟုမာတင်္ဂေါ။

**န နိပါတပုဗ္ဗပဒ။** ။နတ္ထိ ဧတဿ သမောတိ အသမော၊ နတ္ထိ သံဝါသော ဧတဿာတိ အသံဝါသော။

**သဟပုဗ္ဗပဒ။** ။သဟ ဟေတုနာ ယော ဝတ္တတီတိ သဟေတုကော၊ သဟ ပီတိယာ ယေ ဝတ္တန္တီတိ သပ္ပီတိကာ။

**ဥပမာနပုဗ္ဗပဒ။** ။နိဂြောဓော ဣဝ ပရိမဏ္ဍလော ယော ရာဇကုမာရောတိ နိဂြောဓပရိမဏ္ဍလော၊ သင်္ခေါ ဝိယ ပဏ္ဍရော အယန္တိ သင်္ခပဏ္ဍရော၊ ကာကော ဝိယ သူရော အယန္တိ ကာကသူရော၊ စက္ခု ဝိယ ဘူတော အယန္တိ စက္ခုဘူတော၊ တဏ္ဍုကုလကမိဝ ဇာတာ အယန္တိ တဏ္ဍုကုလကဇာတာ။

http://www.dhammadownload.com



**သင်္ချာဘယ**။ ။ဒွေ ဝါ တယော ဝါ ပတ္တာ ဒွတ္တိပတ္တာ၊ ဒွိဟံ ဝါ တီဟံ ဝါ ဒွိဟတီဟံ၊ ဆ ဝါ ပဉ္စ ဝါ ဝါစာ ဆပ္ပဉ္စဝါစာ။

**ဒိသန္တရာဥတ္တ**။ ။ပုဗ္ဗဿာ စ ဒက္ခိဏဿာ စ ယဒန္တရာဋ္ဌ်ိ ပုဗ္ဗဒက္ခိဏာ။

**ဗျတိဟာရ**။ ။ကေသေသု ကေသေသု ဂဟေတွာ ဣဒံ ပဝတ္တတီတိ ကေသာကေသိ။ ဒဏ္ဍေဟိ ဒဏ္ဍေဟိ ပဟာရိတွာ ဣဒံ ပဝတ္တတီတိ ဒဏ္ဍာဒဏ္ဍိ၊ ယုဒ္ဓံ။

**အထူး**။ ။မာသော ဇာတဿ အဿာတိ မာသဇာတော။ ("ဗာဟိရတ္ထ ဗဟုဗ္ဗီဟိ" ခေါ်သတဲ့။)

---

## ဒွန်သမာသ် ဝိဂ္ဂဟပြုနည်း

နှစ်ပုဒ်လုံး ပြဓာန်းသော (အရကောက်ရသော) သမာသ်သည် "ဒွန်သမာသ်" မည်၏။ ၎င်းကို ဝိဂ္ဂဟပြုလိုလျှင် ရှေ့ပုဒ် နောက်ပုဒ်တို့၌ ပဌမာဝိဘတ် ထားရ၏၊ နိပ္ဖန္နပုဒ်ကို သမာဟာရဒွန်သမာသ်၌ နပုံးကေဝုစ် အမြဲထားရ၏၊ အသမာဟာရဒွန်သမာသ်၌ကား နောက်ပုဒ်အတိုင်း လိင်သုံးပါး, ဝုစ်နှစ်ပါး သင့်ရာ ထားရ၏။

**သမာဟာရ**။ ။စက္ခု စ သောတဉ္စ စက္ခုသောတံ၊ မုခဉ္စ နာသိကာ စ မုခနာသိကံ။

**အသမာဟာရ**။ ။သာရိပုတ္တော စ မောဂ္ဂလ္လာနော စ သာရိပုတ္တ မောဂ္ဂလ္လာနာ၊ မာတာ စ ပိတာ စ မာတာပိတရော။

ဝဝဝဝဝ

သမာသ်ပုဒ် ဝိဂ္ဂဟပြုနည်း ပြီး၏။

http://www.dhammadownload.com



## တဒ္ဓိတ်ပုဒ် ဝိဂ္ဂဟပြုနည်း

တဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုလိုလျှင် ပထမဦးစွာ ပုဒ်နှင့်ပစ္စည်းကို ခွဲထားရ၏၊ ထို့နောက် ပုဒ်၏ အရ ပစ္စည်း၏ အရတို့ကို ကောက်ထားရ၏၊ ထို့နောက် ပုဒ်၏ အရနှင့် ပစ္စည်း၏ အရတို့၏ ဆက်စပ်ဟန်ကို မှန်ကန်အောင် စဉ်းစားရ၏၊ ထို့နောက်မှ ပစ္စည်းက ဟောသောပုဒ်ကို သွင်း၍ ဝိဂ္ဂဟပြုရ၏။

**တဒ္ဓိတ်အပြား။** ။တဒ္ဓိတ်သည် (ပုဒ်စစ်ကျမ်းအလို) သာမညတဒ္ဓိတ်, ဘာဝတဒ္ဓိတ်, အဗျယတဒ္ဓိတ်, သွတ္ထတဒ္ဓိတ်–ဟု ၄–မျိုးသာ ရှိ၏၊ သာမညတဒ္ဓိတ်ကမှတစ်ဖန် အပစ္စတဒ္ဓိတ်စသည်ဖြင့် ပြားသွားခြင်း ဖြစ်၏။

### ၁။ သာမညတဒ္ဓိတ် ဝိဂ္ဂဟပြုနည်း

သာမညတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုလိုလျှင် လိင်ပုဒ်တွင် ဝိဘတ် ၇–သွယ်ထဲမှ သင့်လျော်ရာကို ထားရ၏၊ ပစ္စည်း၏ ကိုယ်စားလှယ်ဖြစ်သော ပုဒ်ကို ပထမာဝိဘတ်ဖြင့် ထားရ၏၊ နိပ္ဖန္နပုဒ်ကို အရကောက်နှင့်လျော်ညီအောင် လိင်, ဝုစ်ထားရ၏၊ အောက်ပါ ပုံစံများကို သေချာစွာရှုပါ။

**အပစ္စတဒ္ဓိတ်။** ။(ဏပစ္စည်း) ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ။ (ဏာယနပစ္စည်း) ဝစ္ဆဿ အပစ္စံ ဝစ္ဆာယနော။ (ဏာနပစ္စည်း) ဝစ္ဆဿ အပစ္စံ ဝစ္ဆာနော။ (ဏေယျပစ္စည်း) ကတ္တိကာယ အပစ္စံ ကတ္တိကေယျော။ (ဏိပစ္စည်း) ဒက္ခဿ အပစ္စံ ဒက္ခိ။ (ဏိကပစ္စည်း) သကျပုတ္တဿ အပစ္စံ သကျပုတ္တိယော, သကျပုတ္တိကော။ (ဏဝပစ္စည်း) ဥပဂုဿ အပစ္စံ ဩပဂဝေါ။ (ဏေရပစ္စည်း) ဝိဓဝါယ အပစ္စံ ဝေဓဝေရော။

**သံသဋ္ဌတဒ္ဓိတ်။** ။(ဏိကပစ္စည်း) တိလေန သံသဋ္ဌံ တေလိကံ၊ နာဝါယ တရတီတိ နာဝိကော၊ သကဋေန စရတီတိ သာကဋိကော၊ သီသေန ဝဟတီတိ သီသိကော၊ ပရဒါရံ ဂစ္ဆတီတိ ပါရဒါရိကော၊ ဝိနယံ အဓီတေတိ ဝေနယိကော၊ ကာယေန ကတော ကာယိကော၊ သရီရေ သန္နိဓာနာ သာရီရိကာ၊ ဒွါရေ နိယုတ္တော ဒေါဝါရိကော၊ ဝိဇ္ဇာ အဿ သိပ္ပန္တိ ဝေဇ္ဇိကော၊ ဂန္ဓော အဿ ဘဏ္ဍန္တိ ဂန္ဓိကော၊ ဥရဗ္ဘံ ဟန္တွာ ဇီဝတီတိ ဩရဗ္ဘိကော၊ ဇာလေန ဟတောတိ ဇာလိကော (ငါး ရ၏)၊ ဇာလေန ဟနတီတိ ဇာလိကော (တံငါ ရ၏)၊ သုတ္တေန ဗဒ္ဓေါတိ သုတ္တိကော၊ ဝတ္ထေန ကီတန္တိ ဝတ္ထိကံ၊ အက္ခေန ဒိဗ္ဗတီတိ အက္ခိကော၊ ဓာပေါ အဿ အာဝုဓောတိ ဓာပိကော၊ ဝါတော အဿ အာဗာဓောတိ ဝါတိကော၊ ဗုဒ္ဓေ ပသန္နောတိ ဗုဒ္ဓိကော၊ ဗုဒ္ဓဿ သန္တကောတိ ဗုဒ္ဓိကော၊ ကုမ္ဘော အဿ

http://www.dhammadownload.com



ပရိမာဏန္တိ ကုမ္ဘိကော၊ ကုမ္ဘံ အရဟာတီတိ ကုမ္ဘိကော၊ ဖေါ် ပသာတိ ဣမံ ဝိဓိံ အရဟာတီတိ ဖေါ်ပသိကော၊ ပံသုကူလံ သီလံ ဧတဿာတိ ပံသုကူလိကော၊ အပါယေ ဇာတောတိ အာပါယိကော၊ ဝဿေသု ဇာတောတိ ဝဿိကော၊ ရာဇဂဟေ ဇာတော, ဝသတီတိ ဝါ ရာဇဂဟိကော၊ လောကေ ဝိဒိတော လောကိကော၊ လောကာယ သံဝတ္တတီတိ လောကိကော၊ ပိတိတော အာဂတန္တိ ပေတ္တိကံ၊ ပိတုတော သမ္ဘူတန္တိ ပေတ္တိကံ၊ စတုမဟာရာဇေ ဘတ္တိ ဧတေသန္တိ စာတုမဟာရာဇိကာ။

**ရာဂါဒိတဒ္ဓိတ်။** ။(ဏပစ္စည်း) ကသာဝေန ရတ္တံ ကာသာဝံ၊ မဟိံသဿ ဣဒံ မာဟိံသံ၊ ဥဒုမ္ဗရဿ အဝိဒူရေ ဘဝန္တိ ဩဒုမ္ဗရံ၊ မနသိ ဘဝံ မာနသံ၊ သရဒေ ဇာတော သာရဒေါ၊ မဓုရာယ ဇာတော မာဓုရော၊ မဓုရာယ အာဂတော မာဓုရော၊ မဓုရာ အဿ နိဝါသော မာဓုရော၊ မဓုရာယ ဣဿရော မာဓုရော၊ ကတ္တိကာယ ယုတ္တော မာသော ကတ္တိကော၊ ဗုဒ္ဓေါ အဿ ဒေဝတာ ဗုဒ္ဓေါ၊ ဗျာကရဏံ အဓီတေ ဝေယျာကရဏော၊ ဝသာတိန္နံ ဝိသယော ဝါသာတော၊ ဥဒုမ္ဗရာ အသ္မိံ ပဒေသေ သန္တီတိ ဩဒုမ္ဗရော၊ သဟဿေန နိယုတ္တာ သာဟဿီ၊ အယသော ဝိကာရော အာယသော၊ ပုရိသော ပမာဏံ အဿာတိ ပေါရိသံ။ (ဏေယျပစ္စည်း) ဗာရာဏသိယံ ဇာတော ဗာရာဏသေယျကော၊ ပထဿ ဟိတံ ပါထေယျံ၊ ဒက္ခိဏံ အရဟာတီတိ ဒက္ခိဏေယျော။

**ဇာတာဒိတဒ္ဓိတ်။** ။(ဣမ၊ ဣယ၊ ဣကပစ္စည်း) ပစ္ဆာ ဇာတော ပစ္ဆိမော၊ မနုဿဇာတိယာ ဇာတော မနုဿဇာတိယော၊ အန္တေ နိယုတ္တော အန္တိမော၊ အန္တိယော၊ အန္တိကော။ ပုတ္တော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ပုတ္တိမော၊ ပုတ္တိယော၊ ပုတ္တိကော။ ဗောဓိယာ ပက္ခေ ဘဝါ ဗောဓိပက္ခိယာ၊ အတ္တနော ဣဒန္တိ အတ္တနိယံ။ (ကိယပစ္စည်း) ဇာတိယာ နိယုတ္တော ဇာတိကိယော၊ သဿ အယန္တိ သကိယော။ (ယပစ္စည်း) ကမ္မနိ သာဓု ကမ္မညံ၊ ပါဒါနံ ဟိတံ ပဇ္ဇံ၊ ဂါမေ ဘဝေါ ဂမ္မော၊ ထနတော ဇာတံ ထညံ။ (ဏ္ယပစ္စည်း) ပရိသာယံ သာဓု ပါရိသဇ္ဇော။

**သမူဟာတဒ္ဓိတ်။** ။(ကဏ်၊ ဏပစ္စည်း) ရာဇပုတ္တာနံ သမူဟော ရာဇပုတ္တကော၊ ရာဇပုတ္တော။ တိဏ္ဏံ သမူဟော ဘယံ။ (တာပစ္စည်း) ဂါမာနံ သမူဟော ဂါမတာ။

**ဌာနတဒ္ဓိတ်။** ။(ဣယပစ္စည်း) မဒနဿ ဌာနံ မဒနိယံ။ ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။

**ဥပမာတဒ္ဓိတ်။** ။(အာယိတတ္တပစ္စည်း) ဓူမော ဝိယ ဒိဿတီတိ ဓူမာယိတတ္တံ။

http://www.dhammadownload.com



**နိဿိတတဒ္ဓိတ်။** ။(လ, ပစ္စည်း) ဒုဋ္ဌု နိဿိတံ ဒုဋ္ဌုလ္လံ။

**ဗဟုလတဒ္ဓိတ်။** ။(အာလုပစ္စည်း) အဘိဇ္ဈာ အဿ ပကတိ, အဘိဇ္ဈာ အဿ ဗဟုလာတိ အဘိဇ္ဈာလု၊ အဘိဇ္ဈာလုကော။

**ဝိသေသတဒ္ဓိတ်။** ။(တရ၊ တမ၊ ဣသိက၊ ဣယ၊ ဣဋ္ဌပစ္စည်း) ဝိသေ သေန ပါပေါတိ ပါပတရော၊ ပါပတမော၊ ပါပိသိကော၊ ပါပိယော၊ ပါပိဋ္ဌော။ ဝိသေသေန ဝုဍ္ဎောတိ ဇေယျော၊ ဇေဋ္ဌော။ ဝိသေသေန ပသတ္ထောတိ သေယျော၊ သေဋ္ဌော။ ဝိသေသေန အန္တိကောတိ နေဒိယော၊ နေဒိဋ္ဌော။ ဝိသေသေန ဗာဠှောတိ သာဓိယော၊ သာဓိဋ္ဌော။ ဝိသေသေန အပ္ပေါတိ ကနိယော၊ ကနိဋ္ဌော။ ဝိသေသေန ယုဝါတိ ကနိယော၊ ကနိဋ္ဌော။ ဝိသေသေန ဂုဏဝါတိ ဂုဏိယော၊ ဂုဏိဋ္ဌော။ ဝိသေသေန သတိမာတိ သတိယော သတိဋ္ဌော။ ဝိသေ သေန မေဓာဝီတိ မေဓိယော၊ မေဓိဋ္ဌော။

**အဿတ္ထိတဒ္ဓိတ်။** ။(ဝီပစ္စည်း) မေဓာ အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မေဓာဝီ။ (သပစ္စည်း) သုမေဓာ အဿ အတ္ထီတိ သုမေဓသော။ (ဣလပစ္စည်း) ပိစ္ဆ အဿ အတ္ထီတိ ပိစ္ဆိလော။ (ဝ, ပစ္စည်း) ကေသာ အဿ အတ္ထီတိ ကေသ-ဝေါ။ (အာလပစ္စည်း) ဝါစာ အဿ အတ္ထီတိ ဝါစာလော။ (သီပစ္စည်း) တပေါ အဿ အတ္ထီတိ တပဿီ။ (ဣက၊ ဣပစ္စည်း) ဒဏ္ဍော အဿ အတ္ထီတိ ဒဏ္ဍိကော၊ ဒဏ္ဍီ။ (ရ, ပစ္စည်း) မဓု အဿ အတ္ထီတိ မဓုရော။ (ဝန္တုပစ္စည်း) ဂုဏော အဿ အတ္ထီတိ ဂုဏဝါ။ (မန္တုပစ္စည်း) သတိ အဿ အတ္ထီတိ သတိမာ၊ အာယု အဿ အတ္ထီတိ အာယသ္မာ။ (ဏပစ္စည်း) သဒ္ဓါ အဿ အတ္ထီတိ သဒ္ဓေါ။ (တ္တက ပစ္စည်း) ယံ ပရိမာဏံ အဿ အတ္ထီတိ ယတ္တကံ။ (အာဝန္တုပစ္စည်း) ယံ ပရိမာဏံ အဿ အတ္ထီတိ ယာဝါ။

**ပကတိတဒ္ဓိတ်။** ။(မယပစ္စည်း) သုဝဏ္ဏေန ပကတော သောဝဏ္ဏ မယော၊ ဂေါဏာ နိဗ္ဗတ္တံ ဂေါမယံ။

**ပူရဏတဒ္ဓိတ်။** ။(တိယပစ္စည်း) ဒွိန္နံ ပူရဏော ဒုတိယော၊ တိဏ္ဏံ ပူရဏော တတိယော။ (ထပစ္စည်း) စတုန္နံ ပူရဏော စတုတ္ထော။ (မ, ပစ္စည်း) ပဥ္စန္နံ ပူရဏော ပဥ္စမော။ (ဌပစ္စည်း) ဆန္နံ ပူရဏော ဆဋ္ဌော၊ သတ္တန္နံ ပူရဏော သတ္တမော-စသည်။ ဧကာဒသန္နံ ပူရဏော ဧကာဒသမော၊ ဧကာဒသော၊ ဧကာ ဒသီ၊ ဧကာဒသံ- စသည်။

**သင်္ချာတဒ္ဓိတ်။** ။ဧကဉ္စ ဒသ စ ဧကာဒသ။ ဧကေန ဝါ အဓိကာ ဒသ ဧကာဒသ။ ဒသ စ ဒသ စ ဝီသတိ။ သတဿ ဒွိကံ ဒွိသတံ။ ဒွေ သတာနိ

http://www.dhammadownload.com



ပရိမာဏာနိ အဿာတိ ဒွိသတံ။ အမေန ဒုတိယော ဒိဝမော၊ ဒိယမော။ အမေန တတိယော အမုတိယော၊ အမုတေယျော။ အမေန စတုတ္ထော အမုမော။

## ၂။ ဘာဝတဒ္ဓိတ် ဝိဂ္ဂဟပြုနည်း

ဘာဝတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုသောအခါ လိင်ပုဒ်ကို ဆဋ္ဌီဝိဘတ်ဖြင့် အမြဲ ထားရ၏။ ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ်ကို ပထမာဝိဘတ်ဖြင့် ထားရ၏။ နိပ္ဖန္နပုဒ်တွင် ဏျပစ္စည်း, တ္တပစ္စည်း, တ္တနပစ္စည်း-သက်က နပုံးကေဝုစ် အမြဲ ချရ၏။ တာပစ္စည်းသက်က ဣတ္ထိလိင် အမြဲ ချရ၏။

(ဏျပစ္စည်း) အရောဂဿ ဘာဝေါ အာရောဂျံ။ (တ္တပစ္စည်း) ပံသုကူလိကဿ ဘာဝေါ ပံသုကူလိကတ္တံ။ (တ္တနပစ္စည်း) ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တနံ။ (တာပစ္စည်း) ယာစကဿ ဘာဝေါ ယာစကတာ။ (ဏေယျပစ္စည်း) သုစိဿ ဘာဝေါ သောစေယျံ။ (ဏပစ္စည်း) ဝိသမဿ ဘာဝေါ ဝေသမံ။ (ကဏ်ပစ္စည်း) ရမဏီယဿ ဘာဝေါ ရာမဏီယကံ။

## ၃။ အဗျယတဒ္ဓိတ် ဝိဂ္ဂဟပြုနည်း

အဗျယတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုသောအခါ ပုဒ်မှာရော ပစ္စည်း၏ကိုယ်စားလှယ် မှာပါ ဝိဘတ် ၇-သွယ် သင့်ရာ ထားရ၏။ နိပ္ဖန္နပုဒ်ကို ပစ္စည်း၏ ပုံစံအတိုင်း ထားရ၏။

(ဓာပစ္စည်း) ဧကေန ဝိဘာဂေန ဧကဓာ။ (ဇ္ဈပစ္စည်း) ဧကဓာ ကရောတီတိ ဧကဇ္ဈံ။ (သောပစ္စည်း) သုတ္တေန ဝိဘာဂေန သုတ္တသော။ (ထာပစ္စည်း) သော ပကာရော တထာ။ (ထတ္တာပစ္စည်း) သော ပကာရော တထတ္တာ။ (ထံပစ္စည်း) ကော ပကာရော ကထံ။ (က္ခတ္တုံပစ္စည်း) ဧကသ္မိံ ဝါရေ ဧကက္ခတ္တုံ။

အထူး။ ။ဣမသ္မိံ ကာလေ ဝါ ဒိဝသေ အဇ္ဇ။ သမာနေ ကာလေ သဇ္ဇု။ အပရသ္မိံ ဒိဝသေ အပရဇ္ဇု။ အဇ္ဇ ဘဝံ အဇ္ဇတနံ။ ဟတ္ထိနော ဣဝ ဟတ္ထိကာ။ ကုစ္ဆိတော သမဏော သမဏကော။ အနုကမ္ပိတော ပုတ္တော ပုတ္တကော။

## ၄။ သွတ္ထတဒ္ဓိတ် ဝိဂ္ဂဟပြုနည်း

သွတ္ထတဒ္ဓိတ်ပုဒ်ကို ဝိဂ္ဂဟပြုသောအခါ ပစ္စည်း၏ ကိုယ်စားလှယ်ပုဒ် မလို တော့ဘဲ ၎င်းပုဒ်၏အစား ဝေသဒ္ဒါကို ထည့်ထားရ၏။ နိပ္ဖန္နပုဒ်ကိုကား တာပစ္စည်း စသည်ကဲ့သို့ ပစ္စည်း၏ လိင်သီးခြားရှိရာ၌ ထိုပစ္စည်း၏ လိင်အတိုင်း လိင်, ဝုစ်ချရ၏။ ထိုကဲ့သို့ သီးခြားမရှိရာ၌ကား နပုံးကေဝုစ် အမြဲ ချရ၏။

http://www.dhammadownload.com



အသင်္ခါရေယေဝ အသင်္ခါရိကံ။ နာမမေဝ နာမိကံ။ ဒေဝါယေဝ ဒေဝတာ။ ဒါနမေဝ ဒါနမယံ။ ကရုဏာယေဝ ကာရုညံ။ ကာယပါဂုညမေဝ ကာယပါဂုညတာ။

ဝဝဝဝဝ

တဒ္ဓိတ်ပုဒ် ဝိဂ္ဂဟပြုနည်း ပြီး၏။

## ကိတ်ပုဒ် ဝိဂ္ဂဟပြုနည်း

ကိတ်ပုဒ်ကို ဝိဂ္ဂဟပြုလိုလျှင် ပထမဆုံး ဓာတ်နှင့်ပစ္စည်းကို ခွဲထားပါ၊ ထို့နောက် ဓာတ်ကျမ်းအားလျော်စွာ ဓာတ်၏ အနက်ကို ရှာဖွေပါ၊ အရကောက်ကို ရှုလျက် ပစ္စည်း၏အနက်ကို ရှာဖွေပါ၊ ထို့နောက် အာချာတ်ပုဒ်ဖြင့် ဝိဂ္ဂဟပြုပါ။ ထိုသို့ ပြုရာ၌ ဓာတ်သည် "မည်သည့်ဂိုဏ်းဝင် ဓာတ်နည်း"ဟု ဓာတ်၏ ဂိုဏ်းကိုလည်း ရှာရ၏၊ အာချာတ်ဝိဘတ် ရှစ်သွယ်တွင် "မည်သည့်ဝိဘတ် သက်ရမည်နည်း"ဟု ဝိဘတ်ကိုလည်း ရှာရ၏။ အကယ်၍ ဝတ္တမာန်ဝိဘတ် သင့်အံ့၊ "ပရဿပုဒ်ဖြင့် ဝိဂ္ဂဟပြုရမည်လော၊ အတ္တနောပုဒ်ဖြင့် ဝိဂ္ဂဟပြုရမည်လော"ဟု ပုဒ်ကိုလည်း ရှာရ၏။ ပရဿပုဒ်ဖြင့် ဝိဂ္ဂဟပြုရမည်ဖြစ်အံ့၊ "မည်သည့် ပုရိသ်ဖြင့် ပြုရမည်နည်း"ဟု ပုရိသ်ကိုလည်း ရှာရ၏။ ပထမပုရိသ်ဖြင့် ပြုရမည် ဖြစ်အံ့၊ "မည်သည့်ဝုစ်ဖြင့် ပြုရမည်နည်း"ဟု ဝုစ်ကို ရှာရ၏။ ၄င်းအချက်များ စုံလင်မှ ဝိဂ္ဂဟပြုရ၏။

**ဆောင်။** ။ဂိုဏ်း ဝိဘတ္တိ၊ ပုဒ်ဒွိ ပုရိသ၊ ဝစန၊ ခွဲပြ ပြုလေပါ။

**နမူနာ။** ။မနသာ ဣမံ နဂရံ သမ္ဘတ္တာ ဟောန္တိ-၌ သမ္ဘတ္တာကို ဝိဂ္ဂဟပြုပြပါ။

သမ္ဘတ္တာသည် သံရေးရှိသော ပဒဓာတ်၊ တ, ပစ္စည်း ဖြစ်၏၊ ပဒဓာတ်သည် ရောခြင်းအနက်ကို ဟော၍ တ, ပစ္စည်းသည် ကတ္တားအနက်ကို ဟော၏၊ ပဒ ဓာတ်သည် ဒိဝါဒိဂဏိက ဖြစ်၏၊ ဝိဘတ်ရှစ်သွယ်ထဲမှ ဟောန္တိကိုထောက်၍ ဝတ္တမာန်ဝိဘတ်ကို သုံးရမည်၊ ထိုတွင်လည်း ပရဿပုဒ်ကို သုံးရမည်။ ထိုတွင်လည်း ပထမပုရိသ်ကို သုံးရမည်၊ ထိုတွင်လည်း ဗဟုဝုစ်ကို သုံးရမည်၊ ထို့ကြောင့် "သမ္ဘဇ္ဇန္တီတိ သမ္ဘတ္တာ"ဟု ဝိဂ္ဂြိုဟ် ပြုရ၏။ တစ်နည်းဆိုရသော် "ကိတ်ပုဒ်ကို ဝိဂ္ဂဟပြုခြင်း"ဟူသည် ကိတ်ကြိယာကို အာချာတ်ကြိယာသို့ ပြောင်းပြခြင်းပင် ဖြစ်၏၊ ထိုသို့ ပြောင်းရာ၌ ဓာတ်ကို ဓာတ်အတိုင်း ထား၍ ပစ္စည်းကို အာချာတ် ဝိဘတ်သို့ ပြောင်းပေးလိုက်ခြင်းပင် ဖြစ်သည်။ ပုံစံကို သေချာစွာ လေ့လာပါ။

http://www.dhammadownload.com



## ကတ္တုသာဓန ဝိဂ္ဂဟပြုနည်း

ဣတိအတွင်းရှိ ကြိယာပုဒ်ကိုရော ဣတိအပြင်ရှိ နိပ္ဖန္နပုဒ်ကိုပါ အဘိဓေယျကို ရှု၍ လိင်, ဝုစ် ထားရ၏။

(အနီယပစ္စည်း) ဂစ္ဆန္တီတိ ဂမနီယာ၊ ဘောဂါ။နိယျာတီတိ နိယျာနိယော၊ မဂ္ဂေါ။ (ဏပစ္စည်း) ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော။ (အ,ပစ္စည်း) အရိံ ဒမေတီတိ အရိန္ဒမော၊ ပုရေ ဒါနံ အဒါသီတိ ပုရိန္ဒဒေါ။ (ဏျုပစ္စည်း) အနံ့ ဒဒါတီတိ အန္နဒါယကော၊ ဇာနာတီတိ ဇာနနကော၊ သညာပေတီတိ သညာနကော။ (တုပစ္စည်း) ကရောတီတိ ကတ္တာ။ (အာဝီပစ္စည်း) ဘယံ ပဿတီတိ ဘယဒဿာဝီ။ (ရတ္ထုပစ္စည်း) သာသတီတိ သတ္ထာ။ (ရာတုပစ္စည်း) မာနေတီတိ မာတာ။ (ဏပစ္စည်း) ရုဇတီတိ ရောဂေါ။ (ကွိပစ္စည်း) သမ္ဘဝတီတိ သမ္ဘူ၊ ဥရေန ဂစ္ဆတီတိ ဥရဂေါ။ (ဦပစ္စည်း) လောကံ ဝိဒတီတိ လောကဝိဒူ။ (ရမ္မပစ္စည်း) ဓာရေတီတိ ဓမ္မော။ (ဏီပစ္စည်း) ပိယံ ပသံသတိ သီလေနာတိ ပိယပသံသီ။ (ယုပစ္စည်း) ဃောသိတံ သီလံ အဿာတိ ဃောသနော၊ ဝိဇာနာတီတိ ဝိညာဏံ။ (ရူပစ္စည်း) ဘဝပါရံ ဂမနသီလောတိ ဘဝပါရဂူ၊ ဘိက္ခနေ သာဓုကာရီတိ ဘိက္ခု။ (ဏုက ပစ္စည်း) ဘာယနသီလောတိ ဘီရုကော။ (ရ,ပစ္စည်း) သံဟနတီတိ သံဃော။ (ဣပစ္စည်း) ဥဒကံ ဒဓာတီတိ ဥဒဓိ၊ သမ္မာ စိတ္တံ အာဓိယတီတိ သမာဓိ။ (တိ ပစ္စည်း) မညတီတိ မတိ။ (ဣနပစ္စည်း) ဓိနာတီတိ ဓိနော။ (တ,ပစ္စည်း) ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ (တုကပစ္စည်း) အာဂစ္ဆတ်တိ အာဂန္တုကော။ (ဣကပစ္စည်း) ဂန္တုံ ဘဗ္ဗောတိ ဂမိကော။ (တ,ပစ္စည်း) အဘာဝီတိ ဘူတော။ (မာန၊ အန္တ ပစ္စည်း) ဂစ္ဆတီတိ ဂစ္ဆမာနော၊ ဂစ္ဆန္တော။ (တုံပစ္စည်း) ပုညာနိ ကာတု မိစ္ဆတီတိ ကာဝုံ။ (တွာပစ္စည်း) ကတွာ ကမ္မံ ဂစ္ဆတီတိ ကတွာ။ (အမှန်ကား- ကာတုံနှင့် ကတွာတို့သည် အဗျယပုဒ်များသာတည်း။)

---

## ကမ္မသာဓန ဝိဂ္ဂဟပြုနည်း

ဣတိအတွင်းရှိ ကြိယာပုဒ်ကိုရော ဣတိအပြင်ရှိ နိပ္ဖန္နပုဒ်ကိုပါ အဘိဓေယျ (အကောက်)ကို ရှု၍ ဝုစ်ချရ၏။

(တဗ္ဗ၊ အနီယပစ္စည်း) အဘိဘူယတေ, အဘိဘူယိတ္ထ , အဘိဘူယိဿတေ တိ အဘိဘဝိတဗ္ဗော၊ အဘိဘဝနီယော၊ ကောဓော။ (ဏျပစ္စည်း) ဟရီယတီတိ ဟာရိယော။ (တေယျပစ္စည်း) ဇာနိတဗ္ဗန္တိ ဉာတေယျံ၊ တိတိက္ခာပီယတေတိ တိတိက္ခာပေတဗ္ဗော။ ဘာဝီယတီတိ ဘာဝေတဗ္ဗော။ (ရိစ္စပစ္စည်း) ကရီယတေတိ

http://www.dhammadownload.com



ကိစ္စံ။ (ရိတုပစ္စည်း) ခရိယတေတိ ခိတ္တာ။ (ဏပစ္စည်း) လဗ္ဘတီတိ လာဘော။ (ကွိပစ္စည်း) အယမိဝ ဒိဿတေတိ ဤဒိသော။ (ရမ္မပစ္စည်း) ခရိယတေတိ ဓမ္မော။ (ယပစ္စည်း) နန္ဒိယတိ, နန္ဒိတဗ္ဗန္တိ ဝါ နန္ဒနံ။ (ဣပစ္စည်း) အာဒီယတီတိ အာဒိ။ (ရိရိယပစ္စည်း) ကတ္တဗ္ဗာတိ ကိရိယာ။ (ခပစ္စည်း) ဤသံ ကရိယတေတိ ဤသက္ကရံ။ (တိပစ္စည်း) ဂါယိတဗ္ဗာတိ ဂီတိ။ (တပစ္စည်း) ကရီယတေတိ ကတော။

## ဘာဝသာဓနနှ ဝိဂ္ဂဟပြုနည်း

ဘာဝသာဓနပုဒ်ကို ဝိဂ္ဂဟပြုလုပ်သောအခါ ယုပစ္စည်းဖြင့် ဖြစ်စေ၊ ယ, ပစ္စည်း တေဝိဘတ်ဖြင့်ဖြစ်စေ ပြုနိုင်၏၊ ဣတိသဒ္ဒါ လုံးဝမထည့်ရ၊ နိပ္ဖန္နပုဒ်ကို လိင်သုံးပါး သင့်သလို ထားရ၏၊ နပုံလိင် အရှိများ၏။ (ယုပစ္စည်းဖြင့် ဝိဂ္ဂဟပြုလျှင် "သပဒဝိဂ္ဂဟ"ဟုခေါ်၍၊ ယ, ပစ္စည်း တေဝိဘတ်ဖြင့်ပြုလျှင် "အသပဒဝိဂ္ဂဟ"ဟု ခေါ်၏။)

(တဗ္ဗ၊ အနီယပစ္စည်း) ဘူယတေ, ဘဝိယိတ္တ, ဘဝိယိဿတေ ဘဝိတဗ္ဗံ၊ ဘဝနီယံ။ (အ, ပစ္စည်း) ဘယနံ ဘယော။ (ဏပစ္စည်း) သောစနံ သောကော။ (ယုပစ္စည်း) နန္ဒိယတေ နန္ဒနံ။ (တိပစ္စည်း) သဝနံ သုတိ။ (ခ, ပစ္စည်း) ဤသံ သယတေ ဤသဿယော။ (တ, ပစ္စည်း) ဂါယနံ ဂီတံ။

## ကရဏသာဓနစသည် ဝိဂ္ဂဟပြုနည်း

ဣတိအတွင်းရှိ ကြိယာသည် ကတ္တားဟောသော်လည်းကောင်း၊ ကံဟောသော်လည်းကောင်း၊ ကေဝုစ်သော်လည်းကောင်း၊ ဗဟုဝုစ်သော်လည်းကောင်း လျော်ရာရှိနိုင်၏။ "တေန၊ တေဿ၊ တေသွာ၊ တေသ္မိ"ဟူသော သာဓနပြစကားများကိုကား အဘိဓေယျ (အရကောက်)ကို ရှု၍ လိင်, ဝုစ် ချရ၏၊ နိပ္ဖန္နပုဒ်ကိုလည်း အဘိဓေယျကို ရှု၍ပင် လိင်, ဝုစ် ချရသည်။

ကရဏသာဓန။ ။(အနီယပစ္စည်း) နဟာယတိ တေနာတိ နဟာနိယံ၊ စုဏ္ဏံ။ (ဏပစ္စည်း) ရဥ္ဇန္တိ အနေနာတိ ရာဂေါ၊ ရဥ္ဇိယတေ အနေနာတိ ရာဂေါ။ (ယုပစ္စည်း) ကရောတိ တေနာတိ ကရဏံ။

သမ္ပဒါနသာဓန။ ။(အနီယပစ္စည်း) ဒိယတေ အဿာတိ ဒါနီယော။ (ယုပစ္စည်း) သမ္မာ ပကာရေန ဒဒါတိ အဿာတိ သမ္ပဒါနံ။

အပါဒါနသာဓန။ ။(ဏပစ္စည်း) ပဋိစ္စ ဖလံ တေသွာတိ ပစ္စယော။ (ယုပစ္စည်း) အပေစ္စ တေသွာ အာဒဒါတီတိ အပါဒါနံ။

http://www.dhammadownload.com



**အဓိကရဏသာဓန။** ။ (အနိယပစ္စည်း) တိဋ္ဌန္တိ ဧတ္ထာတိ ဌာနိယာ။ (ဏပစ္စည်း) အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရာမော။ (ယုပစ္စည်း) တိဋ္ဌန္တိ တသ္မိန္တိ ဌာနံ။ (ဏ္ဍပစ္စည်း) ဇလံ ဒဓာတိ ဓာရေတီ တိ ဇလဓိ။

## ကိတ်ဝိဂ္ဂဟအတွက် ဖြည့်စွက်ချက်

ကိတ်ဝိဂ္ဂဟသည် အတွေ့အများဆုံးနှင့် အခက်အခဲဆုံးပင် ဖြစ်၏၊ ၄င်းကို အထူးလေ့လာသင့် လေ့ကျင့်သင့်၏၊ ကိတ်ပုဒ်ကို ဝိဂ္ဂဟပြုလိုရာ၌ ပထမဆင့် အရကောက်ကို ကြည့်ရသည်၊ ဒုတိယဆင့် အရကောက်အားလျော်စွာ ဝါကျခင်း ကြည့်ရသည်၊ တတိယဆင့် ထို့နောက်မှ လျော်သလို ဝိဂ္ဂဟပြုရသည်။

"ရက္ခစ္ဆေဒနော"ဟူသောပုဒ်ကို ကြည့်ရအောင်–

၁။ ပုဆိန်ကို အရကောက်ရလျှင် "ဖရသုနာ ရုက္ခံ ဆိန္ဒတိ"ဟု ဝါကျခင်းရသောကြောင့် "ရုက္ခံ ဆိန္ဒတိ ဧတေနာတိ ရုက္ခစ္ဆေဒနော"ဟု ဝိဂ္ဂဟပြု။

၂။ လူကို အရကောက်ရလျှင် "မနုဿော ရုက္ခံ ဆိန္ဒတိ"ဟု ဝါကျခင်းရသောကြောင့် "ရုက္ခံ ဆိန္ဒတီတိ ရုက္ခစ္ဆေဒနော"ဟု ဝိဂ္ဂဟပြု။

၃။ တောကို အရကောက်ရလျှင် "ဝနေ ရုက္ခံ ဆိန္ဒတိ"ဟု ဝါကျခင်းရသောကြောင့် "ရုက္ခံ ဆိန္ဒတိ ဧတ္ထာတိ ရုက္ခစ္ဆေဒနံ"ဟု ဝိဂ္ဂဟပြု။

၄။ သစ်ပင်ကို အရကောက်ရလျှင် "ရုက္ခော ဆိန္ဒီယတေ"ဟု ဝါကျခင်းရသောကြောင့် "ဆိန္ဒီယတေတိ ဆေဒနော၊ ရုက္ခော စ သော ဆေဒနော စာတိ ရုက္ခစ္ဆေဒနော"ဟု ဝိဂ္ဂဟပြု။

**အမှာ။** ။"ရုက္ခစ္ဆေဒနော"ဟူသော တစ်ပုဒ်တည်းကိုပင် အရကောက်ကွဲသောကြောင့် ဝိဂ္ဂဟအမျိုးမျိုး ပြုရသည်ကို သတိပြုပါ။

ဓဓဓဓဓ

**ကိတ်ဝိဂ္ဂဟပြုနည်း ပြီး၏။**

ဝိဂ္ဂဟပြုနည်းများ ပြီး၏။

http://www.dhammadownload.com



## ဉာသ်ကောက်နည်းများ

### သမာသ်ပုဒ် ဉာသ်ကောက်နည်း

ဆောင်။ ၁။ မုချော်ပစာ၊ အညပ်ပါ၊ သုံးဖြာ ဗဟုဗ်၊ အကောက်ထုတ်။

၂။ မုချော်ပစာ၊ သမာသ်ပါ၊ သုံးဖြာ ကြွင်းပုဒ် အကောက်ထုတ်။

၃။ ပုဒ်လုံး ဗဟုဗ်၊ ရှေ့ပုဒ်ဒွန္ဒ၊ ကြွင်းလေးဝဋ်၊ ဝိသေသန၊ ပုဒ်အရကို၊ မုချ–ဌာနူ ကောက်လေမြဲ။

၄။ ဌာနူပစာရ၊ သမ္ဗန္ဓ၊ အရ ကောက်လေ့မြဲ။

၅။ ငှင်းခြောက်ရပ်၊ သမာသ်အညှ၊ ပုဒ်အရှကို၊ မုချ–ဥပစာ၊ လက္ခဏာနှင့်၊ လျော်စွာဝေခွဲ ကောက်လေမြဲ။

အဓိပ္ပါယ်။ ။သမာသ် ၆–ပါးရှိရာဝယ် ဗဟုဗ္ဗီဟိသမာသ်ပုဒ်၌ "မုချကောက်, ဥပစာကောက်, အညပုဒ်ကောက်"ဟု အကောက်သုံးချက် ရှိ၏။ ကြွင်းသော သမာသ် ၅–မျိုး၌လည်း "မုချကောက်, ဥပစာကောက်, သမာသ်ပုဒ်ကောက်" ဟု အကောက်သုံးချက်ပင် ရှိ၏။ ထိုတွင် ဗဟုဗ္ဗီဟိသမာသ်ပုဒ်၌ သမာသ်ပုဒ်လုံးအရကို မုချနှင့်ဥပစာ ကောက်ရ၏၊ ဒွန်သမာသ်၌ ရှေ့ပုဒ်အရကို မုချနှင့် ဥပစာ ကောက်ရ၏၊ ကြွင်းသော သမာသ် ၄–ပါး၌ ဝိသေသနပုဒ် အရကို မုချနှင့် ဥပစာ ကောက်ရ၏။ ဥပစာကောက်ရာ၌ သမ္ဗန်ကို ကောက်ရခြင်းဖြစ်၏။ ထို ဥပစာဟူသည်လည်း ဌာနူပစာ ဖြစ်လေသည်။

#### ၁။ အဗျယီဘောသမာသ်

နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ။ (အနက်ပေးပါ၊ ဝိဂြိုဟ်နှင့် ပုဒ်ကိုစစ်ပါ၊ ပုဒ်ခွဲပါ၊ ပြီးမှ အောက်ပါအတိုင်း ကောက်ပါ။) "နဂရ"ဟူသော ဝိသေသနပုဒ်၏ အရကား မြို့ဒြပ်သည် မုချအားဖြင့်ရ၏။ မြို့ဒြပ်၏ စကားဒြပ်နှင့် "သမီပိ+သမီပအဖြစ်ဖြင့်စပ်ခြင်း"ဟုဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ "ဥပနဂရံ"ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော စကားဒြပ် ရ၏။

#### ၂။ ဒိဂုသမာသ်

တယော လောကာ တိလောကံ။ (အနက်ပေးစသည် ပြုပါဦး။) "တိ"ဟူသော ဝိသေသနပုဒ်၏ အရကား "သုံးပါး"ဟုဆိုအပ်သော ရေတွက်ခြင်းသင်္ချာသည် မုချအားဖြင့် ရ၏၊ ထို "သုံးပါး"ဟုဆိုအပ်သော ရေတွက်ခြင်းသင်္ချာ၏ လူဒြပ်နှင့်

http://www.dhammadownload.com



"ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း"ဟု ဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "တိလောကံ"ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော လူသုံးပါး ရ၏။

## ၃။ တပ္ပုရိသ်သမာသ်

ရညော ပုတ္တော ရာဇပုတ္တော။ (အနက်ပေး စသည် ပြုပါ။) "ရာဇ"ဟူသော ဝိသေသနပုဒ်၏ အရကား မင်းဒြပ်သည် မုချအားဖြင့် ရ၏၊ ထို မင်းဒြပ်၏ သားဒြပ်နှင့် "ဇနက+ဇည အဖြစ်ဖြင့် စပ်ခြင်း"ဟုဆိုအပ်သော သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "ရာဇပုတ္တော"ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော မင်းသားဒြပ် ရ၏။

## ၄။ ဒွန်္ဒသမာသ်

သမဏော စ ဗြာဟ္မဏော စ သမဏဗြာဟ္မဏာ။ (အနက်ပေးစသည် ပြု။) "သမဏ"ဟူသော ရှေ့ပုဒ်၏ အရကား ရဟန်းဒြပ်သည် မုချအားဖြင့် ရ၏၊ ထို ရဟန်းဒြပ်၏ ပုဏ္ဏားဒြပ်နှင့် သွားခြင်းအစရှိသော ကြိယာကို အကြောင်းပြုသဖြင့် အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "သမဏဗြာဟ္မဏာ"ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော ရဟန်း ပုဏ္ဏား နှစ်ပါး ရ၏။

## ၅။ ကမ္မဓာရယ်သမာသ်

မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။ (အနက်ပေးစသည် ပြုပါ။) "မဟန္တ"ဟူသော ဝိသေသနပုဒ်၏ အရကား မြတ်သော သီလ သမာဓိ စသော ဂုဏ်သည် မုချအားဖြင့် ရ၏၊ ထိုဂုဏ်၏ ယောကျ်ားဒြပ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "မဟာပုရိသော"ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထို မုချဌာနူပစာတို့ဖြင့် မှတ်အပ်သော မြတ်သော ယောကျ်ား ရ၏။

## ၆။ ဗဟုဗ္ဗီဟိသမာသ်

ဒိန္နော သုင်္ကော ယဿ သောတိ ဒိန္နသုင်္ကော။ (အနက်ပေးစသည် ပြုပါ။) "ဒိန္နသုင်္က"ဟူသော သမာသ်ပုဒ်၏ အရကား ပေးအပ်သော အခွန်ဒြပ်သည် မုချအားဖြင့် ရ၏၊ ထိုအခွန်ဒြပ်၏ မင်းဒြပ်နှင့် သံ+သာမိအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "ယဿ"ဟူသော အညပုဒ်၏အရကား ထို မုချဌာနူပစာတို့ဖြင့် မှတ်အပ်သော မင်းဒြပ် ရ၏။

http://www.dhammadownload.com



## အရှင်ကုမာရ၏ လင်္ကာ

ဤနေရာ၌ အလင်္ကာပန်းကုံးစသော ကျမ်းပေါင်းများစွာကို ရေးသားထားသော ဆရာတော် အရှင်ကုမာရ၏ ဉာသ်ကောက်လင်္ကာကို ထည့်သွင်းပြပါမည်၊ "အကြံတူ နောက်လူကောင်းစမြဲ" ဆိုသည့်အတိုင်း ဤဆောင်ပုဒ်များက ရှေးရှေးဆောင်ပုဒ်များထက် ကောင်းလည်းကောင်း, စုံလင်လည်း စုံလင်လှပါသည်၊ အလိုရှိက ကျက်ထားပါလေ။

ဉာသ်နည်းကောက်ရိုး၊ အမျိုးမျိုးကို၊ ရှေးရိုးကျမ်းညီ၊ လင်္ကာစီပိမ့်။ ဗျဉ္ဇီ–ကမ်–ဒီ၊ တပ္ပုရိသ၊ လေးပါးမျှမှာ၊ ပဒဝိသေ၊ နက်အနေကို၊ ကောက်လေမုချ။ ထိုအတ္တ၏၊ ယှဉ်ထပုဒ်နှင့်၊ စပ်သင့်သမ္ဗန်၊ ကောက်ရန်ဌာန္။ ပုဒ်လုံးမူကား၊ ထိုနှစ်ပါးမှတ်၊ နက်ဒြပ်ကို၊ ကောက်အပ်လှပေ၊ မှတ်ကြလေလော့။

ဝိသေသနောဘယ၊ ကမ္မဓာရယာ၊ သဘောမှာကား၊ နှစ်ဖြာပဒ၊ ဂုဏ်အရကို၊ မုချ ဥပစာ၊ နှစ်ဖြာကောက်သင့်။ ထိုဖြင့်မှတ်ကာ၊ ဝါကျလာသည့်၊ သဒ္ဒါတ, ဖြင့်၊ စွဲသင့်အတ္တ၊ လိုရင်းကျအောင်၊ ကောက်ကြပါလေ။

ဥဘောတပ္ပုရိသ၊ ပုဒ်အရမှာ၊ နောက်လာပဒ၊ နက်မုချတည်း။ မြစ်ထနက်နှင့်၊ စပ်သင့်သမ္ဗန်၊ ကောက်ရန်ဌာနူ။ ပုဒ်လုံးမူကား၊ မြစ်တားအနက်၊ အကောက်ထွက်၏။

ဆက်လက်ဝါဒ၊ တစ်နည်းပြအံ့။ န ပဒမှာ၊ သဒိသဘာဝ၊ ဂုဏ်မုချတည်း။ ဂုဏဂုဏေး၊ စပ်ရေးသမ္ဗန်၊ ကောက်ရန်ဌာနူ။ ပုဒ်လုံးမူကား၊ တူရာဒဗ္ဗ ကောက်ယူကြလော့။ ဝါဒနှစ်ပါး၊ ပြရငြားလည်း၊ နောက်ထားသည့်ချက်၊ တို့နှစ်သက်၏။

တစ်ချက်ဒွန္ဒ၊ သမာသကား၊ ပါသမျှပုဒ်၊ မုချထုတ်ပြန်။ စ, အတ္တကို၊ သမ္ဗန်ဌာန္၊ ပစာယူကြ။ နိပ္ဖန္နကား၊ ထိုနှစ်ပါးဖြင့်၊ မှတ်သားကောက်အပ်။

သမာသ်ဗဟုဗ်၊ အကောက်ထုတ်မူ၊ ပုဒ်လုံးအတ္တ၊ မုချရ၏။ အညနက်နှင့်၊ စပ်သင့်သမ္ဗန်၊ ကောက်ရန်ဌာနူ။ အညမူကား၊ ရှေ့တူမှတ်ကာ၊ ရသင့်ရာကို၊ ဖွေရှာဉာဏ်ဖြင့်၊ ကောက်ယူသင့်သည်၊ လွယ်လင့်တကူ မှတ်ရန်သော်။

❀❀❀❀❀

သမာသ်ပုဒ် ဉာသ်ကောက်နည်း ပြီး၏။

http://www.dhammadownload.com



## တဒ္ဓိတ်ပုဒ် ဉာသ်ကောက်နည်း

**ဆောင်။** ၁။ သာမံ ဗျယ၊ ပုဒ်ဘာဝ၊ သွတ္တ တဒ္ဓိတ်ပုဒ်။
၂။ မုချောပစာရ၊ ပစ္စယ၊ သုံးဝ အကောက်ထုတ်။
၃။ တဒ္ဓိတ်ဟူက၊ ပုဒ်အရ၊ မုချ ဌာနူလုပ်။
၄။ ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက် အကောက်ထုတ်။
၅။ တဒ္ဓိတ်ပစ္စယ၊ ဟောနေကျ၊ မုချ နောက်ပုဒ် နက်သာတည်း။
၆။ တဒ္ဓိတ်ဘာဝ၊ ဝါစက၊ ဟောကြ သဒ္ဒပဝတ္တ နိမိတ်ကိုသာတည်း။
၇။ အရမကွဲ၊ ပုဒ်ပစ္စဲ၊ ယူမြဲ သွတ္တတဒ္ဓိတ်တည်း။

**အဓိပ္ပါယ်။** ။တဒ္ဓိတ်ပုဒ်သည် "သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ်, ဘာဝ တဒ္ဓိတ်, သွတ္တတဒ္ဓိတ်"ဟု ၄–မျိုးသာ ပြား၏။ ထို ၄–မျိုးကို ကောက်ရာ၌ "မုချကောက်, ဥပစာကောက်, ပစ္စည်းကောက်"ဟု အကောက်သုံးချက် ရှိ၏။ ထိုတွင် တဒ္ဓိတ်ပုဒ်အရကို မုချကောက်၊ သမ္ဗန်ကို ဌာနူပစာကောက်။ သာမည တဒ္ဓိတ်နှင့် အဗျယတဒ္ဓိတ်ဖြစ်လျှင် အဘိဓေယျတ္ထကို ပစ္စယအရကောက်။ ဘာဝ တဒ္ဓိတ်ဖြစ်လျှင် သဒ္ဒပဝတ္တိနိမိတ်ကို ပစ္စယအရကောက်။ သွတ္တတဒ္ဓိတ်ဖြစ်လျှင် ပုဒ်နှင့်ပစ္စည်း အရတူကောက်။ ပုံစံများကို သေချာစွာ ကြည့်ရှုလေ့လာပါ။

### ၁။ သာမညတဒ္ဓိတ်

ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော။ (အနက်ပေးပါ၊ ဝိဂ္ဂဟစစ်ပါ၊ ပုဒ်နှင့်ပစ္စည်း ခွဲပါ။) "ဝသိဋ္ဌ"ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား ဝသိဋ္ဌအမည်ရှိသော အဘဒြပ် သည် မုချအားဖြင့် ရ၏၊ ထို အဘဒြပ်၏ သားဒြပ်နှင့် ဇနက+ဇညအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "ဏ"ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့်မှတ်အပ်သော သားဒြပ်ရ၏။

---

### ၂။ အဗျယတဒ္ဓိတ်

သဗ္ဗေန ပကာရေန သဗ္ဗထာ။ (အနက်ပေးစသည်ကို ပြုပါဦး။) "သဗ္ဗ"ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား သကလဘောဂုဏ်သည် မုချအားဖြင့် ရ၏၊ ထိုသကလ ဘောဂုဏ်၏ ပကာရဘောဂုဏ်နှင့် ဂုဏ်+ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "ထာ"ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော ပကာရဘောဂုဏ် ရ၏။

---

### ၃။ ဘာဝတဒ္ဓိတ်

ဂေါဿ ဘာဝေါ ဂေါတ္တံ။ (အနက်ပေးစသည်ကို ပြုပါဦး။) "ဂေါ"ဟူသော တဒ္ဓိတ်ပုဒ်၏ အရကာ နွားဒြပ်သည် မုချအားဖြင့် ရ၏၊ နွားဒြပ်၏ နွားဇာတ်နှင့်

http://www.dhammadownload.com



နိဿယ+နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏၊ "တ္တ" ပစ္စည်း၏ အရကား ထိုမုချ, ဌာနူပစာတို့ဖြင့် မှတ်အပ်သော နွားဇာတ် ရ၏။

ဝိသာဏဿ ဘာဝေါ ဝိသာဏိတ္တံ(ဒဗ္ဗ)။ သုက္ကဿ ဘာဝေါ သုက္ကတ္တံ(ဂုဏ)။ ဂန္တုဿ ဘာဝေါ ဂန္တုတ္တံ (ကြိယာ)။ စိတ္တဿ ဘာဝေါ စိတ္တတ္တံ (နာမ)။ ဂေါဿ ဘာဝေါ ဂေါတ္တံ (ဇာတိ)။

## ၄။ သုဒ္ဓတဒ္ဓိတ်

မနော ဧဝ မာနသံ။ (အနက်ပေးစသည် ပြုပါဦး။) သုဒ္ဓတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် အာရမဏိကဖြစ်သောစိတ် ရ၏။

ပုံစံတစ်မျိုး။ ။ဒေဝေါ ယေဝ ဒေဝတာ။ (အနက်ပေးစသည် ပြုပါဦး။) သုဒ္ဓတဒ္ဓိတ်တို့၏ သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် နတ်ရ၏။

### အရှင်ကုမာရ၏ လင်္ကာ

တဒ္ဓိတ်ကောက်ရန်၊ အကျဉ်း ညွှန်အံ့၊ သာမံ ဇျာယ၊ ပုဒ်ဘာဝနှင့်၊ သုဒ္ဓ တစ်ဖြာ၊ လေးမျိုးသာလျှင်၊ ခွဲပါ တဒ္ဓိ၊ ကုန်သိမ်းမိ၏။ မှတ်သိ သာမညာ၊ အဇျာယဝယ်၊ ပဒ ပစ္စယာ၊ ခွဲထားပါလော့။ ပုဒ်မှာ မုချ၊ ကောက်ပြီး ကလျှင်၊ ပစ္စယနှင့်၊ စပ်သင့်သမ္ဗန်၊ ကောက်ရန် ဌာနူ။ ပစ္စည်းမူကား၊ နှစ်ပါး မှတ်လျက်၊ နောက်ပုဒ်နက်ရှိ၊ ကောက်ရဘိ၏။ တဒ္ဓိဘာဝ၊ ပုဒ်အရ ဝယ်၊ မုချဥပစာ၊ ရှေ့တိုင်းသာတည်း။ ပစ္စည်းမှာတုံ၊ ဇာတ်ဂုဏ်ကြိယာ၊ ဒဗ္ဗာနာမ၊ သဒ္ဒပဝတ္တိ၊ နိမိတ်ညှိ၍၊ ကောက်ဘိသင့်ရာ။ သုဒ္ဓမှာကား၊ မပြားပုဒ်ရ၊ ပစ္စည်းရတည်း။ ကေသေမှူ၊ ဒွန်နှင့်တူသည်၊..... မှတ်ယူကြဖွယ် အချုပ်တည်း။

ဓဓဓဓဓ

တဒ္ဓိတ်ပုဒ် ဉာဉ်ကောက်နည်း ပြီး၏။

http://www.dhammadownload.com



## ကိတ်ပုဒ် ဉာဏ်ကောက်နည်း

ဆောင်။ ၁။ မုချ–ဖလူ၊ ကာရဏူ၊ လွယ်ကူ သိစေမင်း။

၂။ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေးဖလူ၊ ကာရဏူကို နောက်စိတ်သွင်း။ (ကတ္တုဖို့)

၃။ ဖလူမုချ၊ ဓာတ်အရ၊ မှတ်ကြ မြဲသေချာ။

၄။ မုချယူရ၊ ကတ္တုဋ္ဌ၊ မှတ်ကြ သောတုနာ။

၅။ ကမ္မာဒိက၊ ပဉ္စက၊ ဖလ မြဲသေချာ။ (ကမ္မသာဓနစသည်ဖို့)

၆။ ဘာဝသာဓနေ၊ ဟူတုံက၊ ဓာတ်ရ ပစ္စည်း တူသတည်း။ (ဘာဝ သာဓနဖို့)

အဓိပ္ပါယ်။ ။ကိတ်ပုဒ်ကို ဉာဏ်ကောက်ရာ၌ "မုချကောက်, ဥပစာကောက်, ပစ္စည်းကောက်"ဟု အကောက်သုံးချက် ရှိ၏။ ထိုသို့ ကောက်ရာ၌ ကတ္တုသာဓနအတွက် ပစ္စုပ္ပန်ဖြစ်သော ဓမ္မကို မုချကောက်၊ ရှေးရှေးဓမ္မကို ဖလူပစာကောက်၊ နောက်နောက်ဓမ္မကို ကာရဏူပစာကောက်၊ အဘိဓေယျတ္ထကို ပစ္စည်းအရကောက်။ ကမ္မသာဓနစသော ၅–ပါးတို့၌ ကတ္တုဋ္ဌကြိယာကို မုချကောက်၊ ကမ္မဋ္ဌစသည်ကို ဖလူပစာကောက်၊ အဘိဓေယျတ္ထကို ပစ္စည်းအရကောက်။ ဘာဝသာဓန၌ကား ဓာတ်အရနှင့် ပစ္စည်းအရ အတူကောက်။ အောက်ပါ ပုံစံကို လေ့လာပါ။

### ၁။ သုဒ္ဓကတ္တုသာဓန

သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ (အနက်ပေးပါ၊ ဝိဂ္ဂဟစစ်ပါ၊ ဓာတ်ပစ္စည်းခွဲပါ။) "ဗုဓ"ဓာတ်၏ အရကား သဗ္ဗညုတဉာဏ်တော်သည် မုချအားဖြင့် ရ၏၊ ရှေးရှေး၌ ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်–တို့သည် ဖလူပစာအားဖြင့် ရ၏၊ နောက်နောက်၌ဖြစ်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်, ဒေသနာဉာဏ်–အစရှိသည်တို့သည် ကာရဏူပစာအားဖြင့် ရ၏၊ "ဝ"ပစ္စည်း၏ အရကား ထိုမုချ, ဖလူ, ကာရဏူပစာအာ ဖြင့် မှတ်အပ်သော အနုတ္တရဝိမောက္ခဂုဏ်တို့ဖြင့် ထုံအပ်သော ခန္ဓာပဉ္စကကို စွဲ၍ ဘုရားဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသန္တာနပညတ် ဒြပ်ဝိသေသ ရ၏။

---

### ၂။ ဟေတုကတ္တုသာဓန

မာတာပိတူနံ ဟဒယံ ပူရေတီတိ ပုရိသော။ (အနက်ပေးစသည် ပြုပါဦး။) "ပူရ"ဓာတ်၏အရ သုဒ္ဓကတ္တုဋ္ဌကြိယာကား မိဘတို့၏ သမ္ပိတိကကဏှာ ပြဋ္ဌာန်း

http://www.dhammadownload.com



သော လောဘမူစိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏၊ ဟေတုကတ္တုဋ္ဌကြိယာကား သားဒြပ်၏ အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "ဏ္ဍသ"ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော သားယောက်ျားဒြပ် ရ၏။

## ၃။ သုဒ္ဓကမ္မသာဓန

အရီယတိ ဉာယတီတိ အတ္တော။ (အနက်ပေးစသည် ပြုပါဦး။) "အရ" ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား အနက်ကိုအာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချအားဖြင့် ရ၏၊ ကမ္မဋ္ဌကြိယာကား အနက်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "တ"ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော အနက် ရ၏။

## ၄။ ဟေတုကမ္မသာဓန

နိပ္ဖါဒေတဗ္ဗန္တိ နိပ္ဖါဒိတံ။ (အနက်ပေးစသည် ပြုပါ။) "ပဒ"ဓာတ်၏အရ ဟေတုကတ္တုဋ္ဌကြိယာကား ထိုထိုအမှုကိုပြုသော သူ၏ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏၊ ဟေတုကမ္မဋ္ဌကြိယာကား ထိုထိုအမှု၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "တ"ပစ္စည်း၏အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ထိုထိုအမှု ရ၏။

## ၅။ ကရဏသာဓန

ပဇ္ဇတေ ဉာယတေ အတ္တော ဧတေနာတိ ပဒံ။ (အနက်ပေးစသည် ပြုပါ။) "ပဒ"ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား ပုဒ်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည် မုချအားဖြင့် ရ၏၊ ကရဏဋ္ဌကြိယာကား ထိုပုဒ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "အ"ပစ္စည်း၏အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သောပုဒ် ရ၏။

## ၆။ သမ္ပဒါနသာဓန

ဒါတဗ္ဗော အဿာတိ ဒါနီယော။ (အနက်ပေးစသည် ပြုပါ။) "ဒါ"ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား ပေးလှူတတ်သော သဒ္ဓါမေတ္တာပြဋ္ဌာန်းသော စေတနာသည် မုချအားဖြင့် ရ၏၊ သမ္ပဒါနဋ္ဌကြိယာကား ပေးလှူရာဖြစ်သော ရဟန်းဒြပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "အနီယ"ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ပေးလှူရာဖြစ်သော ရဟန်းဒြပ် ရ၏။

http://www.dhammadownload.com



## ၇။ အပါဒါနသာဓန

ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု။ (အနက်ပေးစသည် ပြုပါ။) "ဟိ"ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား အကျိုးဖြစ်သော ပစ္စယုပ္ပန်ဓမ္မ၏ ဥပါဒ်သည် မုချအားဖြင့် ရ၏၊ အပါဒါနဋ္ဌကြိယာကား လောဘအစရှိသော ဟိတ်တရားတို့၏ ဟေတာဒိပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "တု" ပစ္စည်း၏ အရကား ထိုမုချ, ဖလူတို့ဖြင့် မှတ်အပ်သော ဟိတ်ခြောက်ပါးတရား ရ၏။

---

## ၈။ အဓိကရဏသာဓန

သုဇ္ဈတိ ဧတ္ထာတိ သုဒ္ဓိ။ (အနက်ပေးစသည် ပြုပါဦး။) "သုဓ"ဓာတ်၏ အရ ကတ္တုဋ္ဌကြိယာကား ဝေနေယျတို့၏ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် မုချအားဖြင့် ရ၏၊ အဓိကရဏဋ္ဌကြိယာကား ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ "တိ"ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော နိဗ္ဗာန် ရ၏။

---

## ၉။ ဘာဝသာဓန

မုယှနံ မောဟော။ (အနက်ပေးစသည် ပြုပါဦး။) "မုဟ"ဓာတ်၏အရကား ဘာဝဝါစကပုဒ်တို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် တွေဝေခြင်းမောဟ ရ၏။

---

### အရှင်ကုမာရ၏ လင်္ကာ

### အကျဉ်း

အဝိဇ္ဇမာန၊ ဝိဂ္ဂဟဉ္စ၊ ဓာတ်ရ ပရမတ်၊ ပညတ်ပစ္စည်း၊ သိမ်းဆည်း ကောက်ရ။ ဝိဇ္ဇမာနာ၊ ဝိဂ္ဂဟာဝယ်၊ ဓာတ်မှာလက္ခဏာ၊ သဘာဝသတ္တိ၊ မှတ်သိကောက်ရ။ ပစ္စယမှာ၊ လက္ခဏာဝန်၊ သဘာဝန်နှင့်၊ သတ္တိမန်တစ်ဝ၊ ကောက်ယူရသည်၊ မှတ်ကြဉ်းစွာ အကျဉ်းတည်း။

### အကျယ်

### အဝိဇ္ဇမာန သဒ္ဒါအတွက်

ကတ္တုသာဓန၊ ဓာတ်အရဝယ်၊ ဓာတွတ္ထကို၊ မုချဆိုလော့၊ ကြောင်းကို ဖလူ၊ ကာရဏူ ကျိုး၊ ကောက်ယူရိုးတည်း၊ သုံးမျိုး မှတ်အပ်၊ ဒြပ်ဝိသေသ၊ ပစ္စည်းရတည်း။

http://www.dhammadownload.com



ကမ္မစသား၊ လယ်ငါးပါးမှာ၊ ကတ္တားတည်ထ၊ ကြိယာ့ကို၊ မှချကောက်ပါ။ ကမ္မဋ္ဌာဒိ၊ ကြိယာ့မှာ၊ ပစ္စယာအရ၊ နက်အတ္ထ၏၊ ပစ္စယသတ္တိ၊ လျော်စွာညှိ၍၊ ကောက်ဘိဖလူ။ ပစ္စည်းမူကား၊ ထိုနှစ်ပါးမှတ်၊ နက်ပညတ်ကို၊ ကောက်လတ်တုံက၊ ပြီးဆုံးကြ၏။

နိဒ္ဓိဝကတ္တား၊ ဖြစ်တုံငြားက၊ နှစ်ပါးသတ္တိ၊ ခွဲကောက်ဘိလော၊ သတ္တိမန္တ၊ ပစ္စည်းရတည်း။ (ရုဟတီတိ ရုက္ခော-စသည်ကို ဆိုလို၏။)

ဘာဝသာဓနတ်၊ အရမှတ်မူ၊ ဓာတ်ပစ္စည်းရ၊ မထူးကြ၍၊ ဌာနတည်ရာ၊ မငဲ့ပါဘဲ၊ ကြိယာရှု၊ ကောက်ယူပြုလော့။

ဟေတုသာဓ်မျိုး၊ ကြောင်းကျိုးကြိယာ၊ ခွဲပြီးကာလျှင်၊ ကျိုးမှသုဒ္ဓ၊ ကတ္တာဋ္ဌတည်း၊ မှုချမှတ်ပါ၊ ကြောင်းမှာ ဖလူ၊ ပကတူဒိ၊ တင်ကောက်ဘိလော့၊ မှတ်သိနှစ်ဝ၊ ပစ္စည်းရတည်း။

ကာလပြိုင်လျက်၊ ဝိဂ္ဂြိုဟ်ထွက်က၊ ကာလအခိုက်၊ မှုချဆိုက်၏၊ ရှေ့၌ဖလူ၊ နောက်မူ ကာရဏ၊ ကောက်ပြီးမှသာ။ ပစ္စည်းမှာကား၊ သုံးဖြာ မှတ်ကြ၊ ကောက်ယူရ၏။ အဝုတ္တကတ်၊ ကမ္မာသာဓ်မှာ၊ မချွတ်ဝုတ္တ၊ ထပ်တူမျှသည်-ကောက်ကြလေတော့ မခဲတည်း။

## ဝိဓ္ဓမာန သဒ္ဒါအတွက်

ဝိဓ္ဓမာနာ၊ ဝိဂ္ဂြိုဟ်မှာမူ၊ ကတ္တာ ကရဏတ်၊ ဘာဝသာဓ်ဟု၊ ဤသုံးခုတည်း။ ကတ္တုဓာတ်ရ၊ သလက္ခဏာ၊ မှုချသာတည်း။ ရသာ, ပစ္စု၊ ဤနှစ်ခုမှာ၊ ကောက်မှုဖလူ။ ကာရဏူပေ၊ ဖလူ ကေန်၊ ပဒဋ္ဌာန်ယူ။ ပစ္စည်းမူကား၊ ထိုသုံး ပါးဖြင့်၊ မှတ်သားအပ်စွာ၊ လက္ခဏာဝန္တ၊ တဒ္ဓပညတ်၊ ရမြဲမှတ်ကြ။

ကရဏာ၌၊ ဓာတ်ရ မှုချ၊ လက္ခဏာတည်း၊ သဟဇာဒိ၊ သတ္တိဖလူ၊ ပစ္စည်းမူကား၊ ရှေ့တူ ကောက်ရ။

ဘာဝတ္ထမှာ၊ ဌာနတည်ရာ၊ မငဲ့သာ၍၊ ကြိယာကိုမျှ၊ ကောက်ယူရ၏။ ဝါကျနိပ္ဖန်၊ နှစ်တန်လုံးမှာ၊ မထူးပါလည်း၊ ပစ္စယာအရ၊ လက္ခဏာဝန္တာ၊ တဒ္ဓအပညတ်၊ ကောက်ယူအပ်၍၊ ကတ္တုသာဓ်ပမာ၊ မှုချာမှုချ၊ ကောက်ယူကြသည်၊..... မှတ်ကြလေတော့ တစ်နည်းတည်း။

ဓဝဓဓဓ

ကိတ်ပုဒ် ဉာဏ်ကောက်နည်း ပြီး၏။

http://www.dhammadownload.com



**အမှာ။** ။စာမေးပွဲ၌ သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ်, ကိတ်ပုဒ်-တို့၌သာ ဉာသ်ကောက်ပုံကို မေးမည်ဖြစ်သော်လည်း ပညာရှိတို့ ရေးထားသော ဆောင်ပုဒ်များ မပျောက်ပျက်စေရန် နိပါတ်စသည်တို့အတွက် ဆောင်ပုဒ်များကိုလည်း ထည့်သွင်းလိုက်ပါအံ့။

## နိပါတ်နှင့် ဥပသာရအကောက်

နိပါတ် ဥပသာ၊ အကောက်မှာကား၊ ဟောရာအတ္ထ၊ ရှုထောက်ဆလျက်၊ ဟောနက်လျော်စွာ၊ ဂုဏ်ပဓာန၊ မုချကောက်ပါ၊ အပဓာန၊ ဂုဏောရသည်၊ ..... မှတ်ကြ ဥပစာမျှသာတည်း။

## အာချာတ်

၁။ မုချ ဖလူ၊ ကာရကူ၊ လွယ်ကူသိစေမင်း။
၂။ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရေးဖလူ၊ ကာရကူကို နောက်စိတ်သွင်း။
၃။ ဝိဘတ်အရ၊ ဝစနတ္ထ၊ ကောက်ကြ မှန်မယွင်း။
၄။ ပစ္စယတ္ထ၊ သီလိင္ဂ၊ ဘာဝ ဘောဂဏ်မင်း။

## သဗ္ဗနာမ်

၁။ အပဓာန၊ ဒြပ်ရ၊ ဂုဏ ပဓာနာ။
၂။ သဗ္ဗနာမ်ပုဒ်၊ အရထုတ်၊ မယုတ် မှတ်လေပါ။

ဉာသ်ကောက်နည်းများ ပြီး၏။

၄-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၅–နံပါတ် စည်းမျဉ်း

လိင်+ဝိဘတ်+ဓာတ်+ပစ္စည်း+ကာရက+ကြိယာတို့၏ အနက်, အဓိပ္ပါယ် အဆုံးအဖြတ်ကိုမေးခြင်း။

**ဆောင်။** ၁။ ဓာတု ပစ္စယ၊ ဝိဘတ္တ၊ လိင်, ကာ, ကြိ။
၂။ ငါးနံပါတ်မှာ၊ ဤခြောက်ဖြာ၊ လျော်စွာ မေးလေဘိ။

"ဓာတု"ဟူသည် "ဂမု, ပစ"စသော အာချာတ်ဓာတ်, ကိတ်ဓာတ်များ တည်း။ "ဓာတွတ္ထ"ဟူသည် "ဂမုဓာတ်၏ ဂတိအနက်၊ ပစဓာတ်၏ ပါကအနက်" စသည်တည်း။

"ပစ္စယ"ဟူသည် အာ, ဤ, ဣနီစသော နာမ်ပစ္စည်းများ၊ ဏ–ဒသော တဒ္ဓိတ်ပစ္စည်းများ၊ ခ, ဆ, သ–စသော အာချာတ်ပစ္စည်းများ၊ တ–စသော ကိတ် ပစ္စည်းများတည်း။ "ပစ္စယတ္ထ"ဟူသည် နာမ်ပစ္စည်း၊ အာချာတ်ပစ္စည်းတို့အတွက် ဇောတေတဗ္ဗ တ္ထများ၊ တဒ္ဓိတ်ပစ္စည်းများအတွက် အပစ္စ–စသော အနက်များ၊ ကိတ်ပစ္စည်းများ အတွက် ကတ္တုတ္ထစသော အနက်များတည်း။

"ဝိဘတ်"ဟူသည် သိ–စသော နာမ်ဝိဘတ်များ၊ တိ–စသော အာချာတ် ဝိဘတ်များတည်း။ "ဝိဘတျတ္ထ"ဟူသည် နာမ်ဝိဘတ်အတွက် လိင်္ဂတ္ထ–ဒသော အနက်များ၊ အာချာတ်ဝိဘတ်အတွက် ကတ္တုတ္ထစသော အနက်များတည်း။

"လိင်္ဂ"ဟူသည် ပုံလိင်, နပုံလိင်, ဣတ္ထိလိင်, ဒွိလိင်, တိလိင်, အလိင်– တို့တည်း။ "လိင်္ဂတ္ထ"ဟူသည် ထိုလိင်တို့၏ သကတ်စသော အနက်ငါးပါးနှင့် သစ်ပင်စသော အနက်များတည်း။

"ကာရက"ဟူသည် ကတ္တုကာရကစသည်နှင့် အာလပနစသော အကာရက များတည်း။ "ကာရကတ္ထ"ဟူသည် ကတ္တားစသော အနက်များတည်း

"ကြိယာ"ဟူသည် အာချာတ်ကြိယာနှင့် ကိတ်ကြိယာများတည်း။ "ကြိယာတ္ထ" ဟူသည် ကတ္တားအနက်, ကံအနက် စသည်တည်း။

http://www.dhammadownload.com



## လိင်အတွက် မှတ်ချက်

လိင်ကို ဆုံးဖြတ်ရာ၌ နိစ္စပုံလိင်စသည်ကို ပုံလိင်စသည်ဖြင့် ဆုံးဖြတ်ပါ၊ ဩဇ–စသောလိင်ကို ဝါကျတွင်းရှိ အခိုက်အတန့်ကို ရှု၍ ဆုံးဖြတ်ပါ။

ဥပမာ– ဩဇာ တိဋ္ဌတိ–၌ ဣတ္ထိလိင်၊ ဩဇံ ပရိဘုဉ္ဇတိ–၌ ဣတ္ထိလိင်+ပုံလိင်ဟု ဆုံးဖြတ်ပုံမျိုးတည်း။

တိလိင်၌ ပဥ္စသော သဘာဝတိလိင်ကို ဝါကျတွင်းရှိ အခိုက်အတန့်ကို ရှု၍ ဆုံးဖြတ်ပါ၊ မဟန္တ စသော ဝါစ္စတိလိင်ကိုကား ဝိသေသျ, သို့မဟုတ် အဘိဓေယျကို ရှု၍ ဆုံးဖြတ်ပါ၊ လိင်ကြောင့် ရုပ်မထူးသော ပဉ္စအစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါ၊ တုမှ, အမှသဒ္ဒါ၊ ရုပ်စဉ်၍ မရကောင်းသော ဥပသာရ, နိပါတ်ပုဒ်များကို အလိင်ဟု ဆုံးဖြတ်ပါ။

ပုံစံ– ၁။ တဒ္ဓေါကား တုသဓာတ်၊ တ, ပစ္စည်း၊ ပထမာ သိဝိဘတ်၊ ပုံလိင်၊ ကတ္တုကာရက၊ ကတွတ္ထကိတ်ကြိယာ ဖြစ်ပါသည်။

ပုံစံ– ၂။ မနုဿာ ဣမံ နဂရံ သမ္ပတ္တာ၌ သမ္ပတ္တာသည် ဓာတ်အားဖြင့် သံရှေးရှိသော ပဒဓာတ်၊ ဓာတွတ္ထအားဖြင့် ဂတိအနက်၊ ပစ္စည်းအားဖြင့် တ, ပစ္စည်း၊ ပစ္စယတ္ထအားဖြင့် ကတွတ္ထ၊ ဝိဘတ်အားဖြင့် ပထမာယောဝိဘတ်၊ ဝိဘတျတ္ထအားဖြင့် လိင်္ဂတ္ထ၊ လိင်အားဖြင့် ပုံလိင်၊ ကာရကအားဖြင့် ကတ္တုကာရက ဖြစ်ပါသည်။

✿✿✿✿✿

၅–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၆–နံပါတ် စည်းမျဉ်း

ကျမ်းရင်းသုံးကျမ်းလုံး၌ အဋ္ဌကထာပုဒ်ဖွင့် ပါဠိဖွင့်အရာ၌ အဋ္ဌကထာဆရာ၏ အလိုအာဘောဂကိုလည်းကောင်း၊ အဖွင့်သံဝဏ္ဏနာ အမည်ကိုလည်းကောင်း မေးခြင်း။

**မှတ်ချက်။** ။သံဝဏ္ဏနာအမည်မှာ သံဝဏ္ဏနာကျမ်းလာ အမည်အားလုံးနှင့် သက်ဆိုင်သည်။

### အာဘော်ဖော်နည်း

၁။ နာမ်ပုဒ်လေလား၊ စသည်များ၊ ခွဲထား ပထမာ။

၂။ ပကတိပစ္စယ၊ ဤနှစ်ဝ၊ ခွဲရ ဒုတိယာ။

၃။ ပကတိဖွင့်လား၊ ပစ္စည်းလား၊ ခွဲခြား တတိယာ။

၄။ သဒ္ဒါဖွင့်လား၊ နက်ဖွင့်လား၊ ခွဲခြား စတုတ္ထာ။

၅။ ယင်းတို့စုံမှ၊ အာဘော်ပြ၊ ပေးရ မည်သညာ။

**အဓိပ္ပါယ်။** ။အာဘော်ဖော်ရမည့်ပုဒ်သည် သံဝဏ္ဏနာစစ်ကျမ်း အလိုအားဖြင့် "သန္ဓိ, နာမနာမ်နှင့် သဗ္ဗနာမ်, ကာရက, သမာသ်နာမ်, တဒ္ဓိတ်နာမ်, အာချာတ်, ကိတ်နာမ်, ဥပသာရ, နိပါတ်"ဟု ၉–ပုဒ်ရှိ၏။ ပထမဦးစွာ ၄င်းတို့အထဲမှ မည်သည့်ပုဒ်ဖြစ်ကြောင်း ခွဲထားရမည်၊ ပါဠိစာပေ၌ ပုဒ်တိုင်းတွင် "ပကတိ, ပစ္စယ"ဟူ၍ ရှိသည်ချည်း ဖြစ်သည်၊ ထိုတွင် "လိင်နှင့်ဓာတ်"ကို ပကတိဆို၍ ပစ္စည်းနှင့်ဝိဘတ်ကို "ပစ္စယ"ဟု မှတ်ရ၏။ ထိုကဲ့သို့ ပထမဦးစွာ ပုဒ်ခွဲပြီးသော အခါ ဒုတိယဆင့် အနေဖြင့် **"ပကတိနှင့်ပစ္စယ" ခွဲထားရ၏**၊ ၄င်းနောက် တတိယ အဆင့် အနေဖြင့် "ပကတိကိုဖွင့်သလော, ပစ္စယကိုဖွင့်သလော"ဟု ခွဲခြားရပြန်၏၊ ၄င်းနောက် စတုတ္ထအဆင့် အနေဖြင့် ပကတိကို ဖွင့်သည်ဖြစ်စေ၊ ပစ္စယကို ဖွင့်သည်ဖြစ်စေ "သဒ္ဒါကို ဖွင့်သလော, အနက်ကို ဖွင့်သလော"ဟု ခွဲခြားရ၏၊ ဤကဲ့သို့ ခွဲခြားပြီးမှ အာဘော်ဖော်၍ သင့်လျော်သော အမည်ကို ပေးရ၏၊ ဤ စည်းကမ်းချက်များကို လိုက်နာလျှင် အာဘော်အတွက် အခက်မတွေ့နိုင်တော့ပါ။

**နမူနာ။** အသာတိ တသ။

ဤ၌ အာဘော်ဖော်လိုလျှင် ပထမ ဥပဒေအရ သဗ္ဗနာမ် ဖြစ်ကြောင်းကို သိပါ၊ ဒုတိယ ဥပဒေအရ အ, ပုဒ်၊ သ, ဝိဘတ်ဖြစ်ကြောင်း သိပါ၊ တတိယ ဥပဒေအရ အ, ဟူသော ပကတိကို ဖွင့်ကြောင်း သိပါ၊ စတုတ္ထ ဥပဒေအရ သဒ္ဒါကို

http://www.dhammadownload.com



ဖွင့်ကြောင်း သိပါ၊ ထို့ကြောင့် "တဿဖြင့် အဿ–၌ အ,သည် တ,သဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်၊ သဗ္ဗနာမ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂပဒ သံဝဏ္ဏနာမည်၏"ဟု အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

## ဗျတိရေက+အန္ဝယ အာဘော်ဖော်နည်း

သံဝဏ္ဏနာဖြင့် အလိုမရှိအပ်သော အဓိပ္ပါယ်ကို "ဗျတိရေကအာဘော်"ဟု ခေါ်၍ အလိုရှိအပ်သော အဓိပ္ပါယ်ကို "အန္ဝယအာဘော်"ဟု ခေါ်ရသည်၊ အဿ၌ အ, သည် တ,၏ ကာရိယလည်း ဖြစ်နိုင်သည်၊ ဣမ–၏ ကာရိယလည်း ဖြစ်နိုင်သည်၊ ဤ၌ "ဣမ၏ ကာရိယ မဟုတ်၊ တ,၏ကာရိယ ဖြစ်သည်"ဟု ဆိုလိုသဖြင့် "အဿကို တဿ"ဟု ဖွင့်ခြင်း ဖြစ်သည်၊ ထို့ကြောင့် "တဿဖြင့် အဿ၌ အ,သည် ဣမ၏ ကာရိယ မဟုတ် (ဗျတိရေက)၊ တ,၏ ကာရိယတည်း (အန္ဝယ)ဟု သိစေသည်"ဟု အာဘော် ဖော်ပါ။ (သံဝဏ္ဏနာ အမည်ပေးရာ၌ကား ဗျတိရေကအာဘော်ကို မငဲ့ဘဲ အန္ဝယအာဘော်ကို ရှု၍သာ ပေးရသည်။

**နမူနာ တစ်မျိုး။** ။ဇာနာတီတိ ဗုဒ္ဓေါ။

ဤ၌ အာဘော်ဖော်လိုလျှင် "ဗုဒ္ဓေါ"ဟူသောပုဒ်၏ ကိတ်နာမ်ပုဒ်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဗုဓဓာတ်, တ, ပစ္စည်းဖြစ်ကြောင်းကိုလည်းကောင်း၊ ဗုဓဓာတ်ကိုရော တ, ပစ္စည်းကိုပါ ဖွင့်ကြောင်းကိုလည်းကောင်း၊ နှစ်ချက်လုံးမှာပင် အနက်ကို ဖွင့်ကြောင်းကိုလည်းကောင်း သဘောပေါက်၍ အောက်ပါအတိုင်း အာဘော်ဖော်ပါ၊ အမည်ပေးပါ။

ဇာနာတိဖြင့် ဗုဓဓာတ်၏၊ ဝိကာသန, ဇာဂရဏအနက်ကို မဟော (ဗျတိရေက)၊ ဉာဏအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း (အန္ဝယ)၊ တ, ပစ္စည်း၏ ကမ္မသာဓနစသောအနက်ကို မဟော (ဗျတိရေက)၊ ကတ္တုသာဓနအနက် ဟောသည်၏ အဖြစ်ကိုလည်းကောင်း (အန္ဝယ) သိစေပါသည်၊ ကိတ်ဖြစ်သော ဓာတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတွတ္ထသံဝဏ္ဏနာ၊ ကိတ်ဖြစ်သော ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

**အမှာ။** ။သံဝဏ္ဏနာအကြောင်းကို ပုဒ်စစ်ကျမ်းမှာ လာသည့် အစဉ်အတိုင်း မပြဘဲ အမြင်ရှင်းအောင် တစ်မျိုးစဉ်ထားပါသည်၊ ထိုသို့စဉ်ရာ၌ "ရှေ့ပိုင်းသံဝဏ္ဏနာများ၊ အလယ်ပိုင်းသံဝဏ္ဏနာများ, ၊ နောက်ပိုင်း သံဝဏ္ဏနာများ"

http://www.dhammadownload.com



ဟု သုံးပိုင်း ပိုင်းထားပါသည်၊ ထိုတွင် အလယ်ပိုင်းသံဝဏ္ဏနာများသည် အရေး အကြီးဆုံး ဖြစ်ကြ၏၊ ၎င်းတို့ကို အထူးသဘောပေါက်အောင် လေ့လာသင့်ပါသည်။

## အမှတ်-၁၊ ရှေ့ပိုင်း သံဝဏ္ဏနာများ

၁။ ဥလ္လိင်္ဂနည်း။ ။အဂ္ဂဳ ဥတ္တမံ-၌ ဥတ္တမံဟူသော သံဝဏ္ဏနာသည် အဂ္ဂဟူသော (သံဝဏ္ဏေတဗ္ဗပုဒ်ကို ဠတိသဒ္ဒါနှင့်တည်၍ ဖွင့်ပြသောကြောင့်) "ဥလ္လိင်္ဂနည်း" မည်၏။

**ဆိုရိုးပြုပုံ။** ။( )၌ လက်သည်းကွင်းအတွင်းရှိ စကားများသည် သံဝဏ္ဏနာ၏ အဓိပ္ပါယ်ကို ပြသည်၊ ထို့ကြောင့် အပြည့်အစုံဖြစ်အောင် အောက်ပါ အတိုင်း ဆိုရိုးပြုပါ၊ နောက်၌လည်း နည်းတူ။

သံဝဏ္ဏေတဗ္ဗဖြစ်သော ပုဒ်ကို ဠတိသဒ္ဒါနှင့်တည်၍ ဖွင့်သောနည်းသည် ဥလ္လိင်္ဂနည်း မည်၏၊ ပြယုဂ်ကား "အဂ္ဂဳ ဥတ္တမံ"အစရှိသည်တည်း၊ ဤပြယုဂ်၌ "ဥတ္တမံ"ဟူသော သံဝဏ္ဏနာသည် "အဂ္ဂံ"ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဠတိ သဒ္ဒါနှင့် တည်၍ဖွင့်သောကြောင့် "ဥလ္လိင်္ဂနည်း"မည်၏။

၂။ ဝုတ္တိနည်း။ ။ဒယာ မေတ္တာ-၌ မေတ္တာသည် ဒယာကို (ဠတိ သဒ္ဒါနှင့် မတည်မူ၍ သုတ်ကို ဝုတ္တိဖွင့်သကဲ့သို့ ဖွင့်သောကြောင့်) "ဝုတ္တိနည်း" မည်၏။

၃။ သမ္ဗန္ဓနည်း။ ။ဥတ္တမ ဂဏ္ဍဳ သမ္ဗန္ဓော-၌ ဥတ္တမံ ဂဏ္ဍဳ သမ္ဗန္ဓော သည် သံဝဏ္ဏေတဗ္ဗ၌ ရှိသော "ဥတ္တမံ"ဟူသောပုဒ်ကို "ဂဏ္ဍံ"ဟူသောပုဒ်နှင့် ဝိသေသန ဝိသေသျအဖြစ်ဖြင့် စပ်အပ်၏ဟု (သံဝဏ္ဏေတဗ္ဗ၌ ရှိသော ပုဒ်တို့၏ အစပ်ကို ဖွင့်ပြသောကြောင့်) "သမ္ဗန္ဓနည်း"မည်၏။

**မှတ်ချက်။** ။သံဝဏ္ဏေတဗ္ဗ၌ မရှိသောပုဒ်ဖြင့် သံဝဏ္ဏေတဗ္ဗ၌ ရှိသော ပုဒ်၏အစပ်ကို ပြလျှင်လည်း သမ္ဗန္ဓနည်းပင် ဖြစ်၏၊ ထို့ကြောင့် အောက်ပါ အတိုင်း အပြည့်အစုံ မှတ်ပါ၊ ကျက်ပါ။ သံဝဏ္ဏေတဗ္ဗ၌ရှိသော ပုဒ်တို့၏ အစပ် ကိုလည်းကောင်း၊ သံဝဏ္ဏေတဗ္ဗ၌ မရှိသောပုဒ်ဖြင့် သံဝဏ္ဏေတဗ္ဗ၌ ရှိသော ပုဒ် တို့၏ အစပ်ကိုလည်းကောင်း ဖွင့်သောနည်းသည် "သမ္ဗန္ဓနည်း"မည်၏။

၄။ ဥလ္လိင်္ဂသမ္ဗန္ဓနည်း။ ။ဥတ္တမဳ ဥဒ္ဒတတမတ္တာ-၌ ဥဒ္ဒတတမတ္တာ သည် "ဥတ္တမံ"ဟူသော (သံဝဏ္ဏေတဗ္ဗပုဒ်ကို ဠတိသဒ္ဒါနှင့်တည်၍) "ဥဒ္ဒတ တမတ္တာ"ဟု (ဟိတ်လောင်း၍ ဖွင့်သောကြောင့်) "ဥလ္လိင်္ဂသမ္ဗန္ဓနည်း" မည်၏။

http://www.dhammadownload.com



၅။ ဝုတ္တိသမ္ဗန္ဓနည်း။ ။ဒယာ မေတ္တာ သိနေဟသဘာဝါ–၌ မေတ္တာ သိနေဟသဘာဝါသည် ဒယာကို (ဣတိသဒ္ဒါနှင့် မတည်မူ၍) "မေတ္တာ သိနေဟသဘာဝါ"ဟု (ဟိတ်လောင်း၍ ဖွင့်သောကြောင့်) "ဝုတ္တိသမ္ဗန္ဓနည်း"မည်၏။

အမှာ။ ။ဤ ၅–မျိုးတွင် အမှတ်–၃ သမ္ဗန္ဓနည်းကိုသာ စာမေးပွဲ၌ အသုံးပြုရ၏၊ ထို့ကြောင့် စာစပ်ကို ပြရာတိုင်း၌ သမ္ဗန္ဓနည်း ရသည်ချည်း မှတ်ပါ။ "စာစပ်ကိုပြသည်"ဟူရာ၌ ပုံစံထဲမှာလို "သမ္ဗန္ဓော–သဒ္ဒါ တိုက်ရိုက် ပါမှသာ စာစပ်ပြသည်"ဟု မမှတ်ရ၊ ပါဠိတော်အစဉ်ကို ရှေ့နောက်ပြောင်း၍ ဖွင့်လျှင်ပင် "စာစပ်ကိုပြသည်"ဟု မှတ်ရမည်။

---

## အမှတ်–၂၊ အလယ်ပိုင်း သံဝဏ္ဏနာများ

ဤအလယ်ပိုင်း သံဝဏ္ဏနာများသည် သံဝဏ္ဏနာတို့၏ သော့ချက်ဖြစ်၍ အထူးအရေးကြီး၏၊ ၎င်းတို့ကို အထူးသဘောကျအောင် လေ့လာပါ၊ ၎င်းတို့ကိုပြရာ၌ မုဒ်စစ်ကျမ်းမှာ လာသည့်အတိုင်း မပြဘဲ ပိုမို၍ သိလွယ်စေရန် ပုဒ်ခွဲအလိုက် စုပေါင်း၍ ပြပါမည်။

### (က) သန္ဓိဆိုင်ရာ သံဝဏ္ဏနာ

ရှေ့ပုဒ်နှင့် နောက်ပုဒ်ကို ဆက်စပ်ထားသော ပုဒ်သည် "သန္ဓိပုဒ်"မည်၏၊ ထို့ကြောင့် အဋ္ဌကထာဆရာသည် သန္ဓိပုဒ်ကို ဖွင့်လိုသောအခါ ပုဒ်ဖြတ်ပြလိမ့်မည်၊ ယင်းကဲ့သို့ ပုဒ်ဖြတ်ပြခြင်းကိုပင် သံဝဏ္ဏနာအရာ၌ "သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ"ဟု ခေါ်လေသည်၊ အောက်ပါကို ရှုပါ။

သန္ဓိလိင်္ဂပဒ။ ။တတြာယန္တိ တတြ အယံ–၌ တတြ+အယံသည် "တတြ"ဟူသော, "အယံ"ဟူသော နှစ်ပုဒ်ကို စပ်သောအားဖြင့် ထားသတည်း–ဟု (သန္ဓိဖြစ်သော လိင်ပုဒ်ကို ဖွင့်ပြသောကြောင့်) "သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

### (ခ) နာမ်ဆိုင်ရာ သံဝဏ္ဏနာ

လိင်ပုဒ်နှင့် နာမ်ဝိဘတ် တွဲထားသည့် ပုဒ်သည် "နာမ်ပုဒ်"မည်၏၊ ထို့ကြောင့် နာမ်ပုဒ်တစ်ခုကို ဖွင့်လိုသောအခါ လိင်ပုဒ်၏ ကာရိကိုသော်လည်းကောင်း၊ လိင်ပုဒ်၏ အနက်ကိုသော်လည်းကောင်း၊ ဝိဘတ်၏ ကာရိကိုသော်လည်းကောင်း၊ ဝိဘတ်၏ အနက်ကိုသော်လည်းကောင်း ဖွင့်လိမ့်မည်၊ ထိုသို့ ဖွင့်ရာ၌ လိင်ပုဒ်၏ ကာရိကို ဖွင့်လျှင် "နာမလိင်္ဂပဒသံဝဏ္ဏနာ"ဟုခေါ်၏–

http://www.dhammadownload.com



စသည်ဖြင့် သိပါ။ ဤအချက်များကို သဘောပေါက်ပါက အာဘော်ဖော်ရေး၍လည်းကောင်း၊ သံဝဏ္ဏနာအမည် ပေးရေး၍လည်းကောင်း လုံးဝ အခက် မတွေ့နိုင်တော့ပါ၊ ထို့ကြောင့် သဘာဝဆိုက်အောင် စဉ်းစားပြီးမှ ကျက်မှတ်သော အလေ့အထကို မွေးမြူပါလေ။

**၁။ နာမလိင်္ဂပဒ။** ။အဿာတိ တဿ-၌ တဿသည် အဿ၌ "အ, သဒ္ဒါသည် တ, သဒ္ဒါ၏ ကာရိယတည်း"ဟု (နာမ်ဖြစ်သောလိင်ပုဒ်ကို ဖွင့်သောကြောင့်) "နာမလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

**၂။ နာမလိင်္ဂတ္ထ။** ။အဿာတိ ဓမ္မဿ-၌ ဓမ္မဿသည် "အဿ-၌ တ, သဒ္ဒါသည် ဓမ္မကိုစွဲ၏"ဟု (နာမ်ဖြစ်သော လိင်နက်ကို ဖွင့်သောကြောင့်) "နာမလိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

**၃။ ဝိဘတ္တိပဒ။** ။ပုရိသောတိ ပဌမေကဝစနံ-၌ ပဌမေကဝစနံ-သည် "ပုရိသော-၌ ဩသည် ပဌမာ ဧကဝုစ် သိဝိဘတ်၏ ကာရိယတည်း"ဟု (နာမ်ဝိဘတ်ကို ဖွင့်သောကြောင့်) "ဝိဘတ္တိပဒသံဝဏ္ဏနာ"မည်၏။

**၄။ ဝိဘတျတ္ထ။** ။ကေ သမယန္တိ ကေသ္မိံ သမယေ-၌ ကေသ္မိံ သမယေသည် "ကေ သမယံ-၌ အံဝိဘတ်သည် သတ္တမီအနက်ကို ဟောသတည်း"ဟု (နာမ်ဝိဘတ်၏ အနက်ကို ဖွင့်သောကြောင့်) "ဝိဘတျတ္ထသံဝဏ္ဏနာ" မည်၏။

**မှတ်ချက်။** ။နာမလိင်္ဂပဒ၊ နာမလိင်္ဂတ္ထတို့သည် နာမ် ၅-မျိုးထဲမှ နာမနာမ်၊ သဗ္ဗနာမ်၊ သမာသ်နာမ်တို့နှင့်သာ စပ်ဆိုင်၏၊ တဒ္ဓိတ်နာမ်နှင့် ကိတ်နာမ်တို့အတွက်ကား အမည်သီးသန့် လာလတ္တံ့၊ ဝိဘတ္တိပဒ၊ ဝိဘတျတ္ထတို့ကား နာမ် ၅-မျိုးလုံးနှင့်ပင် စပ်ဆိုင်၏၊ ဤအချက်ကို အထူးသတိပြု၍ မှတ်ထားပါ။

## (ဂ) ကာရကဆိုင်ရာ သံဝဏ္ဏနာ

လိင်ပုဒ်နှင့် နာမ်ဝိဘတ် တွဲထားသော ပုဒ်သည် "ကာရကပုဒ်"မည်၏။

**၁။ ကာရကလိင်္ဂပဒ။** ။ယဿာတိ သမ္ပဒါနဝစနံ-၌ သမ္ပဒါနဝစနံသည် သည် "ယဿ-၌ ယ, ဟူသော ပုဒ်သည် ဆဋ္ဌီဝိဘတ်အဆုံးရှိသော ပုဒ်မဟုတ်၊ စတုတ္ထီဝိဘတ်အဆုံးရှိသော ပုဒ်တည်း"ဟု (ကာရကဖြစ်သော လိင်ပုဒ်ကိုဖွင့်သောကြောင့်) "ကာရကလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

**၂။ ကာရကလိင်္ဂတ္ထ။** ။ဗုဒ္ဓန္တိ ကမ္မတ္ထနိဒ္ဒေသော-၌ ကမ္မတ္ထနိဒ္ဒေသောသည် "ဗုဒ္ဓံ၌ အံဝိဘတ်သည် ကံအနက်ကို ဟောသတည်း"ဟု (ကာရကဖြစ်သော လိင်္ဂအနက်ကို ဖွင့်သောကြောင့်) "ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ" မည်၏။

http://www.dhammadownload.com



မှတ်ချက်။ ။လိင်ပုဒ်နှင့် စပ်၍ဖွင့်လျှင် နာမ်ပုဒ်မှာကဲ့သို့ အမည်ပေးရမည်၊ ဝိဘတ်နှင့်စပ်ရာ၌သာ ဤအမည်များကို သုံးရမည်၊ သို့ရာတွင် ဤအဖွင့်မျိုးသည် အဋ္ဌကထာ ဋီကာတို့၌ ရှားလှသည်၊ ဝိဘတ္တိပဒနှင့် ကာရကလိင်္ဂပဒတို့၏ အထူးကား ဝိဘတ္တိပဒက ကာရကအမည်ကို မဖော်ဘဲ ဝိဘတ်အမည်ကို ဖော်၏၊ ကာရကလိင်္ဂပဒက ဝိဘတ်အမည်ကို မဖော်ဘဲ ကာရက အမည်ကို ဖော်၏၊ ပုံစံချင်း တိုက်ဆိုင်ကြည့်ပါ၊ ဝိဘတျတ္ထနှင့် ကာရကလိင်္ဂတ္ထအထူးကိုလည်း နည်းတူ သိပါ၊ နာမ်၏ တာဝန်က ဝိဘတ်ကိုလည်းကောင်း၊ ထိုဝိဘတ်၏ ရုပ်ပြီးပုံကိုလည်းကောင်း ပြရသည်၊ ကာရက၏တာဝန်က ဝိဘတ်တို့၏ သက်ရာဌာနကို ပြရသည်၊ ထို့ကြောင့် နာမ်နှင့် ကာရကကို ခွဲပြထားခြင်း ဖြစ်၏။

## ဃ။ သမာသ်ဆိုင်ရာ သံဝဏ္ဏနာ

ရှေ့လိင်ပုဒ် နောက်လိင်ပုဒ်နှင့် နာမ်ဝိဘတ် တွဲထားသော ပုဒ်သည် "သမာသ်ပုဒ်" မည်၏၊ ထို့ကြောင့် သမာသ်ပုဒ်တစ်ခုကို ဖွင့်ရာ၌ ရှေ့ပုဒ်၏ ရုပ်ပြီး ပုံကိုသော်လည်း ဖွင့်လိမ့်မည်စသည်ဖြင့် သိပါ၊ ထို့ပြင် ရှေ့ပုဒ်၏ ရုပ်ပြီး ပုံကို ဖွင့်လျှင် (နာမ်တုန်းက မှတ်ချက်ရေးခဲ့သည့်အတိုင်း) နာမလိင်္ဂပဒသံဝဏ္ဏနာ မည်၏ စသည်ဖြင့် သိပါ။

၁။ သမာသလိင်္ဂပဒ။ ။စတ္တာရိ သစ္စာနိ သမာဟဋာနိ စတုသစ္စံ၊ သမာဟာရေ ဒိဂု–၌ သမာဟာရေ ဒိဂု–သည် "စတုသစ္စံ–ဟူသော သမာသ်သည် သမာဟာရဒိဂုသမာသ်တည်း"ဟု (သမာသ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့်) "သမာသလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

၂။ သမာသလိင်္ဂတ္ထ။ ။ရညော ပုရိသော ရာဇပုရိသော–၌ ရညော ပုရိသော–သည် "မင်း အချင်းတို့၏ အချင်းချင်း ငဲ့ခြင်း–ဟုဆိုအပ်သော သမ္ဗန်အနက်ကို ဟော၏"ဟု (သမာသ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့်) "သမာသလိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

မှတ်ချက်။ ။သမာသလိင်္ဂပဒသံဝဏ္ဏနာသည် အဋ္ဌကထာ ဋီကာတို့၌ မရှိသလောက်ပင် ဖြစ်၏၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာသာ များသည်၊ ၎င်းကို စာဖြေရာ၌ ဤအတိုင်း မရေးဘဲ "ရညော ပုရိသောဖြင့် ရာဇနှင့် ပုရိသကို ဆဋ္ဌီတပ္ပုရိသ်သမာသ် တွဲစပ်ရမည့်အဖြစ်ကို ဖွင့်ပြသိစေသည်"ဟု ရေးနေကြပြီ၊ ရှေ့လိင်ပုဒ် နောက်လိင်ပုဒ်နှင့် ဝိဘတ်တို့ကို ဖွင့်ရာ၌ နာမ်ပုဒ်တုန်းကအတိုင်း နာမလိင်္ဂပဒစသည်ဖြင့် အမည်ပေးပါ။

http://www.dhammadownload.com



## ၄။ တဒ္ဓိတ်ဆိုင်ရာ သံဝဏ္ဏနာ

လိင်ပုဒ် တဒ္ဓိတ်ပစ္စည်းနှင့် နာမ်ဝိဘတ် တွဲထားသော ပုဒ်သည် "တဒ္ဓိတ်ပုဒ်" မည်၏၊ ထို့ကြောင့် တဒ္ဓိတ်ပုဒ်ကို ဖွင့်လိုသောအခါ လိင်ပုဒ်၏ ကာရိကိုသော်လည်း ဖွင့်လိမ့်မည်-စသည်ဖြင့် သိပါ၊ ထို့ပြင် လိင်ပုဒ်၏ ကာရီကို ဖွင့်လျှင် ဒုတိယလိင်္ဂပဒမည်၏-စသည်ဖြင့်လည်း သိပါ။

၁။ ဒုတိယလိင်္ဂပဒ။ ။သေဋ္ဌန္တိ ပသတ္ထတရံ-၌ ပသတ္ထတရံ-သည် "သေဋ္ဌ-၌ သ,သည် ပသတ္ထသဒ္ဒါ၏ ကာရိယတည်း"ဟု (တဒ္ဓိတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့်) "ဒုတိယလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

၂။ ဒုတိယလိင်္ဂတ္ထ။ ။ပါပတရောတိ လာမကတရော-၌ လာမကတရော-သည် "ပါပတရော-၌ ပါပသဒ္ဒါသည် လာမကအနက်ကို ဟောသတည်း" ဟု (တဒ္ဓိတ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့်) "ဒုတိယလိင်္ဂတ္ထသံဝဏ္ဏနာ" မည်၏။

၃။ ပစ္စယပဒ။ ။ပါပိယောတိ ပါပတရော-၌ ပါပတရော-သည် "ပါပိယော-၌ ဣယပစ္စည်းသည် ဝိသေသတဒ္ဓိတ်တည်း"ဟု (တဒ္ဓိတ်ပစ္စည်းကို ဖွင့်သောကြောင့်) "ပစ္စယပဒသံဝဏ္ဏနာ" မည်၏။

၄။ ပစ္စယတ္ထ။ ။ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော-၌ ဝသိဋ္ဌဿ အပစ္စံ-သည် "ဝါသိဋ္ဌော-၌ ဏပစ္စည်းသည် သမ္ဗန်အနက်၊ ကရိုဏ်းအနက်ကို ဟော၏" ဟု (တဒ္ဓိတ်ဖြစ်သော ပစ္စည်းအနက်ကို ဖွင့်သောကြောင့်) "ပစ္စယတ္ထသံဝဏ္ဏနာ" မည်၏။

မှတ်ချက်။ ။ပစ္စယတ္ထအတွက် အကြောင်းပြရာ၌ ယခုအခါ ဤ၌ ပါသည့်အတိုင်း မပြဘဲ "ဏပစ္စည်း၏ အပစ္စအနက် ဟောသည်၏အဖြစ်ကို ဖွင့်ပြ သိစေသည်"ဟု အကြောင်းပြနေကြပြီ။ တဒ္ဓိတ်၌သက်သော ဝိဘတ်များကို ဖွင့်လျှင် နာမ်ပုဒ်တုန်းကအတိုင်းပင် အမည်ပေးပါ။

## ၅။ အာချာတ်ဆိုင်ရာ သံဝဏ္ဏနာ

ဓာတ်၊ အာချာတ်ပစ္စည်းနှင့် အာချာတ်ဝိဘတ် တွဲထားသောပုဒ်သည် "အာချာတ်ပုဒ်"မည်၏၊ ထို့ကြောင့် အာချာတ်ပုဒ်ကို ဖွင့်သောအခါ ဓာတ်၏ ကာရိကိုသော်လည်း ဖွင့်လိမ့်မည်-စသည်ဖြင့် သိပါ၊ ထိုသို့ ဖွင့်ရာ၌ ဓာတ်၏ ကာရိကိုဖွင့်လျှင် ဓာတုပဒသံဝဏ္ဏနာ မည်၏-စသည်ဖြင့်လည်း သိပါလေ။

http://www.dhammadownload.com



**၁။ ဓာတုပဒ။** ။ကာဟိသတိတိ ကရိသတိ–၌ ကရိသတိ–သည် "ကာဟိသတိ–၌ ကာဟသဒ္ဒါသည် ကရဓာတ်၏ ကာရိယတည်း"ဟု (အာချာတ်ဖြစ်သော ဓာတ်ကို ဖွင့်သောကြောင့်) "ဓာတုပဒသံဝဏ္ဏနာ" မည်၏။

**၂။ ဓာတွတ္ထ။** ။သမ္ဘဝတ္တယီတိ ကထေသိ–၌ ကထေသိ–သည် "သမ္ဘဝတ္တယိ–၌ သံရှေး, ပ,ရှေးရှိသော ဝတုဓာတ်သည် ကထနအနက်ကို ဟောသတည်း"ဟု (အာချာတ်ဖြစ်သော ဓာတ်အနက်ကို ဖွင့်သောကြောင့်) "ဓာတွတ္ထသံဝဏ္ဏနာ" မည်၏။

**၃။ ဒုတိယဝိဘတ္တိပဒ။** ။ဘာသိဿန္တိ ဘာသိဿာမိ–၌ ဘာသိဿာမိ–သည် "ဘာသိဿံ–၌ သံဝိဘတ်သည် ကာလာတိပတ္တိဝိဘတ် မဟုတ်၊ ဘဝိဿန္တိဝိဘတ်၊ အတ္တနောပုဒ်၊ ဥတ္တမပရိသ်တည်း"ဟု (အာချာတ်ဝိဘတ်ကို ဖွင့်သောကြောင့်) "ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ" မည်၏။

**၄။ ဒုတိယဝိဘတျတ္ထ။** ။သန္ဓာဝိဿန္တိ သံသရိံ–၌ သံသရိံ–သည် "သန္ဓာဝိဿံ–၌ သံဝိဘတ်သည် အတိတ်အနက်ကို ဟောသတည်း"ဟု (အာချာတ်ဝိဘတ်၏အနက်ကို ဖွင့်သောကြောင့်) "ဒုတိယဝိဘတျတ္ထသံဝဏ္ဏနာ"မည်၏။

## ဆ။ ကိတ်ဆိုင်ရာ သံဝဏ္ဏနာ

ဓာတ်၊ ကိတ်ပစ္စည်းနှင့် နာမ်ဝိဘတ် တွဲထားသော ပုဒ်သည်"ကိတ်ပုဒ်"မည်၏၊ ထို့ကြောင့် ကိတ်ပုဒ်တစ်ခုကို ဖွင့်ရာ၌ ဓာတ်၏ ကာရိကိုသော်လည်း ဖွင့်လိမ့်မည်–စသည်ဖြင့် သိပါ။ ထိုသို့ ဖွင့်ရာ၌ ဓာတ်၏ကာရိကိုဖွင့်လျှင် "ဒုတိယဓာတုပဒသံဝဏ္ဏနာ"မည်၏–စသည်ဖြင့်လည်း သိပါလေ။

**၁။ ဒုတိယဓာတုပဒ။** ။ဃာတကောတိ ဟနကော–၌ ဟနကော–သည် "ဃာတကော၌ ဃာတသဒ္ဒါသည် ဟနဓာတ်၏ ကာရိယတည်"ဟု (ကိတ်ဓာတ်ကို ဖွင့်သောကြောင့်) "ဒုတိယဓာတုပဒသံဝဏ္ဏနာ"မည်၏။

**၂။ ဒုတိယဓာတွတ္ထ။** ။ဗုဒ္ဓေါတိ ဇာနန္တော–၌ ဇာနန္တော–သည် "ဗုဒ္ဓေါ၌ ဗုဓဓာတ်သည် ဉာဏအနက်ကို ဟောသတည်း"ဟု (ကိတ်ဓာတ်အနက်ကို ဖွင့်သောကြောင့်) "ဒုတိယဓာတွတ္ထသံဝဏ္ဏနာ" မည်၏။

**၃။ ဒုတိယပစ္စယပဒ။** ။အဘိဝန္ဒိယာတိ အဘိဝန္ဒိတွာ–၌ အဘိဝန္ဒိတွာသည် "အဘိဝန္ဒိယ၌ ယ,သဒ္ဒါသည် တွာပစ္စည်း၏ ကာရိယတည်း"ဟု (ကိတ်ပစ္စည်းကို ဖွင့်သောကြောင့်) "ဒုတိယပစ္စယပဒသံဝဏ္ဏနာ"မည်၏။

**၄။ ဒုတိယပစ္စယတ္ထ။** ။ဗုဒ္ဓူတီတိ ဗုဒ္ဓေါ-၌ ဗုဒ္ဓူတိသည် "ဗုဒ္ဓေါ၌တ, ပစ္စည်းသည် ကတ္တားအနက်ကို ဟောသတည်း"ဟု (ကိတ်ပစ္စည်းအနက်ကို ဖွင့်သောကြောင့်) "ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ"မည်၏။

**မှတ်ချက်။** ။ဝိဘတ်နှင့်စပ်၍ ဖွင့်လျှင် နာမ်တုန်းကကဲ့သို့ အမည်ပေးရသည်။

## ၈။ ဥပသာရဆိုင်ရာ သံဝဏ္ဏနာ

ပ, ပရာ, နိ, နီ-စသော ၂၀-သော ပုဒ်တို့သည် "ဥပသာရပုဒ်"မည်၏၊ ထို့ကြောင့် ဥပသာရပုဒ်ကို ဖွင့်ရာ၌ ဥပသာရဖြစ်ကြောင်းကိုသော်လည်း ဖွင့်လိမ့်မည်၊ ဥပသာရ၏ အနက်ကိုသော်လည်း ဖွင့်လိမ့်မည်၊ ဥပသာရပုဒ် ဖြစ်ကြောင်းကို ဖွင့်လျှင် "ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ"ဟုခေါ်၏။ ဥပသာရပုဒ်အနက်ကို ဖွင့်လျှင် "ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ"ဟု ခေါ်၏။ နိပါတ်ပုဒ်၌လည်း နည်းတူပင်တည်း။

**၁။ ဥပသဂ္ဂလိင်္ဂပဒ။** ။အဘီတိ ဥပသဂ္ဂေါ-၌ ဥပသဂ္ဂေါသည် "အဘိ ဟူသော ပုဒ်သည် ဥပသာရပုဒ်တည်း"ဟု (ဥပသာရဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့်) "ဥပသဂ္ဂလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

**၂။ ဥပသဂ္ဂလိင်္ဂတ္ထ။** ။နဂရဿ သမီပေ ပဝတ္တတိ ကထာ ဉ္ဇတိ ဥပနဂရံ-၌ သမီပေ ပဝတ္တတိ-သည် "ဥပသဒ္ဒါသည် သမီပအနက်ကို ဟောသတည်း"ဟု (ဥပသာရဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့်) "ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

## ၉။ နိပါတ်ဆိုင်ရာ သံဝဏ္ဏနာ

စ, ဝါ, ဣဝ, ဝိယ-စသော များစွာသော ပုဒ်အပေါင်းသည် "နိပါတ်ပုဒ်" မည်၏။

**၁။ နိပါတလိင်္ဂပဒ။** ။ဣတီတိ နိပါတော-၌ နိပါတောသည် "ဣတိ ဟူသောပုဒ်သည် နိပါတ်ပုဒ်တည်း"ဟု (နိပါတ်ဖြစ်သော လိင်ပုဒ်ကို ဖွင့်သောကြောင့်) "နိပါတလိင်္ဂပဒသံဝဏ္ဏနာ"မည်၏။

**၂။ နိပါတလိင်္ဂတ္ထ။** ။ခလူတိ အနုဿဝနတ္ထေ နိပါတော-၌ "အနုဿဝနတ္ထေ နိပါတောသည် ခလုသဒ္ဒါသည် တစ်ဆင့်ကြားခြင်းတည်းဟူသော အနက်ကို ဟောသတည်း"ဟု (နိပါတ်ဖြစ်သော လိင်အနက်ကို ဖွင့်သောကြောင့်) "နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

http://www.dhammadownload.com



## ည။ အများဆိုင်ရာ သံဝဏ္ဏနာ

ရုံခါ သဒ္ဒါကို မဖွင့်ဘဲ အရကောက်ကို ဖွင့်တတ်သေး၏၊ ၎င်းကို "သရုပ်ကြား အဘိဓေယျတ္ထ"ဟု ခေါ်၏၊ နောက်၌ သဒ္ဒါဟော အဘိဓေယျတ္ထနှင့် ပရိယာယ် အဘိဓေယျတ္ထ လာလိမ့်ဦးမည်၊ အဘိဓေယျတ္ထသံဝဏ္ဏနာ သုံးမျိုး ရှိကြောင်းကို မှတ်သားထားနှင့်ပါ။

**အဘိဓေယျတ္ထ။** ။အရိံ ဒမေတီတိ အရိန္ဒမော၊ ရာဇာ-၌ ရာဇာသည် "အရိန္ဒမောဟူသည် မင်းပင်တည်း"ဟု (သရုပ်ကြားအနက်ကို ဖွင့်သောကြောင့်) "အဘိဓေယျတ္ထသံဝဏ္ဏနာ"မည်၏။

---

### အမှတ်-၃၊ နောက်ပိုင်း သံဝဏ္ဏနာများ

**ဆောင်။**
၁။ နီတတ်တစ်ဖြာ၊ နေယျတ္ထာတည်း။
၂။ တစ်ဖြာပကတတ်၊ ပစ္စယတ်နှင့်။
၃။ သဒ္ဒတ်တစ်ဖြာ၊ ဘာဝတ္ထာတဲ့။
၄။ တစ်ဖြာဘိဓေယျတ်၊ သဘာဝတ်နှင့်။
၅။ သကတ်စရို၊ ငါးပါးသိလော့။
၆။ အဘိဓာနတ်၊ ဘိဓာယျတ်ဟု ခြောက်ရပ်နောက်လာ၊ ဝဏ္ဏနာ၊ ကဗျာမှတ်လေမင်း။

**မှတ်ချက်။** ။အထက်ပါတို့ကို နီတတ္ထဒုက်၊ ပကတျတ္ထဒုက်-စသည်ဖြင့် ခေါ်ရသည်။

### ၁။ နီတတ်တစ်ဖြာ၊ နေယျတ္ထာတည်း

**က။ နီတတ္ထ။** ။ပဝတ္တိတ္ထာတိ ဥပ္ပန္နိတ္ထ-၌ ဥပ္ပန္နိတ္ထ-သည် "ပဝတ္တိတ္ထ၌ ပ, ရှေးရှိသော ဝတုဓာတ်သည် ဥပ္ပန္နအနက်ကို ဟောသတည်း"ဟု (တိုက်ရိုက် သိအပ်သောအနက်ကို ဖွင့်သောကြောင့်) "နီတတ္ထသံဝဏ္ဏနာ"မည်၏။

**ခ။ နေယျတ္ထ။** ။အဓိဝါသေတူတိ သမ္ပဋိစ္ဆတု-၌ သမ္ပဋိစ္ဆတုသည် "သာယာ၏ဟူသည် ဝန်ခံခြင်းပင်တည်း"ဟု (အဓိရှေးရှိသော ဝသဓာတ်၏ ဆောင်၍သိအပ်သော အနက်ကို ဖွင့်သောကြောင့်) "နေယျတ္ထသံဝဏ္ဏနာ"မည်၏။

http://www.dhammadownload.com



## ၂။ တစ်ဖြာ ပကတတ်၊ ပစ္စယတ်နှင့်

**က။ ပကတျတ္ထ။** ။သမ္ဘဝတ္တယိတိ ကထေသိ-၌ ကထေသိသည် "သမ္ဘဝတ္တယိ၌ သံရေး ပ, ရေးရှိသော ဝတုဓာတ်သည် ကထနအနက်ကို ဟော သတည်း"ဟု (ဓာတ်အနက်ကို ဖွင့်သောကြောင့်) "ပကတျတ္ထသံဝဏ္ဏနာ"မည်၏။

**ခ။ ပစ္စယတ္ထ။** ။သန္ဓာဝိသတ္တိ သံသရိ-၌ သံသရိသည် "သန္ဓာဝိသံ၌ သံဝိဘတ်သည် အတိတ်ကာလကို ဟော၏"ဟု (ဝိဘတ်အနက်ကို ဖွင့်သော ကြောင့်) "ပစ္စယတ္ထသံဝဏ္ဏနာ"မည်၏။

**မှတ်ချက်။** ။လိင်ပုဒ်နှင့် ဓာတ်ကို "ပကတိ"ဟု ခေါ်၍ ပစ္စည်းနှင့် ဝိဘတ်ကို "ပစ္စယ"ဟု ခေါ်၏၊ ထို့ကြောင့် "လိင်၏အနက်ကို ဖွင့်လျှင်လည်း ကပတျတ္ထပင်တည်း၊ ပစ္စည်းအနက်ကို ဖွင့်လျှင်လည်း ပစ္စယတ္ထပင်တည်း"ဟု မှတ်ပါ။

## ၃။ သဒ္ဒတ် တစ်ဖြာ၊ ဘာဝတ္ထာတဲ့

**က။ သဒ္ဒတ္ထ။** ။ အာစိက္ခန္တီ တိ ဒေသေန္တိ -၌ ဒေသေန္တိ သည် "အာစိက္ခန္တီ၌ အာရေးရှိသော စိက္ခဓာတ်သည် ဒေသနာအနက်ကို ဟောသတည်း"ဟု (သဒ္ဒါဟော အနက်ကို ဖွင့်သောကြောင့်) "သဒ္ဒတ္ထသံဝဏ္ဏနာ"မည်၏။

**ခ။ ဘာဝတ္ထ။** ။အာစိက္ခန္တီ တိ ဥတ္တနိ ကရောန္တိ -၌ ဥတ္တာနိ ကရောန္တိ သည် "ကြား၏ဟူသည် ထင်စွာပြုခြင်းကိုပင် ဆိုသည်"ဟု (အဓိပ္ပါယ်ရ အနက် ကို ဖွင့်သောကြောင့်) "ဘာဝတ္ထသံဝဏ္ဏနာ"မည်၏။

**မှတ်ချက်။** ။ဤဒုက်မှ ဘာဝတ္ထသံဝဏ္ဏနာကို စာဖြေရာ၌ များစွာအသုံး ပြုရသည်။

## ၄။ တစ်ဖြာ ဘိဓေယျတ်၊ သဘာဝတ်နှင့်

**က။ အဘိဓေယျတ္ထ။** ။ရတိဇနနဋ္ဌေန ရတနံ-၌ ရတိဇနနဋ္ဌေန-သည် "ရတနသဒ္ဒါသည် နှစ်သက်ခြင်းကို ဖြစ်စေခြင်းဟူသော အနက်ကို ဟောသ တည်း"ဟု (သဒ္ဒါဟောအနက်ကို ဖွင့်သောကြောင့်) "အဘိဓေယျတ္ထသံဝဏ္ဏနာ" မည်၏။

**တစ်နည်း။** ။ရာသဋ္ဌေန ခန္ဓာ-၌ ရာသဋ္ဌေနသည် "ခန္ဓသဒ္ဒါသည် အစုဟူသော အနက်ကို ဟော၏"ဟု (သဒ္ဒါဟော အနက်ကို ဖွင့်သောကြောင့်) "အဘိဓေယျတ္ထသံဝဏ္ဏနာ"မည်၏။

http://www.dhammadownload.com



**ခ။ သဘာဝတ္ထ။** ။အတိဒုလ္လဘဋ္ဌေန ရတနံ-၌ အတိဒုလ္လဘဋ္ဌေနသည် "ရတနာဟူသည် အလွန်ရခဲသော သဘောရှိ၏"ဟု (သဘောဖြစ်သော အနက်ကို ဖွင့်သောကြောင့်) "သဘာဝတ္ထသံဝဏ္ဏနာ"မည်၏။

**မှတ်ချက်။** ။ဤဒုက်မှ အဘိဓေယျတ္ထသံဝဏ္ဏနာကို စာဖြေရာ၌ သုံးရသည်၊ ၄င်း၌ ပုံစံနှစ်ခု ထုတ်ရာတွင် ပထမပုံစံသည် နိပ္ဖန္နသဒ္ဒါအတွက်ဖြစ်၍ ဒုတိယပုံစံသည် အနိပ္ဖန္နသဒ္ဒါအတွက် ဖြစ်သည်၊ ဓာတ်ပစ္စည်း ခွဲ၍ရစကောင်းသည့် သဒ္ဒါကို "နိပ္ဖန္န"ဟုခေါ်၍ မရစကောင်းသည့် သဒ္ဒါကို "အနိပ္ဖန္န"ဟု ခေါ်သည်၊ ဤသံဝဏ္ဏနာသည် နာမလိင်္ဂပဒသံဝဏ္ဏနာနှင့် သဘောတူပင်တည်း။

## ၅။ သကတ်စရို၊ ငါးပါး သိလော့

**က။ သကတ္ထ။** ။ကေနဋ္ဌေန အဘိဓမ္မော၊ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေနာတိ-၌ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန-သည် လွန်သော ထူးသော အဘိဓမ္မသဒ္ဒါ၏ (သကတ်အနက်ကို ဖွင့်သောကြောင့်) "သကတ္ထသံဝဏ္ဏနာ"မည်၏ ။

**ခ။ ဒဗ္ဗတ္ထ။** ။အဘိဝိသိဋ္ဌာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော၊ အဘိဓမ္မပိဋကံ-၌ အဘိဓမ္မပိဋကံ-သည် "အဘိဓမ္မော၏အရသည် အဘိဓမ္မာပိဋကတ်တည်း"ဟု အဘိဓမ္မသဒ္ဒါ၏ (ဒြပ်ဖြစ်သောအနက်ကို ဖွင့်သောကြောင့်) "ဒဗ္ဗတ္ထသံဝဏ္ဏနာ" မည်၏။

**ဂ။ လိင်္ဂတ္ထ။** ။ဝေသာလိယန္တိ ဧဝံ နာမကေ ဣတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ-၌ ဧဝံ နာမကေ ဣတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ-သည် "ဝေသာလိသဒ္ဒါ၏ မသန့်ရှင်းသော အခြင်းအရာ"ဟု ဆိုအပ်သော ဣတ္ထိ (လိင်အနက်ကို ဖွင့်သောကြောင့်)"လိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

**ဃ။ သင်္ချတ္ထ။** ။ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေနာတိ ဒွိန္နမ္ပိ အဘိဓမ္မသဒ္ဒတ္ထဘာဝေန သာမညတော ကေဝစနနိဒ္ဒေသော ကတော-၌ ဒွိန္နမ္ပိ ။ ပ ။ ကတော-သည် "လွန်ကဲသော ထူးသော အနက်တို့၏ အဘိဓမ္မသဒ္ဒါ၏ အနက်အဖြစ်ဖြင့် တူသောကြောင့် တစ်ခုတည်း၏ အဖြစ် အာကာရပညတ်"ဟု ဆိုအပ်သော (သင်္ချာအနက်ကို ဖွင့်သောကြောင့်) "သင်္ချတ္ထသံဝဏ္ဏနာ"မည်၏။

**င။ ကာရကတ္ထ။** ။ဗုဒ္ဓေန္တိ ကမ္မတ္တနိဒ္ဒေသော-၌ ကမ္မတ္တနိဒ္ဒေသော-သည် "ဗုဒ္ဓံ၌ အံဝိဘတ်သည် ကံအနက်ကို ဟော၏"ဟု (ကာရက၏ အနက်ကို ဖွင့်သောကြောင့်) "ကာရကလိင်္ဂတ္ထသံဝဏ္ဏနာ"မည်၏။

http://www.dhammadownload.com



## ၆။ အဘိဓာနတ်၊ ဘိဓေယျတ်–ဟု

**အဘိဓာနတ္ထ၊ အဘိဓေယျတ္ထ။** ။ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဘဂဝါ–၌ ဗုဇ္ဈတိသည် ဗုဒ္ဓေါဟူသောပုဒ်၏ (ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်သောကြောင့်) "အဘိဓာနတ္ထသံဝဏ္ဏနာ" မည်၏။ ဘဂဝါသည် ဗုဒ္ဓေါဟူသော ပုဒ်၏ (ပရိယာယ်အနက်ကို ဖွင့်သောကြောင့်) "အဘိဓေယျတ္ထသံဝဏ္ဏနာ"မည်၏။

**မှတ်ချက်။** ။စာဖြေရာ၌ အလယ်ပိုင်း သံဝဏ္ဏနာများကို ပဓာနထား၍ စဉ်းစားရ၏၊ ရှေ့ပိုင်းမှ သမ္ဗန္ဓနယသံဝဏ္ဏနာနှင့် နောက်ပိုင်းမှ ဘာဝတ္ထဝဏ္ဏနာ၊ သဒ္ဒါဟော အဘိဓေယျတ္ထသံဝဏ္ဏနာတို့ကိုသာ အသုံးပြုကြတော့သည်။ ရှေးဆရာတို့ကား အလယ်ပိုင်းမှ သင့်လျော်ရာ တစ်ခုခုနှင့် နောက်ပိုင်းမှ တစ်ဒုက်လျှင် တစ်ခုကျအားဖြင့် ၆–ခု၊ ပေါင်း ၇–ချက် ဖော်ကြသည်၊ အောက်ပါ ပုံစံကို လေ့လာပါ၊ အတုယူပါ၊ လိုအပ်လျှင် အသုံးပြုပါ။

ဗုဇ္ဈတီတိ ဗုဒ္ဓေါ–၌ "ဗုဇ္ဈတိ"ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗုဒ္ဓေါ၌ တ, ပစ္စည်း၏ ကတ္တုသာဓနအနက် ဟောသည်၏အဖြစ်ကို ဖွင့်ပြ သိစေပါသည်။

ကိတ်ဖြစ်သော ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ။

တိုက်ရိုက်ဖြစ်သော အနက်ကို ဖွင့်သောကြောင့် နီတတ္ထသံဝဏ္ဏနာ။

ပစ္စည်း၏ အနက်ကို ဖွင့်သောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ။

သဒ္ဒါဟော အနက်ကို ဖွင့်သောကြောင့် သဒ္ဒတ္ထသံဝဏ္ဏနာ။

သဒ္ဒါဟော အနက်ကို ဖွင့်သောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။

သကတ်အနက်ကို ဖွင့်သောကြောင့် သကတ္ထသံဝဏ္ဏနာ။

ဝိဂ္ဂြိုဟ်အနက်ကို ဖွင့်သောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

**စာဖြေနည်း။** ။အာဘော်ဖော်ရာ၌ "သတည်း"ဟုလည်းကောင်း၊ "၏အဖြစ်ကို"ဟု လည်းကောင်း သင့်လျော်သလို ရေးနိုင်၏၊ အောက်ပါ ပုံစံကို ရှုပါ၊ ကြိုက်ရာ တစ်ခုခုကို အသုံးပြုပါ။

"ဗုဇ္ဈတိ–ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗုဒ္ဓေါ၌ တ, ပစ္စည်းသည် ကတ္တားအနက်ကို ဟောသတည်း"ဟု ဖွင့်ပြသိစေသည်။

"ဗုဇ္ဈတိ"ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဗုဒ္ဓေါ၌ တ, ပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကို ဖွင့်ပြသိစေသည်။

ဓဓဓဓဓ

သံဝဏ္ဏနာဆိုရိုး ပြီး၏။

http://www.dhammadownload.com



## အရှင်ကုမာရ၏ သံဝဏ္ဏနာသံပေါက်များ

အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ထုတ်ရာ၌ သံဝဏ္ဏနာစစ်ဖြင့် မလုံလောက်ပါ၊ သို့ဖြစ်၍ ရှေးဆရာများ၏ နည်းကိုယူ၍ အရှင်ကုမာရေးထားသော သံဝဏ္ဏနာသံပေါက်များကိုလည်း ကျက်မှတ်ပါ၊ လေ့လာပါ။

၁။ သမန္နာဂတ၊ သမ္ပုဏ္ဏနှင့်၊ ပရိပုဏ္ဏ-သမင်္ဂီ၊ တစ်လီ သမ္ပန္န၊ ဖွင့်တွေ့ကမူ၊ ကိတမှာ ကတ်၊ သမာသ် ဗဟုဗ္ဗိ၊ အသဿတ္ထိ၊ တဒ္ဓိကြံလတ်-ဝစနတ်။ (ကိတ်ပုဒ်ကို သမန္နာဂတစသည်ဖြင့် ဖွင့်လျှင် ကတ္တုသာဓနကိုပြ၏-စသည်ဖြင့်သိ။)

- **ကိတ်။** ။ဥပေက္ခကောတိ ဥပေက္ခာယ သမန္နာဂတော။
- **သမာသ်။** ။မဟာမတ္တောတိ မဟတိယာ မတ္တာယ သမန္နာဂတော။
- **တဒ္ဓိတ်။** ။သရဝတ်ိတိ သရသမ္ပန္နာ။

၂။ သူတို့ချင်းသာ၊ ဖွင့်ပြရာ၊ ကြံပါ နည်းတူမှတ်။ (ကိတ်ပုဒ်ကို ဗဟုဗ္ဗိဟိ၊ အဿတ္ထိတို့ဖြင့် ဖွင့်လျှင် ကတ္တုသာဓနကို ပြ၏၊ စသည်---။)

**ကိတ်ကို-** ဗဟုဗ္ဗိဟိဖြင့်ဖွင့်။ အဘိသမေတာဝီတိ ပဋိဝိဒ္ဓစတုသစ္စော။
အဿတ္ထိဖြင့်ဖွင့်။ ဇာနနကောတိ ဉာဏီ။

**ဗဟုဗ္ဗိဟိကို-** အဿတ္ထိဖြင့်ဖွင့်။ သသမ္ဘာရက္ခီ သမ္ဘာရဝန္တံ။
ကတ္တုသာဓနဖြင့်ဖွင့်။ ပဋိဝိဒ္ဓစတုသစ္စောတိ စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈိတွာ ဋ္ဌိတော။

**အဿတ္ထိကို-** ဗဟုဗ္ဗိဟိဖြင့်ဖွင့်။ သတိမာတိ ဥပဋ္ဌိတသတိ။
ကတ္တုသာဓနဖြင့်ဖွင့်။ သတိမာတိ သတိကာရကော။

၃။ အဝုတ္တက၊ ထည့်ဖွင့်ပြန်၊ မှတ်ရန် ကတ္တုသာဓ်။
(အဝုတ္တကံ အပိုထည့်၍ ဖွင့်လျှင် ကတ္တုသာဓနကို ပြ၏။) ဩတိဏ္ဏောတိ ရာဂံ ဩတိဏ္ဏော။

၄။ ကတ္တား အဝုတ္တ၊ ထည့်ဖွင့်ပြ၊ ကြံကြ ကမ္မသာဓ်။
(အဝုတ္တကံတ္တား အပိုထည့်၍ ဖွင့်လျှင် ကမ္မသာဓနကို ပြ၏။) ဩတိဏ္ဏောတိ ရာဂေန ဩတိဏ္ဏော။

၅။ ယုတ္တ-သဏ္ဍာ၊ အရဟာ-နစ္ဆဝိ၊ အစရှိ၊ ဖွင့်ဘိ ကမ္မသာဓ်။
(ယုတ္တ-သဒ္ဒါ စသည်ဖြင့် ဖွင့်လျှင် ကမ္မသာဓနကို ပြ၏။) သမ္မောဒနီယန္တိ သမ္မောဒိတုံ ယုတ္တံ။

၆။ သံဝဏ္ဏေတဗ္ဗာ၊ မထင်ရာကို၊ ကတ္တာကမ္မ၊ ပါကဋနှင့်၊ ဘာဝသဒ္ဒါ၊ တဒ္ဓိတာဘော၊ ဆင့်ရောစွက်ကာ၊ ဖွင့်ပြရာဝယ်၊ ကတ္တာကမ္မ၊ သာဓန၊ ဘာဝ ပဓာနတ်။

http://www.dhammadownload.com



၇။ ကြိယာမှန်၊ ကေန်ကတ္တုဋ္ဌ၊ တစ်ခုမျှသာ၊ ရှိစေကာမူ၊ တာဝကာလိကေန၊ ကမ္မဋ္ဌနှင့်၊ ကရဏဋ္ဌာဒီ၊ ရှိသေးဘိ၍၊ သိရှိထိုထို၊ အကျိုးလို၊ ဖွင့်ဆိုဘာဝတ်-ပဓာနတ်။

ကတ္တုသာဓနလော, ကမ္မသာဓနလော့ဟု မထင်ရှားသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ထင်ရှားသော ကတ္တုသာဓနေ, ကမ္မသာဓနတို့နှင့်တကွ ဘာဝသဒ္ဒါ (သို့မဟုတ်) တဒ္ဓိတ်ဘောစွက်၍ ဖွင့်လျှင် ကတ္တုသာဓန, ကမ္မသာဓနပြု၍ ဘောကို အရကောက်ရမည်ဟု ပြ၏။

**ကတ္တုသာဓန။** ။သပ္ပဋိဃာတိ ပဋိဟနနဘာဝသင်္ခါတေန ပဋိဃေန သဟာပဝတ္တာ။

**ကမ္မသာဓန။** ။သနိဒဿနာတိ ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန နိဒဿနေန သဟာပဝတ္တာ။

**တစ်နည်း။** ။ဥဒ္ဒေသံ အာဂစ္ဆန္တီတိ သရူပေန ဥဒ္ဒိသိတဗ္ဗတံ အာဂစ္ဆန္တိ။

၈။ အန္တ ဆုံးပါ၌၊ ဖွင့်လတ်မာန၊ ဘော ကမ္မ၊ မာန အန္တ ပြန့်သည်မှတ်။

(သဒ္ဒါကျမ်းအလို မာနပစ္စည်းသည် ဘော ကံ ကတ္တား သုံးပါးလုံးကို ဟောနိုင်သော်လည်း အန္တ ပစ္စည်းကား ကတ္တားအနက်ကိုသာ ဟောနိုင်၏၊ ထို့ကြောင့် အန္တ ပစ္စည်း ဆုံးသောပုဒ်ကို မာနပစ္စည်းဖြင့် ဖွင့်လျှင် “ဘော, ကံ, အနက်ဟော မာနကို အန္တပြန်ထားသည်”ဟု ပြ၏။ တစ်နည်းဆိုရသော် “ကံဟောပုဒ် ဖြစ်ပါလျက် အန္တ ပစ္စည်းနှင့် ရေးထားလျှင် ထိုအန္တ သည် ရိုးရိုး အန္တ မဟုတ်၊ မာနကို ပြန်ထားသော အန္တဖြစ်သည်”ဟု မှတ်ပါဟူလို။ ဒုတိယပစ္စယပဒတ္ထ ဆိုသင့်၏။)

အသမနုဘာသန္တဿာတိ အသမနုဘာသိယမာနဿ။

၉။ တဒ္ဓိတ်ဘာဝ၊ အဖွင့်ပြ၊ ကိတဘာဝမှတ်။

(ကိတ်ပုဒ်ကို တဒ္ဓိတ်ဘောဖြင့် ဖွင့်လျှင် ဘာဝသာဓနပြုပါ-ဟု ပြ၏။)

ထိနန္တိ ထိနတာ။ မိဒ္ဓန္တိ မိဒ္ဓတာ။

၁၀။ ကိတဘာဝ၊ ဖွင့်၍ပြ၊ ဘာဝတဒ္ဓိတ်မှတ်။

(တဒ္ဓိတ်ပုဒ်ကို ကိတ် ဘောဖြင့် ဖွင့်လျှင် ဘာဝတဒ္ဓိတ်ကို ပြ၏။)

သမ္မဇညန္တိ သမ္မာ ပကာရေဟိ ဇာနနံ။

၁၁။ ယုပစ္စယာ၊ ဘာဝါကာရ၊ ထည့်ဖွင့်ကလည်း၊ ကိတ-တဒ္ဓိတာ၊ ဘာဝသာ၊ ကြံပါဝစနတ်။

(ကိတ်ပုဒ်ကို ယုပစ္စည်းဖြင့် ဖွင့်လျှင် ဘာဝသာဓနကို ပြ၏-စသည်။)

http://www.dhammadownload.com



**ကိတ်ကို–** ယုပစ္စည်းဖြင့်ဖွင့်။ သမ္ဘန္တောတိ သမ္ဘန္တုံ။
ဘာဝသဒ္ဒါဖြင့်ဖွင့်။ ခန္တီတိ ခမနဘာဝေါ။
အာကာရသဒ္ဒါဖြင့်ဖွင့်။ ဒုဿနာတိ ဒုဿနာကာရော။

**တဒ္ဓိတ်ကို–**ယုပစ္စည်းဖြင့်ဖွင့်။ သမ္ဘဇည္တိ သမ္ဘာ ပကာရေဟိ ဇာနနံ။
ဘာဝသဒ္ဒါဖြင့်ဖွင့်လျှင်။ ဒုဿိတ္တန္တိ ဒုဿိတဘာဝေါ။
အာကာရသဒ္ဒါဖြင့်ဖွင့်။ သရဏ္ဏတာတိ သရဏ္ဏာကာရော။

၁၂။ သရိက္ခက၊ သဒိသနှင့်၊ သမ, ဣဝ၊ ဖွင့်ပြရာ၊ ဥပမာတဒ္ဓိတ်မှတ်။
(သရိက္ခကစသည်ဖြင့် ဖွင့်ပြလျှင် ဥပမာတဒ္ဓိတ်ကို ပြ၏။)
ဝိတ္တိတိ ဝိတ္တိသရိက္ခကော။ သြဃာတိ သြဃသဒိသာ။

၁၃။ ကြိယာဝိသေသန၊ ပြလိုက၊ ကရ, ဘူဓာတ် ဖွင့်မြဲမှတ်။
(ကရဓာတ်၊ ဘူဓာတ်တို့ဖြင့် ဖွင့်လျှင် ကြိယာဝိသေသနဖြစ်ကြောင်းကို ပြ၏။)
ကရဖြင့်ဖွင့်။ ပတ္တသညီတိ ပတ္တေ သညံ ကတွာ။
ဘူဖြင့်ဖွင့်။ သြက္ခိတ္တစက္ခုတိ ဟေဋ္ဌာ ခိတ္တစက္ခု ဟုတွာ။

၁၄။ နာမဓာတ်ကို၊ သိစေလို၊ ဖွင့်ဆို ကရဓာတ်။
(ကရဓာတ်ဖြင့် ဖွင့်လျှင် နာမဓာတ်ဖြစ်ကြောင်းကို ပြ၏။) ကုက္ကုစ္စာယတီတိ ကုက္ကုစ္စံ ကရောတိ။

၁၅။ ခပ်သိမ်းဓာတ်ပင်၊ နက်မထင်က၊ သကတ္ထကို၊ ရှေ့ကသွင် ကာ၊ ဘူ, ကရာနှင့်၊ မှန်စွာ မချွတ် ဖွင့်မြဲမှတ်။
(ကြိယာတစ်ခုကို အနက်ပေးဖို့ ခက်လျှင် သကတ္ထကို ရှေ့ကသွင်း၍ ဘူ, ကရတို့ဖြင့် ဖွင့်ရ၏။)
ဘူဖြင့်ဖွင့်။ သုစီတိ သုစတိ ပရိသုဒ္ဓံ ဘဝတိ။
ကရဖြင့်ဖွင့်။ ဣန္ဒောတိ ဣန္ဒတိ ပရမိဿရိယံ ကရောတိ။

၁၆။ ဣတိ ဟုတွာ၊ ဘူတာ သင်္ခါတ၊ ဝေသဒ္ဒါ၊ ထည့်ဖွင့်ရာ၊ သမ္ဘာဝနာမှတ်။
(ဣတိ–စသည်ထည့်၍ ဖွင့်လျှင် သမ္ဘာဝနာကမ္မဓာရယ်ကို ပြ၏။)
ပဋိသင်္ခါနဗလန္တိ ပဋိသင်္ခါနသင်္ခါတံ ဗလံ။

၁၇။ အာဒိ မဇ္ဈ၊ အန္တ ပဒါ၊ ထည့်ဖွင့်ရာ၊ အာဒ္ယာဒိလောပမှတ်။
(ရှေ့မှပုဒ်တစ်ခု အပိုထည့်၍ ဖွင့်လျှင် အာဒိလောပသမာသ်ကို ပြ၏–စသည်။)

http://www.dhammadownload.com



**အာဒိလောပ။** ဒတ္တောတိ ဒေဝဒတ္တော။
**မဇ္ဈေလောပ။** ပဏီတဘောဇနာနိတိ ပဏီတသံသဋ္ဌာနိ ဘောဇနာနိ။
**အန္တလောပ။** ရူပန္တိ ရူပဘာဝေါ။

**၁၈။** သောပသဂ္ဂါ၊ သနိပါတ၊ ပဒများဖြင့်၊ ရှေ့လျှင်နောက်မှာ၊ ထားဖွင့်ရာ၊ ဗျယဘိဘာဝမှတ်။

(ဥပသာရ နိပါတ်ပါသော ပုဒ်များစွာကို ရှေ့နောက်ပြန်၍ ဖွင့်လျှင် အဗျယီဘောကို ပြ၏။)

**ဥပသာရ။** ဥပသုတိန္တိ သုတိသမိပံ။
**နိပါတ။** အဓောနာဘီတိ နာဘိယာ အဓော။

**၁၉။** သုဒ္ဓနာမ်ပုဒ်၊ ရှေ့ထုတ်နောက်ပြန်၊ ဖွင့်ခဲ့ပြန်က၊ ဒွရာဓာန၊ မဂ္ဂတပ္ပုရိ၊ ဗဟုဗ္ဗိ၊ စရိုသမာသ် ပြမြဲမှတ်။ (အာဒိဖြင့် ဝိသေသနပရပဒကမ္မဓာရယ်ကို ယူ။)

(သုဒ္ဓနာမ်ပုဒ်အချင်းချင်း ရှေ့နောက်ပြန်၍ဖွင့်လျှင် ဒွရာဓာနမဂ္ဂတပ္ပုရိသ် စသည် ပြ၏၊ ရိုးရိုးတပ္ပုရိသ်၌ ဒုတိယာဒိဝိဘတ်ကျန္တပုဒ်က ရှေ့က နေရသည်။)

**ဒွရာဓာနမဂ္ဂတပ္ပုရိသ်။** အဂ္ဂဒက္ခိဏေယျောတိ ဒက္ခိဏေယျာနံ အဂ္ဂေါ။
**ဗဟုဗ္ဗိဟိ။** အနုတ္တရန္တိ ဥတ္တရဝိဟိတံ။
**ဝိသေသနပရပဒကမ္မဓရဲ။** သတ္တဝိသေသောတိ ဝိသေသသတ္တော။

၂၀။ သမာနဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရယမှတ်။
အစ္ဆရိယမနုဿောတိ အစ္ဆရိယော မနုဿော။
၂၁။ သမာနဝိဘတ္တိက၊ စ, ထည့်ပြ၊ ဒွန္ဒသမာသ် မှတ်။
သမဏဗြာဟ္မဏာတိ သမဏော စ ဗြာဟ္မဏော စ။
၂၂။ နာနာဝိဘတ္တိက၊ ဖွင့်၍ပြ၊ တပ္ပုရိသ မှတ်။
ဘူမိဂတောတိ ဘူမိံ ဂတော။
၂၃။ ယ, တေ, တိမ၊ လေးဝအညပုဒ်၊ အဖွင့်ထုတ်၊ ဗဟုဗ်သိစေလတ်။
အာဂတာ သမဏာ ဣမန္တိ အာဂတသမဏော။

၂၄။ အဿတ္ထိ ဘဝ၊ ဇာတ နိယုတ္တာ၊ ဤလေးဖြာတွင်၊ ဖွင့်လျှင် တစ်ခု၊ ကျန်သုံးခု၊ ရမ္မ အမြဲမှတ်။

ရာဇဂဟကောတိ ရာဇဂဟေ ဘဝေါ၊ ဇာတော၊ နိယုတ္တော။

၂၅။ ဂိုဏ်းပြောင်းလဲကာ၊ ဖွင့်ပြရာ၊ မှန်စွာ ဗဟုဗ်မှတ်။
ပဏ္ဍိတောတိ မဟာပညော။

http://www.dhammadownload.com



၂၆။ ဝါ သဒ္ဒါနှော၊ ဖွင့်သဘော၊ သချော်ဘာယမှတ်။
ဒွတ္တိပ္ပတ္တာတိ ဒွေ ဝါ တယော ဝါ ပတ္တာ။
၂၇။ တတိယဝိဘတျန္တ၁၊ ပုဒ်ကောကို၊ ဒုတိယာဝိဘတျန္တ၊ တွာပစ္စယန္တ နှင့်၊ ထည့်၍ပြ၊ ဣတ္ထမ္ဘူတမှတ်။
ပုဇ္ဇောသေနာတိ ပုဇ္ဇောသံ ပါထေယျံ ဂဟေတွာ။
၂၈။ သတ္တမီဆုံးနေ၊ ပုဒ်ထွေထွေကို၊ အန္တရေသဒ္ဒါ၊ ထည့်ဖွင့်ရာ၊ နိဒ္ဒါရဏာမှတ်။
သတ္တေသူတိ သတ္တာနံ အန္တရေ။

@@@@@

၆–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၇–နံပါတ် စည်းမျဉ်း

ပုဒ်မှားပုဒ်မှန် အဆုံးအဖြတ်ကို မေးခြင်း။

မှတ်ချက်။ ။ဆိုင်ရာ အဋ္ဌကထာ ဋီကာဖြစ်စေ၊ ရှေ့နောက် ထောက်ထားဖွယ်ဖြစ်စေ၊ ဓာတ်ပစ္စည်း ဝေဖန်၍ဖြစ်စေ၊ သဒ္ဒနယ အထောက်အထားဖြစ်စေ အထင်အရှား ရှိရမည်။

### ပုဒ်မှား ပုဒ်မှန် ဆုံးဖြတ်နည်း

ပုဒ်မှားပုဒ်မှန် ဆုံးဖြတ်လိုလျှင် သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိ, မရှိကို ကြည့်ရသည်၊ ယုတ္တိနှစ်ခုလုံးရှိမှ "အမှန်"ဟု ဆုံးဖြတ်ရသည်၊ သဒ္ဒယုတ္တိသာ ရှိ၍ အတ္ထယုတ္တိမရှိသော်လည်းကောင်း၊ အတ္ထယုတ္တိသာရှိ၍ သဒ္ဒယုတ္တိမရှိသော်လည်းကောင်း "အမှား"ဟု ဆုံးဖြတ်ရသည်။

### ၁။ သန္ဓိ၌ ဆုံးဖြတ်ပုံ

သုပ္ပဋိပန္နော+သုပဋိပန္နော ဘဂဝတော သာဝကသံဃော–၌ ရဿသရ၏ နောက်၌ရှိသော ပဋိဥပသာရပုဒ်၏အစဖြစ်သော ပ, အက္ခရာသည် ဒွေဘော်ဌာနဖြစ်သောကြောင့် သုပ္ပဋိပန္နော–သာ သင့်၏၊ သုပဋိပန္နော မသင့်။

အမှာ။ ။ဝိသုဒ္ဓါရုံ ဒွေဘော်လင်္ကာကြီးကို ကျက်ထားသင့်၏၊ ၄င်းသည် ပါဠိမှား ပါဠိမှန် ဆုံးဖြတ်ဖို့အရေး၌ တန်ဖိုးရှိလှသည်၊ ရူပသိဒ္ဓိကျမ်းကိုလည်း အမြဲ ကြည့်နေသင့်သည်။

http://www.dhammadownload.com



## ၂။ နာမ်၌ ဆုံးဖြတ်ပုံ

မမ သခေ+သခဿ ဗဟူ ဂေါဏာ သန္တိ-၌ "သို့မေ"သုတ်က နိစ္စဝိဓိသုတ် ဖြစ်သည့်အလျောက် သခသဒ္ဒါနောင် သို့ဝိဘတ်ကို အမြဲ ပြုရမည်ဖြစ်သော ကြောင့် သခေပါဌ်သာ သင့်၊ သခဿ မသင့်။

## ၃။ သမာသ်၌ ဆုံးဖြတ်ပုံ

အမှာကံ နဂရေ နန္ဒာ ပေါက္ခရဏီ+နန္ဒပေါက္ခရဏီ အတ္ထိ-၌ ကမ္မဓာရယ သဲညေ စ-သုတ်အရ နန္ဒာမှအာကို အ,ပြုသင့်သော်လည်း သညာသဒ္ဒါဖြစ်သော ကြောင့် နန္ဒာ ပေါက္ခရဏီသာ သင့်၊ နန္ဒပေါက္ခရဏီ မသင့်။

## ၄။ တဒ္ဓိတ်၌ ဆုံးဖြတ်ပုံ

ဂုဏဝါ+ဂုဏိမာ ပါပကမ္မံ န ကရောတိ-၌ မန္တုပစ္စည်းသည် အဝဏ္ဏန္တနောင် မသက် (အခြားသော ကာရန္တနောင်သာ သက်)သောကြောင့် ဂုဏဝါသာ သင့်၊ ဂုဏိမာ မသင့်။

## ၅။ တဒ္ဓိတ်၌ ဆုံးဖြတ်ပုံ

ဣဒ္ဓိ ပန မဒနိယံ+မာဒနိယံ ဟောတိ-၌ တဒဿဌာနမိယော စ-သုတ်ဖြင့် သက်ထားသော ဣယပစ္စည်းတည်း၊ ဏိကပစ္စည်း မဟုတ်၊ ထို့ကြောင့် ဝုဒ္ဓိ ရောက်ဖွယ် မလိုရကား မဒနိယံသာ သင့်၊ မာဒနိယံ မသင့်။

## ၆။ အာချာတ်၌ ဆုံးဖြတ်ပုံ

အဟံ ကမ္မံ ကရောမိ+ကရာမိ-၌ ကရဓာတ်သည် တနာဒိဂဏိက ကောန်ဖြစ်၍ ဩပစ္စည်း သက်ရမည် ဖြစ်သောကြောင့် ကရောမိသာ သင့်၊ ကရာမိ မသင့်။

## ၇။ ကိတ်၌ ဆုံးဖြတ်ပုံ

ပါသဝဒ္ဓေါ+ပါသဝန္ဓော မိဂေါ မတော-၌ တ,ပစ္စည်းကသာ ကံအနက်ကို အထင်အရှား ဟော၏၊ ဏပစ္စည်းကား မဟော၊ ဤ၌လည်း မိဂေါ-ကို ရှု၍ ကံအနက်ဟော ပစ္စည်းသာ သင့်လျော်၏၊ ထို့ကြောင့် ပါသဝဒ္ဓေါသာ သင့်၊ ပါသဝန္ဓော မသင့်။

## ၈။ နာမ်ဂိုဏ်းကို ရှု၍ ဆုံးဖြတ်ပုံ

ဗောဓိသတ္တော မာတုကုစ္ဆိမှိ+မာတုကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှိ-၌ ကုစ္ဆိသဒ္ဒါသည် ပုံလိင်, ဣတ္ထိလိင် နှစ်လိင်ဆံသောကြောင့် နှစ်ပါဌ်လုံး သင့်။

http://www.dhammadownload.com



## ၉။ အာချာတ်ဝိုဏ်း ဆုံးဖြတ်ပုံ

သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု+မုဥ္စန္တု–၌ မုစဓာတ်သည် ဒိဝါဒိဂဏိကဖြစ်လျှင် အကမ္မကဖြစ်၍ အပါဒါန်ကို ငဲ့သည်၊ ရုဓာဒိဂဏိကဖြစ်လျှင် သကမ္မကဖြစ်၍ ကံကို ငဲ့သည်၊ ဤ၌ ကံမပါ အပါဒါန်သာ ပါသောကြောင့် မုစ္စန္တုသာ သင့်၊ မုဥ္စန္တု မသင့်။

## ၁၀။ ယောဂကို ရှု၍ ဆုံးဖြတ်ပုံ

အဟံ မဂ္ဂံ ဂစ္ဆတိ+ဂစ္ဆာမိ–၌ "အဟံ"ဟူသော အမှုသဒ္ဒါကို ထောက်၍ ဂစ္ဆာမိသာ သင့်၊ ဂစ္ဆတိ မသင့်။

## ၁၁။ လိင်ကို ရှု၍ ဆုံးဖြတ်ပုံ

ကညာ ဣမံ နဂရံ အာဂတော+အာဂတာ–၌ "ကညာ"ဟူသော ပုဒ်ကို ထောက်၍ အာဂတာသာ သင့်၊ အာဂတော မသင့်။

**မှတ်ချက်။** ။စာမေးပွဲ၌ တစ်ပါဌ်သင့်ကိုသာ မေးလေ့မေးထ ရှိသည်၊ ထို့ကြောင့် တစ်ပါဌ်သင့်ကိုသာ ဉာဏ်စားပေး၍ စဉ်းစားပါ၊ သိသိသာသာ နှစ်ပါဌ် သင့်သော အရာ၌သာ "နှစ်ပါဌ်သင့်"ဟု ဆုံးဖြတ်ပါ၊ သို့မဟုတ်က တစ်ပါဌ် သင့်သာ ဆုံးဖြတ်ပါ။

❀❀❀❀❀

၇–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၈–နံပါတ် စည်းမျဉ်း

ဆိုင်ရာ အဋ္ဌကထာပါ တစ်စုံတစ်ခုသော ပုဒ်ကိုဖြစ်စေ၊ ဝါကျကိုဖြစ်စေ နည်းဥပစာ တစ်ခုခု စပ်၍ မေးခြင်း။

**မှတ်ချက်။** ။ဥပမာ၊ ဥပမာန၊ ဥပမေယျ၊ ဥပရိက္ခာ၊ ဥပစာ–ခွဲဝေ ထုတ်ဆောင်နည်းများလည်း စပ်ဆိုင်ပါဝင်သည်။

### ဥပစာ ယူဆနည်း

သဒ္ဒါက တိုက်ရိုက် ဟောနိုင်သော အနက်ကို မယူရ အရ မကောက်ရဘဲ တိုက်ရိုက် မဟောနိုင်သော အနက်ကိုသာ ယူရ အရကောက်ရသော သဒ္ဒါကို "ဥပစာသဒ္ဒါ"ဟု ခေါ်သည်၊ သဒ္ဒါက တိုက်ရိုက်ဟောသော အနက်ကို မှချယူ၍

http://www.dhammadownload.com



တိုက်ရိုက်မဟောသော အနက်ကိုမှု ဥပစာယူပါ၊ ထို့ကြောင့် ဥပစာအမည်ပေး လိုလျှင်—

၁။ ပထမ– သဒ္ဒါက တိုက်ရိုက်ဟောသောအနက်ကို ကောက်ထားပါ။

၂။ ဒုတိယ– ဤနေရာ၌ ယူရသော အနက်ကို ကောက်ထားပါ။

၃။ တတိယ– ၄င်းနှစ်ချက်တို့၏ ဆက်စပ်ပုံကို ဆင်ခြင် စဉ်းစားကြည့်ပါ။

၄။ စတုတ္ထ– သဒ္ဒါက အကြောင်းကို ဟောနေပါလျက် ဤနေရာ၌ အကျိုးကို အရကောက်ယူရလျှင် ကာရဏူပစာ မည်၏၊ သဒ္ဒါက အကျိုးကို ဟောနေပါလျက် ဤနေရာ၌ အကြောင်းကို ကောက်ယူရလျှင် ဖလူပစာမည်၏–စသည်ဖြင့် သိပါ။

သဒိသူပစာ၌ ဥပမာနသည် သဒိသဖြစ်၍ ဥပမေယျသည် သဒိသီ ဖြစ်၏။ သမိပူပစာ၌ ထာဝရဝတ္ထုသည် သမိပီဖြစ်၍ ဇင်္ဂမဝတ္ထုသည် သမိပဖြစ်၏။

## ဥပစာ ၁၂–ပါး

ကာရဏူနှင့်၊ ဖလူတစ်ဝ၊ ဌာနတစ်လီ၊ ဌာနီတစ်ထွေ၊ ကေဒေသ၊ ဒေသီပြလော့၊ သမိပယူ၊ သမိပျူနှင့်၊ သဒိသူ ဂုဏာ၊ တဝတဒ္ဓမ္မူ၊ အဘေဒူ၊ မှတ်ယူ ဥပစာ– ဆယ့်နှစ်ဖြာ။

### ၁။ ကာရဏူပစာ

စက္ခုနာ ရူပံ ပဿတိ–၌ စက္ခုနာ–သည် အကြောင်းဖြစ်သော စက္ခုပသာဒ ဒြပ်၏ “စက္ခု”ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဏဒြပ်၌ တင်စား၍ အကျိုးဖြစ်သော စက္ခုဝိညာဏဒြပ်ကို “စက္ခု”ဟု ခေါ်ခြင်းကြောင့် “ကာရဏူပစာ” မည်၏။

### ၂။ ဖလူပစာ

သြဒနော ပစ္စတေ–၌ သြဒနော–သည် အကျိုးဖြစ်သော ထမင်းဒြပ်၏ “သြဒန”ဟူသောအမည်ကို အကြောင်းဖြစ်သော ဆန်ဒြပ်၌ တင်စား၍ အကြောင်း ဖြစ်သော ဆန်ဒြပ်ကို “သြဒန”ဟု ခေါ်ဝေါ်ခြင်းကြောင့် “ဖလူပစာမည်”၏။

### ၃။ ဌာနူပစာ

မဉ္စာ ဃောသန္တိ–၌ မဉ္စာ–သည် ဌာနဖြစ်သော ညောင်စောင်းဒြပ်၏ “မဉ္စ”ဟူသော အမည်ကို ဌာနီဖြစ်သော လူဒြပ်၌ တင်စား၍ ဌာနီဖြစ်သော လူဒြပ်ကို “မဉ္စ”ဟု ခေါ်ဝေါ်ခြင်းကြောင့် “ဌာနူပစာ”မည်၏။

http://www.dhammadownload.com



### ၄။ ဌာနျူပစာ

ကုန္တာ ပစရန္တိ-၌ ကုန္တာ-သည် ဌာနီဖြစ်သော လှံဒြပ်၏ "ကုန္တ"ဟူသော အမည်ကို ဌာနဖြစ်သော လူဒြပ်၌ တင်စား၍ ဌာနဖြစ်သော လူဒြပ်ကို "ကုန္တ" ဟု ခေါ်ဝေါ်ခြင်းကြောင့် "ဌာနျူပစာ"မည်၏။

### ၅။ ကေဒေသူပစာ

ဘတ္တံ ဘုဥ္စတိ-၌ ဘတ္တံ-သည် အစိတ်ဖြစ်သော ထမင်းဒြပ်၏ "ဘတ္တ" ဟူသော အမည်ကို အပေါင်းဖြစ်သော ထမင်း, ဟင်း, အချိုပွဲဒြပ်တို့၌ တင်စား၍ အပေါင်းဖြစ်သော ထမင်း, ဟင်း, အချိုပွဲဒြပ်တို့ကို "ဘတ္တ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "ကေဒေသူပစာ"မည်၏။

မှတ်ချက်။ ။ဤဥပစာကို ကျမ်းဂန်များ၌ "အဝယဝူပစာ"ဟုလည်း ခေါ်ကြသေး၏။

### ၆။ ကေဒေသျူပစာ

သမုဒ္ဒေါ မယာ ဒိဋ္ဌော-၌ သမုဒ္ဒေါ-သည် အပေါင်းဖြစ်သော သမုဒ္ဒရာ တစ်စင်းလုံးဒြပ်၏ "သမုဒ္ဒ"ဟူသော အမည်ကို အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာ တစ်စိတ်ဒြပ်၌ တင်စား၍ အစိတ်ဖြစ်သော မျက်စိဖြင့် မြင်ကောင်းသော သမုဒ္ဒရာ တစ်စိတ်ဒြပ်ကို "သမုဒ္ဒ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "ကေဒေသျူပစာ"မည်၏။

မှတ်ချက်။ ။ဤပုံစံကို ပုဒ်စစ်ကျမ်းက "ကေဒေသူပစာ"ဟု ဆို၏၊ ပုဒ်စစ်ကျမ်းအလို ကေဒေသျူပစာဟူ၍ မရှိ၊ သို့သော် ဤ၌ ပြထားသည့်အတိုင်းပင် အများလက်ခံ အသုံးပြုနေပြီဖြစ်၍ သံသယကင်းစွာ သုံးပါ။

### ၇။ သမီပူပစာ

နာဝါ တီရေန ဂစ္ဆတိ-၌ တီရေန-သည် အနီးဖြစ်သော ကမ်းဒြပ်၏ "တီရ" ဟူသော အမည်ကို အနီးရှိသော လှေသွားရာ မြစ်ဒြပ်၌ တင်စား၍ လှေသွားရာ မြစ်ဒြပ်ကို "တီရ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "သမီပူပစာ" မည်၏။

### ၈။ သမီပျူပစာ

ဂင်္ဂါယံ သဿံ တိဋ္ဌတိ-၌ ဂင်္ဂါယံ-သည် အနီးရှိသော ဂင်္ဂါမြစ်ဒြပ်၏ "ဂင်္ဂါ"ဟူသော အမည်ကို အနီးဖြစ်သော ကမ်းနားဒြပ်၌ တင်စား၍ အနီးဖြစ်သော ကမ်းနားဒြပ်ကို "ဂင်္ဂါ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "သမီပျူပစာ" မည်၏။

http://www.dhammadownload.com



## ၉။ သဒိသူပစာ

သီဟော ဂါယတိ–၌ သီဟော–သည် အတူဖြစ်သော ခြင်္သေ့ဒြပ်၏ "သီဟ" ဟူသော အမည်ကို အတူရှိသော လုလင်ဒြပ်၌ တင်စား၍ အတူရှိသော လုလင်ဒြပ်ကို "သီဟ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "သဒိသူပစာ" မည်၏။

## ၁၀။ ဂုဏူပစာ

နီလော ပဋော–၌ နီလော–သည် "အညို"ဟူသောဂုဏ်၏ "နီလ"ဟူသော အမည်ကို ဂုဏ‌ေဖြစ်သော ပုဆိုးဒြပ်၌ တင်စား၍ ဂုဏ‌ေဖြစ်သော ပုဆိုးဒြပ်ကို "နီလ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "ဂုဏူပစာ" မည်၏။

## ၁၁။ တဒ္ဓမ္မူပစာ

သသဝိသာဏံ–၌ ဝိသာဏံ–သည် ထင်ရှားသော ကျွဲ နွားအစရှိသော သတ္တဝါတို့၏ ဦးချိုဒြပ်၏ "ဝိသာဏ"ဟူသော အမည်ကို ထင်ရှားမရှိသော ယုန်၏ ဦးချို၌ တင်စား၍ ထင်ရှားမရှိသော ယုန်၏ဦးချိုဒြပ်ကို "ဝိသာဏ"ဟု ခေါ်ဝေါ်ခြင်းကြောင့် "တဒ္ဓမ္မူပစာ" မည်၏။

## ၁၂။ ဘာဒူပစာ

သိလာပုတ္တကဿ သရီရံ–၌ သိလာပုတ္တကဿ–သည် ကိုယ်မှကျောက်သား မပြားဘဲကို ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် "ဘာဒူပစာ"မည်၏။

**မှတ်ချက်။** ။ပုဒ်စစ်ကျမ်း၌ ကေဒေသျူပစာနှင့် သမိပျူပစာ စသော သို့သော် အများကပင် ၎င်းတို့ကို လက်ခံအသုံးပြုနေပြီဖြစ်၍ ဤ၌ ထည့်သွင်းထား သည်၊ ထည့်သွင်းမှုလည်း ပြည့်စုံ၏၊ ထင်ရှားမရှိဘဲ ထင်ရှားရှိသကဲ့သို့, ဗျာပါရ မရှိဘဲ ဗျာပါရရှိသကဲ့သို့ ဆိုထားသမျှ (ဝါ)ဥပရိက္ခာစကား မှန်သမျှ တဒ္ဓမ္မူပစာ ရသည်ချည်းသာ၊ မပြားဘဲလျက် ပြားသကဲ့သို့ ဆိုထားသမျှ ဘာဒူပစာ ရသည် ချည်းသာ၊ ကျန် ၈–ပါးတို့၏ လက္ခဏာကိုကား အထက်က ဆိုခဲ့ပြီ။

✿✿✿✿✿

ဥပစာ ၁၂–ပါး ပြီး၏။

http://www.dhammadownload.com



## နည်း လေးဆယ်

နည်းလေးဆယ်ဟု ခေါ်ရိုးပြုကြသော်လည်း အမှန်မှာ နည်းပေါင်း ၅၅–ပါး ရှိ၏၊ အောက်ပါ ဆောင်ပုဒ်များကို ကျက်ထားပါ။

ငါးဆယ့်ငါးပါး၊ နယများကို၊ မှတ်သားလွယ်ငှာ၊ ကျဉ်းကဗျာကား–

၁။ ပစ္စာသန္န၊ သတ္တိချ၍၊ ပဓာနပါ၊ လက္ခဏာနှင့်၊ တစ်ဖြာနိဒသ်၊ ပ, ငါး ရပ်တည်း။

၂။ မှတ်ယေဘုယျ၊ ဗဟုလ်နှင့်၊ နာနန္တရာ၊ အဝိနာတဲ့၊ အသာဓာရဏ၊ ဒ, ငါးဝတည်း။

၃။ မိဂပဒ၊ ဘိန္နပါ၏၊ သီလေသာချ၊ ပဒီပနှင့်၊ တန္တထည့်လေ၊ တ, ငါး ထွေတည်း။

၄။ ကေသေရှိ၊ သာမဉ်သီလော့၊ မဟိရဟန်၊ စန္ဒကန်နှင့်၊ ကန်သူရိယ၊ စ, ငါးဝတည်း။

၅။ အမ္ဗသေစနီ၊ ဂေါဗလီနှင့်၊ တစ်လီပုည၊ ဓိကာရတဲ့၊ ချအာဝုတ္တိ၊ ပဉ်– ငါးလီတည်း။

၆။ ချီအာဝဋ္ဋ၊ သကဋ္ဌာနှင့်၊ ယထာသင်္ချ၊ တံကမတဲ့၊ လာဘာတစ်လီ၊ ဆဠ်– ငါးလီတည်း။

၇။ ဒီပကပေ၊ ပါရိသေနှင့်၊ ဖွေဂေါဂဏှာ၊ ကာကောလတဲ့၊ ရက္ခသကုဏာ၊ သတ်–ငါးဖြာတည်း၊ (ဒီပကာမှ၊ ပြားထွက်ရ၏)။

၈။ ဒန္တဆေဒနော၊ သောဓနောနှင့်၊ တစောသဇ္ဇ၊ ဘိက္ခာချ၍၊ သယအတိ၊ အဌ်–ငါးလီတည်း။

၉။ တစ်လီရက္ခ၊ မဂ္ဂဂနှင့်၊ အဝုတ္တဆန်၊ ပတ္တာပန်တဲ့၊ တစ်တန် ဗျတိ၊ နော– ငါးလီတည်း။

၁၀။ နီတတ္ထရှု၊ နေယျတ်ရှု၍၊ အနုအတ္ထ၊ ရဋ္ဌိရ၏၊ ဘူတာပုဗ္ဗာ၊ ဒသ်–ငါး ဖြာတည်း။

၁၁။ ဥက္ကံဋ္ဌာချ၊ အဘေဒနှင့်၊ ကေဒေသိ၊ နိရုတ္တိတဲ့၊ ဝိပလ္လာသား၊ ကေ်ဒ– ငါးတည်း၊ (နောက်ဖျားနားမှာ၊ အပြားပါ၏)။

ငါးဖြာ ငါးဆယ်၊ နည်းစုံကြွယ်သည်၊ အလွယ် သိနိုင်စေသတည်း။

အာဒိ တစ်ထွေ၊ မဇ္ဈေ တစ်ဝ၊ အန္တတစ်ဖြာ၊ သုံးဖြာပြားရှု၊ တစ်နုခုမှာ၊ ဂုဏာတစ်ထွေ၊ ဒဗ္ဗေ တစ်ဖြာ၊ ကြိယာ၊ ပြားလာ ဒီပက။

ဝဏ္ဏာဂမိ၊ ဝိပရိယာယ၊ ဝိကာရနှင့်၊ လောပ တစ်ရှိ၊ အတ္ထာတိ၊ နိရုတ္တိဘေဒ။

လိင်–ဝိဘတ္တ၊ ဝစနနှင့်၊ ကာလတစ်ဖြာ၊ ပုရိသာတည်း၊ အက္ခရာယူ၊ ဤခြောက်ဆူ၊ ပြားယူဝိပလ္လာသ။

http://www.dhammadownload.com



## ၁။ ပထမနည်း ငါးပါး

**၁။ ပစ္စာသန္နနည်း။** ။ကာကေ ဝါရယ မစ္ဆမှာ–၌ ကာကေ–သည် "ကျီး"တည်းဟူသော (အနီးကို ဆိုသဖြင့်) သိန်း, စွန်အစရှိသော (အဝေးကိုလည်း ရသောကြောင့်) "ပစ္စာသန္နနည်း"မည်၏။

**အမှာ။** ။( ) ဤလက်သဲကွင်း အတွင်းရှိ စကားများသည် နည်း၏ အဓိပ္ပါယ်ကို ပြ၏၊ ထို့ကြောင့် ပုဒ်စစ်ကျမ်းအတိုင်း အပြည့်အစုံ ဆိုရိုးပြုလိုလျှင် အောက်ပါအတိုင်း ဆိုပါ။ အနီးကိုဆိုသဖြင့် အဝေးကိုလည်း ရသောနည်းသည် ပစ္စာသန္နနည်း မည်၏၊ ပုံစံကား–ကာကေ ဝါရယ မစ္ဆမှာ–စသည်တည်း၊ ဤ၌ ကာကေသည် ..... ။

**၂။ ပစ္စာသတ္တိနည်း။** ။တတော သဿ ဿာယ–သုတ်၏ အဖွင့်၌ ပါသော တတော တာ တော ဣမာတော–သည် "တတော တော ဣမာ တာ တော"ဟု (အစဉ်အတိုင်း မဆိုမူ၍) "တတော တာ တော ဣမာတော"ဟု (အနီးမှစ၍ ဆိုသောကြောင့်) "ပစ္စာသတ္တိနည်း"မည်၏။

**တစ်နည်း**– သော ဣမံ လောကံ သဒေဝကံ သမာရကံ–၌ သမာရကံ–သည် နတ်ပြည်ခြောက်ပါးတည်းဟူသော (ရသင့်တိုင်းကို မယူမူ၍) ဝသဝတ္တိနတ်ပြည် တည်းဟူသော (အနီးကိုသာ ယူရသောကြောင့်) "ပစ္စာသတ္တိနည်း"မည်၏။

**၃။ ပဓာနနည်း။** ။ရာဇာ အာစ္ဆတိ–၌ ရာဇာသည် မင်းတည်းဟူသော (ပြဋ္ဌာန်းသည်ကို ဆိုသဖြင့်) ခြွေရံမှူးမတ် ပရိသတ်တည်းဟူသော (မပြဋ္ဌာန်းသည် ကိုလည်း ရသောကြောင့်) "ပဓာနနည်း"မည်၏။

**၄။ ဥပလက္ခဏနည်း။** ။လဒ္ဓါတပတ္တော ရာဇကုမာရော–၌ လဒ္ဓါတ ပတ္တော–သည် ထီးဖြူတည်းဟူသော (အစိတ်ကို ဆိုသဖြင့်) မင်းမြောက်တန်ဆာ ငါးပါးတည်းဟူသော (အပေါင်းကိုလည်း ရသောကြောင့်) "ဥပလက္ခဏနည်း" မည်၏။

**၅။ နိဒဿနနည်း။** ။သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ–၌ ဘောဇနာနိ–သည် ထမင်းတည်းဟူသော (အထင်ကို ဆိုသဖြင့်) ပစ္စည်းလေးပါး တည်းဟူသော (အလုံးစုံကိုလည်း ရသောကြောင့်) "နိဒဿနနည်း"မည်၏။

## ၂။ ဒုတိယနည်း ငါးပါး

**၆။ ယေဘုယျနည်း။** ။ခဒိရဝနံ–သည် ရှားပင်တည်းဟူသော (ဌာနီ ဖြင့်) တောတည်းဟူသော (ဌာနကို မှတ်၍) ရှားပင်တည်းဟူသော (အများကို

http://www.dhammadownload.com



ဆိုသဖြင့်) ထိုတောဌ်ရှိသော သစ်ဆိမ့်, သျှစ်သျှား, သဖန်းခါးအစရှိသော (အနည်းကိုလည်း ရသောကြောင့်) "ယေဘုယျနည်း"မည်၏။

**၇။ တဗ္ဗဟုလနည်း။** ။ ဝနစရကော–သည် တောတည်းဟူသော (ဌာနဖြင့်) မှဆိုးတည်းဟူသော (ဌာနီကို မှတ်၍) တောဌ်ကျင်လည်ခြင်းတည်းဟူသော (အများကို ဆိုသဖြင့်) ရွာဌ်ကျင်လည်ခြင်းတည်းဟူသော (အနည်းကိုလည်း ရသောကြောင့်) "တဗ္ဗဟုလနည်း"မည်၏။

**၈။ နာန္တရိကနည်း။** ။ယတတ္ထိကဿ ဃင္ရ-မာနယ–၌ ဃင္ရသည် အိုးတည်းဟူသော (မကင်းရာကို ဆိုသဖြင့်) ထောပတ်တည်းဟူသော (မကင်းတတ်သည်ကိုလည်း ရသောကြောင့်) "နာန္တရိကနည်း"မည်၏။

**၉။ အဝိနာဘာဝနည်း။** ။ အာတာပီ နိပကော ဘိက္ခု–၌ နိပကောသည် ပညာတည်းဟူသော (မကင်းတတ်သည်ကို ဆိုသဖြင့်) သတိတည်းဟူသော (မကင်းရာကိုလည်း ရသောကြောင့်) "အဝိနာဘာဝနည်း"မည်၏။

**နည်းနှစ်ပါးအထူး။** ။ဌာနကို ဆိုသဖြင့် ဌာနီကိုလည်း ရသောနည်းသည် နာန္တရိကနည်း မည်၏၊ ဌာနီကို ဆိုသဖြင့် ဌာနကိုလည်း ရသောနည်းသည် အဝိနာဘာဝနည်း မည်၏။ **တစ်နည်းကား**– အကြောင်းကို ဆိုသဖြင့် အကျိုးကိုလည်း ရသောနည်းသည် နာန္တရိကနည်း မည်၏၊ အကျိုးကို ဆိုသဖြင့် အကြောင်းကိုလည်း ရသောနည်းသည် အဝိနာဘာဝနည်း မည်၏။

**၁၀။ အသာဓာရဏနည်း။** ။ဘေရိသဒ္ဒေါ–သည် လက်ခတ်ဘည်ဟူသော တူရိယာမျိုးနှင့် (ဆက်ဆံသဖြင့် မမှတ်မူ၍) ဗည်ကြီးတည်းဟူသော တူရိယာမျိုးနှင့် (မဆက်ဆံသဖြင့် မှတ်၍ ဆိုသောကြောင့်) "အသာဓာရဏနည်း" မည်၏။

## ၃။ တတိယနည်းငါးပါး

**၁၁။ မိဂပဒဝဠဉ္ဇနနည်း။** ။ ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော–၌ ကရုဏာ, ပညာသည် ကရုဏာလျှင် အကြောင်းရင်းရှိသော သီလတည်းဟူသော (အစ) ပညာတည်းဟူသော (အဆုံး) ကိုဆိုသဖြင့် သမာဓိတည်းဟူသော (အလယ်ကိုလည်း သိရသောကြောင့်) "မိဂပဒဝဠဉ္ဇနနည်း" မည်၏။

**၁၂။ ဘိန္နသတ္တိသမဝေတနည်း။** ။ သောတော ဓာဝတိ–၌ သောတော–သည် (တစ်ပုဒ်တည်း ဖြစ်လျက်) ဖြူသောဂုဏ်ဟု ဆိုအပ်သော အနက်ကို ဟော

http://www.dhammadownload.com



စွမ်းနိုင်သော သတ္တိ၊ ခွေးဟူသော အနက်, အစ္စန္တသမိပအနက်ကို ဟောစွမ်းနိုင်သောသတ္တိ ပြားသဖြင့် သေတော-ဖြူသော သတ္တဝါသည်၊ ဓာဝတိ-ပြေး၏-ဟူ၍လည်းကောင်း၊ သာ-ခွေးသည်၊ ဣတော-ဤအရပ်မှ၊ ဓာဝတိ-ပြေး၏-ဟူ၍လည်းကောင်း (နှစ်နက် ရကောင်းသောကြောင့်) "ဘိန္နသတ္တိသမဝေတနည်း" မည်၏။

၁၃။ သိလေသနည်း။ ။ပီဏေတိ ဇနတံ သုဓိ-၌ သုဓိသည် (တစ်ပုဒ်တည်း ဖြစ်လျက်) သုဓိ-လမင်းသည်၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပီဏေတိ-ပျို့စေတတ်၏၊-ဟူ၍လည်းကောင်း၊ သုဓီ-မြတ်စွာဘုရားသည်၊ ဇနတံ-ကို၊ ပီဏေတိ-၏၊-ဟူ၍လည်းကောင်း (များသောအနက်ကို ဟောစွမ်းနိုင်သောကြောင့်) "သိလေသနည်း"မည်၏။

၁၄။ ပဒီပနည်း။ ။ ဥပရျာဓိကိဿရဝစနေ-၌ ဣဿရသည် (တစ်ပုဒ်တည်းဖြစ်လျက်) အဓိကိဿရဝစနေ-လွန်သောအနက်, အစိုးရခြင်းဟူသော အနက်ကိုဟောသည်၊ သတိ-ရှိသော်၊-ဟူ၍လည်းကောင်း၊ အဓိကိဿရဝစနေ-လွန်သောအနက်, အစိုးရသောသူ ရှိ၏ဟူသောအနက်ကို ဟောသည်၊ သတိ-သော်၊-ဟူ၍လည်းကောင်း (များသောအနက်ကို ဟောစွမ်းနိုင်သောကြောင့်) "ပဒီပနည်း" မည်၏။

၁၅။ တန္တနည်း။ ။ ဝသဝါဝု-၌ ဝသသည် (တစ်ပုဒ်တည်း ဖြစ်လျက်) "ဝသ-ဝသဓာတ်၏ ဝ, အက္ခရာ၏"ဟု (နှစ်နက်ကို ဟောစွမ်းနိုင်သောကြောင့်) "တန္တနည်း"မည်၏။

## ၄။ စတုတ္ထနည်း ငါးပါး

၁၆။ ကေသေသနည်း။ ။ပုရိသော စ ပုရိသော စ ပုရိသာ-၌ ပုရိသာသည် ပုရိသ(သဒ္ဒါတစ်ခုကို ချေ၍ ပုရိသသဒ္ဒါ တစ်ခုကြွင်းပြုသောကြောင့်) "ကေသေသနည်း"မည်၏။

၁၇။ သာမညနိဒ္ဒေသနည်း။ ။သဟသေယျံ ကပ္ပေယျ-၌ သေယျံသည် "သဟ-တကွ၊ သေယျံ-တစ်မိုးတစ်ရံတည်းသော ကျောင်း, အိပ်ရာ, နေရာ၌ အိပ်ခြင်းကို၊ ကပ္ပေယျ-ပြုငြားအံ့"ဟု (အနက်ပြားလျက် သဒ္ဒါချင်းတူသည်၏ အဖြစ်ဖြင့် တစ်ခုတည်း ညွှန်ပြသောကြောင့်) "သာမညနိဒ္ဒေသနည်း"မည်၏။

၁၈။ မဟီရုဟနည်း။ ။သတ္တာ-သည် သိ-ဝိဘတ်တည်းဟူသော (နိမိတ်မရှိသည်ရှိသော်) အာ-အပြုတည်းဟူသော (ကာရိယ ပျောက်ရာသောကြောင့်) "မဟီရုဟနည်း"မည်၏။

http://www.dhammadownload.com



၁၉။ **စန္ဒြကန္တနည်း။** ။သတ္တာ-သည် သိ-ဝိဘတ်တည်းဟူသော (နိမိတ် မရှိသော်လည်း) အာ-အပြုတည်းဟူသော (ကာရိယ မပျောက်သော ကြောင့်) "စန္ဒြကန္တနည်း"မည်၏။

၂၀။ **သူရိယကန္တနည်း။** ။စန္ဒြကန္တနည်းနှင့် ရေးပုံ တူ၏။ မှတ်ချက်- မဟာ်ရုဟနည်းသည် မှား၏၊ စန္ဒြကန္တနှင့် သူရိယကန္တနည်းသာ မှန်၏။

## ၅။ ပဥ္စမနည်းငါးပါး

၂၁။ **အမ္ဗသေစနဂရုသိနာနနည်း။** ။ကော ပကာရော ကထံ-၌ ကော ပကာရော-သည် (တစ်ချက်တည်းဖြင့်) သုတ်၏ ဥဒါဟရဏ်ကိစ္စ၊ ကထံ- ဟူသော နိပ္ဖန္နပုဒ်၏ ဝါကျကိစ္စတည်းဟူသော (နှစ်နက် ပြီးသောကြောင့်) "အမ္ဗ သေစနဂရုသိနာနနည်း"မည်၏။

၂၂။ **ဂေါဗလိဗဒ္ဒနည်း။** ။ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော- ၌ ဓမ္မော-သည် ဝိနည်းပိဋကတ်တည်းဟူသော (ယှဉ်ဘက်) ဝိနယ (သဒ္ဒါ၏ အနက်ကို ချန်၍) သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တည်းဟူသော (ကြွင်းသော အနက်ကို ဟောသောကြောင့်) "ဂေါဗလိဗဒ္ဒနည်း"မည်၏။

၂၃။ **ပုညဉာဏသမ္ဘာရနည်း။** ။ဂေါဗလိဗဒ္ဒနည်းနှင့် တူ၏။

၂၄။ **အဓိကာရနည်း။** ။ပုဗ္ဗော စ-သည် ပုဗ္ဗောစ-ရှေ့သရသည်လည်း၊ ဒီဃံ-ဒီဃအဖြစ်သို့၊ ပပ္ပေါတိ-ရောက်၏၊ ဤသို့ ဒီဃသဒ္ဒါ (လိုက်သဖြင့် သိအပ်သော အနက်ရှိသောကြောင့်) "အဓိကာရနည်း"မည်၏။

၂၅။ **အာဝုတ္တိနည်း။** ။"ပုဗ္ဗောစ-သည် ပုဗ္ဗောစ-လည်း၊ ဒီဃံ-သို့၊ ပပ္ပေါတိ-၏"ဟု(လည်၍ယူသဖြင့် သိအပ်သော အနက်ရှိသောကြောင့်) "အာဝုတ္တိ နည်း"မည်၏။

## ၆။ ဆဋ္ဌနည်းငါးပါး

၂၆။ **အာဝဋ္ဋနည်း။** ။ပုရိသော-သည် (တစ်ရုပ်တည်း၌) သော၊ သရလောပေါ် အစရှိသော (များစွာသော သုတ်တို့ဖြင့် စီရင်ရသောကြောင့်) "အာဝဋ္ဋနည်း"မည်၏။

၂၇။ **နာဝါသကဋနည်း။** ။အာဝဋ္ဋနည်းနှင့် တူ၏။

၂၈။ **ယထာသချံနည်း။** ။ဣဝဏ္ဏုဝဏ္ဏာ ဈလာ-သည် "ဣဝဏ်သည် ဈ, မည်၏၊ ဥဝဏ်သည် လ, မည်၏"ဟု (အရေအတွက်အားလျော်စွာ ယူရသော ကြောင့်) "ယထာသချံနည်း"မည်၏။

http://www.dhammadownload.com



**၂၉။ ယထာက္ကမနည်း။** ။ယထာသင်္ချနည်းသည်ပင် (အစဉ်အတိုင်း ယူရသောကြောင့်) "ယထာက္ကမနည်း"လည်းမည်၏။

**၃၀။ ယထာလာဘနည်း။** ။သက္ခရကထလိကမ္ပိ မစ္ဆကုမ္ဘမ္ပိ စရန္တံပိ တိဋ္ဌန္တံပိ ပဿတိ–သည် "ကျောက်စရစ်, အိုးခြမ်း ရပ်သည်ကို မြင်၏၊ ငါးလိပ် ရပ်သည် ကိုလည်းကောင်း၊ သွားသည်ကိုလည်းကောင်း မြင်၏"ဟု (ရသင့်သည် အားလျော်စွာ ယူရသောကြောင့်) "ယထာလာဘနည်း"မည်၏။

## ၇။ သတ္တမနည်းငါးပါး

**၃၁။ ဒီပကနည်း။** ။အာဒိဒီပက စသောအားဖြင့် သုံးပါးပြား၏။

**အာဒိဒီပက။** အကာသိ အတ္တနော အတ္ထံ၊ ပရတ္ထမ္ပိ စ သော ဓီနော။

**မဇ္ဈေဒီပက။** အတ္တနော အတ္ထံ အကာသိ၊ ပရတ္ထံပိ စ သော ဓီနော။

**အန္တဒီပက။** သော ဓီနော အတ္တနော အတ္ထံ၊ ပရတ္ထံပိ စ အကာသိ။

အကာသိ–သည် အစ၌ တည်လျက် (အလယ်၌ တည်လျက်, အဆုံး၌ တည် လျက်) အလုံးစုံသော ဝါကျအား ကျေးဇူးပြုသောကြောင့် "အာဒိဒီပကနည်း (မဇ္ဈေ ဒီပကနည်း, အန္တဒီပကနည်း)"မည်၏။

မှတ်ချက်။ ။တစ်ပါးတစ်ပါးလျှင် ဂုဏအာဒိဒီပကနည်း, ဒဗ္ဗအာဒိ ဒီပကနည်း, ကြိယာအာဒိဒီပကနည်း စသည်ဖြင့် သုံးပါးစီ ပြားပြန်သေး၏၊ ဂုဏ–ဟု ဆိုအပ်သော အနက်အားဖြင့် အစ၌ တည်လျက် အလုံးစုံသော ဝါကျ အား ကျေးဇူးပြုတတ်သော အာဒိဒီပကနည်းသည် ဂုဏအာဒိဒီပကနည်း မည်၏– စသည်ဖြင့် အကျယ်ဆိုပါ။

၃၂။ ပါရိသေသနည်း။ ။သော ဣမံ လောကံ သဒေဝကံ သမာရကံ– ၌ သဒေဝကံ–သည် ဆိုလတ္တံ့သော ဝသဝတ္တိနတ်ပြည်မှ အကြွင်းဖြစ်သော နတ်ပြည်ငါးထပ်ကို ယူရသောကြောင့် "ပါရိသေသနည်း"မည်၏။

မှတ်ချက်။ ။ဆိုလတ္တံ့သည်မှ အကြွင်းကို ယူရသောနည်းသည် ပါရိ သေသနည်း မည်၏–ဟု အကျယ်ဆိုပါ၊ ဆိုပြီးသည်မှ အကြွင်းကို ယူရလျှင်လည်း ပါရိသေသနည်းပင် ဖြစ်၏။

**၃၃။ ဓောဂဏနည်း။** ။သေဋ္ဌန္တိ ပသတ္ထတရံ–၌ ပသတ္ထတရံ–သည် (ထင်သော တရပစ္စည်းဖြင့် မထင်သော ဣဋ္ဌပစ္စည်းကို သိစေသောကြောင့်) **"ဓောဂဏနည်း"**မည်၏။

http://www.dhammadownload.com



**၃၄။ ကာကောလောကနနည်း။** ။ ရညော ပဟိတော ဒူတော-၌ ရညော သည် "ရညော-မင်းသည်၊ ပဟိတော-စေလွှတ်အပ်သော၊ ဒူတော-တမန်"ဟူ၍ လည်းကောင်း၊ "ရညော-၏၊ ဒူတော-တမန်"ဟူ၍လည်းကောင်း (နှစ်ပုဒ်ကို ငဲ့သောကြောင့်) "ကာကောလောကနနည်း"မည်၏။

**၃၅။ ရက္ခသကုဏာနည်း။** ။ အဂ္ဂိ-သည် အံမော်နိဂ္ဂဟိတံ ဈုလပေဟိ-သုတ်ဖြင့် ပြုအပ်သော နိဂ္ဂဟိတ်သည် (သုတ်ဖြင့် မကပ်ဘဲ ရှေ့သရသို့ အလိုလို ကပ်သောကြောင့်) "ရက္ခသကုဏာနည်း"မည်၏။

## ၈။ အဋ္ဌမနည်းငါးပါး

**၃၆။ ဒန္တစ္ဆေဒနနည်း။** ။ ဝစနတ္ထော စ သော ဝရောစာတိ ဝစနတ္ထဝရော-၌ ဝစနတ္ထဝရော-သည် "ဝစနတ္ထဝရံ"ဟူသော (သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖြတ်၍ထားသောကြောင့်) "ဒန္တစ္ဆေဒနနည်း"မည်၏။

**၃၇။ ဒန္တသောဓနနည်း။** ။ တံ ဝစနတ္ထဝရံ-သည် "ဝစနတ္ထဝရံ" ဟူသော (သံဝဏ္ဏေတဗ္ဗပုဒ်အတိုင်း ပြန်၍ထားသောကြောင့်) "ဒန္တသောဓနနည်း" မည်၏။

**၃၈။ တစောသဇ္ဇနည်း။** ။ ရညော ပုတ္တော ရာဇပုတ္တော-၌ ရာဇပုတ္တော-သည် (သမာသ်ပြီးလတ်သော် သားဒြပ်တည်းဟူသော (အနက်သစ်ကို ဟောသဖြင့်) မင်းဒြပ်တည်းဟူသော (အနက်ဟောင်းကို စွန့်သောကြောင့်) "တစောသဇ္ဇနည်း" မည်၏။

**၃၉။ ဘိက္ခာစရိယနည်း။** ။ ရညော ပုတ္တော ရာဇပုတ္တော-၌ ရာဇပုတ္တော-သည် မင်းဒြပ်၏ သားဒြပ်နှင့် ဇနက ဇညအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓသကတ်တည်း ဟူသော (အနက်ဟောင်း၌ ထပ်၍) သားဒြပ်တည်းဟူသော (အနက်သစ်ကို ဟောသောကြောင့်) "ဘိက္ခာစရိယနည်း"မည်၏။

**၄၀။ အတိသယနည်း။** ။ အဘိရူပဿ ကညာ ဒါတဗ္ဗာ-၌ အဘိ ရူပဿ-သည် အဆင်းလှသော ယောကျ်ားတည်းဟူသော (ရံသင့်တိုင်းကို မယူမူ၍) အဆင်းလှသော ယောကျ်ားအပေါင်းတို့တွင် အထူးအားဖြင့် အဆင်းလှသော ယောကျ်ားတည်းဟူသော (အလွန်ကိုသာ ယူရသောကြောင့်) "အတိသယနည်း" မည်၏။

http://www.dhammadownload.com



၉

## ၉။ နဝမနည်းငါးပါး

**၄၁။ ရက္ခာရုဋ္ဌနည်း။** ။ပုဗ္ဗမဓောဋ္ဌိတမဿရံ သရေန ဝိယောဇယေ- ၌ အဓောဋ္ဌိတံ-သည် (အထက်, အောက် မရကောင်းသောအနက်၌ "အထက် အောက်"ဟူ၍ ခေါ်ဝေါ်ခြင်းကြောင့်) "ရက္ခာရုဋ္ဌနည်း"မည်၏။

**၄၂။ မဂ္ဂဂ္ဂမနည်း။** ။ပုရေ အဓမ္မော ဒိဗ္ဗတိ-၌ ပုရေသည် "အဓမ္မော- မသူတော်တရားသည်၊ ပုရေ ဒိဗ္ဗတိ-မတောက်ပမီ"ဟူ၍လည်းကောင်း၊ "ပုရေ ဒိဗ္ဗတိ-တောက်ပမည်လား မသိ"ဟူ၍လည်းကောင်း၊ "ပုရေ-ရှေ့၌၊ ဒိဗ္ဗတိ- တောက်ပလတ္တံ့"ဟူ၍လည်းကောင်း သုံးပါးသော အနက်တို့တွင် နောက်ဆုံး အနက်၌ (အနာဂတ်ကို ရှေ့ဟု ခေါ်ဝေါ်သောကြောင့်) "မဂ္ဂဂ္ဂမနည်း"မည်၏။

**၄၃။ အဝုတ္တသိဒ္ဓိနည်း။** ။ပဿေယျ တံ ဝဿသတံ အရောဂျံ-သည် "သင် အနှစ်တစ်ရာ အနာကင်းသော အဖြစ်ကို ငါမြင်လို၏"ဟု ဆိုသဖြင့် (မဆိုသော်လည်း) "ငါ အသက်တစ်ရာ ရှည်လို၏"ဟူသော (လိုအပ်သော အနက်သည် ပြီးသောကြောင့်) "အဝုတ္တသိဒ္ဓိနည်း"မည်၏။

**၄၄။ အတ္ထာပန္နနည်း။** ။ဒေဝဒတ္တော ဒိဝါ န ဘုဉ္ဇတေ ထူလော-သည် အစာနှင့် (မကင်းရာသည်ဖြစ်၍) ညဉ့်၌ စား၏"ဟု (အနက်ရောက်သောအားဖြင့် ယူရသောကြောင့်) "အတ္ထာပန္နနည်း"မည်၏။

**၄၅။ ဗျတိရေကနည်း။** ။ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗ ဓာတုက-သည် "ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့ သည်သာ အသဗ္ဗဓာတ် မည်ကုန်၏"ဟု (ပြန်သောအားဖြင့် ယူရသောကြောင့်) "ဗျတိရေကနည်း"မည်၏။

## ၁၀။ ဒသမနည်းငါးပါး

**၄၆။ နိတတ္ထနည်း။** ။ပါဏော န ဟန္တဗ္ဗော-သည် "သတ္တဝါအပေါင်း ကိုပင် မသတ်ရ"ဟု (တိုက်ရိုက်ဆိုတိုင်း ယူအပ်သော အနက်ရှိသောကြောင့်) "နိတတ္ထနည်း"မည်၏။

**၄၇။ နေယျတ္ထနည်း။** ။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ-သည် "အနာဂါမ် ရဟန္တာပုဂ္ဂိုလ်ကို ထား၍ ခပ်သိမ်းသော သတ္တဝါတို့သည် ဒဏ်မှ လန့်ကုန်၏"ဟု (ဆောင်၍ယူအပ်သော အနက်ရှိသောကြောင့်) "နေယျတ္ထနည်း"မည်၏။

http://www.dhammadownload.com



၄၈။ အနွတ္ထနည်း။ ။ဂစ္ဆတီတိ ဂေါ–၌ ဂေါသည် "သွားတတ်၏" ဟူသော (ဝါကျအနက်သို့ အစဥ်လိုက်သော) နွားဟူသော (အနက်၌ ခေါ်ဝေါ် အပ်သောကြောင့်) "အနွတ္ထနည်း"မည်၏။

၄၉။ ရုဠှီနည်း။ ။ရူပါဒီသု သဇ္ဇတီတိ သတ္တော–၌ သတ္တောသည် သစ္စန္တရာဂပုဂ္ဂိုလ်တည်းဟူသော (ထို၌ ထင်သောအားဖြင့်) နိစ္စန္တရာဂပုဂ္ဂိုလ်တည်း ဟူသော (ဤ၌ ခေါ်ဝေါ်အပ်သောကြောင့်) "ရုဠှီနည်း"မည်၏။

တစ်နည်း– သတ္တောသည် နိစ္စန္တရာဂပုဂ္ဂိုလ်တည်းဟူသော (ဤ၌ ထင်သော အားဖြင့်) နိစ္စန္တရာဂပုဂ္ဂိုလ်တည်းဟူသော (ဤ၌ ခေါ်ဝေါ်အပ်သောကြောင့်) "ရုဠှီနည်း"မည်၏။

တစ်နည်း–ဂစ္ဆတီတိ ဂေါ–၌ ဂေါသည် သွားခြင်းဟူသော (အကြောင်းနိမိတ် အဖြစ်ဖြင့် ဖြစ်သော) နွားဟူသော (အနက်၌) သွားခြင်းဟူသော (အကြောင်း နိမိတ်ကင်းသော်လည်း ခေါ်ဝေါ်အပ်သောကြောင့်) "ရုဠှီနည်း"မည်၏။

မှတ်ချက်။ ။ဤ ရုဠှီနည်းသည် ဥပစာ ၁၂–ပါးလုံးနှင့် တွဲဖက်၍ ရကောင်း၏၊ ထိုသို့ ရရာ၌ ရေးပုံကို အောက်ပါအတိုင်း မှတ်ပါ။ (ကာရဏူ ပစာနှင့် တွဲ၍ ရပုံကို နမူနာ ပြပါအံ့။) စက္ခုနာ ရူပံ ပဿတိ–၌ စက္ခုနာ–သည် အကြောင်းဖြစ်သော စက္ခုပသာဒဒြပ်၏ "စက္ခု"ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဉ်ဒြပ်၌ တင်စား၍ ဆိုထားသောကြောင့် ရုဠှီနည်း မည်၏။ ထို့ပြင် ရုဠှီသည် "အတွင်ရုဠှီ၊ အထင်ရုဠှီ၊ အတင်ရုဠှီ"သုံးမျိုး ပြား၏။

အတွင်ရုဠှီ။ ။ရူပါဒီသု သဇ္ဇတီတိ သတ္တော–သည် သစ္စန္တရာဂပုဂ္ဂိုလ် လက်ထက်က ရခဲ့ပြီးလျှင် နိစ္စန္တရာဂပုဂ္ဂိုလ်၌ တွင်၍ခေါ်ဝေါ်အပ်သောကြောင့် "အတွင်ရုဠှီ"မည်၏။

အထင်ရုဠှီ။ ။ဂစ္ဆတီတိ ဂေါ–သည် သွားတတ်သော သတ္တဝါအများ ရှိလျက် နွား၌သာ အထင်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့်လည်းကောင်း၊ တိသော သည် အကြောင်းမရှိဘဲလျက် အထင်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့်လည်း ကောင်း "အထင်ရုဠှီ"မည်၏။

အတင်ရုဠှီ။ ။ဥပစာ ၁၂–ပါးသည် အတင်ရုဠှီ မည်၏။

ဆောင်။ သကတ္တကြောင့်၊ ရသောပညတ်၊ သကတ်ပျောက်လျက်၊ မည်မပျက်သည်၊ သက်သက် အတွင်ရုဠှီတည်း။ (သတ္တော)
များပြားစွာလှ၊ သကတ္တတွင်၊ ထင်သည့်သကတ်၊ စွဲပညတ်မှု၊ မှတ်လော့ အထင်ရုဠှီတည်း။ (ဂေါ)

http://www.dhammadownload.com



သကတ်တစ်ခု၊ အစုများစွာ၊ ဆက်ဆံပါလျက်၊ ထင်စွာစွဲလည်း၊ အမြဲ ဤ ရှင့်ပင်တည်း။ (ဂေါ)

၅၀။ **ဘူတပုဗ္ဗဂတိကနည်း။** ။ရူပါဒိသု သဥ္စတိတိ သဓ္ဓော-၌ သဓ္ဓော သည် တပ်ခြင်းတည်းဟူသော (ရှေး၌ဖြစ်ဖူးသော အလားအားဖြင့်) နိဗ္ဗာနရာဂ ပုဂ္ဂိုလ်တည်းဟူသော (ထို၌ ခေါ်ဝေါ်အပ်သောကြောင့်) "ဘူတပုဗ္ဗဂတိကနည်း" မည်၏။

## ၁၁။ ကောဒသမနည်း ငါးပါး

၅၁။ **ဥက္ကဋ္ဌနည်း။** ။ကေပ္ပါဒ ။ ပ ။ ဝတ္ထုကာ-သည် ကေပ္ပါဒနိရော ဓာ စ၊ ကောလမ္ဗဏ-ဟူ၍ဆိုက စေတောယုတ္တအဖြစ်သည် ပြီးပြီးလျက် (အလွန် အားဖြင့် ဆိုအပ်သောကြောင့်) "ဥက္ကဋ္ဌနည်း"မည်၏။

၅၂။ **အဘေဒနည်း။** ။သဗ္ဗော ဂါမော အာဂတော-၌ သဗ္ဗော ဂါမော-သည် ရွာနှင့် ရွာနေသူကို (အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့်) "အဘေဒနည်း" မည်၏။

၅၃။ **ကေဒေသဝေါဟာရနည်း။** ။ဒတ္တော-သည် ဒေဝဒတ်ဟူသော အမည်ကို (တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့်) "ကေဒေသဝေါဟာရနည်း" မည်၏။

၅၄။ **နိရုတ္တိနည်း။** ။အက္ခရာလာခြင်း စသည်ကို စီရင်သောနည်းသည် "နိရုတ္တိနည်း"မည်၏။

၅၅။ **ဝိပလ္လာသနည်း။** ။လိင်အစရှိသည်ကို ပြန်သော နည်းသည် "ဝိပလ္လာသနည်း"မည်၏။

## နိရုတ္တိနည်း ငါးပါး

၁။ **ဝဏ္ဏာဂမနည်း။** ။နက္ခတ္တရာဇာရိဝ တာရကာနံ-၌ နက္ခတ္တရာဇာ ရိဝ-သည် ရ, အက္ခရာ လာခြင်းကို စီရင်သောကြောင့် "ဝဏ္ဏာဂမနည်း"မည်၏။

**အမှာ။** ။အက္ခရာလာခြင်းကို စီရင်သော နည်းသည် ဝဏ္ဏာဂမနည်း မည်၏-ဟု အကျယ်ဆိုပါ။

၂။ **ဝဏ္ဏဝိပရိယာယနည်း။** ။ဟိံသတီတိ သီဟော-၌ သီဟောသည် ဟ, အက္ခရာကို နောက်၊ သ, အက္ခရာကို ရှေ့အားဖြင့် ပြန်သောကြောင့် "ဝဏ္ဏ ဝိပရိယာယနည်း" မည်၏။

http://www.dhammadownload.com



၃။ **ဝဏ္ဏဝိကာရနည်း။** ။နိယကောဝ–သည် တ, အက္ခရာကို က, အက္ခရာအားဖြင့် ပြန်ထားသောကြောင့် "ဝဏ္ဏဝိကာရနည်း"မည်၏။

၄။ **ဝဏ္ဏလောပနည်း။** ။မေဟနဿ ခဿ မာလာ မေခလာ–၌ မေခလာ–သည် ဟ, အက္ခရာ၊ န, အက္ခရာ၊ မာ, အက္ခရာတို့ကို ချေသောကြောင့် "ဝဏ္ဏလောပနည်း"မည်၏။

၅။ **အတ္ထာတိသယနည်း။** ။မဟိယံ ရဝတီတိ မယူရော–၌ မယူရော သည် မယဓာတ်၏ ဂတိတည်းဟူသော (ဟောမြဲအနက်မှ) သဒ္ဒတည်းဟူသော (လွန်သောအနက်နှင့် ယှဉ်သောကြောင့်) "အတ္ထာတိသယနည်း"မည်၏။

## ဝိပလ္လာသ ၆–ပါး

၁။ **လိင်္ဂဝိပလ္လာသနည်း။** ။သိဝိ ပုတ္တာနိ အဝှယ–၌ ပုတ္တာနိသည် ပုတ္တေဟု ဆိုအပ်သော ပုံလိင်ကို နပုံလိင်အားဖြင့် ပြန်သောကြောင့် "လိင်္ဂဝိပလ္လာသနည်း" မည်၏။

**အမှာ။** ။လိင်ကို ပြန်သောနည်းသည် လိင်္ဂဝိပလ္လာသနည်း မည်၏–ဟု အကျယ်ဆိုပါ။

၂။ **ဝိဘတ္တိဝိပလ္လာသနည်း။** ။ဟောတိ ဣဒမ္ပိ သီလသ္မိံ–၌ သီလသ္မိံသည် "သီလံ"ဟုဆိုအပ်သော ပထမာဝိဘတ်ကို သတ္တမီဝိဘတ်အားဖြင့် ပြန်သောကြောင့် "ဝိဘတ္တိဝိပလ္လာသနည်း"မည်၏။

၃။ **ဝစနဝိပလ္လာသနည်း။** ။နဒ္ဓော အနုပရိယာယတိ–၌ နဒ္ဓောသည် "နဒီ"ဟုဆိုအပ်သော ဧကဝုစ်ကို ဗဟုဝုစ်အားဖြင့် ပြန်သောကြောင့် "ဝစနဝိပလ္လာသနည်း" မည်၏။

၄။ **ကာလဝိပလ္လာသနည်း။** ။ဆဗ္ဗဿာနိ ယာပေဿတိ–၌ ယာပေဿတိ–သည် "ယာပေတိ"ဟုဆိုအပ်သော ပစ္စုပ္ပန်ကာလကို အနာဂတ်ကာလအားဖြင့် ပြန်သောကြောင့် "ကာလဝိပလ္လာသနည်း" မည်၏။

၅။ **ပုရိသဝိပလ္လာသနည်း။** ။ပုတ္တံ လဘေထ ဝရဒံ–၌ လဘေထ–သည် လဘေယျံဟူ၍ ဆိုအပ်သော ဥတ္တမပုရိသ်ကို ပထမပုရိသ်အားဖြင့် ပြန်သောကြောင့် "ပုရိသဝိပလ္လာနည်း" မည်၏။

၆။ **အက္ခရဝိပလ္လာသနည်း။** ။သုဂတော–သည် "ဒ"ဟုဆိုအပ်သော အက္ခရာတစ်ပါးကို "တ"ဟုဆိုအပ်သော အက္ခရာတစ်ပါးအားဖြင့် ပြန်သောကြောင့် "အက္ခရဝိပလ္လာသနည်း"မည်၏။

❀❀❀❀❀

နည်းလေးဆယ် ပြီးပါပြီ။

http://www.dhammadownload.com



## ဥပစာ+နယ တွဲပုံပြ

၁။ နာနတ္တရိက၊ ကာရဏာ၊ ဌာနဥပစာ။
၂။ ဂုဏာ ဖလူ၊ ဌာန္ယူ၊ နည်းမူ အဝိနာ။
၃။ ကေဒေသျူ၊ သမီပူ၊ သဒိသူ–ရုဠှီသာ။
၄။ ဥ, ပ, နိဒသ်၊ ယင်းသုံးရပ်၊ မှတ်အပ် ကေဒေသူပစာ။
၅။ အဘေဒမူ၊ ဥက္ကဋ္ဌဟူ၊ တဒ္ဓမ္မူ–ရုဠှီသာ။
၆။ ရုဠှီ–နေယျ၊ အဘေဒ၊ သုံးဝ ခပ်သိမ်းမှာ။
၇။ ဒဠှီအာဂမ၊ နည်းယူက၊ အမ္ဗသိဋ္ဌနာ။
၈။ ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ မှတ်ဘိ နာနတ္တရာ။

**မှတ်ချက်။** ။ကာရဏူပစာ၊ ဌာနူပစာ ရလျှင် နာနတ္တရိကနည်း ရသည်–စသည်ဖြင့် အဓိပ္ပါယ်အကျယ် သိပါ၊ ဥပစာနှင့်တွဲ၍ ရစကောင်းသော နည်းများကို သီးသန့်ကျက်ထားပါ၊ ဆောင်ပုဒ်၌ မပါသော်လည်း ကေဒေသူပစာ၌ ပစ္စာသန္နနည်း, ယေဘုယျနည်း, တဗ္ဗဟုလနည်း–များလည်း ရနိုင်သေးသည်၊ ကေဒေသျူပစာ၌ ပုညာဏာသမ္ဘာရနည်း, ဂေါဗလိဗဒ္ဒနည်း, ဒုတိယပစ္စာသတ္တိနည်း, ပါရိသေသနည်း–များလည်း ရနိုင်သေးသည်။

## စာဖြေပုံ နမူနာ

**ပုစ္ဆာ။** ။စက္ခုနာ ရုပ် ပဿတိ–၌ စက္ခုနာ–ဝယ် ဖြစ်သင့်သော ဥပစာ+နယ တို့ကို ဖော်ပြပါ။

စက္ခုနာ–သည် အကြောင်းဖြစ်သော စက္ခုပသာဒဒြပ်၏ "စက္ခု"ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဉ်၌ တင်စား၍ အကျိုးဖြစ်သော စက္ခုဝိညာဉ်ဒြပ်ကို "စက္ခု"ဟု ခေါ်ဝေါ်ခြင်းကြောင့် "ကာရဏူပစာ"ဖြစ်ပါသည်။

အကြောင်းကို ဆိုသဖြင့် အကျိုးကိုလည်း ရသောကြောင့် "နာနတ္တရိကနည်း" ဖြစ်ပါသည်။

အကြောင်းဖြစ်သော စက္ခုပသာဒ၏ "စက္ခု"ဟူသော အမည်ကို အကျိုးဖြစ်သော စက္ခုဝိညာဉ်၌ တင်စား၍ ဆိုသောကြောင့် "ရုဠှီနည်း"ဖြစ်ပါသည်။

စက္ခုပသာဒကို ဆိုသော်လည်း စက္ခုဝိညာဉ်ကို ဆောင်၍ ယူရသောကြောင့် "နေယျတ္ထနည်း"ဖြစ်ပါသည်။

စက္ခုပသာဒနှင့် စက္ခုဝိညာဉ်ကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် "အဘေဒနည်း"မည်၏။

**အမှာ။** ။ရုဠှီ–နေယျ၊ အဘေဒ၊ သုံးဝ ခပ်သိမ်းမှာ–အရ နောက်သုံးချက်ကိုပါ ရေးရသည်။

နည်း, ဥပစာဆိုင်ရာ ပြီး၏။

http://www.dhammadownload.com



## ဥပမာန, ဥပမေယျ, ဥပမာ, ဥပရိက္ခာ, ဥပစာ

၁။ ဂုဏ်တစ်စိတ်တူ၊ မတူခြပ်၊ ဂုဏ်ဖြင့် မှတ်မှု သဒိသူ။

၂။ ဂုဏ်တစ်စိတ်တူ၊ မတူခြပ်၊ ဂုဏ်ဖြင့် မှတ်၍၊ သိအပ် ပြီဆ၊ သိရ တစ်ဖြာ ဥပမာ။

၃။ နိသတ္တိကို၊ သတ္တိရှိလာ၊ ကျမ်း၌ပါ၊ ဝါစာသိလိင်္ဂ-ဥပရိက်။ (တွင်းကြီးနိယံ)

## အဓိပ္ပါယ်

၁။ နှိုင်းယှဉ်ကြောင်းအရာဝတ္ထု (အနှိုင်းဝတ္ထု) သည် "ဥပမာန"မည်၏။

၂။ နှိုင်းယှဉ်အပ်သောအရာဝတ္ထု (အနှိုင်းခံဝတ္ထု) သည် "ဥပမေယျ"မည်၏။

၃။ ထိုနှစ်ပါးတို့၏ တစ်စိတ်တစ်ဒေသအားဖြင့် တူပုံကို နှိုင်းယှဉ်ခြင်းသည် (ဝါ) တူပုံကို ဆင်ခြင်သူတို့၏ အသိဉာဏ်၌ စပ်၍ ထင်စေခြင်းသည် "ဥပမာ" မည်၏။

၄။ ဥပမာကို ထွန်းပြတတ်သော ဣဝ-စသော သဒ္ဒါသည် "ဥပမာဇောတက" မည်၏။

၅။ သတ္တိမရှိဘဲကို သတ္တိရှိသကဲ့သို့ အပိုအလွန် ဆိုခြင်းသည် "ဥပရိက္ခာ" မည်၏။

## ထုတ်ပုံ နမူနာ

စက္ခုကိစ္စကရဏဋ္ဌေန စက္ခုမိဝါတိ စက္ခု၊ ဉာဏ်။

၁။ မံသစက္ခုသည် နှိုင်းယှဉ်ကြောင်းဖြစ်၍ "ဥပမာန"မည်၏။

၂။ "ဒိဗ္ဗစက္ခု"ဟူသော ဒုတိယဝိဇ္ဇာဉာဏ်သည် နှိုင်းယှဉ်အပ်သည်ဖြစ်၍ "ဥပမေယျ"မည်၏။

၃။ မံသစက္ခုနှင့် ဒုတိယဝိဇ္ဇာဉာဏ်တို့၏ ရူပါရုံကို မြင်ခြင်းကိစ္စ တစ်စိတ်တစ်ဒေသအားဖြင့် တူကြသော သဘောသည် (ဝါ) "မြင်ခြင်းကိစ္စ တူကြ၏"ဟု ဆင်ခြင်သော သူတို့၏ အသိဉာဏ်၌ စပ်၍ထင်ခြင်း သမ္မန်သည် "ဥပမာ"မည်၏။

၄။ ထိုဥပမာကို ထွန်းပြတတ်သော ဣဝ-သဒ္ဒါသည် "ဥပမာဇောတက" မည်၏။

၅။ ဝိညာဏာဓိဋ္ဌာန၊ သမဝိသမ အာစိက္ခန၊ ဘူတပသာဒန သတ္တိမရှိသော ဒုတိယဝိဇ္ဇာဉာဏ်ကို သတ္တိရှိသော မံသစက္ခုကဲ့သို့ ဆိုရကား "ဥပရိက္ခာ"မည်၏။

၈-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၉-နံပါတ် စည်းမျဉ်း

သတ်မှတ်ပေးသည့် အဋ္ဌကထာလာ အကြောင်းအရာကို စုဏ္ဏိယဗန္ဓဖြင့် ရေးသားစေခြင်း။

အထူးရေးစရာမရှိ၊ ပါဠိအစီအကုံးကို အမြဲရေးသား လေ့ကျင့်ဖို့နှင့် အဋ္ဌကထာကို ကျေပွန်အောင် ဖတ်ထား, ကြည့်ထားဖို့သာ လိုသည်၊ သို့သော် အထူးသတိပြုရမည်ကား–

၁။ မြန်မာမှ ပါဠိသို့ ပြောင်းတော့မည်ဆိုလျှင် ကတ္တားဟောဝါကျလော, ကံဟောဝါကျလော, သိဖို့ရန် အထူး အရေးကြီး၏၊ ထို့ကြောင့် ပထမဦးစွာ ကြိယာကို လှမ်း၍ ကြည့်လိုက်ရသည်၊ ကြိယာမှာ အပ်, ထိုက်, သင့်-စသော စကားလုံးများ မပါလျှင် ကတ္တားဟောဝါကျ, ပါနေလျှင် ကံဟောဝါကျဟု မှတ်သား၍ ကတ္တားဟော, ကံဟော ထုံးစံကြအောင် စီကုံးရသည်။

၂။ မြန်မာမှုဋ္ဌ ဝိဘတ်များ ဖျောက်ထားသော်လည်း ပါဠိ၌ ဖျောက်ထား၍ မရ၊ သင့်လျော်သော ဝိဘတ်တစ်ခုခု ကေန်မုချ ပါရမည်သာ ဖြစ်၏၊ ထို့ကြောင့် "မည်သည့်ဝိဘတ် သက်ရမည်နည်း"ဟူသော အချက်ကို အထူး သတိထား လိုက်စားရမည်။

❀❀❀❀❀

၉-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၁၀-နံပါတ် စည်းမျဉ်း

### နေတ္တိဟာရ၏ထုတ်နည်းကို ဆိုင်ရာပါဠိဖြင့် စပ်၍ မေးခြင်း။

### နေတ္တိဟာရ ဆိုရိုးကျ

"နေတိ, နယန္တိ ဝါ တောယာတိ နေတ္တိ"ဟူသော ဝစနတ္ထနှင့်အညီ ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန်သို့ဆောင်တတ်သောကြောင့်လည်းကောင်း, မြွကထိကပုဂ္ဂိုလ်တို့၏ ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆောင်ကြောင်း ဖြစ်သောကြောင့်လည်းကောင်း "နေတ္တိ"မည်၏။

ထိုနေတ္တိသည် ဟာရ၊ နယ၊ သာသနပဋ္ဌာနအားဖြင့် သုံးပါးအပြားရှိ၏၊ ထို သုံးပါးတို့တွင် "ဟရတိ, ဟရီယန္တိ ဝါ တေနာတိ ဟာရော"ဟူသော ဝစနတ္ထ နှင့်အညီ သုတ္တ, ဂေယျ-စသည်လျှင် အာရုံရှိသော အညာဏ, သံသယ, ဝိပလ္လာသ တို့ကို ပယ်ရှားတတ်, ပယ်ရှားကြောင်း ဖြစ်သောကြောင့် "ဟာရ"မည်၏။

ထိုဟာရသည်—

ဒေသနာ ဝိစယော ယုတ္တိ၊ ပဒဋ္ဌာနော စ လက္ခဏော။
စတုဗျူဟော စ အာဝတ္တော၊ ဝိဘတ္တိ ပရိဝတ္တနော။
ဝေဝစနော စ ပညတ္တိ၊ ဩတရဏော စ သောဓနော။
အဓိဋ္ဌာနော ပရိက္ခာရော၊ သမာရောပနော သောဠသော။–

ဟူသည်နှင့်အညီ ဒေသနာဟာရ ။ ပ ။ သမာရောပနဟာရအားဖြင့် ၁၆-ပါး အပြားရှိ၏။

### အမှတ်-၁ ဒေသနာဟာရ

ထို ၁၆-ပါးတို့တွင် "ဒေသီယတိ သံဝဏ္ဏီယတိ သုတ္တတ္ထော တောယာတိ ဒေသနာ၊ ဒေသနာ စ သာ ဟာရော စာတိ ဒေသနာဟာရော"ဟူသော ဝစနတ္ထနှင့် အညီ ပါဠိ၏ အနက်ကို အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိ တို့ဖြင့် ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် "ဒေသနာဟာရ"မည်၏၊ ဖွင့်ပြ ဟန်ကား—

**အခြေခံ။** ။ထို ၁၆-ပါးတို့တွင် ကာယိကသုခဝေဒနာ, စေတသိက သောမနဿဝေဒနာ, ဣဋ္ဌာရုံတို့သည် သာယာအပ်သောကြောင့် "အဿာဒ" မည်၏။ တဏှာ, ဝိပလ္လာသတို့သည် သာယာတတ်သောကြောင့် "အဿာဒ" မည်၏။ ကာယိကဒုက္ခဝေဒနာ, စေတသိကဒေါမနဿဝေဒနာ, တေဘူမက သင်္ခါရတရား အပေါင်းတို့သည် "အာဒီနဝ"မည်၏။ ဝဋ်မှ ထွက်မြောက်ကြောင်း

http://www.dhammadownload.com



ဖြစ်သော အရိယမဂ်, ထွက်မြောက်တတ်သော နိဗ္ဗာန်တို့သည် "နိဿရဏ"မည်၏။ သုတမယဉာဏ်, အဇ္ဈတ္တဝေဒ, ဓမ္မဝေဒစသော ပဝေါ်ပွန်အကျိုး, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသော တမလွန်အကျိုးတို့သည် "ဖလ"မည်၏။ နိဿရဏ၏ အကြောင်းဖြစ်သော သီလနှင့် ဘာဝနာသည်လည်းကောင်း, ဖလ၏ အကြောင်း ဖြစ်သော သင်အံလေ့ကျက်, ဆောင်ရွက်ကျင့်ကြံခြင်းသည်လည်းကောင်း, ဒါနပြုခြင်း သည်လည်းကောင်း "ဥပါယ"မည်၏။ "နိဿရဏနှင့် ဖလနှစ်ပါးကို အလိုရှိလျှင် ဥပါယကို ကျင့်ကြံကြိုးကုတ် အားထုတ်လေ"ဟု ဒေသကပုဂ္ဂိုလ်၏ တိုက်တွန်း ခြင်းသည် "အာဏတ္တိ"မည်၏။

**မှတ်ချက်။** ။ဖလဟူသည် အဿာဒ, နိဿရဏ–နှစ်ပါးတို့၏ အကျိုး များတည်း၊ ဥပါယဟူသည် နိဿရဏ, ဖလ နှစ်ပါးတို့၏ အကြောင်းတည်း၊ ဤအခြေခံကို စာဖြေရာ၌ ထည့်သွင်းရေးဖို့ မလို။

**(က)အဿာဒါဒိဒီပထမဒေသနာဟာရ။** ။"ယံ လောကော ပူဇယတေ"၌ ပူဇယတေ–အရ စေတနာကို ယူ၍ ထိုစေတနာသည်လည်းကောင်း, ထိုစေတနာနှင့် ယှဉ်သော စေတသိကဒေါမနဿဝေဒနာသည်လည်းကောင်း, ယံ–အရ ဘုရား ဟူသော အတိက္ကဋ္ဌာရုံသည်လည်းကောင်း, ထိုစေတနာစသော တရားအပေါင်း သည်လည်းကောင်း, ထိုစေတနာနှင့်ယှဉ်သော နာမ်တရားအပေါင်းသည်လည်း ကောင်း, ပူဇော်ကြောင်းဖြစ်သော အာမိသရုပ်ဝတ္ထုအပေါင်းသည်လည်းကောင်း သင်္ခါရဒုက္ခဖြစ်၍ "အာဒီနဝ"မည်၏။

လောကော–ဟူသော ကတ္တားသည် အလိုရှိအပ်သော မဂ်, နိဗ္ဗာန်သည်လည်း ကောင်း၊ ယံ–အရ ဘုရား၌တည်သော မဂ်, ထိုမဂ်၏ အာရုံဖြစ်သော နိဗ္ဗာန် သည်လည်းကောင်း "နိဿရဏ"မည်၏။ ပူဇော်ခြင်းကြောင့် ရအပ်သော အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, ဒုဂ္ဂတိဘေး–တို့မှ လွတ်မြောက်ခြင်း, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ–တို့ကိုရခြင်းသည်လည်းကောင်း၊ နိဿရဏ၏ အကျိုးဖြစ်သော ဖိုလ်သည်လည်းကောင်း "ဖလ"မည်၏။ ထိုဖလ၏ အကြောင်း ဖြစ်သော ပူဇော်ခြင်းသည် "ဥပါယ"မည်၏။ "အကျိုးဖလကို ရဖို့ရန် အကြောင်း ဥပါယဖြစ်သော ပူဇော်မှုကို ပြုကြလေ"ဟု တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် "အာဏတ္တိ"မည်၏။

**သစ္စာဖွဲ့။** ။ထို၆–ပါးတို့တွင် အာဒီနဝ, ဖလနှစ်ပါးသည် ဒုက္ခသစ္စာ မည်၏၊ အဿာဒသည် သမုဒယသစ္စာမည်၏၊ နိဿရဏသည် နိရောဓသစ္စာ မည်၏၊ ဥပါယနှင့်အာဏတ္တိသည် မဂ္ဂသစ္စာမည်၏၊ ဤသို့ ဖွင့်ပြအပ်၏။

http://www.dhammadownload.com



**(ခ) သစ္စပထမ ဒေသနာဟာရ။** ။ယံ လောကော ပူဇယတေ-၌ လောကော-အရ လောကီခန္ဓာငါးပါးကို ယူ၍ ထိုလောကီခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မည်၏၊ ထို၏ အကြောင်းဖြစ်သော ရေးဘဝတဏှာသည် သမုဒယသစ္စာ မည်၏၊ ထိုနှစ်ပါးတို့၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထို၏ အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

**အဿာဒစသည်သွင်း။** ။ထို၄-ပါးတို့တွင် သမုဒယသစ္စာသည် အဿာဒ မည်၏၊ ဒုက္ခသစ္စာသည် အာဒီနဝမည်၏၊ နိရောဓသစ္စာ, မဂ္ဂသစ္စာ-တို့သည် နိဿရဏမည်၏၊ လောကော-ကို ပူဇယတေ-၌စပ်၍ ထိုသတ္တလောကသည် ပူဇော်ခြင်းကြောင့် ရအပ်သော အတ္တာနုဝါဒဘေး ။ ပ ။ ဖလမည်၏၊ ထိုဖလ၏ ။ ပ ။ ဥပါယမည်၏၊ အကျိုးဖလကို ရဖို့ရန် ။ ပ ။ အာဏတ္တိမည်၏၊ ဤသို့ ဖွင့်ပြအပ်၏။

**အမှာ။** ။စာမေးပွဲ၌ "အဿာဒါဒိ ပထမဒေသနာဟာရ"ဟူ၍သော်လည်း ကောင်း၊ "သစ္စပထမ ဒေသနာဟာရ"ဟူ၍သော်လည်းကောင်း အထူးပြု၍ မေးလိမ့်မည်၊ မေးသည့်အတိုင်း ဖြေပါ၊ သာမည မေးခဲ့သော် အဿာဒိပထမဒေသနာ ဟာရကို ဖြေပါ။

ထိုသို့ ဖြေရာ၌ "နိဒါန်း, စာကိုယ်, နိဂုံး"ဟု သုံးချက်စုံအောင် ရေးပါ၊ ဤကျမ်း၌ နိဂုံးထည့်မထား၊ ထိုနိဂုံးကို ရေးလိုလျှင် "ဤသို့လျှင် ပါဠိ၏ အနက်ကို အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိ-တို့ဖြင့် ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် ဒေသနာဟာရ မည်၏-ဟုရေးပါ၊ နောက်ဟာရ များ၌ နိဂုံးကို ပြတော့မည် မဟုတ်၊ နိဒါန်းအတိုင်း ရှေ့က (ဤသို့လျှင်)ခံ၍ ရေးရုံသာ။

ဤကား ကုသိုလ်ဆိုင်ရာ၌ ဒေသနာဟာရ ထုတ်ပုံတည်း။ အကုသိုလ် ဆိုင်ရာ၌ ထုတ်ပုံကို အောက်ပါအတိုင်း ကျက်ထားပါ။

**(က) အဿာဒါဒိပထမဒေသနာဟာရ။** ။"အင်္ဂဏေန ဟိ စိတ္တံ ဥပက္ကိလိဿတိ"ဟူသော ဝါကျ၌ သရာဂ, သဒေါသ, သမောဟစိတ္တုပ္ပါဒ်ကို ယူ၍ ယင်းစိတ္တုပ္ပါဒ်၌ ရှိသော သာယာအပ် သာယာကြောင်းဖြစ်သော သုခ, သောမနဿ ဝေဒနာသည်လည်းကောင်း, သာယာတတ်သော တဏှာဝိပလ္လာသသည်လည်း ကောင်း, ယင်း၏ အာရုံဖြစ်သော ဣဋ္ဌာရုံသည်လည်းကောင်း အဿာဒမည်၏။ တစ်ဝါကျလုံးဖြင့် ရအပ်သော လောကီ ဥပါဒါနက္ခန္ဓာငါးပါး၌ ရှိသော တေဘူမက သင်္ခါရသည်လည်းကောင်း, ဒုက္ခတာ သုံးပါးသည်လည်းကောင်း အာဒီနဝမည်၏။

http://www.dhammadownload.com



ယင်းအာဒီနဝ၏ ထွက်မြောက်ကြောင်း ထွက်မြောက်ရာဖြစ်သော မဂ်, နိဗ္ဗာန်သည် နိဿရဏမည်၏။ သုတမယဉာဏ်, အတ္တဝေဒ, ဓမ္မဝေဒ–စသောအကျိုးသည် ဖလမည်၏။ ဤအနက်ကို သိခြင်း၏ အကြောင်းဖြစ်သော တရားနာခြင်း, ပါဠိ သင်ခြင်းစသော စိတ္တုပ္ပါဒ်များသည် ဥပါယမည်၏။ "စိတ်ညစ်ညူးကြောင်းဖြစ် သော ရာဂ, ဒေါသ, မောဟ–စသော ကိလေသာဓမ္မများကို မိမိသန္တာန်၌ မဖြစ် စေလင့်"ဟု တိုက်တွန်းသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိမည်၏။

**သစ္စာဖွဲ့။** ။ကုသိုလ်တုန်းကနှင့် သဘောသွား အတူပင်။

**(ခ) သစ္စပထမ ဒေသနာဟာရ။** ။ထုတ်တတ်လောက်ပါပြီ၊ ထုတ် ကြည့်ပါ။

**ဝန်ခံချက်။** ။ဤနေတ္တိဟာရ ဆိုရိုးကျကို အမရပူရ ဂန္ဓာရုံဆရာတော်နှင့် ဟံသာဝတီဆရာတော် ၂–ပါး၏ ဝိထိနှင့် သုံးချက်စုဘာသာဋီကာနှင့် ဝိဂ္ဂဟနယ ကျမ်းတို့ကို မှီငြမ်းပြု၍ ဆိုရိုးကျအောင် အနည်းငယ် ပြင်ဆင်ရေးသားထားခြင်း ဖြစ်ပါသည်။

## ဒေသနာဟာရ ဆောင်ပုဒ်

**အစိပ္ပါယ်။** ။အဿာဒါ–ဒီ၊ နဝမည်သား၊ တစ်လီနိဿရဏ၊ ကျိုးဖလနှင့်၊ ဥပါယကြောင်း၊ ထပ်လောင်းအာဏတ္တိ၊ ဖွင့်ပြဘိက၊ ခေါ်၏ ဒေသနာဟာရတည်း။

**အခြေခံ။** ။သာယာအပ်စွ၊ သုခသောမန၊ တဝဏ္ဍာ၊ သာယာကြကြောင်း၊ အပေါင်းတဏှာ၊ ဝိပလ္လာသ၊ အဿာဒတည်း။ ဒုက္ခဝေဒနာ၊ ဒုက္ခတာဟူ၊ တေဘူမကာ၊ သင်္ခါရမည်၊ အာဒီနဝ။ ဝဋ်မှထွက်ကြောင်း၊ မဂ်အပေါင်းနှင့်၊ ကောင်းကောင်း ထွက် တတ်၊ မြတ်အမတာ၊ နိဿရဏာပေ။ သုတေမယ၊ ဉာဏ်မှစ၍၊ အတ္တဓမ္မ၊ ဝေဒနှစ်တန်၊ ပစ္စုပ္ပန်ကျိုး၊ တစ်မျိုးဘဝ၊ သမ္ပဒကို၊ ဖလဆိုကာ။ အရိယာမဂ္ဂ၊ ထိုဖလ၏၊ ရှေ့၌ ရှိသည့်၊ ပဋိပဒါဟူသမျှ၊ ဥပါယတည်း။ သီးသီးဟိတ၊ သုခကျိုးမြော်၊ ကျင့်လေနော်ဟု၊ အမိန့်တော်ရှိ၊ အာဏတ္တိက၊ ဉူးစွာပြ၍။

**အဿာဒါဒိပထမ။** ။နောက်မှတစ်လှည့်၊ သစ္စာဖွဲ့မည်၊ စိတ်ကရည်သော်၊ အာဒီနဝ၊ ဖလနှစ်တန်၊ ဒုက္ခံသစ္စာ၊ အဿာဒါမူ၊ သမုဒယဟူ၏၊ တစ်ဆူနိဿရဏ၊ နိရောဓဟော၊ ဥပါယောနှင့်၊ အာဏတ်ဆင့်က၊ အသင့်မဂ္ဂ၊ သွင်းကုန်ရသည်၊..... မူလဒေသနာဟာရတည်း။

**သစ္စပထမ။** ။တစ်နည်းမှတ်ပါ၊ သစ္စပထမ၊ ဖွဲ့ကာပြ၍၊ သ–မှာ အဿာ၊ ဒု–မှာ အာဒီ၊ နှစ်လီ နိ+မ၊ နိဿရဏတည်း၊ ပြီးရဒေသနာ၊ ကျိုးဖလာနှင့်၊ တက္ကာ ရဏ၊ ဥပါယထပ်လောင်း၊ အကြောင်းပြည့်စေ၊ ကျိုးပြုလေဟု၊ ရှာဖွေတိုက်တွန်း၊ အာဏတ်ညွှန်းသည်၊..... ဖြောင့်တန်း ဒေသနာဟာရတည်း။

http://www.dhammadownload.com



**ဝန်ခံချက်။** ။အဓိပ္ပါယ်၊ အခြေခံ၊ အဿာဒဒိပထမ-တို့သည် အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ ဆောင်ပုဒ်များဖြစ်၍ သစ္စပထမသည် ဆရာတော် အရှင်ကုမာရ၏ ဆောင်ပုဒ်များ ဖြစ်ပါသည်၊ နောက်လာမည့် ဆောင်ပုဒ်အားလုံးကား ဆရာတော်အရှင်ကုမာရ၏ ဆောင်ပုဒ်များချည်းသာ ဖြစ်ပါသည်။

## အမှတ်-၂။ ဝိစယဟာရ

"ဝိစိယန္တိ ပဒပဥှာဒယော ဧတေနာတိ ဝိစယော၊ ဝိစယော စ သော ဟာရော စာတိ ဝိစယဟာရော"ဟူသော ဝစနတ္ထနှင့်အညီ ပဒ, ပုစ္ဆာ, ဝိဿဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိ, အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိ-အားဖြင့် ၁၁-ပါးသော အနက်တို့ကို အထူးအားဖြင့် ထုတ်ဆောင် ရွေးစစ်ကြောင်းဖြစ်သော ဟာရသည် "ဝိစယဟာရ"မည်၏။ ရွေးစစ်ပုံကား-

ယံ လောကော ပူဇယတေ-၌ ယံသည်.....

(က) သပ္ပတိတိ သဒ္ဒေါ-ဟူသော ဝစနတ္ထနှင့်အညီ သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်သောကြောင့် သဒ္ဒါမည်၏၊ ထိုသဒ္ဒါသည် စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါ နှစ်ပါးတို့တွင် စိတ္တဇသဒ္ဒါတည်း၊ ကုသလစိတ္တဇသဒ္ဒါ, အကုသလစိတ္တဇသဒ္ဒါ, အဗျာကတစိတ္တဇသဒ္ဒါ-တို့တွင် (ရဟန္တာအရှင်ကစ္စည်း၏ အသံဖြစ်သောကြောင့်) အဗျာကတစိတ္တဇသဒ္ဒါတည်း။

(ခ) အရိယသဒ္ဒါ, မိလက္ခုသဒ္ဒါတို့တွင် အရိယသဒ္ဒါတည်း၊ မာဂဓသဒ္ဒါ, သက္ကတစသော သဒ္ဒါတို့တွင် မာဂဓသဒ္ဒါတည်း၊ အနုတ္တသဒ္ဒါ, ရုဠှီသဒ္ဒါတို့တွင် ရုဠှီသဒ္ဒါတည်း၊ နိပ္ဖန္နသဒ္ဒါ, အနိပ္ဖန္နသဒ္ဒါတို့တွင် အနိပ္ဖန္နသဒ္ဒါတည်း။

(ဂ) ထိုသဒ္ဒါသည် ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ-ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို သိကြောင်းဖြစ်သောကြောင့် ပုဒ်မည်၏၊ ထိုပုဒ်သည် သျာဒျန္တပုဒ်, တျာဒျန္တပုဒ်တို့တွင် သျာဒျန္တပုဒ်တည်း၊ ပထမန္တပုဒ်, ဒုတိယန္တစသော ပုဒ်တို့တွင် ဒုတိယန္တပုဒ်တည်း၊ ကမ္မတ္ထဒုတိယန္တပုဒ်, အစ္စန္တသံယောဂတ္ထစသော ဒုတိယန္တပုဒ်တို့တွင် ကမ္မတ္ထဒုတိယန္တပုဒ်တည်း၊ ဧကဝစနန္တပုဒ်, ဗဟုဝစနန္တပုဒ်တို့တွင် ဧကဝစနန္တပုဒ်တည်း။

(ဃ) နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်တို့တွင် နာမ်ပုဒ်တည်း၊ နာမနာမ်ပုဒ်, သဗ္ဗနာမ်ပုဒ်, သမာသ်နာမ်ပုဒ်, တဒ္ဓိတ်နာမ်ပုဒ်, ကိတ်နာမ်ပုဒ်တို့တွင် သဗ္ဗနာမ်ပုဒ်တည်း၊ ပယောဂဝန္တသဗ္ဗနာမ်ပုဒ်, ဝစနသဗ္ဗနာမ်ပုဒ်စသည်တို့တွင် ပယောဂဝန္တသဗ္ဗနာမ်ပုဒ်တည်း၊ နိယမဝါစကပုဒ်, အနိယမဝါစက

http://www.dhammadownload.com



ပုဒ်တို့တွင် အနိယမဝါစကပုဒ်တည်း၊ ကောက္ခရပုဒ်, အနေကက္ခရပုဒ်တို့တွင် ကောက္ခရပုဒ်တည်း၊ သရန္တပုဒ်, ဗျဉ္ဇနန္တပုဒ်တို့တွင် ဗျဉ္ဇနန္တပုဒ်တည်း။

## ပုံစံတစ်မျိုး

ယံ လောကော ပူဇယတေ-၌ လောကော-သည်.....

(ကနှင့်ခအတွက် ယံ-ကို နည်းမှီ၍ အပြည့်အစုံဆိုပါ၊ လွယ်ပါပြီ။)

(ဂ) ထိုပုဒ်သည် သျာဒျန္တပုဒ်, တျာဒျန္တပုဒ်တို့တွင် သျာဒျန္တပုဒ်တည်း၊ ကေဝစနန္တပုဒ်, ဗဟုဝစနန္တပုဒ်တို့တွင် ကေဝစနန္တပုဒ်တည်း၊ ပထမန္တပုဒ်, ဒုတိယန္တစသော ပုဒ်တို့တွင် ပထမန္တပုဒ်တည်း၊ လိင်္ဂတ္ထပထမန္တပုဒ်, အာလပနတ္ထပထမန္တပုဒ်တို့တွင် လိင်္ဂတ္ထပထမန္တပုဒ်တည်း၊ သုဒ္ဓလိင်္ဂတ္ထပုဒ်, သံသဋ္ဌလိင်္ဂတ္ထပုဒ်တို့တွင် သံသဋ္ဌလိင်္ဂတ္ထပုဒ်တည်း၊ ကတ္တုသံသဋ္ဌပုဒ်, ကမ္မသံသဋ္ဌပုဒ်တို့တွင် ကတ္တုသံသဋ္ဌပုဒ်တည်း၊ ကောက္ခရပုဒ်, အနေကက္ခရပုဒ်တို့တွင် အနေကက္ခရပုဒ်တည်း။ သရန္တပုဒ်, ဗျဉ္ဇနန္တပုဒ်တို့တွင် သရန္တပုဒ်တည်း၊ သလိင်္ဂပုဒ်, အလိင်္ဂပုဒ်တို့တွင် (လိင်ကြောင့် ရုပ်အထူး ရှိရကား)သလိင်္ဂပုဒ်တည်း၊ ဣတ္ထိလိင်္ဂပုဒ်, ပုမလိင်္ဂပုဒ်, နပုံသကလိင်္ဂပုဒ်တို့တွင် ပုမလိင်္ဂပုဒ်တည်း။

(ဃ) နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်တို့တွင် နာမ်ပုဒ်တည်း၊ နာမနာမ်ပုဒ်, သဗ္ဗနာမ်ပုဒ် စသည်တို့တွင် ကိတ်နာမ်ပုဒ်တည်း၊ ကိတကိတ်ပုဒ်, ကိစ္စကိတ်ပုဒ်တို့တွင် ကိတကိတ်ပုဒ်တည်း၊ ကတ္တုသာဓနကိတ်ပုဒ်, ကမ္မသာဓနကိတ်ပုဒ် စသည်တို့တွင် အဓိကရဏသာဓနကိတ်ပုဒ်တည်း၊ ပုရိသာဒိဂဏိကပုဒ်, စိတ္တာဒိဂဏိကပုဒ် စသည်တို့တွင် ပုရိသာဒိဂဏိကပုဒ်တည်း။

## ပုံစံတစ်မျိုး

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-သည် (ကနှင့်ခကို ယံ-ကို နည်းမှီ၍ အပြည့်အစုံ ဆိုပါ။)

(ဂ) သျာဒျန္တပုဒ်, တျာဒျန္တပုဒ်တို့တွင် တျာဒျန္တပုဒ်တည်း၊ ကောက္ခရပုဒ်, အနေကက္ခရပုဒ်တို့တွင် အနေကက္ခရပုဒ်တည်း၊ သရန္တပုဒ်, ဗျဉ္ဇနန္တပုဒ်တို့တွင် သရန္တပုဒ်တည်း။

(ဃ) နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်တို့တွင် အာချာတ်ပုဒ်တည်း၊ ဝတ္တမာနန္တပုဒ်, ပဉ္စမျန္တစသော ပုဒ်တို့တွင် ဝတ္တမာနန္တပုဒ်တည်း၊ ပရဿပဒန္တပုဒ်, အတ္တနောပဒန္တပုဒ်တို့တွင် အတ္တနောပဒန္တပုဒ်တည်း၊ ပထမ

http://www.dhammadownload.com



ပုရိသန္တပုဒ်, မဇ္ဈိမပုရိသန္တပုဒ်, ဥတ္တမပုရိသန္တပုဒ်တို့တွင် ပဌမပုရိသန္တပုဒ်တည်း၊ ကေဝဋနန္တပုဒ်, ဗဟုသစနန္တပုဒ်တို့တွင် ကေဝဋနန္တပုဒ်တည်း၊ ပယုဇ္ဇမာနပုဒ်, အပယုဇ္ဇမာနပုဒ်တို့တွင် ပယုဇ္ဇမာနပုဒ်တည်း၊ ကတ္တုဝါစကပုဒ်, ကမ္မဝါစကပုဒ်, ဘာဝဝါစကပုဒ်တို့တွင် ကတ္တုဝါစကပုဒ်တည်း၊ သဗ္ဗဓာတုပုဒ်, အသဗ္ဗဓာတုပုဒ်တို့တွင် သဗ္ဗဓာတုပုဒ်တည်း၊ သဝိကရဏပုဒ်, အဝိကရဏပုဒ်တို့တွင် သဝိကရဏပုဒ်တည်း၊ ဘူဝါဒိဂဏိကပုဒ်, ရုဓာဒိဂဏိကစသော ပုဒ်တို့တွင် ဒိဝါဒိဂဏိကပုဒ်တည်း၊ သကာရိတပုဒ်, အကာရိတပုဒ်တို့တွင် အကာရိတပုဒ်တည်း၊ သဝုဒ္ဓိကပုဒ်, အဝုဒ္ဓိကပုဒ်တို့တွင် အဝုဒ္ဓိကပုဒ်တည်း။

**မှတ်ချက်။** ။ပုစ္ဆာ, ဝိဿဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိဝိစယ ၄–ပါးတို့ကို မေးကွက်မကောင်းသောကြောင့် မရေးတော့ပြီ။

## ၆။ အဿာဒ ဝိစယ

ယံ လောကော ပူဇယတေ–၌ ပူဇယတေ–အရ စေတနာကို ယူ၍ ထို စေတနာနှင့် ယှဉ်သော သုခသောမနဿဝေဒနာသည်လည်းကောင်း, ယံ–အရ "ဘုရား"ဟူသော အတိဣဋ္ဌာရုံသည်လည်းကောင်း, ထိုအာရုံကို စွဲ၍ အချို့သော ပုဂ္ဂိုလ်တို့အား ဖြစ်သော တဏှာဝိပလ္လာသသည်လည်းကောင်း အဿာဒ–မည်၏၊ ထိုတွင် သုခသောမနဿဝေဒနာသည် ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏာရှိ၏၊ ထို သုခသောမနဿဝေဒနာသည် ဂေဟဿိတသုခသောမနဿဝေဒနာ, နေက္ခမ္မဿိတသုခသောမနဿဝေဒနာအားဖြင့် နှစ်ပါး အပြားရှိ၏။

တေဘုမကတရားအပေါင်းသည် သဘာဝအားဖြင့်လည်းကောင်း, ပရိကပ္ပ အားဖြင့်လည်းကောင်း ဣဋ္ဌာရုံမည်၏၊ ထိုဣဋ္ဌာရုံသည် ရူပါရုံ, သဒ္ဒါရုံစသော အားဖြင့် များသော အပြားရှိ၏၊ တဏှာသည် အာရမ္မဏဂ္ဂဟဏလက္ခဏာရှိ၏၊ ထိုတဏှာသည် ကာမတဏှာစသောအားဖြင့် သုံးပါး, ရူပတဏှာစသောအားဖြင့် ခြောက်ပါး, တဏှာဝိစရိတအားဖြင့် ၁၀၈–ပါး အပြားရှိ၏။ ဝိပလ္လာသသည် ဝိပရီတဂ္ဂဟဏလက္ခဏာ ရှိ၏၊ ထိုဝိပလ္လာသသည် သညာဝိပလ္လာသစသောအားဖြင့် သုံးပါး, နိစ္စဝိပလ္လာသစသောအားဖြင့် ၁၂–ပါး အပြားရှိ၏။

## ၇။ အာဒီနဝ ဝိစယ

ယံ လောကော ပူဇယတေ–၌ ပူဇယတေ–အရ စေတနာကို ယူ၍ ထို စေတနာနှင့် ယှဉ်သော သုခသောမနဿဝေဒနာ အတိဣဋ္ဌာရုံ တဏှာဝိပလ္လာသတို့၌

http://www.dhammadownload.com



တည်သော သခ်ါရဒုက္ခသည် အာဒီနဝမည်၏၊ ထိုအာဒီနဝသည် အနိဋ္ဌာနုဘဝန လက္ခဏာရှိ၏၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သခ်ါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပဋိစ္ဆန္နဒုက္ခ, တေဘူမကဝဋ်အားဖြင့် များသော အပြားရှိ၏။

## ၈။ နိဿရဏဝိစယ

ယံ လောကော ပူဇယတေ–ဝါကျဖြင့် ရအပ်သောမဂ်, နိဗ္ဗာန်သည် နိဿရဏ မည်၏၊ ထိုနှစ်ပါးတို့တွင် အရိယမဂ်သည် သုညတမဂ်စသောအားဖြင့် သုံးပါး, သောတာပတ္တိမဂ် စသောအားဖြင့် လေးပါး, သတိပဋ္ဌာန် သမ္မပ္ပဓာန်စသောအားဖြင့် ၇–ပါး, သမ္မာဒိဋ္ဌိစသောအားဖြင့် ၈–ပါး အပြားရှိ၏။ နိဗ္ဗာန်သည်လည်း သဉပါဒိသေသ, အနုပါဒိသေသအားဖြင့် နှစ်ပါး, သုညတစသောအားဖြင့် သုံးပါး အပြားရှိ၏။

## ၉။ ဖလဝိစယ

ဖလသည် "မုချဖလ, ပရမ္ပရဖလ"အားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် မုချဖလသည် သုတမယဉာဏ်, အတ္ထဝေဒ, ဓမ္မဝေဒ, ဆဗ္ဗိသုဒ္ဓိအားဖြင့် ၉–ပါး အပြားရှိ၏။ ပရမ္ပရဖလသည် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသောအားဖြင့် များသော အပြားရှိ၏။

## ၁၀။ ဉပါယဝိစယ

ဉပါယသည် "အရိယမဂ်၏ နီးသောအကြောင်းဖြစ်သောပုဗ္ဗဘာဂပဋိပဒါ ဟူသော ဉပါယ, ဘဝသမ္ပတ္တိစသော အကျိုးကိုရခြင်း၏ အကြောင်းဖြစ်သော ဉပါယ"အားဖြင့် နှစ်ပါး အပြားရှိ၏။

## ၁၁။ အာဏတ္တိ ဝိစယ

အာဏတ္တိသည် လူ၏ တိုက်တွန်းခြင်း, နတ်၏ တိုက်တွန်းခြင်း, ဗြဟ္မာ၏ တိုက်တွန်းခြင်းအားဖြင့် သုံးပါး အပြားရှိ၏။ လူသည်လည်း "အာဂါရိယလူ၊ အနာဂါရိယလူ"အားဖြင့် နှစ်ပါး အပြားရှိ၏။ အနာဂါရိယလူသည်လည်း ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကအားဖြင့် သုံးပါး အပြားရှိ၏။ သာဝကသည်လည်း "ဘိက္ခုသာဝက, ဉပါသကသာဝက"အားဖြင့် နှစ်ပါးအပြား ရှိ၏။ ဘိက္ခုသာဝကသည်လည်း "အရိယဘိက္ခုသာဝက, အနရိယဘိက္ခုသာဝက" အားဖြင့် နှစ်ပါးအပြား ရှိ၏။

http://www.dhammadownload.com



## ဝိစယဟာရ ဆောင်ပုဒ်

**အဓိပ္ပါယ်။** ။ပဒပုစ္ဆာ၊ ဝိဿဇ္ဇာနှင့်၊ ပုဗ္ဗာပရ၊ နုဂီတမှာ၊ အဿာဒါဒိ၊ ထည့်ဘိနက်များ၊ ဆယ့်တစ်ပါးကို၊ ခွဲခြားစစ်က၊ ဝိစယသည် ..... မှတ်ကြဥုးစွာ အကျဥ်းတည်း။

### ၁။ ပဒဝိစယ

သဒ္ဒမည်ဟန်၊ ဖော်ပြညွှန်၍၊ စစ်ပြန်စိတ္တ၊ အရိယနှင့်၊ မာဂဓသဒ္ဒါ၊ ပုဒ်မည်လာသော်၊ သဒ္ဒါစသား၊ စိစစ်ထားသည် မှတ်သား ပဒ–ဝိစယ။

### ၂။ ပုစ္ဆာဝိစယ

ပုစ္ဆာထုတ်ပြ၊ အဒိဋ္ဌ–ဒိ၊ ဝိမတိ–အနု၊ ကထေတုဝယ်၊ ရွေးမှုသင့်ရာ၊ သတ္တာ–ဓမ္မ၊ ဓိဋ္ဌာနနှင့်၊ ကေ–နေကာ၊ ဓိဋ္ဌာနာသိ၊ သမ္မုတိ–ပရမတ်၊ တိတ်နာဂတ်–ပန်၊ ကေန်ဝိဘဇ္ဇာ၊ ပဋိပုစ္ဆာ–ထပ၊ လေးဝသော–ဗျာ၊ သာ–နီရ၊ သ–အနုတ္တရာ၊ လောကီယာ–လောကုတ်၊ ဖွင့်ထုတ်ကြလေ၊ ပုရေအာဒိ၊ နုသန္ဓိသည်၊ ခွဲဘိနနု–သန္ဓိတည်း။

### ၃။ ဝိသဇ္ဇနဝိစယ

နည်းတူပုစ္ဆာ၊ အဖြေလာ၍၊ ပါဠိဂတိ၊ စ–ရှိနောက်–နား၊ ထူးကွဲပြား၏၊ ပယ်ရှားသန္ဓိ၊ ဝိရောဓိနှင့်၊ အဝိရောဓ၊ အဘျူပသည် ..... ထည့်ကြနောက်ဝယ် စစ်ရန်တည်း။

### ၄။ ပုဗ္ဗာပရဝိစယ

အမေးလျော်စွာ၊ အဖြေလာဟန်၊ နီးနှောညွှန်လော၊ တစ်ဖန်ဝါကျ၊ ပုဗ္ဗ–ပရာ၊ ကတ္တာ–ကြိယ၊ စိစစ်ပြလျက်၊ ဝုတ္တ–ဘိဟိ၊ ကထိ–သယံ၊ သုဒ္ဓ–ပကတိ၊ မှတ်ဘိပဓာ၊ ကာ–ကြိယ၊ ဝဏ္ဏ–နိပ္ပါ၊ သာဓော–ဂုဏ၊ သတ္တိ–မန္တ၊ တုလျတစ်ဖြာ၊ ဝါစ္စ–ဘာဝ၊ ဤဟာ–ဓေဋ္ဌ၊ ဗျာပါရမှာ၊ ဝဏ္ဏယှဉ်ကာ၊ ကြိယာကို၊ လျော်စွာ အမည်ပေးလေလော့။ (စာစပ်သဘောပင် ဖြစ်သည်။)

### ၅။ အနုဂီတိဝိစယ

လျော်စွာသုတ်ကို၊ ဖော်ထုတ်ဆို၍၊ ထိုသုတ်လျော်စွာ၊ ဆိုခြင်းရာနှင့်၊ လျော်စွာအနက်၊ မိန့်မြွက်ခြင်းရာ၊ စိတ်မှာမှတ်သား၊ ပိုင်းခြားပြီးကာ၊ ဆိုခြင်းရာဟာ၊ ကြောင်းသုံးခုကြောင့်၊ အနုဂီတိ၊ အမည်ရှိ၏၊ ဂီတိမည်က၊ သင်္ဂဟဂါထာ၊ မည်သည်သာပင်၊ ဝုတ္တာ–ဝုတ္တ၊ ဥဘယဝယ်၊ အတ္တယှဉ်ကာ စစ်လေလော့။

### ၆။ အဿာဒဝိစယ

အဿာဒမှာ၊ သုခါ–သောမန၊ ဣဋ္ဌ–တဏှာ၊ ဝိပလ္လာသဟု၊ ငါးဖြာကွဲလတ်၊ စိတ္တုပ္ပါဒ်တုံ၊ အာရုံဝတ္ထုက၊ ဒွါရကိစ္စာ၊ ဌာနာ ဇာတိ၊ ဣန္ဒြိယဟု၊ ဝစ်ဘိသုခ၊ သောမန

http://www.dhammadownload.com



မှာ၊ စိတ္တုပ္ပါတည်း၊ သဘာ–ပရိ၊ ဋ္ဌသိလော့၊ စစ်ဘိတဏှာ၊ စိတ္တုပ္ပါဒ၊ ရှစ်ပါးမျှတည်း၊ တစ်ရာ့ရှစ်ဖြာ၊ စရိတာပေ၊ သညာစိတ္တ၊ ဒိဋ္ဌိမျှသာ၊ ဝိပလ္လာတည်း၊ လေးဖြာတူလုတ်၊ စိတ္တုပ္ပါဒ်ရှု၊ ဝတ္ထုတစ်ဆယ်၊ နှစ်ဆယ်သင်္ကာ၊ မိစ္ဆာဒိဋ္ဌိ၊ ဒွေသဋ္ဌိသည်..... ဒိဋ္ဌိ ဝိပလ် အပြားတည်း။

## ၇။ အာဒီနဝဝိစယ

ဒုက္ခ–ဒေါမန၊ ဒုက္ခဒုက္ခာ၊ သင်္ခါ–ဝိပရိ၊ လာရှိဒုက္ခ၊ အဿာဒသို့၊ စစ်ကြလျော်စွာ၊ အကျဉ်းမှာသည်..... ခန္ဓာသွင်းလေ ပုဒ်ရတည်း။

## ၈။ နိဿရဏဝိစယ

ဝါကျဆောင်ပြ၊ မဂ္ဂ–နိဗ္ဗာ၊ နိဿရဏာမည်၊ သုညာ–အနိ၊ ပဏိဟိနှင့်၊ စရိ သောတာ၊ ဈာနုပဋ္ဌ၊ သတိစသား၊ ခုနစ်ပါးဟု၊ များပြားမဂ္ဂါ၊ နိဗ်မှာ သ–ဥ၊ အနု ဒွယ၊ သုည–အနိ၊ ပဏိဟိသည်..... စရိများလှ ပေသတည်း။

## ၉။ ဖလဝိစယ

မုချဖလ်၊ ပရမ္မရာ၊ နှစ်မျိုးလာ၏၊ ဥုးစွာညွှန်ပြ၊ ကျိုးမုချသည်၊ သုတမယာ၊ အတ္တာ–ဓမ္မ၊ ဝေဒ–ဆဋ္ဌိ၊ သုဒ္ဓိစွမ်းအား၊ ကိုးပါးပြား၏၊ နောက်ထားပရမ်၊ ဘဝသမ္ပတ်၊ ဘောသမ္ပတ်ဟု၊ စ, လတ်ထွေပြား၊ အလွန်ပြားသည်.... နှစ်ပါးရကြောင်း ပြလေလော့။

## ၁၀။ ဥပါယဝိစယ

ပုဗ္ဗဘာဂ၊ ဥပါယနှင့်၊ ဘဝသမ္ပတ္တိ၊ စရိရကြောင်း၊ နှစ်ခုပေါင်းကို..... ထပ် လောင်းရပုံ ပြလေလော့။

## ၁၁။ အာဏတ္တိဝိစယ

စေခိုင်းခြင်းမူ၊ အာဏတ်ဟူ၏၊ လူနတ်ဗြဟ္မာ၊ ခွဲစိတ်ဖြာလျက်၊ အနာဂါရ၊ အာဂါရနှင့်၊ ဗုဒ္ဓ–ပစ္စေကာ၊ သာဝကာဟု၊ စေမှုလှုရှင်၊ ကုန်အစင်တည်း၊ ထိုပြင်ရှောင်ရန်၊ ကျင့်စေရန်နှင့်၊ ဒါန် ဒေထ၊ စသည်ပြသည်..... ဌာနလျော်စွာ စစ်ရန်တည်း။

❁❁❁❁❁

အမှတ်–၂၊ ဝိစယဟာရ ပြီး၏။

http://www.dhammadownload.com



## အမှတ်-၃၊ ယုတ္တိဟာရ

ယုတ္တာယုတ္တိံ ဝိစာရေတိ ဓောနာတိ ယုတ္တိ၊ ယုတ္တိ စ သာ ဟာရော စာတိ ယုတ္တိဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော တရားတို့ကို သဒ္ဒါအားဖြင့်လည်းကောင်း၊ အနက်အားဖြင့်လည်းကောင်း သင့်,မသင့်ကို စိစစ်ကြောင်းဖြစ်သော ဟာရသည် "ယုတ္တိဟာရ"မည်၏။ စိစစ်ဟန်ကား-

**သဒ္ဒယုတ္တိ**။ ။ယံ လောကော ပူဇယတေ-၌ ယံကို (စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါတို့တွင်) စိတ္တဇသဒ္ဒါယူသော် သင့်၏၊ ဥတုဇသဒ္ဒါယူသော် မသင့်။ (ကုသလစိတ္တဇသဒ္ဒါ, အကုသလစိတ္တဇသဒ္ဒါ, အဗျာကတစိတ္တဇသဒ္ဒါတို့တွင်) အဗျာကတစိတ္တဇသဒ္ဒါ ယူသော် သင့်၏၊ ကုသလစိတ္တဇသဒ္ဒါ, အကုသလစိတ္တဇသဒ္ဒါယူသော် မသင့် ။ ပ ။ (သရန္တပုဒ်, ဗျဉ္ဇနန္တပုဒ်တို့တွင်) ဗျဉ္ဇနန္တပုဒ် ယူသော် သင့်၏၊ သရန္တပုဒ် ယူသော် မသင့်။

**အမှာ**။ ။စာဖြေသောအခါ လက်သည်းကွင်းအတွင်းရှိ စကားများကို ထည့်သွင်း၍ ရေးစရာမလို၊ သင့်, မသင့် စကားများအတွက် ထင်ရှားသိသာအောင်သာ ထည့်ထားသည်၊ မြှုပ်ထားသော ပေယျာလကို ပဒဝိစယဟာရအတိုင်း အပြည့်အစုံ ဖော်၍ဆိုပါ၊ ရေးပါ။

**အတ္ထယုတ္တိ**။ ။ယံ-၏ အနက်ကို (အနိယမတ္ထ, နိယမတ္ထတို့တွင်) အနိယမတ္ထ ယူသော် သင့်၏၊ နိယမတ္ထ ယူသော် မသင့်။ (အသတ္တပဓာန, သတ္တပဓာနတို့တွင်) အသတ္တပဓာန ယူသော် သင့်၏၊ သတ္တပဓာန ယူသော် မသင့်။ ဒုတိယာဝိဘတ်၏အနက်ကို (ကမ္မတ္ထ, အစ္စန္တသံယောဂတ္ထ စသည်တို့တွင်) ကမ္မတ္ထ ယူသော် သင့်၏၊ အစ္စန္တသံယောဂတ္ထစသည် ယူသော် မသင့်။ (ဝုတ္တကံ, အဝုတ္တကံတို့တွင်) အဝုတ္တကံ ယူသော် သင့်၏၊ ဝုတ္တကံ ယူသော် မသင့်။ (အဘိဟိတကံ, အနဘိဟိတကံတို့တွင်) အနဘိဟိတကံ ယူသော် သင့်၏၊ အဘိဟိတကံ ယူသော် မသင့်။ (ကာရိတ်ကံ, ဓာတ်ကံတို့တွင်) ဓာတ်ကံ ယူသော် သင့်၏၊ ကာရိတ်ကံ ယူသော် မသင့်။ (ဣစ္ဆိတကံ, အနိစ္ဆိတကံ, နေဝိစ္ဆိတနာနိစ္ဆိတကံတို့တွင်) ဣစ္ဆိတကံ ယူသော် သင့်၏၊ အနိစ္ဆိတကံ, နေဝိစ္ဆိတနာနိစ္ဆိတကံ ယူသော် မသင့်။

### ပုံစံတစ်မျိုး

ယံ လောကော ပူဇယတေ-၌ လောကော-ပုဒ်ကို (စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါတို့တွင်) စိတ္တဇသဒ္ဒါ ယူသော် သင့်၏၊ ဥတုဇသဒ္ဒါ ယူသော် မသင့် ။ ပ ။ (ပုရိသာဒိဂဏိကပုဒ်, စိတ္တာဒိဂဏိကပုဒ် စသည်တို့တွင်) ပုရိသာဒိဂဏိကပုဒ်

http://www.dhammadownload.com



ယူသော် သင့်၏၊ စိတ္တာဒိဂဏိကပုဒ်စသည် ယူသော် မသင့်။ ဤကား သဒ္ဒယုတ္တိ ဟာရတည်း။

လောက-၏ အနက်ကို (သတ္တလောက, သင်္ခါရလောက, ဩကာသလောက တို့တွင်) သတ္တလောက ယူသော် သင့်၏၊ ဩကာသလောက, သင်္ခါရလောက ယူသော် မသင့်။ လောကအရ (ပရမတ္ထ, ဣတ္ထိပုရိသတို့တွင်) ပရမတ္ထအားဖြင့် ခန္ဓာငါးပါး ယူသော် သင့်၏၊ ဣတ္ထိပုရိသ ယူသော် မသင့်။ (ပူဇော်တတ်, ပူဇော် အပ်တို့တွင်) ပူဇော်တတ် ယူသော် သင့်၏၊ ပူဇော်အပ် ယူသော် မသင့်။ ပထမာ ဝိဘတ်၏ အနက်ကို (လိင်္ဂတ္ထ, ဟေတွတ္ထစသည်တို့တွင်) လိင်္ဂတ္ထ ယူသော် သင့်၏၊ ဟေတွတ္ထစသည် ယူသော် မသင့်။ (သုဒ္ဓလိင်္ဂတ္ထ, သံသဋ္ဌလိင်္ဂတ္ထတို့တွင်) သံသဋ္ဌလိင်္ဂတ္ထ ယူသော် သင့်၏၊ သုဒ္ဓလိင်္ဂတ္ထ ယူသော် မသင့်။ (ကတ္တုသံသဋ္ဌ, ကမ္မသံသဋ္ဌ စသည်တို့တွင်) ကတ္တုသံသဋ္ဌ ယူသော် သင့်၏၊ ကမ္မသံသဋ္ဌစသည် ယူသော် မသင့်။ (အဘိဟိတကတ္တား, အနဘိဟိတကတ္တားတို့တွင်) အဘိဟိတ ကတ္တား ယူသော် သင့်၏၊ အနဘိဟိတကတ္တား ယူသော် မသင့်။ (သုဒ္ဓကတ္တား, ကာရိတ်ကတ္တားတို့တွင်) သုဒ္ဓကတ္တား ယူသော် သင့်၏၊ ကာရိတ်ကတ္တား ယူသော် မသင့်။ ဤကား အတ္ထယုတ္တိဟာရတည်း။

## ပုံစံတစ်မျိုး

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-ပုဒ်ကို (စိတ္တဇသဒ္ဒါ, ဥတုဇသဒ္ဒါ တို့တွင်) စိတ္တဇသဒ္ဒါ ယူသော် သင့်၏၊ ဥတုဇသဒ္ဒါ ယူသော် မသင့် ။ ပ ။ (သဝုဒ္ဓိကပုဒ်, အဝုဒ္ဓိကပုဒ်တို့တွင်) အဝုဒ္ဓိကပုဒ် ယူသော် သင့်၏၊ သဝုဒ္ဓိကပုဒ် ယူသော် မသင့်။ ဤကား သဒ္ဒယုတ္တိဟာရတည်း။

ပူဇဓာတ်၏ အနက်ကို (ကြိယတ္ထ, အညတ္ထတို့တွင်) ကြိယတ္ထ ယူသော် သင့်၏၊ အညတ္ထ ယူသော် မသင့်။ (ပူဇနတ္ထ, အညတ္ထတို့တွင်) ပူဇနတ္ထ ယူသော် သင့်၏၊ အညတ္ထ ယူသော် မသင့်။ ယ, ပစ္စည်း၏ အနက်ကို (ရူပသိဒ္ဓိမတ္တ, ကာရိတတို့တွင်) ရူပသိဒ္ဓိမတ္တ ယူသော် သင့်၏၊ ကာရိတ ယူသော် မသင့်။ (စုရာဒိ ဂဏိကဓာတက, အညဂဏိကဓာတကတို့တွင်) စုရာဒိဂဏိကဓာတက ယူသော် သင့်၏၊ အညဂဏိကဓာတက ယူသော် မသင့်။ တေဝိဘတ်၏ အနက်ကို (ကြိယာပဓာန, သတ္တပဓာနတို့တွင်) ကြိယာပဓာန ယူသော် သင့်၏၊ သတ္တပဓာန ယူသော် မသင့်။ (ကတ္တတ္ထ, ကမ္မတ္ထတို့တွင်) ကတ္တတ္ထ ယူသော် သင့်၏၊ ကမ္မတ္ထ ယူသော် မသင့်။ ပူဇယတေ တစ်ပုဒ်လုံး၏ အနက်ကို (အာမိသပူဇာ, ဓမ္မပူဇာ, အဂ္ဂိဟုတ္တတို့တွင်) အာမိသပူဇာ, ဓမ္မပူဇာ ယူသော် သင့်၏၊ အဂ္ဂိဟုတ္တ ယူသော် မသင့်။ ဤကာ အတ္ထယုတ္တိဟာရတည်း။

http://www.dhammadownload.com



**မှတ်ချက်။** ။သဒ္ဒယုတ္တိဟာရသည် ပဒဝိစယဟာရ သဘောအတိုင်း ပင်တည်း၊ အနည်းငယ်သာ ပြင်၍ဆိုရသည်၊ အတ္ထယုတ္တိဟာရ၌ ပကတျတ္ထ ပစ္စယတ္ထတို့ကို စစ်ရုံသာတည်း။

## ယုတ္တိဟာရဆောင်ပုဒ်

သဒ္ဒါတစ်ချက်၊ အနက်အားဖြင့်၊ သင့်-မသင့်ကို၊ ဖွင့်ဆိုတုံဘိ၊ ယုတ္တိဟာရ၊ အမည်ရ၏၊ မာဂဓောသာ၊ သဘာဝနိရုတ္တိ၊ သင့်ဘိသဒ္ဒါ၊ ဗုဒ္ဓါ-သံဃ၊ ဗဟုလနှင့်၊ ကေထေရာ၊ ပဒေသာပြင်၊ သစ္စာ-ရာဂ၊ ဝိနယတည်း၊ ပဋိစ္စသမုပ္ပါ၊ ဓမ္မတာဟု၊ လေးခုနှင့်ပင်၊ မဆန့်ကျင်၍၊ သင့်ပင်အနက်၊ ဝါကျတွက်တည်း၊ ပုဒ်တွက်သဒ္ဒါ၊ ယုတ္တိရာသော်၊ ပဒါဝိစယ၊ နည်းမှီကြလေ၊ အတ္ထယုတ္တိ၊ ရှိ, မရှိမှု၊ ပကတိပစ္စယ၊ ခွဲခစ် ရသည်၊ ကြံယပေါင်းလည်း စစ်လေတည်း။

စစစစစ

အမှတ်-၃၊ ယုတ္တိဟာရ ပြီး၏။

## အမှတ်-၄ ပဒဋ္ဌာနဟာရ

ပဒဋ္ဌာနံ ဝိစာရေတိ ဧတေနာတိ ပဒဋ္ဌာနော၊ ပဒဋ္ဌာနော စ သော ဟာရော စာတိ ပဒဋ္ဌာနဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ ဟောအပ်သောတရား၏ နီးစွာသော အကြောင်းကို ဩရပယောရယအားဖြင့်လည်းကောင်း၊ အာရယာရယ အားဖြင့်လည်းကောင်း စိစစ်ကြောင်းဖြစ်သောဟာရသည် "ပဒဋ္ဌာနဟာရ"မည်၏။ စိစစ်ဟန်ကား-

ယံ လောကော ပူဇယတေ-၌ ယံ-အရ ဘုရားရှင်၏ ပူဇာရဟဘောဂဏ်-ဟူသော အရဟတ္တမဂ်ဉာဏ်ကို ယူ၍ ထို၏ ပဒဋ္ဌာန်ကား အောက်မဂ် အောက် ဖိုလ်တည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာဝဇိရဉာဏ်တော်တည်း၊ ထို၏ ပဒဋ္ဌာန်ကား အာနာပါနစတုတ္ထဈာန်တည်း၊ ထို၏ ပဒဋ္ဌာန်ကား စတုရင်္ဂဝီရိယတည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာဗောဓိမဏ္ဍိုင်တည်း၊ ထို၏ ပဒဋ္ဌာန်ကား ပါရမီစာဂစရိယတည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာဘိနီဟာရတည်း၊ ထို၏ ပဒဋ္ဌာန်ကား မဟာကရုဏာ တော်တည်း၊ ထို၏ ပဒဋ္ဌာန်ကား ဒုက္ခိတဝေနေယျသတ္တဝါအပေါင်းတည်း၊ ဤ ကား ဩရပယောရယတည်း။

ယင်း ဒုက္ခိတသတ္တဝါအပေါင်းသည် မဟာကရုဏာတော်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် မဟာဘိနီဟာရ၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် ပါရမီစာဂစရိယ၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် မဟာဗောဓိမဏ္ဍိုင်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည်

http://www.dhammadownload.com



စတုရင်္ဂဝီရိယ၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် အာနာပါနစတုတ္ထစျာန်၏ ပဒဋ္ဌာန်တည်း။ ယင်းသည် မာဟာဝဇိရဉာဏ်တော်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် အောက်မဂ်, အောက်ဖိုလ်တို့၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် အရဟတ္တမဂ်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် အရဟတ္တဖိုလ်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် ပစ္စဝေက္ခဏာဉာဏ်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် သဗ္ဗညုတဉာဏ်တော်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် အလုံးစုံသော ဘုရားဂုဏ်တော်တို့၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် ဒေသနာဉာဏ်တော်၏ ပဒဋ္ဌာန်တည်း၊ ယင်းသည် ဝေနေယျတို့၏ ဟိတသုခ၏ ပဒဋ္ဌာန်တည်း၊ ဤကား အာရုယှာရုယှတည်း။

**ဆောင်ပုဒ်။**

၁။ ဒု–ရု ဘိနိ၊ ပါရမီ၊ စာဂီ စရိယ။
၂။ ဗောဓိမဏ္ဍင်၊ စတုရင်၊ ပေါ်ထင် ဝီရိယ။
၃။ အာစတုစျာန်၊ ဝဇိဉာဏ်၊ မှတ်ရန် ရစ်ချက်ပ။
၄။ မဂ်, ဖိုလ်စဉ်မှန်၊ ဆင်ခြင်ရန်၊ သဗ္ဗ ဓာနာတိ။
၅။ ဂုဏ်–ဒေသနာ၊ ဝေနေယျာ၊ ဟိတာ စဉ်တိုင်းသိ။

**အမှာ။** ။သာမညမေးခဲ့သော် ဤအတိုင်း အပြည့်အစုံ ရေးပါ၊ ဩရုယှောရုယှသာ မေးသော် ဩရုယှောရုယှအတွက် ပြထားသည့်အတိုင်း ရေးပါ၊ အာရုယှာရုယှအတွက်သာ မေးသော် (က်–အရ အရဟတ္တမဂ်ဉာဏ်ကို ယူ၍ ထိုသည် အရဟတ္တဖိုလ်၏ ပဒဋ္ဌာန်တည်း)စသည်ဖြင့် သက်ဆိုင်ရာမှ ဖြတ်၍ အထက်သို့ တက်ကာ, တက်ကာ ရေးပါ။

## ပုံစံ တစ်မျိုး

ယံ လောကော ပူဇယတေ–ဥ ပူဇယတေ–အရ အာမိသကိုသော်လည်းကောင်း၊ ဓမ္မကိုသော်လည်းကောင်း ပူဇော်အပ်သော အခြင်းအရာအားဖြင့် ဖြစ်သော စေတနာကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း၊ ထို၏ ပဒဋ္ဌာန်ကား သဒ္ဓမ္မဿဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း၊ ထို၏ ပဒဋ္ဌာန်ကား ပတိရူပဒေသဝါသတည်း၊ ထို၏ ပဒဋ္ဌာန်ကား ပုဗ္ဗေ စ ကတပုညတာပါရမိသမ္ဘာရတည်း၊ ဤကား ဩရုယှောရုယှတည်း။

ထို ပုဗ္ဗေ စ ကတပုညတာ ပါရမိသမ္ဘာရသည် ပဋိရူပဒေသဝါသ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် သပ္ပုရိသူပနိဿယ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် သဒ္ဓမ္မဿဝန၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ယောနိသောမနသိကာရ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ပူဇော်သော စေတနာ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ပါမောဇ္ဇ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ပီတိ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ပဿဒ္ဓိ၏ ပဒဋ္ဌာန်တည်း၊ ထိုသည်

http://www.dhammadownload.com



သုခ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် သမာဓိ၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ယထာဘူတဉာဏ်၏ ပဒဋ္ဌာန်တည်း၊ ထိုသည် နိဗ္ဗိဒါဉာဏ်၏ ပဒဋ္ဌာန်တည်၊ ထိုသည် မဂ်ဉာဏ်၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ဖိုလ်ဉာဏ်၏ ပဒဋ္ဌာန်တည်း၊ ထိုသည် ပစ္စဝေက္ခဏာဉာဏ်၏ ပဒဋ္ဌာန်တည်း၊ ထိုသည် အနုပါဒိသေသနိဗ္ဗာန်၏ ပဒဋ္ဌာန်တည်း၊ ဤကား အာရုယှာရုယှတည်း။

အမှာ။ ။အာရုယှာရုယှအရာ၌ ဤ၌ ပြထားသည့် အစဉ်အတိုင်း မထုတ်ဘဲ (ပစ္စုပ္ပန်၌ ပညာရှိတို့ချီးမွမ်းခြင်း, သံသရာ၌ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသည်ကို ရခြင်းအကျိုး) တို့ကို ထုတ်လျှင်လည်း မှန်သည်ပင်၊ အကုသိုလ်အရာ၌ ပြောင်းပြန်ထုတ်ရုံသာတည်း။

ပဒဋ္ဌာန်မှတ်ဖွယ်။ ။ကုသိုလ်အရာ၌ သပ္ပုရိသသံသေဝ သဒ္ဓါ, ယောနိသောမနသိကာရ, သတိသမ္ပဇည, ဣန္ဒြိယသံဝရ, သုစရိတ, သတိပဋ္ဌာန်, ဗောဇ္ဈင်, ဝိဇ္ဇာဝိမုတ္တိ။ (အံ–၃၊ ၃၅၀)

အကုသိုလ်အရာ၌ အသပ္ပုရိသသံသေဝ, အသဒ္ဓမ္မသဝန ။ ပ ။ ဒုစ္စရိတ, နီဝရဏ, အဝိဇ္ဇာ, ဘဝတဏှာ–တို့ကို ထုတ်၊ ဤအချက်များကိုလည်း လိုအပ်သလို အသုံးပြုနိုင်သည်၊ ပဋိစ္စသမုပ္ပါဒ်၌ ထုတ်ပုံကား လွယ်ပါပြီ။

ပဒဋ္ဌာနဟာရ ဆောင်ပုဒ်

နီးကပ်ဆုံးသော၊ ကြောင်းသဘောကို၊ ဩရုယှောရုယှာ၊ အာရုယှာရုယှ၊ ခိစစ်ပြသော်၊ ပဒဋ္ဌာနာ၊ ခေါ်ရပါ၏၊ ဉုးစွာပုဒ်နက်၊ ကောက်ယူချက်ကို၊ တက်ကာ သက်ကာ၊ ကျိုးကြောင်းရှာ၍၊ ဆုံးရာလှည့်လျက်၊ တက်ကာ တက်ကာ၊ ကြောင်းကျိုးရှာသည်..... လျော်စွာထောက်ချင့် စစ်လေလော့။

✿✿✿✿✿

အမှတ်–၄၊ ပဒဋ္ဌာနဟာရ ပြီး၏။

## အမှတ်–၅၊ လက္ခဏဟာရ

လက္ခိယန္တိ အဝုတ္တာပိ ဓမ္မာ ဧတေနာတိ လက္ခဏော၊ လက္ခဏော စ သော ဟာရော စာတိ လက္ခဏဟာရော–ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ တိုက်ရိုက် ဟောအပ်သော တရားနှင့် လက္ခဏာ, သဟာစာရိတာ, ကိစ္စ, ဟေတု, ဖလ, အာရုံ, ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမည်အားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်သားကြောင်းဖြစ်သော ဟာရသည် "လက္ခဏဟာရ" မည်၏။ မှတ်သားဟန်ကား–

http://www.dhammadownload.com



**ဝိဂ္ဂဟာနယအလို။** ။ယံ လောကော ပူဇယတေ–၌ ယံ–အရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကို ယူ၍ ထိုကို ယူသဖြင့် ထိုနှင့် နမနလက္ခဏာအားဖြင့်လည်းကောင်း၊ ပဇာနနလက္ခဏာအားဖြင့်လည်းကောင်း၊ နိယျာနလက္ခဏာအားဖြင့်လည်းကောင်း တူသော ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်, အောက်ဖိုလ်ဉာဏ်တို့ကိုလည်းကောင်း၊ နောက်နောက်၌ဖြစ်သော အရဟတ္တဖိုလ်, သဗ္ဗညုတဉာဏ်, အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, စတုဝေသာရဇ္ဇဉာဏ်, ဒေသနာဉာဏ်–စသည်တို့ကိုလည်းကောင်း ယူအပ်၏၊ ထိုဉာဏ်တို့ကို ယူသဖြင့် ထိုဉာဏ်တို့နှင့် တကွဖြစ်ခြင်းအားဖြင့်လည်းကောင်း၊ သိခြင်းကိစ္စအားဖြင့်လည်းကောင်း တူသော သမ္ပယုတ်နာမက္ခန္ဓာတိ ကိုလည်း ယူအပ်၏။

ထိုနာမက္ခန္ဓာတို့ကို ယူသဖြင့် ထိုနာမက္ခန္ဓာတို့နှင့် နမနစသော လက္ခဏာအားဖြင့်လည်းကောင်း၊ အနိစ္စတာစသော လက္ခဏာအားဖြင့်လည်းကောင်း တူသော ကြွင်းသော နာမက္ခန္ဓာတို့ကိုလည်း ယူအပ်၏၊ ထိုနာမက္ခန္ဓာတို့ကို ယူသဖြင့် ထိုနာမက္ခန္ဓာတို့နှင့် ရာသဋ္ဌလက္ခဏာအားဖြင့် တူသော ရူပက္ခန္ဓာတို့ကိုလည်း ယူအပ်၏၊ ထိုခန္ဓာငါးပါးကို ယူသဖြင့် ထိုနှင့် အနိစ္စစသော လက္ခဏာအားဖြင့်လည်းကောင်း, မိမိတို့၏ကိစ္စကို ပြီးစေခြင်းအားဖြင့်လည်းကောင်း, တကွဖြစ်လေ့ရှိခြင်းအားဖြင့်လည်းကောင်း, အဝိဇ္ဇာစသောအကြောင်း, ဟေတုစသော အကြောင်းအားဖြင့်လည်းကောင်း တူသော အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေတို့ကိုလည်း ယူအပ်၏။

**ဘာသာဋီကာအလို။** ။ယံ လောကော ပူဇယတေ–၌ ယံ–အရ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်ကို ယူ၍ ထိုသို့ ယူသဖြင့် ထိုနှင့် နိယျာနလက္ခဏာအားဖြင့်တူသော မဂ္ဂင် ၆–ပါးကိုလည်း ယူအပ်၏။ ထိုနှင့် တကွဖြစ်ခြင်းအားဖြင့်လည်းကောင်း, သမုဒယသစ္စာကို ပယ်ခြင်း ကိစ္စအားဖြင့်လည်းကောင်း တူသော မဂ်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏၊ ထိုနှင့် မဂ္ဂပစ္စည်းတည်းဟူသော ဟိတ်အားဖြင့်လည်းကောင်း, နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္ပာပကဟိတ်အားဖြင့်လည်းကောင်း တူသော မဂ္ဂင် ၆–ပါးကိုလည်း ယူအပ်၏၊ ထိုနှင့် အရဟတ္တဖိုလ်တည်းဟူသော အကျိုးအားဖြင့်လည်းကောင်း, နိဗ္ဗာန်တည်းဟူသော အာရုံအားဖြင့်လည်းကောင်း တူသော အရဟတ္တမဂ်စိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏၊ ထိုနှင့် မဂ်ဓာတ်အားဖြင့် တူသော မဂ္ဂင် ၆–ပါးကိုလည်းကောင်း, ကုသိုလ်ဓာတ်အားဖြင့် တူသော မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း, လောကုတ္တရာဓာတ်အားဖြင့် တူသော လောကုတ္တရာ ကိုးပါးကိုလည်းကောင်း ယူအပ်၏၊ ထိုနှင့် ဂုဏ်အားဖြင့်

http://www.dhammadownload.com



တူသော သီလသမာဓိကိုလည်း ယူအပ်၏၊ ထိုနှင့် သိခြင်းကြိယာအားဖြင့် တူသော ဒသဗလဉာဏ်, စတုဝေသာရဇ္ဇဉာဏ်စသော ဉာဏ်တော် များကိုလည်း ယူအပ်၏၊ ထိုနှင့် ပရမတ္ထဒြပ်အားဖြင့် တူသော အားလုံးသော ပရမတ္ထ အစိတ်စိတ်ကိုလည်း ယူအပ်၏၊ ထိုနှင့် မဂ္ဂဟူသော နာမည်အားဖြင့် တူသော မဂ္ဂင် ၆–ပါးကိုလည်း ယူအပ်၏။

**နည်းနှစ်ပါး အထူး။** ။ဝိဂ္ဂဟနယက လက္ခဏာ, သဟစာရိတာ စသော ၁၁–ချက် ကုန်, မကုန်ကို အရေးမထား၊ ပရမတ္ထတရားများ ကုန်ရေးကိုသာ ဉူးစား ပေးသည်။ ဘာသာဋီကာက ပရမတ္ထတရား ကုန်, မကုန်ကို အရေးမထား၊ လက္ခဏာ, သဟစာရိတာစသော ၁၁–ချက် ကုန်ရေးကိုသာ ဉူးစားပေးသည်။ ထို့ပြင် ဝိဂ္ဂဟ နယက သုတ္တာဂတဓမ္မကိုသာမက သုတ္တာဂတဓမ္မကိုထောက်၍ ရလာသောဓမ္မတို့ ကိုပါ အဆင့်ဆင့်ကိုင်လျက် ရေ့ဆက်၍ ရသင့်သော တရားများကို ကောက်ယူ၏။ ဘာသာဋီကာက သုတ္တာဂတဓမ္မကိုသာ ကိုင်၍ ကောက်ယူထားသည်၊ ပုံစံကို စူးစိုက်စွာကြည့်၍ နားလည်အောင် ကြိုးစားပါ။ ထိုနည်းနှစ်ပါးတို့တွင် ဝိဂ္ဂဟ နယနည်းသည် လွယ်လည်းလွယ်၏၊ ရှေးရိုးလမ်းဟောင်းလည်း ဖြစ်၏၊ ထို့ကြောင့် စာဖြေသောအခါ ထိုနည်းကိုသာ အသုံးပြုပါ။

## ပုံစံ တစ်မျိုး

ယံ လောကော ပူဇယတေ–၌ လောကော–အရ ခန္ဓာငါးပါးကို ယူ၍၊ ထိုကို ယူသဖြင့် ထိုနှင့် အနိစ္စတာစသော လက္ခဏာအားလည်းကောင်း၊ တကွဖြစ်ခြင်း အားဖြင့်လည်းကောင်း၊ မိမိဆိုင်ရာ ကိစ္စအားဖြင့်လည်းကောင်း၊ အဝိဇ္ဇာစသော အကြောင်း၊ ဟေတုစသော အကြောင်းအားဖြင့်လည်းကောင်း၊ အကျိုးအားဖြင့် လည်းကောင်း၊ အာရုံအားဖြင့်လည်းကောင်း၊ ရုပ္ပနဓာတ် နမနဓာတ်အားဖြင့် လည်းကောင်း၊ ဟီန ပဏီတစသော ဂုဏ်အားဖြင့်လည်းကောင်း၊ အမူအရာအားဖြင့် လည်းကောင်း၊ ပရမတ္ထဒြပ်အားဖြင့်လည်းကောင်း၊ ပရမတ္ထဓမ္မ သခ်တဟူသော အမည်အားဖြင့်လည်းကောင်း တူသော အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေတို့ကိုလည်း ယူအပ်၏။ ဤကား ဒီပနီဟောင်း အလိုတည်း။

ယံ လောကော ပူဇယတေ–၌ လောကော–အရ ပူဇော်တတ်သော သတ္တ–လောကကို ယူ၍၊ ထိုသို့ ယူသဖြင့် ထိုနှင့် လုဒ္ဒန, ပလုဒ္ဒနလက္ခဏာအားဖြင့် တူသော မပူဇော်တတ်သော သတ္တလောကကိုလည်းကောင်း၊ ပူဇော်သော အခြင်း အရာအားဖြင့် ဖြစ်သော ရုပ်နာမ်ဓမ္မဟူသော သင်္ခါရလောကကိုလည်းကောင်း၊ ဘုရားဖြစ်ရာကာလ စသည်တို့၌ ပူဇော်သောအနေအားဖြင့် တုန်လှုပ်တတ်သော ဩကာသလောကကိုလည်းကောင်း ယူအပ်၏။ ဤကား ဘာသာဋီကာအလိုတည်း။

http://www.dhammadownload.com



## ပုံစံတစ်မျိုး

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-အရ ပူဇော်တတ်သော အခြင်းအရာအားဖြင့်ဖြစ်သော စေတနာကို ယူ၍၊ ထိုကို ယူသဖြင့် ထိုနှင့် နမနလက္ခဏာအားဖြင့်လည်းကောင်း၊ အနိစ္စတာစသော လက္ခဏာအားဖြင့်လည်းကောင်း, တူသောကြွင်းသော နာမက္ခန္ဓာကိုလည်း ယူအပ်၏။ ထိုနာမက္ခန္ဓာတို့ကို ယူသဖြင့် ထိုနာမက္ခန္ဓာတို့နှင့် ခန္ဓာအားဖြင့်လည်းကောင်း၊ ရာသဋ္ဌလက္ခဏာအားဖြင့်လည်းကောင်း တူသော ရူပက္ခန္ဓာကိုလည်း ယူအပ်၏။ ထို နာမက္ခန္ဓာ ရူပက္ခန္ဓာတို့ကို ယူသဖြင့် ထိုခန္ဓာတို့နှင့် အနိစ္စတာစသော လက္ခဏာအားဖြင့်လည်းကောင်း၊ တကွဖြစ်ခြင်းအားဖြင့်လည်းကောင်း၊ မိမိဆိုင်ရာ ကိစ္စအားဖြင့်လည်းကောင်း၊ အဝိဇ္ဇာစသော အကြောင်း, ဟေတုစသော အကြောင်းအားဖြင့်လည်းကောင်း တူသော အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေတို့ကိုလည်း ယူအပ်။ ဤကား ဝိဂ္ဂဟနယအလိုတည်း။

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-အရ ပူဇော်သော အခြင်းအရာအားဖြင့်ဖြစ်သော စေတနာကို ယူ၍၊ ထိုကို ယူသဖြင့် ထိုနှင့် ပူဇနီယပုဂ္ဂိုလ်သို့ ညွတ်ခြင်းလက္ခဏာအားဖြင့်လည်းကောင်း၊ မစ္ဆေရကိုပယ်ခြင်း ကိစ္စအားဖြင့်လည်းကောင်း၊ ယောနိသောမနသိကာရဟူသော အကြောင်းအားဖြင့်လည်းကောင်း၊ ဘဝသမ္ပတ္တိစသော အကျိုးအားဖြင့်လည်းကောင်း တူသော သဟဇာတစိတ္တုပ္ပါဒ်ကိုလည်း ယူ အပ်၏။ ဤကား-ဘာသာဋီကာအလိုတည်း။

### လက္ခဏာဟာရ ဆောင်ပုဒ်

သုတ်၌ မိန့်မှာ၊ မြတ်မွေနှင့်၊ လက္ခဏာတူမျှ၊ သဟဇာရီ၊ တူညီကိစ္စ၊ တူမျှဟေတု၊ တူမှု ဖလ၊ တူမျှ အာရုံ၊ ဓာတ်ဂုဏ်ကြိယ၊ ဒဗ္ဗနာမ်အား၊ တူတရားကို၊ မှတ်သား၍သာ၊ ယူရပါသည် ..... ထုတ်ပါ လက္ခဏာဟာရတည်း။

၀၀၀၀၀

အမှတ်-၅၊ လက္ခဏာဟာရ ပြီး၏။

http://www.dhammadownload.com



## အမှတ်-၆၊ စတုဗျူဟဟာရ

ဝိယူဟိယန္တိ သမ္ပိဏ္ဍိယန္တိ ဧတေနာတိ ဗျူဟော၊ စတုန္နံ ဗျူဟော စတုဗျူဟော၊ စတုဗျူဟော စ သော ဟာရော စာတိ စတုဗျူဟဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ္တာဂတစမ္မွ၌ "နိရုတ္တိ, အဓိပ္ပါယ, ဒေသနာနိဒါန, ပုဗ္ဗာပရာနုသန္ဓိ"အားဖြင့် လေးပါးသော အနက်တို့ကို ပေါင်းစုဝေဖန်ကြောင်းဖြစ်သော ဟာရသည် "စတုဗျူဟဟာရ"မည်၏။

၁။ **နိရုတ္တိစတုဗျူဟဟာရ။** ။ဒေသနာ၌ ပါသောပုဒ်ကို ဝိဂြိုဟ်ပြုခြင်းသည် နိရုတ္တိမည်၏။ ဝိဂြိုဟ်ပြုပုံကား- ယံ လောကော ပူဇယတေ-၌ ယံ-သည် သဗ္ဗနာမ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း၊ လောကောပုဒ်ကို "လောကီယန္တေ သမ္ပိဏ္ဍိယန္တေ ကမ္မံ တံဝိပါကော စ ဧတ္ထာတိ လောကော"ဟု ဝိဂြိုဟ် ပြုအပ်၏၊ ပူဇယတေ-ပုဒ်သည် အာချာတ်ပုဒ် ဖြစ်သောကြောင့် ဝိဂြိုဟ် မပြုကောင်း။

၂။ **အဓိပ္ပါယစတုဗျူဟဟာရ။** ။ဒေသကပုဂ္ဂိုလ်၏ အလိုဆန္ဒသည် အဓိပ္ပါယ မည်၏။ ကျမ်း၏အစ၌ "ယံ လောကော ပူဇယတေ"ဟု ရေးသားရွက်ဆိုသော အရှင်မဟာကစ္စည်းထေရ်၏ အလိုဆန္ဒကား "သတ္တလောကသည် မြတ်စွာဘုရားကို ပူဇော်၏"ဟု တိုက်ရိုက်ပြသဖြင့် သတ္တလောကတွင် ပါဝင်နေသော မိမိ၏ ပူဇော်ကြောင်းကိုလည်း သိစေလိုခြင်း, ကျမ်း၏အစ၌ ဘုရားစသည်ကို ရှိခိုးပူဇော်ခြင်းသည် ကျမ်းပြုဆရာတို့၏ ထုံးစံဓမ္မတာဖြစ်ကြောင်း သိစေလိုခြင်း, နောင်လာနောက်သားတို့အားလည်း လိုက်၍ သို့ ပူဇော်စေလိုခြင်းတည်း။

၃။ **နိဒါနစတုဗျူဟဟာရ။** ။ဒေသနာတော်ကို ဖြစ်စေတတ်သော အကြောင်းသည် နိဒါန မည်၏။ ထိုနိဒါန်းသည် "အဇ္ဈတ္တိကနိဒါန်း, ဗာဟိရနိဒါန်း" အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် အဇ္ဈတ္တိကနိဒါန်းသည် "ကရုဏာ, ဉာဏ်" အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် နေတ္တိကျမ်းလာ ဒေသနာတော်ကို နားမလည်သော ပုဂ္ဂိုလ်စုကို အာရုံပြု၍ အရှင်မဟာကစ္စည်း၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကရုဏာသည် ကရုဏာမည်၏၊ ထိုကရုဏာကို အရင်းခံ၍ ဟောကြားကြောင်း ဖြစ်သော ဒေသနာဉာဏ်သည် ဉာဏ်မည်၏။ ဗာဟိရနိဒါန်းသည် "ဒေသ၊ ကာလ၊ ဒေသက၊ ပရိသာ"ဟု လေးပါးအပြားရှိ၏၊ ထိုတွင် ဤနေတ္တိပါဠိတော်ကို ဟောရာဖြစ်သော သပြေပင်တောအုပ်သည် ဒေသမည်၏၊ ဟောရာအခါသည် ကာလမည်၏၊ အရှင်မဟာကစ္စည်းထေရ်သည် ဒေသကမည်၏၊ နာယူသော ရဟန်းတို့သည် ပရိသာမည်၏။

http://www.dhammadownload.com



၄။ **အနုသန္ဓိစတုဗျူဟဟာရ**။ ။ပါဠိ၏ ရှေ့အဖို့ နောက်အဖို့ကို နှီးနှောဆက်စပ်၍ ပြခြင်းသည် အနုသန္ဓိမည်၏၊ ထိုအနုသန္ဓိသည်လည်း "အတ္တာနုသန္ဓိ, ဗျဉ္ဇနာနုသန္ဓိ, ဒေသနာနုသန္ဓိ, နိဒ္ဒေသာနုသန္ဓိ"အားဖြင့် ၄-ပါး အပြားရှိ၏။ ထိုတွင် သက်ာသနစ်သော ၆-ပါးသော အတ္ထ, အတ္ထပဒတို့၏ စပ်ခြင်းသည် အတ္တာနုသန္ဓိ-မည်၏၊ စပ်ပုံကား- ယံ လော့ကော ပူဇယတေ"၌ ယံအရ ဘုရားဒြပ်တော်သည် ပူဇယတေ-အရ စိတ္တုပ္ပါဒ်၌ အာရုံအကြောင်းနိမိတ် အဝုတ္တဖြစ်သော သမ္ပတ္တိကံ၊ စိတ္တုပ္ပါဒ်ကား အာရမဏိက အကျိုးနိမိတ္တဝန္တ အဝုတ္တဖြစ်သော ကံ၏ ကြိယာ (ဤကား ပညတ်စပ်တည်း)။ ယံသည် ပူဇယတေ-၌ အာရမဏ ပစ္စည်း၊ ပူဇယတေကား အာရမဏိကပစ္စယုပ္ပန် (ဤကား ပရမတ်စပ်တည်း)။

သဒ္ဒါတို့၏ အချင်းချင်း စပ်ခြင်းသည် ဗျဉ္ဇနာနုသန္ဓိမည်၏၊ စပ်ပုံကား- ယံ လောကော ပူဇယတေ-၌ ယံသည် ပူဇယတေ၌ အဝုတ္တကံ၊ ပူဇယတေကား အဝုတ္တကံ၏ ကြိယာ (ဤကား သဒ္ဒါစပ်တည်း)။

**မှတ်ချက်**။ ။ပညတ်နည်း, ပရမတ်နည်း စာစပ်ပြလျှင် အတ္တာနုသန္ဓိ၊ သဒ္ဒါနည်း စာစပ်ပြလျှင် ဗျဉ္ဇနာနုသန္ဓိ-ဟု အချုပ် မှတ်ပါ။

ဒေသနာတော်၌ လာသောပုဒ်တို့ကို အချင်းချင်း စာစပ်၍ ပြခြင်းသည်လည်းကောင်း၊ အခြားဒေသနာများနှင့် လျော်အောင် စပ်ဟပ်ပြခြင်းသည်လည်းကောင်း ဒေသနာနုသန္ဓိမည်၏။ စပ်ပုံကား- ယံ-ကား ပူဇယတေ-၌ အဝုတ္တကံ၊ ပူဇယတေ-ကား အဝုတ္တကံ၏ကြိယာ။ ယံ လောကော ပူဇယတေ-ဟူသောစကားသည် "ပူဇာရဟော ပူဇယတော၊ ဗုဒ္ဓေ ယဒိ ဝ သာဝကေ"ဟူသော အခြားဒေသနာတော်များနှင့် လျော်၏။ (နိဒ္ဒေသာနုသန္ဓိအတွက်ကား မေးကွက်မကောင်း၍ ပုံစံ မထုတ် တော့ပြီ။)

### စတုဗျူဟဟာရ ဆောင်ပုဒ်

နိရုတ်-ဓိပ္ပါ၊ နိဒါ-နုသန်၊ နက်လေးတန်ကို၊ ဝေဖန်ပေါင်းစု၊ အကြောင်းပြု၍၊ စတုဗျူဟာ၊ ခေါ်ဆိုကြ၏။

**နိရုတ္တိ**။ ။ရသင့်သည်ကို၊ ဝိဂ္ဂြိုဟ်ဆို၍၊ ဉာဉ်လိုကောက်ပြ၊ ဝိသတ္တလည်း၊ နစ်ဝပဒါ၊ ဝါကျာဝတ္တိ၊ စဉ်သင့်ညီလျက်၊ ကောက်ဘိမချွတ်၊ ပဉ္စကတ်ကို၊ ခွဲလတ်ဝေဖန်-နိရုတ်တည်း။

**အဓိပ္ပါယ**။ ။ဒေသကအလို၊ ဓိပ္ပါဆိုလော။

http://www.dhammadownload.com



**နိဒါန။** ။ထိုထိုဒေသနာ၊ နိဒါန်းမှာကား၊ အစ်-ဇာကွဲပြား၊ ရေ့ဖျားအစျ၊ အ-သဟဇာ၊ သမုဿာ-ပဝတ္တ၊ ဟေ-ပစ္စနှင့်၊ ဇန-ထမ္ဘာ၊ သာ-အသာဟု၊ ငါးဖြာ ဒုက၊ ပြားလေ ရ၏။ ဒွယရေ့မှာ၊ ကရဏာဉာဏ်၊ နောက်သုံးတန်ဝယ်၊ ဉာဏ်ကရဏာ၊ စဉ်ကာ ယူလေ။ ဇာဟိဃေမှု၊ ဒေသကာလ၊ ဒေသကနှင့်၊ နာကြပရိသတ်၊ လေးပါး မှတ်လော့။ အတ္တဇ္ဈာသယာ၊ ပရဇ္ဈာနှင့်၊ ပုစ္ဆာ-အဋ္ဌုပ်၊ သုတ္တနိက္ခေ၊ ဒုရေ-အဝိ၊ သန္တိ နိဒါန်း၊ သုံးပါးညွှန်းသည်..... ဖြောင့်တန်းခွဲဝေ ပြလေတည်း။

**အနုသန္ဓိ။** ။အတ္တ-ဗျဉ္ဇနာ၊ ဒေသနာ-နိဒ္ဒေ၊ နှလေးထွေတွင်၊ စပ်လေနက်မျှ၊ အတ္ထသန္ဓိ။ စပ်ဘိတစ်ဖြာ၊ သဒ္ဒါချင်းမျှ၊ ဗျဥ္ဇနတည်း။ သုတ္တပဒါ၊ ပုဗ္ဗာပရ၊ စပ်ဟန်ပြသား၊ သုတ်တစ်ပါးနှင့်၊ စပ်ထားလျော်စွာ၊ ဒေသနာပေ။ ပဒါ-အတ္ထ၊ နိဿိတစိတ်၊ အနိဿ် စိတ်ဟု၊ လေးခုနိဒ္ဒေ၊ ပဒစ္ဆေဒ၊ ပဒစိန္တာ၊ နှစ်စီသာလျှင်၊ ပဒ-အတ္ထ၊ ခွဲဖွင့်ရမှု၊ သတိ ပြုလော့။ ပုထု-သေက္ခ၊ နှစ်ဝပုဂ္ဂိုလ်၊ ကုသိုလ်-အကု၊ နှစ်ခုဓမ္မာ၊ နိဿိတာတည်း။ သံသာပဝတ္တိ၊ ပြဘိပုည၊ ဝဋ္ဋ-ဝိဝဋ်၊ နှစ်ပါ မှတ်လော့၊ ဝဋ်မှာ ဝါသန၊ ဘာဂိယသာ၊ ဝိဝဋ္ဋ-မှာကား၊ ဝါ-နိဗ္ဗေဒ၊ အပုညမှု၊ ဝဋ္ဋဝါသနာ၊ မှတ်သင့်ပါ၏။ မြတ်စွာဗုဒ္ဓ၊ အရဟာဟု၊ နှစ်ဝပုဂ္ဂိုလ်၊ ဆုံးဖိုလ်နိဗ္ဗာန်၊ နှစ်တန်ဓမ္မာ၊ အနိဿ်သာဟု၊ သံသာ-နိဝတ်၊ ပြညွှန်လတ်သည်၊ ဆုံးသတ် စတုဗျူဟဟာရတည်း။

❁❁❁❁❁

အမှတ်-၆၊ စတုဗျူဟဟာရ ပြီး၏။

## အမှတ်-၇၊ အာဝတ္တဟာရ

အာဝတ္တိယန္တိ သဘာဂဝိသဘာဂဓမ္မာ ဧတေနာတိ အာဝတ္တော၊ အာဝတ္တော စ သော ဟာရော စာတိ အာဝတ္တဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ တင်အပ်သောတရား၏ တရားကိုယ်အရကို ကောက်၍၊ ထိုတရား၏ ပဒဋ္ဌာန်ကို ရာပြီးလျှင် ထိုပဒဋ္ဌာန်မှ အစဉ်လျှောက်၍ သဘာဂ, ဝိသဘာဂဖြစ်သော ကုသိုလ် အကုသိုလ်တရားတို့ကို လည်စေကြောင်း၊ ဆက်ကာဆက်ကာ ဖြစ်ပုံကို ပြကြောင်းဖြစ်သော ဟာရသည် "အာဝတ္တဟာရ"မည်၏။ လည်စေဟန်ကား-

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-အရ ပူဇော်သောအခြင်းအရာ အားဖြင့်ဖြစ်သော စေတနာကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း၊ ထို၏ပဒဋ္ဌာန်ကား သဒ္ဓမ္မဿဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း၊ ထို၏ ပဒဋ္ဌာန်ကား ဗုဒ္ဓုပ္ပါဒ နဝမခဏတည်း၊ ထို၏ ပဒဋ္ဌာန်ကား စတုစက္ကသမ္ပတ္တိတည်း၊ ထို၏ ပဒဋ္ဌာန်ကား အပ္ပမာဒတည်း။ ထိုတွင် ယောနိသော မနသိကာရကို ယူသဖြင့် ယောနိသောမနသိကာရလျှင် အကြောင်းရှိသော ကုသိုလ်

http://www.dhammadownload.com



တရားတို့သည် လည်ကုန် အဆက်ဆက် ဖြစ်ကုန်၏ ။ ပ ။ အပ္ပမာဒကို ယူသဖြင့် အပ္ပမာဒလျှင် အရင်းခံရှိသော ကုသိုလ်တရားတို့သည် လည်ကုန် အဆက်ဆက် ဖြစ်ကုန်၏။ ဤကား သဘာဂအာဝတ္တဟာရတည်း။

ပူဇော်ခြင်းကို တိုက်ရိုက် ယူသဖြင့် မပူဇော်ခြင်းကိုလည်း ဗျတိရေကနည်းအားဖြင့်ယူ၍ ထို၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း၊ ထို၏ ပဒဋ္ဌာန်ကား အသဒ္ဓမ္မဿဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား ဗာလူပသေဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား အကုဏတည်း၊ ထို၏ ပဒဋ္ဌာန်ကား စတုစက္ကဝိပတ္တိတည်း၊ ထို၏ ပဒဋ္ဌာန်ကား ပမာဒတည်း။ ထိုတွင် အယောနိသောမနသိကာရကို ယူသဖြင့် အယောနိသောမနသိကာရလျှင် အကြောင်းရင်းရှိသော အကုသိုလ်တရားတို့သည် လည်ကုန် အဆက်ဆက်ဖြစ်ကုန်၏ ။ ပ ။ ပမာဒကို ယူသဖြင့် ပမာဒလျှင် အရင်းခံရှိသော အကုသိုလ်တရားတို့သည် လည်ကုန် အဆက်ဆက် ဖြစ်ကုန်၏။ ဤကား ဝိသဘာဂအာဝတ္တဟာရတည်း။

**အမှာ။** ။သုတ္တာဂတဓမ္မက အကုသိုလ်ဖြစ်ရာ၌ ပြောင်းပြန်ထုတ်ရုံသာတည်း။

## အာဝတ္တဟာရ ဆောင်ပုဒ်

သုတ်မှာတင်ပြ၊ ပုဒ်အရ၏၊ ပဒဋ္ဌာနာ၊ ဖြစ်ပါတုံဘိ၊ မနသိ-သဝန၊ နိဿယနှင့်၊ ခဏ-စက္ကာ၊ အပ္ပမာကို၊ သဘာဂ-ဝိ၊ လည်စေဘိက၊ အာဝတ္တသည်..... ဌာနလျော်စွာ ကြံလေတည်း။

ဝ၀၀၀၀

အမှတ်-၇၊ အာဝတ္တဟာရ ပြီး၏။

## အမှတ်-၈၊ ဝိဘတ္တိဟာရ

ဝိဘဇ္ဇိယန္တိ ဧတေနာတိ ဝိဘတ္တိ၊ ဝိဘတ္တိ စ သာ ဟာရော စာတိ ဝိဘတ္တိဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌လာသော တရား၏ ဓမ္မ, ပဒဋ္ဌာန်, ဘုံ-တို့ကို ဖော်ပြ၍၊ ထို ဓမ္မ, ပဒဋ္ဌာန်, ဘုံ-တို့ကို နာမသာဓာရဏ, ဝတ္ထုသာဓာရဏအားဖြင့်လည်းကောင်း၊ နာမအသာဓာရဏ, ဝတ္ထုအသာဓာရဏအားဖြင့်လည်းကောင်း အသီးသီး ဝေဖန်ကြောင်းဖြစ်သော ဟာရသည် "ဝိဘတ္တိဟာရ"မည်၏။ ဝေဖန်ဟန်ကား—

**၁။ ဓမ္မဝိဘတ္တိ။** ။ယံ လောကော ပူဇယတေ-၌ ယံ-အရ ဘုရားလောင်းသန္တာန်၌ရှိသော ကရုဏာကို ယူ၍ ထိုကရုဏာဟူသည် ဓမ္မအားဖြင့်

http://www.dhammadownload.com



ကုသိုလ်ဖြစ်သော ဝေါဒါနဓမ္မတည်း။ ထိုကရုဏာဓမ္မသည် သူတစ်ပါးတို့၏ ကရုဏာနှင့် "ကရုဏာ"ဟူသော နာမည်အားဖြင့်လည်းကောင်း၊ ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်ဟူသော တည်ရာဝတ္ထုအားဖြင့်လည်းကောင်း ဆက်ဆံတူမှု သာဓာရဏ ဖြစ်၏၊ "အသာဓာရဏမဟာကရုဏာတော်"ဟူသော နာမည်အားဖြင့်လည်းကောင်း၊ "ဘုရားလောင်း"ဟူသော တည်ရာဝတ္ထုအားဖြင့်လည်းကောင်း မဆက်ဆံ မတူမှု အသာဓာရဏဖြစ်၏။

၂။ ပဒဋ္ဌာနဝိဘတ္တိ။ ။ယံ လောကော ပူဇယတေ–၌ ယံ–အရ ဘုရားလောင်းသန္တာန်၌ဖြစ်သော ကရုဏာကို ယူ၍ ထိုကရုဏာသည် ပစ္စုပ္ပန်ဘဝ၌ ချမ်းသာစွာ နေထိုင်ရခြင်း၊ တမလွန်ဘဝ၌ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို ရခြင်း ဟူသော အကျိုးတို့၏ ပဒဋ္ဌာန်တည်း။ ထိုကရုဏာဟူသော ပဒဋ္ဌာန်သည် သူတပါးတို့၏ ကရုဏာဟူသော ပဒဋ္ဌာန်နှင့် ပဒဋ္ဌာန်ဟူသော နာမည်အားဖြင့် လည်းကောင်း၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်ဟူသော တည်ရာဝတ္ထုအားဖြင့်လည်းကောင်း ဆက်ဆံတူမှု သာဓာရဏဖြစ်၏။ ပစ္စုပ္ပန်ဘဝ၌ မဟာဘိနိဟာရ, ဗုဒ္ဓတ္တဟူသော အကျိုးတို့၏ ပဒဋ္ဌာန်ဟူသော နာမည်အားဖြင့်လည်းကောင်း၊ ဘုရားလောင်း ဟူသော တည်ရာဝတ္ထုအားဖြင့်လည်းကောင်း မဆက်ဆံ မတူမှု အသာဓာရဏ ဖြစ်၏။

၃။ ဘူမိဝိဘတ္တိ။ ။ယံ လောကော ပူဇယတေ–၌ ယံ–အရ ဘုရားလောင်းသန္တာန်၌ဖြစ်သော ကရုဏာကို ယူ၍ ထိုကရုဏာဓမ္မသည် အခိုက်အတန့် အားဖြင့် "ဘုံ"ဟူသော အမည်ကို ရ၏။ ထိုကရုဏာဟူသော ဘုံသည် သူတစ်ပါးတို့၏ ဘုံနှင့် "ပုထုဇ္ဇနဘုံ, ပရိတ္တဘုံ, မဟဂ္ဂတဘုံ"ဟူသော နာမည်အားဖြင့် လည်းကောင်း၊ "ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်ဟူသော တည်ရာဝတ္ထုအားဖြင့် လည်းကောင်း ဆက်ဆံတူမှု သာဓာရဏဖြစ်၏။ "ဗောဓိသတ္တဘုံ"ဟူသော နာမည်အားဖြင့် လည်းကောင်း၊ "ဗောဓိသတ္တပုဂ္ဂိုလ်"ဟူသော တည်ရာဝတ္ထုအားဖြင့် လည်းကောင်း မဆက်ဆံ မတူမှု အသာဓာရဏဖြစ်၏။

အမှာ။ ။ယံ–အရ ဘုရားရှင်၏ သန္တာန်၌ရှိသော ကရုဏာကိုလည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်ကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်ကိုလည်းကောင်း ကောက်ယူ၍ ထုတ်နိုင်သေး၏၊ ထုတ်ကြည့်ပါ။

## ဝိဘတ္တိဟာရ ဆောင်ပုဒ်

ဝိဘတ္တိမှာ၊ မှတ်ရောကား၊ သုတ္တာဂတ၊ ပုဒ်အရကို၊ ဓမ္မ–ပဒဋ္ဌာန်၊ ဘုံဟုညွှန်၍၊ သုံးတန်မှုတည်၊ တစ်ခုစီကို၊ အမည်–ဝတ္ထု၊ နှစ်ခုသာဓာ၊ အသာဓာဖြင့်၊ လျော်စွာဝေဖန် ပြသတည်း။

http://www.dhammadownload.com



## အမှတ်-၉၊ ပရိဝတ္တနဟာရ

ပရိဝတ္တီယန္တိ သုတ္တေ ဓမ္မာ ဧတေနာတိ ပရိဝတ္တနော၊ ပရိဝတ္တနော စ သော ဟာရော စာတိ ပရိဝတ္တနဟာရော-ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ ဟောအပ်သော တရားတို့ကို အရကောက်၍ ထိုဓမ္မသည် ကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက် အကုသိုလ်ကိုလည်းကောင်း၊ အကုသိုလ်ဖြစ်လျှင် ဆန့်ကျင်ဘက် ကုသိုလ်ကိုလည်းကောင်း ကင်းပျောက်စေ၍ ထိုဓမ္မလျှင် အရင်းခံရှိသော အကျိုး အတန်တန်ကို ပြန်လည်စေကြောင်းဖြစ်သော ဟာရသည် "ပရိဝတ္တနဟာရ" မည်၏။ လည်စေဟန်ကား-

ယံ လောကော ပူဇယတေ-၌ ပူဇယတေ-အရ ပူဇော်သောအခြင်းအရာအားဖြင့် ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထို၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရစသည်ကိုလည်းကောင်း ယူ၍ ယင်းတို့ကို ယူသဖြင့် ယင်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သော "အဿဒ္ဓိယ, ကောသဇ္ဇ, ပမာဒ"ဟူသော အကုသိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ ယင်း၏ အကြောင်းဖြစ်သော အယောနိသောမနသိကာရစသည်သည်လည်းကောင်း၊ ယင်းလျှင် အကြောင်းရင်းရှိသော ပစ္စုပ္ပန် သံသရာ ဘေးအပေါင်းတို့သည်လည်းကောင်း ကင်းပျောက်ကုန်၏။ ယင်း မဟာကုသိုလ်စိတ္တုပါဒ် အကြောင်းရင်းရှိသော ပစ္စုပ္ပန် သံသရာ ကောင်းကျိုး အပေါင်းတို့သည် စည်ပင်ပြန့်ပွား များပြားဖြစ်တည် အဆက်ဆက် လည်ကုန်၏။

### ပုံစံတစ်မျိုး

ပရာဘဏ္ဍံ အဝဟရတိ-၌ အဝဟရတိ-အရ လောဘမူစိတ္တုပ္ပါဒ်ကို ယူ၍ ထိုကို ယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော အလောဘပြဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်တို့သည်လည်းကောင်း၊ ထို၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရစသည်တို့သည်လည်းကောင်း၊ ထိုလျှင် အကြောင်းရင်းရှိသော လဒ္ဓိဘာဝ, ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိစသော အကျိုးတို့သည်လည်းကောင်း ကင်းပျောက်ကုန်၏။ ထိုလောဘမူစိတ္တုပ္ပါဒ်လျှင် အကြောင်းရင်းရှိသော အလဒ္ဓိဘာဝ, ဉာတိဗျသန, ဘောဂဗျသနစသော အနိဋ္ဌဖလတို့သည် များပြားဖြစ်တည် အဆက်ဆက် လည်ကုန်၏။

### ပရိဝတ္တနဟာရ ဆောင်ပုဒ်

ပရိဝတ္တနာ၊ ထုတ်လိုပါသော်၊ သုတ်မှာဟောကြား၊ တရားများကို၊ ထောက်ထားဆင်ခြင်၊ ကောက်ယူငင်၍၊ ဆန့်ကျင်တရား၊ အကျိုးများပါ၊ ပျောက်သွားပုံပြ၊ ကောက်ထားကြသည်၊ မူလတရား၊ အကျိုးသွားတို့၊ တိုးပွားပုံညွှန်၊ လည်စေပြန်သည်၊ မှတ်ရန် ကုသိုလ်-အကုတည်း။

http://www.dhammadownload.com



## အမှတ်–၁၀၊ ဝေဝစနဟာရ

ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော၊ ဝေဝစနော စ သော ဟာရော စာတိ ဝေဝစနဟာရော–ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသော ပုဒ်ကို များစွာသော ဝေဝုစ်ပရိယာယ် စကားလှယ်တို့ဖြင့် ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် "ဝေဝစနဟာရ"မည်၏။ ဖွင့်ပြဟန်ကား–

ယံ လောကော ပူဇယတေ–၌ လောကောပုဒ်၏ ဝေဝုစ်ပရိယာယ် စကားလှယ်ကား–

"ပါဏော သရီရိ ဘူတံ ဝါ၊ သတ္တော ဒေဟီ စ ပုဂ္ဂလော။
ဇီဝေါ ပါဏီ ပဇာ ဇန္တု၊ ဇနော လောကော တထာဂတော"ဟူသည်တည်း။

### ဝေဝစနဟာရ ဆောင်ပုဒ်

ဖွင့်လိုသောသုတ်၊ ထိုထိုပုဒ်၏၊ ဝေဝုစ်ပရိယာ၊ ရတိုင်းရှာလျက်၊ ထုတ်ကာပြရ၊ ဤဟာရသည်..... ဝေဝစနဟာရမည်သတည်း။

❁❁❁❁❁

အမှတ်–၁၀၊ ဝေဝစနဟာရ ပြီး၏။

## အမှတ်–၁၁၊ ပညတ္တိဟာရ

ပကာရေဟိ ဉာပိယန္တိ အသက်ရတော ဝါ ထပီယန္တိ ဧတေနာတိ ပညတ္တိ၊ ပညတ္တိ စ သာ ဟာရော စာတိ ပညတ္တိဟာရော–ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ လာသော တရားတို့၏ အနက်ကို အပြားအားဖြင့် သိစေကြောင်း၊ မရော မယှက်ထားကြောင်းဖြစ်သော ဟာရသည် "ပညတ္တိဟာရ"မည်၏။ သိစေဟန်ကား–

၁။ အတ္ထပညတ္တိ။ ။ယံ လောကော ပူဇယတေ–၌ ယံ–ဟူသော သဘာဝနိရုတ္တိ ပကတိကထာ ဒေသနာသည် ဂုဏ်ထူးဝိသေသကို ရည်ရွယ်၍ ထားသောကြောင့် နိက္ခေပပညတ်လည်း မည်၏၊ များစွာသော ဂုဏ်တို့၏ အရင်းမူလ ပဘဝကို သိစေတတ်သောကြောင့် ပဘဝပညတ်လည်း မည်၏၊ ပရဒုက္ခာပနယနလက္ခဏာဟူသော တဏှာကို သိစေတတ်သောကြောင့် တဏှာပညတ်လည်း မည်၏၊ ကရုဏာဂုဏ်အထူးကို စွဲ၍ယူခြင်းဟူသော ဥပါဒါကို သိစေ သောကြောင့် ဥပါဒါပညတ်လည်း မည်၏၊ ကရုဏာဂုဏ်အပေါင်းဟူသော သမူဟကို သိစေ သောကြောင့် သမူဟပညတ်လည်း မည်၏၊ ကရုဏာသမာပတ် ဝီထိအစဉ်ဟူသော သန္တတိကို သိစေတတ်သောကြောင့် သန္တတိပညတ်လည်း မည်၏၊ ကရုဏာတည်း

http://www.dhammadownload.com



ဟူသော အနက်ဒြပ်ဟူသော အတ္ထကို သိစေသောကြောင့် အတ္ထပညတ်လည်းမည်၏၊ ကောင်းစွာ အသိအမှတ်ပြုအပ်သော သင်္ကေတကို သိစေသောကြောင့် သင်္ကေတ ပညတ်လည်း မည်၏။

၂။ **သဒ္ဒပညတ်**။ ။မနသာဝဝတ္ထုပိတ ဒေသနာကို သိစေတတ်သော ကြောင့် မနသာဝဝတ္ထုပိတသဒ္ဒပညတ်လည်း မည်၏၊ ပဒပညတ်လည်း မည်၏၊ သျာဒျန္တပဒမညတ်လည်း မည်၏၊ ဒုတိယန္တပဒပညတ်လည်း မည်၏၊ ကမ္မကာရက ပညတ်လည်း မည်၏၊ အဝုတ္တကမ္မကာရကပညတ်လည်း မည်၏–စသည်တည်း။ (သဒ္ဒပညတ်သည် ပဒဝိစယဟာရနှင့် သဘောသွား တူ၏။)

## ပညတ္တိဟာရ ဆောင်ပုဒ်

သုတ်မှအလာကြွေး၊ တရားများအကို ပြားအားဖြင့်သာ၊ သိစေပါ၍၊ သညာတွင်ဘိ၊ ပညတ္တိတည့်။ ပကတိကထာ၊ ဒေသနာပင်၊ ရည်ကာထားက၊ နိက္ခေပတည်း။ (အတ္ထအလျောက်၊ ရွေးကောက်သင့်ရာ) လက္ခဏာမူ၊ တဇ္ဇာပညတ်။ သကတ်စွဲကာ၊ ဥပါဒါတည်း။ ပေါင်းမှာသမူ၊ စဉ်ယူသန္တတိ။ အနက်သိစေ၊ မည်လေအတ္ထာ။ ကောင်းစွာ သိမှတ်၊ ပြုအပ်ပေထ၊ သင်္ကေတသင့်။ စိတ်ဖြင့်မှတ်သား၊ ပိုင်းခြားအပ်ပါ၊ ထိုသဒ္ဒါကို၊ မနသာ ဝဝတ္ထုပိတာ၊ ဂမ္ဘီရဟု၊ သဒ္ဒပညတ်၊ ခေါ်သတ်မှတ်၏။ စိတ်မှတ်တိုင်းသာ၊ ရွတ်ဆိုပါမူ၊ ဒေသနာဂမ္ဘီရ၊ ပရမတ္ထဝစီဘေဒါ၊ သဒ္ဒါပညတ်၊ ခေါ်သတ်မှတ်လော့။ ကြားလတ်သုဏန္တ၊ ပုဂ္ဂလ၏၊ ဖြစ်ရာသဒ္ဒါ၊ မနောဒွါ၏၊ အာရုံဖြစ်ရ၊ ယင်းသဒ္ဒသည် .....နာမပညတ်သဒ္ဒါတည်း။

တစ်နည်းထိုမှ၊ ထုတ်ပုံပြအံ့၊ ပဒ–သျာဒျန်၊ ပထမန္တ၊ စ–သည်ခွဲဝေ၊ မှတ်လေအတ္ထ၊ ကာရကနှင့်၊ ကမ္မကတ္တာ၊ စသည်သာတည်း။ ကြိယာပဒ နည်းမှီပြရန်၊ အကျဉ်းညွှန် သည် ...... ဝေဖန် စိစစ်ဆေးဆေးတည်း။

ဓဓဓဓဓ

အမှတ်–၁၁၊ ပညတ္တိဟာရ ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၂၊ ဩတာရဏဟာရ

ဩတာရိယန္တိ အနုပ္ပဝေသိယန္တိ ဧတေနာတိ ဩတာရဏော၊ ဩတာရဏော စ သော ဟာရော စာတိ ဩတာရဏဟာရော–ဟူသော ဝစနတ္ထနှင့် အညီ သုတ်၌ လာသော ပုဒ်ကို တရားကိုယ်ကောက်ယူ၍ ထိုတရားကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဗာဝီသတိန္ဒြေ, ပဋိစ္စသမုပ္ပါဒ်အတွင်းသို့ သွင်းချကြောင်းဖြစ်သော ဟာရသည် "ဩတာရဏဟာရ"မည်၏။

**၁။ ခန္ဓောတာရဏဟာရ။** ။ယံ လောကော ပူဇယတေ–၌ ယံ–အရ ဘုရားရှင်၏ မဂ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ထိုနှင့် အတူဥပါဒ်သော ရုပ်တရားစုကိုလည်းကောင်း ယူ၍၊ ထိုတွင် ရုပ်တရားစုသည် ရူပက္ခန္ဓာမည်၏၊ မဂ်စိတ္တုပ္ပါဒ်တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာသညာမှ ကြွင်းသော စေတသိက် ကေတ္တိ'သသည် သခ်ါရက္ခန္ဓာ မည်၏၊ မဂ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။

**တစ်နည်း။** ။ယံ လောကော ပူဇယတေ–၌ ယံ–အရ အရဟတ္တဖိုလ် စိတ္တုပ္ပါဒ်ကို ယူ၍၊ ထိုတွင် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ–သုံးပါးသည် သီလက္ခန္ဓ မည်၏၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ–သုံးပါးသည် သမာဓိက္ခန္ဓ မည်၏၊ သမ္မာဒိဋ္ဌိသည် ပညာက္ခန္ဓ မည်၏၊ ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ် သည် ဝိမုတ္တိက္ခန္ဓ မည်၏၊ ထိုဖိုလ်ကို အာရုံပြုသော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဉာဏဒဿနက္ခန္ဓ မည်၏။ (ဘုရားရှင်၏ အရဟတ္တဖိုလ် ဖြစ်၍ သမ္မာသင်္ကပ္ပ မယူဉ်။)

**မှတ်ချက်။** ။ပထမနည်းသည် အဘိဓမ္မာနည်း ဖြစ်၍ ဒုတိယနည်းသည် သုတ္တန်နည်း ဖြစ်သည်၊ အဘိဓမ္မာနည်းကိုသာ နေရာတိုင်းမှာ ရနိုင်သည်၊ အဘိဓမ္မာ နည်းဖြင့် ခန္ဓောတာရဏဟာရ ထုတ်ရာ၌ သုတ္တာဂတဓမ္မကိုသာ ကောက်ယူ၍ ထုတ်ခြင်း, သုတ္တာဂတဓမ္မအပြင် သုတ္တာဂတဓမ္မနှင့် လက္ခဏာ, သဟစာရိတာ– စသော ၁၁–ချက်တို့ဖြင့် တူညီသော အခြားတရားတို့ကိုလည်း လက္ခဏဟာရ နေတ္တိနည်းအရ သွင်းယူ၍ ထုတ်ခြင်းဟု ဝါဒနှစ်မျိုး ကွဲပြား၏၊ သုတ္တာဂတဓမ္မ ကိုသာ ကောက်ယူ၍ ထုတ်ခြင်းက ပို၍ သဘာဝကျသည်၊ ဤကျမ်း၌ ဘာသာ ဋီကာအတိုင်း ပထမဝါဒအရ သွင်းပြထား၏၊ သို့ရာတွင် ဒုတိယဝါဒကိုသာ အသုံးပြုနေကြ၍ စာမေးပွဲ၌ ဒုတိယနည်းကိုသာ ဖြေဆိုပါ။

**၂။ အာယတနောတာရဏဟာရ။** ။ယံ လောကော ပူဇယတေ–၌ ယံအရ ။ ပ ။ ယူ၍ ထိုတွင် စက္ခုပသာဒသည် စက္ခာယတနမည်၏ ။ ပ ။ မဂ်စိတ် သည် မနာယတနမည်၏၊ စေတသိက်, သုခုမရုပ်သည် ဓမ္မာယတနမည်၏။

http://www.dhammadownload.com



**၃။ ဓာတောတာရဏဟာရ။** ။ယံ လောကော ပူဇယတေ-၌ ယံ-အရ ။ ပ ။ ယူ၍၊ ထိုတွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏ ။ ပ ။ စေတသိက်, သုခုမရုပ်သည် ဓမ္မဓာတ်မည်၏။

**အမှာ။** ။ပဉ္စဝိညာဏဓာတ်, မနောဓာတ်တို့ မရနိုင်ပုံကို နားလည်ပါ၊ ၎င်းတို့ကို ချန်၍ဆိုပါ။

**၄။ သစ္စောတာရဏဟာရ။** ။ယံ လောကော ပူဇယတေ-၌ ယံ-အရ ။ ပ ။ ယူ၍၊ ထိုတွင် ရုပ်တရားစုသည် ဒုက္ခသစ္စာမည်၏၊ မဂ်စိတ္တုပ္ပါဒ်၌ ရှိသော မဂ္ဂင် ၇-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၃၂-ခုသည် သစ္စာ ဟူသော အရေတွက်မှလွတ်၏။

**၅။ ဗာဝိသတိန္ဒြိယောတာရဏဟာရ။** ။ယံ လောကော ပူဇယတေ-၌ ယံ-အရ ။ ပ ။ ယူ၍၊ ထိုတွင် စက္ခုပသာဒသည် စက္ခုန္ဒြေမည်၏။ ပ ။ ဘုရားရှင်၏ ပုမ္ဘာဝရုပ်သည် ပုရိသိန္ဒြေ မည်၏၊ ရုပ်ဇီဝိတ နာမ်ဇီဝိတသည် ဇီဝိတိန္ဒြေ မည်၏၊ မဂ်စိတ်သည် မနိန္ဒြေ မည်၏၊ ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေ မည်၏၊ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏၊ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ မည်၏၊ သတိစေတသိက်သည် သတိန္ဒြေ မည်၏၊ ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏၊ သမ္မာဒိဋ္ဌိသည် အညိန္ဒြေ မည်၏။

**၆။ ပဋိစ္စသမုပ္ပါဒေါတာရဏဟာရ။** ။ယံ လောကော ပူဇယတေ-၌ ယံ-အရ ။ ပ ။ ယူ၍၊ အဝိဇ္ဇာ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏။ ပ ။သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် ချုပ်ကုန်၏။ (ပဋိလုံ)

**ပုံစံတစ်မျိုး။** ။ယံ လောကော ပူဇယတေ-၌ လောကော-အရ ခန္ဓာငါးပါးကိုယူ၍ ထိုတွင်ပါဝင်သော အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏ ။ ပ ။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် ဖြစ်ကုန်၏။ (အနုလုံ)

**အမှာ။** ။ဤသြတာရဏဟာရသည် မေးခွန်းကောင်းသည့်အလေ့ကျက် မကြာမကြာ မေးကြ၏၊ ဤသြတာရဏဟာရ၌ ယခု ပြခဲ့သော ပုံစံသည် ဘာသာဋီကာအတိုင်း သုတ္တာဂတဓမ္မကိုသာ ကောက်ယူ၍ သွင်းပြသော နည်းဖြစ်၏၊ စာမေးပွဲ၌ သုတ္တာဂတဓမ္မအပြင် အခြားတရားများကိုပါ လက္ခဏဟာရနည်းအရ ကုန်စင်အောင် ကောက်ယူ၍ ဖြေဆိုရသော နည်းကို အသုံးပြုနေသဖြင့် ယင်းကဲ့သို့ ဖြေဆိုရပုံကို ဝိဂ္ဂဟနယအတိုင်း ပြပါဦးအံ့၊ ပထမနည်းသည် သဘာဝကျ၏၊

http://www.dhammadownload.com



ဒုတိယနည်းသည် စာဖြေရာ၌ အသုံးဝင်၏၊ ထို့ကြောင့် ဒုတိယနည်းကို အထူး လေ့လာပါ။

**ခန္ဓာတာရဏာဟာရ။** ။နမော ကရောမိ ဗုဒ္ဓဿ–၌ "နမော ကရောမိ" အရ ဘုရားရှင်လျှင် အာရုံရှိသော ပဏာမကုသိုလ်ဇော စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ ယင်းစိတ္တုပ္ပါဒ်နှင့် အတူဥပါဒ်သော ရုပ်ကိုလည်းကောင်း၊ ထိုရုပ်နှင့် စပ်၍ဖြစ်သော အခြားရုပ်တို့ကိုလည်းကောင်း ကောက်ယူ၍ ထိုရုပ်သည် ရူပက္ခန္ဓာ မည်၏၊ ကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာ မည်၏၊ ကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ (အာယတနောတာရဏာဟာရ–စသည် လွယ်ပါပြီ။)

**ပဋိစ္စသမုပ္ပါဒေါတာရဏာဟာရ။** ။နမော ကရောမိ ဗုဒ္ဓဿ–၌ "နမော ကရောမိ"အရ ယူ၍ ။ ပ ။ ကုသိုလ်စိတ္တုပ္ပါဒ်၌ ရှိသော စေတနာသည် သင်္ခါရမည်၏၊ သင်္ခါရ၏အကြောင်းကား အဝိဇ္ဇာတည်း၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရ ကြောင့် ။ ပ ။ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့သည် ဖြစ်ကုန်၏၊ ဤကား အနုလောမအားဖြင့် သွင်းပုံတည်း။

ကုသိုလ်စိတ္တုပ္ပါဒ်၌ရှိသော ပညာသည် ဝိဇ္ဇာမည်၏၊ ထိုဝိဇ္ဇာဖြစ်သဖြင့် အဝိဇ္ဇာ ချုပ်၏၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်၏၊ သင်္ခါရချုပ်ခြင်းကြောင့် ။ ပ ။ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် ချုပ်ကုန်၏၊ ဤကား ပဋိလောမအားဖြင့် သွင်းပုံတည်း။

### ဩတာရဏာဟာရ ဆောင်ပုဒ်

ထိုထိုသုတ်လာ၊ များဓမ္မာကို၊ ခန္ဓာစသား၊ ပဒများ၌၊ သွင်းထားသဘော၊ ရှိဘိ သောကြောင့်၊ ဩတာရဏာ၊ အမည်ရ၏၊ အရကောက်ထား၊ တရားများကို၊ ပိုင်းခြားခန္ဓာ၊ စ–သည်သာလျှင်၊ ဖွဲ့ကာပြသော၊ သူ့သဘောသည်..... ခန္ဓောတာရဏာ–စသည်တည်း။

✿✿✿✿✿✿

အမှတ်–၁၂၊ ဩတာရဏာဟာရပြီး၏။

http://www.dhammadownload.com



## အမှတ်-၁၃၊ သောဓနဟာရ

သောဓိယန္တိ သမ္မာဓိယန္တိ ဧတေနာတိ သောဓနော၊ သောဓနော စ သော ဟာရော စာတိ သောဓနဟာရော-ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ လာသော ပုဒ်၏ ပဒ, ပဒတ္ထ , ပဉှာ, ဝိသဇ္ဇနာ, အာရမ္ဘ-ဟူသော ငါးပါးတို့ကို သုတ်သင်ကြောင်း, ကောင်းစွာထားကြောင်းဖြစ်သော ဟာရသည် "သောဓနဟာရ"မည်၏။ သုတ်သင်ဟန်ကား–

ယံ လောကော ပူဇယတေ–၌ ယံ–ပုဒ်သည်လည်းကောင်း၊ လောကော–ပုဒ်သည်လည်းကောင်း ပဒသုဒ္ဓိမည်၏။ ယံ–ဟူသောပုဒ်၏ ကမ္မတ္ထ၊ လောကော–ဟူသောပုဒ်၏ ကတ္တုဒြဗ္ဗတို့သည် ပဒတ္ထသုဒ္ဓိမည်၏။ ပူဇယတေ–ပုဒ်သည် ပဒသုဒ္ဓိလည်းမည်၏၊ အာရမ္ဘသုဒ္ဓိလည်း မည်၏။ ပူဇယတေ–ပုဒ်၏ အနက်သည် ပဒတ္ထသုဒ္ဓိလည်း မည်၏၊ အာရမ္ဘသုဒ္ဓိလည်း မည်၏။

**မှတ်ချက်။** ။တစ်ဝါကျ၌ အပဓာနပုဒ်တို့ကို ပဒသုဒ္ဓိဟုလည်းကောင်း၊ ထိုပုဒ်တို့၏ အနက်ကို ပဒတ္ထသုဒ္ဓိဟုလည်းကောင်း မှတ်ပါ။ ပဓာနလိုရင်းပုဒ်ကို ပဒသုဒ္ဓိ, အာရမ္ဘသုဒ္ဓိဟုလည်းကောင်း၊ ထိုပုဒ်တို့၏အနက်ကို ပဒတ္ထသုဒ္ဓိ, အာရမ္ဘသုဒ္ဓိဟုလည်းကောင်း မှတ်ပါ။ ပဉှာ, ဝိသဇ္ဇနာ သုဒ္ဓိနှစ်ပါးအတွက် မေးကွက်မကောင်း၍ ပုံစံမပြလိုက်တော့ပြီ။

### သောဓနဟာရ ဆောင်ပုဒ်

သုတ်၌ပဒါ၊ ပဒတ္ထာနှင့်၊ ပဉှာ ဝိသဇ္ဇ၊ အာရမ္ဘဟု၊ ငါးခုကိုပင်၊ သုတ်သင်လေရ၊ သောဓနတည်း။ ဝါကျလုံးလုံး၊ မပြီးဆုံးမီ၊ သုံးမပြုရ၊ အာရမ္ဘမည်။ ပဒ–အတ္ထာ၊ ပုစ္ဆာ–ဝိသဇ္ဇ၊ မည်သာပြလေ။ ဝါကျဆုံးခါ၊ ပဓာနာကား၊ ပဒါ အစ၊ အာရမ္ဘလည်း၊ မည်ရ လေပြန်၊ အဆုံးညွှန်သည်၊ ဖြောင့်မှန် အနက်ပေးစဉ်တည်း။

ဓဓဓဓဓ

အမှတ်–၁၃၊ သောဓနဟာရ ပြီး၏။

## အမှတ်–၁၄၊ အဓိဋ္ဌာနဟာရ

အဓိဋ္ဌီယန္တိ အနုပဝတ္တိယန္တိ ဧတေနာတိ အဓိဋ္ဌာနော၊ အဓိဋ္ဌာနော စ သော ဟာရော စာတိ အဓိဋ္ဌာနဟာရော–ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ လာသော ဓမ္မတို့ကို ဧကတ္တ, ဝေမတ္တအားဖြင့် ထားကြောင်း၊ ထုတ်ဆောင်ကြောင်းဖြစ်သော ဟာရသည် "အဓိဋ္ဌာနဟာရ"မည်၏။ ထုတ်ဆောင်ဟန်ကား–

http://www.dhammadownload.com



**သဒ္ဒါဓိဋ္ဌာနဟာရ။** ။ယံ လောကော ပူဇယတေ–ဝယ် "ယံ"၌ သောတဝိညာဉ်၏ အာရုံ၏အဖြစ်သို့ ရောက်သည်၏အဖြစ်သည် ကေတ္တမည်၏၊ စိတ္တဇသဒ္ဒါ၏ အဖြစ်သည် ဝေမတ္တ မည်၏။ ထိုစိတ္တဇအဖြစ်သည် ကေတ္တမည်၏၊ အရိယသဒ္ဒါ၏အဖြစ်သည် ဝေမတ္တ မည်၏။ အနက်ကိုသိခြင်း အကြောင်းဟူသော ပုဒ်၏အဖြစ်သည် ကေတ္တ မည်၏၊ သျာဒျန္တ အဖြစ်သည် ဝေမတ္တ မည်၏။ သျာဒျန္တ အဖြစ်သည် ကေတ္တမည်၏၊ ဒုတိယန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ဒုတိယန္တ အဖြစ်သည် ကေတ္တမည်၏၊ ကမ္မတ္ထ ဒုတိယန္တ အဖြစ်သည် ဝေမတ္တ မည်၏။ ကမ္မတ္ထဒုတိယန္တ အဖြစ်သည် ကေတ္တ မည်၏၊ ကေဝစနန္တ အဖြစ်သည် ဝေမတ္တ မည်၏။ အနက်ကိုသိကြောင်းဟူသော ပုဒ်၏ အဖြစ်သည် ကေတ္တမည်၏၊ နာမ်ပုဒ်၏အဖြစ်သည် ဝေမတ္တ မည်၏။ နာမ်ပုဒ်၏ အဖြစ်သည် ကေတ္တမည်၏၊ သဗ္ဗနာမ်ပုဒ်၏ အဖြစ်သည် ဝေမတ္တ မည်၏။ သဗ္ဗနာမ်ပုဒ်၏ အဖြစ်သည် ကေတ္တမည်၏၊ ပဏ္ဍောက သဗ္ဗနာမ်ပုဒ်၏ အဖြစ်သည် ဝေမတ္တ မည်၏။ ဤကား သဒ္ဒါဓိဋ္ဌာနဟာရတည်း။

**အတ္ထာဓိဋ္ဌာနဟာရ။** ။ယံ–၏ အနိယမသာမညအနက်သည် ကေတ္တမည်၏၊ ဗုဒ္ဓဟူသောအနက်သည် ဝေမတ္တ မည်၏။ ဗုဒ္ဓအနက်၏ ကာရကအဖြစ်သည် ကေတ္တမည်၏၊ ကမ္မကာရကအဖြစ်သည် ဝေမတ္တ မည်၏။ ကမ္မကာရကအဖြစ်သည် ကေတ္တမည်၏၊ ဝုတ္တကမ္မကာရကအဖြစ်သည် ဝေမတ္တမည်၏။ ကမ္မကာရက အဖြစ်သည် ကေတ္တမည်၏၊ ပတ္တိကမ္မကာရက အဖြစ်သည် ဝေမတ္တ မည်၏။ ပတ္တိကမ္မကာရကအဖြစ်သည် ကေတ္တမည်၏၊ ကာယစိတ္တပတ္တိကမ္မကာရက အဖြစ်သည် ဝေမတ္တမည်၏။ ကမ္မကာရကအဖြစ်သည် ကေတ္တမည်၏၊ ဣစ္ဆိတကမ္မကာရက အဖြစ်သည် ဝေမတ္တ မည်၏။ ဤကား အတ္ထာဓိဋ္ဌာနဟာရတည်း။

**မှတ်ချက်။** ။ကေတ္တဟူသည် သာမညဖြစ်၍ ဝေမတ္တဟူသည် ဝိသေသဖြစ်သည်၊ ဤအဓိဋ္ဌာနဟာရသည် ယုတ္တိဟာရနှင့် သဘောသွား အတူတူပင်ဖြစ်သည်၊ ယုတ္တိဟာရကို ပြန်ကြည့်ပါ။

### အဓိဋ္ဌာနဟာရ ဆောင်ပုဒ်

သုတ်၌လာပြန်၊ ပုဒ်တန်တန်ကို၊ သာမန်–ဝိသေ၊ ခွဲစိတ်ဝေ၍၊ တည်စေကြောင်းမှာ၊ အဓိဋ္ဌာတည်း။ သဒ္ဒါ–အတ္ထ၊ ခွဲဝေကြလျက်၊ ပဒဝိစယာ၊ နည်းမှီကာဖြင့်၊ သဒ္ဒါကေတ်၊ ဝေမတ်ဖြစ်ဟန်၊ ပိုင်းခြားညွှန်သင့်။ ဝေဖန်ပုဒ်နက်၊ တူမျှချက်ကို၊ ကေတ်ဆို၍၊ ထူးကိုဝေမတ်၊ ခွဲဝေမှတ်သည်၊ မိုလတ် ပုဒ်စစ် စစ်လေတည်း။

❀❀❀❀❀

အမှတ်–၁၄၊ အဓိဋ္ဌာနဟာရ ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၅၊ ပရိက္ခာရဟာရ

ပရိက္ခာရံ အာစိက္ခတီတိ ပရိက္ခာရော၊ ပရိက္ခာရော စ သော ဟာရော စာတိ ပရိက္ခာရဟာရော–ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌လာသောတရားတို့၏ သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်သော ဟေတုအကြောင်း၊ ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏဖြစ်သော ပစ္စယ အကြောင်းနှစ်ပါးတို့ကို ပြောဆိုဖွင့်ပြတတ်သောဟာရသည် "ပရိက္ခာရဟာရ"မည်၏။ ပြောဆိုဖွင့်ပြဟန်ကား–

**ဟေတုပရိက္ခာရဟာရ။** ။ယံ လောကော ပူဇယတေ–၌ "ယံ"အရ ဂုဏဝိသိဋ္ဌကရုဏာတော်ကို ယူ၍ ပထမဇောစသည်၌ ဖြစ်သော ကရုဏာသည် ဒုတိယဇော စသည်၌ ဖြစ်သော ကရုဏာ၏လည်းကောင်း၊ ဥပစာရချာန်ဇော၌ ဖြစ်သော ကရုဏာသည် အပ္ပနာချာန်ဇော၌ဖြစ်သော ကရုဏာ၏လည်းကောင်း သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်သော ဟေတုအကြောင်းတည်း။

**ပစ္စယပရိက္ခာရဟာရ။** ။ဒုက္ခိတဝေနေယျ သတ္တဝါတို့သည် ထိုကရုဏာ၏ ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏဖြစ်သော ပစ္စယအကြောင်းတည်း။

**ပုံစံတမျိုး။** ။ယံ လောကော ပူဇယတေ–၌ "ပူဇယတေ"အရ ပူဇနကြိယာဟူသော စိတ္တုပ္ပါဒ်ကို ယူ၍ သဒ္ဓါ, ယောနိသောမနသိကာရသည် ထို စိတ္တုပ္ပါဒ်၏ သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်သော ဟေတုအကြောင်းတည်း။ ဝတ္ထု, ဒွါရ, ရတနတ္တယအာရုံ, အန္န, ပါန–စသော ပူဇော်ဖွယ်များသည် ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏဖြစ်သော ပစ္စယအကြောင်းတည်း။

### ပရိက္ခာရဟာရ ဆောင်ပုဒ်

သုတ်၌မိန့်မှာ၊ များဓမ္မာ၏၊ သဘာ–အဇ္ဈ၊ ဇနကနှင့်၊ အသာဓာဟု၊ ဤလေးခုကို၊ ဟေတုမှတ်ဘိ၊ ပြန်လှန်ဘိလျက်၊ ဝိသဘာဂ၊ ဗာဟိယနှင့်၊ ထမ္ဘ–သာဓာ၊ ဤလေး ဖြာကား၊ မှတ်ပါပစ္စယ၊ ကြောင်းနှစ်ဝကို၊ ဖွင့်ပြလက္ခဏာ၊ ပရိက္ခာတည်း။ ပမာပုံသွန်း၊ ထင်အောင်ညွှန်းအံ့၊ မီးထွန်းညှိရာ၊ စ, မီးမှာလျှင်၊ သဘာတွင်ပြ၊ မီးစာ ဆီမှာ၊ ဝိသဘာတည်း။ ဖြစ်လာစကျ၊ ဝိညာဉ်စု၏၊ ဝတ္ထု မနသိ၊ အဇ္ဈတ္တိသာ၊ မှတ်ကြရာ၏။ ရူပါလောက၊ ဗာဟိယဟု၊ ကျနစွဲလေ၊ သန္တေနေရာ၊ ခိုက်အခါ၌၊ ကံမှာဇနက၊ ဝန်းရံ ခလျက်၊ ကုမဝိဇ္ဇာ၊ တဏှာပါနှင့်၊ ဝတ္ထာရမ္မဏ၊ ထမ္ဘကတည်း။ မြေမှသစ်ပင်၊ ရှင်သန် ပေါက်ရာ၊ မျိုးစေ့မှာလျှင်၊ အ, သာမှတ်လေ၊ ရေမြေတမူ၊ သာဓာဟူ၍၊ မှတ်ယူခွဲဝေ–ဖွင့်လေတည်း။

အမှတ်–၁၅၊ ပရိက္ခာရဟာရပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၆၊ သမာရောပနဟာရ

သမာရောပီယန္တိ ဧတေနာတိ သမာရောပနော၊ သမာရောပနော စ သော ဟာရော စာတိ သမာရောပနဟာရော ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ လာသော တရားတို့ကို ပဒဋ္ဌာန်, ဝေဝုစ်, ဘာဝနာ, ပဟာန် လေးတန်သော အနက်တို့ဖြင့် ကောင်းစွာ တင်ပြကြောင်းဖြစ်သော ဟာရသည် "သမာရောပနဟာရ"မည်၏။ တင်ပြပုံကား–

**၁။ ပဒဋ္ဌာန သမာရောပနဟာရ။** ။ယံ လောကေ ပူဇယတေ–၌ "ပူဇယတေ"အရ ပူဇော်ကြောင်း စိတ္တုပ္ပါဒ်ကို ယူ၍၊ ထို၏ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း၊ ထို၏ပဒဋ္ဌာန်ကား သဒ္ဓမ္မဿဝနတည်း၊ ထို၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း၊ ထို၏ပဒဋ္ဌာန်ကား ပတိရူပဒေသဝါသ တည်း၊ ထို၏ ပဒဋ္ဌာန်ကား ပုဗ္ဗေ စ ကတပုညတာတည်း။

**၂။ ဝေဝစန သမာရောပနဟာရ။** ။ယံ လောကော ပူဇယတေ– ဟူသော ဝါကျကို ယံ=ယာဒိသံ–အကြင်သို့သော သဘောရှိသော၊ နရဝရံ=ဗုဒ္ဓ– မြတ်စွာဘုရားကို၊ လောကော=သတ္တော–သတ္တဝါအပေါင်းသည်၊ ပူဇယတေ= မာနယတေ–မြတ်နိုးပူဇော်၏၊ ဤသို့ အနက်သမွန်အပ်၏။ (ဝိဂ္ဂဟနယကား ဝေဝစနဟာရအတိုင်းပင် ဆိုရိုးပြု၏။)

**၃။ ဘာဝနာ သမာရောပနဟာရ။** ။ယံ လောကော ပူဇယတေ–၌ "ပူဇယတေ"အရ ပူဇော်ကြသော ဝေနေယျတို့၏သန္တာန်၌ ဒါန, သီလ, ဘာဝနာ ဟူသော ဝေါဒါနပက္ခဓမ္မ အမျိုးမျိုးတို့သည်လည်းကောင်း၊ ထိုဓမ္မတို့၏ အကြောင်း ရင်းဖြစ်သော သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်တို့သည်လည်းကောင်း၊ အခါခပ်သိမ်း လုံ့လပြု၍ ပူဇော်ခြင်းကြောင့် သမ္မပ္ပဓာန်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာ ဝါယာမမဂ္ဂင် တို့သည်လည်းကောင်း၊ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ သတိပဋ္ဌာန်, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်, သမ္မာသတိမဂ္ဂင်တို့သည်လည်းကောင်း၊ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ သမာဓိဈာန်, သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိ သမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင်တို့သည်လည်းကောင်း၊ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ ဝိမံသိဒ္ဓိပါဒ်, ပညာ, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ မဂ္ဂင် တို့သည်လည်းကောင်း ပွားများကုန်၏။

**၄။ ပဟာန သမာရောပနဟာရ။** ။ယံ လောကော ပူဇယတေ–၌ "ပူဇယတေ"အရ ဒါန, သီလ, ဘာဝနာစသော ဝေါဒါနပက္ခဓမ္မများ တိုးပွားသဖြင့် ဒါန၏ဆန့်ကျင်ဘက်ဖြစ်သော လောဘ၊ သီလ၏ဆန့်ကျင်ဘက်ဖြစ်သော ဒေါသ၊

http://www.dhammadownload.com



ဘာဝနာ၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟ၊ ဤအကုသလမူလသုံးခုတို့သည်လည်းကောင်း၊ ထိုလျှင် အကြောင်းရင်းရှိသော အဿဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ကာမစ္ဆန္ဒ နီဝရဏစသော သံကိလေသပက္ခတရားအပေါင်းသည်လည်းကောင်း ပယ်ပျောက်ကုန် လေသတည်း။

## သမာရောပနဟာရ ဆောင်ပုဒ်

ပဒဋ္ဌာန၊ ဝေဝစနာ၊ ဘာဝနာနှင့်၊ ပဟာဟူသား၊ ဤလေးပါးဖြင့်၊ ဟောထား သုတ္တ၊ ပုဒ်ဓမ္မကို၊ တင်ပြကောင်းစွာ၊ ဟာရမှာမူ၊ သမာရောပန၊ မှတ်ပါကြလော။ သကတာသာ၊ မာဂဓာဖြင့်၊ ပါဠိနုသာရီ၊ အစချီလျက်၊ လေးလီသမွန်၊ နက်ဝေဖန်၍၊ အမှန်မသွေ၊ ပြည့်စွန်လေက၊ ဝေဝစနာ၊ သမာရောပန၊ မှတ်ပါကြလော။ သုတ္တတရား၊ လျော်သောအားဖြင့်၊ တရားအမျိုးမျိုး၊ ပွားတိုးပုံသာ၊ တင်ပြပါက၊ ဘာဝနတည်း။ ဓမ္မစည်ပင်၊ ပွားတိုးလျှင်မူ၊ ဆန့်ကျင်ကင်းပျောက်၊ ပယ်ခြင်းရောက်ဟန်၊ တင်ပြည့်စွန်က၊ ထုတ်ပြန်ပဟာ၊ ဤလေးဖြာသည်၊ သမာရောပနဟာရတည်း။

❀❀❀❀❀

အမှတ်-၁၆၊ သမာရောပနဟာရပြီး၏။

## နိဂုံး

ဤတွင်ပြီးဆုံး၊ ကမ္ပတ်ဖုံးအံ့၊ စုရုံးမှီခို၊ စာသင်ပျိုတို့၊ မငြိုငြင်စေ၊ ဆောင်လွယ်စေလျက်၊ အောင်စေရည်ညွှန်း၊ ချင့်မျှော်မှန်းလျက်၊ ဖြောင့်တန်းပေါ်လွင်၊ ရေးစီရင်ခဲ့။ ထို့ပြင်မိမိ၊ ဂုဏ်သိန်ရှိ၍၊ ကြီးဘိနာမည်၊ မကြံစည်ပါ၊ ရှည်ကြာတည်မှု၊ မတည်မှုလည်း၊ ပြု့သူ့ဝန်တာ၊ မဟုတ်ပါချေ။ လေ့လာသူတွက်၊ အကျိုးသက်က၊ နေ့ရက်ရှည်ကြာ၊ တည်နေပါလိမ့်။ ကောင်းစွာအကျိုး၊ မသယ်ပိုးမှု၊ ကွယ်ရီးတံထွာ၊ ဓမ္မတာတည်း။ ငါတစ်မူကား၊ သူ့စီးပွားသာ၊ ဆောင်လိုပါသည်၊ နောင်ခါခုထက် တိုး၍တည်း။

### ဟာရ ၁၆-ပါး အကျဉ်းဇယား

| | | |
|---|---|---|
| ၁။ | ဒေသနာဟာရ | ပါဠိ၏အနက်ကို အဿာဒ, အာဒီနဝ, နိဿရဏ, ဖလ, ဥပါယ, အာဏတ္တိတို့ဖြင့် ဖွင့်ပြခြင်း။ |
| ၂။ | ဝိစယဟာရ | ပုဒ, ပုစ္ဆာ, ဝိသဇ္ဇနာ, ပုဗ္ဗာပရ, အနုဂီတိ, အဿာဒ ။ ပ ။ အာဏတ္တိအားဖြင့် ၁၁-ပါးသော အနက်တို့ကို ရွေးစစ်၍ပြခြင်း။ |
| ၃။ | ယုတ္တိဟာရ | သုတ်၌လာသော တရားတို့ကို သဒ္ဒါအားဖြင့်လည်းကောင်း၊ အနက်အားဖြင့်လည်းကောင်း သင့်/မသင့်ကို စိစစ်၍ပြခြင်း။ |
| ၄။ | ပဒဋ္ဌာနဟာရ | သုတ်၌ လာသော တရား၏ နီးစွာသော အကြောင်းကို ဩရဿာ ရဿအားဖြင့်လည်းကောင်း၊ အာရဿာရဿအားဖြင့်လည်းကောင်း စိစစ်၍ပြခြင်း။ |

http://www.dhammadownload.com



၅။ လက္ခဏဟာရ သုတ်၌ တိုက်ရိုက် ဟောအပ်သောတရားနှင့် လက္ခဏာ, သဟစာရိတာ, ကိစ္စ, ဟေတု, ဖလ, အာရုံ, ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမည်အားဖြင့် တူသော မဟောအပ်သော တရားတို့ကိုလည်း မှတ်သား၍ပြခြင်း။

၆။ စတုဗျူဟဟာရ သုတ္တာဂတဓမ္မ၌ နိရုတ္တိ, အဓိပ္ပါယ, ဒေသနာနိဒါန, ပုဗ္ဗာပရာနုသန္ဓိအားဖြင့် လေးပါးသောအနက်တို့ကို ပေါင်းစုဝေဖန်၍ ပြခြင်း။

၇။ အာဝတ္တဟာရ သုတ်၌တင်အပ်သော တရား၏ တရားကိုယ်ကို အရကောက်၍ ထို၏ ပဒဋ္ဌာန်ကို ရှာပြီးလျှင် ထိုပဒဋ္ဌာန်ကို အစဉ်လျှောက်၍ သဘာဂ ဝိသဘာဂဖြစ်သော ကုသိုလ်, အကုသိုလ်တရားတို့ကို လည်၍ပြခြင်း။

၈။ ဝိဘတ္တိဟာရ သုတ်၌လာသော တရား၏ ဓမ္မ, ပဒဋ္ဌာန်, ဘုံတို့ကိုဖော်ပြ၍ ၎င်းတို့ကို နာမသာဓာရဏ, ဝတ္ထုသာဓာရဏအားဖြင့် လည်းကောင်း၊ နာမအသာဓာရဏ, ဝတ္ထုအသာဓာရဏအားဖြင့် လည်းကောင်း ဝေဖန်၍ ပြခြင်း။

၉။ ပရိဝတ္တနဟာရ သုတ်၌ ဟောအပ်သောတရားတို့ကို အရကောက်၍ ထိုဓမ္မသည် ကုသိုလ်ဖြစ်လျှင် အကုသိုလ်တို့ကိုလည်းကောင်း၊ အကုသိုလ်ဖြစ်လျှင် ကုသိုလ်တို့ကိုလည်းကောင်း ကင်းပျောက်စေ၍ ထိုဓမ္မလျှင် အရင်းခံရှိသော အကျိုးအတန်တန်ကို ပြန်လည်၍ပြခြင်း။

၁၀။ ဝေဝစနဟာရ သုတ်၌လာသော ပုဒ်များကို များစွာသော ဝေဝုစ်ပရိယာယ် စကားလုယ်တို့ဖြင့် ဖွင့်ပြခြင်း။

၁၁။ ပညတ္တိဟာရ သုတ်၌ လာသော တရား၏ အနက်ကို အပြားအားဖြင့် သိစေခြင်း။

၁၂။ ဩတာရဏဟာရ သုတ်၌ လာသော ပုဒ်ကို တရားကိုယ် ကောက်၍ ထိုတရားကို ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပါဒ်သို့ သွင်း၍ ပြခြင်း။

၁၃။ သောဓနဟာရ သုတ်၌ လာသော ပုဒ်၏ ပဒ, ပဒတ္ထ, ပဥှာ, ဝိသဇ္ဇနာ, အာရမ္ဘ-ဟူသော ငါးပါးတို့ကို သုတ်သင်၍ ပြခြင်း။

၁၄။ အဓိဋ္ဌာနဟာရ သုတ်၌ လာသော ဓမ္မတို့ကို ဧကတ္တ, ဝေမတ္တအားဖြင့် ထား၍ ပြခြင်း။

၁၅။ ပရိက္ခာရဟာရ သုတ်၌ လာသော တရားတို့၏ သဘာဂ, အဇ္ဈတ္တိက, ဇနက, အသာဓာရဏဖြစ်သော ဟေတုအကြောင်း၊ ဝိသဘာဂ, ဗာဟိယ, ဥပတ္ထမ္ဘက, သာဓာရဏဖြစ်သော ပစ္စယအကြောင်းနှစ်ပါးကို ဖွင့်ပြခြင်း။

http://www.dhammadownload.com



၁၆။ သမာရောပနဟာရ — သုတ်၌ လာသော တရားတို့ကို ပဒဋ္ဌာန်, ဝေဝုစ်, ဘာဝနာ, ပဟာန်ဟူသော လေးတန်သော အနက်တို့ဖြင့် တင်၍ ပြခြင်း။

## ဆောင်ပုဒ်

ဒေသနာဟာရ၊ အဿာဒဖြင့်၊ ဖွင့်ပြလေပါ၊ ဝိစယာမူ၊ ပဒ အာဒိ၊ ရွေးစိစစ်၍၊ ယုတ္တိအထွက်၊ သဒ္ဒါ နက်ကို၊ စစ်ချက်သင့်ရာ၊ ပဒဋ္ဌာမူ၊ နီးစွာကရဏ၊ စိစစ်ပြလော့၊ လက္ခဏကား၊ ဟောမထားကို၊ မှတ်သား ကောက်ယူ၊ စတုဗျူမှာ၊ လေးဆူနိရုတ္တ၊ ဝေဖန်ပြ၍၊ အာဝတ္တမှာ၊ ပဒဋ္ဌာကို၊ ဖွေရှာလည်ဘိ၊ ဝိဘတ္တိ၌၊ နာမည့်ဝတ္ထု၊ ဝေဖန် ပြုသည်၊ မှတ်ရှု ရှေ့ရှစ်ဟာရတည်း။

ပရိဝတ္တနာ၊ ငြိပက္ခာဖြင့်၊ လည်ကာဖွင့်ပြ၊ ဝေဝစနမှာ၊ ယာယပရိ၊ ဖွင့်ပြဘိ၍၊ ပညတ္တိမှာ၊ နက်အတ္တာကို၊ ထားပါမရော၊ ဩတာရဏာ၊ ခန်ဓာတ်အာသို့၊ သွင်းကာဖွင့်ပြ၊ သောဓနမူ၊ ပဒစစ္စာ၊ သုတ်သင်ပါလော၊ အဓိဋ္ဌာအား၊ ဧ ဝေအားဖြင့်၊ ဖွင့်ထားထုတ်ပါ၊ ပရိက္ခာမူ၊ နှစ်ဖြာကာရဏ၊ ထုတ်ဖွင့်ပြ၍၊ သမ–ရောပနာ၊ ပဒဋ္ဌာဒိ၊ ဖွင့်ပြဘိသည်၊ မှတ်သိ နောက်ရှစ်ဟာရတည်း။

၁၀–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

ပါရာဇိကဏ် ဒုတိယနေ့ စည်းမျဉ်းနှင့်အဖြေ အလုံးစုံပြီး၏။

http://www.dhammadownload.com



## ပါရာဇိကဏ် ဒုတိယနေ့ လေ့ကျင့်ခန်း

ဤအခန်း၌ လေ့ကျင့်ခန်းပုစ္ဆာ ၁၅-ခုမျှ ထုတ်ထားပါသည်၊ ၄င်းတို့တွင် ၈-ခုကို ပုစ္ဆာရော အဖြေပါ ပေး၍ ၇-ခုကို ပုစ္ဆာသာ ပေးထားပါသည်၊ အဖြေပါသော ၈-ဝါကျကို သေချာစွာလေ့လာ၍ အတုယူပြီးလျှင် အဖြေမပါသော ၇-ဝါကျကို ကိုယ်တိုင်ဖြေဆိုကြည့်ရန် ဖြစ်ပါသည်။ နှစ်မျိုးလုံးမှာပင် ဋီကာအဖွင့် နိဿယမှတ်ချက်များကို ထည့်သွင်းထားပါသည်၊ ဋီကာနှင့်နိဿယတို့ကို ထည့်သွင်း ထားခြင်းမှာ "ဋီကာက ဤသို့ဖွင့်၍ နိဿယက ဤသို့မှတ်ချက်ရေးလျှင် စာမေးပွဲ၌ ဤသို့ မေးတတ်သည်"ဟု သဘောပေါက် နားလည်ကာ မိမိတို့ကိုယ်တိုင် ပုစ္ဆာ ဆင်တတ်ရန် ဖြစ်ပါသည်၊ ဋီကာဖွင့်ပုံကို နားလည်စေလိုသော သဘောလည်း ပါဝင်ပါသည်။

အဖြေမပါသော ပုစ္ဆာ ၇-ချက်ကိုလည်းကောင်း၊ ၄င်းတို့ကိုအတုယူ၍ မိမိတို့ ကိုယ်တိုင် ထုတ်ဆင်ထားသော ဝါကျများကိုလည်းကောင်း တစ်နေ့ တစ်ပုစ္ဆာကျ အဖြေရေးပြီး စာချဘုန်းကြီး တစ်ပါးပါးထံ အစစ်ဆေးခံသင့်ပါသည်။ အောက်စာလည်းကျေခဲ့မည် ပါဠိတော်အဋ္ဌကထာ နိဿယများလည်း ရမည်၊ စည်းမျဉ်းကိုလည်း နားလည်မည်၊ လေ့ကျင့်ခန်းလည်း လုပ်နေမည်ဆိုပါက "ဓမ္မာစရိယ" ဟူသော ဘွဲ့တံဆိပ်သည် သင်တို့အထံ ကေန်ရောက်လာရပါလိမ့်မည်၊ ကြိုးစားကြပါကုန်။

### အမှတ်-၁၊ လေ့ကျင့်ခန်း (အဋ္ဌ-၁၅)

(က) ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိသတ္တအာပတ္တိက္ခန္ဓမာတိကာဝိဘင်္ဂါဒိပ္ပဘေဒါ နယာ။

(ဂ) ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ။

(ဃ) ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ။

(င) တသ္မာ ဝိဝိဓနယတ္တာ ဝိသေသနယတ္တာ ကာယဝါစာနဉ္စ ဝိနယနတော ဝိနယော ဝိနယောတိ အက္ခာတော။

http://www.dhammadownload.com



**ဋီကာ။** ။ (ခ) ဝိဝိဓဝိသေသနယတ္တာတိ ဣမိဿာ ဂါထာယ အတ္ထံ ဝိဘာဝေန္တော အာဟ"ဝိဝိဓာ ဟိ"တိအာဒိ။ (ဃ) **အဇ္ဈာစာရနိသေဓနတောတိ** သာမညဝေလံ အတိဘဝိတွာ ပဝတ္တော အာစာရော အဇ္ဈာစာရော, ဝီတိက္ကမော, တဿ နိသေဓနတောတိ အတ္ထော။ (သာရတ္ထ၊ ပ၊ ၆၉)

**မအူ-၁၄၂။** ။(ခ)ခ-ဝါကျ၌ ဝိ-ကို ဝိဝိဓ-ဖြင့်ဖွင့်၏၊ ဝိဝိဓ-ကို ပဥ္စဝိဓ အစရှိသည်ဖြင့် ဖွင့်၏။ (ဂ) ဝါကျ၌လည်း ထို့အတူတည်း။(ဃ) ဃ-ဝါကျ၌ ကာယဥ္စ-ကာယဒွါရကိုလည်းကောင်း၊-ဟုပေးလျှင် ဌာနူပစာ။ (င)ဤသို့ ဝိဝိဓာ ဟိ-အစရှိသဖြင့် အနိယမကို ပြပြီး၍ ယခုအခါ၌ နိယမကို ပြလို၍ င-ဝါကျကို မိန့်။

**ဘာသာဋီကာ။** ။(က)က-၌ဝိနယတော-ကို ဆုံးမတတ်သောကြောင့်၊ဝါ-ဆုံးမခြင်းကြောင့်၊ ဝါ-ဆုံးတတ်သည်၏အဖြစ်ကြောင့်၊-ဟု သုံးနက် ပေးကြ၏၊ တတိယအနက်သာ ကောင်း၏၊ ထိုအနက်မျိုးကို "ဘာဝပ္ပဓာန၊ ဝါ-ဘာဝလောပ အနက်"ဟု ခေါ်၏။ (ခ)ဂါထာ၏ အနက်ကို ထင်ရှားစွာ ချဲ့ပြလို၍ ခ-ဝါကျ ကိုမိန့်။ (ဂ)ဝိဝိဓနယတ္တာကို ချဲ့ပြီး၍ ဝိသေသနယတ္တာကို ချဲ့လို၍ ဂ-ဝါကျ ကိုမိန့်။ (ဃ)ဝိဝိဓဝိသေသနယတ္တာ-ကို ချဲ့ပြီး၍ ဝိနယနတော-ကို ချဲ့လို၍ ဃ-ဝါကျကိုမိန့်။ ဃ-ဝါကျပါ "ကာယံ ဝါစဥ္စ ဝိနေတိ"၌ ကာယံ ဝါစဥ္စကို မှုရင်းထား၍ ယူလျှင်"ဌာနူပစာ"ဖြစ်၏၊ ဝိနေတိ-ကြိယာကို မှုရင်းထား၍ ယူလျှင် "ဌာန်ျူပစာ" ဖြစ်၏။ (ဘာဋီ၊ ပ၊ ၁၀၇)

**၁။ ပုစ္ဆာ။** ။ဝိနယော-ဟူသော သံပဏ္ဏေတဗ္ဗပုဒ်ကို အဖွင့်နှင့်ညီ အောင် သုံးနည်းမျှ အနက်ပေးပြပါ။

**၁။ အဖြေ။** ။ဝိနယော-အထူးထူးသော နည်းရှိရာဖြစ်သော တရား၊ ဝါ-ထူးခြားသော နည်းရှိရာဖြစ်သော တရား၊ ဝါ-ကိုယ်နှင့်နှုတ်ကို ဆုံးမတတ်သော တရား။

**မှတ်ချက်။** ။ပထမနှင့် ဒုတိယအနက်တို့၌ ဓတ္ထ-ကို ရာ-ဟု မြန်မာ ပြန်ထားသည်ကို သတိပြုပါ။

**၁။ ပုစ္ဆာ။** ။င-ဝါကျကို "တသ္မာနောင်၊ ဟိတ်နှင့်ဆောင်၊ တူအောင် အနက်ကြံ"ဟူသော နိယံနှင့်ညီအောင် အနက်ယောဇနာပြပါ။

**၁။ ပုစ္ဆာ။** ။တသ္မာ ဝိဝိဓနယတ္တာ-ထိုသို့ အထူးထူး အပြားပြား များသော နည်း ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ တသ္မာ ဝိသေသနယတ္တာ စ-ထိုသို့ ထူးသောနည်း ရှိသည်၏အဖြစ်ကြောင့်လည် ကောင်း၊ ကာယဝါစာနံ-ကိုယ်နှုတ်

http://www.dhammadownload.com



တို့ကို၊ တသ္မာ ဝိနယနတော စ–ထိုသို့ ကန့်မြစ် ဆုံးမတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဝိနယောတိ–ဝိနယမည်၏ဟူ၍၊ အက္ခာတော–ဆိုအပ်ပြီ။

**မှတ်ချက်။** ။ တသ္မာ–ကို နောက်က ဟိတ်ပုဒ်များနှင့် တွဲလျက် အနက်ပေးရသည်ကို သတိပြုပါ။

**၂။ ပုစ္ဆာ။** ။ခ–ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဤသို့လျှင် က–မှတ်ပြဝါကျဖြင့် ဝိနယော–ပုဒ်၏ အနက်ကို အကျဉ်းအားဖြင့် ပြဆိုတော်မူပြီး၍ ယခုအခါ အကျယ်အားဖြင့် ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ခ–ဝါကျကိုမိန့်။

**မှတ်ချက်။** ။ဋီကာကို ကြည့်ပါ၊ ဝိတ္ထာရဝါကျမှန်သမျှ ဤနည်းချည်း တက်ပါ၊ ဤဝါကျကိုပင် ပုဗ္ဗာနုသန္ဓေကို ထပနာကိုင်၍ ပရာနုသန္ဓေကို ပုစ္ဆာနှင့် အာဘော် ထားပြီးလျှင် သာဘောဂပုစ္ဆာနည်းဖြင့်လည်း ကျမ်းတက်ကြည့်ပါ။ အနုသန္ဓေတက်တတ်လျှင် ပုစ္ဆာလည်း တက်တတ်အောင် လေ့ကျင့်ပါ။ စည်းမျဉ်းနှင့်အဖြေတုန်းက နည်းစနစ်ရေးခဲ့ပြီ၊ ပြန်ကြည့်ပါ။

**၂။ ပုစ္ဆာ။** ။ဂ–မှတ်ပြ ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဆရာ၊ ဆရာသည် ခ–မှတ်ပြဝါကျဖြင့် ဝိဝိဓဝိသေသနယတ္တာ–ဝယ် ဝိဝိဓနယတ္တာ–ဟူသော အကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကို ပြဆိုတော်မူ၏။ ဝိသေသနယတ္တာ–၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း?၊ ဝိသေသနယတ္တာ–၏ အကျယ်ဝိတ္ထာရကို မပြတော့ပြီလော?၊ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

**တစ်နည်း။** ။ ဆရာ၊ ဆရာသည် ခ–မှတ်ပြဝါကျဖြင့် ဝိဝိဓဝိသေသနယတ္တာ–ဝယ် ဝိဝိဓနယတ္တာ–၌ "အထူးထူးသော နည်းဟူသည် ငါးပါးအပြားရှိသော ပါတိမောက္ခုဒ္ဒေသ, ပါရာဇိကအာပတ်အစရှိသော အာပတ်ခုနစ်ဖုံ, မာတိကာ ဝိဘင်းစသော အပြားရှိသော နည်းတို့ပင်တည်း–ဟု ဖွင့်ဆိုတော်မူ၏။ ဝိသေသနယတ္တာ–၌ ထူးခြားသောနည်းဟူသည်ကား အဘယ်တို့ပါနည်း?၊ ထူးခြားသောနည်းတို့ဟူသည် ငါးပါးအပြားရှိသော ပါတိမောက္ခုဒ္ဒေသ, ပါရာဇိက အစရှိသော အာပတ်ခုနစ်ဖုံ, မာတိကာ ဝိဘင်းစသည်တို့ပင် ဖြစ်ပါသလော?၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဂ–ဝါကျကိုမိန့်။

http://www.dhammadownload.com



**မှတ်ချက်။** ။ပထမနည်းသည် ပိဏ္ဍတ္ထနည်းဖြစ်၍ ဒုတိယနည်းသည် အဓိပ္ပါယ်နည်း ဖြစ်သည်။ ဤသို့သော ပက္ခန္တရအရာမျိုး၌ ပိဏ္ဍတ္ထနည်းက အဓိပ္ပါယ်နည်းထက် ပို၍ ကောင်းသည်၊ ကျစ်လျစ်သည်၊ ဋီကာများ နိဿယများ တက်ပုံနှင့်လည်း ညီသည်၊ သို့ရာတွင် အဓိပ္ပါယ်နည်း တက်လိုသူတို့အတွက် အဓိပ္ပါယ်နည်းပါ ပြလိုက်သည်၊ ယင်းတက်နည်း၌ ရှေ့ဝါကျကို မြန်မာပြန်၍ ထပနာကိုင်ရပုံ၊ နောက်ဝါကျကို မျှော်၍ အာဘော်ထားရပုံကို လေ့လာပါ၊ အာဘော်ထားရာ၌ ပုစ္ဆာက သာဘောဂပုစ္ဆာဟု ရိုးရိုးမေးသည်ဖြစ်စေ, လျဉ်းပါးသာဘောဂ ပုစ္ဆာဟု အထူးပြု၍ မေးသည်ဖြစ်စေ လျဉ်းပါးအာဘော် ထားတတ်အောင် လေ့လာ လိုက်စားပါ၊ လျဉ်းပါးအာဘော် မဖြစ်နိုင်လွန်းမှသာ ရိုးရိုးအာဘော်ကို ထားပါ။

ကျမ်းတက်ခြင်းသည် ရှေ့ဝါကျကိုသာ ဆို၍ နောက်ဝါကျကို မဆိုခဲ့သော် ဖြစ်ပေါ်လာဖွယ်ရှိသော စောဒကဏ်စကားကို ထုတ်ဖော်၍ ပြခြင်းပင်တည်း-ဟူ သောအချက်ကို သတိထား၍ မြန်မာစကား အသွားအလာကို စဉ်းစားပြီးလျှင် သဘာဝကျအောင် တက်တတ်ပါစေ၊ မြန်မာစကား ပြောတတ်လျှင် ကျမ်းတက် မခက်ပါ။ မြန်မာစကား ပြောတတ်အောင်၊ ဝါ-အငုပ်ကို ဖော်တတ်အောင် ကြိုး စားပါ၊ ကျမ်းတက်တတ်ပါလိမ့်မည်။

၂။ ပုစ္ဆာ။ ။င-ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် (ခ၊ ဂ၊ ဃ) မှတ်ပြ ဝါကျတို့ဖြင့် အနိယမကို ပြဆိုတော်မူပြီး၍ ယခုအခါ နိယမကို ပြလိုသောအဋ္ဌကထာဆရာသည် င- ဝါကျကိုမိန့်။ (ဟေတုနှင့်ဖလလည်း တက်ကြည့်ပါ။)

အမှာ။ ။ကျမ်းတက်ကို မေးရာ၌ အနုသန္ဓေနှင့် ပုစ္ဆာတက်ကိုသာ မေးလေ့ရှိသည်၊ ထို့ကြောင့် ယင်းနှစ်ချက်ကိုသာ များများ လေ့ကျင့်ခန်း ပေးသည်၊ စောဒနာတက်ကို ရံခါမေးတတ်၏၊ ၎င်းသည် အနုသန္ဓေနှင့်ပုစ္ဆာကို နားလည်လျှင် နားလည်သည်ပင် ဖြစ်တော့၏။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍၊ ခ- ဝါကျပါ ထွေပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။ခ-ဝါကျသည် က-ဝါကျပါ ဂါထာကို ချဲ့သောကြောင့် ဝိတ္ထာရဝါကျ မည်၏။ ဂ-ဝါကျသည် ဝိဝိစ္စေယတ္တာ၏ အကျယ်မှတပါး ဝိဿသနယတ္တာ၏ အကျယ်ကို ပြသောကြောင့် ပက္ခန္တရဝါကျ မည်၏။ ဃ- ဝါကျသည် ဝိဝိစ္စဝိဿသနယတ္တာ-၏ အကျယ်မှတပါး ဝိနယနတော စေဝ

http://www.dhammadownload.com



ကာယဝါစာန်–၏ အကျက်ကို ပြသောကြောင့် ပက္ခန္တရဝါကျ မည်၏။ င– ဝါကျသည် အကျိုးဖလကို ပြသောကြောင့် ဖလဝါကျ မည်၏။

**မှတ်ချက်။** ။ဤသို့ အသီးသီး နာမည်ပေးရာ၌ က–ဝါကျသည် မည်သည့် နာမည်ကိုမျှ မရ၊ အကြောင်းကား ဝါကျအမည်ပေးရာ၌ မူလီဝါကျ၊ ဝါ–နောက် ဝါကျသာ အမည် အစစ်အမှန်ကို ရသည်။ မူလဝါကျ၊ ဝါ–ရှေ့ဝါကျကား အမည် အစစ်ကိုမရနိုင်၊ မူလိ(နောက်)ဝါကျကို ထောက်၍သာ အမည်ရနိုင်သည်၊ ဆင်ထား သော ဝါကျထဲ၌ က–ဝါကျသည် ပထမဆုံးသောဝါကျ ဖြစ်၍ သူ့ရှေ့မှ မည် သည့်ဝါကျမျှ မရှိသောကြောင့်တည်း။

**စာစပ်။** ။ထွေ–ကား ၌–ဟူ၍အနက်ပေးသောကြောင့် သန္တိ–ဟူသော ပါဌသေသ၌ အာဓာရ၊ သန္တိ–ဟူသော ပါဌသေသကား အာဓေယ်–အဖြစ်ဖြင့် စပ်အပ်၏။

**မှတ်ချက်။** ။ထွေ–သည် ၌–ဟု အနက်ပေးရသောကြောင့် ဩကာသ ကာရက ဖြစ်၏၊ ကာရကတို့မည်သည် ကြိယာနှင့် အမြဲဆက်စပ်နေကြ၏၊ ကြိယာ၌သာ စပ်အပ်၏၊ ဤ၌လည်း စပ်စရာကြိယာ မပါ၊ ထို့ကြောင့် ပါဌသေသ ဖြစ်သော သန္တိ–၌ စပ်ရသည်၊ ပါဌသေသ ထည့်စွက်၍ စပ်နိုင်ပုံကို သတိထား ခဲ့ပါ။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို ရှေ့နောက် ထောက်ဆ၍ ဝါကျ အမည် ပေးပြပါ။

**၃။ အဖြေ။** ။(ခ၊ ဂ၊ ဃ၊ င)မှတ်ပြ ဝါကျတို့သည် ဝိတ္ထာရဝါကျ မည်၏၊ ထိုဝါကျတို့ကို ထောက်၍ က–မှတ်ပြဝါကျသည် သင်္ခေပဝါကျ မည်၏။ ဝိတ္ထာရဝါကျထဲတွင် င–မှတ်ပြ ဝါကျသည် ဖလဝါကျ မည်၏၊ ထိုဝါကျကို ထောက်၍ (ခ၊ ဂ၊ ဃ)မှတ်ပြ ဝါကျတို့သည် ဟေတုဝါကျ မည်၏။ ထိုဟေတု ဝါကျထဲတွင် ဃ–မှတ်ပြဝါကျသည် ပက္ခန္တရဝါကျ မည်၏၊ ထိုဝါကျကို ထောက်၍ (ခ၊ ဂ)မှတ်ပြ ဝါကျတို့သည် ပက္ခဝါကျ မည်၏။ ထိုပက္ခဝါကျတို့တွင် ဂ–မှတ် ပြ ဝါကျသည် ပက္ခန္တရဝါကျ မည်၏၊ ထိုဝါကျကိုထောက်၍ ခ–မှတ်ပြ ဝါကျ သည် ပက္ခဝါကျ မည်၏။

**မှတ်ချက်။** ။ဤနည်း၌ ဝါကျတို့ကို သင့်သလို စုပေါင်းထားရသည်၊ က–ဝါကျသည် ဝိနယော–ပုဒ်၏ အကျဉ်းကို ပြသည်၊ (ခ၊ ဂ၊ ဃ၊ င)ဝါကျ တို့သည် ဝိနယောပုဒ်၏ အကျယ်ကို ပြသည်၊ ဤသို့ စုပေါင်းထား၍ ပထမ ဦးစွာ ဆင်ထားသမျှ ဝါကျတို့ကို နှစ်ပိုင်းတည်း ဖြစ်သွားအောင် ခွဲခြားယူလိုက်

http://www.dhammadownload.com



ရသည်၊ ထို့နောက် ပထမပိုင်းကို ဖြစ်သင့်သလို ထပ်ခွဲ၍ အမည်ပေးရသည်၊ ပထမပိုင်းအတွက် ကိစ္စပြီးသောအခါ ဒုတိယပိုင်းကို ထို့အတူ ဖြစ်သင့်သလို နှစ်ပိုင်းထပ်ခွဲ၍ ဆိုင်ရာအမည်များ ပေးရပြန်သည်။ ဤနည်းဖြင့် ဝါကျအားလုံး ကုန်စင်သည်ထိအောင် ခွဲစိတ်၍ အမည် ပေးရသည်၊ ဤနည်းသည် ခက်လည်း ခက်၏၊ ကောင်းလည်း ကောင်း၏၊ ဤနည်းကို နိုင်လျှင် ကျမ်းတက်လည်း ပိုင်တော့သည်၊ ထို့ကြောင့် ဤနည်းကို အထူး လေ့လာလိုက်စားသင့်သည်။

၄။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျအလို ဝိနယော–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဏ်ကောက်ပြပါ။

၄။ အဖြေ။ ။ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော။ (အနက်ပေးပါ၊ စစ်ပါ၊ ပုဒ်ခွဲပါ။) "ဝိ–နယ" ဟူသော သမာသ်ပုဒ်၏အရကား အထူးထူးသော နည်းသည် မုချအားဖြင့် ရ၏၊ ထိုနည်း၏ ဝိနည်းပိဋကတ်နှင့် ဌာနီ+ဌာန၊ သံ+သာမီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာအားဖြင့် ရ၏။ ဧတ–ဟူသော အညပုဒ်၏ အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော အထူးထူးသော နည်း ရှိသော ဝိနည်းပိဋကတ် ရ၏။

မှတ်ချက်။ ။ဝိ–ဟူသောပုဒ်နှင့် နယ–ဟူသောပုဒ်ကို စပ်ထားသော ကြောင့် ဝိနယော–ပုဒ်၏ သမာသ်ပုဒ်ဖြစ်ကြောင်းကို သိပါ။ ဝိ–၏အရကိုလည်း မကောက်ရ၊ နယ–၏ အရကိုလည်း မကောက်ရဘဲ တစ်ပါးသောပုဒ်ဖြစ်သော ဝိနည်းပိဋကတ်ကို အရကောက်ရသောကြောင့် ဗဟုဗ္ဗီဟိသမာသ်ဖြစ်ကြောင်းကို သိပါ။ ဗဟုဗ္ဗီဟိသမာသ် ကိုးပါးတို့တွင် အရတူဖြစ်သော ဝိ–ဟူသောပုဒ်နှင့် နယ–ဟူသောပုဒ်တို့နှင့်သာ ယှဉ်သောကြောင့် ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိ ဖြစ်ကြောင်းကို သိပါ၊ ဒွိပဒတုလျာဓိကရဏဗဟုဗ္ဗီဟိ ခုနစ်ပါးတို့တွင် ဝိနည်း ပိဋကတ်တော်က အထူးထူးသောနည်းတို့၏ တည်ရာသဘောရှိသောကြောင့် သတ္တမီဗဟုဗ္ဗီဟိ ဖြစ်ရကြောင်းကို သိပါ၊ ဝိဂ္ဂဟတွေ့တိုင်း ဤနည်းအတိုင်း စစ် သွားလျှင် မကြာမီ ဝိဂ္ဂဟဉာဏ် ရင့်သန်လာပါလိမ့်မည်။

၅။ ပုစ္ဆာ။ ။က–ဝါကျပါ ဝိနယနတော, အက္ခာတော–ပုဒ်တို့၏ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်, ကာရက, ကြိယာ–တို့ကို စိစစ်ပြပါ။

၅။ အဖြေ။ ။ဝိနယနတော–ကား ဝိပုဗ္ဗ နီဓာတ်, ယုပစ္စည်း, ပဥ္စမျန္တ တောပစ္စည်း, နပုံလိင်, ကာရဏအကာရက, ကတ္တုသာဓနကိတ်ကြိယာ ဖြစ်ပါ သည်။

http://www.dhammadownload.com



အက္ခာတော–သည် အာပုဗ္ဗ ခါဓာတ်, တ, ပစ္စည်း, ပထမာဧကဝုစ် သိဝိဘတ်, ပုံလိင်, ကတ္တုကာရက, ကမ္မဝါစကကိတ်ကြိယာ ဖြစ်ပါသည်။

**မှတ်ချက်။** ။ဝိနယနတော–၏ ဝိဘတ်ကိုစစ်ရာ၌ ကွစိ တော ပဉ္စမျတ္ထေ–အတိုင်း ရေးလိုက်သည်၊ ဝိနယန–အရ ဝိနယပိဋကကို ရသောကြောင့် နပုံလိင်ဟု ဆိုသည်၊ ကာရကအရာ၌ အ, ကာရကလည်း ပါဝင်သောကြောင့် ကာရကာ အကာရကာ–ဟု ဆိုသည်၊ ကတ္တုသာဓနဝိဂ္ဂဟ ပြုရသောကြောင့် ကတ္တုဝါစက ကိတ်ကြိယာ–ဟု ဆိုသည်။ အက္ခာတော–၏ ကာရကကိုစစ်ရာ၌ အက္ခာတော–သည် ကိတ်ကြိယာ ဖြစ်၍ အပဓာန ဖြစ်ရကား ယင်း၏နောက်မှ ဟောတိ–ကြိယာလိုက်နိုင်သည်။ ထိုသို့ လိုက်သောအခါ အက္ခာတော–သည် ဝိကတိကတ္တား ဖြစ်သွားသည်၊ ထို့ကြောင့် ကတ္တုကာရက–ဟု ဆိုသည်။

**၆။ ပုစ္ဆာ။** ။က–မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်၍၊ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည် ပေးပါ။

**၆။ အဖြေ။** ။ဝိဝိဓဝိသေသနယတ္တာ–ဖြင့် ဝိနယော–၌ ဝိဥပသာရပုဒ်၏ ဝိဝိဓအနက်, တစ်နည်း ဝိသေသနအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ ဝိနယော ပုဒ်ကို "ဝိဝိဓာ ဝိသေသာ ဝါ နယာ ဧတ္ထာတိ ဝိနယော"ဟု သတ္တမိဗဟုဗ္ဗိဟိ သမာသ် ပြုရမည့်အဖြစ်ကိုလည်းကောင်း သိစေသည်။ ဥပသာရဖြစ်သော လိင်ပုဒ်၏အနက်ကို ဖွင့်သောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ, သမာသ်ဖြစ်သော လိင်ပုဒ်၏ အနက်ကိုဖွင့်သောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

ဝိနယနတော စေဝ–ဖြင့် ဝိနယော–ကို "ဝိနေတီတိ ဝိနယော"ဟု ငဂ္ဂဟ ပြုရမည့်အဖြစ်ကို (တစ်နည်း ဝိနယော–၌ ဏပစ္စည်း၏ ကတ္တုသာဓန အနက် ဟော၏ အဖြစ်ကို) သိစေပါသည်။ ကိတ်ဖြစ်သော ပစ္စည်း၏အနက်ကို ဖွင့်သော ကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

ကာယဝါစာနံဖြင့် ဆုံးမခြင်းဟူသည် ကိုယ်နှုတ်တို့ကို ဆုံးမခြင်းပင်တည်း–ဟု သိစေပါသည်။ အဓိပ္ပါယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

**မှတ်ချက်။** ။သံဝဏ္ဏနာပုဒ်တို့ကို ဖြစ်သင့်သလို စုစည်းကာ အစဉ် အတိုင်း အာဘော် ဖော်ထားသည်ကို သတိပြုပါ။ အမည်ပေးရာ၌ အလယ်ပိုင် သံဝဏ္ဏနာများကိုသာ ဉးစားပေး၍ အမည်ပေးသည်၊ အလယ်ပိုင်း သံဝဏ္ဏနာမျှဖြင့် မလုံလောက်မှ နောက်ပိုင်း သံဝဏ္ဏနာများကို အမည်ပေးသည်၊ သမာသ်ပုဒ်၏

http://www.dhammadownload.com



ဝိဂ္ဂဟကိုပြရာ၌ အချို့က သမာသလိင်္ဂတ္ထ-ဟုယူ၍၊ အချို့ကမူ သမာသလိင်္ဂပဒတ္ထ ဟု ယူကြသည်၊ ဤ၌ ပထမနည်းအတိုင်း ဖြေထားသည်၊ ကြိုက်ရာ ယူပါ။

၇။ ပုစ္ဆာ။ ။က-မှတ်ပြ ဝါကျ၌ ဝိနယတ္ထဝိဒူဟိ-အစား ဝိနယဿ အတ္ထဝိဒူဟိ-ဟုရှိလျှင် သင့်မည်/မသင့်မည်ကို အကြောင်းပြ၍ ဆုံးဖြတ်ပြပါ။

၇။ အဖြေ။ ။ မသင့်ပါ။ အကြောင်းကား-ဤဂါထာသည် အရိယာမျိုး ဖြစ်၍ "ဝိနယဿ အတ္ထဝိဒူဟိ"ဟုရှိလျှင် အရိယာဂါထာလက္ခဏာ ပျက်စီးသွား သောကြောင့် ဖြစ်ပါသည်။

မှတ်ချက်။ ။ဝိနယတ္ထဝိဒူဟိနှင့် ဝိနယဿ အတ္ထဝိဒူဟိ-သည် ဝါကျနှင့် သမာသ်သာ ကွာ၍ အနက်အားဖြင့် မပြားသောကြောင့် သဒ္ဒါနည်းအားဖြင့် နှစ်ပါး၌လုံးပင် မှန်နိုင်သည်။ သို့ရာတွင် ဤအရာ၌ သဒ္ဒါနည်းမျှကိုသာ မကြည့်ရ၊ ဂါထာအရာ ဖြစ်၍ ဆန်းနည်းကိုလည်း ကြည့်ရ၏။ ထို့ကြောင့် "ဝိနယဿ အတ္ထဝိဒူဟိ"ဟု မရှိနိုင်ခြင်း ဖြစ်သည်၊ သဒ္ဒယုတ္တိ, အတ္ထယုတ္တိတို့အပြင် ဆန္ဒယုတ္တိ ကိုလည်း ကြည့်သင့်က ကြည့်ရကြောင်းကို သတိပြုပါ။

၈။ ပုစ္ဆာ။ ။ ဝိနယနတော စေဝ ကာယဝါစာနံ-၌ ကာယဝါစာနံ- ဝယ် ဖြစ်သင့်သော ဥပစာ, နယ-တို့ကို တင်ပြ ရှင်းပြပါ။

၈။ အဖြေ။ ။ကာယဝါစာနံ-သည် ဌာနဖြစ်သော ကာယဒွါရ, ဝစီဒွါရ တို့၏ ကာယဝါစာနံ-ဟူသော အမည်ကို ဌာနီဖြစ်သော ထိုဒွါရတို့၌ဖြစ်သော လွန်ကျူးခြင်း၌ တင်စား၍ ထိုဒွါရတို့၌ ဖြစ်သော လွန်ကျူးခြင်းကို ကာယဝါစာနံ- ဟု ခေါ်ဝေါ်ခြင်းကြောင့် ဌာနူပစာ ဖြစ်ပါသည်။

ဌာနဖြစ်သော ကာယဒွါရ, ဝစီဒွါရတို့ကို ဆိုသဖြင့် ဌာနီဖြစ်သော ထိုဒွါရ တို့၌ ဖြစ်သော လွန်ကျူးခြင်းကို ရသောကြောင့် နာန္တရိကနည်း ဖြစ်ပါသည်။ ဌာနဖြစ်သော ကာယဒွါရ, ဝစီဒွါရတို့၏ အမည်ကို ဌာနီဖြစ်သော လွန်ကျူးမှု၌ တင်စား၍ ခေါ်ဝေါ်သောကြောင့် ရုဠှီနည်း ဖြစ်ပါသည်။ ကာယဒွါရ, ဝစီဒွါရ တို့ကို ဆိုသော်လည်း ထိုဒွါရတို့၌ဖြစ်သော လွန်ကျူးခြင်းကို ဆောင်၍သိအပ် သောကြောင့် နေယျတ္ထနည်း ဖြစ်ပါသည်။ ကာယဒွါရ, ဝစီဒွါရတို့နှင့် လွန်ကျူး ခြင်းတို့ကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒနည်း ဖြစ်ပါသည်။

မှတ်ချက်။ ။ကာယဝါစာနံ-သဒ္ဒါက ဒွါရကိုသာ ဟော၏၊ သို့ရာတွင် ဤနေရာ၌ လွန်ကျူးခြင်းတိုင်အောင် ယူရ၏၊ ထိုဒွါရနှင့် လွန်ကျူးခြင်းတို့၏ ဆက်စပ်ပုံကို စဉ်းစားလျှင် ဒွါရက ဌာနဖြစ်၍ လွန်ကျူးခြင်းက ဌာနီဖြစ်၏၊

http://www.dhammadownload.com



ဤသို့လျှင် သဒ္ဒါက ဌာနကိုသာ ဟောပါလျက် ဌာနီကို အရကောက်ရသောကြောင့် ဌာနူပစာ ဖြစ်ရသည်။ ဌာနူပစာ၌ သူ၏ ပုဂ္ဂလိကဖြစ်သော နာနတ္တ ရိကနည်းအပြင် အများဆိုင်ဖြစ်သော ရဋ္ဌိ, နေယျ, အဘောဒ–တို့လည်း ရသည်၊ ထို့ကြောင့် နည်းလေးချက်စုံအောင် ရေးသည်၊ နောက်ပုစ္ဆာများ၌လည်း နည်းတူမှတ်ပါ။ ဝိနယနတော ကို ပဓာနထား၍ယူလျှင် ဌာနျူပစာဖြစ်သွားသည်၊ အကြောင်းကား–ဌာနီဖြစ်သော လွန်ကျူးမှုကိုသာ ဆုံးမ၍ရသည်၊ ဌာနဖြစ်သော ဒွါရကို ဆုံးမ၍ မရ။ ဤသို့လျှင် ဝိနယနတော–သဒ္ဒါက ဌာနီနှင့်သာဆိုင်ပါလျက် ဌာနကိုဆိုထားသောကြောင့်တည်း။ ဘာသာဋီကာ ရှုပါ။

**၉။ ပုစ္ဆာ။** ။အောက်ပါ မြန်မာစကားပြေကို စုဏ္ဏိယပါဠိ စီကုံးပြပါ။

အဖို့တပါးကား ဤသုတ်သည် တစ်မျိုးချည်နှင့် တူ၏။ ချဲ့ဥုးအုံ၊ လက်သမားတို့၏ တမျဉ်းချည်သည် နိှုင်းယှဉ်ကြောင်း ဖြစ်သကဲ့သို့ ဤအတူ ဤသုတ်သည်လည်း ပညာရှိတို့၏ နှိုင်းယှဉ်ကြောင်း ဖြစ်၏။

**၉။ အဖြေ။** ။သုတ္တသဘာဂမ္ဘေတံ၊ ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။

**အမှာ။** ။ယထာ ဧဝံ–တို့ဖြင့် ဥပမာဝါကျ စီကုံးထားပုံကို သတိပြုပါ၊ အတု ယူပါ။

**၁၀။ ပုစ္ဆာ။** ။က–မှတ်ပြဝါကျပါ ကာယဝါစာနံ–ပုဒ်ကို ပရိဝတ္တန ဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

**၁၀။ အဖြေ။** ။ကာယဝါစာနံ–အရ ကာယဒွါရ, ဝစီဒွါရတို့၌ ဖြစ်သော လွန်ကျူးခြင်း အသံဝရကိုယူ၍ ထိုကိုယူသဖြင့် ထို၏ ဆန့်ကျင်ဘက်ဖြစ်သော သံဝရသည်လည်းကောင်း၊ ထိုသံဝရ၏အကြောင်း ယောနိသောမနသိကာရ စသည်တို့သည်လည်းကောင်း၊ ထိုသံဝရလျှင် အကြောင်းရင်းရှိသော "အဝိပ္ပဋိသာရ, ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, ဝိရာဂဉာဏ်, ဝိမုတ္တိဉာဏ်, ဝိမုတ္တိဉာဏဒဿနဉာဏ်, အနုပါဒိသေသပရိနိဗ္ဗာန်" ဟူသော အကျိုးတရားအပေါင်းသည်လည်းကောင်း ကင်းပျောက်ကုန်၏။ အသံဝရလျှင် အကြောင်းရင်းရှိသော မကောင်းကျိုး အတန်တန်တို့သည် စည်ပင်ပြန့်ပွား များပြားဖြစ်တည် အဆက်ဆက်လည်းကုန်၏။

**အမှာ။** ။သံဝရအရင်းခံရှိသော အကျိုးတရားများကို မှတ်သားထားပါ၊ ပဒဋ္ဌာနဟာရနေတ္တိနည်း ထုတ်ရာ၌ တန်ဖိုးရှိလှသည်၊ ထို့ပြင် ဤ၌ စာကိုယ်ကိုသာ ပြထားသည်။ စာဖြေရာ၌ကား နိဒါန်း၊ စာကိုယ်၊ နိဂုံး–ဟု သုံးချက်လုံး စုံအောင် ရေးပါ။

http://www.dhammadownload.com



## အမှတ်–၂၊ လေ့ကျင့်ခန်း

(က) ဣဒါနိ ဝိနယဓရာနံ သုတ္တန္တနယကောသလ္လတ္ထံ စိတ္တသမ္ပဟံသနတ္ထဉ္စ တေသံ ပဒါနံ ဝိတ္ထာရနယေန ဝဏ္ဏနံ ကရိဿာမိ။

(ခ) တသ္မာ ယံ ဝုတ္တံ “သော ဘဂဝါ ဣတိပိ အရဟာ”န္တိ အာဒိ။

(ဂ) တတ္ထ အာရကတ္တာ, အရီနံ အရာနဉ္စ ဟတတ္တာတိ ဧဝမာဒီဟိ ကာရဏေဟိ သော ဘဂဝါ “အရဟာ”န္တိ ဝေဒိတဗ္ဗော။

(ဃ) အာရကာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဌိတော။

(င) မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ အရဟံ။

(စ) တေ စာနေန ကိလေသာရယော မဂ္ဂေန ဟတာတိ အရီနံ ဟတတ္တာပိ အရဟံ။ (၃၊ ပ၊ ၈၄)

ဋီကာ။ (က) “သုတ္တန္တိကာနံ ဝစနာနမတ္ထံ၊ သုတ္တာနုရူပံ ပရိဒီပယန္တီ”တိ ဟေဋ္ဌာ ဝုတ္တတ္တာ ဝိသုဒ္ဓိမဂ္ဂေ သဗ္ဗာကာရတော သံဝဏ္ဏိတမ္ပိ အတ္တံ ဣဓာပိ ဝိတ္ထာရေတွာ ဒဿေတုကာမော တတ္ထ ပယောဇနမာဟ “ဣဒါနိ ဝိနယဓရာန”န္တိ အာဒိ။ (ဃ) ဣဒါနိ ယထာဝုတ္တမေဝတ္ထံ ဝိဘာဝေန္တော အာဟ “အာရကာ ဟိ သော”တိ အာဒိ၊ ဒူရတာ နာမ အာသန္နတ္တာ ဝိယ ဥပါဒါယုပါဒါယ ဝုစ္စတီတိ ပရမုက္ကံသဂတံ ဒူရဘာဝံ ဒဿေန္တော “သုဝိဒူရဝိဒူရေ ဌိတော”တိ အာဟ၊ သုဋ္ဌုဝိဒူရဘာဝေနေဝ ဝိဒူရေ ဌိတောတိ အတ္ထော။ (င) သော ပနာယ ကိလေသေဟိ ဒူရေ ဌိတဘာဝေါ န ပဒေသဝသေန၊ အထ ခေါ တေသံ သဗ္ဗသော ပဟီနတ္တာတိ ဒဿေန္တော အာဟ “မဂ္ဂေန ကိလေ သာနံ ဝိဒ္ဓံသိတတ္တာ”တိ။ နနု အညေသမ္ပိ ခီဏာသဝါနံ တေ ပဟီနာ ဝေါတိ အနုယောဂံ မနသိ ကတွာ ဝုတ္တံ “သဝါသ နာန”န္တိ။ န ဟိ ဘဂဝန္တံ ထပေတွာ အညေ သဟ ဝါသနာယ ကိလေသေ ပဟာတုံ သက္ကောန္တိ။ အာရကာတိ စေတ္ထ အာကာရဿ ရဿတ္တံ, က, ကာရဿ စ ဟ, ကာရံ သာနုသရံ ကတွာ နိရုတ္တိနယေန “အရဟာ”န္တိ ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ။ (စ) အနတ္ထစရဏေန ကိလေသာ ဧဝ အရယောတိ ကိလေသာရယော။ အရီနံ ဟတတ္တာ အရိဟာတိ ဝတ္တဗ္ဗေ နိရုတ္တိနယေန “အရဟာ”န္တိ ဝုတ္တံ။ (သာရတ္ထ၊ ပ၊ ၂၁၆)

မအု–၄၇။ ။(ခ) ဣဒါနိ အစရှိသောစကား၌ လဒ္ဓဂုဏ်ကို ပြလို၍ ခ–ဝါကျ မိန့်။ (စ)အာရကတ္တာ၏ အကျယ်ကို ပြပြီး၍ အရီနံ ဟတတ္တာ၏ အကျယ်ကို ပြလို၍ စ–ဝါကျ မိန့်။

http://www.dhammadownload.com



**ဘာသာဋီကာ။** ။(c)ခ-ဝါကျ၌ ကိလေသာတို့မှ ဝေးခြင်း-ဟူသည် အရပ်ဒေသအားဖြင့် အဝေးမဟုတ်၊ အကြွင်းမဲ့ ပယ်ထားသဖြင့် ဝေးသောအဝေး ဟု ပြလို၍ "မဂ္ဂေန ကိလေသာနံ ဝိဒ္ဓံသိတတ္တာ"ဟု မိန့်။ အခြားရဟန္တာတို့လည်း ကိလေသာတို့ကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်ထားပြီးဖြစ်သောကြောင့် အရဟံ-မည် သင့်သည် မဟုတ်ပါလော-ဟု မေးဖွယ်ရှိ၍ သဝါသနာနံ-ဟု မိန့်။ (ဘာဋီ၊ ပ၊ ၃၉၆)

**၁။ ပုစ္ဆာ။** ။(ဂ)ဝါကျအဖွင့်နှင့်အညီ အရဟံ-ပုဒ်ကို အနက်သုံးမျိုး ပေးပြပါ။

**၁။ အဖြေ။** ။အရဟံ-ဝါသနာနှင့်တကွ ကိလေသာတို့မှ အလွန့်အလွန် ဝေးကွာတော် မူပါပေ၏၊ ဝါ-ကိလေသာမာရ် သူပုန်ရန်တို့ကို တွန်းလှန်သတ်ဖြတ် တော် မူနိုင်ပါပေ၏၊ ဝါ-သံသရာစက်ဘီး အကန့်ထောက်ဆန်တို့ကို ချိုးဖျက် တော်မူတတ်ပါပေ၏။

**၁။ ပုစ္ဆာ။** ။အရိနံ-ပုဒ်ကို ရှေ့နောက် ဟိတ်နှစ်ပုဒ်တို့နှင့်စပ်၍ ဖြစ်သင့် သလို အနက်ပေးကာ (ဂ)မှတ်ပြဝါကျ တစ်ခုလုံးကို အနက်ပေးခဲ့ပါ။

**၁။ အဖြေ။** ။တတ္တ-ထို သော ဘဂဝါ ဣတိပိ အရဟံ အစရှိသော စကား ရပ်၌ (အရိနံ-ကိလေသာတည်းဟူသော ရန်သူတို့မှ၊) အာရကတ္တာ-ဝေးတော်မူ သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (အရိနံ-ကိလေသာတည်းဟူသော ရန်သူ တို့၏လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊) အရာနံ-အကန့်ထောက်ဆန်တို့၏ လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ ဟတတ္တာ-သတ်ဖြတ် ဖျက်ဆီးအပ်ကုန်ပြီး သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဣတိ ဧဝမာဒီဟိ ကာရဏေဟိ-ဤသို့ အစရှိသော အကြောင်းတို့ကြောင့်၊ သော ဘဂဝါ-ထိုမြတ်စွာဘုရားကို၊ အရဟန္တိ- အရဟံ ဟူ၍၊ ဝေဒိတဗ္ဗော-သိထိုက်၏။

**၂။ ပုစ္ဆာ။** ။(က)ဝါကျ၌ သာဘောဂပုစ္ဆာ တက်ပြပါ။

**၂။ အဖြေ။** ။ဆရာ၊ ဆရာသည် "ဧတေသံ ။ပ။ ကင်္ခသာမိ"ဟု ပဋိညာဉ်စကားကို ပြဆိုတော်မူ၏၊ အဘယ်အကျိုးငှာ ဆိုအပ်ပါသနည်း၊ ထို ဣတိပိ သော ဘဂဝါ-အစရှိသော ပုဒ်တို့၏ အနက်ကို ဝိသုဒ္ဓိမဂ်၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆိုပြီးသည် မဟုတ်ပါလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဣဒါနိစသည်ကို မိန့်။ အဓိပ္ပါယ်ကား-ဝိနည်းမိုရ်တို့၏ သုတ္တန်နည်း၌ ပါမှာခြင် ငှာလည်းကောင်း၊ စိတ်ရွှင်လန်းခြင်းငှာလည်းကောင်း ပြုပါအံ့-ဟူငြ

http://www.dhammadownload.com



**မှတ်ချက်။** ။မိမိဝါကျအတွင်း၌ ထပနာကိုင်စေလိုသောကြောင့် က-ဝါကျသို့ဟု မမေးဘဲ က-ဝါကျ၌ဟု အာဓာရဖြင့် မေးထားပုံကို သတိပြုပါ။ ဤသို့ တစ်ဝါကျတည်းမှာပင် သင့်လျော်သောစကားကို ထပနာကိုင်၍ တက်နိုင်သေးပုံကို သတိပြုပါ၊ ကိဋ္ဌာပိ ဝါကျများ၌ အထူးရနိုင်သည်။

**၂။ ပုစ္ဆာ။** ။(င)ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဆရာ၊ ဆရာသည် ဃ-ဝါကျဖြင့် "မြတ်စွာဘုရားသည် ကိလေသာတို့မှ ဝေးတော်မူ၏"ဟု ဆိုတော်မူ၏၊ ကိလေသာတို့မှ ဝေးခြင်းဟူသည် အဘယ်သို့သော ဝေးခြင်းပါနည်း၊ အရပ်ဒေသအားဖြင့် ဝေးခြင်းဖြစ်ပါသလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် င-ဝါကျကို မိန့်။

**မှတ်ချက်။** ။ဘာသာဋီကာအတိုင်း အဓိပ္ပါယ်ပြန်ပါ၊ ဋီကာကိုလည်း ကြည့်ပါ၊ စ-ဝါကျသို့ အနုသန္ဓေတက်ပုံကို မအူနိဿယအတိုင်း မှတ်ပါ။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍ က-ဝါကျပါ ပဒါန်-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

**၃။ အဖြေ။** ။ခ-ဝါကျသည် က-ဝါကျ၌ လဒ္ဓဂုဏ်ကို ပြသောကြောင့် လဒ္ဓဂုဏဝါကျမည်၏။ ဂ-ဝါကျသည် အနိယမအဖို့မှ တစ်ပါး နိယမအဖို့ကို ပြသောကြောင့် ပက္ခန္တရဝါကျ မည်၏။ ဃ-ဝါကျသည် ဂ-ဝါကျကို အကျယ်ချဲ့၍ပြသောကြောင့် ဝိတ္ထာရဝါကျ မည်၏။ င-ဝါကျသည် အကြောင်းကို ပြသောကြောင့် ဟေတုဝါကျ မည်၏။ စ-ဝါကျသည် အာရကတ္တာ၏ အကျယ်ကို ပြပြီး၍ အရိန် ဟတတ္တာ၏ အကျယ်ကို ပြသောကြောင့် ပက္ခန္တရဝါကျ မည်၏။

**စာစပ်။** ။ပဒါန်-ကား တို့၏-ဟူ၍ အနက်ပေးသောကြောင့် ဝဏ္ဏန်-၌ သမ္ဗန်၊ ဝဏ္ဏန်-ကား သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို အချင်းချင်း ထောက်ဆ၍ အမည်ပေးပါ။

**၃။ အဖြေ။** ။(ခ၊ ဂ၊ ဃ၊ င၊ စ)ဝါကျတို့သည် လဒ္ဓဂုဏဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ က-ဝါကျသည် လဒ္ဓဂုဏိယဝါကျ၊ ဝါ-ယုတ္တိဝါကျ။ လဒ္ဓဂုဏဝါကျထဲတွင် (ဃ၊ င၊ စ)ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ (ခ၊ ဂ)ဝါကျတို့သည် သင်္ခေပဝါကျ။ သင်္ခေပဝါကျထဲတွင် ဂ-ဝါကျသည် နိယမပက္ခန္တရဝါကျ၊ ထိုဝါကျကို ထောက်၍ ခ-ဝါကျသည် အနိယမပက္ခဝါကျ။ ဝိတ္ထာရဝါကျထဲတွင် စ-ဝါကျသည် ပက္ခန္တရဝါကျ၊ ထိုဝါကျကို ထောက်၍

http://www.dhammadownload.com



(ဃ၊ င) ဝါကျတို့သည် ပက္ခဝါကျ။ ထိုပက္ခဝါကျထဲတွင် င-ဝါကျသည် ကာရဏဝါကျ၊ ထိုဝါကျကို ထောက်၍ ဃ-ဝါကျသည် ဖလဝါကျ ဖြစ်ပါသည်။

**အမှာ။** ။နောက်ပုစ္ဆာများ၌ စကားအနေအထား ကျဉ်းနိုင်သမျှ ကျဉ်းအောင် ရေးသားမည်။ အမှတ်-၁ လေ့ကျင့်ခန်းပုစ္ဆာကို အတုယူ၍ အပြည့်အစုံ ရေးပါ။

**၄။ ပုစ္ဆာ။** ။စ-မှတ်ပြဝါကျကို ရှု၍ ဂ-ဝါကျပါ ဟတတ္တာ-ကို အစိတ်, အပေါင်း ဝိဂ္ဂဟပြုပြီးလျှင်၊ အစိတ်ဝိဂ္ဂဟ၌သာ ဉာသ်နည်း စုံလင်စွာ ကောက်ပြပါ။

**၄။ အဖြေ။** ။ဟညိ သူ တိ ဟတာ၊ ဟတာနံ ဘာဝေါ ဟတတ္တံ၊ (အနက်ပေး၊ စစ်၊ ခွဲ) ဟန-ဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သော အရဟတ္တမဂ်ဉာဏ်သည် မုချအားဖြင့် ရ၏။ ကမ္မဋ္ဌကြိယာကား ကိလေသာရန်သူတို့၏ ပကတူပနိဿယ ပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏၊ တ, ပစ္စည်း၏ အရကား ထိုမုချ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ကိလေသာရန်သူတို့ ရ၏။

**မှတ်ချက်။** ။ဟတတ္တာ-၌ ဟတ-ဟူသော ဘာဝသမ္ဗန်သည် "အရိန်-ဟူသော တ္တ-သမ္ဗန်နှင့် အရတူ၏။ ထို ကိလေသာရန်သူတို့သည်လည်း ပယ်သတ်အပ်သော ကမ္မသာဓနေသတ္တိ ရှိကြ၏၊ ထို့ကြောင့် ဟတ-ဟူသောကိတ်ပုဒ်ကို ဝိဂ္ဂဟပြုလိုသောအခါ ဟနဓာတ်နောင် ယ, ပစ္စည်းသက်၍ တ, ပစ္စည်းကို ဥုဝိဘတ်ဖြင့် ဖလှယ်လိုက်သောအခါ ဟညိ သု-ဟူ၍ ဖြစ်လာသည်၊ ထို ဟညိ သုသည်ပင် ဟတ-ဟူသော ကိတ်ပုဒ်၏ ဝိဂ္ဂဟဖြစ်တော့သည်။ ဝိဂ္ဂဟပြုခြင်းဟူသည် အဆန်းမဟုတ်ပါ၊ ဟတနှင့်တ္တကိုကား ဘာဝတဒ္ဓိတ်ပြု၊ ထိုသို့ ပြုရာ၌ တ္တသည် နပုံလိင်ကေန်ဖြစ်သောကြောင့် ဟတတ္တံ-ဟုနိပ္ဖန္နချရသည်။ ဟတ-ကဲ့သို့သော ဘာဝရှေ့ပုဒ် ဘာဝယုဂ်၌ကား ဟတဿ, ဟတာနံ, ဟတာယ, ဟတာနံ-တို့တွင် သင့်ရာ ရှိနိုင်သည်၊ ဤ၌ အရိန်ကို ရှု၍ ဟတာနံ-ဟု ဆိုသည်။

**၅။ ပုစ္ဆာ။** ။စ-မှတ်ပြ ဝါကျပါ ကိလေသာရယော-ကို လိင်, ဂိုဏ်း, ဝိဘတ်၊ အရဟံ-ပုဒ်ကို ဓာတ်, ပစ္စည်း ဝေဖန်ခဲ့ပါ။

**၅။ အဖြေ။** ။ကိလေသာရယော-သည် ပုံလိင်, ရတ္တာဒိဂိုဏ်း, ပထမာယောဝိဘတ်၊ အရဟံ-သည် အရိသဒ္ဒူပပဒ ဟနဓာတ်, ကွိပစ္စည်း ဖြစ်ပါသည်။

**၆။ ပုစ္ဆာ။** ။(ဃ၊ င) ဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြလျက် အကြောင်းပြ၍ သံဝဏ္ဏနာအမည် ပေးခဲ့ပါ။

http://www.dhammadownload.com



**၆။ အဖြေ။** ။ဃ–ဝါကျ၌ သော–ဖြင့် အရဟံ–အရ ဘုရားကို ကောက်ယူရမည့်အဖြစ်ကို ပြ၏၊ သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ။ သဗ္ဗကိလေသေဟိ–ဖြင့် ဝေးခြင်းဟူသည် ကိလေသာတို့မှ ဝေးခြင်းပင်တည်း–ဟု ပြ၏၊ အဓိပ္ပါယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။ သုဝိဒူရဝိဒူရေ ဌိတော–ဖြင့် အာရကာပုဒ်၏ ဒူရအနက်ဟော၏အဖြစ်ကို ပြ၏၊ နိပါတ်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထ။ င–ဝါကျ၌ မဂ္ဂေန ။ ပ ။ ဝိဒ္ဓံသိတတ္တာဖြင့် ဝေးခြင်းဟူသည် မဂ်ဖြင့် ဝါသနာနှင့်တကွ ကိလေသာတို့ကို ဖျက်ဆီးပြီးသောကြောင့် ဝေးခြင်းပင်တည်း–ဟု ပြ၏၊ အဓိပ္ပါယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။

**အမှာ။** ။စ–ဝါကျ၌လည်း အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးကြည့်ပါ၊ လွယ်ပါပြီ။

**၇။ ပုစ္ဆာ။** ။င–မှတ်ပြဝါကျ၌ "ဝိဒ္ဓံသိတတ္တာ၊ ဝိခံသိတတ္တာ"ဟူသော ပါဌ်နှစ်ချက်တွင် မည်သည့်ပါဌ်သာ သင့်သည်ဟု အကြောင်းပြ ဖြေဆိုပါ။

**၇။ အဖြေ။** ။"ခံသ ဘမ၊ ဓျေ ဃရတို့၊ အစဗျည်းမှာ၊ ဒွေးဘော်သာ" ဟူသော ဘုရားကြီးနိယာမ်, "ဝဂ္ဂါဒုတိယ၊ စတုတ္ထလည်း၊ ဌာနချင်းထောက်၊ ဒွေးဘော်ရောက်၏"ဟူသော ဝိသုဒ္ဓါရုံ ဒွေဘော်လင်္ကာကြီးတို့နှင့်အညီ ဝိဥပသာရမှ နောက်ဖြစ်သော ခံသဓာတ်၏ အစဗျည်းဖြစ်သော ခအောက်ခြိုက်အက္ခရာသည် ဒွေဘော်လာရာဌာန ကေန်ဖြစ်သောကြောင့် ဝိဒ္ဓံသိတတ္တာ–ပါဌ်သာ သင့်၏။ ဝိခံသိတတ္တာ–ပါဌ်ကား မသင့်။

**၈။ ပုစ္ဆာ။** ။ဂ–မှတ်ပြဝါကျပါ အရိနံ–ပုဒ်၌ ဖြစ်သင့်သော ဥပစာ, နယတို့ကို ရှင်းလင်းဖော်ပြပါ။ (ရှင်ဋီနည်း မလို။)

**၈။ အဖြေ။** ။အရိနံ–၌ အရိသည် အတ္တဖြစ်သော ပကတိရန်သူတို့၏ အရိဟူသောအမည်ကို အတ္တရှိသော ကိလေသာ၌ တင်စား၍ အတ္တရှိသော ကိလေသာကို အရိ–ဟု ခေါ်ဝေါ်ခြင်းကြောင့် သဒိသူပစာ ဖြစ်၏။ အာရကတ္တာ, ဟတတ္တာ–နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနနည်း ဖြစ်၏။

**၉။ ပုစ္ဆာ။** ။အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယဝါကျ စီကုံးပြပါ။

ထိုဝိနည်းဓိုရ်သည် ဝိနည်းပရိယတ်ကို မှီ၍ မိမိ၏ သီလဂုဏ်ကျေးဇူးကိုလည်း ကောင်းစွာ လုံခြုံစေအပ်သည်, ကောင်းစွာ စောင့်ရှောက်အပ်သည် ဖြစ်၏၊ သံသယအလယ်၌ ကင်းသော ရွံ့ရှားခြင်းရှိသည်ဖြစ်၍ ပြောဆိုနိုင်၏။

http://www.dhammadownload.com



၉။ အဖြေ။ ။အပိ စဿ ဝိနယပရိယတ္တိံ နိဿာယ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော၊ ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ။

၁၀။ ပုစ္ဆာ။ ။ဖြဟ္မာ သဟမ္ပတိ သိနေရုမတ္တေန ရတနဒါမေန တထာဂတံ ပူဇေသိ။(၁၆)ဟူသော အဋ္ဌကထာ၌ ပူဇာတော်၏အရကို ယူ၍ အဿာဒစသော ခြောက်ပါးတို့ဖြင့် ဒေသနာဟာရနေတ္တိနည်း ထုတ်ပြခဲ့ပါ။

၁၀။ အဖြေ။ ။ပူဇေသိ-၌ ပူဇာတော်အရ ပူဇော်ခြင်း ဒါနစေတနာသည် လည်းကောင်း၊ ထိုဒါနစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း သာယာအပ်သော အဿာဒ၊ တဏှာသည် သာယာတတ်သော အဿာဒမည်၏၊ ပူဇော်ကြောင်း ရတနာပန်းဆိုင်းတည်းဟူသော ရုပ်တရားသည် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝ မည်၏။ မဂ်နိဗ္ဗာန်သည် နိဿရဏမည်၏။ မဂ်၏ အကျိုးဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေး, ဒဏ္ဍဘေး, သံသာရဒုက္ခတို့မှ လွတ်မြောက်ခြင်းသည်လည်းကောင်း ဖလမည်၏။ ပန်းဆိုင်းဖြင့် ပူဇော်ခြင်းသည် အကြောင်းဥပါယ မည်၏။ "အကျိုးဘေးမှ လွတ်မြောက်လိုလျှင် ဘုရားကို ပူဇော်လေ"ဟု မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိ မည်၏။ (သစ္စာဖွဲ့ပါဌ်း။)

❀❀❀❀❀

အမှတ်-၂၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၃၊ လေ့ကျင့်ခန်း

(က) သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ။

(ခ) တထာ ဟောသ သဗ္ဗဓမ္မေ သမ္မာ သာမဉ္စ ဗုဒ္ဓေါ။

(ဂ) အဘိညေယျေ ဓမ္မေ အဘိညေယျတော ဗုဒ္ဓေါ။

(ဃ) ပရိညေယျေ ဓမ္မေ ပရိညေယျတော၊ ပဟာတဗ္ဗေ ဓမ္မေ ပဟာတဗ္ဗတော၊ သစ္ဆိကာတဗ္ဗေ ဓမ္မေ သစ္ဆိကာတဗ္ဗတော၊ ဘာဝေတဗ္ဗေ ဓမ္မေ ဘာဝေ-တဗ္ဗတော။

(င) တေနေဝ စာဟ- အဘိညေယျံ အဘိညာတံ၊ ဘာဝေတဗ္ဗဉ္စ ဘာဝိတံ။ ပဟာတဗ္ဗံ ပဟီနံ မေ၊ တသ္မာ ဗုဒ္ဓေါသ္မိ ဗြာဟ္မဏာတိ။(၄၊ ပ၊ ၈၇)

ဋီကာ။ ။(က)ဣဒါနိ သမ္မာသမ္ဗုဒ္ဓေါတိ ဣမဿ အတ္ထံ ဝိဘဇိတွာ ဒဿေန္တော အာဟ "သမ္မာ သာမဉ္စာ"တိ အာဒိ။ "သမ္မာ သာမဉ္စ ဗုဒ္ဓတ္တာ သမ္မာ သမ္ဗုဒ္ဓေါ"တိ ဧတ္တကမေဝ ဟိ ဣဓ သဒ္ဒတော လဗ္ဘတိ၊ "သဗ္ဗဓမ္မာနံ"န္တိ ဣဒံ ပန အတ္ထတော လဗ္ဘမာနံ ဂဟေတွာ ဝုတ္တံ။န ဟိ ဗုဇ္ဈနကြိယာ အဝိသယာ ယုဇ္ဇတိ။

http://www.dhammadownload.com



(ဂ) လူဒါနိ တဿာ ဝိသယံ သဗ္ဗဓမ္မေတိ သာမညတော ဝုတ္တံ ဝိဘာဇိတွာ ဒဿေတုံ "အဘိညေယျံ ဓမ္မေ"တိ အာဒိ ဝုတ္တံ၊ တတ္ထ **အဘိညေယျံတိ** စတုသစ္စဓမ္မေ၊ **အဘိညေယျတော ဗုဇ္ဈတိ** အဘိညေယျဘာဝတော ဗုဇ္ဈိ။ **ပရိညေယျံ ဓမ္မေတိ** ဒုက္ခံ အရိယသစ္စမာဟ။ **ပဟာတဗ္ဗေတိ** သမုဒယပက္ခိယေ။ **သစ္ဆိကာတဗ္ဗေတိ** နိဗ္ဗာနံ သန္ဓာယာဟ။

( င) **အဘိညေယျန္တိ** လူမိနာ ဒုက္ခသစ္စမာဟ၊ **ဘာဝေတဗ္ဗန္တိ** မဂ္ဂသစ္စံ။ စသဒ္ဒေါ ပနေတ္ထ အဝုတ္တသမုစ္စယတ္ထော၊ တေန သစ္ဆိကာတဗ္ဗဿ ဂဟဏံ ဝေဒိတဗ္ဗံ။ အထ ဝါ **အဘိညေယျန္တိ** လူမိနာဝ ပရိညေယျသဒ္ဒာယေန ပရိညေယျဓမ္မေ သစ္ဆိကာတဗ္ဗဓမ္မေ စ ဒဿေတိ။ (သာရတ္ထ၊ ပ၊ ၂၂၉)

**မအူ-၇၁။** ။(ခ) အကျယ်အားဖြင့် ပြလို၍ ခ-ဝါကျကိုမိန့်။ (င) အဘိညေယျံ အစရှိသော သာရုဏ် သာဓကကို ပြလို၍ င-ဝါကျ မိန့်။ အဘိညေယျဖြင့် သစ္စာလေးပါးကို ပြ၏။ ဘာဝေတဗ္ဗံဖြင့် မဂ္ဂသစ္စာကို တိုက်ရိုက်ပြ၏။ အကြောင်းကို ဆိုခြင်းဖြင့် အကျိုး၏ပြီးစီးခြင်းကြောင့် နိရောဓသစ္စာကိုလည်း ပြ၏။ ပဟာတဗ္ဗံဖြင့် သမုဒယသစ္စာကို မုချအားဖြင့် ပြ၏၊ ဒုက္ခသစ္စာကို ကာရဏူပစာအားဖြင့် ပြ၏။ (ဋီကာနှင့် မတူပုံကို သတိထားခဲ့ပါ။)

**ဘာသာဋီကာ။** ။(က) က-၌ "သမ္မာ သာမဥ္စ သဗ္ဗဓမ္မေ အဗုဇ္ဈီတိ သမ္မာ သမ္ဗုဒ္ဓေါ"ဟု ပြု။ "အမှားမရှိ အမှန်သိရုံသာမက ကိုယ်တော်တိုင်လည်း သိသည်" ဟူလို။ (ခ) ခ-ဝါကျကား သဗ္ဗဓမ္မ-အရကိုလည်းကောင်း၊ သမ္မာ-အရ မဖောက်မပြန် အမှန်အတိုင်း သိပုံကိုလည်းကောင်း အကျယ်ပြသော စကားတည်း။ (ဘာဋီ၊ ပ၊ ၄၀၉)

**၁။ ပုစ္ဆာ။** ။ဘာဝေတဗ္ဗဉ္စ ဘာဝိတံ-၌ ပါသော စ-သဒ္ဒါကို အဝုတ္တသမုစ္စယတ္ထ ကြံ၍ င-မှတ်ပြဝါကျကို အဘိဓေယျတ္ထပေါ်လွင်အောင် အနက်ယော ဇနာပြပါ။

**၁။ အဖြေ။** ။စ-သာဓကကား၊ တေနေဝ-ထို့ကြောင့်ပင်၊ အဘိဓေယျံ ။ပ။ ဗြာဟ္မဏာတိ-ဟူ၍၊ အာဟ-မိန့်တော်မူပြီ၊ ဗြာဟ္မဏ-သေလပုဏ္ဏား၊ မေ-ငါသည်၊ အဘိညေယျံ-ထူးသောဉာဏ်ဖြင့် သိထိုက်သော ဒုက္ခသစ္စာတရားကို၊ အဘိညာတံ-ထူးသောဉာဏ်ဖြင့် သိအပ်ပြီ၊ ဘာဝေတဗ္ဗဉ္စ-မိမိသန္တာန်၌ ဖြစ်စေထိုက်သော မဂ္ဂသစ္စာကိုလည်း၊ ဘာဝိတံ-ဖြစ်စေအပ်ပြီ၊ ဝါ-ပွားစေအပ်ပြီ။ (သစ္ဆိကာတဗ္ဗဉ္စ-မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာကိုလည်း၊ သစ္ဆိကတံ-မျက်မှောက်ပြုအပ်ပြီ၊) ပဟာတဗ္ဗံ-ပယ်ထိုက်သော သမုဒယသစ္စာတရားကို၊ ပဟီနံ-ပယ်အပ်ပြီ၊ တသ္မာ-ထို့ကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူသည်၊ အသ္မိ-ဖြစ်၏။

http://www.dhammadownload.com



၂။ ပုစ္ဆာ။ ။က-ဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်မှ သဗ္ဗဓမ္မာနံ-ပုဒ်သို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ "မှန်ကန်စွာ ကိုယ်တိုင်သာ သိတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်၏"ဟု ပါဠိတော်၌ ဆိုတော်မူ၏၊ အဘယ်သို့ သိပါသနည်း၊ တစ်စိတ်တစ်ဖို့ တချို့တစ်ဝက်သာ သိပါသလော။ ဤသို့ သူမေးဖွယ်ရှိသော ကြောင့် သဗ္ဗဓမ္မာနံ-ပုဒ်ကိုမိန့်။

မှတ်ချက်။ ။သံဝဏ္ဏေတဗ္ဗကို ထပနာကိုင်၍ သံဝဏ္ဏနာသို့ လျှဉ်းပါးခြင်း (တက်ခြင်း)လည်း ရှိနိုင်သည်၊ စည်းမျဉ်းနှင့် အဖြေတုန်းကလည်း နမူနာ ရေးခဲ့ပြီ။ တစ်ပုဒ်မှ တစ်ပုဒ်သို့ တက်ပုံကို လေ့ကျင့်ခန်း ဖ-၌တွေ့လိမ့်ဦးမည်။ ထို့ကြောင့် ကျမ်းတက်ရာ၌ တစ်ဝါကျမှ တစ်ဝါကျသို့ တက်ခြင်းအပြင် တစ်ပုဒ်မှ တစ်ပုဒ်သို့ တက်ခြင်း၊ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ တက်ခြင်း၊ တစ်ဝါကျထဲ၌ပင် ဖြစ်သင့် သလို ထပနာကိုင်၍ တက်ခြင်းများလည်း ရှိနိုင်သည်-ဟု စုပေါင်းမှတ်ထားပါ။

၂။ ပုစ္ဆာ။ ။ဃ-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဆရာသည်၊ ဂ-ဝါကျဖြင့် "အဘိညေယျတရားတို့ကို အဘိညေယျအဖြစ်အားဖြင့် သိတော်မူသည်"ဟု ဆိုတော်မူ၏၊ အဘိညေယျတရား တို့ဟူသည် အဘယ်တို့ပါနည်း၊ သစ္စာလေးပါးမှ အလွတ်ဖြစ်ပါသလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဃ-ဝါကျကို မိန့်။

မှတ်ချက်။ ။အဘိညေယျဟူသည် သစ္စာလေပါးတည်း။ ထို သစ္စာ လေးပါးသရုပ်ကို ဃ-ဝါကျဖြင့် ထုတ်ပြသည်၊ ထို့ကြောင့် ဤသို့ တက်ရသည်။

၂။ ပုစ္ဆာ။ ။င-မှတ်ပြဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် (ဂ၊ ဃ) မှတ်ပြဝါကျတို့ဖြင့် သာချကို ပြဆိုတော် မူပြီး၍ ယခုအခါ ထို၏သာကေကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် င-ဝါကျကို မိန့်။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပြီးလျှင်၊ ဂ-ဝါကျပါ အဘိညေယျတော-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။ခ-ဝါကျသည် သဗ္ဗဓမ္မအရကိုလည်းကောင်း၊ မဖောက်မပြန် သိပုံကိုလည်းကောင်း အကျယ်ပြသောကြောင့် ဝိတ္ထာရဝါကျ။ ဂ-ဝါကျသည် သဗ္ဗဓမ္မေပုဒ်၏ အရကို အကျယ်ပြသောကြောင့် ဝိတ္ထာရဝါကျ။ ဃ-ဝါကျသည်

http://www.dhammadownload.com



အဘိညေယျပုဒ်၏ အရကို အကျယ်ပြသောကြောင့် ဝိတ္ထာရဝါကျ။ င–ဝါကျသည် သာဓကကို ပြသောကြောင့် ဒဠှီကရဏဝါကျ။ (လဒ္ဓဂုဏက ပိုကောင်းသည်။)

**စာစပ်။** ။အဘိညေယျတော–ကား အားဖြင့်–ဟူ၍ အနက်ပေးသောကြောင့် ဗုဒ္ဓေါ–၌ ကြိယာဝိသေသန၊ ဗုဒ္ဓေါကား ကြိယာဝိသေသျ အဖြစ်ဖြင့် စပ်အပ်၏။

**မှတ်ချက်။** ။မအူအတိုင်း စပ်လိုက်သည်။ ဘာသာဋီကာကား အဖြစ်ဖြင့်–ဟုပေး၏၊ ထိုအလို "ကရိဏ်း၊ ကရိဏ်း၏ ကြိယာ"ဟု ဆို၍စပ်ပါ။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို ရှေ့နောက် ထောက်ဆ၍ ဝါကျ အမည် မှည့်ပြပါ။

**၃။ အဖြေ။** ။(ခ၊ ဂ၊ ဃ၊ င)ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ က–ဝါကျသည် သခ်ေပဝါကျ။ ဝိတ္ထာရဝါကျထဲတွင် (ဂ၊ ဃ၊ င) ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ ခ–ဝါကျသည် သခ်ေပ ဝါကျ။ ဝိတ္ထာရဝါကျထဲတွင် င–ဝါကျသည် ဒဠှီကရဏဝါကျ၊ ထိုဝါကျကို ထောက်၍ (ဂ၊ ဃ)ဝါကျတို့သည် ဒဠှီယဝါကျ။ ဒဠှီယဝါကျထဲတွင် ဃ–ဝါကျသည် ဝိတ္ထာရဝါကျ၊ ထိုဝါကျကို ထောက်၍ ဂ–ဝါကျသည် သခ်ေပဝါကျ။

**၄။ ပုစ္ဆာ။** ။က–ဝါကျပါ ဗုဒ္ဓတ္တာ၌ ဗုဒ္ဓပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ဉာဉ် ကောက်ပြပါ။

**၄။ အဖြေ။** ။ဗုဇ္ဈိယိံသူတိ ဗုဒ္ဓါ။ (အနက်ပေး၊ စစ်၊ ခွဲ) ဗုဓဓာတ်၏ ကတ္တုဒ္ဓကြိယာကား ဝိပဿနာပညာစသည်, မဂ်ပညာ သဗ္ဗညုတဉာဏ်စသည် တို့သည် မုချအားဖြင့် ရ၏။ တရားတို့၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ အားဖြင့် ရ၏။ တ, ပစ္စည်း၏အရကား ထိုမုချဖလူပစာတို့ဖြင့် မှတ်အပ်သော အလုံးစုံသော တရား ရ၏။

**မှတ်ချက်။** ။ကတ္တုဒ္ဓကြိယာကို ကောက်ရာ၌ အဘိညေယျတော ဗုဒ္ဓေါတိ ပုဗ္ဗဘာဂေ ဝိပဿနာပညာဒီဟိ အဓိဂမက္ခဏေ မဂ္ဂပညာယ အပရဘာဂေ သဗ္ဗညု တညာဏာဒီဟိ အညာသီတိ အတ္ထော–ဟူသော ဋီကာနှင့်အညီ ကောက်သည်။ ကောက်ရိုး အကောက်ကို ပုံစံမှာ ပြခဲ့ပြီ။ ဤ၌ ဗုဒ္ဓပုဒ်သည် သဗ္ဗမြှာန်နှင့် အရတူသည်၊ တရားအားလုံးသည်လည်း သိအပ်သော ကမ္မသာဓနသတ္တိရှိကြသည်၊ ထို့ကြောင့် ကမ္မသာဓနဝိဂ္ဂြိဟ်ဆိုရသည်၊ ကတ္တုသာဓနဝိဂ္ဂဟပြုလျှင် အမှားစင်စစ် ဖြစ်သည်၊ သို့ဖြစ်၍ "ပုဒ်တစ်ခုကို ဝိဂ္ဂဟပြုလိုသောအခါ အရကောက်ကို ကြည့်

http://www.dhammadownload.com



ရသည်၊ အရကောက်အားလျော်စွာ သာဓနစသည် ထားရသည်" ဆိုသော အချက်ကို စွဲနေပါစေ။

၅။ **ပုစ္ဆာ။** ။င-ဝါကျပါ ပဟိနံ-ပုဒ်၏ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်, ကာရက, ကြိယာ-တို့ကို ဖော်ပြပါ။

၅။ **အဖြေ။** ။ပဟိနံ-သည် ပပုဗ္ဗ ဟာဓာတ်, တ, ပစ္စည်း, ပထမာကေဝုစ် သိဝိဘတ်, နပုံလိင်, ကတ္တုကာရက, ကမ္မဝါစကကိတ်ကြိယာ ဖြစ်ပါသည်။

**မှတ်ချက်။** ။ပဟိနံ-သည် လိင်သုံးပါးနှင့် ဆက်ဆံသော်လည်း ဤဒွိသမုဒယသစ္စ-ဟူသော အဘိဓေယျကို ကြည့်၍ "နပုံလိင်"ဟုဆိုးဖြတ်သည်၊ ဤအချက်ကို သတိပြုပါ။

၆။ **ပုစ္ဆာ။** ။က-ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အန္ဓယအားဖြင့် ဖော်ပြ၍၊ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည် တပ်ပြပါ။

၆။ **အဖြေ။** ။ သာမံ-ဖြင့် သံဉပသာရပုဒ်သည် သုဋ္ဌုစသောအနက်ကို မဟော(ဗျ)၊ သယံဟူသော အနက်ကို ဟော၏-ဟု ပြ၏ (န္ဓ)၊ ဉပသာရဖြစ်သော လိင်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် ဉပသဂ္ဂလိင်္ဂတ္ထ။ သဗ္ဗဓမ္မာနံ-ဖြင့် သိခြင်းဟူသည် တစ်စိတ်တစ်ဒေသသာ သိခြင်းမဟုတ်(ဗျ)၊ အလုံးစုံကို သိခြင်းဟု ပြ၏ (န္ဓ)၊ အဓိပ္ပါယ်ရ အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ။ အပေါင်းဖြင့် သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ အဗုဇ္ဈီတိ သမ္မာသမ္ဗုဒ္ဓေါ-ဟု ဝိဂ္ဂဟပြု၍ တ,ပစ္စည်း၏ ကတ္တားအနက် ဟောကြောင်းကို ပြ၏၊ ကိတ်ဖြစ်သောပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။

၇။ **ပုစ္ဆာ။** ။င-ဝါကျ၌ "ဗြဟ္မဏာ"ဟူ၍လည်းကောင်း, "ဗြာဟ္မဏာ" ဟူ၍လည်းကောင်း ပါဠိနှစ်ထွေရှိရာ မည်သည့်ပါဠိသာ သင့်ပါသနည်း၊ အဘယ့်ကြောင့်ပါနည်း။

၇။ **အဖြေ။** ။"ဗြာဟ္မဏာ"ဟု ဗြဒ္ဓိ ရေးချပါသောပါဠိသာ သင့်ပါသည်၊ အကြောင်းမှာ ဗြာဟ္မဏာ-ကို "ဗြာဟ္မ+အဏာ"ဟု ပုဒ်ခွဲ၍ ထိုဗြာဟ္မသည် ဝေဒကို ဟောရကား ဗြဟ္မုနော ဣဒံ ဗြာဟ္မံ-ဟု ဝိဂ္ဂဟပြု၍ ဣဒံအနက်ဟော ဏ,ပစ္စည်းကြောင့် ဗြ-မှ အ,ကို ဝုဒ္ဓိကေန် ပြုရမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ (အဘိဓာန်ဋီကာ နိဿယသစ်)

၈။ **ပုစ္ဆာ။** ။င-ဝါကျပါ အဘိညေယျံ-ပုဒ်၌ ဉပစာ, နယတို့ကို ရှင်းလင်း ဖော်ပြပါ။

http://www.dhammadownload.com



**၈။ အဖြေ။** ။အဘိဉေယျဟူသော သဒ္ဒါသည် အပေါင်းဖြစ်သော သစ္စာလေးပါးလုံး၏ အဘိဉေယျ-ဟူသော အမည်ကို အစိတ်ဖြစ်သော ဒုက္ခ, နိရောဓ သစ္စာတို့၌ တင်စား၍ အစိတ်ဖြစ်သော ဒုက္ခ, နိရောဓ သစ္စာတို့ကို အဘိဉေယျဟု ခေါ်ဝေါ်ခြင်းကြောင့် ဧကဒေသျူပစာ ဖြစ်ပါသည်။ (ရုဠ္ဟီ, နေယျ, အဘေဒနည်းတို့အပြင် ပါရိသေသ, ဂေါဗလိဗဒ္ဒ, ပုညဉာဏသမ္ဘာရ နည်းတို့ကိုလည်း ရေးပါ၊ ပါရိသေသနည်းကို ဋီကာ တိုက်ရိုက်ဖွင့်ဆိုသည်၊ မကျန်စေနှင့်။

**၉။ ပုစ္ဆာ။** ။အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

တင့်တယ်သော ကြွသွားခြင်းရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းသော **အရပ်သို့ ကြွသွားတတ်သည်၏** အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းစွာ ကြွသွားခဲ့သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းစွာ မိန့်မြွက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း "သုဂတ"မည်၏။ ချဲ့ဦးအံ့၊ သွားခြင်းကိုလည်း "ဂတ"ဟူ၍ ဆိုအပ်၏၊ မြတ်စွာဘုရား၏ ထိုကြွသွားခြင်းသည်လည်း တင့်တယ်၏၊ ထက်ဝန်းကျင် စင်ကြယ်၏၊ အပြစ်မရှိ။

**၉။ အဖြေ။** ။သောဘနဂမနတ္တာ, သုန္ဒရံ ဌာနံ ဂတတ္တာ, သမ္မာဂတတ္တာ, သမ္မာ စ ဂဒတ္တာ သုဂတော၊ ဂမနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိ၊ တဉ္စ ဘဂဝတော သောဘနံ ပရိသုဒ္ဓမနဝဇ္ဇံ။

**၁၀။ ပုစ္ဆာ။** ။ယ-ဝါကျ၌ ဘာဝေတဗ္ဗေ ဓမ္မေ-အရကို သစ္စပထမ ဒေသနာဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

**၁၀။ အဖြေ။** ။ဘာဝေတဗ္ဗဓမ္မ-အရ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏၊ ထိုမဂ္ဂသစ္စာသည် အာရမ္မဏိက တရားဖြစ်၍ အာရုံနှင့် မကင်းရကား အာရုံဖြစ်သော နိဗ္ဗာန်ကိုလည်း ယူအပ်၏။ ထိုနိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုမဂ္ဂသစ္စာသည် ပဟာယကတရားဖြစ်၍ ပဟာတဗ္ဗတရားနှင့် မကင်းရကား ပဟာတဗ္ဗ ဖြစ်သော တဏှာကိုလည်း ယူအပ်၏။ ထိုတဏှာသည် သမုဒယသစ္စာ မည်၏၊ ထိုသမုဒယ သစ္စာသည် အကြောင်းဖြစ်၍ အကျိုးနှင့် မကင်းရကား အကျိုးဖြစ်သော လောကီခန္ဓာငါးပါးကိုလည်း ယူအပ်၏။ ထိုလောကီခန္ဓာငါးပါးသည် ဒုက္ခသစ္စာ မည်၏။ ထိုသစ္စာလေးပါးတို့တွင် သမုဒယသစ္စာသည် အဿာဒ မည်၏၊ ဒုက္ခသစ္စာသည် အာဒီနဝ မည်၏၊ မဂ္ဂသစ္စာ, နိရောဓသစ္စာနှစ်ပါးသည် နိဿရဏ မည်၏၊ မဂ္ဂသစ္စာကို ပွားခြင်းကြောင့် ရအပ်သော နိဗ္ဗာန်-ဟူသော အကျိုးသည် ဖလ မည်၏၊ ထိုဖလ၏ အကြောင်းဖြစ်သော မဂ္ဂသစ္စာကို ပွားစေခြင်းသည် ဥပါယ မည်၏၊ "ထိုဖလကို ရဘို့ရန် ထိုဥပါယကို ပြုကြလေ"ဟု တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် ဥပါယ မည်၏။

အမှတ်-၃၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၄၊ လေ့ကျင့်ခန်း

(က) ယံ ပန ကိဉ္စိ အတ္ထိ ဒေယျံ၊ တဿ သဗ္ဗဿ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိက ဉာဏဝသေန ဗုဒ္ဓေါ။

(ခ) ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဈိ၊ အညေပိ သတ္တေ ဗောဓေသိ။

(ဂ) တသ္မာ ဧဝမာဒီဟိပိ ကာရဏေဟိ ဗုဒ္ဓေါ။

(ဃ) ဘဂဝါတိ ဣဒံ ပနဿ ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနံ။

(င) တေနာဟု ပေါရာဏာ-

ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါဓိဝစနမုတ္တမံ။

ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတီတိ။(ဋ္ဌ၊ ပ၊ ၉၄)

**ဋီကာ။** (က) **ဝိမောက္ခန္တိကဉာဏဝသေနာတိ** ဧတ္ထ သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော၊ အဂ္ဂမဂ္ဂေါ၊ တဿ အန္တော အဂ္ဂဖလံ၊ တသ္မိံ လဒ္ဓေ လဒ္ဓဗ္ဗတော တတ္ထ ဘဝံ ဝိမောက္ခန္တိကံ၊ ဉာဏံ၊ သဗ္ဗညုတညာဏေန သဒ္ဓိံ သဗ္ဗမ္ပိ ဗုဒ္ဓဉာဏံ။ (ဃ) ဣဒါနိ ဘဂဝါတိ ဣမဿ အတ္ထံ ဒဿေန္တော အာဟ "ဘဂဝါတိ ဣဒံ ပနဿာ"တိ အာဒိ။ **ဂုဏဝိသိဋ္ဌသတ္တုတ္တမဂရုဂါရဝါဓိဝစနန္တိ** သဗ္ဗေဟိ သီလာဒိ ဂုဏေဟိ ဝိသိဋ္ဌဿ တတော ဧဝ သဗ္ဗသတ္တေဟိ ဥတ္တမဿ ဂရုနော ဂါရဝဝသေန ဝုစ္စမာနဝစနမေတံ ဘဂဝါတိ။ (င) **ဘဂဝါတိ ဝစနံ သေဋ္ဌန္တိ** သေဋ္ဌဝါစကံ ဝစနံ သေဋ္ဌဂုဏသဟစရဏတော "သေဋ္ဌ"န္တိ ဝုတ္တံ။ အထ ဝါ ဝုစ္စတီတိ ဝစနံ၊ အတ္ထော၊ တသ္မာ ယော "ဘဂဝါ"တိ ဝစနေန ဝစနီယော အတ္ထော၊ သော သေဋ္ဌောတိ အတ္ထော။ **ဂါရဝယုတ္တောတိ** ဂရုဘာဝယုတ္တော ဂရုဂုဏယောဂတော။ ဂရုကရဏံ ဝါ သာတိသယံ အရဟတီတိ ဂါရဝယုတ္တော၊ ဂါရဝါရဟောတိ အတ္ထော။(သာရတ္ထ၊ ပ၊ ၂၉၅-၇)

**မအူ-၁၂၀။** ။(ခ) မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်တို့၌ လာသောနည်း ဖြင့်လည်း ဝစနတ္ထကို ပြလို၍ ခ-ဝါကျကို မိန့်။ (ဃ) "ဘဂဝါ"ဟူသောပုဒ်၏ အနက်ကိုပြလို၍ ဃ-ဝါကျကို မိန့်။ (င)သာဓကကို ပြလို၍ င-ဝါကျကိုမိန့်။

**ဘာသာဋီကာ။** ။(က)က-ဝါကျ၌ တချို့စာတွင် သဗ္ဗဿနောင် ပိကျ သည်၊ "ပိတိ ဥပရိ ဝုစ္စမာနော ဝိသေသော ဇောတီယတိ"ဟု ဋီကာဖွင့် သော ကြောင့် "သဗ္ဗဿာပိ"ဟု ရှိစေ။ (ခ) ခ-ဝါကျ၌ "အဗုဇ္ဈီတိ ဗုဒ္ဓေါ"ဟု သုဒ္ဓ ကတ္တုသာဓ်, "ဗောဓေသီတိ ဗုဒ္ဓေါ"ဟု ဟေတုကတ္တုသာဓ်လုပ်၍ ထိုနှစ်ပုဒ်ကို ကေသေသ်လုပ်။ ဟေတုကတ္တုသာဓ်၌ ကာရိတ်ပစ္စည်းကျေ၊ ဏ-အနုဗန်ကာရိတ် ကြောင့် ဝုဒ္ဓိမပြုခြင်းမှာ ဝုဒ္ဓိအပြုက မပြုသောကြောင့်တည်း။ ဥပမာ-ပဏ္ဏသောသာ+ သစ်ရွက်တို့ကို ခြောက်သွေ့စေနိုင်သောလေတို့"ဟူရာ၌ ဝုဒ္ဓိမပြုဘဲ "ပဏ္ဏသုသာ"

http://www.dhammadownload.com



ဟုလည်း ရှိနိုင်သကဲ့သို့တည်း။ ထို့ကြောင့် "ဗောဓွေါ"ဟု ဝုဒ္ဓိမရောက်။ (ဃ) ဃ-ဝါကျ၌ ဂရုနေရာ၀ယ် ဂုရုလည်း သင့်၏။ (င)င-ဝါကျ၌ ဘဂဝါသဒ္ဒါ၏ ဟောနက်သည် ဘုရားတည်း၊ ထိုဘုရားတည်းဟူသော အနက်က သေဋ္ဌဖြစ်သော ကြောင့် ဘဂဝါဟူသော သဒ္ဒါလည်း တကွဖြစ်ဖက် သဟစရဏနည်း, အနက်ကို အကြောင်းပြုသော ကာရဏူပစာအားဖြင့် သေဋ္ဌ-ချီးမွမ်းအပ်သော သဒ္ဒါဖြစ်လေ တော့၏။ ဂရုသဒ္ဒနေ, ဉဂ္ဂိရဏော ဝါ-ဓာတ်ကျမ်းရှိသောကြောင့် "ဂရုတိ မေတ္တာဒကံ သိဋ္ဌတီတိ ဂရု၊ ဂိရတိ မေတ္တာသိနေဟံ ဝမတီတိ ဂရု"ဟု ဝိဂ္ဂဟပြုကြ၏။ ဤ နေရာ၌ ထိုဝိဂ္ဂဟများ ပြုဖွယ်မလို၊ ဤနေရာကား "ဂရုပုဒ်သည် မဟန္တ တ္ထ ဗုဒ္ဓ နတ္ထဝါစီရင္ဇီအနိပ္ဖန္နပါဋိပဒိကပုဒ်"ဟု ကြံသင့်သည် ထင်သည်။ "ဂရုနော-လေးစား အပ်သောပုဂ္ဂိုလ်၏၊ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ"ဟူသည် သီလစသော ဂုဏ်တည်း၊ ထို့ကြောင့် ဂါရဝအရ သီလစသော ဂုဏ်ထူး ရ၏။ (ဘာဋီ၊ ပ၊ ၄၄၃)

၁။ ပုစ္ဆာ။ ။သော, တေန-ဟူသော နိယမတို့၏ အနိယမတို့ကို ထည့်စွက်လျက် င-ဝါကျကို အနက်ယောဇနာပြပါ။

၁။ အဖြေ။ ။တေန-ထို့ကြောင့်၊ ပေါရာဏာ-တို့သည်၊ ဘဂဝါတိ- ။ ပ ။ ဝုစ္စတီတိ-ဟူ၍၊ အာဟု-ကုန်၏။ ဘဂဝါတိ ဝစနံ-ဘဂဝါဟူသော သဒ္ဒါ သည်၊ သေဋ္ဌံ-အထူးသဖြင့် ချီးမွမ်းအပ်သော သဒ္ဒါတည်း၊ ဘဂဝါတိ ဝစနံ- သည်၊ ဉတ္တမံ-မြတ်သောသဒ္ဒါတည်း။ တစ်နည်း၊ ဘဂဝါတိဝစနံ-ဘဂဝါ သဒ္ဒါ ဟောအပ်သောအနက်သည်၊ သေဋ္ဌံ-အထူးသဖြင့် ချီးမွမ်းအပ်သော အနက် တည်း၊ ဘဂဝါတိဝစနံ-သည်၊ ဉတ္တမံ-မြတ်သော အနက်တည်း။ (တထာဂတော- သည်၊) ဂါရဝယုတ္တော-အလေးပြုသည်၏အဖြစ်ဟူသော ဂုဏ်နှင့်ယှဉ်တော်မူ၏။ (ယေနကာရဏတ္ထယေန-အကြင် အကြောင်းသုံးပါးအပေါင်းကြောင့်၊ ယော တထာ ဂတော-သည်၊) ဂရု-ဂရုမည်တော်မူ၏၊ တေန ကာရဏတ္တယေန-ကြောင့်၊ သော တထာဂတော-ကို၊ ဘဂဝါ-ဘဂဝါဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

၂။ ပုစ္ဆာ။ ။ခ-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဆရာသည်၊ က-မှတ်ပြဝါကျဖြင့် ဗုဒ္ဓေါပုဒ်၏ ဝစနတ္ထကို အဋ္ဌကထာ၌ လာသောနည်းဖြင့် ပြဆိုတော်မူ၏၊ မဟာနိဒ္ဒေသ, ပဋိ သမ္ဘိဒါမဂ်တို့၌ လာသောနည်းဖြင့် မပြတော့ပြီလော၊ မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ် တို့၌ လာသောနည်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ- ဝါကျကို မိန့်။

http://www.dhammadownload.com



၂။ ပုစ္ဆာ။ ။ င-ဝါကျတွင် ပထမပါဒမှ ဒုတိယပါဒသို့ အနုသန္ဓေ နည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ ဤသို့လျှင် ပထမပါဒဖြင့် ဂုဏဝိသိဋ္ဌ သာဓကကို ပြဆို ပြီး၍ ယခုအခါ သတ္တုတ္တမ၏ သာဓကကို ပြလိုသော အဋ္ဌကထာဆရာသည် ဒုတိယပါဒကို မိန့်။

မှတ်ချက်။ ။တစ်ပါဒမှ တစ်ပါဒသို့ တက်ထားပုံကို သတိပြု အတုယူပါ။

၃။ ပုစ္ဆာ။ ။ အထက်ပါ ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပြီးလျှင်၊ င-ဝါကျပါ ဘဂဝါတိဝစနံ-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။ ခ-ဝါကျသည် ဗုဒ္ဓပုဒ်ဝစနတ္ထကို တစ်နည်းအားဖြင့် ပြသောကြောင့် ပက္ခန္တရဝါကျ။ ဂ-ဝါကျသည် အကျိုးဖလကို ပြသောကြောင့် ဖလဝါကျ။ (နိယမဝါကျလည်း ယူနိုင်သည်။) ဃ-ဝါကျသည် ဗုဒ္ဓေါပုဒ်၏ အဖွင့် မှတစ်ပါး ဘဂဝါပုဒ်၏ အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။ င-ဝါကျသည် သာဓကကို ပြသောကြောင့် ဒဋ္ဌကရဏဝါကျ။

စာစပ်။ ။ဘဂဝါတိဝစနံ-ကား သည်-ဟူ၍ အနက်ပေးသောကြောင့် သေဋ္ဌ၌ တုလျတ်၊ သေဋ္ဌကား လိင်္ဂတ်အဖြစ်ဖြင့် စပ်အပ်၏။

မှတ်ချက်။ ။ ဟောတိ-ဟူသော ပါဌသေသ ထည့်စွက်၍ စပ်လိုလျှင် ပကတိကတ္တား၊ ပကတိကတ္တား၏ ကြိယာအဖြစ်ဖြင့်လည်း စပ်နိုင်၏။ သူ့အတိုင်း စပ်ခြင်းက ပို၍ ကောင်းသည်။

၃။ ပုစ္ဆာ။ ။ အထက်ပါ ဝါကျတို့ကို အချင်းချင်း ထောက်ဆ၍ အမည် ပေးပြပါ။

၃။ အဖြေ။ ။ (ဃ၊ င)ဝါကျတို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျထို့ကို ထောက်၍ (က၊ ခ၊ ဂ)ဝါကျတို့သည် ပက္ခဝါကျ။ ပက္ခဝါကျထဲတွင် (ခ၊ ဂ) ဝါကျတို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ က-ဝါကျသည် ပက္ခဝါကျ။ ပက္ခန္တရဝါကျထဲတွင် ဂ-ဝါကျသည် ဖလဝါကျ၊ ထိုဝါကျကိုထောက်၍ ခ-ဝါကျသည် ဟေတုဝါကျ။ ပထမပက္ခန္တရဝါကျထဲတွင် င-ဝါကျသည် ဒဋ္ဌကရဏ ဝါကျ၊ ထိုဝါကျကို ထောက်၍ ဃ-ဝါကျသည် ဒဋ္ဌိယဝါကျ ဖြစ်ပါသည်။

၄။ ပုစ္ဆာ။ ။က-ဝါကျပါ ဝိမောက္ခ-ပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ဉာဏ် ကောက်ပြပါ။

http://www.dhammadownload.com



**၄။ အဖြေ။** ။ ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော။ (အနက်ဖေး, စစ်, ခွဲ။) ဝိပဿ မောက္ခဓာတ်၏ အရကား အရဟတ္တမဂ်ဉာဏ်၏ သမုစ္ဆေဒပဟာန သတ္တိသည် မုချအားဖြင့် ရ၏၊ ရှေးရှေး၌ဖြစ်သော အောက်မဂ်, အောက်ဖိုလ် ဉာဏ်, ဝိပဿနာ ဉာဏ်, ပါရမီဉာဏ်-စသည်တို့သည် ဖလူပစာအားဖြင့် ရ၏။ နောက်နောက်၌ ဖြစ်သော အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ဒေသနာ ဉာဏ်-စသည် တို့သည် ကာရဏူပစာအားဖြင့် ရ၏။ အ,ပစ္စည်း၏အရကား ထိုမုချ ဖလူ ကာရဏူပစာတို့ဖြင့် မှတ်အပ်သော သတ္တိမန္တ ဖြစ်သော အရဟတ္တမဂ် ဉာဏ် ရ၏။

**၅။ ပုစ္ဆာ။** ။က-ဝါကျပါ ဥေယျံ, ဃ-ဝါကျပါ ဂုဏ-ပုဒ်တို့၏ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်, ကာရက-တို့ကို ဖော်ပြပါ။

**၅။ အဖြေ။** ။ ဥေယျံ-သည် ဉာဓာတ်, ဏျပစ္စည်း, ပထမာကေဝုစ် သိဝိဘတ်, နပုံလိင်, ကတ္တုကာရက-ဖြစ်ပါသည်။ ဂုဏသည် ဂုဏဓာတ်, တစ်နည်း-ဂဏဓာတ်, အ,ပစ္စည်း, တတိယာဗဟုဝုစ် ဟိဝိဘတ်, ပုံလိင်, ကရဏ ကာရက-ဖြစ်ပါသည်။

**၆။ ပုစ္ဆာ။** ။ဃ-မှတ်ပြဝါကျ၌ အာဘော်ဖော်၍ အကြောင်းပြလျက် သံဝဏ္ဏနာ အမည်ပေးပါ။

**၆။ အဖြေ။** ။ဘဂဝါ-ဟူသော သဒ္ဒါသည် ဂုဏဝိသိဋ္ဌကြောင့် သတ္တုတ္တမ ဖြစ်တော်မူသော အလေးပြုအပ်သော ဘုရား၌ အလေးပြုတတ်သူ၏ အဖြစ်အားဖြင့် ဖြစ်သော သဒ္ဒါပင်တည်း-ဟု သိစေ၏၊ အဓိပ္ပါယ်ရ အနက်ကို ပြသောကြောင့် ဘာဝတ္ထ။

**တစ်နည်းကား။** ။ဘဂဝါ-ဟူသောပုဒ်၏ အလေးပြုအပ်သူကို ဟောသော မဟန္တ တ္ထဗုဒ္ဓနတ္တဝါစီ ရဋ္ဌိအနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်ကြောင်းကို သိစေ၏၊ နာမ်ဖြစ် သော လိင်ပုဒ်၏အနက်ကို ပြသောကြောင့် နာမလိင်္ဂတ္ထ။

**၇။ ပုစ္ဆာ။** ။ဃ-ဝါကျ၌ ဂရုအစား ဂုရု-ဟုရှိပါက သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

**၇။ အဖြေ။** ။ဂရုအစား ဂုရုရှိက သင့်ပါသည်။ အကြောင်းမှာ ဂရုသဒ္ဒါ လည်း ဂုရုကဲ့သို့ပင် အလေးပြုအပ်သော ပုဂ္ဂိုလ်ဟူသော အနက်ကို ဟောနိုင် သောကြောင့် ဖြစ်ပါသည်။

**၈။ ပုစ္ဆာ။** ။ဘဂဝါတိဝစနံ သေဋ္ဌ-၌ ဖြစ်သင့်သော ဥပစာ, နယတို့ကို ရှင်းပြပါ။

http://www.dhammadownload.com



၈။ အဖြေ။ ။ဘဂဝါတိ ဝစနံ သေဋ္ဌ-သည် အကြောင်းဖြစ်သော ဘုရားဟူသော အနက်၏အမည်ကို အကျိုးဖြစ်သော ဘဂဝါဟူသောသဒ္ဒါ၌ တင်စား၍ ဆိုထားသောကြောင့် ကာရဏူပစာ ဖြစ်ပါသည်။ ဘုရားတည်းဟူသော အနက်နှင့် ဘဂဝါဟူသောသဒ္ဒါတို့ တကွဖြစ်သောကြောင့် သဟစရဏနည်း ဖြစ်ပါသည်။ (နာနန္တရိက, ရုဠှီ, နေယျ, အဘေဒ-တို့ကိုလည်း ရေးပါ။)

၉။ ပုစ္ဆာ။ ။အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

ဘဂဝါဟူသော အမည်တော်ကို အမေသည် မပြုအပ်။ ဤဘဂဝါဟူသော အမည်တော်သည် အလုံးစုံသော တရားကို သိတော်မူကြကုန်သော ဘုန်းတော်ကြီး ဘုရားတို့၏ ဗောဓိပင်၏ အနီးအောက်၌ သဗ္ဗညုတဉာဏ်တော်ကို ရခြင်းနှင့် တစ်ပြိုင်နက် အရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်ခဏ၌ ဖြစ်သော နာမည်တည်း။

၉။ အဖြေ။ ။ဘဂဝါတိ နေတံ နာမံ မာတရာ ကတံ၊ ဝိမောက္ခန္တိက မေတံ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဗောဓိယာ မူလေ သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ။

၁၀။ ပုစ္ဆာ။ ။ခ-ဝါကျပါ ကာရဏောဟိ-ပုဒ်ကို ဝေဝစနဟာရနေတ္တိ နည်းဖြင့် ဖွင့်ပြပါ။

၁၀။ အဖြေ။ ။ကာရဏောဟိ-ဟူသောပုဒ်ကို နိမိတ္တေဟိ, ဌာနေဟိ, ပဒေဟိ, ဗီဇေဟိ, နိဗန္ဓနေဟိ, နိဒါနေဟိ,ပဘဝေဟိ, ဟေတူဟိ, သမ္ဘဝေဟိ, သေတူဟိ, ပစ္စယေဟိ-စသည်ဖြင့် များစွာသော ဝေဝစ်ပရိယာယ် စကားလှယ် တို့ဖြင့် ယှဉ်စေအပ်၏။

နိမိတ္တံ ကာရဏံ ဌာနံ၊ ပဒံ ဗီဇံ နိဗန္ဓနံ။
နိဒါနံ ပဘဝေါ ဟေတု၊ သမ္ဘဝေါ သေတု ပစ္စယော။
(အဘိဓာန်-၉၁)

အမှာ။ ။ဝိမောက္ခန္တိက ဉာဏဝသေန-၌ ဝိမောက္ခ-အရ အရဟတ္တမဂ်ယူ၊ ဝိမောက္ခန္တ-အရ အရဟတ္တဖိုလ်ကိုယူ၊ ဝိမောက္ခန္တိကဉာဏ-အရ သဗ္ဗညုတဉာဏ် ယူ၍ ပဒဋ္ဌာနဟာရနေတ္တိနည်း ထုတ်ကြည့်ပါ။

❀❀❀❀❀

အမှတ်-၄၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၅၊ လေ့ကျင့်ခန်း

(က) ဂဗ္ဘတော အပဂတောတိ **အပဂဗ္ဘော**။

(ခ) အဘဗ္ဗော ဒေဝလောကူပပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော။

(ဂ) **ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘော**။

(ဃ) ဒေဝလောကဂဗ္ဘပရိဗာဟိရတ္တာ အာယတိံ ဟီနဂဗ္ဘပဋိလာဘဘာဂီတိ။

(င) ဟီနော ဝါဿ မာတုကုစ္ဆိမှိ ဂဗ္ဘဝါသော အဟောသီတိ အဓိပ္ပါယော။

(စ) **ယဿ ခေါ ဗြာဟ္မဏ အာယတိံ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာတိ** ဗြာဟ္မဏ ယဿ ပုဂ္ဂလဿ အနာဂတေ ဂဗ္ဘသေယျာ ပုနဗ္ဘဝေ စ အဘိနိဗ္ဗတ္တိ အနုတ္တရေန မဂ္ဂေန ဝိဟတကာရဏတ္တာ ပဟီနာ။ (၄-ပ၊ ၁၀၇)

**ဋီကာ**။ (က) **ဂဗ္ဘတောတိ** ဒေဝလောကပဋိသန္ဓိတော။ တေနေဝါဟ "အဘဗ္ဗော ဒေဝလောကူပပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော"တိ။ (ဃ) **ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘောတိ** ဣမဿ ဝိဂ္ဂဟဿ ဧကေန ပရိယာယေန အဓိပ္ပါယံ ဒဿေန္တော အာဟ"ဒေဝလောက ဂဗ္ဘပရိဗာဟိ ရတ္တာ အာယတိံ ဟီနဂဗ္ဘပဋိလာဘ ဘာဂီ"တိ။ ယသ္မာ အာယတိမ္ပိ ဟီနဂဗ္ဘပဋိလာဘဘာဂီ၊ တသ္မာ ဟီနော ဝါ ဂဗ္ဘော အဿာတိ အပဂဗ္ဘောတိ အဓိပ္ပါယော။

(င) ပုန တဿေဝ ဝိဂ္ဂဟဿ **ကာလဝသေန ။ ပ ။ ဒဿေန္တောတိ** ဟေဋ္ဌာ ဝုတ္တနယဿ အနုရူပံ ကတွာ အဓိပ္ပါယံ ဒဿေန္တော အာဟ "ဟီနော ဝါဿ မာတုကုစ္ဆိသ္မိံ ဂဗ္ဘဝါသော အဟောသီတိ အဓိပ္ပါယော"တိ။ (စ) ဂဗ္ဘသဒ္ဒေါ အတ္ထိ မာတုကုစ္ဆိပရိယာယော "ဂဗ္ဘေ ဝသတိ မာဏဝေါ"တိအာဒီသု ဝိယ။ အတ္ထိ မာတုကုစ္ဆိသ္မိံ နိဗ္ဗတ္တသတ္တပရိယာယော "အန္တမသော ဂဗ္ဘပါတနံ ဥပါဒါယာ"တိ အာဒီသု ဝိယ။ တတ္ထ မာတုကုစ္ဆိပရိယာယံ ဂဟေတွာ အတ္ထံ ဒဿေန္တော အာဟ "အနာဂတေ ဂဗ္ဘသေယျာ"တိ။ ဂဗ္ဘေ သေယျာ ဂဗ္ဘသေယျာ။ **အနုတ္တရေန မဂ္ဂေနာတိ** အဂ္ဂမဂ္ဂေန။ ကမ္မကိလေသာနံ မဂ္ဂေန ဝိဟတတ္တာ အာဟ "ဝိဟတကာရဏတ္တာ"တိ။ (သာရတ္ထ၊ ပ၊ ၃၄၈)

**မအူ-၂၁၀**။ ။(ခ) စကားကျကို ပြလို၍ ခ-ဝါကျ မိန့်။ (ဂ) ပထမအတ္ထဝိကပ်၌ ပဒတ္ထကို ပြပြီး၍ ဒုတိယအတ္ထဝိကပ်၌ ပဒတ္ထကို ပြလို၍ ဂ-ဝါကျ မိန့်။ (ဃ) အကြောင်းပြလို၍ ဃ-ဝါကျ မိန့်။ (င) အဆိုကို ပြလို၍ င-ဝါကျ မိန့်။

**ဘာသာဋီကာ**။ ။(စ) စ-ဝါကျ၌ ဘုရားသည် အဝိဇ္ဇာ, တဏှာပြဋ္ဌာန်းသော ကိလေသာတို့ကို တိုက်ရိုက်ပယ်သဖြင့် ကုသိုလ်, အကုသိုလ်ကံတို့ကိုလည်း

http://www.dhammadownload.com



ပယ်ရာရောက်၏၊ ထိုသို့ အကြောင်း ကံကိလေသာတို့ကို ပယ်ခြင်းသည်ပင် အကျိုး ဂဗ္ဘသေယျ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိတို့ကိုလည်း ပယ်ခြင်းဖြစ်သောကြောင့် "ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာ"ဟု မိန့်သည်။ "အကျိုးနာမည်ကို အကြောင်း၌တင်စား သော ဖလူပစာရစကား"ဟု မှတ်။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ-၌ ပုနရ်-ဟု သကတရှိသော ကြောင့် ပါဠိ၌ ပျောက်သွားသော ရ်-အစား နောက်ပုဒ်၌ ဒွေးဘော်လာရသည်။ (ဘာဋီ၊ ပ၊ ၅၃၈)

**ဂဗ္ဘ၌ ဥပစာမှတ်ဖွယ်။** ။ဂဗ္ဘသဒ္ဒါသည် ကလလရေကြည်စသော အခိုက် အတန့်ရှိသော တရားအစုကိုလည်းကောင်း၊ လူတို့နေရာ တိုက်ခန်းကိုလည်းကောင်း မှုချအားဖြင့် ဟော၏။ ကိုယ်ဝန်သူငယ်ကို ဆိုလိုရာ၌ ထိုတရားစုအပေါ်ဝယ် မှီတွယ်၍ ဖြစ်ရသောကြောင့် ဌာနူပစာ။ အမိဝမ်းကို ဆိုလိုရာ၌ ကိုယ်ဝန်သူငယ်၏ တည်ရာဖြစ်သောကြောင့် ဌာန္ယူပစာ။ တစ်နည်း၊ ပကတိတိုက်ခန်းနှင့် တူသော ကြောင့် သဒိသူပစာ။ ပဋိသန္ဓေကို ဆိုလိုရာ၌ ဌာနဝမ်းတိုက်၏အမည်ကို ဌာနီ ပဋိသန္ဓေအပေါ်၌ တင်စား၍ ဌာနူပစာ။ နတ်ပဋိသန္ဓေကို ဆိုလိုရာ၌ လူစသော ပဋိသန္ဓေနှင့် တူသောကြောင့် သဒိသူပစာဖြစ်သည်။ သေချာစွာ အကွက်ချ၍ စဉ်းစား ကြည့်ပါ၊ ရှုပ်၏။

**၁။ ပုစ္ဆာ။** ။အပဂဗ္ဘော-ဟူသောပုဒ်ကိုသာ သံဝဏ္ဏနာနှင့်အညီ အနက် ပေးပြပါ။

**၁။ အဖြေ။** ။အပဂဗ္ဘော-နတ်ပြည် ပဋိသန္ဓေမှကင်းသူတည်း။ ဝါ-ယုတ် ညံ့သော ပဋိသန္ဓေရှိမည့်သူတည်း။ ဝါ-ယုတ်ညံ့သော ပဋိသန္ဓေ နေရခြင်း ရှိခဲ့ သူတည်း။

**၂။ ပုစ္ဆာ။** ။ခ-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပဋိသန္ဓေမှ ကင်းသော ကြောင့် အပဂဗ္ဘမည်သော-ဟု ဖွင့်ပြတော်မူ၏၊ ထိုပဋိသန္ဓေဟူသည် အဘယ် ပါနည်း၊ သာမညပဋိသန္ဓေပင် ဖြစ်ပါသလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ-ဝါကျကို မိန့်။

**အမှာ။** ။မအူကိုကြည့်၍ ဂ-ဝါကျသို့ အနုသန္ဓေ တက်ကြည့်ပါ။

**၂။ ပုစ္ဆာ။** ။ဃ-ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဤသို့လျှင် ဂ-ဝါကျဖြင့် "ယုတ်ညံ့သော ပဋိသန္ဓေရှိသော ကြောင့် အပဂဗ္ဘမည်သော"ဟု ဖွင့်ပြတော်ပြီး၍ ယခုအခါ ထိုစကား၏ ဆိုလို ရင်းကို ထင်ရှားအောင် ပြလို၍ ဃ-ဝါကျကို မိန့်။

http://www.dhammadownload.com



မှတ်ချက်။ ။အကြောင်းကို ပြလို၍ ဃ-ဝါကျကို မိန့်-ဟူသော မအူ စကားအတိုင်း တက်လိုလျှင်လည်း တက်ပါ၊ ကောင်းကား မကောင်းလှ။ ဘာသာဋီကာကိုရှု၍ င-ဝါကျသို့ အနုသန္ဓေ တက်ကြည့်ပါ။ အလိုကို ပြလို၍ င-ဝါကျမိန့်-ဟူသော မအူစကား မကောင်းလှ၊ အကြောင်းကား (ဃ၊င) ဝါကျ တို့သည် ဂ-ဝါကျကို အကျယ်ချဲ့ပြသော၊ ဝါ-ထင်ရှားပြသော ဝါကျများ ဖြစ် သောကြောင့်တည်း။ ဣတိသဒ္ဒေါ ဟေတုအတ္ထော-ဟူသော ဋီကာစကားကို မထောက်ထားသင့်၊ ၎င်းကား အနက်ပေးပုံကို ပြခြင်းသာ ဖြစ်သည်၊ ဝါကျအယူ အဆကို ပြသည်မဟုတ်။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည် ပေး၍၊ စ-ဝါကျပါ ယဿ-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။ခ-ဝါကျသည် က-ဝါကျကို ထင်ရှားအောင်ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။ ဂ-ဝါကျသည် အပဂ္ဗှာ-ပုဒ်ကို တစ်မျိုးတစ်ဖုံအားဖြင့် ဖွင့်သောကြောင့် ပကဏ္ဏကဝါကျ။ ဃ-ဝါကျသည် ဂ-ဝါကျကို ထင်ရှားအောင်ပြသော ကြောင့် တပ္ပါကဋီကရဏဝါကျ။ င-ဝါကျသည် ဂ-ဝါကျ၏ အဓိပ္ပါယ်ကို တစ်မျိုး အားဖြင့် ပြသောကြောင့် ပကဏ္ဏကဝါကျ။ စ-ဝါကျသည် အပဂ္ဗှာပုဒ်၏ အဖွင့်မှ တစ်ပါး ယဿ ခေါ်-စသော ပုဒ်တို့၏အဖွင့်ကို ပြသောကြောင့် ပကဏ္ဏကဝါကျ။

မှတ်ချက်။ ။ခ-ဝါကျနှင့် ဃ-ဝါကျတို့ကို ဝိတ္ထာရယူလျှင်လည်း သင့် သည်။

စာစပ်။ ။ယဿ-ကား သော-ဟူ၍ အနက်ပေးသောကြောင့် ပုဂ္ဂလဿ- ၌ တုလျာဓိကရဏဝိသေသန၊ ပုဂ္ဂလဿ-ကား တုလျာဓိကရဏဝိသေသျ အဖြစ် ဖြင့် စပ်အပ်၏။

မှတ်ချက်။ ။ယဿ-ကို ယာဒိသဿ-ဟု ဖွင့်၍ အကြင်သို့သဘော ရှိသော-ဟု အနက်ပေးရသောကြောင့် ဤသို့ စာစပ်ရသည်။ တ, တေ, ဣမ- တို့၌လည်း နည်းတူပင်မှတ်ပါ၊ မှားတတ်၏။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို ရှေ့နောက် ထောက်ဆ၍ ဝါကျ အမည် ပေးပြပါ။

၃။ အဖြေ။ ။စ-ဝါကျသည် ပကဏ္ဏကဝါကျ၊ ထိုဝါကျကိုထောက်၍ (က၊ ခ၊ ဂ၊ ဃ၊ င) ဝါကျတို့သည် ပကဓာဝါကျ။ ထိုပကဓာဝါကျထဲတွင် (ဂ၊ ဃ၊ င) ဝါကျတို့သည် ပကဏ္ဏကဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ (က၊ ခ) ဝါကျတို့သည် ပကဓာဝါကျ။ ထိုပကဓာဝါကျထဲတွင် ခ-ဝါကျသည် တပ္ပါကဋီကရဏဝါကျ၊

http://www.dhammadownload.com



ထိုဝါကျကိုထောက်၍ က-ဝါကျသည် အပါကဋ္ဌဝါကျ။ ပက္ခန္တရဝါကျထဲတွင် (ဃ၊ င)ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကိုထောက်၍ ဂ-ဝါကျသည် သင်္ခေပဝါကျ။ ဝိတ္ထာရဝါကျထဲတွင် င-ဝါကျသည် ပက္ခန္တရဝါကျ၊ ထိုဝါကျကို ထောက်၍ ဃ-ဝါကျသည် ပက္ခဝါကျဖြစ်ပါသည်။

၄။ **ပုစ္ဆာ။** ။စ-ဝါကျပါ ဝိဟတကာရဏတ္တာ-ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍၊ ဝိဟတဟူသော အစိတ်ဝိဂ္ဂဟ၌သာ ဉာဏ်ကောက်ပြပါ။

၄။ **အဖြေ။** ။ ဝိဟညိ သူတိ ဝိဟတာနိ၊ ကရောန္တိ အတ္တနော အတ္တနော ဖလာနီတိ ကာရဏာနိ၊ ဝိဟတာနိ ကာရဏာနိ ယေသန္တိ ဝိဟတကာရဏာနိ၊ ဝိဟတကာရဏာနံ ဘာဝေါ ဝိဟတကာရဏတ္တံ။ (ဝိဟတ-၌ အနက်ပေးပါ၊ ဝိဂ္ဂဟစစ်ပါ၊ ပုဒ်ခွဲထားပါ။)

ဝိပုဗ္ဗ ဟနဓာတ်၏အရ ကတ္တုဠြကြိယာကား အရဟတ္တမဂ်သည် မုချအားဖြင့် ရ၏။ ကမ္မဋ္ဌကြိယာကား ကံကိလေသာတို့၏ ပကတုပနိဿယသတ္တိသည် ဖလူပစာ အားဖြင့် ရ၏။ တ,ပစ္စည်း၏အရကား ထိုမုချဖလူပစာတို့ဖြင့် မှတ်အပ်သော ကံကိလေသာတို့ ရ၏။

**မှတ်ချက်။** ။ပယ်သတ်အပ်သောကြောင့် ဝိဟတမည်၏-ဟူရာ၌ ကတ္တုဠြကြိယာအရ ပယ်သတ်တတ်သော အရာကို ကောက်ရသည်။ ကမ္မဋ္ဌအရ ပယ်သတ်အပ်သော အရာ၏ ပစ္စယသတ္တိကို ကောက်ရသည်။ ပစ္စည်းအရ ပယ်သတ်အပ်သော အရာကို ကောက်ရသည်။ ထိုနည်းတူစွာ အားထုတ်အပ်သော ကြောင့် အာရဒ္ဓမည်၏-ဟု ဆိုရာ၌ အားထုတ်တတ်သောအရာကို ကတ္တုဠြအရ ကောက်၊ အားထုတ်အပ်သော အရာ၏ ပစ္စယသတ္တိကို ကမ္မဋ္ဌအရကောက်၊ အားထုတ်အပ်သော အရာကို ပစ္စည်းအရကောက်-ခသည်ဖြင့် သိပါ။ ကမ္မသာခနေ ကိတ်ပုဒ်၌ အကောက်လွယ်ပါသည်။

ကရဏသာခနေ-စသည်၌လည်း မခက်လှပါ။ ဆုံးမကြောင်းဖြစ်သောကြောင့် ဝိနယမည်၏-ဟု ဆိုရာ၌ ဆုံးမတတ်သော အရာကို ကတ္တုဠြအရ ကောက်၍ ဆုံးမကြောင်း အရာ၏ ပစ္စယသတ္တိကို ကရဏဋ္ဌ ကောက်ပြီးလျှင် ဆုံးမကြောင်း အရာကို ပစ္စည်းအရ ကောက်ရုံသာ။ (သမ္ပဒါန်, အပါဒါန်, အဓိကရဏ-တို့၌ လည်း နည်းတူပင်တည်း။)

၅။ **ပုစ္ဆာ။** ။က-ဝါကျပါ ဂဗ္ဘတော၊ ခ-ဝါကျပါ ပါပုဏိတုံ၊ င-ဝါကျပါ မာတုနှင့် ကုစ္ဆိပုဒ်တို့၏ ဓာတ်, ပစ္စည်း ဝိဘတ်, လိင်, ကာရက, ကြိယာ-တို့ကို စိစစ်ပြပါ။

http://www.dhammadownload.com



**၅။ အဖြေ။** ။ဂဗ္ဘတောသည် ဂဗ္ဘဓာတ်၊ အ,ပစ္စည်း (ဓာတွတ္ထသင်္ဂဟ)၊ ဂုဓာတ်, အဘ,ပစ္စည်း (အဘိဓာန် ဋီကာ)၊ ပဉ္စမျတ္ထတောပစ္စည်း, ပုံလိင်, အပါဒါန ကာရက, ကတ္တုဝါစကကိတ်ကြိယာ။ (ကတ္တုသာဓနဝိဂ္ဂဟ ပြုအပ်သောကြောင့် ဤသို့ ဖြေရှင်းရခြင်းဖြစ်သည်။)

ပါပုဏိတုံသည် ပပုဗ္ဗ အပဓာတ်, တုံပစ္စည်း, စတုတ္ထီကေဝုစ် သ–ဝိဘတ်, အလိင်, သမ္ပဒါနကာရက, ကတ္တုဝါစကကိတ်ကြိယာ။

မာတုသည် မာနဓာတ်, ရာတုပစ္စည်း, ဆဋ္ဌီကေဝုစ် သ, ဝိဘတ်, ဣတ္ထိလိင်, ဆဋ္ဌီ အ, ကာရက, ကတ္တုဝါစက ကိတ်ကြိယာ။ (ဝိဘတ်နှင့် ကာရကကို ဖြေရာ၌ သမာသ်အတွင်း ကျေနေသော ဝိဘတ်ကို မှန်း၍ ဖြေရသည်။ အမှန်အားဖြင့် မမေးသင့်သော ပုစ္ဆာဖြစ်သည်။)

ကုစ္ဆိသည် ကုသဓာတ်, ဆိပစ္စည်း, သတ္တမီကေဝုစ် သ္မိံဝိဘတ်, ပုံလိင်, ဩကာသကာရက, ကမ္မဝါစကကိတ်ကြိယာ။ (ကုသီယတိ အဏ္ဍောသီယတီတိ ကုစ္ဆိ–ဟု ဝိဂ္ဂဟပြု။)

**၆။ ပုစ္ဆာ။** ။(က၊ ခ) ဝါကျတို့၌ အာဘော်ဖော်၍ အကြောင်းပြလျက် သံဝဏ္ဏနာအမည်ပေးပြပါ။

**၆။ အဖြေ။** ။က–ဝါကျ၌ ဂဗ္ဘတော အပဂတောဖြင့် အပသဒ္ဒါ၏ အပေတအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ ဂဗ္ဘတော အပေတော အပဂဗ္ဘော–ဟုဝိဂ္ဂဟပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ ဂဗ္ဘနှင့်အပတို့ ရှေ့နောက်ပြန်နေသည်၏အဖြစ်ကိုလည်းကောင်း သိစေ၏။ ဥပသာရဖြစ်သော လိင်ပုဒ်၏အနက်ကို ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထ၊ သမာသ်ဖြစ်သော လိင်ပုဒ်၏အနက်ကို ပြသောကြောင့် သမာသလိင်္ဂတ္ထ၊ သမာသ်ဖြစ်သော လိင်ပုဒ်ကို ပြသောကြောင့် နာမလိင်္ဂပဒ။

**မှတ်ချက်။** ။သမာသလိင်္ဂပဒက သမာသ်၏ နာမည်ကိုသာ ပြနိုင်သောကြောင့် နာမလိင်္ဂပဒအတွင်း သွင်းလိုက်သည်။ ဘာဝတ္ထဟု ဆိုလျှင်လည်း သင့်မည်ပင်။ (ဤမှ နောက်၌ သံဝဏ္ဏနာအမည် ပေးရာဝယ် အကြောင်းပြချက်များကို ရေးတော့မည် မဟုတ်။) ခ–ဝါကျဖြင့် ပဋိသန္ဓေမှ ကင်းခြင်း–ဟူသည် နတ်ပြည် ပဋိသန္ဓေသို့ ရောက်ခြင်းဌာ မထိုက်သည်၏ အဖြစ်ပင်တည်း–ဟု သိစေ၏၊ ဘာဝတ္ထ။

**အမှာ။** ။(ဂ၊ ဃ၊ င) ဝါကျတို့၌ နည်းတူဖော်ပါ။

http://www.dhammadownload.com



၆။ ပုစ္ဆာ။ ။စ-ဝါကျ၌ အာဘော်ဖော်၍ သံဝဏ္ဏနာအမည် ပေးပြပါ။

၆။ အဖြေ။ ။ဗြာဟ္မဏာဖြင့် ယင်းပုဒ်ကို ပါဠိ၌ တစ်ပုဒ်နှောင် ထားသော်လည်း ပထမဆုံး အနက်ပေးရမည်-ဟု သိစေ၏ (သမ္ဗန္ဓနယ)။ ယဿ ပုဂ္ဂလဿ-ဖြင့် ယ,ဖြင့် ပုဂ္ဂိုလ်ကို စွဲယူရမည့်အဖြစ်ကို သိစေ၏ (သဗ္ဗနာမလိင်္ဂတ္ထ)။ အနာဂတေ-ဖြင့် အာယတိံ-၌ အာယတိ-သဒ္ဒါ၏ အနာဂတအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊ အံဝိဘတ်၏ သတ္တမီအနက် ဟောကြောင်းကိုလည်းကောင်း သိစေ၏၊ နာမလိင်္ဂတ္ထ၊ ဝိဘတျတ္ထ။ ပုနဗ္ဘဝေ အဘိနိဗ္ဗတ္တိဖြင့် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိကို သတ္တမီတပ္ပုရိသ်သမာသ် ပြုရမည် ဖြစ်ကြောင်း သိစေ၏၊ သမာသလိင်္ဂတ္ထ။ အနုတ္တရေန မဂ္ဂေန ဝိဟတကာရဏတ္တာဖြင့် ပယ်ပြီးခြင်း-ဟူသည် အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီးသော အကြောင်းရှိသောကြောင့် ပယ်ပြီးခြင်း တည်း-ဟု သိစေ၏၊ ဘာဝတ္ထ။

၇။ ပုစ္ဆာ။ ။င-ဝါကျ၌ ဂဗ္ဘဝါသေ-အစား ဂဗ္ဘာဝါသော-ဟု ရှိလျှင် သင့်/မသင့် အကြောင်းနှင့်တကွ ဆုံးဖြတ်ပြပါ။

၇။ အဖြေ။ ။ဂဗ္ဘာဝါသော-ရှိလျှင်လည်း သင့်သည်ပင် ဖြစ်ပါသည်။ အကြောင်းမှာ ဂဗ္ဘ+အာဝါသ-ဟု ပုဒ်ဖြတ်၍ ဥပသာရပုဒ်က ဓာတွတ္ထာနုဝတ္တက ဖြစ်သောကြောင့် ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။စ-ဝါကျပါ ဂဗ္ဘသေယျ-၌ ဂဗ္ဘပုဒ်တွင် ဖြစ်ထိုက်သော ဥပစာ, နယ-ရှင်းလင်း ဖော်ပြပါ။

၈။ အဖြေ။ ။ဂဗ္ဘသဒ္ဒါသည် ဌာနီဖြစ်သော ကိုယ်ဝန်သူငယ်၏ အမည်ကို ဌာနဖြစ်သော အမိဝမ်း၌ တင်စား၍ ဆိုထားသောကြောင့် ဌာန္ယူပစာဖြစ်ပါသည်။ တစ်နည်း၊ အတူဖြစ်သော ပကတိတိုက်ခန်း၏ အမည်ကို အတူရှိသော အမိဝမ်း၌ တင်စား၍ ဆိုထားသောကြောင့် သဒိသူပစာ ဖြစ်ပါသည်။ အဝိနာဘာဝ၊ ရုဠှီ၊ နေယျ၊ အဘေဒ-နည်းတို့ကို ရေးပါ။

၉။ ပုစ္ဆာ။ ။အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

တစ်ဖန် ပုဏ္ဏားသည် ထိုရှိခိုးခြင်းစသော အမှုသည် နတ်ပြည် ပဋိသန္ဓေ၏ ပြည့်စုံခြင်းငှာ, နတ်ပြည်ပဋိသန္ဓေကို ရခြင်းငှာ ဖြစ်၏၊ ဤသို့ မှတ်ထင်သည် ဖြစ်၍လည်းကောင်း၊ မြတ်စွာဘုရား၌ ထိုအဘိဝါဒနစသော အမှု၏မရှိခြင်းကို မြင်ရ၍လည်းကောင်း မြတ်စွာဘုရားကို အရသဇ္ဇောဟုဆိုပြီ။ တစ်နည်း၊ ဒေါသ၏ အစွမ်းဖြင့် မြတ်စွာဘုရား၏ မယ်တော်ဝမ်းတိုက်၌ ပဋိသန္ဓေယူခြင်းဝယ် အပြစ်ကို ပြလိုသည်ဖြစ်၍လည်း ဤသို့ ဆိုပြီ။

http://www.dhammadownload.com



၉။ အဖြေ။ ။ပုန ဗြာဟ္မဏော တံ အဘိဝါဒနာဒိကမ္မံ ဒေဝလောကဂဗ္ဘ သမ္ဘတ္တိယာ ဒေဝလောကပဋိသန္ဓိပဋိလာဘာယ သံဝတ္တတီတိ မညမာနော ဘဂဝတိ စဿ အဘာဝံ ဒီသွာ ဘဂဝန္တံ "အပဂဗ္ဘော"တိ အာဟ။ ကောဓဝသေန ဝါ ဘဂဝတော မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိဂ္ဂဟဏေ ဒေါသံ ဒဿေန္တောပိ ဧဝမာဟ။

၁၀။ ပုစ္ဆာ။ ။ စ-ဝါကျပါ ဝိဟတကာရဏတ္တာ-၌ ဝိဟတကာရဏ ပုဒ်ကိုသာ ခန္ဓောတာရဏဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

၁၀။ အဖြေ။ ။ ဝိဟတကာရဏ-အရ ကံ, ကိလေသာတို့ကို ယူ၍ ထို ကံ ကိလေသာတို့သည် သခ်ါရက္ခန္ဓာ မည်ကုန်၏။

မှတ်ချက်။ ။သုတ္တာဂတဓမ္မကိုသာ ယူ၍ ထုတ်လိုက်သည်။ လက္ခဏ ဟာရနေတ္တိနည်းဖြင့် အခြားတရားများကိုလည်းယူ၍ ထုတ်လိုလျှင် (ဝိဟတ ကာရဏ-အရ ကံ, ကိလေသာတို့ကိုလည်းကောင်း၊ ယင်းတို့နှင့်အတူ ဥပါဒ်သော စိတ္တုပ္ပါဒ်နှင့် ရုပ်တရားတို့ကို လည်းကောင်း ယူ၍) စသည်ဖြင့်ဆို၍ ထုတ်ပါ၊ သုတ္တာဂတဓမ္မကိုသာ ယူ၍ ထုတ်ခြင်းက ပို၍ကောင်းပါသည်။

❀❀❀❀❀

အမှတ်-၅၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၆၊ လေ့ကျင့်ခန်း

(က) ပုဗ္ဗေနိဝါသာနုဿတိဉာဏာယာတိ ဧဝံ အဘိညာပါဒကေ ဈာနေ တသ္မိံ စိတ္တေ ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ၊ တဒတ္ထာယ။

(ခ) တတ္ထ ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေ အတီတဇာတီသု နိဝုတ္ထက္ခန္ဓာ။

(ဂ) နိဝုတ္ထာတိ အဇ္ဈာဝုတ္ထာ အနုဘူတာ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ။

(ဃ) နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ။

(င) ဂေါစရနိဝါသေန နိဝုတ္ထာ။

(စ) အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ, ပရဝိညာဏေန ဝိညာတာပိ ဝါ ဆိန္နဝဋုမကာနုဿရဏာဒီသု။ (၄၊ ပ၊ ၁၂၈)

ဋီကာ။ ။(က)ပုဗ္ဗေနိဝါသံ အနုဿရတိ, တဿ ဝါ အနုဿရဏံ ပုဗ္ဗေနိဝါသာနုဿတိ တံ နိဿယာဒိပစ္စယဘူတံ ပဋိစ္စ ဥပ္ပန္နတော။ (ခ)ပုဗ္ဗေ

http://www.dhammadownload.com



**နိဝါသာနုဿတိမှိ ယံ ဉာဏံ၊ တဒတ္တာယာ**တိ သခေ်ပေန ဝုတ္တမတ္တံ ဝိဝရန္တော ပုဗ္ဗေနိဝါသံ တာဝ ဒဿေတွာ တတ္ထ သတိဉာဏာနိ ဒဿေတုံ "ပုဗ္ဗေနိဝါသော"တိ အာဒိမာဟ။ တတ္ထ "ပုဗ္ဗေ"တိ ဣဒံ ပဒံ "ကေမ္ဟိ ဇာတိ"န္တိ ဝစနတော အတီတဘဝဝိသယံ ဣဓာဓိပ္ပေတန္တိ အာဟ "အတီတဇာတိသူ"တိ။ နိဝါသသဒ္ဒေါ ကမ္မသာဓနော၊ ခန္ဓာဝိနိမုတ္တော စ နိဝသိတဓမ္မော နတ္ထီတိ အာဟ "နိဝုတ္ထက္ခန္ဓာ"တိ။ (ဃ၊ ၎) ဇဝံ သသန္တတိပရိယာပန္နဓမ္မဝသေန နိဝါသသဒ္ဒဿ အတ္ထံ ဝတွာ ဣဒါနိ အဝိသေသေန ဝတ္တုံ "နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ"တိ ဝတွာ တံ ဝိဝရိတုံ "ဂေါစရနိဝါသေနာ"တိအာဒိ ဝုတ္တံ။ ဂေါစရဘူတာပိ ဟိ ဂေါစရာသေဝနာယ အာသေဝိတာ အာရမ္မဏကရဏဝသေန အနုဘူတာ နိဝုတ္ထာ နာမ ဟောန္တိ၊ တေ ပန ဒုဝိဓာ သပရဝိညာဏဂေါစရတာယာတိ ဥဘယေပိ တေ ဒဿေတုံ "အတ္တနော"တိ အာဒိ ဝုတ္တံ။ ဆိန္နဝဋ္မကာ သမ္ဗုဒ္ဓါ၊ တေသံ အနုဿရဏံ ဆိန္နဝဋ္မကာနုဿရဏံ။ (သာရတ္ထ၊ ပ၊ ၃၈၇)

**မအူ ၁၂၈။** ။(က) က-ဝါကျ၌ သတိနှင့်ဉာဏ်သည် တပ္ပုရိသ်တည်း။ အာယသည် တဒတ္ထတည်း-ဟု ပြလို၍ ပုဗ္ဗေ-စသည်မိန့်။ သတိ၏ ဣတ္ထိလိင်၏ အဖြစ်ကြောင့် သတိယံ-ဟု ဆိုသင့်လျက် အက္ခရဝိပလ္လာသဖြင့် သတိမှိ-ဟု ဆို၏။ (ဂ) ဂ-ဝါကျ၌ နေအပ်ခဲ့ဖူးကုန်ပြီးသော ခန္ဓာတို့ဟူသည် မိမိသန္တာန်၌ ဖြစ်ဖူးကုန်သော ခန္ဓာတို့ပင်တည်း။ ထို့ကြောင့် "နိဝုတ္ထာတိ အဇ္ဈာဝုတ္ထာ"မိန့်၊ မိမိသန္တာန်၌ ဖြစ်ဖူးကုန်သော ခန္ဓာတို့ဟူသည် အစဉ်တလဲလဲ ဖြစ်ခဲ့ဖူးကုန်သော ခန္ဓာတို့ပင်တည်း။ ထို့ကြောင့် အနုဘူတာ-မိန့်။ အစဉ်တလဲလဲ ဖြစ်ဖူးကုန်သော ခန္ဓာတို့ဟူသည် မိမိသန္တာန်၌ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်ပြီးသော ခန္ဓာတို့ပင်တည်း။ ထို့ကြောင့် အတ္တနော-စသည် မိန့်။ (ဃ) "ဂေါစရနိဝါသေန နိဝုတ္ထာ"ဟု ဆိုခဲ့ပြီးသော အနက်ကို ချဲ့လို၍ စ-ဝါကျမိန့်။ ထို၌ သိအပ်ကုန်သောဟူသော စကားကြောင့် ပရိစ္ဆိန္နာ-ကိုမိန့်။ သကဝိညာဏဝိညာတမှတစ်ပါး ပရဝိညာဏဝိညာတကို ပြလို၍ ပရ-စသည်မိန့်။

**အမှာ။** ။တစ်ပုဒ်မှ တစ်ပုဒ်သို့ ကူး၍ ဆက်ထားပုံကို အတုယူခဲ့ပါ။

**ဘာသာဋီကာ။** (က) က-ဝါကျ၌ သတိသည် ဣတ္ထိလိင်ဖြစ်၍ သတိမှိကို လိင်္ဂဝိပလ္လာသကြံ၊ သတိက ဉာဏ်အား သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုသော ကြောင့် သတိမှိ-ဟု မှီရာအာဓာရ ထားသည်။

(ခ) ခ-၌ နိဝသိယိတ္ထာတိ နိဝါသော၊ ပုဗ္ဗေ နိဝါသော ပုဗ္ဗေ နိဝါသော-ဟု အလုတ္တသမာသ်ပြု။

http://www.dhammadownload.com



(ဃ)ဃ-ဝါကျ၌ ရှေ့နည်း၌ နိဝုတ္တကန္ဓာ-ဟု ဆိုသောကြောင့် ခန္ဓာသာ တိုက်ရိုက်ရ၏။ နာမဂေါတ္တ-စသည်မှာ မကင်းရာ မကင်းကြောင်းဖြစ်၍ ဆက်သွယ် ယူမှ ရ၏။ နောက်နည်း၌ နိဝုတ္ထဓမ္မာ-ဟု ဆိုသောကြောင့် ခန္ဓာသာမက နိဗ္ဗာန် တရားနှင့် နာမဂေါတ္တစသော ပညတ်တရားများပါ တိုက်ရိုက်ရ၏၊ ရှေ့နည်း၌ "အတ္တနော သန္တာနေ ဥပ္ပန္နတ္တာ နိရုဒ္ဓါ"ဟု ဆိုသောကြောင့် မိမိသန္တာန်၌ ဖြစ်ခဲ့ သော မိမိအတွက် ပုဗ္ဗေနိဝါသကိုသာ ပြ၏။ နောက်နည်း၌ကား ဂေါစရနိဝါသေန နိဝုတ္ထာ-ဟု အကျယ်ဖွင့်သောကြောင့် မိမိသန္တာန်မှာဖြစ်ဖြစ် သူတစ်ပါးသန္တာန်မှာ ဖြစ်ဖြစ် သတ္တဝါသန္တာန်၏ အပြင်ပ ဗဟိဒ္ဓမှာဖြစ်ဖြစ် ပုဗ္ဗေနိဝါသအားလုံးကို ပြသည်။ (ဘာဋီ၊ ၃၊ ၁၁)

၁။ ပုစ္ဆာ။ ။ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-ပုဒ်ကိုသာ အဖွင့်နှင့်ညီ အောင် အနက်နှစ်နည်း ပေးပြပါ။

၁။ အဖြေ။ ။ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-အဇ္ဈာဝုတ္ထနိဝါသ၏ အစွမ်း ဖြင့် ရှေးဘဝတို့၌ နေအပ်ခဲ့ဖူးသော ခန္ဓာတို့ကို အောက်မေ့တတ်သော သတိ၌ ဖြစ်သော ဉာဏ်အကျိုးငှာ၊ ဝါ-ဂေါစရနိဝါသ၏ အစွမ်းဖြင့် ရှေးဘဝတို့၌ နေအပ် ခဲ့ဖူးသော တရားတို့ကို အောက်မေ့တတ်သော သတိ၌ဖြစ်သော ဉာဏ်အကျိုးငှာ။

၂။ ပုစ္ဆာ။ ။ခ-မှတ်ပြ ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် က-မှတ်ပြဝါကျဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏာယ-ပုဒ်၏ အဖွင့်ကို အကျဉ်းအားဖြင့် ပြဆိုတော်မူပြီး၍ ယခုအခါ ထို အကျဉ်းသခေ်ပကို အကျယ်ချဲ့ပြလိုသောကြောင့် ခ-မှတ်ပြဝါကျကို မိန့်တော် မူ၏။

မှတ်ချက်။ ။ဋီကာနှင့်ညီအောင် ထိုအကျဉ်းသခေ်ပကို အကျယ်ချဲ့ပြလို သောကြောင့်-ဟု ဆိုရိုးပြုလိုက်သည်။ ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို ပြလိုသောကြောင့်-ဟူ၍သော်လည်းကောင်း၊ ထိုပုဒ်၏အဖွင့်ကို အကျယ်အားဖြင့် ပြလိုသောကြောင့်ဟူ၍သော်လည်းကောင်း ဆိုလျှင်လည်း အသင့်ပင်ဖြစ်၏။

၂။ ပုစ္ဆာ။ ။ဂ-မှတ်ပြ ဝါကျကို သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက် ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဆရာသည် ခ-မှတ်ပြ ဝါကျဖြင့် ပုဗ္ဗေနိဝါသော- ၌ နိဝါသော-ပုဒ်ကို နိဝုတ္ထကန္ဓာ-ဟု ဖွင့်ပြတော်မူ၏၊ (တစ်နည်း၊ ပုဗ္ဗေနိဝါသော- ၌ နိဝါသ-ဟူသည် နေအပ်ခဲ့ဖူးသော ခန္ဓာတို့ပင်တည်း-ဟု ဖွင့်ပြတော်မူ၏။)

http://www.dhammadownload.com



ထိုနိဂုတ္တကန္ဒာဟူသည် အဘယ်ပါနည်း၊ နေရာဌာန ဘုံဘဝဖြစ်ပါသလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဂ-မှတ်ပြ ဝါကျကိုမိန့်။

**မှတ်ချက်။** ။သူ့အာဘော်ကို ကော်၍ အဓိပ္ပါယ်ပြန်ပါ၊ လွယ်ပါပြီ။ နောက်ပုစ္ဆာများ၌လည်း အဓိပ္ပါယ်ပြန် ရေးမည်မဟုတ်၊ ရေးပုစ္ဆာများ၌လည်း မရေးခဲ့။ စာဖြေသောအခါမှာကား အဓိပ္ပါယ်ပြန်ရန်မလို-ဟူသောစကား ပုစ္ဆာထဲမှာ မပါခဲ့သော် ကေန်အဓိပ္ပါယ်ပြန်ရမည်။ ထပနာထားရာ၌ ဂ-ဝါကျသည် ခ-ဝါကျတစ်ခုလုံးနှင့် မပတ်သက်ဘဲ နိဝါသော-၏ အဖွင့်ဖြစ်သော နိဂုတ္တကန္ဒာ-ဟူသော အဖွင့်နှင့်သာ ပတ်သက်သောကြောင့် နိဂုတ္တကန္ဒာ-ဟူသောပုဒ်ကို ထပနာကိုင်ထားရသည်ကို အတုယူပါ။ ထပနာနှစ်မျိုး ကိုင်ပြရာ၌ ပထမနည်းသည် ပိဏ္ဍတ္ထနည်းဖြစ်၍ ဒုတိယနည်းသည် အဓိပ္ပါယ်နည်းဖြစ်သည်၊ အာဘော်ကိုကား နှစ်နည်းလုံးမှာပင် လျှဉ်းပါးအာဘော်ချည်းသာ ထားလိုက်သည်၊ လျှဉ်းပါးပုံကို အတုယူပါ။ ဖြစ်နိုင်သမျှ လျှဉ်းပါးတက်တက်နိုင်အောင် ကြိုးစားပါ၊ လျှဉ်းပါးတက်သာ အဋ္ဌကထာ ဋီကာသုံးကြသည်။

၂။ **ပုစ္ဆာ။** ။ဃ-မှတ်ပြ ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ **အဖြေ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ခ၊ ဂ) မှတ်ပြ ဝါကျတို့ဖြင့် မိမိသန္တာန်၌ ဖြစ်၍ချုပ်ပြီးသော ခန္ဓာတို့သည် နိဂုတ္တမည်၏-ဟု ဆိုတော်မူ၏။ မိမိသန္တာန် သူတစ်ပါးသန္တာန်မှအပ ဗဟိဒ္ဓတို့၌ရှိရှိသမျှသော တရားအားလုံးတို့သည် နိဂုတ္တမည်သင့်သည် မဟုတ်လော။ (ခန္ဓာနှင့်တကွ နိဗ္ဗာန် အမည်အမျိုးမျိုး စသောပညတ် တရားအားလုံးသည် နိဂုတ္တမည်သင့်သည် မဟုတ်ပါလော။) အဘယ်သို့ မှတ်ရမည်နည်း-ဟု မေးဖွယ်ရှိ၍ ဃ-ဝါကျကို မိန့်။

**မှတ်ချက်။** ။ခ-ဝါကျနှင့် ဂ-ဝါကျပေါင်း၍ ထပနာကိုင်ရပုံကို သတိပြုပါ။ အာဘော်ကို ပုစ္ဆာ၏ ရှေ့က ထားသည်ကိုလည်းကောင်း၊ ထိုသို့ ထားရှိရာ၌ နောက်ဝါကျကိုမျှော်၍ လျှဉ်းပါးအာဘော်ကို ထားရသည်ကိုလည်းကောင်း အတုယူပါ။

၂။ **ပုစ္ဆာ။** ။စ-ဝါကျပါ ပရိဇ္ဇိန္နာပုဒ်သို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ **အဖြေ။** ။ဆရာ၊ ဆရာသည် အတ္တနော ဝိညာဏေန ဝိညာတာ-ဟူသောပါဠိဖြင့် မိမိသန္တာန်၌ဖြစ်သော တရားများသည် အာရုံဖြစ်သော နိဝါသအားဖြင့် နေအပ်ဖူးသော တရားများ ဖြစ်ကုန်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့

http://www.dhammadownload.com



သိရာ၌ ရှေးရှေးဘ၀က စက္ခုဝိညာဉ်စသော ဝိညာဉ်ခြောက်ပါးတို့ဖြင့် သိကာမတ္တသာ ဖြစ်ပါသလော၊ အဘယ်သို့ သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ပရိစ္ဆိန္န-ဟူသောပါဌ်ကို မိန့်။ အဓိပ္ပါယ်ကား-စက္ခုဝိညာဉ်စသော ဝိညာဉ်ခြောက်ပါးတို့ဖြင့် သိကာမတ္တမဟုတ်၊ စင်စစ်သော်ကား မနောဒွါရိကဝီထိစိတ်ဖြင့် အမည်အနွယ်စသည် ခွဲခြား၍ ကွဲကွဲပြားပြား သိအပ်သည် ဟူလိုသော်-။

**မှတ်ချက်။** ။တစ်ပုဒ်မှ တစ်ပုဒ်သို့ ကျမ်းတက်နည်းဖြစ်၏၊ ဤပုစ္ဆာမျိုးကို စာမေးပွဲ၌ မေးလေ့မရှိသော်လည်း ဋီကာ, နိဿယများ အလေးပြု၍ ရေးကြသဖြင့် နည်းယူနိုင်ရန် ထည့်သွင်းလိုက်သည်။ ဤကျမ်းတက်၌ ရှေ့ပုဒ်ကို နောက်ပုဒ်က ထင်ရှားအောင် ဖွင့်ပြခြင်းဖြစ်သောကြောင့် ရှေ့ပုဒ်ကို ထပနာကိုင်၍ ဖြစ်သင့်သလို လျဉ်းပါးထားသည်ကို အတုယူပါ။ ဂ-ဝါကျပါ အဇ္ဈာဝုတ္ထာ-မှ အနုဘူတာ-သို့လည်းကောင်း၊ အနုဘူတာ-မှ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ-သို့လည်းကောင်း နည်းတူတက်ကြည့်ပါ။ လျဉ်းပါးပုံကို မအူနိဿယ အတိုင်း မှတ်ပါ။

၂။ **ပုစ္ဆာ။** ။က-ဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာသို့ သာဘောဂ ပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ **အဖြေ။** ။ဆရာ၊ ပါဠိတော်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-ဟူသောပုဒ်ကို ဘုရားရှင် ဟောထားတော်မူ၏၊ ထိုပုဒ်၌ ပုဗ္ဗေနိဝါသာနုဿတိနှင့် ဉာဏကို "ပုဗ္ဗေနိဝါသာနုဿတိ စ ဉာဏံ စ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏံ-ဟု ဒွန်သမာသ် ပြုရပါမည်လော၊ အဘယ်သမာသ်ပြုရပါမည်နည်း။ ဉာဏာယ-၌ အာယသည် နာစသောဝိဘတ်တို့၏ ကာရိယဖြစ်ပါသလော၊ အဘယ်၏ ကာရိယ ဖြစ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "ပုဗ္ဗေနိဝါသာနုဿတိမှိ ယံ ဉာဏံ၊ တဒတ္ထာယ"ဟူသော သံဝဏ္ဏနာကို မိန့်။ အဓိပ္ပါယ်ကား-ပုဗ္ဗေနိဝါသာနုဿတိနှင့်ဉာဏကို ဒွန်သမာသ် မပြုရ၊ တပ္ပုရိသ်သမာသ် ပြုရမည်။ အာယသည် နာစသောဝိဘတ်တို့၏ ကာရိယ မဟုတ်၊ စတုတ္ထီဧကဝုစ် သ, ဝိဘတ်၏ ကာရိယသာဖြစ်သည် ဟူလိုသော်-။

**မှတ်ချက်။** ။သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ ကျမ်းတက်နည်း ဖြစ်သည်၊ ဤနည်းသည် အာဘောဂဖော်တတ်လျှင် အလွန်လွယ်၏၊ ဗျတိရေကအာဘောဂ်ကို အာဘောဂ်ထားလိုက်ရုံသာ ဖြစ်သည်၊ အန္ဝယအာဘောဂ်ကိုကား အဓိပ္ပါယ်ပြန်ရာ၌ အသုံးပြုရသည်။ သံဝဏ္ဏနာတွေ့တိုင်း တက်ကြည့်ပါ။ ရှေ့ဝါကျအများကို စုပေါင်း၍ ထပနာကိုင်ခြင်း, ရှေ့တစ်ဝါကျကိုသာ ထပနာကိုင်ခြင်း, ရှေ့ပုဒ်ရှိ ပုဒ်စုတစ်ခုကိုသာ ထပနာကိုင်ခြင်း, ရှေ့ဝါကျရှိ တစ်ပုဒ်ကိုသာ ထပနာကိုင်ခြင်း,

http://www.dhammadownload.com



ရှေ့ပုဒ်ကို ထပနာကိုင်ခြင်း, သံဝဏ္ဏေတဗ္ဗပုဒ်ကို ထပနာကိုင်ခြင်း, တစ်ဝါကျထဲ၌ပင် ဖြစ်သင့်သောစကားရပ်ကို ထပနာကိုင်ခြင်း-ဟု ထပနာကိုင်ပုံ (ကျမ်းတက်ပုံ) အမျိုးမျိုးရှိသည်ကို စုပေါင်း၍ မှတ်တမ်းတင်ထားပါ၊ ပုစ္ဆာတွေ့သောအခါ အဘယ်သို့ ထပနာကိုင်ရမည်ကို ဉာဏ်ဖြင့် စဉ်းစား၍ ထပနာမလွဲအောင် ကိုင်ပါ။ ထပနာလွဲလျှင် ကျမ်းတက်တစ်ခုလုံး လွဲတော့သည်။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍၊ က-မှတ်ပြ ဝါကျပါ အဘိဉာပါဒကေ ဈာနေ တသ္မိံ စိတ္တေ-တို့ကို စာစပ်ပြပါ။

၃။ အဖြေ။ ။ခ-ဝါကျသည် က-ဝါကျ၏ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရဝါကျ။ ဂ-ဝါကျသည် နိဂုတ္တကန္ဓပုဒ်၏ အနက်ကို ပေါ်လွင်အောင် ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။ ဃ-ဝါကျသည် နိဂုတ္တ-အရ မိမိသန္တာန်၌ဖြစ်၍ ချုပ်ပြီးသော ခန္ဓာတို့ကို ရ၏-ဟူသော အဖို့မှတစ်ပါး တရားအားလုံးကိုရ၏ ဟူသော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ င-ဝါကျသည် နိဂုတ္တမှော-၏အရကို အကျယ်အားဖြင့် ပြသောကြောင့် ဝိတ္ထာရဝါကျ။ စ-ဝါကျသည် ဂေါစရနိဝါသေန နိဂုတ္တာ-၏ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရဝါကျ။

**စာစပ်**။ ။တသ္မိံ စိတ္တေ-ကို ဈာနေ-၌ လက္ခဏဝန္တပကတိကတ္တား၊ ဈာနေ-ကား လက္ခဏအဖြစ်ဖြင့် စပ်အပ်၏။ အဘိဉာပါဒကေ-ကို ဈာနေ-၌ လက္ခဏဝန္တဝိကတိကတ္တား၊ ဈာနေ-ကား လက္ခဏအဖြစ်ဖြင့် စပ်အပ်၏။ ဈာနေ-ကို အဘိနိန္နာမေသိ-၌ လက္ခဏ၊ အဘိနိန္နာမေသိ-ကား လက္ခအဖြစ်ဖြင့် စပ်အပ်၏။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို ရှေ့နောက်ထောက်ဆ၍ အမည်ပေးပြပါ။

၃။ အဖြေ။ ။(ခ၊ ဂ၊ ဃ၊ င၊ စ) ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ က-ဝါကျသည် သင်္ခေပဝါကျ။ ဝိတ္ထာရဝါကျထဲတွင် (ဃ၊ င၊ စ) ဝါကျတို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ (ခ၊ ဂ) ဝါကျတို့သည် ပက္ခဝါကျ။ ထိုပက္ခဝါကျထဲတွင် ဂ-ဝါကျသည် တပ္ပါကဋီကရဏဝါကျ၊ ထိုဝါကျကို ထောက်၍ ခ-ဝါကျသည် အပါကဋဝါကျ။ ပက္ခန္တရဝါကျထဲတွင် (င၊ စ) ဝါကျတို့သည် ဝိတ္ထာရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ ဃ-ဝါကျသည် သင်္ခေပဝါကျ။ ဝိတ္ထာရဝါကျထဲတွင် စ-ဝါကျသည် ဝိတ္ထာရဝါကျ၊ ထိုဝါကျကို ထောက်၍ င-ဝါကျသည် သင်္ခေပဝါကျ ဖြစ်ပါသည်။

၄။ ပုစ္ဆာ။ ။ဆိန္နဝဋုမကာ-ပုဒ်ကို အပေါင်း ဝစနတ္ထပြု၍ ဉာသ်နည်းအရ ကောက်ပြပါ။

http://www.dhammadownload.com



၄။ အဖြေ။ ။ဆိန္န ဝဇ္ဇမ် (သံသာရမဏ္ဍေါ, ကုသလာကုသလံ, သံသာရ ဝဋ္ဋံ) တောသန္တိ ဆိန္နဝဇ္ဇမကာ။ (အနက်ပေးပါ၊ သမာသ်စစ်ပါ၊ ပုဒ်ခွဲထားပါ။) ဆိန္န+ဝဇ္ဇမ–ဟူသော သမာသ်ပုဒ်၏အရကား ပြတ်ပြီးသော သံသရာခရီး၊ ဝါ– ကုသိုလ်, အကုသိုလ်ကံ၊ ဝါ–သံသရာဝဋ်သည် မုချအားဖြင့် ရ၏။ ထိုပြတ်ပြီးသော သံသရာခရီး၏ ရဟန္တာပုဂ္ဂိုလ်တို့နှင့် သံ+သာမိ၊ ဌာနီ+ဌာန–အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ တောသံ–ဟူသော အညပုဒ်၏အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ရဟန္တာပုဂ္ဂိုလ်တို့ ရ၏။

မှတ်ချက်။ ။ဆိန္နပုဒ်နှင့် ဝဇ္ဇမပုဒ်တို့ကို စပ်ထားသောကြောင့် သမာသ် ပုဒ်ဖြစ်ကြောင်း သိပါ။ ဆိန္န၏ အနက်ကိုလည်း အရမကောက်ရ၊ ဝဇ္ဇမ၏ အနက်ကိုလည်း အရမကောက်ရဘဲ တစ်ပါးတခြားသော ရဟန္တာဟူသော အနက်ကို အရကောက်ရသောကြောင့် ဗဟုဗ္ဗီဟိသမာသ် ဖြစ်ကြောင်းကို သိပါ။ ဆိန္နနှင့် ဝဇ္ဇမဟူ သော သမာသ်ပုဒ်တို့ကို ယင်းတို့၏ ပင်ရင်း လိင်ဝုစ်အတိုင်း လိင်ဝုစ်ချရ သည်ကို သတိပြုပါ။ တေ–ဟူသော .အညပုဒ်၌ကား ရဟန္တာပုဂ္ဂိုလ်ဟူသော အဘိဓေယျ (အရကောက်) ကိုရှု၍ ပုံလိင်ဗဟုဝုစ်ထားရကြောင်းကို သိပါ၊ ရဟန္တာ များဟူသော အဘိဓေယျကိုရှု၍ပင် နိပ္ဖန္န၌ ဆိန္နဝဇ္ဇမကာ–ဟု ပုံလိင်ဗဟုဝုစ် ချရသည်ကို နားလည်ပါ။ ဝိဂ္ဂဟပြုရမည့်ပုဒ်က မည်သည့်ဝိဘတ်ဖြင့်ရှိရှိ နိပ္ဖန္နကို ပထမာဝိဘတ်ဖြင့်သာ အမြဲ ချရမည်ကို အထူးသတိပြုပါ။

၅။ ပုစ္ဆာ။ ။ ခ–မှတ်ပြ ဝါကျပါ "ဇာတိ၊ နိဝုတ္တ"၊ ဂ–မှတ်ပြဝါကျပါ "နိရုဒ္ဓ"၊ စ–မှတ်ပြဝါကျပါ "ပရိစ္ဆိန္န၊ ဝဇ္ဇမ"တို့ကို ဓာတု+ပစ္စယ ခွဲပါ။

၅။ အဖြေ။ ။ဇာတိ–၌ ဇနဓာတ်၊ တိပစ္စည်း။ နိဝုတ္တ–၌ နိပုဗ္ဗ ဝသ ဓာတ်၊ တ, ပစ္စည်း။ နိရုဒ္ဓ–၌ နိပုဗ္ဗ ရုဓဓာတ်၊ တ, ပစ္စည်း။ ပရိစ္ဆိန္န–၌ ပရိပုဗ္ဗ ဆိဒိဓာတ်၊ တ, ပစ္စည်း။ ဝဇ္ဇမ–၌ ဝဇဓာတ်၊ ဥမပစ္စည်း ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ ခ–မှတ်ပြ ဝါကျ၌ အဋ္ဌကထာဆရာ အာဘော်ကို ဗျတိ ရေက+အန္ဓယအားဖြင့် ဖော်ပြ၍ သံဝဏ္ဏနာ အမည်ကိုလည်း ပေးပြပါ။

၆။ အဖြေ။ ။ ပုဗ္ဗေ အတီတဇာတိသု–ဖြင့် ပုဗ္ဗသဒ္ဒါ၏ ဒိသာအနက်ကို မဟော(ဗျ) ကာလအနက်ဟော၏ အဖြစ်ကိုလည်းကောင်း(န္ဓ)၊ ထိုပုဗ္ဗအရ ရှေ့ အရပ်ကို မယူရ(ဗျ) အတိတ်ဘဝကို ယူရမည့်အဖြစ်ကိုလည်းကောင်း(န္ဓ) သိစေ ၏၊ နာမလိင်္ဂတ္ထနှင့်အဘိဓေယျတ္ထ။ နိဝုတ္ထက္ခန္ဓာဖြင့် နိဝါသော–၌ ဏ,ပစ္စည်း၏ ဘာဝသာဓနအနက် မဟော(ဗျ) ကမ္မသာဓနအနက်ဟော၏ အဖြစ်ကိုလည်း ကောင်း(န္ဓ)၊ နိဝါသ–အရ အခြားတရားကို မယူရ(ဗျ) ခန္ဓာတို့ကို ယူရမည့်အဖြစ် ကိုလည်းကောင်း(န္ဓ) သိစေ၏၊ ဒုတိယပစ္စယတ္ထနှင့် အဘိဓေယျတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ ။ဖြစ်သင့်သလို တစ်ပုဒ်ချင်းခွဲ၍ အစဉ်အတိုင်း အာဘော်ဖော် ထားသည်ကို သတိပြုပါ။ ဗျတိရေကအတွက် လျှဉ်းပါးရာ၌ ဖြစ်နိုင်သောအချက် (လျော်သောအချက်) ကိုသာ လျှဉ်းပါးရ၏၊ မဖြစ်နိုင်ဘဲ (မလျော်ကန်ဘဲ) မလျှဉ်း ပါးရ။ လျှဉ်းပါးလျှင် ရယ်စရာဖြစ်လိမ့်မည်။ အဘိဓေယျတ္ထအရာ၌ ဘာဝတ္ထ ကိုလည်း ယူလိုက ယူနိုင်သေးသည်၊ ကောင်းကား မကောင်းလှ။ က–ဝါကျအတွက် အာဘော်ဖော်ပုံကို ၂–နံပါတ်ပုစ္ဆာတွင် ပြခဲ့ပြီ၊ ပြန်ကြည့်၍ အာဘော်ပုံစံကျ အောင် ပြန်ရေးကြည့်ပါ၊ သံဝဏ္ဏနာအမည်ပေးရာ၌ အန္ွယကိုသာ ကြည့်ဖို့လို သည်ကို သတိပြုပါ။

၇။ ပုစ္ဆာ။ ။ ဂဏနာနုပုဗ္ဗတော, ဂဏနာနုပုဗ္ဗတ္တာ စတုတ္ထံ–ဟု ပါဌ် နှစ်မျိုးရှိခဲ့သော် သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၇။ အဖြေ။ ။ဤနေရာ၌ ကြိယာဝိသေသန အနက်ပေးရသောကြောင့် ဂဏနာနုပုဗ္ဗတော–ပါဌ်သာ သင့်ပါသည်။

၈။ ပုစ္ဆာ။ ။ပုဗ္ဗေနုဝါသာနုဿတိမို–၌ ဖြစ်သင့်သော နည်း, နိဝုတ္ထ က္ခန္ဓာ–၌ ရသင့်သော ဥပစာတို့ကို တင်ပြပါ။

၈။ အဖြေ။ ။ပုဗ္ဗေနိဝါသာနုဿတိမို–ဟူသော နည်းသည် ပုဗ္ဗေနိဝါသာ နုဿတိယံ–ဟူသော ဣတ္ထိလိင်ကို ပုဗ္ဗေနုဝါသာနုဿတိမို–ဟု နပုံလိင်အားဖြင့် ပြန်ထားသောကြောင့် လိင်္ဂဝိပလ္လာသနည်း ဖြစ်ပါသည်။ (မအူကား အက္ခရဝိပလ္လာသ ဟုဆို၏၊ မကောင်းလှပါ။)

နိဝုတ္ထက္ခန္ဓ–သဒ္ဒါသည် ဌာနဖြစ်သော ခန္ဓာတို့၏ နိဝုတ္ထက္ခန္ဓဟူသော အမည် ကို ဌာနီဖြစ်သော အမည် အမျိုးစသော ပညတ်စသောတရားတို့၌ တင်စား၍ ဌာနီဖြစ်သော အမည် အမျိုးစသော ပညတ်စသော တရားတို့ကို နိဝုတ္ထက္ခန္ဓာဟု ခေါ်ဝေါ်သောကြောင့် ဌာနူပစာဖြစ်ပါသည်။ (ဘာသာဋီကာအလိုသော် ဓေဒေသူ ပစာ ယူသင့်သည်။)

၉။ ပုစ္ဆာ။ ။ အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယစီကုံးပါ။

စိတ်ကို ရေးရှုညွတ်စေအပ်ကာမျှ ဖြစ်သော်သာ အောက်မေ့နိုင်၏ဟု ပြ၏။ မှန်၏၊ ဖြည့်အပ်ပြီးသော ပါရမီရှိကုန်သော ယောက်ျားမြတ်တို့အား ပရိကမ်ပြုဖွယ် ကိစ္စ မရှိ။ ထို့ကြောင့် ထိုယောက်ျားမြတ်တို့သည် စိတ်ရေးရှုညွတ်စေကုန်၍သာ အောက်မေ့နိုင်ကုန်၏။

၉။ အဖြေ။ ။ စိတ္တေ အဘိနိန္နာမိတမတ္တေဧဝ သရာမိဘ ဒဿေတိ။ ပူရိတပါရမီနဉှိ မဟာပုရိသာနံ ပရိကမ္မကရဏံ နတ္ထိ၊ တေန တေ စိတ္တံ အဘိ နိန္နာမေတွာဝ သရန္တိ။

http://www.dhammadownload.com



**၁၀။ ပုစ္ဆာ။** ။ နိဂုဏ္ဌကဏ္ဍ-အရကို ပဒဋ္ဌာနဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

**၁၀။ အဖြေ။** ။ နိဂုဏ္ဌကဏ္ဍ-အရ ရှေးဘဝတို့၌ နေအပ်ခဲ့ဖူးသော ခန္ဓာငါးပါးကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာ, တဏှာ, ကံ, ဥပါဒါန်, အာဟာရ, ဖဿတည်း။ ထိုအဝိဇ္ဇာစသည်သည် အကြောင်း၊ ခန္ဓာငါးပါးသည် အကျိုး၊ ထိုသည် အကြောင်း၊ ကုသိုလ်, အကုသိုလ်ဝိပါက်သည် အကျိုး၊ ထိုသည် အကြောင်း၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံသည် အကျိုးတည်း။

❀❀❀❀❀

အမှတ်-၆၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၇၊ လေ့ကျင့်ခန်း

(က) **တဒ္ဓ ခေါ် နော အသန္တတ္ထိ** တွေ ပန လိင်္ဂဝိပလ္လာသော ဝေဒိတဗ္ဗော။

(ခ) သော စ ခေါ် ဒေယျဓမ္မော အမှာကံ နော အသန္တောတိ အယံ ဟေတ္ထ အတ္ထော။

(ဂ) အထ ဝါ ယံ ဒါနဝတ္ထုံ မယံ တုမှာကံ ဒဒေယျာမ။

(ဃ) တဒ္ဓ ခေါ် နော အသန္တတ္ထိ ဝေမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။

(င) **နောပိ အဒါတုကမျတာတိ** အဒါတုကာမတာပိ နော နတ္ထိ ယထာ ပဟူတဝိတ္တူပကရဏာနံ မစ္ဆရီနံ။ (ဋ္ဌ၊ ပ၊ ၁၆၅)

**ဋီကာ။** ။(က) **နော အသန္တောတိ** နေဝ အဝိဇ္ဇမာနော၊ ကိန္တု ဝိဇ္ဇမာနော ယေဝါတိ ဒီပေတိ။ (ဂ) ဝိနာ ဝါ လိင်္ဂဝိပလ္လာသေနေတ္ထ အတ္ထော ဒဋ္ဌဗ္ဗောတိ အာဟ "အထ ဝါ"တိ အာဒိ။ ဣမိနာ သာမညဝစနတော တွေ နပုံသက နိဒ္ဒေသောတိ ဒဿေတိ။ (င) **နော နတ္ထီတိ** နော အမှာကံ နတ္ထိ။ နောတိ ဝါ တေသံ ဝိဝရဏံ နတ္ထီတိ။ ကေသံ အဒါတုကာမတာ ဝိယာတိ အာဟ "ယထာ"တိ အာဒိ။ **ပဟူတဝိတ္တူပကရဏာနန္တိ** တွေ ဝိတ္တီတိ တုဋ္ဌိ၊ ဝိတ္တိယာ ဥပကရဏံ ဝိတ္တူပကရဏံ၊ တုဋ္ဌိကာရဏန္တိ အတ္ထော။ ပဟူတံ ခနဓညဇာတရူပ ရဇတနာနာဝိဓာလင်္ကာရသုဝဏ္ဏဘာဇနာဒိဘေဒံ ဝိတ္တူပကရဏမေတေသန္တိ ပဟူတ ဝိတ္တူပကရဏာ၊ တေသံ ပဟူတဝိတ္တူပကရဏာနံ မစ္ဆရီနံ ယထာ အဒါတု ကာမတာ၊ ဧဝံ နော အဒါတုကာမတာပိ နတ္ထီတိ သမ္ဗန္ဓော။ (သာရတ္ထ၊ ပ၊ ၄၅၇)

**မအူ-၅၂၀။** ။(က) ဒေယျဓမ္မာကိုငဲ့၍ လိင်ကိုပြင်-ဟု ပြလို၍ က-ဝါကျ မိန့်။ (ခ) အနက်ကိုပြလို၍ ခ-ဝါကျမိန့်။ (ဂ) လိင်ဖောက်ပြန်ခြင်းကို ကြဉ်၍ အနက်ကိုသိအပ်၏-ဟု ပြလို၍ ဂ-ဝါကျ မိန့်။ (င) နော-သည် သဗ္ဗနာမ် နော-မဟုတ်၊ ပဋိသေဓဇောတက နိပါတ်နော-တည်း၊ ပဋိသေဓ နှစ်ထွေပြလျှင်

http://www.dhammadownload.com



နောက်ပဋိသေဓ၌ အပိသဒ္ဒါ ရှိမြဲ တည်း၊ ထိုအပိသဒ္ဒါသည် အဋ္ဌာနပယုတ်တည်း-ဟု ပြလို၍ င-ဝါကျသံဝဏ္ဏနာ ကိုမိန့်။

**ဘာသာဋီကာ။** (ဂ) လိင်္ဂဝိပလ္လာသမဟုတ်ဘဲ ပါဠိရှိအတိုင်း အနက်ဖွင့်လို၍ အထ ဝါ-ဟု မိန့်။ (င) နောပိမှ အပိကို အဒါတုကာမတာနှင့် တွဲရမည်-ဟု သိစေ လို၍ အဒါတုကာမတာပိ နော-ဟု ဖွင့်၏။ နတ္ထိကား နော၏ အဖွင့် တည်း။ ယထာ စသည်ကား ဝိသဒိသူပမာဝါကျတည်း။ (ဘာဋီ၊ ၃၊ ၁၇၀)

**၁။ ပုစ္ဆာ။** ။သံဝဏ္ဏနာတို့ကို ရှုလျက် သံဝဏ္ဏေတဗ္ဗတို့ကို အနက် ယောဇနာပါ။

**၁။ အဖြေ။** ။တဋ္ဌ ခေါ-သောစ ခေါ ဒေယျဓမ္မော-ထိုလှူအပ်သည်၏ အဖြစ်တည်းဟူသော သဘောရှိသောဝတ္ထုသည်လည်း၊ (အမှာက်-အကျွန်ုပ်တို့ အား၊) အသန္တံ=အသန္တော-ထင်ရှားမရှိသည်၊ နော-မဟုတ်ပါ။ တစ်နည်း၊ တဋ္ဌ ခေါ ဒါနဝတ္ထု-ထိုလှူဖွယ်ဝတ္ထုသည်လည်း၊ (အမှာက်-တို့အား၊) အသန္တံ-ထင်ရှား မရှိသည်၊ နော-မဟုတ်ပါ။

**၂။ ပုစ္ဆာ။** ။ခ-မှတ်ပြဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက် ပြပါ။

**၂။ အဖြေ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က-မှတ်ပြဝါကျဖြင့် တံ-ပုဒ်, အသန္တံ-ပုဒ်တို့သည် လိင်္ဂဝိပလ္လာသဖြစ်ကုန်သော-ဟု ဆိုတော်မူ၏၊ လိင်္ဂဝိပလ္လာသ ဖြစ်သည်အားလျော်စွာ ဖြစ်သင့်သော အနက်ကိုလည်း ပြသင့်သည် မဟုတ်ပါလော၊ ဖြစ်သင့်သောအနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြဝါကျကိုမိန့်။

**၃။ ပုစ္ဆာ။** ။ဂ-မှတ်ပြဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**၃။ အဖြေ။** ။ဤသို့လျှင် (က၊ ခ) မှတ်ပြဝါကျတို့ဖြင့် တဋ္ဌ ခေါ နော အသန္တံပုဒ်တို့၏ လိင်္ဂဝိပလ္လာသဖြစ်ကြောင်းကို ပြဆိုတော်မူပြီး၍ ယခုအခါ လိင်္ဂဝိပလ္လာသမဟုတ်ဘဲ ပါဠိရှိတိုင်းသာ အနက်ဖွင့်လိုသောကြောင့် ဂ-ဝါကျကို မိန့်။

**အမှာ။** ။ခ-ဝါကျကို နည်းမှီ၍ ဃ-ဝါကျကို တက်ကြည့်ပါ၊ င-ဝါကျသို့တက်ပုံ လွယ်ပါ၏၊ တက်ကြည့်ပါ။ (က၊ ခ၊ ဂ၊ ဃ) ဝါကျအားလုံး ကိုပင် စုပေါင်း ထပနာကိုင်ရမည်ကိုကား သတိပြုပါ။

**၄။ ပုစ္ဆာ။** ။င-ဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာသို့ သာဘောဂ ပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ဆရာ၊ ပါဠိ၌ နောပိ အဒါတုကမျတာ–ဟူသောဝါကျကို ဝေရဥ္ဇပုဏ္ဏား ပြောကြား၏၊ ထို၌ပါသော နော–သည် သဗ္ဗနာမ်ပုဒ် ဖြစ်ပါသလော၊ အဘယ်ပုဒ် ဖြစ်ပါသနည်း၊ အပိကို ဌာနပယုဂ်ဟု မှတ်ရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် အဒါတုကာမတာပိ နော နတ္ထိ–ကို မိန့်။

မှတ်ချက်။ ။သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ တက်ရာ၌ အာဘော်ကို ရှေ့ကထားမှသာ အဓိပ္ပါယ်ဖြောင့်၏၊ ထို့ကြောင့် အမြဲတမ်း အာဘော်ကို ရှေ့က ထားသင့်သည်။ အာဘော် ဖော်တတ်လျှင် ဤကျမ်းတက်နည်းကို မလွဲအောင် တက်နိုင်၏၊ ဤကျမ်းတက်နည်းကို နားလည်လျှင် အာဘော်ကို မလွဲအောင် ဖော်နိုင်၏၊ ထို့ကြောင့် ဤဝါကျကို အာဘော်ဖော် မခိုင်းတော့ပြီ။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည် ပေး၍၊ မစ္ဆရိန်–ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။ခ–ဝါကျသည် က–ဝါကျကို ချဲ့သောကြောင့် ဝိတ္ထာရ ဝါကျ။ ဂ–ဝါကျသည် အဖွင့်တစ်ပါးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ဃ–ဝါကျသည် အနိယမအဖို့မှ နိယမအဖို့တစ်ပါးကို ပြသောကြောင့် နိယမပက္ခန္တရ ဝါကျ။ င–ဝါကျသည် တဥ္စ ခေါ နော အသန္တံ–၏ အဖွင့်မှတစ်ပါး နောပိ အဒါတု ကမျတာ–၏ အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်ပါသည်။

စာစပ်။ ။မစ္ဆရိန်–ကား ပါဌသေသ အတ္ထိ–၌ သမ္ပဒါန်၊ ပါဌသေသ အတ္ထိ–ကား သမ္ပဒါန်၏ကြိယာအဖြစ်ဖြင့် စပ်အပ်၏။

၃။ ပုစ္ဆာ။ ။အထက်ပါ ဝါကျတို့ကို ရှေ့နောက် ထောက်ဆ၍ ဝါကျ အမည် ပေးပြပါ။

၃။ အဖြေ။ ။င–ဝါကျသည် ပက္ခန္တရဝါကျ၊ ထိုဝါကျကို ထောက်ဆ၍ (က၊ ခ၊ ဂ၊ ဃ) ဝါကျတို့သည် ပက္ခဝါကျ။ ထို ပက္ခဝါကျထဲတွင် (ဂ၊ ဃ) ဝါကျ တို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ (က၊ ခ) ဝါကျတို့သည် ပက္ခ ဝါကျ။ ပက္ခဝါကျထဲတွင် ခ–ဝါကျသည် ဝိတ္ထာရဝါကျ၊ ထိုဝါကျကို ထောက်၍ က–ဝါကျသည် သင်္ခေပဝါကျ။ ပက္ခန္တရဝါကျထဲတွင် ဃ–ဝါကျသည် နိယမပက္ခန္တရ ဝါကျ၊ ထိုဝါကျကို ထောက်ဆ၍ ဂ–ဝါကျသည် အနိယမပက္ခဝါကျဖြစ်ပါသည်။

၄။ ပုစ္ဆာ။ ။င–မှတ်ပြ ဝါကျပါ မစ္ဆရိန်–ပုဒ်ကို အစိတ်အပေါင်းဝစနတ္ထ ပြုလျက် အပေါင်း ဝစနတ္ထကို ဉာဏ်နည်းကောက်ပြပါ။

http://www.dhammadownload.com



၄။ အဖြေ။ ။မစ္ဆရတီတိ မစ္ဆရံ (အစိတ်)၊ မစ္ဆရံ ဧတေသံ အတ္ထိတိ မစ္ဆရိနော(အပေါင်း)၊ (အနက်ပေး၊ စစ်၊ ခွဲ)။ မစ္ဆရ-ဟူသော တဒ္ဓိတ်ပုဒ်အရကား ဝန်တိုခြင်း မစ္ဆရိယသည် မုချအားဖြင့် ရ၏။ ထိုမစ္ဆရိယ၏ ပုဂ္ဂိုလ်တို့နှင့် သံ+သာမိ၊ ဌာနီ+ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဤပစ္စည်း၏ အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝန်တိုခြင်းရှိသောသူများ ရ၏။

၅။ ပုစ္ဆာ။ ။က-မှတ်ပြ ဝါကျပါ ဝိပလ္လာသ, ခ-မှတ်ပြ ဝါကျပါ ဒေယျ, ဂ-မှတ်ပြ ဝါကျပါ ဒါန, ဃ-မှတ်ပြ ဝါကျပါ အတ္ထ, င-မှတ်ပြ ဝါကျပါ မစ္ဆရ-တို့ကို ဓာတု, ပစ္စယ ခွဲပြပါ။

၅။ အဖြေ။ ။ဝိပလ္လာသ-သည် ဝိရှေး ပရိရှေးရှိသော အသဓာတ်၊ ဏ,ပစ္စည်း။ ဒေယျ-သည် ဒါဓာတ်, ဏျပစ္စည်း။ ဒါန-သည် ဒါဓာတ်, ယုပစ္စည်း။ အတ္ထ-သည် အရဓာတ်, တ,ပစ္စည်း။ မစ္ဆရ-သည် မသုဓာတ်, ဣပစ္စည်း ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ခ-မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ အာဘော်ကို ဖော်ပြ၍ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည်ပေးပြပါ။

၆။ အဖြေ။ ။သော စ ခေါ ဒေယျဓမ္မော-ဖြင့် တဋ္ဌ၌ တံ-၏ လိင်္ဂဝိပလ္လာသ၏ အဖြစ်ကိုလည်းကောင်း၊ ထို တ,အရ ဒေယျဓမ္မကို စွဲရမည့် အဖြစ်ကိုလည်းကောင်း သိစေ၏၊ ဘာဝတ္ထ၊ နာမလိင်္ဂတ္ထ။ အမှာက်-ဖြင့် အမှာက်-ပုဒ်ကို ထည့်စွက်၍ အနက်ပေးရမည့်အဖြစ်ကို သိစေ၏၊ သမ္ဗန္ဓနယ။ နော အသန္တော-ဖြင့် အသန္တ-ပုဒ်၏ လိင်္ဂဝိပလ္လာသ၏အဖြစ်ကို သိစေ၏၊ ဘာဝတ္ထ။

၇။ ပုစ္ဆာ။ ။က-မှတ်ပြ ဝါကျ၌ "ဝိပလ္လာသော, ဝိပ္ပလ္လာသော, ဝိပလာသော" သုံးမျိုးတို့တွင် သင့်ရာကို သဒ္ဒနယဖြင့် ဆုံးဖြတ်ခဲ့ပါ။

၇။ အဖြေ။ ။ဝိပ္ပလ္လာသော, ဝိပလာသော-တို့သည် ဒွေဘော်မရောက်သင့်ရာ၌ ဒွေဘော်ရောက်ခြင်း၊ ဒွေဘော်ရောက်သင့်ရာ၌ ဒွေဘော်မရောက်ခြင်းတို့ကြောင့် မှားပါသည်။ ဝိပလ္လာသော-ကား ဝိ+ပရိ+အာသော-ဖြစ်၍ ဒွေဘော်မရောက်သင့်ရာ ပရိ-၏ ပ,၌ ဒွေဘော်မရောက်ခြင်း၊ ရ, ကို လ, ပြုပြီး ဣကို ယ, ပြုပြီးလျှင် လျ, ကို ယဝတ်-စသောသုတ်ဖြင့် လ, ပြုပြီး ဒွေဘော်ဌာနဖြစ်သည့် အားလျော်စွာ လ, ၌ ဒွေဘော်ပြုခြင်းတို့ကြောင့် သင့်ပါသည်။

၈။ ပုစ္ဆာ။ ။က-မှတ်ပြ ဝါကျပါ ဝိပလ္လာသော-၌ နယ, င-မှတ်ပြ ဝါကျပါ မစ္ဆရိနံ-၌ ဥပစာတို့ကို အကြောင်းပြ၍ ဖြေဆိုပါ။

http://www.dhammadownload.com



**၈။ အဖြေ။** ။က–မှတ်ပြ ဝါကျပါ ဝိပလ္လာသော–၌ ရ, ကို လ၊ ဣကို ယ၊ လျကို လ, ပြုသောကြောင့် အက္ခရဝိပလ္လာသနည်း၊ လ, အက္ခရာလာသောကြောင့် ဝဏ္ဏာဂမနိရုတ္တိနည်းများ ဖြစ်ကြပါသည်။

အစိတ်ဖြစ်သော မစ္ဆရိယ၏ မစ္ဆရ–ဟူသောအမည်ကို အပေါင်းဖြစ်သော လောဘ, ဣဿာ–စသည်တို့၌ တင်စား၍ ခေါ်ဝေါ်အပ်သောကြောင့် အဝယဝူပစာ(ကေဒေသူပစာ)ဖြစ်ပါသည်။

**၉။ ပုစ္ဆာ။** ။အောက်ပါ မြန်မာဘာသာကို ဝုတ္တိယဗန္ဓ စီကုံးပြပါ။

ညဦးအခါ၌ တစ်ပါး မကသော အဖျော်အထူး နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ခြင်း၊ ကောင်းစွာပြုခြင်း အစရှိသော အကြင်လှူဖွယ် ဝတ္ထုသည် လှူအပ်သည်ဖြစ်ရာ၏၊ ထိုလှူဖွယ်ဝတ္ထုကို မလှူရသေးပါ။

**၉။ အဖြေ။** ။သာယနှေ အနေကဝိဓပါနဝိကတိဂန္ဓပုပ္ဖာဒိဟိ ပူဇာသက္ကာ–ရောတိ ဝေမာဒိကော ယော ဒေယျဓမ္မော ဒါတဗ္ဗော အဿ၊ သော န ဒိန္နော။

**၁၀။ ပုစ္ဆာ။** ။ဂ–မှတ်ပြ ဝါကျ ပဓာန၏အရကို လက္ခဏာဟာရနေတ္တိနည်း ထုတ်ဆောင်ခဲ့ပါ။

**၁၀။ အဖြေ။** ။ဂ–မှတ်ပြ ဝါကျအရ အလှူပေးခြင်း အခြင်းအရာအားဖြင့် ဖြစ်သော ဒါနမယကုသိုလ်စေတနာကို ယူ၍၊ ထိုကို ယူသဖြင့် အလှူခံဖြစ်သော ဘုရားစသည်သို့ ညွတ်ခြင်းလက္ခဏာ, မစ္ဆေရစသည်ကို ပယ်ခြင်းကိစ္စ, ယောနိသောမနသိကာရစသောအကြောင်း, ဘဝသမ္ပတ္တိစသော အကျိုးအားဖြင့် ထိုဒါနကိုသိုလ်စေတနာနှင့်တူသော သဟစရဏာစိတ္တုပ္ပါဒ်ကိုလည်း ယူအပ်၏။

❀❀❀❀❀

အမှတ်–၇၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၈၊ လေ့ကျင့်ခန်း
## (အစိုးရ ပုစ္ဆာနှင့် အဖြေ)

**(က) အသဒ္ဓမ္မန္တိ အသတံ နိစ္စနောနံ ဓမ္မံ။**

**(ခ) တေဟိ သေဝိတဗ္ဗတ္တိ အတ္ထော။**

**(ဂ) ဂါမဓမ္မန္တိ ဂါမာနံ ဓမ္မံ၊ ဂါမဝါသိကမနုဿာနံ ဓမ္မန္တိ ဝုတ္တံ ဟောတိ။**

**(ဃ) ဝသလဓမ္မန္တိ ပါပဓမ္မေ ဝသန္တိ ပဂ္ဃရန္တီတိ ဝသလာ၊ တေသံ ဝသလာနံ ဟီနပုရိသာနံ ဓမ္မံ။**

**(င) ဝသလံ ဝါ ကိလေသပဂ္ဃရဏကံ ဓမ္မံ။ (ဋ္ဌ၊ ပ၊ ၁၈၆)**

**ဋီကာ။** ။(ဂ) ဂါမဓမ္မန္တိ ဧတ္ထ ဂါမသဒ္ဒေန ဂါမဝါသိနော ဝုတ္တာ အဘေဒူပစာရေနာတိ အာဟ "ဂါမဝါသိကမနုဿာန"န္တိ။ (သာရတ္ထ၊ ၃၊ ၂၃)

**မအူ-၈၀။** ။(ဂ) ဌာနဖြစ်သော ရွာဖြင့် ဌာနီဖြစ်သော လူတို့ကိုယူ-ဟု သိစေလို၍ ဂ-မှတ်ပြ ဒုတိယဝါကျကို မိန့်။ (င) ဝသလ၏ အရကို ပုဂ္ဂလအားဖြင့် ပြပြီး၍ ဓမ္မအားဖြင့် ပြလို၍ င-ဝါကျကိုမိန့်။

**ဘာသာဋီကာ။** ။"အသန္တ အရ နိစ္စနေ (အကျင့်ယုတ်ညံ့သူ) ကို အရကောက်ပါ"ဟု အဘိဓေယျကို ပြလို၍ နိစ္စနောနံ-ဟုဖွင့်သည်။ တေဟိ သေဝိတဗ္ဗံ-ကား အသဒ္ဓမ္မမည်ပုံကို ထင်ရှားပြသော စကားတည်း။ နိစ္စနေတို့ မှီဝဲ အပ်သော အကျင့်ဖြစ်သောကြောင့် "အသဒ္ဓမ္မ" ခေါ်ရသည် ဟူလို။ (ဘာဋီ၊ ၃၊ ၂၇၃)

**၁။ ပုစ္ဆာ။** ။သံဝဏ္ဏနာတို့ကို ရှု၍ သံဝဏ္ဏေတဗ္ဗတို့ကိုသာ အနက်ပေးပြပါ။

**၁။ အဖြေ။** ။အသဒ္ဓမ္မံ-သူတော်မဟုတ် သူယုတ်မာတို့၏ အကျင့်သို့၊ ဝါ-သူတော်မဟုတ် သူယုတ်မာတို့သည် မှီဝဲအပ်သော အကျင့်သို့။ ဂါမဓမ္မံ-ရွာတို့၏ အကျင့်သို့၊ ဝါ-ရွာသူရွာသားတို့၏ အကျင့်သို့၊ ဝါ-ကိလေသာကို ယိုချတတ်သော အကျင့်သို့။

**၂။ ပုစ္ဆာ။** ။ခ-ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဤသို့လျှင် က-မှတ်ပြဝါကျဖြင့် အသဒ္ဓမ္မံပုဒ်ကို အသတံ ဓမ္မော အသဒ္ဓမ္မော-ဟု ဝိဂ္ဂဟပြုရမည့်အဖြစ်ကို ပြတော်မူပြီး၍ ယခုအခါ အသဒ္ဓမ္မ မည်ပုံကို ထင်ရှားပြလိုသောကြောင့် ခ-ဝါကျကိုမိန့်။

**၂။ ပုစ္ဆာ။** ။ဂ-ဝါကျကို အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဤသို့လျှင် (နိဒဿန)၊ (က၊ ခ) မှတ်ပြ ဝါကျတို့ဖြင့် (ကရဏ)၊ အသဒ္ဓမ္မပုဒ်၏ အနက်ကို(ကမ္မ)၊ ပြဆိုတော်မူပြီး၍ (ကြိယာဝိသေသန)၊

http://www.dhammadownload.com



ယခုအခါ၌ (အာဓာရ)၊ ဂါမဓမ္မပုဒ်၏ အနက်ကို ပြဆိုတော်မူခြင်းဌာ (သမ္ဗန္ဓ)၊ အလိုရှိတော်မူသော (တုလျာဓိကရဏဝိသေသန)၊ အဋ္ဌကထာဆရာသည် (ကတ္တား)၊ ဂ–မှတ်ပြ ဝါကျကို မိန့် (ကြိယာ)။

မှတ်ချက်။ ။ရှေးဆရာကြီးများက ဤကဲ့သို့ စာသံပေသံ ပါအောင်ရေးမှ ကြိုက်တော်မူကြသည်၊ အကြိုက်တွေ့အောင် ဖြေဆိုပေးပါ။ ကနှင့်ခ–ကိုပေါင်း၍ ထပနာကိုင်ရပုံကို သတိပြုပါ၊ ထိုသို့ ကိုင်ရခြင်းမှာ က–ဝါကျ, ခ–ဝါကျတို့က အသဒ္ဓမ္မ–ပုဒ်၏ အဖွင့်ကို ပြ၍၊ ဂ–ဝါကျက ဂါမဓမ္မ–ပုဒ်၏ အဖွင့်ကိုပြသော ကြောင့်ပင်ဖြစ်သည်၊ သံဝဏ္ဏေတဗ္ဗတစ်ပုဒ်မှ အခြားသံဝဏ္ဏေတဗ္ဗပုဒ်သို့ တက်ရသော အရာတိုင်း၌ ဤနည်းချည်းသာတည်း။ ထို့ကြောင့် ဃ–ဝါကျသို့ ဤနည်းအတိုင်း တက်ကြည့်ပါ။

၂။ ပုစ္ဆာ။ ။ င–ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဆရာသည်၊ ဃ–ဝါကျဖြင့် ဝသလဓမ္မ–ကို "ဝသလာနံ ဓမ္မော ဝသလဓမ္မော"ဟု ဝိဂ္ဂဟပြု၍ "ဝသလ–အရ ယုတ်ညံ့သော ပုဂ္ဂိုလ်တို့ကို ကောက်ယူရမည်"ဟု ဖွင့်ပြတော်မူ၏၊ ဝသလဓမ္မ–ပုဒ်ကို ဝသလာနံ ဓမ္မော–ဟူ၍သာ ဝိဂ္ဂဟပြုနိုင်ပါသလော၊ အဘယ်သို့လည်း ဝိဂ္ဂဟပြုနိုင်ပါသေးသနည်း၊ ဝသလ–အရ ပုဂ္ဂိုလ်တို့ကိုသာ ကောက်ယူနိုင်ပါသလော၊ အဘယ်ကိုလည်း ကောက်ယူနိုင်ပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် င–ဝါကျကို မိန့်။

မှတ်ချက်။ ။င–ဝါကျသည် တစ်နည်းပြသဖြင့် သမုစ္စည်းသဘော သက်ဝင်သောကြောင့် "နောက်သမုစ္စယ၊ ကျမ်း၌ပြ၊ ဧဝ အာဘော်ဆင်"နှင့်အညီ "သာ"ဟု အာဘော်ထားသည်။ တစ်နည်းဖွင့်ပြသော ဝါကျတိုင်းမှာ ဤနည်းချည်းသာ တက်ပါ။ ဤအတက်၌ လျဉ်းပါး၍တက်ထားသည်ကို သတိပြုပါ။ ထို့ကြောင့် ပုစ္ဆာ၌ "သာဘောဂပုစ္ဆာ တက်ပါ"ဟု ရိုးရိုးပင် မေးထားသော်လည်း လျဉ်းပါး၍ ဖြစ်နိုင်လျှင် လျဉ်းပါး၍ တက်တတ်အောင် ကြိုးစားပါ၊ လျဉ်းပါး၍ မဖြစ်နိုင်မှသာ ရိုးရိုးသာဘောဂပုစ္ဆာကို တက်ပါ၊ ရိုးရိုးသာဘောဂပုစ္ဆာသည် စံချိန်မီသော အတက်မဟုတ်၊ လျဉ်းပါး သာဘောဂပုစ္ဆာသာ စံချိန်မီသောအတက် ဖြစ်သည်။

၂။ ပုစ္ဆာ။ ။က–ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာ နည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဘုရားရှင်သည်၊ ပါဠိတော်၌ အသဒ္ဓမ္မ–ဟူသော ပုဒ်ကို ဟောထားတော်မူ၏၊ ထိုအသဒ္ဓမ္မ–ပုဒ်ကို အဘယ်သို့ ဝိဂ္ဂဟပြုရမည်နည်း၊

http://www.dhammadownload.com



"အသန္တော စ သော ဓမ္မော စာတိ အသန္တမ္မော"ဟု ကမ္မဓာရယ်သမာသ် ဝိဂ္ဂဟ ပြုရမည်လော။ ဤသို့ မေးဖွယ်ရှိသောကြောင့် အသတံ နိစ္စဇနာနံ ဓမ္မဲ-ဟူသော သံဝဏ္ဏနာကို မိန့်။

**မှတ်ချက်။** ။ဗျတိရေကအာဘော်ကို အာဘော်လုပ်ထားသည်ကို သတိပြု အတုယူပါ။ ထိုသို့ ဗျတိရေက အာဘော်ထုတ်ရာ၌ သက်ဆိုင်မှသာ (လျှဉ်းပါး ဖွယ်ရှိမှသာ) လျှဉ်းပါးရသည်၊ မသက်ဆိုင်လျှင် မလျှဉ်းပါးရ။ အသန္တမ္မဲ-ပုဒ်ကို ကမ္မဓာရယ်လည်း ပြုနိုင်သည်၊ တပ္ပုရိသ်လည်း ပြုနိုင်သည်၊ ဤနေရာ၌ ကမ္မ ဓာရယ် မပြုရသောကြောင့် ကမ္မဓာရယ်ကို လျှဉ်းပါးရသည်။ ဒွန်သမာသ် စသည် ကိုကား နဂိုကပင် မရနိုင်သောကြောင့် ၎င်းတို့ကို လျှဉ်းပါး၍ မရ၊ လျှဉ်းပါး လျှင် လူရယ်စရာ ဖြစ်လိမ့်မည်။ "အဖြေ ရှောင်ကွင်း၊ လျော်ရာနှင်း၊ သွင်းလေ အာဘောဂ"ဟူသော ရှေးဆရာကြီးတို့၏ နိယာမ်ကို ကောင်းစွာ မှတ်ထားပါ။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည် ပေးပြပါ။

**၃။ အဖြေ။** ။ခ-ဝါကျသည် အသန္တမ္မအမည်ရပုံကို ထင်ရှားအောင် ပြသောကြောင့် တပ္ပါကဋီကရဏဝါကျ။ ဂ-ဝါကျသည် အသန္တမ္မဲပုဒ်၏ အဖွင့်မှ တစ်ပါး ဂါမဓမ္မဲပုဒ်၏ အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ဃ-ဝါကျ သည် ဂါမဓမ္မဲပုဒ်၏ အဖွင့်မှတစ်ပါး ဝသလဓမ္မဲပုဒ်၏ အဖွင့်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။ င-ဝါကျသည် ဝသလဓမ္မဲပုဒ်၏ အဖွင့်ကိုပင် တစ်မျိုးအားဖြင့် ပြသောကြောင့် ပက္ခန္တရဝါကျ ဖြစ်ပါသည်။

**၃။ ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို ရှေ့နောက် ထောက်ဆ၍ ဝါကျ အမည် ပေးပြပါ။

**၃။ အဖြေ။** ။(ဂ၊ ဃ၊ င) ဝါကျတို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျတို့ကို ထောက်၍ (က၊ ခ) ဝါကျတို့သည် ပက္ခဝါကျ။ ထိုပက္ခဝါကျထဲတွင် ခ-ဝါကျ သည် တပ္ပါကဋီကရဏဝါကျ၊ ထိုဝါကျကို ထောက်၍ က-ဝါကျသည် အပါကဋ ဝါကျ။ ပက္ခန္တရဝါကျထဲ တွင် (ဃ၊ င) ဝါကျတို့သည် ပက္ခန္တရဝါကျ၊ ထိုဝါကျ တို့ကို ထောက်၍ ဂ-ဝါကျသည် ပက္ခဝါကျ။ ပက္ခန္တရဝါကျထဲတွင် င-ဝါကျ သည် ပက္ခန္တရဝါကျ၊ ထိုဝါကျကို ထောက်၍ ဃ-ဝါကျသည် ပက္ခဝါကျ ဖြစ်ပါ သည်။

**မှတ်ချက်။** ။ဤနည်းသည် ဝါကျတို့ကို သင့်သလို စပေါင်းထားရသည်၊ က+ခ ဝါကျတို့က အသန္တမ္မဲ၏ အဖွင့်ကို ပြသည်။ ဂ-ဝါကျက ဂါမဓမ္မဲ-၏

http://www.dhammadownload.com



အဖွင့်ကို ပြသည်။ ဃ+င–ဝါကျတို့က ဝသလဓမ္မ၏ အဖွင့်ကို ပြသည်။ ဤသို့ စုထား၍ ပထမဦးစွာ ဆင်ထားသော ဝါကျအားလုံးကို နှစ်စုတည်းဖြစ်သွားအောင် ခွဲခြားယူလိုက်ရသည်။ ထို့နောက်မှ ပထမပိုင်းကို သင့်သလို ထပ်မံခွဲခြား၍ အမည်ပေးရသည်။ ပထမပိုင်းအတွက် ကိစ္စပြီးသောအခါကျမှ ဒုတိယပိုင်းကို ထို့အတူ သင့်သလို နှစ်ပိုင်းထပ်စု၍ ဆိုင်ရာအမည်ပေးသည်။ ဤအစဉ်အတိုင်း ဝါကျမကုန်မချင်း အမည်ပေးသွားရသည်။ ရှေ့ကလည်း ရေးခဲ့ပြီ။

၃။ ပုစ္ဆာ။ ။ဃ–မှတ်ပြ ဝါကျ၌ တေသံ–ပုဒ်, ဝသလာနံ–ပုဒ်တို့ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၃။ အဖြေ။ ။တေသံ–ကား ကုန်သော–ဟူ၍ အနက်ပေးသောကြောင့် ဝသလာနံ–၌ တုလျာဓိကရဏဝိသေသန၊ ဝသလာနံကား တုလျာဓိကရဏ ဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။ ဝသလာနံ–ကား ကုန်သော–ဟူ၍ အနက်ပေး သောကြောင့် ဟီနပုရိသာနံ–၌ တုလျာဓိကရဏဝိသေသန၊ ဟီနပုရိ သာနံ–ကား တုလျာဓိကရဏဝိသေသျအဖြစ်ဖြင့် စပ်အပ်၏။

၄။ ပုစ္ဆာ။ ။ က–မှတ်ပြ ဝါကျ အဖွင့်အားလျော်စွာ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝိဂ္ဂဟပြု ဥာဏ်ကောက်ပါ။

၄။ အဖြေ။ ။အသတံ ဓမ္မောတိ အသဒ္ဓမ္မော။ (အနက်ပေးပါ၊ စစ်ပါ၊ ပုဒ်ခွဲပါ။) အသန္တ အရကား သူတော်မဟုတ် သူယုတ်မာတို့ကို မုချအားဖြင့် ရ၏။ သူတော်မဟုတ် သူယုတ်မာတို့၏ မေထုန်အကျင့်နှင့် ဌာန+ဌာနီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ အသဒ္ဓမ္မော–ဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော သူတော်မဟုတ် သူယုတ်မာတို့၏ မေထုန် အကျင့် ရ၏။

မှတ်ချက်။ ။အသန္တပုဒ်နှင့် ဓမ္မပုဒ်တို့ကို တွဲထားသောကြောင့် သမာသ် ပုဒ်ဖြစ်ကြောင်း သိပါ။ အသန္တ အရ သူယုတ်မာတို့ကို ရ၍ ဓမ္မအရ မေထုန်အကျင့် ရပြီးလျှင် ထိုဓမ္မ၏ အရဖြစ်သော မေထုန်အကျင့်ကိုပင် ပဓာနအားဖြင့် ကောက်ရ သောကြောင့် တပ္ပုရိသ်သမာသ် ဖြစ်ရကြောင်း သိပါ။ ထိုတွင်လည်း သူယုတ်မာ တို့နှင့် ဓမ္မသည် အချင်းချင်း သာမီ+သံ အဖြစ်ဖြင့် စပ်နေသောကြောင့် ဆဋ္ဌီ တပ္ပုရိသ်ဖြစ်ရကြောင်းကို သိပါ။

၅။ ပုစ္ဆာ။ ။ဃ–မှတ်ပြ ဝါကျပါ ဝသလ–၌ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ–တို့ကို ဖြေလျက်၊ က–မှတ်ပြ ဝါကျပါ ဓမ္မပုဒ်၏ အတ္ထကိုလည်း ဖြေဆို ပါ။

http://www.dhammadownload.com



**၅။ အဖြေ။** ။ဝသ်လ-၌ ဝသဓာတ်, သူဒနတ္ထ၊ ဝါ-ပဋိရဏတ္ထ၊ အလ,ပစ္စည်း၊ ကတ္တားအနက် ဖြစ်ပါသည်။ ဓမ္မပုဒ်အနက်ကား အာစာရတ္ထ ဖြစ်ပါသည်။

**မှတ်ချက်။** ။ဓမ္မပုဒ်၏အနက်ကို ဖြေပုံသည် အဆန်းမဟုတ်၊ "ဓမ္မော သဘာဝေ ပရိယတ္တိ ပညာ"စသော အဘိဓာန် အနေကတ္ထဝဂ်လာ ဓမ္မသဒ္ဒါ၏ အနက်များစွာမှ ဤနေရာနှင့် သင့်လျော်သော အာစာရအနက်ကို ရွေးကောက် ဖြေဆိုထားခြင်းသာ ဖြစ်သည်။ အခြားသော ပုဒ်များ၌လည်း ဖြေဆိုတတ်ပါစေ။

**၆။ ပုစ္ဆာ။** ။ ခ-မှတ်ပြ ဝါကျကို အကြောင်းပြ သံဝဏ္ဏနာအမည်ပေး၍၊ င-ဝါကျ၌ အဋ္ဌကထာဘောဂ ဖော်ပြပါ။

**၆။ အဖြေ။** ။တေဟိ သေဝိတဗ္ဗတ္တိ အတ္ထော-ဟူသော သံဝဏ္ဏနာသည် အသဒ္ဓမ္မောပုဒ်ကို "အသန္တေဟိ သေဝိတဗ္ဗော ဓမ္မောတိ အသဒ္ဓမ္မော"ဟု မဇ္ဈေ လောပီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်-ဟု ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ ဖြစ်ပါသည်။ တစ်နည်း၊ အသဒ္ဓမ္မဟူသည် သူယုတ်မာတို့ မှီဝဲအပ်သော အကျင့် ပင်တည်း-ဟု အဓိပ္ပါယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာ ဖြစ်ပါသည်။

**မှတ်ချက်။** ။သမာသ်ဝိဂြိုဟ်ကို ဖွင့်ဆိုရာ၌ သမာသလိင်္ဂတ္ထ ယူထားသည်ကို သတိပြုပါ။ အချို့ဆရာများက သမာသလိင်္ဂပဒယူကြသည်။ သမာသ လိင်္ဂပဒသံဝဏ္ဏနာကား သမာသ်အမည်ကို ပြသောကြောင့် ၄င်းသည် အဋ္ဌကထာ၌ မရှိသလောက်ပင် ဖြစ်သည်။

**င-၌ အာဘော်။** ။ဝသလံ ကိလေသပဂ္ဃရဏကံ ဓမ္မံ-ဟူသော သံဝဏ္ဏနာ ပါဌ်ဖြင့် ဝသလ၌ ဝသဓာတ်၏ ပဂ္ဃရဏအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ အလ,ပစ္စည်း ကတ္တားအနက်၌ ဖြစ်၍ ကိလေသေ ဝသတိ ပဂ္ဃရတီတိ ဝသလော-ဟု ဝိဂ္ဂဟပြုရမည့် အဖြစ်ကိုလည်းကောင်း၊ ဝသလပုဒ်နှင့် ဓမ္မပုဒ်ကို ဝသလော ဓမ္မောတိ ဝသလဓမ္မော-ဟု ကမ္မဓာရယ်သမာသ် တွဲစပ်ရမည့် အဖြစ်ကိုလည်း ကောင်း ဖွင့်ပြသိစေပါသည်။

**၇။ ပုစ္ဆာ။** ။က-မှတ်ပြ ဝါကျ၌ အသန္တံ, အသတံ-နှစ်မျိုးတွင် သင့်ရာကို အကြောင်းအထောက်အထားပြ၍ ဖြေဆိုပါ။

**၇။ အဖြေ။** ။က-မှတ်ပြ ဝါကျ၌ အသန္တံ, အသတံ-နှစ်မျိုးတွင် နိစ္စဇနာနံ-ဟူသော အဋ္ဌကထာအဖွင့်ကို ထောက်၍ အသတံ-ဟု နံဝိဘတ်ဖြင့် ရှိသောပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



၈။ ပုစ္ဆာ။ ။ဂ-မှတ်ပြ ဝါကျပါ ဂါမဓမ္မာနံ-၌ ဖြစ်သင့်သော နယူ-ပစာရကို ဖြေပါ။

၈။ အဖြေ။ ။ဂါမာနံ-သဒ္ဒါသည် ရွာနှင့် ရွာသူရွာသားတို့ကို မခွဲခြားဘဲ ဆိုအပ်သောကြောင့် အဘေဒူပစာဖြစ်ပါသည်။ တစ်နည်း၊ ဌာနဖြစ်သော ရွာ၏ အမည်ကို ဌာနီဖြစ်သော ရွာသူရွာသားတို့၌ တင်စား၍ ဌာနီဖြစ်သော ရွာသူ ရွာသားတို့ကို ဂါမါနံ-ဟု ဆိုခြင်းကြောင့် ဌာနူပစာဖြစ်ပါသည်။

ဌာနဖြစ်သော ရွာကို ဆိုသဖြင့် ဌာနီဖြစ်သော ရွာသူရွာသားတို့ကို ယူရသောကြောင့် နာန္တရိကနည်း ဖြစ်ပါသည်။ ဌာနဖြစ်သော ရွာ၏အမည်ကို ဌာနီဖြစ်သော ရွာသူရွာသားတို့၌ တင်စား၍ ဆိုအပ်သောကြောင့် ရုဠှီနည်းဖြစ်ပါသည်။ ရွာကို ဆိုသော်လည်း ရွာသူရွာသားတို့ကို ဆောင်၍သိအပ်သောကြောင့် နေယျတ္ထနည်း ဖြစ်ပါသည်။ ရွာနှင့်ရွာသူရွာသားတို့ကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒ နည်း ဖြစ်ပါသည်။

မှတ်ချက်။ ။ဂါမသဒ္ဒါက ရွာကို ဟော၏၊ သို့ရာတွင် ဤနေရာ၌ ရွာကို မယူရ၊ ရွာသူရွာသားတို့ကို ယူရ၏။ ထိုရွာနှင့် ရွာသူရွာသားတို့၏ ဆက်စပ်ပုံကို စဉ်းစားကြည့်လျှင် ရွာကဌာနဖြစ်၍ ရွာသူရွာသားတို့က ဌာနီဖြစ်ကြ၏။ ဤသို့လျှင် သဒ္ဒါက ဌာနကိုဟောပါလျက် ဌာနီကို အရကောက်ရသောကြောင့် ဌာနူပစာဖြစ်လေသည်။

၉။ ပုစ္ဆာ။ ။အောက်ပါ မြန်မာစကားတို့ကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

ထိုမကောင်းမှုကံ၏ ထိုအကျိုးကို ပြခြင်းငှာ သားကို သနားကုန်သော မိဘတို့သည် ပြုမိသော အပြစ်ရှိသော သားကိုကဲ့သို့ သနားခြင်းနှင့် တကွဖြစ်သော စိတ်ဖြင့် သုဒိန်ကို ကဲ့ရဲ့တော်မူလိုသည်ဖြစ်၍ "ဝရံ တေ မောဃပုရိသ"အစရှိသော စကားကို မိန့်တော်မူ၏။

၉။ အဖြေ။ ။အဿ တံ ဝိပါကံ ဒဿေတုံ ကတာပရာဓံ ဝိယ ပုတ္တံ အနုကမ္ပကာ မာတာပိတရော ဒယာလုကေန စိတ္တေန သုဒိန္နံ ပရိဘာသန္တော "ဝရံ တေ မောဃပုရိသာ"တိ အာဒိမာဟ။

၁၀။ ပုစ္ဆာ။ ။ဃ-မှတ်ပြ ဝါကျ၏ အရကိုရှု၍ ခန္ဓောတရဏာဟာရ နေတ္တိနည်း ဖြေပြပါ။

၁၀။ အဖြေ။ ။ဃ-မှတ်ပြ ဝါကျအရ မေထုနရာဂ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်ကိုယူ၍ ထိုတွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာ မည်၏။ သညာသည် သညာက္ခန္ဓာ မည်၏။ ကြွင်းသော စေတသိက် ၁၉သသည် သင်္ခါရက္ခန္ဓာမည်၏။ လောဘမူစိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။

http://www.dhammadownload.com



**မှတ်ချက်။** ။နိဂုံး, နိဒါန်း မပါ၊ လိုရင်းကိုသာ ဖြေဆိုထားသည်ကို လည်းကောင်း၊ ထိုသို့ ဖြေဆိုရာ၌ သုတ္တာဂတမှုကိုသာ ယူ၍ ခန့်ခွဲထားပုံကို လည်းကောင်း သတိပြု အတုယူပါ။

**အမှာ။** ။နောက်လာမည့် လေ့ကျင့်ခန်း ၇-ခု၌ကား အဖြေမှန်ပေးတော့ မည်မဟုတ်ပါ။ မိမိတို့ကိုယ်တိုင် ဖြေဆို၍ ဆရာတစ်ပါးပါးထံ အစစ်ခံကြရန် ဖြစ်ပါသည်၊ ၄င်းပုစ္ဆာများ ကုန်သောအခါ ၄င်းပုစ္ဆာများကို အတုယူ၍ မိမိတို့ ကိုယ်တိုင် ဝါကျဆင်ကာ ပုစ္ဆာထုတ်ပြီး အဖြေရေးကာ ဆရာတစ်ပါးပါးထံ **အစစ်ခံပါ၊ အထူးတိုးတက်မှု ရပါလိမ့်မည်။**

❀❀❀❀❀

အမှတ်-၈၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၉၊ လေ့ကျင့်ခန်း

(က) **ဝိဝိစ္စေဝ ကာမေဟီ**တိ ကာမေဟိ ဝိဝိစ္စိတွာ ဝိနာ ဟုတွာ အပသက္ကိတွာ။

(ခ) ယော ပနာယံမေတ္ထ ဧကာရော၊ သော နိယမတ္ထောတိ ဝေဒိတဗ္ဗော။

(ဂ) ယသ္မာ စ နိယမတ္ထော၊ တသ္မာ ပဌမဈာနံ သမာပဇ္ဇိတွာ ဝိဟရဏ သမယေ အဝိဇ္ဇမာနာနမ္ပိ ကာမာနံ တဿ ပဌမဈာနဿ ပဋိပက္ခဘာဝံ ကာမပရိစ္စာဂေနေဝ စဿ အဓိဂမံ ဒီပေတိ။

(ဃ) **ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီ**တိ ကိလေသကာမေဟိ သဗ္ဗာကုသလေဟိ ဓမ္မေဟိ ဝါ ဝိဝိစ္စာတိ အတ္ထော ယုဇ္ဇတိ။ (ဋ္ဌ၊ ပ၊ ၁၁၂)

**ဋီကာ။** ။(က) **ဝိဝိစ္စိတွာ**တိ ဝိသုံ ဟုတွာ။ တေနာဟ "ဝိနာ ဟုတွာ အပသက္ကိတွာ"တိ။ ပဇဟနဝသေန အပက္ကမိတွာတိ အတ္ထော။ (ဂ) **ဝိဝိစ္စေဝ ကာမေဟီ**တိ ဧတ္ထ ဝိဝိစ္စာတိ ဣမိနာ ဝိဝေစနံ ဈာနက္ခဏေ ကာမာနံ အဘာဝမတ္တံ ဝုတ္တံ။ ဝိဝိစ္စေဝါတိ ပန ဣမိနာ ဧကံသတော ကာမာနံ ဝိဝေစေ တဗ္ဗတာဒီပနေန တပ္ပဋိပက္ခတာ ဈာနဿ ကာမဝိဝေကပ္ပဟာနဿ စ ဈာနာဓိဂမူပါ ယတာ ဒဿိတာ ဟောတီတိ ဣမမတ္ထံ ဒဿေတုံ "ပဌမဈာန"န္တိ အာဒိ ဝတွာ တမေဝ ပါကဋတရံ ကာတုံ "ကထ"န္တိ အာဒိ ဝုတ္တံ။

**မအု-၂၃၇။** ။(က)က-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ ဝိဝေစနတ္ထကို ပြလို၍ ဝိနာ-စသည် မိန့်။ (ခ) ဧဝသဒ္ဒါ၏ အနက်ကို ပြလို၍ ခ-ဝါကျ မိန့်။ (ဂ) ထို ဧဟူသော သဒ္ဒါ၏ မှတ်ခြင်း-ဟူသော အနက်ကို အကျယ်အားဖြင့် ပြလို၍ ဂ-ဝါကျမိန့်။

http://www.dhammadownload.com



**ဘာသာဋီကာ။** ။(က) က–၌ ဝိဝိစ္စ–ဝယ် ဝိပုဗ္ဗ ဝိစဓာတ်, တွာပစ္စည်း–ဟု ပြလို၍ ဝိဝိစ္စိတွာ–ဟု ဖွင့်။ ဝိစဓာတ်သည် ဝိဝေက–ကင်းဆိတ်ခြင်းအနက်ဟော–ဟု ပြလို၍ ဝိနာ ဟုတွာ–ဖွင့်။ ထိုကင်းခြင်းလည်း အလိုလိုကင်းခြင်း မဟုတ်၊ ကင်းအောင်စွန့်ခွာခြင်းကြောင့် ကင်းခြင်း–ဟု ပြလို၍ အပသက္ကိတွာ–ဖွင့်။ (ဘူဝါဒိသက္ကဓာတ်သည် ဂတိအနက်ဟော၊ အပရှေးရှိ သောကြောင့် အပက္ကမန–စွန့်ခွာခြင်း အနက်ကို ဟောသည်။ ထို့ကြောင့် ဋီကာ၌ အပသက္ကိတွာကို ပဇဟန ဝသေန အပက္ကမိတွာ–ဟု ဖွင့်သည်။ (ဘာဋီ၊ ပ၊ ၅၆၅)

၁။ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ–ဟူသော သံဝဏ္ဏေတဗ္ဗဝါကျကိုသာ အဖွင့်နှင့်ညီအောင် အနက်နှစ်နည်း ပေးပြပါ။

၂။ ခ–မှတ်ပြ ဝါကျကို သာဘောဂပုစ္ဆာ, ဂ–မှတ်ပြ ဝါကျကို အနုသန္ဓေ, ဃ–မှတ်ပြ ဝါကျကို အနာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ အချင်းချင်း ထောက်ဆ၍လည်းကောင်း အမည်ပေးပြပါ။

၄။ ဝတ္တုကာမ–ကို ရည်ရွယ်လျက် က–မှတ်ပြ ဝါကျပါ ကာမေဟိ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဉ်ကောက်ပြပါ။

၅။ ဂ–မှတ်ပြ ဝါကျပါ ဝိဟရဏသမယေ–ဝယ် သမယေ–၌ လိင်, ဝိဘတ်, ဓာတ်, ပစ္စည်း, ကြိယာ, ကာရက–တို့ကို စိစစ်ပြပါ။

၆။ က+ဃ–ဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။

၇။ က–မှတ်ပြ ဝါကျ၌ အပသက္ကေတွာ–ဟုလည်းကောင်း၊ အပသက္ကိတွာ–ဟုလည်းကောင်း ပါဌ်နှစ်ထွေရှိရာ မည်သည့်ပါဌ်သာ သင့်သည်ကို သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ။

၈။ ဃ–မှတ်ပြ ဝါကျပါ သဗ္ဗာကုသလေဟိ ဓမ္မေဟိ–၌ ပြစ်သင့်သော ဥပစာ, နယ–တို့ကို ရှင်းလင်း ဖော်ပြပါ။

(အညေသမ္ပိ စ ဓမ္မာနံ အကုသလဘာဝေ ဝိဇ္ဇမာနေ ဝိဘင်္ဂေ ဥပရိဈာနင်္ဂါနံ ပစ္စနီကပဋိပက္ခဘာဝဒဿနတော နီဝရဏာနေဝ ဝုတ္တာနိ–ဟူသာ အဋ္ဌကထာကို ကြည့်ဖြေ။)

၉။ အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

မုန်၏၊ ဤကာမစ္ဆန္ဒမှတပါးလည်း ဖြစ်ကုန်သော နီဝရဏဟုဆိုအပ်ကုန်သော အကုသိုလ်တရားတို့မှ မကင်းမဆိတ်မူ၍ ဈာန်သို့ ဝင်ရောက်၍ နေခြင်းငှာ

http://www.dhammadownload.com



မတတ်ကောင်း။ ထို့ကြောင့် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူ၍ ဤသို့ ပုဒ်နှစ်ပါးအပေါင်း၌လည်း ဧဝသဒ္ဒါဖြင့် သတ်မှတ်ခြင်းကို မှတ်ထိုက်၏။

**၁၀။** ဂ-မှတ်ပြ ဝါကျပါ ပထမဈာန်-ပုဒ်၌ ပရိဝတ္တနဟာရနေတ္တိနည်း ထုတ်ပြပါ။

**အမှတ်-၁၀၊ လေ့ကျင့်ခန်း**

(က) ပဌမန္တိ ဂဏနာနုပုဗ္ဗတော ပဌမံ၊ ဣဒံ ပဌမံ သမာပဇ္ဇတီတိပိ ပဌမံ။

(ခ) ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ၊ ဣမိနာ ယောဂိနော ဈာယန္တီတိပိ ဈာနံ၊ ပစ္စနီကဓမ္မေ ဥဟန္တိ, ဂေါစရံ ဝါ စိန္တေန္တီတိ အတ္ထော။

(ဂ) သယံ ဝါ တံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ၊ တေနေဝ ဥပနိဇ္ဈာန လက္ခဏန္တိ ဝုစ္စတိ။

(ဃ) တဒေတံ အာရမဏူပနိဇ္ဈာနံ, လက္ခဏူပနိဇ္ဈာနန္တိ ဒုဝိဓံ ဟောတိ။

(င) တတ္ထ အာရမဏူပနိဇ္ဈာနန္တိ သဟ ဥပစာရေန အဋ္ဌ သမာပတ္တိယော ဝုစ္စန္တိ။ လက္ခဏူပနိဇ္ဈာနန္တိ ဝိပဿနာမဂ္ဂဖလာနိ ဝုစ္စန္တိ။ (ဌ၊ ပ၊ ၁၁၆)

**ဋီကာ။** ။**(က) ဂဏနာနုပုဗ္ဗတော ပဌမန္တိ** ဣမိနာ ဒေသနာက္ကမံ ဥလ္လိင်္ဂေတိ။ ဂဏနာနုပုဗ္ဗတာ ပဌမန္တိပိ ပါဠော၊ တတ္ထာပိ ဂနဏာနုပုဗ္ဗတာယာတိ အတ္ထော၊ ဂဏနာနုပုဗ္ဗတာမတ္တံ ဝါ ပဌမန္တိ ဣဒံ ဝစနန္တိ အတ္ထော။ (ခ) **ပစ္စနီကဓမ္မေ ဈာပေတီတိ** နီဝရဏာဒိပစ္စနီကဓမ္မေ ဒဟတိ၊ ဝိက္ခမ္ဘနဝသေန ပဇဟတီတိ အတ္ထော။ (သာရတ္ထ၊ ပ၊ ၃၆၃)

**မအူ။** ။အနက်ကို ပြလို၍ ခ-မှတ်ပြ တတိယဝါကျကိုမိန့်။ အတ္ထုဒ္ဓါရကို ပြလို၍ ဃ-ဝါကျကိုမိန့်။ ချဲ့လို၍ င-ဝါကျကိုမိန့်။

**ဘာသာဋီကာ။** ။(ခ) ခ-၌ နီဝရဏာဒိပစ္စနီကဓမ္မေ ဒဟတိ-ဟူသော ဋီကာကို ထောက်၍ ဈာပေတိ-အစား ဈာယတိ-ဟု ရှိသင့်သည်။ မှန်၏၊ ဒဟနအနက်ကို ကာရိတ်မပါသော ဈေဓာတ်ရင်းကပင် ဟောနိုင်သည်။ ခ-မှတ်ပြ တတိယဝါကျ သည် ရေးဝိဂ္ဂဟနှစ်ချက်၏ အစဉ်အတိုင်း အနက်အဖွင့် ဖြစ်သည်။ ထို့ကြောင့် ဥဟန္တိ-အစား ဥဟတိ-ဟု ဧကဝုစ် ရှိသင့်သည်။ ဂေါစရံ-ဟု ဝါ-မပါလျှင် သာ၍ကောင်း၏။ (ဘာဋီ၊ ပ၊ ၅၈၆)

၁။ ဈာနံ-ဟူသော ပုဒ်ကိုသာ အဖွင့်နှင့်အညီ အနက် လေးနည်းပေးပြပါ။

၂။ ခ-ဝါကျသို့ အနုသန္ဓေ, ဂ-ဝါကျသို့ သာဘောဂပုစ္ဆာ, ဃ-ဝါကျသို့ ဒေါသာရောပနစောဒနာ, င-ဝါကျသို့ အဘိယာစကနည်းဖြင့် ကျမ်းတက်ပြပါ။

http://www.dhammadownload.com



၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက် ထောက်ဆ၍လည်းကောင်း အမည်ပေးပြပါ။

၄။ ဂ–ဝါကျပါ ဥပနိဿနုလက္ခဏ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ညာသ်ကောက်ပြပါ။

၅။ ခ–ဝါကျပါ ယောဂိနောပုဒ်၏ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်, ကာရက, ကြိယာ–တို့ကို စိစစ်ပြပါ။

၆။ (က၊ ခ၊ ဂ)ဝါကျတို့၌ အာဘော်, သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ က–ဝါကျ၌ ဂဏနာနုပုဗ္ဗတာ, ဂဏနာနုပုဗ္ဗတာယ, ဂဏနာနုပုဗ္ဗတော–ဟု ပါဌ်သုံးမျိုးရှိရာ သင့်သောပါဌ်ကို အကြောင်းနှင့်တကွ ဆုံးဖြတ်ပါ။

၈။ မဂ်ကို လက္ခဏူပနိဇ္ဈာန်–ဟု ခေါ်ရာ၌ ဖြစ်သင့်သော ဥပစာ, နည်းတို့ကို စစ်ပြပါ။ (ဝိပဿနာယ ဥပနိဇ္ဈာယနကိစ္စံ မဂ္ဂေန သိဇ္ဈတီတိ မဂ္ဂေါ လက္ခဏူပ နိဇ္ဈာနန္တိ ဝုစ္စတိ–ဟူသော အဋ္ဌကထာထောက်၍ ကာရဏူပစာတင်ပါ။)

၉။ အောက်ပါ မြန်မာဝါကျကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

အန္ဓယကား ရထားနှင့်တကွဖြစ်သော ခြေလျင်တပ်နှင့် တကွဖြစ်သော စစ်တပ်။ ဤသို့ ဆိုအပ်ရာ၌ စစ်တပ်အစိတ်အပိုင်းတို့၌သာ သေနာ–ဟု သမုတ်ခြင်းကို သိထိုက်သကဲ့သို့ ဤ့အတူ ဤရွာနံ–ဟူသော ပါဌ်၌ ငါးပါးကုန်သော ရွာန်အင်္ဂါတို့၌သာ ရွာန်–ဟု သမုတ်ခြင်းကို သိထိုက်၏။

၁၀။ ခ–ဝါကျပါ ပစ္စနီကဓမ္မေ–ပုဒ်ကို ပဒဝိစယဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

❀❀❀❀❀

အမှတ်–၁၀၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၁၊ လေ့ကျင့်ခန်း

(က) သောတိ သော အဟံ။

(ခ) ဒိဗ္ဗေနာတိ အာဒီသု ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(ဂ) ဒေဝတာနဉှိ သုစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမှရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိနိမုတ္တတာယ ဒူရေပိ အာရမ္မဏသမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ။ ဣဒဉ္စာပိ ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ ဉာဏစက္ခု တာဒိသမေဝါတိ ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(ဃ) ဒိဗ္ဗဝိဟာရဝသေန ပဋိလဒ္ဓတ္တာ, အတ္တနာ စ ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာပိ ဒိဗ္ဗံ။

(င) အာလောကပရိဂ္ဂဟေန မဟာဇုတိကတ္တာပိ ဒိဗ္ဗံ၊ တိရောကုဋ္ဋာဒိဂတ ရူပဒဿနေန မဟာဂတိကတ္တာပိ ဒိဗ္ဗံ။ (ဋ၊ ပ၊ ၁၃၂)

http://www.dhammadownload.com



**ဋီကာ။** ။(က) "စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာသိ"န္တိ ဝတွာ "သော"တိ ဝုတ္တတ္တာ အာဟ "သော အဟ"န္တိ။ **သော အဟန္တိ** သော ကတစိတ္တာဘိနီဟာရော အဟံ။ (ခ) **ဒိဗ္ဗသဒိသတ္တာတိ** ဒိဝိ ဘဝန္တိ ဒိဗ္ဗံ၊ ဒေဝါနံ ပသာဒစက္ခု၊ တေန ဒိဗ္ဗေန စက္ခုနာ သဒိသတ္တာတိ အတ္ထော။ (ဂ) ဣဒါနိ တံ ဒိဗ္ဗသဒိသတ္တံ ဝိဘာဝေတုံ "ဒေဝတာနဉ္ဟီ"တိ အာဒိ ဝုတ္တံ။ **ဒိဗ္ဗဝိဟာရဝသေန ပဋိလဒ္ဓတ္တာတိ** ဒိဗ္ဗဝိဟာရသင်္ခါတာနံ စတုန္နံ ဈာနာနံ ဝသေန ပဋိလဒ္ဓတ္တာ။ ဣမိနာ ကာရဏ ဝသေနသ ဒိဗ္ဗဘာဝမာဟ။ (သာရတ္ထ၊ ပ၊ ၃၈၃။ ၃၉၅)

**မအူ-၃၅၂။** ။(ဂ) ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ-ကို ချဲ့လို၍ ဂ-ဝါကျမိန့်။ ပသာဒစက္ခုသာလျှင် ဒိဗ္ဗမည်သည် မဟုတ်သေး၊ ဉာဏစက္ခုသည်လည်း ဒိဗ္ဗမည်၏-ဟု ပြလို၍ ဣဒဉ္စာပိစသည်မိန့်။ နိဂုံးကို ပြလို၍ ဣတိစသည် မိန့်။ (ဃ) သဒိသအားဖြင့် ဒိဗ္ဗမည်သည်၏အဖြစ်ကို ပြပြီး၍ ကာရဏအားဖြင့်လည်း ဒိဗ္ဗ မည်သည်၏ အဖြစ်ကို ပြလို၍ ဃ-ဝါကျမိန့်။ (င) ဒိဝုဓာတ်၏ ဇုတိအနက်၌ ဖြစ်ခြင်းကို ပြလို၍ င-မှတ်ပြ ပထမဝါကျ မိန့်။ ဒိဝုဓာတ်၏ ဂတိအနက်၌ ဖြစ်ခြင်းကို ပြလို၍ င-မှတ်ပြ ဒုတိယဝါကျကိုမိန့်။

**ဘာသာဋီကာ။** ။(ခ) ခ-၌ ဒိဗ္ဗသဒိသတ္တာဖြင့် သဒိသူပစာကို ပြ၏။ တစ်နည်း၊ ဒိဗ္ဗံ ဝိယာတိ ဒိဗ္ဗံ-ဟု ဥပမာတဒ္ဓိတ်ကို ပြ၏။ (ဂ) ဂ-၌ ဥပက္កိလေသဟူသည် ကံပြုစဉ်က လောဘ, ဒေါသ-စသော တရားများတည်း။ ကံပြုစဉ်တုန်းက ထိုဥပက္ကိလေသတို့မှ လွတ်ခြင်းကိုပင် အကျိုးဝိပါက် (စက္ခု)၌ တင်စား၍ ကာရဏူ ပစာအားဖြင့် စက္ခုကို ဥပက္ကိလေသဝိနိမုတ္တ-ဟု ဆိုသည်။ (ဃ)ဃ-၌ ဒိဗ္ဗဝိဟာရ-ဟူသည် ရူပဈာန်လေးပါးတည်း။ ထိုဒိဗ္ဗမည်သော ဈာန်ကြောင့် ရအပ်သော အဘိညာဉ်ကား ကာရဏူပစာအားဖြင့် ဒိဗ္ဗမည်၏။ ဒိဗ္ဗဝိဟာရသန္နိဿိ တတ္တာ-၌ ဒိဗ္ဗဝိဟာရ-အရ ကိုကား ကေဒေသျူပစာ, ဥက္ကဋ္ဌနည်းအားဖြင့် စတုတ္ထဈာန် ကိုသာကောက်။ ထိုစတုတ္ထဈာန်ကိုမှီ၍ ဖြစ်ရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကား ဌာနူပစာ အားဖြင့်လည်းကောင်း၊ ကာရဏူပစာအားဖြင့်လည်းကောင်း ဒိဗ္ဗမည်ရသည်။ (ဒိဗ္ဗ-၌သဒိသူ, ဌာနူ, ကာရဏူ-ဟု ဥပစာသုံးမျိုး ရသည်ကို မှတ်။) (ဘာဋီ၊ ၃၊ ၃၁)

⋮

၁။ ဒိဗ္ဗေန-ဟူသော ပုဒ်ကိုသာ အဖွင့်နှင့်အညီ အနက်ငါးမျိုး ပေးပြပါ။

၂။ ခ-ဝါကျသို့ အနုသန္ဓေ, ဂ-ဝါကျသို့ အနုသန္ဓေ, ဃ-ဝါကျသို့ သာဘောဂ ပုစ္ဆာ, င-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက်ထောက် ဆ၍လည်းကောင်း ဝါကျအမည်ပေးပြီး၊ ဂ-မှတ်ပြ ဝါကျပါ ဒေဝတာနံ-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

http://www.dhammadownload.com



၄။ ဃ–ဝါကျပါ ပဋိလဒ္ဓတ္တာ–၌ ပဋိလဒ္ဓ–ပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ဥဿ်ကောက်ပြပါ။

၅။ င–ဝါကျကိုရှု၍ ဒိဗ္ဗပုဒ်၏ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ, ဝိဘတ်, လိင်, ကာရက, ကြိယာ–တို့ကို ဖော်ပြပါ။

၆။ (က၊ ခ၊ ဃ၊ င)မှတ်ပြ ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဂ–မှတ်ပြ ဝါကျ၌ အာရမ္မဏာသမ္ပဋိစ္ဆနသမတ္ထံ၊ အာရမ္မဏံ သမ္ပဋိစ္ဆန သမတ္ထံ–ဟု ပါဌ်နှစ်ထွေရှိရာ မည်သည့်ပါဌ်သာ သင့်သည်ကို အကြောင်းပြ ဆုံးဖြတ်ပေးပါ။

၈။ ဃ–မှတ်ပြ ဝါကျအလို ဒိဗ္ဗ–၌ ဖြစ်သင့်သော ဥပစာနှင့် နည်းတို့ကို စစ်ပြပါ။

၉။ အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

ချဲ့ဦးအံ့၊ အကြင်သူသည် စုတိမျှကိုသာ မြင်၏၊ ပဋိသန္ဓေကို မမြင် ထိုသူသည် ဥစ္ဆေဒဒိဋ္ဌိကို ယူ၏။ အကြင်သူသည် ပဋိသန္ဓေမျှကိုသာ မြင်၏၊ စုတိကို မမြင်၊ ထိုသူသည် အသစ်သတ္တဝါ ဖြစ်၏–ဟူသော အယူကို ယူ၏။

၁၀။ ဒိဗ္ဗေန စက္ခုနာ–ပုဒ်ကို လက္ခဏာဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

စစစစစ

အမှတ်–၁၁၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၂။ လေ့ကျင့်ခန်း

(က) သော ဧဝံ သမာဟိတေ စိတ္တေတိ ဣဓ ဝိပဿနာပါဒကံ စတုတ္ထဇ္ဈာန စိတ္တံ ဝေဒိတဗ္ဗံ။

(ခ) အာသဝါနံ ခယဉာဏာယာတိ အရဟတ္တမဂ္ဂဉာဏတ္ထာယ။

(ဂ) အရဟတ္တမဂ္ဂေါ ဟိ အာသဝဝိနာသနတော အာသဝါနံ ခယောတိ ဝုစ္စတိ။

(ဃ) တတြ စေတံ ဉာဏံ တပ္ပရိယာပန္နတ္တာတိ။

(င) စိတ္တံ အဘိနိန္နာမေသီတိ ဝိပဿနာစိတ္တံ အဘိနိန္နာမေသီ။ (ဋ္ဌ၊ ပ၊ ၁၃၆)

ဋီကာ။ ။(ခ) အာသဝါနံ ခေပနတော သမုစ္ဆိန္ဒနတော အာသဝက္ခယော၊ အရိယမဂ္ဂေါ၊ ဥက္ကဋ္ဌနိဒ္ဒေသဝသေန အရဟတ္တမဂ္ဂဂ္ဂဟဏံ။ (ဃ) အာသဝါနံ ခယေ ဉာဏံ အာသဝက္ခယဉာဏန္တိ ဒဿေန္တော "တတြစေတံ ဉာဏ"န္တိ ဝတွာ

http://www.dhammadownload.com



ခယေတိ စ အာဓာရေ ဘုမ္မံ၊ န ဝိသယေတိ ဒဿေန္တော "တပ္ပရိယာပန္နတ္တာ"တိ အာဟ။ (သာရတ္ထ၊ ပ၊ ၄၀၈)

မအူ-၃၇၆။ ။(က) က-၌ အဘိညာပါဒက စတုတ္ထဈာန်စိတ်, ဝိပဿနာပါဒကစတုတ္ထဈာန်စိတ်တို့တွင် ဤအရာ၌ အဘယ်နည်းစုဒ်ကြောင့် လ္လစ စသည်မိန့်။ (ခ) ခ-၌ အာသဝက္ခယသည် မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်-တို့၏ အစွမ်းအားဖြင့် လေးပါးပြား၏။ ထိုတွင် ဤအရာ၌ မဂ်ကိုသာ ယူ။ အာသဝက္ခယဉာဏ်သည် လေးပါးသောမဂ်တို့နှင့် ဆက်ဆံသော်လည်း ဤနေရာ၌ ဥက္ကဋ္ဌနိဒ္ဒေသ၏ အစွမ်းအားဖြင့် အရဟတ္တမဂ်ဉာဏ်ကို ယူ-ဟု ပြလို၍ အရဟတ္တမဂ္ဂဉာဏတ္တာယ-ဟု ဖွင့်။ (ဂ) အရဟတ္တမဂ်ကို အာသဝက္ခယ-ဟူ၍ ဆိုသင့်ပါ၏လော-စုဒ်ကြောင့် ဂ-ဝါကျ မိန့်။ (ဃ) အာသဝါနံ ခယေ ဉာဏံ အာသဝက္ခယဉာဏံ-ဟူသော အနက်ကို ပြလို၍ တတြ စေတံ ဉာဏံ မိန့်။ တတြ စေတံ ဉာဏံ-၌ ရက္ခေ သာခါ-ကဲ့သို့ အပေါင်း+အစိတ် အာဓာရ+အာဓာရိ-ဟု ပြလို၍ တပ္ပရိယာပန္နတ္တာ-ဟု မိန့်။ (င) စိတ္တံ-သည် အောက်ဝိဇ္ဇာနှစ်ပါး၌ ပရိကမ်စိတ်တည်း၊ ဤဝိဇ္ဇာ၌ကား ဝိပဿနာစိတ်တည်း။ ထို့ကြောင့် င-ဝါကျ မိန့်။

ဘာသာဋီကာ။ ။ခီယန္တိ အာသဝါ ဧတေနာတိ ခယော၊ အာသဝါနံ ခယော အာသဝက္ခယော-ပြု၍ ဥက္ကဋ္ဌနိဒ္ဒေသနည်းအားဖြင့် အရဟတ္တမဂ်ကိုသာ ကောက်။ မဂ်ဟူရာ၌ မဂ္ဂင်ရှစ်ပါးလုံး ရသောကြောင့် ထိုမဂ္ဂင်၌ ပါဝင်သော သမ္မာဒိဋ္ဌိကို ခယေ ဉာဏံ ခယဉာဏံ-ဟု ပြုပါ။ (ဘာဋီ၊ ဒု၊ ၅၅)

၁။ သော ဧဝံ သမာဟိတေ စိတ္တေ အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနိန္နာမေသိ-ဟူသော ပါဠိတော်ကို အဖွင့်နှင့်ညီအောင် အနက်ပေးပြပါ။

၂။ က-ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာ, ခ-ဝါကျသို့ အနုသန္ဓေ, ဂ-ဝါကျသို့ သာဘောဂပုစ္ဆာ, ဃ-ဝါကျသို့ ဒေါသာရောပနစောဒနာ, င-ဝါကျသို့ အဘိယာစကနည်းဖြင့် ကျမ်းတက်ပြပါ။ င-ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက်ထောက်ဆ၍လည်းကောင်း ဝါကျအမည်ပေး၍ တတြ-ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၄။ ဝိပဿနာပါဒက-ပုဒ်ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်းဝိဂ္ဂဟ၌ ဉာယ်ကောက်ပြပါ။

၅။ ခ-ဝါကျပါ အာသဝါနံ၊ ဃ-ဝါကျပါ ဉာဏံ-ပုဒ်တို့၏ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ, ဝိဘတ်, လိင်, ကာရက, ကြိယာ-တို့ကို စိစစ်ပြပါ။

http://www.dhammadownload.com



၆။ အထက်ပါ ဝါကျတို့၌ အဋ္ဌကထာဘော်ဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ယ–ဝါကျ၌ တပ္ပရိယာပန္နတ္တာ–အစား တံ–ပရိယာပန္နတ္တာ–ဟုရှိလျှင် သင့်/မသင့် စိစစ်ပြပါ။ (ယ+တသဒ္ဒါ၊ ရှေးရှိရာဝယ်၊ နောက်မှာ ခွေးဘော်၊ လာသော်လည်းရှိ၊ မလာဘိမူ၊ ယ, တ၏နောက်၊ ဗိန္ဒုရောက်၏–အတိုင်း ဖြေ။)

၈။ အာသဝါနံ ခယ–ပုဒ်၌ ဖြစ်သင့်သော ဥပစာ, နည်း–တို့ကို စစ်ပြပါ။

၉။ အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

ပုဗ္ဗေနိဝါသကထာ–၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသော နှုတ်သီးဖြင့် ရှေးဘဝတို့၌ နေအပ်ခဲ့သော ခန္ဓာတို့ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူသော ဥခွံကို ဖောက်ခွဲ၍–ဟု ဆိုအပ်သကဲ့သို့ ဤအတူ ဤဒိဗ္ဗစက္ခုဉာဏကထာ၌ စုတူပပါတဉာဏ်တည်းဟူသော နှုတ်သီးဖြင့် စုတိပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူသော ဥခွံကို ဖောက်ခွဲ၍–ဟု ဆိုထိုက်၏။

၁၀။ အာသဝါနံ ခယဉာဏာယ–ပုဒ်ကို ပဟာနသမာရောပနဟာရနေတ္တိ နည်းဖြင့် ဖွင့်ပြပါ။

❀❀❀❀❀

အမှတ်–၁၂၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၃၊ လေ့ကျင့်ခန်း

(က) ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမီတိ ဘဝန္တံ ဂေါတမံ သရဏန္တိ ဂစ္ဆာမိ။

(ခ) ဘဝံ မေ ဂေါတမော သရဏံ ပရာယဏံ အဃဿ တာတာ, ဟိတဿ စ ဝိဓာတာတိ ဣမိနာ အဓိပ္ပါယေန ဘဝန္တံ ဂေါတမံ ဂစ္ဆာမိ ဘဇာမိ သေဝါမိ ပယိရုပါသာမိ။

(ဂ) ဧဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။

(ဃ) ယေသံ ဟိ ဓာတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။ တသ္မာ ဂစ္ဆာမီတိ ဣမဿ ဇာနာမိ ဗုဇ္ဈာမီတိ အယမ္ပိ အတ္ထော ဝုတ္တော။

(င) ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိ ဧတ္ထ ပန အဓိဂတမဂ္ဂေ, သစ္ဆိကတနိရောဓေ, ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စ စတူသု အပါယေသု အပတမာနေ ဓာရေတီတိ ဓမ္မော။

(စ) သော အတ္ထတော အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဉ္စ။

(ဆ) န ကေဝလဉ္စ အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဉ္စ၊ အပိစ အရိယဖလေဟိ သဒ္ဓိံ ပရိယတ္တိဓမ္မောပိ။ (ဋ္ဌ၊ ပ၊ ၁၄၀)

http://www.dhammadownload.com



ဋီကာ။ ။(က) သရဏံ ဂစ္ဆာမီတိ ဧတ္ထ ဣတိသဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌောတိ အာဟ "သရဏန္တိ ဂစ္ဆာမီ"တိ။ ဧတ္ထ ဟိ နာယံ ဂမိသဒ္ဒေါ နီသဒ္ဒါဒယော ဝိယ ဒွိကမ္မကော၊ တသ္မာ ယထာ အဇံ ဂါမံ နေတီတိ ဝုစ္စတိ၊ ဧဝံ "ဂေါတမံ သရဏံ ဂစ္ဆာမီ"တိ ဝတ္တုံ နသက္ကာ၊ "သရဏန္တိ ဂစ္ဆာမီ"တိ ပန ဝတ္တဗ္ဗံ၊ တသ္မာ ဧတ္ထ ဣတိ သဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌောတိ ဝေဒိတဗ္ဗံ။

(ခ) သရဏန္တိ ပဋိသရဏံ။ တေနာဟ "ပရာယဏ"န္တိ။ ပရာယဏဘာဝေါ စ အနတ္ထနိသေဓနေန အတ္ထသမ္ပဋိပါဒနေန စ ဟောတီတိ အာဟ "အဃဿ တာတာ, ဟိတဿ စ ဝိဓာတာ"တိ။ အဃဿာတိ ဒုက္ခတောတိ ဝဒန္တိ၊ ပါပတောတိ ပန အတ္ထော ယုတ္တော၊ နိဿက္ကေ စေတံ သာမိဝစနံ။ သရဏန္တိ ဂမနန္ဓေတ္ထ တဒဓိပ္ပါယေန ဘဇနံ တထာ ဇာနနံ ဝါတိ ဒဿေန္တော "ဣတိ ဣမိနာ အဓိပ္ပါယေနာ"တိ အာဒိမာဟ။ (ဃ) ဂစ္ဆာမီတိ ပဒဿ ကထံ ဗုဇ္ဈာမီတိ အယမတ္ထော လဗ္ဘတီတိ အာဟ ယေသံ ဟီတိ အာဒိ။ (င) အဓိဂတမဂ္ဂေ သစ္ဆိကတနိရောဓေတိ ပဒဒ္ဓယေနပိ ဖလဋ္ဌာ ဝေဒဿိတာ, န မဂ္ဂဋ္ဌာတိ တေ ဒဿေန္တော "ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ စာ"တိ အာဟ။ (သာရတ္ထ၊ ပ၊ ၄၁၃)

မှတ်ချက်။ ။ခ-ဝါကျ၌ ဋီကာဆရာကိုယ်တိုင် တစ်ပုဒ်မှ တစ်ပုဒ်သို့ ကျမ်းတက်ထားသည်ကို အတုယူပါ။

မအူ-၃၉၈။ ။(က) က-၌ ဂမုဓာတ်က ဒွိကမ္မက မဟုတ်သောကြောင့် သရဏံ သည် သရဏံ-ကိုးကွယ်ရာသို့ဟု ဂစ္ဆာမိ၏ ဝိကတိကံလည်း မဖြစ်သင့်၊ ကိုးကွယ်ရာ ဖြစ်သောကြောင့်သာ ဆည်းကပ်၏-ဟု အဓိပ္ပါယ်ရောက်သောကြောင့် သရဏံ-ကိုးကွယ်ရာဖြစ်သောဟု ဘဝန္တ ဂေါတမံ-၏ ဝိသေသနလည်း မဖြစ်သင့်၊ ထို့ကြောင့် သရဏံသည် ပဌမန္တ တည်း။ ထို့နောက် အာကာရဇောတက ဣတိသဒ္ဒါကျေ၏ဟု ပြလို၍ သရဏန္တိ ဂစ္ဆာမိ-ဟု မိန့်။ (ခ) ချဲ့လို၍ ခ-ဝါကျမိန့်။

(ဂ) ဂမုဓာတ်၏ ဣရိယာပထဂတိမှတစ်ပါး ဉာဏဂတိကို ပြလို၍ ဂ-ဝါကျ မိန့်။ (ဃ) ဂစ္ဆာမိ၏ ဇာနာမိ ဗုဇ္ဈာမိ-အနက်ကို အဘယ့်ကြောင့် အပ်သနည်း စုဒ်ကြောင့် ဃ-ဝါကျမိန့်။ (ခ)ဆောင်ခြင်းမည်သည် အပါယ်စသည်တို့၌ ဖြစ်စေတတ်သော ကိလေသာတို့ကို ဖျက်ဆီးခြင်းပင်တည်း၊ ထိုဖျက်ဆီးခြင်း သည်လည်း အရိယမဂ်၏ သမုစ္ဆေဒသတ္တိ, နိဗ္ဗာန်၏ နိဿရဏသတ္တိဖြင့် ပြီး၏၊ ထို့ကြောင့် စ-ဝါကျမိန့်။ (ဆ) ဖိုလ်ပရိယတ်သည်လည်း ဓမ္မဖြစ်၏-ဟု ပြလို၍ ဆ-ဝါကျမိန့်။

http://www.dhammadownload.com



**ဘာသာဋီကာ။** ။(ခ) ခ-ဝါကျ၌ သရဏံ ပရာယဏံတို့သည် နိစ္စနပုံလိင်တည်း၊ ထို့ကြောင့် ဘဝံ ဂေါတမော-နှင့် လိင်မတူဘဲ ရှိရသည်။ ပရာယဏံ-၌ ပရံ+အယနံ-အလွန်ရောက်အပ်သော အရာတည်း-ဟု သဒ္ဒတ္ထ၊ လဲလျောင်းရာ-ဟု သဏ်ီတတ္ထပေး။ ရ,ကြောင့် န,ကို ဏ,ပြန်ထားသည်။ အဃဿ တာတာ-၌ အဃ-သည် ပါပအနက်ဟော၊ တာတာ-သည် တာဓာတ်၊ တုပစ္စည်း အဃဿ ဟတာ-ရှိသည်ကား ပါဌ်ပျက်။ (ဘာဋီ၊ ၃၊ ၇၂)

၁။ ခ-ဝါကျကိုသာ အနက်ယောဇနာပြပါ။

၂။ ခ-ဝါကျသို့ အနုသန္ဓေ, ဂ-ဝါကျသို့ သာဘောဂပုစ္ဆာ, ဃ-ဝါကျသို့ ဒေါသာရောပနစောဒနာ, င-ဝါကျသို့ အဘိယာစက, စ-ဝါကျသို့ အနုသန္ဓေ, ဆ-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ က-ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက်ထောက်ဆ၍လည်းကောင်း ဝါကျအမည်ပေးပြီး၊ င-ဝါကျပါ အပတမာနေ-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၄။ င-ဝါကျပါ သစ္စိကတနိရောဓေ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဉ်ကောက်ပြပါ။

၅။ ခ-ဝါကျပါ အဃဿ၊ ဟိတဿ၊ အဓိပ္ပါယေန-ပုဒ်တို့၏ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်, ကာရက, ကြိယာ-တို့ကို စိစစ်ပြပါ။

၆။ (က၊ ခ၊ ဂ၊ င)ဝါကျတို့၌ အာဘော် သံဝဏ္ဏနာကို ဖော်ပြပါ။

၇။ ခ-ဝါကျ၌ အဃဿ တာတာ-ဟူ၍လည်းကောင်း၊ အဃဿ ဟတာ-ဟူ၍လည်းကောင်း ပါဌ်နှစ်ထွေရှိရာ သင့်သောပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၈။ ဆ-ဝါကျ၌ ဖြစ်သင့်သော ဥပစာနှင့်နည်းတို့ကို စစ်ပြပါ။

(ဓမ္မအရ ဖိုလ်ကိုကောက်ရာ၌ ကာရဏူပစာတည်း၊ အကြောင်းမဂ်၏ အမည်ကို အကျိုးဖိုလ်ပေါ်တင်။ ပရိယတ်ကို ကောက်ရာ၌ ဖလူပစာတည်း။ အကျိုးမဂ်၏ အမည်ကို အကြောင်း ပရိယတ်ပေါ်တင်။ ဓမ္မအရ မုချတ္ထမှာ မဂ်နှင့် နိဗ္ဗာန်သာ။

၉။ အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

တစ်စုံတစ်ယောက်သောသူသည် မှောက်ထားသော အိုးကို လှန်ပြရာသကဲ့သို့ ဤအတူ သူတော်ကောင်းတရားမှ မျက်နှာလွှဲ၍ မသူတော်တရား၌ တည်နေသော တပည့်တော်ကို မသူတော်တရားမှ ထစေလျက် တပည့်တော်အား အရှင်ဂေါတမသည် အကြောင်းပေါင်းများစွာဖြင့် တရားတော်ကို ပြအပ်ပြီ။

၁၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဝါကျကို အာဝတ္တဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

ဓဓဓဓဓ

အမှတ်-၁၃၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၄၊ လေ့ကျင့်ခန်း

(က) တေနဟိတိ တေန သုဒိန္နသ အဇ္ဈာစာရေန ကာရဏဘူတေန။

(ခ) သိက္ခာပဒန္တိ ဧတ္ထ သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဇ္ဇတေ ဉာမိနာတိ ပဒံ၊ သိက္ခာယ ပဒံ သိက္ခာပဒံ။

(ဂ) သိက္ခာယ အဓိဂမူပါယောတိ အတ္ထော။ အထ ဝါ မူလံ နိဿယော ပတိဋ္ဌာတိ ဝုတ္တံ ဟောတိ။

(ဃ) မေထုနဝိရတိယာ မေထုနသံဝရဿေတံ အဓိဝစနံ။ မေထုနသံဝရော ဟိ တဒညေသံ သိက္ခာသင်္ခါတာနံ သီလ ဝိပဿနာ ဈာနမဂ္ဂဓမ္မာနံ ဝုတ္တတ္ထဝသေန ပဒတ္တာ ဉာဓ သိက္ခာပဒန္တိ အဓိပ္ပေတော။

(င) အပိစ တဿတ္ထဿ ဒီပကံ ဝစနမ္ပိ သိက္ခာပဒန္တိ ဝေဒိတဗ္ဗံ။ (ဋ္ဌ၊ ပ၊ ၁၈၈)

**ဋီကာ။** ။(ဂ၊ ဃ) ပတိဋ္ဌာတိ သမ္ပယောဂဝသေန ဥပနိဿယဝသေနစ ဩကာသဘာဝေါ။ သိက္ခာသင်္ခါတာနဉ္စိ အဝသေသကုသလဓမ္မာနံ မေထုနဝိရတိ သမ္ပယောဂဝသေန ဝါ ပတိဋ္ဌာ သိယာ ဥပနိဿယဝသေန ဝါ။ တေနေဝါဟ– "မေထုနသံဝရော ဟိ"တိ အာဒိ။ ဝုတ္တတ္ထဝသေနာတိ ပတိဋ္ဌာဓိဂမူပါယဝသေန။ (င) ဉာဒါနိ န ကေဝလံ ဉာဓ ဝိရတိအာဒယော ဓမ္မာဝ သိက္ခာပဒံ၊ အထ ခေါ တဒတ္ထဇောတိကာ ပညတ္တိပီတိ ဒဿေန္တော အာဟ "အပိ စာ"တိ အာဒိ။ (သာရတ္ထ၊ ၃၊ ၃၂)

**မအူ–၈၈။** ။(ဂ) ပဇ္ဇတေ၏ အနက်, ဉာမိနာ၏ အနက်ကို ပြလို၍ ဂ–မှတ်ပြ ပထမဝါကျကို မိန့်။ ပဒ၏ ဥပါယအနက်မှတစ်ပါး ဌာနအနက်ကို ပြလို၍ ဂ–မှတ်ပြ ဒုတိယဝါကျကို မိန့်။ အရင်းဟူသည် မှီရာတည်း–ဟု ပြလို၍ နိဿယော–ကို မိန့်။ မှီရာဟူသည် တည်ရာတည်း–ဟု ပြလို၍ ပတိဋ္ဌာ–ကို မိန့်။ (ဃ) အဘိဓေယျ–ကို ပြလို၍ ဃ–မှတ်ပြ ပထမဝါကျကို မိန့်။ ဖွင့်လို၍ မေထုနသံဝရဿ–ကို မိန့်။ မေထုနဝိရတိယာ–စသည်၏ ယုတ္တိကို ပြလို၍ ဃ–မှတ်ပြ ဒုတိယဝါကျကို မိန့်။ (င)မေထုနဝိရတိ မေထုနသံဝရသီလ–ဟုဆိုအပ်သော အနက်ကိုသာ သိက္ခာပုဒ်ဟူ၍ သိအပ်သည် မဟုတ်သေး၊ ထိုအနက်ကို ပြတတ်သော "ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ၊ ပါရာဇိကော ဟောတိ အသံဝါသော" ဟူသော သဒ္ဒါကိုလည်း သိက္ခာပုဒ်ဟူ၍ သိအပ်၏–ဟု ပြလို၍ င–ဝါကျမိန့်။

**ဘာသာဋီကာ။** ။(ဂ) ဂ–၌ အဓိဂမူပါယောတိ အတ္ထော–ဟူသော အနက် အဖွင့်၌ အဓိဂမဟူသည် ပဇ္ဇတေ၏ ပဇ္ဇနကြိယာ ဓာတ်အနက်ကို ဖွင့်သော

http://www.dhammadownload.com



သဒ္ဒါတည်း။ ဥပါယသည် ဣမိနာပုဒ်၏ ကရိဏ်းအနက် အဖွင့်တည်း။ အထ ဝါ တက်သော ဒုတိယနည်း၌ ပဒံကို ပထမနည်းအတိုင်းပင် ဝိဂ္ဂဟ ပြုရမည်။ မူလံ, နိဿယော, ပတိဋ္ဌာ-သုံးပုဒ်လုံးသည် ပဒံ၏ သဒ္ဒတ္ထမဟုတ်၊ အဓိပ္ပါယတ္ထဖြစ်သည်-ဟု သိစေလို၍ ဣတိ ဝုတ္တံ ဟောတိ-ဟု မိန့်သည်။ မူလတိ ပတိဋ္ဌာတိ ဧတ္တာတိ မူလံ၊ နိဿယတိ ဧတ္တာတိ နိဿယော၊ ပတိဋ္ဌဟတိ ဧတ္တာတိ ပတိဋ္ဌာ။ (င)င-ဝါကျ၌ သိက္ခာပုဒ်ပါဠိတော်သည် အနက်ကို အကြောင်းပြု၍ ကာရဏူပစာအားဖြင့် သိက္ခာပဒ အမည်ရသည်။ (ဘာဋီ၊ ၁၊ ၂၈၅)

၁။ ဃ-မှတ်ပြ ဝါကျကိုသာ အနက်ယောဇနာပြပါ။

၂။ ခ-ဝါကျသို့ အနုသန္ဓေ, ဂ-ဝါကျသို့ သာဘောဂပုစ္ဆာ, ဃ-ဝါကျသို့ သာဘောဂပုစ္ဆာ, င-ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ ဂ-မှတ်ပြပါ ဒုတိယဝါကျ၌ ရှေးရှေးပုဒ်မှ နောက်နောက်ပုဒ်သို့ အနာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အထက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက်ထောက်ဆ၍လည်းကောင်း ဝါကျအမည်ပေးပြီး၊ ဃ-ဝါကျပါ မေထုနသံဝရော-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၄။ သီလဝိပဿနာဈာနမဂ္ဂဓမ္မာနံ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဉ်ကောက်ပြပါ။

၅။ င-ဝါကျပါ ဒီပကံ၊ ဝေဒိတဗ္ဗံ-ပုဒ်တို့၏ ဓာတ်, ပစ္စည်း, ဝိဘတ်, ကာရက, ကြိယာ-တို့ကို စိစစ်ပြပါ။

၆။ (က၊ ခ၊ ဂ)မှတ်ပြ ဝါကျတို့၌ အာဘောဂ်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ က-ဝါကျ၌ ကာရဏာဘူတေန-ဟူ၍လည်းကောင်း၊ ကရဏာဘူတေန-ဟူ၍လည်းကောင်း ပါဌ်နှစ်ထွေရှိရာ မည်သည့်ပါဌ်သာ သင့်သည်ကို အကြောင်းပြ ဆုံးဖြတ်ပေးပါ။

၈။ င-ဝါကျအရ သိက္ခာပဒံ=၌ ဖြစ်သင့်သော ဥပစာ, နည်း-တို့ကို စစ်ပြပါ။

၉။ အောက်ပါ မြန်မာစကားပြေကို ပါဠိစုဏ္ဏိယ စီကုံးပြပါ။

ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည် ဤသို့သဘောရှိသော အရာတို့၌ ငါးပါးသော အဆင်းရှိသော ပန်းကုံးကို ပြုသကဲ့သို့လည်းကောင်း၊ ရတနာပန်းဆိုင်းကို စီရင်သကဲ့သို့လည်းကောင်း အကြင်သူတို့သည် ပယ်မြစ်လိုကြကုန်၏၊ မစောင့်စည်းမှု၌ ပျော်ပိုက်ကြကုန်၏။ ထိုသူတို့ကို တမလွန်၌ဖြစ်လတ္တံ့သော ဝဋ်ဆင်းရဲဘေးဖြင့် ခြိမ်းခြောက်လျက် အမျိုးမျိုးသောအပြစ်ကို ပြလျက် ဒီဃနိကာယ်လောက်ရှိသော မဇ္ဈိမနိကာယ်လောက်ရှိသော တရားဒေသနာကို ပြတော်မူ၏။

http://www.dhammadownload.com



၁၀။ သိက္ခာပဒံ–ဟူသောပုဒ်ကို ပဒဌာနုပဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

●●●●●

အမှတ်–၁၄၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၅၊ လေ့ကျင့်ခန်း

(က) ဉာတိနံ ဗျသနံ **ဉာတိဗျသနံ**၊ တေန ဉာတိဗျသနေန။

(ခ) ရာဇဒဏ္ဍဗျာဓိမရဏဝိပ္ပဝါသနိမိတ္တေန ဉာတိဝိနာသေနာတိ အတ္ထော။

(ဂ) ဒုတိယပဒေပိ ဧသေဝ နယော။

(ဃ) တတိယပဒေ ပန အာရောဂျဝိနာသကော ရောဂေါ ဧဝ ရောဂဗျသနံ။

(င) သော ဟိ အာရောဂျံ ဗျသတိ ဝိက္ခိပတိ ဝိနာသေတီတိ ဗျသနံ။
ရောဂေါဝ ဗျာသနံ ရောဂဗျသနံ၊ တေန ရောဂဗျသနေန။

(စ) ဖုဋ္ဌာတိ အဓိပန္နာ အဘိဘူတာ၊ သမန္နာဂတာတိ အတ္ထော။ (ဋ္ဌ၊ ပ၊ ၁၉၄)

**ဋီကာ။** ။(က၊ ခ) **ဉာတိဗျသနေန္တိ** ဉာတိနံ ဝိနာသော။ သော ပန ဉာတိနံ ဝိနာသော ရာဇဒဏ္ဍာဒိကာရဏေန ဟောတီတိ အာဟ "ရာဇဒဏ္ဍဗျာဓိမရဏဝိပ္ပဝါသနိမိတ္တေနာ"တိ။ ဘောဂါနံ ဗျသနံ ဝိနာသော **ဘောဂဗျသနံ**။ တဥ္စ ဟိရညသုဝဏ္ဏဒါသိဒါသာဒီနံ ဥပဘောဂပရိဘောဂဝတ္ထူနံ ရာဇဒဏ္ဍာဒိနာ ဝိနာသောတိ အာဟ "ဧသ နယော ဒုတိယပဒေပီ"တိ။

**မအူ။** ။အထူးမဖွင့်။ (၁၁၆)

**ဘာသာဋီကာ။** ။(စ) စ–ဝါကျ၌ ဖုသဓာတ်၏ တွေ့ထိခြင်း–ဟူသော သဒ္ဒတ္ထကို အဓိပန္န, အဘိဘူတ–ဟု အဓိပ္ပါယတ္ထ ဖွင့်သည်။ (ဘာဋီ၊ ဒု၊ ၃၀၈)

၁။ င–မှတ်ပြ ဝါကျကိုသာ အနက်ယောဇနာပြပါ။

၂။ ခ–ဝါကျသို့ အနုသန္ဓေ, ဂ–ဝါကျသို့ သာဘောဂပုစ္ဆာ, ဃ–ဝါကျသို့ သာဘောဂပုစ္ဆာ, င–ဝါကျသို့ ဒေါသာရောပနစောဒနာ, စ–ဝါကျသို့ အဘိယာစကနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ အောက်ပါ ဝါကျတို့ကို တစ်ဝါကျချင်းလည်းကောင်း၊ ရှေ့နောက်ထောက်ဆ၍လည်းကောင်း ဝါကျအမည်ပေးပြီး၊ က–ဝါကျပါ ဉာတိဗျသနေန–ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

၄။ ဝေါဟာလိကာတိ ဝေါဟာလိဝါသိနော–၌ အဖွင့်နှင့်အညီ အဖွင့်ခံကို ဝိဂ္ဂဟပြု ဉာဏ်ကောက်ပါ။

၅။ ခ–ဝါကျ၌ "ရာဇ၊ ဒဏ္ဍ၊ နိမိတ္တ" ပုဒ်တို့၏ ဓာတုပစ္စယကိုလည်းကောင်း၊ "ဗျာဓိ၊ မရဏ၊ ဝိပ္ပဝါသ၊ ဉာတိ" တို့၏ လိင်ကိုလည်းကောင်း ဆုံးဖြတ်ပြပါ။

http://www.dhammadownload.com



၆။ အထက်ပါ ဝါကျတို့၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ စ–ဝါကျ၌ "သမန္နာဂတာ၊ သမနုာဂတာ၊ သမန္နာဂတာ၊ သမ္ပန္နာဂတာ"ဟု ပါဌ်လေးထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ဆုံးဖြတ်ပေးပါ။

၈။ ဝဇ္ဇိပုတ္တကာတိ ဝဇ္ဇိရဋ္ဌေ ဝေသာလိယံ ကုလာနံ ပုတ္တာ–၌ အဖွင့်ကို ရှု၍ ဝဇ္ဇီ–ဝယ် ဖြစ်သင့်သော ဥပစာ, နည်းတို့ကို တင်ပြပါ။ (ဝဇ္ဇီသည် မင်းသားတို့ကို ဟောရင်းတည်း၊ ဌာနဖြစ်သော တိုင်းပြည်ကို ဆိုလိုက ဌာနူပစာ၊ ဌာနီဖြစ်သော တိုင်းသူပြည်သားတို့ကို ဆိုလိုက ဌာန္ယူပစာတည်း။)

၁၀။ က–ဝါကျပါ ဗျာသန–ပုဒ်ကို ဝေဝစနဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

စစစစစ

အမှတ်–၁၅၊ လေ့ကျင့်ခန်း ပြီး၏။

ပါရာဇိကကဏ် ဒုတိယနေ့ လေ့ကျင်းခန်း ပြီး၏။

ပါရာဇိကကဏ်ဆိုင်ရာ ပြီးပါပြီ။

http://www.dhammadownload.com



# သီလက္ခန် ဒုတိယနေ့

## စည်းမျဉ်းနှင့် အဖြေများ

### ၁–နံပါတ်စည်းမျဉ်း

စည်းမျဉ်းရော အဖြေပါ ပထမနေ့နှင့် တူပါပြီ။

### ၂–နံပါတ်စည်းမျဉ်း

စည်းမျဉ်းရော အဖြေပါ ပါရာဇိကကဏ်နှင့်တူ၏။ အတ္ထုဒ္ဓါရနှင့် အဓိပ္ပေတတ္ထ မျှသာ ထူးသည်။

**အတ္ထုဒ္ဓါရ၊ အတ္ထုဒ္ဒေသ**

၁။ သဒ္ဒါတစ်ပါး၊ နက်များထုတ်ပြ၊ အတ္ထုဒ္ဓါရ မှန်မုချ။

၂။ လိုရာအနက်၊ ပြလျက်ထွက်က၊ အတ္ထုဒ္ဒေသ ယင်းဝါကျ။–ဟူသည်နှင့် အညီ သဒ္ဒါတစ်ခု၏ ဟောနိုင်သမျှသောအနက်တို့ကို ထုတ်ပြခြင်းသည် "အတ္ထုဒ္ဓါရ" မည်၏။ ယင်းအနက်များထဲမှ အရာဌာနအားလျော်စွာ အလိုရှိအပ်သော အနက်ကို ညွှန်ပြခြင်းသည် "အတ္ထုဒ္ဒေသ"မည်၏။ "အဓိပ္ပေတတ္ထ"ဟုလည်း ခေါ်၏။

**အမေးအဖြေ နမူနာ**

ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ–၌ သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသတို့ကို ပြပါ။

သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရကား–သမဝါယ, ခဏ, ကာလ, သမူဟ, ဟေတု, ဒိဋ္ဌိ, ပဋိလာဘ, ပဟာန, ပဋိဝေဓ–အနက်တို့ ဖြစ်ပါသည်။ အတ္ထုဒ္ဒေသကား ကာလအနက် ဖြစ်ပါသည်။

**အမှာ။** ။ပါရာဇိကကဏ်၌ အတက်ကို အမေးများ၍ ဤသီလက္ခန်၌ အထွက်ကို အမေးများသည်၊ လေ့ကျင့်ခန်း၌ တွေ့ရလတ္တံ့။

+ + + + +

၂–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၃–နံပါတ်စည်းမျဉ်း

(၁) ကိဋ္ဌာပိ, သစေပိ, ယဒိ, သစေ, အထ စေ။ (၂) လက္ခဏာရစိ။ (၃) နနု, နနုစ–အစရှိသော ဝါကျတို့တွင် တစ်ခုခုကို ထုတ်ပြ၍ ၎င်းတို့ကို ဝါကျဦး ထားရခြင်း အကြောင်းနှင့်တကွ "စောဒကာဘောဂ, စောဒနာ, ပရိဟာရဘောဂ, ပရိဟာရ, အနုဂ္ဂဟ်, အရုစိ"စသော သက်ဆိုင်ရာ အဓိပ္ပါယ်ကို ဖေးခြင်း။

**ကိဋ္ဌာပိစသည် ထားရခြင်းအကြောင်း**

၁။ သဒ္ဒါ နက်မျိုး၊ ကြောင်း ကျိုးလေးချက်၊ မနှစ်သက်၊ ထားတက် ကိဋ္ဌာပိ။
၂။ ပါဠိတော်ကို သဒ္ဒါဆို၊ ၎င်း–ကို နက်ဟု သိ။
၃။ အဋ္ဌကထာ၊ ကြောင်းကျိုးမှာ၊ ခေါ်ပါ ကြောင်းကျိုးသိ။
၄။ မနှစ်သက်ရာ၊ သိလိုခါ၊ စောဒနာ လှမ်း၍ကြည့်။

**အဓိပ္ပါယ်။** ။သဒ္ဒါကိုသော်လည်းကောင်း၊ အနက်ကိုသော်လည်းကောင်း၊ အကြောင်းကိုသော်လည်းကောင်း၊ အကျိုးကိုသော်လည်းကောင်း စောဒကပုဂ္ဂိုလ်က မနှစ်သက် မကျေနပ်ဖွယ်ရှိ၍ ထိုစောဒက၏ အပြစ်တင်မှုကို ဖယ်ရှားနိုင်ရန် ကိဋ္ဌာပိ–စသည်ဖြင့် ရေးတတ်ကြသည်။ ထိုတွင် "ပါဠိတော်ကို သဒ္ဒါ"ဟု ခေါ်သည်။ "အဋ္ဌကထာကို အနက်"ဟု ခေါ်သည်။ အဋ္ဌကထာလာ အကြောင်းကို "အကြောင်း"ဟု ခေါ်သည်။ အဋ္ဌကထာလာ အကျိုးကို "အကျိုး"ဟု ခေါ်သည်။ "စောဒကက မည်သည့်အချက်ကို မနှစ်သက်ဖွယ် ရှိသနည်း"ဟူသောအချက်ကို သိလိုလျှင် စောဒနာကို လှမ်း၍ ကြည့်ရသည်၊ ထိုစောဒနာသည်ပင် စောဒကက မနှစ်သက်ဖွယ်ရှိသော အချက် ဖြစ်လေသည်။ နောက်၌ ထင်ရှားလတ္တံ့။

**အနုဂ္ဂဟ၊ အရုစိ–ယူဆနည်း**

၁။ ပန စပ်ရာ၊ ယုတ်, နည်းပါ၊ ယူရာ အရုစ။ (ဂရုဟာ)
၂။ ပန စပ်ရာ၊ များ, မြတ်ပါ၊ ယူရာနုဂ္ဂဟ။ (သမ္ဘာဝနာ)
၃။ ပန နုဂ္ဂဟာ၊ ထွန်းလေရာ၊ ကိဋ္ဌာ–အရုစ။
၄။ ကိဋ္ဌ–နုဂ္ဂဟာ၊ ထွန်းလေရာ၊ ပနာ–အရုစ။

**အဓိပ္ပါယ်။** ။ရှေ့ဝါကျ၌ ကိဋ္ဌာပိ–ဟူသော စကားလုံးပါလျှင် နောက်ဝါကျ၌ ပန–ဟူသော စကားလုံး ပါရိုးဖြစ်သည်၊ ထိုသို့ဖြစ်ရာ၌ "ကိဋ္ဌာပိ–က အနုဂ္ဂဟဟူသော ချီးမွမ်းခြင်းကို ဟောသလော၊ အရုစိဟူသော မကျေနပ်ခြင်းကို ဟောသလော"ဟု သိလိုသော် ပန–ပုဒ်၏ စပ်ရာကို ကြည့်ရသည်၊ ထိုပန၏ စပ်ရာက ယုတ်ညံ့လျှင် သို့မဟုတ် အရနည်းလျှင် ပနသဒ္ဒါက အရုစိကို ထွန်းပြ၏။ ပန–သဒ္ဒါက အရုစိကို ထွန်းလျှင် ကိဋ္ဌာပိ–သဒ္ဒါက အနုဂ္ဂဟကို

http://www.dhammadownload.com



ထွန်းရသည်။ ထို့အတူ ပန–သဒ္ဒါ၏စပ်ရာက မြင့်မြတ်လျှင် သို့မဟုတ် အရများလျှင် ပန–သဒ္ဒါက အနုဂ္ဂဟကို ထွန်းပြ၏။ ပန–သဒ္ဒါက အနုဂ္ဂဟကို ထွန်းပြလျှင် ကိဉ္စာပိ–သဒ္ဒါက အရုစိကို ထွန်းပြရတော့သည်။ အများအားဖြင့်ကား ကိဉ္စာပိ–က အနုဂ္ဂဟ သမ္ဘာဝနာကို ထွန်းပြ၍၊ ပန–သဒ္ဒါက အရုစိ–ဂရဟာကို ထွန်းပြတတ်သည်။

### ကိဉ္စာပိ–သမ္ဘာဝနာ၊ ပန–ဂရဟာ ပုံစံ

ပထမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရုဠှာ၊ နိဒါနကောသလ္လတ္ထံ ပန ဣဓာပိ ဝံ ဝေဒိတဗ္ဗာ။

ဤဝါကျ၌ ကိဉ္စာပိသည် ပထမသင်္ဂါယနာကို ဝိနည်းပါဠိတော် စူဠဝဂ္ဂ ပဉ္စသတိကက္ခန္ဓကတ္တ သင်္ဂါယနာတင်ပြီးခြင်းကို ချီးပင့်မြှောက်မြင့်သောကြောင့် အနုဂ္ဂဟ–သမ္ဘာဝနာကို ထွန်းပြသည်၊ ၎င်းထိုင်ရာ ဝါကျကိုလည်း "အနုဂ္ဂဟတ္ထ ဝါကျ၊ ဝါ–သမ္ဘာဝနာဝါကျ"ဟု ခေါ်သည်။ ပန–သဒ္ဒါသည် သင်္ဂါယနာတင်ပြီးဖြစ်သော်လည်း ဤအဋ္ဌကထာအစဝယ် စာသင်ငယ်တို့ ထိုသင်္ဂါယနာအကြောင်းကို မသိနိုင်သောကြောင့် ကျေနပ်ဖွယ်မဟုတ်သေးပါ–ဟု မနှစ်မြို့ချက်ကို ဖော်ပြသောကြောင့် အရုစ္စတ္ထ–ဂရဟာကို ထွန်းပြသည်၊ ၎င်းထိုင်ရာဝါကျကိုလည်း "အရုစ္စတ္ထ ဝါကျ၊ ဝါ–ဂရဟာဝါကျ"ဟု ခေါ်ရသည်။

ကိဉ္စာပီတိ အနုဂ္ဂဟတ္ထော၊ တေန ပါဠိယမ္ပိ သာ သင်္ဂီတိမာရုဠှာယေဝါတိ အနုဂ္ဂဟံ ကရောတိ၊ ဧဝမ္ပိ တတ္တာရုဠှမတ္တေန ဣဓ သောတူနံ နိဒါနကောသလ္လံ န ဟောတီတိ ပနသဒ္ဒေန အရုစိယတ္ထံ ဒဿေတိ။ (သီဋီသစ်၊ ပ၊ ၃၆)

မြန်မာပုံစံ။ ။သူဟာ ရုပ်တော့လှပါရဲ့၊ ဒါပေမယ့် စိတ်ကောင်းမရှိလို့ မပေါင်းထိုက်ဘူး။

### ကိဉ္စာပိ–ဂရဟာ၊ ပန–သမ္ဘာဝနာ ပုံစံ

အယံ ဘန္တေ အာယသ္မာ အာနန္ဒော ကိဉ္စာပိ သေက္ခော၊ (တထာပိ) ထေရော အာယသ္မတ္တမ္ပိ အာနန္ဒံ ဥစ္စိနတု။ ဗဟု စ အနေန ဘဂဝတော သန္တိကေ ဓမ္မော စ ဝိနယော စ ပရိယတ္တော။ (ဝိ၊ ၄၊ ၄၈၁)

ဤဝါကျ၌ ကိဉ္စာပိသည် မြှင့်တင်သော အနုဂ္ဂဟ=သမ္ဘာဝနာဇောတကမဟုတ်၊ သေက္ခဖြစ်၍ သိမ်ငယ်ကြောင်းကိုပြသော အရုစ္စတ္ထ=ဂရဟာဇောတကတည်း။ ကိဉ္စာပိက အရုစ္စတ္ထ=ဂရဟာကို ထွန်းပြသောကြောင့် ပနနှင့် အလားတူ တထာပိကလည်း အနုဂ္ဂဟတ္ထ=သမ္ဘာဝနာကို ထွန်းပြရတော့သည်။

http://www.dhammadownload.com



**မြန်မာပုံစံ။** ။သူဟာ ရပ်တော့ ဆိုးရွာတယ်၊ ဒါပေမယ့် စိတ်ကောင်း ရှိလို့ ပေါင်းထိုက်တယ်။

**မှတ်ချက်။** ။ပထမဝါကျ၌ စောဒကနှင့် ပရိဟာရဆရာတို့ ပထမသင်္ဂါယနာကို အဋ္ဌကထာ၏ အစမှာ သိထိုက်/မသိထိုက် ငြင်းခုံကြရာ စောဒကကလည်း အကြောင်းပြ၏၊ ပရိဟာရကလည်း အကြောင်းပြ၏၊ ထိုသို့ ပြရာ၌ စောဒက၏ အကြောင်းပြသည် အပေါ်စီး ယူ၍ပြသော အကြောင်းပြဖြစ်သည်၊ ထို့ကြောင့် ယင်းအကြောင်းပြဆိုင်ရာ ကိစ္စာပိသည် အနုဂ္ဂဟ=သမ္ဘာဝနာ အနက်ကို ထွန်းပြလေသည်။ ဒုတိယဝါကျ၌ကား အရှင်အာနန္ဒာကို ရွေးသင့်/မရွေးသင့် ငြင်းခုံကြရာ စောဒက အကြောင်းပြချက်မှာ အောက်ကျို့စကားသာ ဖြစ်လေသည်၊ ထို့ကြောင့် ကိစ္စာပိက အရုစျ-ဂရဟာကို ထွန်းပြလေသည်။

**အမှာ။** ။ကိစ္စာပိက ဂရဟာကို ထွန်းပြ၍ ပနက သမ္ဘာဝနာကို ထွန်းပြသော ဝါကျသည် အလွန်ရှားပါး၏၊ ကိစ္စာပိက သမ္ဘာဝနာကိုထွန်းပြ၍ ပနက ဂရဟာကို ထွန်းပြသော အရာသာ များပြား၏၊ ထို့ကြောင့် စောဒကပုဂ္ဂိုလ်က တစ်နည်းနည်းဖြင့် သင့်လျော်သော အကြောင်းကို ပြနိုင်သည်သာ ဖြစ်ပါက "ကိစ္စာပိကို အနုဂ္ဂဟ, ပနကို အရုစျ" ဟု ယူပါ။ စောဒကက လုံးဝ အကြောင်းမပြနိုင်သော အရာမျိုး၌သာ "ကိစ္စာပိကို ဂရဟာ၊ ပနကို သမ္ဘာဝနာ"ဟု ယူပါ။ အများအားဖြင့် ကိစ္စာပိကို သမ္ဘာဝနာ၊ ပနကို ဂရဟာ ဟူလို။

### အမှတ်-၁၊ ကိစ္စာပိအုပ်စု စတုက္ကထုတ်ပုံ

(ကိစ္စာပိ၊ ကာမံ၊ ကာမဉ္စ၊ စေပိ၊ သစေပိ၊ ယဒိပိ၊ အထာပိ)

၁။ ကိစ္စာပိင့်၊ ပါဌ်တိုင်ရုံ၊ တင်တုံ စောဒက အာဘော်ပြ။

၂။ ပန တထာ၊ စပ်ပုဒ်မှာ၊ စောဒနာ ပရိဟာရ။

၃။ ကျန်သမျှသာ၊ စကားမှာ၊ ပရိဟာရာဘောဂ။

၄။ ပရိဟာရ၊ န, မပြမူ၊ ကိုယ်က န, သွင်း၊ န, ရှိလျှင်းသော်၊ န, ကိုကော်၊ ထွက်ပေါ် စောဖလ။

**အဓိပ္ပါယ်။** ။စတုက္ကဟူသည် "စောဒကာဘောဂ၊ စောဒနာ၊ ပရိဟာရာဘောဂ၊ ပရိဟာရ"ဟူသော လေးချက်ပင်တည်း။ ထိုတွင် စောဒကပုဂ္ဂိုလ်၏ အကြောင်းပြချက်သည် "စောဒကာဘောဂ"မည်၏။ စောဒကပုဂ္ဂိုလ်၏ မေးမြန်းချက်သည် "စောဒနာ"မည်၏။ ပရိဟာရပုဂ္ဂိုလ်၏ အကြောင်းပြချက်သည် "ပရိဟာရာဘောဂ"မည်၏။ ပရိဟာရပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်သည် "ပရိဟာရ" မည်၏။

http://www.dhammadownload.com



ကိစ္စာပိ–အစရှိသော ဝါကျသည် စကားတစ်ရပ်နှင့် ပတ်သက်၍ စောဒက ပုဂ္ဂိုလ်တို့ မနှစ်သက်ဖွယ်ရှိသော အချက်ကို ရှင်းလင်းချေပသော ဝါကျတည်း။ ထိုသို့ ရှင်းလင်းချေပရာ၌ စောဒကပုဂ္ဂိုလ်၏ အကြောင်းပြချက်ကို မိမိ၏ စကား ဖြစ်သော ကိစ္စာပိဖြင့် ငုံ၍ဖော်ပြကာ ထိုအကြောင်းပြချက်ကို မိမိ၏ အကြောင်း ပြချက်ဖြင့် ပယ်ထုတ်ပြစ်၍ မိမိဆိုလိုသောအချက်ကို အတည်ပြုပြီး အနိုင်ပိုင်းလိုက် သည်။ ထိုကဲ့သို့သော ဝါကျမျိုး၌ "စောဒကပုဂ္ဂိုလ်၏ အကြောင်းပြချက်နှင့် မေးမြန်းချက်, ပရိဟာရပုဂ္ဂိုလ်၏ အကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်"ဟူသော အချက်လေးချက်ကို ထုတ်ဖော်ပြခြင်းကိုပင် "စောဒကာဘောဂါဒိစတုက္ကထုတ်ခြင်း" ဟု ဆိုသည်။

ကိဉ္စာပိ၊ ကာမံ၊ ကာမဉ္စ–စသည်အစရှိသော ဝါကျတို့၌ စောဒကာဘောဂါဒိ စတုက္က ထုတ်လိုလျှင် ကိစ္စာပိထိုင်ရာ ဝါကျကို ကိစ္စာပိနေရာတွင် နနု–ကို သွင်း ၍ စောဒကာဘောဂ လုပ်ပါ။ ပန, တထာပိ, ဝေမ္ပိ–စသည် စပ်ရာ စကား ရပ်ကို စောဒနာနှင့် ပရိဟာရ လုပ်ပါ။ ကျန်သမျှသော စကားရပ်များကို ပရိဟာရာဘောဂ လုပ်ပါ။

## ပုံစံ–၁

ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိ မာရုဠှာ၊ နိဒါန ကောသလ္လတ္ထံ ပန ဉ္ဉာတဗ္ဗာ ဝေဒိတဗ္ဗာ။

၁။ နနု သော ပဌမမဟာသင်္ဂီတိ ဝိနယပိဋကေ တန္တိ မာရုဠှာ။ (စောဒကာ ဘောဂ)

တသ္မာ ဉ္ဉာတဗ္ဗာ ဝေ န ဝေဒိတဗ္ဗာ။ (စောဒကာဘောဂဖလ)

၂။ အထ ကိမတ္ထံ ဉ္ဉာတဗ္ဗာ ဝေ ဝေဒိတဗ္ဗာ။ (စောဒနာ)

၃။ နိဒါနကောသလ္လတ္ထံ။ (ပရိဟာရာဘောဂ)

၄။ ဉ္ဉာတဗ္ဗာ ဝေ ဝေဒိတဗ္ဗာ။ (ပရိဟာရ)

၁။ ဤပဌမ မဟာသင်္ဂါယနာကို ဝိနည်းပိဋကတ်၌ ပါဠိတော်တင်ပြီး မဟုတ် ပါလော။ (ထို့ကြောင့် ဤအဋ္ဌကထာအစ၌ ဤသို့ မသိထိုက်ပါ။)

၂။ သို့ပါလျက် အဘယ်အကျိုးငှာ ဤအဋ္ဌကထာအစ၌ ဤသို့ သိထိုက် ပါသနည်း။

၃။ နိဒါန်း၌ လိမ္မာသူဖြစ်ကြောင်းဉာဏ်အကျိုးငှာ။

၄။ ဤအဋ္ဌကထာအစ၌ ဤသို့ သိထိုက်သည်။

http://www.dhammadownload.com



ပထမသင်္ဂါယနာတင် အကြောင်းကို အဋ္ဌကထာအစ၌ ဆိုခြင်းဟူသော အကျိုးကို စောဒကတို့ မနှစ်သက်ဖွယ် ရှိသောကြောင့် ဤ၌ ကိဋ္ဌာပိသဒ္ဒါကို ထားရသည်။

**မှတ်ချက်။** ။ပထမသင်္ဂါယနာအကြောင်းကို သီလက္ခန်အဋ္ဌကထာအစ၌ သိဖို့ လို, မလို စောဒကနှင့် ပရိဟာရတို့ ငြင်းခုံကြရာ စောဒကက ဝိနည်းပိဋကဌ် ပါဠိတော် တင်ပြီးဖြစ်သောကြောင့် သိဖို့ မလို–ဟု ဆို၏။ ပရိဟာရဆရာက နိဒါန်း၌ လိမ္မာသူ ဖြစ်ကြောင်း ဉာဏ်အကျိုးငှာ သိဖို့ လိုသည်–ဟု ဆိုလေသည်။

ထိုသို့ ဆိုကြရာ၌ စောဒက၏ အကြောင်းပြချက်ကို စောဒကာဘောဂ–လုပ်၍ ပရိဟာရ၏ အကြောင်းပြချက်ကို ပရိဟာရာဘောဂ–လုပ်ရသည်။ စောဒနာနှင့် ပရိဟာရကား စကားတစ်ရပ်တည်းပင်တည်း။

ဤပုံစံ၌ စောဒကာဘောဂဖလ လုပ်ပုံမှာ– ပရိဟာရတွင် န,ပါက န,ကို ဖြုတ်ပစ်ပါ၊ န,မပါက န,ကို ထည့်သွင်းပါ၊ ထို့နောက် ပရိဟာရ၏ ကြိယာကို တဗ္ဗပစ္စည်းဖြင့် ပြင်ယူပါက စောဒကာဘောဂဖလကို ရတော့သည်။ ထိုစောဒကာဘောဂဖလကို အများအားဖြင့် မသုံးစွဲကြ၊ စတုက္ကထဲတွင် ထည့်သွင်း၍ မထုတ်ကြ။ ထိုစောဒကာဘောဂဖလကို မသုံးစွဲလျှင် "ပရိဟာရ၊ န,မပြမူ၊ န,ကိုသွင်း၊ န,ရှိလျှင်းက၊ န,ကိုပယ်၊ မှတ်ဖွယ် စောဒနာ"ဟူသော ရှေးနိယာမ်သည် အသုံးမကျ အဓိပ္ပါယ်မရ ဖြစ်လိမ့်မည်။ ထို့ကြောင့် စောဒကာဘောဂဖလကို လက်ခံသုံးစွဲပါ။ သာဓကကို အမှတ်–၄၊ နန ဝါကျ စတုက္ကထုတ်ပုံ ပုံစံ–၂မှာ ရှုပါ။ သို့ရာတွင် စာဖြေရာ၌ကား ချန်ထားလိုက ချန်ထားခဲ့ပါ။ ထို့ပြင် တချို့က ပရိဟာရာဘောဂ၌လည်း အစတွင် နနု–ဟူသောစကားလုံး ခံထား၍ ရေးတတ်ကြသေး၏၊ မကောင်းလှပါ။

### စတုက္ကချိန်ကိုက်နည်း

မိမိထုတ်ထားသော စတုက္က မှန်/မမှန် ချိန်ကိုက်လိုလျှင် စောဒကာဘောဂကို ကိဋ္ဌာပိဝါကျခြင်းကြည့်ပါ၊ ပရိဟာရာဘောဂနှင့် ပရိဟာရကို ပနဝါကျခြင်းကြည့်ပါ၊ ကိဋ္ဌာပိဝါကျ အသွားမှန်လျှင် စတုက္ကမှန်တော့သည်၊ ကိဋ္ဌာပိဝါကျ အသွားမှန်/မမှန် သိလိုပြန်လျှင် ကိဋ္ဌာပိထိုင်ရာ စကားရပ်နှင့် ပနထိုင်ရာ စကားရပ်တို့ကို ချိန်ထိုးကြည့်ပါ၊ အချင်းချင်း ဆန့်ကျင်ဖက် ဖြစ်ပါမှသာ ကိဋ္ဌာပိဝါကျ အသွားမှန်လေသည်။ "သူဟာ ပိန်သာပိန်တယ်၊ အရိုးချည်းပဲ"ဟု ဆိုလျှင် မမှန်။ "သူဟာ ပိန်သာပိန်တယ်၊ သိပ်အားရှိတာပဲ"ဟု ဆိုမှသာ မှန်လေသည်။ မြန်မာစကားကို ကြပ်ကြပ် စဉ်းစားပါ၊ မြန်မာစကားနှင့် ကပ်၍ မှတ်ထားလျှင် စတုက္ကထုတ်ပုံ မခက်ပါ၊ မှားလည်း မမှားနိုင်ပါ။

http://www.dhammadownload.com



ပုံစံ–၂

ကိဉ္စာပိ တေသံ ဘိက္ခူနံ အာဃာတော ယေဝ နတ္ထိ၊ အထ ခေါ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ("န အာဃာတော"တိ အာဒိမာဟ) ဓမ္မနေတ္တိံ ဌပေတိ။ (သီ ဋ္ဌ၊ ၅၂)

၁။ နနု တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ။ (စောဒကာဘောဂ)
(တသ္မာ န အာဃာတောတိ အာဒိမာဟ ဓမ္မနေတ္တိံ န ဌပေတဗ္ဗာ။ စောဒကာဘောဂဖလ)

၂။ အထ ကသ္မာ န အာဃာတောတိ အာဒိမာဟ ဓမ္မနေတ္တိံ ဌပေတိ။ (စောဒနာ)

၃။ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော။ (ပရိဟာရာဘောဂ)

၄။ န အာဃာတောတိ အာဒိမာဟ ဓမ္မနေတ္တိံ ဌပေတိ။ (ပရိဟာရ)
န အာဃာတော–အစရှိသော ပါဠိတော်သဒ္ဒါကို စောဒကတို့ မနှစ်သက်ဖွယ်ရှိသောကြောင့် ဤ၌ ကိဉ္စာပိ–သဒ္ဒါထားရသည်။

**မှတ်ချက်။** ။ဤ၌ "ဓမ္မနေတ္တိံ ဌပေတိ"ဟူသော ပရိဟာရစကားရပ်မှ ဓမ္မနေတ္တိ န ဌပေတဗ္ဗာ–ဟု စောဒကာဘောဂဖလ လုပ်ယူပုံကို အတုယူပါ။ ထို့အပြင် စောဒနာသည်ပင် မနှစ်သက်ဖွယ်ရှိသော အချက် ဖြစ်နေသည်ကိုလည်း သတိပြုပါ၊ ထိုမနှစ်သက်ဖွယ် အချက်ကို "သဒ္ဒါလော, အနက်လော, အကြောင်းလော, အကျိုးလော"ဟု နှိုင်းချိန်၍ သဒ္ဒါဖြစ်လျှင် သဒ္ဒါကို မနှစ်ဖွယ်ရှိသောကြောင့် ကိဉ္စာပိသဒ္ဒါ ထားရပါသည်–စသည်ဖြင့်ဖြေဆိုလျှင် မလွဲနိုင်တော့ပါ။

---

## အမှတ်–၂၊ ပန အုပ်စု စတုက္ကထုတ်ပုံ

(ပန, ဝေမ္ဘိ, ဇဝံ သန္တေပိ, အပိစ, အထ ခေါ, တထာပိ)

၁။ ပန ဂရဟာ၊ ထွန်းလေရာ၊ ရှေ့မှာ ကိဉ္စာညှပ်။
၂။ ကိဉ္စာညှပ်က၊ အာဘောဂ၊ မှတ်ကြ ဧကန်သတ်။
၃။ ကိဉ္စာတူမျှ၊ စတုက္က၊ ထုတ်ပြ မခဲကတ်။

**အဓိပ္ပါယ်။** ။ဝါကျနှစ်ခု ရှိရာ၌ နောက်ဝါကျတွင် ပါဝင်သော ပနသဒ္ဒါက ဂရဟာအနက်ကို ထွန်းပြလျှင် (ပန–သို့သော်လည်း–ဟု အနက်ပေးလျှင်) ရှေ့ဝါကျ၌ ကိဉ္စာပိပါသကဲ့သို့ မှတ်ရမည်၊ ထို့ကြောင့် ထိုရှေ့ဝါကျသည် စောဒကာဘောဂ ဖြစ်လာသည်။ ဤသို့ စသည်ဖြင့် ကိဉ္စာပိ အုပ်စုတုန်းက အတိုင်းပင် စတုက္ကထုတ်ယူရမည်။

http://www.dhammadownload.com



## ပုံစံ-၁

တေသ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ၊ အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။ (သီဋ္ဌ၊ ၁၅၁)

၁။ နနု တေသ ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ။ (စောဒကာဘောဂ)
(တသ္မာ သဗ္ဗာယ ဒိဋ္ဌိယာယေဝ န ဘဝိတဗ္ဗံ။ (စောဒကာဘောဂဖလ)
၂။ အထ ကသ္မာ သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။ (စောဒနာ)
၃။ အသုဒ္ဓလဒ္ဓိတာယ။ (ပရိဟာရာဘောဂ)
၄။ သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။ (ပရိဟာရ)
ပါဠိတော်သဒ္ဒါကို မနှစ်သက်ဖွယ်ရှိ၍ ပန-ကို ထားရသည်။

## ပုံစံ-၂

ဒ္ဒိန္နဥ္စ စိတ္တာနံ ကေက္ခဏေ ပဝတ္တိ နာမ နတ္ထိ၊ ဗုဒ္ဓါနံ ပန ဘဂဝန္တာနံ ဘဝင်္ဂပရိဝါသဿ လဟုကတာယ, ပဥ္စဟာကာရေဟိ စိဏ္ဏဝသိတာယ စ တာ (ရသ္မိ ယော) ကေက္ခဏေ ဝိယ ပဝတ္တန္တိ။ (သီဋ္ဌ၊ ၅၇)

၁။ နနု ဒ္ဒိန္နံ စိတ္တာနံ ကေက္ခဏေ ပဝတ္တိ နာမ နတ္ထိ။ (စောဒကာဘောဂ)
(တသ္မာ တာဟိ ရသ္မိဟိ ကေက္ခဏေ ဝိယ န ပဝတ္တိတဗ္ဗံ။ စောဒကာဘောဂဖလ)
၂။ အထ ကသ္မာ တာ ရသ္မိယော ကေက္ခဏေ ဝိယ ပဝတ္တန္တိ၊ (စောဒနာ)
၃။ ဗုဒ္ဓါနံ ဘဂဝန္တာနံ ဘဝင်္ဂပရိဝါသဿ လဟုကတာယ ပဥ္စဟာကာရေဟိ စိဏ္ဏဝသိတာယ စ။ (ပရိဟာရာဘောဂ)
၄။ တာ ရသ္မိယော ကေက္ခဏေ ဝိယ ပဝတ္တန္တိ။ (ပရိဟာရ)
ရောင်ခြည်တော်များ တစ်ပြိုင်နက်ကဲ့သို့ ဖြစ်ခြင်း-ဟူသော အကျိုးကို မနှစ်သက်ဖွယ်ရှိသောကြောင့် ဤ၌ ပနသဒ္ဒါကို ထားရသည်။

**သတိပြုရန် ပုံစံ ●**

(ဒိဗ္ဗစက္ခုဉာဏာယ စိတ္တံ အဘိနီဟရိတွာ နိသိန္နဿ ဘိက္ခုနော ဝီသု ဘဝေသု နိဗ္ဗတ္တသတ္တာနံ အာဝိဘူတကာလော ဒဋ္ဌဗ္ဗော။) လ္လဒဥ္စ ဒေသနာ သုခတ္ထမေဝ ဝုတ္တံ၊ အာရုပ္ပေ ပန ဒိဗ္ဗစက္ခုဿ ဂေါစရော နတ္ထိ။ (သီဋ္ဌ၊ ၂၀၀ )

၁။ နနု အာရုပ္ပေ ဒိဗ္ဗစက္ခုဿ ဂေါစရော နတ္ထိ။ (စော-ဘော)
တသ္မာ လ္လဒံ န ဝတ္တဗ္ဗံ။ (စော-ဖလ)
၂။ အထ ကိမတ္ထံ လ္လဒံ ဝုတ္တံ။ (စော)

http://www.dhammadownload.com



၃။ ဒေသနာသုခတ္တံ။ (ပရိ–ဘော)

၄။ ဣဒံ ဝုတ္တံ။ (ပရိ)

တီသု ဘဝေသု–အရူပဘုံနှင့်တကွ သာမညအားဖြင့် ဆိုထားသော အဋ္ဌကထာ စကားဟူသော အကျိုးကို မနှစ်သက်ဖွယ်ရှိသောကြောင့် ပန–ကို ထားရသည်။

**မှတ်ချက်။** ။ဤ၌ ပနသဒ္ဒါပါသော်လည်း အထက်ပါ စည်းကမ်းအရ စတုက္ကထုတ်၍ မဖြစ်၊ စောဒကက "ဒိဗ္ဗစက္ခု တန်ခိုးရှင်သည် ဘဝသုံးပါးလုံး၌ ရှိသော သတ္တဝါတို့ကို မြင်၏"ဟူသော စကားရပ်၌ အရူပဘုံ ပါဝင်နေခြင်းကို မနှစ်သက်နိုင် ဖြစ်နေသည်၊ အကြောင်းမူ အရူပဘုံ၌ ဒိဗ္ဗစက္ခု၏ အာရုံဖြစ်သော ရူပါရုံ မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရူပါဘုံဝယ် ဒိဗ္ဗစက္ခု၏ အာရုံ ဖြစ်သော ရူပါရုံမရှိသောကြောင့် "တီသု ဘဝေသု"ဟု မဆိုသင့်ပါဟု စောဒနာဖွယ် ရှိရကား ထိုစောဒနာကို ပယ်ထုတ်လေသည်။ ထိုသို့ ပယ်ထုတ်ရာ၌ စောဒကာ ဘောဂက နောက်မှာ ရောက်နေသည်။ ပရိဟာရဘောဂက ရှေ့မှာ ရှိနေသည်၊ ထို့ကြောင့် ပြောင်းပြန်ထုတ်ရသည်။ ထို့ကြောင့် စတုက္ကထုတ်ရာ၌ သင်္ကေတထက် သဘာဝကို အားကိုး၍ ထုတ်ခြင်းက ပို၍ကောင်းသည်။ ဤပုံစံ၌ စောဒကနှင့် ပရိဟာရတို့ အသီးအသီး အကြောင်းပြ၍ ငြင်းခုံကြပုံကို အာရုံဝင်စား၍ ဆင်ခြင်ပါ။

**ချိန်ကိုက်ပုံ။** ။ဤစတုက္က မှန်/မမှန် ချိန်ကိုက်ရန် ကိဋ္ဌာပိင် ကျ ခင်းကြည့်လျှင် "ကိဋ္ဌာပိ အာရုပ္ပေ ဒိဗ္ဗစက္ခုဿ ဂေါစရော နတ္ထိ၊ ဣဒံ ပန ဒေသနာသုခတ္တံ ဝုတ္တံ"ဟု ဖြစ်၏။ ၄င်းကို အဓိပ္ပါယ်ပြန်လျှင် "အရူပဘုံမှာ ဒိဗ္ဗစက္ခု၏ အာရုံ မရှိသည်မှာ မှန်၏၊ သို့ရာတွင် ဤစကားကိုကား ဟောရ ပြောရ လွယ်ကူစေရန် ဆိုထားသည်"ဖြစ်၏။ အချင်းချင်း ဆန့်ကျင်ဖက်ဖြစ်၍ ကိဋ္ဌာပိ ဝါကျအသွား မှန်၏။ ထို့ကြောင့် စတုက္က မှန်သည်ဟု မှတ်။

---

## အမှတ်–၃၊ လက္ခဏာရစိ ဝါကျ စတုက္ကထုတ်ပုံ

၁။ လက္ခဏာရစိ၊ ပိဋကထိုင်ရာ၊ ပုဒ်တိုင်မှာ၊ စောဒကာဘောဂ။

၂။ ပိဋကထိုင်ရာ၊ လက္ခဏာ၊ ပြင်ပါကြိယ။

၃။ ဋ္ဌ+ဋ္ဌိ၌လာ၊ ကြောင်းကျိုးမှာ၊ ပရိဟာရဘောဂ။

၄။ ကျန်သမျှမှာ၊ စောဒနာ၊ ပရိဟာရလည်းရ။

၅။ ပရိဟာရ၊ န,မပြမူ၊ ကိုယ်က န,သွင်း၊ န,ရှိလျှင်းသော်၊ န,ကိုကော်၊ ထွက်ပေါ် စောဖလ။

http://www.dhammadownload.com



## ပုံစံ-၁

သော ရတနတ္တယဿ ဂုဏဝဏ္ဏော ဝတ္တဗ္ဗောပိ ဣဿာဝသေန ပုန အဝဏ္ဏမေဝ အာရဘိ။ (သီဋ္ဌ၊ ၄၃)

၁။ နနု တေန ရတနတ္တယဿ ဂုဏဝဏ္ဏော ဝတ္တဗ္ဗော။ (စော-ဘော)
(တသ္မာ သော အဝဏ္ဏောယေဝ ပုန န အာရဘိတဗ္ဗော။ စော-ဖလ)

၂။ အထ ကထံ ပုန အဝဏ္ဏမေဝ အာရဘိ။ (စော)

၃။ ဣဿာဝသေန။ (ပရိ-ဘော)

၄။ ပုန အဝဏ္ဏမေဝ အာရဘိ။ (ပရိ)

ပုန အဝဏ္ဏမေဝ အာရဘိ-ဟူသော အဋ္ဌကထာဆရာ၏ အနက်ကို မနှစ်ဖွယ်ရှိသောကြောင့် ပိ-သဒ္ဒါကို ထားရ၏။

## ပုံစံ-၂

တတိယဝါရေ ပန ဣစ္ဆ အနာဂတောပိ အတ္တတော အာဂတော ယေဝါတိ ဝေဒိတဗ္ဗော။ (သီဋ္ဌ၊ ၅၄)

၁။ နနု တတိယဝါရေ ဣစ္ဆ န အာဂတော။ (စော-ဘော)
(တသ္မာ သော အတ္တတော အာဂတောယေဝါတိ န ဝေဒိတဗ္ဗော။)
(စော-ဖလ)

၂။ အထ ကသ္မာ သော ဣစ္ဆ အတ္တတော အာဂတောယေဝါတိ ဝေဒိ-တဗ္ဗော။ (စော)

၃။ တဒတ္ထသမ္ဘဝတော။ (ပရိ-ဘော)

၄။ သော ဣစ္ဆ အတ္တတော အာဂတောယေဝါတိ ဝေဒိတဗ္ဗော။ (ပရိ)

တတိယဝါရသည် အနက်အားဖြင့် လာသည်ပင် ဖြစ်၏ဟု မှတ်ရမည်ဟူသော အဋ္ဌကထာဆရာ၏ စကားတည်းဟူသော အကျိုးကို မနှစ်သက်ဖွယ်ရှိသောကြောင့် ပိသဒ္ဒါ ထားရသည်။

### အမှတ်-၄၊ နနု, နနု စ ဝါကျ စတုက္ကထုတ်ပုံ

၁။ နနု စပ်ရာ၊ ပုဒ်တိုင်မှာ၊ စောဒကာဘောဂ။

၂။ ကသ္မာ စပ်ရာ၊ ပုဒ်တိုင်မှာ၊ စောဒနာ-ပရိဟာရ။

၃။ ကျန်သမျှသာ၊ ပုဒ်တို့မှာ၊ ပရိဟာရဘောဂ။

၄။ စောဒကက၊ န,မပြမူ၊ ကိုယ်က န,သွင်း၊ န,ရှိလျှင်းသော်၊ န,ကိုကော်၊ ထွက်ပေါ် စော-ဖလ။

http://www.dhammadownload.com



ပုံစံ–၁

နနု ဣဒံ သီလံ နာမ ယောဂိနော အင္ဂဝိဘူသနံ။ တံ ကသ္မာ ဣမသ္မိံ ဌာနေ အပ္ပမတ္တကန္တိ အာဟာတိ? ဥပရိဂုဏေ ဥပနိဓာယ။ (သီဋ္ဌ၊ ၅၅)

၁။ နနု ဣဒံ သီလံ နာမ ယောဂိနော အင္ဂဝိဘူသနံ။ (စော–ဘော)
(တသ္မာ တံ ဣမသ္မိံ ဌာနေ အပ္ပမတ္တကန္တိ န ဝတ္တဗ္ဗံ။) (စော–ဖလ)
၂။ အထ ကသ္မာ တံ ဣမသ္မိံ ဌာနေ အပ္ပမတ္တကန္တိ အာဟ။ (စော)
၃။ ဥပရိဂုဏေ ဥပနိဓာယ။ (ပရိ–ဘော)
၄။ တံ ဣမသ္မိံ ဌာနေ အပ္ပမတ္တကန္တိ အာဟ။ (ပရိ)

အပ္ပမတ္တကံ–ဟူသော ပါဠိတော်သဒ္ဒါကို မနှစ်ဖွယ်ရှိသောကြောင့် နနုသဒ္ဒါ ထားရသည်။

ပုံစံ–၂

နနု စာယံ (ဓျာနုပေက္ခာ) အတ္ထတော တတြမဇ္ဈတ္တုပေက္ခာဝ ဟောတိ၊ သာ စ ပဌမဒုတိယဇ္ဈာနေသုပိ အတ္ထိ။ တသ္မာ တတြာပိ "ဥပေက္ခကော စ ဝိဟာသိ"န္တိ ဧဝမယံ ဝတ္တဗ္ဗာ သိယာ၊ သာ ကသ္မာ န ဝုတ္တာတိ။ အပရိဗျတ္တကိစ္စတော။ (ပါ–ဋ္ဌ၊ ၁၂၁)

၁။ နနု စာယံ အတ္ထတော တတြမဇ္ဈတ္တုပေက္ခာဝ ဟောတိ၊ သာ စ ပဌမဒုတိယဇ္ဈာနေသုပိ အတ္ထိ။ (စော–ဘော)
(တသ္မာ တတြာပိ "ဥပေက္ခကော စ ဝိဟာသိ"န္တိ ဧဝမယံ ဝတ္တဗ္ဗာ သိယာ။) (စော–ဖလ)
၂။ အထ ကသ္မာ သာ န ဝုတ္တာ။ (စော)
၃။ အပရိဗျတ္တကိစ္စတော။ (ပရိ–ဘော)
၄။ သာ န ဝုတ္တာ။ (ပရိ)

ဥပေက္ခကော စ ဝိဟာသိ–ဟု မဟောသော ပါဠိတော်သဒ္ဒါကို မနှစ်သက်ဖွယ်ရှိ၍ နနုသဒ္ဒါကို ထားရသည်။

မှတ်ချက်။ ။ဤနေရာ အဋ္ဌကထာဆရာ ကိုယ်တိုင် စောဒကာဘောဂဖလ ထုတ်ပြထားသည်ကိုလည်းကောင်း၊ ပရိဟာရတွင် န,ပါသဖြင့် ယင်း န,ကို ထုတ်ပယ်ထားသည်ကိုလည်းကောင်း သတိပြု အတုယူပါ။ ထို့ကြောင့် "စတုက္က ထုတ်ရာ၌ စောဒကာဘောဂဖလ ပါမှသာလျှင် ပြည့်စုံသည်"ဆိုသော အချက်ကို နိဿံသယ လက်ခံ သုံးစွဲပါလေ။

http://www.dhammadownload.com



## အမှတ်-၅၊ အနုသန္ဓေဝါကျ စတုက္ကထုတ်ပုံ

စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဌာနကို၊ စောဒက အာဘော်၊ ဟိတ်ခတ်လျော်၊ ရှုမြော် တစ်ဝ၊ နောက်ဌာနကျန်၊ အာဟ ကံမှာ၊ စောဒနာ၊ သေသာ ကြွင်းလတ်၊ အပြေမှတ်။ (နိယာမ်)

**အဓိပ္ပါယ်။** ။အနုသန္ဓေဝါကျ၌ စတုက္ကထုတ်လိုလျှင် ပုဗ္ဗာနုသန္ဓေကို စောဒကာဘောဂလုပ်ပါ။ အာဟစသော ကြိယာ၏ ကံကို စောဒနာနှင့် ပရိဟာရ လုပ်ပါ။ ကျန်သမျှသော စကားတို့ကို ပရိဟာရာဘောဂလုပ်ပါ။

### ပုံစံ-၁

ဇဝံ ပဌမေန နယေန မနောပဒေါသံ နိဝါရေတွာ (ရှေ့ဌာန) ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော (သေသာကြွင်းလတ်) အာဟ "တတြ စေ တုမှေ"တိ အာဒိ။ (အာဟ-ကံ) (သီဋ္ဌ၊ ၅၂)

၁။ နနု ပဌမေန နယေန မနောပဒေါသော နိဝါရိတော။ (စော-ဘော)
(တသ္မာ "တတြ စေ တုမှေ"တိ အာဒိ န ဝတ္တဗ္ဗံ။) (စော-ဖလ)
၂။ အထ ကသ္မာ အာဟ "တတြ စေ တုမှေ"တိ အာဒိ။ (စော)
၃။ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော။ (ပရိ-ဘော)
၄။ "တတြ စေ တုမှေ"တိ အာဒိမာဟ။ (ပရိ)

### ပုံစံ-၂

ဇဝံ အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒဿေတွာ ဣဒါနိ ဝဏ္ဏဘူမိယံ ဒဿေတုံ "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျု"န္တိ အာဒိမာဟ။ (သီဋ္ဌ၊ ၅၃)

၁။ နနု အဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒဿိတံ။ (စော-ဘော)
(တသ္မာ မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုန္တိ အာဒိ န ဝတ္တဗ္ဗံ။) (စော-ဖလ)
၂။ အထ ကိမတ္ထံ မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုန္တိ အာဒိမာဟ။ (စော)
၃။ ဝဏ္ဏဘူမိယံ တာဒိလက္ခဏံ ဒဿေတုံ။ (ပရိ-ဘော)
၄။ မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုန္တိ အာဒိမာဟ။ (ပရိ)

**မှတ်ချက်။** ။ပုံစံ-၁၌ မနောပဒေါသံ နိဝါရေတွာ-ကို မနောပဒေါသော နိဝါရိတော-ဟု ပြင်ထားပုံ, ပုံစံ-၂ ၌ တာဒိလက္ခဏံ ဒဿေတွာ-ကို တာဒိလက္ခဏံ ဒဿိတံ-ဟု ပြင်ထားပုံကို အတုယူပါ၊ ပါဠိစာစီစာကုံး အသွားအလာကို သတိထား၍ မှန်အောင် ပြင်တတ်ပါစေ။

http://www.dhammadownload.com



**အမှတ်-၆၊ ဒွိကရဏဝါကျစတုက္ကထုတ်ပုံ**

၁။ သံဝဏ္ဏေတဗ္ဗာ၊ ပုဒ်ကိုသာ၊ စောဒကာဘောဂ။

၂။ သံဝဏ္ဏနာ၊ ပုဒ်များမှာ၊ စောဒနာ-ပရိဟာရ။

၃။ ဒွိကရဏာ၊ ဝါကျမှာ၊ ပရိဟာရာဘောဂ။

**ပုံစံ-၁**

**ဟောတီတိ** အဟောသိ၊ အတီတကာလတ္ထေ ဟေတ္ထ ဟောတိ သဒ္ဒေါ။ (သီဋ္ဌ၊ ၃၆)

၁။ နနု ဟောတီတိ (ပစ္စုပ္ပန္နကာလဝသေန) ပါဠိယံ ဝုတ္တံ။ (စော-ဘော) (တသ္မာ အဟောသီတိ (အတီတကာလဝသေန) သံဝဏ္ဏနာ န ကာတဗ္ဗာ။) (စော-ဖလ)

၂။ အထ ကသ္မာ အဟောသီတိ (အတီတကာလဝသေန) သံဝဏ္ဏနာ ကတာ။ (စော)

၃။ အတီတကာလတ္ထတ္တာ ဧတ္ထ ဟောတိသဒ္ဒဿ။ (ပရိ-ဘော)

၄။ အဟောသီတိ (အတီတကာလဝသေန) သံဝဏ္ဏနာ ကတာ။ (ပရိ)

**ပုံစံ-၂**

ပန္နဘာရာတိ ပတိတပဋက္ခန္ဓာ၊ "ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ"တိ ဟိ ဝုတ္တံ။

၁။ နနု ပန္နဘာရာတိ (ဘာရသဒ္ဒေန) ပါဠိယံ ဝုတ္တံ။ (စော-ဘော) (တသ္မာ ပတိတပဉ္စက္ခန္ဓာတိ ခန္ဓသဒ္ဒေန န သံဝဏ္ဏေတဗ္ဗံ။) (စော-ဖလ)

၂။ အထ ကသ္မာ ပတိတပဉ္စက္ခန္ဓာတိ (ခန္ဓသဒ္ဒေန) သံဝဏ္ဏိတာ။ (စော)

၃။ ယသ္မာ ဘာရာ ဟဝေ ပဉ္စက္ခန္ဓာတိ ဝုတ္တံ၊ တသ္မာ။ (ပရိ-ဘော)

၄။ ပတိတပဉ္စက္ခန္ဓာတိ (ခန္ဓသဒ္ဒေန) သံဝဏ္ဏိတံ။ (ပရိ)

မှတ်ချက်။ ။အထက်ပါ ပုံစံနှစ်ခုသည် သံဝဏ္ဏနာဒွိကရဏဝါကျများတည်း၊ ၎င်းအပြင် စကားပြေ ဒွိကရဏဝါကျ၌လည်း စတုက္ကထုတ်ကောင်းသည်ပင်။ ယင်းဝါကျမျိုး၌ ဒွိယဝါကျကို "စောဒကာဘောဂ, စောဒနာ, ပရိဟာရ" သင့်သလို လုပ်ပါ။ ဒွိကရဏဝါကျကို "ပရိဟာရာဘောဂ"လုပ်ပါ။

**ပုံစံ-၃**

ဇရာယ ဒန္တာဒီနံ ခဏ္ဍိစ္စာဒိဝသေန ဂတမဂ္ဂေါ ပါကဋော၊ စက္ခုံဉ္စမ္မိလေတ္ဝာပိ ဂယှတိ၊ န စ ခဏ္ဍိစ္စာဒီနေဝ ဇရာ။ န ဟိ ဇရာ စက္ခုဝိညေယျာ ဟောတိ။ (မဟာဋ္ဌ၊ ၃၈၇)

http://www.dhammadownload.com



၁။ နနု ဇရာယ ခဏ္ဍိစ္စာဒိဝသေန ဂတမဂ္ဂေါ ပါကဋော၊ စက္ခုံ ဥမ္မိလေတွာပိ ဂယှတိ။ (စော–သော)

(တသ္မာ ခဏ္ဍိစ္စာဒိဟော ဇရာယ ဘဝိတဗ္ဗံ။) (စော–ဖလ)

၂။ အထ ကသ္မာ န ခဏ္ဍိစ္စာဒီနေဝ ဇရာ။ (စော)

၃။ ယသ္မာ န စ ဇရာ စက္ခုဝိညေယျာ ဟောတိ၊ တသ္မာ။ (ပရိ–သော)

၄။ န ခဏ္ဍိစ္စာဒီနေဝ ဇရာ။ (ပရိ)

---

အမှတ်–၇၊ အတ္တုဒ္ဓါရ အတ္တုဒ္ဒေသဝါကျ စတုက္ကထုတ်ပုံ

၁။ အတ္တုဒ္ဓါရာ၊ ဝါကျမှာ၊ စောဒကာသောဂ။

၂။ အတ္တုဒ္ဒေသာ၊ စောဒနာ၊ ပရိဟာရလည်းရ။

၃။ ထုတ်ပြဋီကာ၊ ဟိတ်ပါဌ်မှာ၊ ပရိဟာရာသောဂ။

ပုံစံ–၁

အနန္တရာသဒ္ဒေါ ကာရဏာခဏစိတ္တဝေမဇ္ဈဝိဝရာဒိသု ဒိဿတိ၊ သွာယမိဓ ဝိဝရေ ဝတ္တတိ။ (သီဋ္ဌ၊ ၃၅)

၁။ နနု အနန္တရာသဒ္ဒေါ ကာရဏာခဏစိတ္တဝေမဇ္ဈဝိဝရာဒိသု ဒိဿတိ။ (စော–သော)

(တသ္မာ တေန ဣဓ ဝိဝရေယေဝ န ဘဝိတဗ္ဗံ။) (စော–ဖလ)

၂။ အထ ကသ္မာ သွာယမိဓ ဝိဝရေယေဝ ဝတ္တတိ။ (စော)

၃။ တဒညေသံ အတ္တာနံ အသမ္ဘဝတော။ (ပရိ–သော)

၄။ သွာယမိဓ ဝိဝရေယေဝ ဝတ္တတိ။ (ပရိ)

ပုံစံ–၂

ဓမ္မသဒ္ဒေါ ဂုဏေ ဒေသနာယံ ပရိယတ္တိယံ နိဿတ္တေတိ ဧဝမာဒီသု ဝတ္တတိ။ ဣဓ ပန ဂုဏေ ဝတ္တတိ။ (သီဋ္ဌ၊ ၉၂)

၁။ နနု ဓမ္မသဒ္ဒေါ ဂုဏေ ဒေသနာယံ ပရိယတ္တိယံ နိဿတ္တေတိ ဧဝမာဒီသု ဝတ္တတိ။ (စော–သော)

(တသ္မာ ဣဓ ဂုဏေ န ဝတ္တိတဗ္ဗံ။) (စော–ဖလ)

၂။ အထ ကသ္မာ ဣဓ ဂုဏေ ဝတ္တတိ။ (စော)

၃။ တဒညေသံ အတ္တာနံ အသမ္ဘဝတော။ (ပရိ–သော)

၄။ ဣဓ ဂုဏေ ဝတ္တတိ။ (ပရိ)

---

http://www.dhammadownload.com



**အမှတ်–၈၊ အတ္တုဒ္ဒေသ, အတ္တုဒ္ဒါရ, အတ္တုဒ္ဒေသဝါကျ စတုက္ကထုတ်ပုံ**

၁။ အတ္တုဒ္ဒါရာ၊ ဝါကျမှာ၊ စောဒကာဘောဂ။

၂။ အတ္တုဒ္ဒေသာ၊ ပထမာ၊ စောဒနာပရိဟာရ။

၃။ အတ္တုဒ္ဒေသာ၊ ဒုတိယာ၊ ပရိဟာရာဘောဂ။

**ပုံစံ–၁**

အဘိနန္ဒန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ။ အယဥ္စ အဘိနန္ဒသဒ္ဒေါ တဏှာယမ္ပိ အာဂတော, ဥပဂမနေပိ, သမ္ပဋိစ္ဆနေပိ, အနုမောဒနေပိ။ သွာယမိဓ အနုမောဒနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ။ (သီဋ္ဌ၊ ၁၁၉)

၁။ နနု အယံ အဘိနန္ဒသဒ္ဒေါ တဏှာယမ္ပိ အာဂတော ။ ပ ။ အနုမောဒနေပိ။ (စော–ဘော)

(တသ္မာ အဘိနန္ဒန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စာတိ န သံဝဏ္ဏေတဗ္ဗံ။) (စော–ဖလ)

၂။ အထ ကသ္မာ အဘိနန္ဒန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စာတိ ဝဏ္ဏိတံ။ (စော)

၃။ ယသ္မာ သွာယံ ဣဓ အနုမောဒနသမ္ပဋိစ္ဆနေသု ယုဇ္ဇတိ၊ တသ္မာ ။(ပရိ–ဘော)

၄။ အဘိနန္ဒန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စာတိ ဝဏ္ဏိတံ။ (ပရိ)

**ပုံစံ–၂**

မူလန္တိ သမီပံ။ အယဥ္စ မူလသဒ္ဒေါ မူလမူလေ အသာဓာရဏဟေတုမှိ သမီပေ စ ဒိဿတိ။ ဣဓ ပန သမီပေ အဓိပ္ပေတော။ (ပါရာ–ဋ္ဌ၊ ၈၁)

၁။ နနု မူလသဒ္ဒေါ မူလမူလေ အသာဓာရဏဟေတုမှိ သမီပေ စ ဒိဿတိ။ (စော–ဘော)

(တသ္မာ မူလန္တိ သမီပန္တိ သံဝဏ္ဏနာ န ကာတဗ္ဗာ။) (စော–ဖလ)

၂။ အထ ကသ္မာ မူလန္တိ သမီပန္တိ သံဝဏ္ဏနာ ကတာ။ (စော)

၃။ ယသ္မာ ဣဓ သမီပေ အဓိပ္ပေတော။ (ပရိ–ဘော)

၄။ တသ္မာ မူလန္တိ သမီပန္တိ သံဝဏ္ဏနာ ကတာ။ (ပရိ)

**မှတ်ချက်။** ။အတ္တုဒ္ဒါရဝါကျ နှစ်မျိုးရှိရာတွင် အမှတ်–၇ ဝါကျမျိုးသာ များသည်၊ အမှတ်–၈ ဝါကျမျိုးကား ရှားလှသည်။ အမှတ်–၇ ဝါကျမျိုး၌ ဋီကာ၏ အကြောင်းပြသည် ပရိဟာရာဘောဂ အမြဲဖြစ်ရသည်။ အမှတ်–၈ ဝါကျမျိုး၌ကား ဋီကာ၏ အကူအညီ မလိုတော့ပြီ။ အမှတ်–၈ ဝါကျမျိုး၌ ပထမ အတ္တုဒ္ဒေသဝါကျကို ဖြုတ်၍ မေးထားလျှင် အမှတ်–၇ ဝါကျ အသွားအလာ အတိုင်း ဖြေဆိုရမည်ကိုလည်း သတိပြုထားပါ။

http://www.dhammadownload.com



## မြန်မာလိုစတုက္ကထုတ်ခြင်း

စတုက္ကထုတ်ခြင်းဟူသည် အဆန်းအပြားမဟုတ်၊ စကား တစ်ရပ်နှင့် ပတ်သက်၍ စောဒကနှင့် ပရိဟာရတို့ ငြင်းခုံနေခြင်းပင် ဖြစ်၏။ ထိုငြင်းခုံခြင်းသည် မြန်မာစကား၌လည်း ရှိသည်ပင် ဖြစ်သောကြောင့် မြန်မာစကား၌လည်း စတုက္က ထုတ်ကောင်းသည်ပင်။ "မောင်ဘဟာ ရုပ်တော့ မလှဘူး၊ ဒါပေမယ့် စိတ်ကောင်း ရှိသောကြောင့် ပေါင်းသင်းထိုက်သည်"ဟူသော မြန်မာစကား၌ စတုက္ကထုတ် ကြည့်လျှင် အောက်ပါအတိုင်း ဖြစ်လိမ့်မည်။

၁။ မောင်ဘဟာ ရုပ်မလှဘူး မဟုတ်လား။ (စောဒက၏ အကြောင်းပြ)
(ဒါ့ကြောင့် မပေါင်းသင်းထိုက်ဘူး။ စောဒက အကြောင်းပြ၏ အကျိုး)
၂။ သို့ပါလျက် အဘယ့်ကြောင့် ပေါင်းသင်းထိုက်ပါသလဲ။ (စောဒနာချက်)
၃။ စိတ်ကောင်း ရှိသောကြောင့်။ (ပရိဟာရဆရာ၏ အကြောင်းပြ)
၄။ ပေါင်းသင်းထိုက်ပါတယ်။ (ဆုံးဖြတ်ချက်)

ဤပုံစံကို သေချာစွာ စဉ်းစားလျှင် စောဒကနှင့် ပရိဟာရဆရာတို့ မောင်ဘနှင့် ပေါင်းသင့်/မပေါင်းသင့် ငြင်းခုံနေကြသည်ကိုလည်းကောင်း၊ ထိုသို့ ငြင်းခုံနေကြရာ၌ စောဒကဆရာကလည်း အကြောင်းပြ၍ ပရိဟာရဆရာကလည်း အကြောင်းပြထားသည်ကိုလည်းကောင်း၊ ပေါင်းသင့်/မပေါင်းသင့် ဆန့်ကျင်ဘက် ဖြစ်နေသကဲ့သို့ အကြောင်းပြအချင်းချင်းလည်း ဆန့်ကျင်ဘက် ဖြစ်နေသည်ကို လည်းကောင်း တွေ့မြင်ရလိမ့်မည်။ ပါဠိအရာ၌လည်း ဤအချက်ကို သဘော ပေါက်၍ မြန်မာစကား အသွားအလာကျအောင် ထုတ်နိုင်လျှင် စတုက္က မမှား နိုင်ပါ။

**သတိပြုရန်။** ။ရံခါ စကားနှစ်ရပ်တို့သည် သူကစောဒကာဘောဂ လုပ် မည်၊ ငါက စောဒကာဘောဂလုပ်မည်–ဟု ငြင်းခုံနေသကဲ့သို့ ဖြစ်နေတတ်သေး ၏၊ ထိုအခါမျိုး၌ စစ်မှန် ခိုင်မာသော စကားရပ်ကို စောဒကာဘောဂ လုပ်ရ မည်–ဟုမှတ်။ အောက်ပါ ပုံစံကို သေချာစွာ ကြည့်ပါ။ ၄င်းဝါကျ၌ စတုက္က နှစ်မျိုး ထုတ်ပြပါမည်။

**ပုံစံ။** ။ဧတ္တာဝတာ စေသ ရူပဇ္ဈာနလာဘီယေဝ န အရူပဇ္ဈာနလာဘီတိ န ဝေဒိတဗ္ဗော။ န ဟိ အဋ္ဌသု သမာပတ္တီသု စုဒ္ဒသဟာကာရေဟိ စိတ္တဏ္ဏဝသိဘာဝံ ဝိနာ ဥပရိ အဘိညာဓိဂမော ဟောတိ။ ပါဠိယံ ပန ရူပဇ္ဈာနာနိယေဝ အာဂတာနိ။ (သီဋ္ဌ၊ ၁၉၆)

http://www.dhammadownload.com



၁။ နနု ပါဠိယံ ရူပဗျာနာနိယေဝ အာဂတာနိ။ (စော–ဘော)
(တသ္မာ သေ ရူပဗျာနလာဘိယေဝ န အရူပဗျာနလာဘိတိ ဝေဒိ–တဗ္ဗော။) (စော–ဖလ)

၂။ အထ ကသ္မာ ရူပဗျာနလာဘိယေဝ န အရူပဗျာနလာဘိတိ န ဝေဒိ–တဗ္ဗော။ (စော)

၃။ ယသ္မာ န အဋ္ဌသု သမာပတ္တိသု ။ ပ ။ အဘိညာဓိဂမော ဟောတိ၊ တသ္မာ။ (ပရိ–ဘော)

၄။ ရူပဗျာနလာဘိယေဝ န အရူပဗျာနလာဘိတိ န ဝေဒိတဗ္ဗော။ (ပရိ)

**တစ်နည်းထုတ်လိုသော်–**

၁။ နနု ဇွေဘာဝတာ သေ ။ ပ ။ န ဝေဒိတဗ္ဗော။ (စော–ဘော)
(တသ္မာ ပါဠိယံ ရူပဗျာနေဟိယေဝ န အာဂန္တဗ္ဗံ။) (စော–ဖလ)

၂။ အထ ကသ္မာ ပါဠိယံ ရူပဗျာနာနိယေဝ အာဂတာနိ။ (စော)

၃။ သာဝသေသပါဌဘာဝတော။ (ပရိ–ဘော)

၄။ ရူပဗျာနာနိယေဝ အာဂတာနိ။ (ပရိ)

မှတ်ချက်။ ။ဤစတုက္ကနှစ်ချက်လုံး အမှန်ချည်းကဲ့သို့ ထင်ရ၏၊ သို့ရာတွင် ပထမနည်းသာ မှန်၍ ဒုတိယနည်းသည် မမှန်ချေ၊ အကြောင်းကား–ပါဠိတော်၌ "ရူပဈာန်သို့သာ လားခြင်း"ဟူသောစကားနှင့် ရူပဈာန်သာ ရသူဖြစ်၏။ အရူပဈာန်ရသူ မဟုတ်ဟု မမှတ်သင့်–ဟူသော စကားနှစ်ရပ်ကို နှိုင်းယှဉ်ကြည့်လျှင် ပထမစကားသည် ပင်ရင်းဖြစ်၍ စစ်မှန်နိုင်မာသော စကား ဖြစ်ပြီး၊ (ဝါ) နီတတ္ထစကားဖြစ်ပြီး ဒုတိယစကားမှာ နေယျတ္ထစကား ဖြစ်သောကြောင့်တည်း။ ဤသို့လျှင် စောဒကာဘောဂဖြစ်နိုင်သော စကားနှစ်ရပ် ပြိုင်၍နေရာ၌ အစစ်အမှန် ဖြစ်သော စကားရပ်ကိုသာ စောဒကာဘောဂလုပ်ရမည်–ဟူသော အချက်ကို စွဲ၍ နေပါစေ။

ဓဓဓဓဓ

၃–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၄–နံပါတ် စည်းမျဉ်း

ဝိဂ္ဂဟနှင့် ဝစနစသော ၆–ပါးအခွဲကို မေးခြင်း။

**အမှာ။** ။ ဝိဂ္ဂဟပြုပုံကို ပါရာဇိကဏ် ၄–နံပါတ်အတိုင်း သိပါ။

**ဝစနာဒိဆက္ကခွဲနည်း**

(၁) နိပ္ဖန္နကို၊ ဝစနဆိုလော့။ (၂) ဝိဂ္ဂြိုဟ်ဝါကျ၊ ဝစနတ္ထတည်း။ (၃) ထိုမှဟေတု၊ မှတ်ရှုသကတ်။ (၄) နိပါတ်ဉာတိ၊ ဇောတကသိလေ။ (၅) ဒြပ်တွေမှာ၊ မှတ်လေ ဝစနီယ။ (၆) ဝေဝစနကို၊ ဝစနီယတ္ထဆိုသည်၊ ဝိဂ္ဂြိုဟ်တွေ့တိုင်း ခွဲနည်းတည်း။

**အစိပ္ပါယ်**

၁။ ပုဒ်ပြီးနိပ္ဖန္နသည် "ဝစန"မည်၏။

၂။ နိပ္ဖန္န၏ အနက်ဖြစ်သော ဝိဂ္ဂြိုဟ်ဝါကျသည် "ဝစနတ္ထ"မည်၏။

၃။ ကိတ်အရာ၌ နိပ္ဖန္န၏အကြောင်းဖြစ်သော သကတ္ထကြိယာသည် "ဝစနဟေတု"မည်၏။ သမာသ်,တဒ္ဓိတ်အရာ၌ အစပ်သမ္ဗန်သည် "ဝစနဟေတု" မည်၏။

၄။ သကတ္ထကြိယာကို ထွန်းပြတတ်သော ဉာတိသဒ္ဒါစုသည် "ဝစနဟေတု ဇောတက"မည်၏။

၅။ ပစ္စည်းသည် ဟောအပ်သော ဒြပ်အနက်သည် "ဝစနီယ"မည်၏။

၆။ ဝစနီယ၏ အနက်ဖြစ်သော ပရိယာယ်သဒ္ဒါစုသည် "ဝစနီယတ္ထ" မည်၏။

**မှတ်ချက်။** ။ဘာဝသာဓနဝိဂ္ဂဟ၌ ဝစနဟေတုဇောတက မရကောင်း–ဟု မှတ်ပါ။

**သမာသ်ပုံစံ။** ။မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။

၁။ မဟာပုရိသော–ဟူသော နိပ္ဖန္နပုဒ်သည် "ဝစန"မည်၏။

၂။ မဟန္တော စ သော ပုရိသော စ–ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် "ဝစနတ္ထ" မည်၏။

၃။ မြတ်သောဂုဏ်နှင့် ယောကျ်ားဒြပ်၏ ဂုဏ်+ဂုဏီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် "ဝစနဟေတု"မည်၏။

၄။ ဉာတိ–သဒ္ဒါသည် "ဝစနဟေတုဇောတက"မည်၏။

၅။ မြတ်သောယောကျ်ားဒြပ်သည် "ဝစနီယ"မည်၏။

၆။ ဥတ္တမပုရိသော–စသော ပရိယာယ်သဒ္ဒါစုသည် "ဝစနီယတ္ထ"မည်၏။

http://www.dhammadownload.com



**တဒ္ဓိတ်ပုံစံ။** ။သဒ္ဓါ အဿ အတ္ထီတိ သဒ္ဓေါ။

၁။ သဒ္ဓါ-ဟူသော နိပ္ဖန္နပုဒ်သည် "ဝစန"မည်၏။

၂။ သဒ္ဓါ အဿ အတ္ထိ-ဟူသော ဝိဂ္ဂဟ်ဝါကျသည် "ဝစနတ္ထ"မည်၏။

၃။ သဒ္ဓါနှင့်ပုဂ္ဂိုလ်၏ ဌာနီ+ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် "ဝစနဟေတု"မည်၏။

၄။ ဉာတိသဒ္ဒါသည် "ဝစနဟေတုဇောတက"မည်၏။

၅။ သဒ္ဓါစေတသိက်ဒြပ်သည် "ဝစနီယ"မည်၏။

၆။ ပသာဒေါ၊ သဒ္ဒဟနာ-စသော ပရိယာယ်သဒ္ဒါစုသည် "ဝစနီယတ္ထ"မည်၏။

**ကိတ်ပုံစံ။** ။ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

၁။ ဗုဒ္ဓေါ-ဟူသော နိပ္ဖန္နသည် "ဝစန"မည်၏။

၂။ ဗုဇ္ဈတိ-ဟူသော ဝိဂ္ဂဟ်ဝါကျသည် "ဝစနတ္ထ"မည်၏။

၃။ သိခြင်းကြိယာသကတ်သည်၊ ဝါ-သိခြင်းငှာ စွမ်းဆောင်နိုင်သော ကတ္တား၏ သတ္တိသည် "ဝစနဟေတု"မည်၏။

၄။ ဉာတိသဒ္ဒါသည် "ဝစနဟေတုဇောတက"မည်၏။

၅။ ဘုရားဟူသော အနက်ဒြပ်သည် "ဝစနီယ"မည်၏။

၆။ တထာဂတော-စသော ပရိယာယ်သဒ္ဒါစုသည် "ဝစနီယတ္ထ"မည်၏။

**မှတ်ချက်။** ။ကမ္မသာဓနစသည်တို့၌ ကမ္မဋ္ဌကြိယာကို ဝစနဟေတု ထုတ်ပါ။

ဓဓဓဓဓ

၄-နံပါတ်၊ စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၅-နံပါတ် စည်းမျဉ်း

ဟိတ်၏သမ္ဗန် ထားနည်းနှင့်တကွ တ္တ, တာ-သမ္ဗန်တို့၏ ကံ, ကတ္တား, သမ္ဗန်-အနက်သုံးတန်ဖြစ်ရာ၌ စာစပ်နည်းကိုလည်းကောင်း၊ ဘာဝသမ္ဗန်ပုဒ်၌ ရထိုက်သော ပစ္စယတ္ထကိုလည်းကောင်း မေးခြင်း။

**သမ္ဗန်ထားနည်း။** ။ဟိတ်ဆိုက်လေရာ၊ ကြိယာ၏၊ ပကတိမှန်၊ ကတ္တား ကံ၊ ဟိတ်၏သမ္ဗန်ခံမြဲ။

**အဓိပ္ပါယ်။** ။ဟိတ်ပုဒ်၏ စပ်ရာဖြစ်သော ကြိယာ၏ ပကတိကတ္တား၊ သို့မဟုတ် ပကတိကံကို ဟိတ်၏သမ္ဗန်ခံရမည်။ ဤအချက်ကို နားလည်ရန် အောက်ပါ ပုံစံများကို လေ့လာကြည့်ရှုပါ။

http://www.dhammadownload.com



(က) သာမိကော ဆာတတ္တာ ပူဝံ ခါဒတိ=လင်သည် ဆာသောကြောင့် မုန့်ကို စား၏။

(ခ) သာမိကဿ ဆာတတ္တာ ဘရိယာ ပူဝံ ပစတိ=လင်သည် ဆာသောကြောင့် မယားသည် မုန့်ကို ကြော်၏။

ဆာတတ္တာ–ဟူသော ပုဒ်ကို ဟိတ်ပုဒ်–ဟုခေါ်၏၊ ထိုဆာတတ္တာ–ဟူသော ပုဒ်၌ပါသော ဆာတ–ဟူသောပုဒ်ကို ဘာဝသမ္ဗန်ဟူ၍လည်းကောင်း၊ ဘာဝရှေ့ပုဒ်ဟူ၍လည်းကောင်း၊ ဘာဝယုဂ်ဟူ၍လည်းကောင်း ခေါ်ဝေါ်ရ၏။

က–ပုံစံသည် ထိုဘာဝရှေ့ပုဒ်နှင့် ခါဒတိ–ဟူသော ပဓာနကြိယာတို့ အရတူသော ပုံစံဖြစ်၏။ ဆာတာလည်း လင်, စားတာလည်း လင်ပင်ဖြစ်၏။ ခ–ပုံစံသည် ထိုဘာဝရှေ့ပုဒ်နှင့် ပစတိ–ဟူသော ပဓာနကြိယာတို့ အရမတူသော ပုံစံ ဖြစ်၏၊ ဆာတာက လင်၊ ကြော်တာက မယားဖြစ်၏။

တ္တပစ္စည်း, တာပစ္စည်း, ဘာဝပုဒ်–တို့ဖြင့် ရေးသားအပ်သော ဟိတ်ပုဒ်သည် အမြဲသမ္ဗန်ကို ငဲ့မျှော်လျက်ရှိ၏၊ ထို့ကြောင့် ယင်းတို့၏ သမ္ဗန်ကို အမြဲတမ်း ထည့်သွင်းပေးရ၏။ ထိုသို့ပေးရာ၌ ဘာဝရှေ့ပုဒ်နှင့် ပဓာနကြိယာတို့ အရမတူကြရာ၌ အထက်ပါ ဆောင်ပုဒ်နှင့် မသက်ဆိုင်၊ သီးသန့်သမ္ဗန်ခံလျက်သား ပါရှိပြီး ဖြစ်သည်။ ဘာဝရှေ့ပုဒ်နှင့် ပဓာနကြိယာတို့ အရတူရာ၌ကား ဟိတ်၏ သမ္ဗန်ကို သီးသန့်ထုတ်ပြမထား၊ ထိုသို့ တိုက်ရိုက်မပါရှိရာ၌ ဟိတ်ပုဒ်၏ သမ္ဗန်ကို ခံလိုလျှင် ဟိတ်ပုဒ်စပ်ရာ ပဓာနဖြစ်သောကြိယာ၏ ပကတိဖြစ်သော ကတ္တား, သို့မဟုတ် ကံပုဒ်ကို သမ္ဗန်ခံရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဤပထမပုံစံ၌ ဆာတတ္တာ–ဟူသော ဟိတ်ပုဒ်၏ စပ်ရာကား ခါဒတိဖြစ်သည်၊ ယင်းခါဒတိ–၏ ပကတိကတ္တားမှာ သာမိကော–ဖြစ်သည်။ ထို့ကြောင့် ဆာတတ္တာ–ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို ခံလိုလျှင် သာမိကော–ဟူသော ပကတိကတ္တားကိုပင် သာမိကဿ–ဟု ဆဋ္ဌီဝိဘတ်ဖြင့် ပြင်လိုက်လျှင် သမ္ဗန်ဖြစ်နေတော့သည်၊ ထိုသမ္ဗန်ကို "တ္တသမ္ဗန်, တာသမ္ဗန်"ဟု ခေါ်ရသည်။

အချို့ကား ဟိတ်ဆိုင်ကလေရာ ကြိယာ၏–စသော ဆောင်ပုဒ်ကို တသမတ်တည်း အတည်တကျယူ၍ ဘာဝရှေ့ပုဒ်နှင့် ပဓာနကြိယာတို့ အရမတူသော အရာ၌လည်း ပဓာနကြိယာ၏ ပကတိကတ္တား၊ ပကတိကံကိုပင် တ္တ, တာသမ္ဗန် ခံကြ၏၊ အမှားစင်စစ်သာတည်း။ ထို့ကြောင့် မိမိ ခံလိုက်သောသမ္ဗန် မှန်/မမှန် သိလိုပါက ဘာဝရှေ့ပုဒ်နှင့် ခံလိုက်သော တ္တ, တာသမ္ဗန်တို့၏ အရကောက်ကို ယှဉ်ကြည့်ပါ။ အရ မတူလျှင် မှားသည်၊ အရတူလျှင် မှန်သည်–ဟု တထစ်ချ မှတ်ပါလေ။ ဤနည်းထက် ကောင်းသော ချိန်ကိုက်နည်း မရှိနိုင်တော့ပြီ။

http://www.dhammadownload.com



**စာစပ်နည်း**

၁။ ပြင်သည့်သမ္ဗန်၊ တာသမ္ဗန်၊ ခေါ်ရန် မှတ်လေကြ။
၂။ ဘာ၀သမ္ဗန်၊ ကတ်-ဖြစ်ဟန်၊ သမ္ဗန် ကတ်ပေးလေ။
၃။ ဘာ၀သမ္ဗန်၊ ကံဖြစ်ဟန်၊ သမ္ဗန် ကံပေးလေ။
၄။ တ္တ တာသမ္ဗန်၊ ဤနှစ်တန်ကို၊ ကံနှင့်ကတ္တား၊ နက်ပြန်ငြားက၊ တုလျ-လိင်၊ သဘာ၀ကြောင့်၊ ဘာ၀ယောဂ၊ သမ္ဗန္ဓ၊ စပ်ရ ဝါစ်-ဝါပေ။
၅။ ၏ပေးဘိက၊ သတ္တိမန္တ၊ စွန့်ပစ်ချ၍၊ အရသတ္တိ၊ ဇာတိပဋ္ဌာ၊ ထိုက်စွာယူရ၊ သဘာ၀ကြောင့်၊ တ္တ, တာဒ္ဓိသာ၊ စပ်ရပါ၊ မြဲစွာ မှတ်ကြလေ။
၆။ တ္တ, တာရှေ့က၊ ပုဒ်ပဒ၊ ဘာ၀ သမ္ဗန်ပေ။

**အဓိပ္ပါယ်။** ။သမ္ဗန်ခံနည်း စည်းကမ်းအရ ပြင်၍ခံလိုက်သော သမ္ဗန်ကို တ္တ, တာသမ္ဗန်ဟူ၍လည်းကောင်း၊ လာသမ္ဗန်ဟူ၍လည်းကောင်း၊ ဟေတုသမ္ဗန်ဟူ၍ လည်းကောင်း ခေါ်ရသည်။ တ္တပစ္စည်း, တာပစ္စည်း, ဘာ၀ပုဒ်တို့၏ ရှေ့က ကပ်လျက်နေသော ပုဒ်ကို ဘာ၀သမ္ဗန်ဟူလည်းကောင်း၊ ဘာ၀ရှေ့ပုဒ်ဟူ၍လည်း ကောင်း၊ ဘာ၀ယုဂ်ဟူ၍လည်းကောင်း ခေါ်ရသည်။ သာမိကော ဆာတတ္တာ ပူဝံ ခါဒတိ-၌ ပြင်၍ယူလိုက်သော သာမိကဿ-ဟူသောပုဒ်ကို တ္တသမ္ဗန်-ဟု ခေါ်၍ ဆာတ-ဟူသောပုဒ်ကို ဘာ၀သမ္ဗန်-ဟု ခေါ်ရကြောင်း သိပါ။

ထိုအသစ်ပြင်ယူ၍ ခံလိုက်သော သာမိကဿ-ဟူသော ပုဒ်ကို လင်၏ (ဝါ) လင်သည် ဟူ၍လည်းကောင်း၊ လင်၏ (ဝါ) လင်ကိုဟူ၍လည်းကောင်း အနက်ပေးနိုင်ရာ "၏+သည်"ပေးရမည်လော၊ "၏+ကို"ပေးရမည်လောဟု သိလိုလျှင် ဘာ၀သမ္ဗန်ကို လှမ်းမျှော်၍ ကြည့်လိုက်ရသည်။ ဘာ၀သမ္ဗန်က ကတ္တုသာဓန ကိတ်ပုဒ်ဖြစ်လျှင် ၏+သည်ပေးပါ။ ဘာ၀သမ္ဗန်က ကမ္မသာဓန ဖြစ်နေလျှင် ၏+ကိုပေးပါ။

တ္တ, တာသမ္ဗန်ကို "သည်+ကို"ပေးလျှင် ဘာ၀သမ္ဗန်၌ တုလျ+လိင်၊ သို့ မဟုတ် ဝါစ္စ+ဝါစက စပ်ရမည်။ တ္တ, တာသမ္ဗန်ကို "၏"ဟုပေးလျှင် ဟိတ်ပုဒ်၌ ပါဝင်သော တ္တ, တာ-တို့၌ "သတ္တိမန္တ+သတ္တိ" စပ်ရမည်-ဟု မှတ်ပါ။

ဟိတ်ပုဒ်ကို တ္တ, တာပစ္စည်းတို့ဖြင့် မရေးဘဲ ဝိနယနတော-စသည်ဖြင့် တောပစ္စည်းဖြင့် ရေးရာ၌ကား "၏"ဟူသော အနက်အတွက် စပ်စရာ တိုက်ရိုက်မရှိ။ ထို အခါမျိုး၌ ထိုဟိတ်ပုဒ်မျိုးကို "ဘာ၀ပဓာန, ဘာ၀လောပ"ဟု ခေါ်ဝေါ် သုံး နှုန်း၍ "၏"အနက်ကို ကျေလေပြီးသော ဘာ၀သဒ္ဒါ၌ စပ်ရသည်ဟု မှတ်ပါ။

http://www.dhammadownload.com



## သမ္ဗန်အတွက် ဇယားကွက်

| | |
|---|---|
| သာမိကဿ | ဆာတတ္ထာ |
| တ္တ, တာသမ္ဗန် | ဘာဝသမ္ဗန် |
| ဟေတုသမ္ဗန် | ဘာဝရှေ့ပုဒ် |
| လာသမ္ဗန် | ဘာဝယုဂ် |

## ပစ္စယတ္ထ၊ ဝါစ္စတ္ထခွဲနည်း

တဒ္ဓိတ်–ကိတတ်၊ ပစ္စယတ်၊ ဝါစ္စတ်–သမာသ်ပေ။

**အဓိပ္ပါယ်။** ။ဘာဝသမ္ဗန်ပုဒ်က တဒ္ဓိတ်ပုဒ်သော်လည်းကောင်း၊ ကိတ်ပုဒ်သော်လည်းကောင်း ဖြစ်လျှင် ပစ္စယတ္ထကို မေးလိမ့်မည်၊ တဒ္ဓိတ်၌ အဿတ္ထိစသည်ကို ဖြေ၍၊ ကိတ်၌ ကတ္တုသာဓနစသည်ကို ဖြေရမည်။ သမာသ်ပုဒ်ဖြစ်မူကား ပစ္စယတ္ထကို မမေးဘဲ ဝါစ္စတ္ထကို မေးလိမ့်မည်၊ ထိုအခါ ဘာဝသမ္ဗန်က ဗဟုဗ္ဗီဟိ ဖြစ်လျှင် "အညပဒတ္ထ"ဟုလည်းကောင်း၊ ဒိဂု, တပ္ပုရိသ်, ကမ္မဓာရဲ ဖြစ်က "ဥတ္တရပဒတ္ထ"ဟုလည်းကောင်း၊ အဗျယီဘောဖြစ်က "ပုဗ္ဗပဒတ္ထ"ဟုလည်းကောင်း၊ ဒွန်ဖြစ်က "ဥဘယပဒတ္ထ"ဟုလည်းကောင်း ဖြေဆိုရမည်၊ ဤကား အာစရိယဝါဒတည်း။

ဗဟိုအလိုအားဖြင့်ကား ဝါစ္စတ္ထဟူ၍ မရှိ၊ ပစ္စယတ္ထချည်းသာ ရှိသည်၊ ထို့ကြောင့် သမာသ်ပုဒ်၌လည်း ပစ္စယတ္ထကိုပင် မေးလိမ့်မည်၊ ထိုအခါ ဘာဝသမ္ဗန်၌ပါသော နောက်ကနေသော ပုဒ်၏ ပစ္စယတ္ထကို ဖြေပါ။ ဥပမာ–ဝတ္ထုပဋိစ္ဆန္နတ္တာ၌ ဘာဝသမ္ဗန်ပုဒ်သည် သမာသ်ပုဒ်ဖြစ်သော်လည်း ပဋိစ္ဆန္နဟူသော နောက်နေပုဒ်က ကမ္မသာဓနကိတ်ပုဒ် ဖြစ်သောကြောင့် "ဘာဝသမ္ဗန်၏ ပစ္စယတ္ထကား ကမ္မဋ္ဌ ဖြစ်ပါသည်"ဟု ဖြေဆိုရမည်။

တစ်နည်းအားဖြင့် သမာသ်, တဒ္ဓိတ်, ကိတ်–သုံးပါးလုံးမှာပင် အဘိဓေယျ (ဝါ) အရကောက်ကိုလည်း မေးတတ်သေး၏။ ထိုအခါ တ္တ, တာသမ္ဗန်သည် အဘိဓေယျ ဖြစ်သောကြောင့် ထို တ္တ,တာ–သမ္ဗန်၏ အနက်ဖြစ်သော ဒြပ်ကိုပင် ဖြေဆိုရမည်။

**မှတ်ဖွယ်များ–**

၁။ ရှေ့ပုဒ် ကတ္တား၊ ပြန်ခဲ့ ဥြားက၊ ဘာဝသမ္ဗန်၊ ကတ္တုကြံကြ၊ ကံပြန်က၊ ကမ္မသာဓနပေ။

၂။ ဗဟုဗ္ဗီဟိ၊ အဿတ္ထိ၊ တူဘိ ကတ္တုနေ။

၃။ လိင်–ဝုစ်အရ၊ ထားလိုကြပြန်၊ တာသမ္ဗန်နှင့်၊ အမှန်တူစေ၊ ထားကြလေ။

http://www.dhammadownload.com



၄။ သမ္ဗန်ငဲ့ထ၊ ပဒနောက်တွင်၊ ဘာဝဝင်သော်၊ ထို့ပြင် အလွတ်၊ မချွတ်သမ္ဗန်၊ အမှန်မသွေ ရမြဲပေ။

**အဓိပ္ပါယ်။** ။တ္တ, တာသမ္ဗန်ကို "သည်"ဟု ကတ္တားအနက် ပြန်ရလျှင် ဘာဝသမ္ဗန်ပုဒ်ကို ကတ္တုသာဓန ပြုပါ။ "ကို"ဟု ကံအနက် ပြန်မူကား ကမ္မသာဓန ပြုရမည်၊ ဗဟုဗ္ဗိဟိသမာသ်ပုဒ်နှင့် အဿတ္ထိတဒ္ဓိတ်ပုဒ်တို့သည် ကတ္တုသာဓနနှင့် အလားတူကြသည်။

ဤစကားများအရ ဘာဝသမ္ဗန်သည် ဗဟုဗ္ဗိဟိသမာသ်, အဿတ္ထိတဒ္ဓိတ်, ကတ္တုသာဓနကိတ်ပုဒ်, ကမ္မသာဓနကိတ်ပုဒ်-ဟူသော လေးချက်တို့တွင် သင့်ရာ တစ်ခုခုသာ အများအားဖြင့် ဖြစ်တတ်သည်-ဟု အကြမ်းဖျင်း မှတ်သားပါ။

ဘာဝသမ္ဗန်ပုဒ်၏ လိင်, ဝုစ်တို့ကို ထားလိုပါက တ္တ,တာသမ္ဗန်ကို ပထမ ရှာပါ၊ တွေ့လျှင် ထို တ္တ, တာသမ္ဗန်၏ လိင်, ဝုစ်အတိုင်း ဘာဝသမ္ဗန်၏ လိင်, ဝုစ်ကို ထားရမည်။

ယခုအထိ ပြခဲ့သည်မှာ "တ္တ, တာသမ္ဗန်၊ ဘာဝသမ္ဗန်"ဟု သမ္ဗန်နှစ်မျိုးသာ ရှိသေး၏။ အကယ်၍ ဘာဝသမ္ဗန်ပုဒ်က သဒ္ဒါနည်းအရ သမ္ဗန်ကို ငဲ့သောပုဒ် ဖြစ်ပါက ဤသမ္ဗန်နှစ်မျိုးမှ အလွတ်ဖြစ်သော သမ္ဗန်တစ်ပုဒ် ပါရသေး၏။ ယင်း သမ္ဗန်မျိုးကို "အလွတ်သမ္ဗန်"ဟု ခေါ်ရသည်။

စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံ တထာ။

ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာ နုတ္တရံ မတံ။-၌ ဖလတ္တာဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို အလိုရှိလျှင် ပါကံ-ကို ပါကဿ-ဟု ပြင်၍ ခံရမည်။ ဖလတ္တာ-ဟူသော ဟိတ်ပုဒ်၌ပါသော ဖလဟူသော ဘာဝသမ္ဗန်ပုဒ်က သမ္ဗန်ကို ငဲ့သောပုဒ် ဖြစ်သောကြောင့် ၎င်းအတွက် တဿ-ဟု သီးခြားသမ္ဗန်ပုဒ်တစ်ခု ထည့်သွင်းရေးထားသည်၊ ၎င်းကို "အလွတ်သမ္ဗန်"ဟု ခေါ်လေသည်။

## ကတ္တုသာဓနပုံစံ

တဿ အဝိဒူရေ ဘဝတ္တာ ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတံ။

**သမ္ဗန်ခံပုံ။** ။ဥယျာနဿ ဘဝတ္တာ။

**တစပ်ပုံ။** ။ဥယျာနဿ-ကား သည်-ဟူ၍အနက်ပေးသောကြောင့် ဘဝတ္တာဝယ် ဘဝဟူသော ဘာဝယောဂအန္တ၏ အန္တတ္ထ၌ ဝါစ္စ, တုလျတ်, ကတ္တား၊ ဘဝကား ဝါစက, လိင်္ဂတ်, ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။

**တစ်နည်း။** ။ဥယျာနဿ-ကား ၏-ဟူ၍ အနက်ပေးသောကြောင့် ဘဝတ္တာဝယ် တ္တဟူသော ဘာဟျ၏ ဘာဟျတ္ထ၌ သမ္ဗန်, သတ္တိမန္တ၊ တ္တကား သမ္ဗန္ဓီ, သတ္တိအဖြစ်ဖြင့် စပ်အပ်၏။

http://www.dhammadownload.com



ပစ္စယတ္ထခွဲပုံ။ ။ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကား (ဥယျာဉ်ဟူသော) ကတ္တုသြဘာဓနေအနက် ဖြစ်ပါသည်။

သမာသ်ပုံစံ

အယံ ဝိနယော ဝိသေသနယတ္တာ ဝိနယောတိ အက္ခာတော။

သမ္ဗန်ခံပုံ။ ။ဣမဿ ဝိနယဿ ဝိသေသနယတ္တာ။

စာစပ်ပုံ။ ။ဣမဿ ဝိနယဿ–ကား သည်–ဟူ၍အနက်ပေးသောကြောင့် ဝိသေသနယတ္တာ–ဝယ် ဝိသေသနယ–ဟူသော ဘာဝယောဂအန္တ၏ အန္တတ္ထဒ္ဒ ဝါစ္စ, တုလျတ်, ကတ္တား၊ ဝိသေသနယ–ကား ဝါစက, လိင်္ဂတ်, ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။

တစ်နည်း။ ။ဣမဿ ဝိနယဿ–ကား ၏–ဟူ၍အနက်ပေးသောကြောင့် ဝိသေသနယတ္တာ–ဝယ် တ္တဟူသော ဗာဟျ၏ ဗာဟျတ္ထဒ္ဒ သမ္ဗန်, သတ္တိမန္တ၊ တ္တကား သမ္ဗန္ဓိ, သတ္တိအဖြစ်ဖြင့် စပ်၏။

ဝါစ္စတ္ထခွဲပုံ။ ။ဘာဝသမ္ဗန်ပုဒ်၏ ဝါစ္စတ္ထကား (ဝိနည်းဟူသော)အညပုဒ် အနက် ဖြစ်ပါသည်။

တဒ္ဓိတ်ပုံစံ

ဗုဒ္ဓေါ မေဓာဝိတ္တာ ပဏ္ဍိတော ဝုစ္စတိ။

သမ္ဗန်ခံပုံ။ ။ဗုဒ္ဓဿ မေဓာဝိတ္တာ။

စာစပ်ပုံ။ ။ဗုဒ္ဓဿ–ကား သည်–ဟူ၍ အနက်ပေးသောကြောင့် မေဓာဝိတ္တာဝယ် မေဓာဝီဟူသော ဘာဝယောဂအန္တ၏ အန္တတ္ထဒ္ဒ ဝါစ္စ, တုလျတ်, ကတ္တား၊ မေဓာဝီကား ဝါစက, လိင်္ဂတ်, ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။

တစ်နည်း။ ။ဗုဒ္ဓဿ–ကား ၏–ဟူ၍ အနက်ပေးသောကြောင့် မေဓာဝိတ္တာဝယ် တ္တဟူသော ဗာဟျ၏ ဗာဟျတ္ထဒ္ဒ သမ္ဗန်, သတ္တိမန္တ၊ တ္တကား သမ္ဗန္ဓိ, သတ္တိ အဖြစ်ဖြင့် စပ်အပ်၏။

ပစ္စယတ္ထခွဲပုံ။ ။ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကား (ဘုရားဟူသော) အသယတ္တိအနက် ဖြစ်ပါသည်။

ကမ္မသာဓနပုံစံ

တံ နဂရံ ရညာ ဒိန္နတ္တာ ရာဇဒါယန္တိ ဝုစ္စတိ။

သမ္ဗန်ခံပုံ။ ။တဿ နဂရဿ ဒိန္နတ္တာ။

စာစပ်ပုံ။ ။တဿ နဂရဿ–ကား ကို–ဟူ၍ အနက်ပေးသောကြောင့် ဒိန္နတ္တာဝယ် ဒိန္နဟူသော ဘာဝယောဂအန္တ၏ အန္တတ္ထဒ္ဒ ဝါစ္စ, တုလျတ်, ကမ္မ၊ ဒိန္နကား ဝါစက, လိင်္ဂတ်, ကမ္မိအဖြစ်ဖြင့် စပ်အပ်၏။

http://www.dhammadownload.com



**တစ်နည်း။** ။တဿ နဂရဿ–ကား ၏–ဟူ၍အနက်ပေးသောကြောင့် ဒိန္နတ္တာဝယ် တ္တ–ဟူသော ဗာဟျ၏ ဗာဟျတ္တ၌ သမ္ဗန်, သတ္တိမန္တ၊ တ္တ–ကား သမ္ဗန္ဓီ, သတ္တိအဖြစ်ဖြင့် စပ်အပ်၏။

**ပစ္စယတ္တနစ္စံပုံ။** ။ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္တကား (ထိုမြို့ ဟူသော) ကမ္မသာဓနအနက် ဖြစ်ပါသည်။

**သမ္ဗန်အတွက် မှတ်ချက်များ**

၁။ ကတ္တားဟော ကိတ်ကြိယာကို ဟိတ်ပြင်လိုက်လျှင် ထိုကြိယာ၏ ကတ္တားသည် သမ္ဗန် ဖြစ်လာ၏။ ပုရိသော မဂ္ဂံ ဂတော=ပုရိသဿ+ဂတတ္တာ။

၂။ ကံဟော ကိတ်ကြိယာကို ဟိတ်ပြင်လိုက်လျှင် ထိုကြိယာ၏ ကံသည် သမ္ဗန် ဖြစ်လာ၏။ ပုရိသေန ကမ္မံ ကတံ=ကမ္မဿ+ကတတ္တာ။

၃။ လိင်္ဂတ်ပုဒ်ကို ဟိတ်ပြင်လိုက်လျှင် တုလျတ်ပုဒ်သည် သမ္ဗန် ဖြစ်လာ၏။ ဂေါတမော အမှာကံ သတ္ထာ=ဂေါတမဿ+သတ္ထုဘာဝတော။

၄။ ဝိသေသနပုဒ်ကို ဟိတ်ပြင်လိုက်လျှင် ဝိသေသျပုဒ်သည် သမ္ဗန် ဖြစ်လာ၏။ ဂမ္ဘီရာ အညေ ဓမ္မာ သန္တိ=အညေသံ ဓမ္မာနံ+ဂမ္ဘီရတ္တာ။

၅။ ဝိသေသျပုဒ်ကို ဟိတ်ပြင်လိုက်လျှင် ဝေဝုစ်ပရိယာယ်ကို သမ္ဗန် လုပ်ယူရ၏။ သေဋ္ဌံ ဗုဒ္ဓံ အဘိဝန္ဒိယ=ဘဂဝတော+ဗုဒ္ဓတ္တာ။

၆။ ဝိကတိကတ္တားကို ဟိတ်ပြင်လိုက်လျှင် ပကတိကတ္တားသည် သမ္ဗန် ဖြစ်လာ၏။ အဋ္ဌ အက္ခရာ သရာ နာမ ဟောန္တိ=အဋ္ဌန္နံ အက္ခရာနံ+သရတ္တာ။

၇။ ပကတိကတ္တားကို ဟိတ်ပြင်လိုက်လျှင် ဝေဝုစ်ပရိယာယ်ကို သမ္ဗန်လုပ်ယူရ၏။ အဋ္ဌ အက္ခရာ သရာ နာမ ဟောန္တိ=ဝဏ္ဏာနံ+အက္ခရဘာဝတော။

၈။ ဟိတ်ပုဒ်ကို တော–ပစ္စည်းဖြင့် ရေးလျှင် ရံခါ ဘာဝပုဒ် တိုက်ရိုက်ပါတတ်၏၊ ရံခါ ဘာဝပုဒ်လည်း တိုက်ရိုက် မပါ၊ တ, ပစ္စည်းစသည်လည်း မသက်ဘဲ ရေးတတ်၏။ ထိုအခါမျိုး၌ ယင်းကိတ်ပုဒ်မျိုးကို "ဘာဝပဓာန၊ ဘာဝလောပ" ဟု ခေါ်ရသည်။ ၏–ပေး၍ စာစပ်သောအခါ ကျေလေပြီးသော ဘာဝပုဒ်မှာ စပ်ရသည်။ အောက်ပါ ပုံစံကို ရှုပါ။

**ပုံစံ။** ။အယံ ဝိနယော ကာယဝါစာနံ ဝိနယနတော ဝိနယောတိ အက္ခာတော။

ဣမဿ ဝိနယဿ–ဟု သမ္ဗန်ခံပါ။ သည်–ဟု အနက်ပေး၍ ဝိနယန–ရေးနည်းအတိုင်း စပ်ပါ။ ၏–ဟု အနက်ပေးလျှင်ကား ဝိနယနတော–ဝယ် ကျေလေသော ဘာဝပုဒ်၌–ဟု ဆို၍ စပ်ပါ။

http://www.dhammadownload.com



**သတိပြုရန်။** ။အထက်ပါ မှတ်ချက်များကို ကြည့်ခြင်းအားဖြင့် ဟိတ်ပုဒ် တိုက်ရိုက်ပါရှိရာ၌သာ သမ္ဗန်ခံနိုင်သည် မဟုတ်၊ ကြိယာကို ဟိတ်ပြင်လိုက်လျှင် သမ္ဗန်သည် အလိုလို ပေါ်ထွက်လာမည် ဖြစ်သောကြောင့် ၅–နံပါတ်ပုစ္ဆာကို ဝါကျတိုင်းမှာ မေး၍ရကောင်းသည်–ဟု မှတ်ပါ။ အတ္ထိကို ဟိတ်ပြင်လျှင် အတ္ထိတ္တာ–ဟူ၍လည်းကောင်း၊ အတ္ထိဘာဝတောဟူ၍လည်းကောင်း ပြင်နိုင်သည်–ဟုမှတ်ပါ။

❁❁❁❁❁

၅–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၆–နံပါတ် စည်းမျဉ်း

စည်းမျဉ်းရော အဖြေပါ ပါရာဇိကဏ်နှင့် တူကြပြီ။

## ၇–နံပါတ် စည်းမျဉ်း

နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို မေးခြင်း၊ ဝိပလ္လာသနည်း ဖြစ်ပုံကို မေးခြင်း။

**အမှာ** ၁။ ဝဏ္ဏာဂမ၊ ဝိပရိယာယ၊ ဝိကာရနှင့်၊ လောပ တ,ရှိ၊ အတ္ထာတိ၊ နိရုတ္တိဘေဒ။

၂။ လိင် ဝိဘတ္တ၊ ဝစနနှင့်၊ ကာလတစ်ဖြာ၊ ပုရိသာတည်း၊ အက္ခရာယူ၊ ဤခြောက်ဆူ ပြားယူဝိပလ္လာသ–ဟူသော ဆောင်ပုဒ်နှင့်အညီ နိရုတ္တိနည်း ၅–ပါး၊ ဝိပလ္လာသနည်း ၆–ပါးတို့ကို ပါရာဇိကဏ် နံပါတ် ၈–၌ ပြခဲ့ပြီ၊ ဤ၌ကား အချို့သော နမူနာပုံစံများကိုသာ ပြပါအံ့။

တခု သတိထားရမည်မှာ နိရုတ္တိနည်း, ဝိပလ္လာသနည်း–ဟူသည် အဆန်းမဟုတ်၊ သဒ္ဒါနည်းပင် ဖြစ်သည်၊ သဒ္ဒါနည်း နားလည်လျှင် နိရုတ္တိနှင့် ဝိပလ္လာသနည်းများ မခက်ပါ။ ထို့ကြောင့် သဒ္ဒါကြီးနှင့် ရူပသိဒ္ဓိကို အမြဲလေ့လာနေသော အကျင့် မွေးမြူနိုင်အောင် မွေးမြူပါ။

ပုဒ်တစ်ခုနှင့် စပ်၍ နိရုတ္တိနည်း, ဝိပလ္လာသနည်း ကြံလိုသောအခါ ထိုပုဒ်၏ ပကတိ+ပစ္စယတို့ကို ခွဲယူလိုက်ပါ၊ ထိုပကတိနှင့် ပစ္စယတို့ကို ယင်းတို့၏ မူမပျက်စေဘဲ သဒ္ဒါနည်းအရ နိပ္ဖန္နဖြစ်အောင် စီရင်လိုက်ပါ၊ ထိုသဒ္ဒါနည်းမှ တစ်ဆင့်တက်၍ စီရင်ရသော အစီအရင်ကို နိရုတ္တိနည်းဟု ယူပါ။ ဥပမာ– သုဂတော၌ သုရှေးရှိသော ဂဒဓာတ်, အ,ပစ္စည်းဖြစ်၍ သဒ္ဒါနည်းအရ ရုပ်တွက်လိုက်လျှင် "သုဂဒေါ"ဟုသာ ပြီးနိုင်၏။ သုဂတော–ပြီးအောင် ဒ,ကို တ,ပြုရ

http://www.dhammadownload.com



သေး၏၊ ထို့ကြောင့် ယင်းပုဒ်၌ ဝဏ္ဏဝိကာရနိရုတ္တိနည်း ရသည်။ သီဟော–ပုဒ်၌ ဟိံသဓာတ် အ, ပစ္စည်းဖြစ်၍ သဒ္ဒါနည်းအရ ရုပ်တွက်လိုက်လျှင် ဟိံသော–ဟူ၍သာ ဖြစ်၏၊ သီဟော–ပြီးအောင် ဟ, နှင့် သ, ကို ရှေ့နောက်ပြန်ရသေး၏။ ထို့ကြောင့် ယင်းပုဒ်၌ ဝဏ္ဏဝိပရိယာယနိရုတ္တိနည်း ရသည်။ ဤကား ဋီကာစသည်တို့ အဆိုကို လေ့လာ၍ ရေးထားသော အဓိပ္ပါယ် ဖြစ်သည်။

ယခုခေတ်၌ကား ပုဒ်၏ ပကတိ+ပစ္စယတို့ကို ခွဲ၍ ထို ပကတိ+ပစ္စယတို့မှ နိပ္ဖန္နဖြစ်အောင် လုပ်ယူရသော အဆင့်ဆင့်သော အစီအရင်များကို "နိရုတ္တိနည်း" ဟုချည်း ယူဆရေးသား ပြောဆိုနေကြလေပြီ။ ယင်းသို့ဆိုသော် နိရုတ္တိနည်းကား ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ချေသည်တမုံ့။

**နိရုတ္တိနည်းနမူနာပုံစံများ**

ဝန်ခံချက်။ ။အောက်ပါ တို့သည် မစိုးရိမ်သီလက္ခန်အဖြေ စာအုပ်ပါ အစီအရင်များ ဖြစ်ပါသည်။

**အဒ္ဓါန**။ ။အဒ္ဓါပုဒ် အယနဖြင့် အဒ္ဓါယန–ဖြစ်ပြီးလျှင် ယ, ကိုချေ။

**အပ္ပ**။ ။အလဓာတ်၊ ပ, ပစ္စည်းဖြင့် အလပမှ လ, ကို ပ, ပြု။

**အစ္ဆရိယ**။ ။အစ္ဆရာယောဂ္ဂမှ ယောဂ္ဂကိုချေ၊ အစ္ဆရာကို အစ္ဆရိယပြု။

**အဗ္ဘုတ**။ ။အဘူတဘူတ–မှ ဘူတတစ်ခုကိုချေ၊ အသဒိသဒွေဘော် ဗ, လာ ဥကို ဥပြု။

**အရဟတာ**။ ။အရိသဒ္ဒူပပဒ ဟနဓာတ်၊ ကွိပစ္စည်းဖြင့် အရိဟနကွိ–မှ န, ကို ချေ၊ ကွိချေ၊ နာသက်၍ အရိဟနာ–ဖြစ်စေပြီး ဣကို အ, ပြု၊ နာကို တာပြု။

**တစ်နည်း**။ ။အရိသဒ္ဒူပပဒ ဟနဓာတ်၊ အန္တ ပစ္စည်းဖြင့် အရိဟနအန္တ မှ ဓာတွန် ချေ၊ နာသက်၍ အရိဟန္တနာဖြစ်ပြီးမှ ဣကို အ, ပြု၊ န္တနာ–ကို တာပြု။

**အဋ္ဌုပ္ပတ္တိ**။ ။အတ္ထုပ္ပတ္တိ–မှ တ္ထကို ဋ္ဌပြု။

**အရိယ**။ ။အရိသဒ္ဒူပပဒ ဟနဓာတ်၊ ကွိပစ္စည်းဖြင့် အရိဟနကွိ–ဖြစ် ရာမှ ဓာတွန်နှင့်ကွိ–ကို ချေ၊ အရိဟဖြစ်စေပြီးမှ ဟ, ကို ယ, ပြု။

**တစ်နည်း**။ ။အရဟ–မှ အ, ကို ဣပြု၊ ဟ, ကို ယ, ပြု။

**တစ်နည်း**။ ။အာရကာ–မှ အာရကာတစ်ခုလုံးကို အရိယပြု။

**တစ်နည်း**။ ။အာရကာ–မှ အာကို ရဿ၊ ရ, စိတ် အ, ဣ၊ ပြဘိ က, ယ၊ အရိယ၊ ပြီးထနိရုတ္တိ။

**အပရဏ္ဏ**။ ။အပရန္န–မှ န္န ကို ဏ္ဏပြု။

http://www.dhammadownload.com



**အရဟံ**။ ။အာရကာမှ အာကို အ,ပြု၊ က,ကို ဟ,ပြု၊ နိဂ္ဂဟိတ်လာ။

**တစ်နည်း**။ ။အရိဟ-မှ ဣကို အ,ပြု၊ ဟထက်၌ နိဂ္ဂဟိတ်လာ။

**တစ်နည်း**။ ။အရဟ-မှ နိဂ္ဂဟိတ်လာ။

**အဟု**။ ။အဟူ ဉာ်-မှ အဗျွတနိ ဉာ်ကို ချေ၊ ဦကို ဥပြု။

**အဂါရ**။ ။အနဂါရိယံ-၌ အဂါရ-သည် အဂါရဝါသော-မှ ဝါသော-ကို ချေ၍ ပြီးသည်။

**အဘောသိ**။ ။သုဓာတ် ဉာ်ဝိဘတ်ဖြင့် သု+ဉာ်ဖြစ်ပြီးမှ အ,လာ၊ သ,လာ။

**အာစရိယ**။ ။အာပုဗ္ဗ စရဓာတ် ယ,ပစ္စည်းဖြင့် အာစရယ-မှ ရထက်၌ ဣလာ။

**အာဝုဋ္ဌာ**။ ။အာပုဗ္ဗ ဝုဓာတ် တ,ပစ္စည်းဖြင့် အာဝုတ-မှ တ,ကို ဋ္ဌ,ပြု။

**အာသီဝိသ**။ ။အာသု+ဝိသ-မှ ဥကို ဤပြု။

**အာဝုဓ**။ ။အာယုဓ-မှ ယ,ကို ဝ,ပြု။

**အာဏဏျ**။ ။န+ဣဏ+ဏျ-မှ န,ကို အန်ပြု၊ ဣကို အ,ပြု၊ ဏ,အနုဗန်ချေ၊ အ,ကို အာဝုဒ္ဓိပြု။ န,ကို ဏ,ပြု။

**ဣရိယာ**။ ။အရဓာတ်၊ ဏျပစ္စည်းဖြင့် အရိယာဖြစ်ပြီးမှ အရကို ဣရပြု။

**ဣရု**။ ။ဣစအာတ်၊ ဥပစ္စည်းဖြင့် ဣစုမှ စ,ကို ရ,ပြု။

**ဣဗ္ဘာ**။ ။ဣဘပုဒ်, ဏျပစ္စည်းဖြင့် ဣဘျမှ ဘျကို ဘပြု၊ ဗလာ။

**ဥတု**။ ။ဣဓာတ် တုပစ္စည်းဖြင့် ဣတု-မှ ဣကို ဥပြု။

**ဥဇု**။ ။အဇဓာတ်၊ ဥပစ္စည်းဖြင့် အဇု-မှ အ,ကို ဥပြု။

**တစ်နည်း**။ ။အရဓာတ်၊ ဇုပစ္စည်းဖြင့် အရဇု-မှ အရကို ဥပြု။

**ဥပ္ပိလာဝိတ**။ ။ဥပုဗ္ဗ ပလဝဓာတ်၊ တ,ပစ္စည်းဖြင့် ဥပလဝ+တ-မှ ဣလာ၊ အ,ကို ဣပြု၊ ပ,လာ၊ အ,ကို အာပြု။

**ဥပေါသထ**။ ။ဥပ+ဝသ+အထ-ဖြင့် ဥပဝသထ-မှ ဝ,ကို ဩပြု။

**ဥက္ကဋ္ဌာ**။ ။ဥက္ကာ+ဓောတယန္တိ+ဌာ-မှ ဓောတယန္တိ-ကို ချေ၊ အာကို အ,ပြု၊ အသဒိသဒွေဘော်လာ။

**တစ်နည်း**။ ။ဥက္ကာ+ဌိတ+မာပိတ-မှ ဣကို အာပြု၊ တ,ကို ချေ၊ အာကို အ,ပြု၊ မာပိတ-ပုဒ်ကို ချေ။

**တစ်နည်း**။ ။ဥက္ကာ+ဓာ-မှ အာကို အ,ပြု၊ ဓ,ကို ဋ္ဌပြု၊ ဒွေဘော်လာ။

**တေဒဂ္ဂံ**။ ။တော်+အဂ္ဂ-မှ နိဂ္ဂဟိတ်ကို ဒ,ပြု။(လိင်္ဂဝိပလ္လာနည်းလည်း ရသည်။)

**အံသ**။ ။အန+သဖြင့် အနသ-မှ န,ကို နိဂ္ဂဟိတ်ပြု။

**ကရဏာ**။ ။ကိရ+ဥန-ဖြင့် ကိရဏာ-မှ ဣကို အ,ပြု၊ န,ကို ဏ,ပြု။

**တစ်နည်း**။ ။ကိ+ဥနဖြင့် ကိဥန-မှ ဣကို အ,ပြု၊ ရ,လာ၊ န,ကို ဏ,ပြု။

**တစ်နည်း**။ ။ကရ+ဥနဖြင့် ကရနာ-မှ န,ကို ဏ,ပြု။

http://www.dhammadownload.com



**တစ်နည်း။** ။က+ရုမိ+ယု–ဖြင့် ကရုမနော–မှ ဓ,ကို ချေ၊ န,ကို ဏ,ပြု။

**ကရုဓ။** ။ကရ+ဇာတ–မှ တ,ကို ချေ။

**ကုမာရ။** ။ကမု+အာရ–ဖြင့် ကမာရ–မှ အ,ကို ဥပြု။

**တစ်နည်း။** ။ကု+ရမု+ဏ–ဖြင့် ကုရာမ–မှ ရ,နှင့် မ,ကို ရှေ့နောက်ပြန်။

**ကုရုရ။** ။ကဋ္ဌ+ဥူရ–ဖြင့် ကဋ္ဌဥူရ–မှ ကဋ္ဌကို ကုရပြု။

**တစ်နည်း။** ။ကရ+ဥူရ–ဖြင့် ကရုရ–မှ အ,ကို ဥပြု။

**ကုတူဟလ။** ။ကုတုဇလ–မှ ဥကို ဥူပြု၊ ဇ,ကို ဟ,ပြု။

**တစ်နည်း။** ။ကု+တုလ+အ–ဖြင့် ကုတုလ–မှ ဥကို ဥူပြု၊ ဟ,လာ။

**ကောမာရဘစ္စ** ။ကုမာရဘတျ–မှ ဥကို ဩပြု၊ တျကို စ,ပြု၊ ဒွေဘော်လာ။

**ကဏ္ဏိကာ။** ။က+နီ+ဏွု+အာ–မှ ဤကို ဣပြု၊ န,ကို ဏ,ပြု၊ ဒွေဘော်လာ၊ ဏွုကို အကပြု၊ ချေ။

**ကံသ။** ။ကန+သ–ဖြင့် ကနသ–မှ န,ကို နိဂ္ဂဟိတ်ပြု။

**ဂရု။** ။ဂိရ+ဥ–ဖြင့် ဂိရ–မှ ဣကို အ,ပြု။

**ဂတော။** ။ဂမု+တ–ဖြင့် ဂမတ–မှ မ,ကို ချေ။

**ဂမ္ဘိရ။** ။ဂံ+ဂမု+ဤရ–မှ ဂမု–ကို ဘ,ပြု၊ နိဂ္ဂဟိတ်ကို မ,ပြု။

**တစ်နည်း။** ။ဂမု+ဤရ–ဖြင့် ဂမိရ–မှ ဘ,လာ။

**စက္ကဝါဠ။** ။စက္ကာဝါဠ–မှ အာကို အ,ပြု၊ ဠကို ဠ,ပြု။

**စုလ္လာသီတိ။** ။စတုရာသီတိ–မှ တု,ကို ချေ၊ စ,ကို စုပြု၊ ရ,ကို လ,ပြု၊ ဒွေဘော်လာ။

**ဆမ္ဘိတ။** ။ထမ္ဘိတ–မှ ထ,ကို ဆ,ပြု။

**ဆဠဘိဇာတိ** ။ဆအဘိဇာတိ–မှ ဠလာ။

**ဆာတ။** ။ခါဒ+တ–ဖြင့် ခါတ–မှ ခ,ကို ဆ,ပြု။

**တပေါဒါ။** ။တပ+ဥဒက–ဖြင့် တပုဒက–မှ ဥကို ဩပြု၊ ဥဒက–ကို ဥဒပြု။

**တထာဂတ။** ။တထ+ဂဒ–မှ အလယ်၌ အာလာ၊ ဒ,ကို တ,ပြု။

**တဏ္ဍုလ။** ။တမ+ဥလ–ဖြင့် တမဥလ–မှ မ,ကို နိဂ္ဂဟိတ်ပြု၊ ဍ,လာ၊ နိဂ္ဂဟိတ်ကို ဏ,ပြု။

**တိန္ဒုက။** ။တနု+ဥက–မှ အ,ကို ဣပြု၊ ဒ,လာ။

**တိတ္တိယ။** ။တိတ္ထိက–မှ က,ကို ယ,ပြု။

**ထမ္ဘ။** ။ဓရ+ရမ္ဘ–ဖြင့် ဓမ္ဘ–မှ ဓ,ကို ထ,ပြု။

**ထာမ။** ။ဌာ+မ–မှ ဌ,ကို ထ,ပြု။

**ထိရ။** ။ဌာ+ဣရ–ဖြင့် ဌိရ–မှ ဌ,ကို ထ,ပြု။

http://www.dhammadownload.com



**ထေတာ**။ ။ဌာ+က္တရ-ဖြင့် ဌိရ-မှ ဌ,ကို ထ,ပြု၊ ရ,ကို တ,ပြု၊ ထိတဖြစ်ပြီးမှ "ထိတဿ ဘာဝေါ ထေတော"ဟု ဘာဝတဒ္ဓိတ်ဆင့်။

**ထေရ**။ ။ဌာ+က္တရ-ဖြင့် ဌိ-မှ ဌ,ကို ထ,ပြု၊ ဣကို ဧပြု။

**ဒဏ္ဍ**။ ။ဒဎိ+က-ဖြင့် ဒဍက-မှ နိဂ္ဂဟိတ်လာ၊ ဏ,ပြု၊ က,ကို ချေ။

**ဒဠှ**။ ။ဒဟ+အ-ဖြင့် ဒဟ-မှ ဠ,လာ။

**တစ်နည်း**။ ။ဒဟ+လာ+အ-ဖြင့် ဒလဟ-မှ ဟ,နှင့် လ,ကို ရှေ့နောက်ပြန်။

**ဒွိဋ္ဌိပဋိပဒါ**။ ။ဒွါသဋ္ဌိပဋိပဒါ-မှ အာကို အ,ပြု၊ သ,ကို ချေ။

**ဒေါသိနာ**။ ။ဒေါသ+က္တတ-ဖြင့် ဒေါသိတ-မှ တ,ကို န,ပြု။

**ဓမ္မ**။ ။ဒဟ+ရမ္မ-ဖြင့် ဒဟရမ္မ-မှ ဒ,ကို ဓ,ပြု၊ ဟ,ကို ချေ၊ ရ,ကို ချေ။

**နဂရ**။ ။န+ဃရ-မှ ဃ,ကို ဂ,ပြု။ (နံ့ သမ္ဗုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ။)

**နိကာယ**။ ။နိ+စိ+ဏ-မှ ဣကို ဧပြု၊ ဧကို အာယပြု၊ ဏ,ကို ချေ၊ စ,ကို က,ပြု။

**တစ်နည်း**။ ။နိ+စိ+ဏျ-မှ ဏ,ကို ချေ၊ စိကို ကာပြု။

**နိယျာနိက**။ ။နိ+ယာ+အနိယ-ဖြင့် နိယျာနိယ-မှ ယ,ကို က,ပြု၊ ဤကို ဣပြု။

**နိဗ္ဗေဒ္ဓေတဗ္ဗ**။ ။နိ+ဝေဒ္ဓ+တဗ္ဗ-မှ ဝ,လာ၊ ဝ,နှစ်လုံးကို ဗ,နှစ်လုံးပြု။ (အသန္တပ္ပတ္တိ အာဂမော-နှင့် အညီ ဒွေဘော်ကို ဝဏ္ဏာဂမ-ဟု ယူပါ။)

**နိဝုဋ္ဌ**။ ။နိ+ဝု-တ-ဖြင့် နိဝုတ-မှ တ,ကို ဋ္ဌ,ပြု။

**နိဟိတ**။ ။နိ+ဓာ+တ-မှ ဓ,ကို ဟ,ပြု၊ အာကို ဣ,ပြု။

**နိဂဏ္ဌ**။ ။နိ+ဂန္ထ-မှ ထ,ကို ဌ,ပြု။

**ပဏိဟိတ**။ ။ပ+နိ+ဓာ+တ-မှ န,ကို ဏ,ပြု ဓ,ကို ဟ,ပြု၊ အာကို ဣပြု။

**ပသေနဒိ**။ ။ပရသေန+ဇိ-မှ ရ,ကို ချေ၊ ဇ,ကို ဒ,ပြု။

**ပစ္စနိက**။ ။ပစ္စနီတ-မှ တ,ကို က,ပြု။

**ပစ္စက္ခ**။ ။ပတိ+အက္ခ-မှ တိကို စ,ပြု၊ ဒွေဘော်လာ။

**ပလိတ**။ ။ပစ+က္တတ-ဖြင့် ပစိတ-မှ စ,ကို လ,ပြု။

**ပက္ခ**။ ။ပတ+ခ-မှ တ,ကို က,ပြု။

**ပရိဗ္ဗာဇက**။ ။ပရိ+ဝဇ+ဏျ-မှ ဝ,ဒွေဘော်လာ၊ ဝ,နှစ်လုံးကို ဗ,နှစ်လုံးပြု၊ အာဝုဒ္ဓိပြု၊ ဏျကို အက,ပြု။

**ပဥ္စ**။ ။ပုစ္ဆ+ဏ-မှ စ,ကို ဥပြု၊ ဆ,ကို ဟ,ပြု၊ ပု-၌ ဉကို အ,ပြု။

**ပဏ္ဏတ္တိ**။ ။ပညတ္တိ-မှ ပည-ကို ပဏ္ဏပြု။

http://www.dhammadownload.com



**ပလ္လင်္က**။ ။ပရိ+အင်္က-မှ ဏ္ဍကို ချေ၊ ရ,ကို လ,ပြု၊ ဒွေဘော်လာ။

**ပယိရုပါသတော**။ ။ပရိယုပါသတော-မှ ရ,နှင့် ယ,ကို ရှေ့နောက်ပြန်။

**ပလေတိ**။ ။ပရေတိ-မှ ရ,ကို လ,ပြု။

**ပလိဗောဓ**။ ။ပရိဗောဓ-မှ ရ,ကို လ,ပြု။

**ပလိဗုန္ဓန**။ ။ပရိဗုန္ဓန-မှ ရ,ကို လ,ပြု။

**ပဿ**။ ။ဒိသ+အ-ဖြင့် ဒိသ-မှ ဒိသကို ပဿပြု။

**ပါတရာသ**။ ။ပါတ+အာသ-မှ ရ,လာ။

**ပါရိစ္ဆည**။ ။ပရိဟာနိ+ဏျ-ဖြင့် ပါရိဟာနျ-မှ အာကို ဥပြု၊ ဟ,ကို ဇ,ပြု၊ နျကို ညပြု။

**ပါဏ**။ ။ပ+အန+ဏ-ဖြင့် ပါန-မှ န,ကို ဏ,ပြု။

**ပါလိဗုလ္လ**။ ။ပရိဗုလ္လ-မှ အ,ကို အာပြု၊ ရ,ကို လ,ပြု။

**ပါလိဘဒ္ဒေါ**။ ။ပရိဘဒ္ဒေါ-မှ အ,ကို အာပြု၊ ရ,ကို လ,ပြု။

**ပိဟိတာ**။ ။အပိ+ဓာ+တ-မှ အ,ကို ချေ၊ ဓ,ကို ဟ,ပြု၊ အာကို ဣပြု။

**ပိသာစ**။ ။ပိသိတ+အသ-မှ ပိသိတ-ကို ပိပြု။ အသကို သာစပြု။

**ပိဏ္ဍာဒါယက** ။ပိဏ္ဍ+အယ+ဏွု-ဖြင့် ပိဏ္ဍအာယက-မှ ဒ,လာ။

**ပိပ္ဖလိက**။ ။ပိယဖလ-မှ ယ,ကို ချေ၊ ပ,ဒွေဘော်လာ၊ သွတ္တတဒ္ဓိတ်ဆင့်။

**ပိသုဏ**။ ။ပိယသုညကရဏ-မှ ယ,ည,ကရ-တို့ကို ချေ။

**ပုည**။ ။ပုဗ္ဗ+ဘဝ+ဇန+ဏျ-မှ ဗ္ဗကို ချေ၊ ဘဝကို ချေ၊ ဇ,ကို ချေ၊ နျကို ဥပြု၊ ဒွေဘော်လာ။

**ပုဂ္ဂလ**။ ။ပုတ်+ဂလ+အ-မှ တိကို ချေ၊ ဒွေဘော်လာ။

**ပုဗ္ဗဏ္ဍ**။ ။ပုဗ္ဗန္ဟ-မှ န္ဟကို ဏ္ဍပြု။

**ပုထုအာရမဏ**။ ။ပုထုအာရမဏ အာရမဏ-မှ အာရမဏ-တစ်ပုဒ်ကို ချေ။

**ပေမနိယ**။ ။ပေမန+ဣက-မှ က,ကို ယ,ပြု။

**ဖရုသ**။ ။ပရ+ဥသ+အ-မှ ပ,ကို ဖ,ပြု။

**ဖုဿ**။ ။ဖုသ+တွာ-ဖြင့် ဖုသျ-မှ သျကို သ,ပြု၊ ဒွေဘော်လာ။

**ဖေဂ္ဂု**။ ။ဖေဂ္ဂုဏီ-မှ ဏီကို ချေ။

**ဗဓိရ**။ ။ဗန္ဓ+ဣရ-ဖြင့် ဗန္ဓိရ-မှ န,ကို ချေ။

**တစ်နည်း**။ ။ဗာဓ+ဣရ-ဖြင့် ဗာဓိရ-မှ အာကို အ,ပြု။

**ဗြဟ္မာဒတ္တ**။ ။ဗြဟ္မဒိန္န-မှ ဒိန္နကို ဒတ္တပြု။

**ဗြာဟ္မဏ**။ ။ဗဟ+ယု-ဖြင့် ဗဟန-မှ ဗ,ကို ဗြပြု၊ အ,ကို အာပြု၊ မ,လာ။

**ဗီဇ**။ ။ဝိ+ဇနိ+ကွိ-ဖြင့် ဝိဇ-မှ ဝ,ကို ဗ,ပြု၊ ဣကို ဤပြု။

http://www.dhammadownload.com



**ဘဂဝါ**။ ။ဘာဂျဝါ-မှ အာကို အ,ပြု၊ ယ,ကို ချေ။

**တစ်နည်း**။ ။ဘဂ္ဂဝါ-မှ ဂ,တစ်လုံးကို ချေ။

**တစ်နည်း**။ ။ဝိဘတ္တဝါ-မှ ဝိကို ချေ၊ တ္တကို ဂ,ပြု။

**တစ်နည်း**။ ။ဘတ္တဝါ-မှ တ္တကို ဂ,ပြု။

**တစ်နည်း**။ ။ဘဝေသု ဝန္တဂမနော-မှ ဝေ, သု, န္တ, မ, နော-တို့ကို ချေ၊ အ,ကို အာပြု၊ ဝါနှင့် ဂ,ကို ရှေ့နောက်ပြန်။

**ဘောရဝံ**။ ။ဘီရုပုဒ်၊ ဏ,ပစ္စည်း၊ ဤကို ဧပြု၊ ဥကို ဩပြု၊ ၄င်းဩကို အဝပြု၊ သိသက် အံပြု။

**ဘောဇနေယျံ**။ ။ဘုဇဓာတ်၊ အနီယပစ္စည်းဖြင့် ဘောဇနီယ-မှ ဤကို ဧပြု။

**မဿဏာနိ**။ ။မိဿကသာဏာနိ-မှ ဣကို အ,ပြု၊ ဿ, က-တို့ကို ချေ။

**မဟာစ္စာ**။ ။မဟတိယာ-မှ ဣကို ချေ၊ တျကို စ,ပြု၊ ဒွေဘော်လာ။

**မစ္ဆနှ**။ ။မစ္ဆ+အဟ-မှ အဟ-ကို အနှ-ပြု။

**မဥ္ဇူသာ**။ ။မန+သ-မှ အလယ်၌ ဇူလာ၊ နှ,ကို ဉပြု။

**မုဥ္ဇာ**။ ။မန+ဒ္ဓ-မှ အ,ကို ဥပြု၊ နှ,ကို နိဂ္ဂဟိတ်ပြု၊ ဝဂ္ဂန္တ ဏ,ပြု။

**ယောဗ္ဗန**။ ။ယုဝ+န-မှ ဥကို ဩပြု၊ ဝ,ကို ဗ,ပြု၊ ဒွေဘော်လာ။

**ရတန**။ ။ရတ+ဇန-မှ ဇ,ကို ချေ။

**တစ်နည်း**။ ။ရတိ+ဇန-မှ ဣကို အ,ပြု၊ ဇ,ကို ချေ။

**ရဇ္ဇု**။ ။ရဓ+ဇု-မှ ဥကို အ,ပြု၊ ဓ,ကို ဇ,ပြု။

**ရတ္တညူ**။ ။ရတ္တိညူ-မှ ဣကို အ,ပြု။

**ရက္ခ**။ ။ရဟ+ခ-မှ ဟ,ကို က,ပြု။

**လက္ခညာ**။ ။လက္ခနိယာ-မှ ဤကို ချေ၊ နှ,ကို ဏ,ပြု၊ ဏျကို ဉပြု၊ ဒွေဘော်လာ။

**လိစ္ဆဝိ**။ ။နိစ္ဆဝိ-မှ နှ,ကို လ,ပြု။

**တစ်နည်း**။ ။လီနစ္ဆဝီ-မှ ဤကို ဣပြု၊ နှ,ကို ချေ။

**ဝဠဝါ**။ ။ဝလဓာတ်၊ ဝ,ပစ္စည်းဖြင့် ဝလဝါ-မှ လ,ကို ဠ,ပြု။

**ဝဉ္ဇာ**။ ။ဝန+ဈ-မှ နှ,ကို နိဂ္ဂဟိတ်ပြု၊ နိဂ္ဂဟိတ်ကို ဉပြု။

**တစ်နည်း**။ ။ဟန+ဏျ-မှ ဟန-ကို ဝဓပြု၊ ဈကို ဈပြု၊ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဉပြု။

**ဝလာဟက**။ ။ဝါရိဝါဟက-မှ ဝါရိကို ဝ,ပြု၊ ဝ,ကို လ,ပြု။

**ဝေါဿာ**။ ။ဝိ+အဝ+အသ+ဏ-မှ အဝ,ကို ဩပြု၊ အ,ကို ချေ၊ သ,လာ။

**သဘာဂ**။ ။သမာနဘာဂ-မှ သမာန-ကို သ,ပြု။

http://www.dhammadownload.com



**သကုဏာ။** ။သက+ဥန-ဖြင့် သကုန-မှ န,ကို ဏ,ပြု။

**သမောဓာန။** ။သံ+အဝ+ဓာ+ယု-မှ အဝ,ကို ဩပြု၊ နိဂ္ဂဟိတ်ကိုမ,ပြု၊ ယုကို အန,ပြု၊ အာကို ချေ၊ အ,ကို အာ,ပြု။

**သမာဟိတ။** ။သံ+အာ+ဓာ+တ-မှ နိဂ္ဂဟိတ်ကို မ,ပြု၊ ဓ,ကို ဟ,ပြု၊ အာကို ဣပြု။

**သဿတိ။** ။သရ+တိ-မှ ရ,ကို သ,ပြု၊ သ,လာ။

**သာပဒေသံ။** ။သဟာပဒေသံ-မှ သဟ,ကို သ,ပြု။ (သဥပမံစသည် နည်းတူပင်)

**သာတိ။** ။သမာန+ဒိသ+ကွိ-ဖြင့် သာဒီ-မှ ဤကို ဣပြု၊ ဒ,ကို တ,ပြု။

**သာရဏီယံ။** ။သရဏ+ဏီက-ဖြင့် သာရဏိက-မှ ဣကို ဤပြု၊ က,ကို ယ,ပြု။

**သိထိလ။** ။သဟဓာတ်၊ က,အနုဗန်ရှိ ကိလပစ္စည်းဖြင့် သဟဣလ-မှ သဟကို သိထပြု။

**သုတ္တံ။** ။သူစ+တ-မှ ဦကို ဥပြု၊ စ,ချေ၊ တ,ကို ဒွေဘော်ဆောင်။

**တစ်နည်း။** ။သု+ဥစ+တ-မှ စ,ကို ချေ၊ တ,ဒွေဘော်ဆောင်။

**တစ်နည်း။** ။သု+တ-မှ တ, ဒွေဘော်လာ။

**တစ်နည်း။** ။သူဒ+တ-မှ ဦကို ဥပြု၊ ဒ,ကို ချေ၊ တ,ဒွေဘော်လာ။

**တစ်နည်း။** ။သု+တာ+တ-မှ အာကို အ,ပြု။

**သုည။** ။သုန-ပုဒ်၊ ဏျပစ္စည်းဖြင့် သုနျ-မှ နျကို ဉပြု၊ ဒွေဘော်လာ။

**သေက္ခ။** ။သဟ+ဣက္ခ-မှ သဟကို သ,ပြု။

**သောဝဂ္ဂိက။** ။သု+အဂ္ဂိက-မှ ဥကို ဩပြု၊ ဝ,လာ။

**သံဝစ္ဆရ။** ။သံ+ဝသ+ဆရ-မှ သ,ကို စ,ပြု။

**သမ္ဗဟုလ။** ။သံ+ပဟ+လ-မှ ဥလာ၊ နိဂ္ဂဟိတ်ကို မ,ပြု။

**သံဝိဒဟန။** ။သံ+ဝိ+ဓာ+ယု-မှ ဓာကို ဓာဓာပြု၊ ဓ,ကို ဒ,ပြု၊ အာကို အ,ပြု၊ ဓ,ကို ဟ,ပြု၊ အာကို အ,ပြု၊ ယုကို အနပြု။

**သမ္မဉ္ဇ။** ။သံ+ပ+ဉာ+ယု-မှ ဉာကို ဇာပြု၊ ယုကို အန,ပြု၊ သမ္မဇာန ဖြင်စေ။ ၄င်းနောင် ဏျသက်၍ သမ္ပဇာနျ ဖြစ်စေ၊ အာကို အ,ပြု၊ နျကို ဉပြု၊ ဒွေဘော်လာ။

**သမ္မောဒနီယံ။** ။သမ္မောဒနိက-မှ က,ကို ယ,ပြု။

**ဟဒယ။** ။ဟရ+ယ-မှ ရ,ကို ဒ,ပြု။

**ဟလာဟလ။** ။ဟနဟန-မှ န,ကို လ,ပြု၊ အ,ကို အာပြု။

http://www.dhammadownload.com



## အမေးအဖြေ နမူနာ

ဟလာဟလ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

ဟလာဟလ–ဟူသောပုဒ်သည် ဟနဟန–ဟု ဆိုလိုလျက် န, ကို လ, ပြုခြင်းဟူသော ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ အ, ကို အာပြုခြင်းဟူသော ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် ဟလာဟလ–ဟု ဖြစ်နေပါသည်။

၇–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၈–နံပါတ် စည်းမျဉ်း

နက်နဲခက်ခဲသော အဓိပ္ပါယ်အဆုံးအဖြတ်ကို မေးခြင်း။

**မှတ်ချက်။** ။ခက်ခဲသောအရာ၌ အဓိပ္ပါယ် ယူဆဆုံးဖြတ်ခြင်း၊ ကျမ်းချင်းကွဲလွဲရာ၌ ကျမ်းညှိနည်း, နီတတ္ထ, နေယျတ္ထ, ဥဇုဝုစ်, ဝင်္ကဝုစ်, အတ္ထာပန္န, အတ္ထာတိသယနည်းအားဖြင့်လည်းကောင်း၊ သဒ္ဒန္တရသန္နိဓာန, အညတ္ထာပေါဟန အားဖြင့်လည်းကောင်း အဓိပ္ပါယ်ယူပုံ ယူနည်းကို မေးခြင်းများလည်း စပ်ဆိုင်ပါဝင်သည်။

**အမှာ။** ။ဤစည်းမျဉ်းအတွက် အထူးရေးစရာ မလိုတော့ပြီ၊ အဋ္ဌကထာ, ဋီကာတို့ကို ကျေညက်အောင် ကြည့်ထားဖို့သာ လိုတော့သည်။ အထူးသဖြင့် အဋ္ဌကထာလာ ကောင်းနိုးရာရာများကို ကြည့်ထားဖို့ လိုသည်။ သို့သော် အောက်ပါ အချက်များကိုကား မှတ်သားထားသင့်ပေ၏။ ယင်းအချက်များကို နားလည်ထားရုံမျှဖြင့် အချို့သောပုစ္ဆာများကို ဖြေဆိုနိုင်ပေလိမ့်မည်။

### ၁။ နီတတ္ထ

သံဝဏ္ဏေတဗ္ဗစကားထဲ၌ မုချတိုက်ရိုက် ပါပြီးဖြစ်သော အနက်ကို "နီတတ္ထ" ဟုဆိုသည်။

**ပုံစံ။** ။ဗြဟ္မဒတ္တောတိ တဿ နာမံ–၌ "ဗြဟ္မဒတ္တသဒ္ဒါသည်ဇာတိသဒ္ဒါ စသည် မဟုတ်၊ နာမသဒ္ဒါသာတည်း"ဟု ဖွင့်တိုင်းယူရသည်။ (ဥပစာရသော အဖွင့်မှတစ်ပါး အဖွင့်တိုင်း၌ပင် ရနိုင်၏။)

### ၂။ နေယျတ္ထ

သံဝဏ္ဏေတဗ္ဗပုဒ်၌ တိုက်ရိုက်မပါဘဲ ဆောင်၍သိသင့်သော အနက်ကို "နေယျတ္ထ"ဟု ဆိုသည်။

http://www.dhammadownload.com



ပုံစံ။ ။ဖုသာ ဖုသာ ပဋိသံဝေဒေန္တိ တိ–ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။ ဧတ္ထ ကိဉ္စာပိ အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ။ တထာပိ န တေသံ ဖုသန ကိစ္စတာ။ န ဟိ အာယတနာနိ ဖုသန္တိ။ ဖဿော၀ တံတံ အာရမ္မဏံ ဖုသတိ၊ အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ–၌ ဌာနီ အာယတန ထိခိုက်၏ ဆိုသော်လည်း ဌာနဖဿသာ ထိခိုက်သောကြောင့် ဌာနျူပစာဖြစ်၏။ အာယတနတို့ကို ဖဿပေါ်၌ ထည့်သွင်းတင်စား၍ ခေါ်သည်–ဟူလို။ ဥပစာ ဖြေလိုရင်း ဖြစ်သောကြောင့် နေယျတ္ထဖြစ်၏။ (ဥပစာရသော အဖွင့်တိုင်း ရ၏။)

## ၃။ ဥဇုဝုတ်

အဖြောင့်အားဖြင့် ဆိုအပ်သော စကားရပ်ကို "ဥဇုဝုတ်"ဟု ခေါ်သည်။ နီတတ္ထနှင့် သဘောသွား တူ၏။

## ၄။ ဝင်္ကဝုတ်

အကောက်အားဖြင့် ဆိုအပ်သောစကားကို "ဝင်္ကဝုတ်"ဟူ၍ ခေါ်ရသည်၊ နေယျတ္ထနှင့် သဘောသွား အတူပင်ဖြစ်၏။

## ၅။ အတ္ထာပန္န

မကင်းရာသည်ဖြစ်၍ အနက်ရောက်သောအားဖြင့် ယူရသောနည်းကို "အတ္ထာပန္နနည်း"ဟု ခေါ်သည်။

ပုံစံ။ ။ဒေဝဒတ္တော ဒိဝါ န ဘုဉ္စတေ ထူလော–၌ အစာနှင့် မကင်းရာသည် ဖြစ်၍ ညအခါ စား၏ဟု အနက်ရောက်သောအားဖြင့် ယူရသည်။

## ၆။ အတ္ထာပတ္တိ

ဇာတိဆိုက၊ အနွယ၊ ရကြ အတ္ထာပတ်။

အနွယဆို၊ ဇာတိကို၊ ရလို အတ္ထာပတ်။

ဟူသော ဆောင်ပုဒ်နှင့်အညီ ဇာတိရေကကို ဆိုက အနွယကို ယူရခြင်း၊ အနွယ ကို ဆိုက ဇာတိရေကကို ယူရခြင်းအားဖြင့် ဆန့်ကျင်ဘက် ယူရခြင်းကို "အတ္ထာ ပတ္တိ"ဟု ခေါ်သည်။

ပုံစံ။ ။ဗြဟ္မဒတ္တောတိ တဿ နာမံ–၌ "ဗြဟ္မဒတ္တသဒ္ဒါသည် နာမသဒ္ဒါ တည်း"ဟု အနွယကို ဆိုသဖြင့် "ဓာတိသဒ္ဒါစသည် မဟုတ်"ဟု ဇာတိရေက အဓိပ္ပါယ်ကို သိရသည်။

http://www.dhammadownload.com



## ၇။ သဒ္ဒန္တရသန္နိဓာန

"သာမညသဒ္ဒါ၊ ဖြစ်ငြားပါလည်း၊ တည်ရာဌာန၊ ထူးပြားက၊ ဝိသေသတ္ထ ဟောမြဲတည်း"နှင့်အညီ သဒ္ဒါကို သာမညအားဖြင့် ဆိုသော်လည်း ထိုသာမည သဒ္ဒါကို အထူးပြုပေးသည့် သဒ္ဒါတစ်ခုအနီး၌ တည်သောကြောင့် သာမညသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို ဝိသေသအားဖြင့် ယူရခြင်းကို "သဒ္ဒန္တရသန္နိဓာန"ဟု ဆိုသည်။

ပုံစံ။ ။သနရာမရလောကဂရုံ-၌ လောကသဒ္ဒါသည် လောကသုံးပါးလုံးကို ဟောနိုင်သော သာမညသဒ္ဒါဖြစ်သော်လည်း "ဂရု"ဟူသော အထူးပြုပေးသည့် သဒ္ဒါ အနီး၌ရှိသောကြောင့် ယင်း၏အရ သတ္တလောကကိုသာ ယူရလေသည်။

## ၈။ သဒ္ဒန္တရပေါဟန

သဒ္ဒါတစ်ပါး၏ အနက်ကို တားမြစ် ကန့်ကွက်ခြင်းကို "သဒ္ဒန္တရပေါဟန" ဟု ခေါ်သည်။ "အညတ္ထာပေါဟန"ဟု ဋီကာများက သုံးကြသည်။

ပုံစံ။ ။ပုရိသော ဂစ္ဆတိ-၌ မိန်းမစသော အနက်ကို တားမြစ် ကန့်ကွက် လေသည်။

## ပုစ္ဆာနမူနာ

ပုထုဇဉ်သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ထုတ်ပြပါ။

"ပုထုဇဉ်သည် အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်"နှစ်မျိုးပြားပါသည်၊ ထိုတွင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ-စသည်တို့၌ သင်ယူခြင်း၊ မေးမြန်းခြင်း၊ ကြားနာခြင်း၊ ဆောင်ထားခြင်း၊ ဆင်ခြင်ခြင်း မရှိသော ပုထုဇဉ်သည် အန္ဓပုထုဇဉ် ဖြစ်ပါသည်၊ ရှိသော ပုထုဇဉ်သည် ကလျာဏပုထုဇဉ် ဖြစ်ပါသည်။

၈-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၉–နံပါတ် စည်းမျဉ်း

သတ်မှတ်ပေးသည့် အဋ္ဌကထာပါ အစီပွါယ်သွားအတိုင်း ဝုတ္တောဒယ ဆန်းကျမ်းလာ ဂါထာတစ်မျိုးမျိုးကို ကျနအောင် စီကုံးစေခြင်း။

**မှတ်ချက်။** ။အဋ္ဌကထာ၌ပါသော ဂါထာ၏ အမျိုးအမည်ကို မေးခြင်း၊ အနက်ယောဇနာစေခြင်းလည်း စပ်ဆိုင်ပါဝင်သည်။

### ၈–လုံးဖွဲ့ဂါထာ စီကုံးနည်း

၁။ "ဘူလမိ၊ နသိဘ၊ ယတိမ်သတ်၊ မတ်ဘုံဇေ၊ ဇနေပု၊ သုလိသ် ၇မ်ာမိ ကြတ်၊ တတ်အာသ၊ ဂိုဏ်းနတ် နက္ခတ်ရ"ဟူသော ဆောင်ပုဒ်အတိုင်း ဂိုဏ် ၈–ပါးနှင့် ဂရု၊ လဟု အနေအထားကို မှတ်သားထားပါ။

၂။ လေးပါဒရှိ၍ တစ်ပါဒ တစ်ပါဒမှာ အက္ခရာရှစ်လုံးစီ ရှိပါစေ။

၃။ ဆန်းစစ်လိုလျှင် ရှေ့ဆုံးအလုံးနှင့် နောက်ဆုံးအလုံးကို ပယ်၍ အလယ်ခြောက်လုံးကိုသာ နှစ်ဂိုဏ်းခွဲ၍ စစ်ရမည် ဖြစ်သောကြောင့် ပထမသုံးလုံးကို "ပထမဂိုဏ်းကွက်"ဟု လည်းကောင်း၊ ဒုတိယသုံးလုံးကို "ဒုတိယဂိုဏ်းကွက်"ဟု လည်းကောင်း မှတ်သားထားပါ။

၄။ လေးပါဒလုံး ပထမဂိုဏ်းကွက်မှာ သ၊ ဂိုဏ်း န၊ ဂိုဏ်းမှတစ်ပါး ကြိုက်ရာဂိုဏ်းကို ထားပါ။

၅။ ပထမ, တတိယ–ဟူသော ဝိသမနှစ်ပါဒ၌ ဒုတိယဂိုဏ်းကွက်မှာ ကြိုက်ရာဂိုဏ်း ထားပါ။

၆။ ဒုတိယ, စတုတ္ထ–ဟူသော သမနှစ်ပါဒ၌ ဒုတိယဂိုဏ်းကွက်၌ကား ဇ၊ ဂိုဏ်းကိုသာ အမြဲထားပါ။

၇။ ယ+ဇ

ယ+ဇ ဟု ဂိုဏ်းကွက်နေက ပဏ္ဍာဝတ္တဂါထာဟု အမည်ပေးပါ။

ယ+ဇ

ဘ+ဇ–ဟု ဂိုဏ်းကွက်နေက တတိယဘ၊ ကာရဝိပုလာဂါထာဟု အမည်ပေးပါ။

ဘ+ဇ

ယ+ဇ–ဟု ဂိုဏ်းကွက်နေက ပထမဘ၊ ကာရ ဝိပုလာဂါထာဟု အမည်ပေးပါ။

http://www.dhammadownload.com



ဘ+ဇ

ဘ+ဇ–ဟု ဂိုဏ်းကွက်နေက ဥဘယ ဘ, ကာရဝိပုလာဂါထာဟု အမည်ပေးပါ။ (ကျန်သော န, မ, ဇ, သ, ရ, တ–ဂိုဏ်းတို့၌လည်း နည်းတူပင်တည်း။)

ဘ+ဇ

န+ဇ–ဟု ဂိုဏ်းကွက်နေက ပထမ ဘ, ကာရ တုတိယ န, ကာရဝိပုလာဂါထာဟု အမည်ပေးပါ။

န+ဇ

ဘ+ဇ–ဟု ဂိုဏ်းကွက်နေက ပထမ န, ကာရ တတိယ ဘ, ကာရဝိပုလာဂါထာဟု အမည်ပေးပါ။ (ကျန်သော မ, ဇ, သ, ရ, တ–ဂိုဏ်းတို့၌လည်း နည်းတူပင်တည်း။)

ယ+ယ

ယ+ယ–ဟု ဂိုဏ်းကွက်နေက ဝတ္တဂါထာဟု အမည်ပေးပါ၊ သို့သော် အသုံးရှားလှသည်။

ပုံစံ။ ။အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဥ္စ သေဝနာ။

ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဤဂါထာသည် လေးပါဒလုံး ပထမဂိုဏ်းကွက်၌ သ, ဂိုဏ်း န, ဂိုဏ်လွတ်မြောက်၍ ပထမ, တတိယ ဝိသမနှစ်ပါဒ ဒုတိယဂိုဏ်းကွက်၌ ယ, ဂိုဏ်ရှိခြင်း၊ ဒုတိယ, စတုတ္ထ သမနှစ်ပါဒ ဒုတိယဂိုဏ်းကွက်၌ ဇ, ဂိုဏ်းရှိခြင်းဟူသော လက္ခဏာနှင့် ပြည့်စုံသောကြောင့် ပထျာဝတ္တဂါထာ ဖြစ်ပါသည်။

## နမူနာလေ့ကျင့်ခန်း

ဂါထာ ရေးတတ်လိုလျှင် လေ့ကျင့်ခြင်းထက် ကောင်းသောနည်း မရှိပြီ၊ ထို့ကြောင့် ရှေးခါ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌လာသော စုဏ္ဏိယစကားများ၊ ရှေးခါ မြန်မာစကားပြေများ၊ ရှေးခါ မြန်မာကဗျာများကို ပါဠိဂါထာ စီကုံးကြည့်ပါ။ ဤ၌ကား အဋ္ဌကထာလာ အကြောင်းအရာများကို ဂါထာစီကုံးပုံကို ပြပါမည်၊ အတုယူ၍ ကိုယ်ပိုင် လေ့ကျင့်ပါ။ သတိပြုရမည်ကား အဆင့်မီသော ဂါတာဖြစ်အောင် စီကုံးလိုသော်–

၁။ သဒ္ဒါအနေအထား မှန်ကန်စေရမည်။

၂။ သင့်သလို ချုံ့သင့်က ချုံ့ရမည်၊ ချဲ့သင့်က ချဲ့ရမည်။ ထည့်သင့်က ထည့်ရမည်၊ ဖြုတ်သင့်က ဖြုတ်ရမည်၊ ပုဒ်ပြောင်းသင့်က ပြောင်းရမည်၊ ပရိယာယ်ပြောင်းသင့်က ပြောင်းရမည်။

http://www.dhammadownload.com



ပုံစံ-၁။ ။ပဉ္စသတေဟိ ကတတ္တာ ပဉ္စသတာတိ စ၊ ထေရေဟေဝ ကတတ္တာ ထေရိကာတိ စ ဝုစ္စတိ-ကို ဂါထာစီပါ။ (သီဋ္ဌ၊ ၂၆)

သတေဟိ ပဉ္စဟိ ကတာ၊ တေန ပဉ္စသတာတိ စ။
ထေရေဟေဝ ကတတ္တာ စ၊ ထေရိကာတိ ပဝုစ္စတိ။
(ပထမ န, ကာရဝိပုလာ)

မှတ်ချက်။ ။ပဉ္စသတေဟိ-ကို သတေဟိ ပဉ္စဟိ-ဟု ချဲ့ထားပုံ၊ ကတတ္တာချင်း တူပါလျက် ပုဗ္ဗဒ္ဓ၌ ယေန၊ တေန-ဖြင့် ရေး၍ အပရဒ္ဓ၌ ဟိတ်ပါဌ်ဖြင့် ရေးပုံ၊ ဝုစ္စတိကို ပဝုစ္စတိဟု ရေးပုံတို့ကို အတုယူပါ။ သမနစ်ပါဒ ဒုတိယဂိုဏ်းကွက်မှာ ဇ, ဂိုဏ်းထားသည်ကို သတိပြုပါ။

ပုံစံ-၂။ ။သမဝါယေ ခဏေ ကာလေ သမူဟေ ဟေတုမှိ ဒိဋ္ဌိယံ ပဋိလာဘေ ပဟာနေ ပဋိဝေဓေ စ ဒိဿတိ၊-ကို ဂါထာစီကုံးပါ။ (သီဋ္ဌ၊ ၃၂)

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတု ဒိဋ္ဌိသု။
ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။ (ပထျာဝတ္တဂါထာ)

မှတ်ချက်။ ။ဟေတုမှိ ဒိဋ္ဌိယံ-တို့ကို သမာသ်ဖြင့် ချုံးထားပုံကို အတုယူပါ။

ပုံစံ-၃။ ။ဘဂဝါတိ ဝစနံ သေဋ္ဌံ ဟောတိ၊ ဘဂဝါတိ ဝစနံ ဥတ္တမံ ဟောတိ။ ဂရုဂါရဝယုတ္တော၊ တေန သော ဘဂဝါတိ ဝုစ္စတိ၊-ကို ဂါထာစီကုံးပါ။ (သီဋ္ဌ၊ ၃၄)

ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ။
ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။ (ပထျာဝတ္တဂါထာ)

မှတ်ချက်။ ။ပထမပါဒ၌ ၉-လုံး၊ ဒုတိယပါဒ၌ ၁၀-လုံးဖြစ်နေသော်လည်း မကဲ့ရဲ့ထိုက်၊ အချို့သော သံယောဂ်အက္ခရာများ ပါနေသောကြောင့် ဤသို့ စီကုံးနိုင်သည်။ ထို့အတူ အရိယ, စရိယ, ကရိယ-စသည်တို့၌ နှစ်လုံးပေါင်းကိုမှ ဂရုတစ်လုံးတည်းသာ ယူရသည်လည်း ရှိ၏။

အောက်ပါ စုဏ္ဏိယများကို ဂါထာစီကုံးကြည့်ပါ။

ယေ မာဏဝါ နရာ ဒေဝဒူတေဟိ စောဒိတာ ပမဇ္ဇန္တိ၊ တေ ဟီနကာယူပဂါ ဟုတွာ ဒီဃရတ္တံ သောစန္တိ။ (သီဋ္ဌ၊ ၃၆)

အဟံ ဝါရိဇံ န ဟရာမိ န ဘဉ္ဇာမိ၊ အာရကာဝ သိဃာမိ။ အထ ကေန ကာရဏေန ဂန္ဓတ္ထေနောတိ ဝုစ္စတိ။ (သီဋ္ဌ၊ ၃၉)

http://www.dhammadownload.com



ကုဇ္ဈိတော အတ္တံ န ဇာနာတိ၊ ဓမ္မမ္ပိ န ပဿတိ။ ယဒါ ကောဓော သဟတေ နရံ၊ တဒါ အန္ဓတမံ ဟောတိ။ (သီဠ၊ ၅၂)

သီလံ ယောဂိနော အလင်္ကာရော၊ သီလံ ယောဂိနော မဏ္ဍနံ၊ သီလေဟိ အလင်္ကတော ယောဂီ မဏ္ဍနေ အဂ္ဂဘာဝံ ဂစ္ဆတိ။ (သီဠ၊ ၅၅)

အာဒိစ္စဗန္ဓုနော ဗုဒ္ဓေန ဒွေ ပုထုဇ္ဇနာ ဝုတ္တာ၊ အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏော ပုထုဇ္ဇနော ဧကောတိ။ (သီဠ၊ ၅၈)

ဓမ္မော စ အဓမ္မော စာတိ ဒွေ သမဝိပါကိနော န ဟောန္တိ။ အဓမ္မော နိရယံ နေတိ၊ ဓမ္မော သုဂတိံ ပါပေတိ။ (သီဠ၊ ၉၂)

ဉာတိမိတ္တာ စ သုဟဇ္ဇာ စ စိရပ္ပဝါသိံ ပုရိသံ ဒူရတော သောတ္ထိံ အာဂတံ သမာနံ အဘိနန္ဒန္တိ။ (သီဠ၊ ၁၁၉)

ဘိက္ခူ ဗုဒ္ဓဿ သုဘာသိတံ သုလပိတံ သာဓုသာဓူတိ အနုမောဒမာနာ သိရသာ သမ္ပဋိစ္ဆိံသု။ (သီဠ၊ ၁၁၉)

**အမှာ။** ။အခြားသော စုဏ္ဏိယများကိုလည်း ဤနည်းအတိုင်း တစ်နေ့ တစ်ဂါထာ လေ့ကျင့်သင့်ပါသည်။ ယင်းသို့ လေ့ကျင့်လျှင် စာမေးပွဲလည်း အောင်၊ နောင်လည်း ဂါထာစီကုံးတတ်၍ အကြောင်းအရာ အမျိုးမျိုးကို ဖွဲ့ဆိုနိုင်သော စာဆိုပညာရှိကြီး ဖြစ်ပါလိမ့်မည်။

## ဂါထာအမည်၊ ဆန်းအမည် ရွေးချယ်နည်း

**အမှာ။** ။ဆန်းကျမ်းလာ ဂါထာများစွာထဲမှ ပထျာအရိယာ, ဣန္ဒဝဇိရာ, ဥပေန္ဒဝဇိရာ, ဝံသဋ္ဌ, ဣန္ဒဝံသာ, ဥပဇာတိ, ဝသန္တတိလကာနှင့် ဝတ္တမျိုး ဂါထာများကိုသာ ပါဠိတော်, အဋ္ဌကထာတို့၌ အရေးအသားများပါသည်။ ထို့ကြောင့် ၎င်းအတွက်သာ ဤကျမ်း၌ စစ်ဆေးပုံပြပါမည်။ ကျန်သော ဂါထာများအတွက်မူ ကျမ်းရင်းမှသာ ယူကြပါ။

### ပထျာအရိယာဂါထာ လက္ခဏာ

**ပုဗ္ဗမှ၌**

၁။ ဂိုဏ်း ၈–ပါးရှိရမည်။

၂။ ဆဋ္ဌဂိုဏ်းသည် န, ဂိုဏ်းသော်လည်းကောင်း၊ ဇ, ဂိုဏ်းသော်လည်းကောင်း ဖြစ်ရမည်။

၃။ အဋ္ဌမဂိုဏ်းသည် ဂရုတစ်လုံးတည်း ဖြစ်ရမည်။

၄။ ပထမ, တတိယ, ပဉ္စမ, သတ္တမ–ဟူသော ဝိသမဂိုဏ်းကွက် လေးဌာန၌ ဇ, ဂိုဏ်း မထားရ။

http://www.dhammadownload.com



**ပရမှ၌**

၁။ ဂိုဏ်း ၈–ပါး ရှိရမည်။

၂။ ဆဋ္ဌမဂိုဏ်းသည် လဟုတစ်လုံးတည်း ဖြစ်ရမည်။

၃။ အဋ္ဌမဂိုဏ်းသည် ဂရုတစ်လုံးတည်း ဖြစ်ရမည်။

၄။ ပထမ, တတိယ, ပဥ္စမ, သတ္တမ–ဟူသော ဝိသမဂိုဏ်းကွက် လေးဌာန၌ ဇ, ဂိုဏ်း မထားရ။

**မှတ်ချက်။** ။ပထမပါဒနှင့် တတိယပါဒက လုံးရေနည်း၍ ဒုတိယပါဒနှင့် စတုတ္ထပါဒက လုံးရေများလျှင် "အရိယာဂါထာမျိုး"ဟု မှတ်ပါ။ အရိယာဂါထာ မျိုးကို ဆန်းစစ်ရာ၌ ပထမပါဒနှင့် ဒုတိယပါဒပေါင်း၍ "ပုဗ္ဗမှ"ဟု ခေါ်ပါ။ တတိယပါဒနှင့် စတုတ္ထပါဒပေါင်း၍ "ပရမှ"ဟု ခေါ်ပါ။ ထိုအရိယာဂါထာ၌ ၄–မတြာလျှင် တစ်ဂိုဏ်းဟု စစ်ရသောကြောင့် ၄–မတြာရှိသော ဘ, ဇ, သ, မ, န– ဟူသော ဂိုဏ်း၅–ပါးသာ ရှိနိုင်သည်ကို နားလည်ထားပါ။ ၄င်းတို့ထဲမှ မည် သည့်ဂိုဏ်းကွက်တွင် မည်သည့်ဂိုဏ်းများ ရှိရမည်ဆိုသည်ကို လက္ခဏာကို ကြည့်၍ သိပါ။

**ပုံစံ**

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတတမောဟတမံ။

သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

**ဆန်းစစ်ပုံ**

ပုဗ္ဗမှ၌ ကရုဏာ ပထမ (သ) ဂိုဏ်း၊ သီတလ ဒုတိယ (ဘ) ဂိုဏ်း၊ ဟဒယံ တတိယ (သ) ဂိုဏ်း၊ ပညာ စတုတ္ထ (မ) ဂိုဏ်း၊ ပဇ္ဇော ပဥ္စမ (မ) ဂိုဏ်း၊ တဝိဟတ ဆဋ္ဌ (န) ဂိုဏ်း၊ မောဟတ သတ္တမ (ဘ) ဂိုဏ်း၊ မံ အဋ္ဌမဂရု။

ပရမှ၌ သနရာ ပထမ (သ) ဂိုဏ်း၊ မရလော ဒုတိယ (သ) ဂိုဏ်း၊ ကဂရုံ တတိယ (သ) ဂိုဏ်း၊ ဝန္ဒေ စတုတ္ထ (မ) ဂိုဏ်း၊ သုဂတံ ပဥ္စမ (သ) ဂိုဏ်း၊ ဂ ဆဋ္ဌလဟု၊ တိဝိမုတ် သတ္တမ (သ) ဂိုဏ်း၊ တံ့ အဋ္ဌမဂရု။

ဤသို့လျှင် ပုဗ္ဗမှ၌ ဂိုဏ်း ၈–ပါးရှိခြင်း ။ ပ ။ ပရမှ၌ ဂိုဏ်း ၈–ပါးရှိခြင်း ။ ပ ။ ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်အပြင် ပထမ တတိယနှစ်ပါဒသည် သုံးဂိုဏ်းဖြင့် ပြတ်သောကြောင့် "ပထျာအရိယာဂါထာ" ဖြစ်သည်။

ဆဋ္ဌောခိလလဟုဇောဝါ၊ ဂယုတာညေ ဆဂ္ဂဏာ န ဇော ဝိသမေ။

အရိယာယန္တမေ လော၊ ဆဋ္ဌောန္တေ ဂေါ ဂဏာ ဆညေ။

(အာဒိမမထပါဒယုဂံ၊ ယဿာ တျံသေဟိ သာ ပထျာ။)

http://www.dhammadownload.com



**ဆောင်။** ၁။ မတြာလေး၀၊ တစ်ဂိုဏ်းပြ၊ ရိယဂါထာမှာ။
၂။ ပ–တတိယ၊ သုံးဂိုဏ်းချ၊ ဒု–စ ငါးမှတ်ရာ။
၃။ ပုဗ္ဗမှာ၊ ဂိုဏ်းရှစ်ဖြာတွင်၊ သမာမည်ရ၊ ဒုနှင့်စဒ္ဓ၊
မ, သ, ဇ, ဘ, နာ၊ ဝိသမာလေး၀၊ ဇ, ပယ်ရ၏။
ဆဠ ဇ, နာ၊ ဆုံးမှာဂရု၊ မှတ်ရှုပုဗ္ဗဒ်၊ အပရဒ်မှာ၊ ဆဠဌာန၊
လဟုချ၊ ဤမျှ ထူးရုံသာ။
၄။ ပ–တတိယ၊ သုံးဂိုဏ်းကျ၊ ပြတ်က ပထျာ။
၅။ မပြတ်တုံငြား၊ ကျော်ခုန်သွား၊ မှတ်သား ဝိပုလာ။

**အမှာ။** ။သီလက္ခန် အဋ္ဌကထာနိဒါန်း ဂါထာများသည် အရိယာမျိုး ဂါထာများ ဖြစ်ကြသည်၊ လက်တွေ့ စစ်ကြည့်ပါ၊ တတ်နိုင်လျှင် ရေးကြည့်ပါ၊ အလေ့အကျင့်ရှိလျှင် မခက်ပါ။

## ဣန္ဒဝဇိရာဂါထာစသည်တို့၏ လက္ခဏာ

လေးပါဒလုံး အက္ခရာတူနေလျှင် တတိယပိုင်းလာ ဣန္ဒဝဇိရာ–စသော ဂါထာများ ဖြစ်ကြသည်။ ထိုဂါထာများ၌ အက္ခရာသုံးခု တစ်ဂိုဏ်းပြု၍ စစ်ရသည်။

## ဣန္ဒဝဇိရာ

ဣန္ဒာဒိကာ တာ ဝဇိရာ ဇ ဂါ ဂေါ–နှင့်အညီ လေးပါဒလုံး တ, တ, ဇ, ဂိုဏ်း, ဂရု, ဂရုတို့ဖြင့် စီကုံးရသော ဂါထာသည် "ဣန္ဒဝဇိရာဂါထာ"မည်၏။

**ဣန္ဒဝဇိရာပုံစံ။** ။ယံ, ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

**အမည်ပေးပုံ။** ။ဤဂါထာသည် ပါဒတိုင်း ပါဒတိုင်း တ, ဂိုဏ်း နှစ်ခု ဇ, ဂိုဏ်း တစ်ခု, ဂရုနှစ်လုံးတို့ဖြင့် စီကုံးထားသောကြောင့် "ဣန္ဒဝဇိရာဂါထာ" ဖြစ်သည်။ ၁၁–လုံးဖွဲ့ဖြစ်သောကြောင့် "တိဋ္ဌုဘာဆန်း"ဖြစ်ပါသည်။

**စစ်ကြည့်ပါ။** ။ဒိသွာ သုဝဏ္ဏဿ ပဘာဿရာနိ၊
ကမ္မာရပုတ္တေန သုနိဋ္ဌိတာနိ။
သံဃဋ္ဋမာနာနိ ဒုဝေ ဘုဇသ္မိံ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

http://www.dhammadownload.com



## ဥပေန္ဒဝဇိရာ

ဥပါဒိကာ သာဝ ဇ,တာ ဇ,ဂါ ဂေါ–နှင့်အညီ ၄–ပါဒလုံး ဇ,ဂိုဏ်း တ,ဂိုဏ်း ဇ,ဂိုဏ်း, ဂရု, ဂရုတို့ဖြင့် စီကုံးရသောဂါထာသည် "ဥပေန္ဒဝဇိရာဂါထာ" မည်၏။ "တ–တာ–ဇ–ဂဂါ၊ ဣန္ဒဝဇိရာ၊ ဇ–တာ–ဇ–ဂ–ဂါ၊ ဥပေန္ဒာ"ဟု ဆောင်ပုဒ်ပြုထားပါ။

**ဥပေန္ဒဝဇိရာပုံစံ။** ။ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဓိ။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။

**အမည်ပေးပုံ။** ။ဤဂါထာသည် ပါဒတိုင်း ပါဒတိုင်း "ဇ,ဂိုဏ်း တ,ဂိုဏ်း ဇ,ဂိုဏ်း ဂရု ဂရု"တို့ဖြင့် စီကုံးထားသောကြောင့် "ဥပေန္ဒဝဇိရာဂါထာ" ဖြစ်ပါသည်။ ဆယ့်တစ်လုံး ဖွဲ့သောကြောင့် "တိဋ္ဌုဘာဆန်း"ဖြစ်ပါသည်။

**စစ်ကြည့်ပါ။** ။တုဝဋ္ဋိ လောကဿ သဒေဝကဿ၊
ဂတိံ ပဇာနာတိ ပရာယဏဉ္စ။
န စတ္ထိ တုလျော နိပုဏတ္ထဒဿီ၊
တုဝဋ္ဋိ ဗုဒ္ဓံ ပဝရံ ဝဒန္တိ။ (သုတ္တနိပါတ်၊ ၃၃၅)

## ဝံသဋ္ဌဂါထာ

"ဝဒန္တိ ဝံသဋ္ဌမိဒံ ဇတာ ဇရာ"နှင့်အညီ လေးပါဒလုံး "ဇ,ဂိုဏ်း တ,ဂိုဏ်း ဇ,ဂိုဏ်း ရ,ဂိုဏ်း"တို့ဖြင့် စီကုံးရသောဂါထာသည် "ဝံသဋ္ဌဂါထာ"ဖြစ်၏။ ဥပေန္ဒဝဇိရာဂါထာနှင့် နှိုင်းယှဉ်ကြည့်ပါ။

**ဝံသဋ္ဌပုံစံ။** ။တထာဂတော ယော ကရုဏာကရော ကရော၊
ပယာတမောသဇ္ဇ သုခပ္ပဒံ ပဒံ။
အကာ ပရတ္ထံ ကလိသမ္ဘဝေ ဘဝေ၊
နမာမိ တံ ကေဝလ ဒုက္ကရံ ကရံ။

**အမည်ပေးပုံ။** ။ဤဂါထာသည် လေးပါဒလုံး "ဇ,ဂိုဏ်း တ,ဂိုဏ်း ဇ,ဂိုဏ်း ရ,ဂိုဏ်း"တို့ဖြင့် စီကုံးထားသောကြောင့် "ဝံသဋ္ဌဂါထာ"ဖြစ်ပါသည်။ အက္ခရာ ၁၂–လုံးစီ ရှိသောကြောင့် "ဇဂတီဆန်း"ဖြစ်ပါသည်။

http://www.dhammadownload.com



**စစ်ကြည့်ပါ။** ။ဂတံ မုနိန္ဒောရုသသူနုတံ နုတံ၊
သုပုညကမ္မတ္တံ ဘဝနေ သုတံ သုတံ။
ဂဏာမ္ဗိ ပါဏီကတ–သံဝရံ ဝရံ၊
သဒါ ဂုဏောဃေန နိရန္တရန္တရံ။

## ဣန္ဒဝံသာဂါထာ

သာ ဣန္ဒဝံသာ ခလု ယတ္ထ တာ ဇရာ–နှင့်အညီ "တ, ဂိုဏ်း တ, ဂိုဏ်း ဇ, ဂိုဏ်း ရ, ဂိုဏ်း"တို့ဖြင့် စီကုံးရသော ဂါထာသည် "ဣန္ဒဝံသာဂါထာ"မည်၏။ ဣန္ဒဝဇိရာဂါထာနှင့် နှိုင်းယှဉ်ကြည့်ပါ။ ပုံစံ ရှားလှသည်။

## ဥပဇာတိ

ဣန္ဒဝဇိရာ, ဥပေန္ဒဝဇိရာ, ဝံသဋ္ဌ, ဣန္ဒဝံသာ–ဂါထာတို့ကို ရော၍စီကုံးလျှင် "ဥပဇာတိဂါထာ"ဟု ခေါ်သည်။ အများအားဖြင့်ကား ဣန္ဒဝဇိရာနှင့် ဥပေန္ဒဝဇိရာကိုလည်းကောင်း၊ ဝံသဋ္ဌနှင့်ဣန္ဒဝံသာကိုလည်းကောင်း ရော၍ စီကုံးတတ်သည်။ အနည်းအကျဉ်းအားဖြင့်ကား အထက်ဂါထာနှစ်ပါးနှင့် အောက်ဂါထာနှစ်ပါး ကိုလည်း ရော၍ စီကုံးတတ်သည်ပင်။ ဤကျမ်း၌ ပြမထားသော အခြားဂါထာများကို ရော၍ ရေးလျှင်လည်း ဥပဇာတိပင်တည်း။

### ဣန္ဒဝဇိရာနှင့် ဥပေန္ဒဝဇိရာ ရောသော ဥပဇာတိဂါထာ

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ (စစ်ကြည့်ပါ)

### ဝံသဋ္ဌနှင့် ဣန္ဒဝံသာ ရောသော ဥပဇာတိဂါထာ

ယထေဝ လောကမှိ ဝိပဿိအာဒယော၊
သဗ္ဗညုဘာဝံ မုနယော ဣဓာဂတာ။
တထာ အယံ သကျမုနီပိ အာဂတော၊
တထာဂတော ဝုစ္စတိ တေန စက္ခုမာ။ (စစ်ကြည့်ပါ)

### မျိုးစုံရော ဥပဇာတိဂါထာ

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညမာဟု၊

http://www.dhammadownload.com



သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ (စစ်ကြည့်ပါ)

**ဝသန္တတိလကာ ဂါထာ**

ဝုတ္တာ ဝသန္တတိလကာ တဘဇာ ဇဂါ ဂေါ–နှင့်အညီ လေပါဒလုံး "တ,ဂိုဏ်း ဘ,ဂိုဏ်း ဇ,ဂိုဏ်း ဇ,ဂိုဏ်း ဂရု ဂရု"တို့ဖြင့် စီကုံးရသော ဂါထာသည် "ဝသန္တတိလကာဂါထာ"မည်၏။ ဤဂါထာသည် အလွန်အသုံးများလေသည်။

**ဝသန္တတိလကာပုံစံ။** ။သေဋ္ဌံ တိလောကမဟိတံ အဘိဝန္ဒိယဂ္ဂံ၊
ဗုဒ္ဓဉ္စ ဓမ္မမလံ ဂဏမုတ္တမဉ္စ၊
သတ္ထုဿ တဿ ဝစနတ္ထဝရံ သုဗုဒ္ဓုံ၊
ဝက္ခာမိ သုတ္တဟိတမေတ္တ သုသန္ဓိကပ္ပံ။

**အမည်ပေးပုံ။** ။ဤဂါထာသည် ပါဒတိုင်း ပါဒတိုင်း "တ,ဂိုဏ်း ဘ,ဂိုဏ်း ဇ,ဂိုဏ်း ဇ,ဂိုဏ်း ဂရု ဂရု–တို့ဖြင့် စီကုံးထားသောကြောင့် "ဝသန္တတိလကာဂါထာ"ဖြစ်ပါသည်။ အက္ခရာ ၁၄–လုံးစီ ရှိသောကြောင့် "သက္ကရီဆန်း" ဖြစ်ပါသည်။

**ပုံစံတစ်မျိုး။** ။သေလန္တရာယတနဝါသိကသီလထေရ၊
ပါဒေါ ဂရုဂ္ဂုဏာဂရုဇ္ဈယတံ မမေသော၊
ယဿပ္ပဘာဝမလမ္ဗ မယေဒိသောပိ၊
သမ္မာဒိတော ဘိမတသိဒ္ဓိကရော ပရတ္တော။ (စစ်ကြည့်ပါ)

**အမှာ။** ။ဝတ္တမျိုး ဂါထာတို့၌ ဆန်းစစ်ပုံကို အထူးရေးဖွယ် မလိုပြီ။ ရေးတတ်လျှင် စစ်တတ်တော့သည်။

၉–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၁၀–နံပါတ် စည်းမျဉ်း

အဋ္ဌကထာပါဌ်ကို စွဲ၍ ဌာယီဘာဝ–စသော ဘာဝါလင်္ကာရကို မေးခြင်း။

## ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ

စိတ်၏ဖြစ်ခြင်း၊ ထူးအခြင်းကို၊ ဘာဝဆိုလော့။ ထို၏မူလာ၊ အကြောင်းမှာမူ၊ အာရမဏ၊ အကြောင်းဖျားကမူ၊ ဥဒ္ဒီပဟူ၍၊ နှစ်ဆူဝိဘာဝ၊ ကောက်ယူကြလော့။ ဘာဝ သိ႔ူ၊ အကျိုးစုမှာ၊ နုဘာဝသည်–ဘာဝါလင်္ကာရ ထုတ်နည်းတည်း။ (အလင်္ကာပန်းကုံး)

အဓိပ္ပါယ်။ ။အာရုံတစ်ခုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စိတ်၏ ဖြစ်ပုံအထူးကို "ဘာဝ"ဟုခေါ်သည်။ "ဌာယီဘာဝ၊ ဗျာဘိစာရီဘာဝ၊ သတ္တိကာ ဘာဝ"ဟု သုံးပါး ရှိသော်လည်း ဤ၌ ဌာယီဘာဝကိုသာ ပြမည်။ ထို့ကြောင့် ဘာဝ–ဟူရာ၌ ဌာယီဘာဝဟုသာ မှတ်ပါ။

ထိုဘာဝ၏ လိုရင်းမူလ ပဓာနအကြောင်းကို "အာရမ္မဏဝိဘာဝ"ဟု ခေါ်သည်။ ထိုဘာဝ၏ အခြံအရံမျှဖြစ်သော, ထိုဘာဝကို တိုးပွားစေတတ်သော အကြောင်းကို "ဥဒ္ဒီပနဝိဘာဝ"ဟု ခေါ်သည်။ ထိုဝိဘာဝကို သိစေတတ်သော ကိုယ်အမူအရာ နှုတ်အမူရာဟု ဆိုအပ်သော အကျိုးအရပ်ရပ်ကို "အနုဘာဝ"ဟု ခေါ်သည်။

ဥပမာ– ကြီးမား၍ မည်းနက်နေသော ခွေးကြီးတစ်ကောင်ကို မြင်၍ ကြောက်လန့် အော်ဟစ်သော အခါမျိုး၌ ကြောက်လန့်ခြင်းသည် ဘာဝဖြစ်၏၊ ခွေးကြီးသည် အာရမဏဝိဘာဝ ဖြစ်၏၊ ထိုခွေးကြီး၏ ကြီးမားခြင်း, မည်းနက်ခြင်းသည် ဥဒ္ဒီပနဝိဘာဝဖြစ်၏၊ ကြောက်လန့်သောကြောင့် အော်ခြင်း, ထွက်ပြေးခြင်းစသည် သည် အနုဘာဝဖြစ်၏။

ဤသို့ စသည်ဖြင့် ဘာဝါလင်္ကာရ ထုတ်ခြင်းသည် အခက်အခဲ မဟုတ်ပါ။ လောကသဘာဝကို နားလည်လျှင် အလွယ်ပင် ထုတ်တတ်ပါသည်။ ပြထားသော ပုံစံများကို သဘာဝကျကျ လေ့လာကြည့်ရှု အတုယူပါ။

## ဌာယီဘာဝ ကိုးပါး

ရတိ ဟာသော စ သောကော စ၊ ကောဓုဿာဟဘာယမ္ပိ စ။
ဇိဂုစ္ဆာ ဝိမှယော စေဝ၊ သမော စ နဝ ဌာယိနော။

http://www.dhammadownload.com



## ရသကိုးပါး

သိင်္ဂါရဟာသကရုဏာ၊ ရုဒ္ဒဝီရဘာယာနကာ။
ဗီဘစ္ဆဗ္ဘုတ သန္တာ စ၊ ရသာ ဌာယီန နုက္ကမာ။

## ဌာယီဘာဝကိုးပါးနှင့် ရသကိုးပါး တွဲစပ်ပုံ

| ဌာယီဘာဝ | ရသ | သဘောနှင့် တရားကိုယ် အရကောက် |
|---|---|---|
| ၁။ ရတိ | သိင်္ဂါရ | ချစ်ခင်နှစ်သက်ခြင်း၊ ဝါ–တဏှာ။ (အချို့အရာ၌ ပီတိ) |
| ၂။ ဟာသ | ဟဿ | ရယ်ရွှင်ဝမ်းမြောက်ခြင်း၊ ဝါ–သောမနဿ။ (အချို့အရာ၌ မုဒိတာ) |
| ၃။ သောက | ကရုဏာ | စိုးရိမ်ပူဆွေးခြင်း၊ ဝါ–ဒေါမနဿ။ |
| ၄။ ကောဓ | ရုဒ္ဒ | ကြမ်းကြုတ်ခက်ထန်ခြင်း၊ ဝါ–ဒေါသ။ |
| ၅။ ဥဿာဟ | ဝီရ | ရဲရင့်အားထုတ်ခြင်း၊ ဝါ–ဝီရိယ။ |
| ၆။ ဘယ | ဘယာနက | ကြောက်ရွံ့ခြင်း၊ ဝါ–တွန့်ဆုတ်သော ဒေါသ။ |
| ၇။ ဇိဂုစ္ဆာ | ဗီဘစ္ဆ | စက်ဆုတ်ခြင်း၊ ဝါ–တွန့်ဆုတ်သော ဒေါသ။ |
| ၈။ ဝိမှယ | အဗ္ဘုတ | အံ့ဩခြင်း၊ ဝါ–ဆန္ဒ။ (အချို့အရာ၌ ပီတိ၊ သောမနဿ) |
| ၉။ သမ | သန္တ | ငြိမ်းအေးခြင်း၊ ဝါ–ပဿဒ္ဓိ။ (အချို့အရာ၌ သမာဓိ) |

## ဆင့်ပွား အပြားများ

သိင်္ဂါရသည်–"ကာမ, ဓမ္မ"ဟု ၂–မျိုးပြား၏။
ဟဿသည်– "သောမနဿ, မုဒိတာ"ဟု ၂–မျိုးပြား၏။
ကရုဏာသည်– "ကာမ, ဓမ္မ"ဟု ၂–မျိုးပြား၏။
ဝီရသည်– "ယုဒ္ဓ, ဒါန, ဒယာ"ဟု ၃–မျိုးပြား၏။
ဗီဘစ္ဆသည်– "ရုဓိရ, ပူတိ, ဝိရာဂ"ဟု ၃–မျိုးပြား၏။

**အမှာ။** ။အောက်ပါ ပုံစံတို့၌ ဆိုရိုးပြုထားပုံကို သေချာစွာ လေ့လာကြည့်ရှုပါ၊ ထုတ်ပုံစည်းမျဉ်းကို အရကျက်ထားနိုင်လျှင် အလွန်ကောင်းသည်။ အလင်္ကာပန်းကုံးဆရာ၏ ၄င်းဆောင်ပုဒ်ကို ကျက်ထားပါက တွေ့သမျှ ထုတ်တတ်ကြပါလိမ့်မည်။

http://www.dhammadownload.com



## အမှတ်–၁၊ ရတိဋ္ဌာယီဘာဝနှင့် သိဂ်ါရရသ ထုတ်ပုံ

နှစ်သက်ချင်းချင်း၊ စွဲမက်ခြင်းမှာ၊ ရတိသာတည်း။ အာရမဏ၊ ဝိဘာဝမူ၊ ကျား, မ ကေန်၊ စင်စစ်မှန်ရှင့်။ ပျော်ရန်ကောင်းလှ၊ ရပ်ဒေသနှင့်၊ ကမ္ဘ ဆိုမူ၊ တီးမှု ဆည်းဆာ၊ တန်ဆာ ဝတ်စား၊ စသည်များမှာ၊ ဝိဘာဥဒ္ဒီ၊ ဖြစ်လေပြီတည်း။ ဌာယီကြောင့်သာ၊ ဖြစ်ပေါ်လာသည့်၊ နှစ်ဖြာကိုယ်မူ၊ နှုတ်အမူကို၊ အနုဘာဝ၊ မှတ်ယူရသည့်... ထုတ်ကြ လေတော့ မခဲတည်း။

**အဓိပ္ပါယ်။** ။ယောကျ်ားနှင့် မိန်းမတို့ အချင်းချင်း စွဲမက်ချစ်ခင်ခြင်းကို "ရတိဋ္ဌာယီဘာဝ"ဟု ခေါ်သည်။ ထိုရတိဋ္ဌာယီဘာဝ၌ ယောကျ်ားအဖို့ မိန်းမကို လည်းကောင်း၊ မိန်းမအဖို့ ယောကျ်ားကိုလည်းကောင်း "အာရမဏဝိဘာဝ"ထုတ် ရမည်။ ပျော်ရန်ကောင်းသော အရပ်ဒေသ, ကခြင်း, သီခြင်း, တီးခြင်း, လှပသော ဝတ်စားတန်ဆာ, သာယာသော ဆည်းဆာချိန် စသည်တို့ကို "ဥဒ္ဒီပနဝိဘာဝ" ထုတ်ရမည်။ ရတိဋ္ဌာယီဘာဝအစွမ်းကြောင့် ဖြစ်ပေါ်လာသော လည်ဖက်ခြင်း၊ နမ်းရှုပ်ခြင်း စသော အမူအရာများကို "အနုဘာဝ"ထုတ်ရမည်။ ဤသို့ အဓိပ္ပါယ် ပြန်ယူပါ။ နောက်ဆောင်ပုဒ်များလည်း ဤနည်းအတူ အဓိပ္ပါယ်ပြန်ယူပါ။

**အမှာ။** ။"ကာမ, ဓမ္မ"ဟု ၂–ပါးပြားသည်ကို သတိထားပါ။

### (က) ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိဂ်ါရ ရသ

သုဝဏ္ဏစိရဝသနေ၊ ဇာတရူပသုမေခလေ။
သုသောဏိ တဝ ဏှာမာ ဟိ၊ နာဟံ ရဇ္ဇေန မတ္ထိကော။

**အဓိပ္ပါယ်။** ။ရွှေခြည်ထိုးထဘီကို ဝတ်ဆင်ထားသော, ရွှေခါးကြိုးကို ပတ်ထားသော, ခါးနှင့်တင် လှပသော အို ... ပဘာဝတီ၊ သင့်ကို အလိုရှိခြင်း ကြောင့် ငါသည် မင်းအဖြစ်ကိုပင် မလိုချင်တော့ပြီ။ (နောက်ဂါထာများ၌လည်း ဤသို့ပင် ဘာသာပြန်ထားပါ။)

၁။ ကုသမင်း၏ ပဘာဝတီကို ချစ်ခင်စုံမက်ခြင်းသည် ရတိဋ္ဌာယီဘာဝ။
၂။ ပဘာဝတီမင်းသမီးသည် အာရမဏဝိဘာဝ။
၃။ ပဘာဝတီ၏ အဝတ်, ခါးကြိုး, တင့်တယ်သောခါးသည် ဥဒ္ဒီပနဝိဘာဝ။
၄။ "မင်းအဖြစ်ကို အလိုမရှိ"ဟု ဆိုခြင်းသည် အနုဘာဝ။
၅။ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝ သည်ပင် သိဂ်ါရရသ။

**အမှာ။** ။အမှတ်–၅ ရသထုတ်ရာ၌ ဆိုရိုးပြုပုံကို မှတ်ပါ။ "တိုးပွားစေ အပ်သော"ဟု ဆိုမည့်အစား "သာယာဖွယ်အဖြစ်သို့ ဆောင်အပ်သော"ဟု ဆိုလျှင်လည်း မှန်သည်ပင်။

http://www.dhammadownload.com



**(ဓ) ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရ ရသ**

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ၊
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

၁။ ပဏာမစေတနာနှင့်တကွသော ပီတိသည် ရတိဋ္ဌာယီဘာဝ။
၂။ ဘုရားရှင်ဒြပ်တော်သည် အာရမဏဝိဘာဝ။
၃။ ကရုဏာသီတလဟဒယတာစသော ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ။
၄။ ပသာဒ္ဓိစသည်တို့သည်လည်းကောင်း၊ အန္တ ရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း သည်လည်းကောင်း အနုဘာဝ။
၅။ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝ သည်ပင် သိင်္ဂါရရသ။

**မှတ်ချက်။** ။ဤပုံစံကို သမဋ္ဌာယီဘာဝ သန္တ ရသတို့ကို သိခြားမပြသော ကျမ်းများ၏အလိုသို့ လိုက်၍သာ "ဓမ္မသိင်္ဂါရရသပုံစံ"ဟု ဆိုလိုက်ရသည်၊ သမဋ္ဌာယီဘာဝ သန္တ ရသတို့ကို သီးခြားပြသော သုဗောဓာလင်္ကာရကျမ်းအလို အားဖြင့်ကား သန္တ ရသပုံစံသာတည်း။ သို့သော် အများကပင် ဓမ္မသိင်္ဂါရရသ ကိုလည်း လက်ခံနေသောကြောင့် အများအလိုသို့ လိုက်၍ "ဓမ္မသိင်္ဂါရရသ"ဟုပင် အတည်ပြုကြပါစို့။

---

## အမှတ်–၂၊ ဟာသဋ္ဌာယီဘာဝ၊ ဟဿရသ

ရယ်ရှင်ခြင်းမှု၊ ဟာသယူလော့။ မှုရာဖောက်ပြား၊ ဝတ္ထုများမှာ၊ အာရမဏ၊ ဝိဘာဝတည်း။ ဖောက်ထမှုရာ၊ စသည်မှာလျှင်၊ ဥဒ္ဒီတွင်ဘိ။ မျက်စိမှိတ်မှု၊ နှုတ်လှုပ်မှုမှာ၊ အနုဘာသည်၊ ထုတ်ပါလေတော့ မခဲတည်း။

**အမှာ။** ။"သောမနဿ, မုဒိတာ"ဟု နှစ်မျိုးပြားသည်ကို သတိထားပါ။

**(က) သောမနဿဟာသဋ္ဌာယီဘာဝ၊ ဟဿရသပုံစံ**

ကော န ဝဒ္ဓိတဘတ္တော၀၊ ပူရဟတ္ထော၀ ဗြာဟ္မဏော။
ကဟံ န ဘိက္ခံ အစရိ၊ ကံ သဒ္ဓံ ဥပသင်္ကမိ။

၁။ ဘုရားအလောင်း၏ ရယ်ခြင်းသည် ဟာသဋ္ဌာယီဘာဝ။
၂။ မျောက်သည် အာရမဏဝိဘာဝ။
၃။ အင်္ဂါဇာတ်ကို ခဲထားသည့် လိပ်ကြီးကို မ, ယူလာသည့် အမူအရာသည် ဥဒ္ဒီပနဝိဘာဝ။

http://www.dhammadownload.com



၄။ ဤဂါထာကို ရွတ်ဆိုမေးမြန်းခြင်းဟူသော ဝါစသိကဗျာပါရသည် အနုဘာဝ။

၅။ ဤဂါထာကို နားထောင်သူ၏ သန္တာန်၌ဖြစ်သော နှစ်သက်သဘောကျမှုသည် ဟာသရသ။

(ခ) မုဒိတာဟာသဋ္ဌာယီဘာဝ၊ ဟာသရသပုံစံ

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။

၁။ မုဒိတာပြခါန်းသော စိတ္တုပ္ပါဒ်သည် ဟာသဋ္ဌာယီဘာဝ။

၂။ ချမ်းသာစွာ ရောက်လာသော ယောက်ျားသည် အာရမဏဝိဘာဝ။

၃။ ကြာမြင့်စွာ ကွဲကွာနေခြင်း၊ ဘေးကင်းစွာ ပြန်လာခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

၄။ ရွှင်ပျကြည်လင်သော အမူအရာသည် အနုဘာဝ။

၅။ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဟာသဋ္ဌာယီဘာဝသည်ပင် ဟာသရသ။

## အမှတ်-၃၊ သောကဋ္ဌာယီဘာဝ၊ ကရုဏာရသ

စိုးရိမ်ခြင်းကို၊ သောကဆိုလော့။ အလိုရှိအပ်၊ မရှိအပ်ဟု၊ နှစ်ရပ်ဝတ္ထု၊ အစုစုမှာ၊ အာရမ်သာတည်း။ ကွဲကွာပျက်ပြား၊ ဆုံရငြားဟု၊ မှတ်သား ကမ၊ ဥဒ္ဒီပတည်း။ ငိုရခြင်းရာ၊ သညာပျောက်ကင်း၊ တောင့်တင်းစစွာ၊ နုဘာဝါသည်... ထုတ်ပါလေတော့ မခဲတည်း။

အမှာ။ ။ကာမ, ဓမ္မ-ဟု နှစ်ပါးပြားကြောင်းကို သတိထားပါ။

(က) ကာမသောကဋ္ဌာယီဘာဝ၊ ကရုဏာရသ ပုံစံ

တတော ဝေဿန္တရော ရာဇာ၊ ဒါနံ ဒတွာန ခတ္တိယော။
ပဏ္ဏသာလံ ပဝိသိတွာ၊ ကလူနံ ပရိဒေဝယိ။

၁။ ဝေဿန္တရာမင်း၏ ပူဆွေးဝမ်းနည်းမှုသည် သောကဋ္ဌာယီဘာဝ။

၂။ သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့သည် အာရမဏဝိဘာဝ။

၃။ ပုဏ္ဏား၏ ညှာတာမှုကင်းမဲ့စွာ ရိုက်နှက်ခေါ်ငင်ခြင်း၊ သားတော် သမီးတော်တို့ ငိုကြွေးကြခြင်းသည် ဥဒ္ဒီပနဝိဘာဝ။

၄။ ဝေဿန္တရာမင်း၏ ငိုကြွေးမြည်တမ်းခြင်း၊ လေး, မြှားတို့ကို ဆွဲ၍ သားတော် သမီးတော်တို့ကို လုရန်ကြံစည်ခြင်းသည် အနုဘာဝ။

၅။ ဤအကြောင်းအရာကို ဇာတ်ပွဲအဖြစ် ကပြရာ၌ ပွဲကြည့်သူ၊ ဇာတ်တော်ကို သင်ယူ နားထောင်သူတို့၏ သန္တာန်၌ဖြစ်သော သနားခြင်းသည် ကရုဏာရသ။

http://www.dhammadownload.com



**အမှာ။** ။ရသထုတ်ပုံကို သတိပြုပါ။ ဒုက္ခသဘောရှိသော ကရုဏာရသ, ရုဒ္ဒရသ, ဘယာနကရသ, ဗီဘစ္ဆရသ–တို့၌ ရသတိုက်ရိုက် မရနိုင်သောကြောင့် ဤကဲ့သို့ထုတ်ရခြင်း ဖြစ်သည်။

**(ခ) ဓမ္မသောကဌာယီဘာဝ၊ ကရုဏာရသ ပုံစံ**

နေဝါဟမဏ္ဍာနမနုဋ္ဌနာမိ၊ န ပုတ္တဒါရံ န ဓနံ န ရဋ္ဌံ။
သတဥ္စ ဓမ္မော ပုရာဏော စရိတော၊ တံ သက်ရံ ဖြာဟွဏာသာနုတပ္ပေ။

၁။ အချိန်းအချက်စကား ပျက်မည်မှ စိုးရိမ်ခြင်းသည် သောကဌာယီဘာဝ။
၂။ စကားသည်လည်းကောင်း၊ ပုဏ္ဏားသည်လည်းကောင်း အာရမဏဝိဘာဝ။
၃။ ချိန်းချက်ထားခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
၄။ အချိန်းအချက် ပျက်မည်မှ ပူပန်လှပါသည်ဟု ဆိုခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

---

## အမှတ်–၄၊ ကောဓဌာယီဘာဝ၊ ရုဒ္ဒရသ

မျက်ထွက်ခြင်းကို၊ ကောဓဆိုလော့။ မလိုဝတ္ထု၊ ရန်သူစမှာ၊ အာရမ်သာဆို။ ဝန်တိုမစ္ဆရိ၊ စရိဥဒ္ဒီ။ မျက်လုံးနီမှု၊ အစပြု၍၊ အနုဘာဝ၊ မှတ်သားရသည် ..... ထုတ်ကြလေတော့ မခဲတည်း။

န ဟိ နနာယံ သာ ခုဇ္ဇာ၊ လဘိ ဇိဝှါယ ဆေဒနံ။
သုနိသိတေန သတ္ထေန၊ ဧဝံ ဒုဗ္ဘာသိတံ ဘဏံ။

၁။ ပဘာဝတီ၏ စိတ်ဆိုးခြင်းသည် ကောဓဌာယီဘာဝ။
၂။ ခုဇ္ဇာသည် အာရမဏဝိဘာဝ။
၃။ ခုဇ္ဇာ၏ အောင်သွယ်စကား၊ တံခါးပိတ်ထားသော အမှုအရာသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ဤဂါထာကို ရွတ်ဆိုသော ပဘာဝတီ၏ ဝစီပယောဂသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

---

## အမှတ်–၅၊ ဥဿာဟဌာယီဘာဝ၊ ဝီရရသ

ရဲရင့်အားကြီး၊ ဝီရိမျိုးကို၊ ခေါ်ရိုးဝီရ၊ ဥဿာဟတည်း။ ယုဒ္ဓဒါနာ၊ ဒယာယှဉ်ရိုး၊ ပြားသုံးမျိုးပေ။ တန်ခိုးလုံ့လ၊ ဝိဘာဝသာ။ ရဏဒါနာ၊ ဒယာတို့ပင်၊ ဝိဘာဝတွင်သည် .....သို့လျှင် ထုတ်ပါလေတော့တည်း။

**အမှာ။** ။"ယုဒ္ဓ, ဒါန, ဒယာ"ဟု ၃–ပးါပြားသည်ကို သတိထားပါ။

http://www.dhammadownload.com



(က) ယုဒ္ဓဝီရရသပုံစံ

ဟတ္ထိက္ခန္ဓ အာရုယှ၊ အာရောပေတွာ ပဘာဝတိံ။
သင်္ဂါမံ ဩတရိတွာန၊ သီဟနာဒံ နဒီ ကုသော။

၁။ စစ်တိုက်ရန် လုံ့လထုတ်ခြင်းသည် ဥဿာဟဌာယီဘာဝ။
၂။ ခုနစ်ပြည်ထောင် မင်းတို့သည် အာရမ္မဏဝိဘာဝ။
၃။ ထိုမင်းတို့၏ ပဘာဝတီခမည်းတော်၏ နိုင်ငံကို ကျူးကျော်ခြင်း၊ ပဘာဝတီကို ပေးရမည်ဟု တောင်းဆိုခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ရဲရဲတောက် စကားသံကို မြွက်ဆိုခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

(ခ) ဒါနဝီရရသပုံစံ

ကော် တေ ယာစမာနဿ၊ ဥဘယာနိ ဒဒါမဟံ။
သ စက္ခုမာ တုဝံ ဂစ္ဆ၊ မဟာဇနဿ ပေက္ခတော။

၁။ ပေးလှူရန် စိတ်ထက်သန်ခြင်းသည် ဥဿာဟဌာယီဘာဝ။
၂။ မျက်စိကို လာ၍အလှူခံသောပုဏ္ဏားသည် အာရမဏဝိဘာဝ။
၃။ ပုဏ္ဏား၏ မျက်စိမမြင်ပုံ အခြင်းအရာသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ဤဂါထာကို နှုတ်ဖြင့်ရွတ်ဆိုခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

(ဂ) ဒယာဝီရရသပုံစံ

ကုလာဝကာ သိမ္ဗလိမို၊ ဤသာ ဝဇ္ဇယ မာတလိ။
စဇံပိ အသုရေ ပါဏံ၊ မာဟုံ ဝိက္ကုလာဝါ ဒိဇာ။

၁။ "ငှက်သိုက်ကို ရှောင်၍ မောင်းပါ"ဟု အမိန့်ပေးခြင်းသည် ဥဿာဟဌာယီဘာဝ။
၂။ ဂဠုန်ငှက်ကလေးများသည် အာရမ္မဏဝိဘာဝ။
၃။ ငှက်ကလေးများ၏ ကြောက်လန့်၍ အော်သံသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ငှက်ငယ်ကို စောင့်ရှောက်ခြင်း ဒယာသည်လည်းကောင်း၊ ဤဂါထာကို ပြောဆိုခြင်း ဝစီဗျာပါရသည်လည်းကောင်း အနုဘာဝ။
၅။ ရသထုတ်မြဲ။

http://www.dhammadownload.com



## အမှတ်–၆၊ ဘယဌာယီဘာဝ၊ ဘယာနကရသ

ဆုတ်နစ်တွန့်တို၊ ဒေါသကိုလျှင်၊ ခေါ်ဆိုဘယာ၊ ဌာယီဘာဝတည်း။ ကြောက်ရာဝတ္ထု၊ ပုဂ္ဂိုလ်စုကို၊ ကောက်မှု အာရမ်။ အသံမူရာ၊ ဥဒ္ဒီပါတည်း။ သေဒါဒိက၊ နုဘာဝသည်..... ထုတ်ကြလေတော့ မခဲတည်း။

တဿ တံ နဒတော သုတွာ၊ သီဟဿေ-ဝိ-တရေ မိဂါ။
ခတ္တိယာ ဝိပ္ပလာယိံသု၊ ကုသသဒ္ဒဘယဋ္ဋိတာ။

၁။ ခုနစ်ပြည်ထောင်မင်းတို့၏ ကြောက်လန့်ခြင်းသည် ဘယဌာယီဘာဝ။
၂။ ကုသမင်းသည် အာရမဏဝိဘာဝ။
၃။ "ငါကုသတဲ့ ဟေ့"ဟူသော ကြုံးဝါးသံသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ထွက်ပြေးကြခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

---

## အမှတ်–၇၊ ဇိဂုစ္ဆာဌာယီဘာဝ၊ ဗီဘစ္ဆရသ

စက်ဆုပ်ရွံရှာ၊ ဇိဂုစ္ဆာတည်း။ ရွံရှာဖွယ်မှု၊ ဝတ္ထုစုလျှင်၊ အာရမ်တွင်၏။ သွေးလျှင် ယိုကျ၊ ပုပ်ပွနံဘိ၊ ကျိကျိလောက်တက်၊ ပြည်ထွက်စိစိ၊ စသည်ကိုမူ၊ ဥဒ္ဒီယူပါ။ မျက်နှာလွှဲမှု၊ နှာရှုံ့မှုကို၊ အနုဘာဝါ၊ မှတ်လေရာသည် ..... ထုတ်ပါလေတော့ မခဲတည်း။

**အမှာ။** ။"ရုမိရ၊ ပူတိ၊ ဝိရာဂ"ဟု ၃–ပါးပြားသည်ကို သတိပြုပါ။

### (က) ရုမိရဗီဘစ္ဆရသ ပုံစံ

ပါယံ ပါယံ တဝါရိနံ၊ သောဏိတံ ပါဏိသမ္ဘဋ္ဋေ။
ကောဏပါ သဟ နစ္စန္တိ၊ ကဗန္ဓေဟုန္တ ဘူသဏာ။

၁။ စက်ဆုပ်ရွံရှာခြင်းသည် ဇိဂုစ္ဆာဌာယီဘာဝ။
၂။ သွေး၊ အူတို့သည် အာရမဏဝိဘာဝ။
၃။ လက်ခုပ်တို့ဖြင့် ယူ၍ ယူ၍ သောက်ခြင်း၊ ဦးခေါင်းမပါ ခန္ဓာကိုယ်ချည်းသာရှိသော ကဗန္ဓိပြိတ္တာတို့နှင့် တွဲ၍ကခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
၄။ နှာခေါင်းရှုံ့ခြင်းစသည်သည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

### (ခ) ပူတိဗီဘစ္ဆရသ ပုံစံ

အသုစိ ပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါသိ သူကရ။
သစေ ယုဇ္ဈိတုကာမောသိ၊ ဇယံ သမ္မ ဒဒါမိ တေ။(ဇာ–၁၊ ၃၆)

http://www.dhammadownload.com



၁။ ခြင်္သေ့၏စက်ဆုပ် ရွံရှာခြင်းသည် ဓိဂုစ္ဆာဌာယီဘာဝ။
၂။ မစင်လူးထားသော ဝက်သည် အာရမဏဝိဘာဝ။
၃။ ပုပ်ဟောင်သော အနံ့သည် ဥဒ္ဒီပနဝိဘာဝ။
၄။ နှာခေါင်းရှုံ့ခြင်း၊ ဝက်အား အနိုင်ပေးခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

**(ဂ) ဝိရာဂဗီဘစ္ဆရသ ပုံစံ**

မိမိ၏မယားကို နှဂိုချစ်နေရာမှ အကြောင်းတစ်စုံတစ်ရာကြောင့် မချစ်တော့သည့်အခါ မုန်းခြင်းကြောင့် ဓိဂုစ္ဆာဌာယီဘာဝ ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ ကရုဏာသဘော မကင်းသော ကရုဏာယုတ ဗီဘစ္ဆရသဖြစ်နိုင်ပုံကို သိပါ။

---

### အမှတ်-၈၊ ဝိမှယဌာယီဘာဝ၊ အဗ္ဘုတရသ

အံ့သြလေကာ၊ ဝိမှယတည်း။ လောကဖြစ်မြဲ၊ လွန်ကဲဝတ္ထု၊ ပုဂ္ဂိုလ်စုမှာ၊ အာရမဏ၊ ဝိဘာဝရှင့်။ ဆန်းလှလွန်စွာ၊ ဂုဏ်တို့မှာလျှင်၊ ဥဒ္ဒီတွင်၏။ ထိုပြင် ချွေးထွက်၊ မျက်ရည်ထွက်မှု၊ သာဓုနမော်၊ ခေါ်ခြင်းစသား၊ သဘောများမှာ၊ မှတ်သားနုဘာ၊ မည်ရပါသည် ..... ကောက်ပါလေတော့ မခဲတည်း။

အစ္ဆေရံ ဝတ လောကသ္မိံ၊ အဗ္ဘုတံ လောမဟံသနံ။
ဝေဿန္တရဿ တေဇေန၊ သယမေ·ဝေါနတာ ဒုမာ။

၁။ မဒ္ဒီမိဖုရား၏ အံ့သြခြင်းသည် ဝိမှယဌာယီဘာဝ။
၂။ သစ်ပင်တို့သည် အာရမဏဝိဘာဝ။
၃။ အလိုလို ညွတ်လာကြခြင်းသည် ဥဒ္ဒီပနဝိဘာဝ။
၄။ ကြက်သီးမွေးညင်း ထခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

---

### အမှတ်-၉၊ သမဌာယီဘာဝ၊ သန္တရသ

ကိုယ်စိတ်ငြိမ်းမှု၊ မှတ်ရှုသမ၊ လေးဝဖြဟ္မစိုရ်၊ စသည်ကိုမူ၊ အာရမ်ယူလော့။ စင်ဖြူသန့်ရှင်း၊ ကျောင်းဝင်းစ,သား၊ ဥဒ္ဒီထားပေ။ ခေါင်းပါး နိဝရဏ၊ ကြက်သီးထမှု၊ အစုစုမှာ၊ အနုဘာသည်..... ထုတ်ပါလေတော့ မခဲတည်း။

တတ္ထ ပဓာနံ ပဒဟိံ၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အဇ္ဈတ္တံ ရမိ သတ္တာဟော၊ အဘိညာဖလပါပုဏိံ။

http://www.dhammadownload.com



၁။ တည်ငြိမ်သော သမာဓိသည် သမဋ္ဌာယီဘာဝ။
၂။ သုမေဓာရသေ့ နှလုံးသွင်းအပ်သော တစ်စုံတစ်ခုသော ကမ္မဋ္ဌာန်းသည် အာရမဏဝိဘာဝ။
၃။ တောသစ်ပင်ရင်းတို့သည် ဥဒ္ဒိပနဝိဘာဝ။
၄။ အဘိညာဉ်ရခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

ဥပ္ပဇ္ဇန္တေ စ ဇာယန္တေ၊ ဗုဇ္ဈန္တေ လောကနာယကေ။
စတုရော နိမိတ္တေ နာဒ္ဒသိံ၊ ဈာနရတိသမပ္ပိတော။

၁။ ဈာန်စိတ်နှင့် ယှဉ်လျက်ပါသော သမာဓိ၊ ဝါ–ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် သမဋ္ဌာယီဘာဝ။
၂။ နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်းအာရုံသည် အာရမဏဝိဘာဝ။
၃။ ဈာန်ဝင်စားဖို့ကောင်းသော ကျောင်းသခ်မ်း၊ တောတောင်စသည်သည် ဥဒ္ဒိပနဝိဘာဝ။
၄။ လေးပါးသော နိမိတ်တို့ကို မသိလိုက်ခြင်းသည် အနုဘာဝ။
၅။ ရသထုတ်မြဲ။

**ညွှန်ကြားချက်။** ။ဘာဝါလင်္ကာရ ထုတ်ပြဖို့ကိစ္စ ကြုံလာသောအခါ ပထမဦးစွာ ဝါကျထဲ၌ပါသော ပဓာနကြိယာကိုရှု၍ ဇာတ်ကောင်၏ သန္တာန်၌ ထိုလောလောဆယ်တွင် ဖြစ်ပေါ်နေသော စိတ်နေစိတ်ထားကို ကောက်ယူပါ၊ ထို့နောက် ဌာယီဘာဝကိုးပါးအတွင်းသို့ သွင်းကြည့်ပါ။ အကယ်၍ ထိုဌာယီဘာဝက အပြားရှိသေးလျှင် မည်သည့်အပြားသို့ သက်ဝင်မည်ကို နှိုင်းချိန်ကြည့်ပါ၊ ဤအခြေခံများပြီးမှ ဘာဝါလင်္ကာရထုတ်လျှင် လွဲဖို့မရှိပါ၊ ဂါထာတွေ့တိုင်း ထုတ်ကြည့်ပါ။

၁၀–နံပါတ်၊ စည်းမျဉ်းနှင့်အဖြေ ပြီး၏။

သီလက္ခန် ဒုတိယနေ့ စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## သီလက္ခန် ဒုတိယနေ့ လေ့ကျင့်ခန်းများ

### အမှတ်–၁၊ ဒုတိယနေ့ လေ့ကျင့်ခန်းများ

(က) အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။ သုတ္တာဏာ သုတ္တသဘာ–ဂတော စ "သုတ္တ"န္တိ အက္ခာတံ။

(ခ) တဉှိ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။

(ဂ) သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

(ဃ) သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ၊ ပသဝတီတိ ဝုတ္တံ ဟောတိ။

(င) သူဒတိ စေတံ ဓေနု ဝိယ ခီရံ၊ ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိ။

(စ) သုဋ္ဌု စ နေ တာယတိ၊ ရက္ခတီတိ ဝုတ္တံ ဟောတိ။

(ဆ) သုတ္တသဘာဂဉ္စေတံ၊ ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ။ ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသီယန္တိ၊ ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ။ (သီဋ္ဌ၊ ၁၈)

**ဋီကာသစ်။** ။(က) အတ္ထာနန္တိ ပဒံ သူစနတော ။ ပ ။ သုတ္တာဏာတိ ပဒေဟိ ယထာရဟံ ကမ္မသမ္ဗန္ဓဝသေန ယောဇေတဗ္ဗံ။ (ခ) တမတ္ထံ ဝိဝရတိ "တဉှိ"တိအာဒိနာ။ သူစသဒ္ဒဿ စေတ္ထ ရသေဿာ။ (ဃ) အနုပဗ္ဗသိက္ခာဒိဝသေန ကာလန္တရေန အတ္ထာဘိနိဗ္ဗတ္တိ ဒဿေတုံ "သဿမိဝ ဖလ"န္တိ ဝုတ္တံ။ (င) ဥပါယ သမင်္ဂိနညေဝ အတ္ထာဘိနိဗ္ဗတ္တိ ဒဿေန္တော "ဓေနု ဝိယ ခီရ"န္တိ အာဟ။ ယဒိပိ "သူဒတိ"တိ ဧတဿ ဃရတိ သိဉ္စတီတိ အတ္ထော၊ တထာပိ သကမ္မိကဓာတုကတ္တာ "ပဂ္ဃရာပေတိ"တိ ကာရိတဝသေန အတ္ထော ဝုတ္တော ယထာ "တရတီတိ ဧတဿ နိပါတေတီတိ အတ္ထော"တိ။ (စ) "သုတ္တာဏာ"တိ ဧတဿ အတ္ထမာဟ "သုဋ္ဌု စ နေ တာယတိ"တိ။ (ဆ) သုတ္တသဘာဂန္တိ သုတ္တသဒိသံ။ တဗ္ဗာဝံ ဒဿေတိ "ယထာ"တိ အာဒိနာ။ ဠ္လဒါနိ အညထာပိ သုတ္တသဘာဂတံ ဝိဘာဝေန္တော "ယထာ စာ"တိ အာဒိ မာဟ။ (သီဋီ၊ သစ်၊ ပ၊ ၉၀)

**ဘာသာဋီကာ။** ။ (က)က–ဝါကျပါ ဂါထာသည် ပထျာအရိယာဂါထာ ဖြစ်သည်။ သူဒနတော–စသော ပုဒ်များ၌ ဝိနယနတောကဲ့သို့ ဘာဝပဓာန, ဘာဝလောပကြံပါ။ (ဂ) ဂ–ဝါကျသည် သူစနတော–ကို ဖွင့်ပြီး၍ သုဝုတ္တတော– အဖွင့်ကိုပြသော ပက္ကန္တရတည်း။ နောက်၌လည်း ဤနည်းချည်း။ သုတ္တ–ကို သု+ဥတ္တ–ခွဲဟု။ ထွေ+အတ္ထာ–ကိုရှု၍ "သုဋ္ဌု ဥတ္တာ အတ္ထာ တ္တောတိ သုတ္တံ" ဟုပြု။ "ဝိနယ, အဘိဓမ္မာတို့လည်း အတ္ထတို့ကို ကောင်းစွာဟောအပ်ရာ မဟုတ် လော"ဟု စောဒနာဖွယ်ရှိ၍ "ဝေနေယျဇ္ဈာသယာ ။ ပ ။ ဝုတ္တတ္တာ"ဟု မိန့်။

http://www.dhammadownload.com



ဝေနေယျ ။ ပ ။ ရိတ္တာတ္တာဟိတ်သည် "သုဥတ္တာ ဧတ္တေ–ကောင်းစွာ ဟောအပ်ရာပဲ"ဟု သိနိုင်ခြင်း၏ အကြောင်းဖြစ်သော ဉာပကဟိတ်ဖြစ်သောကြောင့် "ဝိညာယတိ"ဟု ကြိယာအပိုထည့်၍ အနက်ပေးရသည်။

(ဃ) ဃ–ဝါကျ၌ ဘူဝါဒိ သုဓာတ်သည် သန္ဒန, ဇနန, ဣဿရ–အနက်များကို ဟော၏။ ဤ၌ ဇနနအနက်ကို ယူစေလို၍ သဝတိကို "ပသဝတီတိ ဝုတ္တံ ဟောတိ"ဟု ဥဇုကတ္တဖွင့်သည်။ "သုတ္တန်ပိဋကတ်သည် အတ္ထတို့ကို ချက်ချင်း ဖြစ်စေပါသလော"ဟု မေးဖွယ်ရှိသောကြောင့် သဿမိဝ ဖလံ–ကို မိန့်၏။ (င) င–ဝါကျ၌ သူဒဓာတ်သည် "ဟိံသာ, ပဂ္ဃရဏ, နိရာသ"ဟူသော အနက်များကို ဟော၏။ ဤ၌ "ပဂ္ဃရဏအနက်ဟော"ဟု သိစေလို၍ "ပဂ္ဃရတိ"ဟု ဖွင့်သည်။ "နည်းလမ်းမှန်ကို နားလည်သူတို့အားသာ နွားမ,က နို့ရည်ကို သွန်ချပေးသကဲ့သို့ သုတ္တန်လည်း အကြောင်းမှန် ဥပါယ၌ နားလည်သူတို့အားသာ သွန်ချပေးသည်"ဟု သိစေလိုသောကြောင့် ဓေနု ဝိယ ခီရံ–မိန့်။

(စ) စ–ဝါကျ၌ တာ–ဓာတ်၏ စောင့်ရှောက်ခြင်းအနက်ကို သိစေလို သောကြောင့် ရက္ခတိ–ဟု ဥဇုကတ္တဖွင့်သည်။ ထို တာ–ဓာတ်သည် သက္ကတ၌ "တြာ"ဟု ရှိ၏။ ထို့ကြောင့် န,ကို ဏ,ပြု၍ သုတ္တာဏာ–ဟု ရှိခဲ့ရသည်။ (ဆ) ဆ–ဝါကျ၌ "သမာနော ဘာဂေါ ယဿာတိ သဘာဂံ"ပြု။ ဤနည်း၌ "သုတ္တံ ဝိယ သုတ္တံ"ဟု ဥပမာတဒ္ဓိတ် ပြု။ ယထာ ဟိ–စသည်ကား တမျဉ်းကြိုး ပန်းသီချည်နှင့် တူပုံကို အကျယ်ချဲ့ပြသော ဝိတ္ထာရဝါကျတည်း၊ တပ္ပါကဋိကရဏ မဟုတ်။ "ပမိယတိ အနေနာတိ ပမာဏံ" ပြု။ စ–သဒ္ဒါသည် ရှေ့နည်းကို ပေါင်းသော သမ္ပိဏ္ဍန၊ "တမျဉ်းကြိုးနှင့် တူပုံသာ မကသေး ပန်းသီချည်နှင့်လည်း တူသေး၏"ဟူလို။ ဝိကပ္ပနတ္ထ ပက္ခန္တရလည်း ကြံကြသေး၏၊ မသင့်သည် ချည်းသာ။ (ဘာဋီ၊ ပ၊ ၁၀၆)

၁။ ပုစ္ဆာ။ ။က–ဝါကျအဖွင့်နှင့်ညီအောင် သုတ္တံ–ဟူသောပုဒ်ကိုသာ အနက် ၇–နည်းပေးပြပါ။

၁။ အဖြေ။ ။သုတ္တံ–အကျိုးစီးပွားတို့ကို ထင်ရှားပြတတ်သော ဘုရားစကားတော်။ ဝါ–အကျိုးစီးပွားတို့ကို ကောင်းစွာ ဟောကြားရာဖြစ်သော ဘုရားစကားတော်။ ဝါ–အကျိုးစီးပွားတို့ကို ဖြစ်စေတတ်သော ဘုရားစကားတော်။ ဝါ–အကျိုးစီးပွားတို့ကို သွန်ချပေးတတ်သော ဘုရားစကားတော်။ ဝါ–အကျိုးစီးပွားတို့ကို ကောင်းစွာ စောင့်ရှောက်တတ်သော ဘုရားစကားတော်။ ဝါ–လက်သမားတို့၏ တမျဉ်းချည်နှင့်တူသော ဘုရားစကားတော်။ ဝါ–ပန်းသီတံနှင့်တူသော ဘုရားစကားတော်။

http://www.dhammadownload.com



၂။ ပုစ္ဆာ။ ။ဂ–ဝါကျပါ ဝုတ္တတ္တာ–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ ဆ–ဝါကျပါ ပမာဏ–ပုဒ်၏ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသတို့ကို ထုတ်ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် ဝိညာယတိ–ဟူသော ပါဌ်သေသဖြင့် ဟိတ်၏ ဖိုလ်ကို ပြတော်မူပြီး၍ ယခုအခါ ထို၏ ဟိတ်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် "ဝုတ္တတ္တာ"ဟူသောပါဌ်ကို မိန့်။

ပမာဏံ ဟေတု သတ္ထေသု၊ မာနေ စ သစ္စဝါဒိနိ။
ပမာတရိ စ နိစ္စမ္ဟိ၊ မရိယာဒါယ မုစ္စတေ။ (ဓာန်၊ ၈၁၅)

အတ္ထုဒ္ဒေသကား–သတ္ထနှင့် ပမာတု နှစ်နက် ဖြစ်ပါသည်။

၂။ ပုစ္ဆာ။ ။ခ–ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် က–မှတ်ပြဝါကျဖြင့် သုတ္တ–သဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့် ပြတော်မူပြီး၍ ယခုအခါ ထိုအနက်ကို အကျယ်ချဲ့ပြလိုသောကြောင့် ခ–မှတ်ပြဝါကျကို မိန့်။

၂။ ပုစ္ဆာ။ ။ဂ–မှတ်ပြဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။သို့လျှင် ခ–မှတ်ပြ ဝါကျဖြင့် သူစနတော–၏ အကျယ်ကို ဖွင့်ပြပြီး၍ ယခုအခါ သုဝုတ္တတော–၏ အကျယ်ကို ဖွင့်ပြလိုသောကြောင့် ဂ–မှတ်ပြဝါကျ မိန့်။

၂။ ပုစ္ဆာ။ ။ဂ–မှတ်ပြ ဒုတိယဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် ပထမဝါကျဖြင့် အကျိုးစီးပွားတို့ကို ကောင်းစွာ ဟောကြားရာ ဖြစ်သောကြောင့် "သုတ္တ–မည်သော"ဟု ဆိုတော်မူ၏၊ ဝိနယ, အဘိဓမ္မာတို့လည်း အတ္ထတို့ကို ကောင်းစွာဟောအပ်ရာ မဟုတ်ပါလော၊ အဘယ့်ကြောင့် သုတ်ကိုသာ ဤသို့ ဆိုရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "ဝေနေယျ ။ ပ ။ ဝုတ္တတ္တာ"ကိုမိန့်။ (ဝေနေယျ ။ ပ ။ ဝုတ္တတ္တာတိ ဧတေန ဟေတုနာ နနု ဝိနယာဘိဓမ္မာပိ သုဝုတ္တာ၊ အထ ကသ္မာ ဣမမေဝ ဧဝံ ဝုတ္တန္တိ အနုယောဂံ ပရိဟရတိ"ဟူသော သီလက္ခန် ဋီကာသစ်အတိုင်း တက်ထားသည်။)

၂။ ပုစ္ဆာ။ ။ဃ–မှတ်ပြ ဒုတိယဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ဆရာ၊ ဆရာသည် သုတ်သည် အကျိုးစီးပွားတို့ကို ဖြစ်စေတတ်သည်–ဟု ဆိုတော်မူ၏၊ ကာလမဆိုင်းဘဲ ချက်ချင်းပင် ဖြစ်စေပါသလော၊ အဘယ်သို့ မှတ်ရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "သဿမိဝ ဖလံ"ဟူသော ဝါကျကို မိန့်။

၂။ ပုစ္ဆာ။ ။ဃ–မှတ်ပြ တတိယဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ၊ ဆရာသည် ရှေ့ဝါကျနှစ်ခုဖြင့် သုတ္တံ–၌ သုတ်တ, ပစ္စည်း–ဟု ပြဆိုတော်မူ၏၊ ထိုသုတ်တသည် အဘယ်အနက်ကို ဟောပါသနည်း၊ သန္တနအနက်ကို ဟောပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ပသဝတီတိ ဝုတ္တံ ဟောတိ"ဝါကျကိုမိန့်။

ကျမ်းတက်အတွက် မှတ်ချက်။ ။အတက်နှင့်ပတ်သက်၍ အောက်ပါ အချက်များကို မှတ်သားထားသင့်သည်။

အဋ္ဌကထာ, ဋီကာ, ယောဇနာ–တို့ အလိုအားဖြင့် အတက်ဟူသည် "အနုသန္ဓေတက်၊ စောဒနာတက်"ဟု နှစ်မျိုးသာ ရှိ၏။ ထိုတွင် အနုသန္ဓေတက်၌လည်း ပုဗ္ဗာနုသန္ဓေကို ရေးသောအရာ အလွန်ရှား၏၊ ပရာနုသန္ဓေကိုသာ ရေးကြသည်။ စောဒနာတက်၌ အာဘော်သာပါသည်လည်း ရှိ၏၊ ပုစ္ဆာသာ ပါသည်လည်း ရှိ၏၊ အာဘော်ရော ပုစ္ဆာပါ ပါသည်လည်း ရှိ၏။ ထိုသို့ပါရာ၌လည်း အာဘော်က ရှေ့ကနေသည်လည်း ရှိ၏၊ ပုစ္ဆာက ရှေ့က နေသည်လည်း ရှိ၏၊ အာဘော်နှင့် ပုစ္ဆာသည် ရှေ့နောက်အနေ မမြဲကြပေ။ ဤအချက်များကို သတိထား၍ ပါဠိတော်ကို အဋ္ဌကထာက ကျမ်းတက်ပုံ, အဋ္ဌကထာကို ဋီကာ, ယောဇနာတို့က ကျမ်းတက်ပုံတို့ကို လေ့လာပြီး ထိုအတက်များကို မြန်မာမှုသို့ ပြောင်းကြည့်လျှင် အတက်၏ သဘောကို ကောင်းကောင်းကြီး သိရှိနားလည်မည် ဖြစ်သည်။

၃။ ပုစ္ဆာ။ ။သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ (သီဋ္ဌ၊ ၅)၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြ၍ ပိသဒ္ဒါထားရကြောင်းကိုလည်း ရှင်းပါ။

၃။ အဖြေ။ ။၁။ နနု သေက္ခော ဟောတိ။ (စောဒကာဘောဂ)

(တသ္မာ ထေရေန ဥစ္စိနိတဗ္ဗော န အဿ။) (စောဒကာဘောဂဖလ)

၂။ အထ ကသ္မာ ထေရေန ဥစ္စိတဗ္ဗော အဿ။ (စောဒနာ)

၃။ ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ။ (ပရိဟာရာဘောဂ)

၄။ ထေရေန ဥစ္စိနိတဗ္ဗော အဿ ။ (ပရိဟာရ)

http://www.dhammadownload.com



သေက္ခဖြစ်ပါလျက် ရွေးကောက်ထိုက်သည်၏ အဖြစ်တည်းဟူသော အကျိုးကို စောဒကတို့ မနှစ်သက်ဖွယ် ရှိသောကြောင့် ပိ–သဒ္ဒါကို ထားရပါသည်။

**မှတ်ချက်။** ။စတုက္ကထုတ်ရာ၌ စောဒကာဘောဂဖလတစ်ခု အပိုထည့်ထားသည်ကို သတိပြုပါ၊ ၄င်းကို ထည့်မှ စတုက္ကစုံလင်၏၊ ဋီကာသုံးလည်း ကျ၏၊ ထို့ကြောင့် ထည့်ထားသည်။ သို့ရာတွင် မည်သည့်ဆရာကမှ အသုံးမပြုသောကြောင့် စာဖြေသောအခါ၌မူကား ၄င်းကို ချန်ထားလိုက ချန်ထားနိုင်သည်၊ ချန်မထားလို၍ ဤ၌ ပြထားသည့်အတိုင်း လက်သည်းကွင်းဖြင့် ပြထားလျှင် အမှတ်လျှော့ပစ်လိမ့်မည် မထင်ပါ။

မနှစ်သက်သောအရာကို ဖြေရာ၌ စောဒနာချက်သည်ပင် မနှစ်သက်ဖွယ်အချက် ဖြစ်နေသည်ကို သတိပြု၍ ယင်းသည် သဒ္ဒါလော, အနက်လော, အကြောင်းလော, အကျိုးလော–ဟု စိစစ်ကာ သင့်လျော်ရာကို ဖြေဆိုလိုက်ရုံပင်တည်း။ ဤ၌ ပရိဟာရဆရာက သေက္ခဖြစ်သော်လည်း ရွေးချယ်စေချင်သည်၊ စောဒကဆရာက သေက္ခဖြစ်သောကြောင့် မရွေးချယ်စေချင်။ ဤတွင် ပရိဟာရနှင့် စောဒကတို့ ပဋိပက္ခဖြစ်ကြသည်၊ ထိုပဋိပက္ခကို ပရိဟာရက ပိသဒ္ဒါသုံး၍ ဖြေရှင်းပစ်လိုက်သည်။ "သေက္ခတော့ သေက္ခပါပဲ၊ ဒါပေမယ့် ဓမ္မသင်္ဂီတိအားဗဟုကာရဖြစ်သောကြောင့် ရွေးချယ်ထိုက်ခြင်းကို မနှစ်သက် မရှိပါနှင့် ငါ့ရှင်" ဟူလို။

၄။ **ပုစ္ဆာ။** ။ဂ–ဝါကျပါ ဝေနေယျ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကခွဲပြပါ။

၄။ **အဖြေ။** ။ဝိနေတဗ္ဗာတိ ဝေနေယျာ။

၁။ ဝေနေယျာ–ဟူသော နိပ္ဖန္နပုဒ်သည် ဝစန။

၂။ ဝိနေတဗ္ဗာဟူသော ဝိဂ္ဂြိဟ်ဝါကျသည် ဝစနတ္ထ။

၃။ ဆုံးမထိုက်သည်၏ အဖြစ်တည်းဟူသော ကြိယာသကတ်သည် ဝစနဟေတု။

၄။ ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက။

၅။ ဆုံးမထိုက်သော သတ္တဝါဒြပ်သည် ဝစနီယ။

၆။ ဝိနေတဗ္ဗ, ဒမေတဗ္ဗ–စသော ပရိယာယ်သဒ္ဒါစုသည် ဝစနီယတ္ထ။

၅။ **ပုစ္ဆာ။** ။က–ဝါကျပါ သူစနတော–ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို ထုတ်ဖော်၍ အနက်ပေးပြီးလျှင် စာစပ်ပြကာ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၅။ အဖြေ။ ။သူစနတောဓာ၏ သမ္ဗန်ကား ဣတရဿ သုတ္တဿ–ဖြစ်ပါသည်။

အနက်။ ။ဣတရဿ သုတ္တဿ–ဝိနည်းမှတစ်ပါးသော သုတ်၏၊ ဝါ–သုတ်သည်။

စာစပ်။ ။ဣတရဿ–ကား ၏–ဟူ၍ အနက်ပေးသောကြောင့် သူစနတောဝယ် ကျေလေပြီးသော ဘာဝပုဒ်၌ သမ္ဗန်, သတ္တိမန္တ၊ ဘာဝကား သမ္ဗန္ဓီ, သတ္တိအဖြစ်ဖြင့် စပ်၏။ တစ်နည်း=ဣတရဿ–ကား သည်–ဟူ၍ အနက်ပေးသောကြောင့် သူစနတော–ဝယ် သူစန–ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်, ကတ္တား၊ သူစနတော–ကား ဝါစက, လိင်္ဂတ်, ကတ္တိအဖြစ်ဖြင့် စပ်၏။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုသာဓနအနက် (သုတ်) ဖြစ်ပါသည်။

၅။ ပုစ္ဆာ။ ။ဂ–ဝါကျပါ ဝုတ္တတ္တာ–ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကိုခံ၍ အနက်ပေး စာစပ်ပြီးလျှင်၊ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၅။ အဖြေ။ ။ဝုတ္တတ္တာ–၏ သမ္ဗန်ကား အတ္ထာနံ–ဖြစ်ပါသည်။

အနက်။ ။အတ္ထာနံ–အကျိုးစီးပွားတို့၏၊ ဝါ–အကျိုးစီးပွားတို့ကို။

စာစပ်။ ။အတ္ထာနံ–ကား တို့၏–ဟူ၍ အနက်ပေးသောကြောင့် ဝုတ္တတ္တာဝယ် တ္တဟူသော ဇာဟျ၌ သမ္ဗန်, သတ္တိမန္တ၊ တ္တကား သမ္ဗန္ဓီ, သတ္တိအဖြစ်ဖြင့် စပ်၏။

တစ်နည်း။ ။အတ္ထာနံ–ကား တို့ကို–ဟူ၍ အနက်ပေးသောကြောင့် ဝုတ္တတ္တာဝယ် တ္တဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်, ကမ္မ၊ ဝုတ္တကား ဝါစက, လိင်္ဂတ်, ကမ္မိအဖြစ်ဖြင့် စပ်၏။

ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကမ္မသာဓနအနက် (အကျိုးစီးပွား) ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျဖြင့် ပြအပ်သော အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြ၍ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည် တပ်ပြပါ။

၆။ အဖြေ။ ။တံ–ဖြင့် သုတ္တအရ သုတ္တန်ပါဠိတော်ကို ကောက်ယူရမည့် အဖြစ်ကို သိစေ၏၊ အရကောက်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ။

အတ္ထတ္ထပရတ္ထာဒိဘေဒေ အတ္ထေ–ဖြင့် အတ္ထာနံ–၌ အတ္ထသဒ္ဒါ ဟိတအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ ထိုအတ္ထအရ အတ္တတ္ထ, ပရတ္ထ–စသည်ကို ကောက်ယူရမည့်အဖြစ်ကိုလည်းကောင်း သိစေသည်၊ နာမ်ဖြစ်သော လိင်အနက်ကို

http://www.dhammadownload.com



ဖွင့်သောကြောင့် နာမလိင်္ဂတ္တ၊ သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္တ။

သူစေတိ–ဖြင့် သူစနတော–၌ ယုပစ္စည်း၏ ကတ္တားအနက်ဟောာ၏ အဖြစ်ကို သိစေ၏၊ ကိတ်ဖြစ်သော ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္တ။

မှတ်ချက်။ ။က–မှတ်ပြဝါကျကို သံဝဏ္ဏေတဗ္ဗအရာ ထား၍ ဤသို့ ဖြေဆိုထားခြင်း ဖြစ်သည်။ ပါရာဇိကဏ် အမှတ်–၁ လေ့ကျင့်ခန်းတွင်မူ ဝိနယောပုဒ်ကို သံဝဏ္ဏေတဗ္ဗအရာ ထား၍ ဖြေပြခဲ့သည်။ ပုစ္ဆာချင်း မတူ၍ အဖြေချင်း မတူသည်ကို သတိပြုပါ။

၇။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျအလို သုတ္တံ–၌ ဖြစ်သင့်သော နိရုတ္တိနည်းများကို ရှင်းပြပါ။

၇။ အဖြေ။ ။သုတ္တံသည် သူစဓာတ် တ, ပစ္စည်းမှ စ, ကို ချေခြင်း ဝဏ္ဏဝိလောပ နိရုတ္တိနည်း၊ တ, ဒွေဘော်လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်း၊ သူ၌ ဥ,ကို ရဿပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း–တို့ဖြင့် သုတ္တံ–ဟု ပြီးနေပါသည်။

၈။ ပုစ္ဆာ။ ။ပဌမသင်္ဂါယနာတင်ရာ၌ အရှင်အာနန္ဒာကို မရွေးချယ်လျှင်လည်း မဖြစ်နိုင်ကြောင်း၊ ရွေးချယ်လို့လည်း မဖြစ်နိုင်ကြောင်း–တို့ကို အသီးသီး ဖော်ပြပါ။

၈။ အဖြေ။ ။အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားထားသော သုတ္တ ဂေယျ–စသည်ကို မျက်မှောက်မပြုအပ်သည် မရှိ၊ ထို့ကြောင့် သူနှင့်ကင်း၍ သင်္ဂါယနာ မတင်နိုင်ပါ။ သို့ရာတွင် သူသည် သေက္ခပုဂ္ဂိုလ်သာ ဖြစ်နေသောကြောင့် သူ့ကို ရွေးချယ်လို့လည်း မဖြစ်နိုင်ပါ။

၉။ ပုစ္ဆာ။ ။က–မှတ်ပြဝါကျပါ ဂါထာအမည်, ဆန်းအမည်တို့ကို ပေးပြပါ။

၉။ အဖြေ။ ။က–မှတ်ပြဝါကျပါ ဂါထာသည် ပုဗ္ဗမုဒ္ဓ၌ ဂိုဏ်း ၈–ပါး ရှိခြင်း၊ ထိုတွင် ဆဋ္ဌဂိုဏ်းသည် ဇ, ဂိုဏ်းဖြစ်ခြင်း၊ အဋ္ဌမဂိုဏ်းသည် ဂရုတစ်လုံးတည်း ဖြစ်ခြင်း၊ ဝိသမဂိုဏ်းကွက်တို့၌ ဇ, ဂိုဏ်း မနေခြင်း။ အပရမုဒ္ဓ၌ ဂိုဏ်း ၈–ပါး ရှိခြင်း၊ ထိုတွင် ဆဋ္ဌဂိုဏ်းသည် လဟုတစ်လုံးတည်း ဖြစ်ခြင်း၊ အဋ္ဌမဂိုဏ်းသည် ဂရုတစ်လုံးတည်း ဖြစ်ခြင်း၊ ဝိသမဂိုဏ်းကွက်တို့၌ ဇ, ဂိုဏ်း မနေခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်အပြင် ပဌမပါဒ, တတိယပါဒတို့၌ ၃–ဂိုဏ်း ၁၂–မတ္တာအပြည့်တွင် ယတိပြတ်သောကြောင့် "ပထျာအရိယာဂါထာ"ဖြစ်ပါသည်။

http://www.dhammadownload.com



မဂ္ဂါကို တွက်၍ ဆန်းစစ်ရသောကြောင့် "မတ္တာဝုတ္တိဆန်း"ဖြစ်ပါသည်။

မှတ်ချက်။ ။ဤဂါထာ၏ တတိယပါဒ၌ "ပဒမဇ္ဈယတိ" ပါရှိ၏။ ပုဒ်တစ်ပုဒ်၏ အလယ်၌ ဖြတ်ခြင်း, ရပ်ခြင်းကို "ပဒမဇ္ဈယတိ"ဟု ခေါ်၏၊ ထိုသို့ ဖြတ်ရာ၌ ရှေ့ဘက် နောက်ဘက် အနည်းဆုံး အက္ခရာနှစ်လုံးစီ ရှိရ၏။ ဤ၌ "သဘာဂတော"ပုဒ်ကို "သဘာ+ဂတော"ဟု ရှေ့ဘက် နောက်ဘက် နှစ်လုံးစီ ခွဲခြား ဖြတ်ရပ်ထား၏၊ ပဒမဇ္ဈယတိမှန်ဖြစ်၏၊ ထို့ကြောင့် "သဘာ"၌ ယတိ ပြတ်၏။ အလင်္ကာ "တံ နမေ သိရသာ စာမိ–ကရဝဏ္ဏံ တထာဂတံ" ကဲ့သို့ တည်း။

၉။ ပုစ္ဆာ။ ။ဂ–မှတ်ပြဝါကျကို ဂါထာစီကုံး၍ ဂါထာအမည်လည်း ပေးပြပါ။

၉။ အဖြေ။ ။သုဝုတ္တာ စ ဝေ္တ အတ္တာ၊ ဝေနေယျာနံ ဟိ ပါဏိနံ။
အဇ္ဈာသယာနုလောမေန၊ ဝုတ္တတ္တာတိ ဝိသဇ္ဇယေ။

ဤဂါထာသည် ပထမ ရ, ကာရဝိပုလာဂါထာ ဖြစ်ပါသည်။

မှတ်ချက်။ ။ဝေနေယျဇ္ဈာသယာနုလောမေနကို ခွဲထားပုံ, ဝိသဇ္ဇယေ– ဝိသဇ္ဇေယျ–ဟူသောပုဒ်ကို အပိုထည့်ထားပုံကို အတုယူပါ။ ဒုတိယနှင့် စတုတ္ထ နှစ်ပါဒ၏ ဒုတိယဂိုဏ်းကွက်မှာ ဇ,ဂိုဏ်းသာ ကေန်ထားရမည်ကိုလည်း သတိ ပြုပါ၊ ယောင်တတ်ကြသည်။ ပထမနှင့် တတိယပါဒ ဒုတိယဂိုဏ်းကွက်၌ကား ကြိုက်ရာဂိုဏ်း ထားနိုင်သည်။ ဂါထာဖြစ်သည်ချည်းသာ ဖြစ်၏၊ နာမည်သာ ကွဲသွားသည်။

၁၀။ ပုစ္ဆာ။ ။က–မှတ်ပြ ဝါကျ၌ အက္ခာတံ–ကို ရှု၍ ဘာဝါလင်္ကာရ ထုတ်ပြပါ။

၁၀။ အဖြေ။ ။ဆိုသောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော ဝီရိယာဓိကစိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာဝ မည်၏။ သုတ္တန်ပါဠိတော်သည် အာရမဏဝိဘာဝ မည်၏။

ယင်း၏ အတ္တသူစနတော–စသော ဘောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။

သင်ယူကျက်မှတ်ခြင်းစသော အကျိုးအစုစုသည် အနုဘာဝ မည်၏။

ထိုဘာဝ ဝိဘာဝ အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝ သည်ပင် ဝီရရသ မည်၏။

✿✿✿✿✿

အမှတ်–၁၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၂။ လေ့ကျင့်ခန်း

(က) သွာယမိဓ ဝိဝရေ ဝတ္တတိ၊ တသ္မာ ရာဇဂဟာသ ဓ နာဠန္ဒာယ စ ဝိဝရေတိ ဝေမေတ္တ အတ္ထော ဝေဒိတဗ္ဗော။

(ခ) အန္တရာသဒ္ဒေန ပန၊ ယုတ္တတ္တာ ဥဘယောဂဝစနံ ကတံ။

(ဂ) **အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတီတိ** အဒ္ဓါနသင်္ခါတံ မဂ္ဂံ ပဋိပန္နော ဟောတိ၊ ဒီဃမဂ္ဂန္တိ အတ္ထော။

(ဃ) **မဟတာတိ** ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာ။

(င) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိ ဂုဏသမန္နာဂတ္တာ။ (သီဋ္ဌ၊ ၃၅)

**ဋီကာ။** ။ (က) သွာယမိဓ ဝိဝရေ ဝတ္တတိ–တဒညေသမသမ္ဘဝတော။ ကိမတ္ထံ အတ္ထဝိသေသနိယမော ကတောတိ အာဟ “တသ္မာ”တိ အာဒိ။ (ခ) နနု စေတ္ထ ဥဘယောဂဝစနမေဝ၊ အထ ကသ္မာ သမ္ဗန္ဓိယတ္တော ဝုတ္တော၊ သမ္ဗန္ဓိယတ္တေ ဝါ ကသ္မာ ဥဘယောဂဝစနံ ကတန္တိ အနုယောဂသမ္ဘဝတော တံ ပရိဟရိတုံ “အန္တရာသဒ္ဒေန ပနာ”တိအာဒိ ဝုတ္တံ။ တေန သမ္ဗန္ဓိယတ္တေ သာမိဝစနပ္ပသင်္ဂေ သဒ္ဒန္တရယောဂေန လဒ္ဓမိဒံ ဥဘယောဂဝစနန္တိ ဒဿေတိ။ (ဂ) အဒ္ဓါနသဒ္ဒေါ ဒီဃပရိယာယောတိ အာဟ “ဒီဃမဂ္ဂ”န္တိ။ (ဃ) မဟန္တသဒ္ဒေါ ဥတ္တမတ္တော ဗဟုတ္တော စ ဣစ္ဆိတပ္ပေါတောတိ အာဟ “မဟတာ”တိအာဒိ။ (င) တဒေဝတ္ထံ သမတ္ထေတိ “သော ဟိ”တိ အာဒိနာ။ (သီဋီ၊ သစ်၊ ပ၊ ၁၈၀)

**ဘာသာဋီကာ။** ။ (ခ) ဤအန္တရာ စ ရာဇဂဟံ–စသောပါဠိ၌ ဒုတိယာဝိဘတ်သာ ရှိသည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် သမ္ဗန်အနက်ကို ဖွင့်အပ်ပါသနည်း၊ သမ္ဗန်အနက် ဖြစ်သင့်လျှင်လည်း အဘယ့်ကြောင့် ဒုတိယာဝိဘတ်ကို ပြုအပ်ပါသနည်း၊ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ခ–ဝါကျကို မိန့်။ သမ္ဗန်အနက်၌ သာမိဝိဘတ် ဖြစ်သင့်သော်လည်း အန္တရာသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့် သဒ္ဒါထုံးစံအရ ဒုတိယာဝိဘတ်ကို ပြုအပ်ပါသည်ဟူလို။ ဤစောဒနာသည် အန္တရာသဒ္ဒေန ယုတ္တတ္တာ–ဟူသော ဟိတ်ကိုလည်းကောင်း၊ ဥဘယောဂဝစနံ ကတံ–ဟူသော ကြိယာကိုလည်းကောင်း ကြည့်၍ ထုတ်ရသော စောဒနာတည်း။ ထို့ကြောင့် “အဖြေမြင် အတင်သိ၊ မိ၏ကျမ်းရိုး အနေတည်း”ဟူ၍လည်းကောင်း၊ “အဖြေမြင်က အတင်ထုတ်မြဲ၊ မလွဲတံထွာ၊ ဓမ္မတာတည်း”ဟူ၍လည်းကောင်း ရှေးဆရာတို့ ဆိုကြသည်။

http://www.dhammadownload.com



(ဂ)ဂ-ဝါကျ၌ အဒ္ဓါနသခ်ါတံ မဂ္ဂံ-ဖြင့် ကမ္မဝါစရည်းသမာသ်ကို ပြ၏၊ "အဒ္ဓါနသခ်ါတော မဂ္ဂေါ အဒ္ဓါနမဂ္ဂေါ"ပြု။ ဒီဃမဂ္ဂံ-ဖြင့် "အဒ္ဓါနသဒ္ဒါသည် ဒီဃသဒ္ဒါ၏ ပရိယာယ်တည်း"ဟု ပြသည်။ (ဃ)ဃ-ဝါကျ၌ မဟန္တသဒ္ဒါသည် အမြင့်-ဟူသော အနက်ကိုလည်းကောင်း၊ အများ-ဟူသော အနက်ကိုလည်းကောင်း ဟော၏။ ထိုတွင် ဂုဏမဟတ္တေန-ဟူသော ဝိသေသနဖြင့် ဥတ္တမတ္ထကို ပြ၏။ သင်္ချာမဟတ္တေန-ဟူသော ဝိသေသနဖြင့် ဗဟုတ္တကို ပြ၏။ ပိကား အညမညသမုစ္စည်းတည်း။ (င) ဂုဏမဟတ္တဖြစ်ပုံ, သင်္ချာမဟတ္တဖြစ်ပုံကို ခိုင်လုံစေလိုသောကြောင့်၊ တစ်နည်း-ချဲ့ပြလိုသောကြောင့် င-ဝါကျကို မိန့်။ (ဘာဋီ၊ ပ၊ ၂၂၅)

၁။ ပုစ္ဆာ။ ။ဃ-ဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်ကိုသာ သံဝဏ္ဏနာနှင့်အညီ အနက်ပေးပြပါ။.

၁။ အဖြေ။ ။မဟတာ-ဂုဏ်အားဖြင့် မြတ်သော၊ ဝါ-အရေအတွက်အားဖြင့် များသော။

၂။ ပုစ္ဆာ။ ။ဂ-ဝါကျ၌ ဒီဃမဂ္ဂံ-ပုဒ်သို့ စပ်သင့်ရာပုဒ်မှ သဒ္ဒါနည်းအနုသန္ဓေ ထွက်ပြ၍ အန္တရာသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြပါ။

၂။ အဖြေ။ ။ဤသို့လျှင် ပဋိပန္နော-ဟူသောပုဒ်ဖြင့် ကမ္မာပေက္ခကြိယာကို ပြဆိုတော်မူပြီး၍ ယခုအခါ ထို၏ကံကို ပြလိုသော အဋ္ဌကထာဆရာသည် ဒီဃမဂ္ဂံ-ဟူသောပါဌ်ကို မိန့်တော်မူ၏။

> အန္တရံ မဇ္ဈဝတ္ထုည-ခဏော-ကာသော-ဓိဟေတုသု။
> ဗျဝဓာနေ ဝိနာတ္ထေ စ၊ ဘေဒေ ဆိဒ္ဒေ မနသျပိ။ (ဓာန်၊ ၈၀၂)

## အတက်, အထွက်အတွက် မှတ်ချက်

ဝါကျတစ်ခုရှိ ပဓာနကြိယာကို ဆုပ်ကိုင်ထား၍ ထိုကြိယာမှ ဆိုင်ရာဆိုင်ရာ နာမ်ပုဒ်စသည်တို့သို့ အဓိပ္ပါယ်ပြောင်းသွားခြင်းကို "အထွက်"ဟု ခေါ်ကြသည်။ ဥပမာ-ပုရိသော ပါဒေန မဂ္ဂံ ဂစ္ဆတိ-၌ ဂစ္ဆတိ-ကို ကိုင်ထား၍ သွား၏-ဆိုသည်မှာ ယောက်ျား သွားသည်၊ ထိုယောက်ျားသည်လည်း ခြေဖြင့် သွားသည်။ လမ်းကို သွားသည်-စသည်ဖြင့် ပြောပြခြင်းတည်း။ ထို့ကြောင့် အထွက်ကို မေးရာ၌ ပြည့်စုံအထွက်ကို မေးမှသာလျှင် သဘာဝကျပါသည်။

http://www.dhammadownload.com



ရှေ့ပုဒ်ကိုသော်လည်းကောင်း၊ ရှေ့ဝါကျကိုသော်လည်းကောင်း ဆုပ်ကိုင်၍ နောက်ပုဒ်သို့၊ သို့မဟုတ် နောက်ဝါကျသို့ မေးမြန်းခြင်းကို "အတက်"ဟု ခေါ်ဝေါ်ကြသည်။

၂။ **ပုစ္ဆာ။** ။က-မှတ်ပြ ဒုတိယဝါကျသို့ ဒေါသာရောပနစောဒနာ တက်ပြပါ။

၂။ **အဖြေ။** ။ဆရာ၊ ဆရာသည် ပထမဝါကျဖြင့် အန္တရာသဒ္ဒါသည် ဤနေရာ၌ ဝိဝရအနက်၌ ဖြစ်၏-ဟု ဆိုတော်မူ၏၊ ထိုထို အနက်ထူးကို သတ်မှတ်ရခြင်းသည် အဘယ်အကျိုးရှိပါသနည်း၊ ရအပ်သော အကျိုးကို မပြတော့ပြီလော၊ ရအပ်သောအကျိုးကို မပြချေသော် ဆရာ့အပေါ်၌ နိရတ္ထကဒေါသ သင့်ရောက်လေရာ၏။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဒုတိယဝါကျကို မိန့်။

၂။ **ပုစ္ဆာ။** ။ခ-မှတ်ပြ ဝါကျသို့ အဒေါသာရောပနစောဒနာ တက်ပါ။

၂။ **အဖြေ။** ။ဆရာ၊ ဆရာသည် က-မှတ်ပြဝါကျဖြင့် "အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ"ဟူသောပါဠိကို "ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေ"ဟု ဖွင့်ပြတော်မူ၏၊ ထိုပါဠ်၌ ဒုတိယာဝိဘတ်သာ ရှိသည်မဟုတ်လော၊ သို့ပါလျက် အဘယ့်ကြောင့် သမ္ဗန်အနက်ကို ဖွင့်ရပါသနည်း၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

**တစ်နည်း။** ။ဆရာ၊ ဆရာသည် "အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ"ဟူသောပါဠိကို "ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေ"ဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ သမ္ဗန်အနက် ဖြစ်သင့်လျက် ဆဋ္ဌီဝိဘတ်ဖြင့် ဟောသင့်သည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် ဒုတိယာဝိဘတ်ကို ပြုထားပါသနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ခ-ဝါကျကိုမိန့်။

**မှတ်ချက်။** ။ဋီကာနှင့်ညီအောင် နှစ်နည်း တက်ပြလိုက်သည်။ စတုက္ကလည်း နှစ်မျိုးပင် ထုတ်ရလိမ့်မည်။ ဤကျမ်းတက်ပုံသည် အတုယူ လောက်၏၊ စေ့စပ်သေချာစွာ လေ့လာပါ။

၂။ **ပုစ္ဆာ။** ။ဃ-ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာနည်းဖြင့် တက်ပါ။

၂။ **အဖြေ။** ။ဆရာ၊ ပါဠိတော်၌ မဟတာ-ဟူသောပုဒ်ကို အရှင်အာနန္ဒာ ဆိုတော်မူ၏၊ ထို၌ မဟန္တသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊

http://www.dhammadownload.com



ပူဇာ–အနက်ကို ဟောပါသလော (အညစောဒနာ)၊ တစ်နည်း=ဥတ္တမနှင့်ဗဟု နှစ်နက်တို့တွင် တစ်နက်နက်ကိုသာ ဟောပါသလော(ဉနစောဒနာ)၊ တစ်နည်း= ဥတ္တမ, ဗဟု, ပူဇာ–သုံးနက်လုံးကိုပင် ဟောပါသလော(အဓိကစောဒနာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့်" ဂုဏမဟတ္တေန ပိ–စသည်ကို မိန့်။

**မှတ်ချက်။** ။မဟန္တသဒ္ဒါသည် ဥတ္တမအနက်, ဗဟုအနက်, ပူဇာအနက်– စသည်ကို ဟောနိုင်၏။ သို့ရာတွင် ဤနေရာ၌ ဥတ္တမနှင့် ဗဟုအနက်ကိုသာ ဟောနိုင်၏၊ ထို့ကြောင့် "ပူဇာအနက်ကို ဟောသလော"ဟု အာဘော်ထုတ်လျှင် အညစောဒနာ ဖြစ်သည်။ "ဥတ္တမနှင့်ဗဟု နှစ်နက်ထဲမှ တစ်နက်နက်ကိုသာ ဟောသလော"ဟု အာဘော်ထုတ်လျှင် ဉနစောဒနာ ဖြစ်သည်။ "သုံးနက်လုံး ကိုပင် ဟောသလော"ဟု အာဘော်ထုတ်လျှင် အဓိကစောဒနာ ဖြစ်လေသည်။ နေရာတိုင်း ဤနည်းချည်း မှတ်ပါ။ "ကေသွိံ သမယေတိ ကေသွိံ ကာလေ" စသည်တို့၌လည်း တက်ကြည့်ပါ။

**ဆောင်။** ။အည ဉန၊ အဓိက၊ သုံး၀ စောဒနာ။

**၃။ ပုစ္ဆာ။** ။က–မှတ်ပြ ဒုတိယဝါကျနှင့် ခ–မှတ်ပြ ဝါကျတို့၌ စောဒကာ ဘောဂါဒိစတုက္က ထုတ်ပြ၍၊ ပန–သဒ္ဒါ ထားရပုံကိုလည်း ရှင်းပြပါ။

**၃။ အဖြေ။** ၁။ နနု ရာဇဂဟာဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဝေမေတ္တ
အတ္ထော ဝေဒိတဗ္ဗော။ (စောဒကာဘောဂ)
(တသ္မာ ဥပယောဂဝစနံ န ကာတဗ္ဗံ။) (စောဒကာဘောဂဖလ)
၂။ အထ ကသ္မာ ဥပယောဂဝစနံ ကတံ။ (စောဒနာ)
၃။ အန္တရာသဒ္ဒေန ယုတ္တတ္တာ။ (ပရိဟာရဘောဂ)
၄။ ဥပယောဂဝစနံ ကတံ။ (ပရိဟာရ)

အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ–ဟူသော ပါဠိတော်သဒ္ဒါကို မနှစ်သက်ဖွယ်ရှိသောကြောင့် "ပန"သဒ္ဒါ ထားရပါသည်။

**တစ်နည်းထုတ်ပုံ။** ၁။ နနု ဧတ္ထ ဥပယောဂဝစနမေဝ။ (စောဒကာဘောဂ)
(တသ္မာ သမ္ဗန္ဓိယတ္ထော န ဝတ္တဗ္ဗော။) (စောဒကာဘောဂဖလ)
၂။ အထ ကသ္မာ သမ္ဗန္ဓိယတ္ထော ဝုတ္တော။ (စောဒနာ)
၃။ အန္တရာသဒ္ဒေန ယုတ္တတ္တာ။ (ပရိဟာရဘောဂ)
၄။ သမ္ဗန္ဓိယတ္ထော ဝုတ္တော။ (ပရိဟာရ)

အဋ္ဌကထာဆရာ၏ "အဖွင့်သံဝဏ္ဏနာ"ဟူသော အနက်ကို မနှစ်သက်ဖွယ် ရှိသောကြောင့် "ပန"သဒ္ဒါ ထားပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ဋီကာကျမ်းတက်ကို ရှု၍ နှစ်နည်း ထုတ်လိုက်ရသော်လည်း နောက်နည်းသည် မကောင်းလှချေ။ အကြောင်းမှာ ပရိဟာရာဘောဂနှင့် ပရိဟာရသည် တိုက်ရိုက်အားဖြင့် ဆက်သွယ်မှု မရှိသောကြောင့်တည်း။ (အန္တရာ သဒ္ဒါနှင့် ယှဉ်သောကြောင့် သမ္ဗန်အနက်ကို ဖွင့်ဆိုပါ၏။) ဟူသော စကားကို စဉ်းစားကြည့်ပါ၊ တိုက်ရိုက် ဆက်သွယ်မှု မရှိလှကြောင်း တွေ့ရပါလိမ့်မည်၊ ထို့ကြောင့် ပထမနည်းကိုသာ အတည်ယူပါ။ ဤကဲ့သို့ပင် စောဒကာဘောဂ နှစ်ချက်သင့်နေသော အလားတူ နေရာများ၌ ပရိဟာရာဘောဂနှင့် ပရိဟာရတို့ကို ချိန်ကြည့်၍ ပရိဟာရာဘောဂနှင့် ပရိဟာရတို့ တိုက်ရိုက်ဆက်သွယ်သော အချက်ကိုသာ အမှန်ယူပါလေ။

ထို့ပြင် စတုက္ကထုတ်ရာ၌ စောဒကာဘောဂဖလ ထုတ်သင့်ပုံကို အောက်ပါ ပခုက္ကူနိဿယသစ်ကို ယုံကြည်သောအားဖြင့် လက်ခံသုံးစွဲပါ။ စည်းမျဉ်းအဖြေ နနုဝါကျ စတုက္ကထုတ်ပုံတုန်းကလည်း အဋ္ဌကထာသာဓကကို ပြခဲ့ပြီ။

ယဒိ အာစရိယ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဝေမတ္တံ အတ္တော ဝေဒိတဗ္ဗော၊ (တသ္မာ သာမိဝစနံယေဝ ကာတဗ္ဗံ၊ ဥပယောဂဝစနံ န ကာတဗ္ဗံ။) ကသ္မာ အာနန္ဒတ္ထေရေန ဥပယောဂဝစနံ ကတံ၊ သာမိဝစနံ န ကတံတိ စောဒနာ .....။

ကိဉ္စာပိ ဘဒ္ဒမုခ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဝေမတ္တံ အတ္တော ဝေဒိတဗ္ဗော၊ အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံတိ သောဓနာ။

၄။ ပုစ္ဆာ။ ။ဃ-ဝါကျ၌ မဟတ္တေန-ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲပြပါ။

၄။ အဖြေ။ ။မဟန္တဿ ဘာဝေါ မဟတ္တံ။

မဟတ္တံ-သည် ဝစန။ မဟန္တဿ ဘာဝေါ-သည် ဝစနတ္ထ။ မြတ်+များသော သံဃာ၏ မြတ်+များသည်၏ အဖြစ်တည်းဟူသော ဂုဏ်နှင့် ဂုဏေး ဂုဏ်အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု။ ဣတိသဒ္ဒါ မပါသောကြောင့် ဝစနဟေတု ဇောတကမရ။ မြတ်+များသော ဂုဏ်သည် ဝစနီယ။ မဟန္တတာ, မဟန္တတ္တံ, မဟန္တဘာဝေါ-စသော ပရိယာယ်သဒ္ဒါစုသည် ဝစနီယတ္ထ။

၅။ ပုစ္ဆာ။ ။င-ဝါကျ၌ ဟိတ်ပါဌ်၏ သမ္ဗန်ကိုခံ၍ အနက်ပေး စာစပ် ပြီးလျှင်၊ ဘာဝယောဂပုဒ်၏ ဝါစ္စတ္ထကို ဖော်ပြပါ။

http://www.dhammadownload.com



၅။ အဖြေ။ ။သမ္ဗန္ဓံ-တဿ ဘိက္ခုသံဃဿ။

အနက်ပေး။ ။တဿ ဘိက္ခုသံဃဿ-ထိုရဟန်းအပေါင်း၏။ ဝါ-ထိုရဟန်းအပေါင်းသည်။

စာစပ်။ ။တဿ ဘိက္ခုသံဃဿ-ကား ၏-ဟူ၍ အနက်ပေးသောကြောင့် အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ-ဝယ် တ္တပစ္စည်း၌ နိဿယ, သမ္ဗန်, သတ္တိမန္တ။ တ္တ-ကား နိဿိတ, သမ္ဗန္ဓီ, သတ္တိ။ တစ်နည်း=တဿ ဘိက္ခုသံဃဿ-ကား သည်-ဟူ၍ အနက်ပေးသောကြောင့် အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတတ္တာ-ဝယ် အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတ-ဟူသော ဘာဝယောဂပုဒ်၌ ဝါစ္စ, တုလျတ်, ကတ္တား။ ဘာဝယောဂပုဒ်ကား ဝါစက, လိင်္ဂတ်, ကတ္တိအဖြစ်ဖြင့် စပ်၏။

ဘာဝယောဂပုဒ်၏ ဝါစ္စတ္ထကား သံဃာ-ဟူသော ဥတ္တရပဒတ္ထအနက် ဖြစ်ပါသည်။

မှတ်ချက်။ ။စည်းကမ်း၌ "ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို မေးမည်" ဟုသာ ပါသည်။ "ဝါစ္စတ္ထကို မေးမည်"ဟု မပါ။ ထို့ကြောင့် အောက်ပါအတိုင်း အမျိုးမျိုး ယူဆရေးသားကြ၏။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကို မေးရာ၌ ဘာဝယောဂပုဒ်သည်-

(၁) ကိတ်ပုဒ်နှင့် တဒ္ဓိတ်ပုဒ်ဖြစ်ပါက အထူးပြောဖွယ်ရာ မလို၊ ဆိုင်ရာပစ္စည်း၏ အနက်ကို ဖြေဆိုရုံပင် ဖြစ်သည်။

(၂) သမာသ်ပုဒ်ဖြစ်မှုကား အချို့က နောက်ပုဒ်၏ ပစ္စယတ္ထကို ဖြေဆိုလိုသည်။ ဥပမာ-ဤပုံစံ၌ သမန္နာဂတ-ဟူသော နောက်ပုဒ်က ကတ္တုသာဓနဖြစ်သောကြောင့် ကတ္တားအနက်ဟု ဖြေစေလို၏။

အချို့ကမူ သမာသ်ပုဒ်၌ ပစ္စယတ္ထကို မမေးသင့်၊ ဝါစ္စတ္ထကိုသာ မေးသင့်သည်-ဟု ဆိုကြ၏၊ ပုစ္ဆာ၏ အနေအထားကို စဉ်းစား၍ သင့်လျော်သလို ဖြေဆိုပါ၊ အတိအကျ သတ်မှတ်နိုင်သောအရာ မဟုတ်သောကြောင့် မည်သည့်ဝါဒကိုမျှ အတည်မပြုနိုင်ချေ။

၆။ ပုစ္ဆာ။ ။ဂ-မှတ်ပြ ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာတို့ကို ပြပါ။

၆။ အဖြေ။ ။အဒ္ဓါနသင်္ခါတံ မဂ္ဂံ-ဖြင့် အဒ္ဓါနမဂ္ဂပဋိပန္နော-၌ အဒ္ဓါနမဂ္ဂ-ပုဒ်ကို အဒ္ဓါနသင်္ခါတော မဂ္ဂေါ အဒ္ဓါနမဂ္ဂေါ-ဟု ကမ္မဓာရည်းသမာသ် ပြုရမည့်အဖြစ်ကိုလည်းကောင်း၊ ပဋိပန္နော-၌ တ,ပစ္စည်း၏ ကတ္တားအနက်ဟော

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း ဖွင့်ပြသည်။ သမာသ်ဖြစ်သော လိင်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထ၊ ကိတ်ဖြစ်သော ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ။

ဒီဃမင္ဂ-ဖြင့် အဒ္ဒါနသဒ္ဒါသည် ဒီဃသဒ္ဒါ၏ ပရိယာယ်တည်း-ဟု သိစေ၏။ တစ်နည်း=အဒ္ဒါနသဒ္ဒါသည် ဒီဃအနက်ဟော-ဟု သိစေ၏။ ပရိယာယ်ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ၊ တစ်နည်း=နာမ်ဖြစ်သော လိင်အနက်ကို ဖွင့်ပြသောကြောင့် နာမလိင်္ဂတ္ထ။

၇။ ပုစ္ဆာ။ ။ဂ-မှတ်ပြ ဝါကျပါ ဟောတိ-၌ ရသင့်သော ဝိပလ္လာသနည်းကို ရှင်းပြပါ။

၇။ အဖြေ။ ။ဟောတိသည် အဟောသိ-ဟူသော အတိတ်ကာလကို ပစ္စုပ္ပန်ကာလအားဖြင့် ပြန်ထားသောကြောင့် ကာလဝိပလ္လာသနည်း-ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။ဂ-မှတ်ပြ ဝါကျ၌ အဘယ်လောက် ဝေးလျှင်ပင် အဒ္ဒါနမဂ္ဂ ခေါ်နိုင်သနည်း၊ ရာဇဂဟနှင့် နာဠန္ဒာသည် အဘယ်မျှ ဝေးပါသနည်း။

၈။ အဖြေ။ ။ယူဇနာဝက်မျှ ဝေးသော ခရီးသည်ပင် အဒ္ဒါမဂ္ဂ-မည်ပါသည်။ ရာဇဂဟနှင့် နာဠန္ဒာသည် တစ်ယူဇနာ ဝေးကွာပါသည်။

၉။ ပုစ္ဆာ။ ။ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော-ဟူသော ဂါထာ၏ ဂါထာအမည် ဆန်းအမည်တို့ကို စစ်ပြပါ။

၉။ အဖြေ။ ။ဤဂါထာသည် လေးပါဒလုံး အစတစ်လုံးနောင် (ဝါ-ပထမဂိုဏ်းကွက်၌) သ, ဂိုဏ်း န, ဂိုဏ်း မရှိခြင်း၊ ဒုတိယ, စတုတ္ထ သမနစ်ပါဒ အစလေးလုံးနောင် (ဝါ-ဒုတိယဂိုဏ်းကွက်၌) ဇ, ဂိုဏ်းရှိခြင်း၊ ပထမပါဒ အစလေးလုံးနောင် (ဝါ-ဒုတိယဂိုဏ်းကွက်၌) ယ, ဂိုဏ်းရှိခြင်း၊ တတိယပါဒ အစလေးလုံးနောင် (ဝါ-ဒုတိယဂိုဏ်းကွက်၌) န, ဂိုဏ်းရှိခြင်း-ဟူသော လက္ခဏာတို့နှင့် ပြည့်စုံသောကြောင့် "တတိယ န, ကာရဝိပုလာဂါထာ"ဖြစ်ပါသည်။

တစ်ပါဒလျှင် အက္ခရာ ၈-လုံးစီ ရှိသောကြောင့် အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

၉။ ပုစ္ဆာ။ ။င-မှတ်ပြဝါကျရှိ စကားရပ်တို့ကို ရှစ်လုံးဘွဲ့ဂါထာ စီကုံးပြပါ။

၉။ အဖြေ။ ။မဟာ အဟောသိ သော ဟိ၊ ဘိက္ခုသံဃော ဂုဏောဟိပိ။
အပ္ပိစ္ဆတာဒိဂုဏေဟိ၊ သမန္နာဂတဘာဝတော။
(တတိယ သ, ကာရဝိပုလာ ဂါထာဖြစ်သည်။)

http://www.dhammadownload.com



**၁၀။ ပုစ္ဆာ။**　။ဂ-မှတ်ပြ ဝါကျပါ ပဋိပန္နော-၏ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ၊ ဝိဘာဝ, အနုဘာဝ, ရသ-တို့ကို ထုတ်ပြပါ။

**၁၀။ အဖြေ။**　။ပဋိပန္နော-၌ ပဋိပုဗ္ဗ ပဒဓာတ်အရ ဘုရားရှင်၏ သန္တာန်၌ ဖြစ်သော ဝီရိယတော်သည် ဥဿာဟဌာယီဘာဝ၊ ရှည်လျားသော လမ်းခရီးသည် အာရမဏဝိဘာဝ၊ ဒေသစာရီ ကြွလိုခြင်း, တရားဟောလိုခြင်း ဆန္ဒတော်သည် ဥဒ္ဒီပနဝိဘာဝ၊ "လူအများ ဘုရားဖူးရခြင်း, တရားနာရခြင်း, ကုသိုလ်ကောင်းမှု ရခြင်း"-စသော အကျိုးသည် အနုဘာဝ။ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် သာယာအပ်သည်၏အဖြစ်သို့ရောက်သော ဥဿာဟဌာယီဘာဝသည်ပင် ဝီရရသ မည်၏။

**မှတ်ချက်။**　။လိင်နှင့်ဓာတ်ကို၊ အန္တဆို၊ နက်ကို အန္တတ္ထ။ ပစ္စည်း ဝိဘတ်ကို၊ ဗာဟျဆို၊ နက်ကို ဗာဟျတ္ထ"ဟူသည်နှင့်အညီ နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်ပုဒ်များ၌ လိင်ကို အန္တ၊ လိင်၏အနက်ကို အန္တတ္ထ၊ ဝိဘတ်ကို ဗာဟျ၊ ဝိဘတ်၏အနက်ကို ဗာဟျတ္ထ-ဟု ခေါ်၏။ တဒ္ဓိတ်နာမ်၌ လိင်ကို အန္တ၊ လိင်၏ အနက်ကို အန္တတ္ထ၊ ပစ္စည်းကို ဗာဟျ၊ ပစ္စည်း၏ အနက်ကို ဗာဟျတ္ထဟု ခေါ်၏။ ကြိယာပုဒ်များ၌ ဓာတ်ကို အန္တ၊ ဓာတ်၏အနက်ကို အန္တတ္ထ။ ကိတ်ဖြစ်က ပစ္စည်းကို ဗာဟျ၊ ပစ္စည်း၏ အနက်ကို ဗာဟျတ္ထ။ အာချာတ်ဖြစ်က ဝိဘတ်ကို ဗာဟျ၊ ဝိဘတ်၏အနက်ကို ဗာဟျတ္ထ-ဟုခေါ်၏။

ဤ၌ ပဋိပန္နောသည် ကိတ်ကြိယာပုဒ်ဖြစ်၍ ပဋိပုဗ္ဗ ပဒဓာတ်သည် အန္တ၊ ထို၏ အနက်သည် အန္တတ္ထဖြစ်သည်။ တ, ပစ္စည်းသည် ဗာဟျ၊ ထို၏ အနက်သည် ဗာဟျတ္ထ ဖြစ်လေသည်။ "ပဋိပုဗ္ဗ ပဒဓာတ်၏ အနက်"ဟူသည် ကြွသွားတော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ ကြွသွားတုန်း အခိုက်အတန့်တွင် ဖြစ်ပေါ်နေသော ပရမတ္ထတရားများပင်တည်း။ "တ, ပစ္စည်း၏ အနက်"ဟူသည် ကြွသွားသော မြတ်စွာဘုရားတည်းဟူသော ခန္ဓာပဋ္ဌကပင်တည်း။

အန္တတ္ထကို ကိုယ်ပြု၍ ဆိုသည်မှာ "အန္တတ္ထအရတရားကို ဌာယီဘာဝအဖြစ်ထား၍"ဟု ဆိုလိုသည်။ အန္တတ္ထအရ, ဗာဟျတ္ထအရ ကောက်ပုံတို့ကို အထူးသတိပြုလေ့လာထားပါ။

❁❁❁❁❁

အမှတ်-၂၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၃၊ လေ့ကျင့်ခန်း

(က) ပရေတိ ပဋိဝိရုဒ္ဓါ သတ္တာ။

(ခ) တတြာတိ ယေ အ၀ဏ္ဏံ ဝဒန္တိ၊ တေသု။

(ဂ) "န အာဃာတော"တိ အာဒီဟိ ကိဉ္စာပိ တေသံ ဘိက္ခူနံ အာဃာတော ယေဝ နတ္ထိ။

(ဃ) အထ ခေါ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ဓမ္မနေတ္တိံ ဌပေတိ။

(င) တတ္ထ အာဟနတိ စိတ္တန္တိ အာဃာတော။

(စ) ကောပယေယတံ အဓိဝစနံ။ (သီဋ္ဌ၊ ၅၂)

**ဋီကာ။** ။(က) ပရသဒ္ဒေါ အတ္ထေဝ အညတ္ထော၊ အတ္ထိ အဓိကတ္ထော၊ အတ္ထိ ပစ္စာဘာဂတ္ထော၊ အတ္ထိ ပစ္စနီကတ္ထော၊ ဣဓာပိ ပစ္စနီကတ္ထောတိ ဒဿေတိ "ပဋိဝိရုဒ္ဓါ သတ္တာ"တိ ဣမိနာ။ (ခ) တ, သဒ္ဒေါ ပရေတိ ဝုတ္တမတ္တံ အဝဏ္ဏာဘာသန ကိရိယာဝိသိဋ္ဌံ ပရာမသတီတိ ဝုတ္တံ "ယေ အ၀ဏ္ဏံ ဝဒန္တိ၊ တေသု"တိ။ (ဂ) နနု တေသံ အာဃာတော နတ္ထိ ဂုဏမဟတ္တတ္တာ၊ အထ ကသ္မာ ဇေ ဝုတ္တန္တိ စောဒနာလေသံ ဒဿေတွာ တဒပနေတိ "ကိဉ္စာပိ"တိအာဒိနာ။ ကိဉ္စာပိ နတ္ထိ၊ အထ ခေါ တထာပိတိ အတ္ထော။ (ဃ) ဤဒိသေသုပိတိ ဧတ္ထ ပိသဒ္ဒေါ သမ္ဘာဝနတ္ထော၊ တေန ရတနတ္တယနိမိတ္တမ္ပိ အကုသလစိတ္တံ န ဥပ္ပါဒေတဗ္ဗံ၊ ပဂေဝ ဝဋ္ဋာမိသလောကာမိသနိမိတ္တန္တိ သမ္ဘာဝေတိ။ ပရိယတ္တိဓမ္မောယေဝ သဒ္ဓမ္မနယနဋ္ဌေန နေတ္တီတိ **ဓမ္မနေတ္တိ**။ (င) **အာဟနတီတိ** အာဘုသော ဃဋ္ဋေတိ ဟိံသတိ ဝါ၊ ဝိဗာဓတိ ဥပတာပေတိ စာတိ အတ္ထော။ (စ) ယဒိပိ ဒေါမနဿာဒယော စ အာဟနန္တိ၊ ကောပေယေဝ ပနာယံ နိရုဠှောတိ ဒဿေတိ "ကောပဿေတံ အဓိဝစန"န္တိ ဣမိနာ။ အဝယဝတ္တံ ဟိ ဒဿေတွာ တတ္ထ ပရိယာယေန အတ္ထံ ဒဿေန္တော ဧဝမာဟ။ **အဓိဝစနန္တိ** စ အဓိကိစ္စ ပဝတ္တံ ဝစနံ၊ ပသိဒ္ဓံ ဝါ ဝစနံ၊ နာမန္တိ အတ္ထော။

ဧတ္ထ စ သဘာဝဓမ္မတော အညဿ ကတ္တု အဘာဝဇောတနတ္ထံ "အာဟနတီ"တိ ကတ္တုဧတ္ထ အာဃာတသဒ္ဒံ ဒဿေတိ။ အာဟနတိ ဧတေန, အာဟနနမတ္တံ ဝါ **အာဃာတောတိ** ကရဏဘာဝဝဏ္ဏာပိ သမ္ဘဝန္တိယေဝ။ (ဋီကာ၊ သစ်၊ ပ၊ ၂၂၀)

**ဘာသာဋီကာ။** ။(ဃ) ဃ-ဝါကျ၌ ပိသဒ္ဒါသည် မြတ်သော ရတနာသုံးပါး အနက်ဟောပုဒ်နှောင်ထိုင်သောကြောင့် သမ္ဘာဝနာဇောတက ဂရဟာသမုစ္စည်းတည်း။ သဒ္ဓမ္မံ နေတီတိ နေတ္တိ၊ ဓမ္မောယေဝ နေတ္တိ ဓမ္မနေတ္တိ-ပြု။ (င) င-ဝါကျ၌

http://www.dhammadownload.com



အာပုဗ္ဗ ဟနစာတ်, ဏ, ပစ္စည်း၊ ဟနဓာတ်ကို ဃာတပြုထားကြောင်းကို လည်းကောင်း၊ ကတ္တုသာဓ်ပြုရကြောင်းကိုလည်းကောင်း ပြလို၍ "အာဟနတိ စိတ္တံ"ဟု မိန့်သည်။ (စ) စ-ဝါကျ၌ အာဟနတိဟူသော အနက်သည် ဟနဓာတ်၏ ညှဉ်းဆဲခြင်းအနက်နှင့် ဏ, ပစ္စည်း၏ ကတ္တားအနက်ဟူသော ဓာတ်နက်, ပစ္စည်းနက်ကို ခွဲ၍ ပြအပ်သော သဒ္ဒါနက်တည်း။ ယခုအခါ အာဃာတသဒ္ဒါ၏ ပရိယာယ်အနက်ကို ပြလို၍ "ကောပဿေတံ အဓိဝစနံ"ဟု မိန့်သည်။ (ဇဝံ အဝယဝဘေဒနေန အာဃာတသဒ္ဒဿ အတ္ထံ ဝတွာ ဣဒါနိ တတ္ထ ပရိယာယေနပိ အတ္ထံ ဒဿေန္တော "ကောပဿေတံ အဓိဝစန"န္တိ အာဟ။ ဋီကာဟောင်း)

အဓိဝစနံကို "ဥပရိ ဝစနံ အဓိဝစနံ၊ အဓိနံ ဝစနံ အဓိဝစနံ"ဟု လည်းပြု။ ထို့ကြောင့် "အဓိဝစနံ-အထက်၌ဖြစ်သော သဒ္ဒါတည်း၊ ဝါ-စပ်သော သဒ္ဒါတည်း၊ ဝါ-စွဲ၍ဖြစ်သော သဒ္ဒါတည်း၊ ဝါ-ထင်ရှားသော သဒ္ဒါတည်း။ ဝါ-အမည်တည်း"ဟု အနက် ၅-ချက်ပေးပါ။

"ဝုစ္စတိ ဝုတ္တံ၊ နာမံ ပရိယာယ၊ ရှိလကမူ ဥပစာ။

အဓိဝစနံ၊ နာမံရှိက၊ များလှ နက်တွင်၊ လိုအင်နက်မှီ၊ ထင်ရှင့်ချီ"နှင့်အညီ စိတ်ကို ညှဉ်းဆဲ တတ်ဟူသော ဗျုပ္ပတ်သို့ လိုက်၍ အရကောက်လျှင် "ဒေါသ၊ ဒေါမနဿ၊ ဝိစိကိစ္ဆာ"စသည်တို့လည်း ရနိုင်၏။ သို့သော် အပေါင်းဖြစ်သော ထိုအနက်များ၏ အမည်ကို အစိတ်ဖြစ်သော ဒေါသ၌ တင်စားသော ကေဒေသူပစာရ, ရုဠ္ဟီအားဖြင့် ကောပ(ဒေါသ)ကိုသာ အရကောက်ရသည်။ (ဘာဋီ၊ ပ၊ ၃၂၅)

၁။ ပုစ္ဆာ။ ။ စ-မှတ်ပြ ဝါကျကိုသာ အနက်စုံလင်စွာ ပေးပြပါ။

၁။ အဖြေ။ ။ ဇတံ-ဤအာဃာတဟူသော သဒ္ဒါသည်၊ ကောပဿ-စိတ်ဆိုးတတ်သော ဒေါသ၏၊ အဓိဝစနံ-အထက်၌ဖြစ်သော သဒ္ဒါတည်း။ (စသည်ဖြင့် ငါးချက် ပေးပါ။)

၂။ ပုစ္ဆာ။ ။ န အာဃာတောတိ အာဒီဟိ-ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒ အနုသန္ဓေနည်းဖြင့် ထွက်ပြ၍၊ ဌာနသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ထုတ်ပြပါ။

၂။ အဖြေ။ ။ ဤသို့လျှင် ဠပေတိ-ဟူသောပါဠ်ဖြင့် ကရိုဏ်း၏ကြိယာကို ပြတော်မူပြီး၍ ယခုအခါ ထို၏ ကရိုဏ်းကို ပြလိုသော အဋ္ဌကထာဆရာသည် န အာဃာတောတိ အာဒီဟိ-ဟူသောပါဠ်ကို မိန့်။

ဌာနံ ဣဿရိယော-ကာသ-ဟေတူသု ဌိတိယမ္ပိ စ။ (ဓာန်၊ ၈၄၆)

၂။ ပုစ္ဆာ။ ။ က-မှတ်ပြဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောက ပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ ဆရာ၊ ပါဠိတော်၌ ပရေ-ဟူသောပုဒ်ကို မြတ်စွာဘုရား ဟောထားတော်မူ၏၊ ထို၌ ပရသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း၊ အညအနက်, အဓိကအနက်, ပဋ္ဌာဘာဂအနက်တို့ကို ဟောပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ပဋိဝိရုဒ္ဓါ သတ္တာ-ကို မိန့်။

၂။ ပုစ္ဆာ။ ။ ဃ-မှတ်ပြဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် ဂ-မှတ်ပြ ဝါကျဖြင့် ထိုရဟန်းတို့မှာ အာဃာတပင် မရှိ-ဟု ဆိုတော်မူ၏၊ ယင်းသို့ဖြစ်ပါလျက် ဘုရားရှင်က အဘယ့်ကြောင့် ဓမ္မနေတ္တိကို ထားရပါသနည်း၊ ထားရခြင်း၏ အကြောင်းကို မပြတော့ ပြီလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဃ-ဝါကျကို မိန့်။

၂။ ပုစ္ဆာ။ ။ ဂ+ဃ ဝါကျတို့၌ အဒေါသာရောပနစောဒနာနည်းဖြင့် စောဒနာထုတ်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ပါဠိတော်၌ န အာဃာတော-စသည်ဖြင့် ဓမ္မနေတ္တိကို ထားတော်မူ၏၊ ထိုရဟန်းတော်တို့မှာ အာဃာတပင် မရှိသည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် ဓမ္မနေတ္တိကို ထားနေရပါသေးသနည်း၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဂ+ဃ ဝါကျတို့ကို မိန့်တော်မူ၏။ အဓိပ္ပါယ် ကား-ထိုရဟန်းတို့မှာ အာဃာတပင် မရှိတော့သော်လည်း ဤနေရာမျိုး၌သော်ပင် အကုသိုလ်ဖြစ်ခြင်းကို တားမြစ်လို၍ ဓမ္မနေတ္တိကို ထားရပါသည်-ဟူလို။

မှတ်ချက်။ ။ ဝါကျတို့သို့ တက်ပါ-ဟု မမေးဘဲ ဝါကျတို့၌ ထုတ်ပြပါ-ဟု မေးထားသည်ကို သတိပြုပါ၊ ထိုသို့ မေးသည်မှာ ရှေ့ဝါကျကို ဥပနာမကိုင်ဘဲ အတက်ခိုင်းသော ဝါကျတွင်း၌ပင် သင့်လျော်သော စကားရပ်ကို ထပနာကိုင်၍ တက်စေလိုသောကြောင့် ဖြစ်သည်။ ကိဥ္စာပိဝါကျ၀ယ် စောဒနာထုတ်ရာ၌ မူသေနည်း ရှိ၏၊ ထိုနည်းမှာ စောဒကာဘောဂါဒိစတုက္က ထုတ်ယူသည့်အတိုင်းပင် ဖြစ်၏။ ထို့ကြောင့် ကိဥ္စာပိဝါကျ၌ စောဒနာထုတ်လိုပါက ပရိဟာရကို ထပနာ ကိုင်ပါ၊ စောဒကာဘောဂကို အာဘော်လုပ်ပါ။ စောဒနာကို ပုစ္ဆာလုပ်ပါ၊ ပရိဟာ ရာဘောဂကို အဓိပ္ပါယ်ပြန်ပါ။ ကိဥ္စာပိအုပ်စု၊ ပနအုပ်စုတို့၌ ဤနည်းချည်းသာ စောဒနာထုတ်ရသည်။

၃။ ပုစ္ဆာ။ ။ ဂ+ဃဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြ၍၊ ကိဥ္စာပိသဒ္ဒါ ရေးထားကြောင်းကိုလည်း ရှင်းပြပါ။

http://www.dhammadownload.com



၃။ အဖြေ။ ။ စည်းမျဉ်းနှင့် အဖြေတုန်းက ရေးခဲ့ပြီ။ (၂၄၁)ကို ပြန်ကြည့်ပါ။

၄။ ပုစ္ဆာ။ ။ က–ဝါကျပါ သတ္တာကို ဝိဂ္ဂဟပြု၍၊ ဝစနာဒိဆက္ကခွဲပြပါ။

၄။ အဖြေ။ ။ ရူပါဒီသု သဥ္ဇာ္ဇတိ သတ္တာ။ (ဝစနာဒိဆက္က လွယ်ပါပြီ။)

၅။ ပုစ္ဆာ။ ။ ဃ–ဝါကျ၌ ပဋိသေဓေန္တော–ကို ဟိတ်ပြင်၍၊ ယင်းဟိတ်၏ သမ္ဗန်ကို ခံပြီးလျှင်၊ အနက်ပေး စာစပ်ပြပါ။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၅။ အဖြေ။ ။ ပဋိသေဓေန္တော–ကို ပဋိသေဓေန္တတ္တာ, ပဋိသေဓေတုကာမတ္တာ–ဟုပြင်၍ ၎င်း၏သမ္ဗန်ကို ဘဂဝတော–ဟု ခံရပါမည်။ ၏+သည်–အနက်ပေး၍ စာစပ်လေ။ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တုသာဓနအနက် (ဘုရားရှင်) ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ က+ခ မှတ်ပြ ဝါကျတို့၌ အဋ္ဌကထာဘောဂကို ဗျတိရေကအန္ဝယအားဖြင့် ဖော်ပြပါ။

၆။ အဖြေ။ ။ (က) ပဋိဝိရုဒ္ဓါ သတ္တာ–ဖြင့် ပရသဒ္ဒါအညအနက်, အဓိကအနက်, ပစ္စာဘာဂအနက်တို့ကို မဟော(ဗျ)၊ ပစ္စနီကအနက်ဟော၏ အဖြစ်ကိုလည်းကောင်း(နွ)၊ ပရ–အရ အထူးမ,မ သာမညပုဂ္ဂိုလ်တို့ကို မယူရ၊ (ဗျ)၊ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သူတို့ကို ယူရမည့်အဖြစ်ကိုလည်းကောင်း (နွ)၊ ပရေဋ္ဌ သေည် ဒုတိယာ ယောဝိဘတ်၏ ဧ,မဟုတ်(ဗျ)၊ ပထမာယောဝိဘတ်၏ ဧ၏အဖြစ်ကိုလည်းကောင်း(နွ) သိစေ၏။

(ခ) ယေ အဝဏ္ဏံ ဝဒန္တိ၊ တေသု–ဖြင့် တတြ၌ တ,သည် အထူးမ,မ သာမညပုဂ္ဂိုလ်တို့ကို မစွဲ(ဗျ)၊ အပြစ်ပြောသူများကို စွဲ၏ဟုလည်းကောင်း(နွ)၊ တြပစ္စည်းသည် ဧကဝုစ်အနက်ကို မဟော(ဗျ)၊ ဗဟုဝုစ်အနက်ကို ဟော၏ဟုလည်းကောင်း(နွ)သိစေသည်။ (ဝိဘတျတ္ထသံဝဏ္ဏနာ အမည်ပေးပါ။)

၇။ ပုစ္ဆာ။ ။ အာဃာတောယေဝ၊ ပဋိသေဓေန္တော–တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ရှင်းလင်းဖော်ပြပါ။

၇။ အဖြေ။ ။ အာဃာတောယေဝ–၌ အာရှေးရှိသော ဟနဓာတ်ကာ, ပစ္စည်းမှ ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဟနကို ဃာတပြု၍လည်းကောင်း၊ ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် ယ,လာ၍လည်းကောင်း အာဃာတောယေဝ–ဟု

http://www.dhammadownload.com



ပြီးပါသည်။ ပဋိသေဓေန္တော-သည် ပတိသေဓေန္တော-ဟု ဆိုလိုလျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် တိကို ဋိပြု၍ ပဋိသေဓေန္တော-ဟု ပြီးပါသည်။

၈။ ပုစ္ဆာ။ ။ အပ္ပစ္စယော, အနဘိရဒ္ဓိ-ပုဒ်တို့၏ အရကို ကောက်ပြ၍ ၎င်းတို့ကို ခန္ဓာလည်း ဖွဲ့ပြပါ။

၈။ အဖြေ။ ။ အပ္ပစ္စယော-အရ ဒေါမနဿဝေဒနာဖြစ်၍ အနဘိရဒ္ဓိ-အရ ဒေါသဖြစ်ပါသည်။ ဒေါမနဿဝေဒနာသည် ဝေဒနာက္ခန္ဓာ ဖြစ်၍ ဒေါသသည် သင်္ခါရက္ခန္ဓာ ဖြစ်ပါသည်။

၉။ ပုစ္ဆာ။ ။ ဃ-မှတ်ပြ ဝါကျဒွဲ အာယတိံ-မှစ၍ ရှစ်လုံးဘွဲ့ ဂါထာစီပြပါ။

၉။ အဖြေ။ ။ အာယတိံ ကုလပုတ္တာနံ၊ ဠာနေသု ဤဒိသေသုပိ။
ပါပုပ္ပတ္တိံ နိသေဓေန္တော၊ ဓမ္မနေတ္တိံ ထပေတိ သော။
(ပထျာဝတ္တဂါထာ ဖြစ်ပါသည်။)

၉။ ပုစ္ဆာ။ ။ ကုဒ္ဓေါ အတ္ထံ န ဇာနာတိ၊ ကုဒ္ဓေါ ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ။
ဟူသောဂါထာ၏ ဂါထာအမည်နှင့် ဆန်းအမည်တို့ကို ဖော်ပြပါ။

၉။ အဖြေ။ ။ ပထျာဝတ္တဂါထာ,အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။

၁၀။ ပုစ္ဆာ။ ။ ဃ-မှတ်ပြဝါကျဒွဲ ဘာဝါလက်ာရ စုံလင်စွာ ထုတ်ပြပါ။

၁၀။ အဖြေ။ ။ ဒေါသသည် ကောဓဋ္ဌာယီဘာဝ၊ ဒေါသဖြစ်စရာ အာရုံများသည် အာရမဏဝိဘာဝ၊ အမူအရာနှင့် အယောနိသောမနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ၊ ကာယိကဒုက္ခ စေတသိကဒုက္ခစသည်သည် အနုဘာဝ၊ ရသထုတ်ပြ။

ဓဓဓဓဓ

အမှတ်-၃၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၄၊ လေ့ကျင့်ခန်း

(က) **ကောမုဒိယာတိ** ကုမုဒဝတိယာ။ တဒါ ကိရ ကုမုဒါနိ သုပုပ္ဖိတာနိ ဟောန္တိ၊ တာနိ ဧတ္ထ သန္တီတိ ကောမုဒီ။

(ခ) **စာတုမာသိနိယာတိ** စာတုမာသိယာ။

(ဂ) သာ ဟိ စတုန္နံ မာသာနံ ပရိယောသာနဘူတာတိ စာတုမာသီ။

(ဃ) ဣဓ ပန စာတုမာသိနီတိ ဝုစ္စတိ။

(င) မာသပုဏ္ဏတာယ ဥတုပုဏ္ဏတာယ သံဝစ္ဆရပုဏ္ဏတာယ ပုဏ္ဏာ သမ္ပုဏ္ဏာတိ ပုဏ္ဏာ။ (သီဋ္ဌ၊ ၁၂၈)

**ဋီကာ။** ။ (က) "တာနိ ဧတ္ထ သန္တီ"တိ ဧတ္ထကေဃဝ ဝုတ္တေ နန္ဒတာနိ အညတ္ထာပိ သန္တီတိ စောဒနာ သိယာတိ တံ နိဝါရေတုံ "တဒါ ကိရာ"တိအာဒိ ဝုတ္တံ။ အနေန ဗဟုသော, အတိသယတော ဝါ ဧတ္ထ တဒ္ဓိတ ဝိသယော ပယုတ္တောတိ ဒဿေတိ။ (ခ) စာတုမာသီ စာတုမာသိနီတိ စ ပစ္စယဝိသေသနဣတ္ထိလိင်္ဂေဃဝ ပရိယာယဝစနံ။ (င) တီဟိ အာကာရေဟိ ပူရေတီတိ **ပုဏ္ဏာ**တိ အတ္ထံ ဒဿေတိ "မာသပုဏ္ဏတာယာ"တိ အာဒိနာ။ တတ္ထ တဒါ ကတ္တိကမာသဿ ပုဏ္ဏတာယ **မာသပုဏ္ဏတာ**၊ ပုရိမပုဏ္ဏမိတော ဟိ ပဋ္ဌာယ ယာဝ အပရာ ပုဏ္ဏမီ၊ တာဝ ဧကော မာသောတိ တတ္ထ ဝေါဟာရော။ ဝဿာနဿ ဥတုနော ပုဏ္ဏတာယ **ဥတုပုဏ္ဏတာ**။ ကတ္တိကမာသလက္ခိတဿ သံဝစ္ဆရဿ ပုဏ္ဏတာယ **သံဝစ္ဆရပုဏ္ဏတာ**။ (မိနိယတိ ဒိဝသော ဧတေနာတိ မာ။ လ, ကို ဟော။) (ဋီကာ၊ သစ်၊ ၃၊ ၁၂)

**ဘာသာဋီကာ။** ။ (က) က-ဝါကျ၌ ကုယံ ပထဝိယံ မောဒတီတိ ကုမုဒံ၊ ဗဟုတ္တအနက်၊ အတိသယအနက်၌ သဒ္ဒါဒိတော ဏ-သုတ်ဖြင့် ဏ,ပစ္စည်း သက်၍ ကောမုဒ-ဟုဖြစ်ပြီးမှ ဤသက်၍ ကောမုဒီ-ဖြစ်၏။ ကုမုဒဝတိယာ-ဟု ဝန္တုပစ္စည်းဖြင့် ဖွင့်ခြင်းမှာ အဿတ္ထိအနက်ကို သိစေလိုသောကြောင့်တည်း။ ပုပ္ဖနံ ပုပ္ဖံ၊ သုဋ္ဌု ပုပ္ဖံ သုပုပ္ဖံ၊ သုပုပ္ဖံ သဉ္ဇာတံ ဧတေသန္တိ သုပုပ္ဖိတာနိ၊ သဉ္ဇာတ အနက်၌ ဣတ, ပစ္စည်း။ (ခ) ခ-ဝါကျ၌ စတ္တာရော မာသာ စတုမာသံ၊ စတုမာသဿ ပူရဏီ စာတုမာသီ၊ ပူရဏအနက်၌ ဏ, ပစ္စည်း၊ ဣတ္ထိဇောတက ဤပစ္စည်းတည်း။ ဣနီ သက်လျှင် စာတုမာသိနီ-ဟု ဖြစ်သောကြောင့် ထိုနှစ်ပုဒ်ကို ပရိယာယ်ပုဒ်-ဟု မှတ်ပါ။ (င) င-ဝါကျ၌ ပူရဓာတ် တ, ယစ္စည်းကို ဏ္ဏနှပြု၊ န္န,ကို ဏ္ဏပြန်။ ပူရတီတိ ပုဏ္ဏာ-ပြု။ (ဘာဋီ၊ ၃၊ ၂၂၉)

http://www.dhammadownload.com



**၁။ ပုစ္ဆာ။** ။ပန၏အနက်ကို သုံးချက်ထွက်စေလျက်လည်းကောင်း၊ ဝုစ္စတိ၏ ကတ္တား, ကံ–တို့ကို ထည့်သွင်းလျက်လည်းကောင်း ဃ–ဝါကျကို အနက်ယောဇနာပြပါ။

**၁။ အဖြေ။** ။ ပန–အထူးကား၊ ဝါ–အဖို့တစ်ပါးကား၊ ဝါ–ဆက်ဦးအံ့၊ ဣဓ–ဤပါဠိတော်၌၊ (သာရတ္ထိ–ထိုညကို၊) စာတုမာသိနီတိ–ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန–သည်၊) ဝုစ္စတိ–ဆိုအပ်၏။

**မှတ်ချက်။** ။ ပနကို ပခုက္ကူနိဿယသစ်က ဝိသေသနှင့် ပက္ခန္တရ ယူ၏။ ဘာသာဋီကာက ဥပန္ယာသ ယူ၏။ ကတ္တားထည့်ရာ၌ "သင်္ဂီတိကာရေဟိ" ဟု ထည့်လျှင်လည်း မှန်သည်ပင်။

**၂။ ပုစ္ဆာ။** ။ က–မှတ်ပြ ဒုတိယဝါကျသို့ အဒေါသာရောပနစောဒနာ တက်ပြပါ။

**၂။ အဖြေ။** ။ ဆရာ၊ ဆရာသည် ပထမဝါကျဖြင့် တန်ဆောင်မုန်း လပြည့်နေ့ညသည် ကုမုဒြာကြာဖြူတို့ ရှိရာဖြစ်သောကြောင့် ကောမုဒီမည်သောဟု ဆိုတော်မူ၏၊ ကုမုဒြာကြာဖြူတို့သည် တစ်ပါးသောအခါ၌လည်း ရှိကြသည်ပင် မဟုတ်ပါလော၊ အဘယ့်ကြောင့် ထိုကဲ့သို့ဆိုရပါသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ဒုတိယဝါကျကို မိန့်။ အဓိပ္ပါယ်ကား အလွန်အကျူး အထူးများပြားစွာ ရှိခြင်းကို ရှိခြင်းဟု ဆိုလိုသည် ဟူလိုသော်။

**မှတ်ချက်။** ။ ဤအတက်သည် အဓိပ္ပါယ်ပါအောင် တက်ထားသော အတက်ဖြစ်၏၊ ခက်လှသည်၊ အလွယ်ကြိုက်လျှင် ဝိတ္ထာရဝါကျအနေဖြင့် တက်ကြည့်ပါ။ ထို့ပြင် အတက်တိုင်း၌ အဓိပ္ပါယ်ပြန်ကို မရေးခဲ့၊ နောင်လည်း ရေးမည် မဟုတ်၊ ထိုသို့ မရေးခြင်းမှာ သိလောက်သောကြောင့် ဖြစ်သည်၊ မရကောင်းသော ကြောင့် မဟုတ်။ ထို့ကြောင့် စာဖြေသောအခါ အဓိပ္ပါယ်ပြန်ရန်မလို–ဟု သီးသန့် မှာကြားမထားပါက အဓိပ္ပါယ်ပြန်ဖြစ်အောင် ပြန်ပါ။

**၂။ ပုစ္ဆာ။** ။ ခ–ဝါကျမှ ဂ–ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ ဆရာ၊ ဆရာသည် စာတုမာသိနီယာ–ဟူသော သံဝဏ္ဏေတဗ္ဗကို စာတုမာသိယာ–ဟု ဖွင့်ပြတော်မူ၏၊ သံဝဏ္ဏေတဗ္ဗ၌ စာတုမာသိနီယာ–ဟုရှိသောကြောင့် စာတုမာသိယာ–ဟု ဖွင့်ပြသော ဆရာ့စကားသည် မသင့်သည် မဟုတ်ပါလော၊ အဘယ်ကဲ့သို့ သင့်နိုင်ပါသနည်း–ဟု မေးဖွယ်ရှိ၍ ထိုအမေးကို

http://www.dhammadownload.com



ဖြေလိုရကား သာ ဟိ-စသော ဂ-ဝါကျကို မိန့်။ အဓိပ္ပါယ်ကား-ထိုညသည် မိုးလေးလတို့၏ အဆုံးဖြစ်၍ဖြစ်သည့်အတွက် စာတုမာသိမည်သောကြောင့် စာတုမာသိယာ-ဟု ငါဖွင့်သောစကားသည် သင့်၏-ဟူလို။

**အမှာ။** ။ ဒဋ္ဌိကရဏဝါကျယူ၍ တက်ထားသည်၊ ဝိတ္ထာရဝါကျယူ၍ တက်လျှင်လည်း မှန်သည်သာ။

**၂။ ပုစ္ဆာ။** ။ င-ဝါကျ၌ မာသပုဏ္ဏတာယ-ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ ဥတုသဒ္ဒါ၏ အတ္တုဒ္ဓါရ, အတ္တုဒ္ဓေသတို့ကို ဖော်ပြပါ။

**၂။ အဖြေ။** ။ ဤသို့လျှင် ပုဏ္ဏာ-ဟူ သောပုဒ်ဖြင့် အဘိန္နဝိသေသျကို ပြဆိုတော်မူပြီး၍ ယခုအခါ ထို၏ အဘိန္နဝိသေသနကို ပြလိုရကား မာသပုဏ္ဏတာယ ဟူသောပုဒ်ကို မိန့်။

အထော,တု နာရိ ပုပ္ဖသ္မိံ၊ ဟေမန္တာဒိမှိ စ ဒွိသု။ (ဓာန်၊ ၉၀၀)

အတ္တုဒ္ဓေသကား- ဟေမန္တာဒိကာလအနက် ဖြစ်ပါသည်။

**၃။ ပုစ္ဆာ။** ။ ကိံ ဇီဝကော ပန မယှံ ဣဒံ ဩဘာသနိမိတ္တကမ္မံ န ဇာနာတိတိ၊ အာမ ဇာနာတိ၊ အထ ကသ္မာ တုဏှိ အဟောသီတိ ဝိကပ္ပေ ပဋ္ဌေဒနတ္ထံ-၌ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္ကကိုထုတ်ပြ၍ ပန-ထားရပုံကိုလည်း ရှင်းပြပါ။ (သီဋ္ဌ၊ ၁၂၉)

**၃။ အဖြေ။** ။ ၁။ နနု ဇီဝကော မယှံ ဣဒံ ဩဘာသနိမိတ္တကမ္မံ ဇာနာတိ။ (စော-ဘော)

(တသ္မာ တေန တုဏှိ န ဘဝိတဗ္ဗံ။) (စော-ဖလ)

၂။ အထ ကသ္မာ သော တုဏှိ အဟောသိ။ (စောဒနာ)

၃။ ဝိကပ္ပေပဋ္ဌေဒနတ္ထံ။ (ပရိဟာရာဘောဂ)

၄။ တုဏှိ အဟောသိ။ (ပရိဟာရ)

ဇီဝကဆရာကြီး တုဏှိဘောနေခြင်းတည်းဟူသော အကျိုးကို စောဒကတို့ မနှစ်သက်ဖွယ်ရှိသောကြောင့် ပန-ကို ထားရပါသည်။

**၄။ ပုစ္ဆာ။** ။ င-ဝါကျ၌ ပုဏ္ဏာ-ကို အသပဒဝိဂ္ဂဟပြု၍၊ ဝစနာဒိဆက္က ထုတ်ပြပါ။

**၄။ အဖြေ။** ။ တီဟိ အာကာရေဟိ ပူရေတီတိ ပုဏ္ဏာ၊ ရတ္တိ။ (ဝစနာဒိဆက္က လွယ်ပြီ။)

**၅။ ပုစ္ဆာ။** ။ မာသပုဏ္ဏတာယ-၌ တာသမ္ဗန်ကို ထုတ်ပြပြီးလျှင်၊ ၎င်းသမ္ဗန်ကို ဖြစ်သင့်သော အနက်အားလျော်စွာ စပ်သင့်ရာ၌ စာစပ်ပြပါ။

http://www.dhammadownload.com



၅။ အဖြေ။ ။ တာသမ္ပန်ကား ရုတ္တိယာတည်း။ ၏, သည်ပေး၍ စပ်လေ။

၆။ ပုစ္ဆာ။ ။ ခ–ဝါကျ, င–ဝါကျတို့၌ အာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၆။ အဖြေ။ ။ခ–စာတုမာသိယာဖြင့် "စာတုမာသိနီ သဒ္ဒါသည် စာတုမာသီသဒ္ဒါ၏ ပရိယာယ်တည်း–ဟု သိစေ၏။ ပရိယာယအဘိဓေယျတ္ထ။

င–မာသပုဏ္ဏတာယစသည်ဖြင့် ပုဏ္ဏာ–ပုဒ်ကို တိဟိ အာကာရေဟိ ပူရေတီတိ ပုဏ္ဏာ–ဟု ဝိဂ္ဂဟပြု၍ တ,ပစ္စည်း၏ ကတ္တုသာဓန အနက်ဟော၏ အဖြစ်ကို လည်းကောင်း၊ ပြည့်ခြင်းဟူသည် လ,ဥတု,နှစ်တို့ ပြည့်ခြင်းပင်တည်.–ဟု လည်းကောင်း သိစေ၏။ ဒု–ပစ္စယတ္ထ၊ ဘာဝတ္ထ။

၇။ ပုစ္ဆာ။ ။ ဒေါသိနာတိ ဒေါသာပဂတာ–၌ ဒေါသိနာဝယ် ဖြစ်သင့်သော နိရုတ္တိနည်းကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ရုပ်ပြီးပုံကို သေချာစွာ ရှင်းလင်းပြပါ။

၇။ အဖြေ။ ။ ဒေါသိတာ–ဟု ဆိုလိုလျက် တ,အက္ခရာ၏ န,အက္ခရာ အားဖြင့် ဖောက်ပြန်သောကြောင့် ဝဏ္ဏဝိကာရနိရုတ္တိနည်း ဖြစ်ပါသည်။

ဒေါသသဒ္ဒါုပပဒ ဣဓာတ် ဂတျတ္ထ တ,ပစ္စည်း ဣတ္တိဇောတက အာပစ္စည်း သက်၍ ခွင်း ချေ ကပ်၊ ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် တ,ကို န,ပြု၊ ဒေါသိနာကို နာမ်ငဲ့၊ သိသက်ချေ၊ ဒေါသိနာ–ပြီး၏။

၈။ ပုစ္ဆာ။ ။ တဒဟုပေါသထေ ပန္နရသေ–၌ ဥပုသ်အပြားကို ဖော်ပြ၍၊ ပန္နရသေ–ဟူသောပုဒ်ကို ဆိုရကြောင်းကိုလည်း ဖော်ပြပါ။

၈။ အဖြေ။ ။ ဥပုသ်သည် "စာတုဒ္ဒသီ, ပန္နရသီ, အဋ္ဌမီ"ဟု သုံးပါးပြားပါသည်။ ထိုတွင် ကျန်နှစ်ပါးကို တားမြစ်ခြင်းငှာ "ပန္နရသေ"ဟူသောပုဒ်ကို ဆိုရပါသည်။

၉။ ပုစ္ဆာ။ ။ "ရညော တခ်ဏေဃေဝ ပုတ္တသိနေဟော ဥပ္ပဇ္ဇိတွာ သကလသရီရံ ခေါဘေတွာ အဋ္ဌိမိဉ္ဇံ အာဟစ္စ အဋ္ဌာသိ"ဟူသော ပါဌ်ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးလာ ဂါထာစီ၍၊ ၄င်းဂါထာကို အမည်ပေးခဲ့ပါ။

၉။ အဖြေ။ ။ ရညော တသ္မိံ ခဏေဃေဝ၊ ဥပ္ပဇ္ဇိတွာန ပေမတာ။
ခေါဘေတွာ ကာယမာဟစ္စ၊ အဋ္ဌိမိဉ္ဇံ ပတိဋ္ဌတိ။
(ပထျာဝတ္တဂါထာ ဖြစ်ပါသည်။)

http://www.dhammadownload.com



(ပေမတာ၌ တ,ပစ္စည်း အနက်မရှိ သွတ္တ၊ ပေမတာ–ပေမံ–ပုတ္တပေမံ–ဟုပေး။)

**၉။ ပုစ္ဆာ။** ။ သုဘာသိတံ သုလပိတံ၊ "သာဓု သာဓူ"တိ တာဒိနော။
အနုမောဒမာနာ သိရသာ၊ သမ္ပဋိစ္ဆိံသု ဘိက္ခဝေါ။

ဟူသောဂါထာ၏ ဂါထာအမည် ဆန်းအမည်တို့ကို စိစစ်ပြပါ။

**၉။ အဖြေ။** ။ ပထမ န,ကာရ၊ တတိယ ဘ,ကာရဝိပုလာ ဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ [စိစ်ကြည့်ပါ၊ တတိယပါဒ၌ အ,နှင့် နကို ဒီဃ တစ်လုံး တည်းယူ၍ စစ်ထားသည်။ ဂါထာအမည်ပေးရာ၌ ပထမ တတိယပါဒ ဒုတိယဂိုဏ်းကွက်ကို ကြည့်ပါ။ ဒုတိယ စတုတ္ထ၌ကား အမြဲ ဇ,ဂိုဏ်း ရှိရမည်။]

**၁၀။ ပုစ္ဆာ။** ။ တံ လေခံ ရညော ဟတ္ထေ ဌပေသုံ၊ ရညော တံခဏေယေဝ–စသောပါဠိ၌ ပုတ္တသိနေဟော ဥပ္ပဇ္ဇိတွာ–ကို ကိုယ်ပြု၍ ဌာယီဘာဝ, ဝိဘာဝ, အနုဘာဝ–ထုတ်ပြပါ။

**၁၀။ အဖြေ။** ။ အဇာတသတ်မင်း၏ သန္တာန်၌ဖြစ်သော သား၌ ချစ်ခြင်း, ဝါ–ချစ်ခြင်းပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ရတိဌာယီဘာဝ။ အဇာတသတ်မင်း၏သား (ဥဒယဘဒ္ဒမင်းသား)ဟူသော အာရုံသည် အာရမဏဝိဘာဝ။ သားဖွားကြောင်း ဆက်သသော သဝဏ်လွှာသည် ဥဒ္ဒီပနဝိဘာဝ။ သားကိုမြင်ရ၍ နှစ်သက်ဝမ်းမြောက်ခြင်း, နောင်အခါ အိမ်ရှေ့အရာကိုပေးခြင်းဟူ သော အကျိုးသည် အနုဘာဝမည်၏။

**မှတ်ချက်။** ။ ဝိဘာဝ, အနုဘာဝတို့ကို ထုတ်ရာ၌ တိုက်ရိုက်သက်ဆိုင်သော ဝိဘာဝ, အနုဘာဝတို့ကိုသာ မရ ရ,အောင် ရှာဖွေ၍ ထုတ်ပါ၊ သို့မှသာ သဘာဝကျမည်။

✿✿✿✿✿

အမှတ်–၄၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၅၊ လေ့ကျင့်ခန်း

(က) ယံ နော ပယိရုပါသတောတိ ဝစနဗျတ္တယော သေ။
(ခ) ယံ အမှာကံ ပဠုပုစ္ဆနဝသေန ပယိရုပါသန္တာနံ မဝုရံ ဓမ္မံ သုတွာ စိတ္တံ ပသီဒေယျာတိ အတ္ထော။
(ဂ) တုဏှီ အဟောသီတိ အနုတ္တမနော သမာနော ပေသ ရာဇာ အမနာပမ္ပိ တံ ကထံ အဓိဝါသေတွာ တုဏှီ ဝေ နိသီဒတိ။ (သီဋ္ဌ၊ ၁၂၉)

**ဋီကာ။** ။ (က) ဗဟုဝစနေ ဝတ္တဗ္ဗေ ကေဝစနံ, ကေဝစနေ ဝါ ဝတ္တဗ္ဗေ ဗဟုဝစနံ ဝစနဗျတ္တယော၊ ဝစနဝိပလ္လာသောတိ အတ္ထော။ ဣဓ ပန "ပယိရုပါသတ"န္တိ ဝတ္တဗ္ဗေ "ပယိရုပါသတော"တိ ဝုတ္တတ္တာ ဗဟုဝစနေ ဝတ္တဗ္ဗေ ကေဝစနဝသေန ဝစနဗျတ္တယော ဒဿိတော။ အတ္တနိ, ဂရုဋ္ဌာနိယေ စ ဟိ ကေသ္မိမ္ပိ ဗဟုဝစနပ္ပယောဂေါ နိရုဠ္ဌော။ ပရိယုပါသတောတိ စ ဝဏ္ဏဝိပရိယာယ နိဒ္ဒေသော သေ ယထာ "ပယိရုဒါဟာသီ"တိ။ အယဥ္စိ ဗဟုလံ ဒိဋ္ဌပယောဂေါ၊ ယဒိဒံ ပရိသဒ္ဒေ ယကာရပရေ ဝဏ္ဏဝိပရိယာယော။ တထာ ဟိ အက္ခရစိန္တကာ ဝဒန္တိ "ပရိယာဒိနံ ရယာဒိဝဏ္ဏဿ ယရာဒိဟိ ဝိပရိယာယော"တိ။ (ခ) ယဒိ အနုတ္တမနော၊ ကသ္မာ တုဏှီ အဟောသီတိ စောဒနံ ဝိသောဓေတိ "အနုတ္တမနော သမာနောပိ"တိ အာဒိနာ။ (သီဋီ၊ သစ်၊ ၃၊ ၁၄)

**ဘာသာဋီကာ။** ။ (က)က-ဝါကျ၌ ဗျတ္တယနံ ဗျတ္တယော၊ ဝစနဿ ဗျတ္တယော ယဿာတိ ဝစနဗျတ္တယော-ပြု။ ဝုစ်၏ ဖောက်ပြန်ခြင်းရှိသော သဒ္ဒါ-ဟူပေး။ ဝိ+အတိ+ဣဓာတ် အ,ပစ္စည်းမှ ဝိ၏ ဣကို ယ,ပြု၊ ဝ,ကို ဗ,ပြု၊ ဣဓာတ်ကို အယ,ပြု၊ တိ၏ ဣကိုချေ၊ ဒွေဘော်လာ ဗျတ္တယဖြစ်၏။ (ဘာဋီ၊ ၃၊ ၂၃၇)

၁။ **ပုစ္ဆာ။** ။ ပဠု-၌ သဒ္ဒတ္တ ထင်ရှားစေလျက်လည်းကောင်း၊ အတ္ထော-၏သမ္ဗန်ကို ခံလျက်လည်းကောင်း ခ-မှတ်ပြဝါကျကို အနက်ယောဇနာပြပါ။

၁။ **အဖြေ။** ။ ယံ-အကြောင်း သမဏဗြာဟ္မဏာသို့၊ ပဠု-မေးအပ်သော အနက်ကို၊ ဝါ-သိခြင်းငှာ အလိုရှိအပ်သော အနက်ကို၊ ပုစ္ဆနဝသေန ပယိရုပါသန္တာနံ၊ အမှာကံ၊ စိတ္တံ၊ မဝုရံ၊ ဓမ္မံ၊ သုတွာ၊ ပသီဒေယျ၊ ဣတိ အယံ-ဤ ယံ အမှာကံ-စသောအနက်သည်၊ ( ယံ နော ပယိရုပါသတောတိအာဒိ ဝါကျသ-၏။) အတ္ထော။

၂။ **ပုစ္ဆာ။** ။ ဂ-မှတ်ပြဝါကျပါ အနုတ္တမနော-ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ စိတ္တသဒ္ဒါ၏ အတ္တုဒ္ဒါရကို ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ ဤသို့လျှင် သမာနော-ဟူသောပုဒ်ဖြင့် လက္ခဏာကြီးယာကို ပြဆိုတော်မူပြီး၍ ယခုအခါ ထို၏လက္ခဏာဝဏ္ဏကို ပြလိုသော အဋ္ဌကထာဆရာသည် အနတ္တမနော-ဟူသောပါဌ်ကို မိန့်။

ဝိညာဏေ စိတ္တာကမ္မေ စ၊ ဝိစိတ္တေ စိတ္တမုစ္စတေ။
ပညတ္တိစိတ္တမာသေသု၊ စိတ္တော တာရန္တရေ ထိယံ။ (ဓာန်၊ ၈၃၈)

၂။ ပုစ္ဆာ။ ။ ခ-မှတ်ပြ ဝါကျပါ ပဉ္စပုစ္ဆနဝသေန-ပုဒ်သို့ ပညတ်နည်းအားဖြင့် ပုစ္ဆာထွက် ထွက်ပြ၍၊ ဓမ္မသဒ္ဒါ၏ အတ္ထုဒ္ဒါရကို ထုတ်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် ပယိရုပါသန္တာနံ-ပါဌ်ဖြင့် မှိဝဲချဉ်းကပ်ကြကုန်သော-ဟု ဆိုတော်မူ၏၊ အဘယ်၏အစွမ်းအားဖြင့် မှိဝဲချဉ်းကပ်ကြပါကုန်သနည်း၊ လှူဒါန်းပူဇော်ဖွယ်ကို လှူဒါန်းပူဇော်သောအားဖြင့် ချဉ်းကပ်ကြပါကုန်သလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ပဉ္စပုစ္ဆနဝသေန"ဟူသောပါဌ်ကို မိန့်။

ဓမ္မော သဘာဝေ ပရိယတ္တိပညာ၊
ဉာယေသု သစ္စပ္ပကတီသု ပုညေ။
ဉေယျေ ဂုဏာစာရသမာဓိသူပိ၊
နိဿတ္တတာပတ္တိသု ကာရဏာဒေါ။

၂။ ပုစ္ဆာ။ ။ ခ-ဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ ဤသို့လျှင် က-မှတ်ပြဝါကျဖြင့် "ယံ နော ပယိရုပါသတော"ဟူသော သံဝဏ္ဏေတဗ္ဗ၏ ဝိဘတ္တိပဒကို ပြပြီး၍ ယခုအခါ ယင်း "ယံ နော ပယိရုပါသတော"ဟူသော သံဝဏ္ဏေတဗ္ဗ၏ ပဒတ္ထသံဝဏ္ဏနာကို ပြလိုသော အဋ္ဌကထာဆရာသည် ခ-ဝါကျကို မိန့်။

အမှာ။ ။ သင်္ခေပဝိတ္ထာရယူ၍လည်း တက်ကြည့်ပါ၊ ဝစနဗျတ္တယဖြင့်ပံ့ အကျယ်ကို ပြလိုသော အဋ္ဌကထာဆရာသည်-ဟု ပရာနုသန္ဓေကို ဆိုပါ။

၂။ ပုစ္ဆာ။ ။ ဂ-ဝါကျ၌ စောဒနာထုတ်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ပါဠိတော်၌ တုဏှီ အဟောသိ-ဟူသော စကားကို အရှင်အာနန္ဒာ ဆိုတော်မူ၏၊ အဇာတသတ်မင်းသည် ထိုစကားကို မနှစ်သက်သည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် မတားမြစ်ဘဲ ဆိတ်ဆိတ်နေရပါသနည်း?၊ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် "အနတ္တမနော သမာနော" စသော စကားရပ်ကို မိန့်။ အဓိပ္ပါယ်ပြန်ပါ။

http://www.dhammadownload.com



၃။ ပုစ္ဆာ။ ။ သမာနော ဝေသ–၌ အရုစ္စတ္ထ အပိသဒ္ဒါကို ရှုလျက် ဂ–ဝါကျ သံဝဏ္ဏနာ၌ ရထိုက်သော စောဒကာသောဂါဒိစတုက္က ထုတ်ပြပြီးလျှင်၊ ယင်း အပိသဒ္ဒါ ထားရခြင်း၏ အကြောင်းကိုလည်း စိစစ်ဖော်ပြပါ။

၃။ အဖြေ။ ။ ၁။ နနု ရာဇာ အနတ္တမနော ဟောတိ။ (စော–သော)
(တသ္မာ တေန တုဏှိဝေ န နိသီဒိတဗ္ဗံ။) (စော–ဖလ)
၂။ အထ ကသ္မာ တုဏှီ ဝေ နိသီဒတိ။ (စောဒနာ)
၃။ နနု သေ ရာဇာ အမနာပမ္ပိ တံ ကထံ အခိဝါသေတိ။ (ပရိ–သော)
၄။ တသ္မာ တုဏှီ ဝေ နိသီဒတိ။ (ပရိ)
တုဏှီ အဟောသိ–ဟူသော ပါဠိတော်သဒ္ဒါကို စောဒကတို့ မနှစ်သက်ဖွယ် ရှိသောကြောင့် အပိ–သဒ္ဒါကို ထားရပါသည်။

မှတ်ချက်။ ။ ပရိဟာရသောဂထုတ်ပုံ ထူးခြားချက်ကို သတိပြုပါ၊ စောဒကာသောဂတုန်းက နနု ပါသကဲ့သို့ ပရိဟာရသောဂ၌လည်း နနုဖြင့် ထုတ်တတ်ကြသေး၏၊ ထိုသို့ နနု–ထည့်လျှင် နောက်ဆုံးစကားသည် ကြိယာ ဖြစ်ရမည်၊ ထုတ်ရိုးထုတ်စဉ်တုန်းကကဲ့သို့ ဟိတ်ပုဒ်ဖြင့် မနေရ၊ ဟိတ်ပုဒ်ဖြစ် အောင်ကား ပရိဟာရတွင် တသ္မာ–တစ်ခု အပိုထည့်သွင်း ပေးရမည်၊ ထုတ်ထား ပုံကို သေချာစွာ ရှုပါ။ ဤနည်းသည်လည်း အများလက်ခံ၍ သုံးစွဲသောနည်း ပင် ဖြစ်၏၊ ဤနည်းကိုလည်း နားလည်အောင် လေ့လာထားသင့်သည်၊ သို့မှ စာဖြေ သောအခါ မိမိနှစ်သက်သောနည်းကို ထုတ်နိုင်လိမ့်မည်။ ထုတ်ရိုးထုတ်စဉ်အတိုင်း ထုတ်လိုက အောက်ပါအတိုင်း ထုတ်ပါ၊ နည်းနှစ်ခု၏ ထူးခြားပုံကို နှိုင်းယှဉ် ကြည့်ပါ။

နနု ရာဇာ အနတ္တမနော ဟောတိ၊ တသ္မာ တေန တုဏှီ ဝေ န နိသီဒိတဗ္ဗံ၊ အထ ကသ္မာ တုဏှီ ဝေ နိသီဒတိ၊ အမနာပမ္ပိ တံ ကထံ အခိဝါသေတုကာမတ္တာ၊ တုဏှီ ဝေ နိသီဒတိ။

၄။ ပုစ္ဆာ။ ။ ပယိရုပါသတော–ကို သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထပြု၍၊ ဝစနာဒိဆက္ကခွဲပြပါ။

၄။ အဖြေ။ ။ ပရိယုပါသာမာတိ ပယိရုပါသန္တာ။ (ဝစနတ္ထပြုပုံ သတိထားပါ။ ဝစနာဒိဆက္က လွယ်ပါပြီ။)

၅။ ပုစ္ဆာ။ ။ ဟေတွတ္ထ တွာပစ္စယန္တဖြစ်သော အခိဝါသေတွာကို အခိ ဝါသနတာယ–ဟု ဟိတ်ပြင်ခဲ့သော် ဖြစ်သင့်သော ဟေတုသမ္ဗန်ကို ထုတ်ပြပြီးလျှင်၊ ယင်းဟေတုသမ္ဗန်ကိုလည်း စာစပ်ခဲ့ပါ။

http://www.dhammadownload.com



**၅။ အဖြေ။** ။ သမ္ဘန်ကား တဿ ရသော–တည်း။ ၏+သည်–ပေး၍ စပ်လေ။

**မှတ်ချက်။** ။ ၏–ဟု အနက်ပေး၍ တာဝယ် စပ်ရာ၌ ဗာဟုဗ္ဗိစပ်လျှင် သမ္ဘန်+သမ္ဘန္ဓီစပ်၍၊ ဗာဟုတ္တစပ်လျှင် သတ္တိမန္တ+သတ္တိ စပ်ရသည်။ သည်–ဟု အနက်ပေး၍ ဘာဝယောဂပုဒ်ဝယ် စပ်ရာ၌ အန္တဒ္ဒြိစပ်လျှင် ဝါစ္စ+ဝါစကစပ်၍၊ အန္တတ္တဒ္ဒြိစပ်လျှင် တုလျတ်+လိင်္ဂတ် စပ်ရသည်။ ဤသို့ ခွဲခြား၍မှတ်ပါ။ စာဖြေရာ၌ကား စည်းမျဉ်းနှင့်အဖြေတွင် ပြထားသည့်အတိုင်း ရောနှောပေါင်းစပ်၍ ဖြေရုံသာ၊ ဤသို့ အသေးစိတ် ခွဲခြားနေဖွယ်မလို။

**၆။ ပုစ္ဆာ။** ။ ခ–မှတ်ပြပါကျ သံဝဏ္ဏနာ၌ ရထိုက်သော အဋ္ဌကထာ ဘောဂနှင့် သံဝဏ္ဏနာအမည်များကို ဖော်ပြပါ။

**၆။ အဖြေ။** ။ အမှာကံ–ဖြင့် ယံ နော ပယိရုပါသတော–၌ နော–သည် ပဋိသေဓအနက်ဟော နော–မဟုတ်၊ အမှသဒ္ဒါ ဆဋ္ဌီဝိဘတ်ဖြင့်ပြီးသော နော–ဟု သိစေ၏၊ ဝိဘတ္တိပဒ, သဗ္ဗနာမလိင်္ဂပဒ။ ပဥ္စပုစ္ဆနဝသေန–ဖြင့် လှူဒါန်းပူဇော်ဖွယ်ကို လှူဒါန်းပူဇော်သောအားဖြင့် ချဉ်းကပ်ခြင်းမဟုတ်၊ ပြဿနာမေးခြင်း၏ အစွမ်းအားဖြင့် ချဉ်းကပ်ခြင်း–ဟု သိစေ၏၊ ဘာဝတ္ထ။ ပယိရုပါသန္တာနံ–ဖြင့် ပယိရုပါသတော–သည် နံ–ကို ကေဝုစ် သ,ပြန်၍ ပြီးသောပုဒ်ဟု သိစေ၏၊ ဝိဘတ္တိပဒ။ မဇုရံ ဓမ္မံ သုတွာ–ဖြင့် စိတ်ကြည်လင်ခြင်း၏ အကြောင်းကို ပြ၏၊ ဘာဝတ္ထ၊ နေယျတ္ထ။ စိတ္တံ ပသီဒေယျုံ–ဖြင့် နော–ကို စိတ္တံ ပသီဒေယျု–၌ သမ္ဘန်+သမ္ဘန္ဓီအဖြစ်ဖြင့် စပ်ရမည်–ဟု သိစေ၏၊ သမ္ဘန္ဓနယ။ ဝါ–ဘာဝတ္ထ။

**၇။ ပုစ္ဆာ။** ။ ပယိရုပါသတော–ဟူသောပုဒ်၏ ရုပ်ပြီးပုံကို ဖော်ပြ၍၊ ထို၌ပါဝင်သော နိရုတ္တိနည်း, ဝိပလ္လာသနည်း–များကိုလည်း ထုတ်ပြခဲ့ပါ။

**၇။ အဖြေ။** ။ ပယိရုပါသတော–ကား ပရိ, ဥပပုဗ္ဗ အာသဓာတ်၊ အန္တပစ္စည်း၊ နံဝိဘတ်ဖြစ်၍ ပရိ ဥပသန္တာနံ၊ သို့မဟုတ် ပရိဥပါသတံ–ဟု ဆိုလိုလျက် ပရိ၏နောက် ဥပ၏ရှေ့၌ ယ, အက္ခရာလာ၍လည်းကောင်း၊ ရနှင့် ယ,ကို ရှေ့နောက်ပြန်၍လည်းကောင်း၊ နံ–ဝိဘတ်ကို ကေဝုစ် သ,ပြန်၍ လည်းကောင်း ပယိရုပါသတော–ပြီးပါသည်။ ပါဝင်သော နိရုတ္တိနည်း များကား ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယ, ဝဏ္ဏဝိကာရ–ဖြစ်ပါ သည်။ ပါဝင်သော ဝိပလ္လာသနည်း များကား ဝစနဝိပလ္လာသ, အက္ခရဝိပလ္လာသ ဖြစ်ပါသည်။

**၈။ ပုစ္ဆာ။** ။ အမနာပမ္ပိ တံ ကထံ အခိဝါသေတွာ–၌ အခိဝါသနာ–၏ အကြောင်းကို ပြပါ။

http://www.dhammadownload.com



၈။ အဖြေ။ ။ အကယ်၍ ငါသည် သူ့ကို အော်ငေါက်၍ လည်ပင်းဆွဲကာ ထုတ်ပစ်စေလျှင် စကားပြောသူ တိုင်းကို ဘုရင်သည် ဤလိုချည်းလုပ်သည်-ဟု ကြောက်ရွံ့ကာ ဘာမျှပြောတော့မည် မဟုတ်-ဟု ကြံမိသောကြောင့် မနှစ်သက်သော်လည်း သည်းခံနေပါသည်။

၉။ ပုစ္ဆာ။ ။ ဂ-မှတ်ပြဝါကျပါ သံဝဏ္ဏနာကို ဝတ္တဇာတိယမျိုး ဂါထာတစ်ခု ပြုလုပ်သီကုံး၍၊ ထိုဂါထာ၏ အမည်ကိုလည်း ဖော်ပြပါ။

၉။ အဖြေ။ ။ သမာနော်ပျုနတ္တမနော၊ အမနာပမ္ပိ တံ ကထံ။
သော ရာဇာ ခမိတွာန၊ တုဏှီ ဝေ နိသီဒတိ။
(ပထမ ဘ, ကာရဝိပုလာဂါထာ ဖြစ်ပါသည်။)

၉။ ပုစ္ဆာ။ ။ ကောဏ္ဍည ပဥ္စာနိ ဝိယာကရောဟိ၊
ယာစန္တိ တံ ဣသယော သာဓုရူပါ။
ကောဏ္ဍည သော မနုဇေသု ဓမ္မော၊
ယံ ဝုဒ္ဓမာဂစ္ဆတိ ဧသ ဘာရော။

ဟူသောဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စစ်ပြပါ။

၉။ အဖြေ။ ။ ပထမ, တတိယ, စတုတ္ထ-ပါဒတို့၌ ဣန္ဒဝဇီရာ, ဒုတိယပါဒ၌ ဓာတုမ္ပိသာ နှစ်ဖြာရောသော ဥပဇာတိဂါထာ၊ တိဋ္ဌုဘာဆန်း ဖြစ်ပါသည်။ (အကျယ်လည်း စစ်တတ်ပါစေ။)

၁၀။ ပုစ္ဆာ။ ။ ပသီဒေယျ-၌ ဓာတ်အရတရားကို ကိုယ်ပြု၍ ဌာယီ-ဘာဝဒိ အလင်္ကာနည်း ထုတ်ပြပါ။

၁၀။ အဖြေ။ ။ ကြားနာသူ၏ သန္တာန်၌ဖြစ်သော ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ။ အာရုံဖြစ်သော မဓုရဓမ္မသည်လည်းကောင်း၊ သမဏဗြာဟ္မဏသည်လည်းကောင်း အာရမဏဝိဘာဝ။ ကြားနာအပ်သောတရား၏ မဓုရတာဘောဂုဏ်သည်လည်းကောင်း၊ သမဏဗြာဟ္မဏတို့၏ သမိတပါပ, ဗာဟိတပါပဘောဂုဏ်သည်လည်းကောင်း၊ ကြားနာသူ၏ ယောနိသော မနသိကာရသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။ ကြည်လင်သော အခြင်းအရာအားဖြင့်ဖြစ်သော ကာယပယောဂ ဝစီပယောဂသည်လည်းကောင်း၊ ထိုကိုအကြောင်းပြု၍ ဖြစ်သော စိတ်အစဉ်သည်လည်းကောင်း အနုဘာဝ။ ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် သာယာဖွယ်အဖြစ်သို့ ဆောင်ယူအပ်သော ရတိဌာယီဘာဝသည်ပင် သိင်္ဂါရရသမည်၏။

စစစစစ

အမှတ်-၅၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၆၊ လေ့ကျင့်ခန်း
## (၁၃၂၈-ခုနှစ်၊ အစိုးရပုစ္ဆာနှင့်အဖြေ)

(က) **ဆမ္ဘိတတ္တန္တိ** ဆမ္ဘိတသ ဘာဝေါ။

(ခ) သကလသရီရစလနန္တိ အတ္ထော။

(ဂ) **လောမဟံသောတိ** လောမဟံသနံ။

(ဃ) ဥဒ္ဓံ ဌိတလောမတာတိ အတ္ထော။

(င) သော ပနာယံ လောမဟံသော ဓမ္မဿဝနာဒီသု ပီတိဥပ္ပတ္တိကာလေ ပီတိယာပိ ဟောတိ။ (သီဋ္ဌ၊ ၁၃၆)

**ဋီကာ။** ။ ဆမ္ဘိတဿာတိ ထမ္ဘိတဿ၊ ထ-ကာရဿ ဆ-ကာရာ ဒေသော။ တဒတ္ထမာဟ "သကလသရီရစလန"န္တိ၊ ဘယဝသေန သကလကာယ ပကမ္ပနန္တိ အတ္ထော။ (ဋီကာ၊ သစ်၊ ဒု၊ ၂၄)

**ဘာသာဋီကာ။** ။ (က) က-ဝါကျ၌ ထဘိဓာတ်သည် ထမ္ဘ-ခက်မာခြင်း အနက်ကို ဟော၏။ ထမ္ဘနံ ထမ္ဘော၊ သဥ္ဇာတော ထမ္ဘော အဿ အတ္ထီတိ ထမ္ဘိတံ၊ သရီရံ၊ ထမ္ဘိတံ ဖြစ်ပြီးမှ ထ,ကို ဆ,ပြု။ တောင့်တင်းခိုင်မာဟူရာ၌ လက်တွေ ခြေတွေ မလှုပ်နိုင်ဘဲ တုန်၍နေခြင်းပင်တည်း။ ထို့ကြောင့် သကလသရီရစလနန္တိ အတ္ထော-ဟု အဓိပ္ပါယ်ဖွင့်သည်။ (ဘာဋီ၊ ဒု၊ ၂၇၂)

**၁။ ပုစ္ဆာ။** ။ င-ဝါကျကို ဓမ္မဿဝနာဒီသု-ဝယ် သဝန-၌ သာဓန အနက်ကို ထင်စေလျက် အနက်ယောဇနာပြပါ။

**၁။ အဖြေ။** ။ ပန-ဆက်၊ သော အယံ လောမဟံသော-သည်၊ ဓမ္မဿဝနာဒီသု-တရားနာ(ရာ)အခါ အစရှိသည်တို့၌၊ ပီတိဥပ္ပတ္တိကာလေ-၌၊ ပီတိယာပိ-ကြောင့်လည်း၊ ဟောတိ-ဖြစ်တတ်၏။

**၂။ ပုစ္ဆာ။** ။ ခ-ဝါကျပါ သကလသရီရစလနံ-ပုဒ်သို့ စပ်ရာပုဒ်၏ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ သကလ-သဒ္ဒါ၏ အတ္ထုဒ္ဓါရကိုလည်း ပြပါ။

**၂။ အဖြေ။** ။ ဤသို့လျှင် (ပါဠိတော်၌) အဟု-ဟူသောပါဌ်ဖြင့် ကတ္တုဝါစကကြိယာကို ပြဆိုတော်မူပြီး၍ ယခုအခါ ကတ္တားကိုပြလိုရကား သကလ သရီရစလနံ-ကို မိန့်။

သဗ္ဗသ္မိံ သကလော တီသု၊ အဒ္ဓမို ပုရိသေ သိယာ။ (ဓာန်၊ ၁၀၂၆)

**၂။ ပုစ္ဆာ။** ။ ခ-မှတ်ပြ ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် က–မှတ်ပြဝါကျဖြင့် ဆမ္မိတတ္တံ–ကို ဆမ္မိတဿ ဘာဝေါ–ဟု ဖွင့်ပြတော်မူ၏၊ တောင့်တင်းခိုင်မာသူ၏ အဖြစ်ဟူသည် အဘယ်နည်း၊ ကျောက်တိုင်ကြီးကဲ့သို့ ငြိမ်သက်စွာ တည်နေခြင်း ဖြစ်ပါသလော၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ခ–ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–တောင့်တင်းသူ၏ အဖြစ်ဟူသည် ကျောက်တိုင်ကြီးကဲ့သို့ ငြိမ်သက်စွာ တည်နေခြင်း မဟုတ်၊ စင်စစ်တမူကား လက်တွေ ခြေတွေ မလှုပ်နိုင်ဘဲ တစ်ကိုယ်လုံး တုန်နေခြင်းပင် တည်း–ဟူလိုသော်။

၂။ ပုစ္ဆာ။ ။ ဂ–မှတ်ပြဝါကျမှ ဃ–မှတ်ပြဝါကျသို့ အဓိပ္ပါယ်ပြန်နှင့် တကွ အယုတ္တစောဒနာ တက်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် အမွေးရှင်ခြင်းသည် လောမဟံသမည်သော–ဟု ဆိုတော်မူခဲ့၏၊ အဘယ်သို့ဖြစ်သည်ကို အမွေးရှင်ခြင်း–ဟု ဆိုအပ်ပါသနည်း၊ ဤသို့ အယုတ္တစောဒနာနည်းအားဖြင့် မေးဖွယ်ရှိ၍ ဃ–ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–သဇီဝပုဂ္ဂိုလ်၏ ရှင်ခြင်းကဲ့သို့သော ရှင်ခြင်းမျိုးကို အမွေးရှင်ခြင်း–ဟုဆိုအပ်သည် မဟုတ်ပါ၊ အထက်၌တည်သော အမွေးရှိသည်၏ အဖြစ်ကို သဒိသူပစာအားဖြင့် အမွေးရှင်ခြင်း–ဟု ဆိုအပ်ပါ၏–ဟူလို။

မှတ်ချက်။ ။ အယုတ္တစောဒနာတက်–ဟု ဆိုသောကြောင့် အဆန်း မမှတ်နှင့်၊ စည်းမျဉ်းနှင့် အဖြေတုန်းက ရေးခဲ့သည့်အတိုင်းပင် အာဘော်မပါစေဘဲ ကထံ–ဖြင့် မေးထားခြင်းပင် ဖြစ်သည်။ "ကထံ ကသ္မာ ကိမတ္ထံတိ၊ လက္ချာ အယုတ္တ စောဒနာ"ဟူသော စကားကို သတိပြုပါ။

၃။ ပုစ္ဆာ။ ။နန္ဒာစရိယ လောမံ သဇီဝေါ ဝိယ န ဟံသတိ၊ အထ ကသ္မာ လောမဟံသန်တိ ဝုတ္တန္တိ၊ ကိဉ္စာပိ လောမံ န ဟံသတိ၊ ဟံသနသဒိသ တာယ ပန ဥဒ္ဓံ ဋ္ဌိတလောမတာ လောမဟံသနန္တိ ဝုတ္တာတိ–ဟူသော စကား များကို ကိဉ္စာပိထားရခြင်း အကြောင်းများနှင့်တကွ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

၃။ အဖြေ။ ၁။ နနု အာစရိယ လောမံ သဇီဝေါ ဝိယ န ဟံသတိ။ (စော–ဘော)

(တသ္မာ ဥဒ္ဓံ ဋ္ဌိတမောလတာ လောမဟံသနန္တိ န ဝတ္တဗ္ဗာ။)(စော–ဖလ)

၂။ အထ ကသ္မာ ဥဒ္ဓံ ဋ္ဌိတလောမတာ လောမဟံသနန္တိ ဝုတ္တာ။(စောဒနာ)

၃။ ဟံသနသဒိသတာယ။ (ပရိ–ဘော)

၄။ ဥဒ္ဓံ ဋ္ဌိတလောမတာ လာမဟံသနန္တိ ဝုတ္တာ။ (ပရိ)

"ရှင်ခြင်း"ဟူသောအနက်ကို မနှစ်သက်ဖွယ်ရှိ၍ "ကိဉ္စာပိ"ထားရပါသည်။

http://www.dhammadownload.com



**အမှာ။** ။ပရိဟာရဘောဂတွင် နန–ပါဝင်သော ထုတ်နည်းကိုလည်း ထုတ်ကြည့်ပါ။

**၄။ ပုစ္ဆာ။** ။သကလသရီရစလန်–၌ သရီရ–ကို ဝိဂ္ဂဟပြုပြီးလျှင်၊ ၄င်း၌ ဝစနာဒိဆက္က ခွဲဝေပြပါ။

**၄။ အဖြေ။** ။သရတိ ဂစ္ဆတိတိ သရီရံ၊ ကာယော။ (ဆက္က လွယ်ပါပြီ။)

**၅။ ပုစ္ဆာ။** ။ဋ္ဌိတလောမတာ–၌ တာသမ္ဗန်ကိုလည်းကောင်း၊ ဋ္ဌိတလောမ ၏ ဝါစ္စတ္ထကိုလည်းကောင်း ထုတ်ပြပါ။

**၅။ အဖြေ။** ။တာ–သမ္ဗန်ကား သရီရဿ–ဖြစ်ပါသည်။ ဝါစ္စတ္ထကား ကတ္တားအနက်(ဟူသော ကိုယ်ဒြပ်)ဖြစ်ပါသည်။

**မှတ်ချက်။** ။တ္တ, တာပစ္စည်းတို့၏ သမ္ဗန်ကိုခံရာ၌ ဟိတ်ပုဒ်အရာ၌သာ ခံရသည် မဟုတ်၊ "တ္တ, တာပစ္စည်းဆုံးသော ပုဒ်မှန်လျှင် သမ္ဗန်ခံနိုင်သည်ချည်းသာ"ဟူသော အချက်ကို နားလည်ထားပါ။ ဤ၌ သမာသ်ပုဒ်ဖြစ်သောကြောင့် ပစ္စယတ္ထ–ဟု မမေးဘဲ ဝါစ္စတ္ထ–ဟု မေးထားသည်ကိုလည်းကောင်း၊ ထို၏အဖြေကို "ကတ္တားအနက်ဟူသော ကိုယ်ဒြပ်"ဟု ပြထားသည်ကိုလည်းကောင်း သတိပြုပါ။

**၆။ ပုစ္ဆာ။** ။က၊ ခ၊ ဂ၊ ဃ–ဝါကျတို့၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာတို့ကို ပြပါ။

**၆။ အဖြေ။** ။က–ဝါကျ၌ ဆမ္ဘိတဿ ဘာဝေါ–ဖြင့် တ္တပစ္စည်း၏ ဘာဝအနက်ဟော၏အဖြစ်ကို သိစေ၏။ (ပစ္စယတ္ထ)

ခ–ဝါကျ၌ သကလသရီရစလန်–ဖြင့် ကိုယ်လက်ခက်ထရော် ရှိခြင်းဟူသည် ကိုယ်အားလုံး၏ တုန်လှုပ်ခြင်းပင်တည်း–ဟု သိစေ၏။ (ဘာဝတ္ထ)

ဂ–ဝါကျ၌ လောမဟံသန်–ဖြင့် လောမဟံသော–၌ ဏ,ပစ္စည်း၏ ဘာဝသာဓနအနက်ဟော၏ အဖြစ်ကို သိစေ၏။ (ဒုတိယပစ္စယတ္ထ)

ဃ–ဝါကျ၌ ဥဒ္ဓံ ဋ္ဌိတလောမတာ–ဖြင့် အမွေးတို့၏ရှင်ခြင်းဟူသည် အထက်၌ တည်သော အမွေးရှိသည်၏ အဖြစ်ပင်တည်း–ဟု သိစေ၏။ (ဘာဝတ္ထ)

**၇။ ပုစ္ဆာ။** ။ဆမ္ဘိတတ္တံ–၌ ရသင့်သော နိရုတ္တိနည်းကို ဖော်ပြ၍၊ ဟံသော–ရုပ်ပြီးပုံကို အကျဉ်းမျှ ဖော်ပြခဲ့ပါ။

**၇။ အဖြေ။** ။ထမ္ဘိတတ္တံ–ဟု ဆိုလိုလျက် ထ,အက္ခရာ၏ ဆ,အက္ခရာအားဖြင့် ဖောက်ပြန်သောကြောင့် ဝဏ္ဏဝိကာရနိရုတ္တိနည်း ဖြစ်ပါသည်။

ဟံသော ဟာသေ ဏော၊ နိဂ္ဂဟီတာဂမော။

http://www.dhammadownload.com



**၈။ ပုစ္ဆာ။** ။အဟုဒေဝ ဘယံ-ဟူသော သာမညဖလသုတ်တော်လာ စကားရပ်၌ ဘယ၏ အတ္တုဒ္ဓါရ, ဣဓာဓိပ္ပေတတို့ကို ဖော်ပြပါ။

**၈။ အဖြေ။** ။စိတ္တုတြာသဘော, အာရမဏဘော, ဉာဏဘော, ဩတ္တပ္ပဘော-ဟု ဘေးလေးမျိုး ရှိပါသည်၊ ထိုတွင် စိတ္တုတြာသဘောကို ဤ၌ အလိုရှိအပ်ပါသည်။

**၉။ ပုစ္ဆာ။** ။"တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ"ဟူသော အဋ္ဌကထာအဓိပ္ပါယ် ခြိမ်အောင် ဝတ္တမျိုး ဂါထာ ဖွဲ့သီပြပါ။

**၉။ အဖြေ။** ။အာပဇ္ဇန္တေဝ သုတွာန၊ တထာဂတဿ ဒေသနံ။
ယေဘုယျေနေဝ သံဝေဂံ၊ သန္တာသဉ္စ တထာ ဘယံ။
(ပထျာဝတ္တဂါထာ ဖြစ်ပါသည်။)

**၉။ ပုစ္ဆာ။** ။ကတာဝကာသာ ပုစ္ဆန္တု ဘောန္တော။
ယံကိဉ္စိ ပဉှံ မနသာဘိပတ္ထိတံ၊
အဟဉ္စိ တံ တံ ဝေါ ဝိယာကရိဿံ၊
ဉတွာ သယံ လောကမိမံ ပရဉ္စ။-ဟူသော ဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စစ်ပြပါ။

**၉။ အဖြေ။** ။ဤဂါထာသည် "သာမညဂါထာ" ဖြစ်ပါသည်။ ပထမပါဒသည် ပင္တိဆန်း၊ ဒုတိယပါဒသည် ဇဂတီဆန်း၊ တတိယပါဒသည် တိဋ္ဌုဘာဆန်း၊ စတုတ္ထပါဒသည် တိဋ္ဌုဘာဆန်း ဖြစ်ပါသည်။

**၁၀။ ပုစ္ဆာ။** ။ဘီရုံ ပသံသန္တိ န ဟိ တတ္ထ သူရံ၊
ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ-၌ ဘီရုံကို ကိုယ်ပြု၍ ဠာယီဘာဝ, ရသ, ဝိဘာဝ, အနုဘာဝ-များကို ထုတ်ပြပါ။

**၁၀။ အဖြေ။** ။ဩတ္တပ္ပသည် ဘယဠာယီဘာဝ။ ကြောက်ဖွယ်အားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် ဘယာနကရသ။ မကောင်းမှု အကုသိုလ်သည် အာရမဏဝိဘာဝ။ ဒေသနာတော်သည် ဉဒ္ဒီပနဝိဘာဝ။ မကောင်းမှုကို ရှောင်ကြဉ်ခြင်း, အပါယ်မှ လွတ်ခြင်း-အစရှိသော အကျိုးများသည် အနုဘာဝမည်၏။

စစစစစ

အမှတ်-၆၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၇၊ လေ့ကျင့်ခန်း
## (၁၃၃၆-ခုနှစ်၊အစိုးရ ပုစ္ဆာနှင့် အဖြေ)

(က) **အဘိညာတဉာတကောလညော**တိ ပါကဋကုလဇော၊ တဒါ ကိရ ဇမ္ဗုဒီပေ အမ္ဗဋ္ဌကုလံ နာမ ပါကဋကုလမဟောသိ။ **အဘိညာတသာ**တိ ရူပ ဇာတိမန္တကုလာပဒေသေဟိ ပါကဋဿ။

(ခ) **အဂရှ**တိ အဘာရိယော။

(ဂ) ယော ဟိ အမ္ဗဋ္ဌံ ဉာဏေတုံ န သက္ကုဏေယျ၊ တဿ တေန သဒ္ဓိံ ကထာသလ္လာပေါ ဂရု ဘဝေယျ၊ ဘဂဝတော ပန တာဒိသာနံ မာဏဝါနံ သတေနာပိ သဟဿေနာပိ ပဉ္စံ ပုဋ္ဌဿ ဝိဿဇ္ဇနေ ဒန္ဓာ- ယိတတ္တံ နတ္ထီတိ မညမာနာ "အဂရု ခေါပနာ"တိ စိန္တယိံသု။

(ဃ) **ဝိဟာရောတိ** ဂန္ဓကုဋိ သန္ဓာယ အာဟံသု။

(င) ဗြဟ္မမန္တေတိ အာနုဘာဝသမ္ပန္နတာယ သေဋ္ဌမန္တေ။ (သီဋ္ဌ၊ ၂၂၄၊ ၂၃၇)

**ဋီကာ။** ။(က) အဘိညာတကုလေ ဇာတော **အဘိညာတကောလညော။** ကာမဥ္စ ဝက္ခမာနနယေန ပုဗ္ဗေ အမ္ဗဋ္ဌကုလမပညာတံ၊ တဒါ ပန ပညာတန္တိ အာဟ "တဒါ ကိရာ"တိအာဒိ။ **ရူပဇာတိမန္တကုလာပဒေသေဟီ**တိ "အဃမိဒိသော"တိ အပဒိသနဟေတုဘူတေဟိ စတူဟိ ရူပဇာတိမန္တကုလေဟိ။ (ဂ) ယေန တေ ဘိက္ခူ စိန္တယိံသု၊ တဒမိပ္ပါယံ အာဝိကာတုံ "ယော ဟိ"တိ အာဒိ ဝုတ္တံ။ (ဃ) အဝိသေသတော ဝုတ္တမ္ပိ ဝိသေသတော ဝိညာယမာနတ္တံ သန္ဓာယ ဘာသိတဝစနန္တိ ဒဿေတိ "ဂန္ဓကုဋိ သန္ဓာယာ"တိ ဣမိနာ။ ဝေမိဒိသေသု။ (ဋီကာ၊ သစ်၊ ဒု၊ ၂၄၆)

**ဘာ-ဋီ။** ။ (က)က-ဝါကျ၌ အဘိညာယတေတိ အဘိညာတံ၊ အဘိညာတံ စ တံ ကုလံ စာတိ အဘိညာတကုလံ။ အလွန်သိအပ်သော အမျိုး ဟူသည် ထင်ရှားသော အမျိုးတည်း။ ထို့ကြောင့် ပါကဋကုလ-ဟုဖွင့်သည်။ အဘိညာတကုလေ ဇာတော အပစ္စံ ဝါ အဘိညာတကောလညော၊ ကု-၌ မဖျောဝုဒ္ဓိ ။ ရူပ ။ပ။ ကုလာပဒေသေဟိ-ဖြင့် ပါကဋဖြစ်ခြင်း၏ အကြောင်းဝိသေသနကို ပြသည်။ အပဒိသတေ ဧတေဟီတိ အပဒေသာနိ၊ ရူပဇာတိမန္တကုလာနိ ဝ တာနိ အပဒေသာနိ စာတိ ရူပ ။ပ။ ပဒေသာနိ။ (ခ)ခ-ဝါကျ၌ ဘာရိတဗ္ဗံတိ ဘာရိယံ-ဟု ဖြစ်သင့်လျက် ကထာသလ္လာပေါနှင့် အရတူအောင် အဘာရိယော- ဟု ဖွင့်သည်။

http://www.dhammadownload.com



(ဃ)ဃ–ဝါကျ၌ ဝိဟာရော–ဟု သာမညဆိုသော်လည်း ပကရဏအရာအား လျော်စွာ ဂန္ဓကုဋိ–ဟူသော ဝိသေသနအနက်ကို ယူနိုင်၏။ ဤစကားမျိုးကို "သန္နာယဘာသိတစကား"ဟု ဆိုသည်၊ ပစ္စက္ခဘာသိတ–တိုက်ရိုက်ဆိုအပ်သော စကား မဟုတ်ဟူလို။ နည်းအားဖြင့်ကား နေယျတ္ထနည်းတည်း၊ နေရာတိုင်းမှာ သတိပြုပါ။ (င)င–ဝါကျ၌ ဗြဟ္မစရိယအကျင့်ကဲ့သို့ ပင်ကိုယ်သဘောအားဖြင့် မြတ်သည်မဟုတ်၊ တန်ခိုးအာနုဘော်နှင့် ပြည့်စုံသောကြောင့် "ကောင်းသော အမြတ်"ဟု သိစေလို၍ ဤသို့ ဖွင့်ထားသည်။ (ဘာဋီ၊ တ၊ ၃၄၉)

၁။ ပုစ္ဆာ။ ။ ဂ–မှတ်ပြဝါကျကို တာဒိသာနံ၊ ပဥ္စ–တို့၌ သဒ္ဒတ္ထ, ဝေါဟာရတ္ထထင်စေ၍ စိန္တယိံသု–၏ ကတ္တား ထည့်စွက်ကာ အနက်ယောဇနာပါ။

၁။ အဖြေ။ ။ ဟိ–မှန်၏၊ ဝါ–ချဲ့ဦးအံ့၊ ။ ပ ။ ပန–အဖို့တစ်ပါးကား၊ ဝါ–စင်စစ်ကား ။ ပ ။ တာဒိသာနံ–ထိုအမ္ဗဋ္ဌကဲ့သို့ ရှုအပ်ကုန်သော(သဒ္ဒတ္ထ)၊ ဝါ–ထိုကဲ့သို့သော သဘောရှိကုန်သော (ဝေါဟာရတ္ထ)၊ ။ ပ ။ ပဥ္စ–မေးမြန်းအပ်သောအနက်ကို (သဒ္ဒတ္ထ)၊ ဝါ–ပြဿနာကို (ဝေါဟာရတ္ထ)၊ ။ ပ ။ (တေ ဘိက္ခူ–ထိုရဟန်းတို့သည် (ကတ္တား) ။ ပ ။

၂။ ပုစ္ဆာ။ ။ က–ဝါကျ၌ ရူပဇာတိမန္တကုလာပဒေသေဟိ–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ ဂ–ဝါကျပါ ဂရု–သဒ္ဒါ၏ အနက်များကို ထုတ်ပြပါ။

၂။ အဖြေ။ ။ ဤသို့လျှင် ပါကဋယသ–ဟူသောပါဌ်ဖြင့် ကရိုဏ်း၏ ကြီးယာကို ပြဆိုတော်မူပြီး၍၊ ယခုအခါ ထို၏ကရိုဏ်းကို ပြလိုရကား ရူပဇာတိ မန္တကုလာပဒေသေဟိ–ဟူသောပါဌ်ကို မိန့်။

ပုမေ အာစရိယာဒိမှိ၊ ဂရုမာတာပိတူသွပိ။
ဂရု တီသု မဟန္တေ စ၊ ဒုဇ္ဇရာ–လဟုကေသု စ။ (ဓာန်၊ ၈၄၀)

၂။ ပုစ္ဆာ။ ။ ဂ–မှတ်ပြ တတိယဝါကျ၌ သာဘောဂဒေါသာရောပန စောဒနာနည်းဖြင့် စောဒနာထုတ်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ဆရာသည် အဂရု ခေါ ပနာတိ စိန္တယိံသု–ဖြင့် အဂရု ခေါ ပန–စသည်ဖြင့် ကြံစည်ကြကုန်သော–ဟု ဆိုတော်မူ၏၊ အမ္ဗဋ္ဌကို နားလည်အောင် မပြောဆိုနိုင်သော ပုဂ္ဂိုလ်၏ အမ္ဗဋ္ဌနှင့်တကွ ပြန်လှန်ပြောဆို ရခြင်းသည် ဝန်လေးရာသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ်သို့သော အကြောင်းကြောင့် အဂရု ခေါ ပန–စသည်ဖြင့် ရဟန်းတော်တို့ ကြံစည်ကြပါ

http://www.dhammadownload.com



ကုန်သနည်း?၊ ထိုသို့ ကြံစည်ခြင်း၏ အကြောင်းဖြစ်သော ရဟန်းတို့၏အလိုကို မပြချေသော်ဒ် ဆရာအား အဗျာပိတဒေါသ သင့်ရောက်လေရာ၏၊ ထိုသို့ စောဒနာ ဖွယ်ရှိသောကြောင့် ဂ-မှတ်ပြ တတိယဝါကျကို မိန့်။

အဓိပ္ပါယ်ကား-အဂရု ခေါ ပန စသည်ဖြင့် ရဟန်းတို့ ကြံစည်ခြင်း၏ အကြောင်းဖြစ်သော အလိုကို ပြသည်သာဖြစ်၍ အဗျာပိတဒေါသ မရောက် ဟူလို။

၃။ ပုစ္ဆာ။ ။ က-မှတ်ပြ ပထမ ဒုတိယ နှစ်ဝါကျတို့၌ စောဒကာ ဘောဂါဒိစတုက္က ထုတ်ပြပါ။

၃။ အဖြေ။ ၁။ နနု ဝဏ္ဏာမနနယေန ပုဗ္ဗေ အမ္ဗဋ္ဌကုလံ အပညာတံ။ (စော-ဘော)

(တသ္မာ အဘိညာတကောလညောတိ ပါကဋကုလဇောတိ န ဝတ္တဗ္ဗံ။) (စော-ဖလ)

၂။ အထ ကသ္မာ အဘိညာတကောလညောတိ ပါကဋကုလဇောတိ ဝုတ္တံ။ (စော)

၃။ ယသ္မာ တဒါ ဇမ္ဗုဒီပေ အမ္ဗဋ္ဌကုလံ နာမ ပါကဋကုလံ အဟောသိ၊ တသ္မာ။ (ပရိ-ဘော)

၄။ အဘိညာတကောလညောတိ ပါကဋကုလဇောတိ ဝုတ္တံ။ (ပရိ)

၃။ ပုစ္ဆာ။ ။ ဂ-မှတ်ပြ တတိယဝါကျပါ အရုစျတ္တ ပန-သဒ္ဒါကို ရှု၍ ရထိုက်သော စောဒကာဘောဂါဒိစတုက္ကကို ထုတ်ပြပြီးလျှင်၊ အရုစျတ္တ ပန-သဒ္ဒါထားရခြင်း အကြောင်းကိုလည်း ပြပါ။

၃။ အဖြေ။ ။ ၁။ နနု ယော အမ္ဗဋ္ဌ ။ ပ ။ ဂရု ဘဝေယျ။ (စော-ဘော)

(တသ္မာ တေပိ ဘိက္ခူဟိ အဂရု ခေါ ပနာတိ န စိန္တေတဗ္ဗံ။)(စော-ဖလ)

၂။ အထ ကသ္မာ တေ ဘိက္ခူ အဂရု ခေါပနာတိ စိန္တယိံသု။ (စော)

၃။ နနု ဘဂဝတော တာဒိသာနံ ။ ပ ။ နတ္ထီတိ မညိံသု။ (ပရိ-ဘော)

၄။ တသ္မာ တေ ဘိက္ခူ ။ ပ ။ စိန္တယိံသု။ (ပရိ)

ရဟန်းတို့ ကြံစည်ပုံပြ အဂရု ခေါ ပန-စသော သံဝဏ္ဏေတဗ္ဗသဒ္ဒါ၌ မနှစ် သက်၍ စောဒနာဖွယ်ရှိသောကြောင့် အရုစျတ္တ ပန-သဒ္ဒါကို ထားပါသည်။

၃။ ပုစ္ဆာ။ ။ ဃ-မှတ်ပြ ဝါကျ၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၃။ အဖြေ။ ။ ၁။ နနု ပါဋိယံ ဝိဟာရောတိ အဝိသေသတော ဝုတ္တံ။ (စော-ဘော)

http://www.dhammadownload.com



(တသ္မာ ဂန္ဓကုဋိံ သန္ဓာယ အာဟံသူတိ ဝိသေသတော န ဝတ္တဗ္ဗံ၊)
(စော–ဖလ)

၂။ အထ ကသ္မာ ဂန္ဓကုဋိံ သန္ဓာယ အာဟံသူတိ ဝိသေသတော ဝုတ္တံ။
(စော)

၃။ ယသ္မာ အဝိသေသတော ဝုတ္တမ္ပိ ဝိသေသတော ဝိညာယမာနတ္တံ သန္ဓာယ ဘာသိတဝစနံ၊ တသ္မာ။ (ပရိ–သော)

၄။ ဂန္ဓကုဋိံ သန္ဓာယ အာဟံသူတိ ဝိသေသတော ဝုတ္တံ။ (ပရိ)

**မှတ်ချက်။** ။ပါဠိတော်က သာမညသာ ဟောထားပါလျက် အဋ္ဌကထာက ဝိသေသအားဖြင့် ဖွင့်ထားသောအရာတိုင်း၌ ဤစောဒနာမျိုး ရသည်ချည်းဖြစ်သည်။ သမယောတိ ကာလော၊ မူလဋီ သမိပံ–စသည်တို့၌လည်း နည်းမှီ၍ ထုတ်ကြည့်ပါ။ "တဒသေသသမသမ္ဘဝတော"ဟု ပရိဟာရဘောဂထုတ်ပါ။ စည်းမျဉ်းနှင့် အဖြေကိုလည်း ပြန်ရှုပါ။

**၄။ ပုစ္ဆာ။** ။ ဗြဟ္မမန္တေ–ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထ၌ ဝစနာဒိဆက္က ထုတ်ပြပါ။

**၄။ အဖြေ။** ။ဗြဟ္မန္တိ ဝဒန္တိ တေဟီတိ ဗြဟ္မာနော၊ မုနာတိ(မုနန္တိ) ဇာနာတိ(ဇာနန္တိ) တေဟီတိ မန္တာ၊ ဗြဟ္မာနော ဗြဟ္မဘူတာ ဝါ မန္တာ ဗြဟ္မမန္တာ။ တေ ဗြဟ္မမန္တေ။

ဗြဟ္မမန္တာ–ဟူသော နိပ္ဖန္နသည် ဝစန၊ ဗြဟ္မာနော မန္တာ–ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထ၊ နိပ္ဖန္န၏ အကြောင်းဖြစ်သော ဗြဟ္မသဒ္ဒဘောဂဏ်၏ မန္တအရ မန္တဝိဓ္တာဒြပ်နှင့် ဂုဏ်+ဂုဏော, ဌာနီ+ဌာန, ဝိသေသန+ဝိသေသျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ ဣတိသည် ဝစနဟေတုဇောတက၊ ဗြဟ္မမန္တ၏ အဘိဓေယျတ္ထ မန္တဝိဓ္တာအတတ်ဒြပ်သည် ဝစနီယ၊ သေဋ္ဌဝေဒါ, ဥတ္တမမန္တဝိဇ္ဇာ–စသော ပရိယာယ်စုသည် ဝစနီယတ္ထ။

**၅။ ပုစ္ဆာ။** ။အာနုဘာဝသမ္ပန္နတာယ–၌ ဖြစ်သင့်သော ဟေတုသမ္ဗန်, ဘာဝသမ္ဗန်တို့ကို ထုတ်ပြ၍၊ ဟေတုသမ္ဗန်ကိုလည်း ဖြစ်သင့်သော အနက်အားလျော်စွာ စာစပ်ပြပါ။

**၅။ အဖြေ။** ။ဟေတုသမ္ဗန်–မန္တာနံ၊ ဘာဝသမ္ဗန်–အာနုဘာဝသမ္ပန္နာနံ။ "တို့၏, တို့သည်" နှစ်ချက်ပေး၍ စာစပ်ပါလေ။

**၆။ ပုစ္ဆာ။** ။ခ–ဝါကျ, င–ဝါကျတို့၌ ဖြစ်ထိုက်သော ဗျတိရေက, အန္ဝယအာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com



**၆။ အဖြေ။** ။ခ–ဝါကျ၌ အဘာရိယော–ဖြင့် အဂရု၌ ဂရုသဒ္ဒါသည် မဟန္တ, ဒုဇ္ဇရ–အနက်၌ မဖြစ်၊ ဘာရိယ, အလဟုတာ အနက်၌ဖြစ်သည်ကို သိစေ၏။ နာမလိင်္ဂတ္ထ။

င–ဝါကျ၌ သေဋ္ဌမန္တေဖြင့် ဗြဟ္မမန္တေ၌ ဗြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိန မာတာပိတုအနက်တို့၌ မဖြစ်၊ သေဋ္ဌအနက်၌ဖြစ်သည်–ဟု သိစေ၏၊ နာမလိင်္ဂတ္ထ။ အာနုဘာဝသမ္ပန္နတာယဖြင့် မန္တတို့ သေဋ္ဌ–ဗြဟ္မဖြစ်ရခြင်းသည် မြတ်နိုးအပ် ပူဇော် အပ်သောကြောင့် မဟုတ်၊ အစွမ်းအာနုဘော်နှင့် ပြည့်စုံသောကြောင့်သာတည်း–ဟု သိစေ၏။ ဘာဝတ္ထ၊ ဝါ–နေယျတ္ထ။

**၇။ ပုစ္ဆာ။** ။က–ပဥ္စပုဒ်၊ ခ–ဓနအဂမနီယံ အမ္ဗဋ္ဌ နာမ ဝိဇ္ဇံ အဒါသိ–၌ အမ္ဗဋ္ဌပုဒ်တို့၏ ရုပ်ပြီးပုံနှင့် ပါဝင်သမျှသော နိရုတ္တိနည်းကိုလည်း ဖော်ပြပါ။

**၇။ အဖြေ။** ။က=ပဥ္စ–ပုစ္ဆ+အ,ဖြင့် ပုစ္ဆီယတေ–အရ ပုစ္ဆ–ဟု ဆိုအပ် လျက် ပု၌ ဥကို အ၊ စ္ဆ–၌ စ,ကို ဉ၊ ဆ,ကို ဟ,ပြု၍ ပဥ္စ–ပြီးပါသည်။ ဝဏ္ဏဝိကာရနိရုတ္တိနည်း ဖြစ်ပါသည်။

ခ=အမ္ဗဋ္ဌ–အဗ္ဘဂပုဒ်+ထပဓာတ်+ကွိပစ္စည်းဖြစ်၍ အဗ္ဘင်္ဂ ထပေတိ–အရ အဗ္ဘင်္ဂထ–ဟူလိုလျက် ဗ္ဘကို မ္ဗပြု၊ င်္ဂကိုချေ၊ ထ,ကို ဋ္ဌ,ပြု၊ အသဒိသဒွေဘော်ပြု၊ အမ္ဗဋ္ဌပြီးပါသည်။ ဝဏ္ဏဝိကာရ၊ ဝဏ္ဏနာသ၊ ဝဏ္ဏာဂမနိရုတ္တိနည်းများ ဖြစ်ပါသည်။

**၈။ ပုစ္ဆာ။** ။ဝိဇ္ဇာစရဏသမ္ပဒါယ စတ္တာရိ အပါယမုခါနိ ဟောန္တိ–၌ အပါယမုခ လေးပါးတို့ကို သိသာရုံမျှ ထုတ်ပြ၍၊ တဿ ရာဇာ ပသေနဒိ ကောသလော သမ္မုခီဘာဝမ္ပိ န ဒဒါတိ–အရ ပေါက္ခရသာတိပုဏ္ဏားအား ပသေ နဒိကောသလမင်း၏ မျက်မှောက်တွေ့ခွင့် မပေးခြင်းအကြောင်းကိုလည်း ဖော်ပြပါ။

**၈။ အဖြေ။** ။စတုအပါယမုခ–ကား ပဝတ္တဖလဘောဇိရသေ့အဖြစ်, ကန္ဒမူလဖလဘောဇိရသေ့အဖြစ်, အဂျာဂါရိကရသေ့အဖြစ်, အဂါရိကရသေ့အဖြစ် တို့ ဖြစ်ကြပါသည်။

ပေါက္ခရသာတိပုဏ္ဏားသည် သမ္မုခါဝဋ္ဋနီမာယာအတတ်ကို တတ်သည်ဖြစ်၍ ထိုအတတ်ဖြင့် လှည့်ပတ်၍ အလိုရှိသော ပစ္စည်းဝတ္ထုကို ယူတတ်သောကြောင့်။ တစ်နည်း=ပေါက္ခရသာတိပုဏ္ဏား၏ ကိုယ်၌ ခရုသင်းဖြူ, နူနာရှိသည်၊ ထိုနူနာသည် ကာယသံသဂ္ဂကြောင့် ကူးစက်တတ်သည်–ဟု အမတ်အချို့ သံတော်ဦးတင် ထားမြစ် သောကြောင့် မျက်မှောက်တွေ့ခွင့် မပေးခြင်း ဖြစ်ပါသည်။

**၉။ ပုစ္ဆာ။** ။ ဂ–မှတ်ပြ တတိယဝါကျပါ ဣတိ၏ နိဒဿေတဗ္ဗ စကားကို ပထျာဝတ္တဂါထာ စီကုံးခဲ့ပါ။

http://www.dhammadownload.com



၉။ အဖြေ။ ။ ဘဂဝန္တသ္သ တာဒိနံ၊ မာဏဝါနံ သတေနပိ။
ပဉ္စ ပုဋ္ဌဿ ဒဏ္ဍာယိ-တတ္တံ နတ္ထိ ဝိသဇ္ဇနေ။

၉။ ပုစ္ဆာ။ ။ ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။-၏ ဂါထာအမည် ဆန်း အမည်တို့ကို ပြပါ။

၉။ အဖြေ။ ။ ပထမပါဒသည် ဣန္ဒဝဇိရာဂါထာ၊ တုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ ဒုတိယပါဒသည် ဥပေန္ဒဝဇိရာဂါထာ၊ တုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ တတိယပါဒသည် ဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ စတုတ္ထပါဒသည် သာမညဂါထာ၊ ပင်္တိဆန်း ဖြစ်ပါသည်။

၁၀။ ပုစ္ဆာ။ ။ အထခေါ အမ္ဗဋ္ဌော မာဏဝေါ ဘဂဝတော အဝုသိတ ဝါဒေန ဝုစ္စမာနော ကုပိတော ။ပ။ ဘဂဝန္တံယေဝ ဥပဝဒမာနော ဇတ် “စဏ္ဍာလာ ဘောဂေါတမ သကျဇာတိ”တိ အာဒိဝစနံ အဝေါစ။-၌ အဝေါစ၏ အန္တတ္ထတရားကို ကိုယ်ပြု၍ ဌာယီဘာဝစသော အလင်္ကာနည်း ထုတ်ပြပါ။

၁၀။ အဖြေ။ ။ အဝေါစ၏ အန္တတ္ထဖြစ်သော စဏ္ဍာလာ ဘောဂေါတမ သကျဇာတိ-စသည်ဖြင့် မြတ်စွာဘုရားကို ရည်ရွယ်၍ ရှုတ်ချပြောဆိုသော အမ္ဗဋ္ဌ၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဌာယီဘာဝ, ရုဒ္ဒရသ။ အာရုံဖြစ်သော ဘုရားနှင့် ရဟန်းတို့သည်လည်းကောင်း၊ သာကီဝင်မင်းမျိုးတို့ သည်လည်းကောင်း၊ စဏ္ဍာလာ ဘောဂေါတမ-စသော မနသာ ဝဝတ္ထပိတာသဒ္ဒပဗန္ဓ သည်လည်းကောင်း အာရမ္မဏဝိဘာဝ။ ဘုရားရှင်၏ အဝုသိတဝါဒေါ ခေါ ပန-စသော စကားတော်, ဘုရားကိုစွပ်စွဲ ပုတ်ခတ်လိုခြင်း, အမ္ဗဋ္ဌ၏ ယောနိသော မနသိကာရ မရှိခြင်းစသည်တို့သည် ဥဒ္ဒီပနဝိဘာဝ။ စဏ္ဍာလာ ဘောဂေါတမ စသည်ဖြင့် ရှုတ်ချပြောဆိုခြင်း ဝစီပယောဂသည်လည်းကောင်း၊ ထိုသို့ပြောဆိုသဖြင့် ကျွန်မသား စသည်ဖြင့် နောက်ထပ် အပြောခံရခြင်းသည်လည်းကောင်း အနုဘာဝ ဖြစ်ပါသည်။

စစစစစ

အမှတ်-၇၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၈၊ လေ့ကျင့်ခန်း

## (၁၃၃၄–ခုနှစ်၊ အစိုးရပုစ္ဆာနှင့် အဖြေ)

(က) ဝတ္ထုဂုယှေတိ အင်္ဂဇာတော။

(ခ) ဘဂဝတော ဟိ ဝရဝါရဏဿေဝ ကောသောဟိတံ ဝတ္ထုဂုယှံ သုဝဏ္ဏဝဏ္ဏံ ပဒုမဂဗ္ဘသမာနံ။

(ဂ) တံ သော ဝတ္ထပဋိစ္ဆန္နတ္တာ အပဿန္တော အန္တောမုခဂတာယ စ ဇိဝှါယ ပဟူတဘာဝံ အသလ္လက္ခန္တော တေသု ဒွီသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။

(ဃ) တထာရူပန္တိ တံ ရူပံ။ (သီဋ္ဌ၊ ၂၄၆)

**ဋီကာ။** ။ (က) ဝတ္ထေန ဂုဟိတဗ္ဗတ္တာ **ဝတ္ထုဂုယှံ**။ (ခ) ယသ္မာ ဘဂဝတော ကောသောဟိတံ ဝတ္ထုဂုယှံ သဗ္ဗဗုဒ္ဓါနံ ဝေဏိကံ အညေဟိ အသာဓာရဏံ။ ယံ ဗာဟိရဗ္ဗန္တရမလေဟိ အနုပက္ကိလိဋ္ဌတာယ စိရကာလပရိစိတဗြဟ္မစရိယာ ဓိကာရတာယ သဏ္ဌိတသဏ္ဌာနသမ္ပတ္တိယာ စ ကောပီနမ္ပိ သမာနံ အကောပိနမေဝ ဇာတံ။ တေန ဝုတ္တံ "ဘဂဝတော ဟိ"တိ အာဒိ။ (ဃ) တထာရူပန္တိ ဤဒိ သမာသပဒန္တိ အာဟ "တံ ရူပ"န္တိ။ (ဋီကာ၊ ဒု၊ ၂၇၆)

**ဘာသာဋီကာ။** ။(ဃ) ဃ–ဝါကျ၌ "တထာ–ထိုအခြင်းအရာအား ဖြင့်၊ ရူပံ–ရုပ်ကို"ဟု ပေးမည်စိုး၍ ဤသို့ဖွင့်သည်။ "တထာရူပံ ယဿာတိ တထာ ရူပေါ၊ ဣဒ္ဒါဘိသမ်ါရော"ဟု ပြ။ (ဘာဋီ၊ တ၊ ၄၄၅)

**၁။ ပုစ္ဆာ။** ။ ခ–ဝါကျကို မှန်ကန်စွာ အနက်ယောဇနာပြပါ

**၁။ အဖြေ။** ။ ဟိ–မှန်၊ ချဲ့၊ ထင်၊ ဝရဝါရဏဿ–၏၊ ကောသောဟိတ– သော၊ အင်္ဂဇာတံ–သည်၊ ဟောတိဣဝ–ကဲ့သို့၊ တထာ–တူ၊ ဘဂဝတော–၏၊ ကောသောဟိတံ–သော၊ ဝတ္ထုဂုယှံ–သည်၊ သုဝဏ္ဏဝဏ္ဏံ–သည်၊ ပဒုမဂဗ္ဘသမာနံ– သည်၊ ဟောတိ–၏။

**၂။ ပုစ္ဆာ။** ။ ဂ–ဝါကျ၌ အပဿန္တောမှ ကံနှင့်ဟိတ်သို့ သဒ္ဒသာ အဘိဂ ပုစ္ဆာနည်းဖြင့် ကျမ်းထွက်ပြ၍၊ သုဝဏ္ဏသဒ္ဒါ၏ အနက်များကို ထုတ်ပြ

**၂။ အဖြေ။** ။ အရှင်အဌကထာဆရာ၊ အပဿန္တော–ဟူသော သကမ္မက ကြိယာကို ဆရာဆိုတော်မူ၏။ သကမ္မကကြိယာသည် ကံနှင့်မကင်းရာသည် ဖြစ်၍ ကံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ တစ်နည်း–သကမ္မကကြိယာ၏ ကံသည် ဗုဒ္ဓဖြစ်ပါသလော။ သကမ္မကကြိယာ၏ကံကား အဘယ်ပါနည်း ။ ဤသို့ မေးဖွယ်ရှိ၍ "တံ" ဟူသောပါဌ်ကို မိန့်။

http://www.dhammadownload.com



အရှင်အဋ္ဌကထာဆရာ၊ အပဿန္တော–ဟူသော ဟေတုဖလကို ဆရာဆိုတော်မူ၏။ ဟေတုဖလမည်သည် ဟိတ်နှင့်မကင်းရာသည် ဖြစ်၍ ဟိတ်ကိုလည်း ဆိုသင့်သည် မဟုတ်ပါလော။ တစ်နည်း–ဟေတုဖလ၏ဟိတ်သည် အပုစ္ဆိတဗ္ဗာ ဖြစ်ပါသလော။ ဟေတုဖလ၏ ဟိတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိ၍ "ဝတ္တပဋိစ္ဆန္နတ္တာ"ဟူသော ပါဠ်ကို မိန့်။ ဟေတုဖလ၏ဟိတ်ကား "ဝတ္တပဋိစ္ဆန္နတ္တာ" ဖြစ်၏ ဟူလို။

သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠေ တထာ။
ပဉ္စရေဏုမတ္တေ စ၊ ဆဝိသမ္ပတ္တိယံ ပိ စ။ (အဘိဓာန်၊ ၈၀၉)

၂။ ပုစ္ဆာ။ ။ ဃ–ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာ နည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ ဆရာ၊ ပါဠိတော်၌ တထာရူပံ–ဟူသော ပုဒ်ကို အရှင် အာနန္ဒာ ဆိုတော်မူ၏။ ထို၌ တထာ–သဒ္ဒါသည် "ပဋိဘာဂ, သဒိသ"စသော အနက်ကို ဟောပါသလော။ အဘယ်အနက်ကို ဟောပါသနည်း။ တထာနှင့်ရူပံကို ဝါကျ–ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရမည်နည်း?၊ ဤသို့ မေးဖွယ်ရှိ သောကြောင့် တံ ရူပံ–ဟူသော သံဝဏ္ဏနာကို မိန့်။ တထာသည် "ပဋိဘာဂ၊ သဒိသ"စသောအနက်ကို မဟော။ နိယမအနက်ကို ဟော၏။ တထာနှင့်ရူပံသည် ဝါကျမဟုတ်၊ သမာသ်ပုဒ်ဖြစ်သည်–ဟူလိုသော်။

မှတ်ချက်။ ။ အာဘောဂ်နှင့်ပုစ္ဆာ ထုတ်စရာ နှစ်ချက်စီ ပါနေသဖြင့် တထာအတွက် တစ်ချက်၊ တထာနှင့် ရူပံအတွက် တစ်ချက်တွဲလျက် တွဲလျက် ထုတ်ထားသည်ကို သတိပြုပါ။

၃။ ပုစ္ဆာ။ ။ ဂ–မှတ်ပြဝါကျ၌ ဖြစ်သင့်သော စောဒကာဘောဂါဒိ စတုက္ကကို ထုတ်ပြပါ။

၃။ အဖြေ။ ။ ၁။ နနု သော အမ္ဗဋ္ဌော ဘဂဝတော လက္ခဏာနိ သမန္နေသိ။ တစ်နည်း–နနု သော အမ္ဗဋ္ဌော ဘဂဝန္တံ ပဿတိ။ (စော–ဘော)

(တသ္မာ တေသု ဒ္ဒိသု လက္ခဏေသု ကင်္ခါ န ဘဝိတဗ္ဗံ ဝိစိကိစ္ဆိနာ။) (စော–ဖလ)

၂။ အထ ကသ္မာ တေသု ဒ္ဒိသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။ (စော)

၃။ ယသ္မာ တံ သော ။ ပ ။ အသလ္လက္ခန္တော ဟောတိ။ (ပရိ–ဘော)

၄။ တသ္မာ သော တေသု ဒ္ဒိသု လက္ခဏေသု ကင်္ခီ အဟောသိ ဝိစိကိစ္ဆီ။ (ပရိ)

http://www.dhammadownload.com



မှတ်ချက်။ ။ဤ၌ စောဒကာဘောဂ တိုက်ရိုက် မပါ။ မိမိဘာသာ ရှာ၍ ထည့်ရ၏။ ရှာပုံကား—ပရိဟာရဆရာက "သူသည် ထိုလက္ခဏာနှစ်ပါးတို့၌ ယုံမှားသည်"ဟုဆိုထားရာ ထိုစကားကို န, ထိုး၍ သူသည် ထိုလက္ခဏာနှစ်ပါး တို့၌ မယုံမှားသင့်-ဟု စောဒကာဘောဂဖလ ထုတ်ဖော်ပြီးလျှင် ထိုသို့ မယုံမှား သင့်ခြင်း၏ အကြောင်းကို ရှာယူရသည်။ ထိုအကြောင်းသည်ပင် စောဒကာဘောဂ ဖြစ်သည်။ သို့ဖြစ်၍ ပြထားသော စောဒကာဘောဂထက် "နနု ဘဂဝတော တာနိ ဒွေ လက္ခဏာနိ အတ္တိယေဝ-မြတ်စွာဘုရားမှာ ထိုလက္ခဏာနှစ်ပါး ရှိသည်သာ မဟုတ်ပါလော"ဟု စောဒကာဘောဂထုတ်လျှင် ပို၍ကောင်းသည်၊ ပို၍ သဘာဝ ကျသည်။ စဉ်းစားကြည့်ပါ။

၄။ ပုစ္ဆာ။ ။ ကောသောဟိတံ-ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္ကခွဲဝေပြပါ။

၄။ အဖြေ။ ။ ကောသေန ဩဟိတံတိ ကောသောဟိတံ။ (ဆက္က လွယ်ပါပြီ။)

၅။ ပုစ္ဆာ။ ။ ဂ-မှတ်ပြဝါကျပါ ဟိတ်၏သမ္ဗန်ကိုခံပြ၍၊ ဖြစ်သင့်သမျှ စာစပ်ပြီးလျှင် ဘာဝသမ္ဗန်၏ ပစ္စယတ္ထကိုလည်း ညွှန်ပြပါ။

၅။ အဖြေ။ ။ ဟိတ်၏သမ္ဗန်ကား တဿ ဝတ္ထဂုယှဿ-ဖြစ်ပါသည်။ ကို+၏-ပေး၍ စာစပ်ပါ။ လွယ်ပါသည်။

ဝတ္ထပဋိစ္ဆန္န-ဟူသော ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကား အဝတ်ဖြင့်ဖုံးလွှမ်း အပ်သော အင်္ဂါဇာတ်ဖြစ်ပါသည်။ တစ်နည်း-ကမ္မတ္ထဖြစ်ပါသည်။

မှတ်ချက်။ ။ သမာသ်ပုဒ် ဖြစ်ပါလျက် ပစ္စယတ္ထကိုမေး၍ ၄င်း၏အဖြေကို တစ်နည်းအားဖြင့် အဘိဓေယျတ္ထကို ထုတ်ပြ၍လည်းကောင်း၊ တစ်နည်းအားဖြင့် နောက်ပုဒ်၏ ပစ္စယတ္ထကို ဖော်ပြီး၍လည်းကောင်း ဖြေဆိုထားသည်ကို သတိပြုပါ။ ဤနည်းကို ယှဉ်၍ အခြားသော သမာသ်ပုဒ်တို့၌လည်း ပုစ္ဆာ၏အာဘော်ကို မြော်၍ သင့်သလို ဖြေဆိုပါ။

၆။ ပုစ္ဆာ။ ။ က-မှတ်ပြဝါကျ၌ သံဝဏ္ဏနာ၊ ဃ-မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြပါ။

၆။ အဖြေ။ ။ က-၌ အင်္ဂဇာတေ-ဟူသော သံဝဏ္ဏနာသည် ဝတ္ထဂုယှေ-ဟူသောပုဒ်၏ ပရိယာယ်အနက်ကို ဖွင့်သောကြောင့်၊ တစ်နည်း-ဝတ္ထဂုယှဟူ သောသဒ္ဒါသည် ဟောအပ်သောအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာ မည်ပါသည်။

http://www.dhammadownload.com



ယ–၌ "တံ ရူပံ"ဟူသော သံဝဏ္ဏနာဖြင့် တထာရူပံ–ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ သမာသ်ပုဒ်၏အဖြစ်ကို အဋ္ဌကထာဆရာ သိစေပါသည်။

၇။ ပုစ္ဆာ။ ။ ဝဏ္ဏဂုယှံ၌ ဂုယှံပုဒ်၏ ရုပ်ပြီးပုံကို ဓာတုပစ္စယစသည်နှင့်တကွ အစုံအလင် ဖော်ပြပါ။

၇။ အဖြေ။ ။ ဂုယှံ–ကို ဂုဟာတည်၊ ဓာတ်မှည့်၊ ဂုဟ–သံဝရဏေ၊ စောင့်စည်း, ဖုံးအုပ်ခြင်းအနက်၌ဖြစ်၏။ အစိတ် အ, ကိုချေ၊ ဘာဝကမ္မေသု ယော–သုတ်ဖြင့် ယ, ပစ္စည်းသက်၊ ကွစိဓာတု–သုတ်ကြီးဖြင့်သော်လည်းကောင်း၊ ဟာဝိပရိယယော လော ဝါ–သုတ်ဖြင့်သော်လည်းကောင်း ဟ,နှင့် ယ,ကို ရှေ့နောက်ပြန် (ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်း)၊ နာမ်ငဲ့၊ သိသက်၊ အံပြု၊ ချေ၊ ဂုယှံ–ပြီး၏။

၈။ ပုစ္ဆာ။ ။ ဘုရားရှင်က အမ္ဗဋ္ဌအား မိမိ၏လျှာတော်ကို အဘယ်သို့ပြပါသနည်း?၊ ထိုသို့ပြခြင်းဖြင့် အဘယ်သို့သောအကျိုးကို မြော်ကိုးပါသနည်း?၊ အသီးသီးဖြေပြပါ။

၈။ အဖြေ။ ။ ဘုရားရှင်သည် လျှာတော်ကိုထုတ်၍ နားနှစ်ဖက်, နှာခေါင်း နှစ်ပေါက်, နဖူးပြင်တို့ကို သုံးသပ်ပါသည်၊ နားနှစ်ဖက်ကို သုံးသပ်ခြင်းမှာ ရှည်လျားကြောင်းပြရန်, နှာခေါင်းနှစ်ပေါက်ကို သုံးသပ်ခြင်းမှာ ပါးလွှာကြောင်းပြရန်, နဖူးပြင်ကို သုံးသပ်ခြင်းမှာ ကျယ်ဝန့်ကြောင်းကိုပြရန် ဖြစ်ပါသည်။

၉။ ပုစ္ဆာ။ ။ ဟာဒယရူပံ ဒိသွာ ဗုဒ္ဓနကသတ္တော ဘဝေယျ၊ ဟာဒယမံသံ နီဟရိတွာ ဒဿေယျ သမ္မာသမ္ဗုဒ္ဓေါ–ဟူသော အဋ္ဌကထာလာပါဠိကို အဓိပ္ပါယ် မပျက်စေဘဲ ဝတ္တမျိုးဂါထာစီ၍ ၄င်းဂါထာကို အမည်မှည့်ခဲ့ပါ။

၉။ အဖြေ။ ။ ဒိသွာန ဟာဒယရူပံ၊ ဘဝေ ဇာနကပုဂ္ဂလော။
နိန္နေတွာ ဟာဒယမံသံ၊ ဒဿေယျ၀ တထာဂတော။
(သ,ကာရဝိပုလာဂါထာ ဖြစ်ပါသည်။)

၁၀။ ပုစ္ဆာ။ ။ တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေတ္တမပိ ကေနစိ။(၂၅၄)၌

ပူဇယတော–ဝယ် ဓာတ်၏အရကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ–တို့ကို ထုတ်ပြပါ။

၁၀။ အဖြေ။ ။ မြတ်စွာဘုရားကို ပူဇော်သောသူ၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ။ မြတ်စွာဘုရားတို့သည် အာရမဏ ဝိဘာဝ။ မြတ်စွာဘုရားတို့၏ နိဗ္ဗုတ, အကုတောဘယနှင့်တကွ အရဟံစသော

http://www.dhammadownload.com



ဂုဏ်တော်တို့သည် ဥဒ္ဒိဗနုဝိဘာဝ။ (ယောနိသောမနသိကာရ-စသည်ထုတ်လျှင်လည်း သင့်သည်ပင်။) ဘဝသမ္ပတ္တိနှင့်တကွ ပီတိပဿဒ္ဓိအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးများသည် အနုဘာဝဖြစ်ပါသည်။

စစစစစ

အမှတ်-၈၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၉၊ လေ့ကျင့်ခန်း

(က) **မန္တေတိ** မန္တပညော၊ အပညဿေဝေတံ နာမံ။

(ခ) **မောမုဟောတိ** အတိသမ္မူဠှော။

(ဂ) **ဟောတိ တထာဂတောတိ** အာဒိသု သတ္တော "တထာဂတော"တိ အဓိပ္ပေတော။

(ဃ) ဣမေပိ စတ္တာရော ပုဗ္ဗေ ပဝတ္တဓမ္မာနုသာရေနေဝ ဒိဋ္ဌိယာ ဂဟိတတ္တာ ပုဗ္ဗန္တကပ္ပိကေသု ပဝိဋ္ဌာ။

(င) **အသညသတ္တာတိ** ဒေသနာသီသမေတံ၊ အစိတ္တုပ္ပါဒါ ရူပမတ္တကအတ္တဘာဝါတိ အတ္ထော။ (သီဋ္ဌ၊ ၁၀၈)

**ဋီကာ။** ။ (က) မန္တာ အတိက္ခာ ပညာ ယဿာတိ မန္တပညော၊ တေနာဟ "အပညဿေဝေတံ နာမ"န္တိ။ (ခ) "မောဟာမုဟော"တိ ဝတ္တဗ္ဗေ ဟ, ကာရလောပေန "မောမုဟော"တိ ဝုတ္တံ။ တဥ္စ အတိသယတ္ထဒီပကံ ပရိယာယဒွယဿ အတိရေကတ္ထဘာဝတောတိ ယထာ "ပဒဋ္ဌာန"န္တိ ဝုတ္တံ "အတိသမ္မူဠှော"တိ။ သိဒ္ဓေ ဟိ သတိ ပုနာရမ္ဘော နိယမာယ ဝါ ဟောတိ, အတ္ထန္တရဝိညာပနာယ ဝါ။ (ဂ) ယထာ ပုဗ္ဗေ ကမ္မုနာ အာဂတော၊ တထာ ဣဓာပီတိ တထာဂတော၊ သတ္တော။ (င) **အသညသတ္တာတိ** ဧတ္ထ ဧတံ အသညာဝစနံတိ အတ္ထော။ **ဒေသနာသီသံ**တိ ဒေသနာယ ဓေဋ္ဌကံ ပဓာနဘာဝေန ဂဟိတတ္တာ၊ ဧနေ သည် ဝုရံ ကတွာ ဘဂဝတာ အယံ ဒေသနာ ကတာ၊ န ပန တတ္ထ အညေသံ အရူပဓမ္မာနမ္ပိ အတ္ထိတာယာတိ ဒဿေတိ၊ တေနေဝါဟ "အစိတ္တုပ္ပါဒါ"တိ အာဒိ။ (ဋီကာ၊ သစ်၊ ၄၃၃၊ ၄၃၅)

**ဘာသာဋီကာ။** ။ (က) က-၌ မဒိစာတ်၊ အ, ပစ္စည်းဖြင့် မန္ဒော-နုံ့သူ၊ ညံ့ဖျင်းသူ-ဟု ဖြစ်၏။ မဒိစာတ်သည် ထုတိ, မောဒ, မဒ, ဂတိ, ဇွေ, ဒိတ္တိ, သောပ္ပန-အနက်တို့၌ ဖြစ်၏။ ကလေးနှင့် လူဖျင်း, လူညံ့, လူအ, လူနုံ့-ကို "မန္ဒ"ဟု ခေါ်သည်။ မန္ဒတီတိ မန္ဒော-ဟု ကတ္တုသာဓ်ဝစနတ်ပြုလျှင် မန္ဒပည

http://www.dhammadownload.com



ပုဂ္ဂိုလ်ကို ဟောနိုင်၏။ နံ့သောပညာရှိဟူသည် လုံးလုံးပညာမရှိသူပင်တည်း။ ထို့ကြောင့် အပညဿစေတော် နာမံ-ဟု အဘိဓေယျပြုသည်။ (ခ) ခ-၌ မုဟတော် အ,ပစ္စည်း၊ မုဇ၏ ဉကို ဒီဃပြု၊ မုယှတီတိ မူဟော၊ မောဟေန မူဟော မောမူဟော။ မောဟမူဟော-ဟု ဆိုလိုလျှက် ဟ,ကိုချေ။ အနက်တူသဒ္ဒါ ၂-ချက် ဆက်လျှင် အတိသယအနက်ကို ဟော၏။ ထို့ကြောင့် အတိသမ္ဗူဠှော-ဟု ဖွင့်သည်။

(ဂ) ဂ-၌ တထာ အာဂတောတိ တထာဂတော-ပြု။ (င) င-၌ အသညသတ် ဗြဟ္မာတို့၌ နာမ်တရားဖြစ်သော စိတ်စေတသိက်အားလုံး မရှိပါသော်လည်း သညာ စေတသိက်ကို ဒေသနာတော်၏ အကြီးအကဲအဖြစ်ဖြင့် ခေါင်းတတ်၍ အသညသတ္တ=သညာမရှိသော သတ္တဝါ-ဟု ဟောတော်မူခြင်းကို ဒေသနာယ သီသံအရ ဒေသနာသီသ-ဟု ခေါ်သည်။ သီသ-ဟု လာသမျှ၌ ပဓာနနည်းကြံ ကြ၏။ (ဘာဋီ၊ ၃၊ ၁၁၈)

၁။ အတ္ထော၏ သမ္ဗန်ကိုခံ၍ င-ဝါကျကိုသာ အနက်ပေးပြပါ။

၂။ င-ဝါကျ၌ ရူပမတ္တကအတ္တဘာဝါ-သို့ စပ်သင့်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ စိတ္တသဒ္ဒါ ဟောနိုင်သမျှ အနက်တို့ကို ထုတ်ပြပါ။

၂။ ဂ-ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ င-ဝါကျ၌ ဓောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ င-ဝါကျပါ အစိတ္တုပ္ပါဒါကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲပြပါ။

၅။ ဃ-ဝါကျပါ ဂဟိတတ္တာ၏သမ္ဗန်ကို ဖော်ပြ၍၊ အနက်အားလျော်စွာ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆။ က၊ ခ-ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ခ-ဝါကျပါ မောမူဟော-၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုလည်းကောင်း၊ န သမ္မာဝေယျန္တိ န သမ္မာဒေယျံ-၌ သမ္မာဝေယျံ-၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကိုလည်းကောင်း ပြပါ။ (န သမ္မာဝေယျန္တိ ဇတ္တ ဒ, ကာရဿ ယ, ကာရာဒေသတံ၊ ဝေယျသဒ္ဒဿ စ သာမတ္ထိယတ္ထတံ ဒဿေတုံ န သမ္မာဒေယျန္တိ အာဒိ ဝုတ္တံ။ (ဋီကာ)

၈။ အသညသတ်ဗြဟ္မာတို့ ဖြစ်ပုံကို အဋ္ဌကထာလာအတိုင်း ရေးပြပါ။

၉။ ဃ-ဝါကျကို ဂါထာစီကုံး၍ နာမည်လည်း မှည့်ခဲ့ပါ။

၉။ န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။

အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေဟိ သုဂ္ဂတိံ။-ဟူသောဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စိစစ်ဖော်ပြပါ။

၁၀။ ၉-နံပါတ်ပါဂါထာ၌ ဓမ္မော-အရကို ကိုယ်ပြု၍ ဘာဝါလင်္ကာရ ထုတ်ဆောင်ပြပါ။

ဓဓဓဓဓ

အမှတ်-၉၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၁၀၊ လေ့ကျင့်ခန်း

(က) ဖုသ ဖုသ ပဋိသံဝေဒေန္တီတိ ဖုသိတွာ ဖုသိတွာ ပဋိသံဝေဒေန္တိ။

(ခ) တ္တေ စ ကိဥ္စာပိ အာယတနာနံ ဖုသနကိစ္စံ ဝိယ ဝုတ္တံ၊ တထာပိ န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ။

(ဂ) န ဟိ အာယတနာနိ ဖုသန္တိ၊ ဖဿောဝ တံ တံ အာရမ္မဏံ ဖုသတိ။

(ဃ) အာယတနာနိ ပန ဖဿေ ဥပနိက္ခိပိတွာ ဒဿိတာနိ။

(င) တသ္မာ သဗ္ဗေ တေ ဆဖဿာယတနသမ္ဘဝေန ဖဿေန ရူပါဒီနိ အာရမ္မဏာနိ ဖုသိတွာ တံ ဒိဋ္ဌိဝေဒနံ ပဋိသံဝေဒယန္တီတိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ (သီဋ္ဌ၊ ၁၁၅)

**ဋီကာ။** ။(ခ)"ကိဥ္စာပိ"တိ အာဒိနာ သဒ္ဒမတ္တတော စောဒနာလေသံ ဒဿေတွာ "တထာပိ"တိ အာဒိနာ အတ္ထတော တံ ပရိဟရတိ၊ န အာယတနာနိ ဖုသန္တိ ရူပါနမနာရမ္မဏဘာဝတော။ (ဂ)ဖဿော အရူပဓမ္မော ဝိသမာနော ကေဒေသေန အာရမ္မဏံ အနလ္လီယမာနောပိ ဖုသနာကာရေန ပဝတ္တော ဖုသန္တော ဝိယ ဟောတီတိ အာဟ "ဖဿောဝ တံတံ အာရမ္မဏံ ဖုသတီ"တိ။ "ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿာ"တိ အဖုသနကိစ္စာနိပိ နိဿိတဝေါဟာရေန ဖုသနကိစ္စာနိ ကတွာ ဒဿနမေဝ ဖဿေ ဥပနိက္ခိပနံ နာမ ယထာ "မဉ္စာ ဃောသန္တီ"တိ။ (ဃ) ဥပနိက္ခိပိတွာတိ ဟိ ဖုသနကိစ္စာရောပနဝသေန ဖဿသို့ ပဝေသေတွာတိ အတ္ထော။ ဖဿဂတိကာနိ ကတွာ ဖဿုပစာရံ အာရောပေတွာတိ ဝုတ္တံ ဟောတိ။ (င)ဥပစာရော နာမ ဝေါဟာရမတ္တံ၊ န တေန အတ္ထသိဒ္ဓိ အတံသဘာဝတော။ အတ္ထသိဒ္ဓိနကော ပန တံသဘာဝေါယေဝ အတ္ထော ဂဟေတဗ္ဗောတိ ဒဿေတုံ "တသ္မာ"တိ အာဒိမာဟ။ (ဋီကာသစ်၊ ပ၊ ၄၆၃)

**ဘာသာဋီကာ။** ။(က)က-၌ ဖုဿဝယ် ဖုသခတ်၊ တွာပစ္စည်းကို ယ,ပြု၊ သျကို သ,ပြု၊ ဒွေဘော်လာ၍ ဖုဿ ပြီးသည်ဟု ပြလို၍ ဖုသိတွာ-ဟု ဖွင့်သည်။ (ခ)ခ-၌ ပါဠိတော်၌ ဆဟိ ဖဿာယတနေဟိ ဖုဿ-ဟု ဟော သောကြောင့် ဖဿာယတန ၆-ပါးတို့မှာ ထိခြင်းကိစ္စရှိသကဲ့သို့ ဟောရာရောက်၏။ ထို့ကြောင့် ပါဠိတော်၌ စောဒနာဖွယ်ကိုပြလို၍ "ကိဥ္စာပိ ။ ပ ။ ဝုတ္တံ"ဟု ဆိုပြီး လျှင် "တထာပိ ။ ပ ။ ဝေဒိတဗ္ဗာ"ဟု ပြောသည်။ (ဂ) ဂ-၌ ဟိသည် "န,ဟိ တက်ရာ၊ ဟိနက်မှာ၊ ဟိတ်ပါ ဒဠှိစွဲ"နှင့်အညီ ဒဠှိဝါကျလည်း ဖြစ်နိုင် ဟေတု ဝါကျလည်း ဖြစ်နိုင်၏။ ဟေတုဝါကျကြံရာ၌ ကသ္မာထည့်၍ ရှေ့ဝါကျကို

http://www.dhammadownload.com



ပုစ္ဆာထုတ်ပြီးမှ ဟိ–ယသ္မာဟု ပေးရသည်။ ထိုဟေတုဝါကျ၏ ဖလဝါကျကိုလည်း ရှေ့ဝါကျကို ပြန်လှည့်၍ ထည့်ပေးရသည်။ ထို့ကြောင့် "န တေသံ ဖုသနကိစ္စတာ ဝေဒိတဗ္ဗာ"ဟူသော ဝါကျသည် ဖလဝါကျလည်း ဖြစ်ရပြန်သည်။ ထိုဟေတုဝါကျတွင် "န ။ ပ ။ ဖုသန္တိ"သည် ဗျတိရေကဝါကျ၊ "ဖဿောဝ ။ ပ ။ ဖုသတိ" သည် အန္ဝယဝါကျ ဖြစ်သည်။ ထိုဗျတိရေကအန္ဝယဝါကျသည်ပင် အာယတနာနိ ပန–စသော နောက်ဝါကျကိုထောက်၍ အရုစျတ္ထ–ဂရဟာဝါကျလည်း ဖြစ်ပြန်၏။ အာယတနာနိ ။ ပ ။ ဒဿိတာနိ–ကား အနုဂ္ဂဟတ္ထ–သမ္ဘာဝနာဝါကျဖြစ်သည်။ ပါဠိတော်၌ ဟောတော်မူလိုရင်း အဓိပ္ပါယ်ဖြစ်နေသောကြောင့် သမ္ဘာဝနာယူလိုက်ပါသည်။

(င) င–၌ တသ္မာဖြင့် "တသ္မာထို၊ ဟိတ်၏ဖိုလ်၊ စွဲဆို မြဲထုံးစံ"နှင့်အညီ ပြခဲ့သော ဖလဝါကျကို ပြန်၍စွဲရ၏။ တသ္မာ–ထိုသို့ အာယတနတို့၏ ထိခြင်းကိစ္စ ရှိကုန်သည်၏အဖြစ်ကို မသိထိုက်သည်၏အဖြစ်ကြောင့်–ဟု ပေးပါ။ ထိုသို့ ဖလဝါကျ၏ ဖလဖြစ်သောကြောင့် လဒ္ဓဂုဏ်ဝါကျ–ဟု မှတ်ပါ။ ဤလဒ္ဓဂုဏ် ဟူသည်လည်း ဥပဒေသကို ပြရခြင်း၏ အကျိုးတည်း။ "အကျိုးတစ်ပါး၊ ရှိတုံ ငြားက၊ တစ်ပါးအကျိုး၊ ရရိုးသည်ပင်၊ လဒ်ဂုဏ်ပင်ဟု၊ စာနာရှု၊ ကျမ်းပြုဉာဏ် အံ့ဟုတ်"ဟူသော နိယာမ်ကို မှတ်ပါ။ (ဘာဋီ၊ ဒု၊ ၁၆၈)

**အမှာ။** ။(ဂ)ဝါကျကို ဝါကျအပြန်အလှန် အနက်ပေးပုံ၊ ဝါကျယူဆပုံ တို့ကို မှတ်သားပါ။

၁။ သဗ္ဗေ တေ ဆဟိ ဖဿာယတနေဟိ ဖုဿ ဖုဿ ပဋိသံဝေဒေန္တိ–ဟူသော ပါဠိတော်ကို အဖွင့်နှင့်အညီ ဥပစာ, မုချ နည်းနှစ်ဝဖြင့် အနက်ပေးပြပါ။

၂။ ခ–ဝါကျ၌ တွေ–ပုဒ်ကို စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ အာယတနသဒ္ဒါ၏ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသတို့ကို ဖော်ပြပါ။

၃။ ခ၊ ဂ–ဝါကျတို့၌ စတုက္ကထုတ်၍ ကိဋ္ဌာပိထားရကြောင်းကို ရေးပါ။

၃။ ဂ၊ ဃ–ဝါကျတို့၌ စတုက္ကထုတ်၍ ပန–သဒ္ဒါထားရကြောင်းကို ရေးပါ။

၄။ အာယတနာနံ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဆက္ကခွဲပြပါ။

၅။ ခ–ဝါကျ၌ ဖုသနကိစ္စတာ–ဝယ် တာပစ္စည်း၏သမ္ဗန်ကို ခံပြ၍၊ အနက် အားလျော်စွာ စာစပ်ပြီးလျှင်၊ ဘာဝယောဂပုဒ်၏ ဝါစ္စတ္ထကိုလည်း ရေးပြပါ။

၆။ က–ဝါကျ၌ အာဘော်, သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဖုဿသဒ္ဒါ၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောပြသောအခါ အဘာယ်ကို အခြေခံထား၍ ဟောပြောလေ့ရှိသနည်း?၊ ဗြဟ္မဇာလသုတ်၌ အဘာယ်ကို အခြေခံ ထား၍ ဟောသနည်း?။

http://www.dhammadownload.com



၇။ ဂ,ဃဝါကျတို့ကို ဂါထာစိကုံး၍ နာမည်လည်း မှည့်ပြပါ။

၉။ ဗြဟ္မစာလဿ တဿိဝ၊ ဓမ္မံ အတ္တဥ္စ ပဏ္ဍိတာ။

သက္ကစ္စ ဥဂ္ဂဟေတွာန၊ ပဋိပဇ္ဇန္တု သာဓဝေါ။–ဟူသောဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို ဖော်ပြပါ။

၁၀။ ၉–နံပါတ်လာ ဂါထာ၌ ပဋိပဇ္ဇန္တုကို ကိုယ်ပြု၍ ဘာဝါလင်္ကာရထုတ်ပြပါ။

စစစစစ

အမှတ်–၁၀၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၁၊ လေ့ကျင့်ခန်း

(က) **ရာဇဂဟေတိ** ဧဝံနာမကေ နဂရေ။ တဉှိ မန္ဓာတုမဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂဟိတတ္တာ ရာဇဂဟန္တိ ဝုစ္စတိ။

(ခ) **ဝိဟရတီတိ** အဝိသေသေန ဣရိယာပထဒိဗ္ဗဗြဟ္မအရိယဝိဟာရေသု အညတရဝိဟာရသမင်္ဂိပရိဒီပနမေတံ။

(ဂ) ဣဓ ပန ဌာနဂမနနိသဇ္ဇသယနပ္ပဘေဒေသု ဣရိယာပထေသု အညတရဣရိယာပထသမာယောဂပရိဒီပနံ။

(ဃ) တေန ဌိတောပိ ဂစ္ဆန္တောပိ နိသိန္နောပိ သယာနောပိ ဘဂဝါ ဝိဟရတိစ္စေဝ ဝေဒိတဗ္ဗော။

(င) သော ဟိ ဧကံ ဣရိယာပထဗာဓနံ အညေန ဣရိယာပထေန ဝိစ္ဆိန္ဒိတွာ အပရိပတန္တံ အတ္တဘာဝံ ဟရတိ ပဝတ္တေတိ၊ တသ္မာ ဝိဟရတီတိ ဝုစ္စတိ။ (သီဋ္ဌ၊ ၁၂၂)

**ဋီကာ**။ ။(က) ဒုဂ္ဂဇနုပဒ္ဒဝနဝိသေသသမ္ဗန္ဓဒီပနယောဂတော ပဓာန–ဘာဝေန ရာဇူဟိ ဂဟိတဌေန ဧဝံနာမကံ၊ န ပန နာမမတ္တေနာတိ အာဟ "တဉှိ"တိအာဒိ။ ပရိဂ္ဂဟိတတ္တာတိ ရာဇဓာနိဘာဝေန ပရိဂ္ဂဟိတတ္တာ။ ဂယှတီတိ ဟိ ဂဟံ၊ ရာဇူနံ, ရာဇူဟိ ဝါ ဂဟံတိ ရာဇဂဟံ။ နဂရသဒ္ဒါပေက္ခာယ နပုံသက နိဒ္ဒေသော။

(ခ) **အဝိသေသေနာတိ** ဝိဟာရဘာဝသာမညေန။ သတိပိ စ အညတရဝိဟာရသမင်္ဂိပရိဒီပနေ ဣဓ ဣရိယာပထသင်္ခါတဝိသေသဝိဟာရသမင်္ဂိပရိဒီပနမေဝ သမ္ဘဝတိ ဝိသေသဝိဟာရသမင်္ဂိပရိဒီပနဿ သဒ္ဒန္တရသင်္ခါတဝိသေသဝစနဿ အဘာဝတောတိ ဒဿေတိ "ဣဓ ပနာ"တိအာဒိနာ။

http://www.dhammadownload.com



ဣရိယနံ ပဝတ္တနံ **ဣရိယာ**၊ ကာယိကကိရိယာ၊ တဿာ ပဝတ္တနုပါယ ဘာဝတော ပထောတိ **ဣရိယာပထော**။ ဝိဟရတိ ပဝတ္တတိ ဧတေန, ဝိရဟာဏာ မတ္တံ ဝါ တန္တိ **ဝိဟာရော**၊ သော ဧဝ ဝိဟာရော တထာ၊ အတ္ထတော ပနေသ ဌာနနိသဇ္ဇာဒိအာကာရပဝတ္တော စတုသန္တတိရူပပ္ပဗန္ဓော။

ဒိဝိ ဘဝေါ **ဒိဗ္ဗော**၊ သော ဧဝ ဝိဟာရော **ဒိဗ္ဗဝိဟာရော**၊ မဟဂ္ဂတဈာနာနိ။ ဗြဟ္မာနံ, ဗြဟ္မဘူတာ ဝါ ဟိတူပသံဟာရာဒိဝသေန ပဝတ္တိယာ သေဋ္ဌဘူတာ ဝိဟာရာတိ **ဗြဟ္မဝိဟာရာ**၊ မေတ္တာဈာနာဒိဝသေန ပဝတ္တာ စတဿော အပ္ပမညာယော။ အရိယာ ဥတ္တမာ, အနညသာဓာရဏတ္တာ ဝါ အရိယာနံ ဝိဟာရာတိ **အရိယဝိဟာရာ**၊ စတဿောပိ ဖလသမာပတ္တိယော။ ဣဓ ပန ရူပါဝစရစတုတ္ထဈာနံ, တဗ္ဗသေန ပဝတ္တာ အပ္ပမညာယော, စတုတ္ထဈာနိကအဂ္ဂဖလသမာပတ္တိ စ ဘဂဝတော ဒိဗ္ဗဗြဟ္မအရိယဝိဟာရာ။

**အညတရဝိဟာရသမင်္ဂီပရိဒီပနန္တိ** တာသမေကတော အပ္ပဝတ္တတ္တာ ဧကေန ဝါ ဒွိဟိ ဝါ သမင်္ဂီဘာဝပရိဒီပနံ၊ ဘာဝလောပေနာယံ, ဘာဝပ္ပဓာနေန ဝါ နိဒ္ဒေသော။ "တေနာ"တိ အာဒိ ယထာဝုတ္တသံဝဏ္ဏနာယ ဂုဏဒဿနံ၊ တသ္မာတိ အတ္ထော၊ ယထာဝုတ္တတ္ထသမတ္ထနံ ဝါ။ တေန ဣရိယာပထဝိဟာရေန ဝိဟရတီတိ သမ္ဗန္ဓော။ တထာ ဝဒမာနော ပန **ဝိဟရတီတိ** ဧတ္ထ ဝိ-သဒ္ဒေါ ဝိစ္ဆေဒနတ္ထဇောတကော၊ "ဟရတီ"တိ ဧတဿ စ နေတိ ပဝတ္တေတီတိ အတ္ထောတိ ဉာပေတိ "ဋ္ဌိတောပိ"တိ အာဒိနာ ဝိစ္ဆေဒနယနာကာရေန ဝုတ္တတ္တာ။ ဧဝဉ္စ သတိ တတ္ထ ကဿ ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ကဿ နယနန္တိ အန္တောလီနစောဒနံ သန္ဓာယာဟ "သော ဟိ"တိ အာဒိတိ အယမ္ပိ သမ္ဗန္ဓော ဥပပန္နော ဟောတိ။ (ဋီကာ၊ ၃၊ ၁)

**ဘာသာဋီကာ**။ ။(က)က-၌ ဧဝံ နာမ ယဿာတိ ဧဝံနာမကံ-ပြု၊ သမာသန္တ က,ပစ္စည်း၊ ထိုစကားကို ခိုင်မြဲစေလို၍ တစ်နည်း-ရာဇဂဟာအမည်ရခြင်း၏ အကြောင်းကို ပြလို၍ "တံ ဟိ ။ ပ ။ ဝုစ္စတိ"မိန့်။ ဤဝါကျမျိုးသည် သဒ္ဒပဝတ္တိနိမိတ် ရာဇဂဟာသဒ္ဒါ ဖြစ်ပေါ်လာခြင်း၏ အကြောင်းကိုပြသော ဝါကျတည်း။ 'နာမလာဘဟိတ်=နာမည်ရခြင်း၏ အကြောင်းပြဟိတ်'ဟုလည်း ခေါ်ကြ၏။ အဋ္ဌကထာ၌ သိမ်းပိုက်အပ်-တွင် စပ်လို၍ ရာဇူဟိ-ဟု ကတ္တုရုပ်ထားသော်လည်း ဂဟံ-ဟု ပြီးသောအခါ မြို့ကို အရကောက်ရသောကြောင့် ဋီကာတို့၌ ရာဇူနံ-ဟု သာမိသမ္ဗန်ထားသည်။ မင်းတို့၏ မြို့၊ ဝါ-နေပြည်တော် ဟူလို။ ဂဟဓာတ် အ,ပစ္စည်း၏ မူလလိင်မှာ ပုံလိင်တည်း။ သို့သော် နဂရံ-ဟူသော အဘိဓေယျပုဒ်၏ လိင်သို့လိုက်၍ ရာဇဂဟံ-ဟု နပုံလိင်ထားရသည်။

http://www.dhammadownload.com



ဝိဟရတိ–ဟု သာမညအားဖြင့် ဆိုထားသောကြောင့် ဝိဟာရလေးပါးတို့တွင် တစ်ပါးပါးသော ဝိဟာရကိုပြသော သဒ္ဒါဖြစ်နေလျှင် ဤနေရာ၌ အဘယ်ဝိဟာရကို ပြသောသဒ္ဒါ ဖြစ်ပါသနည်း?–ဟု မေးဖွယ်ရှိသောကြောင့် ဣဓ ပန–စသည်မိန့်။ ကြွ ရပ် ထိုင်လျောင်းတော်မူသော ဘုရားရှင်ကို 'ဂစ္ဆတိပိ တိဋ္ဌတိပိ နိသီဒတိပိ သယတိပိ'ဟု ကြိယာအသီးသီးဖြင့် မဆိုဘဲ အဘယ်ကို၊ အဘယ်ဖြင့် ဖြတ်တောက်၍ အဘယ်ကို၊ အဘယ်သို့ဆောင်သောကြောင့် 'ဝိဟရတိ'ဟု ဆိုအပ်ပါသနည်း?–ဟု မေးဖွယ်ရှိရကား သောတိ–စသည်ကိုမိန့်။ ဤဝါကျသည် ရှေ့ဝါကျ၌ စောဒနာဖွယ်ရှိ၍ တက်လာသော ဝါကျာရမ္ဘဝါကျလည်း ဟုတ်၏။ နောက် တသ္မာ–ကို ထောက်၍ ဟေတုဝါကျလည်း ဟုတ်၏။

ဝိဟရတိ၌ ဝိ–ဥပသာရသည် ဝိစ္ဆေဒနအနက်ဟော၊ ဟရဓာတ်ကား ဆောင်ခြင်းအနက်ဟော၊ ဝိဟရတိ–ဣရိယာတစ်ပါး ညောင်းညာများကို တစ်ပါးဖြင့် ဖြတ် မကျလတ်အောင် အတ္တဘောကို ဆောင်တော်မူ၏၊ သဒ္ဒတ္ထ။ အတ္တဘောကို တာရှည်စွာ ဖြစ်စေတော်မူ၏၊ အဓိပ္ပါယတ္ထ။ နေတော်မူ၏၊ သင်္ကေတတ္ထ၊ ဝေါဟာရတ္ထ ပေးပါ။

၁။ ဝိဟရတိ–ပုဒ်ကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ, ဝေါဟာရတ္ထ ပေးပြပါ။

၂။ ဂ–ဝါကျ၌ ဣရိယာပထေသု–ပုဒ်သို့ စပ်ရာမှ သဒ္ဒါနည်း အနုသန္ဓေ ထွက်ပြ၍၊ ရာဇသဒ္ဒါ၏ အနက်များကိုလည်း ထုတ်ပြပါ။

၂။ က–မှတ်ပြ ဒုတိယဝါကျသို့ သာသောဂပုစ္ဆာ တက်ပြပါ။

၂။ င–မှတ်ပြ ဝါကျသို့ လီနတ္ထ ရစောဒနာ တက်ပြပါ။

၃။ ခ, ဂ–ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြ၍၊ ပန–သဒ္ဒါ ထားရခြင်း၏ အကြောင်းကိုလည်း ရှင်းပြပါ။

၄။ ရာဇဂဟံ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဆက္ကခွဲပြပါ။

၅။ င–ဝါကျ်ပါ တသ္မာနောင် ဖြစ်သင့်သော ဟိတ်ကိုဆောင်၍၊ ထိုဟိတ်၏ သမ္ဗန္ဓကိုခံပြီးလျှင်၊ အနက်ပေးအားလျော်စွာ စာစပ်၍ဘာဝယောဂပုဒ်၏ ပစ္စယတ္ထ ကိုလည်း ပြပါ။ (တဿ ဘဂဝတော ဟရဏတ္တာ–ဟုခံ။)

၆။ က–ဝါကျ၌ အာဘော်, သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဣရိယာပထော–၌ ဣရိယာ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ပြပါ။

၈။ ဓိဝက၏ 'ဓိဝက–ဟူ၍လည်းကောင်း၊ ကောမာရဘစ္စ–ဟူ၍လည်းကောင်း' အမည်ရပုံကို ပြပါ။

၉။ ဃ–ဝါကျကို ဂါထာစီကုံး၍ ဂါထာအမည်လည်း မှည့်ပြပါ။

http://www.dhammadownload.com



၉။ အာဒိမှိ သီလံ ဒဿေယျ၊ မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ။

ပရိယောသာနေ စ နိဗ္ဗာနံ၊ သော ကထိကသဏ္ဌိတိ။–ဟူသောဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စိစစ်ဖော်ပြပါ။

၁၀။ ၉–နံပါတ်ပါ ဂါထာ၌ ဒဿေယျ–ဝယ် အန္တတ္ထကို ကိုယ်ပြု၍ ဘာဝ လက္ခဏ ထုတ်ပြပါ။

ဓဓဓဓဓ

အမှတ်–၁၁၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၂၊ လေ့ကျင့်ခန်း

(က) **သဏ္ဌာ ပန ဘန္တေ အညမ္ပိ ဒိဋ္ဌေဝ ဓမ္မေတိ ဣဓ "ဝေမေဝါ"တိ န ဝုတ္တံ။**

တံ ကသ္မာတိ စေ? "ဝေမေဝါ"တိ ဟိ ဝုစ္စမာနေ ပဟောတိ ဘဂဝါ သကလမ္ပိ ရတ္တိန္ဒိဝံ တတော ဝါ ဘိယျောပိ ဝေဠုပါဟိ ဥပမာဟိ သာမညဖလံ ဒီပေတုံ။

(ခ) တတ္ထ ကိဋ္ဌာပိ တေသဉ် ဘဂဝတော ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ၊ တထာပိ အတ္တနော တာဒိသောယေဝ ဘဝိဿတီတိ စိန္တေတွာ ဥပရိ ဝိသေသံ ပုစ္ဆန္တော "ဝေမေဝါ"တိ အဝတွာ "အဘိက္ကန္တ တရဉ္စ ပဏီတတရဉ္စာ"တိ အာဟ။

(ဂ) တတ္ထ **အဘိက္ကန္တတရန္တိ** အဘိမနာပတရံ၊ အတိသေဋ္ဌတရန္တိ အတ္ထော။ **ပဏီတတရန္တိ** ဥတ္တမတရံ။

(ဃ) တေနဟီတိ ဥယျောဇနတ္ထေ နိပါတော။ (သီဋ္ဌ၊ ၁၅၄)

**ဋီကာ။** ။(က)တန္တိ ယထာ ဒါသဝါရေ "ဝေမေဝါ"တိ ဝုတ္တံ၊ န တထာ ဣဓ ကဿကဝါရေ၊ တဒဝစနံ ကသ္မာတိ အနုယုဉ္ဇေယျ စေတိ အတ္ထော (ဋီကာ၊ ၃၊ ၅၇)

**ဘာသာဋီကာ။** ။ (က)က–၌ ဒုတိယသာမညဖလကို မေးရာ၌ အညမ္ပိ ဝေမေဝ’ဟု ဝေမေဝသဒ္ဒါကို ထည့်၍လျှောက်သကဲ့သို့ ဤတတိယသာမည ဖလကို မေးရာ၌ အဘယ့်ကြောင့် ဝေမေဝ–သဒ္ဒါကို ထည့်၍မလျှောက်ပါသနည်း:– ဟူသော အဓိပ္ပါယ်ကို တံ ကသ္မာ–ဖြင့် မေး၏။ ဋီကာသစ်၌ကား ဣဓကို ကဿက ဝါရ–ဟု စွဲထား၏။ (ခ) ခ–၌ ကိဋ္ဌာပိရှေ့ကနေသော ပုဒ်သည် ကိဋ္ဌာပိစပ်ရာ ကြိယာ၏နောက်၌သာ ရှိရိုးတည်း။ ထို့ကြောင့် တတ္ထကို ကိဋ္ဌာပိနှင့် တထာပိတို့၏

http://www.dhammadownload.com



နောက်၌ရှိသော အတ္တော တာဒိသော ယေဝ ဘဝိဿတိ၌စပ်ပါ။ ဋီကာသစ်ကား တတ္ထာတိ ဧဝံ ဒီပနေ ပရိယန္တံ နာမ နတ္ထိ အနန္တနယဒေသနဘာဝတော–ဟု ဟိတ်ပိုထည့်၍ ပရိယန္တံနာမ နတ္ထိ၌ ပြ၏။

တေနဟိကို 'တေနဟိ–ထိုသို့ဖြစ်လျှင်၊ ဝါ–ထိုသို့ အဘိက္ကန္တတရ ပဏီတတရ သာမညဖလကို ကြားနာလိုလျှင်၊ သုဏောဟိ–နာလော့'ဟုလည်းကောင်း၊ 'တေနဟိ– တိုက်တွန်းပါ၏'ဟုလည်းကောင်း၊ 'တေနဟိ–ထိုသို့တပြီးကား' ဟုလည်းကောင်း၊ 'ယေန ကာရဏေန–ကြောင့်၊ အဘိက္ကန္တတရဥ္စ၊ ပဏီတတရဥ္စ၊ အညမ္ပိ သာမညဖလံ၊ သောတုံ၊ ဣစ္ဆသိ၊ တေနဟိ–ထိုသို့ အဘိက္ကန္တတရ ပဏီတ တရဖြစ်သော အခြားသာမညဖလကို ကြားနာလိုသောကြောင့်ပင်၊ သုဏောဟိ'ဟု အနိယမထည့်၍လည်းကောင်း အမျိုးမျိုး အနက်ပေးကြသည်။ (ဘာ–ဋီ၊ ဒု၊ ၃၈၅)

၁။ က–ဝါကျကိုသာ အနက်ယောဇနာပါ။

၂။ က–ဝါကျ၌ ရတ္တိန္ဒိဝံ–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ သကလသဒ္ဒါ၏ အတ္တုဒ္ဓါရကို ထုတ်ပြပါ။

၂။ က–ဝါကျ၌ အဒေါသာရောပနစောဒနာ ထုတ်ပြပါ။

၂။ ခ–ဝါကျ၌ အဒေါသာရောပနစောဒနာ ထုတ်ပြပါ။

၂။ ဃ–ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ က–ဝါကျ၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၃။ ခ–ဝါကျ၌ စောဒကာဘောဂါဒိစတုက္ကထုတ်ပြ၍၊ ကိဋ္ဌာပိ–ထားရခြင်း၏ အကြောင်းကိုလည်း ရေးပါ။

၄။ က–ဝါကျပါ ဥပမာဟိပုဒ်ကို ဝိဂ္ဂဟပြု၍ ဆက္ကခွဲပြပါ။

(ဥပမီယတိ ဧတာယာတိ ဥပမာယော–ပြု။)

၅။ ခ–ဝါကျပါ ပုစ္ဆန္တော–ကို ပုစ္ဆိတုကာမတာ–ဟု ဟိတ်ပြင်ပါက ထိုဟိတ်၏ ဖြစ်သင့်သည့် သမ္ဗန်ကိုခံ၍ အနက်အားလျော်စွာ စာစပ်ကာ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆။ ဂ–ဝါကျ၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ က–ဝါကျပါ 'သာမည'၊ ခ–ဝါကျပါ 'တာဒိသော'ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ သာမညဖလကို ပြရာဝယ် ကဿကဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါကို ပြသကဲ့သို့ ဒါသဝါရ၌ ဘောဂက္ခန္ဓသဒ္ဒါ မပြရခြင်းအကြောင်းကို ဖော်ပြပါ။

၉။ က–ဝါကျပါ 'ပဟောတိ ဟိ ဘဂဝါ'စသော စကားရပ်တို့ကိုသာ ဂါထာ စီကုံး၍ ဂါထာအမည်, ဆန်းအမည်ပေးပြပါ။

http://www.dhammadownload.com



၉။ တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မဓုဿဝေါ။

တေန မေ ဗြဟ္မစရိယေနပုည် ပါဏိမှိ ဣဇ္ဈတိ။-ဟူသော ဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စိစစ် ဖော်ပြပါ။

၁၀။ သာဓု ဓမ္မရုစိ ရာဇာ၊ သာဓု ပညာဏဝါ နရော။

သာဓု မိတ္တာနမဒ္ဒုဗ္ဘော၊ ပါပဿာကရဏံ သုခံ။-၌ ဓမ္မရုစိကိုရှု၍ ဘာဝလက္ခဏာရနယ ထုတ်ပြပါ။

ဓဓဓဓဓ

အမှတ်-၁၂၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၁၃၊ လေ့ကျင့်ခန်း

(က) အာလောကိတဝိလောကိတေတိ ဧတ္ထ ပန အာလောကိတံ နာမ ပုရတော ပေက္ခဏံ၊ ဝိလောကိတံ နာမ အနုဒိသာပေက္ခဏံ။

(ခ) အညာနိပိ ဟေဋ္ဌာ ဥပရိ ပစ္ဆတော ပေက္ခဏဝသေန ဩလောကိတ ဥလ္လောကိတာပလောကိတာနိ နာမ ဟောန္တိ။

(ဂ) တာနိ ဣဓ န ဂဟိတာနိ။

(ဃ) သာရုပ္ပဝသေန ပန ဣမာနေဝ ဒွေ ဂဟိတာနိ။

(င) ဣမိနာ ဝါ မုခေန သဗ္ဗာနိပိ တာနိ ဂဟိတာနိ။ (သီ၊ ၁၇၃)

ဋီကာ။ ။(က) အဘိမုခံ လောကိတံ အာလောကိတန္တိ အာဟ "ပုရတော ပေက္ခန"န္တိ။ ယံ ဒိသာဘိမုခေါ ဂစ္ဆတိ, တိဋ္ဌတိ, နိသီဒတိ, သယတိ ဝါ၊ တဒဘိမုခံ ပေက္ခနန္တိ ဝုတ္တံ ဟောတိ။ ယသ္မာ စ တာဒိသမာလောကိတံ နာမ ဟောတိ၊ တသ္မာ တဒနုဂတဒိသာလောကနံ ဝိလောကိတန္တိ အာဟ "အနုဒိသာ ပေက္ခန"န္တိ၊ အဘိမုခဒိသာနုရူပဂတေသု ဝါမဒက္ခိဏပဿေသု ဝိဝိဓာ ပေက္ခနန္တိ ဝုတ္တံ ဟောတိ။ (ဋီကာ၊ ၃၊ ၉၃)

(ခ) ဟေဋ္ဌာ ဥပရိ ပစ္ဆာ ပေက္ခနာဒိ "ဩလောကိတဥလ္လောကိတာပလောကိတာနိ"တိ ဂဟိတာနိ။ (ဃ) သာရုပ္ပဝသေနာတိ သမဏပတိရူပဝသေန၊ ဣမိနာဝ အသာရုပ္ပဝသေန ဣတရေသမဂ္ဂဟဏန္တိ သိဒ္ဓတိ။ (င) သမ္မဇ္ဇနပရိဘဏ္ဍာဒိ ကရဏေ ဩလောကိတဿ, ဥလ္လောကဟရဏာဒီသု ဥလ္လောကိတဿ, ပစ္ဆတော အာဂစ္ဆန္တပရိဿယပရိဝဇ္ဇနာဒီသု အပလောကိတဿ စ သိယာ သမ္ဘဝေါတိ အာဟ "ဣမိနာဝါ"တိအာဒိ၊ ဧတေန ဥပလက္ခဏမတ္တမေဝေတံတိ ဒဿေတိ။

http://www.dhammadownload.com



ဘာ–ဋီ။ ။(က) က–၌ ဘူ+စုလောကဓာတ်သည် ဒဿနအနက်ကို ဟော၏၊ အာ–ဥပသာရသည် အဘိမုခအနက်ကို ဟော၏။ ထို့ကြောင့် "ပုရတော ပေက္ခဏံ" ဟုဖွင့်သည်။ ပေက္ခဏံ–၌ ပ,ပုဗ္ဗက္ခဓာတ်၊ ယုကို အန, န ကို ဏ,ပြု။ ဝိ–သည် အနဘိမုခအနက်ဟောတည်း။ အကြင်အရပ်သို့ ရှေးရှု၍ သွားရပ်ထိုင်နေ၏။ ထို ရှေ့တည့်တည့်အရပ်ကို ကြည့်ခြင်းသည် အာလောကိတမည်၏။ ထိုရှေးရှုနေသော အရပ်အားလျော်သော ဘေးတစ်ဖက်အရပ်ကို ကြည့်ခြင်းသည် ဝိလောကိတမည်၏။ (ဘာဋီ၊ တ၊ ၄၅)

၁။ ဒွေ–၏သရုပ်ကို ပေါ်စေ၍လည်းကောင်း၊ ဂဟိတပုဒ်၏ ကတ္တားထည့်၍လည်းကောင်း ဃ–ဝါကျကို အနက်ပေးပါ။

၂။ ခ–ဝါကျပါ အညာနိ–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်းအနုသန္ဓေ ထွက်ပြ၍၊ မုခသဒ္ဒါ၏ အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသတို့ကို ဖော်ပြပါ။

၂။ ခ, ဂ, ဃ–ဝါကျတို့၌ အဒေါသာရောပနစောဒနာ ထုတ်ပြပါ။

၂။ င–ဝါကျသို့ သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ ခ, ဂ, ဃ–ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြ၍၊ ပန–သဒ္ဒါထားရခြင်း၏ အကြောင်းကိုလည်း ဖော်ပြပါ။

၃။ ခ, ဂ, င–ဝါကျတို့၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ခ–ဝါကျပါ ဩလောကိတပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ဆက္ကခွဲပြပါ။

၅။ ဃ–ဝါကျ၌ သာရုပ္ပဝသေန–ကို သာရုပ္ပတာယ–ဟု ဟိတ်ပြင်လိုက်လျှင် ဖြစ်သင့်သောသမ္ဗန်ကို ခံပြ၍၊ အနက်အားလျော်စွာ စာစပ်ကာ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆။ က–ဝါကျ၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ခ–ဝါကျပါ ပေက္ခဏ, ဩလောကိတ–တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ဩလောကိတ, ဥလ္လောကိတ, အပလောကိတ–တို့ကို မယူရခြင်း အကြောင်းကို ပြပါ။

(ဋီကာကိုရှု၊ ဗျတိရေကနည်းအားဖြင့် ဖြေလိုက်ရုံသာ၊ အဆန်းမဟုတ်။)

၉။ ဃ, င, ဝါကျတို့ကို ဂါထာစီ၍ ဂါထာအမည်ပေးပြပါ။

၉။ တသ္မာ အကလျာဏဇနံ၊ အာသီဝိသမိဝေါရဂံ။

အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။–ဟူသောဂါထာ၏ ဂါထာအမည်၊ ဆန်းအမည်တို့ကို စိစစ်ဖော်ပြပါ။

၁၀။ ၉–နံပါတ်ဂါထာ၌ ပရိဝဇ္ဇေယျ–ကိုရှု၍ ဘာဝါလက်ာရနယ ထုတ်ပြပါ။

ဓဓဓဓဓ

အမှတ်–၁၃၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၄၊ လေ့ကျင့်ခန်း

(က) ဗျာပဇ္ဇတိ ဣမိနာ စိတ္တံ ပူတိကုမ္မာသာဒယော ဝိယ ပုရိမပကတိံ ဝိဇဟတီတိ ဗျာပါဒေါ။

(ခ) ဝိကာရာပတ္တိယာ ပဒုဿတိ, ပရံ ဝါ ပဒူသေတိ ဝိနာသေတီတိ ပဒေါသော။

(ဂ) ဥဘာယမေတံ ကောဓဿေဝါဓိဝစနံ။

(ဃ) သတော သမ္ပဇာနောတိ သတိယာ စ ဉာဏေန စ သမန္နာဂတော။

(င) ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရတ္တာ ဝုတ္တံ။ (သီဋ္ဌ၊ ၁၈၉)

**ဋီကာ**။ ။ (ဂ) "ဥဘယ"န္တိ ဣမိနာ တုလျတ္ထသမာသဘာဝမာဟ။ (ဃ) သရတီတိ **သတော**၊ သမ္ပဇာနာတီတိ **သမ္ပဇာနော**တိ ဧဝံ ပုဂ္ဂလနိဒ္ဒေသောတိ ဒဿေတိ "သတိယာ စ ဉာဏေန စ သမန္နာဂတော"တိ ဣမိနာ။ (င) သန္တေသုပိ အညေသု ဝီရိယသမာဓိအာဒီသု ကသ္မာ ဣဒမေဝ ဥဘယံ ဝုတ္တံ၊ ဝိဂတာဘိဇ္ဈာဒီသု ဝါ ဣဒံ ဥဘယံ အဝတွာ ကသ္မာ ဣဓေဝ ဝုတ္တန္တိ အနုယောဂ မပနေတုံ "ဣဒံ ဥဘယ"န္တိ အာဒိ ဝုတ္တံ။ (ဋီကာ၊ ၃၊ ၁၂၆)

**ဘာ–ဋီ**။ ။ (က)က–၌ ဗျာပဇ္ဇတိကို "ဝိ+အာပဇ္ဇတိ"ဟု ပုဒ်ဖြတ်ပြီးလျှင် ဝိ–ကို ဝိကာရအနက်ဟော–ဟု မှတ်ပါ၊ ထိုဝိကာရသို့ ရောက်ခြင်းကိုပင် "ပုရိမ ပကတိံ ဝိဇဟတိ"ဟု အဓိပ္ပါယ်ဖွင့်သည်။ ရှေ့သဘောစွန့်ပုံကို ထင်ရှားစေလို၍ "ပူတိကုမ္မာသာဒယော ဝိယ"ဟု ဥပမာပြသည်။ (ဂ) ဂ–ဖြင့် ဗျာပါဒနှင့် ပဒေါသ သည် အနက်တူသောကြောင့် "ဗျာပါဒေါ စ သော ပဒေါသော စာတိ ဗျာပါဒ ပဒေါသော"ဟု ကမ္မဓာရယ်တွဲပါ–ဟု ပြသည်။ (ဃ)ဃ–၌ သမန္နာဂတော–ဟု ဖွင့်သော်လည်း အသံတ္ထိမပြုရ၊ ကတ္တုသာဓ်ပြု၍ ပုဂ္ဂိုလ်ကို အရကောက်ပါ–ဟု ဋီကာသစ်မိန့်သည်။

(င) င–၌ ဝိဂတာဘိဇ္ဈေန–စသောရှေ့တရားတို့၌ ဤသတိသမ္ပဇဉ်ကို မဟောဘဲ အဘယ့်ကြောင့် ဤထိနမိဒ္ဓပဟာနအခန်းကျမှ ဟောရသနည်း–ဟု မေးဖွယ်ရှိ၍ "အာလောကသညာယ ဥပကာရတ္တာ"ဟု မိန့်သည်။ ဤသတိသမ္ပဇဉ် နှစ်ပါးက အာလောကသညာအား ကျေးဇူးများသောကြောင့် ဤ၌သာဟောရသည်။ ကျေးဇူး များ–ဟူရာ၌ သညာချည်းမပြီး၊ သတိသမ္ပဇဉ်လည်းပါဥုံးမှ အာလောက သညာ ဖြစ်နိုင်သည်–ဟူလို။ (ဘာဋီ၊ တ၊ ၁၃၂)

http://www.dhammadownload.com



၁။ က–ဝါကျကိုသာ ဥပမာအပြင်ထုတ်၍ အနက်ယောဇနာပြပါ။

၂။ င–ဝါကျ၌ အာလောကသညာယ–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ သညာသဒ္ဒါ ဟောနိုင်သည့် အနက်များကို ထုတ်ပြပါ။

၂။ ဂ–ဝါကျသို့ လျှဉ်းပါးသာဘောဂပုစ္ဆာ တက်ပြပါ။

၃။ င–ဝါကျ၌ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

၄။ ဃ–ဝါကျပါ သတိယာ–ပုဒ်ကိုသာ ဝိဂ္ဂဟပြု၍ ဆက္ကခွဲပြပါ။

၅။ င–ဝါကျပါ ဥပကာရတ္တာ–၏ သမ္ဗန်ကိုလည်းကောင်း၊ အနက်အားလျော်စွာ စာစပ်ပုံကိုလည်းကောင်း၊ ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်းကောင်း ဖော်ပြပါ။

၆။ (က၊ ခ၊ ဂ၊ ဃ)ဝါကျတို့၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဗျာပါဒေါ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ ထိန မိဒ္ဓ–တို့၏ အထူးကို ဖော်ပြပါ။

၉။ ခ–မှတ်ပြဝါကျကို ဂါထာစီကုံး၍ အမည်လည်းပေးပါ။

၉၊ ယော စ ဗုဒ္ဓံ ဓမ္မဉ္စ၊ သဃဥ္စ သရဏံ ဂတော။

စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။–ဟူသော ဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို ဖော်ပြပါ။

၁၀။ ၉–နံပါတ်ဂါထာ၌ ပဿတိ–ကို ကိုယ်စားပြု၍ ဘာဝါလက္ခာရထုတ်ပြပါ။

၁၀၀၀၀

အမှတ်–၁၄၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၁၅၊ လေ့ကျင့်ခန်း

(က) **ခတာယံ ဘိက္ခဝေ ရာဇာတိ ခတော အယံ ဘိက္ခဝေ ရာဇာ။ ဥပဟတာယံတိ ဥပဟတော အယံ။**

(ခ) **ဝိရဇ္ဇန္တီ** ရာဂရဇာဒိဝိရဟိတံ။ ရာဂမလာဒီနံယေဝ ဝိဂတတ္တာ **ဝီတမလံ။**

(ဂ) **ဓမ္မစက္ခုန္တိ** ဓမ္မေသု ဝါ စက္ခုံ၊ ဓမ္မမယံ ဝါ စက္ခုံ။

(ဃ) အညေသု ဉာနေသု တိက္ခန္တနံ့ မဂ္ဂါနမေတံ အဓိဝစနံ။ ဣဓ ပန သောတာပတ္တိမဂ္ဂဿေဝ။ (သီဋ္ဌ၊ ၂၁၂)

**ဋီကာ။** ။(ခ) "ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတီ"တိ အာဒိ ဝစနတော ရာဂဒေါသမောဟာဝ ဣဓ ရဇော နာမာတိ ဝုတ္တံ "ရာဂရဇာဒိ ဝိရဟိတ"န္တိ။ ဝိတသဒ္ဒဿ ဝိဂတပရိယာယတံ ဒဿေတိ "ဝိဂတတ္တာ"တိ ဣမိနာ။

(ဂ) **ဓမ္မေသု စက္ခုန္တိ** စတုသစ္စဓမ္မေသု ပဝတ္တံ တေသံ ဒဿနဋ္ဌေန စက္ခုံ။ ဓမ္မေသူတိ ဝါ ဟေဋ္ဌိမေသု တီသု မဂ္ဂေသု။ **စက္ခုန္တိ** သောတပတ္တိမဂ္ဂသင်္ခါတံ ဓကံ စက္ခုံ၊ သမုဒါယေကဒေသဝသေန အာဓာရတ္တသမာသောယံ၊ န တု နိဒ္ဓါရဏတ္တ သမာသော။ သော ဟိ သဘာဂဏ္ဍေသု, သဂ္ဂတဂဏ္ဍေသု စ သဗ္ဗတ္ထ ပဋိသိဒ္ဓေါတိ။ **ဓမ္မမယန္တိ** သမထဝိပဿနာဓမ္မေန နိဗ္ဗတ္တံ၊ ဣမိနာ ဓမ္မေန နိဗ္ဗတ္တံ စက္ခု ဓမ္မ စက္ခုတိ အတ္ထမာဟ။ အပိစ **ဓမ္မမယန္တိ** သီလာဒိတိဝိဓမ္မက္ခန္ဓောယေဝ မယသဒ္ဒဿ သကတ္ထေ ပဝတ္တနတော၊ အနေန ဓမ္မောယေဝ စက္ခု **ဓမ္မစက္ခု**တိ အတ္ထမာဟ။

(ဃ) **အညေသု ဉာနေသူ**တိ အညေသု သုတ္တပဒေသေသု၊ တေနေ ယထာပါဠိံ တိဝိဓတ္တေတံ ဒဿေတိ။ ဣဓ ပန သောတာပတ္တိမဂ္ဂဿေဝေတံ အဓိဝစနံ၊ တဿ္မိံ့ အနုမိဂတေ အညေသံ ဝတ္တဗ္ဗတာယေဝ အဘာဝတောတိ အဓိပ္ပါယော။ (ဋီကာ၊ ၃၊ ၁၉၅)

**ဘာဋီ။** ။(က)က-၌ "အယံ ရာဇာ"ဟူသော ဝုတ္တကတ္တားပုဒ်ကြောင့် "ခတော ဥပဟတော"တို့၌ တ,ပစ္စည်းကို ကတ္တားဟော-ဟု ယူပါ။ အခနီတိ ခတော၊ ဥပဟညီတိ ဥပဟတော။ (ခ) ခ-၌ "ဝိဂတံ ရဇော ယဿာတိ ဝိရဇံ၊ ဝီတံ မလံ ယဿာတိ ဝီတမလံ"ပြု။ ဝီတံ-ကိုလည်း "ဝိ+အယတီတိ ဝီတံ"ပြု၊ ဝိ+ဣဓာတ်၊ တ,ပစ္စည်း။ (ဘာဋီ၊ တ၊ ၂၇၀)

၁။ အထက်ပါဝါကျအားလုံးကို အနက်ယောဇနာပါ။

http://www.dhammadownload.com



၂။ ဂ–ဝါကျ၌ ဓမ္မေသု–ပုဒ်သို့ စပ်ရာပုဒ်မှ သဒ္ဒါနည်း အနုသန္ဓေထွက်ပြ၍၊ စက္ခုသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဖော်ပြပါ။ (ကျမ်းထွက်ရာ၌ နှစ်နည်းထွက်ရမည်။ ဋီကာကို ရှုပါ။)

၂။ ခ–ဝါကျ၌ သံဝဏ္ဏေတဗ္ဗမှ သံဝဏ္ဏနာသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ ဃ–ဝါကျသို့ သာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ဃ–ဝါကျ၌ စောဒကာဘောဂါဒီစတုက္က ထုတ်ပြ၍၊ ပန–သဒ္ဒါ ထားရခြင်း၏ အကြောင်းကို ရှင်းပြပါ။

၄။ ရာဇာ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲပြပါ။

၅။ ဝိဂတတ္တာ–ဟူသောဟိတ်၏ သမ္ဗန္ဓကိုခံ၍ အနက်အားလျော်စွာ စာစပ်ပြီးလျှင် ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

၆။ (က၊ ခ၊ ဂ)ဝါကျတို့၌ အာဘောဂ်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဘိက္ခဝေ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

၈။ သာမညဖလသုတ်ကို နာရ၍ အဇာတသတ်မင်းမှာ ကောင်းကျိုးရပုံကို အဋ္ဌကထာလာသည့်အတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

၉။ ဃ–ဝါကျကို ဂါထာစီကုံး၍ ဂါထာအမည်လည်း ပေးပြပါ။

၉။ ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိ။–ဟူသော ဂါထာ၏ ဂါထာအမည်, ဆန်းအမည်တို့ကို စိစစ်ဖော်ပြပါ။

၁၀။ အထက်ပါ ဂါထာတွင် အသောကံ–အရကို ကိုယ်ပြု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

စစစစစ

အမှတ်–၁၅၊ လေ့ကျင့်ခန်း ပြီး၏။

သီလက္ခန်ဆိုင်ရာ အလုံးစုံ ပြီး၏။

http://www.dhammadownload.com



## အဋ္ဌသာလိနီ ဒုတိယနေ့

## စည်းမျဉ်းနှင့် အဖြေများ

### ၁–နံပါတ်စည်းမျဉ်း

စည်းမျဉ်းရော အဖြေပါ ပထမနေ့နှင့် တူပါပြီ။

### ၂–နံပါတ်စည်းမျဉ်း

လိုအပ်သောဝါကျတို့ကို ထုတ်ပြ၍ "ဋ္ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဋ္ဌပနာပဋိက္ခေပ, စောဒနာ"ဟူသော ဋ္ဌပနာပဥ္စကဖြင့်သော်လည်းကောင်း၊ "ဋ္ဌပနာ, အနုလောမပါပနာဒိ–ကျမ်းရိုးငါးချက်ဖြင့်သော်လည်းကောင်း သုဒ္ဓကျမ်းတက်, ကျမ်းထွက်တို့တွင် တစ်မျိုးမျိုးကို မေးခြင်း။

မှတ်ချက်။ ။(က) အတက်, အထွက် နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကိုသာ မေးရမည်။ (ခ) ဝေ သတိ၊ ဝေ ဟိ၊ ယဒိ ဝေ–အစရှိသော ဝါကျတို့၌ နီတတ္ထအားဖြင့်သော်လည်းကောင်း၊ နေယျတ္ထအားဖြင့်သော်လည်းကောင်း ရသင့်ရထိုက်သော အနုလောမပါပနာဒိ ထုတ်ပြစေခြင်းလည်း စပ်ဆိုင်ပါသည်။

၁။ ဋ္ဌပနာပဥ္စကကျမ်းတက်နည်း

ဆောင်။ ။အာလုပ် ကတ္တာ၊ ဋ္ဌပနာပြ၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ဖြာရှေ့ပယ်၊ နှုယဆွယ်၊ မေးဖွယ် ပဥ္စက။

အစီအစဉ်။ ။ အာလုပ်, ကတ္တား, (ဋ္ဌပနာ), ဒေါသာပေက္ခလက္ခဏာ, (အာဘောဂ), (အာဘောဂဟေတု) (ဋ္ဌပနာပဋိက္ခေပ), ဒေါသာရောပန , (အနုယ စောဒနာ)။

မှတ်ချက်။ ။ကျမ်းတက်သောအခါ အထက်ပါ ၉–ချက်လုံး စုံအောင် တက်ရမည်။ ပဥ္စကရေတွက်သောအခါ၌ကား လက်သည်းကွင်းအတွင်းရှိ ၅–ချက်ကိုသာ ယူရမည်။

http://www.dhammadownload.com



**၂။ ကျမ်းရိုး ၅-ချက်တက်နည်း**

**ဆောင်။** ။အာလုပ် ကတ္တာ၊ ဋ္ဌပနာပြ၊ ဒေါသလက္ခဏာ၊ အနုပါနောက်၊ စင်စစ် လှောက်ဆို၊ ထိုနောက်ပဋိပါ၊ ပြရာဟေတု၊ နှနှင့်ပဋိ၊ ရောပရှိစေ၊ ပြလေဒေါသ၊ စောဒန၊ ဆက္ကကျမ်းရိုးတက်။

**အစီအစဉ်။** ။ အာလုပ်, ကတ္တာ, (ဋ္ဌပနာ), ဒေါသာပေက္ခလက္ခဏာ, (အနုလောမပါပနာ), စင်စစ်တမှုကား, (ပဋိလောမပါပနာ),ရောပနာပါဒကဟိတ်, (အနုလောမရောပနာ), (ပဋိလောမရောပနာ), ဒေါသာရောပနစောဒနာ။

**မှတ်ချက်။** ။ကျမ်းတက်သောအခါ အထက်ပါ ၁၂-ချက်လုံး စုံအောင် တက်ရမည်။ ကျမ်းရိုးငါးချက် ရေတွက်သောအခါ လက်သည်းကွင်းအတွင်းရှိ ငါးချက်ကိုသာ ယူရမည်။ ဤအတက်ကိုပင် "ဋ္ဌပနာဆက္ကကျမ်းရိုးတက်"ဟုလည်း ခေါ်ကြသေးသည်။

**အမှာ။** ။ကျမ်းတက်ရာ၌-

၁။ ဝါကျတက် တက်ခြင်း (ဝါကျအမည်ဖော်၍ တက်ခြင်း)။

၂။ ပိဏ္ဍတ္ထတက်ခြင်း (လိုရင်းကောက်၍တက်ခြင်း)။

၃။ အဓိပ္ပါယ်တက်ခြင်း (အဓိပ္ပါယ်ပြန်၍ တက်ခြင်း)-ဟု တက်ပုံသုံးမျိုး ရှိ၏။ ထိုတွင် ရှေ့ရှေ့တက်နည်းထက် နောက်နောက်တက်နည်းက ပို၍ကောင်း၏။ ထို့ကြောင့် ပထမဦးစွာ အဓိပ္ပါယ်တက် တက်ကြည့်ရမည်။ အဓိပ္ပါယ်တက် တက်၍ မဖြောင့်နိုင်လွန်းမှ ပိဏ္ဍတ္ထတက် တက်ကြည့်ရမည်။ ပိဏ္ဍတ္ထတက်လည်း မဖြစ်နိုင်တော့သည့်အဆုံးကျမှ ဝါကျတက်ကို တက်ရမည်။ ဤအချက်ကို သတိပြုပါ။ ဤကျမ်း၌ကား စာသင်သားတို့ အမြင်ရှင်းစေခြင်းငှာ ပထမဦးစွာ ဝါကျတက်များကို ပြမည်။ ထို့နောက် ပိဏ္ဍတ္ထတက်များကို ပြမည်။ ထို့နောက်မှ အဓိပ္ပါယ်တက်များကို ပြမည်။ စာဖြေသောခါ၌ကား အထက်က ဆိုခဲ့သည့်အတိုင်း အဓိပ္ပါယ်တက်ကိုသာ အထူးကြိုးစားရန် ဖြစ်သည်။

### ပုံစံ (၁)

က။ သမယသဒ္ဒေါ- သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။
ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

ခ။ ဧဝမနေကေသု သမယေသု-
သမဝါယော ခဏော ကာလော၊ သမူဟော ဟေတုယော စ။
ဧတေ ပဉ္စပိ ဝိညေယျာ၊ သမယာ ဣဓ ဝိညုနာ။

http://www.dhammadownload.com



ဝါကျခွဲ။ က, သည် သာမညဝါကျ၊ ခ,သည် ဝိသေသဝါကျ။
ပိဏ္ဍတ္ထကောက်။ က, ဖြင့် အတ္ထုဒ္ဒါရပြ၊ ခ,ဖြင့် အတ္ထုဒ္ဓေသပြ။
အဓိပ္ပါယ်ပြန်။ အနက်ပေးသည့်အတိုင်းပင်ပြန်။

## ခ–ဝါကျသို့ နည်း၂–ပါးဖြင့် ကျမ်းတက်ပုံ

### ဠပနာပဋ္ဌက ဝါကျတက်

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား) က–မှတ်ပြ ဝါကျဖြင့် သာမညကို ဆိုတော်မူ၏။ (ဌပနာ)

၂။ ဤသို့ (သာမညကို) ဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) ဝိသေသကိုလည်း ဆိုသင့်သည် မဟုတ်ပါလော။ (အာဘောဂ)

၃။ ထိုသို့ (ဝိသေသကိုလည်း) ဆိုသင့်လေသောကြောင့် (အာဘောဂဟေတု)

၄။ သာမညမျှကိုသာ မဆိုသင့်။ (ဌပနာပဋိက္ခေပ)

၅။ ဝိသေသကို မဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန) ဝိသေသကား အဘာယ်ပါနည်း။ (အန္ဓယစောဒနာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြဝါကျကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား–ဝိသေသကို ငါမပြသည်မဟုတ်၊ ခ–မှတ်ပြဝါကျဖြင့် ပြထားသည်သာ ဖြစ်၏။ ထို့ကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်ဟူလို။

မှတ်ချက်။ ။၁။ ဒေါသာပေက္ခလက္ခဏာကို "ဤသို့ဆိုချေသော်, ဤသို့သာဆိုချေသော်, ဤသို့ပင် ဆိုသော်လည်း" စသည်ဖြင့် သင့်တော်သလို ထားနိုင်သည်။ နောက်စကားများနှင့်ကား အဓိပ္ပါယ်စပ်စေရမည်။

၂။ စာဖြေရာ၌ လက်သည်းကွင်းအတွင်းရှိ စကားများကို ထည့်သွင်းစရာမလို။ ဤ၌ကား အသိဉာဏ်ရှင်းအောင် ထည့်သွင်းထားသည်။

၃။ အချို့က ဒေါသာရောပန မပါစေလိုကြ။ ၎င်းတို့အလို "ဒေါသတင် မပါလျှင် ဌပနာပဋ္ဌကပုစ္ဆာတက်၊ ပါလျှင် ဌပနာပဋ္ဌကစောဒနာတက်" ဟု ခွဲခြား မှတ်ယူပါ။

### ကျမ်းရိုးငါးချက် ဝါကျတက်

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား) က–မှတ်ပြ ဝါကျဖြင့် သာမညကို ဆိုတော်မူ၏။ (ဌပနာ)

http://www.dhammadownload.com



၂။ ဤသို့ (သာမညကို)သာ ဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) (သာမညသာရှိ၍) ဝိသေသမရှိ-ဟူသော အနက်သည် ရောက်၏။(အနုလောမ ပါပနာ)

၃။ စင်စစ်တမူကား (သာမညသာရှိ၍) ဝိသေသမရှိဟူသော အနက်သည် မရောက်သင့်။ (ပဋိလောမပါပနာ)

၄။ ထိုသို့ မရောက်သင့်သောကြောင့် (ရောပနာပါဒကဟိတ်) ဝိသေသကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ)

၅။ ဝိသေသကို မပြဆိုဘဲ မနေသင့်။ (ပဋိလောမရောပနာ) မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသာ ရောပန) ဝိသေသကား အဘယ်ပါနည်း။ (စောဒနာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ခ-မှတ်ပြ ဝါကျကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား—ဝိသေသကို မပြဆိုသည်မဟုတ်၊ ခ-မှတ်ပြဝါကျဖြင့် ပြဆို ထားသည်သာ ဖြစ်၏။ ထို့ကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်ဟူလိုသော်။

## ဌပနာပဉ္စက ပိဏ္ဍတ္ထတက်

၁။ အရှင်အဋ္ဌကထာဆရာ(အာလုပ်)၊ ဆရာသည်(ကတ္တား) က-မှတ်ပြဝါကျ ဖြင့် သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ (ဌပနာ)

၂။ ဤသို့(အတ္ထုဒ္ဓါရကို) ပြဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) ထို၏ အတ္ထုဒ္ဒေသကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ (အာဘောဂ)

၃။ထိုသို့(အတ္ထုဒ္ဒေသကိုလည်း) ပြဆိုသင့်လေသောကြောင့်(အာဘောဂဟေတု)

၄။ အတ္ထုဒ္ဓါရမျှကိုသာ မဆိုသင့်။ (ဌပနာပဋိက္ခေပ)

၅။ အတ္ထုဒ္ဒေသကို မပြဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသာရောပန) အတ္ထုဒ္ဒေသကား အဘယ်ပါနည်း။(အနွယ စောဒနာ)

ဤသို့ အပြစ်တင်ဖွယ်ရှိ၍ ထိုအပြစ်ကို ဖယ်ရှားလိုသော အဋ္ဌကာဆရာသည် ခ-မှတ်ပြဝါကျကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား— သမယသဒ္ဒါ၏ အတ္ထုဒ္ဒေသကို ငါ မပြဆိုသည် မဟုတ်၊ ခ-မှတ်ပြဝါကျဖြင့် ပြဆိုထားသည်သာ ဖြစ်၏။ ထို့ကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ် မရောက်ဟူလို။

http://www.dhammadownload.com



## ကျမ်းရိုးငါးချက် ပိဏ္ဍတ္ထတက်

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား) က–မှတ်ပြဝါကျဖြင့် သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ (ဋ္ဌပနာ)

၂။ ဤသို့ (အတ္ထုဒ္ဓါရကို) သာ ပြဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) (အတ္ထုဒ္ဓါရသာရှိ၍) အတ္ထုဒ္ဓေသ မရှိ–ဟူသောအနက်သည် ရောက်၏။ (အနုလောမပါပနာ)

၃။ စင်စစ်တမူကား (အတ္ထုဒ္ဓါရသာရှိ၍) အတ္ထုဒ္ဒေသ မရှိဟူသောအနက်သည် မရောက်သင့်။ (ပဋိလောမပါပနာ)

၄။ ထိုသို့ မရောက်သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်) အတ္ထုဒ္ဒေသကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ)

၅။ အတ္ထုဒ္ဒေသကို မပြဆိုဘဲ မနေသင့်။(ပဋိလောမရောပနာ) မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသာရောပန) အတ္ထုဒ္ဒေသကား အဘယ်ပါနည်း။ (စောဒနာ)

ဤသို့ အပြစ်တင်ဖွယ်ရှိသောကြောင့် ထိုအပြစ်ကို ဖယ်ရှားလိုသော အဋ္ဌကထာဆရာသည် ခ–မှတ်ပြဝါကျကို မိန့်တော်မူ၏။

အဓိပ္ပါယ်ကား:–သမယသဒ္ဒါ၏ အတ္ထုဒ္ဒေသကို ငါ မပြသည်မဟုတ်၊ ခ–မှတ်ပြဝါကျဖြင့် ပြထားပါ၏။ ထို့ကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ်၌ မရောက်ဟူလိုသော်။

## ဌပနာပဥ္စကအဓိပ္ပါယ်တက်

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား) က–မှတ်ပြဝါကျဖြင့် "သမယသဒ္ဒါသည် သမဝါယ ။ ပ ။ ပဋိဝေဓအနက်တို့၌ ထင်၏"ဟု ဆိုတော်မူ၏။ (ဋ္ဌပနာ)

၂။ ဤသို့သာ ဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) ထိုသမယသဒ္ဒါကို ဤနေရာ၌လည်း ထိုအနက်အားလုံး၌ပင် ယူရမည်ဟု ထင်မြင်ရာသည် မဟုတ်ပါလော။ (အာဘောဂ)

၃။ ထိုသို့ ထင်မြင်ဖွယ်ရှိသောကြောင့် (အာဘောဂဟေတု)

၄။ သမယသဒ္ဒါသည် သမဝါယ ။ ပ ။ ပဋိဝေဓအနက်တို့၌ ထင်၏–ဟူ၍သာ မဆိုသင့်။ (ဌပနာပဋိက္ခေပ)

၅။ ဤ၌ သိထိုက်သော အနက်ကို မပြဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသာရောပန) ဤ၌ မည်သည့်အနက်ဝယ်

http://www.dhammadownload.com



သိထိုက်ပါသနည်း။ (စောဒနာ) ဤသို့ အပြစ်တင်ဖွယ်ရှိ၍ ထိုအပြစ်ကို သုတ်သင်လိုရကား ခ-မှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား-ဤ၌ သိထိုက်သောအနက်ကို ငါ မပြသည် မဟုတ်၊ ခ-မှတ်ပြဝါကျဖြင့် သမဝါယ-စသောငါးနက်၌ သိထိုက်သည်ဟု ပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ်၌ မရောက်ဟူလို။

**ကျမ်းရိုးငါးချက် အဓိပ္ပာယ်တက်**

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)၊ ဆရာသည် (ကတ္တား) က-မှတ်ပြဝါကျဖြင့် 'သမယသဒ္ဒါသည် သမဝါယ ။ ပ ။ ပဋိဝေဓအနက်တို့၌ ထင်၏' ဟု ဆိုတော်မူ၏။ (ဋ္ဌပနာ)

၂။ ဤသို့သာ ဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) ထိုသမယသဒ္ဒါကို ဤနေရာ၌လည်း ထိုအနက်အားလုံး၌ပင် သိထိုက်သည်ဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ)

၃။ စင်စစ်တမူကား ထိုအနက်အားလုံး၌ပင် သိထိုက်သည်ဟူသောအနက်သည် မရောက်သင့်။ (ပဋိလောမပါပနာ)

၄။ ထိုသို့ မရောက်သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်) ထိုသမယသဒ္ဒါ၏ ဤ၌ သိထိုက်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ)

၅။ ထိုသမယသဒ္ဒါ၏ ဤ၌ သိထိုက်သော အနက်ကို မပြဆိုဘဲ မနေသင့်။ (ပဋိလောမရောပနာ) မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ (ဒေါသာရောပန) ထိုသမယသဒ္ဒါကို ဤ၌ ဘယ်အနက်ဝယ် သိထိုက်ပါသနည်း။ (စောဒနာ) ဤသို့ အပြစ်တင်ဖွယ်ရှိ၍ ထိုအပြစ်ကို သုတ်သင်လိုရကား ခ-မှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား- ဤ၌ သိထိုက်သောအနက်ကို ငါ မပြဆိုသည် မဟုတ်၊ ခ-မှတ်ပြဝါကျဖြင့် သမဝါယစသော ငါးနက်တို့၌ သိထိုက်သည်ဟု ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ်၌ မရောက်ဟူလိုသော်။

**အမှာ။** ။အဓိပ္ပါယ်တက် တက်ပုံများကို ကျေကျေနပ်နပ် ဖြစ်အောင် လေ့လာထားပါ။

http://www.dhammadownload.com



## ပုံစံ(၂)

(က) အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။

(ခ) ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ။

**ဝါကျခွဲ။** ။က–ဝါကျသည် ပဌမဝါကျ၊ ခ–ဝါကျသည် ပဌမ္ဘုရဝါကျ။

**ပိဏ္ဍတ္ထကောက်။** ။က–ဝါကျသည် အဘိဓာနတ္ထပြ၊ ခ–ဝါကျသည် အဘိဓေယျတ္ထပြ။

**အဓိပ္ပါယ်ပြန်။** အနက်ပေးသည့်အတိုင်းပင် ပြန်ရသည်။

**အမှာ။** ။ဝါကျတက်နှင့်ပိဏ္ဍတ္ထတက် လွယ်ပါသည်၊ တက်ကြည့်ပါ။ အဓိပ္ပါယ်တက်ကိုသာ ပြမည်။

### ခ–ဝါကျသို့ ဋ္ဌပနာပဉ္စကနည်းဖြင့် အဓိပ္ပါယ်တက် တက်ပုံ

၁။ အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က–မှတ်ပြဝါကျဖြင့် "အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါကမည်သော"ဟု ဆိုတော်မူ၏။

၂။ ဤသို့သာ ဆိုချေသော် ကမ္မဇရုပ်တို့လည်း ဝိပါကမည်ရာသည် မဟုတ်ပါလော။

၃။ ထိုသို့ မည်ရာသောကြောင့်–

၄။ "အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါကမည်ကုန်၏"ဟုသာ မဆိုသင့်။

၅။ ဝိပါက၏ အရကို မပြချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ ဝိပါက၏ အရကား အဘယ်ပါနည်း။

ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာလိုရကား ခ–မှတ်ပြဝါကျကို မိန့်။

အဓိပ္ပါယ်ကား–ဝိပါက၏အရကို ငါ မပြသည်မဟုတ်၊ ခ–မှတ်ပြဝါကျဖြင့် "ဝိပါကဟူသည် မှည့်ရင့်ချင်းသဘောသို့ရောက်သော နာမ်တရားတို့၏ အမည်ပင်တည်း"ဟု ပြဆိုထားသည်သာဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ်၌ မရောက်ဟူလို။

### ခ–ဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် အဓိပ္ပါယ်တက် တက်ပုံ

၁။ အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က–မှတ်ပြဝါကျဖြင့် "အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါကမည်သော"ဟု ဆိုတော်မူ၏။

http://www.dhammadownload.com



၂။ ဤသို့သာ ဆိုချေသော် "ကမ္မဇရုပ်တို့သည်လည်း ဝိပါကမည်၏"ဟူသော အနက်သည်ရောက်၏။

၃။ စင်စစ်တမူကား "ကမ္မဇရုပ်တို့သည်လည်း ဝိပါကမည်၏"ဟူသော အနက်သည် မရောက်သင့်။

၄။ ထိုသို့ မရောက်သင့်လေသောကြောင့် ဝိပါက၏ အရကိုလည်း ပြဆိုသင့်သေး၏။

၅။ ဝိပါက၏ အရကို မပြဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ ဝိပါက၏အရကား အဘယ်ပါနည်း။

ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာလိုရကား ခ-မှတ်ပြဝါကျကိုမိန့်။

အဓိပ္ပါယ်ကား–ဝိပါက၏ အရကို ငါမပြသည်မဟုတ်၊ ခ-မှတ်ပြဝါကျဖြင့် "ဝိပါကဟူသည် မှည့်ရင့်ခြင်းသဘောသို့ရောက်သော နာမ်တရားတို့၏ အမည်ပင်တည်း"ဟု ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်ဟူလို။

**အမှာ။** ။ဋ္ဌပနာပဉ္စကၡ အာဘော်ထားပုံ, ကျမ်းရိုးငါးချက်၌ အနုလောမပါပနာထုတ်ပုံ–တို့ လိုရင်းဖြစ်သည်။ ၄င်းတို့သည်လည်း အချင်းချင်း သဘောတူကြ၏။ ထို့ကြောင့် ကျမ်းတက်ရာ၌ ထိုနှစ်ချက်ထုတ်ပုံတို့ကို အထူးသတိပြုကာ မှန်ကန်အောင် ထုတ်တတ်ပါစေ။ အထွက်အတွက်ကား အတက်ကို နားလည်လျှင် ကိစ္စပြီးသည်သာ ဖြစ်၏။ မေးလည်း မေးခဲ၏။ သို့ရာတွင် နမူနာရစေရန် ပုံစံတစ်ခုစီ ပြလိုက်ပါမည်။

## အထွက်ပုံစံ

အဟံ ဗုဒ္ဓံ ဓမ္မာနုဓမ္မပဋိပတ္တိယာ ပူဇေမိ။

**ဗုဒ္ဓံသို့ ဋ္ဌပနာပဉ္စကနည်းဖြင့် ကျမ်းထွက်ပုံ**

၁။ ဆရာ၊ ဆရာသည် ပူဇေမိဖြင့် ကမ္မာပေက္ခကြိယာကိုဆိုဘော်မူ၏။

၂။ ဤသို့သာ ဆိုချေသော် ယင်းကြိယာ၏ ကံကို မသိရာသည် မဟုတ်ပါလော။

၃။ ထိုသို့ မသိရာသောကြောင့်–

၄။ ကမ္မာပေက္ခကြိယာကိုသာ မဆိုသင့်။

၅။ ယင်းကြိယာ၏ ကံကို မပြဆိုချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ယင်းကြိယာ၏ ကံကား အဘယ်ပါနည်း။

http://www.dhammadownload.com



ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာလိုရကား ဗုဒ္ဓ–ကိုမိန့်။

အဓိပ္ပါယ်ကား–ပူဇေမိဟူသော ကမ္မာပေက္ခကြိယာ၏ ကံကား ဗုဒ္ဓ ဖြစ်၏–ဟူလို။

**အမှာ။** ။သဒ္ဒါနည်းအားဖြင့် ထွက်ပုံတည်း။ ပညတ်နည်း, ပရမတ်နည်းတို့ကိုလည်း ထွက်ကြည့်ပါ။

## ဓမ္မာနုဓမ္မပဋိပတ္တိယာသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းထွက်ပုံ

၁။ ဆရာ၊ ဆရာသည် "ပူဇေမိ"ဟူသော ပါဠ်ဖြင့် "ပူဇော်၏"ဟု ဆိုတော်မူ၏။

၂။ ဤသို့သာ ဆိုချေသော် "ပန်းနံ့သာဖြင့် ပူဇော်၏"ဟူသော အနက်သည်ရောက်၏။

၃။ စင်စစ်တမူကား "ပန်းနံ့သာဖြင့် ပူဇော်၏"ဟူသော အနက်သည်မရောက်သင့်။

၄။ ထိုသို့ မရောက်သင့်လေသောကြောင့် ပူဇော်ကြောင်း အရာဝတ္ထုကိုလည်းပြဆိုသင့်သေး၏။

၅။ ပူဇော်ကြောင်း အရာဝတ္ထုကို မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက်နေချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်လေရာ၏။ အဘယ်အရာဝတ္ထုဖြင့် ပူဇော်ပါသနည်း။

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုရကား ဓမ္မာနုဓမ္မပဋိပတ္တိယာ–ဟူသော ပါဠ်ကို မိန့်။

အဓိပ္ပါယ်ကား–ပူဇော်ခြင်းအကြောင်းအရာဝတ္ထုကို ငါ မပြသည် မဟုတ်၊ "ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်သည်"ဟု ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်ဟူလိုသော်။

**အမှာ။** ။ဤအထွက်သည် ပညတ်နည်းအထွက် ဖြစ်၏။ သဒ္ဒါနည်းအထွက်နှင့် ပရမတ်နည်း အထွက်တို့ကိုလည်း ထွက်ကြည့်ပါလေ။ အထွက်အတွက် ဤမျှဖြင့် လုံလောက်ပြီ။

## အနုလောမပါပနာဒီထုတ်နည်း

၁။ ဝေသတိ၊ သင်္ကေချိုလျက်၊ ယုတ္တိကိုသာ၊ တက်ခဲ့လာ၊ လဒ္ဓါဂုဏ်ဟုပြ။

၂။ အယုတ္တိမျှ၊ တက်လာက၊ လဒ္ဓဒေါသပြ။

http://www.dhammadownload.com



၃။ ယင်းသို့ပြက၊ ပါပနနှင့်၊ တဝရောပနာ၊ ဤနှစ်ဖြာ၊ ရှိရာယေဘုယျ။
၄။ မနှစ်သက်ငြား၊ သူ့စကား၊ ကိုင်ထားဋ္ဌပန။
၅။ ဝေဠီစု၊ စပ်ရာရှု၊ အနုပါပန။
၆။ အထခေါ်ထည့်၊ န, မြစ်ဘိ၊ ပဋိပါပန။
(တနဲ-နက်မှန်အရှိ၊ န, ကိုထည့်၊ ပဋိပါပန။)
၇။ တသ္မာထည့်မူ၊ နက်မှန်လု၊ အနုရောပန။
၈။ မူလအရှိ၊ ဋ္ဌ-ပယ်ဘိ၊ ပဋိရောပန။
(ရွှေရေးဆောင်၊ ၁၇၁၊ ၈)

**အဓိပ္ပါယ်။** ။ ဇဝံ သတိ ဇဝံသန္တေ အစချီ၍ အသင့်ယုတ္တိရှိသော စကားကို ပြဆိုထားလျှင် ထိုစကားသည် လဒ္ဓဂုဏစကား ဖြစ်၏။ အသင့်ယုတ္တိ မရှိသော စကားကို ပြဆိုထားမှုကား ထိုစကားသည် လဒ္ဓဒေါသစကားဖြစ်၏။

ယင်းသို့ လဒ္ဓဒေါသ ဖြစ်လျှင် ပါပနာနှစ်ချက်နှင့် ရောပနာနှစ်ချက် ထုတ်ဆောင်၍ ပြနိုင်သည်။

ပြပုံကား=မိမိ မနှစ်သက်သော စကားရပ်ကို ဋ္ဌပနာကိုင်ထားရမည်။ ဇဝံ သတိ, ဇဝံ သန္တေ-တို့၏ စပ်ရာကို အနုလောမပါပနာ ထုတ်ရမည်။ အနုလောမပါပနာတွင် န, ကိုထည့်၍ ပဋိလောမပါပနာ ထုတ်ရမည်။ တသ္မာအပိုစွက်၍ အစစ်အမှန်ဖြစ်သော အနက်ကို အနုလောမရောပနာ ထုတ်ရမည်။ မူလက ထားခဲ့သော ဋ္ဌပနာကို ပယ်မြစ်၍ ပဋိလောမရောပနာကို ထုတ်ရမည်။ ထုတ်ကြည့်ရအောင်။

**ဇဝံ သန္တေ ပုံစံ။** ။အဘိဓမ္မေ ဝါစနာမဂ္ဂေ နာမ သာရိပုတ္တတ္ထေရပ္ပဘာဝေါ ဇဝံ သန္တေ ထေရောဝ ပထမတရံ အာဘိဓမ္မိကော ဟောတီတိ၊ န ဟောတိ။ သမ္မာသမ္ဗုဒ္ဓေါဝ ပထမတရံ အာဘိဓမ္မိကော။ (နိ ၄၊ ၁၈)

၁။ အာစရိယ တုမှေဟိ အဘိဓမ္မေ ဝါစနာမဂ္ဂေ နာမ သာရိပုတ္တတ္ထေရပ္ပဘာဝေါတိ ဝုတ္တံ။ (မူလဋ္ဌပနာ)
၂။ ဇဝံ သန္တေ ထေရောဝ ပထမတရံ အာဘိဓမ္မိကော ဘဝေယျ။ (အနုလောမပါပနာ)
၃။ အထ ခေါ် ထေရောဝ ပထမတရံ အာဘိဓမ္မိကော န ဘဝေယျ။ (ပဋိလောမပါပနာ)
(တစ်နည်း=သမ္မာသမ္ဗုဒ္ဓေါဝ ပထမတရံ အာဘိဓမ္မိကော န ဘဝေယျ။)
၄။ တသ္မာ အဘိဓမ္မေ ဝါစနာမဂ္ဂေ နာမ သမ္မာသမ္ဗုဒ္ဓပ္ပဘာဝေါတိ ဝတ္တဗ္ဗံ။ (အနုလောမရောပနာ)
၅။ အဘိဓမ္မေ ဝါစနာမဂ္ဂေ နာမ သာရိပုတ္တတ္ထေရပ္ပဘာဝေါတိ န ဝတ္တဗ္ဗံ။ (ပဋိလောမရောပနာ)

http://www.dhammadownload.com



**အမှာ။** ။မြန်မာပြန်၍ ကျမ်းရိုးငါးချက်တက်နှင့် နှိုင်းယှဉ်ကြည့်ပါ။ ပါဠိနှင့်မြန်မာ အသွားကို စဉ်းစား၍ ထုတ်လျှင် ခက်စရာမရှိပါ အောက်ပါ ပုံစံများကိုလည်း လေ့လာကြည့်ပါ။

**ဝေ သန္တေ ပုံစံ။** ။ယဒိ ယာဝတာ ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ၊ သဗ္ဗတ္ထ ကာယာယတနံ၊ ဝေ သန္တေ လက္ခဏသမ္ဘိဿတာ အာပဇ္ဇတီတိ?၊ နာပဇ္ဇတိ။ ကသ္မာ? အညဿ အညတ္ထ အဘာဝတော။ (နိ ၄၊ ၃၄၉)

၁။ အာစရိယ တုမှေဟိ ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ၊ သဗ္ဗတ္ထ ကာယာယတနန္တိ ဝုတ္တံ။ (ဌပနာ)

၂။ ဝေ သန္တေ လက္ခဏသမ္ဘိဿတာ အာပဇ္ဇေယျ။ (အနုလောမပါပနာ)

၃။ အထ ခေါ လက္ခဏသမ္ဘိဿတာ န အာပဇ္ဇေယျ။ (ပဋိလောမပါပနာ)

၄။ တသ္မာ ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ၊ သဗ္ဗတ္ထ န ကာယာယတနန္တိ ဝတ္တဗ္ဗံ။ (အနုလောမရောပနာ)

၅။ ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ၊ သဗ္ဗတ္ထ ကာယာယတနန္တိ န ဝတ္တဗ္ဗံ။ (ပဋိလောမရောပနာ)

**ယဒိ ဝေ ပုံစံ။** ။ယဒိ ဝေ န သဗ္ဗတ္ထ ကာယာယတနန္တိ။ နေဝ ပရမတ္ထတော သဗ္ဗတ္ထ။ ဝိနိဗ္ဘုဇိတွာ ပနဿ နာနာကရဏံ ပညပေတုံ န သက္ကာ၊ တသ္မာ ဝေ ဝုတ္တံ။ (နိ ၄၊ ၃၄၉)

အထက်ပါ ဝါကျနှင့် ဆက်၍ ပေါင်းစပ်ကာ ထုတ်မှဖြစ်မည်။ သေချာစွာ ကြည့်ပါ။

၁။ အာစရိယ တုမှေဟိ လက္ခဏသမ္ဘိဿတာ နာပဇ္ဇတီတိ ဝုတ္တံ။(ဌပနာ)

၂။ ယဒိ ဝေ န သဗ္ဗတ္ထ ကာယာယတနံ ဘဝေယျ။ (အနုလောမပါပနာ)

၃။ အထ ခေါ သဗ္ဗတ္ထ ကာယာယတနံ ဘဝေယျ။ (ပဋိလောမပါပနာ)

၄။ တသ္မာ လက္ခဏသမ္ဘိဿတာ အာပဇ္ဇတီတိ ဝတ္တဗ္ဗံ။ (အနုလောမရောပနာ)

၅။ လက္ခဏသမ္ဘိဿတာ နာပဇ္ဇတီတိ န ဝတ္တဗ္ဗံ။ (ပဋိလောမရောပနာ)

**မှတ်ချက်။** ။ပဋိလောမပါပနာကို ထုတ်ရာ၌ သူ့စာကိုယ်က "န"ပါသဖြင့် န,ကိုဖြုတ်ထားရပုံ သတိပြုပါ၊ ရှေ့ပုံစံ နှစ်ခုတုန်းက န,မပါ၍ န,ကို ထည့်ပေးရသည်နှင့် ပြောင်းပြန် ဖြစ်သည်။ စောဒကာဘောဂါဒိစတုက္က ထုတ်ရာ၌ စောဒကာဘောဂဖလနှင့် အလားတူပင် ဖြစ်သည်။

http://www.dhammadownload.com



**ယဒိ ဓဝံ ပုံစံ။** ။ ကိံ ပနေတံ (သောတံ) သမ္ပတ္တဂေါစရန္တိ ?၊ အာမ သမ္ပတ္တဂေါစရံ။ ယဒိ ဓဝံ ဒူရေ ဘေရိအာဒီသု ဝဇ္ဇမာနေသု "ဒူရေ သဒ္ဒေါ"တိ ဇာနနံ န ဘဝေယျာတိ?၊ နော န ဘဝတိ။ (နိ ဋ္ဌ၊ ၃၅၂)

၁။ အာစရိယ တုမှေဟိ သောတံ သမ္ပတ္တဂေါစရန္တိ ဝုတ္တံ။ (ဋ္ဌပနာ)

၂။ ယဒိ ဓဝံ ဒူရေ ဘေရိအာဒီသု ဝဇ္ဇမာနေသု "ဒူရေ သဒ္ဒေါ"တိ ဇာနနံ န ဘဝေယျ။ (အနု-ပါ)

၃။ အထ ခေါ ဒူရေ ဘေရိအာဒီသု ဝဇ္ဇမာနေသု "ဒူရေ သဒ္ဒေါ"တိ ဇာနနံ ဘဝေယျ။ (ပဋိ-ပါ)

၄။ တသ္မာ သောတံ အသမ္ပတ္တဂေါစရန္တိ ဝတ္တဗ္ဗံ။ (အနုလောမရောပနာ)

၅။ သောတံ သမ္ပတ္တဂေါစရန္တိ န ဝတ္တဗ္ဗံ။ (ပဋိလောမရောပနာ)

**အမှာ။** ။ဓဝံ သန္တေ-စသည်ထိုင်ရာ ဝါကျ၏ ရှေ့က ဝါကျနှင့် ဓဝံ သန္တေ-စသည်ထိုင်ရာ ဝါကျနစ်ခုတို့ကိုပင် ကျမ်းရိုးငါးချက်အလိုက် ငါးဝါကျ ပြည့်စုံအောင် ထုတ်ယူခြင်းပင် ဖြစ်သည်။ မထူးဆန်းလှပါ၊ သေချာစွာ စဉ်းစား လျှင် အလွယ်နှင့်ပင် သိနိုင်ပါသည်။

ဓဓဓဓဓ

၂-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၃-နံပါတ်စည်းမျဉ်း

ဝါ, အထဝါ, အပိစ, အပရော နယော-တို့၏ သဒ္ဒါ, အနက်, အကြောင်း, အကျိုး ဝါကျလဲလှယ်ပုံကို မေးခြင်း။

တေန တသ္မာ, တေနာဟ, တေန ဝုစ္စတိ, ဂဟေတဗ္ဗံ, ဝတ္တဗ္ဗံ, အဓိပ္ပေတံ, ကထိတံ, သမ္ဘဝတော-စသည်ထားပုံ အဓိပ္ပါယ်ကို ဝါကျထုတ်ပြ၍ မေးခြင်း။

ပုနရုတ္တိဒေါသ-စသော ဂန္ထဒေါသတို့ကို ပါဠိဝါကျ ထုတ်ပြ၍ မေးခြင်း။

**မှတ်ချက်။** ။ဝါ, အထဝါ-စသည်ကို မေးသကဲ့သို့ ပိ, အပိ, စ, တထာ-တို့ကို မေးလျှင်လည်း ဖြစ်နိုင်သည်ပင်။ ထို့ကြောင့် လေ့ကျင့်ခန်းတွင် ထည့်သွင်း မေးပြသွားမည်။

### ဝါ, အထဝါ-ထားရသော အရာ ၇-ချက်

အကြောင်း အကျိုး၊ နှစ်မျိုးလဲပြ၊ အတ္ထသဒ္ဒါ၊ မပါကြွင်းကျန်၊ ပြလိုပြန်က၊ ရှေ့ပြအဓိပ္ပါယ်၊ ကျယ်၍ ချုံးရာ၊ ရှေ့မှာဆိုလတ်၊ စကားထပ်၍၊ ထူးရပ်ဖော်ပြ၊ ရေး လိုက၊ ဖွင့်ပြ ဝါ-အထဝါ။

http://www.dhammadownload.com



၁။ အကြောင်းကို လဲလိုရာ။

၂။ အကျိုးကို လဲလိုရာ။

၃။ အကြောင်းအကျိုး နှစ်မျိုးလုံးကို လဲလိုရာ။

၄။ အနက်ကြွင်းကို ပြလိုရာ။

၅။ သဒ္ဒါကြွင်းကို ပြလိုရာ။

၆။ အကျဉ်းချုံးလိုရာ။

၇။ ထူးခြားချက်ကို ဆိုလိုရာ–ဟူသော ၇–ချက်တို့၌ ဝါ, အထဝါ–တို့ကို ထား၍ ရေးလေ့ရှိကြသည် ဟူလို။

## အပိစနှင့် အပရော နယော–ထားရသော အရာ ၆–ချက်

ကြောင်းကျိုး နက်သဒ်၊ လဲလိုလတ်၍၊ ရှေ့အတ္တမှ၊ ထူးထနက်ကို၊ ပြလိုတုံလတ်၊ အတ္တနောမတိ၊ ပြလိုဘိ၊ အပိစ အပရောသာ။

၁။ အကြောင်းကို လဲလိုရာ။

၂။ အကျိုးကို လဲလိုရာ။

၃။ အနက်ကို လဲလိုရာ။

၄။ သဒ္ဒါကို လဲလိုရာ။

၅။ အနက်ထူးကို ပြလိုရာ။

၆။ အတ္တနောမတိကို ပြလိုရာ–ဟူသော ၆–ချက်တို့၌ အပိစနှင့် အပရော နယောကို ထား၍ ရေးကြသည်ဟူလို။

**အမှာ။** ။အထက်ပါ ဆောင်ပုဒ်နှစ်ခုမှာ ရေးနိယာမ်များ၏ အဆိုကို အကျဉ်းချုပ် စုပေါင်း၍ ဆရာများ ရေးသားထားသော ဆောင်ပုဒ်များဖြစ်ကြ၏။ ဤအဆိုများသည် မရှင်းလင်းလှသဖြင့် အောက်ပါအတိုင်း မှတ်ယူသုံးစွဲလျှင် ဉာဏ်အမြင် ရှင်းပေလိမ့်မည်။

## ဝါ, အထဝါ–စသည်ထားပုံ

၁။ သဒ္ဒါ–နက်မျိုး၊ ကြောင်း–ကျိုး လေးချက်၊ တစ်ချက်ချက်နှင့်၊ နှစ်ချက် စ, ဗွာ၊ လဲလိုရာ ဝါ–စသည်ထားမြဲ။

၂။ ပကတိ–ပစ္စယ၊ နိပ္ဖန္န၊ ပြောင်းက သဒ္ဒါလဲ။

၃။ ပကတတ်–ပစ္စယတ်၊ နိပ္ဖန္နတ်၊ ပြောင်းလတ် အနက်လဲ။

၄။ (ဗျူပ္ပတ်တစ်သွယ်)၊ အဓိပ္ပါယ်ရ၊ အကြောင်းပြ၊ ပြောင်းက အကြောင်းလဲ။

http://www.dhammadownload.com



၅။ အဓိပ္ပါယ်ပြ၊ အကျိုးရ၊ ပြောင်းက အကျိုးလဲ။
၆။ အနက်-ကြောင်းမျိုး၊ သဒ္ဒါကျိုး၊ ယူရိုး မှန်မလွဲ။

**အဓိပ္ပါယ်။** ။သဒ္ဒါ, အနက်, အကြောင်း, အကျိုး-လေးမျိုးတို့တွင် တစ်မျိုးကိုဖြစ်စေ, နှစ်မျိုးကိုဖြစ်စေ, သုံးမျိုးကိုဖြစ်စေ, လေးမျိုးကိုဖြစ်စေ လဲလှယ်၍ ပြလိုရာ၌ ဝါ, အထဝါ, အပိစ, အပရော နယော-စသည်ထား၍ နောက်ဝါကျကို ရေးလေ့ရှိသည်၊ အနက်ကို လဲလို၍ အထားများသည်။

ပါဠိစာပေရှိ ပုဒ်တိုင်းပုဒ်တိုင်းသည် ပကတိ, ပစ္စယ, နိပ္ဖန္နခွဲ၍ ရစကောင်းသော ပုဒ်ချည်းသာ ဖြစ်ကြသည်။ ထိုတွင် လိင်နှင့်ဓာတ်ကို "ပကတိ"ဟု ခေါ်၏။ ပစ္စည်းနှင့်ဝိဘတ်ကို "ပစ္စယ"ဟု ခေါ်၏။ ထိုပကတိနှင့် ပစ္စယတို့ကို ဆက်စပ်လိုက်သဖြင့် ဖြစ်ပေါ်လာသော ပုဒ်ကို "နိပ္ဖန္န"ဟု ခေါ်၏။ ပကတိ, ပစ္စယနှင့် နိပ္ဖန္နတို့ကို "သဒ္ဒါ"ဟု သုံး၍၊ ပကတိ၏ အနက်, ပစ္စယ၏ အနက်, နိပ္ဖန္န၏ အနက်တို့ကို "အနက်"ဟု သုံးနှုန်း ခေါ်ဝေါ်ရသည်။

ထိုကြောင့် ပကတိဖြစ်စေ, ပစ္စယဖြစ်စေ, နိပ္ဖန္နဖြစ်စေ ပြောင်းလဲလျှင်"သဒ္ဒါလဲ" ဟုမှတ်။ ပကတိ၏ အနက်ဖြစ်စေ, ပစ္စယ၏ အနက်ဖြစ်စေ, နိပ္ဖန္န၏ အနက်ဖြစ်စေ ပြောင်းလဲလျှင် "အနက်လဲ"ဟုမှတ်။ ဗျုပ္ပတ်အကြောင်းကို လဲသော်လည်းကောင်း, အဓိပ္ပါယ်ရ အကြောင်းကို လဲသော်လည်းကောင်း "အကြောင်းလဲ"ဟုမှတ်။ အဓိပ္ပါယ်ရ အကျိုးလဲလျှင် "အကျိုးလဲ"ဟုမှတ်။ ဤအချက်များကို သဘောပေါက်ပါက ဝါသဒ္ဒါစသည် လဲပုံ မခက်တော့ပါ။ သဘောကျအောင် စဉ်းစားကြံစည်ပါ။

ထို့ပြင် အချို့နေရာ၌ အမှန်အားဖြင့် သဒ္ဒါသော်လည်းကောင်း, အနက်သော်လည်းကောင်း လဲလှယ်သည် ဖြစ်ပါလျက် ပုစ္ဆာက "အကြောင်းအကျိုးတို့တွင် အဘယ်ကို လဲလှယ်သနည်း"ဟု မေးတတ်သည်လည်း ရှိ၏။ ထိုအခါမျိုး၌ အနက်ကို အကြောင်း, သဒ္ဒါကို အကျိုးဟု ယူဆ၍ ဖြေဆိုရမည်ဖြစ်သည်။ (ဤကား ဝဒန္တိပုဂ္ဂိုလ်အတွက် ယူဆပုံတည်း။)

သံဝဏ္ဏနာနည်းဖြင့် စဉ်းစားလိုပါက ပဒသံဝဏ္ဏနာ ပြောင်းလျှင် "သဒ္ဒါလဲသည်"ဟုမှတ်။ အတ္ထသံဝဏ္ဏနာနှင့် အဘိဓေယျတ္ထသံဝဏ္ဏနာပြောင်းလျှင် "အနက်လဲသည်"ဟုမှတ်။ ဘာဝတ္ထသံဝဏ္ဏနာပြောင်းလျှင် "အကြောင်း, အကျိုး လျော်ရာလဲသည်"ဟုမှတ်။

၁။ သဒ္ဒါ လဲလှယ်ပုံများ

**ပုံစံ-၁။** ။အပဂတကာဠကောတိ ကာဠကာ ဝုစ္စန္တိ ဒုဿီလာ၊ တေသံ အဘာဝါ အပဂတကာဠကော။ အပဟတကာဠကောတိပိ ပါဌော။ (ပါ ဋ၊ ၁၆၂)

http://www.dhammadownload.com



ရှင်း။ ။"အပဂတကာဠကော"ဟူသော သဒ္ဒါတစ်မျိုးမှ "အပဟာတကာဠကော"ဟူသော သဒ္ဒါတစ်မျိုးသို့ လဲပြလို၍ အပိသဒ္ဒါထားပါသည်။ အပိသဒ္ဒါ သဒ္ဒါလဲ ဖြစ်ပါသည်။

မှတ်ချက်။ ။အပဂတကာဠကော–၌ ဂတသည် ဂမုဓာတ်, တပစ္စည်းဖြင့် ပြီး၍ ဂတိအနက်ဟောဖြစ်သည်။ အပဟာတကာဠကော–၌ ဟာတသည် ဟာနဓာတ်, တ, ပစ္စည်းဖြစ်၍ ဂတိအနက်ဟောပင် ဖြစ်သည်။ ဤသို့ ဂမုဓာတ်, ဟာနဓာတ် ဟူသော သဒ္ဒါသာပြား၍ အနက်မပြားသောကြောင့် သဒ္ဒါလဲဟု ဆိုသည်။

ပုံစံ–၂။ ။တတာယန္တိ တတော တဝ ဂေဟတော အယံ၊ တတောယန္တိ ပိ ပါဠော။ (ပါဋ္ဌ၊ ၁၇၆)

ရှင်း။ ။တတာယံ–ဟူသော သဒ္ဒါတစ်မျိုးမှ တတောယံ–ဟူသော သဒ္ဒါတစ်မျိုးကို လဲပြလို၍ အပိသဒ္ဒါ ထားပါသည်။ အပိသဒ္ဒါ သဒ္ဒါလဲ ဖြစ်ပါသည်။

မှတ်ချက်။ ။တတာယံ–သည် တတော+အယံ–မှ ဖြစ်သကဲ့သို့ တတောယံ–သည်လည်း တတော+အယံ–မှပင်ဖြစ်၍ အနက်မပြားကြ၊ နိပ္ဖန္နမှာသာ ကွဲသွားသည်၊ ထိုကြောင့် သဒ္ဒါလဲဟု ဆိုရသည်။

ပုံစံ–၃။ ။အထ ခွေတန္တိ အထ ခေါ တော် အထ ခေါတန္တိပိ ပါဠော။ (ပါဋ္ဌ၊ ၁၈၄)

ပုံစံ–၄။ ။ဒွယံဒွယသမာပတ္တိန္တိ ဒွိဟိ ဒွိဟိ သမာပဇ္ဇိတဗ္ဗံ၊ ဒွယံ ဒွယံ သမာပတ္တိန္တိ ပိ ပါဠော။ (ပါဋ္ဌ၊ ၁၈၆)

ပုံစံ–၅။ ။ယတဿာတိ ယတော အဿ၊ ယတွာဿာတိပိ ပါဠော။ (ပါဋ္ဌ၊ ၃၊ ၂၅၄)

ပုံစံ–၆။ ။ဟေတုဓမ္မောတိ မူလဋ္ဌေန ဟေတုသင်္ခါတော ဓမ္မော၊ ဟေတူ ဓမ္မောတိပိ ပါဠော။ (နိ ဋ္ဌ၊ ၈၉)

အမှာ။ ။အထက်ပါ ပုံစံများလည်း သဒ္ဒါလဲများပင် ဖြစ်ကြသည်၊ ဖြေကြည့်ပါ။

## ၂။ အနက်လဲလှယ်ပုံများ

ပုံစံ–၁။ ။အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ၊ ပစ္စယေဟိ ဝါ ဓာရိယန္တီတိ ဓမ္မာ။ (နိ ဋ္ဌ၊ ၈၁)

ရှင်း။ ။ရမ္မပစ္စည်း၏ ကတ္တုသာဓန အနက်တစ်မျိုးမှ ကမ္မသာဓန အနက်တစ်မျိုးကို လဲပြလို၍ ဝါ–သဒ္ဒါထားပါသည်။ ဝါ–သဒ္ဒါ အနက်လဲ ဖြစ်ပါသည်။

http://www.dhammadownload.com



**တစ်နည်း။** ။မိမိ၏သဘောကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် ဓမ္မမည်၏-ဟူသော ဗျုပ္ပတ် အကြောင်းတစ်မျိုးမှ အကြောင်းတရားတို့က ဆောင်အပ်သည်၏အဖြစ်ကြောင့် ဓမ္မမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါထားပါသည်။ ဝါသဒ္ဒါ ဗျုပ္ပတ်အကြောင်းလဲ ဖြစ်ပါသည်။

**မှတ်ချက်။** ။ဓမ္မာ-ဟူသောပုဒ်၌ နှစ်နည်းလုံးမှာပင် ဓရဓာတ်၊ ရမ္မပစ္စည်းချည်းဖြစ်၍ သဒ္ဒါမလဲ။ ပထမနည်း၌ ရမ္မပစ္စည်းသည် ကတ္တုသာဓနအနက် ဟော၍, ဒုတိယနည်း၌ကား ကမ္မသာဓနအနက်ကို ဟောသည်။ ထို့ကြောင့် အနက်လဲဟု ဆိုရသည်။ ဤအဖြေသည် စစ်မှန်တိကျသော အဖြေပင်ဖြစ်၏။

သို့ရာတွင် ယခုခေတ်၌ သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်, ကိတ်ပုဒ်တို့၌ တစ်နည်းပြလို၍ ဝါ, အထဝါ-စသည်ထားသည်ကို တွေ့ရလျှင် ဗျုပ္ပတ်အကြောင်းလဲ-ဟု ချည်း အဖြေထုတ်ကြသည်။ ထို့ကြောင့် စာဖြေသောအခါ ထိုကဲ့သို့သောပုဒ်များ၌ ဗျုပ္ပတ်အကြောင်းကို ပထမဖြေ၍၊ အနက်လဲပုံကို ဒုတိယထား၍ ဖြေရမည်။ ဤ၌ကား အစစ်အမှန်အချက်ကိုပင် ပထမထား၍ ဖြေဆိုပြမည်။

**ပုံစံ-၂။** ။သံကိလေသံ အရဟန္တိ, သံကိလေသေ ဝါ နိယုတ္တာတိ သံကိလေသိကာ။ (နိဋ္ဌ၊ ၈၅)

**ရှင်း။** ။ဏိကပစ္စည်း၏ အရဟန္တိ-ဟူသော အနက်တစ်မျိုးမှ နိယုတ္တာ-ဟူသော အနက်တစ်မျိုးကို လဲပြလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။ ဝါသဒ္ဒါ အနက်လဲ ဖြစ်ပါသည်။

**တစ်နည်း။** ။သံကိလေသကို ရထိုက်သောကြောင့် သံကိလေသိကမည်၏ ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးမှ သံကိလေသ၌ယှဉ်သောကြောင့် သံကိလေသိကမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားသည်။ ဝါသဒ္ဒါ ဗျုပ္ပတ်အကြောင်းလဲ ဖြစ်ပါသည်။

**မှတ်ချက်။** ။သံကိလေသိက-ဟူသောပုဒ်၌ နှစ်နည်းလုံးမှာပင် သံကိလေသ-ပုဒ်, ဏိကပစ္စည်းချည်းဖြစ်၍ သဒ္ဒါမလဲ၊ ပထမနည်း၌ ဏိကပစ္စည်းသည် အရဟန္တိအနက်ကို ဟောသောကြောင့် အနက်လဲဟု ဆိုရသည်။ ဗျုပ္ပတ်အကြောင်းလဲပုံကို သိလေတော့။

**ပုံစံ-၃။** ။ဥပရိ သိက္ခိတဗ္ဗာဘာဝတော န သေက္ခာတိ အသေက္ခာ၊ ဝုမိပ္ပတ္တာ ဝါ သေက္ခာတိပိ အသေက္ခာ။ (နိဋ္ဌ၊ ၈၇)

**ရှင်း။** ။အသေက္ခာ-၌ အ, ၏ ပဋိသေဓအနက် တစ်မျိုးမှ ဝုမိအနက် တစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။ (ဗျုပ္ပတ်အကြောင်းလည်း လဲကြည့်ပါ။)

http://www.dhammadownload.com



ပုံစံ-၄။ ။သဒ္ဒဟနလက္ခဏာ သဒ္ဓါ၊ ဩကပ္ပနလက္ခဏာ ဝါ။ (နိဋ္ဌ၊ ၁၆၃)

ရှင်း။ ။သဒ္ဓါ၏ သဒ္ဒဟနအနက် တစ်မျိုးမှ ဩကပ္ပနအနက်တစ်မျိုးကို လဲပြလို၍ ဝါ-သဒ္ဒါထားရပါသည်။

ပုံစံ-၅။ ။ကေဂ္ဂ စိတ္တံ အာရမဏေ အပ္ပေတီတိ အပ္ပနာ။ ဒုတိယဇ္ဈာနံ ဥပသဂ္ဂဝသေန ဝဓိတာ၊ ဗလဝတရာ ဝါ အပ္ပနာ ဗျပ္ပနာ။ (နိဋ္ဌ၊ ၁၈၇)

ရှင်း။ ။ဗျပ္ပနာ-၌ ဝိ-ဥပသာရပုဒ်၏ ဓာတွတ္ထာနုဝတ္တက အနက်တစ်မျိုးမှ ဓာတုတ္တဝိသေသက အနက်တစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။ (ဗျုပ္ပတ် အကြောင်းလည်း လဲကြည့်ပါ။)

ပုံစံ-၆။ ။လောဘာသမ္ပယုတ္တစိတ္တံ၊ ပုဂ္ဂလော ဝါ လုဗ္ဘိတော။ (နိဋ္ဌ၊ ၁၉၅)

ရှင်း။ ။လုဗ္ဘိတအရ လောဘာသမ္ပယုတ်စိတ်ဟူသော အဘိဓေယျတ္ထအနက်တစ်မျိုးမှ ပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္ထအနက်တစ်မျိုးကို လဲပြလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

ပုံစံ-၇။ ။သရန္တိ တောယ, သယံ ဝါ သရတီတိ သတိ။ (နိဋ္ဌ၊ ၁၆၄)

ပုံစံ-၈။ ။ပသတ္ထာ, သုန္ဒရာ ဝါ ဒိဋ္ဌီတိ သမ္မာဒိဋ္ဌိ။ (နိဋ္ဌ၊ ၁၆၇)

အမှာ။ ။အထက်ပါ ပုံစံများသည် အနက်လဲ ပုံစံများ ဖြစ်ကြသည်။ လဲကြည့်ပါ။

## ၃။ သဒ္ဒါရော အနက်ပါ လဲလှယ်ပုံများ

ပုံစံ-၁။ ။ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗုဒ္ဓံ ဝါ ဉာဏံ အဿတ္ထီတိ ဗုဒ္ဓေါ။ (ရူပသိဒ္ဓိ)

ရှင်း။ ။ဗုဒ္ဓေါပုဒ်၏ ကိတ်သဒ္ဒါအဖြစ်မှ တဒ္ဓိတ်သဒ္ဒါအဖြစ်သို့လည်းကောင်း, သိတတ်သည်၏ အဖြစ်တည်းဟူသော အနက်မှ ဉာဏ်ရှိသည်၏ အဖြစ်တည်းဟူသော အနက်တစ်မျိုးသို့လည်းကောင်း လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။ ဝါသဒ္ဒါ သဒ္ဒါအနက်လဲ ဖြစ်ပါသည်။

တစ်နည်း။ ။သိတတ်သည်၏အဖြစ်ကြောင့် ဗုဒ္ဓမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးမှ ဉာဏ်ရှိသူ၏အဖြစ်ကြောင့် ဗုဒ္ဓမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

မှတ်ချက်။ ။ဗုဒ္ဓေါ-ဟူသောပုဒ်သည် ပထမနည်းအလို ဗုဓာတ်, တပစ္စည်းဖြင့်ပြီးသော ကိတ်ပုဒ် ဖြစ်သည်။ ဒုတိယနည်းအလို ဗုဒ္ဓပုဒ်, ဏပစ္စည်း ဖြင့်ပြီးသော တဒ္ဓိတ်ပုဒ် ဖြစ်သည်။ ထို့ကြောင့် သဒ္ဒါပြောင်းသွားသည်၊ သဒ္ဒါ ပြောင်းသွားသည်နှင့်အမျှ အနက်လည်း ပြောင်းသွားသည်ပင် ဖြစ်၏။ ထို့ကြောင့် သဒ္ဒါအနက် နှစ်ချက်လဲ-ဟု သိရသည်။ အနက်လဲတုန်းက ပြခဲ့သည့်အတိုင်းပင် ဗျုပ္ပတ်အကြောင်းလဲ-ဟုလည်း ဆိုနိုင်သည်။

http://www.dhammadownload.com



အထူးသတိပြုသင့်သည်မှာ သဒ္ဒါရော အနက်ပါ လဲပြသော ပုံစံအများစုသည် ဖြေဆိုရာ၌ အလွန်ရှုပ်ထွေး၏၊ ပုစ္ဆကအာဘော်ကျဖို့ အလွန် ခဲယဉ်း၏၊ ထိုပုံစံမျိုးတို့၌ ဗျုပ္ပတ်အကြောင်းလဲပုံကို ဦးစားပေး၍ ဖြေဆိုသင့်သည်၊ သို့မှ ပုစ္ဆက အာဘော်ကျမည်။ အများစုကလည်း ထိုအတိုင်းပင် ဖြေဆိုနေကြသည်။

**ပုံစံ-၂။** ။ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တီတိ ကုသလာ။ ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလသင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ။ (နိဋ္ဌ၊ ၈၁)

**ရှင်း။** ။ကုသလပုဒ်၏ ကုပုဒ်, သလပုဒ်ဖြင့်ပြီးသော သဒ္ဒါအဖြစ်မှ ကုသပုဒ်, လပုဒ်ဖြင့်ပြီးသော သဒ္ဒါအဖြစ်သို့လည်းကောင်း၊ စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ်သည်၏အဖြစ်ဟူသော အနက်မှ စက်ဆုပ်ဖွယ်သော အခြင်းအရာဖြင့် ဖြစ်တတ်သော အကုသိုလ်တရားတို့ကို ဖြတ်တောက်တတ်သည်၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း လဲပြလို၍ ဝါသဒ္ဒါထားပါသည်။

**တစ်နည်း။** ။စက်ဆုပ်ဖွယ်ကောင်းသော အကုသိုလ်တရားတို့ကို တုန်လှုပ်စေတတ်သည်၏ အဖြစ်ကြောင့် ကုသိုလ်မည်၏ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးမှ စက်ဆုပ်ဖွယ်သော အခြင်းအရာအားဖြင့် ဖြစ်တတ်သော အကုသိုလ်တရားတို့ကို ဖြတ်တောက်တတ်သည်၏အဖြစ်ကြောင့် ကုသိုလ်မည်၏ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

**ပုံစံ-၃။** ။ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော၊ ဝိဇ္ဇာဘာဂေ ဝိဇ္ဇာကောဋ္ဌာသေ ဝတ္တန္တီတိပိ ဝိဇ္ဇာဘာဂိနော။ (နိဋ္ဌ၊ ၉၃)

**ရှင်း။** ။ဝိဇ္ဇာဘာဂိနော-ပုဒ်၏ သမာသ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးမှ တဒ္ဓိတ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးသို့လည်းကောင်း၊ ဝိဇ္ဇာသို့ ကပ်ရောက်ဘတ်သည်၏အဖြစ်တည်းဟူသော အနက်တစ်မျိုးမှ ဝိဇ္ဇာအဖို့၌ ပါဝင်သည်၏ အဖြစ်တည်းဟူသော အနက်တစ်မျိုးကိုလည်းကောင်း လဲပြလို၍ ပိသဒ္ဒါ ထားပါသည်။

**တစ်နည်း။** ။ဝိဇ္ဇာသို့ ကပ်ရောက်တတ်သည်၏ အဖြစ်ကြောင့် ဝိဇ္ဇာဘာဂီမည်၏ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးမှ ဝိဇ္ဇာအဖို့၌ ဖြစ်တတ် ပါဝင်တတ်သည်၏အဖြစ်ကြောင့် ဝိဇ္ဇာဘာဂီမည်၏ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ပိသဒ္ဒါ ထားရပါသည်။

**ပုံစံ-၄။** ။သုခယတီတိ သုခံ၊ သုဋ္ဌု ဝါ ခါဒတီတိ သုခံ။ (နိဋ္ဌ၊ ၁၆၀)

http://www.dhammadownload.com



ရှင်း။ ။သုခပုဒ်၏ သုခဓာတ်, အ,ပစ္စည်းဖြင့် ပြီးသော သဒ္ဒါအဖြစ်မှ သုပုဗ္ဗ ခါဒဓာတ် ကွိပစ္စည်းဖြင့် ပြီးသော သဒ္ဒါအဖြစ်သို့လည်းကောင်း၊ ချမ်းသာစေတတ်သည်၏ အဖြစ်တည်းဟူသော အနက်တစ်မျိုးမှ ကောင်းစွာ စားပစ်တတ်သည်၏အဖြစ်တည်းဟူသော အနက်တစ်မျိုးကိုလည်းကောင်း လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

ပုံစံ-၅။ ။ဝီရာနံ ကမ္မံ ဝီရိယံ၊ ဝိဓိနာ ဝါ နယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ ဝီရိယံ။ (နီဋ္ဌ၊ ၁၆၃)

ပုံစံ-၆။ ။သမ္မာ ပဿတိ, သောဘနာ ဝါ ဒိဋ္ဌီတိ သမ္မာဒိဋ္ဌိ။ (နီဋ္ဌ၊ ၁၇၃)

ပုံစံ-၇။ ။တဇ္ဈာတိ တဿ သာတသုခဿ အနုစ္ဆဝိကာ သာရုပ္ပါ၊ တောဟိ ဝါ ရူပါဒီဟိ အာရမ္မဏေဟိ ဣမဿ စ သုခဿ ပစ္စယေဟိ ဇာတာတိပိ တဇ္ဇာ။ (နီဋ္ဌ၊ ၁၈၃)

ပုံစံ-၈။ ။မိဇ္ဇတီတိ မေတ္တာ၊ မိတ္တေ ဝါ ဘဝါတိ မေတ္တာ။ (နီဋ္ဌ၊ ၂၃၇)

ပုံစံ-၉။ ။သဗ္ဗသောတိ သဗ္ဗာကာရေန၊ သဗ္ဗာသံ ဝါ အနဝသေသာနံ။ (နီဋ္ဌ၊ ၂၄၅)

အမှာ။ ။ အထက် ပုံစံများသည် သဒ္ဒါအနက် နှစ်ချက်လဲ ဖြစ်ကြ၏။ လဲကြည့်ပါ။

## ၄။ အကြောင်းလဲပုံများ

ပုံစံ-၁။ ။ကသ္မာ ဖဿော၀ ပဌမံ ဝုတ္တောတိ? စိတ္တဿ ပဌမာဘိနိပါတတ္တာ။ အပိစ ဖဿော နာမ သဟဇာတသမ္ပယုတ္တဓမ္မာနံ ဗလဝပစ္စယော ဟောတိ၊ တသ္မာပိ ပဌမံ ဝုတ္တော။ (နီဋ္ဌ၊ ၁၅၀)

ရှင်း။ ။စိတ္တဿ ပဌမာဘိနိပါတအကြောင်းမှ သဟဇာတသမ္ပယုတ္တဓမ္မ ဗလဝပစ္စယဘာဝအကြောင်း လဲပြလို၍ အပိစသဒ္ဒါ ထားပါသည်။

အမှာ။ ။ဤကား အဓိပ္ပါယ်ရ အကြောင်းကိုလဲသော ပုံစံတည်း။ ဗျုပ္ပတ်အကြောင်းလဲ ပုံစံ ရှေ့ကဆိုခဲ့သည့်အတိုင်း သိပါ။ အမှန်ကား အဓိပ္ပါယ်ရ အကြောင်းလဲသာ အစစ်အမှန်ဖြစ်သည်။

ပုံစံ-၂။ ။ယသ္မာ သဒ္ဓိန္ဒြိယာဒီနံ သမာသပဒါနံ ဝသေန အညသ္မိံ ပရိယာယေ အာရဒ္ဓေ အာဒိပဒံ ဂဟေတွာ၀ ပဒဘာဇနံ ကရီယတိ၊ အယံ အဘိဓမ္မေ ဓမ္မတာ၊ တသ္မာ ပုန သဒ္ဓါတိ ဝုတ္တံ။ ယထာ ဝါ ဣတ္ထိယာ ဣန္ဒြိယံ ဣတ္ထိန္ဒြိယံ၊ န တထာ ဣဒံ။ ဣဒံ ပန သဒ္ဓါ၀ ဣန္ဒြိယံ သဒ္ဓိန္ဒြိယံတိ ဧဝံ သမာနာဓိကရဏဘာဝဉာပနတ္ထမ္ပိ ပုန သဒ္ဓါတိ ဝုတ္တံ။ (နီဋ္ဌ၊ ၁၈၉)

http://www.dhammadownload.com



**ရှင်း။** ။အဘိဓမ္မာ၌ ဓမ္မတာ အကြောင်းတစ်မျိုးမှ သမာနာဓိကရဏဘာဝ အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

**ပုံစံ-၃။** ။ကုသလာကုသလကမ္မေန ဝိပရီတဝုတ္တိယာ, သဘာဝဂ္ဂဟဏာဘာဝေန ဝါ ကေမ္ပိ ကမ္မံ တေသံ ပစ္စက္ခံ နတ္ထိ။ (နိဋ္ဌ၊ ၂၉၆)

**ရှင်း။** ။ဝိပရီတဝုတ္တိ အကြောင်းတစ်မျိုးမှ သဘာဝဂ္ဂဟဏာဘာဝ အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

**၅။ အကျိုးလဲပုံများ**

**ပုံစံ-၁။** ။ပကရဏာရမ္ဘေ ရတနတ္တယပဏာမဝစနံ ပကရဏေ ဂါရဝုပ္ပါဒနတ္ထံ။ အထ ဝါ ရတနတ္တယပဏာမဝစနံ သတာစာရဝေါက္ကမနတ္ထံ။ (ဋ္ဌာသ)

**ရှင်း။** ။ပကရဏေ ဂါရဝုပ္ပါဒနအကျိုးမှ သတာစာရဝေါက္ကမနအကျိုး တစ်ပါးကို လဲပြလို၍ ဝါသဒ္ဒါ ထားပါသည်။

ဝါ အထ ဝါ-စသည်ထားပုံ ပြီး၏။

## တေန၊ တသ္မာ-စသည် ထားပုံ

**၁။ တေန တသ္မာ ထားပုံ**

လဒ္ဓဂုဏ၊ ကျိုးဖလနှင့်၊ နိဂမတစ်ဖြာ၊ ပြလိုရာ၊ တသ္မာ+တေနထား။

**၂။ တေနေဝါဟ ထားပုံ**

လဒ္ဓဂုဏ၊ နိဂမနှင့်၊ အာဂမဒဠှေ၊ ပြလိုပေ၊ တေနေဝါဟထား။
(တေနဝုစ္စတိ တေန ဝုတ္တံ-နည်းတူမှတ်။)

**၃။ ဂဟေတဗ္ဗံ ထားပုံ**

သာမညမှ၊ အတ္ထဝိသေ၊ ပြလိုပေ၊ ဂဟေတဗ္ဗံ ထား။ (ဝတ္တဗ္ဗံ-နည်းတူ မှတ်။)

**၄။ ကထိတံ ထားပုံ**

သာမညမှ၊ အတ္ထဝိသေ၊ တစ်ထွေစကားလု၊ ပြလိုမှု၊ မှတ်ရူ ကထိတံ ထား။
(အဓိပ္ပေတံ-နည်းတူမှတ်။)

**၅။ သမ္မတံတော ထားပုံ**

လဒ္ဓဂုဏ၊ အတ္ထာပန္န၊ ပြလိုက၊ သမ္မတံတော ထား။

**အဓိပ္ပါယ်။** ။လဒ္ဓဂုဏ်ကို ပြလိုရာ၌လည်းကောင်း၊ အကျိုးဖလကို ပြလိုရာ၌လည်းကောင်း၊ နိဂုံးကို ပြလိုရာ၌လည်းကောင်း တသ္မာနှင့် တေနကို ထားသည်။

http://www.dhammadownload.com



လဒ္ဓဂုဏ်ကို ပြလိုရာ၌လည်းကောင်း၊ နိဂုံးကို ပြလိုရာ၌လည်းကောင်း၊ အာဂမဒဋ္ဌိကရဏကို ပြလိုရာ၌လည်းကောင်း တေနေဝါဟ, တေန ဝုစ္စတိ, တေန ဝုတ္တံ-တို့ကို ထားသည်။

သာမညအနက်ထဲမှ ဝိသေသအနက်ကို ဆွဲထုတ်၍ ပြလိုရာ၌ ဂဟေတဗ္ဗံ, ဝတ္တဗ္ဗံ-တို့ကို ထားသည်။

သာမညအနက်ထဲမှ ဝိသေသအနက်ကို ဆွဲထုတ်၍ ပြလိုရာ၌လည်းကောင်း၊ စကားလုကို ပြလိုရာ၌လည်းကောင်း ကထိတံ, အဓိပ္ပေတံ-တို့ကို ထားသည်။

အနက်ရောက်ကို ပြလိုရာ၌ သမ္မတော, သမ္မတတိ-တို့ကို ထားသည်။

**တေနပုံစံ။** ။အဘိယာစိတောတိ သက္ကစ္စံ ယာစိတော။ တေန အနာဒရိယံ အတ္တပ္ပကာသနေ ကာတုံ အသက္ကုဏေယျံတိ ဒဿေတိ။

**ရှင်း။** ။အနက်ကို ပြခြင်း၌ မလေးစားမှုကို ပြုခြင်းငှာ မတတ်ကောင်း သည်၏အဖြစ်တည်းဟူသော လဒ္ဓဂုဏ်ကို ပြလို၍ တေန-သဒ္ဒါကို ထားရပါသည်။

**မှတ်ချက်။** ။တေန၏ အကျိုးဖလကို ပြလို၍ ထားသောပုံစံ၊ နိဂုံးကို ပြလို၍ ထားသောပုံစံ-တို့၌လည်း နည်းတူ ရှင်းပါ။ ပါရာဇိကဏ် ၃-နံပါတ်ပါ ဝါကျခွဲပုံအတိုင်းပင် ဖြစ်၍ ပုံစံစုံအောင် မပြတော့ပြီ။ တသ္မာ, တေနေဝါဟ, တေန ဝုစ္စတိ, တေန ဝုတ္တံ-တို့၌လည်း နည်းတူပင်တည်း။ ပုံစံမပြသော်လည်း ပုစ္ဆာက မေးလာလျှင် ဖြေတတ်လောက်ပါပြီ။

**ဂဟေတဗ္ဗံ ပုံစံ။** ။သဗ္ဗေသံ ပန ဝါဒေသု ယုတ္တံ ဂဟေတဗ္ဗံ။ (နိဋ္ဌ၊ ၃၂၆)

**ရှင်း။** ။မထေရ်သုံးပါးတို့၏ ဝါဒသာမညမှ ယုတ္တဖြစ်၍ ယူသင့်ယူထိုက်သော ဝါဒဝိသေသကို ထုတ်ပြလို၍ ဂဟေတဗ္ဗ-သဒ္ဒါကို ထားပါသည်။

**ဝတ္တဗ္ဗံ ပုံစံ။** ။"အာရမ္မဏေ ပဝတ္တနကစိတ္တာနိ နာမ ကတိ"တိ ဝုတ္တေ "ဣမာနေဝ ဒွေ"တိ ဝတ္တဗ္ဗံ။ (နိဋ္ဌ၊ ၃၀၂)

**ရှင်း။** ။၈၉-ပါးသော စိတ်သာမညမှ မောဟမူဒွေးဟူသော စိတ်ဝိသေသကို ပြလိုသောကြောင့် ဝတ္တဗ္ဗ-သဒ္ဒါကို ထားပါသည်။

**ကထိတံ ပုံစံ။** ။တေဟိ အသမ္ဘိန္နံ နိဇ္ဇီဝါကာသံ ကထိတံ။ (နိဋ္ဌ၊ ၃၆၂)

**ရှင်း။** ။ အာကာသသာမညအနက်မှ မတွေ့ထိကောင်းသော နိဇ္ဇီဝါကာသ တည်းဟူသော အာကာသဝိသေသကို ပြလိုသောကြောင့်လည်းကောင်း၊ အာကာသ

http://www.dhammadownload.com



အားလုံးကို မယူရ နိဒ္ဒေသကာလကိုသာ ယူရမည်–ဟု စကားလုကို ပြလိုသော ကြောင့်လည်းကောင်း ကထိတံသဒ္ဒါ ထားပါသည်။

**အဓိပ္ပေတံ ပုံစံ။** ။ကာလ ပန ကာလောယေဝ အတ္ထော အဓိပ္ပေတော။ (ပါဠိ၊ ၈၀)

**ရှင်း။** ။သမယသဒ္ဒါ၏ သမဝါယ–စသော အနက်သာမည္မှ ကာလ ဟူသော အနက်ဝိသေသကို ပြလို၍လည်းကောင်း၊ သမဝါယ–စသော အနက်၌ အလိုမရှိအပ်၊ ကာလအနက်၌သာ အလိုရှိအပ်သည်–ဟု စကားလုကို ပြလို၍ လည်းကောင်း အဓိပ္ပေတောသဒ္ဒါကို ထားပါသည်။

**သမ္ဘဝတော ပုံစံ။** ။တတ္ထ ယထေဝ "ဟေတူ စေဝ ဓမ္မာ သဟေတုကာ စာ"တိ ဝေ သမ္ဘဝတိ၊ တထာ "ဟေတူစေဝ ဓမ္မာ အဟေတုကာ စာ"တိ ဣဒမ္ပိ။ (နိဋ္ဌ၊ ၈၉)

**ရှင်း။** ။ဟေတု သဟေတုကဒုက် ဖြစ်သင့်သကဲ့သို့ ဟေတု အဟေတုက ဒုက်လည်း (ဘုရားရှင် တိုက်ရိုက်ဟောထားချက် မရှိစေကာမူ)ဖြစ်သင့်၏– ဟူသော အနက်ရောက်ကို ပြလို၍ ဤ၌ သမ္ဘဝတိသဒ္ဒါကို ထားရပါသည်။

တေန၊ တသ္မာ–စသည်ထားပုံ ပြီး၏။

## ဒေါသပယ်ပုံများ

၁။ ပြစ်အဗျာပိ၊ တိဗျာပိနှင့်၊ ဩစိတစ်လီ၊ ဝိရောဓိတည်း၊ ရုတ္တိပုန၊ ကေတ္တနှင့်၊ ဂန္ထဂရု၊ နိရတ်ဟူ၊ ရှစ်ဆူ ဒေါသရှိ။

၂။ မပြည့်မစုံ၊ လိုနေတုံ၊ ပြည့်စုံ ပြဘိ–အဗျာပိ။

၃။ များအနက်တွင်၊ ထူးဖွင့်လျှင်၊ ကင်းစင် တိဗျာပိ။

၄။ ဒဋ္ဌိကရဏ၊ ယုတ္တိပြ၊ ဩစိတျဟီန သိ။

၅။ ဒဋ္ဌိအာဂမ၊ ဆန့်ကျင်က၊ ရှင်းပြ ဝိရောဓိ။

၆။ ဆိုပြီးသည်ကို၊ ပြည့်ညွှန်းဆို၊ ပယ်လို ပုနရုတ္တိ။

၇။ ထပ်ဆိုထားခါ၊ ဖြေရှင်းရာ၊ ပယ်ပါ ပုနရုတ္တိ။

၈။ သဒ္ဒါနှစ်ခု၊ တစ်ခု အတ္ထ၊ တူနေက၊ ရှင်းပြ ကေတ်သိ။

၉။ ဆိုလတ္တံ့ညွှန်း၊ နည်းတူညွှန်း၊ ကျမ်းညွှန်းဂန္ထသိ။

၁၀။ အကျိုးဖလ၊ လဒ်ဂုဏ၊ ပယ်ထ နိရတ်သိ။

၁၁။ ဝိရောဓိနှင့်၊ ဩစိတျာ၊ ပုနာရုတ္တ၊ ကေတ္တ၊ တူကြပါလေ၏။

၁၂။ ရှေ့ရှေ့ဝါကျ၊ ဤဒေါသ၊ သင့်ရ တင်ရ၏။

၁၃။ နောက်နောက်ဝါကျ၊ ထိုဒေါသ၊ ပယ်ချပါလေ၏။

၁၄။ ပယ်သင်္ကေတ၊ သဘာဝ၊ ယူဆစေချင်၏။

http://www.dhammadownload.com



**အဓိပ္ပါယ်။** ။ဒေါသသည် အဗျာပိတဒေါသ, အတိဗျာပိတဒေါသ, ဩစိတျဟီနဒေါသ, ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသ, ကေတ္တဒေါသ, ဂန္တဂရုဒေါသ, နိရတ္ထကဒေါသ–ဟု ရှစ်မျိုးရှိ၏။ ထိုတွင် ရှေ့ဝါကျစကား မပြည့်စုံသဖြင့် စကား ပြည့်စုံအောင် ပြသော နောက်ဝါကျဖြင့် အဗျာပိတဒါသကို ပယ်၏။ ရှေ့ဝါကျစကား ပိုလွန်နေသဖြင့် လိုအပ်သည်ကိုသာ ထုတ်နုတ်ပြသော နောက်ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်၏။ ယုတ္တိဒဠှီကရဏဝါကျဖြင့် ဩစိတျဟီနဒေါသကို ပယ်၏။ အာဂမဒဠှီကရဏဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်၏။ ဆိုခဲ့ပြီးသည်ကို ပြန်၍ညွှန်းသော ဝါကျဖြင့်လည်းကောင်း၊ ရှေ့ကဆိုပြီး ဖြစ်ပါလျက် ထပ်၍ဆို ထားရာ၌ ထိုသို့ဆိုရခြင်းအကြောင်းကို ရှင်းပြသော ဝါကျဖြင့်လည်းကောင်း ပုနရုတ္တိဒေါသကို ပယ်၏။ သဒ္ဒါက နှစ်ခုဖြစ်ပါလျက် အနက်က တစ်ခုတည်းဖြစ်နေ ရာ၌ ထိုသို့ဖြစ်ရကြောင်းကို ရှင်းပြသော ဝါကျဖြင့် ကေတ္တဒေါသကို ပယ်၏။ ဆိုလတ္တံ့သည်ကို ညွှန်းသောဝါကျဖြင့်လည်းကောင်း၊ နည်းတူကို ညွှန်းသော ဝါကျ ဖြင့်လည်းကောင်း၊ ကျမ်းတစ်ပါးကို ညွှန်းသော ဝါကျဖြင့်လည်းကောင်း ဂန္တဂရု ဒေါသကို ပယ်၏။ ဖလဝါကျဖြင့်လည်းကောင်း၊ လဒ္ဓဂုဏဝါကျဖြင့်လည်းကောင်း နိရတ္ထကဒေါသကို ပယ်၏။

ထိုရှစ်ပါးသော ဒေါသတို့တွင် ဩဇိတျဟီနဒေါသနှင့် ဝိရောဓိဒေါသသည် လည်းကောင်း၊ ပုနရုတ္တိဒေါသနှင့် ကေတ္တဒေါသသည်လည်းကောင်း သဘောသွား တူကြ၏။ ထို့ကြောင့် ဝိရောဓိဒေါသနှင့် ပုနရုတ္တိဒေါသတို့ကို ဦးစားပေး၍ သုံးစွဲရမည်။ ရှေ့ဝါကျကိုသာ ဆို၍ နောက်ဝါကျကို မဆိုချေသော် ထိုရှေ့ဝါကျ၌ စောဒကတို့က အပြစ်တင်ဖွယ်ရှိ၏၊ ထိုတင်ဖွယ်ရှိသော ဒေါသကို နောက်ဝါကျက ပယ်ပစ်၏၊ ထို့ကြောင့် ရှေ့ဝါကျ၌ ဒေါသတင်ရသည်၊ ထိုတင်ထားသော ဒေါသကို နောက်ဝါကျက ပယ်ချသည်ဟု မှတ်ပါ။

ဒေါသပယ်ရာ၌ ယေဘုယျသင်္ကေတကား–အတိဗျာပိတဒေါသကို ဝိသေသ ဝါကျဖြင့် ပယ်၏။ ဩစိတျဟီနဒေါသကို ယုတ္တိဒဠှီကရဏဝါကျဖြင့် ပယ်၏။ ဝိရောဓိဒေါသကို အာဂမဒဠှီကရဏဝါကျဖြင့် ပယ်၏။ ပုနရုတ္တိဒေါသ, ကေတ္တ ဒေါသ, ဂန္တဂရုဒေါသတို့ကို အမှာအထားပြ ဉပန္ယာသဝါကျဖြင့် ပယ်၏။ နိရတ္ထက ဒေါသကို ဖလဝါကျ, လဒ္ဓဂုဏဝါကျတို့ဖြင့် ပယ်၏။ အဗျာပိတဒေါသကို ကျန် သမျှသော ဝါကျတို့ဖြင့် ပယ်၏။ ဤကား ယေဘုယျသင်္ကေတတည်း။ သို့ရာတွင် သင်္ကေတအတိုင်း အရာရာတိုင်း တစ်ထစ်ချ မယူဘဲ သဘာဝကိုလည်း ချင့်ချိန် ကြည့်ပါ၊ သင်္ကေတရှိသော်လည်း သဘာဝမကျလျှင် မယူပါနှင့်။ သင်္ကေတလည်း ရှိမည်၊ သဘာဝလည်းကျမည် ဆိုလျှင်ကား အလွန်ကောင်း၏။ သင်္ကေတထက်

http://www.dhammadownload.com



သဘာဝကို ဦးစားပေးပါ-ဟု ဆိုလိုသည်။ ဤကား အာစရိယဝါဒအတိုင်း ရေးသားအပ်သော ဒေါသပယ်ပုံတည်း။

အများစု အသုံးပြုနေကြသော သင်္ကေတကား အောက်ပါ ဆောင်ပုဒ်အတိုင်း ဖြစ်၏။ ယင်းဆောင်ပုဒ်အလို အဗျာပိတ, ပုနရုတ္တိ, နိရုတ္တက, ဝိရောဓိ, အတိဗျာပိတ-ဟု ဒေါသငါးမျိုးသာ ရှိ၏။ ဩစိတျဟီန, ကေတ္တနှင့် ဂန္တဂရုတို့ မပါ။ ဩစိတျဟီနသည် ဝိရောဓိနှင့် တူ၏၊ ကေတ္တသည် ပုနရုတ္တိဒေါသနှင့် တူ၏။ ထို့ကြောင့် ၄င်းတို့အတွက် ပြဿနာ ဖြစ်ဖွယ် မရှိ။ ဂန္တဂရုကား အတူမရှိသော ကြောင့် အထက်မှာ ပြထားသည့်အတိုင်း မှတ်ရမည်။ သို့မဟုတ် ပုနရုတ္တိအတွင်း သွင်းယူရမည်။ ထို့ပြင် စာမေးပွဲဖြေဆိုရာ၌ အများသုံးရှိသော သင်္ကေတအတွက် အများစုသို့ လိုက်၍ သုံးစွဲသင့်သည်။ အများသုံး သင်္ကေတမရှိသော အရာ၌သာ အထက်ပါ အာစရိယဝါဒကို သုံးပါ၊ သို့မှ စာမေးပွဲဖြေရာ၌ အောင်မှတ်ရမည် ဖြစ်သည်။

၁။ ပက္ကန္တရ၊ ယင်းဝါကျ၊ အဗျာပိတ စင်။
၂။ ဥပန္ယာသ၊ အာရဗ္ဘ၊ ပယ်ကြ အဗျာပင်။
၃။ နသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိစင်။
၄။ ဝိတ္ထာ-သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိစင်။
၅။ လဒ္ဓဂုဏ၊ ယင်းဝါကျ၊ နိရုတ္တက စင်။
၆။ အတ္ထုဒ္ဓါရ၊ ဟူလတ်က၊ နိရုတ္တက စင်။
၇။ ဒဋ္ဌိမည်ရှိ၊ ဝိရောဓိ၊ သတိ မြဲမြဲယှဉ်။
၈။ အတ္ထုဒ္ဒေသ၊ ဟူတုံက၊ ပယ်ကြ ဝိရောပင်။
၉။ အတိဗျာပိ၊ ပယ်တုံဘိ၊ မှတ်သိ တစ်နည်းပင်။

**အဓိပ္ပါယ်။** ။ပက္ကန္တရဝါကျ, ဥပန္ယာသဝါကျ, ဝါကျာရမ္ဘဝါကျတို့ဖြင့် အဗျာပိတဒေါသကို ပယ်၏။ အနုသန္ဓေဝါကျ, ဝိတ္ထာရဝါကျနောက်ရှိ သခ်ေပဝါကျ၊ ဥဒ္ဒေသဝါကျနောက်ရှိ နိဒ္ဒေသဝါကျ၊ နိဂမနိယဝါကျနောက်ရှိ နိဂမနဝါကျတို့ဖြင့် ပုနရုတ္တိဒေါသကိုပယ်၏။ လဒ္ဓ ဂုဏဝါကျ, အတ္ထုဒ္ဓါရဝါကျတို့ဖြင့် နိရုတ္တကဒေါသကို ပယ်၏။ ဒဋ္ဌိကရဏဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်၏။ အတ္ထုဒ္ဒေသဝါကျဖြင့် ဝိရောဓိဒေါသကိုလည်းကောင်း၊ အတိဗျာပိတဒေါသကို လည်းကောင်း ပယ်၏။

**မှတ်ချက်။** ။ဆောင်ပုဒ်ရင်းမှာ ဒေါသတင်ဖို့အတွက်ဖြစ်၍ (ပက္ကန္တရ၊ ယင်းဝါကျ၊ အဗျာပိတတင်)စသည်ဖြင့် ဆိုသည်။ ဤ၌ကား ဒေါသပယ်ဖို့အတွက် ဖြစ်၍ တင်-ဟူသောစကားကို ကင်းပျောက်ခြင်းအဓိပ္ပါယ်ပြ စင်-ဟူသော

http://www.dhammadownload.com



စကားလုံးဖြင့် အစားထိုး၍ ပြင်ယူလိုက်ပါသည်။ ဒေါသပယ်ကို သိခြင်းဖြင့် ဒေါသတင်ကိုလည်း သိရမည်။ ထို့ကြောင့် ပက္ခန္တရဝါကျသို့ စောဒနာတက်လိုလျှင် ရှေ့ဝါကျတွင် အဗျာပိတဒေါသတင်၍ တက်ရမည်–စသည်ဖြင့် သိပါ။ ၂–နံပါတ်ကျမ်းတက် ဒေါသတင်အတွက် မှတ်သားထားပါ။

**၁။ အဗျာပိတဒေါသ ပုံစံ**

စက္ခုကော ဝုစ္စတိ စက္ခော, ထဒ္ဓပုဂ္ဂလော၊ တဿ ဘာဝေါ စက္ခုကိုက္ကံ။ (နီဋ္ဌ၊ ၂၉၉)

**ရှင်း။** ။ဒုတိယဝါကျဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ အကြောင်းမှာ ဏျပစ္စည်း၏ အနက်ကျန်နေသေးရာ ထိုအနက်ကို ပြည့်စုံအောင် ပြသောကြောင့် ဖြစ်ပါသည်။

**မှတ်ချက်။** ။အဗျာပိတဒေါသကို အပရိပုဏ္ဏဒေါသဟုလည်း ခေါ်ကြသေးသည်။ ဤဒေါသသည် လိုနေသည်ကို ဖြည့်ပေးသောဝါကျဖြင့် ပယ်အပ်သောဒေါသတည်း။ အတိဗျာပိတဒေါသကား ပိုနေသည်ကို နုတ်ပေးသော ဝါကျဖြင့် ပယ်အပ်သော ဒေါသတည်း။ ပြောင်းပြန် ဖြစ်ကြသည်။

**၂။ အတိဗျာပိတဒေါသ ပုံစံ**

သမယသဒ္ဒေါ–

သမဝါယေ ခဏေ ကာလေ၊ သမူဟေ ဟေတုဒိဋ္ဌိသု။

ပဋိလာဘေ ပဟာနေ စ၊ ပဋိဝေဓေ စ ဒိဿတိ။

ဣဓ ပနဿ ကာလော အတ္ထော။ (ပါဠိ၊ ၈၀)

**ရှင်း။** ။ဒုတိယဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ အကြောင်းမှာ အလွန်ပျံ့နှံ့နေသော ပထမဝါကျရှိ သမယသဒ္ဒါ၏ အနက်များထဲမှ ဤ၌ အလိုရှိအပ်သော အနက်ထူးကို ထုတ်နုတ်၍ ပြသောကြောင့် ဖြစ်ပါသည်။

**၃။ ဩစိတျဟီနဒေါသ ပုံစံ**

တေန သုရောပိတံ ဝစနံ န ဟောတိ၊ ဒုရုတ္တံ အပရိပုဏ္ဏမေဝ ဟောတီတိ အသုရောပေါ။ ကုဒ္ဓကာလေ ဟိ ပရိပုဏ္ဏဝစနံ နာမ နတ္ထိ။ (နီဋ္ဌ၊ ၂၉၉)

**ရှင်း။** ။ဒုတိယဝါကျဖြင့် ဩစိတျဟီနဒေါသကို ပယ်ပါသည်။ အကြောင်းမှာ အသင့်ဉာဏနှင့် ဆန့်ကျင်ဖွယ် ရှိနေ၍ မဆန့်ကျင်အောင် ပြသောကြောင့် ဖြစ်ပါသည်။

**အမှာ။** ။ဤဒေါသသည် ဇာလိနီ၌ မလာ၊ ထို့ကြောင့် ဤဒေါသကို မသုံးလိုလျှင် ဤဒေါသကို သုံးရမည့်နေရာ၌ ယင်း၏ အစား ဝိရောဓိဒေါသကို သုံးပါ။ အားလုံးကပင် လက်ခံသည်။

http://www.dhammadownload.com



**၄။ ဝိရောဓိဒေါသ ပုံစံ**

မေ့္မာတိ ဟောတု၊ ဝုတ္တမ္ဗေတံ–ဟောတုမိ ဉာဏံ မေမ္ဗပဋိသမ္ဘိဒါတိ။ (နိဋ္ဌ၊ ၂၃)

ရှင်း။ ။ဒုတိယဝါကျဖြင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ အကြောင်းမှာ ပထမဝါကျရှိ စကားသည် အများသိနှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်နေရာ မဆန့်ကျင်အောင် အာဂမ သာဓကများဖြင့် ရှင်းပြသောကြောင့် ဖြစ်ပါသည်။

**၅။ ပုနရုတ္တိဒေါသ ပုံစံ**

ဣတော ပရံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ရှင်း။ ။ဤဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။ အကြောင်းကား ဆိုခဲ့ပြီးသည်ကို ထပ်၍မဆိုတော့ဘဲ ပြန်၍ ညွှန်းသောကြောင့် ဖြစ်ပါသည်။

**တစ်နည်း၊ ပုနရုတ္တိပုံစံ**

တိသု ပိဋကေသု တိဝိဓာ ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။ တိဿော ဟိ ပရိယတ္တိယော အလဂဒ္ဒူပမာ, နိဿရဏတ္ထာ, ဘဏ္ဍာဂါရိကာ ပရိယတ္တီတိ။ (နိဋ္ဌ၊ ၂၄)

ရှင်း။ ။ဒုတိယဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။ အကြောင်းကား ပထမဝါကျနှင့် ဒုတိယဝါကျသည် ပရိယတ္တိအပြား သုံးပါးရှိ၏ဟု အဓိပ္ပါယ်တူနေသော်လည်း တိက္ခဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် သင်္ခေပ၊ မန္ဒဗုဒ္ဓိပုဂ္ဂိုလ်အတွက် ဝိတ္ထာရဝါကျ ရေးရိုးရှိသည့်အတိုင်း ရေးသားထားသောကြောင့် ဖြစ်ပါသည်။ (ဗဟိုစံပြအဖြေ)

မှတ်ချက်။ ။ဒေါသပယ်ခြင်းဟူသည် ရှေ့၌ဆိုခဲ့သည့်အတိုင်း ရှေ့ဝါကျကိုသာဆို၍ နောက်ဝါကျကို မဆိုခဲ့သော် ရှေ့ဝါကျ၌ သင့်ရောက်ဖွယ်ရှိသောအပြစ်ကို ပြေပျောက်အောင် နောက်ဝါကျဖြင့် ပယ်ပစ်ရခြင်း ပင် ဖြစ်၏။ ဤ၌သင်္ခေပကို ဆိုခဲ့မှုဖြင့် ထိုသင်္ခေပဝါကျ၌ ပုနရုတ္တိဒေါသ သင့်ရောက်ဖွယ်ရာ မရှိပါ။ ထို့ကြောင့် သင်္ခေပဝိတ္ထာရဝါကျ၊ ဥဒ္ဒေသနိဒ္ဒေသဝါကျ၊ နိဂမနိယနိဂမနဝါကျတို့ဖြင့် ပုနရုတ္တိဒေါသကို ပယ်၏ဟူသောစကားသည် စဉ်းစား ထိုက်သော စကားပင် ဖြစ်၏။

ပထမသင်္ခေပကိုဆို၊ ထို့နောက် ဝိတ္ထာရကို ဆိုပြီးလျှင် ထို့နောက်မှ ထိုကဲ့သို့ သင်္ခေပရော ဝိတ္ထာရပါ ဆိုရခြင်းအကြောင်းကို မှတ်ချက်သဘောဖြင့် ရှင်းလင်းပြလျှင်ကား ထိုရှင်းပြသောဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်ရပေမည်။ ဝိတ္ထာရ ရိုးရိုးဖြင့်ကား ပုနရုတ္တိဒေါသကို မပယ်၊ အဗျာပိတဒေါသကို ပယ်သည်ဟု သဘောရပါသည်။

http://www.dhammadownload.com



**၆။ ကေတ္တဒေါသပုံစံ**

**အာရမ္မဏံ မိနမာနံ ဇာနာတီတိ မနော။ မာနသန္တိ မနော ဧဝ။ ဗျဉ္ဇနဝသေန ဟောတံ ပဒံ ဝမိုတံ။ (နိဋ္ဌ၊ ၁၈၄)**

ရှင်း။ ။ တတိယဝါကျဖြင့် ကေတ္တဒေါသကို ပယ်ပါသည်။ အကြောင်းမှာ မနောနှင့်အနက်တူသော မာနသံပုဒ်ကို ထပ်၍ဆိုရကြောင်းကို ပြသောကြောင့် ဖြစ်ပါသည်။

**၇။ ဂန္တဂရုဒေါသပုံစံ**

**အသာတံ သာတပဋိပက္ခဝသေန ဝေဒိတဗ္ဗံ။ (နိဋ္ဌ၊ ၂၉၉)**

ရှင်း။ ။ ဤဝါကျဖြင့် ဂန္တဂရုဒေါသကို ပယ်ပါသည်။ အကြောင်းမှာ ကျမ်းမလေးရအောင် နည်းတူအဖွင့်ကို ညွှန်းသောကြောင့် ဖြစ်ပါသည်။

**၈။ နိရတ္ထကဒေါသပုံစံ**

**ယသ္မာ ဣဒံ ဒုဗ္ဗလံ စိတ္တံ၊ ပဝတ္တိဋ္ဌိတိမတ္တကမေဝေတ္ထ ဟောတိ၊ တသ္မာ "သဏ္ဌိတိ"အာဒီနိ အဝတွာ စိတ္တဿ ဋ္ဌိတိတိ ကေမေဝ ပဒံ ဝုတ္တံ။ တေနေဝ စ ကာရဏေန ဥဒ္ဒေသဝါရေပိ သမာဓိန္ဒြိယန္တိ အာဒိ န ဝုတ္တံ။ (နိဋ္ဌ၊ ၃၀၁)**

ရှင်း။ ။ ဒုတိယဝါကျဖြင့် နိရတ္ထကဒေါသကို ပယ်ပါသည်။ အကြောင်းမှာ အကျိုးဖလကို ဖော်ပြသောကြောင့် ဖြစ်ပါသည်။ တတိယဝါကျဖြင့်လည်း နိရတ္ထကဒေါသကိုပင် ပယ်ပါသည်။ အကြောင်းမှာ ရှေ့အကျိုးမှ ဆက်၍ ရအပ်သော လဒ္ဓဂုဏ်အကျိုးကို ပြသောကြောင့် ဖြစ်ပါသည်။

❀❀❀❀❀

၃-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၄–နံပါတ် စည်းမျဉ်း

ဝိဂ္ဂဟပြုစေ၍ ဇျပ္ပတ္တိစသော လေးပါးအခွဲကို မေးခြင်း။

**မှတ်ချက်။** ။ဇျပ္ပတ္တိစသော လေးပါးအခွဲကို မေးခြင်း၌ ဘောဒစိန္တာဒီပနီ နည်းနှင့် အဘိဓာန်ဋီကာလာသော နည်းနှစ်မျိုးတို့တွင် မည်သည့်နည်းနှင့်မဆို ဖြေဆိုနိုင်ခွင့် ရှိသည်။

**အမှာ။** ။မိမိဖြေသောနည်းကို အဖြေလွှာ၏အဆုံးမှာ ထည့်သွင်းပေးပါ။ စာမေးပွဲဖြေရာ၌ အဘိဓာန်ဋီကာနည်းကိုသုံးက ပို၍လွယ်ကူသည်။

### အဘိဓာန်ဋီကာနည်း

၁။ ဇျပ္ပတ္တိရ၊ ပရမတ္ထ၊ သဒ္ဒ ယူအပ်စွာ။
၂။ ယင်းနိမိတ်သိ၊ ပကတိ–ပစ္စယ၊ သမ္ဗန္ဓ၊ ကြိယာ့ ယူအပ်စွာ။
(သမာသ်နှင့် တဒ္ဓိတ်၊ ကိတ်တို့နှင့် ယထာက္ကမ စပ်ယူပါ။)
၃။ ပဝတ္တိရ၊ ပညတ္တ၊ သဒ္ဒယူအပ်စွာ။
၄။ ယင်းနိမိတ်သိ၊ ဇာတိအစ ပဉ္စက၊ ကြိယာ့ ယူအပ်စွာ။
(ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်–တို့တွင် တစ်ခုခု ဟူလို။)
၅။ ဇျပ္ပတ်နိမိတ်၊ ကြိယာဟိတ်၊ အစိတ် ယူအပ်စွာ။
၆။ ပဝတ်နိမိတ်၊ ကြိယာဟိတ်၊ ပေါင်းကျိတ် ယူအပ်စွာ။

**အဓိပ္ပါယ်။** ။ဇျပ္ပတ္တိ၊ ဇျပ္ပတ္တိနိမိတ်၊ ပဝတ္တိ၊ ပဝတ္တိနိမိတ်–ဟူသော လေးပါးတို့ကို ဇျပ္ပတ္တိစတုက္ကဟု ခေါ်သည်။ ထိုတွင် အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဇျပ္ပတ္တိမည်၏။ သမာသ်တဒ္ဓိတ်တို့၌ ပကတိနှင့် ပစ္စယသည် လည်းကောင်း၊ အစပ်သမ္ဗန်သည်လည်းကောင်း၊ ကိတ်ပုဒ်၌ ပကတိနှင့် ပစ္စယသည် လည်းကောင်း၊ ကြိယာသည်လည်းကောင်း ဇျပ္ပတ္တိနိမိတ်မည်၏။ အပေါင်းပညတ္တိ သဒ္ဒါသည် ပဝတ္တိမည်၏။ ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်–တို့တွင် ဆိုင်ရာ တစ်ခုခုသည် ပဝတ္တိနိမိတ်မည်၏။

ကိတ်ပုဒ်အရာ၌ ယင်းကိတ်ပုဒ်သည် ဇာတိသဒ္ဒါ, ဂုဏသဒ္ဒါ, ဒဗ္ဗသဒ္ဒါ, နာမ သဒ္ဒါ ဖြစ်ခဲ့သော် ပြဿနာ မရှိ၊ အကယ်၍ ကြိယာသဒ္ဒါဖြစ်ခဲ့သော် ဇျပ္ပတ္တိနိမိတ် နှင့် ပဝတ္တိနိမိတ်သည် တူနေရာ၏။ ယင်းတို့၏အထူးကို အဘယ်သို့ သိရမည် နည်းဟု မေးခဲ့သော် အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော ကြိယာသည် ဇျပ္ပတ္တိနိမိတ်မည်၏။ အပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော ကြိယာသည် ပဝတ္တိနိမိတ်မည်၏–ဟု ဖြေဆိုပါ။

http://www.dhammadownload.com



## ဘာဒစ္စာဒီပနီနည်း

၁။ ဗျူပ္ပတ္တိရ၊ ဝိဂ္ဂဟ၊ ဝါကျ ယူအပ်စွာ။
၂။ ယင်းနိမိတ္တ၊ သမ္ဗန္ဓ၊ ကြိယာ ယူအပ်စွာ။
(သမာသ်နှင့်တဒ္ဓိတ်၊ ကိတ်တို့နှင့် ယထာက္ကမ စပ်ယူပါ။)
၃။ ပဝတ္တိရ၊ နိပ္ဖန္န၊ ပဒ ယူအပ်စွာ။
၄။ ယင်းနိမိတ်သိ၊ ဓာတ်အစ၊ ပဉ္စက၊ ကေ ယူအပ်စွာ။
၅။ ဗျူပ္ပတ်နိမိတ်၊ ကြိယာဟိတ်၊ အစိတ် ယူအပ်စွာ။
၆။ ပဝတ်နိမိတ်၊ ကြိယာဟိတ်၊ ပေါင်းကျိတ် ယူအပ်စွာ။

**အဓိပ္ပါယ်။** ။ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိမည်၏။ သမာသ်ပုဒ် တဒ္ဓိတ်ပုဒ် တို့၌ အစပ်သမ္ဗန်သည်လည်းကောင်း၊ ကိတ်ပုဒ်၌ ကြိယာသည်လည်းကောင်း ဗျူပ္ပတ္တိနိမိတ် မည်၏။ နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။ ဓာတ်စသော ငါးပါးတို့တွင် ဆိုင်ရာတစ်ခုခုသည် ပဝတ္တိနိမိတ်မည်၏။

### သမာသ်ပုံစံ

မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။

### အဘိဓာန်ဋီကာနည်း

၁။ မ–ဟူသော၊ ဟာ–ဟူသော၊ ပု–ဟူသော၊ ရိ–ဟူသော၊ သော–ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိမည်၏။
၂။ မဟန္တပုဒ် ပုရိသပုဒ်တို့သည်လည်းကောင်း၊ မြတ်သောဂုဏ်၏ ယောကျ်ားဒြပ်နှင့် ဂုဏ်+ဂုဏ်ဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျူပ္ပတ္တိနိမိတ်မည်၏။
၃။ မဟာပုရိသော–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။
၄။ မြတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်မည်၏။

### ဘာဒစ္စာဒီပနီနည်း

၁။ မဟန္တော စ သော ပုရိသော စာတိ–ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ မည်၏။
၂။ မြတ်သောဂုဏ်၏ ယောကျ်ားဒြပ်နှင့် ဂုဏ်+ဂုဏေအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်မည်၏။
၃။ မဟာပုရိသော–ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။
၄။ မြတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်မည်၏။

http://www.dhammadownload.com



## တဒ္ဓိတ်ပုံစံ

ဖုဋ္ဌံ ဉာဏံ အဿ အတ္ထီတိ ဖုဋ္ဌော။

**အဘိဓာန်ဋီကာနည်း**

၁။ ဖုဝ်-ဟူသော၊ ဓော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ ဖုဋ္ဌပုဒ် ဏ,ပစ္စည်းသည်လည်းကောင်း၊ ဉာဏ်နှင့်ဘုရားတို့၏ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဖုဋ္ဌော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ သဗ္ဗညုတဉာဏ်တော်သည်ဒြပ်သည် ပဝတ္တိနိမိတ်မည်၏။

**ဘာဒစိန္တာဒီပနီနည်း**

၁။ ဖုဋ္ဌံ ဉာဏံ အဿ အတ္ထီတိ-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဗျုပ္ပတ္တိမည်၏။

၂။ ဉာဏ်တော်နှင့် ဘုရားရှင်တို့၏ ဌာနီ+ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဖုဋ္ဌော-ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။

၄။ သဗ္ဗညုတဉာဏ်တော်ဒြပ်သည် ပဝတ္တိနိမိတ်မည်၏။

## ကိတ်ပုံစံ

ဖုဋ္ဌတီတိ ဖုဋ္ဌော

**အဘိဓာန်ဋီကာနည်း**

၁။ ဖုဝ်-ဟူသော၊ ဓော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

၂။ ဖုဓာတ် တ,ပစ္စည်းသည်လည်းကောင်း၊ ဖုဇ်-ဟူသော၊ ဈ-ဟူသော၊ တိ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဖုဋ္ဌော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ဖုဋ္ဌော-ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။

**ဘာဒစိန္တာဒီပနီနည်း**

၁။ ဖုဋ္ဌတီတိ-ဟူသော ဝိဂ္ဂြဟ်ဝါကျသည် ဗျုပ္ပတ္တိမည်၏။

၂။ ဖုဇ်-ဟူသော၊ ဈ-ဟူသော၊ တိ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါ၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

http://www.dhammadownload.com



၃။ ဗုဒ္ဓေါ-ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်။

၄။ ဗုဒ္ဓေါ-ဟူသော အပေါင်းပညတ္တိသဒ္ဒါ၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။

**အမှာ။** ။ဝိဂ္ဂဟပြုပုံကို ပါရာဇိကဏ် ၄-နံပါတ်အတိုင်း သိပါ၊ အဘိဓာန်ဋီကာနည်းနှင့် ဘေဒစိန္တာဒီပနီနည်းတို့၏ ထူးခြားဟန် တူညီဟန်တို့ကို သတိထား၍ လေ့လာကြည့်ပါ။

❀❀❀❀❀

၄-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၅-နံပါတ် စည်းမျဉ်း

လိင်၊ ဂဏ၊ ဂဏဝိမုတ်၊ အန္တနှင့်တကွ သမာသပဒ-စသည်ကိုမေးခြင်း

၁။ လိင် ဂဏာ၊ ဝိမုတ္တာ၊ အန္တာပဒ ခွဲဝေပြ။

၂။ ထိ,ပုံ,နပုံလိင်၊ ဒွိ,တိလိင်၊ အလိင် လိင်အရ။

၃။ ဆယ့်သုံး နာမ်ဂိုဏ်း၊ ချာတ်ရှစ်ဂိုဏ်း၊ ဆစ်ပိုင်း ဂိုဏ်းအရ။

၄။ နိပါတ် ဥပသာ၊ အဗျယာ၊ ဂဏာဝိမုတ္တ။

၅။ ရုပ်တည်သရ၊ ဆုံးသရ၊ ကေန်မှတ် အန္တ။

၆။ နာမ်နှင့်အာချာတ်၊ နိပါတ် ဥပသာ၊ ဤလေးဖြာ စိတ်ဖြာပုဒ်အရ။

၇။ နာမ-သဗ္ဗ၊ သမာသတစ်ဖြာ၊ တဒ္ဓိတာ၊ ကိတာ နာမ်ဖော်ပြ။

၈။ ကံနှင့်ကတ္တား၊ ဤနှစ်ပါး၊ ခွဲခြား အာချာတ။

**အဓိပ္ပါယ်။** ။၅-နံပါတ်၌ လိင်, ဂဏ, ဂဏဝိမုတ်, အန္တ, ပဒ-တို့ကို မေးမည်။ ထိုတွင် လိင်သည် ပုံလိင်, နပုံလိင်, ဣတ္ထိလိင်, ဒွိလိင်, တိလိင်, အလိင်-ဟု ၆-မျိုးရှိ၏။ ထိုတွင် နိစ္စပုံလိင်စသည်ကို ပုံလိင်စသည်ဖြင့် ဆုံးဖြတ်ပါ။ ဩဇ-စသော ဒွိလိင်ကို ဝါကျတွင်းရှိ အခိုက်အတန့်ကို ရှု၍ ဆုံးဖြတ်ပါ။ ဥပမာ-ဩဇာ တိဋ္ဌတိ၊ ဩဇံ ဓရိဘုဥ္ဇ-တို့၌ ပထမဩဇပုဒ်ကို ဣတ္ထိလိင်-ဟု ဆုံးဖြတ်၍ ဒုတိယဩဇ-ပုဒ်ကို ဣတ္ထိလိင်နှင့်ပုံလိင်နှစ်ပါး-ဟု ဆုံးဖြတ်ပါ။ တိလိင်ကား ပဥ-စသော သဘာဝတိလိင်ကို ဝါကျတွင်းရှိ အခိုက်အတန့်ကို ရှု၍ ဆုံးဖြတ်ပါ။ မဟန္တ-စသော ဝါစ္စတိလိင်ကိုကား ဝိသေသျ သို့မဟုတ် အဘိဓေယျကိုကြည့်၍ ဆုံးဖြတ်ပါ။ လုံးဝ ရုပ်စဉ်၍မရသော ဥပသာရပုဒ်, နိပါတ်ပုဒ်များ၊ ရုပ်စဉ်၍ရသော်လည်း လိင်ကြောင့် ရုပ်အထူးမရှိသော ပဥ္စ-အစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါ၊ တုမှသဒ္ဒါ, အမှသဒ္ဒါ-တို့ကို အလိင်ဟု ဆုံးဖြတ်ပါ။ (ပါရာဇိကဏ် ၅-နံပါတ်တုန်းကလည်း ဤအတိုင်းပင် သိရမည်။)

http://www.dhammadownload.com



ဂိုဏ်းသည် နာမ်အရာ၌ ပုရိသာဒိဂိုဏ်း–စသောအားဖြင့် ၁၃–ပါး အပြားရှိ၏။ အာချာတ်အရာ၌ ဘူဝါဒိဂိုဏ်း–စသောအားဖြင့် ၈–ပါးအပြားရှိ၏။ ၎င်းတို့အတွင်း သင့်သလို သွင်း၍ ဂိုဏ်းကို ဆုံးဖြတ်ရမည်။ ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ဂဏဝိမုတ်–ဟု ဆုံးဖြတ်ရမည်။ ဥပသာရပုဒ်မှာ ပ, ပရာ–စသော ပုဒ်ပေါင်း ၂၀–ပင်တည်း။ နိပါတ်ပုဒ်–ဟူရာ၌ စ, ပိ, ဝါ–စသည်အပြင် နာမပဒမာလာ စဉ်၍ မရသော နာမ်ကျမ်းလာ တော, ထ–စသော ပစ္စည်းဆုံးသောပုဒ်များ၊ တဒ္ဓိတ် ကျမ်းလာ အဗျယတဒ္ဓိတ် ပစ္စည်းဆုံးသော ပုဒ်များ၊ ကိတ်ကျမ်းလာ တွာ–စသော တုံ–စသော ပစ္စည်းဆုံးသော ပုဒ်များကိုလည်း ထည့်သွင်းယူရမည်။ ထိုပုဒ်များသည် နိပါတ်အမည် ရသည်နှင့်တစ်ပြိုင်နက် အလိင်အတွင်း ဝင်တော့သည်၊ ဤအချက် ကို အထူးသတိပြုထားပါ၊ ယောင်နေတတ်သည်။

အန္တ–ဟူသည် ရုပ်စဉ်၍ ရကောင်းသောပုဒ်များ၌ စတင်၍ ရုပ်တည်သောအခါ တည်ထားရသော သရတည်း။ ရုပ်စဉ်၍ မရကောင်းသောပုဒ်များ၌ ပုဒ်ပြီးသော အခါ နောက်ဆုံး၌ရှိသော သရတည်း။ (အထူးသတိပြုရမည်မှာ–အာချာတ်ပုဒ်၌ ကာရန္တ ကို မေးခဲ့သော် အတွင်းကာရန်ကို ယူရမည်–ဟု ဆိုကြသည်။ ဥပမာ– ဂစ္ဆတိ၏ ကာရန္တ ကို ဖော်ပြပါ–ဟု မေးလျှင် ဥကာရန္တဖြစ်ပါသည်ဟု ဖြေဆိုရမည်၊ အကြောင်းကား–ဂစ္ဆတိသည် ဂမုဓာတ်မှ ဖြစ်ပေါ်လာသောကြောင့်တည်း။) ပုဒ် ဟူသည် နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်–တို့တည်း။ ထိုတွင် နာမ်ပုဒ်ဖြစ်က နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်–ဟု ခွဲခြား ဖော်ပြပါ။ အာချာတ်ဖြစ်က ကတ္တားဟော ကံဟော–ဟု ခွဲခြားဖော်ပြပါ။

ပုံစံ–၁။ ။ကရုဏာ–ကား ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတ် နာမ်ပုဒ်၊ တစ်နည်း=သမာသ်နာမ်ပုဒ် ဖြစ်ပါသည်။

ပုံစံ–၂။ ။ကိလမတိကား–အလိင်၊ ဘူဝါဒိဂိုဏ်း၊ အာချာတ်ပုဒ်၊ ဥကာ ရန္တ ဖြစ်ပါသည်။

ပုံစံ–၃။ ။ဝိယကား–အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

ပုံစံ–၄။ ။ဣဒါနိကား–အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

ပုံစံ–၅။ ။ဒဿေတုံကား–အလိင်၊ ဂဏဝိမုတ်၊နိဂ္ဂဟီတန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

❀❀❀❀❀

၅–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၆–နံပါတ် စည်းမျဉ်း

စည်းမျဉ်းရော အဖြေပါ ပါရာဇိကကဏ် ၆–နံပါတ်နှင့် တူပါပြီ။

## ၇–နံပါတ် စည်းမျဉ်း

ဟိ, စ, ပန–စသော နိပါတ်ပုဒ်တို့၏ အနက်၊ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗ–စသော အနက်၊ ယ, တ–စသည်တို့၏ စွဲရာအနက်ကို မေးခြင်း။

**ဟိ, စ , ပန–စသော နိပါတ်ပုဒ်တို့၏ အနက်များ**

**ဟိ–နိပါတ်။** ။ဝါကျာရမ္ဘ၊ ဝိတ္ထာရနှင့်၊ ဖလ, ဟေတု၊ ဒဠှီပြု၍၊ ထင်မှု ပါကဋ၊ ဝိသေသနှင့်၊ နွယဇာတိ၊ နက်ဟောရှိ၊ ဟိ–၏ ကိုးအတ္ထာ။ (ဟိ–ကာရဏော ဝိသေသာဝ–ဓာရဏော ပဒပူရဏော။)

**စ–နိပါတ်။** ။ပက္ခန်ထည့်စွက်၊ ဝိတ်–ကိုစွက်၊ စ, နက် လည်းကောင်းလာ။
(သမုစ္စယေ သမာဟာရေ၊ နွာစယေ စေ တရီတရေ။
ပဒပူရဏမတ္တေ စ၊ စ, သဒ္ဒေါ အဝဓာရဏေ။
သမုစ္စယေ ဇာတိရေကော၊ ဝိကပ္ပတ္ထောဝဓာရဏော။
ဝါကျာရမ္ဘာနုကမုနေ၊ ပဒပူရဏေ စ ဒိဿတိ။)

**ပန–နိပါတ်။** ။ဂရဟာ–သမ်၊ နှစ်ပိုပြန်၊ တစ်တန် ပန မှာ။
ထို့ကြောင့် ပန၊ ဝါစ္စတ္ထ၊ မှတ်ကြ ဇော်ဒသာ။
(အထော ပန ဝိသေသသ္မိံ၊ တထေဝ ပဒပူရဏေ။)

**န–နိပါတ်။** ။ပဋိသေဓေ ဝုဒ္ဓိတဗ္ဗာဝေ၊ အညတ္တေ သဒိသေပိ စ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟာပ္ပကေ။

**ဝါ–နိပါတ်။** ။သမုစ္စယေ ဓောပမာယံ၊ သံသယေ ပဒပူရဏေ။
ဝဝတ္ထိတဝိဘာသာယံ၊ ဝါ ဝဿဂ္ဂေ ဝိကပ္ပနေ။

**အပိ–နိပါတ်။** ။သမ္ဘာဝနေ စ ဂရဟာ၊ ပေက္ခာသု စ သမုစ္စယေ။
ပဉှေ ပဒတ္ထာနုညာတေ၊ အပိသဒ္ဒေါ ပဝတ္တတေ။

**ဧဝံ–နိပါတ်။** ။ဧဝံ နိဒဿနာကာရော၊ ပမာသု သမ္ပဟံသနေ။
ဥပဒေသေ စ ဝစနေ၊ ပဋိဂ္ဂါဟေ ဝဓာရဏော။
ဂရဟာယေ တမတ္ထေ စ၊ ပရိမာဏော စ ပုစ္ဆနေ။

**ဣတိ–နိပါတ်။** ။ဣတိ ဟေတုပကာရေသု၊ အာဒိမှိစာဝဓာရဏော။
နိဒဿနေ ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။

**အမှာ။** ။ဤသည်တို့ကား အမေးများသော နိပါတ်ပုဒ်တို့၏ အနက်များတည်း။ တတ်နိုင်ပါက အဘိဓာန်အဗျယဝဂ်တစ်ခုလုံးကို ကျက်ထားလျှင် အမှတ်ရဖို့ ပို၍စိတ်ချရသည်။

http://www.dhammadownload.com



**ဝေ-၏ အနက်သုံးပါး ထုတ်ပုံများ**

၁။ ယှုနှစ် ခွင့်ပြု၊ နက်သုံးခု၊ မှတ်ရှု ဝေတ္ထာ။
၂။ ဝေ ထိုင်နေ၊ ပုဒ်ထွေထွေ၊ ဂဟေတဗ္ဗတ္ထာ။
၃။ ဒြပ်, ဂုဏ်, ကြိယ၊ နောက်ဝေ၊ ကန့်ပြ ချင်းချင်းသာ။
၄။ နိဝတ်ဒဗ္ဗ၊ ဖြစ်လေက၊ ဂုဏာနုညာတာ။
၅။ နိဝတ်ဂုဏ၊ ဖြစ်လေက၊ ဒဗ္ဗနုညာတာ။
၆။ နိဝတ်ကြိယ၊ ဖြစ်လေက၊ ဒဗ္ဗဂုဏာ-နုညာတာ။
၇။ ဒဗ္ဗဂုဏ၊ နောက်ဝေ၊ ခွင့်ပြု ချင်းချင်းသာ။
၈။ ဆရာတို့ကား၊ ဤနည်းအား၊ ပိုက်ထား နလုံးမှာ။

**အဓိပ္ပါယ်။** ။ဝေ-သဒ္ဒါ၏ အနက်သုံးပါး-ဟူသည်မှာ ဂဟေတဗ္ဗတ္ထ= ယူအပ်သောအနက်၊ နိဝတ္တေတဗ္ဗတ္ထ= နစ်စေအပ်သောအနက်၊ အနုညာတတ္ထ= ခွင့်ပြုအပ်သောအနက်-တို့ ဖြစ်သည်။ ဝေ-သဒ္ဒါ ထိုင်ရာဖြစ်သော ပုဒ်၏အနက်ကို ဂဟေတဗ္ဗတ္ထ ထုတ်ရမည်၊ ဂဟေတဗ္ဗက ဒြပ်ဖြစ်လျှင် ဆန့်ကျင်ဘက် ဒြပ်ကို လည်းကောင်း၊ ဂုဏ်ဖြစ်လျှင် ဆန့်ကျင်ဘက် ဂုဏ်ကိုလည်းကောင်း၊ ကြိယာ ဖြစ်လျှင် ဆန့်ကျင်ဘက် ကြိယာကိုလည်းကောင်း နိဝတ္တေတဗ္ဗတ္ထ ထုတ်ရမည်။

နိဝတ္တေတဗ္ဗက ဒြပ်ဖြစ်လျှင် ဝါ-ဒြပ်နောင် ဝေ-ထိုင်လျှင် ထိုဒြပ်၏ ဝါကျ တွင်းရှိ ဂုဏ်ကို အနုညာတ ထုတ်ရမည်။ နိဝတ္တေတဗ္ဗက ဂုဏ်ဖြစ်လျှင် ဝါ- ဂုဏ်နောင် ဝေ-ထိုင်လျှင် ထိုဂုဏ်၏တည်ရာ ဝါကျတွင်းရှိ ဒြပ်ကို အနုညာတ ထုတ်ရမည်။ နိဝတ္တေတဗ္ဗက ကြိယာဖြစ်လျှင် ဝါ-ကြိယာနောင် ဝေ-ထိုင်လျှင် ထိုကြိယာကို ပြုလုပ်သော ဝါကျတွင်းရှိ ဒြပ်နှင့် ထိုဒြပ်၏ဂုဏ် နှစ်ပါးစုံတို့ကို အနုညာတ ထုတ်ရမည်။ အနုညာတထုတ်ရာ၌ ယခုပြထားသော အဓိပ္ပါယ်မှာ ဗဟိုအဖွဲ့၏ အလိုဖြစ်သည်။

ဘုရားကြီးနိယံ၏ အလိုအားဖြင့် ဒြပ်နောင် ဝေ-ထိုင်လျှင် ထိုဒြပ်၏ ဝါကျ အပြင်ရှိ ဂုဏ်ကို အနုညာတ ထုတ်ရမည်။ ဂုဏ်နောင် ဝေ-ထိုင်လျှင် ထိုဂုဏ်၏ တည်ရာ ဝါကျအပြင်ရှိ ဒြပ်ကို အနုညာတ ထုတ်ရမည်။ ကြိယာနောင် ဝေ- ထိုင်လျှင် ထိုကြိယာကို ပြုလုပ်သော ဝါကျအပြင်ရှိ ဒြပ်နှင့် ထိုဒြပ်၏ ဂုဏ်ကို အနုညာတ ထုတ်ရမည်။ ထူးခြားဟန်ကား ဗဟိုအလို ဝါကျအတွင်းရှိ စကားရပ်ကို အနုညာတ ထုတ်ရမည်၊ ဘုရားကြီးနိယာမ်အလို ဝါကျအပြင်ရှိ စကားရပ်ကို အနုညာတ ထုတ်ရမည်။-ဟု ဆိုလိုသည်။ ဗဟိုအလိုက လွယ်ကူသည်၊ ဤကား အများယူရိုးယူစဉ်တည်း။

http://www.dhammadownload.com



ဆရာတို့ကား ဒြပ်နောင် ဓေ–ထိုင်လျှင် ဂဟေတဗ္ဗဒြပ်နှင့်တူသော အခြားဒြပ်ကိုပင် အနုညာတ ထုတ်ရမည်။ ဂုဏ်နောင် ဓေ–ထိုင်လျှင် ဂဟေတဗ္ဗဂုဏ်နှင့်တူသော အခြားဂုဏ်ကိုပင် အနုညာတ ထုတ်ရမည်။ ကြိယာနောင် ဓေ–ထိုင်လျှင် ဂဟေတဗ္ဗနှင့်တူသော အခြားကြိယာကိုပင် အနုညာတ ထုတ်ရမည်–ဟု ယူဆကြသည်၊ ပို၍ သဘာဝကျ၏။ သို့ရာတွင် ဗဟို၏ အလိုအတိုင်းသာ ဖြေဆိုပါ။ ထို့ပြင် အနုညာတကို နေရာတိုင်းမှာ ထုတ်၍ရကောင်းသည် မဟုတ်၊ အချို့အရာမှာသာ ရကောင်းသည်ကိုလည်း သတိပြုပါ။

**ဒြပ်နောင်ထင်သောပုံစံ**

(တိဿမိတ္တေသု) တိဿော ဓေ ဓနုဓရော ဟောတိ။
၁။ တိဿဒြပ်သည် ဂဟေတဗ္ဗတ္ထ။
၂။ မိတ္တဒြပ်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ တိဿဒြပ်၏ လေးအတတ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။(ဗဟိုအလို)
တိဿဒြပ်၏ ဆင်အတတ်စသော ဂုဏ်သည် အနုညာတတ္ထ။
(ဘုရားကြီးအလို)
လေးအတတ်ကို တတ်သော ဒတ္တဒြပ်သည် အနုညာတတ္ထ။
(အာစရိယဝါဒအလို)

**မှတ်ချက်။** ။ဂဟေတဗ္ဗနှင့် နိဝတ္တေတဗ္ဗတို့အတွက် အထူးပြောဖွယ်မရှိ၊ အနုညာတကို ထုတ်ရာ၌ ဗဟိုစံပြက ဂဟေတဗ္ဗ၏ ဝါကျအတွင်းရှိ ဂုဏ်ကို အနုညာတ ထုတ်သည်။ ဘုရားကြီးက ဂဟေတဗ္ဗ၏ ဝါကျအပြင်ရှိ ဂုဏ်ကို အနုညာတ ထုတ်သည်။ အာစရိယဝါဒက ဂဟေတဗ္ဗနှင့် ဂုဏ်ရည်ချင်းတူသော အခြား ဒြပ်တစ်ခုကိုပင် အနုညာတ ထုတ်သည်။ အောက်ပါ ဋီကာကို ထောက်လျှင် အာစရိယဝါဒသည် သဘာဝကျသည်။

ဝိညာဏမေဝ နာမရူပဿ ပစ္စယော ဟောတိ။ (သုတ်မဟာဝါ၌၊ ၄၃)

ဝိညာဏမေဝါတိ နိယမဝစနံ၊ ဣတော ဗာဟိရပရိကပ္ပိတဿ အတ္တနော, ဣဿရာဒီနဥ္စ ပဋိက္ခေပပဒံ၊ န အဝိဇ္ဇာဖဿာဒိပဋိက္ခေပပဒံ ပဋိယောဂိနိဝတ္တနပဒတ္တာ အဝစာရဏာဿ။ (သုတ်မဟာဝါဋီကာ၊ ၁၀၅)

ဋီကာနှင့်ညီအောင် အနက်သုံးပါးထုတ်ပုံကို အောက်ပါအတိုင်း မှတ်ပါ။
၁။ ဝိညာဏ်သည် ဂဟေတဗ္ဗတ္ထ။
၂။ အတ္တသည်လည်းကောင်း၊ ဣဿရ–စသည်သည်လည်းကောင်း နိဝတ္တေတဗ္ဗတ္ထ။
၃။ အဝိဇ္ဇာ၊ ဖဿ–စသည်သည် အနုညာတတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ။ဂဟေတဗ္ဗသည် ဒြပ်ဖြစ်သကဲ့သို့ နိဝတ္တေတဗ္ဗ, အနုညာတတို့လည်း ဒြပ်ပင်ဖြစ်သည်ကို သတိပြုပါ။ အနုညာတဟူသည်မှာ တိုက်ရိုက် ပြမထားသော်လည်း ယူသော် ရနိုင်သည့် သင့်လျော်သော အနက်ဖြစ်သောကြောင့် ဂဟေတဗ္ဗနှင့် ဒြပ်ချင်း, ဂုဏ်ချင်း, ကြိယာချင်း တူညီ မှသာ သဘာဝကျပေမည် စဉ်းစားပါ။

**ဂုဏ်နောင်ထိုင်သော ပုံစံ**

(ဓနေသိပ္ပဟတ္ထိသိပ္ပေသု) တိဿော ဓနေဓရော ဧဝ ဟောတိ။

၁။ လေးအတတ်ဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဆင်အတတ်ဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ လေးအတတ်ကိုတတ်သော တိဿဒြပ်သည် အနုညာတတ္ထ။ (ဗဟိုအလို)
လေးအတတ်ကိုတတ်သော မိတ္တဒြပ်သည် အနုညာတတ္ထ။
(ဘုရားကြီးအလို)
တိဿဒြပ်၏ မြင်းအတတ်စသော ဂုဏ်သည် အနုညာတတ္ထ။
(အာစရိယဝါဒအလို)

**မှတ်ချက်။** ။ဂုဏ်နောင်ထိုင်သော ဧဝ-၏ အနုညာတကို ထုတ်ရာ၌ ဗဟိုက ဂဟေတဗ္ဗဂုဏ်၏ တည်ရာဝါကျအတွင်းရှိ ဒြပ်ကိုပင် အနုညာတထုတ်သည်။ ဘုရားကြီးက ဂဟေတဗ္ဗဂုဏ်၏ တည်ရာ ဝါကျအပြင်ရှိဒြပ်ကို အနုညာတ ထုတ်သည်။ အာစရိယဝါဒက ဂဟေတဗ္ဗဂုဏ်နှင့် အလားတူ သော တိုက်ရိုက်မပြသော်လည်း ယူလျှင်ဖြစ်နိုင်သော အခြားဂုဏ်တစ်ခုကို အနုညာတ ထုတ်သည်။ အာစရိယဝါဒသည် သဘာဝကျ၏၊ သို့ရာတွင် စာဖြေရာ၌ ဗဟိုအလိုအတိုင်း ဖြေပါ။

**ကြိယာနောင်ထိုင်သော ပုံစံ**

စောဒေတ္တိယေဝ၊ န တိဋ္ဌတိ။ ကခ်ါ၊ ၁၇၀)
(တောင်းရုံသာ တောင်း၏၊ မရပ်-ဟု ဘာသာပြန်ထားပါ။)

၁။ တောင်းခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။
၂။ ရပ်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။
၃။ တောင်းသောရဟန်းဒြပ်နှင့် တောင်းတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

**မှတ်ချက်။** ။ဧဝ-သည် သန္နိဋ္ဌာနာဝဓာရဏခေါ် ပင်လျှင်-ဟု အနက်ပေးရသော ဧဝ၊ နိဝတ္တာပနာဝဓာရဏခေါ် သာလျှင်-ဟုပေးရသော ဧဝ-ဟု နှစ်မျိုး

http://www.dhammadownload.com



ရှိ၏။ ထိုတွင် နိဝတ္တာပနာဝဓာရဏအနက်ရှိသော ဧဝ–၌သာ ဂဟောတဗ္ဗစသော အနက်သုံးပါး ထုတ်နိုင်သည်။ သန္နိဋ္ဌာနာဝဓာရဏအနက်ရှိသော ဧဝ–၌ကား ထို အနက်သုံးပါး ထုတ်၍ မရ။ ကြိယာနောင်ထိုင်သော ဧဝ–သည်လည်း သန္နိဋ္ဌာနာ ဝဓာရဏအနက်ဟောသာ များသည်။ နိဝတ္တာပနာဝဓာရဏအနက်ဟော ဧဝ– ကား ရှားလှသည်။ အောက်ပါတို့သည် စာတက်ရင်း စာချရင်း ရတတ်သမျှ ရှာထားသော ပုံစံများ ဖြစ်ကြ၏၊ အနက်သုံးချက် ထုတ်ကြည့်ပါ။

၁။ ဥပါဒိယန္တေဝယေဝ ဘူတာနိ၊ န ဘူတာနိ ဝိယ ဥပါဒိယန္တီတိ ဥပါဒါ။ (နိဋ္ဌ၊ ၉၂)
၂။ သက္ခရကထလဥ္စ တိဋ္ဌတိယေဝ၊ န စရတိ။ (နိဋ္ဌ၊ ၄၁၁)
၃။ ပဋိဂ္ဂဏှာတိယေဝ၊ န ဝိမံသတိ၊ န ပစ္စာဟရတိ။ (ကင်္ခါ သဥ္စရိတ္တသိက္ခာပုဒ်)
၄။ အသာသေသိယေဝ၊ မယိ နေဝ ကောပံ န ဒေါသမကာသိ။ (ဓမ္မပဒ၊ ပ၊ ၃၉၄)
၅။ တံ ကာရဏံ အတ္ထိယေဝ၊ နော နတ္ထိ။ (မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၄၈)

မှတ်ချက်။ ။ဧဝ–သဒ္ဒါ တိုက်ရိုက်မပါသော ပုဒ်ပင် ဖြစ်သော်လည်း သဗ္ဗဝါကျံ သာဝဓာရဏံ–ဟူသော ပရိဘာသာနှင့်အညီ ဧဝ–သဒ္ဒါကို လုတ္တနိဒ္ဒိဋ္ဌ ဂမျမာန်ကြံ၍ ပုဒ်တိုင်းမှာ မေးနိုင်သည်ပင် ဖြစ်ကြောင်း သတိပြုပါ။

**ယ, တ–စသည်တို့၏ စွဲရာအနက်များ**

၁။ အနုဘူတာ၊ ပက္ကန္တာနှင့်၊ တစ်ဖြာ ပသိဒ္ဓ၊ ဝိသယ၊ သုံး၀ တ,သဒ္ဒါ။
၂။ ဆိုပြီးဝါကျ၊ ကြိယာ့၊ စွဲရ နုဘူတာ။
၃။ ဆိုပြီးဝါကျ၊ ပါဒဗ္ဗ၊ စွဲက ပက္ကန္တာ။
၄။ ဝါကျထဲမှာ၊ ဖော်ကာ ပြထား၊ ဒြပ်အား၊ စွဲငြား ပသိဒ္ဓါ။
၅။ တ,၏မျိုးစား၊ မေးပါငြား၊ ဖြေကြား ဉာသုံးဖြာ။
၆။ ယ,တေတိမ၊ စွဲအတ္တ၊ မေးက နက်တိုင်းသာ။

အစိပ္ပါယ်။ ။အနုဘူတဝိသယ၊ ပက္ကန္တဝိသယ၊ ပသိဒ္ဓဝိသယ–ဟု တ, သဒ္ဒါ သုံးမျိုး ရှိ၏။ ထိုတွင် ရှေ့ဝါကျရှိ ကြိယာကိုစွဲလျှင် "အနုဘူတဝိသယ" ဟုခေါ်၏၊ ရှေ့ဝါကျရှိ ဒြပ်ကို စွဲလျှင် "ပက္ကန္တဝိသယ"ဟု ခေါ်၏၊ စွဲရာအနက် တိုက်ရိုက်ပါလျှင် "ပသိဒ္ဓဝိသယ"ဟုခေါ်၏။ တ,သဒ္ဒါ၏ အမျိုးအစားကို မေးက ဉာသုံးချက်ကို ဖြေရမည်။ တ,သဒ္ဒါ၏ စွဲရာနက်ကို မေးလျှင် အနက်အတိုင်းပင် ဖြေရမည်။ စွဲရာအနက်ကို မေးရာ၌ တ,သဒ္ဒါကို မေးသကဲ့သို့ ယ, တေ, ဣမ– တို့၏ စွဲရာအနက်ကိုလည်းကောင်း၊ အခြားသော သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက် ကိုလည်းကောင်း မေးနိုင်သည်ဟုမှတ်။

http://www.dhammadownload.com



**အနုဘူတဝိသယ**

အတိတံ နာနုသောစာမိ၊ န ပဇပ္ပါမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။

ရှင်း။ ။ဤ၌ တေနဝယ် ပါသော တ,သဒ္ဒါသည် ရှေ့ဝါကျရှိ နာနု-သောစာမိ၊ န ပဇပ္ပါမိ၊ ယာပေမိ-ကြိယာတို့ကို ပြန်၍စွဲသောကြောင့် အနုဘူတဝိသယ တ,သဒ္ဒါ ဖြစ်ပါသည်။ စွဲရာအနက်ကို မေးခဲ့သော် "တေန-ထိုသို့မစိုးရိမ်ခြင်း, မတောင့်တခြင်း, မျှတခြင်းကြောင့်"ဟု အနက်ပေးပြရုံသာ။

**ပဏ္ဏတ္တိဝိသယ**

တဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ ပသီဒတိ။
ဥတ္တရိပိ အဓိဋ္ဌာမိ၊ ဒသပါရမိပူရိယာ။

ရှင်း။ ။ဤ၌ တဿ-ဝယ် ပါသော တ,သဒ္ဒါသည် ရှေ့ဝါကျရှိ ဒီပင်္ကရာဘုရားရှင်ဒြပ်ကို ပြန်၍ စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ တ,သဒ္ဒါ ဖြစ်ပါသည်။ စွဲရာအနက်ကို မေးခဲ့သော် "တဿ-ထို ဒီပင်္ကရာဘုရားရှင်၏"ဟု အနက်ပေးပြရုံသာ။

**ပသိဒ္ဓဝိသယ**

နမာမိ တဿ ဗုဒ္ဓဿ၊ ဓောတသေဋ္ဌဿ တာဒိနော။
တဿေဝ ဓမ္မရတနံ၊ သံဃံစာပိ နိရင်္ဂဏံ။

ရှင်း။ ။ဤ၌ တဿ-ဝယ် ပါသော တ,သဒ္ဒါသည် ဗုဒ္ဓဿ-ဟု ဝါကျထဲ၌ တိုက်ရိုက်ပါရှိသော ဒြပ်ကို စွဲသောကြောင့် ပသိဒ္ဓဝိသယ တ,သဒ္ဒါ ဖြစ်ပါသည်။ (စွဲရာအနက်ကို မေးဖွယ် မလိုပြီ။)

ဓဓဓဓဓ

၇–နံပါတ် စည်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၈–နံပါတ် စည်းမျဉ်း

ပုဒ်ဝါကျများ၌ ယထာရဟ ဖြစ်သင့်ဖြစ်ထိုက်သော ဒသနတ္ထ–စသည် ထုတ်နည်းကို မေးခြင်း။

**မှတ်ချက်။** ။ငှင်း၌ လက္ခဏာဒိစတုက္ကနည်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ဖြေဆိုနိုင်ခွင့်ရှိသည်။ "ဒဋ္ဌဗ္ဗံ၊ ဝေဒိတဗ္ဗံ၊ သိဒ္ဓံ" ဟု ထားသောဝါကျများ၌ မုချတ္ထ, နေယျတ္ထ–စသည်ကိုလည်းကောင်း၊ "သဒ္ဒသိဒ္ဓိ၊ အတ္ထသိဒ္ဓိ၊ သဒ္ဒတ္ထသိဒ္ဓိ၊ ပစ္စက္ခသိဒ္ဓိ၊ အနုမာနသိဒ္ဓိ၊ အာကပ္ပသိဒ္ဓိ၊ ပရိကပ္ပသိဒ္ဓိ၊ သိဒ္ဓေယျသိဒ္ဓိ၊ အတ္ထာပတ္တိသိဒ္ဓိ"အစရှိသော အနက်သဘောကျရောက်ရာ အဓိပ္ပါယ်ယူနည်းများ စပ်ဆိုင်ပါဝင်သည်။

### ဒသနတ္ထ–စသည် ထုတ်နည်း

အလင်္ကာစဉ်၊ ဝိထိစဉ်နှင့်၊ ဖြစ်စဉ်ပဋိစ္စ၊ စတုက္ကဟု၊ လေးဝဈ်မှာ၊ သင့်လျော်ရာဖြင့်၊ ကြိယာငါးတန်၊ ခွဲထုတ်ပြန်၊ အမှန် ရမည်တည်း။

**အဓိပ္ပါယ်။** ။"ဒသနတ္ထ၊ ဒီပကတ္ထ၊ ပကာသနတ္ထ၊ ဝိဘာဝတ္ထ၊ အနုဘာဝတ္ထ"ဤငါးချက်ကို "ကြိယာငါးတန်"ဟူ၍လည်းကောင်း၊ "ကတ္တားငါးတန်"ဟူ၍လည်းကောင်း ခေါ်သည်။ ကြိယာငါးတန် ထုတ်ရာ၌ အလင်္ကာစဉ်အရဖြစ်စေ၊ ဝိထိစဉ်အရဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်အရဖြစ်စေ၊ လက္ခဏာဒိစတုက္ကအစဉ်အရဖြစ်စေ ထုတ်နိုင်သည်သာ ဖြစ်၏။ မေးထားသောပုဒ်, ဝါကျကို ရှု၍ အလင်္ကာစဉ်ဖြင့်ထုတ်က သင့်လျော်မည်ဖြစ်လျှင် အလင်္ကာစဉ်အရ ထုတ်ရမည်–စသည်ဖြင့် သိပါ။ ထိုသို့ ထုတ်ရာ၌ အလင်္ကာစဉ်အရ ထုတ်သည်ဖြစ်စေ၊ ကျန်သုံးပါးသောအစဉ်အရ ထုတ်သည်ဖြစ်စေ အကြောင်းနှစ်ချက် အကျိုးနှစ်ချက်နည်းဖြင့် သော်လည်းကောင်း၊ အကြောင်းတစ်ချက် အကျိုးသုံးချက် နည်းဖြင့် သော်လည်းကောင်း ထုတ်နိုင်ပြန်၏၊ အောက်ပါ ဆောင်ပုဒ်များကို ကျက်ပါ။

### (က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက် ထုတ်နည်း

ဆတ်ဆတ်မုချ၊ တိုက်ရိုက်ပြက၊ ဒသနဆို၊ အကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန၊ မူလကြောင်းမှာ၊ ဝိဘာဝမှန်၊ ကျိုးပရမ္မရာ၊ နုဘာဝါသည်၊ ကြိယာငါးတန် ထုတ်နည်းတည်း။ (ဝိသုဒ္ဓါရုံ)

**အဓိပ္ပါယ်။** ။မေးထားသော ပုဒ်,ဝါကျဖြင့် တိုက်ရိုက်ပြအပ်သော အနက်ကို ဒသနတ္ထ ထုတ်ရမည်။ ထိုဒသန၏ နီးသောအကြောင်းကို ဒီပကတ္ထ ထုတ်

http://www.dhammadownload.com



ရမည်။ ထိုဒဿန၏ နီးသောအကျိုးကို ပကာသနတ္ထ ထုတ်ရမည်။ ထိုဒဿန၏ ဝေးသောအကြောင်းကို ဝိဘာဝတ္ထ ထုတ်ရမည်။ ထိုဒဿန၏ ဝေးသောအကျိုးကို အနုဘာဝတ္ထ ထုတ်ရမည်။ အောက်ပါ ဇယားကို ရှုပါ။

၁။ ဒဿန–မုချအနက်။

၂။ ဒီပက–နီးသောအကြောင်း။

၃။ ပကာသန–နီးသောအကျိုး။

၄။ ဝိဘာဝ–ဝေးသောအကြောင်း။

၅။ အနုဘာဝ–ဝေးသောအကျိုး။

## (ခ) အကြောင်းတစ်ချက် အကျိုးသုံးချက် ထုတ်နည်း

၁။ ထူးဆန်းတစ်ဝ၊ ဝက်တစ်ချက်၊ ပုဒ်နက်ငုပ်ကာ၊ ပဒတ္ထ၊ ဖော်ပြ ငါးအတ္ထာ။

၂။ မုချယူရ၊ စကားကျ၊ ပြကြ ဒဿနာ။

၃။ ချင်း၏ ကာရဏာ၊ ဖလူပြ၊ ယူကြ ဒီပနာ။

၄။ မုချကျိုးယူ၊ ကာရဏူ၊ ပြမူ ပကာသာ။

၅။ ကာရဏူက၊ ဆ,ယူကြ၊ ဒုပြ ဝိဘာဝါ။

၆။ ဒုကာရဏူ၊ ဆ,၍ယူ၊ တမူ နုဘာဝါ။

၇။ တစ်နည်းမိန့်ဟ၊ ဒီပနမူ၊ ကာရဏူ၊ ဖလူ ဝိဘာဝါ။ (ရွှေရေးဆောင်)

**အဓိပ္ပါယ်။** ။ထူးထွေဆန်းပြားရာ၌လည်းကောင်း၊ စကားကောက်ကွေ့ရာ၌လည်းကောင်း၊ ပုဒ်၏အနက်အဓိပ္ပါယ် တိမ်မြုပ်ရာ၌လည်းကောင်း ကြိယာငါးတန် ထုတ်ပြန်ပြရသည်။ ထိုသို့ထုတ်ရာ၌ မုချဖြစ်သောစကားရပ်ကို ဒဿနတ္ထ ထုတ်ရမည်။ ဒဿန၏ အကြောင်းမှန်သမျှကို ဒီပကတ္ထ ထုတ်ရမည်။ ဒဿန၏ အနီးဆုံးသောအကျိုးကို ပကာသနတ္ထ ထုတ်ရမည်။ အလယ်အလတ်ဖြစ်သော အကျိုးကို ဝိဘာဝတ္ထ ထုတ်ရမည်။ ဝေးသော အကျိုးကို အနုဘာဝတ္ထ ထုတ်ရမည်။ (နံပါတ် ၇–ဆောင်ပုဒ်ကား အထက်က ဆိုခဲ့သော အကြောင်းနှစ်ချက် အကျိုးနှစ်ချက် အတွက် ဆောင်ပုဒ် ဖြစ်သည်။ အဓိပ္ပါယ်ကို အထက်က ဆိုခဲ့သည့်အတိုင်းပင် မှတ်ပါ။) အောက်ပါ ဇယားကို ရှုပါ။

၁။ ဒဿန–မုချအနက်။

၂။ ဒီပက–အကြောင်းအားလုံး။

၃။ ပကာသန–အနီးဆုံးအကျိုး။

၄။ ဝိဘာဝ–အလယ်အကျိုး။

၅။ အနုဘာဝ–အဝေးဆုံးအကျိုး။

http://www.dhammadownload.com



## ၁။ အလင်္ကာစဉ်အရ ထုတ်ပုံများ

အန္တတ်အရ၊ ဗာဟျတ်ရကို၊ ကောက်ပြုပြီးခါ၊ သံသရာဝယ်၊ စပ်ရာတရား၊ ကြောင်းကျိုးထား၍၊ နှစ်ပါးနည်းနာ၊ ထုတ်ကြရာသည်၊ ဉာဏ်ပါသုတ လိုသတည်း။

**အဓိပ္ပါယ်။** ။အလင်္ကာစဉ်အရ ထုတ်လိုပါက ပထမဦးစွာ အန္တတ်အရ ဗာဟျတ်အရကို ကောက်ရမည်။ ထို့နောက် သံသရာတစ်ခွင်၌ ဖြစ်သင့်ဖြစ်ထိုက်သော တရားများကို အကြောင်းအကျိုးထား၍ အကြောင်းနှစ်ချက် အကျိုးနှစ်ချက် နည်းဖြင့်ဖြစ်စေ၊ အကြောင်းတစ်ချက် အကျိုးသုံးချက် နည်းဖြင့်ဖြစ်စေ သင့်သလို ထုတ်ရသည်။ ဤအလင်္ကာစဉ်ဖြင့် ထုတ်ရာ၌ ပင်ကိုယ်ဉာဏ်လည်း လိုသည်၊ ဗဟုသုတလည်း လိုသည်။ ၎င်းနှစ်ပါးရှိမှ မှန်ကန်စွာ ထုတ်နိုင်သည်။

ထိုတွင် "လိင်နှင့်ဓာတ်ကို၊ အန္တဆို၊ နက်ကို အန္တတ္တ၊ ပစ္စည်း ဝိဘတ်ကို၊ ဗာဟျဆို၊ နက်ကို ဗာဟျတ္တ"နှင့်အညီ လိင်ကိုလည်းကောင်း၊ ဓာတ်ကိုလည်းကောင်း၊ အန္တ–ဟု ခေါ်၍ လိင်၏အနက်ကိုလည်းကောင်း၊ ဓာတ်၏အနက်ကိုလည်းကောင်း အန္တတ္တ–ဟုခေါ်သည်။ ပစ္စည်းကိုလည်းကောင်း၊ ဝိဘတ်ကိုလည်းကောင်း ဗာဟျ–ဟုခေါ်၍ ပစ္စည်း၏အနက်ကိုလည်းကောင်း၊ ဝိဘတ်၏အနက်ကိုလည်းကောင်း ဗာဟျတ္တ–ဟု ခေါ်သည်။

အန္တတ္တကို ကောက်နည်းကား– ဗုဒ္ဓေါ ဂစ္ဆတိ–ဟူသောဝါကျ၌ ဂစ္ဆတိ–ဟူသော ကြိယာ၏ အန္တတ္တကို ကောက်လိုလျှင် ဘုရားရှင်၏ သန္တာန်ဝယ် သွားဆဲ အခိုက်အခါ၌ဖြစ်သော ပရမတ္ထတရားကို ကောက်ရမည်။ ၎င်းကား ဘုရားရှင်၏ သန္တာန်၌ဖြစ်သော ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်တော်နှင့် စိတ္တဇရုပ်များပင်တည်း။ ဤသို့ စသည်ဖြင့် အန္တတ္တအရကို ကောက်တတ်ပါစေ။ ဗာဟျတ္တအရကာ ပစ္စည်း၊ ဝိဘတ်တို့၏ အရပင်တည်း။ ဤ၌ ဘုရားရှင်တည်း။ အန္တတ္တ, ဗာဟျတ္တ ကောက်ပုံသည် ဉာသ်ကောက်ရာ၌လည်းကောင်း၊ ဘာဝါလင်္ကာရထုတ်ရာ၌ လည်းကောင်း၊ ကြိယာငါးတန်ထုတ်ရာ၌လည်းကောင်း၊ ပဋ္ဌာန်းပစ္စည်းပြိုင်ရာ၌ လည်းကောင်း အလွန်အသုံးဝင်သည်။

### ကုသိုလ်အရာ၌ ကြိယာငါးတန်ထုတ်ပုံ

**(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက်**

၁။ ကုသိုလ်တရားတို့သည် ဒဿနတ္တ။

၂။ အကုသိုလ်ကို ဖျက်ဆီးခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရသည်လည်းကောင်း ဒီပကတ္တ။

http://www.dhammadownload.com



၃။ အဝိပ္ပဋိသာရ, ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ–တို့သည် ပကာသနတ္ထ။
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ–စသည်တို့သည် ဝိဘာဝတ္ထ။
၅။ သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, မဂ်ဖိုလ်နိဗ္ဗာန်ပစ္စဝေက္ခဏာ အကျိုး၊ သုဂတိရောက်ခြင်း, အသက်ရှည်ခြင်း–စသော တမလွန်အကျိုးသည် အနုဘာဝတ္ထ။

(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက်

၁။ ကုသိုလ်တရားတို့သည် ဒဿနတ္ထ။
၂။ အကုသိုလ်ကို ဖျက်ဆီးခြင်းသည်လည်းကောင်း၊ ယောနိသောမနသိကာရသည်လည်းကောင်း၊ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ–စသည်တို့သည်လည်းကောင်း ဒီပကတ္ထ။
၃။ အဝိပ္ပဋိသာရသည် ပကာသနတ္ထ။
၄။ ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ–စသည်တို့သည် ဝိဘာဝတ္ထ။
၅။ သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်, မဂ်ဖိုလ်နိဗ္ဗာန်ပစ္စဝေက္ခဏာ အကျိုး၊ သုဂတိရောက်ခြင်း,အသက်ရှည်ခြင်း–စသော တမလွန်အကျိုးသည် အနုဘာဝတ္ထ။

မှတ်ချက်။ ။အကြောင်းနှစ်ချက် အကျိုးနှစ်ချက် ထုတ်ပုံ၌ ဒဿန၏ အကြောင်းများကို နှစ်ချက် ခွဲသလို အကျိုးများကိုလည်း နှစ်ချက်ခွဲ၍ ထုတ်ထားပုံကို သတိပြုပါ။ အကြောင်းတစ်ချက် အကျိုးသုံးချက် ထုတ်ထားပုံ၌ကား ဒဿန၏ အကြောင်းမှန်သမျှကို တစ်ချက်တည်းထုတ်၍ အကျိုးများကို သုံးချက်ခွဲ၍ ထုတ်ထားပုံကို သတိပြုပါ။ ဤအချက်ကို သဘောပေါက်သွားလျှင် ကြိယာငါးတန် လွယ်ပါ၏။

အဟံ ဗုဒ္ဓံ ဝန္ဒာမိ–၌ ကြိယာငါးတန် ထုတ်ပုံ

(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက်

၁။ ဝန္ဒာမိ–အရ အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော ဗုဒ္ဓပဏာမစေတနာသည် ဒဿနတ္ထ။
၂။ ယောနိသောမနသိကာရ သဒ္ဓါမေတ္တာပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။
၃။ အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းအကျိုးသည် ပကာသနတ္ထ။
၄။ ဗုဒ္ဓ၏ ပဏာမာရဟဘောဂုဏ်, ခေတ္တဂ်တဘောဂုဏ်သည် ဝိဘာဝတ္ထ။

http://www.dhammadownload.com



၅။ အဋ္ဌကထာကို သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သားခြင်း၊ အနက်အဓိပ္ပါယ်ကို ထိုးထွင်း၍သိခြင်း၊ သိသဖြင့် ပါမောဇ္ဇ, ပီတိ–အစ နိဗ္ဗာန်သို့ရောက်ခြင်း အဆုံးရှိသော အကျိုးသည် အနုဘာဝတ္ထ။

(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက်

၁။ ဝန္ဒာမိ–အရ အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာသည် ဒဿနတ္ထ။

၂။ ယာနိသောမနဿိကာရ, သဒ္ဓါမေတ္တာပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။

၃။ အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း အကျိုးသည် ပကာသနတ္ထ။

၄။ သောတုဇနတို့ အဋ္ဌကထာကို သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သားခြင်းသည် ဝိဘာဝတ္ထ။

၅။ အနက်အဓိပ္ပါယ်ကို သိနားလည်ခြင်းအစ နိဗ္ဗာန်အဆုံးရှိသော အကျိုးသည် အနုဘာဝတ္ထ။

**အမှာ။** ။အလင်္ကာစဉ်အရ ကြိယာငါးတန်ထုတ်ရာ၌ အောက်ပါ ဆောင်ပုဒ်များသည် အသုံးဝင်လှသဖြင့် ၎င်းတို့ကို ကျက်ထားပါ။

၁။ ဒဿေတုံ အာဟ၊ နှစ်ပါးပြမှု၊ ဆန္ဒရှေးရှု၊ ဉာဏ်ကိုယူ။

၂။ ဒဿေန္တော ဒီပေန္တော ပကာသေန္တော၊ ကျမ်း၌ပြမှု၊ ကရုဏာရှေးရှု ဉာဏ်ကိုယူ။

၃။ ဒဿေတုံ အာရဒ္ဓ၊ တစ်ဖန်ပြမှု၊ ဝီရိယရှေးရှု ဉာဏ်ကိုယူ။

**အဓိပ္ပါယ်။** ။ဒဿေတုံ+အာဟ–ဟု ပြသောအရာ၌ အာဟ၏ အရကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ–ဟု မေးခဲ့လျှင် အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော ဆန္ဒရှေးရှိသော ဉာဏ်ကို ကောက်၍ ထုတ်ပါ–စသည်ဖြင့် သိပါ။

သဗ္ဗညုတဉာဏ်ဆိုင်ရာ

၁။ ဒု, ရု, ဘိနိ၊ ပါရမီ၊ စာဂီ စရိယ။

၂။ ဗောဓိမဏ္ဍာင်၊ စတုရင်၊ ပေါ်ထင် ဝီရိယ။

၃။ အာ,,စတုတ္ထစျာန်၊ ဝဇီဉာဏ်၊ မှတ်ရန် ရှစ်ချက်ပ။

၄။ မဂ်ဖိုလ်စဉ်မှန်၊ ဆင်ခြင်ရန်၊ သဗ္ဗံ ဓာနာတိ။

၅။ ဂုဏ် ဒေသနာ၊ ဝေနေယျာ၊ ဟိတာ စဉ်တိုင်းသိ။

(အဓိပ္ပါယ်ကို ပါရာဇိကဏ် (၁၀)နံပါတ် ပဒဋ္ဌာနဟာရ၌ ပြခဲ့ပြီ။)

သီလနှင့်ဆိုင်ရာ

သီလ၊ အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိ၊ ယထာဘူတဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်။

http://www.dhammadownload.com



**ယောနိသောမနသိကာရဆိုင်ရာ**

သပ္ပုရိသသံသေဝ၊ သဒ္ဓမ္မသဝန၊ သဒ္ဓါ၊ ယောနိသောမနသိကာရ၊ သတိသမ္ပဇည၊ ဣန္ဒြိယသံဝရ၊ သုစရိတ၊ သတိပဋ္ဌာန်၊ ဗောဇ္ဈင်၊ ဝိဇ္ဇာဝိမုတ္တိ။ (အံ၊ ပါ၊ ၃၅၀)

အလင်္ကာစဉ်အရ ထုတ်ပုံများ ပြီး၏။

## ၂။ ဝိထိစဉ်အရ ထုတ်ပုံများ

အဇ္ဈတ္တအရ၊ ဗာဟိုရ်ရကို၊ ကောက်ပြပြီးခါ၊ ဝိထိမှာလျှင်၊ စပ်ရာတရား၊ ကြောင်းကျိုးထား၍၊ နှစ်ပါးနည်းနာ၊ ထုတ်ကြရာသည်၊ ဤမှာ ဝိထိ လိုသတည်း။

**အဓိပ္ပါယ်။** ။မေးထားသော ပုဒ်ဝါကျ၏ အဇ္ဈတ္တ, သို့မဟုတ် ဗာဟိုရ္ဒ ကို ကောက်ပြီးလျှင် ဝိထိအစဉ်ကို အကြောင်းအကျိုးထား၍ နည်းနှစ်ပါးဖြင့် သင့်သလို ထုတ်ရမည်။ ဤသို့ ဝိထိချတတ်ဖို့ လိုသည်။ အထူး သတိပြုရမည်မှာ ပုစ္ဆာက အဇ္ဈတ္တကို ကိုယ်ပြု၍ဟုသော်လည်းကောင်း၊ ဗာဟိုရ္ဒကို ကိုယ်ပြု၍ဟု သော်လည်းကောင်း ဝိသေသအားဖြင့် မမေးဘဲ အာဟ-အရကို ကိုယ်ပြု၍ စသည် ဖြင့် သာမညအားဖြင့် မေးလျှင် အဇ္ဈတ္တကို ကိုယ်ပြု၍ ထုတ်ရမည်။ ဤအချက်ကို အထူးသတိပြုပါ။

(က) **အကြောင်းနှစ်ချက် အကျိုးနှစ်ချက်**

၁။ ကုသိုလ်ဇောတို့သည် ဒဿနတ္ထ။

၂။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းတို့သည် ဒီပကတ္ထ။

၃။ ပထမတဒါရုံ, ဘဝင်, ဖိုလ်တို့သည် ပကာသနတ္ထ။

၄။ သန္တိရဏစသည်, ဘဝင်္ဂုပစ္ဆေဒစသည်တို့သည် ဝိဘာဝတ္ထ။

၅။ ဒုတိယတဒါရုံ, ဘဝင်စသည်တို့သည် အနုဘာဝတ္ထ။

(ခ) **အကြောင်းတစ်ချက် အကျိုးသုံးချက်**

၁။ ကုသိုလ်ဇောတို့သည် ဒဿနတ္ထ

၂။ ဝုဋ္ဌော, သန္တိရဏစသည်, မနောဒွါရာဝဇ္ဇန်း, ဘဝင်္ဂုပစ္ဆေဒစသည် သည် ဒီပကတ္ထ။

၃။ ပထမတဒါရုံသည် ပကာသနတ္ထ။

၄။ ဒုတိယတဒါရုံသည် ဝိဘာဝတ္ထ။

၅။ ဘဝင်စသည်တို့သည် အနုဘာဝတ္ထ။

ဝိထိစဉ်အရထုတ်ပုံ ပြီး၏။

http://www.dhammadownload.com



## ၃။ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်အရ ထုတ်ပုံများ

အန္တ တ်အရ၊ ဗာဟျတ်ရကို၊ ကောက်ပြပြီးခါ၊ ပဋိစ္စာဝယ်၊ စပ်ရာတရား၊ ကြောင်းကျိုးထား၍၊ နှစ်ပါ နည်းနာ၊ ထုတ်ကြရာသည်၊ ဤမှာ ပါဠိ လိုသတည်း။

**အဓိပ္ပါယ်။** ။အန္တ တ္တအရ၊ သို့မဟုတ် ဗာဟျတ္တအရကို ကောက်ပြီးလျှင် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်အလိုက် နည်းနှစ်ပါးအားလျော်စွာ ထုတ်ရမည်။ ဤဌာ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်ကို ရထားဖို့ လိုအပ်သည်။

**(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက်**

၁။ ကုသိုလ်သင်္ခါရသည် ဒဿနတ္တ။

၂။ အဝိဇ္ဇာသည် ဒီပကတ္တ။

၃။ ဝိညာဏ်သည် ပကာသနတ္တ။

၄။ အာသဝစသည်တို့သည် ဝိဘာဝတ္တ။

၅။ ရုပ်နာမ်စသည်တို့သည် အနုဘာဝတ္တ။

**(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက်**

၁။ ကုသိုလ်ဇောတို့သည် ဒဿနတ္တ။

၂။ အဝိဇ္ဇာ, အာသဝစသည်တို့သည် ဒီပကတ္တ။

၃။ ဝိညာဏ်သည် ပကာသနတ္တ။

၄။ နာမ်ရုပ်သည် ဝိဘာဝတ္တ။

၅။ သဠာယတန, ဖဿ, ဝေဒနာ–စသည်တို့သည် အနုဘာဝတ္တ။

## ၄။ လက္ခဏာဒိစတုက္ကအစဉ်အရ ထုတ်ပုံများ

**(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက်**

၁။ ဒသ်, လက်, ဒီ, ဌာန်၊ ပကာသ်–ကိစ္စ ရသမှတ်။

၂။ သမ္ပတ်, အာကာ၊ ဝိဘာဝ၊ ဖလာ အနုမှတ်။

**အဓိပ္ပါယ်။** ။လက္ခဏာကို ဒဿန ထုတ်ပါ။ ပဒဋ္ဌာန်ကို ဒီပကဲ ထုတ်ပါ။ ကိစ္စ ရသကို ပကာသန ထုတ်ပါ။ သမ္ပတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝ ထုတ်ပါ။ ဖလပစ္စုပဋ္ဌာန်ကို အနုဘာဝထုတ်ပါ ဟူလို။

**(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက်**

လက္ခဏံ ဒဿန၊ ဒီပက ပဒဋ္ဌာန်၊ ရသံ သမ္ပတ္တိ၊ ထုတ်ဘိ ပကာသန်၊ ကိစ္စံရသ၊ ဝိဘာဝတည်း၊ အနုဘာဝ ပစ္စုပဋ္ဌာန်၊ ထုတ်ကြောင်းပြန်သည်၊ ငါးတန်ကြိယာ တစ်နည်းတည်း။

http://www.dhammadownload.com



**အဓိပ္ပါယ်။** ။လက္ခဏာကို ဒဿန ထုတ်ပါ။ ပဒဋ္ဌာန်ကို ဒီပက ထုတ်ပါ။ သမ္ပတ္တိရသကို ပကာသန ထုတ်ပါ။ ကိစ္စရသကို ဝိဘာဝ ထုတ်ပါ။ ပစ္စုပ္ပဋ္ဌာန်နှစ်ခုလုံးကို အနုဘာဝ ထုတ်ပါ-ဟူလို။

**မှတ်ချက်။** ။လက္ခဏာဒိစတုက္ကဟူသည် လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်တို့တည်း။ ထိုတွင် လက္ခဏာနှင့် ပဒဋ္ဌာန်တို့သည် အပြားမရှိကြ၊ ရသသည် "ကိစ္စရသ၊ သမ္ပတ္တိရသ"ဟု နှစ်မျိုးပြားသည်။ ပစ္စုပ္ပဋ္ဌာန်သည်လည်း "အာကာရပစ္စုပ္ပဋ္ဌာန်၊ ဖလပစ္စုပ္ပဋ္ဌာန်"ဟု နှစ်မျိုးပင်ပြားသည်။ ထိုတွင် အကြောင်းနှစ်ချက် အကျိုးနှစ်ချက်နည်း၌ရော အကြောင်းတစ်ချက် အကျိုးသုံးချက်နည်း၌ပါ ရသကို "ကိစ္စရသ၊ သမ္ပတ္တိရသ"ဟု နှစ်မျိုးခွဲ၍ ထုတ်သည်။ ပစ္စုပ္ပဋ္ဌာန်ကိုကား အကြောင်းနှစ်ချက် အကျိုးနှစ်ချက် နည်း၌သာ နှစ်မျိုး ခွဲထုတ်၍၊ အကြောင်းတစ်ချက် အကျိုးသုံးချက်နည်း၌ကား တစ်မျိုးတည်းသာ ထုတ်ယူရသည်။ ဤအချက်ကို စဉ်းစားလိုက်လျှင် အတန်အသင့် နားလည်သွား၏။ သို့မဟုတ်က မျက်စိလည်နေတတ်သည်။ ဇယားကို ရှုပါဦး။

(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက် ဇယား

ဝိဘာဝ = သံ-ရသ+အာ-ပစ္စု။
ဒီပက = ပဒဋ္ဌာန်။
ဒဿန = လက္ခဏာ။
ပကာသန = ကိစ္စရသ။
အနုဘာဝ = ဖလပစ္စုပ္ပဋ္ဌာန်။

(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက် ဇယား

ဒီပက = ပဒဋ္ဌာန်။
ဒဿန = လက္ခဏာ။
ပကာသန = သမ္ပတ္တိရသ။
ဝိဘာဝ = ကိစ္စရသ။
အနုဘာဝ = ပစ္စုပ္ပဋ္ဌာန် ၂-ပါး။

(က) အကြောင်းနှစ်ချက် အကျိုးနှစ်ချက်

၁။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် ဒဿနတ္ထ။
၂။ ယောနိသောမနသိကာရပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ အကုသလဝိဒ္ဓံသနကိစ္စရသသည် ပကာသနတ္ထ။
၄။ ဝေါဒါနဘာဝအာကာရပစ္စုပ္ပဋ္ဌာန်သည် ဝိဘာဝတ္ထ။
၅။ ဣဋ္ဌဝိပါက ဖလပစ္စုပ္ပဋ္ဌာန်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



(ခ) အကြောင်းတစ်ချက် အကျိုးသုံးချက်

၁။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် ဒဿနတ္ထ။

၂။ ယောနိသောမနသိကာရပဒဋ္ဌာန်သည်ဒီပကတ္ထ။

၃။ ဝေါဒါနဘာဝသမ္ပတ္တိရသသည် ပကာသနတ္ထ။

၄။ အကုသလဝိဒ္ဓံသနကိစ္စရသသည် ဝိဘာဝတ္ထ။

၅။ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

ကြိယာငါးတန်ထုတ်နည်း ပြီး၏။

## ဒဠှဖွဲ့၊ ဓေဒိတဖွဲ့၊ သိဒ္ဓံ ထားပုံများ

ဒဠှဖွဲ့ကား သန္နိဋ္ဌာန်၊ ဓေဒိတဖွဲ့ကား သံသယ၊ သိဒ္ဓံရှိက စကားကျ။

**အဓိပ္ပါယ်။** ။သန္နိဋ္ဌာန်ကျ မုချတ္ထ, နိတတ္ထ, ဥဇုကတ္ထ, ကေဝဋ္ဋ အားဖြင့် ယူရမည့် အနက်အဓိပ္ပါယ်ကို ပြလိုရာ၌ ဒဠှဖွဲ့-သဒ္ဒါကို ထားသည်။ မုချအားဖြင့် မယူရဘဲ နှစ်လုံးနှစ်ခွ သံသယဖြစ်လျက် ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တ အားဖြင့် ရသင့်ရာ ယူရမည်-ဟု ပြလိုရာ၌ ဓေဒိတဖွဲ့-သဒ္ဒါ ထားသည်။ အတ္တာပန္န၊ သဒ္ဒါပန္န၊ သာမတ္ထိယအားဖြင့် စကားကျ စကားရောက်ကို ပြလိုရာ၌ သိဒ္ဓံ-သဒ္ဒါ ကို ထားသည်-ဟူလို။

### ဒဠှဖွဲ့ ပုံစံ

ကုက္ကုစ္စံ ဒါသဗျံ ဝိယ ဒဠှဖွဲ့။ (နိဋ္ဌ၊ ၂၉၉)

ရှင်း။ ။ကုက္ကုစ္စကို ကျွန်၏အဖြစ်ကိုကဲ့သို့ မှတ်ရမည်-ဟု သန္နိဋ္ဌာနတ္ထ, မုချတ္ထ, နိတတ္ထ, ဥဇုကတ္ထ, ကေဝဋ္ဋတ္ထကိုပြလို၍ ဤဝါကျ၌ ဒဠှဖွဲ့-သဒ္ဒါထားပါသည်။

### ဓေဒိတဖွဲ့ ပုံစံ

အသာတံ သာတပဋိပက္ခဝသေန ဓေဒိတဖွဲ့။ (နိဋ္ဌ၊ ၂၉၉)

ရှင်း။ ။အသာတ-ပုဒ်ကို သာတ-ပုဒ်၏ ဆန့်ကျင်ဘက်၏ အစွမ်းဖြင့် မှတ်ထိုက်သည်-ဟု သံသယတ္ထ, ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တ တ္ထ-ကို ပြလို၍ ဤ၌ ဓေဒိတဖွဲ့-သဒ္ဒါကို ထားပါသည်။

**မှတ်ချက်။** ။ဒဠှဖွဲ့တုန်းက တဗ္ဗပစ္စည်း၏ အနက်ကို "ရမည်"ဟု ဘာသာပြန်၍ ဓေဒိတဖွဲ့၌ကား "ထိုက်သည်"ဟု ဘာသာပြန်ထားပုံကို သတိပြုပါ။ နိယာမ်ရှိနေ၍သာ ဤအဓိပ္ပါယ်များကို ပြောနေရသည်၊ အမှန်ကား ဒဠှဖွဲ့, ဓေဒိတဖွဲ့-သည် ထူးခြားချက် မရှိ၊ ၎င်းတို့ကို အဋ္ဌကထာဆရာသည် သင့်သလို

http://www.dhammadownload.com



သုံးသွားသည်-ဟု သဘောရပေသည်။ သို့ရာတွင် စာမေးပွဲ၌ကား နိယာမ်အဆို အတိုင်း ဖြေဆိုပါ။ အောက်ပါ နိသျမှတ်ချက်ကိုလည်း လေ့လာပါ။

တတ္ထ ဓမ္မဝဝတ္ထာနာဒိဝါရပ္ပဘေဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ (နိဋ္ဌ၊ ၂၈၉)

ဝုတ္တနယေနေဝ-ဟု ဆိုသော်လည်း ကုသိုလ်၌ ဆိုခဲ့သော နည်းအတိုင်း မသိနိုင်။ ထိုနည်းသို့ အစဉ်လိုက်၍ ထိုက်သည်အားလျော်စွာ သိထိုက်သည်ကို ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော-ဟု ဆိုသည်။ (ဘာဋီ-တ၊ ၂၂၃)

**သိဒ္ဓံ ပုံစံ**

ကာယကမ္မံ ပန ကာယဒွါရမှိယေဝ ဗဟုလံ ပဝတ္တတိ၊ အပ္ပံ ဝစီဒွါရေ။ တသ္မာ ကာယဒွါရေ ဗဟုလံ ပဝတ္တိတော တေသ ကာယကမ္မဘာဝေါ သိဒ္ဓေါ။

ရှင်း။ ။ကာယကံကို ဝစီဒွါရ၌လည်း အနည်းငယ် ဖြစ်သောကြောင့် ဝစီကံဟုလည်း ဆိုသင့်သော်ငြား ကာယဒွါရ၌သာ အများအားဖြင့် ဖြစ်သော ကြောင့် ကာယကံ-ဟူ၍သာ ဆိုသင့်တော့သည်-ဟူသော စကားကျ, စကားရောက် ကို ပြလို၍ သိဒ္ဓေါ-ထားပါသည်။

**သိဒ္ဓိအကြောင်း**

၁။ ပစ္စက္ခရှု၊ အနုမာန်သိ၊ ပရိကပ္ပ၊ သိဒ္ဓေယျတည်း ... ။ သဒ္ဒ အတ္ထာ၊ သဒ္ဒတ္ထာ နှင့်၊ အာကပ္ပတစ်ဖြာ၊ အတ္ထာပန္န၊ ဤကိုးဝသည်၊ မှတ်ကြ သိဒ္ဓိအပြား တည်း။

၂။ တိုက်ရိုက်မချ၊ ဆိုမပြလည်း၊ ပြီးရလိုလို၊ စကားကို၊ ခေါ်ဆို သိဒ္ဓိပ။

၃။ အာရုံပြဘိ၊ အာရုံရှိနှင့်၊ ပြဘိဟေတု၊ အကျိုးစုတည်း။
နာမရူပ၊ သဘာဝကို၊ မချတိုက်ရိုက်၊ သိရာ၌၊ ခေါ်ထိုက် ပစ္စက္ခ။

၄။ အာရုံပြဘိ၊ အာရုံရှိနှင့်၊ ပြဘိဟေတု၊ အကျိုးစုတည်း။
ပြမှုသဒ္ဒ၊ ပိုအတ္ထကို၊ မှန်းဆ၍သာ၊ သိသောခါ၊ ခေါ်ပါ နုမာန။

၅။ အာရုံပြဘိ၊ အာရုံရှိနှင့်၊ ပြဘိဟေတု၊ အကျိုးစုကို၊ တွေးရှုကြံကာ၊ သိသောခါ၊ ခေါ်ပါ ပရိကပ္ပ။

၆။ ဒဋ္ဌိနှစ်ဝ၊ ပကရဏနှင့်၊ ဒေသ ကာလာ၊ ဩစိတျာတည်း။
သုံးဖြာလိင်္ဂ၊ သဒ္ဒန္တရကို၊ ထောက်ဆ၍သာ၊ လိုရာရာ၊ သိခါ သိဒ္ဓေယျ။

၇။ ထောက်ထား သဒ္ဒါ၊ လိုရာရာ၊ သိခါ ခေါ်သဒ္ဒ။

၈။ ထောက်ထား အတ္ထာ၊ လိုရာရာ၊ သိခါ ခေါ်အတ္ထ။

၉။ ထောက်ထား နှစ်ဖြာ၊ လိုရာရာ၊ သိခါ သဒ္ဒတ္ထ။

၁၀။ အကြောင်းဆိုက၊ ဆိုမပြလည်း၊ ဖလဖြာဖြာ၊ ကြံဆကာ၊ သိခါ အာကပ္ပ။

၁၁။ ဗျတိဆိုက၊ အန္ဝယတည်း။ ဆိုပြန္ဝယာ၊ ဗျ-သိခါ၊ အတ္ထာ အာပန္န။

http://www.dhammadownload.com



**အဓိပ္ပါယ်များ**

၁။ သိဒ္ဓိသည် ပစ္စက္ခသိဒ္ဓိ၊ အနုမာနသိဒ္ဓိ၊ ပရိကပ္ပသိဒ္ဓိ၊ သိဒ္ဓေယျသိဒ္ဓိ–ဟု မူလအားဖြင့် လေးမျိုးပြား၏။ တစ်ဖန် သဒ္ဒသိဒ္ဓိ၊ အတ္ထသိဒ္ဓိ၊ သဒ္ဒတ္ထသိဒ္ဓိ၊ အာကပ္ပသိဒ္ဓိ၊ အတ္ထာပန္နသိဒ္ဓိ–ဟု နောက်ထပ် ငါးပါးပြားပြန်၏။ ထိုတွင် ရှေ့လေးပါးကို မူလသိဒ္ဓိ–ဟု ခေါ်၍ နောက် ၅–ပါးကို အနုသိဒ္ဓိဟု ခေါ်၏။ အနုသိဒ္ဓိငါးပါးသည် သိဒ္ဓိလေးပါးတွင် အကျုံးဝင်သည်ဖြစ်၍ မူလသိဒ္ဓိလေးပါးကိုသာ အသုံးပြုပါ။ ပုံစံကိုလည်း မူလသိဒ္ဓိလေးပါးအတွက်သာ ပြဆိုပါမည်။

၂။ တိုက်ရိုက်အားဖြင့် မပြဆိုသော်လည်း အကြောင်းတစ်ခုခုကြောင့် အလိုအလျောက် ပြီးမြောက်လာရသော အနက်အဓိပ္ပါယ်ကို သိဒ္ဓိဟု ခေါ်ရသည်။

၃။ အာရုံဖြင့် အာရမဏိကကိုလည်းကောင်း၊ အကြောင်းဟေတုဖြင့် အကျိုးဖလကိုလည်းကောင်း တိုက်ရိုက်သိရခြင်းသည် ပစ္စက္ခသိဒ္ဓိမည်၏။ နာမ်ရုပ်တို့၏ သဘာဝကို သိရခြင်းသည်လည်း ပစ္စက္ခသိဒ္ဓိပင် ဖြစ်၏။

၄။ အာရုံဖြင့် အာရမဏိကကိုလည်းကောင်း၊ အကြောင်းဟေတုဖြင့် အကျိုးဖလကိုလည်းကောင်း မှန်းဆ၍ သိရခြင်းသည် အနုမာနသိဒ္ဓိမည်၏။ သဒ္ဒါ၏ အရိပ်အရောင်ကို ထောက်ဆ၍ အနက်ကို သိရခြင်းသည်လည်း အနုမာနသိဒ္ဓိပင် ဖြစ်၏။

အာရုံဟေတု၊ အကြောင်းပြုလျက်၊ ကျိုးဆက် အာရမဏ၊ အသိဉာဏ်ဆ နုမာန။
တစ်နည်းသဒ္ဒါ၊ ချင်းဆာယာကို၊ ထောက်စာအနက်၊ သိဉာဏ်သက်က၊ နုမာန။
(တွင်းကြီးနိယံ)

၅။ အာရုံဖြင့် အာရမဏိကကိုလည်းကောင်း၊ အကြောင်းဖြင့် အကျိုးကိုလည်းကောင်း ကြံဆ၍ သိရခြင်းသည် ပရိကပ္ပသိဒ္ဓိ မည်၏။

၆။ အာဂမဒဋ္ဌိကရဏ၊ ယုတ္တိဒဋ္ဌိကရဏ–ဟူသော ဒဋ္ဌိကရဏနှစ်ပါး အရာဌာန၊ အရပ်ဒေသ၊ အချိန်ကာလ၊ အသင့်ယုတ္တိ၊ လိင်သုံးဖြာ၊ သဒ္ဒါတစ်ပါ၊ ဉာပကဟိတ်၊ သန္တာယ ဘာသိတတို့ကို ထောက်ဆ၍ လိုအပ်သောအနက်ကို ခွဲခြား၍ သိရခြင်းသည် သိဒ္ဓေယျသိဒ္ဓိ မည်၏။ (ဤသိဒ္ဓိသည် အလွန် အသုံးဝင်၏၊ အရာရာတိုင်းမှာ ရနိုင်သည်။)

၇။ သဒ္ဒါကို ထောက်ထား၍ လိုရာအနက်ကို သိရခြင်းသည် သဒ္ဒသိဒ္ဓိမည်၏။

၈။ အနက်ကို ထောက်ထား၍ လိုရာအနက်ကို သိရခြင်းသည် အတ္ထသိဒ္ဓိ မည်၏။

၉။ သဒ္ဒါအနက် နှစ်ချက်လုံးကို ထောက်ထား၍ လိုရာအနက်ကို သိရခြင်းသည် သဒ္ဒတ္ထသိဒ္ဓိ မည်၏။

http://www.dhammadownload.com



၁၀။ အကြောင်းကို ဆိုသဖြင့် အကျိုးကို ကြံဆ၍ သိရခြင်းသည်လည်းကောင်း၊ နတ်ရွာနိဗ္ဗာန်ကို ကြံဆ၍ သိရခြင်းသည်လည်းကောင်း ပရိကပ္ပသိဒ္ဓိမည်၏။

၁၁။ ဗျတိရေကကို ဆိုသဖြင့် အန္ဝယကိုလည်းကောင်း၊ အန္ဝယကိုဆိုသဖြင့် ဗျတိရေကကိုလည်းကောင်း အနက်ရောက်အားဖြင့် သိရခြင်းသည် အတ္ထာပန္နသိဒ္ဓိမည်၏။

## ၁။ ပစ္စက္ခသိဒ္ဓိ ပုံစံ

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ။

ရှင်း။ ။လောကုတ္တရာဟုဆိုအပ်သော နိဗ္ဗာန်ကို မဂ်ဉာဏ်ရသော အရိယာပုဂ္ဂိုလ်တို့သာ မဂ်ဉာဏ်ဖြင့် တိုက်ရိုက်မုချ မျက်မှောက်ပြုကြ၏–ဟု မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ရပုံကို သိရခြင်းသည် ပစ္စက္ခသိဒ္ဓိ မည်၏။

## ၂။ အနုမာနသိဒ္ဓိ ပုံစံ

မဟဂ္ဂတာရမ္မဏာ ဓမ္မာ။

ရှင်း။ ။မဟဂ္ဂတာရမ္မဏာ–ဟု သာမညအားဖြင့် ဆိုလျှင်ပင် ထို၏အာရုံဖြစ်သော အာကာသာနဉ္စာယတနမဟဂ္ဂုတ်စိတ်၊ အာကိဉ္စညာယတန မဟဂ္ဂုတ်စိတ် ခြောက်ခုတို့ကို မှန်းဆ၍ သိရခြင်းသည် အနုမာနသိဒ္ဓိ မည်၏။

## ၃။ ပရိကပ္ပသိဒ္ဓိ ပုံစံ

ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ ကတမေ ဓမ္မာ ကုသလာတိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။ (နိဋ္ဌ၊ ၉၇)

ရှင်း။ ။ဘုရားရှင်၏ ကတမေ ဓမ္မာ ကုသလာ–စသော ပဒဘာဇနီ ပါဠိတော်ကို ဟောကြောင်းဖြစ်သော ဝီရိယပြဋ္ဌာန်းသော ဒေသနာတော်တည်းဟူသော အကြောင်းကို ပြသဖြင့် ထို၏အကျိုးဖြစ်သော ဓမ္မပဋိဂ္ဂါဟကတို့၏ သန္တာန်၌ သဒ္ဓါပသန္နကုသိုလ်စိတ္တုပ္ပါဒ်၊ နောင်လာနောက်သားတို့၏ အဘိဓမ္မာကို သင်ယူခြင်း၊ တတ်သိနားလည်ခြင်း၊ ရုပ်နာမ်ဓမ္မကို သိ၍ ဈာန်မဂ်ဖိုလ်ရခြင်း– စသော မိမိသူတပါး နှစ်ဦးသားတို့၏ လောကီလောကုတ္တရာ အကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိရခြင်းသည် ပရိကပ္ပသိဒ္ဓိ မည်၏။

## ၄။ သိဒ္ဓေယျသိဒ္ဓိ ပုံစံ

ယထာဟ "တဒ္ဓံ တဿာရုပ္ပံ ကထံ မဉ္ဇေတိ"တိ။ (နိဋ္ဌ၊ ၁၈၃)

http://www.dhammadownload.com



ရှင်း။ ။တဇ္ဈာသဒ္ဒါ၏ တဿာရုပ္ပအနက်၌ ဖြစ်၏–ဟူသော အဓိပ္ပါယ်ကို တဇ္ဈံ တဿာရုပ္ပံ ကထံ မညွှေတိ–ဟူသော ပါဠိတော်သာကေဖြင့် ထောက်ဆ၍ ယုံကြည်ရခြင်းသည် သိဒ္ဓေယျသိဒ္ဓိ မည်၏။

**ပုံစံတစ်မျိုး**

တဝ ဗျဉ္ဇနံ အလောဏံ၊ သိန္ဓဝံ အာနေဟိ။ ယုဒ္ဓတ္ထာယ သိန္ဓဝံ အာနေဟိ–တို့တွင် ပထမပုံစံ၌ တဝ ဗျဉ္ဇနံ အလောဏံ–ဟူသော သဒ္ဒန္တရကိုထောက်၍ သိန္ဓဝ–သဒ္ဒါ ဆား–ဟူသောအနက် ဟောကြောင်းကို သိခြင်းသည်လည်းကောင်း၊ ဒုတိယပုံစံ၌ ယုဒ္ဓတ္ထာယ–ဟူသော သဒ္ဒန္တရကို ထောက်ဆ၍ သိန္ဓဝ–သဒ္ဒါ မြင်း–ဟူသောအနက်ကို ဟောကြောင်းကို သိရခြင်းသည်လည်းကောင်း သိဒ္ဓေယျသိဒ္ဓိ မည်၏။

အမှာ။ ။သိဒ္ဓိ ၉–ပါးတွင် မူလသိဒ္ဓိလေးပါးကို အထူးသတိပြု၍ လေ့လာထားပါ။ ထိုတွင်လည်း သိဒ္ဓေယျသိဒ္ဓိသည် အလွန်အရာကျယ်၏၊ မေးကွက်လည်းကောင်း၏၊ ၎င်းကို ကျေပွန်စွာ နားလည်ပါစေ။ ထို့ပြင် သိဒ္ဓိကို မေးရာ၌ အဘယ်သိဒ္ဓိဖြစ်သနည်း–ဟု မမေးဘဲ ပစ္စက္ခသိဒ္ဓိဖြစ်ပုံကို ရေးပါ–စသည်ဖြင့် မေးသင့်ပါသည်၊ သို့မဟုတ်က အဖြေမှန်ထုတ်ရာ၌ အငြင်းပွားဖွယ် ဖြစ်ပါသည်။

၈–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

http://www.dhammadownload.com



## ၉–နံပါတ် စည်းမျဉ်း

**အဘိဓမ္မာအရာ၌ သိမ်မွေ့နက်နဲခက်ခဲသော သဘောအဓိပ္ပါယ် အဆုံးအဖြတ်ကို မေးခြင်း။**

**မှတ်ချက်။** ။လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်–ထုတ်ခြင်းကို မေးခြင်း၊ ပရမတ္ထဓမ္မဖြစ်ပုံ အခြင်းအရာ၊ ဝိထိဖြစ်ပုံ–စသည်ကို မေးခြင်းလည်း စပ်ဆိုင်ပါဝင်သည်။

**အမှာ။** ။အဓိပ္ပါယ်အတွက် ကျမ်းရင်းကို ကျေအောင် ကြည့်ထားပါ။ လက္ခဏာဒိစတုက္ကအတွက် အောက်ပါတို့ကို ရအောင်ကျက်၍ ညတိုင်း ပြန်ထားပါ။ အနက်ထင်ပြီးမှ ကျက်လျှင် ပို၍လည်း ရလွယ်၏၊ ပို၍လည်း စွဲ၏။

### ပရမတ္ထတရား

<u>စိတ္တံ</u> ဝိဇာနနလက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ။
သန္ဓာနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၁၅၅)

<u>စေတသိကံ</u> စိတ္တနိယတလက္ခဏံ၊
စိတ္တေန အဝိယောဂုပ္ပဇ္ဇနရသံ၊
သက သက သံဃဋ္ဋနာနုဘဝနာဒိရသံ ဝါ၊
စိတ္တေကာရမ္မဏပစ္စုပဋ္ဌာနံ၊
စိတ္တုပ္ပါဒပဒဋ္ဌာနံ၊ အာပါထဂတဝိသယပဒဋ္ဌာနံ ဝါ။ (နိဋ္ဌ၊ မပါ)

<u>ရူပံ</u> ရုပ္ပနလက္ခဏံ၊ ဝိကိရဏရသံ၊
အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။ (သမ္မော၊ ၁၂၉)

<u>နိဗ္ဗာနံ</u> သန္တိလက္ခဏံ၊ အစ္စုတိရသံ၊ အနိမိတ္တပစ္စုပဋ္ဌာနံ။
(ပဒဋ္ဌာန်မရကောင်း၊ နိဋ္ဌ၊ မပါ)

**အမှာ။** ။လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း သိပါ။

တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံ နာမ။ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ။ ပဒဋ္ဌာနာကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ။ **အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။** (နိဋ္ဌ၊ ၁၀၅)

http://www.dhammadownload.com



## စိတ်ပိုင်းဆိုင်ရာ

**ကုသလ်** အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အကုသလဝိဒ္ဓံသနရသ်၊
ဝေါဒါနပစ္စု ပဋ္ဌာန်၊ ယောနိသောမနသိကာရပဒဋ္ဌာန်။ (နိဋ္ဌ၊ ၁၀၅)
**တစ်နည်း ကုသလ်** အနဝဇ္ဇလက္ခဏာ၊ ဝေါဒါနဘာဝရသ်၊
ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်၊ ယောနိသောမနသိကာရပဒဋ္ဌာန်။ (နိဋ္ဌ၊ ၁၀၅)

**အကုသလ်** သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊
ကုသလပဋိပက္ခရသ်၊ အနတ္ထဇနန ရသ် ဝါ၊
ကာလုသိယပစ္စုပဋ္ဌာန်၊ သံကိလေသပစ္စုပဋ္ဌာန် ဝါ၊
အယောနိသောမနသိ ကာရပဒဋ္ဌာန်။ (နိဋ္ဌ၊ မပါ)

**ဝိပါက်** အဝိပါကလက္ခဏာ၊ ဝိဇာနနလက္ခဏာ ဝါ၊
ဝိပစ္စနရသ်၊ သန္တာနပစ္စုပဋ္ဌာန်၊ အာပါထဂတဝိသယပဒဋ္ဌာန်။ (သမ္မော)

**ကြိယာ** ကရဏမတ္တလက္ခဏာ၊ ဝိဇာနနရသာ၊
ဇဝနရသာ ဝါ၊ သန္တာနပစ္စုပဋ္ဌာနာ၊ အာပါထဂတဝိသယပဒဋ္ဌာန်။(သမ္မော)

**စက္ခုဝိညာဏ်** စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏာ၊
ရူပမတ္တာရမ္မဏရသ်၊ ရူပါဘိမုခဘာဝပစ္စုပဋ္ဌာန်၊
ရူပါရမ္မဏာယ ကိရိယမနောဓာတုယာ အပဂမပဒဋ္ဌာန်။ (နိဋ္ဌ၊ ၃၀၃)
(သောတဝိညာဉ်–စသည်ကိုလည်း နည်းမှီ၍ သိပါ။)

**သမ္ပဋိစ္ဆန်** စက္ခုဝိညာဏာဒီနံ အနန္တရံ ရူပါဒိဝိဇာနနလက္ခဏာ၊
ရူပါဒီနံ သမ္ပဋိစ္ဆနရသ်၊ တထာဘာဝပစ္စုပဋ္ဌာန်၊
စက္ခုဝိညာဏာဒိအပဂမပဒဋ္ဌာန်။ (နိဋ္ဌ၊ ၃၀၄)

**သန္တီရဏ်** ဆဠာရမ္မဏဝိဇာနနလက္ခဏာ၊ သန္တီရဏာဒိရသ်၊
တထာဘာဝပစ္စုပဋ္ဌာန်၊ ဟဒယဝတ္ထုပဒဋ္ဌာန်။ (နိဋ္ဌ၊ ၁၀၅)

**မဟာဝိပါကစိတ္တ်** ဆဠာရမ္မဏဝိဇာနနလက္ခဏာ၊
တဒါရမ္မဏာဒိရသ်၊ တထာဘာဝပစ္စုပဋ္ဌာန်၊
ဟဒယဝတ္ထုပဒဋ္ဌာန်။ (သမ္မော)

**ရူပါဝစရဝိပါကစိတ္တ်** ပထဝီကသိဏာဒိပညတ္တာရမ္မဏဝိဇာနနလက္ခဏာ၊
ပဋိသန္ဓိအာဒိရသ်၊ တထာဘာဝပစ္စုပဋ္ဌာန်၊ ဟဒယဝတ္ထုပဒဋ္ဌာန်။ (သမ္မော)

**အာကာသာနဉ္စာယတနဝိပါကစိတ္တ်** အာကာသဝဇ္ဇိတကသိဏေသု ယံကိဉ္စိ
ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသပညတ္တာရမ္မဏဝိဇာနနလက္ခဏာ၊

http://www.dhammadownload.com



ပဋိသန္ဓိအာဒိရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊
အာရမ္မဏပဒဋ္ဌာနံ။ (သမ္မော)

<u>ဝိညာနဉ္စာယတနဝိပါကစိတ္တံ</u> အာကာသာနဉ္စာယတန-
ကုသလစိတ္တာရမ္မဏဝိဇာနနလက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊
တထာဘာဝပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ။ (သမ္မော)

<u>အာကိဉ္စညာယတနဝိပါကစိတ္တံ</u> နတ္ထိဘာဝပညတ္တာရမ္မဏ-
ဝိဇာနနလက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊
တထာဘာဝပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

<u>နေဝသညာနာသညာယတနဝိပါကစိတ္တံ</u> အာကိဉ္စညာယတန-
ကုသလစိတ္တာရမ္မဏဝိဇာနနလက္ခဏံ၊ ပဋိသန္ဓိအာဒိရသံ၊
တထာဘာဝပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

<u>လောကုတ္တရဝိပါကစိတ္တံ</u> နိဗ္ဗာနာရမ္မဏဝိဇာနနလက္ခဏံ၊
ဇဝနရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊ အာရမ္မဏပဒဋ္ဌာနံ၊ (နိဋ္ဌ၊ မပါ)

<u>ပဉ္စဒွါရာဝဇ္ဇနံ</u> စက္ခုဝိညာဏာဒိပုရေစရရူပါဒိဝိဇာနနလက္ခဏံ၊
မနောဓာတုအာဝဇ္ဇနရသံ၊ ရူပါဒိအဘိမုခိဘာဝပစ္စုပဋ္ဌာနံ၊
ဘဝင်္ဂုပစ္ဆေဒပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

<u>မဟာကြိယစိတ္တံ</u> ဆဠာရမ္မဏဝိဇာနနလက္ခဏံ၊
ဇဝနရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊
ဟဒယဝတ္ထုပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

<u>ရူပါဝစရကြိယစိတ္တံ</u> ပထဝီကသိဏာဒိပညတ္တာရမ္မဏ-
ဝိဇာနနလက္ခဏံ၊ ဇဝနရသံ၊ တထာဘာဝပစ္စုပဋ္ဌာနံ၊
ဟဒယဝတ္ထုပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

<u>အရူပါဝစရကြိယစိတ္တံ</u> ကသိဏုဂ္ဃာဋိမာကာသာဒိ-
ပညတ္တာရမ္မဏဝိဇာနနလက္ခဏံ၊ ဇဝနရသံ၊
တထာဘာဝပစ္စုပဋ္ဌာနံ၊ ဟဒယဝတ္ထုပဒဋ္ဌာနံ။ (နိဋ္ဌ၊ မပါ)

## စေတသိက်ပိုင်းဆိုင်ရာ

<u>ဖဿော</u> ဖုသနလက္ခဏော၊ သံဃဋ္ဋနရသော၊
သန္နိပါတပစ္စုပဋ္ဌာနော၊ ဝေဒနာပစ္စုပဋ္ဌာနော ဝါ၊
အာပါထဂတဝိသယပဒဋ္ဌာနော။ (နိဋ္ဌ၊ ၁၅၁)

http://www.dhammadownload.com



__ဝေဒနာ__ ဝေဒယိတလက္ခဏာ၊ အနုဘဝနရသာ၊
ဣဋ္ဌာကာရသမ္ဘောဂရသာ ဝါ၊
စေတသိကအဿာဒပစ္စုပဋ္ဌာနာ၊ ပဿဒ္ဓိပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၅၂)

__သုခဝေဒနာ__ ဣဋ္ဌဖောဋ္ဌဗ္ဗာရမ္မဏာနုဘဝနလက္ခဏာ၊
သမ္ပယုတ္တာနံ ဥပဗြူဟနရသာ၊
ကာယိကအဿာဒပစ္စုပဋ္ဌာနာ၊ ကာယိန္ဒြိယပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

__သောမနဿဝေဒနာ__ သာတလက္ခဏာ၊
ဣဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ ဝါ၊
သမ္ပယုတ္တာနံ ဥပဗြူဟနရသာ၊ အနုဂ္ဂဟပစ္စုပဋ္ဌာနာ၊
ပဿဒ္ဓိပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၆၀)
**တစ်နည်း။** ဝေဒနာရိုးရိုးနှင့် လုံး၀ တူသည်။

**အမှာ။** ။သင်္ဂဟနှင့်ညီအောင် သုခ, သောမနဿ–ဟု နှစ်ချက်ခွဲ၍ ရေးထားသည်။ ပါဠိတော် အဋ္ဌကထာတို့၌ကား သုခ, သောမနဿ နှစ်ပါးလုံး ကိုပင် သုခ–ဟုချည်း သုံးစွဲ၏။ ထို့ကြောင့် သောမနဿဝေဒနာ ဖြစ်ပါလျက် သုခ–ဟုသုံးသော အရာဌာနဖြစ်ပါမူ သုခဝေဒနာ–ဟု ဆိုသော်လည်း သောမနဿ ဝေဒနာအတိုင်း ရေးပါ။ သုခ–အရ ကာယိကသုခကို ကောက်ရတာ သေချာသော အရာ၌သာ သုခဝေဒနာအတိုင်း ရေးပါ။

__ဒုက္ခဝေဒနာ__ အနိဋ္ဌဖောဋ္ဌဗ္ဗာရမ္မဏာနုဘဝနလက္ခဏာ၊
သမ္ပယုတ္တာနံ မိလာပနရသာ၊
ကာယိကာဗာဓပစ္စုပဋ္ဌာနာ၊
ကာယိန္ဒြိယပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

__ဒေါမနဿဝေဒနာ__ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏာ၊
ယထာ ဝါ တထာ ဝါ အနိဋ္ဌာကာရသမ္ဘောဂရသာ၊
စေတသိကာဗာဓပစ္စုပဋ္ဌာနာ၊ ဟဒယဝတ္ထုပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၈၉)

__ဥပေက္ခာဝေဒနာ__ ဣဋ္ဌာနိဋ္ဌဝိပရိတာနုဘဝနလက္ခဏာ၊
မဇ္ဈတ္တရသာ၊ အဝိဘူတပစ္စုပဋ္ဌာနာ၊
သုခနိရောဓပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၂၂)

__ဈာနုပေက္ခာ__ မဇ္ဈတ္တလက္ခဏာ၊ အနာဘောဂရသာ၊
အဗျာပါရပစ္စုပဋ္ဌာနာ၊ ပီတိဝိရာဂပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၁၈)

http://www.dhammadownload.com



<u>ဖြဟ္မဝိဟာရုပေက္ခာ</u> သတ္တေသု မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ၊
သတ္တေသု သမဘာဝဒဿနရသာ၊
ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊
ကမ္မဿကတာဒဿနပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၃၈)

<u>သညာ</u> သဉ္ဇာနနလက္ခဏာ၊ ပစ္စာဘိညာဏရသာ၊
ပုနသဉ္ဇာနနပစ္စယနိမိတ္တကရဏရသာ ဝါ၊
ယထာဂဟိတနိမိတ္တဝသေန အဘိနိဝေသကရဏပစ္စုပဋ္ဌာနာ၊
အစိရဋ္ဌာနပစ္စုပဋ္ဌာနာ ဝါ၊ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၅၃)

<u>စေတနာ</u> စေတယိတလက္ခဏာ၊ အာယူဟနရသာ၊
သံဝိဒဟနပစ္စုပဋ္ဌာနာ၊ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ၊
သဟဇာတဓမ္မပဒဋ္ဌာနာ ဝါ၊ သေသခန္ဓပဒဋ္ဌာနာ ဝါ။ (နိဋ္ဌ၊ ၁၅၄)

<u>ဧကဂ္ဂတာ</u> အဝိသာရလက္ခဏာ၊ အဝိက္ခေပလက္ခဏာ ဝါ၊
ပါမောက္ခလက္ခဏာ ဝါ၊ သဟဇာတာနံ သမ္ပိဏ္ဍနရသာ၊
ဝိက္ခေပဝိဒ္ဓံသနရသာ ဝါ၊ ဥပသမပစ္စုပဋ္ဌာနာ၊
ဉာဏပစ္စုပဋ္ဌာနာ ဝါ၊ သုခပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၆၁)
(သမာဓိ-ဟု မေးလျှင်လည်း နည်းတူပင်။)

<u>ဇီဝိတိန္ဒြိယံ</u> အတ္တနာ အဝိနိဗ္ဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ၊
တေသံ ပဝတ္တနရသံ၊ တေသံယေဝ ဌပနပစ္စုပဋ္ဌာနံ၊
ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၁၆၇)

<u>မနသိကာရော</u> သာရလက္ခဏော၊
သမန္နာဟာရလက္ခဏော ဝါ၊
သမ္ပယုတ္တာနံ အာရမ္မဏေ သမ္ပယောဇနရသော၊
အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနော၊
အာရမ္မဏပဒဋ္ဌာနော။ (နိဋ္ဌ၊ ၁၇၇)

<u>ဝိတက္ကော</u> အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏော၊
အာကောဋနလက္ခဏော ဝါ၊ အာဟနနပရိယာဟနနရသော၊
အာရမ္မဏေ စိတ္တဿ အာနယနပစ္စုပဋ္ဌာနော၊
ဝိညာဏပဒဋ္ဌာနော၊ အာပါထဂတဝိသယပဒဋ္ဌာနော ဝါ။ (နိဋ္ဌ၊ ၁၅၇)

<u>ဝိစာရော</u> အာရမ္မဏာနုမဇ္ဇနလက္ခဏော၊
တတ္ထ သဟဇာတာနုယောဇနရသော၊
စိတ္တဿ အနုပ္ပဗန္ဓပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။ (နိဋ္ဌ၊ ၁၅၈)

http://www.dhammadownload.com



<u>အဓိမောက္ခော</u> သန္နိဋ္ဌာနလက္ခဏော၊
အသံသပ္ပနရသော၊ နိစ္ဆယပစ္စုပဋ္ဌာနော၊
သန္နိဋ္ဌာတဗ္ဗဓမ္မပဒဋ္ဌာနော။ (နိဋ္ဌ၊ ၁၇၇)

<u>ဝီရိယံ</u> ဥပတ္ထမ္ဘနလက္ခဏံ၊ ပဂ္ဂဟဏလက္ခဏံ ဝါ၊
ဥဿာဟလက္ခဏံ ဝါ၊ သဟဇာတာနံ ဥပတ္ထမ္ဘနရသံ၊
အသံသီဒနဘာဝပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ၊
ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနံ ဝါ။ (နိဋ္ဌ၊ ၁၆၃)

<u>ပီတိ</u> သမ္ပိယာယနလက္ခဏာ၊
ကာယစိတ္တပီနနရသာ၊ ဖရဏရသာ ဝါ၊
ဩဒဂျပစ္စုပဋ္ဌာနာ၊ ဝိညာဏပဒဋ္ဌာနာ၊
ပါမောဇ္ဇပဒဋ္ဌာနာ ဝါ။ (နိဋ္ဌ၊ ၁၅၈)

<u>ဆန္ဒော</u> ကတ္တုကမျတာလက္ခဏော၊
အာရမ္မဏပရိယေသနရသော၊
အာရမ္မဏေန အတ္ထိကတာပစ္စုပဋ္ဌာနော၊
အာရမ္မဏပဒဋ္ဌာနော။ (နိဋ္ဌ၊ ၁၇၆)

<u>မောဟော</u> စိတ္တဿ အန္ဓဘာဝလက္ခဏော၊
အညာဏလက္ခဏော ဝါ၊ အသမ္ပဋိဝေဓရသော၊
အာရမ္မဏသဘာဝစ္ဆာဒနရသော ဝါ၊
အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာနော၊ အန္ဓကာရပစ္စုပဋ္ဌာနော ဝါ၊
အယောနိသော မနသိကာရပဒဋ္ဌာနော။ (နိဋ္ဌ၊ ၂၉၁)

<u>အဟိရိကံ</u> ကာယဒုစ္စရိတာဒီဟိ အဇိဂုစ္ဆနလက္ခဏံ၊
အလဇ္ဇာလက္ခဏံ ဝါ၊ အဇိဂုစ္ဆနာကာရေန ပါပါနံ ကရဏရသံ၊
ပါပတော အသင်္ကောစနပစ္စုပဋ္ဌာနံ၊
အတ္တာဂါရဝပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၂၉၁)

<u>အနောတ္တပ္ပံ</u> ကာယဒုစ္စရိတာဒီဟိ အသာရဇ္ဇနလက္ခဏံ၊
အနုတ္တာသနလက္ခဏံ ဝါ၊
အနုတ္တာသနာကာရေန ပါပါနံ ကရဏရသံ၊
ပါပတော အသင်္ကောစနပစ္စုပဋ္ဌာနံ၊
ပရေသု အဂါရဝပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၂၉၁)

http://www.dhammadownload.com



ဥဒ္ဒစ္စံ စေတသော အဝူပသမလက္ခဏံ၊
အနဝဋ္ဌာနရသံ၊ ဘန္တတ္တပစ္စုပဋ္ဌာနံ၊
စေတသော အဝူပသမေ အယောနိသောမနသိကာရပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၂၉၂)

လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော၊
အဘိသင်္ဂရသော၊ အပရိစ္စာဂပစ္စုပဋ္ဌာနော၊
သံယောဇနိယဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော။ (နိဋ္ဌ၊ ၂၉၁)

အဘိဇ္ဈာ ပရသမ္ပတ္တီနံ သကကရဏဣစ္ဆာလက္ခဏာ၊
တေနာကာရေန ဧသနဘာဝရသာ၊
ပရသမ္ပတ္တိအဘိမုခဘာဝပစ္စုပဋ္ဌာနာ၊
ပရသမ္ပတ္တီသု အဘိရတိပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၉၁)

ဒိဋ္ဌိ အယောနိသော အဘိနိဝေသလက္ခဏာ၊
ပရာမာသရသာ၊ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊
အရိယာနံ အဒဿနကာမတာဒိပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၉၀)

မာနော ဥန္နတိလက္ခဏော၊
သမ္ပဂ္ဂဟရသော၊ ကေတုကမျတာပစ္စုပဋ္ဌာနော၊
ဒိဋ္ဌိဝိပ္ပယုတ္တလောဘပဒဋ္ဌာနော။ (နိဋ္ဌ၊ ၂၉၇)

ဒေါသော စဏ္ဍိက္ကလက္ခဏော၊
ဝိသပ္ပနရသော၊ အတ္တနော နိဿယဒဟနရသော ဝါ၊
ဒုဿနပစ္စုပဋ္ဌာနော၊ အာဃာတဝတ္ထုပဒဋ္ဌာနော။ (နိဋ္ဌ၊ ၂၉၉)

ဗျာပါဒေါ ပရဝိနာသာယ မနောပဒေါသလက္ခဏော၊
(ရသ-စသည့် ဒေါသနှင့်တူ၏။ အဋ္ဌကထာ၌ တိုက်ရိုက်မပါသောကြောင့် လက္ခဏာအတွက်ပါ ဒေါသအတိုင်းသော်လည်း မှတ်ပါ။)

ဣဿာ ပရသမ္ပတ္တီနံ ဥသူယနလက္ခဏာ၊
တတ္ထေဝ အနဘိရတိရသာ၊
တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တိပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၉၉)

မစ္ဆရိယံ အတ္တနော သမ္ပတ္တီနံ နိဂူဟနလက္ခဏံ၊
တာသံယေဝ ပရေဟိ သာဓာရဏဘာဝအက္ခမနရသံ၊
သင်္ကောစနပစ္စုပဋ္ဌာနံ၊ ကဋုကဉ္စုကတာပစ္စုပဋ္ဌာနံ ဝါ၊
အတ္တသမ္ပတ္တိပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၂၉၉)

http://www.dhammadownload.com



ကုက္ကုစ္စ ပစ္ဆာနုတာပလက္ခဏာ၊ ကတာကတာနုသောစနရသ၊
ဝိပ္ပဋိသာရပစ္စု ပဋ္ဌာန်၊ ကတာကတပဒဋ္ဌာန်။ (နိဋ္ဌ၊ ၂၉၉)

ထိန် အနုဿာဟလက္ခဏာ၊
ဝီရိယဝိနောဒနရသ၊ သံသီဒနပစ္စုပဋ္ဌာန်၊
အရတိတန္ဒိဝိဇမ္ဘိတာဒီသု အယောနိသော မနသိကာရပဒဋ္ဌာန်။ (နိဋ္ဌ၊ ၂၉၇)

မိဒ္ဓ အကမ္မညတာလက္ခဏာ၊
ဩဟနရသ၊ လီနဘာဝပစ္စုပဋ္ဌာန်၊
ပစလာယိကာနိဒ္ဒါပစ္စုပဋ္ဌာန် ဝါ၊
အရတိတန္ဒိဝိဇမ္ဘိတာဒီသု အယောနိသော မနသိကာရပဒဋ္ဌာန်။ (နိဋ္ဌ၊ ၂၉၇)

ဝိစိကိစ္ဆာ သံသယလက္ခဏာ၊
ကမ္ပနရသာ၊ အနိစ္ဆယပစ္စုပဋ္ဌာနာ၊
အနေကံသဂ္ဂါဟပစ္စုပဋ္ဌာနာ ဝါ၊
အယောနိသော မနသိကာရပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၀၀)

သဒ္ဓါ သမ္ပသာဒနလက္ခဏာ၊
သမ္ပက္ခန္ဒနလက္ခဏာ ဝါ၊ သဒ္ဒဟနလက္ခဏာ ဝါ၊
ဩကပ္ပနလက္ခဏာ ဝါ၊ ပသာဒနရသာ၊
ပက္ခန္ဒနရသာ ဝါ၊ အကာလုသိယပစ္စုပဋ္ဌာနာ၊
အဓိမုတ္တိပစ္စုပဋ္ဌာနာ ဝါ၊ သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ၊
သောတာပတ္တိယင်္ဂပဒဋ္ဌာနာ ဝါ။ (နိဋ္ဌ၊ ၁၆၃)

သတိ အပိလာပနလက္ခဏာ၊
ဥပဂ္ဂဏှနလက္ခဏာ ဝါ၊ အသမ္မောသနရသာ၊
အာရက္ခပစ္စုပဋ္ဌာနာ၊ ဝိသယာဘိမုခီဘာဝပစ္စုပဋ္ဌာနာ ဝါ၊
ထိရသညာပဒဋ္ဌာနာ၊ ကာယာဒိသတိပဋ္ဌာနပဒဋ္ဌာနာ ဝါ။ (နိဋ္ဌ၊ ၁၆၅)

ဟိရီ ပါပတော ဇိဂုစ္ဆနလက္ခဏာ၊
လဇ္ဇနာကာရေန ပါပါနံ အကရဏရသာ၊
ပါပတော သင်္ကောစနပစ္စုပဋ္ဌာနာ၊
အတ္တဂါရဝပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၆၈)

ဩတ္တပ္ပံ ဥတ္တာသနလက္ခဏံ၊
ဥတ္တာသနာကာရေန ပါပါနံ အကရဏရသံ၊
ပါပတော သင်္ကောစနပစ္စုပဋ္ဌာနံ၊ ပရဂါရဝပဒဋ္ဌာနံ။ (နိဋ္ဌ၊ ၁၆၈)

http://www.dhammadownload.com



**အလောဘော** အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော၊
အလဂ္ဂဘာဝလက္ခဏော ဝါ၊ အပရိဂ္ဂဟဏရသော၊
အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။ (နီဋ္ဌ၊ ၁၇၀)

**အဒေါသော** အစဏ္ဍိက္ကလက္ခဏော၊
အဝိရောဓလက္ခဏော ဝါ၊
အာဃာတဝိနယရသော၊ ပရိဠာဟဝိနယရသော ဝါ၊
သောမ္မဘာဝပစ္စုပဋ္ဌာနော၊ ဝိညာဏပဒဋ္ဌာနော။ (နီဋ္ဌ၊ ၁၇၁)

**တတြမဇ္ဈတ္တတာ** စိတ္တစေတသိကာနံ သမဝါဟိတလက္ခဏာ၊
ဦနာဓိကနိဝါရဏရသာ၊
ပက္ခပါတုပစ္ဆေဒနရသာ ဝါ၊
မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊
ပီတိဝိယောဂပဒဋ္ဌာနာ။ (နီဋ္ဌ၊ ၁၇၇)

**ကာယပဿဒ္ဓိ** ကာယဒရထဝူပသမလက္ခဏာ၊
ကာယဒရထနိမ္မဒ္ဒနရသာ၊
ကာယဿ အပရိပ္ဖန္ဒသီတိဘာဝပစ္စုပဋ္ဌာနာ၊
ကာယပဒဋ္ဌာနာ။ (နီဋ္ဌ၊ ၁၇၄)

**စိတ္တပဿဒ္ဓိ** ကာယနေရာမှာ စိတ္တကိုထည့်၍ ကာယပဿဒ္ဓိ-နည်းတူ ဆိုရည်။ ပဿဒ္ဓိယော-ဟု ပေါင်း၍မေးလျှင် ကာယ, စိတ္တဟု နှစ်ချက်လုံးဆို။ နောက်သည်း ဤနည်းပင်။

**ကာယလဟုတာ** ကာယဂရုဘာဝဝူပသမလက္ခဏာ၊
ကာယဂရုဘာဝနိမ္မဒ္ဒနရသာ၊
ကာယဿ အဒန္ဓတာပစ္စုပဋ္ဌာနာ၊
ကာယပဒဋ္ဌာနာ။ (နီဋ္ဌ၊ ၁၇၄)

**ကာယမုဒုတာ** ကာယထဒ္ဓဘာဝဝူပသမလက္ခဏာ၊
ကာယထဒ္ဓဘာဝနိမ္မဒ္ဒနရသာ၊
အပ္ပဋိဃာတပစ္စုပဋ္ဌာနာ၊
ကာယပဒဋ္ဌာနာ။ (နီဋ္ဌ၊ ၁၇၄)

**ကာယကမ္မညတာ** ကာယအကမ္မညဘာဝဝူပသမလက္ခဏာ၊
ကာယဿ အကမ္မညဘာဝနိမ္မဒ္ဒနရသာ၊

http://www.dhammadownload.com



ကာယဿ အာရမ္မဏကရဏသမတ္ထိပစ္စုပဋ္ဌာနာ၊
ကာယပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၇၄)

ကာယပါဂုညတာ ကာယဿ အဂေလညဘာဝလက္ခဏာ၊
ကာယဂေလည နိမ္မဒ္ဒနရသာ၊
နိရာဒီနဝပစ္စုပဋ္ဌာနာ၊ ကာယပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၇၅)

ကာယုဇုကတာ ကာယဿ အဇ္ဇဝလက္ခဏာ၊
ကာယကုဋိလဘာဝနိမ္မဒ္ဒန ရသာ၊
အဇိမှတာပစ္စုပဋ္ဌာနာ၊ ကာယပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၇၅)

ကာယဒုစ္စရိတဝိရတိ ကာယဒုစ္စရိတဝတ္ထုဿ အဝီတိက္ကမလက္ခဏာ၊
ကာယဒုစ္စရိတဝတ္ထုတော သင်္ကောစနရသာ၊
အကြိယပစ္စုပဋ္ဌာနာ၊
သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၇၇)

အမှာ။ ။ဝစီ, မနောတို့ကို မှီ၍ဆိုပါ။ ဝိရတိယော-ဟု သာမညမေးလျှင်ကား အောက်ပါအတိုင်း ဖြေပါ။

ဝိရတိယော ကာယဒုစ္စရိတာဒိဝတ္ထူနံ အဝီတိက္ကမလက္ခဏာ၊
ကာယဒုစ္စရိတာဒိဝတ္ထုတော သင်္ကောစနရသာ၊
အကိရိယပစ္စုပဋ္ဌာနာ၊
သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၁၇၇)

သမ္မာဝါစာ ပရိဂ္ဂဟလက္ခဏာ၊
ဝိရမဏရသာ၊ မိစ္ဆာဝါစာပဟာနပစ္စုပဋ္ဌာနာ၊
သဒ္ဓါဟိရောတ္တပ္ပအပ္ပိစ္ဆတာဒိဂုဏပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

သမ္မာကမ္မန္တော သမုဋ္ဌာနလက္ခဏော၊
ဝိရမဏရသော၊ မိစ္ဆာကမ္မန္တပဟာနပစ္စုပဋ္ဌာနော၊
သဒ္ဓါ ။ ပ ။ ပဒဋ္ဌာနော။ (နိဋ္ဌ၊ မပါ)

သမ္မာအာဇီဝေါ ဝေါဒါနလက္ခဏော၊
ဉာယဇီဝပဝတ္တိရသော၊
မိစ္ဆာဇီဝပဟာနပစ္စုပဋ္ဌာနော၊
သဒ္ဓါ ။ ပ ။ ပဒဋ္ဌာနော။ (နိဋ္ဌ၊ မပါ)

မေတ္တာ ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊
ဟိတူပသံဟာရရသာ၊

http://www.dhammadownload.com



အာဃာတဝိနယပစ္စုပဋ္ဌာနာ၊
သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၃၇)

__ကရုဏာ__ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ၊
ပရဒုက္ခာသဟနရသာ၊ အဝိဟိံသာပစ္စုပဋ္ဌာနာ၊
ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿနပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၃၇)

__မုဒိတာ__ သတ္တေသု ပမောဒနလက္ခဏာ၊
အနိဿာယနရသာ၊ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊
သတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၂၃၈)

__ပညာ__ သြဘာသနလက္ခဏာ၊ ပဇာနနလက္ခဏာ ဝါ၊
ယထာသဘာဝပဋိဝေဓလက္ခဏာ ဝါ၊
အက္ခလိတပဋိဝေဓလက္ခဏာ ဝါ၊
ဝိသယောဘာသရသာ၊ အသမ္မောဟပစ္စုပဋ္ဌာနာ၊
ဝိညာဏပဒဋ္ဌာနာ၊ ယောနိသောမနသိကာရပဒဋ္ဌာနာ ဝါ၊
ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ ဝါ၊ သမာဓိပဒဋ္ဌာနာ ဝါ။ (နိဋ္ဌ၊ ၁၆၅)

## ရုပ်ပိုင်းဆိုင်ရာ

__ပထဝီဓာတု__ ကက္ခဠတ္တလက္ခဏာ၊
ပတိဋ္ဌာနရသာ၊
သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊
သေသဘူတတ္တယပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၈)

__အာပေါဓာတု__ ပဂ္ဃရဏလက္ခဏော၊
ဗြူဟနရသော၊ သင်္ဂဟပစ္စုပဋ္ဌာနော၊
သေသဘူတတ္တယပဒဋ္ဌာနော။ (နိဋ္ဌ၊ ၃၆၈)

__တေဇောဓာတု__ ဥဏှတ္တလက္ခဏော၊
ပရိပါစနရသော၊ မဒ္ဒဝါနုပ္ပါဒနပစ္စုပဋ္ဌာနော၊
သေသဘူတတ္တယပဒဋ္ဌာနော။ (နိဋ္ဌ၊ ၃၆၈)

__ဝါယောဓာတု__ ဝိတ္ထမ္ဘနလက္ခဏော၊
သမုဒီရဏရသော၊
အဘိနီဟာရပစ္စုပဋ္ဌာနော၊
သေသဘူတတ္တယပဒဋ္ဌာနော။ (နိဋ္ဌ၊ ၃၆၈)

http://www.dhammadownload.com



<u>**စက္ခု**</u> ရူပါဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ၊
ဒဋ္ဌုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ ဝါ၊
ရူပေသု အာဝိဉ္ဆနရသံ၊
စက္ခုဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊
ဒဋ္ဌုကာမတာနိဒါနကမ္မဇသမုဋ္ဌာနဘူတပဒဋ္ဌာနံ။ (နီဠ၊ ၃၄၉)

**အမှာ။** ။သောတ, ဃာန, ဇိဝှါ, ကာယ-တို့ကို နည်းမှီ၍ဆိုပါ။

<u>**ရူပံ**</u> စက္ခုပဋိဟနနလက္ခဏံ၊
စက္ခုဝိညာဏဿ ဝိသယဘာဝရသံ၊
တဿေဝ ဂေါစရပစ္စုပဋ္ဌာနံ၊
စတုမဟာဘူတပဒဋ္ဌာနံ။ (နီဠ၊ ၃၅၅)

**အမှာ။** ။သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-တို့ကို နည်းမှီ၍ဆိုပါ။

<u>**ဣတ္ထိန္ဒြိယံ**</u> ဣတ္ထိဘာဝလက္ခဏံ၊
"ဣတ္ထီ"တိပကာသနရသံ၊
ဣတ္ထိလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝပစ္စုပဋ္ဌာနံ၊
စတုမဟာဘူတပဒဋ္ဌာနံ။ (နီဠ၊ ၃၅၈)

**အမှာ။** ။ပုရိသိန္ဒြေ-ကို နည်းမှီ၍ဆိုပါ။

<u>**ဟဒယဝတ္ထု**</u> ဒွိန္နံ ဓာတူနံ နိဿယလက္ခဏံ၊
တာသံ အာဓာရရသံ၊
တာသံ ဥဗ္ဗာဟနပစ္စုပဋ္ဌာနံ၊
စတုမဟာဘူတဝိသယပဒဋ္ဌာနံ။ (နီဠ၊ မပါ)

<u>**အာဟာရော**</u> သြဇာလက္ခဏော၊
ရူပါဟရဏရသော၊ ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနော၊
ကဗဠံ ကတွာ အာဟရိတဗ္ဗဝတ္ထုပဒဋ္ဌာနော။ (နီဠ၊ ၃၆၈)

<u>**အာကာသဓာတု**</u> ရူပပရိစ္ဆေဒလက္ခဏာ၊
ရူပပရိယန္တပ္ပကာသနရသာ၊
ရူပမရိယာဒပစ္စုပဋ္ဌာနာ၊
အသမ္ဖုဋ္ဌဘာဝဆိဒ္ဒဝိဝရဘာဝပစ္စုပဋ္ဌာနာ ဝါ၊
ပရိစ္ဆိန္နရူပပဒဋ္ဌာနာ။ (နီဠ၊ မပါ)

http://www.dhammadownload.com



<u>ဝိညတ္တိ</u> ဝိညတ္တိလက္ခဏာ၊
အဓိပ္ပါယပကာသနရသာ၊
စလဃောသဟေတုဘာဝပစ္စုပဋ္ဌာနာ၊
စိတ္တဇဘူတပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

<u>ကာယဝိညတ္တိ</u> အဘိက္ကမာဒိပဝတ္တကစိတ္တသမုဋ္ဌာနလက္ခဏာ၊
အဓိပ္ပါယပကာသနရသာ၊
ကာယဝိပ္ဖန္ဒနဟေတုဘာဝပစ္စုပဋ္ဌာနာ၊
စိတ္တသမုဋ္ဌာနဝါယောဓာတုပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

<u>ဝစီဝိညတ္တိ</u> ဝစီဘေဒပဝတ္တကစိတ္တသမုဋ္ဌာနလက္ခဏာ၊
အဓိပ္ပါယပကာသနရသာ၊
ဝစီဃောသဟေတုဘာဝပစ္စုပဋ္ဌာနာ၊
စိတ္တသမုဋ္ဌာနပထဝီဓာတုပဒဋ္ဌာနာ။ (နိဋ္ဌ၊ မပါ)

<u>လဟုတာ</u> အဒန္ဓတာလက္ခဏာ၊
ရူပါနံ ဂရုဘာဝဝိနောဒနရသာ၊
လဟုပဝတ္တိတာပစ္စုပဋ္ဌာနာ၊
လဟုရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၂)

<u>မုဒုတာ</u> အထဒ္ဓတာလက္ခဏာ၊
ရူပါနံ ထဒ္ဓဘာဝဝိနောဒနရသာ၊
သဗ္ဗကြိယာသု အဝိရောဓိတာပစ္စုပဋ္ဌာနာ၊
မုဒုရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၂)

<u>ကမ္မညတာ</u> သရီရကြိယာနုကူလကမ္မညဘာဝလက္ခဏာ၊
အကမ္မညတာဝိနောဒနရသာ၊
အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ၊
ကမ္မညရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၂)

<u>ဥပစယော</u> အာစယလက္ခဏော၊
ပုဗ္ဗန္တတော ရူပါနံ ဥမ္မုဇ္ဇာပနရသော၊
နိယျာတနပစ္စုပဋ္ဌာနော၊
ပရိပုဏ္ဏဘာဝပစ္စုပဋ္ဌာနော ဝါ၊
ဥပစိတရူပပဒဋ္ဌာနော။ (နိဋ္ဌ၊ ၃၆၄)

http://www.dhammadownload.com



<u>သန္တတိ</u> ပဝတ္တိလက္ခဏာ၊
အနုပ္ပဗန္ဓရသာ၊ အနုပစ္ဆေဒပစ္စုပဋ္ဌာနာ၊
အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၄)

<u>ဇရတာ</u> ရူပပရိပါကလက္ခဏာ၊
ဥပနယနရသာ၊
သဘာဝါနပဂမေပိ နဝဘာဝါပဂမပစ္စုပဋ္ဌာနာ၊
ပရိပစ္စမာနရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၅)

<u>အနိစ္စတာ</u> ပရိဘေဒလက္ခဏာ၊
သံသီဒနရသာ၊ ခယဝယပစ္စုပဋ္ဌာနာ၊
ပရိဘိဇ္ဇမာနရူပပဒဋ္ဌာနာ။ (နိဋ္ဌ၊ ၃၆၅)

အထွေထွေပိုင်း

အမှာ။ ။အောက်ပါတို့သည် အဋ္ဌသာလိနီ အဋ္ဌကထာတွင် မပါဝင်သော်လည်း သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် ပါဝင်ကြသည်။ ထို့ကြောင့် ထည့်သွင်း ရေးသားလိုက်ပါသည်။ ကျက်ထားနိုင်လျှင် ကောင်း၏။ သို့ရာတွင် စာမေးပွဲ၌ကား မေးမည် မထင်ပါ။ ရှေ့က ဆိုခဲ့သော စတုက္ကများထဲမှ ၄-မပါဟု ဆိုခဲ့သော စတုက္ကများ၌လည်း နည်းတူပင်မှတ်ပါ။ သို့ရာတွင် ကြီးယာငါးတန် ထုတ်ပြန်ရာ၌ကား အသုံးကျနိုင်သည်။ သို့ဖြစ်၍ ကျက်ထားခြင်းသည်သာ အကောင်းဆုံး ဖြစ်သည်။

<u>သစ္စံ</u> အဝိသံဝါဒနလက္ခဏံ၊
ယာထာဝဝိဘာဝနရသံ၊
သာဓုတာပစ္စုပဋ္ဌာနံ၊
သောရစ္စပဒဋ္ဌာနံ။

<u>ဒုက္ခသစ္စံ</u> ဗာဓနလက္ခဏံ၊
သန္တာပနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ၊
သမုဒယပဒဋ္ဌာနံ။

<u>သမုဒယသစ္စံ</u> ပဘဝလက္ခဏံ၊
အနုပစ္ဆေဒကရဏရသံ၊
ပလိဗောဓပစ္စုပဋ္ဌာနံ၊
အဝိဇ္ဇာပဒဋ္ဌာနံ။

http://www.dhammadownload.com



နိရောဓသစ္စံ နိဗ္ဗာန်အတိုင်းပင်။

မဂ္ဂသစ္စံ နိယျာနလက္ခဏံ၊
ကိလေသပဟာနကရဏရသံ၊
ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊
ဝိပဿနာဂေါတြဘုပဒဋ္ဌာနံ။

အပ္ပိယေဟိ သမ္ပယောဂေါ အနိဋ္ဌသမောဓာနလက္ခဏော၊
စိတ္တဝိဃာတကရဏရသော၊
အနတ္ထဘာဝပစ္စုပဋ္ဌာနော၊
ဇာတိပဒဋ္ဌာနော။

ပိယေဟိ ဝိပ္ပယောဂေါ ဣဋ္ဌဝတ္ထုဝိယောဂလက္ခဏော၊
သောကုပ္ပာဒနရသော၊
ဗျသနပစ္စုပဋ္ဌာနော၊
ဇာတိပဒဋ္ဌာနော။

ယံပိစ္ဆံ န လဘတိ၊ သာ အလဗ္ဘနေယျဝတ္ထုပတ္ထနာလက္ခဏာ၊
တပ္ပရိယေသနရသာ၊
တေသံ အပ္ပတ္တိပစ္စုပဋ္ဌာနာ၊
ဇာတိပဒဋ္ဌာနာ။

သမ္မာဒိဋ္ဌိ သမ္မာဒဿနလက္ခဏာ၊
ဓာတုပကာသနရသာ၊
အဝိဇ္ဇန္ဓကာရဝိဒ္ဓံသနပစ္စုပဋ္ဌာနာ၊
ဝိညာဏပဒဋ္ဌာနာ။

သမ္မာသင်္ကပ္ပေါ သမ္မာ စိတ္တာဘိနိရောပနလက္ခဏော၊
အပ္ပနာရသော၊ မိစ္ဆာသင်္ကပ္ပပဟာနပစ္စုပဋ္ဌာနော၊
ဝိညာဏပဒဋ္ဌာနော။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-တို့ကို ရှေ့ကအတိုင်းဆိုပါ။

သမ္မာဝါယာမော ပဂ္ဂဟလက္ခဏော၊
အနုပ္ပန္နအကုသလုပ္ပါဒနာဒိရသော၊
မိစ္ဆာဝါယာမပဟာနပစ္စုပဋ္ဌာနော၊
ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနော။

http://www.dhammadownload.com



<u>သမ္မာသတိ</u> ဥပဋ္ဌာနလက္ခဏာ၊
အသမ္မုဿနရသာ၊
မိစ္ဆာသတိပဟာနပစ္စုပဋ္ဌာနာ၊
ထိရသညာပဒဋ္ဌာနာ။

<u>သမ္မာသမာဓိ</u> အဝိက္ခေပလက္ခဏော၊
သမာဓာနရသော၊
မိစ္ဆာသမာဓိပဟာနပစ္စုပဋ္ဌာနော၊
သုခပဒဋ္ဌာနော။

<u>ဒါန်</u> ပရိစ္စာဂလက္ခဏံ၊
လောဘဝိဒ္ဓံသနရသံ၊
အနာသတ္တိပစ္စုပဋ္ဌာနံ၊
ဒေယျဝတ္ထုပဒဋ္ဌာနံ။

<u>သီလံ</u> သီလနလက္ခဏံ၊
ဒုဿီလျဝိဒ္ဓံသနရသံ၊ အနဝဇ္ဇရသံ ဝါ၊
သောစေယျပစ္စုပဋ္ဌာနံ၊
ဟိရောတ္တပ္ပပဒဋ္ဌာနံ။

<u>ဈာန်</u> ဥပနိဇ္ဈာနလက္ခဏံ၊
နီဝရဏဝိက္ခမ္ဘနရသံ၊ ဈာနသမာပတ္တိပရိဂ္ဂဟိတရသံ ဝါ၊
ဝိပဿနာဝမုနပစ္စုပဋ္ဌာနံ၊
ဗြဟ္မလောကသမ္ပတ္တိပစ္စုပဋ္ဌာနံ ဝါ၊
ဥပစာရသမာဓိပဒဋ္ဌာနံ။

<u>ပဋိစ္စသမုပ္ပါဒေါ</u> ဇရာမရဏာဒီနံ ဓမ္မာနံ ပစ္စယလက္ခဏော၊
ဒုက္ခာနုဗန္ဓနရသော၊
ကုမ္မဂ္ဂပစ္စုပဋ္ဌာနော။

<u>အဝိဇ္ဇာ</u> အညာဏလက္ခဏာ၊
သမ္မောဟနရသာ၊
ဆာဒနပစ္စုပဋ္ဌာနာ၊ အာသဝပဒဋ္ဌာနာ။

<u>သင်္ခါရာ</u> အဘိသင်္ခရဏလက္ခဏာ၊
အာယူဟနရသာ၊
စေတနာပစ္စုပဋ္ဌာနာ၊ အဝိဇ္ဇာပဒဋ္ဌာနာ။

**အမှာ။** ။ပဋိစ္စသမုပ္ပါဒ်၌ ရှေ့ရှေ့ပုဒ်ကို ပဒဋ္ဌာန်အမြဲ ထုတ်ရမည်။

http://www.dhammadownload.com



ဝိညာဏံ ဝိဇာနနလက္ခဏံ၊
ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊
သင်္ခါရပဒဋ္ဌာနံ၊ ဝတ္ထာရမ္မဏပဒဋ္ဌာနံ ဝါ။

နာမံ နမနလက္ခဏံ၊
သမ္ပယောဂရသံ၊
အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊
ဝိညာဏပဒဋ္ဌာနံ။
ရုပ် ရိုးရိုးရုပ်တုန်းက အတိုင်းပင်ဆိုပါ။

သဠာယတနံ အာယတနလက္ခဏံ၊
ဒဿနာဒိရသံ၊
ဝတ္ထုဒွါရဘာဝပစ္စုပဋ္ဌာနံ၊
နာမရူပပဒဋ္ဌာနံ။

ဖဿော ဖုသနလက္ခဏော၊
သံဃဋ္ဋနရသော၊ သင်္ဂတိပစ္စုပဋ္ဌာနော၊
သဠာယတနပဒဋ္ဌာနော။

ဝေဒနာ အနုဘဝနလက္ခဏာ၊
ဝိသယရသသမ္ဘောဂရသာ၊
သုခဒုက္ခပစ္စုပဋ္ဌာနာ၊ ဖဿပဒဋ္ဌာနာ။

တဏှာ ဟေတုလက္ခဏာ၊
အဘိနန္ဒနရသာ၊
အတိတ္တိဘာဝပစ္စုပဋ္ဌာနာ၊
ဝေဒနာပဒဋ္ဌာနာ။

ဥပါဒါနံ ဂဟဏလက္ခဏံ၊
အမုဉ္စနရသံ၊ တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ၊
တဏှာပဒဋ္ဌာနံ။

ဘဝေါ ကမ္မကမ္မဖလလက္ခဏော၊
ဘာဝနဘာဝနရသော၊
ကုသလာကုသလာဗျာကတပစ္စုပဋ္ဌာနော၊
ဥပါဒါနပဒဋ္ဌာနော။

http://www.dhammadownload.com



ဇာတိ တတ္ထ တတ္ထ ဘဝေ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊
နိယျာတနရသာ၊ အတီတဘဝတော ဣဓ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊
ဖလဝသေန ဒုက္ခဝိစိတ္တတာပစ္စုပဋ္ဌာနာ ဝါ၊ ဘဝပဒဋ္ဌာနာ။

ဇရာ ခန္ဓပရိပါကလက္ခဏာ၊
မရဏူပနယနရသာ၊
ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာ၊
ဇာတိပဒဋ္ဌာနာ၊ ဓာတုဝိပတ္တိပဒဋ္ဌာနာ ဝါ။

မရဏံ စုတိလက္ခဏံ၊
ဉာတိမိတ္တဝိယောဂရသံ၊
ဂတိပ္ပဝါသပစ္စုပဋ္ဌာနံ၊
ဇာတိပဒဋ္ဌာနံ၊ ဗျာဓိပဒဋ္ဌာနံ ဝါ။

သောကော အန္တောနိဇ္ဈာယနလက္ခဏော၊
စေတသော ပရိနိဇ္ဈာနရသော၊
အနုသောစနပစ္စုပဋ္ဌာနော၊
ဇာတိပဒဋ္ဌာနော၊ ကတာကတပဒဋ္ဌာနော ဝါ။

ပရိဒေဝေါ လာလပ္ပနလက္ခဏော၊
ဂုဏဒေါသပရိကိတ္တနရသော၊
သမ္ဘမပစ္စုပဋ္ဌာနော၊
ဇာတိပဒဋ္ဌာနော၊ ပေမဓာတုပဒဋ္ဌာနော ဝါ။

ဒုက္ခံ ကာယပီဠနလက္ခဏံ၊
ဒုပ္ပညာနံ ဒေါမနဿကရဏရသံ၊
ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

တစ်နည်း၊ ဒုက္ခံ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊
အနိဋ္ဌာကာရသမ္ဘောဂရသံ၊
ကာယိကာဗာဓပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

ဒေါမနဿံ စိတ္တပီဠနလက္ခဏံ၊
မနောဝိဃာတရသံ၊
မာနသဗျာဓိပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

တစ်နည်း၊ ဒေါမနဿံ အနိဋ္ဌာရမ္မဏာနုဘဝနလက္ခဏံ၊

http://www.dhammadownload.com



အနိဋ္ဌာကာရသမ္ဘောဂရသံ၊
စေတသိကာဗာဓပစ္စုပဋ္ဌာနံ၊ ဇာတိပဒဋ္ဌာနံ။

ဥပါယာသော ဗျာသတ္တိလက္ခဏော၊
စိတ္တပရိဒဟနလက္ခဏော ဝါ၊
နိတ္ထုနနရသော၊ ဝိသာဒပစ္စုပဋ္ဌာနော၊ ဇာတိပဒဋ္ဌာနော။

၀၀၀၀၀

၉-နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

## ၁၀-နံပါတ် စည်းမျဉ်း

ပါဠိ၊ အဋ္ဌကထာဝါကျ၌ သင့်ရာပုဒ်တို့၏ ပဋ္ဌာန်းပစ္စည်း စပ်နည်းနှင့်တကွ ပဋ္ဌာန်းပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ, ပစ္စည်းပြိုင်ပုံကို မေးခြင်း။

**အမှာ။** ။ပဋ္ဌာန်းပစ္စည်း စာစပ်ပုံကို ပါရာဇိကဏ် နံပါတ် ၂-မှာ ရေးခဲ့သည့်အတိုင်း အကျယ်သိပါ။ ဤ၌ ပုံစံတစ်ခုကိုသာ ထုတ်ပြပါအံ့။

အဝမ္ဘော နိရယံ နေတိ-၌ အဝမ္ဘော-ကား အကြောင်း၊ သဟဇာတပစ္စည်း၊ နေတိ-ကား အကျိုး၊ သဟဇာတပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏-စသည်ဖြင့် သိပါ။

ငှင်းပြင် ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ သ, နန်, ပူ-စသော ဆောင်ပုဒ်သည် ပဋ္ဌာန်းစာစပ်အတွက်သာ ဖြစ်သည်။ ပဋ္ဌာန်းပစ္စည်းပြိုင်နှင့် မဆိုင်။ ပဋ္ဌာန်းပစ္စည်းပြိုင်၌ကား သဘာဝကို ရှုဆင်ခြင်ရမည်။

## ပဋ္ဌာန်းပစ္စည်းပြိုင်နည်း

ပဋ္ဌာန်းပစ္စည်း ပြိုင်လိုသောအခါ-

၁။ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားတို့၏ အရကို ကောက်ရမည်။

၂။ အာရမ္မဏမျိုး, သဟဇာတမျိုး-စသော အမျိုး ၉-ပါးတွင် သင့်လျော်ရာသို့ သွင်းရမည်။

၃။ ဆိုင်ရာ အမျိုးပစ္စည်းများထဲမှ ရသင့်သော ပစ္စည်းများကို ထုတ်ရမည်။

**ပုံစံ။** ။အဝမ္ဘော နိရယံ နေတိ-၌ အဝမ္ဘော-အရ အကုသိုလ်ဒွါဒသ၌ ရှိသော လောဘ, ဒေါသ, မောဟ-ဟူသော ပစ္စည်းတရားတို့ကို ယူ၍ နေတိ-အရ အကုသိုလ်ဒွါဒသ၊ ဟိတ်သုံးပါးကြဉ်သော စေတသိက် စတုဝီသ-ဟူသော သမ္ပယုတ္တက္ခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်-ဟူသော ပစ္စယုပ္ပန်

http://www.dhammadownload.com



တို့ကို ကောက်ယူပြီးလျှင် ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်နိုင်သောပစ္စည်းတို့ကား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ပေါင်း ၈–ပစ္စယ သတ္တိ ဖြစ်၏။

ရှင်း။ ။ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့ အာရုံနှင့်အာရမ္မဏိက သဘောရှိလျှင် အာရမ္မဏမျိုးပြိုင်ရမည်။ အတူတကွ ဖြစ်ကြလျှင် သဟဇာတမျိုး ပြိုင်ရသည်။ တစ်ဝီထိတည်း ရှေ့နောက်ဆက်၍ ဖြစ်လျှင် အနန္တ ရမျိုး ပြိုင်ရသည်။ ဝီထိကွဲလျက် ရှေ့နောက်ဆက်၍ ဖြစ်လျှင် ဥပနိဿယမျိုး ပြိုင်ရသည်။ နိဿယနှင့် နိဿိတသဘောရှိလျှင် ပုရေဇာတမျိုး ပြိုင်ရသည်။ ပစ္စည်းတရားကနောက် ပစ္စယုပ္ပန် တရားကရှေ့ဖြစ်နေလျှင် ပစ္ဆာဇာတမျိုး ပြိုင်ရသည်။ ပစ္စည်းတရားက ကံတရားဖြစ်၍ ပစ္စယုပ္ပန်တရားက အကျိုးတရားဖြစ်လျှင် ကမ္မမျိုး ပြိုင်ရသည်။ ပစ္စည်းတရားက ရုပ်အာဟာရဖြစ်လျှင် အာဟာရမျိုး ပြိုင်ရသည်။ ပစ္စည်းတရားက ရူပဇီဝိတိန္ဒြေ ဖြစ်လျှင် ဣန္ဒြိယမျိုး ပြိုင်ရသည်။

ဤ၌ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့သည် အတူတကွ ဖြစ်ကြသော ကြောင့် သဟဇာတမျိုး ဖြစ်သည်။သဟဇာတမျိုး ဖြစ်သောကြောင့် သဟဇာတမျိုး ၁၅–ပါးထဲမှ ရသင့်ရာကို ရှာဖွေသောအခါ ၈–ပစ္စည်းထွက်လာ၏။

ဟေတု၌ သဘာဝပစ္စည်း ၁၁–ပါး ရှိသော်လည်း "အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ" ဟူသော အငယ် သုံးပစ္စည်းတို့သည် အမောဟနှင့်ပတ်သက်၍သာ ဟေတုနှင့် သဘာဂဖြစ်နေကြသည်။ ဤ၌ ပစ္စည်းတရားတွင် အမောဟ–ဟူသော ဟိတ်တရား မပါဝင်။ ထို့ကြောင့် အငယ် ပစ္စည်းသုံးပါးကို မထည့်သွင်းရခြင်း ဖြစ်သည်။ အလတ် လေးပစ္စည်းတွင်လည်း ဝိပါကနှင့် မဆိုင်သောကြောင့် ဝိပါကကို ဖြုတ် ထားရသည်။ အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ–တို့ကား ယထာရဟ–ပြိုင်နိုင်ကြ သည်။ ပုစ္ဆာကလည်း တစ်ပြိုင်နက်–ဟုလည်းကောင်း၊ ယထာရဟ–ဟုလည်း ကောင်း ခွဲခြား၍ မေးမထား။ ထို့ကြောင့် တစ်ပြိုင်နက်ရော ယထာရဟပါ ထုတ်ယူ ထားသည်။

အထက်ပါ အချက်များကို သဘောပေါက်အောင် စဉ်းစားထားလျှင် ပစ္စည်းပြိုင် လွယ်ပါလိမ့်မည်။ ပဋ္ဌာန်းအရကောက်ထဲမှ ဃဋနာကိုလည်း လေ့လာပါ။ ဤ၌ ကား သုဒ္ဓသင်္ချာကိုသာ ထုတ်ပြလိုက်ပါသည်။ ရအောင် ကျက်၍ ညတိုင်း ပြန်ဆို ထားပါ။

http://www.dhammadownload.com



## သုဒ္ဓသချာ

ပဋ္ဌာန်းပစ္စည်းသည် ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ–ဟူ၍ ၂၄–ပါး ပြား၏။

ယင်း ၂၄–ပါးကို အမျိုးအားဖြင့် ခွဲခြား၍ ယူလိုက်လျှင်ကား အာရမ္မဏမျိုး ၈–ပါး၊ သဟဇာတမျိုး ၁၅–ပါး၊ အနန္တရမျိုး ၇–ပါး၊ ဥပနိဿယမျိုး ၂–ပါး၊ ပုရေဇာတမျိုး ၆–ပါး၊ ပစ္ဆာဇာတမျိုး ၄–ပါး၊ ကမ္မမျိုး ၁–ပါး၊ အာဟာရမျိုး ၃–ပါး၊ ဣန္ဒြိယမျိုး ၃–ပါးဟု ၉–မျိုးသာ ထွက်လာလေသည်။ ထိုတွင်–

**၁။ အာရမ္မဏမျိုး ၈–ပါး**

အာရမ္မဏမျိုး ၈–ပါးဟူသော်ကား–အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထာ–ရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ–ဟူသည်တည်း။ အကျဉ်းအားဖြင့် ရေတွက်လျှင် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဟူသည်တည်း။ ထိုတွင်–

၁။ အာရမ္မဏ၌ ပစ္စည်းတရားကား–စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်–တို့တည်း။ ပစ္စယုပ္ပန်တရားကား စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက်ဒွေပညာသ–တို့တည်း။ ပစ္စည်းရေကာ–အာရမ္မဏ တစ်ခုသာတည်း။

**မှတ်ချက်။** ။အာရမ္မဏမျိုး ၈–ပစ္စည်းအနက် အာရမ္မဏပစ္စည်းသာ ပဓာနခေါင်းဆောင်ပစ္စည်းတည်း။ ယင်းပစ္စည်း၌သာ အာရမ္မဏမျိုးဆိုင်ရာပစ္စည်း၊ ပစ္စယုပ္ပန်တရားများ အပြည့်အစုံ ရသည်။ ကျန်သော အဓိပတိစသည်တို့၏ ပစ္စည်း+ပစ္စယုပ္ပန်တရားတို့ကား ဤအာရမ္မဏ၏ တရားများထဲမှ လျော်သလို လျော့၍ နှုတ်ယူထားသော တရားများ ဖြစ်ကြသည်။ ထို့ကြောင့် နောက်လာမည့် သုဒ္ဓ–သချာတိုင်း၌ အာရမ္မဏပစ္စည်း ပါဝင်နေခြင်း ဖြစ်လေသည်။

၂။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ (အာ+ဓိ) ၌ ပစ္စည်းတရားကား–အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄–ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု၊ နိဗ္ဗာန်–တို့တည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားကား–အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈–ခု၊ မဟာကုသိုလ်စိတ် ၈–ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ခု၊ လောကုတ္တရာစိတ် ၈–ခုတို့တည်း။ ပစ္စည်းရေကား–အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ၃–ပစ္စည်းတည်း။

အမှာ။ ။ဤမျှဖြင့် ပစ္စည်း+ပစ္စယုပ္ပန်ဖြစ်ပုံ မထင်ရှားသေး၍ အောက်ပါအတိုင်း ခွဲခြား မှတ်ပါဦး။

၁။ လောဘမူစိတ် ၈–ခုအားတပ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ‌ ဒွေး၊ မောဟမူ ‌ဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆–ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇–ခု။

၂။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄–ခုအားတပ်သော လောကီကုသိုလ်သတ္တရသ။

၃။ မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခုအားတပ်သော လောကီကုသိုလ်သတ္တရသ၊ အောက်မဂ်သုံးခု၊ အောက်ဖိုလ်သုံးခု၊ နိဗ္ဗာန်။

၄။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခုအားတပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်။

၅။ လောကုတ္တရာစိတ် ၈–ခုအားတပ်သော နိဗ္ဗာန်။

မှတ်ချက်။ ။ပစ္စယုပ္ပန်ကို မူသေထား၍ ခွဲခြားထားသည်ကို သတိပြု၍ ကျက်မှတ်ပါ။

၃။ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ (အာ+ပု) ၌ ပစ္စည်းတရားကား–ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

ပစ္စယုပ္ပန်တရားကား–ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်တည်း။

ပစ္စည်းရေကား–အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတည်း။

၄။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ (ဝတ္ထာ)၌ ပစ္စည်းတရားကား–စုတိစိတ်မှ ပြန်၍ရေသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား–မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅–ချက်၊ တဒါရုံကောဒသတည်း။

http://www.dhammadownload.com



ပစ္စည်းရေကား–အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်းတည်း။

**မှတ်ချက်။** ။အာရမ္မဏမျိုး ၈–ပစ္စည်းကို တရားအရကောက်ကို လိုက်၍ ခွဲခြားလိုက်လျှင် အာရမ္မဏတစ်စု၊ အဓိပတိနှင့် ဥပနိဿယတစ်စု၊ ပုရေဇာတအတ္ထိ အဝိဂတတစ်စု၊ နိဿယနှင့် ဝိပ္ပယုတ္တတစ်စု–ဟု ၄–စုသာ ထွက်လာကြသည်။ ထိုတွင် နိဿယနှင့် ဝိပ္ပယုတ္တဖြစ်တိုင်း ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ–တို့က လိုက်နိုင်ကြသည်ချည်းသာ ဖြစ်၏။ ထို့ကြောင့် နိဿယနှင့်ဝိပ္ပယုတ္တတို့အတွက် ပြဆိုသော ဝတ္ထာသုဒ္ဓသချာတွင် ပုရေဇာတ–စသည်တို့ ပါဝင်နေခြင်းဖြစ်သည်။ သဘောပေါက်အောင် စဉ်းစားကြည့်ပါ။

၅။ အာရမ္မဏပုရေဇာတာဓိပတိ (အာ+ပု+ဓိ)၌ ပစ္စည်းတရားကား–အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသတည်း။

ပစ္စယုပ္ပန်တရားကား–အလေးအမြတ်ပြုတတ်သော လောဘမူ ၈–ခုတည်း။

ပစ္စည်းရေကား–အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်းတည်း။

ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ(ဝတ္ထာ+ဓိ)၌ ပစ္စည်းတရားကား–အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် တစ်ဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား–အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်တည်း။

ပစ္စည်းရေကား–အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၈–ပစ္စည်းတည်း။

**မှတ်ချက်။** ။အာ+ပု+ဓိ–သည် အာရမ္မဏပုရေဇာတမှ ထွက်လာ၍ ဝတ္ထာ+ဓိမှာ ဝတ္ထာရမ္မဏပုရေဇာတမှ ထွက်လာသည့် အဓိတ်တရားတို့ပင်ဖြစ်ကြောင်းကို နားလည်ပါ။ နောက်နောက်သုဒ္ဓသချာက ရှေ့ရှေ့သုဒ္ဓသချာထက်တရား လျော့လျော့လာ၍ ပစ္စည်းရေ များများလာကြောင်းကိုလည်း လေ့လာကြည့်ပါ။ သဟဇာတမျိုး စသည်တို့၌လည်း ဤသဘောသွားပင်တည်း။

## အာရမ္မဏမျိုး၌ ပစ္စည်းပြိုင်ပုံ

**ပုံစံ–၁။** ။အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ–၌ မဂ္ဂ–အရ အရဟတ္တမဂ် ပစ္စည်းတရားကို ယူ၍ ပစ္စဝေက္ခတိ–အရ ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ်ကို ယူ၍ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား အာရ–

http://www.dhammadownload.com



မ္ဗဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယသတ္တိကား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ၃–ပစ္စည်း ဖြစ်ပါသည်။

**မှတ်ချက်။** ။အရဟတ္တမဂ် ပစ္စည်းတရားနှင့် မဟာကြိယာဉာဏသမ္ပယုတ် ပစ္စယုပ္ပန်တရားတို့ကို သုဒ္ဓသင်္ချာအတွင်း ထည့်သွင်း၍ ကြည့်သောအခါ ၄င်းတို့သည် အာရမ္မဏသုဒ္ဓသင်္ချာနှင့် အာ–ဓိသုဒ္ဓသင်္ချာတို့တွင်သာ ပါဝင်ကြသည်။ ထိုတွင် ပစ္စည်းပြိုင်ရာ၌ တရား အရနည်းသော် အာ–ဓိသုဒ္ဓသင်္ချာတွင် ပါဝင်သော ပစ္စည်းများကို ကြည့်လိုက်လျှင် ပြိုင်နိုင်သောပစ္စည်းများ အားလုံး ရနိုင်၏။ ထို၌ ၃–ပစ္စည်း ရှိသောကြောင့် ယင်းသုံးပစ္စည်းကိုပင် ပြိုင်နိုင်သော ပစ္စည်းရေအဖြစ် ပြလိုက်ရလေသည်။ ဤကား ပစ္စည်းပြိုင်ပုံတည်း။ စဉ်းစားကြည့်ပါ။

**ပုံစံ–၂။** ။အရဟာ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ–၌ ရူပ–အရ ပစ္စုပ္ပန်ရူပါရုံ ပစ္စည်းတရားကို ယူ၍ ပဿတိ–အရ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်ကို ယူ၍ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။ ပြိုင်နိုင်သော ပစ္စယသတ္တိကား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်း ဖြစ်ပါသည်။

**ပုံစံ–၃။** ။စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ–၌ စက္ခုံ–အရ စက္ခုပသာဒပစ္စည်းတရားက အဿာဒေတိ–အရ လောဘမူ စိတ် ၈–ခု ပစ္စယုပ္ပန်တရားအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယသတ္တိတို့ကား အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၈–ပစ္စည်း ဖြစ်ပါသည်။

**မှတ်ချက်။** ။စက္ခုပသာဒပစ္စည်းတရားနှင့် လောဘမူစိတ် ၈–ခု ပစ္စယုပ္ပန်တရားကို သုဒ္ဓသင်္ချာအတွင်း ထည့်သွင်းသောအခါ အာရမ္မဏ၊ အာ–ဓိ၊ အာ–ပု၊ ဝတ္ထာ၊ အာ–ပု–ဓိ၊ ဝတ္ထာ–တို့၌ ပါဝင်နေသည်ကို တွေ့ရ၏။ ထိုတွင် ဝတ္ထာ–ဓိ သုဒ္ဓသင်္ချာရှိ ပစ္စည်းရေကို ထုတ်ပြလိုက်လျှင် အလုံးစုံ ခြုံမိသောကြောင့် ထို၌ ပါသော ပစ္စည်းရေ ၈–ပါး ကြည့်၍ ထုတ်ပြရသည်။

အာရမ္မဏမျိုး သုဒ္ဓသင်္ချာ ပြီး၏။

## ၂။ သဟဇာတမျိုး ၁၅–ပါး

သဟဇာတမျိုး ၁၅–ပါးဟူသော်ကား–သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ–ဟူသော အကြီး ၄–ပါး၊ အညမည၊

http://www.dhammadownload.com



ဝိပါက၊ သမ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တ–ဟူသော အလတ် ၄–ပါး၊ ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတကမ္မ၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ–ဟူသော အငယ် ၇–ပါးတို့တည်း။ ထိုတွင်–

## သဟကြီး ၄–ပစ္စည်း

၁။ သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ (သဟ)၌ ပထမအစုတွင် ပစ္စည်းတရားကား–စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၌ေပညာသတည်း။ ပစ္စယုပ္ပန်တရားကား–စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက်၌ေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ဒုတိယအစုတွင် ပစ္စည်းတရားကား–ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုတည်း။ ပစ္စယုပ္ပန်တရားသည်လည်း ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုပင်တည်း။

တတိယအစုတွင် ပစ္စည်းတရားကား– မဟာဘုတ်လေးပါးတည်း။ ပစ္စယုပ္ပန်တရားကား မဟာဘုတ်နှင့် ဥပါဒါရုပ်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတည်း။

## သဟလတ် ၄–ပစ္စည်း

၂။ အညမည၌–ပထမအစုတွင် ပစ္စည်းတရားကား–စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက်၌ေပညာသတည်း။ ပစ္စယုပ္ပန်တရားလည်း စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတသိက် ၌ေပညာသပင်တည်း။

ဒုတိယအစုတွင် ပစ္စည်းတရားကား–ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုတည်း။ ပစ္စယုပ္ပန်တရားလည်း ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုပင်တည်း။

တတိယအစုတွင် ပစ္စည်းတရားကား မဟာဘုတ်လေးပါးတည်း။ ပစ္စယုပ္ပန်တရားလည်း မဟာဘုတ် လေးပါးပင်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၅–ပစ္စည်းတည်း။

၃။ ဝိပါက၌– ပထမအစုတွင် ပစ္စည်းတရားကား–ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတ္တိံသတည်း။ ပစ္စယုပ္ပန်တရားကား–ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် အဋ္ဌတ္တိံသ၊ ဝိပါက်ပြုအပ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။ ဒုတိယအစုတွင် ပစ္စည်းတရားကား–ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတည်း။ ပစ္စယုပ္ပန်တရားကား ဟဒယဝတ္ထုတည်း။

http://www.dhammadownload.com



ပစ္စည်းရေကား–သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ၅–ပစ္စည်းတည်း။

၄။ သမ္ပယုတ္တ၌ ပစ္စည်းတရားကား–စိတ် ၈၉၊ စေသိက် ၅၂–တည်း။ ပစ္စယုပ္ပန်တရားလည်း စိတ် ၈၉၊ စေတသိက် ၅၂–ပင်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်းတည်း။

၅။ သဟဇာတဝိပ္ပယုတ္တ (သဟ–ဝိပ်)၌ ပထမအစုတွင် ပစ္စည်းတရားကား–ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄–ခု၊ ဒွေးပဉ္စဝိညာဉ်တစ်ဆယ် ရဟန္တာတို့စုတိကြဉ်သော စိတ် ၇၅–ခု၊ စေတသိက် ဒွေပညာသတို့တည်း။ ပစ္စယုပ္ပန်တရားကား–စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ဒုတိယအစုတွင် ပစ္စည်းတရားကား–ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုတည်း။ ပစ္စယုပ္ပန်တရားလည်း ပဉ္စဝေါကာရပဋိန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု ပင်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၅–ပစ္စည်းတည်း။

## သဟယော် ၇–ပစ္စည်း

၆။ ဟေတု–၌ ပစ္စည်းတရားကား–လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ,အမောဟ–ဟူသော ဟိတ် ၆–ပါးတည်း။

ပစ္စယုပ္ပန်တရားကား–သဟိတ်စိတ် စေသတ္တတိ၊ မောဟမူ ဒွေး၌ မောဟ ကြဉ်သော စေတသိက်ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တည်း။

ပစ္စည်းရေကား–ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၂–ပစ္စည်း။ (ဓိ+ဣန်+မင်ပေါင်း ပစ္စည်းရေ ၁၂–ဟု ဆိုရိုးပြုထားပါ။)

**မှတ်ချက်။** ။အယော် ၇–ပစ္စည်း၌ အကြီး ၄–ပစ္စည်းသည် အမြဲတမ်း သဘာဂဖြစ်၏။ အလတ် ၄–ခုလည်း ယထာရဟ သဘာဂဖြစ်ကြသည်ပင် ဖြစ်၏။ အယော်အချင်းချင်းကား သဘာဂဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏။ ဟေတု၌ အဓိပတိ၊ ဣန္ဒြိယ၊ မဂ္ဂ–တို့ သဘာဂ ဖြစ်ကြ၏။ ထို့ကြောင့် ဓိ+ဣန်+မင် ပေါင်း ပစ္စည်းရေ ၁၂–ဟု ဆိုရိုးပြုရခြင်း ဖြစ်သည်။ ထိုအဓိပတိ စသည်တို့ ဟေတုနှင့် သဘာဂဖြစ်ကြသည်မှာလည်း အမောဟအတွက်ကြောင့်

http://www.dhammadownload.com



သာလျှင် ဖြစ်၏။ ထို့ကြောင့် လောဘ–စသည်တို့ကို ပစ္စည်းအရကောက်ရာ၌ ထိုအဓိပတိစသည်တို့ကို ပစ္စည်းပြိုင်တွင် မထည့်သွင်းရတော့ချေ။ နောက်ပစ္စည်း၌လည်း ဤနည်းကို သိပါ။

၇။ သဟဇာတာဓိပတိ(သဟာ–ဓိ)၌ ပစ္စည်းတရားကား ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝိမံသာ–ဟုဆိုအပ်သော အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တစ်ပါးပါးတည်း။

ပစ္စယုပ္ပန်တရားကား သာဓိပတိဇော ၅၂–ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၈၅ပညာသ၊ သာဓိပတိစိတ္တဇရုပ်တည်း။

ပစ္စည်းရေကား–ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၃–ပစ္စည်းတည်း။ (ဟေ+ဟာ+ဣန်+မဂ်ပေါင်း ပစ္စည်းရေ ၁၃။)

၈။ သဟဇာတကမ္မ(သဟ–ကံ)၌ ပစ္စည်းတရားကား–စေတနာတည်း။

ပစ္စယုပ္ပန်တရားကား–စိတ်တစ်ခုယုတ် ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ၈၅ပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၀–ပစ္စည်းတည်း။ (ဟာပေါင်း ပစ္စည်းရေ ၁၀။)

၉။ နာမ်အာဟာရ(နာမ်–ဟာ)၌ ပစ္စည်းတရားကား–ဖဿ၊ စေတနာ၊ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါးတည်း။

ပစ္စယုပ္ပန်တရားကား–စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပစ္စည်းရေကား–အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၂–ပစ္စည်း တည်း။ (ဓိ+ကံ+ဣန်ပေါင်း ပစ္စည်းရေ ၁၂။)

၁၀။ သဟဇာတိန္ဒြိယ(သဟ–တိန်)၌ ပစ္စည်းတရားကား–ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ–ဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ၈–ပါးတည်း။

ပစ္စယုပ္ပန်တရားကား–စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပစ္စည်းရေကား–ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၄–ပစ္စည်းတည်း။ (ဟေ+ဓိ+ဟာ+ဈာ+မဂ် ပေါင်း ပစ္စည်းရေ ၁၄။)

http://www.dhammadownload.com



၁၁။ ဈာန၌ ပစ္စည်းတရားကား–ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါးတည်း။

ပစ္စယုပ္ပန်တရားကား–ဒွေပဉ္စဝိညာဉ် ၁၀–ကြဉ်သော စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပစ္စည်းရေကား–သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၁–ပစ္စည်းတည်း။ (ဣန်+မဂ်ပေါင်း ပစ္စည်းရေ ၁၁။)

၁၂။ မဂ္ဂ၌ ပစ္စည်းတရားကား–ပညာ၊ ဝိတက်၊ ဝိရတီသုံးခု၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ–ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးတည်း။

ပစ္စယုပ္ပန်တရားကား သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တည်း။

ပစ္စည်းရေကား–ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၃–ပစ္စည်းတည်း။ (ဟေ+ဓိ+ဣန်+ဈာ ပေါင်း ပစ္စည်းရေ ၁၃။)

## သဟဇာတမျိုး၌ ပစ္စည်းပြိုင်ပုံ

**ပုံစံ–၁။** ။ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော–၌ ကုသလာ ဟေတူ–အရ ကုသိုလ်ဟိတ်သုံးပါး ပစ္စည်းတရားက သမ္ပ–ယုတ္တကာနံ ခန္ဓာနံ–အရ ကုသိုလ်စိတ် ၈ဝီသ၊ စေတသိက် အဋ္ဌတ္တိံသ ပစ္စယုပ္ပန် တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယ သတ္တိကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၀–ပစ္စည်း ဖြစ်ပါသည်။

**မှတ်ချက်။** ။ပစ္စည်းရေ ၁၂–ပါး ရှိသော်လည်း ကုသိုလ်ဟိတ်သာ ပစ္စည်းအရ ကောက်ထားသောကြောင့် ဝိပါက မပါနိုင်ပုံ၊ သမ္ပယုတ္တက္ခန္ဓာက်သာ ပစ္စယုပ္ပန်အရ ကောက်ထားသောကြောင့် ဝိပ္ပယုတ္တ မပါနိုင်ပုံကို နားလည်သဘော ပေါက်ပါစေ။

**ပုံစံ–၂။** ။ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော–၌ ဝတ္ထု–အရ ဟဒယဝတ္ထုပစ္စည်းတရားက ခန္ဓာနံအရ ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန် တရားတို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယသတ္တိကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်းဖြစ်ပါသည်။

http://www.dhammadownload.com



**ပုံစံ–၃။** ။မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော–၌ မဟာဘူတာ–အရ မဟာဘုတ်လေးပါး ပစ္စည်းတရားက ဥပါဒါရူပါနံ–အရ ဥပါဒါန်ရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စယသတ္တိကား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းဖြစ်ပါသည်။

သဟဇာတမျိုး သုဒ္ဓသင်္ချာ ပြီး၏။

## ၃။ အနန္တရမျိုး ၇–ပါး

အနန္တရမျိုး ၇–ပါးဟူသော်ကား–အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ အနန္တရကမ္မ၊ နတ္ထိ၊ ဝိဂတ–တို့တည်း။ ထိုတွင်–

၁။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ–၌ ပစ္စည်းတရားကား–ရဟန္တာ၏စုတိကြဉ်သော အလုံးစုံသော စိတ်–၈၉၊ စေတသိက် ၅၂–ပါးတည်း။

ပစ္စယုပ္ပန်တရားကား–ရဟန္တာ၏စုတိနှင့်တကွ နောက်နောက်သော စိတ်–၈၉၊ စေတသိက် ၅၂–တည်း။

ပစ္စည်းရေကား–အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ၅–ပစ္စည်းတည်း။

၂။ အာသေဝန–၌ ပစ္စည်းတရားကား–အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသတည်း။

ပစ္စယုပ္ပန်တရားကား–ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောကေပညာသတည်း။

ပစ္စည်းရေကား–အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စည်းတည်း။

၃။ အနန္တရကမ္မ(အနံ–ကံ)၌ ပစ္စည်းတရားကား–မဂ်လေးခု စေတနာတည်း။

ပစ္စယုပ္ပန်တရားကား–မဂ္ဂါနန္တရဖိုလ်လေးခုတည်း။

ပစ္စည်းရေကား–အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စည်းတည်း။

### အနန္တရမျိုး၌ ပစ္စည်းပြိုင်ပုံ

**ပုံစံ–၁။** ။အနုလောမံ ဂောတြဘုဿ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော–၌ အနုလောမံ–အရ အနုလုံကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်

http://www.dhammadownload.com



ကို ယှဉ်၍ သေက္ခာယ ဖလသမာပတ္တိယာ–အရ အောက်ဖိုလ်သုံးပါးကို ယှဉ်၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်ပစ္စည်းတရားက အောက်ဖိုလ်သုံးခု ပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား–အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ၅–ပစ္စည်းဖြစ်ပါသည်။

ပုံစံ–၂။ ။မဂ္ဂေါ ဖလဿ အနန္တရပစ္စယေန ပစ္စယော–၌ မဂ္ဂေါ–အရ မဂ်လေးခုစေတနာပစ္စည်းတရားက ဖလဿ–အရ မဂ္ဂါနန္တရဖိုလ်လေးခု ပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စည်းဖြစ်ပါသည်။

ပုံစံ–၃။ ။အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော–၌ အာဝဇ္ဇနာ–အရ ပဉ္စဒွါရာဝဇ္ဇန်း မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားက ကုသလာနံ ခန္ဓာနံ–အရ မဟာကုသိုလ် ပထမဇော ပစ္စယုပ္ပန်တရားအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား–အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ၅–ပစ္စည်း ဖြစ်ပါသည်။

အနန္တရမျိုး သုဒ္ဓသချာ ပြီး၏။

## ၄။ ဥပနိဿယမျိုး ၂–ပါး

ဥပနိဿယမျိုး ၂–ပါးဟူသော်ကား–ပကတူပနိဿယ၊ ဗလဝနာနာက္ခဏိကကမ္မ–တို့တည်း။ ထိုတွင်

၁။ ပကတူပနိဿယ (ပကတူ) ၌ ပစ္စည်းတရားကား–ဗလဝဖြစ်သော စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ ပစ္စည်းထိုက်သော အချို့သော ပညတ်တည်း။

ပစ္စယုပ္ပန်တရားကား– စိတ်–၈၉၊ စေတသိက် ၅၂–တည်း။ ပစ္စည်းရေကား–ဥပနိဿယ တစ်ပစ္စည်းတည်း။

၂။ နာနာက္ခဏိကကမ္မ (နာနာ–ကံ)၌ ပစ္စည်းတရားကား–ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာတည်း။

ပစ္စယုပ္ပန်တရားကား–ဝိပါက်စိတ်ဆတ္တိံသ နာမက္ခန္ဓာတည်း။ ပစ္စည်းရေကား–ဥပနိဿယ၊ ကမ္မ ၂–ပစ္စည်းတည်း။

## ဥပနိဿယမျိုး၌ ပစ္စည်းပြိုင်ပုံ

ပုံစံ–၁။ ။သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ–၌ သဒ္ဓံ–အရ သဒ္ဓါပစ္စည်းတရားက ဒါနံ ဒေတိ–အရ မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား–ဥပနိဿယ တစ်ပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com



**ပုံစံ–၂။** ။သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ–၌ သဒ္ဓံ–အရ သဒ္ဓါပစ္စည်းတရားက မာနံ ဇပ္ပေတိ–အရ အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား–ဥပနိဿယ တစ်ပစ္စည်း ဖြစ်ပါသည်။

**ပုံစံ–၃။** ။သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ–၌ သဒ္ဓံ–အရ သဒ္ဓါပစ္စည်းတရားက အတ္တာနံ အာတာပေတိ–အရ ဒုက္ခသဟဂုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းစုကား–ဥပနိဿယပစ္စည်း ဖြစ်ပါသည်။

**မှတ်ချက်။** ။ဥပနိဿယ၏ ပစ္စည်း+ပစ္စယုပ္ပန်တို့သည် အာရမ္မဏကဲ့သို့ အာရုံအာရမ္မဏိကသဘောလည်း မရှိ၊ သဟဇာတကဲ့သို့ အတူတကွလည်း မဖြစ်၊ အနန္တရကဲ့သို့ ရှေ့နောက်ဆက်လျက်ဖြစ်သည်လည်း မဟုတ်၊ အကြောင်းနှင့်အကျိုး သဘောသာ ရှိသည်။ ဤဥပနိဿယသည် အလွန်တရာ ကျယ်သည်။ အာရမ္မဏ စသည်တို့အတွင်း ထည့်သွင်း မရနိုင်သောအရာမှန်သမျှကို ဥပနိဿယအတွင်း ထည့်သွင်းလျှင် ရသည်သာ ဖြစ်၏။ အဘိဓမ္မာဥပနိဿယအတွင်း ထည့်သွင်း၍ မရသည့်တိုင်အောင် သုတ္တန်ဥပနိဿယအတွင်းသို့ကား ဧကန်မုချ ထည့်သွင်း၍ ရသည်သာဖြစ်၏။ ကျယ်ပြန့်စွာ လေ့လာထားပါ။

ဥပနိဿယမျိုး သုဒ္ဓသချာ ပြီး၏။

## ၅။ ပုရေဇာတမျိုး ၆–ပါး

ပုရေဇာတမျိုး ၆–ပါးဟူသော်ကား–ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ အဝိဂတ–တို့တည်း။ အကျဉ်းအားဖြင့် ရေသော်ကား–နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–တို့တည်း။ ထိုတွင်–

၁။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ(ဝတ်–ပု)၌ ပစ္စည်းတရားကား–ဆဝတ္ထုတည်း။

ပစ္စယုပ္ပန်တရားကား–ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်တည်း။

ပစ္စည်းရေကား–နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၅–ပစ္စည်းတည်း။

၂။ ပုရေဇာတိန္ဒြိယ(ပု–တိန်)၌ ပစ္စည်းတရားကား–မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုကအားဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ် ပြိုင်သော ပဉ္စဝတ္ထုတည်း။

http://www.dhammadownload.com



ပစ္စယုပ္ပန်တရားကား–ဒွေပဥ္စဝိညာဉ်တစ်ဆယ်တည်း။ ပစ္စည်းရေကား–နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်းတည်း။

## ပုရေဇာတမျိုး၌ ပစ္စည်းပြိုင်ပုံ

ပုံစံ–၁။ ။စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော–၌ စက္ခာယတနံ–အရ စက္ခုပသာဒပစ္စည်းတရားက စက္ခုဝိညာဏဿ–အရ စက္ခုဝိညာဉ်ဒွေး ပစ္စယုပ္ပန်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်နိုင်သော ပစ္စည်းစုကား–နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၆–ပစ္စည်း ဖြစ်ပါသည်။

ပုံစံ–၂။ ။ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော–၌ ဝတ္ထု–အရ ဟဒယဝတ္ထုပစ္စည်းတရားက ကုသလာနံ ခန္ဓာနံ–အရ ကုသိုလ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းစုကား–နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၅–ပစ္စည်း ဖြစ်ပါသည်။

ပုရေဇာတမျိုး သုဒ္ဓသချာ ပြီး၏။

## ၆။ ပစ္ဆာဇာတမျိုး ၄–ပါး

ပစ္ဆာဇာတမျိုး လေးပါးဟူသော်ကား–ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတတို့တည်း။

၎င်းတို့၌ ပစ္စည်းတရားကား–ပဋိသန္ဓေဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ပထမဘဝင်အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးတည်း။

ပစ္စယုပ္ပန်တရားကား–ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတည်း။

ပစ္စည်းရေကား–ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတည်း။

## ပစ္ဆာတမျိုး၌ ပစ္စည်းပြိုင်ပုံ

ပုံစံ–၁။ ။ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော–၌ ကုသလာ ခန္ဓာ–အရ ကုသိုလ်နာမက္ခန္ဓာ ပစ္စည်းတရားက ဣမဿ ကာယဿ–အရ တိဇစတုဇကာယပစ္စယုပ္ပန်တရားအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သောပစ္စည်းစုကား–ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၄–ပစ္စည်းတည်း။

http://www.dhammadownload.com



**မှတ်ချက်။** ။ပုရေဇာတနှင့် ပစ္ဆာဇာတတို့သည် ပြောင်းပြန် ဖြစ်ကြ၏။ ပုရေဇာတ–၌ ပစ္စည်းတရားသည် ရုပ်ဖြစ်၍ ပစ္စယုပ္ပန်တရားသည် နာမ်ဖြစ်သည်။ ပစ္ဆာဇာတ၌ကား ပစ္စည်းတရားသည် နာမ်ဖြစ်၍ ပစ္စယုပ္ပန်တရားသည် ရုပ်ဖြစ်လေသည်။

ပုရေဇာတ၌ ပစ္စည်းတရားကား ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဝတ္ထုရုပ်တည်း။ ပစ္စယုပ္ပန်တရားကား နောက်နားက ကပ်လျက်နေသော စိတ်တည်း။ ပစ္ဆာဇာတ၌ ပစ္စည်းတရားသည် နောက်နောက် နာမ်တရားတည်း။ ပစ္စယုပ္ပန်တရားကား ထိုနာမ်၏ ရှေ့နားက ကပ်လျက်နေသော ရုပ်တရားတည်း။ ဤမျှနားလည်လျှင် ပစ္စည်းပြိုင်တတ်လောက်ပါသည်။ သဘောပေါက်အောင် စဉ်းစားဆင်ခြင်ပါ။

ပစ္ဆာဇာတမျိုး သုဒ္ဓသင်္ချာ ပြီး၏။

## ၇။ ကမ္မမျိုး ၁–ပါး

ကမ္မမျိုး ၁–ပါးဟူသော်ကား–ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မတည်း။ ထို၌ ပစ္စည်းတရားကား–ကုသိုလ် အကုသိုလ် စေတနာတည်း။ ပစ္စယုပ္ပန်တရားကား–ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့တည်း။ ပစ္စည်းရေကား– ကမ္မ ၁–ပစ္စည်းတည်း။

## ကမ္မမျိုး၌ ပစ္စည်းပြိုင်ပုံ

နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော–၌ ကုသလာ စေတနာ–အရ စေတနာ ပစ္စည်း တရားက ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ–အရ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းစုကား– အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စည်းဖြစ်ပါသည်။

**မှတ်ချက်။** ။ပစ္စည်းတရားတွင် မဂ်လေးခု စေတနာ ပါဝင်နေသဖြင့် အနန္တရကမ္မလည်း ရှေသောကြောင့် ၆–ပစ္စည်းပြိုင်ရသည်ကို သတိထားပါ။

ကမ္မမျိုး သုဒ္ဓသင်္ချာ ပြီး၏။

## ၈။ ရုပ်အာဟာရမျိုး ၃–ပါး

ရုပ်အာဟာရမျိုး ၃–ပါးဟူသော်ကား–ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရအဝိဂတတို့တည်း။

၄င်းတို့၌ ပစ္စည်းတရားကား စတုသမုဋ္ဌာနိကဩဇာတည်း။ ပစ္စယုပ္ပန်တရားကား–ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော

http://www.dhammadownload.com



စတုသမုဋ္ဌာနိကရုပ်တည်း။ ပစ္စည်းရေကား–အာဟာရ၊ အတ္ထိ၊ အဝိဂတ ၃–ပစ္စည်းတည်း။

**၉။ ရူပဇီဝိတိန္ဒြိယမျိုး ၃–ပါး**

ရူပဇီဝိတိန္ဒြိယ ၃–ပါး ဟူသော်ကား– ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတတို့တည်း။ ၎င်းတို့၌ ပစ္စည်းတရားကား–ရုပ်ဇီဝိတိန္ဒြေတည်း။

ပစ္စယုပ္ပန်တရားကား–ရူပဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ခုတည်း။ ပစ္စည်းရေကား–ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ၃–ပစ္စည်းတည်း။

သုဒ္ဓသချာ အလုံးစုံ ပြီးပါပြီ။

မှတ်ချက်။ ။၂၄–ပစ္စည်းအနက်မှ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–ဟူသော ၁၀–ပစ္စည်းတို့သည် မျိုးကွဲရှိကြ၏။ ကျန်သော ၁၄–ပစ္စည်းတို့ကား မျိုးကွဲ မရှိကြ။

၀၀၀၀၀

၁၀–နံပါတ် စည်းမျဉ်းနှင့်အဖြေ ပြီး၏။

အဋ္ဌသာလိနီ စည်းမျဉ်းနှင့်အဖြေ အလုံးစုံ ပြီးပါပြီ။

http://www.dhammadownload.com



# အဋ္ဌသာလိနီ လေ့ကျင့်ခန်း

## အမှတ်-၁၊ လေ့ကျင့်ခန်း

(က) ယံ ဝွေ့ ဝုဒ္ဓိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။

(ခ) အယံ ဟိ အဘိသဒ္ဒေါ ဝုဒ္ဓိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

(ဂ) တထာဟေသ "ဗာဠှာ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ"တိ
အာဒီသု ဝုဒ္ဓိယံ အာဂတော ။ပ ။

(ဃ) ဝွေ့ စ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ မေတ္တာသဟဂတေန
စေတသာ တံ ဒိသံ ဖရိတွာ ဝိဟရတိ"တိအာဒိနာ နယေန ဝုဒ္ဓိမန္တောပိ
ဓမ္မာ ဝုတ္တာ ။ ပ ။

(င) တေနေတမေတ္ထ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ "ယံ ဝွေ့ ဝုဒ္ဓိမန္တော
။ ပ ။ အဘိဓမ္မော တေန အက္ခာတော"တိ။ (နိဒ္ဒ၊ ၂၀)

**ဋီကာ။** ။(ခ) ခ–**အဘိက္ကမန္တီ**တိ ဝွေ့ အဘိသဒ္ဒေါ ကမနဿ ဝုဒ္ဓိဘာဝံ အတိရေကတ္တံ ဒီပေတိ။ ဘာဝနာဖရဏဝုဒ္ဓိဟိ ဝုဒ္ဓိမန္တော။ (ဋီ၊ ၂၀)

ပြည်။ ။(ခ)အဘိသဒ္ဒါ တစ်ခုတည်းဖြစ်ခဲ့၊ ဝုဒ္ဓိမန္တ –စသောအနက်ကား အများဖြစ်ခဲ့၊ အသို့လျှင် အနက်သဒ္ဒါ၊ ဝါစ္စဝါစကတပ်အံ့နည်း–ဟု စောဒနာရန် ရှိ၍ အယဉ် စသည်ကို မိန့်သော်။ အဘိသဒ္ဒါတစ်ခုတည်းဖြစ်သော်လည်း အနေကတ္ထ ဖြစ်ရကား အနက်အများပင် သာမညအားဖြင့် ဖြစ်သည်ဟူလို။ (ဂ)အမှုသည် သက်သေမရှိ တရားစကား အဆိုမှား၏သို့ ဥဒါဟရဏ်နှင့်ကင်း၍ ဝုဒ္ဓိမန္တ, လက္ခဏ–စသောအနက်၌ ဖြစ်သည်ကို စင်စစ် မယုံသာသေး၊ စောဒနာရန်ရှိ၍ တထာဟေသ–စသည်ကို မိန့်သော်။ (ဃ)တပါးသောကျမ်းတို့၌ ဝုဒ္ဓိမန္တ စသော အနက်တို့ကို အဘိသဒ္ဒါဟောရာအားဖြင့် သာဓကပါဠိကိုသာ ဆို၏။ ဤအဘိဓမ္မာ ပါဠိ၌ ဝုဒ္ဓိမန္တ အစိကဓမ္မတို့ကို ဟောရာပါဠိ ရှိပါ၏လော စောဒနာကို နှလုံးထား ၍ ဖြေလိုရကား ဝွေ့ စ–စသည်ကိုမိန့်။ တစ်နည်း–ထိုအဘိသဒ္ဒါသည် ဝုဒ္ဓိလက္ခဏ စသော အနက်ငါးပါးကို ဟောနိုင်စေကာမူ ဤအဘိဓမ္မာ၌ ဝုဒ္ဓိမန္တ စသောတရား တို့ကို ဟောရာပါဠိ မရှိခဲ့သော် သဒ္ဒါနှင့်အနက်မညီ ရှင်ဖြစ်ယောင်တကား–စော ဒနာကြောင့် ဝွေ့ စ–စသည်ကို မိန့်။

http://www.dhammadownload.com



(င)လဒ္ဓဂုဏ်ကို ပြလိုရကား၊ တစ်နည်း သောတုဇနေတို့အား သတိမြဲစေလိုရကား၊ တစ်နည်း– ရှေ့အကျဉ်းဂါထာနှင့် အယံ ဟိ–စသည်အကျယ်ကို အထူးမှတ်လိမ့်စိုးရကား၊ တစ်နည်း– ယံ တွေ ဝုဒ္ဓိမန္တော–စသည်ဖြင့် အဘိဓမ္မသဒ္ဒါ၏ အဖ္တကို ဆိုပြီး ထိုအတ္တကား ဝစနတ္တစစ်-ဝစနတ္တတု-ဝစနတ္တပြအားဖြင့် သုံးပါးတွင် အဘယ်အတ္တနည်းဟု မေးဖွယ်ရှိရကား တေန မေ တဿ–စသည်ကို မိန့်။ (ပြည်၊ ပ၊ ၈၀)

**ဘာသာဋီကာ။** ။(ခ) က–ဝါကျပါ ဂါထာကို ချဲ့လို၍ ခ–ဝါကျကိုမိန့်။ (ဂ)ဂ–ဝါကျကို အာဂမဒဋ္ဌိကာရဏဝါကျလည်းပေးနိုင်၏၊ ဉာပကဟေတုဝါကျလည်းပေးနိုင်၏။ "တထာ ဟိ မှာ၊ ဉာပကာ၊ ရံခါ ချဲ့ မြဲ စွဲ"နှင့်အညီတည်း။ (ဃ)အဘိသဒ္ဒါ၏ ဝုဒ္ဓိ–စသော အနက်များစွာကို ဟောရာ၌ ဗာဟ္ဗာ မေ အာဝုသော ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ–စသော သာဓကများဖြင့် သဒ္ဒယုတ္တိရှိကြောင်းကို သိရပါပြီ၊ ဤအဘိဓမ္မာပိဋကဍ္ဍ ဝုဒ္ဓိမန္တ စသောတရားများ ဟောတော်မမူလျှင် အတ္တယုတ္တိ မရှိရာသောကြောင့် ထိုအတ္တယုတ္တိ ရှိ/မရှိကို အဘယ်သို့ သိရပါမည်နည်း–ဟု မေးဖွယ်ရှိရကား ဃ–ဝါကျကိုမိန့်။ ပြတ်ပြီးကို ပြန်၍ဆက်သော ဝါကျာရမ္ဘဝါကျတည်း။ (င) အဘယ်အကျိုးငှာ ယံ တွေ ဝုဒ္ဓိမန္တော–စသော ဂါထာစကားကို ဆိုအပ်ခဲ့ပါသနည်း?ဟု မေးဖွယ်ရှိသောကြောင့် င–ဝါကျကို မိန့်။ ထိုဝါကျသည် လဒ္ဓဂုဏ်လည်း မဟုတ်၊ နိဂုံးလည်း မဟုတ်၊ ရှေ့ဂါထာစကား၌ မေးဖွယ်ရှိ၍ ဆက်၍ပြသော ဝါကျာရမ္ဘဝါကျသာတည်း။ (ဘာဋီ၊ ပ၊ ၉၈)

**၁။ ပုစ္ဆာ။** ။ဟိ–ကို ဉာပကဟေတုဇောတက ကြံ၍ ဂ–ဝါကျကို အနက်ပေးပြပါ။

**၁။ အဖြေ။** ။ကသ္မာ–ကြောင့်၊ အယံ အဘိသဒ္ဒေါ ။ ပ ။ ဒိဿတိ၊ ဉာတိ ဝိညာယတိ–နည်း၊ ဟိ ယသ္မာ–ကြောင့်၊ သေ–သည်၊ ဗာဟ္ဗာ ။ ပ ။ အာဒီသု–တို့၌၊ ဝုဒ္ဓိယံ–၌၊ အာဂတော ။ ပ ။ အဓိကေ–၌၊ အာဂတော။ တထာ တသ္မာ–ကြောင့်၊ အယံ အဘိသဒ္ဒေါ ။ ပ ။ ဒိဿတိ၊ ဉာတိ၊ ဝိညာယတိ–၏။

**မှတ်ချက်။** ။ရှေ့မှာ ပုစ္ဆာဝါကျ အပိုထည့်ထားပုံ၊ တထာကို တသ္မာ–ဟုပေး၍ ထိုပုစ္ဆာဝါကျကို ပြန်၍အုပ်ပုံတို့ကို အတုယူပါ။ ဉာပကဟေတုဝါကျမှန်သမျှ ဤအတိုင်းချည်း ပေးရသည်။

**၂။ ပုစ္ဆာ။** ။ဂ–ဝါကျသို့ ထပနာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။အရှင်အဋ္ဌကထာဆရာ ဆရာသည် ခ–မှတ်ပြဝါကျဖြင့် အဘိသဒ္ဒါသည် ဝုဒ္ဓိ, လက္ခဏ–စသောအနက်တို့၌ ဖြစ်၏–ဟု ဆိုတော်မူ၏။

http://www.dhammadownload.com



ဤသို့သာ ဆိုချေသော်–အမှုသည် သက်သေမရှိ တရားစကား အဆိုမှားဏ်ဟု ဥဒါဟရဏ်နှင့် ကင်း၍ ဝုဒ္ဓိမန္တ,လက္ခဏာစသော အနက်၌ဖြစ်သည်ကို စင်စစ် မယုံသာသေးသည် မဟုတ်ပါလော။ ထိုသို့ မယုံသာသေးသောကြောင့် အဘိသဒ္ဒါ သည် ဝုဒ္ဓိ, လက္ခဏာ–စသော အနက်တို့၌ ဖြစ်၏ဟုသာ မဆိုသင့်။ ဥဒါဟရဏ်ကို မဆိုချေသော် ဆရာ့အပေါ်၌ ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဥဒါဟရဏ်ကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာ လိုရကား ဂ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား ဂ–မှတ်ပြဝါကျဖြင့် ဥဒါဟရဏ်ကို ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော ဝိရောဓိဒေါသ ငါ့အပေါ် မရောက်–ဟူလိုသော်။

**အမှာ။** ။ပြည်နိဿယ မှတ်ချက်ကို ယူ၍ တက်ထားပါသည်။ နိဿယ မှတ်ချက်ကို သဘောပေါက်အောင် စဉ်းစားပါ။ ဒဋ္ဌီကရဏဝါကျတိုင်းကို ဤသို့ တက်ရမည်။

**၂။ ပုစ္ဆာ။** ။ဃ–ဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။အရှင်အဋ္ဌကထာဆရာ ဆရာသည် ဂ–မှတ်ပြဝါကျဖြင့် အဘိသဒ္ဒါ၏ ဝုဒ္ဓိ–စသောအနက်များကို ဟောရာ၌ သဒ္ဒယုတ္တိရှိကြောင်းကို ပြဆို တော်မူ၏။ ဤမျှသာ ပြဆိုချေသော် အတ္ထယုတ္တိကား မရှိဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား အတ္ထယုတ္တိ မရှိဟူသောအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အတ္ထယုတ္တိရှိကြောင်းကိုလည်း ပြဆိုသင့် သေး၏၊ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အတ္ထယုတ္တိရှိကြောင်းကို အဘယ်သို့ သိမှတ် ရပါမည်နည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ထိုစောဒနာကို သောဓနာလို ရကား ဃ–ဝါကျကို မိန့်။ အဓိပ္ပါယ်ကား ဃ–ဝါကျဖြင့် အတ္ထယုတ္တိရှိကြောင်းကို ပြဆိုထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဗျာပိတဒေါသသည် ငါ့အပေါ်၌ မရောက်ဟူလိုသော်။

**၃။ ပုစ္ဆာ။** ။ဓမ္မောတိ တန္တိ၊ အပရော နယော–ဓမ္မောတိ ဟေတု (နိဋ္ဌ၊ ၂၃)။ အပရော နယောသဒ္ဒါ ထားပုံကိုလည်းကောင်း၊ (င) မှတ်ပြဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်းကောင်း၊ ထိုဝါကျပါ တေန ဝုတ္တံ ထားပုံကိုလည်းကောင်း ရှင်းလင်း ဖော်ပြပါ။

**၃။ အဖြေ။** ။ဓမ္မသဒ္ဒါ၏ ပါဠိတော်ဟူသော အနက်တစ်မျိုးမှ အကြောင်း ဟူသော အနက်တစ်မျိုးသို့ လဲပြလိုသောကြောင့် အပရော နယော–ကို ထားပါသည်။

http://www.dhammadownload.com



င–ဝါကျဖြင့် နိရုတ္တကဒေါသကို ပယ်ပါသည်။ အကြောင်းကား– ရသင့် ရထိုက်သော အကျိုးဂုဏ်ကို ထုတ်ဆောင်၍ ပြလိုသောကြောင့် ဖြစ်ပါသည်။ င–ဝါကျ၌ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေန ဝုတ္တံကို ထားရပါသည်။

၄။ ပုစ္ဆာ။ ။က–ဝါကျပါ ပထမပါဒနှင့်အညီ အဘိဓမ္မာ–ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိစတုက္က ခွဲပြပါ။

၄။ အဖြေ။ ။ ဝုဒ္ဓိမန္တော ဓမ္မာ ဧတ္ထ ဝုတ္တာတိ အဘိဓမ္မော။ အ, ဟူသော၊ ဘိ, ဟူသော၊ ဓမ်, ဟူသော၊ မော–ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။ အဘိပုဒ်, ဓမ္မပုဒ်, ဧတပုဒ်–တို့သည့်လည်းကောင်း၊ ကြီးပွားခြင်း ရှိသောတရားများနှင့် အဘိဓမ္မာပိဋကတ်တို့၏ ဌာနီ+ဌာန၊ နိဿိတ+နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိမည်၏။ အဘိဓမ္မာ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။ အဘိဓမ္မာပိဋကတ်တည်းဟူသော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။ (အဘိဓာန်ဋီကာနည်းတည်း။)

၅။ ပုစ္ဆာ။ ။က–မှတ်ပြ တတိယပါဒပါပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ တို့ကို စိစစ်ပြပါ။

၅။ အဖြေ။ ။ ဝုတ္တာ–သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ်။

အဓိကာ–သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

စ, သည် အ, လိင်၊ ဂဏဝိမုတ်၊ အ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

ဓမ္မာ–သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။က–မှတ်ပြ ပထမဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အနွယအားဖြင့် ဖော်ပြ၍ အကြောင်းနှင့်တကွ သံဝဏ္ဏနာအမည် ပေးပြပါ။

၆။ အဖြေ။ ။အဘိဓမ္မာ–၌ အဘိဥပသာရပုဒ်၏ အာဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဒကမ္မ–စသော အနက်ကို မယော၊ (ဗျ) ဝုဒ္ဓိအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ (နွ) အဘိဓမ္မာ–ပုဒ်ကို အဘိ ဝုဒ္ဓိမာ ဓမ္မော အဘိဓမ္မော–ဟု ကမ္မဓာရယ်သမာသ် မပြုရ၊ (ဗျ) ဝုဒ္ဓိမန္တော ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော–ဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ပြုရမည့်အဖြစ်ကိုလည်းကောင်း၊ (နွ) သိစေသည်။ ဥပသာရဖြစ်သော လိင်ပုဒ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။ သမာသ်ဖြစ်သော လိင်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။သမာသ်ဝိဂ္ဂဟကို ပြရာ၌ အချို့က သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ အမည်ပေးကြသည်။ သင့်သည်ချည်းသာဖြစ်၏။ ကြိုက်ရာကို သုံးပါ။

**၇။ ပုစ္ဆာ။** ။က-၌ တ္ထေ-ဝယ် တေ-၏ အစွဲကိုလည်းကောင်း၊ ဂ-၌ အဘိက္ကမန္တိ-နောင် ဝေ-အကြေ ကြံ၍ ထိုဝေ၏ အနက်သုံးချက်ကိုလည်းကောင်း၊ ဃ-၌ စ,၏ အနက်ကိုလည်းကောင်း ဖော်ပြပါ။

**၇။ အဖြေ။** ။တေ-သဒ္ဒါသည် အဘိဓမ္မာပိဋကတ်ကို စွဲပါသည်။ အဘိက္ကမန္တိ ဝေ-၌ တိုးခြင်းသည် ဂဟေတဗ္ဗတ္ထ၊ ဆုတ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ၊ ဒုက္ခဝေဒနာတို့သည်လည်းကောင်း၊ ယင်းတို့၏ တိုးသည်၏အဖြစ်တည်းဟူသော ဂုဏ်သည်လည်းကောင်း အနုညာတတ္ထ ဖြစ်ပါသည်။ စ-သဒ္ဒါသည် ဝါကျာရမ္ဘ အနက်ကို ဟောပါသည်။

**၈။ ပုစ္ဆာ။** ။ဃ-ဝါကျပါ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ မဂ္ဂ-ကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။

**၈။ အဖြေ။** ။ရူပါဝစရကုသိုလ်စျာန်သည် ဒဿနတ္ထ။ ပရိကမ်,ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ စျာန်ချမ်းသာကို ခံစားရခြင်းသည် ပကာသနတ္ထ။ ပဉ္စာနန္တရိယကံမှ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေ နေခဲ့ခြင်းသည် ဝိဘာဝတ္ထ။ ရူပဘုံ၌ ပဋိသန္ဓေနေရခြင်း-စသော အကျိုးများသည် အနုဘာဝတ္ထ။

**မှတ်ချက်။** ။အကြောင်းနှစ်ချက် အကျိုးနှစ်ချက် အလင်္ကာအစဉ်အရ ထုတ်ပုံတည်း။ ဝီထိစဉ်အရ ထုတ်လိုသော်- ရူပါဝစရကုသိုလ်ဇောများကို ဒဿနတ္ထ ကောက်၍ ထုတ်ကြည့်ပါ။ ပဋိစ္စသမုပ္ပါဒ်အစဉ်အရ ထုတ်လိုသော်- ရူပါဝစရ ကုသိုလ်သင်္ခါရတို့ကို ဒဿနတ္ထယူ၍ ထုတ်ကြည့်ပါ။ လက္ခဏာဒိစတုက္ကနည်း အရ ထုတ်လိုသော်- ရူပါဝစရကုသိုလ်တရားများကို ဒဿနတ္ထယူ၍ ထုတ်ကြည့်ပါ။ ခက်ခဲဖွယ် မရှိပြီ။

**၉။ ပုစ္ဆာ။** ။အဘိဓမ္မာပိဋကဓ် ဒေသနာအမည်, သာသနအမည်, ကထာအမည် ရပုံတို့ကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြပါ။

**၉။ အဖြေ။** ။အဘိဓမ္မာပိဋကသည် ပရမတ္ထ၌ လိမ္မာတော်မူသော ဘုရားရှင်က ပရမတ္ထများသောအားဖြင့် ဟောကြားထားသောကြောင့် ပရမတ္ထဒေသနာ ဖြစ်ပါသည်။ ပရမတ္ထတရားအစုမျှ၌ "ငါ, ငါ့ဟာ"ဟု ထင်မှတ်နေသော သတ္တဝါတို့ကို တရားအတိုင်း ဆုံးမရာဖြစ်သောကြောင့် ယထာဓမ္မသာသနာ ဖြစ်ပါသည်။ ရာဂ-စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော နာမ်ရုပ်အပိုင်းအခြားကို ဟောကြားရာဖြစ်သောကြောင့် နာမရူပပရိစ္ဆေဒကထာ ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ။** ။၉–နံပါတ်၌ လက္ခဏာဒိစတုက္ကနှင့် အဓိပ္ပါယ်တို့ကို မေးနိုင်ရာ လက္ခဏာဒိစတုက္ကကို အမေးများပါသည်။ သို့ရာတွင် ဤကျမ်း၌ကား အဓိပ္ပါယ်ကိုသာ လေ့ကျင့်ခန်းတွင် ထည့်သွင်းပါမည်။ စတုက္ကကိုကား စည်းမျဉ်းနှင့်အဖြေမှာ ပါသည့်အတိုင်း အရကျက်ထားလျှင် ပြည့်စုံပြီဖြစ်ပါသည်။

**၁၀။ ပုစ္ဆာ။** ။ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ–၌ ရူပူပပတ္တိယာ–အရ ပစ္စယုပ္ပန်တရားအား မဂ္ဂ–အရ ပစ္စည်းတရားက ကျေးဇူးပြုသော ပစ္စယသတ္တိကိုလည်းကောင်း၊ ပြိုင်နိုင်သော ပစ္စည်းစုကိုလည်းကောင်း ဖော်ပြပါ။

**၁၀။ အဖြေ။** ။ရူပူပပတ္တိယာ–အရ ပစ္စယုပ္ပန်တရားအား မဂ္ဂ–အရ ပစ္စည်းတရားက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းစုကား– ဥပနိဿယ၊ ကမ္မဖြစ်ပါသည်။

ဝဝဝဝဝ

အမှတ်–၁၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၂၊ လေ့ကျင့်ခန်း

(က) ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန။

(ခ) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော ဒဿနန္တိ ဝုတ္တော။

(ဂ) ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ ပဿတိ၊ ကတ္တဗ္ဗဿ ပန ကိလေသပ္ပဟာနဿာဘာဝါ န ဒဿနန္တိ ဝုစ္စတိ။

(ဃ) ဘာဝနာယာတိ သေသမဂ္ဂတ္တယေန၊ သေသမဂ္ဂတ္တယဉ္ဟိ ပဌမမဂ္ဂေန ဒိဋ္ဌသ္မိံယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ၊ အဒိဋ္ဌပုဗ္ဗံ ကိဉ္စိ န ပဿတိ၊ တသ္မာ ဘာဝနာတိ ဝုစ္စတိ။ (နိဋ္ဌ၊ ၈၅)

**ဋီကာ။** ။(ခ) နိဗ္ဗာနံ ဒဿနတောတိ နိဗ္ဗာနာရမ္မဏတံ သန္ဓာယာဟ။ အထ ဝါ ဓမ္မစက္ခုံ ပုနပ္ပုနံ နိဗ္ဗတ္တနေန ဘာဝနာဘာဝံ အပ္ပတ္တံ ဒဿနံ နာမ၊ ဓမ္မစက္ခုံ စ ပရိညာဒိကိစ္စကရဏေန စတုသစ္စဓမ္မဒဿနံ တဒတိသယော၊ တသ္မာ နတ္ထေတ္ထ ဂေါတြဘုဿ ဒဿနဘာဝါပတ္တီတိ။ (ဋီကာ၊ ၄၁)

**ပြည်။** ။ဂ–၌ ပန–ကို ဗျတိရိတ်ကား–ဟုပေး၏။ (ပြည်၊ ပ၊ ၃၀၀)

**ဘာသာဋီကာ။** ။(ခ) ခ–၌ နိဗ္ဗာနံ ဒဿနတော–သည် ဒဿနအမည်ရခြင်း၏ အကြောင်းကိုပြသော နာမလာဘဟိတ်တည်း။ "နိဗ္ဗာနံ ပဿတီတိ ဒဿနံ"ဟုပြု။(ဂ)နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မြင်သောကြောင့် ဒဿန–ဟု

http://www.dhammadownload.com



ခေါ်ရလျှင် ဂေါတြဘုလည်း သောတာပတ္တိမဂ်၏အလျင် နိဗ္ဗာန်ကိုမြင်ရကား ဒဿန-အမည် ရသင့်သည် မဟုတ်ပါလော-ဟု စောဒနာဖွယ်ရှိသောကြောင့် ဂ-ဝါကျကို မိန့်။ ဘာဝနာဒ္ဒ ဘူစာတ်၊ ကာရိတ်ကျေ၊ ယုပစ္စည်း။ ဘူ-ဓာတ်၏ သတ္တာအနက်၊ ဝုဒ္ဓိအနက်နှစ်ပါးတွင် ဝုဒ္ဓိအနက်ကို ယူစေလိုသောကြောင့် "ပဌမ မဂ္ဂေန ဒိဋ္ဌသ္မိံ ယေဝ ဓမ္မေ ဘာဝနာဝသေန ဥပ္ပဇ္ဇတိ"ဟု မိန့်သည်။ "ဘာဝေတိ ဘာဝနာ"-ဟု ပြု။ (ဘာဋီ-ပ၊ ၃၁၅)

**၁။ ပုစ္ဆာ။** ။ဒဿနေန, ဘာဝနာယ-တို့ကို အဖွင့်နှင့်အညီ သဂုဏာဒဗ္ဗာ ပေက္ခအနက် ပေးပြပါ။

**၁။ အဖြေ။** ။ဒဿနေန-နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော သောတာပတ္တိမဂ်သည်။ ဘာဝနာယ-သောတာပတ္တိမဂ် မြင်အပ်ပြီးသောတရား၌ တိုးပွားစေတတ်သော အထက်မဂ်သုံးပါးအပေါင်းသည်။

**၂။ ပုစ္ဆာ။** ။ခ-ဝါကျသို့ ထပနာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဆရာ ဆရာသည် က-ဝါကျဖြင့် ဒဿန-အရ သောတာပတ္တိမဂ်ကို ကောက်ယူရမည်-ဟု ဖွင့်ပြတော်မူ၏။ ဤမျှသာ ဆိုချေသော် ယင်း သောတာပတ္တိမဂ်၏ ဒဿနအမည်ရခြင်းအကြောင်းကို မသိနိုင်ရာသည် မဟုတ် ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် ဒဿန-အရ သောတာပတ္တိမဂ်ကို ကောက်ယူရမည်-ဟူ၍သာ မဆိုသင့်။ သောတာပတ္တိမဂ်၏ ဒဿနအမည်ရခြင်း အကြောင်းကို မပြချေသော် ဆရာ့အပေါ်၌ ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ သောတာပတ္တိမဂ်၏ ဒဿနအမည်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုရကား ခ-ဝါကျကို မိန့်။

အဓိပ္ပါယ်ကား-သောတာပတ္တိမဂ်၏ ဒဿနအမည်ရခြင်း၏ အကြောင်း ကို မပြသည်မဟုတ်၊ ခ-ဝါကျဖြင့် ပြထားသည်သာဖြစ်သောကြောင့် သင်တင်အပ် သော ဝိရောဓိဒေါသ ငါ့အပေါ်မရောက်-ဟူလိုသော်။

**အမှာ။** ။နိဗ္ဗာန် ဒဿနတော-ဟူသော နာမလာဘဟိတ်ကို မျှော်၍ တက်လိုက်ပါသည်။ ဆရာအမျိုးမျိုးတို့၏ အယူအဆအရ အမျိုးမျိုး တက်နိုင် သည်သာဖြစ်၏။ နည်းစုံအောင်မှတ်သားနိုင်ဖို့သာ လိုသည်၊ မိမိဉာဏ်သက်ရာ ကိုလည်း တက်ကြည့်ပါ။

**၂။ ပုစ္ဆာ။** ။ဂ-မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက် ပြပါ။

http://www.dhammadownload.com



၂။ အဖြေ။ ။ဆရာ ဆရာသည် (က၊ ခ)ဝါကျတို့ဖြင့် သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို ပထမဦးစွာ မြင်သောကြောင့် ဒဿနမည်သော–ဟု ဆိုတော်မူ၏။ ဤသို့သာဆိုချေသော် ဂေါတြဘုလည်း သောတာပတ္တိမဂ်အလျင် နိဗ္ဗာန်ကို မြင်သောကြောင့် ဒဿနမည်၏–ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဂေါတြဘု၏ ဒဿနအမည်မရနိုင်ပုံကို ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲ လျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဂေါတြဘု၏ ဒဿနအမည် မရနိုင်ပုံကို အဘယ်သို့ မှတ်ရ ပါမည်နည်း။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောနေ့ာလိုရကား ဂ–ဝါကျကို မိန့်။

အဓိပ္ပါယ်ကား–ဂေါတြဘု၏ ဒဿနအမည် မရနိုင်ပုံကို မပြသည်မဟုတ်၊ ဂ–ဝါကျဖြင့် ပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အတိဗျာပိတဒေါသ ငါ့အပေါ်၌ မရောက်–ဟူလို။

မှတ်ချက်။ ။ဒဋ္ဌိယဝါကျနှင့် ဒဋ္ဌိကရဏဝါကျ နှစ်ခုလုံးကို ပေါင်း၍ ထပနာကိုင်ပုံကို မှတ်ပါ။ ဒဋ္ဌိကရဏဖြစ်သော ခ–ဝါကျကိုသာ ထပနာကိုင်လျှင် မှားသည်။

၃။ ပုစ္ဆာ။ ။နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတိ၊ ကိလေသေ ဝါ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။(နိဋ္ဌ၊ ၈၇)၌ ဝါ–သဒ္ဒါ ထားရပုံကိုလည်းကောင်း၊ ဂ–မှတ်ပြဝါကျဖြင့် ပယ်အပ်သောဒေါသကိုလည်းကောင်း၊ ဃ–မှတ်ပြဝါကျ၌ တသ္မာ–ထားရပုံကိုလည်းကောင်း ရှင်းပြပါ။

၃။ အဖြေ။ ။ မဂ္ဂဓာတ် အ,ပစ္စည်းဟူသော သဒ္ဒါတစ်မျိုးမှ မာရေန္တသဒ္ဒူပပဒ ဂမုဓာတ်၊ ကွိပစ္စည်းဟူသော သဒ္ဒါတစ်မျိုးသို့လည်းကောင်း၊ ရှာမှီးခြင်းဟူသော အနက်တစ်မျိုးမှ သတ်လျက် သွားခြင်း–ဟူသော အနက်တစ်မျိုးသို့လည်းကောင်း လဲပြလို၍ ဝါ–သဒ္ဒါ ထားပါသည်။

တစ်နည်း။ ။နိဗ္ဗာန်ကို ရှာမှီးတတ်သည်၏ အဖြစ်တည်းဟူသော ဗျုပ္ပတ်အကြောင်းမှ တစ်ပါး ကိလေသာတို့ကို သတ်လျက် သွားတတ်သည်၏ အဖြစ်တည်းဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလို၍ ဝါ–သဒ္ဒါ ထားပါသည်။

ဂ–ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ အကြောင်းကား–(က၊ ခ) ဝါကျတို့ကိုသာဆိုလျှင် ဂေါတြဘုလည်း ဒဿန–မည်နိုင်သကဲ့သို့ ဖြစ်နေရာ ထိုအလွန်ကို နုတ်ယူလိုသောကြောင့် ဖြစ်ပါသည်။

ဃ–ဝါကျ၌ အကျိုးဖလကို ပြလိုသောကြောင့် တသ္မာ–ထားရပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။ဝါ–ထားပုံကို ရှင်းရာ၌ နှစ်နည်းလုံးမှာ မဂ္ဂ–ချည်းဖြစ်သော်လည်း ပကတိ+ပစ္စယ မတူကြသောကြောင့် သဒ္ဒါလဲလည်း ဖြစ်သည်။ ပကတိ+ပစ္စယ မတူကြသည့်အလျောက် ယင်းတို့၏ အနက်လည်း မတူသောကြောင့် အနက်လဲလည်း ဖြစ်သည်။ ထို့ကြောင့် သဒ္ဒါရောအနက်ပါ နှစ်ချက်လုံးလဲ ဖြစ်သည်–ဟု ဆုံးဖြတ်သည်။ တစ်နည်း အဖြေကား အများရေးရိုး ရေးစဉ်တည်း။

**၄။ ပုစ္ဆာ။** ။ဃ–မှတ်ပြဝါကျပါ အဒိဋ္ဌပုဗ္ဗ–ပုဒ်ကို အပေါင်းဝိဂ္ဂဟပြု၍ (ဘေဒစိန္တာဒီပနီနည်း–အရ) ဗျုပ္ပတ္တျာဒိစတုက္က ခွဲပြပါ။

**၄။ အဖြေ။** ။ ပုဗ္ဗေ အဒိဋ္ဌန္တိ အဒိဋ္ဌပုဗ္ဗံ။

ပုဗ္ဗေ အဒိဋ္ဌံ–ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိမည်၏။

ရှေးကာလနှင့် တရားတို့၏ နိဿယ+နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

အဒိဋ္ဌပုဗ္ဗ–ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။

မမြင်အပ်သေးသော တရားအပေါင်းဟူသော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏။

**၅။ ပုစ္ဆာ။** ။က–မှတ်ပြ ဝါကျပါ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။

**၅။ အဖြေ။** ။ဒဿနေန–သည် နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ်။

ဉာတိ–သည် အ, လိင်၊ ဂဏဝိမုတ်၊ ဣ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

သောတာပတ္တိမဂ္ဂေန–သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ သမာသ် နာမ်ပုဒ် ဖြစ်ပါသည်။

**၆။ ပုစ္ဆာ။** ။(က၊ ခ) မှတ်ပြ ဝါကျတို့၌ အာဘောဂနှင့် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

**၆။ အဖြေ။** ။က–၌ သောတာပတ္တိမဂ္ဂေန–ဖြင့် ဒဿန–အရ သောတာပတ္တိမဂ်ကို အရကောက်ရမည့်အဖြစ်ကို ပြ၏၊ အဘိဓေယျတ္ထ။

ခ–၌ ပဌမံ နိဗ္ဗာနံ–ဖြင့် မြင်ခြင်းသည် ရှေးဦးစွာ နိဗ္ဗာန်ကို မြင်ခြင်း–ဟု ပြ၏၊ ဘာဝတ္ထ။ ဒဿနတော–ဖြင့် ဒဿနေန–ကို ပဿတီတိ ဒဿနံ–ဟု ဝိဂ္ဂဟ ပြုရမည့်အဖြစ်ကို ပြ၏၊ အဘိဓာနတ္ထ။

**မှတ်ချက်။** ။ဒဿနနှင့် သောတာပတ္တိမဂ်သည် ပရိယာယ်ဝေဝုစ် မဟုတ်ကြ၊ ဒဿနသဒ္ဒါက သောတာပတ္တိမဂ်ဟုသော အနက်ကို နဂိုက မဟောနိုင်၊

http://www.dhammadownload.com



ပဿတီတိ ဒဿနံ–ဟူသော ဝိဂ္ဂဟအရသာ သောတာပတ္တိမဂ်ကို ဒဿန–သဒ္ဒါက ဟောနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် နာမလိင်္ဂတ္တသော်လည်းကောင်း၊ ပရိယာယ်ပြ အဘိဓေယျတ္တသော်လည်းကောင်း အမည်ပေးလျှင် မှား၏။ သရုပ်ကြား အဘိဓေယျတ္တသာ ဖြစ်နိုင်သည်။

ထို့ကြောင့် နာမ်ပုဒ်ကိုဖွင့်ရာ၌ အဖွင့်ခံနာမ်က အဖွင့်နာမ်ကို ဟောနိုင်သော အရာဖြစ်မှသာ နာမလိင်္ဂတ္တ ဖော်နိုင်သည်၊ သို့မဟုတ်က အဘိဓေယျတ္တ ဖော်ရမည်။ ထို့အတူ ဓာတ်ကိုဖွင့်ရာ၌ အဖွင့်ခံ ဓာတ်က အဖွင့်ဓာတ်၏ အနက်ကို ဟောနိုင်သော အရာ ဖြစ်မှသာ ဓာတွတ္တ ဖော်နိုင်သည်၊ သို့မဟုတ်က ဘာဝတ္တသာ ဖော်ရမည်။ အာဘော်နှင့်စပ်၍ ဤအချက်ကို သဘောပေါက်အောင် စဉ်းစားကာ စိတ်ထဲမှာ စွဲလျက်နေပါစေ။ အာစိက္ခန္တိ တိ ဒေသေန္တိ၊ ဥတ္တာနိ ကရောန္တိ တိ ဝုတ္တံ ဟောတိ–ကို ဖော်ကြည့်ပါ။

၇။ ပုစ္ဆာ။ ။ဃ–ဝါကျပါ ဝေ–သဒ္ဒါ၏ အနက်သုံးချက်ကိုလည်းကောင်း၊ ခ–ဝါကျပါ တ–သဒ္ဒါ၏ အမျိုးအစားကိုလည်းကောင်း၊ ဂ–ဝါကျပါ ပန–သဒ္ဒါ၏ အနက်ကိုလည်းကောင်း ဖော်ပြပါ။

၇။ အဖြေ။ ။ဃ–၌ သောတာပတ္တိမဂ် မြင်ပြီးသော သစ္စာတရားသည် ဂဟေတဗ္ဗတ္ထ။

သောတာပတ္တိမဂ် မမြင်ရသေးသော သစ္စာမှ အလွတ်ဖြစ်သော တရားသည် နိဝတ္တေတဗ္ဗတ္ထ။

သောတာပတ္တိမဂ် မြင်ပြီးသောတရား၏ အပါယဂမနီယတာဘောဂုဏ်သည် အနုညာတတ္ထ ဖြစ်ပါသည်။

ခ–ဝါကျပါ တ–သဒ္ဒါသည် ပက္ကန္တဝိသယ တ–သဒ္ဒါဖြစ်ပါသည်။

ဂ–ဝါကျပါ ပန–သဒ္ဒါသည် ဗျတိရေကအနက်။ တစ်နည်း–ဝါကျာရမ္ဘအနက်ကို ဟောပါသည်။

၈။ ပုစ္ဆာ။ ။က–မှတ်ပြဝါကျပါ ဒဿန–အရကိုယူ၍ ကြိယာဂါ ်တန် ခွဲဝေပြပါ။

၈။ အဖြေ။ ။သောတာပတ္တိမဂ်သည် ဒဿနတ္ထ။

ဂေါတြဘုသည် ဒီပကတ္ထ။

သောတာပတ္တိဖိုလ်သည် ပကာသနတ္ထ။

ပရိကမ်, ဥပစာ, အနုလုံ–စသည်တို့သည် ဝိဘာဝတ္ထ။

ဘဝင်, ပစ္စဝေက္ခဏာဉာဏ်စသည်တို့သည် အနုဘာဝတ္ထ ဖြစ်ပါသည်။

http://www.dhammadownload.com



**အမှာ။** ။ဝိထိစဉ်အရ ထုတ်ထားသည်။ ကျန်သော နည်းများကိုလည်း ထုတ်ကြည့်ပါ။

**၉။ ပုစ္ဆာ။** ။ဂေါတြဘုသည် နိဗ္ဗာန်ကို သောတာပတ္တိမဂ်အလျင် မြင်သော်လည်း မြင်ရာ မရောက်ပုံကို ဥပမာဖြင့် ရှင်းပြပါ။

**၉။ အဖြေ။** ။ဂေါတြဘုသည် နိဗ္ဗာန်ကို သောတာပတ္တိမဂ်အလျင် မြင်သော်လည်း မင်း၏ထံ တစ်စုံတစ်ခုသော ကိစ္စဖြင့်သွားသော ယောကျ်ားသည် အဝေးမှာ လမ်းမ၌ သွားနေသော ဆင်ကျောကုန်းပေါ် ရောက်နေသော ဘုရင်ကို မြင်ပါသော်လည်း တစ်စုံတစ်ယောက်က "ဘုရင်ကို တွေ့ပြီးပြီလား"ဟု မေးသော အခါ မြင်ပြီးဖြစ်လျက် ပြုသင့်သောကိစ္စ မပြုရသေးသောကြောင့် "မတွေ့ရသေးပါ"ဟု ပြောသကဲ့သို့ ပြုသင့်သော ကိလေသာပယ်ခြင်း ကိစ္စကို မပြုရသေးသောကြောင့် မြင်သည်ဟု မဆိုရပါ။

**၁၀။ ပုစ္ဆာ။** ။က–ဂေါတြဘုတရား၊ ခ–နိဗ္ဗာန်တရား–တို့က ဒဿန–အရ တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ခွဲခြား ထုတ်ပြပါ။

**၁၀။ အဖြေ။** ။ဂေါတြဘုတရား–က ဒဿန–အရ သောတာပတ္တိမဂ် တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ကျေးဇူးပြုသော ပစ္စည်းများကား– အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ၆–ပစ္စည်း ဖြစ်ပါသည်။

နိဗ္ဗာန်တရားက ဒဿန–အရ သောတာပတ္တိ**မဂ်တ**ရားအား အာရမဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ကျေးဇူးပြုသော ပစ္စည်းများကား–အာရမဏ၊ အဓိပတိ၊ ဥနိဿယ ဖြစ်ပါသည်။

❀❀❀❀❀

အမှတ်–၂၊ လေ့ကျင့်ခန်းပြီး၏။

http://www.dhammadownload.com



## အမှတ်-၃၊ လေ့ကျင့်ခန်း

(က) ကမ္မကိလေသေဟိ အာစိယတီတိ **အာစယော**။

(ခ) ပဋိသန္ဓိစုတိဂတိပ္ပဝတ္တာနံ တော် နာမံ။

(ဂ) တဿ ကာရဏံ ဟုတွာ နိပ္ပါဒနဘာဝေန တံ အာစယံ ဂစ္ဆန္တိ။

(ဃ) ယဿ ဝါ ပဝတ္တန္တိ၊ တံ ပုဂ္ဂလံ ယထာဝုတ္တမေဝ အာစယံ ဂမေန္တီ တိပိ **အာစယဂါမိနော**။

(င) သာသဝကုသလာကုသလာနံ တော် အဓိဝစနံ။ (နိဋ္ဌ၊ ၈၆)

**ဘာသာဋီကာ**။ ။(က)က-၌ "အာပုဗ္ဗ စိ-စယေ-စီခြင်း"ဟူသောဓာတ်၊ ကံဟော အ, ပစ္စည်းဖြင့် အာစယ-ဟုပြီး၏။ ကံသည် ပဋိသန္ဓေစိတ်, စေတသိက်, ကမ္မဇရုပ်ကို စီအပ် ဖြစ်စေအပ်၏။ ထိုသို့ ဖြစ်စေရာ၌ ကံစေတနာချည်းသက်သက် မစီနိုင်။ အဝိဇ္ဇာ တဏှာ-ဟူသော ကိလေသာတို့လည်း သဟဇာတသတ္တိဖြင့်ဖြစ်စေ ပကတူပနိဿယ သတ္တိဖြင့်ဖြစ်စေ ကျေးဇူးပြုလျက် ပါရှိရသေး၏။

(ခ)ခ-၌ ကုသိုလ်-စသော ဇောများလည်း ယောနိသောမနသိကာရ-စသော အကြောင်းတရားတို့က စီအပ်ရာရောက်သောကြောင့် အာစယ-အမည် ရသင့်သော်လည်း အထင်ရှား, ကေဒေသျူပစာရအားဖြင့် ကံကိလေသာတို့စီအပ်သော ပဋိသန္ဓိစသော ဝိပါက်အစဉ်ကိုသာ အာစယ-ဟုခေါ်ရကြောင်း ပြလို၍ "ပဋိသန္ဓိ ။ ပ ။ နာမံ"-ဟု မိန့်သည်။ ပဝတ္တ-၌ ပ-သည် ပဗန္ဓ-အဆက်မပြတ်ဟူသော အနက်ကို ဟော၏။ ပဝတ္တ-၌ ဝတုဓာတ်ကား ဖြစ်ခြင်းအနက်ကိုဟော၏။ ပဝတ္တန္တိ တိ ပဝတ္တာ-ဟု ပြု၍ ပဋိသန္ဓိစုတိတို့ကို အရကောက်ပါ။

(ဂ)ဂ-၌ ဂစ္ဆန္တီတိ ဂါမိနော၊ အာစယံ ဂါမိနော အာစယဂါမိနော-ဟု ပြုစေလိုရင်းတည်း။ အာစယသို့ ရောက်ဟူရာ၌ အာရုံပြုသောအားဖြင့် ရောက် ပါသလော-ဟု မေးဖွယ်ရှိသောကြောင့် "ကာရဏံ ဟုတွာ နိပ္ဖာဒနဘာဝေန"ဟု ဝိသေသန ကူမရသည်။

(ဃ)ဃ-၌ ဂမေန္တီတိ ဂါမိနော၊ အာစယံ ဂါမိနော အာစယဂါမိနော-ဟု ပြုပါ။

(င)င-၌ သေခါနီး၌ အာရုံနိမိတ်ထင်လာသောအခါ ထိုအာရုံကြောင့်လည်း အာစယသို့ ရောက်ကြရသောကြောင့်လည်းကောင်း၊ ထိုနိမိတ်က အာစယသို့ ရောက် စေတတ်သောကြောင့်လည်းကောင်း၊ နိမိတ်များလည်း အာစယဂါမိမည်လေ သလား-ဟု ယုံမှားဖွယ်ရှိရကား သာသဝ ။ ပ ။ အဓိဝစနံ-ဟုမိန့်သည်။ ဤ၌ လည်း အထင်ရှား ကေဒေသျူပစာပင်တည်း။ (အဓိဝစနံ၊ နာမံရှိရာ၊ ဥပစာ၊ ကျမ်းလာ မြော်ထောက်ရှု။) (ဘာဋီ-ပ၊ ၃၂၁)

http://www.dhammadownload.com



၁။ ပုစ္ဆာ။ ။အာစယဂါမိနော ဓမ္မာ–ပုဒ်ကို အဖွင့်နှင့်အညီ အနက်နှစ်နည်းပေးပြပါ။

၁။ အဖြေ။ ။အာစယဂါမိနော–ကံကိလေသာတို့သည် စီထားအပ်သော ပဋိသန္ဓိစုတိဂတိဟူသော ပဝတ္တသို့ရောက်တတ်ကုန်သော၊ ဝါ–ကံကိလေသာတို့သည် စီထားအပ်သော–ပဋိသန္ဓိစုတိဂတိဟူသော ပဝတ္တသို့ မိမိဖြစ်ရာပုဂ္ဂိုလ်ကို ရောက်စေတတ်ကုန်သော၊ ဓမ္မာ၊ သံဝိဇ္ဇန္တိ။

၂။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျသို့ ထပ်နာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ ဆရာသည် က–မှတ်ပြဝါကျဖြင့် ကံကိလေသာတို့က စီအပ်သောကြောင့် အာစယမည်သော–ဟု ဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် ကုသိုလ်,အကုသိုလ်ဇောများလည်း ယောနိသောမနသိကာရစသော အကြောင်းတရားတို့က စီအပ်သောကြောင့် အာစယမည်ရာသည် မဟုတ်ပါလော။ ထိုသို့ မည်ရာသောကြောင့် ကံကိလေသာတို့က စီအပ်သောကြောင့် အာစယမည်၏ ဟူ၍သာ မဆိုသင့်။ ယင်း အာစယ၏ အရကို မဆိုချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ အာစယ၏အရကား အဘယ်ပါနည်း၊ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ်ပြန် လွယ်ပြီ။)

မှတ်ချက်။ ။အဓိဝစနံ, နာမံ, ဝုစ္စတိ–တို့ဖြင့် ရေးသောဝါကျ၌ မယူသင့်သောအရာကို လျည်းပါးပစ်၍ ဤနည်းချည်း တက်ရသည်။ ဥပစာအလို ကေဒေသျူပစာချည်းတည်း။

၂။ ပုစ္ဆာ။ ။င–မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၂။ အဖြေ။ ။ဆရာ ဆရာသည် (ဂ၊ ဃ) မှတ်ပြဝါကျတို့ဖြင့် အာစယသို့ ရောက်တတ်သောကြောင့်လည်းကောင်း၊ အာစယသို့ ရောက်စေတတ်သောကြောင့်လည်းကောင်း အာစယဂါမိ မည်၏–ဟု ဆိုတော်မူ၏။ ယင်းသို့သာ ဆိုချေသော် သေခါနီး၌ ထင်သော အာရုံနိမိတ်များလည်း အာစယဂါမိမည်၏–ဟူသော အနက်သည်ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အာစယဂါမိ–၏ အရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်လေရာ၏။ အာစယဂါမိ–၏အရကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ် လွယ်ပြီ)

၃။ ပုစ္ဆာ။ ။ဃ–ဝါကျ၌ ဝါ–သဒ္ဒါထားရပုံကိုလည်းကောင်း၊ ယင်းဝါကျဖြင့် ပယ်အပ်သောဒေါသကိုလည်းကောင်း ရှင်းလင်းဖော်ပြပါ။

http://www.dhammadownload.com



၃။ အဖြေ။ ။အာစယဂါမိနော–ဝယ် ဂါမိနော–၌ ဇာီပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်မှ ဟေတုကတ္တုသာဓနအနက်ကို လဲပြလိုသောကြောင့် ဝါ–သဒ္ဒါ ထားရပါသည်။

ယ–ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ အကြောင်းကား ဤအရာ၌ ဇာီပစ္စည်းသည် သုဒ္ဓကတ္တု ဟေတုကတ္တု နှစ်ခုလုံးကို ဟောနိုင်ပါလျက် သုဒ္ဓကတ္တု ဟောပုံကိုသာ ပြရသေးသဖြင့် စကားမပြည့်စုံဘဲ ဖြစ်နေရာ ထိုစကားကို ပြည့်စုံအောင် ဖွင့်ပြသောကြောင့် ဖြစ်ပါသည်။

၄။ ပုစ္ဆာ။ ။င–ဝါကျပါ သာသဝ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တျာဒိစတုက္က ခွဲဝေပြပါ။

၄။ အဖြေ။ ။သဟ အာသဝေဟိ ယေ ဝတ္တန္တီ တိ သာသဝါ။ (အာသဝတို့နှင့် တကွဖြစ်–ဟူသည် လောကီကုသိုလ်အကုသိုလ်တရားတို့က အာရုံ၊ အာသဝေါတရားတို့က အာရမဏိကအဖြစ်ဖြင့် တကွဖြစ်ခြင်းတည်း။)

သာ–ဟူသော, သ–ဟူသော, ဝါ–ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

သဟပုဒ်, အာသဝပုဒ်, ယ,ပုဒ်တို့သည်လည်းကောင်း၊ အာသဝေါတရာ နှင့် ကုသိုလ်အကုသိုလ်တရားတို့၏ အာရမဏိက အာရုံအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

သာသဝါ–ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

အာသဝေါတရားတို့၏ အာရုံအဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်မည်၏။

၅။ ပုစ္ဆာ။ ။က–ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တိုကို စိစစ်ပြပါ။

၅။ အဖြေ။ ။ကမ္မကိလေသေဟိ–သည် ပုလိင်၊ ပုရိသာဒိဂိုဏ်း၊ အ,ကာရန္တ၊ သမာသ်နာမ်ပုဒ်။

အာစိယတိ–သည် အ,လိင်၊ ဘူဝါဒိဂိုဏ်း၊ ဣ,ကာရန္တ၊ ကံဟော အာချာတ်ပုဒ် ဖြစ်ပါသည်။

ဣတိ–သည် အ,လိင်၊ ဂဏဝိမုတ်၊ ဣ,ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

အာစယော–သည် ပုလိင်၊ ပုရိသာဒိဂိုဏ်း၊ အ,ကာရန္တ၊ ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

မှတ်ချက်။ ။အ,လိင်ဟု ဆုံးဖြတ်ရသောပုဒ်သည် ဥပသာရ နိပါတ်ပုဒ်နှင့် အာချာတ်ပုဒ်တို့သာ မကချေ။ ရုပ်စဉ်၍ ရသော်လည်း လိင်ကြောင့် ရုပ်အထူး

http://www.dhammadownload.com



မရှိသော ပဉ္စအစ အဋ္ဌာရသအဆုံးရှိသော သင်္ချာသဒ္ဒါနှင့် တုမ္ဟ, အမှသဒ္ဒါတို့ ကိုလည်းကောင်း၊ နာမ်ပဉ္စမပိုင်းလာ တော,တြ–စသော ပစ္စည်းဆုံးသောပုဒ်များ ကိုလည်းကောင်း၊ တဒ္ဓိတ်ကျမ်းလာ ဓာ–စသော အဗျယပစ္စည်းဆုံးသော ပုဒ်များ ကိုလည်းကောင်း၊ ကိတ်ကျမ်းလာ တွာ–စသော တုံ–စသော ပစ္စည်းဆုံးသော ပုဒ်များကိုလည်းကောင်း "အလိင်"ဟူ၍ပင် ဆုံးဖြတ်ရသည်။ ဤအချက်ကို သတိ မူမိပါစေ၊ ယောင်နေတတ်သည်။

၆။ ပုစ္ဆာ။ ။က–ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေက, အန္ဝယအားဖြင့် ဖော်ပြပြီးလျှင်၊ သံဝဏ္ဏနာအမည်ကိုလည်း အကြောင်းပြ၍ မှည့် ခဲ့ပါ။

၆။ အဖြေ။ ။ကမ္မကိလေသေဟိ–ဖြင့် စီခြင်း–ဟူသည် ဓောစသည်တို့က စီခြင်း မဟုတ်၊ ကံကိလေသာတို့က စီခြင်းဟု ဖွင့်ပြသိစေပါသည်။ အဓိပ္ပါယ် ဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။ အာစိယတိ–ဖြင့် အာစယော–၌ အ,ပစ္စည်းသည် ဘာဝသာဓနအနက်ကို မဟော၊ ကတ္တုသာဓနအနက် ကို ဟော၏–ဟုပြပါသည်။ ကိတ်ဖြစ်သော ပစ္စည်း၏ အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

၇။ ပုစ္ဆာ။ ။ခ–ဝါကျရှိ ပဝတ္တာနံ–၌ ပ–သဒ္ဒါအနက်ကို ဖော်ပြ၍၊ ဃ–ဝါကျရှိ ဝေ–သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ၊ နိဝတ္တေတဗ္ဗတ္ထတို့ကို ထုတ်ပြပါ။

၇။ အဖြေ။ ။ခ–ဝါကျ၌ ပ–သဒ္ဒါသည် ပဗန္ဓအနက်ကို ဟောပါသည်။

ဂ–ဝါကျ၌ ဆိုခဲ့ပြီးဖြစ်သော ပဋိသန္ဓေ စုတိ–ဟူသော အာစယသည် ဂဟေ တဗ္ဗတ္ထ။

မဂ်ဖိုလ်နိဗ္ဗာန် ဈာန်တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

မှတ်ချက်။ ။စည်းမျဉ်း၌ နိပါတ်ပုဒ်တို့၏ အနက်ကို မေးရမည်–ဟု ဆိုသော်လည်း နိပါတ်ပုဒ်နှင့် အလားတူသော ဥပသာရပုဒ်တို့၏ အနက်ကိုလည်း မေးနိုင်သည်–ဟု မှတ်ပါ။

၈။ ပုစ္ဆာ။ ။အာစယော–အရကို ကြိယာငါးတန် ထုတ်ပြပါ။

၈။ အဖြေ။ ။အာစယော–အရ ပဋိသန္ဓေစုတိဟူသော ဝိပါက်စိတ် စေတသိက် ကမ္မဇရုပ်တို့သည် ဒဿနတ္ထ။
ကုသိုလ် အကုသိုလ်သင်္ခါရတို့သည် ဒီပကတ္ထ။
သဥ္စာယတနသည် ပကာသနတ္ထ။
အဝိဇ္ဇာသည် ဝိဘာဝတ္ထ။
ဖဿဝေဒနာစသည်တို့သည် အနုဘာဝတ္ထဖြစ်ပါသည်။

http://www.dhammadownload.com



**မှတ်ချက်။** ။အာစယ–အရကို ဝိညာဉ်နှင့်နာမ်ရုပ် ယူ၍ ပဋိစ္စသမုပ္ပါဒ် အစဉ်အရ ထုတ်ထားသည်။ အခြားသော နည်းများကိုလည်း ထုတ်ကြည့်ပါ။

**၉။ ပုစ္ဆာ။** ။မိစ္ဆတ္တာ ဓမ္မာ–၌ မှားသော သဘောရှိပုံကို ပေါ်လွင်အောင် ရေးပြပါ။

**၉။ အဖြေ။** ။ငါ၏စီးပွားချမ်းသာကို ဆောင်ကြလိမ့်မည်–ဟု တောင့်တ အပ်သော်လည်း ထိုအတိုင်း ဖြစ်မလာခြင်းကြောင့်လည်းကောင်း၊ အသုဘ– စသည်တို့၌ပင် သုဘ–စသည်ဖြင့် ဖောက်ဖောက်ပြန်ပြန် ဖြစ်တတ်သောကြောင့် လည်းကောင်း မှားသောသဘော ရှိကြပါသည်။

**၁၀။ ပုစ္ဆာ။** ။ကမ္မကိလေသေဟိ–အရ ပစ္စည်းတရားသည် အာစိယတိ– အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ဖော်ပြပါ။

**၁၀။ အဖြေ။** ။ကမ္မကိလေသေဟိ–အရ ကံကိလေသာပစ္စည်းတရား တို့က အာစိယတိ–အရ စုတိပဋိသန္ဓေဝိပါက် နာမက္ခန္ဓာတို့အား ဥပနိဿယ၊ ကမ္မ နှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

❀❀❀❀❀

အမှတ်–၃၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၄၊ လေ့ကျင့်ခန်း

(က) သမ္ပယောဂဝသေန ဝိဇ္ဇံ ဘဇန္တီတိ ဝိဇ္ဇာဘာဂိနော။

(ခ) ဝိဇ္ဇာဘာဂေ ဝိဇ္ဇာကောဋ္ဌာသေ ဝတ္တန္တီတိပိ ဝိဇ္ဇာဘာဂိနော။

(ဂ) ပုရိမေန အတ္ထေန တာဟိ သမ္ပယုတ္တဓမ္မာပိ ဝိဇ္ဇာဘာဂိနော။

(ဃ) ပစ္ဆိမေန အတ္ထေန တာသု ယာကာစိ ဧကာ ဝိဇ္ဇာ၊ သေသာ ဝိဇ္ဇာဘာဂိ နောတိ ဧဝံ ဝိဇ္ဇာပိ ဝိဇ္ဇာယ သမ္ပယုတ္တဓမ္မာပိ ဝိဇ္ဇာဘာဂိနောတွေဝ ဝေဒိတဗ္ဗာ။

(င) ဣဓ ပန သမ္ပယုတ္တဓမ္မာဝ အဓိပ္ပေတာ။ (နိဋ္ဌ၊ ၉၃)

**ဋီကာ။** ။(ခ) ဝိဇ္ဇာရာသဋ္ဌေဂဓမ္မာ ဝိဇ္ဇာသဘာဂတာယ တဒေက– ဒေသေ ဝိဇ္ဇာကောဋ္ဌာသေ ဝတ္တန္တီတိ ဝုတ္တာ။ (ဋီကာ၊ ၅၆)

**ပြည်နိဿယ အထူးမရေး။**

**ဘာသာဋီကာ။** ။(က)ဝိဇ္ဇာဘာဂိနော–ကို က–ဝါကျအလို ဘဇန္တီတိ ဘာဂိနော၊ ဘဇ–ဓာတ်၊ ဏီပစ္စည်း၊ ဝိဇ္ဇံ ဘာဂိနော ဝိဇ္ဇာဘာဂိနော–ဟုပြု။

http://www.dhammadownload.com



သမ္ပယုတ်၏အစွမ်းဖြင့် ဝိဇ္ဇာသို့ ကပ်ရောက်တတ်ကုန်သော တရားတို့-ဟုဆေး။ (ခ)ခ-ဝါကျအလို ဝိဇ္ဇာယ ဘာဂေါ ဝိဇ္ဇာဘာဂေါ၊ ဝိဇ္ဇာဘာဂေါ ဧတေသံ အတ္ထီတိ ဝိဇ္ဇာဘာဂိနော-ဟုပြု။ တစ်နည်း၊ ဝိဇ္ဇာဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာ ဘာဂိနော-ဟုပြု။ ဝိဇ္ဇာအဖို့ရှိသော တရားတို့၊ ဝါ-ဝိဇ္ဇာအဖို့၌ဖြစ်သော (ပါဝင်သော) တရားတို့-ဟု ပေး။ (ဘာဋီ-ပ၊ ၃၆၉)

၁။ ပုစ္ဆာ။ ။ဝိဇ္ဇာဘာဂိနော ဓမ္မာ-ပုဒ်ကို အဖွင့်အညီ အနက်နှစ်နည်း ပေးပြပါ။

၁။ အဖြေ။ ။ဘာသာဋီကာအတိုင်း ရေးပါ။

၂။ ပုစ္ဆာ။ ။ဂ-မှတ်ပြဝါကျသို့ ထပနာပဋ္ဌကနည်းဖြင့် စောဒနာတက် ပြပါ။

၂။ အဖြေ။ ။ဆရာ ဆရာသည် (က၊ ခ) ဝါကျတို့ဖြင့် ဝိဇ္ဇာဘာဂိနော-ပုဒ်၏ အဘိဓာနတ္ထကို ဆိုတော်မူ၏၊ ဤမျှသာဆိုချေသော် ယင်း၏ အဘိဓေယျတ္ထကို မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် အဘိဓာနတ္ထမျှကိုသာ မဆိုသင့်။ အဘိဓေယျတ္ထ-ကို မဆိုချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ်ပြန်ပါ။)

၂။ ပုစ္ဆာ။ ။ င-မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် စောဒနာ တက်ပြပါ။

၂။ အဖြေ။ ။ဆရာ ဆရာသည် (ဂ၊ ဃ) ဝါကျတို့ဖြင့် ဝိဇ္ဇာဘာဂိနော-ပုဒ်၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ ဤမျှသာဆိုချေသော် "ဤနေရာ၌ ဝိဇ္ဇာ, တံသမ္ပယုတ္တဓမ္မ နှစ်ခုလုံးကို ယူရမည်"ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤ၌ အလိုရှိအပ်သော တရားကို ထုတ်ပြသင့်၏၊ မထုတ်ပြဘဲ မနေသင့်။ မနေသင့်ဘဲလျက်နေချေသော် ဆရာ့အပေါ်၌ အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤ၌ အလိုရှိအပ်သောတရားကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ် ပြန်ပါ။)

မှတ်ချက်။ ။ကျမ်းတက်လိုလျှင် ချက်ချင်းမတက်သေးဘဲ ပါရာဇိကဏ် ၃-နံပါတ် စည်းမျဉ်းအတိုင်း ဝါကျများကို ပိုင်းခြားထားပါ၊ ပြီးမှ သင့်လျော်သလို တက်ပါ။ ဤ၌ ငါးဝါကျလုံးသည် ဝိဇ္ဇာဘာဂိနော-၏ အဖွင့်ကိုချည်း ပြကြ၏။

http://www.dhammadownload.com



သို့ရာတွင် (က၊ ခ)ဝါကျတို့က အဘိဓာနတ္ထကို ပြကြသည်။ (ဂ၊ ဃ၊ င)ဝါကျတို့က အဘိဓေယျတ္ထကို ပြကြသည်။ (ဂ၊ ဃ၊ င)ဝါကျတို့တွင်လည်း (ဂ၊ ဃ) ဝါကျတို့က အတ္ထုဒ္ဒါရကို ပြကြသည်။ င–ဝါကျက အတ္ထုဒ္ဒေသကို ပြသည်။ ဤသို့ ပိုင်းခြားပြီးမှတက်လျှင် မလွဲနိုင်တော့ပါ။

၃။ **ပုစ္ဆာ**။ ။ခ–ဝါကျ၌ အပိ–သဒ္ဒါထားရပုံကိုလည်းကောင်း၊ ဃ–ဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်းကောင်း ရှင်းပြပါ။

၃။ **အဖြေ**။ ။ဝိဇ္ဇာဘာဂိနော–ပုဒ်၏ သမာသ်သဒ္ဒါအဖြစ်မှ တဒ္ဓိတ်သဒ္ဒါ အဖြစ်သို့လည်းကောင်း၊ ဝိဇ္ဇာသို့ ကပ်ရောက်တတ်သည်၏အဖြစ်တည်း–ဟူသော အနက်မှ ဝိဇ္ဇာအဖို့၌ ဖြစ်တတ်သည်၏အဖြစ်တည်းဟူသော အနက်သို့လည်းကောင်း လဲပြလို၍ အပိ–သဒ္ဒါထားပါသည်။

**တစ်နည်း**–ဝိဇ္ဇာသို့ ကပ်ရောက်တတ်သည်၏ အဖြစ်ကြောင့် ဝိဇ္ဇာဘာဂိမည်၏–ဟူသော ဗျုပ္ပတ်အကြောင်းမှတစ်ပါး ဝိဇ္ဇာအဖို့၌ ဖြစ်သည်၏အဖြစ်ကြောင့် ဝိဇ္ဇာဘာဂိမည်၏–ဟူသော ဗျုပ္ပတ်အကြောင်းတစ်ပါးကို လဲပြလို၍ အပိ–သဒ္ဒါ ထားပါသည်။

ဃ–ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ အကြောင်းမှာ–ဝိဇ္ဇာဘာဂိနော အရ မပြည့်မစုံ ဖြစ်နေသည်ကို ပြည့်စုံအောင် ဖွင့်ပြသောကြောင့် ဖြစ်ပါသည်။

**မှတ်ချက်**။ ။သမာသ်ပုဒ်ခြင်း၊ တဒ္ဓိတ်ပုဒ်ခြင်း၊ ကိတ်ပုဒ်ခြင်း–စသည်ဖြင့် ပုဒ်ခြင်းတူရာ၌ပင် ပကတိပစ္စယကွဲလျှင် သဒ္ဒါလဲ–ဟု ဆုံးဖြတ်ရသေးကား ဤ၌ သမာသ်အဖြစ်မှ တဒ္ဓိတ်ပုဒ်အဖြစ်သို့ လဲသောကြောင့် သဒ္ဒါလဲ–ဟု ဆိုသည်ကို သံသယမရှိသင့်။ သဒ္ဒါလဲသည့်အလျောက် အနက်လည်း လဲသည်ပင် ဖြစ်သောကြောင့် အနက်လဲ–ဟုလည်း ဆုံးဖြတ်သည်။ တစ်နည်းရေးပုံကား အများကြိုက် ဖြစ်၏။

၄။ **ပုစ္ဆာ**။ ။ဂ–ဝါကျပါ သမ္မယုတ္တဓမ္မာ–ပုဒ်ကို အစိတ်+အပေါင်း ဝိဂ္ဂဟပြု၍ သမ္မယုတ္တ–ပုဒ်၏ ဝိဂ္ဂဟ၌သာ ဗျုပ္ပတျာဒိစတုက္က ခွဲပြပါ။

၄။ **အဖြေ**။ ။သမ္မာ ပကာရေန ယုဇ္ဇန္တီတိ သမ္မယုတ္တာ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ သမ္မယုတ္တာ စ တေ ဓမ္မာ စာတိ သမ္မယုတ္တဓမ္မာ။

သမ္မာ ပကာရေန ယုဇ္ဇန္တိ–ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။
ကောင်းစွာ အပြားအားဖြင့် ယှဉ်ခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။
သမ္မယုတ္တာ–ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိ။
ကောင်းစွာ အပြားအားဖြင့် ယှဉ်ခြင်းကြိယာသည် ပဝတ္တိနိမိတ် မည်၏။

http://www.dhammadownload.com



၅။ ပုစ္ဆာ။ ။င-ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ-တို့ကို စိစစ်ပြပါ။

၅။ အဖြေ။ ။ဣဓသည် အ, လိင်၊ ဂဏဝိမုတ်၊ အ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

ပန-သည် အ, လိင်၊ ဂဏဝိမုတ်၊ အ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

သမ္ပယုတ္တဓမ္မာ-သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ သမာသ်နာမ် ပုဒ်ဖြစ်ပါသည်။

ဝေ-သည် အ, လိင်၊ ဂဏဝိမုတ်၊ အ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။

အဓိပ္ပေတာ-သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ခ-ဝါကျ၌ အဋ္ဌကထာ၏ အာဘော်ကို ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၆။ အဖြေ။ ။ဝိဇ္ဇာကောဋ္ဌာသေ-ဖြင့် ဘာဂသဒ္ဒါ ကောဋ္ဌာသအနက် ဟော၍၏အဖြစ်ကို ဖွင့်ပြ၏၊ နာမလိင်္ဂတ္ထ။ အပေါင်းဖြင့် ဝိဇ္ဇာဘာဂိနော-ကို ဝိဇ္ဇာ ဘာဂေ ဝတ္တန္တီတိ ဝိဇ္ဇာဘာဂိနော-ဟု ဝတ္တန္တိတဒ္ဓိတ် ဝိဂ္ဂဟပြုရမည်၏အဖြစ်ကို ဖွင့် ပြ၏၊ အဘိဓာနတ္ထ။

၇။ ပုစ္ဆာ။ ။ခ-ဝါကျပါ ပိ-သဒ္ဒါအနက်၊ ဂ-ဝါကျပါ တ-သဒ္ဒါ၏ စွဲရာအနက်၊ င-ဝါကျပါ ဝေ-သဒ္ဒါ၏ အနက်သုံးချက်-တို့ကို ဖော်ပြပါ။

၇။ အဖြေ။ ။ပိ-သဒ္ဒါသည် ဝုတ္တသမုစ္စည်း၊ တစ်နည်း-သမ္ဘာဝနာ အနက်ကို ဟောပါသည်။ တ-သဒ္ဒါသည် ဝိဇ္ဇာ ၈-ပါးကို စွဲပါသည်။

သမ္ပယုတ္တဓမ္မတို့သည် ဂဟေတဗ္ဗတ္ထ။

ဝိဇ္ဇာသည် နိဝတ္တေတဗ္ဗတ္ထ။

သမ္ပယုတ်တရားတို့၏ ဝိဇ္ဇာကို ဆည်းကပ်ခြင်းဂုဏ်သည် အနုညာတတ္ထ ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။ဝိဇ္ဇာ ၈-ပါးကို ကိုယ်ပြု၍ ကြိယာငါးတန်ထုတ်ပြီးလျှင်၊ ဃ-ဝါကျ၌ ဝေဒိတဗ္ဗာ-သဒ္ဒါ ထားရပုံ, င-ဝါကျ၌ အဓိပ္ပေတာ-သဒ္ဒါ ထားရပုံ တို့ကို ရှင်းပြပါ။

၈။ အဖြေ။ ။ဝိဇ္ဇာ ၈-ပါးသည် ဒဿနတ္ထ။

အဘိညာပါဒက ပဋ္ဌမဈာန်သည် ဒီပကတ္ထ။

တန်ခိုးအထူးဖန်ဆင်းခြင်း စသည်သည် ပကာသနတ္ထ။

အောက်ဈာန်များသည် ဝိဘာဝတ္ထ။

http://www.dhammadownload.com



မဂ်ဖိုလ်နိဗ္ဗာန်ရခြင်းတိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ ဖြစ်ပါသည်။

ဃ–ဝါကျ၌ ဝိဇ္ဇာတို့ကိုလည်းကောင်း၊ ဝိဇ္ဇာနှင့်ယှဉ်သော တရားတို့ကိုလည်းကောင်း ဝိဇ္ဇာဘာဂီ–ဟု သီသင့်သိထိုက်သည်–ဟူသော သံသယတ္ထ, ဥပစာရတ္ထ, နေယျတ္ထ, ဝဏ်တ္ထ, အနေကန္တတ္ထ–ကို ပြလိုသောကြောင့် ဝေဒိတဗ္ဗာ–သဒ္ဒါထား ရပါသည်။

င–ဝါကျ၌ ဝိဇ္ဇာဘာဂီ–ပုဒ်၏ ဝိဇ္ဇာ, တံသမ္ပယုတ္တဓမ္မ–ဟူသော အနက်သာမည မှ တံသမ္ပယုတ္တဓမ္မ–ဟူသော အနက်ဝိသေသကို ပြလိုသောကြောင့်လည်းကောင်း၊ ဝိဇ္ဇာနှင့် တံသမ္ပယုတ္တဓမ္မတို့ကို ဟောနိုင်သည်မှန်သော်လည်း ဤ၌ကား တံသမ္ပယုတ္တဓမ္မကိုသာ ယူရမည်–ဟူသော စကားလုကို ပြလိုသောကြောင့်လည်းကောင်း အဓိပ္ပေတာ–သဒ္ဒါ ထားရပါသည်။

အမှာ။ ။ဝေဒိတဗ္ဗာ–ကို သိထိုက်၏, သိသင့်၏–ဟု အနက်ပေးပါ။ ထိုအနက်အားလျော်စွာ အဖြေထုတ်ပါ။ အဓိပ္ပေတာ–သည် ၃–နံပါတ်၌ မေးရမည့်ပုစ္ဆာ ဖြစ်၏။

၉။ ပုစ္ဆာ။ ။ဝိဇ္ဇာ ၈–ပါးသရုပ်ကို တစ်ခုချင်း ထုတ်ပြပါ။

၉။ အဖြေ။ ။ဝိဇ္ဇာ ၈–ပါးဟူသည် ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အာသဝက္ခယဉာဏ်–တို့ဖြစ်ပါသည်။

၁၀။ ပုစ္ဆာ။ ။ဝိဇ္ဇာဘာဂိနော–၌ ဝိဇ္ဇာ–အရ ပစ္စည်းတရားက ဝိဇ္ဇာဘာဂိနော အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိကိုလည်းကောင်း၊ ကျေးဇူးပြုသော ပစ္စည်းစုကိုလည်းကောင်း ရေတွက်ပြပါ။

၁၀။ အဖြေ။ ။ဝိဇ္ဇာအရ ဝိဇ္ဇာ ၈–ပါး ပစ္စည်းတရားက ဝိဇ္ဇာဘာဂိနော–အရ ဝိဇ္ဇာနှင့်ယှဉ်သော တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပစ္စည်းစုကား–ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၁၁–ပစ္စည်း ဖြစ်ပါသည်။

ဓဓဓဓဓ

အမှတ်–၄၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၅၊ လေ့ကျင့်ခန်း

(က) ဣဒါနိ ယထာနိက္ခိတ္တာယ မာတိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ **"ကတမေ ဓမ္မာ ကုသလာ"**တိ ဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။

(ခ) တတ္ထ ယဒေတံ "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတီ"တိ ပဌမံ ကာမာဝစရကုသလံ ဒဿိတံ။

(ဂ) တဿ တာဝ နိဒ္ဒေသေ ဓမ္မဝဝတ္ထာနဝါရော သင်္ဂဟဝါရော သုညတဝါရောတိ တယော မဟာဝါရာ ဟောန္တိ။ (နိဋ္ဌ၊ ၉၇)

**ဋီကာ။** ။အထူးမဖွင့်။ (ဋီကာ၊ ၁၈)

**ပြည်။** ။က–၌ ကတမေ ဓမ္မာ ကုသလာတိ–ကို ကတမေ ဓမ္မာ ကုသလာဟူသော–ဟုပေးလျှင် ဥပလက္ခဏ။ ကတမေ ဓမ္မာကုသလာအစရှိသော–ဟု ပေးလျှင် ဣတိသဒ္ဒါ အာချတ္ထမှတ်ပါ။ ပဘိဇ္ဇတီတိ ပဘေဒေါ ဝိသေသော–ဟု ဝိဂ္ဂဟပြု။ (ပြည်၊ ၃၅၈)

**ဘာသာဋီကာ။** ။(က)မာတိကာကို ဖွင့်ပြပြီး၍ ယခုအခါ ပဒဘာဇနီကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် "ဣဒါနိ ။ ပ ။ အာရဒ္ဓံ"ဟူသောပါဌ်ကို မိန့်။ ကုသိုလ်စိတ်ချင်း မတူ ကွဲပြားသည်ကို ပဘေဒ–ဟု ဆိုသည်။ အညမည် ပဘိဇ္ဇတီတိ ပဘေဒေါ–ဟု ပြုပါ။ ကတမေ ဓမ္မာ ကုသလာတိ–၌ ဟူသော–ဟု အနက်ပေးရာဝယ် ဣတိသဒ္ဒါသည် နိဒဿနတ္ထတည်း။ အစရှိသော–ဟု ပေးရာ၌ ဣတိသဒ္ဒါ အာချတ္ထတည်း။ ဘာဇနီယံ–၌ ဘာဇ–ဝိဘာဂေဟူသော စုရာဒိဓာတ်နောင် အနီယပစ္စည်းသက်။ ဘာဇီယတေ အနေနာတိ ဘာဇနီယံ၊ ပဒါနံ ဘာဇနီယံ ပဒဘာဇနီယံ–ဟုပြု။ ဘာဇီယတေ ဘာဇနံ၊ ပဒါနံ ဘာဇနံ ပဒဘာဇနံ၊ ပဒဘာဇနေနေ ပဝတ္တံ ပဒဘာဇနီယံ–ဟုလည်း ပြုနိုင်၏။ ဤအလို ဘဒဘာဇန+ဣယ–ပစ္စည်းဖြင့်ပြီးသော တဒ္ဓိတ်ပုဒ်–ဟု ကြံသင့်၏။ (ဘာဋီ–၃၊ ၁)

**၁။ ပုစ္ဆာ။** ။က–ဝါကျ၌ ဒဿေတုံ၏ ကရိဏ်းကိုထည့်၍ ဣတိ–သဒ္ဒါ၏ အာကာရတ္ထ၊ နိဒဿနတ္ထ၊ အာချတ္ထပေါ်လွင်စေလျက် အနက်ယောဇနာပါ။

**၁။ အဖြေ။** ။ဣဒါနိ–၌၊ ယထာနိက္ခိတ္တာယ–သော၊ မာတိကာယ–ဖြင့်၊ သင်္ဂဟိတေ–ကုန်သော၊ ဓမ္မေ–တို့ကို၊ ပဘေဒတော–အားဖြင့်၊ (ကတမေ

http://www.dhammadownload.com



ဓမ္မာ ကုသလာတိ အာဒိနာ–ဖြင့်၊) ဒဿေတုံ–ငှာ၊ ကတမေ ဓမ္မာ ကုသလာတိ–ဟူ၍၊ ဝါ–ဟူသော၊ ဝါ–အစရှိသော၊ ဣဒံ ပဒဘာဇနီယံ–ကို၊ ဘဂဝတာ–သည်၊ အာရဒ္ဓံ–ပြီ။

၂။ ပုစ္ဆာ။ ။ခ–ဝါကျကို ဥပနာပဥ္စကစောဒနာ တက်ပြပါ။

၂။ အဖြေ။ ။ဆရာ ဆရာသည် ကတမေ ဓမ္မာ ကုသလာ–ဟူသော ပဒဘာဇနီ၏ အကျဉ်းကို ပြတော်မူ၏။ ဤမျှသာ ဆိုချေသော် ကတမေ ဓမ္မာ ကုသလာ–အစရှိသော ပဒဘာဇနီ၏ အကျယ်ကို မပြဆို–ဟူသော အစိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ပဒဘာဇနီ၏ အကျဉ်းမျှသာ မဆိုသင့်။ အကျယ်ကို ပြဆိုသင့်လျက် မပြဆိုသည်ရှိသော် အကျဉ်း+ အကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ၊ စကားမပြည့်စုံသော အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ပဒဘာဇနီ၏အကျယ်ကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အစိပ္ပါယ်ပြန်ပါ။)

**မှတ်ချက်။** ။ဝိတ္ထာရဝါကျသို့ တက်ပုံကို နည်းယူပါ။ ဒေါသတင်ရာ၌ ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်–ဟူ သော နိယာမ်မှ တစ်မျိုး တစ်ဖုံ တင်ထားသည်ကို သတိပြုပါ။ ရှေးဆရာများ နှစ်သက်သော နည်းတစ် နည်းဟု မှတ်ပါ။

၃။ ပုစ္ဆာ။ ။ကုသလန္တိ ကုစ္ဆိတာနံ သလနာဒီဟိ အတ္ထေဟိ ကုသလံ။ အပိစ အာရောဂျဋ္ဌေန အနဝဇ္ဇဋ္ဌေန ကောသလ္လသမ္ဘူတဋ္ဌေန စ ကုသလံ (မိဋ္ဌ၊ ၁၀၅)၌ အပိစ–ထားရခြင်း အကြောင်းကို ရေး၍၊ ခ–ဝါကျဖြင့် ပယ်အပ်သော ဒေါသကို ဖော်ပြပါ။

၃။ အဖြေ။ ။ကုသလသဒ္ဒါ၏ စက်ဆုပ်အပ်သော အကုသိုလ်တရား တို့ကို တုန်လှုပ်စေခြင်းစသော သကတ်အနက်တို့ကြောင့် ကုသိုလ်မည်၏ –ဟု သော အကြောင်းမှတစ်ပါး အနာကင်းသည်၏အဖြစ်, အပြစ်မရှိသည်၏အဖြစ်, သမ္ဘယုတ်ပညာကြောင့် ဖြစ်သည်၏အဖြစ်ကြောင့် ကုသိုလ်မည်၏–ဟူသော အကြောင်းကိုလဲလို၍ အပိစ–သဒ္ဒါထားပါသည်။ ခ–ဝါကျဖြင့် ဝိရောဓိဒေါသ, အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

**မှတ်ချက်။** ။ကုစ္ဆိတာနံ သလနာဒီဟိ–၌ အာဒိ–ဖြင့် ကုသလာ ဓမ္မာ– ဟူ သော မာတိကာအဖွင့်၌ ပြခဲ့သော စလန ကမ္ပန ဝိဒ္ဓံသန–တို့ကိုလည်းကောင်း၊ ကုစ္ဆိတ သယန၊ ကုသလဝန၊ ကုသလာန–တို့ကိုလည်းကောင်း ယူပါ။ ဤအနက် များသည် ဝိဂ္ဂဟနက်ဖြစ်သော ဝစနတ္ထ(သဒ္ဒါနက်)တည်း။ အပိစ–စသည်ဖြင့် ပြအပ်သောအနက်တို့ကား အဘိဓေယျတ္ထ (ကုသလသဒ္ဒါဟောနက်များ)တည်း။

http://www.dhammadownload.com



ဒေါသပယ်ရာ၌ အပရိပုဏ္ဏဒေါသကိုပါ ထည့်သွင်း၍ပယ်ထားသည်ကို မှတ်ပါ။ (ဘာဋီ-၃၊ ၅၂)

၄။ ပုစ္ဆာ။ ။ပဒဘာဇနီယံ-ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟကိုသာ ဗျုပ္ပတ္တိစတုက္က ခွဲပြပါ။

၄။ အဖြေ။ ။ပဇ္ဇတေ ဉာယတေ ဧတေနာတိ ပဒံ၊ ဘာဇီယတေ အနေနာတိ ဘာဇနီယံ၊ ပဒါနံ ဘာဇနီယံ ပဒဘာဇနီယံ။

ပ-ဟူသော ။ ပ ။ ယံ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။ တစ်နည်း၊ ပဒါနံ ဘာဇနီယံ-ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

ကုသလာ ဓမ္မာ-စသောပုဒ်တို့၏ အကျယ်ဝေဖန်ကြောင်းစကားနှင့် အကြောင်း အကျိုးအဖြစ်ဖြင့်လည်းကောင်း၊ အကျဉ်းအကျယ် အဖြစ်ဖြင့်လည်းကောင်း စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ပဒဘာဇနီယံ-ဟူသော အပေါင်းပညတ္တိ, နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

ဝေဖန်ကြောင်းစကားဒြပ်သည် ပဝတ္တိနိမိတ် မည်၏။

မှတ်ချက်။ ။အဘိဓာန်ဋီကာနည်းရော ဘေဒစိန္တာဒီပနီနည်းပါ တစ်ပြိုင် တည်းရအောင် ခွဲထားပုံကို အတုယူပါ။ ၄င်းနှစ်နည်းကား ဗျုပ္ပတ္တိသာ ထူးကြသည်။ ကျန်သုံးချက်ကား တူကြ၏။ ထို့ကြောင့် ပေါင်းပြထားသည်။ ပဝတ္တိကို ထုတ် ရာ၌ အဘိဓာန်ဋီကာနည်းအတွက် အပေါင်းပညတ္တိ-ဟုဆို၍ ဘေဒစိန္တာဒီပနီ နည်းအတွက် နိပ္ဖန္နသဒ္ဒါ-ဟု ပေါင်း၍ ဆိုထားသည်။

၅။ ပုစ္ဆာ။ ။ဣဒါနိ ပဘေဒတော ဒဿေတုံ အာရဒ္ဓံ-တို့၏ ပဒ၊ လိင်၊ ဂဏ၊ အန္တ-တို့ကို ခွဲပြပါ။

၅။ အဖြေ။ ။ဣဒါနိ-သည် နိပါတ်ပုဒ်၊ အ,လိင်၊ ဂဏဝိမုတ်၊ ဣ, ကာရန္တ ဖြစ်ပါသည်။

ပဘေဒတော-သည် ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ,ကာရန္တ ဖြစ်ပါသည်။

ဒဿေတုံ-သည် နိပါတ်ပုဒ်၊ အ, လိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟီတန္တ ဖြစ်ပါသည်။

အာရဒ္ဓံ-သည် ကိတ်နာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ,ကာရန္တ ဖြစ် ပါသည်။

မှတ်ချက်။ ။နာမ်ပဋ္ဌမပိုင်းလာ ပစ္စည်းသက်ထားသော ပုဒ်ချင်းတူသော် လည်း ဣဒါနိ-ကို အ,လိင်-ဟု ယူ၍၊ ပဘေဒတော-ကို ပုံလိင်-ဟု ယူထား သည်။ ထို့ကြောင့် ယ,တ,ဣမ-စသော သဗ္ဗနာမ်ပုဒ်နောင် တော-စသော ပစ္စည်း

http://www.dhammadownload.com



သက်ထားသောပုဒ်ကို အလိင်–ဟု ဆုံးဖြတ်၍၊ နာမနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ်–တို့နှောင် တော–စသည် သက်ထားသောပုဒ်ကိုကား မိမိတို့၏ သက်ဆိုင်ရာလိင်အတိုင်းသာ ဆုံးဖြတ်ရသည်–ဟု ကောက်ချက်ချထားပါ။ ပုဒ်ကို ဆုံးဖြတ်ရာ၌လည်း နည်းတူပင်တည်း။ ဣဒါနိနှင့် ပဿဒတော–ကို နှိုင်းယှဉ်၍ ကြည့်ပါ။

အာရဒ္ဓသည် သုံးလိင်ဖြစ်နိုင်သော်လည်း ဤ၌ရှိသော အရကောက်ကိုရှု၍ နပုံလိင်–ဟု ဆုံးဖြတ်ရသည်ကို သတိပြုပါ။ ဤအချက်ကို နည်းယူ၍ ဒွိလိင်နှင့် သဘာဝတိလိင်တို့၌လည်း ဝါကျတွင်းရှိ အခိုက်အတန့်ကိုရှု၍သာ လိင်ဆုံးဖြတ်ရကြောင်းကို လက်ခံပါ။ ဥပမာ– မယှံ မနော အာကုလော–၌ မန–ကို ပုံလိင်–ဟု ဆုံးဖြတ်ပါ။ မယှံ မနံ အာကုလံ–၌ မန–ကို နပုံလိင်–ဟု ဆုံးဖြတ်ပါ။ အဟေ မနေန အာရမဏံ စိန္တေမိ–၌ မန–ကို ပုံလိင်၊ နပုံလိင်–ဟု ဆုံးဖြတ်ပါလေ။

၆။ **ပုစ္ဆာ။** ။အပိစ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ အဝစာရေတိ တိပိ ကာမာဝစရံ။(နိဒ္ဒ၊ ၁၀၅)–၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၆။ **အဖြေ။** ။အပိစ–ဖြင့် နောက်ပြသောနည်းတစ်ပါးဟု သိစေပါသည်၊ ဘာဝတ္ထ။ ကာမဘဝသင်္ခါတေ ကာမေ–ဖြင့် ကာမ–အရ ကာမဘဝကို ယူရမည်–ဟု သိစေသည်၊ အဘိမေယျတ္ထ ...။ ပဋိသန္ဓိ အဝစာရေတိ–ဖြင့် အဝစရံ–၌ အ,ပစ္စည်း၏ ဟေတုကတ္တားအနက်၌ ဖြစ်သည်ကို သိစေသည်။ တစ်နည်း၊ အဝစရံ–ကို "ပဋိသန္ဓိ အဝစာရေတီတိ အဝစရံ"ဟု ဝစနတ္ထပြုရမည်ကို သိစေသည်၊ ဒုတိယပစ္စယတ္ထ...။ ကာမဘဝသင်္ခါတေ ကာမေ ပဋိသန္ဓိ အဝစာရေတိ ဟူသော သံဝဏ္ဏနာအားလုံးဖြင့် "ကာမေ ပဋိသန္ဓိ အဝစာရေတီတိ ကာမာဝစရံ" ဟု ကိတန္တသမာသ် ဝစနတ္ထပြုရမည်ကို သိစေသည်၊ တစ်နည်း၊ ကာမေ အဝစရံ ကာမာဝစရံ–ဟု တပ္ပုရိသ်ဝစနတ္ထ ပြုရမည်ကို သိစေသည်၊ သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ။

**မှတ်ချက်။** ။ရှိသမျှပုဒ်များ တစ်လုံးမကျန်ရအောင် အာဘော်ဖော်ထားသည်၊ အတုယူပါ။ သမာသ်ဝစနတ္ထပြုပြရာ၌ သမာသလိင်္ဂတ္ထယူထားသည်ကိုလည်း သတိပြုပါ။ အချို့က သမာသလိင်္ဂပဒတ္ထ ယူကြသည်။

၇။ **ပုစ္ဆာ။** ။ဂ–ဝါကျ၌ တ–၏စွဲရာ ဝိသယကို ဖော်ပြ၍၊ ကုသလန္တိ နာမံ လဘတိ၊ ဉာဏဝိပ္ပယုတ္တံ ဒုဝိဓေနေဝ။(နိဒ္ဒ၊ ၁၀၅)–၌ ဝေ–သဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ, နိဝတ္တေတဗ္ဗတ္ထ–တို့ကို ထုတ်ပြပါ။

http://www.dhammadownload.com



၇။ အဖြေ။ ။ဂ-၌ တ,သည် ရှေး၌ဆိုအပ်ပြီးသော ကာမာဝစရကုသိုလ်ကိုစွဲ၍ ပက္ကန္တဝိသယ-ဖြစ်ပါသည်။

ဒုဝိဓေနေဝ-၌ ဉာဏဝိပ္ပယုတ်စိတ်၏ အာရောဂျ, အနဝဇ္ဇတ္ထ-နှစ်ပါးသည် ဂဟေတဗ္ဗတ္ထ၊ ကောသလ္လသမ္ဘူတအနက်သည် နိဝတ္တေတဗ္ဗတ္ထ ဖြစ်ပါသည်။

အမှာ။ ။ဧဝ-အနက်ကို ထုတ်ပုံ ပုစ္ဆာသည် ကျမ်းရင်းမကျေသူဖြစ်က ဖြေနိုင်ဖွယ်ရာ မရှိ။ ကျမ်းရင်း ကျေလျှင်လည်း အလွယ်ကလေးသာ ဖြစ်၏။ ထို့ကြောင့် ကျမ်းရင်းကျေလေ ကောင်းလေ-ဟု သဘာပေါက်လျက် ကျမ်းရင်းကျေအောင် ကြိုးစားပါလေ။

၈။ ပုစ္ဆာ။ ။က-ဝါကျပါ အာရဒ္ဓပုဒ်၏ ဗာဟုဇ္ဇတ္ထအရကိုယူ၍ ကြိယာငါးတန် ထုတ်ပြပါ။

၈။ အဖြေ။ ။အာရဒ္ဓ-၌ ဗာဟုဇ္ဇတ္ထအရ ကတမေ ဓမ္မာ ကုသလာ-စသော ပဒဘာဇနီ ဝဏ္ဏိတဒေသသည် ဒဿနတ္ထ။
ဝီရိယရှေးရှိသော ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။
ဓမ္မဿဝနကုသိုလ် ဖြစ်ရခြင်းသည် ပကာသနတ္ထ။
မဟာကရုဏာဉာဏ်, ပါရမီဉာဏ်-စသည်တို့သည် ဝိဘာဝတ္ထ။
ပစ္စုပ္ပန်သံသရာ၌ဖြစ်ရသော နိဗ္ဗာန်တိုင်အောင်သော အကျိုးများသည် အနုဘာဝတ္ထ ဖြစ်ပါသည်။

မှတ်ချက်။ ။အာရဒ္ဓ-၌ အန္တတ္ထကို အရကောက်လျှင် အားထုတ်တော်မူသော မြတ်စွာဘုရား၏ အားထုတ်ဆဲခဏ၌ဖြစ်သော ဝီရိယရှေးရှိသော ဒေသနာဉာဏ်တော်ကို ရ၏။ "ဒဿေတုံ အာရဒ္ဓ၊ တစ်ဖန်ပြမူ၊ ဝီရိယရှေးရှု ဉာဏ်ကိုယူ" ဟူသော ဆောင်ပုဒ်ကို သတိပြုပါ။ ဗာဟုဇ္ဇတ္ထကို အရကောက်လျှင်ကား ကတမေ ဓမ္မာ ကုသလာ-စသော ပဒဘာဇနီဝဏ္ဏိတဒေသ-ရ၏။(ဉာဉ်ကောက်ကို သတိပြုပါ။) အန္တတ္ထ,ဗာဟုဇ္ဇတ္ထကောက်ပုံကို ဉာဏ်အမြင် ရှင်းပါစေ။

၉။ ပုစ္ဆာ။ ။ပဒဘာဇနီ၌ မာတိကာ၌ကဲ့သို့ ကုသလာ ဓမ္မာ-ဟု မဟောဘဲ ဓမ္မာ ကုသလာ-ဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း၊ ဖြေဆိုပြီးလျှင်၊ ဓမ္မဝဝတ္ထာနဥဒ္ဒေသဝါရ၏ ပရိစ္ဆေဒလေးပါးကို ဖော်ပြ၍၊ အစဖြစ်သော ပရိစ္ဆေဒကို ပိုင်းခြားပြပါ။

၉။ အဖြေ။ ။ကုသလာ-စသော အထူးအပြားအားဖြင့် ဓမ္မတို့၏ ဟောကြောင်းဖြစ်သော မာတိကာဒေသနာကို ပြတော်မူပြီးနောက်, ကုသိုလ်ဟူသော အထူးအပြားရှိသော တရားတို့ကို ပြတော်မူလိုသောကြောင့် ပဒဘာဇနီ၌ ဓမ္မာ ကုသလာ-ဟု ဟောတော်မူပါသည်။

http://www.dhammadownload.com



ပရိစ္ဆေဒလေးပါးကား–ပုစ္ဆာ၊ သမယနိဒ္ဒေသ၊ ဓမ္မုဒ္ဒေသ၊ အပ္ပနာ–တို့တည်း။ ကတမေ ကုသလာ–ဟူသော စကားရပ်သည် ပုစ္ဆာမည်ပါသည်။

**၁၀။ ပုစ္ဆာ။** ။၆–အမှတ်ပြဝါကျ၌ အဝစာရေတိ–အရ ဖြစ်သင့်သော ပစ္စည်းတရား ပဋိသန္ဓိ–အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားတို့ကို ဖော်ပြ၍၊ ကျေးဇူး ပြုနိုင်သော ပစ္စယသတ္တိတို့ကို ထုတ်ပြပါ။

**၁၀။ အဖြေ။** ။အဝစာရေတိ–အရ ဖြစ်သင့်သော ပစ္စည်းတရားကား– ကာမကုသိုလ်စေတနာ ဥဒ္ဓစ္စကြဉ်သော အကုသိုလ်စေတနာ–တို့ဖြစ်ပါသည်။ ပဋိသန္ဓိ–အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား–ကာမပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်ဖြစ်ပါသည်။ ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိကား–နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယပစ္စယသတ္တိတို့ဖြစ်ပါသည်။

❁❁❁❁❁

အမှတ်–၅၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၆၊ လေ့ကျင့်ခန်း

(က) သရန္တိ တောယ, သယံ ဝါ သရတိ, သရဏမတ္တမေဝ ဝါ သောတိ **သတိ**။

(ခ) သာဝ မုဋ္ဌသစ္စဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) ဥပဋ္ဌာနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သတိ ဧဝ ဣန္ဒြိယံ သတိန္ဒြိယံ။ (နိဋ္ဌ၊ ၁၆၄)

ဋီကာ။ ။အထူးမဖွင့်။ (ဋီကာ၊ ၈၆) ပြည်နိဿယလည်း အထူးမရေး။

ဘာသာဋီကာ။ ။(က)က–ဝါကျ၌ သရဏမတ္တမေဝ ဝါ သော–အလို သရဏံ သတိ–ဟု ဘာဝသာဓနပြု။ မတ္တ–ဖြင့် ကရဏသတ္တိ, ကတ္တုသတ္တိ–ကို ကန့်။ ဧဝ–ကား သန္နိဋ္ဌာနာဝဓာရဏတည်း။ "မတ္တဧဝ၊ နှစ်ပါးပြကာ၊ မတ္တမြစ်ကန့်၊ ဧဝသန္နိဋ္ဌာန်"ဟူသော နိယာမ်ကို သတိပြု။

(ခ)ခ–ဝါကျ၌ အဓိပတိယဋ္ဌေန–သည် ဣန္ဒြိယသဒ္ဒါ၏ အနက်တည်း။ ဣန္ဒြိယသဒ္ဒါသည် အဓိပတိအနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်–ဟု ဆိုလိုသည်။ အဘယ့်ကြောင့် အစိုးတရဖြစ်သနည်း–ဟု မေးဖွယ်ရှိသောကြောင့် မုဋ္ဌသစ္စဿ အဘိဘဝနတော–ဟု မိန့်သည်။ မုဋ္ဌသစ္စ–ဟူသည် ပျောက်ကင်းသော သတိရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ် စိတ်တွေဥပ္ပါဒ်တည်း။

http://www.dhammadownload.com



(ဂ) ဂ–ဝါကျ၌ ဣန္ဒ္ဒ ကာရေတိ–ဟူသောအနက်သည် ဣန္ဒြိယသဒ္ဒါ၏ သဒ္ဒတ္ထမဟုတ်၊ ဣန္ဒ္ဒနှင့်ထိုက်သော တရားတို့၏သဘောကိုပြသော သဘာဝတ္ထတည်း၊ သဒ္ဒတ္ထကား–ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒော၊ ဘဂဝါ ကမ္မံ ဝါ။ ဣန္ဒေန ဒေသိတံ, ဣန္ဒဿ ဝါလိင်္ဂံ, ဣန္ဒေန ဝါ သဋ္ဌံ ဣန္ဒြိယံ–ဟု ဝစနတ္ထပြု၍ ဒေသိတအနက်, လိင်္ဂအနက်, သဋ္ဌတအနက်–တို့၌ ဣယပစ္စည်းသက်၊ ဒ,ကို ဒြ,ပြု၊ ဣန္ဒြိယံ–ဟုပြီးသော တဒ္ဓိတ်ပုဒ်တည်း။ (ဘာဋီ–၃၊ ၂၉၅)

၁။ ပုစ္ဆာ။ ။က–မှတ်ပြ ဝါကျကို သရုက္ကိ–ဟူသော ကြိယာပုဒ်၏ ကံ, ကတ္တား–တို့ကို ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၁။ အဖြေ။ ။တောယ ဓမ္မဇာတိယာ–ဖြင့်၊ သမ္ပယုတ္တဓမ္မာ–တို့သည်၊ ဝါ–တစ်နည်းကား၊ ပုဂ္ဂလာ–တို့သည်၊ စိရကတာဒိအာရမဏံ–ကို၊ သရန္တိ–ကုန်၏ ..... စသည်။

၂။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျ၌ ပဓာနကို ကောက်ပြီးလျှင် ၄င်းမှ ၄င်း၏ ဟိတ်ကို ဠပနာ၊ အာဘော်၊ အာဘောဂဟိတ်၊ ဠပနာပဋိက္ခေပ၊ စောဒနာ–ဟူသော ဠပနာပဋ္ဌကဖြင့် ထွက်ပြခဲ့ပါ။

၂။ အဖြေ။ ။ခ–ဝါကျ၌ ပဓာနပုဒ်ကား ဣန္ဒြိယံ–ဟူသည်တည်း။ ဆရာ၊ ဆရာသည် ဣန္ဒြိယံ–ဟူသော အကျိုးနာမဖလကို ဆိုအပ်ခဲ့၏။ အကျိုးနာမဖလဟူသည် အကြောင်းနာမဟေတုနှင့် မကင်းသင့်သည် မဟုတ်ပါလော။ ထိုသို့ မကင်းသင့်လေသောကြောင့်၊ အကျိုးနာမဖလ သက်သက်ကိုသာ မဆိုသင့်။ အဘယ်သို့လျှင် အကြောင်းနာမဟေတုကို ဆိုအပ်ပါသနည်း။ ဤသို့ ။ ပ ။ အဓိပတိယဋ္ဌေန–ဟူသောပါဌ်ကို မိန့်။ (အဓိပ္ပါယ်ပြန်ပါ။)

မှတ်ချက်။ ။ဤသို့သာ ဆိုချေသော်–ဟူသော ဒေါသာပေက္ခလက္ခဏာ မပါသည်ကို သတိပြုပါ။ ပါစေလိုလျှင် ဤသို့သာ ဆိုချေသော် ယင်းအကျိုးနာမဖလ၏ အကြောင်းနာမဟေတုကို မသိနိုင်ရာသည် မဟုတ်ပါလော–ဟု ဆိုပါ။ ဠပနာပဋ္ဌကတက်+ထွက်ရာ၌ အာဘော်သည် အချက်အချာဖြစ်၏။ ကျမ်းရိုးငါးချက် တက်+ထွက်ရာ၌ကား အနုလောမပါပနာ–သည် အချက်အချာဖြစ်၏။ ထို့ကြောင့် ၄င်းတို့ကို နောက်လာမည့် စကားများနှင့်လျော်အောင် ထားတတ်ဖို့ အထူးလေ့လာထားရမည်။

ထို့ပြင် ဒေါသတင် မပါသည်ကိုလည်း သတိပြုပါဦး။ ဤကိုထောက်၍ ဠပနာပဋ္ဌကဖြင့် တက်ပါ၊ ထွက်ပါ–ဟု သာမညမေးလျှင် ဒေါသပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ အရေးမကြီး။ ဠပနာပဋ္ဌကဖြင့် စောဒနာတက်ပါ၊ စောဒနာ ထွက်ပါ–ဟု အထူး မ,၍ မေးလျှင် ဧကန်မုချ ဒေါသပါရမည်–ဟု ကောက်ချက်ချ

http://www.dhammadownload.com



ထားပါ။ မှန်၏၊ ရှေးဆရာများက ဒေါသတင် မပါလျှင် ပုစ္ဆာ၊ ပါလျှင် စောဒနာ-ဟု ဆိုရိုးပြုထားခဲ့ကြ၏။

၂။ ပုစ္ဆာ။ ။ဃ-မှတ်ပြဝါကျ၌ သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာသို့ ကျမ်းရိုးငါးချက်နည်းဖြင့် စောဒနာတက်ပြပါ။

၂။ အဖြေ။ ။ဆရာ မြတ်စွာဘုရားသည် သတိန္ဒြိယံ-ဟူသောပုဒ်ကို ပါဠိတော်၌ ဟောထားတော်မူခဲ့၏။ ယင်း၏အဖွင့်ကို ဆရာမပြချေသော် သတိန္ဒြိယံ-ကို သတိယာ ဣန္ဒြိယံ သတိန္ဒြိယံ-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထလည်း ပြုနိုင်သည်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သတိန္ဒြိယံ-ဟူသောပုဒ်၏အဖွင့်ကို ပြဆိုသင့်၏၊ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ပါဠိတော်၌ အတိ-ဗျာပိတဒေါသ သင့်ရောက်ရာ၏။ ထိုပုဒ်၏အဖွင့်ကား အဘာယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ် ပြန်ပါ။)

မှတ်ချက်။ ။ဗျတိရေကအာဘော်ကို အာဘော်လုပ်ထားသည်ကို လည်းကောင်း၊ ပါဠိတော်၌ အတိဗျာပိတဒေါသ တင်ထားသည်ကိုလည်းကောင်း သတိပြုပါ။ ဤနည်းသည် မူသေနည်းပင်တည်း။

၃။ ပုစ္ဆာ။ ။က-ဝါကျပါ ဝါ-သဒ္ဒါ, ဂ-ဝါကျပါ ဝါ-သဒ္ဒါတို့ကို အဘာယ်ကို လဲလှယ်လို၍ ထားရသည်ကို ပြပြီးလျှင်၊ ဂ-ဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း ပြဆိုခဲ့ပါ။

၃။ အဖြေ။ ။က-ဝါကျ၌ ပဌမဝါ-သဒ္ဒါကို တိပစ္စည်း၏ ကရဏသာဓနအနက်မှတစ်ပါး ကတ္တုသာဓနအနက်တစ်မျိုးကို လဲပြလို၍ ထားပါသည်။ တစ်နည်း၊ အောက်မေ့ကြောင်း၏အဖြစ်ကြောင့် သတိမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းမှတစ်ပါး အောက်မေ့တတ်သည်၏အဖြစ်ကြောင့် သတိမည်၏ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲလှယ်ပြလို၍ ထားပါသည်။ (ဒုတိယ ဝါ-ကိုလည်း နည်းမှီ၍ ရေးပါ။)

ဂ-ဝါကျ၌ အကြောင်းကို လဲလို၍ ဝါ-သဒ္ဒါ ထားပါသည်။ မှန်ပါသည်။ ခ-ဝါကျဖြင့် အဓိပတိယဋ္ဌ-ဟူသော အကြောင်းကိုပြ၍ ဂ-ဝါကျဖြင့် ဣန္ဒဋ္ဌ, ကာရာပကဋ္ဌ-ဟူသော အကြောင်းကို ပြပါသည်။ ၄င်းဝါကျဖြင့် ပယ်အပ်သော ဒေါသကား အဗျာပိတဒေါသဖြစ်ပါသည်။

၄။ ပုစ္ဆာ။ ။ဣန္ဒဋ္ဌ-ဝယ် ဣန္ဒပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ၄င်း၏ ဗျုပ္ပတ္တိစတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ အဖြေ။ ။ဣန္ဒြတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြော။
ဣန်-ဟူသော ဒေါ-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည်၊
တစ်နည်း၊ ဣန္ဒတိ ပရမိဿရိယံ ကရောတိ-ဟူသော ဝိဂ္ဂဟဝါကျသည်
ဗျုပ္ပတ္တိ။
ဣဒိဓာတ်၊ ဒ, ပစ္စည်းသည်လည်းကောင်း၊ အစိုးရခြင်း ကြိယာသည် လည်း
ကောင်း ဗျုပ္ပတ္တိနိမိတ်။
ဣန္ဒြော-ဟူသော အပေါင်းပညတ္တိသဒ္ဒါ၊ တစ်နည်း၊ နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
အစိုးရခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။

အမှာ။ ။အဘိဓာန်ဋီကာနည်းနှင့် ဘေဒစိန္တာဒီပနီတို့ကို ပေါင်း၍ထုတ်ထားသည်ကို သတိပြုပါ။

၅။ ပုစ္ဆာ။ ။မုဋ္ဌသစ္စ၊ အဓိပတိ-ဟူသောပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ-တို့ကို စိစစ်ပြပါ။

၅။ အဖြေ။ ။မုဋ္ဌသစ္စကား-နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ,ကာရန္တ၊ ပကတိနိဂ္ဂဟိတန္တ၊ ဘာဝတဒ္ဓိတ်နာမ်ပုဒ် ဖြစ်ပါသည်။
အဓိပတိကား-ပုံလိင်၊ရတ္တာဒိဂိုဏ်း၊ ဣကာရန္တပကတိ ဣကာရန္တ၊ သမာသ်နာမ်ပုဒ် ဖြစ်ပါသည်။

၆။ ပုစ္ဆာ။ ။ယ-မှတ်ပြဝါကျဒ္ဓ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာများကို ထုတ်ပြပါ။

၆။ အဖြေ။ ။သတိ-သဒ္ဒါ၊ ဣန္ဒြိယ-သဒ္ဒါတို့၏ တုလျာဓိကရဏ အဖြစ်ကို သိစေ၏၊ သမာသလိင်္ဂတ္ထ။

၇။ ပုစ္ဆာ။ ။မတ္တမေဝ-၌ မတ္တ-သဒ္ဒါ၊ ဝေ-သဒ္ဒါတို့၏ အနက်များနှင့် ဂယောတဗ္ဗတ္ထ၊ နိဝတ္တေတဗ္ဗတ္ထ-များကို ထုတ်ပြပါ။

၇။ အဖြေ။ ။မတ္တ-သဒ္ဒါသည် အဝဓာရဏတ္ထ၊ ဝေ-သဒ္ဒါသည် သန္နိဋ္ဌာနတ္ထ ဖြစ်ပါသည်။ အောက်မေ့ခြင်း ကြိယာမျှသည် ဂယောတဗ္ဗတ္ထ။ ကရဏဗျာပါရ ကရဏတ္ထနှင့် ကတ္တုဗျာပါရ ကတ္တတ္ထ-တို့သည် နိဝတ္တေတဗ္ဗတ္ထ ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။သယံ ဝါ သရတိ-ကို ကိုယ်စားပြု၍ ဒဿနစသော ကြိယာငါးတန် ထုတ်ပြပါ။

၈။ အဖြေ။ ။သရဏလက္ခဏာ၊ သရဏဘာဝသည် မုချဒဿနတ္ထ၊
ထိရသညာသည် ဖလူပစာရတ္ထ ဒီပကတ္ထ။

http://www.dhammadownload.com



စိရကာတစသော အာရုံ၏မပျောက်ခြင်းသည် ကာရဏူပစာရတ္ထ ပကာသနတ္ထ။ ဒွါရခြောက်ပါးမှ စောင့်ရှောက်ခြင်းသည် ဒုတိယကာရဏူပစာရတ္ထ ဝိဘာဝတ္ထ။ သီလသမ္ပတ္တိအဝိပ္ပဋိသာရ-စသည်သည် တတိယကာရဏူပစာရတ္ထ အနုဘာဝတ္ထ။

**တစ်နည်း။** အပိလာပနလက္ခဏာသည် ဒဿနတ္ထ။
ထိရသညာပဒဋ္ဌာန်သည် ဒီပကတ္ထ။
အသမ္မောသနရသသည် ပကာသနတ္ထ။
အာရက္ခပစ္စုပဋ္ဌာန်သည် ဝိဘာဝတ္ထ။
ဝိသယာဘိမုခီဘာဝပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

**မှတ်ချက်။** ။ပထမနည်းသည် အလင်္ကာစဉ်ဖြစ်၍၊ နောက်နည်းသည် လက္ခဏာစဉ်ဖြစ်၏။ ပထမနည်း၌ အကြောင်းတစ်ချက် အကျိုးသုံးချက်နည်းဖြင့် ထုတ်ထား၏။ ထိုသို့ ထုတ်ရာ၌ ဒဿနသည်သာ မုချဖြစ်နိုင်၏။ ဒီပကသည် ဖလူပစာဖြစ်၍ ပကာသန, ဝိဘာဝ, အနုဘာဝတို့သည်ကား ကာရဏူပစာဖြစ်ကြသည်။ ထို့ကြောင့် အထက်ပါအတိုင်း ဆိုရိုးပြုထားခြင်း ဖြစ်သည်။

**၉။ ပုစ္ဆာ။** ။သတိ၏ အပိလာပန လက္ခဏာရှိပုံကို ဥပမာဖြင့် ထင်ရှားအောင် ပြပါ။

**၉။ အဖြေ။** ။မင်း၏ ဘဏ္ဍာစိုးသည် ရတနာဆယ်ပါးကို လုံခြုံအောင် စောင့်ရှောက်လျက် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် မင်းအား စည်းစိမ်ကို ပြောပြသကဲ့သို့ သတိသည်လည်း ကုသိုလ်တရားကို မှတ်သားစေ, သတိရစေပါသည်။ ဤသို့လျှင် သတိသည် အပိလာပန လက္ခဏာရှိပါသည်။

**၁၀။ ပုစ္ဆာ။** ။သရန္တိ တောယ-ဝယ် တောယ-ပုဒ်အရ ဖြစ်သင့်သော တရားက သရန္တိ-ပုဒ်အရ ဖြစ်သင့်သောတရားအား မည်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

**၁၀။ အဖြေ။** ။တောယ-၏အရ ဖြစ်သင့်သော သတိတရားက သရန္တိ-အရ ဖြစ်သင့်သော သမ္ပယုတ်တရားတို့အား သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ၈-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

❀❀❀❀❀

အမှတ်-၆၊ လေ့ကျင့်ခန်း ပြီးပါပြီ။

http://www.dhammadownload.com



## အမှတ်-၇၊ လေ့ကျင့်ခန်း

(က) ဣဒါနိ အကုသလမ္ဘပဒံ ဘာဇေတွာ ဒဿေတုံ "ကတမေ ဓမ္မာ အကုသလာ"တိအာဒိ အာရဒ္ဓံ။

(ခ) ဒိဋ္ဌိဂတသမ္ပယုတ္တန္တိ ဧတ္ထ ဒိဋ္ဌိ ဧဝ ဒိဋ္ဌိဂတံ၊ "ဂူထဂတံ မုတ္တဂတ"န္တိ အာဒီနိ ဝိယ။

(ဂ) ဂန္တဗ္ဗာဘာဝတော ဝါ ဒိဋ္ဌိယာ ဂတမတ္တမေဝေတန္တိပိ ဒိဋ္ဌိဂတံ။

(ဃ) တေန သမ္ပယုတ္တံ ဒိဋ္ဌိဂတသမ္ပယုတ္တံ။

(င) သဘာဝံ ဝါ ဝိစိနန္တော တောယ ကိစ္ဆတိ ကိလမတီတိ ဝိစိကိစ္ဆာ။ (နိဋ္ဌ၊ ၂၉၉၊ ၃၀၀)

**ဋီကာ။** ။(ဂ)ဂန္တဗ္ဗာဘာဝတောတိ ဗုဇ္ဈိတဗ္ဗာဘာဝတော။ ဒိဋ္ဌိယာဂတမတ္တန္တိ ဒိဋ္ဌိယာ ဂဟိတမတ္တံ ဂဟဏမတ္တံ။ (ဋီကာ၊ ၁၁၉) (ပြည်နိဿယ အထူးမရေး။)

**ဘာသာဋီကာ။** ။(ခ)ခ-ဝါကျ၌ ဂူထဂတံ-ကို ဂူထမေဝ ဂူထဂတံ-ပြု၊ ဂတ-အတွက် အနက်မရှိ။ ဤသမာသ်မျိုးကို တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ်-ခေါ်သည်။ (ဂ)ဂ-ဝါကျ၌ မတ္တဖြင့် သိစရာအာရုံမရှိ-ဟု ကန့်၍ ဧဝ-ဖြင့် ထိုသို့ မရှိသည်ကို ခိုင်မြဲစေသည်။ ဤအလို ဒိဋ္ဌိယာ ဂတံ ဒိဋ္ဌိဂတံ-ပြု။ (င)င-ဝါကျ၌ ဝိစိနန္တ ကိစ္ဆာ-ဟု ဆိုလိုလျက် နန္တ-ကို ချေထားသည်။ (ဘာဋီ-တ၊ ၂၂၃)

**၁။ ပုစ္ဆာ။** ။က-မှတ်ပြဝါကျကို ပုဗ္ဗာနုသန္ဓေ, ဒဿေတုံ၏ ကရိဏ်း, အာရဒ္ဓံ၏ ကတ္တားကို ထည့်စွက်လျက် အနက်ယောဇနာပါ။

**၁။ အဖြေ။** ။ဧဝံ၊ ကုသလဓမ္မပဒံ၊ ဘာဇေတွာ၊ ဒဿေတွာ၊ ဣဒါနိ၊ ကတမေ ဓမ္မာ ကုသလာတိအာဒိနာ-ဖြင့်၊ အကုသလဓမ္မပဒံ၊ ဘာဇေတွာ၊ ဒဿေတုံ၊ ကတမေ ဓမ္မာ အကုသလာတိအာဒိ၊ ဘဂဝတာ၊ အာရဒ္ဓံ-အပ်၏၊ ဝါ-အပ်ပြီ။

**မှတ်ချက်။** ။"ဣဒါနိ အာဟ၊ ရှိကကေန်၊ ပစ္စုပ္ပန်ကို၊ အမှန် အာဟ၊ ဟောလေမြဲ"ဟူသော နိယာမ်နှင့်အညီ အာရဒ္ဓံ-ကို ပစ္စုပ္ပန်အနက်လည်း ပေးယာသည်ကို သတိပြု။

**၂။ ပုစ္ဆာ။** ။ဂ-မှတ်ပြဝါကျကို "ဌပနာ အာဘော်၊ ဟိတ်ဖော် ဌဖျက်၊ အမေးစွက်၊ ငါးချက် စောဒနာ"အတိုင်း တက်ပြခဲ့ပါ။

**၂။ အဖြေ။** ။အရှင်အဋ္ဌကထာဆရာ ဆရာသည် ခ-မှတ်ပြသံဝဏ္ဏနာဝါကျဖြင့် ဒိဋ္ဌိဂတံ-ဟူသောပုဒ်ကို ဒိဋ္ဌိဧဝ ဂတံ ဒိဋ္ဌိဂတံ-ဟု တဗ္ဘာဝဝုတ္တိကမ္မ

http://www.dhammadownload.com



တာရည်းသမာသ် တွဲစပ်ရမည်–ဟု ဖွင့်ပြတော်မူ၏။ သို့ပင် ဖွင့်ပြစေကာမူလည်း ဂတ–သဒ္ဒါဖြစ်ခြင်း၊ ဝါ–ယူခြင်းအနက်ကိုလည်း ဟောနိုင်သေးသည် မဟုတ်တုံလော။ ထိုသို့ပင် ဟောနိုင်သောကြောင့် ခ–မှတ်ပြဝါကျသံဝဏ္ဏနာကိုသာ မဆိုသင့်။ ထိုသို့မဆိုသင့်၊ ဝါ–မဖွင့်ပြသင့်သဖြင့် ၄င်းပုဒ်ကို အဘယ်သို့သော သမာသ်လည်း တွဲစပ် နိုင်ပါသေးသနည်း။ ဤသို့ စောဒနာရန်ရှိ၍ ဂ–မှတ်ပြသံဝဏ္ဏနာဝါကျကို မိန့်။ (အဓိပ္ပါယ်ပြန်ပါ။)

**အမှာ။** ။နောက်ဝါကျကိုမျှော်၍ အာဘော်ထားပုံကို အတုယူပါ။ ဒေါသတင်၍ တက်လျှင်လည်း မှန်သည်ပင်။ အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသတင်ပါ။

၂။ **ပုစ္ဆာ။** ။တတ္ထ သမယဝဝတ္ထာနဝါရေ တာဝ ယသ္မာ ကုသလဿ ဝိယ အကုသလဿ ဘူမိဘေဒေါ နတ္ထိ၊ တသ္မာ ဧကန္တ ကာမာဝစရမ္ပိ သမာနံ တော် ကာမာဝစရန္တိ န ဝုတ္တံ။–၌ ကျမ်းရိုးငါးချက်နည်းဖြင့် စောဒနာတက်ပြပါ။

၂။ **အဖြေ။** ။ဆရာ ဘုရားရှင်သည် ပါဠိတော်၌ "ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု ဟောတော်မူ၏။ ဤမျှသာ ဟောသည်ရှိသော် အကုသိုလ်စိတ်သည် ကာမာဝစရမဟုတ်–ဟူသော အနက်ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ကာမာဝစရံ–ပုဒ် ထည့်သွင်း၍ မဟောရခြင်း၏အကြောင်းကို ဆရာဖွင့်ပြသင့်၏၊ မဖွင့်ပြဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဘုရားအပေါ်၌ အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ကာမာဝစရံ–ပုဒ်ကို ထည့်သွင်း၍ မဟောခြင်းအကြောင်းကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ တတ္ထ–စသည်ကိုမိန့်။ (အဓိပ္ပါယ် ပြန်ပါ။)

**အမှာ။** ။အတက်ခိုင်းသော ဝါကျအတွင်း၌ပင် သင့်လျော်သော စကားကို ဥပနာကိုင်စေလိုသောကြောင့် သို့–ဟုမမေးဘဲ ၌–ဟု မေးထားသည်ကို သတိပြုပါ။ ဆရာက မဖွင့်ပြလျှင် ဆရာ့မှာ အပြစ်သင့်သည်မဟုတ်၊ ပါဠိတော်မှာသာ အပြစ်သင့်သည် ဖြစ်သည်။ ထို့ကြောင့် ပါဠိတော်၌ ဒေါသတင်ရကြောင်းကို နားလည်ပါ။

၃။ **ပုစ္ဆာ။** ။ဂ–မှတ်ပြ သံဝဏ္ဏနာဝါကျဖြင့် အဘယ်ဒေါသကို ပယ်ပါသနည်း။ သဒ္ဒါအနက် နှစ်ချက်တို့တွင် အဘယ်ကို လှဲလှယ်လို၍ ၄င်းသံဝဏ္ဏနာ၌ ဝါ–သဒ္ဒါကို ဆိုပါသနည်း။ ရှင်းလင်းခဲ့ပါ။

၃။ **အဖြေ။** ။ဂ–မှတ်ပြ သံဝဏ္ဏနာဝါကျဖြင့် အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ခ–မှတ်ပြ သံဝဏ္ဏနာဝါကျကိုသာ ဆိုခဲ့၊ ဖွင့်ပြခဲ့သည်ရှိသော် ဂတ–သဒ္ဒါသည် မိမိအနက် သီးခြားမရှိ၊

http://www.dhammadownload.com



ဒိဋ္ဌိသဒ္ဒါ၏ မိစ္ဆာအယူ–ဟူသော အနက်၌သာ ဖြစ်သည်–ဟု မှတ်ယူရသောကြောင့် ဒိဋ္ဌိသဒ္ဒါ၏ အနက်၌သာ ဖြစ်သည်မဟုတ်၊ ဖြစ်ခြင်း, တစ်နည်း၊ ယူခြင်းအနက်၌လည်း ဖြစ်သေးသည်–ဟု ဖွင့်ပြသဖြင့် ခ–မှတ်ပြဝါကျ၌ ဒေါသများ ကင်းစင်သွားသောကြောင့်တည်း။

အနက်ကို လဲလှယ်လို၍ ဝါ–သဒ္ဒါထားပါသည်။ လဲလှယ်ပုံကား ခ–မှတ်ပြသံဝဏ္ဏနာဝါကျအလို ဒိဋ္ဌိသဒ္ဒါ၏ မှားသောအယူ–ဟူသော အနက်ကိုသာ ဂတ–သဒ္ဒါကမျှောင်တွယ်၍ ဟောသည်။ မိမိအနက်ကား သီးခြားမရှိ ဖြစ်ပါသည်။ ဂ–မှတ်ပြသံဝဏ္ဏနာဝါကျအလို ဂတ–သဒ္ဒါသည် မိမိ၏သီးခြားအနက်ဖြစ်သော ဖြစ်ခြင်း, တစ်နည်း၊ ယူခြင်းအနက်ကို ဟောပါသည်။ ဤသို့ အနက်ကို လဲလှယ်လို၍ ဝါ–သဒ္ဒါကို ဆိုပါသည်။

၄။ ပုစ္ဆာ။ ။ခ–မှတ်ပြဝါကျလာ ဒိဋ္ဌိ–ဟူသောပုဒ်ကို ဌာနာနုရူပတ္ထအား လျော်စွာ ဝိဂ္ဂဟပြု၍ ဇျူပ္ပတ္တိစတုက္ကခွဲပြပါ။

၄။ အဖြေ။ ။မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ။ စတုက္ကအခွဲ လွယ်ပါပြီ။

၅။ ပုစ္ဆာ။ ။င–မှတ်ပြဝါကျလာ ပုဒ်များအနက် ကြိုက်ရာ ငါးပုဒ်ကို လိင်၊ ဂဏ၊ ပဒ၊ အန္တ စိစစ်ခဲ့ပါ။

၅။ အဖြေ။ ။သဘာဝ–သည် ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ သမာသနာမပဒ၊ အ, ကာရန္တ ဖြစ်ပါသည်။

ဝိစိနန္တော–သည် ပုံလိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ ကိတနာမပဒ၊ အ, ကာရန္တ ဖြစ်ပါသည်။

တောယ–သည် ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ သဗ္ဗနာမပဒ၊ အာကာရန္တ ဖြစ်ပါသည်။

ကိစ္စတိ–သည် အ, လိင်၊ နာဝိကရဏဂိုဏ်း၊ အာချာတပဒ၊ အ, ကာရန္တ ဖြစ်ပါသည်။

ကိလမတိ–သည် အ, လိင်၊ ဘူဝါဒိဂိုဏ်း၊ အာချာတပဒ၊ ဥကာရန္တ ဖြစ်ပါသည်။

ဣတိ–သည် အ, လိင်၊ ဂဏဝိမုတ်၊ နိပါတ်ပုဒ်၊ ဣကာရန္တ ဖြစ်ပါသည်။

ဝိစိကိစ္ဆာ–သည် ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ သမာသ်နာမ်ပုဒ်၊ အာကာရန္တ ဖြစ်ပါသည်။

မှတ်ချက်။ ။တောယ–ကို သဗ္ဗနာမ်–ဟု ယူလျှင်လည်း ရသည်ပင်။ ကိစ္စတိ–ကို ကိတ–ဓာတ်မှ လာသောကြောင့် ကိတ–မှ အ–ဟူသော အတွင်း

http://www.dhammadownload.com



ကာရန်ကိုယူ၍ အ, ကာရန္တ-ဟု ဆုံးဖြတ်ရသည်။ ဝိကရဏပစ္စည်းမသက်ဘဲ ဆ-ဟူသော ဓာတုနိဒ္ဒေသပစ္စည်း သက်ထားသောကြောင့် နော်ဝိကရဏဂိုဏ်း-ဟု ဆုံးဖြတ်သည်။ အမှန်ကား ဘူဝါဒိဂိုဏ်း-ပင်တည်း။

၆။ ပုစ္ဆာ။ ။င-မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်ပြပြီးလျှင် သံဝဏ္ဏနာအမည်ကိုသာ အာဘော်နှင့် သံဝဏ္ဏနာအမည် တွဲ၍တွဲ၍ ဖော်ပြပါ။

၆။ အဖြေ။ ။သဘာဝံ-ဖြင့် ဝိစိနန္တော-၏ ကံကိုပြ၏၊ ဘာဝတ္ထ။ ဝိစိ-နန္တော-ဖြင့် ဝိစိကိစ္ဆာ-၌ပါသော ဝိသဒ္ဒါသည် ဝိစိနန္တအနက် ဟောသည်-ဟု ပြ၏၊ ဥပသဂ္ဂလိင်္ဂတ္ထ။ တစ်နည်း၊ ဝိစိနန္တော-ဖြင့် ဝိစိကိစ္ဆာ၌ပါသော ဝိစိသဒ္ဒါသည် ပုဒ်ရင်း မဟုတ်၊ ပုဒ်ရင်းအမှန်မှာ ဝိစိနန္တ-ဖြစ်သည်ဟု ပြ၏၊ ကိတနာမပဒ။ ဝါ-ဘာဝတ္ထ။ တောယ-ဖြင့် အ, ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုပြ၏၊ ဒုတိယပစ္စယတ္ထ။ ကိစ္ဆတိ-ဖြင့် ကိစ္ဆာ-၌ ကိတဓာတ်၏ အဖြစ်ကိုပြ၏၊ ဒုတိယဓာတုပဒ။ ကိလမတိ-ဖြင့် ကိတဓာတ်၏ ပင်ပန်းခြင်းအနက် ဟော၏အဖြစ်ကို ပြ၏၊ ဒုတိယဓာတွတ္ထ။ သံဝဏ္ဏနာအားလုံးဖြင့် ဝိစိကိစ္ဆာ-ကို ဝိစိနန္တ သာ ကိစ္ဆာ ဝိစိကိစ္ဆာ-ဟု တပ္ပုရိသ်သမာသ် ပြုရမည်-ဟုပြ၏၊ သမာသ လိင်္ဂတ္ထ။

မှတ်ချက်။ ။အစဉ်အတိုင်း တစ်လုံးချင်း အာဘော်ဖော်သွားသည်ကို အတုယူပါ။

၇။ ပုစ္ဆာ။ ။ဂ-မှတ်ပြဝါကျလာ အပိ-(ပိ) သဒ္ဒါ၏ အနက်ကိုလည်း ကောင်း၊ ဃ-မှတ်ပြဝါကျလာ တေန-၌ တ-၏ ဝိသယဘေဒနှင့် ဣစာဓိပ္ပေတ ဝိသယတို့ကိုလည်းကောင်း ညွှန်ကြားခဲ့ပါ။

၇။ အဖြေ။ ။အပိ-သဒ္ဒါ၏ အနက်ကား ဒုတိယတ္ထသမ္ပိဏ္ဍန၊ တစ်နည်း၊ သမုစ္စည်းအနက် ဖြစ်ပါသည်။ ဃ-ဝါကျ၌ တ-၏ ဝိသယဘေဒကား-ပက္ကန္တ ဝိသယ၊ အနုဘူတဝိသယ၊ ပသိဒ္ဓဝိသယ-ဖြစ်ပါသည်။ ဣစာဓိပ္ပေတကား ပက္ကန္တ ဝိသယ တ-ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။ခ-မှတ်ပြဝါကျ၌ ရသင့်သော သိဒ္ဓိကိုလည်းကောင်း၊ ဂ-မှတ်ပြဝါကျသည် နိတတ္ထ, နေယျတ္ထတို့တွင် အဘယ်ဝါကျဖြစ်သည်ကိုလည်း ကောင်း အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ အဖြေ။ ။ခ-မှတ်ပြဝါကျ၌ ရသင့်သော သိဒ္ဓိကား သိဒ္ဓေယျသိဒ္ဓိ ဖြစ်ပါသည်။ အကြောင်းကား ဂူထဂတ်, မုတ္တဂတ်-တို့၌ ဂတ-သဒ္ဒါ တဗ္ဗော

http://www.dhammadownload.com



အနက်၌ ဖြစ်သည်ကို မြင်ရသဖြင့် ဒိဋ္ဌိဂတံ-၌ ဂတ-သဒ္ဒါသည်လည်း တဗ္ဘော အနက်၌ ဖြစ်သည်ကို သိရသည့်အတွက်ကြောင့် ဖြစ်ပါသည်။

ဂ-မှတ်ပြဝါကျသည် နေယျတ္ထဝါကျဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သမ္ဗန်+သမ္ဗန္ဓိ မပြားဘဲလျက် ပြားသကဲ့သို့ အဘေဒူပစာအားဖြင့် ဒိဋ္ဌိယာ ဂတံ ဒိဋ္ဌိဂတံ-ဟု ဝိဂ္ဂဟပြုရမည်ဖြစ် (ပြုရမည်ကို ပြထား) သောကြောင့်တည်း။

၉။ ပုစ္ဆာ။ ။မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း တရားတို့ကို စုံလင်စွာ ဖော်ပြပါ။

၉။ အဖြေ။ ။မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း တရားတို့ကား အသဒ္ဓမ္မသဝန, အကလျာဏမိတ္တတာ, အရိယာနံ အဒဿနကာမတာ, အရိယဓမ္မေ အကောဝိဒတာ, အရိယဓမ္မေ အဝိနီတတာ, အယောနိသောမနသိကာရ, ကောတူဟလမင်္ဂလာဒိ ပသုတတာ-တို့ ဖြစ်ပါသည်။

အမှာ။ ။မိစ္ဆာဒိဋ္ဌိ၏ ဒီပက, ဝိဘာဝ-တို့ ဖြစ်ကြသည်။ ကြိယာငါးတန် အတွက် မှတ်ထားပါ။

၁၀။ ပုစ္ဆာ။ ။ဃ-မှတ်ပြဝါကျလာ တေန-အရနှင့် သမ္ပယုတ္တံ-အရကို ဌာနာနုရူပတ္ထအားလျော်စွာ ကောက်ပြ၍၊ တေန-၏ အရဖြစ်သောတရားက သမ္ပယုတ္တံ-၏အရဖြစ်သော တရားအား အဘယ်မျှလောက်သော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသနည်း။

၁၀။ အဖြေ။ ။တေန-၏အရကား ဒိဋ္ဌိစေတသိက် ရ၏။ သမ္ပယုတ္တံ-၏ အရကား ပထမလောဘမူစိတ်ရ၏။ ဝါ-သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ်ရ၏။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-ဟူသော သဟကြီးလေးပါး၊ အညမည၊ သမ္ပယုတ္တ-ဟူသော သဟလတ်နှစ်ပါး၊ မဂ္ဂ-ဟူသော သဟငယ် ၁-ပါးအားဖြင့် ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

❀❀❀❀❀

အမှတ်-၇၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၈၊ လေ့ကျင့်ခန်း

(က) အရိယာနံ အဒဿာဝီတိအာဒီသု အရိယာတိ အာရကတ္တာ ကိလေသေဟိ, အနယေ န ဣရိယနတော, အယေ ဣရိယနတော, သဒေဝကေန လောကေန စ အရဏီယတော။

(ခ) ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓသာဝကာ စ ဝုစ္စန္တိ။

(ဂ) ဗုဒ္ဓါဝေ ဝါ ဣဓ အရိယာ။ ယထာဟ "သဒေဝကေ ဘိက္ခဝေ လောကေ ။ ပ ။ တထာဂတော အရိယောတိ ဝုစ္စတီ"တိ။

(ဃ) သပ္ပုရိသာတိ ဧတ္ထ ပန ပစ္စေကဗုဒ္ဓါ, တထာဂတသာဝကာ စ "သပ္ပုရိသာ"တိ ဝေဒိတဗ္ဗာ။ တေ ဟိ လောကုတ္တရဂုဏ ယောဂေန သောဘနာ ပုရိသာတိ သပ္ပုရိသာ။

(င) သဗ္ဗေဝ ဝါ ဧတေ ဒွေဓာပိ ဝုတ္တာ။ (နိဒ္ဒ၊ ၃၈၄)

**ဋီကာ။** ။အနယေတိ အဝုမိယံ။ သဗ္ဗတ္ထ နိရုတ္တိက္ခဏေန ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ။ (ဋီကာ၊ ၁၆၂)

ပြည်။ ။(ခ)ယဒိပိ အရိယသဒ္ဒေါ ဝိသုဒ္ဓါသယပယောဂေသု ပုထုဇ္ဇနေသုပိ ဝတ္တတိ။ ဣဓ ပန အရိယမဂ္ဂါဓိဂမေန သဗ္ဗလောကုတ္တရဘာဝေန အရိယဘာဝေါ အဓိပ္ပေတောတိ ဒဿေန္တော အာဟ "ဗုဒ္ဓါ စာ"တိ အာဒိ။ (ဃ)ကသ္မာ ပန တေ သပ္ပုရိသာတိ အာဟ"တေ ဟီ"တိ။ (ပြည်၊ ၃၃၈)

**ဘာသာဋီကာ။** ။(က)က-ဝါကျ၌ ပဌမနည်းအလို ကိလေသေဟိ အာရကာ အရိယာ-ပြု။ အာရကာ-မှ အာကို အ၊ ရ-၏အ,ကို ဣ၊ က,ကို ယ,ပြု၍ ပြီးစေ။ ဒုတိယနည်းအလို အယတိ ဧတေနာတိ အယော၊ န အယော အနယော၊ ဣရိယန္တိတိ ဣရိယာ၊ အနယေ န ဣရိယာ အရိယာ-ပြု။ အယန+န ဣရိယ-မှ ယ, န,န, ဣ-တို့ကိုချေ၍ ပြီးစေ။ တတိယနည်းအလို ဣရိယန္တိတိ ဣရိယာ၊ အယေ ဣရိယာ အရိယာ-ပြု။ အယ+ဣရိယ-မှ ယ, ဣ-တို့ကိုချေ၍ ပြီးစေ။ စတုတ္ထနည်း အလို အရဏီယာတိ အရိယာ-ပြု။ တစ်နည်း၊ အရိယန္တေတိ အရိယာ-ပြု။အရ- ဂတိမှိ-ဟူသောဓာတ်နောင် ဏျပစ္စည်းသက်၊ ဣအာဂုံလာ၍ ပြီးစေ။

(ခ) ဤပြခဲ့သော ဝစနတ္ထများနှင့်အညီ ပုထုဇဉ် သူတော်ကောင်းတို့လည်း အရိယအမည် ရသင့်ပါ၏။ သို့သော် အရိယ-ဟူသောအမည်၏ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, အရိယာဖြစ်ပြီးသော ဗုဒ္ဓသာဝကဥ္စ ထင်ရှားသော အထင်ရှင်ဆိုအမည်ဖြစ်ကြောင်း သိစေ၍ "ဗုဒ္ဓါ စ ။ ပ ။ ဝုစ္စန္တိ"ဟု ဝုစ္စန္တိကြိယာဖြင့် မိန့်သည်။

http://www.dhammadownload.com



(ဂ) ဂ–ဝါကျအလိုကား အရိယာအရဝယ် ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝက အားလုံး ရနိုင်သော်လည်း ဥက္ကဋ္ဌနိဒ္ဒေသနည်းအားဖြင့် အမြတ်ဆုံး အရိယာဖြစ်သော ဗုဒ္ဓကိုသာ အရိယ–ဟု ယူရသည်။ (ဃ) ဃ–ဝါကျ၌ အရိယ–အရ ဗုဒ္ဓကို ယူပြီးဖြစ်သောကြောင့် သပ္ပုရိသ–အရ၌ ပါရိသေသနည်းအားဖြင့် ပစ္စေကဗုဒ္ဓါနှင့် တထာဂတ သာဝက–တို့ကိုသာ ယူရတော့သည်။ သဗ္ဗေ ဝါ–စသောနည်း၌ကား ရနိုင်သမျှကို နှစ်ပုဒ်လုံးဖြင့် ယူရသည်။ (ဘာဋီ–စ၊ ၉၈)

**၁။ ပုစ္ဆာ။** ။က+ဂ–မှတ်ပြဝါကျ သံဝဏ္ဏနာတို့ကိုရှုလျက် အရိယာနံ အဒဿာဝီ–ကို အနက်ယောဇနာခဲ့ပါ။

**၁။ အဖြေ။** ။အရိယာနံ–ကိလေသာတို့မှ ဝေးတော်မူသော မြတ်စွာဘုရားတို့ကို၊ ဝါ–အစီးအပွားမဟုတ်သော အကျင့်၌ မဖြစ်စေတတ် မကျင့်စေတတ်သော ဘုရားတို့ကို၊ ဝါ–အစီးအပွားဖြစ်သော အကျင့်၌ ဖြစ်စေတတ်သော ဘုရားတို့ကို၊ ဝါ–နတ်နှင့်တကွသော လောကသည် ဆည်းကပ်အပ်သော ဘုရားတို့ကို၊ အဒဿာဝီ–ဉာဏ်မျက်စိဖြင့် မြင်လေ့မရှိသော။

**၂။ ပုစ္ဆာ။** ။ခ–မှတ်ပြဝါကျကို ပါပနာဒိကျမ်းရိုး တက်ပြပါ။

**၂။ အဖြေ။** ။အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် က–မှတ်ပြဝါကျဖြင့် အရိယာမည်ပုံကို ပြတော်မူ၏။ ဤသို့သာ ပြဆိုခဲ့သည်ရှိသော် ပုထုဇဉ်တို့သည်လည်း ဝိသုဒ္ဓအာသယ, ယောဂရှိနိုင်ရကား အရိယာမည်၏–ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်တမူကား ပုထုဇဉ်တို့သည် အရိယာမည်၏–ဟူ သောအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အရိယာ၏ အရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဆရာ့၌ စကားအလွန်ပြန့်ခြင်း–ဟူသော အတိဗျာပိတဒေါသ သင့်ရောက်ခဲ့ရာ၏။ အဘယ် သို့လျှင် ဒေါသမရောက် ကင်းပျောက်ပါရန် အရိယာအရကို ပြဆိုအပ်ပါသနည်း။ ဤသို့ အပြစ်စင်ဖွယ်ရှိ၍ ဗုဒ္ဓါ–စသော ခ–ဝါကျကို မိန့်။ (အဓိပ္ပါယ်ပြန်ပါ။)

**မှတ်ချက်။** ။အတိဗျာပိတဒေါသ တင်ထားသည်ကို သတိပြုပါ။ မှတ်သားထိုက်၏။

**၂။ ပုစ္ဆာ။** ။ဃ–မှတ်ပြဒုတိယဝါကျသို့ ပဠကနည်းဖြင့် ကျမ်းတက်ပြပါ။

**၂။ အဖြေ။** ။ဆရာ၊ ဆရာသည် ပထမဝါကျဖြင့် သပ္ပုရိသအရ ပစ္စေက ဗုဒ္ဓါ, တထာဂတသာဝက–တို့ကို ကောက်ရမည်–ဟု ဖွင့်ပြတော်မူ၏။ ဤမျှသာ ဆိုချေသော် ၄င်းတို့၏ သပ္ပုရိသမည်ခြင်း၏ အကြောင်းကို မသိနိုင်ရာသည်

http://www.dhammadownload.com



မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် သပ္ပုရိသအရကိုသာ မဆိုသင့်။ သပ္ပုရိသ အမည်ရခြင်း၏ အကြောင်းကို မဆိုချေသော် ဆရာ့အပေါ်၌ အဖျာပိတဒေါသ သင့်ရောက်ရာ၏။ သပ္ပုရိသအမည်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ ။ ပ ။ မိန့်။ (အဓိပ္ပါယ်ပြန်ပါ။)

**မှတ်ချက်။** ။အထက်တုန်းက အဘိဓာနတ္ထမှ အဘိဓေယျတ္ထသို့ တက်ပုံဖြစ်၍ ဤ၌ကား အဘိဓေယျတ္ထမှ အဘိဓာနတ္ထသို့ တက်ပုံဖြစ်သည်။ အတုယူပါ။

**၃။ ပုစ္ဆာ။** ။ဂ-မှတ်ပြ၀ါကျ၌ပါသော ၀ါ-သဒ္ဒါ၊ င-မှတ်ပြ၀ါကျ၌ပါသော ၀ါ-သဒ္ဒါတို့ကို (သဒ္ဒါ၊ အနက်၊ အကြောင်း၊ အကျိုးတို့တွင်) အဘယ်ကို လဲလှယ်လို၍ ထားသည်ကို သေချာစွာ ဖြေပါ။

**၃။ အဖြေ။** ။ဂ-၀ါကျ၌ပါသော ၀ါ-သဒ္ဒါကို အရိယာအရ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာ၀ကတို့မှ တစ်ပါး ဗုဒ္ဓကိုသာ ရ၏-ဟု အဘိဓေယျတ္ထကို လဲသောကြောင့် အနက်ကိုလဲလို၍ ထားပါသည်။

င-၌ပါသော ၀ါ-သဒ္ဒါကို ဗုဒ္ဓအရ ဗုဒ္ဓနှင့် သပ္ပုရိသအရ ပစ္စေကဗုဒ္ဓ၊ တထာဂတသာ၀ကတို့မှတစ်ပါး နှစ်ပုဒ်လုံးအရ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ တထာဂတသာ၀က အားလုံးတို့ကို ရ၏-ဟု အဘိဓေယျတ္ထကို လဲသောကြောင့် အနက်ကို လဲလို၍ ထားပါသည်။

**၄။ ပုစ္ဆာ။** ။က-မှတ်ပြ၀ါကျ၌ပါသော သဒေ၀ကေန လောကေန အရဏီယတော-ဟူသော သံ၀ဏ္ဏနာကိုရှု၍ သံ၀ဏ္ဏေတဗ္ဗပုဒ်ကို ၀စနတ္ထပြုလုံးက် ဗျုပ္ပတ္တိစတုက္က ထုတ်ပြပါ။

**၄။ အဖြေ။** ။သဒေ၀ကေန လောကေန အရဏီယာတိ အရိယာ။ စတုက္က လွယ်ပါပြီ။

**၅။ ပုစ္ဆာ။** ။ခ-မှတ်ပြ၀ါကျရှိ ပုဒ်၊ င-မှတ်ပြ၀ါကျရှိ ပုဒ်တို့ကို သမာသ်ပုဒ်စသည် စိစစ်ပြပါ၊

**၅။ အဖြေ။** ။ဗုဒ္ဓါ-သည် ကိတ်နာမ်ပုဒ်။ စ-သည် နိပါတ်ပုဒ်။ ပစ္စေကဗုဒ္ဓါ-သည် သမာသ်နာမ်ပုဒ်။ ဗုဒ္ဓသာ၀ကာ-သည် သမာသ်နာမ်ပုဒ်။ ၀ုစ္စန္တိ-သည် အာချာတ်ပုဒ်။ သဗ္ဗေ-သည် သဗ္ဗနာမ်ပုဒ်။ ၀ေ၊ ၀ါ၊ အပိ-တို့သည် နိပါတ်ပုဒ်။ တေ-သည် သဗ္ဗနာမ်ပုဒ်၊ ဒွေဓာ-သည် တဒ္ဓိတ်နာမ်ပုဒ်။ ၀ုတ္တာ-သည် ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

**၆။ ပုစ္ဆာ။** ။ဃ-မှတ်ပြ၀ါကျကို အဋ္ဌကထာအာဘောဂဖော်ပြလျက်၊ င-မှတ်ပြ၀ါကျကို အကြောင်းပြ သံ၀ဏ္ဏနာအမည် ပေးခဲ့ပါ။

http://www.dhammadownload.com



၆။ အဖြေ။ ။ပစ္စေကဗုဒ္ဓါ တထာဂတသာဝကာ စ သပ္ပုရိသာတိ ဝေဒိ-တဗ္ဗာ-ဖြင့် သပ္ပုရိသအရ ပစ္စေကဗုဒ္ဓါ, တထာဂတသာဝကတို့ကို ယူရမည်-ဟု သိစေ၏။ တေ ဟိ လောကုတ္တရဂုဏယောဂေန-ဖြင့် ပစ္စေကဗုဒ္ဓါ, တထာဂတ သာဝကတို့သည် လောကုတ္တရာဂုဏ်ကျေးဇူးနှင့် ယှဉ်ခြင်းကြောင့် တင့်တယ်၏-ဟု သိစေ၏။ သောဘနာ ပုရိသာ-ဖြင့် (သုပုဒ်၊ ပုရိသပုဒ်။) သုပုဒ်သည် သောဘနအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း၊ သု သောဘနာ ပုရိသာ သပ္ပုရိသာ-ဟု ကမ္မဓာရယ်သမာသ် တွဲစပ်ရမည်ကိုလည်းကောင်း သိစေ၏။

င-ဝါကျ၌ သဗ္ဗေဝ ဝါ တေ ဒွေဓာပိ ဝုတ္တာ-ဖြင့် အရိယ-အရ, သပ္ပုရိသ-အရ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို ယူ-ဟု အဘိဓေယျတ္ထကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာ မည်၏။

၇။ ပုစ္ဆာ။ ။ဂ-မှတ်ပြဝါကျ၌ပါသော ဝေ-သဒ္ဒါ၊ င-မှတ်ပြဝါကျ၌ ပါသော ဝေ-သဒ္ဒါတို့၏ ဂဟေတဗ္ဗ, နိဝတ္တေတဗ္ဗတို့ကို ဖြေဆိုလျက်၊ င-မှတ်ပြ ဝါကျ၌ပါသော တေ-သဒ္ဒါသည် ပက္ကန္တဝိသယစသည်တို့တွင် အဘယ်ဖြစ်ပါ သနည်း။

၇။ အဖြေ။ ။ဂ-ဝါကျ၌ပါသော ဝေ-သဒ္ဒါ၏ ဂဟေတဗ္ဗကား ဗုဒ္ဓ။ နိဝတ္တေတဗ္ဗကား ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက-ဖြစ်ပါသည်။

င-ဝါကျ၌ပါသော ဝေ-၏ ဂဟေတဗ္ဗကား ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက။ နိဝတ္တေတဗ္ဗကား အခြားပုထုဇဉ်စသည် ဖြစ်ပါသည်။

င-ဝါကျ၌ တေ-သဒ္ဒါသည် ဆိုပြီးသော ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက-တို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ တ, ဖြစ်ပါသည်။

၈။ ပုစ္ဆာ။ ။ဂ-မှတ်ပြဝါကျ၌ပါသော အာဟ-ကို ကြိယာငါးတန် ထုတ် ပြလျက်၊ ဂ-အမှတ်ပြဝါကျ၌ ယထာဟ၊ သဒေဝကေ-စသည်၌ အဘယ်သိဒ္ဓိ ဖြစ်ပါသနည်း။

၈။ အဖြေ။ ။အာဟ-အရ မြတ်စွာဘုရား၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သည် ဒီပကတ္ထ။

ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့၏ သိရခြင်းအကျိုးသည် ပကာသနတ္ထ။

ပါရမီဉာဏ် စသည်သည် ဝိဘာဝတ္ထ။

ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ သန္တာန်၌ဖြစ်သော သိရ၊ ကျင့်ရသဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ရခြင်း အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ ဖြစ်ပါသည်။

http://www.dhammadownload.com



ဂ–မှတ်ပြဝါကျ ယထာဟ၊ သဒေဝကေ–စသည်၌ အာဂမသာကေဖြင့် ပြီးစေရကား၊ ဝါ–ပြီးစေသောအရာ ဖြစ်သောကြောင့် သိဒ္ဓယုသိဒ္ဓိ ဖြစ်ပါသည်။

၉။ ပုစ္ဆာ။ ။ဂ–မှတ်ပြဝါကျ၌ပါသော အာဟ–၏အရကို လက္ခဏာဒိစတုက္က ထုတ်ပြ၍၊ အရိယာနံ အဒဿာဝီ–၌ အဒဿာဝီ–၏ပဘေဒနှင့် ဣစ္ဆိတပွေတ အဒဿာဝီတို့ကို ဖော်ပြပါ။

၉။ အဖြေ။ ။အာဟ–၏အရ ဒေသနာဉာဏ်ဟူသော ပညာကို ကောက်၍ စတုက္ကထုတ်ပါ။

အဒဿာဝီ–သည် စက္ခုနာ အဒဿာဝီ၊ ဉာဏေန အဒဿာဝီ–ဟု နှစ်မျိုးပြားပါသည်။ ထိုတွင် ဉာဏေန အဒဿာဝီ–ကိုသာ ဤ၌ လိုအပ်ပါသည်။

၁၀။ ပုစ္ဆာ။ ။က+ဂ–ဝါကျတို့ကို ရှုမြော်လျက် င–မှတ်ပြဝါကျ၌ ဧတေ–အရ ဖြစ်သင့်သော ပစ္စည်းတရား, ဝုတ္တာ–အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားတို့ကို ဖော်ပြလျက်, ကျေးဇူးပြုသောပစ္စယသတ္တိနှင့် ပြိုင်နိုင်သောပစ္စည်းများကို ဖြေပါ။

၁၀။ အဖြေ။ ။င–ဝါကျပါ ဧတေ–အရ ဖြစ်သင့်သော ပစ္စည်းတရားကား ဉာဏ်တော်နှင့်တကွသော ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝက–တို့၏ ခန္ဓာပဉ္စက ရ၏။ ဝုတ္တာ–၌ ဝစဓာတ်အရ ဖြစ်သင့်သော ပစ္စယုပ္ပန်တရားကား ပညာရှိတို့၏ ခန္ဓာသန္တာန်၌ဖြစ်သော အသိဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဖြစ်ပါသည်။ ကျေးဇူးပြုသော ပစ္စယသတ္တိကား အာရမ္မဏသတ္တိဖြစ်ပါသည်။ ကျေးဇူးပြုသော ပစ္စည်းစုကား–အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဖြစ်ပါသည်။

ဓဓဓဓဓ

အမှတ်–၈၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၉၊ လေ့ကျင့်ခန်း

(က) ဖုသတီတိ ဖဿော၊ သွာယံ ဖုသနလက္ခဏော၊ သင်္ဃဋ္ဋနရသော၊ သန္နိပါတပစ္စုပဋ္ဌာနော၊ အာပါထဂတဝိသယပဒဋ္ဌာနော။

(ခ) အယဉ္စိ အရူပဓမ္မောပိ သမာနော အာရမ္မဏေ ဖုသနာကာရေနေဝ ပဝတ္တတီတိ ဖုသနလက္ခဏော။

(ဂ) ဧကဒေသေန စ အနလ္လီယမာနောပိ ရူပံ ဝိယ စက္ခုံ, သဒ္ဒေါ ဝိယ စ သောတံ, စိတ္တံ အာရမ္မဏဉ္စ သင်္ဃဋ္ဋေတီတိ သင်္ဃဋ္ဋနရသော။

(ဃ) ဝတ္ထာရမ္မဏသင်္ဃဋ္ဋနတော ဝါ ဥပ္ပန္နတ္တာ သမ္ပတ္တိအတ္ထေနပိ ရသေန သင်္ဃဋ္ဋနရသောတိ ဝေဒိတဗ္ဗော။ (နိဋ္ဌ၊ ၁၅၁)

**ဋီကာ။** ။အထူးမဖွင့်။ (ဋီကာ၊ ၁၆)

**ပြည်။** ။(ခ) နနုစာယံ ဓမ္မော စေတသိကော။ ယွာယံ အရူပဓမ္မော သမာနော ကထံ ဖုသနလက္ခဏော ဟောတီတိ အန္တောလီနစောဒနံ မနသိ ကတွာ တဿာ သောနေတုံ "အယဉ္စိ အရူပဓမ္မောပိ သမာနော"တိအာဒိ ဝုတ္တံ။ (ဂ) ဆဒ္ဒါရေ ဥပ္ပန္နဖဿော အာရမဏေန အနလ္လီယမာနောယေဝ။ ကသ္မာ သင်္ဃဋ္ဋနရသော နာမာတိ အာဟ ဧကဒေသေနာတိ အာဒိ။ (ဃ) ပဉ္စဒ္ဒါရေ ဥပ္ပန္နဖဿဿ သမ္ပတ္တိရသေန သင်္ဃဋ္ဋနရသဘာဝံ ဒဿေန္တော အာဟ "ဝတ္ထာ"တိ အာဒိ။ (ပြည်၊ ၁၀)

**ဘာသာဋီကာ။** ။(ဂ) ဂ-ဝါကျ၌ လောက၌ ထိသောအရာဝတ္ထုနှစ်ခုသည် ဘေးချင်းကပ်လျက် စပ်နေရိုးတည်း။ ဖဿ၏ စိတ်ကိုလည်းကောင်း၊ အာရုံကိုလည်းကောင်း ထိခိုက်ရာ၌ ထိုကဲ့သို့ ထိပါသလော-ဟု မေးဖွယ်ရှိသောကြောင့် ဧကဒေသေန အနလ္လီယမာနောပိ-ဟု မိန့်သည်။ သစ်သားနှစ်ချောင်းသည် ဘေးချင်းကပ်၍ ထိစပ်နေသကဲ့သို့ ဖဿသည် စိတ်အာရုံကိုထိရာ၌ ငြိကပ်ထိစပ်၍ မနေပါ-ဟူလို။ ထိုသို့ မငြိကပ်လျှင် အဘယ်နည်းဖြင့် စိတ်အာရုံကို ထိခိုက်သနည်း-ဟု မေးဖွယ်ရှိ၍ ရူပံ ဝိယ-စသည်မိန့်။ ရူပါရုံသည် စက္ခုပသာဒကို ထိခိုက်ရာ၌ အရာဝတ္ထုချင်း မငြိကပ်ဘဲ ဓာတ်ခိုက်သည့်သဘောဖြင့် ထိခိုက်သကဲ့သို့ ဖဿသည်လည်း မငြိကပ်မထိစပ်ဘဲပင် စိတ်အာရုံနှစ်ပါးစုံကို ထိခိုက်နိုင်သည်-ဟူလို။

(ဃ) သင်္ဃဋ္ဋနရသော ယဿာတိ သင်္ဃဋ္ဋနရသော-ပြု။ ကိစ္စရသကို ပြပြီး၍ သမ္ပတ္တိရသကို ပြလိုသောကြောင့် ဃ-ဝါကျကို မိန့်။ သမ္ပတ္တိဟူသည် ပြည့်စုံခြင်း မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ်အတိုင်း အပြည့်အစုံ ဖြစ်ခြင်းတည်း။ သင်္ဃဋ္ဋနေန ရသော ယဿ အတ္ထီတိ သင်္ဃဋ္ဋနရသော-ပြု။ (ဘာဋီ-၁၊ ၂၄၅)

http://www.dhammadownload.com



၁။ က–မှတ်ပြဝါကျကိုသာ အနက်မှန်ကန်စွာ ယောဇနာပြပါ။
၂။ ခ–မှတ်ပြဝါကျသို့ ဌပနာပဥ္စကနည်းဖြင့် ကျမ်းတက်ပြပါ။
ဃ–မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။
၃။ ဃ–ဝါကျ၌ ဝါ–သဒ္ဒါထားရပုံ၊ ဝေဒိတဗ္ဗော–သဒ္ဒါ ထားရပုံ၊ ထိုဝါကျဖြင့် ပယ်အပ်သော ဒေါသတို့ကို ရှင်းလင်းဖော်ပြပါ။
၄။ သန္နိပါတပစ္စုပဋ္ဌာနော–ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲပြပါ။(အဋ္ဌကထာကိုရှုပါ။)
၅။ ဃ–ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။
၆။ က–မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဖော်၍၊ သံဝဏ္ဏနာ အမည်တပ်ပါ။
၇။ ခ–မှတ်ပြဝါကျ၌ အယံ–၏စွဲရာနက်၊ ဟိ–အနက်၊ ဝေ–သဒ္ဒါ၏ အနက် သုံးချက်တို့ကို ထုတ်ပြပါ။
၈။ ဝေဒိတဗ္ဗော–၌ အန္တတ္ထကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။
၉။ ဓမ္မဒေသဉ်ဖဿ–ကို ပထမဆုံးဟောရခြင်း၏ အကြောင်းကို စုံလင်စွာ ဖော်ပြပါ။
၁၀။ ဂ–ဝါကျ၌ သဃဋ္ဋေတိ–အရ ပစ္စည်းတရားက စိတ္တံ–အရ ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ပြိုင်နိုင်သော ပစ္စည်းစုတို့ကို ဖော်ပြပါ။

ဓဓဓဓဓ

အမှတ်–၉၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၀၊ လေ့ကျင့်ခန်း

(က) တဗ္ဗာ မနောဝိညာဏဓာတူတိ တေသံ ဖဿာဒီနံ ဓမ္မာနံ အနန္တရဝိကာ မနောဝိညာဏဓာတု။
(ခ) ဣမသ္မိဥ္စိ ပဒေ ကေမေဝ စိတ္တံ မိနနဋ္ဌေန မနော၊ ဝိဇာနနဋ္ဌေန ဝိညာဏံ၊ သဘာဝဋ္ဌေန နိဿတ္တဋ္ဌေန ဝါ ဓာတူတိ တီဟိ နာမေဟိ ဝုတ္တံ။
(ဂ) ဣတိ ဣမသ္မိံ ဖဿပဉ္စမကေ ဖဿော တာဝ ယသ္မာ ဖဿောဝေ၊ စိတ္တဥ္စ ယသ္မာ တဗ္ဗာမနောဝိညာဏဓာတု ဝေ။
(ဃ) တသ္မာ ဣမသ္မိံ ပဒဒွယေ တဗ္ဗာမနောဝိညာဏဓာတုသမ္ဖဿဇာတိ ပညတ္တိ န အာရောပိတာ။
(င) ဝိတက္ကပဒါဒီသု ပန လဗ္ဘမာနာပိ ဣဓ ပန္တိနုတ္တာ န ဥဒ္ဓဋာ။ (နိဋ္ဌ၊ ၁၈၆)

မှတ်ချက်။ ။ဋီကာနှင့် နိဿယနှစ်ဆောင် အထူးမဖွင့်၊ မရေးကြ။

http://www.dhammadownload.com



၁။ ခ–မှတ်ပြ ဝါကျကိုသာ အနက်ယောဇနာပြပါ။

၂။ ဂ–မှတ်ပြဝါကျသို့ ဋ္ဌပနာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။
င–မှတ်ပြဝါကျ၌ ကျမ်းရိုးငါးချက်နည်းဖြင့် စောဒနာ ထုတ်ပြပါ။

၃။ ခ–မှတ်ပြဝါကျ၌ ဝါ–သဒ္ဒါထားပုံကိုလည်းကောင်း၊ ယင်းဝါကျဖြင့် ပယ်အပ်သော ဒေါသ–ကိုလည်းကောင်း၊ ဃ–ဝါကျ၌ တသ္မာ–ထားရပုံကိုလည်းကောင်း ရှင်းလင်းဖော်ပြပါ။

၄။ ဃ–ဝါကျပါ ပညတ္တိ–ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တျာဒိစတုက္က ခွဲဝေပြပါ။

၅။ ဓာတု၊ ပဒဒွယေ၊ ပညတ္တိ၊ ဖဿပဉ္စမကော၊ တာဝ–တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။

၆။ က–မှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဂ–မှတ်ပြဝါကျပါ ဓေ–သဒ္ဒါတို့၏ အနက်သုံးချက်ကို အသီးအသီး ထုတ်ပြ၍၊ စိတ္တဥ္စ–၌ စ–သဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

၈။ ခ–မှတ်ပြဝါပါ ဝုတ္တံ–၏ အန္တတ္ထကို ယူ၍ ကြိယာငါးတန်ထုတ်ပြပါ။

၉။ ဂ–မှတ်ပြဝါကျ၌ ဖဿပဉ္စမက တရားတွင် တတိယတရား၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြ၍၊ မဟာကုသိုလ်စိတ် တစ်ခုတည်းကို ဝိညာဏက္ခန္ဓာ–ဟု ခေါ်ဆိုနိုင်ပုံကို ဥပမာဖြင့် ရှင်းလင်းဖော်ပြပါ။

၁၀။ က–မှတ်ပြဝါကျ၌ ဓမ္မာနံ–အရ ပစ္စယုပ္ပန် တရားတို့အား အနုဋ္ဌိကာ–အရ ပစ္စည်းတရားတို့က ကျေးဇူးပြုသမျှ ပစ္စယသတ္တိတို့ကို စုံလင်စွာ ဖော်ပြပါ။

❁❁❁❁❁

အမှတ်–၁၀၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၁၊ လေ့ကျင့်ခန်း

(က) ဘူရိတိ ပထဝိယာ နာမံ၊ အယမ္ပိ သဏှဋ္ဌေန ဝိတ္ထဋဋ္ဌေန စ ဘူရိ ဝိယာတိ ဘူရိ။

(ခ) တေန ဝုတ္တံ ဘူရိ ဝုစ္စတိ ပထဝီ၊ တာယ ပထဝိသမာယ ဝိတ္ထဋာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညောတိ။

(ဂ) အပိစ ပညာယ ဧတံ အဓိဝစနံ ဘူရိတိ။

(ဃ) ဘူတေ အတ္ထေ ရမတီတိပိ ဘူရိ။

(င) အသနိ ဝိယ သိလုစ္စယေ ကိလေသေ မေဓတိ ဟိံသတီတိ မေဓာ၊ ခိပ္ပံ ဂဟဏဓာရဏဋ္ဌေန ဝါ မေဓာ။ (နိဒ္ဒေ၊ ၁၉၁)

ဋီကာနှင့်ပြည်နိသယ မထူးလှ။ (ဋီကာ၊ ၉၆၊ ပြည်၊ ၁၇၆။)

**ဘာသာဋီကာ။** ။(ဂ)ဂ–ဝါကျအလို ဘူရိ–ကို အထင်ရှဋ္ဌိ–ဟု မှတ်ပါ။ (ဃ)ဃ–ဝါကျအလို ဘူတသဒ္ဒူပပဒ ရမုဓာတ်၊ ကွိပစ္စည်း၊ ဣတ္ထီဇောတက ဤ ပစ္စည်း။ ဘူတရီ–ဟု ဆိုလိုလျက် တ,ကိုချေ။ (င)င–ဝါကျ၌ ပထမနည်းသည် ဓာတ်ကျမ်း၌လာသော မေဓ–ဓာတ်၏ ဟိံသာအနက်ကို ဖွင့်သည်။ ဒုတိယနည်း သည် မေဓဓာတ်၏ ခိပ္ပံဂဟဏအနက်ကို ဖွင့်သည်။ မေဓတိ ခိပ္ပံ ဂဏှာတီတိ မေဓာ–ပြု။ (ဘာဋီ–၃၊ ၃၉၄၊ )

၁။ ဘူရိ၊ မေဓာ–ပုဒ်တို့ကိုသာ အဖွင့်နှင့်အညီ အနက်စုံလင်စွာ ပေးပြပါ။

၂။ ခ–ဝါကျသို့ ဥပနာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။
ဂ–ဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ဂ–ဝါကျ၌ အပိစ၊ ဃ–ဝါကျ၌ ပိ၊ င–ဝါကျ၌ ဝါ–သဒ္ဒါထားရပုံတို့ကို ရှင်းပြ၍၊ ခ–မှတ်ပြဝါကျဖြင့် ပယ်အပ်သောဒေါသ၊ ထိုဝါကျ၌ တေန ဝုတ္တံ–ထားရပုံတို့ကို ဖော်ပြပါ။

၄။ ခ–ဝါကျပါ ဘူရိပညော–ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲပြပါ။

၅။ ဂ–မှတ်ပြဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။

၆။ က–မှတ်ပြဝါကျ၌ အဋ္ဌကထာအာဘောဂနှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ အာလောကနဋ္ဌေန ပညာဝ အာလောကောတိ ပညာအာလောကော–၌ ဝေ–၏အနက် သုံးချက်ကို ထုတ်ပြ၍၊ က–မှတ်ပြဝါကျပါ အယံ–သဒ္ဒါ၏ စွဲရာအနက်ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



၈။ ပညာ-ကို ကိုယ်ပြု၍ လက္ခဏာဒိစတုက္ကနည်းဖြင့် ကြိယာငါးတန် ထုတ်ပြပါ။

၉။ ပညာ-၏ နှင်တံနှင့်တူပုံကို ဥပမာဖြင့် ရှင်းလင်းဖော်ပြပါ။

၁၀။ ဃ-မှတ်ပြပါဠိ၌ ဘူတေ အတ္ထေ-အရ ပစ္စည်းတရား၊ ရမတိ-အရ ပစ္စယုပ္ပန်တရားတို့ကို ကောက်ပြ၍၊ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိနှင့် ကျေးဇူးပြုသော ပစ္စည်းတို့ကို ဖော်ပြပါ။

**စစစစစ**

အမှတ်-၁၁၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်-၁၂၊ လေ့ကျင့်ခန်း

(က) ကောဥဒေတီတိ **ကောဒိ**။

(ခ) ဝိတက္ကဝိစာရေဟိ အနဇ္ဈာရုဠ္ဟတ္တာ အဂ္ဂေါ သေဋ္ဌော ဟုတွာ ဥဒေတီတိ အတ္ထော။

(ဂ) ဝိတက္ကဝိစာရဝိရဟိတော ဝါ ကောအသဟာယော ဟုတွာ တိပိ ဝတ္တုံ ဝဋ္ဋတိ။

(ဃ) အထ ဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ သေဋ္ဌဋ္ဌေန ကော စ သော ဥဒိ စာတိ **ကောဒိ**။

(င) သမာဓိဿေတံ အဓိဝစနံ။

(စ) ဣတိ ဣမံ ကောဒိ ဘာဝေတိ ဝဍ္ဎေတီတိ ဣဒံ ကောဒိ-ဘာဝံ။ (နိဋ္ဌ၊ ၂၁၃)

**ဋီကာ**။ ။(ဃ၊ င)သဒ္ဒါဒယောပိ ကာမံ သမ္ပယုတ္တဓမ္မာနံ သာဓာရဏာတော စ အသာဓာရဏာတော စ ပစ္စယာ ဟောန္တိယေဝ။ သမာဓိ ပန ဈာနင်္ဂဘာဝေ သမ္ပယုတ္တဓမ္မာနံ အဝိက္ခေပလက္ခဏေ ဣန္ဒြိယဋ္ဌကရဏေန သာတိသယံ ပစ္စယော ဟောတီတိ ဒဿေန္တော သမ္ပယုတ္တဓမ္မေ ။ ပ ။ အဓိဝစနန္တိ အာဟ။ (သာရတ္ထဋီကာ-ပ၊ ၃၆၆)

**ဘာသာဋီကာ**။ ။(က)က-ဝါကျပါ ဥဒေတိ-၌ ဥပုဗ္ဗ ဣဓာတ်၊ ဣကို ဧဝုဒ္ဓိပြု။ ဥဒေတီတိ ဥဒိ။ ကော ဟုတွာ ဥဒိ ကောဒိ-ဟု သမာသ်တွဲ။ ခ+ဂ-ဝါကျတို့သည် ကော ဥဒေတိ-၏ အနက်ပြတည်း။ (ခ)ထိုတွင် ခ-ဝါကျဖြင့် ကောသဒ္ဒါသည် သေဋ္ဌအနက်ဟော-ဟု ပြ၏။ ဘာ့ကြောင့် မြတ်သနည်း-ဟု မေးဖွယ်ရှိ၍ ဝိတက္က ။ ပ ။ အနဇ္ဈာရုဠ္ဟတ္တာ-ဟုမိန့်။ အဇ္ဈာရုယှတေတိ အဇ္ဈာရုဠှော၊

http://www.dhammadownload.com



န အဇ္ဈာရုဋ္ဌော အနဇ္ဈာ- ရုဋ္ဌော-ပြု၍ သမာဓိကိုကောက်ပါ။ (ဃ)ဥဒိ-၌ သုဒ္ဓကတ္တုသာဓနမှတစ်ပါး ဟေတုကတ္တုသာဓနနည်းကိုလည်းကောင်း၊ သမာဓိ၏ သမ္ပယုတ်တရားတို့ကို ကျေးဇူးပြုရာ၌ သမ္ပသာဒန (သဒ္ဓါ)စသည်တို့ထက် သာလွန်ပုံကိုလည်းကောင်း ပြလို၍ အထဝါ-စသည်မိန့်။ (ပါဘာဋီ-ပ၊ ၅၉၇)(ပြည်နီသဿယ အထူးမရှိ။)

၁။ ကောဒိဘာဝံ-ပုဒ်ကိုသာ အဖွင့်နှင့်အညီ အနက်သုံးနည်း ပေးပြပါ။

၂။ ခ-ဝါကျသို့ ဋ္ဌပနာပဋ္ဌကနည်းဖြင့် ကျမ်းတက်ပြပါ။
ဂ-ဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ဃ-ဝါကျ၌ အထ ဝါ-သဒ္ဒါထားရပုံ၊ င+စ-ဝါကျတို့ဖြင့် ပယ်အပ်သော ဒေါသတို့ကို ရှင်းပြပါ။

၄။ င-ဝါကျပါ သမာဓိသ-ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲဝေပြပါ။

၅။ ခ-ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ-တို့ကို စိစစ်ပြပါ။

၆။ ဃ-ဝါကျ၌ အာဘော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ င-ဝါကျ၌ သမာဓိသ-နောင် ဧဝ-အကြေကြံ၍ ယင်း၏အနက် သုံးချက်ကို ထုတ်ပြပြီးလျှင်၊ စ-ဝါကျပါ ဣဒံ-ပုဒ်၏ စွဲရာအနက်ကို ဖော်ပြပါ။

၈။ ခ-ဝါကျပါ အနဇ္ဈာရုဋ္ဌတ္တာ-၌ အနဇ္ဈာရုဋ္ဌ-ပုဒ်အရကို ကြိယာငါးတန် ထုတ်ပြပါ။

၉။ ပထမဈာန်ကို သမ္ပသာဒနံ စေတသော ကောဒိဘာဝံ-ဟု မချီးကျူးဘဲ ဒုတိယဈာန်ကိုသာ ချီးကျူးရခြင်းအကြောင်းကို ဖော်ပြပါ။

၁၀။ ကောဒိဘာဝံ-၌ ကောဒိ-အရ ကောဒိဘာဝံ-အရတို့ကို ကောက်ပြ၍ ကောဒိ-အရ တရားက ကောဒိဘာဝံ-အရ တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းတို့ကို ဖော်ပြပါ။

ဝဝဝဝဝ

အမှတ်-၁၂၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်–၁၃၊ လေ့ကျင့်ခန်း

(က) ဣဓ ပန သုခဉ္စ **ကာယေန ပဋိသံဝေဒေတီ**တိ ဧတ္ထ ကိဉ္စာပိ တတိယဇ္ဈာနသမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ။

(ခ) ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။

(ဂ) ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံ သမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ။

(ဃ) တသ္မာ ဧတမတ္ထံ ဒဿေန္တော "သုခဉ္စ ကာယေန ပဋိသံဝေ ဒေတီ"တိ အာဟ။

(င) ဣဓ ပန ယံ တံ **အရိယာ အာစိက္ခန္တီ**တိ ဧတ္ထ ယံ ဈာနဟေတု ယံ ဈာနကာရဏာ တံ တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ ပညပေန္တိ ပဋ္ဌပေန္တိ ... ပကာသေန္တီတိ အဓိပ္ပါယော။ (နိဋ္ဌ၊ ၂၁၉)

**ဋီကာ။** ။(က) **သုခဉ္စ ကာယေန ပဋိသံဝေဒေသီ**တိ ဧတ္ထ ကထမာဘော ဂေန ဝိနာ သုခပဋိသံဝေဒနာတိ အာဟ ကိဉ္စာပီတိ အာဒိ။ (ခ) ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ၊ တသ္မာ ဧတမတ္ထံ ဒဿေန္တော သုခဉ္စ ကာယေန ပဋိသံဝေဒေသီတိ အာဟာတိ ယောဇေတဗ္ဗံ။ (င) ယန္တိ ဟေတုအတ္ထေ နိပါတော၊ ယသ္မာတိ အတ္ထော။ တေနာဟ ယံ ဈာနဟေတူတိ။ **အာစိက္ခန္တီ**တိ အာဒိနိ ပဒါနိ ကိတ္တနတ္ထာနီတိ အဓိပ္ပါယေနာဟ ပသံသန္တီတိ အဓိပ္ပါယောတိ။ (သာရတ္ထ၊ ပ၊ ၃၇၅)

**ဘာသာဋီကာ။** ။ခံစားလိုသော အာဘောဂ မရှိဘဲလျက် အဘယ်နည်း ဖြင့် သုခကို ခံစားခြင်း ဖြစ်သနည်း–ဟု မေးဖွယ်ရှိသောကြောင့် ကိဉ္စာပိ–စသည် မိန့်။ (ခ၊ ဂ) ဧဝံ သန္တေပိထိုင်ရာ ခ၊ ဂ–နှစ်ဝါကျသည် အရုဗျတ္ထ–ဂရုဟာဝါကျတည်း။ (က) ထိုကိုထောက်၍ ကိဉ္စာပိ ထိုင်ရာ က–ဝါကျသည် အနုဂ္ဂဟတ္ထ–သမ္ဘာဝနာ ဝါကျတည်း။ (ဃ) တသ္မာထိုင်ရာ ဃ–ဝါကျသည် ဖလဝါကျတည်း။ က–ဝါကျ၌ သုခဿ ပဋိသံဝေဒနာ သုခပ္ပဋိသံဝေဒနာ၊ သုခပ္ပဋိသံဝေဒနာယ အာဘောဂေါ သုခပ္ပဋိသံဝေဒနာဘောဂေါ–ပြု။

ယသ္မာ၊ တသ္မာ နှစ်ထပ်ပါပုံနှင့် ဝါသဒ္ဒါနေပုံကို ထောက်၍ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ၊ တသ္မာ ဧတမတ္ထံ ဒဿေန္တော။ ပ ။ အာဟ–ဟု

http://www.dhammadownload.com



ပဌမတစ်နည်း ဆက်သွယ်ပါ။ ယသ္မာ အတိပဏီတေန ရူပေန ကာယော ဖုဋ္ဌော၊ တသ္မာ တေမတ္တံ ဒဿေန္တော အာဟ–ဟု ဒုတိယတစ်နည်းဆက်သွယ်ပါ။ ပဌမနည်းအလို သုခဋ္ဌ–စေတသိကသုခကိုလည်း၊ ကာယေန–သမ္ပယုတ္တနာမကာယဖြင့်–ဟုပေးပါ။ ဒုတိယနည်းအလို သုခဋ္ဌ–ကာယိကသုခကိုလည်း၊ ကာယေန–သမ္ပယုတ္တနာမကာယဖြင့်–ဟုပေးပါ။ (ပါဘာဋီ–ပ၊ ၆၁၅)

၁။ ဂ–ဝါကျကို အနက်မှန်ကန်စွာ ပေးပြပါ။

၂။ ဂ–ဝါကျသို့ ဥပနာပဥ္စကနည်းဖြင့် ကျမ်းတက်ပြပါ။
င–ဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ဂ–ဝါကျ၌ ဝါသဒ္ဒါထားရပုံ၊ ဃ–ဝါကျ၌ တသ္မာထားရပုံ၊ ယင်း ဃ–ဝါကျဖြင့် ပယ်အပ်သောအဒါသတို့ကို ရှင်းလင်းဖော်ပြပါ။

၄။ ခ–ဝါကျပါ သုခံ–ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲဝေပြပါ။

၅။ ခ–ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။

၆။ င–ဝါကျ၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ က–ဝါကျ၌ နတ္ထိနောင် စေ–အကြေကြံ၍ ယင်း၏အနက် သုံးချက်ကို ထုတ်ပြပြီးလျှင်၊ ဂ–မှတ်ပြဝါကျပါ အဿ၊ ယဿ–တို့၌ ဝါ–သဒ္ဒါ ယ–သဒ္ဒါ တို့၏ စွဲရာအနက်ကို ဖော်ပြပါ။

၈။ ဒုတိယနည်းအလို သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိ–၌ သုခ–၏ ကြိယာ ငါးတန်ကို ထုတ်ပြပါ။

၉။ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်ကို ဥပေက္ခကော သတိမာ သုခဝိဟာရီ–ဟု အရိယာတို့ ချီးကျူးရခြင်းအကြောင်းကို စုံလင်စွာ ဖော်ပြပါ။

၁၀။ ပဌမနည်းအလို သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိ–၌ သုခ–အရ ကာယ–အရတို့ကို ကောက်ပြ၍၊ သုခအရတရားက ကာယအရတရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းစုတို့ကို ဖော်ပြပါ။

ဓဓဓဓဓ

အမှတ်–၁၃၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၁၄၊ လေ့ကျင့်ခန်း

(က) ဘူမိယာတိ အနန္တရဟိတာယ ဘူမိယာတိ အာဒီသု တာဝ အယံ မဟာပထဝီ ဘူမိတိ ဝုစ္စတိ။

(ခ) သုခဘူမိယံ ကာမာဝစရေတိအာဒီသု စိတ္တုပ္ပါဒေါ။

(ဂ) လ္လစ ပန သာမညဖလံ အဓိပ္ပေတံ။

(ဃ) တဥ္စ သမ္ပယုတ္တာနံ နိဿယဘာဝတော တေ ဓမ္မာ ဘဝန္တိ ဧတ္ထာတိ ဘူမိ။

(င) ယသ္မာ ဝါ သမာနေပိ လောကုတ္တရဘာဝေ သယမ္ပိ ဘဝတိ ဥပ္ပဇ္ဇတိ, န နိဗ္ဗာနံ ဝိယ အပါတုဘာဝံ၊ တသ္မာပိ ဘူမိတိ ဝုစ္စတိ။ (နိဋ္ဌ၊ ၂၅၉)

ဘာသာဋီကာ။ ။(က)က-ဝါကျ၌ အန္တရေ ဓိယတိ ထပီယတီတိ အန္တရဟိတံ၊ နတ္ထိ အန္တရဟိတံ ယဿာတိ အနန္တရဟိတာ၊ ဘူမိ-ပြု။ (ဂ)ဂ-ဝါကျ၌ သမဏဿ ဘာဝေါ သာမညံ၊ မဂ္ဂေါ-ဟုပြု။ ပထမနည်းအလို ဘူမိ-ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ပြု။ ဒုတိယနည်းအလို ဘဝတီတိ ဘူမိ-ပြု။ (ဘာဋီ-တ၊ ၁၂၉)

၁။ ဘူမိယာ-ပုဒ်ကိုသာ ကေဝလဒဗ္ဗာပေက္ခ၊ သဂုဏဒဗ္ဗာပေက္ခ-အနက်ပေးပြပါ။

၂။ ဂ-မှတ်ပြဝါကျသို့ ဋ္ဌပနာပဌကနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ ဃ-မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ င-ဝါကျ၌ ဝါ-သဒ္ဒါထားရပုံ၊ တသ္မာ-သဒ္ဒါထားရပုံ၊ ထိုဝါကျဖြင့် ပယ်အပ်သော ဒေါသတို့ကို ရှင်းလင်းဖော်ပြပါ။

၄။ ခ-မှတ်ပြဝါကျပါ စိတ္တုပ္ပါဒေါ-ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲဝေပြပါ။

၅။ င-မှတ်ပြ ဒုတိယဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ-တို့ကို စိစစ်ပြပါ။

၆။ ဃ-မှတ်ပြဝါကျ၌ အာဘော်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ဂ-မှတ်ပြဝါကျ၌ လ္လစ-၏စွဲရာအနက်၊ ပန-၏အနက်တို့ကို ဖော်ပြ၍၊ သာမညဖလံနှောင် ဧဝ-အကြေကြံ၍ ယင်း၏ အနက်သုံးချက်ကို ကြိယာငါးတန် ထုတ်ပြပါ။

၈။ လောကုတ္တရာဈာန်၏ အပစယဂါမိ-မည်ပုံကို ဖော်ပြပါ။

၁၀။ ဘူမိ-၌ အဓိကရဏတ္ထ-အရ၊ ကတ္တုတ္ထ-အရတို့ကို ကောက်ပြ၍ အဓိကရဏတ္ထ-အရ ပစ္စည်းတရားက ကတ္တုတ္ထ-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းတို့ကို ဖော်ပြပါ။

အမှတ်-၁၄၊ လေ့ကျင့်ခန်း ပြီး၏။

http://www.dhammadownload.com



## အမှတ်-၁၅၊ လေ့ကျင်းခန်း

(က) **ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ဧတ္ထ ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိ သမ္ဗောဇ္ဈင်္ဂေါ။**

(ခ) တတ္ထ ဗောဓိယာ, ဗောဓိဿ ဝါ အင်္ဂေါတိ **ဗောဇ္ဈင်္ဂေါ။**

(ဂ) ဣဒံ ဝုတ္တံ ဟောတိ-ယာ အယံ ဓမ္မသာမဂ္ဂီ ယာယ အရိယ-သာဝကော ဗုဇ္ဈတီတိ ကတွာ ဗောဓီတိ ဝုစ္စတိ။

(ဃ) ဗုဇ္ဈတီတိ ကိလေသသန္တာနနိဒ္ဒါယ ဥဋ္ဌဟတိ၊ စတ္တာရိ ဝါ အရိယသစ္စာနိ ပဋိဝိဇ္ဈတိ၊ နိဗ္ဗာနမေဝ ဝါ သစ္ဆိကရောတိ။

(င) တဿာ ဓမ္မသာမဂ္ဂိသင်္ခါတာယ ဗောဓိယာ အင်္ဂေါတိပိ **ဗောဇ္ဈင်္ဂေါ** ဈာနင်္ဂမဂ္ဂင်္ဂါဒိနိ ဝိယ။ (နိဋ္ဌ၊ ၂၆၂)

**ဘာသာဋီကာ။** ။(ဂ)ဂ-ဝါကျ၌ အခြားနေရာဝယ် ဣဒံ ဝုတ္တံ ဟောတိ-ဟု အစချီလျှင် တပ္ပါကဋီ ကရဏဝါကျ-ဟု ဆိုရသော်လည်း ဤနေရာ၌ကား ရှေ့စကားကို အကျယ်ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျသာ ဖြစ်သင့်၏။ (ဃ)ဃ-ဝါကျ၌ ပထမဝါကျသည် ဗုဓဓာတ်၏ ဇာဂရဏအနက်ကို ဖွင့်၏။ ဒုတိယ, တတိယ ဝါကျတို့သည် ဉာဏအနက်ကို ဖွင့်၏။ သစ္စာလေးပါးကို သိရာဝယ် အာရုံပြုသော အားဖြင့် နိဗ္ဗာန်ကိုသာ သိ၏။ ကျန်သုံးပါးကိုကား မတွေမဝေသောအားဖြင့်သာ သိ၏။ ထို့ကြောင့် မုချသိကို ပြလို၍ နိဗ္ဗာနမေဝ ဝါ-ဟု တစ်နည်း ပြသည်။ ဧဝ-ဖြင့် ကြွင်းသစ္စာသုံးပါးကို ကန့်။ (ဘာဋီ-တ၊ ၁၃၈)

၁။ ဂ၊ ဃ-ဝါကျတို့ကို ရှု၍ ခ-ဝါကျပါ ဗောဓိယာ-ပုဒ်ကိုသာ အနက်သုံးနည်း ပေးပြပါ။

၂။ ခ-မှတ်ပြဝါကျသို့ ဋ္ဌပနာပဌကနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ င-မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ခ၊ ဃ-ဝါကျတို့၌ပါသော ဝါ-သဒ္ဒါတို့ကို ထားရပုံ၊ ဃ-ဝါကျဖြင့် ပယ်အပ်သော ဒေါသတို့ကို ရှင်းလင်းဖော်ပြပါ။

၄။ ခ-ဝါကျပါ ဗောဓိဿ-ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲဝေပြပါ။

၅။ ခ-ဝါကျရှိ ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ-တို့ကို စိစစ်ပြပါ။

၆။ င-မှတ်ပြဝါကျ၌ အာဘောဂ်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ က-မှတ်ပြဝါကျရှိ ဧဝ-၏ အနက်သုံးချက်ကို ထုတ်ပြ၍၊ င-ဝါကျပါ တဿာ-၌ တ-၏ အမျိုးအစား၊ ဝိယ-နိပါတ်၏ အနက်တို့ကို ဖော်ပြပါ။

၈။ ပီတိကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။

http://www.dhammadownload.com



၉။ သောတာပတ္တိမဂ်စိတ်၏ ဃေဝါပနက တရားတို့၌ ဝိရတီ–သုံးပါးနှင့် ကရုဏာမုဒိတာတို့ မပါခြင်းအကြောင်းကို ဖော်ပြပါ။

၁၀။ ခ–ဝါကျပါ ဇောဓိဿ–၏ ကံဖြစ်ထိုက်သောတရားက ဇောဓိဿ–အရ တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းတို့ကို ဖော်ပြပါ။

ဓဓဓဓဓ

အမှတ်–၁၅၊ လေ့ကျင့်ခန်း ပြီး၏။

## အမှတ်–၁၆၊ လေ့ကျင့်ခန်း

(သဗ္ဗံ ရူပံ ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ အနိစ္စမေဝ ဇရာဘိဘူတမေဝ။ ပါ–၁၅၆)

(က) ဥပ္ပန္နံ ဆဟိ ဝိညာဏေဟီတိ ပစ္စုပ္ပန္နရူပမေဝ စက္ခုဝိညာဏာ–ဒီဟိ ဆဟိ ဝေဒိတဗ္ဗံ။

(ခ) နိယာမော ပန စက္ခုဝိညာဏာဒီနိ သန္ဓာယ ဂဟိတော။

(ဂ) န ဟိ တာနိ အတီတာနာဂတံ ဝိဇာနန္တိ၊ မနောဝိညာဏံ ပန အတီတမ္ပိ အနာဂတမ္ပိ ဝိဇာနာတိ။

(ဃ) တံ ဣမသ္မိံ ပဉ္စဝိညာဏသောတေ ပတိတတ္တာ သောတ–ပတိတမေဝ ဟုတွာ ဂတံ။

(င) ဟုတွာ အဘာဝဋ္ဌေန ပန **အနိစ္စမေဝ**၊ ဇရာယ အဘိဘဝိတဗ္ဗ ဓမ္မကတ္တာ **ဇရာဘိဘူတမေဝ**။ ယသ္မာ ဝါ ရူပကာယေ ဇရာ ပါကဋာ ဟောတိ၊ တသ္မာပိ ဇရာဘိဘူတမေဝါတိ ဝုတ္တံ။ (နိဋ္ဌ၊ ၃၄၃)

ပြည်။ • ။အတိတ်, အနာဂတ်ရုပ်တို့သည် ဝိညေယျမဟုတ်တုံလော–စုဒ် ရှိရကား နိယာမော ပန–စသည်ကိုတက်သော်။ (ပြည်၊ ၁၈၀)

**ဘာသာဋီကာ။** ။(က)က–ဝါကျ၌ ဥပ္ပန္နသဒ္ဒါသည် ခဏတ္တယဂတ ဖြစ်သော ပစ္စုပ္ပန္နအနက်ကို ယူရသောကြောင့် ပစ္စုပ္ပန္နံ–ဟု ဖွင့်သည်။ ဥပ္ပန္နံ–အရ ပစ္စုပ္ပန်ဖြစ်သော ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗနှင့် ရုပ်ဓမ္မတို့ကို ယူပါ–ဟူလို။ ပါဠိတော်၌ ဥပ္ပန္နံ–ဟု ဧဝ–မပါဘဲလျက် ဧဝ–သဒ္ဒါဖြင့် ဆိုခြင်းကိုကား စက္ခု–ဝိညာဉ်စသော ပဉ္စဝိညာဉ်များကို ရည်ရွယ်၍ ဆိုသည်။ ဘာ့ကြောင့်နည်း၊ မနော–ဝိညာဉ်က အတိတ်,အနာဂတ်ရုပ် တို့ကိုလည်း သိသောကြောင့်တည်း။ (ဃ) အတိတ်, အနာဂတ်ရုပ်ကို သိပါလျက် အဘယ့်ကြောင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ–

http://www.dhammadownload.com



၌ မနောဝိညာဉ် ပါနေရသနည်း–ဟု မေးဖွယ်ရှိ၍ တံ ။ ပ ။ ဂတံ–ဟု မိန့်သည်။ ထိုမနောဝိညာဉ်ကား ပဥ္စဝိညာဉ်ဒေသနာအလျဉ်၌ ပါဝင်သွားသောကြောင့် ဆဟိ ဝိညာဏေဟိ–အရ၌ ပါဝင်နေရသည်။ (ဘာဋီ–တ၊ ၃၈၂)

၁။ အဖွင့်များကို ရှု၍ အထက်ပါ ပါဠိတော်ကို အနက်မှန်ကန်စွာ ပေးပြပါ။

၂။ ခ–ဝါကျကို ဥပနာပဥ္စကနည်းဖြင့် ကျမ်းတက်ပြပါ။

၂။ ဃ–ဝါကျကို ကျမ်းရိုးငါးချက်နည်းဖြင့် ကျမ်းတက်ပြပါ။

၃။ ခ–ဝါကျဖြင့် ပယ်အပ်သောဒေါသကို ရှင်းပြ၍၊ င–ဝါကျ၌ ဝါ–သဒ္ဒါ ထားရပုံကို ရေးပါ။

၄။ ဒုတိယနည်းအလို ရာဇာဘိဘူတံ–ကို ဝိဂ္ဂဟပြု၍ စတုက္ကခွဲပြပါ။

၅။ က–ဝါကျပါ စက္ခုဝိညာဏာဒီဟိ ဆဟိ–ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို စိစစ်ပြပါ။

၆။ က–ဝါကျ၌ စက္ခုဝိညာဏာဒီဟိ–ဖြင့် ပြအပ်သော အာဘောဂ၊ ဝေဒိတဗ္ဗ–ဖြင့် ပြအပ်သော သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ ခ–ဝါကျ၌ ဂမျမန် ဝေ–သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ၊ ဂ–ဝါကျပါ ဟိ–၏ အနက် ဃ–ဝါကျပါ တ–၏ အမျိုးအစားတို့ကို ဖော်ပြပါ။

၈။ ခ–ဝါကျပါ စက္ခုဝိညာဏာဒီနိ–အရကို ကြိယာငါးတန် ထုတ်ပြပါ။

၉။ မံသစက္ခု–၌ ပါဝင်သော ရုပ်တို့ကို အဋ္ဌကထာအလိုကျ သခ်ေပ+ဝိတ္ထာရ အားဖြင့် သချာမှုပြ၍၊ ထိုစက္ခုသည် သလိပ်, သည်းခြေ, သွေး–တွေ များနေလျှင် အဘယ်သို့သော အဆင်းရှိမည်ကိုလည်း အသီးသီး ရေးပါ။

၁၀။ အထက်ပါ ပါဠိတော်၌ ဥပ္ပန္န–အရ တရားက ဆဟိ ဝိညာဏေဟိ–အရ တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းတို့ကို ရေးဟူက် ပြပါ။

❀❀❀❀❀

အမှတ်–၁၆၊ လေ့ကျင့်ခန်း ပြီး၏။

အဋ္ဌသာလိနီဆိုင်ရာ အလုံးစုံ ပြီးပါပြီ။

http://www.dhammadownload.com



# ကျမ်းရင်းသုံးကျမ်း

## စုပေါင်း လေ့ကျင့်ခန်း

တစ်နေရာတည်းဖြင့် ကျမ်းရင်းသုံးကျမ်းလုံးကို တစ်လုံးတစ်ခဲ တည်း နားလည်စေရန် ကျမ်းရင်းသုံးကျမ်းလုံး စုပေါင်းလေ့ကျင့်ခန်းကို ထည့်သွင်းလိုက်ပါသည်။ ဝါကျကိုကား ပါရာဇိကဏ် ဈာန်ခန်းထဲမှ တစ်ဝါကျသာ ဆင်ယင်ပါမည်။ သုံးကျမ်းလုံး စုပေါင်းလေ့ကျင့်ခန်းမပြုမီ စည်းမျဉ်းများကို တစ်စုတစ်ဝေးတည်း သိသင့်သောကြောင့် စည်းမျဉ်းများကို ပထမရေးသားပါမည်။ အချင်းချင်း နှိုင်းယှဉ်ကြည့်ပါလေ။

၁–နံပါတ်။ ပါ–အနက်ပေး။
သီ– ။
နီ– ။

၂–နံပါတ်။ ပါ–အနုသန္ဓေ၊ ပုစ္ဆာ၊ စောဒနာ၊ အဘိယာစက ကျမ်းတက်ကျမ်းထွက်။
သီ– ။ အတ္တုဒ္ဒါရနှင့် အဓိပ္ပေတတ္ထ။
နီ–ဌပနာပဥ္စက၊ ကျမ်းရိုးငါးချက် ကျမ်းတက်+ကျမ်းထွက် ဝေဲသတိ–စသည် အစချီသော ဝါကျ၌ အနုလောမပါပနာဒိထုတ်ပုံ။

၃–နံပါတ်။ ပါ–ဝါကျခွဲ၊ တစပ်။
သီ–စတုက္ကထုတ်ပုံ၊ ကိဋ္ဌာပိ–စသည်ထားရကြောင်း။
နီ–ဝါ, အထဝါ–စသည်ထားရပုံ၊ တေန တသ္မာ–စသည်ထားရပုံ၊ ဒေါသပယ်ပုံ။

၄–နံပါတ်။ ပါ–ဝိဂ္ဂဟပြု၊ ဉာဉ်ကောက်။
သီ–ဝိဂ္ဂဟပြု၊ ဝစနာဒိဆက္ကခွဲ။
နီ–ဝိဂ္ဂဟပြု၊ ဗျုပ္ပတျာဒိစတုက္ကခွဲ။

၅–နံပါတ်။ ပါ–ဓာတု၊ ပစ္စယ၊ ဝိဘတ္တိ၊ လိင်, ကာ, ကြိ–စစ်ပုံ။
သီ–ဟိတ်၏ သမ္ဗန်ခံပုံ၊ စာစပ်ပုံ၊ ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထ။
နီ–လိင် ဂဏာ၊ ဝိမုတ္တာ၊ အန္တာ ပဒ ခွဲဝေပြပုံ။

http://www.dhammadownload.com



၆–နံပါတ်။ ပါ–အာဘော်၊ သံဝဏ္ဏနာ။
သီ– ။
နိ– ။

၇–နံပါတ်။ ပါ–ပုဒ်မှား+ပုဒ်မှန် ဆုံးဖြတ်ပုံ။
သီ–နိရုတ္တိနည်း၊ ဝိပလ္လာသနည်း ထုတ်ပုံ။
နိ–နိပါတ်ပုဒ်တို့၏ အနက်၊ ဝေ–၏ အနက်သုံးချက်၊
ယ, တ–စသည်တို့၏ အစွဲ။

၈–နံပါတ်။ ပါ–နည်း၊ ဥပစာထုတ်ပုံ၊ ဥပမာ–စသည်ခွဲပုံ။
သီ–အဓိပ္ပါယ် အဆုံးအဖြတ်။
နိ–ကြိယာငါးတန်၊ ဒဌဖွဲ့၊ ဓေဒိတဖွဲ့–ထားရပုံ၊ သိဒ္ဓိဆုံး
ဖြတ်ပုံ။

၉–နံပါတ်။ ပါ–ပါဠိစီ။
သီ–ဂါထာစီ၊ ဂါထာစစ်။
နိ–အဓိပ္ပါယ်၊ လက္ခဏာဒိစတုက္က။

၁၀–နံပါတ်။ ပါ–နေတ္တိဟာရထုတ်ပုံ။
သီ–ဘာဝါလင်္ကာရထုတ်ပုံ။
နိ–ပဋ္ဌာန်းပစ္စည်းပြိုင်ပုံ၊ ပဋ္ဌာန်းစာစပ်ပုံ။

❁❁❁❁❁

http://www.dhammadownload.com



(က) ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဝိတက္ကဿ စ ဝိစာရဿ စာတိ ဣမေသံ ဒွိန္နံ ဝူပသမာ သမတိက္ကမာ၊ ဒုတိယဇ္ဈာ-နက္ခဏေ အပါတုဘာဝါတိ 'ဝုတ္တံ ဟောတိ။

(ခ) အဇ္ဈတ္တန္တိ ဣဓ နိယကဇ္ဈတ္တံ အဓိပ္ပေတံ။ ဝိဘင်္ဂေ ပန "အဇ္ဈတ္တံ ပစ္စတ္တံ"တိ တွေကမေဝ ဝုတ္တံ။ ယသ္မာ ပန နိယကဇ္ဈတ္တံ အဓိပ္ပေတံ၊ တသ္မာ အတ္တနိ ဇာတံ အတ္တနော သန္တာနေ နိဗ္ဗတ္တန္တိ အယမေတ္ထ အတ္ထော။

(ဂ) သမ္ပသာဒနန္တိ သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ။ သမ္ပသာဒနယော-ဂတော ဈာနမ္ပိ သမ္ပသာဒနံ။ နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ။

(ဃ) ယသ္မာ ဝါ တံ ဈာနံ သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စေတော သမ္ပသာဒယတိ၊ တသ္မာပိ သမ္ပသာဒနန္တိ ဝုတ္တံ။ (ပါဠိ၊ ၁၁၇)

ဋီကာ။ ။(က)ဝူပသမာတိ ဝူပသမဟေတု။ ဝူပသမောတိ စေတ္ထ ပဟာနံ အဓိပ္ပေတံ။ တဥ္စ ဝိတက္ကဝိစာရာနံ အတိက္ကမော အတ္ထတော ဒုတိယဈာနက္ခဏေ အနုပ္ပါဒေါတိ အာဟ သမတိက္ကမာတိ အာဒိ။ (ခ)အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ အဓိပ္ပေတံ။ န အဇ္ဈတ္တဇ္ဈတ္တာဒီတိ ဒဿေန္တော အာဟ အဇ္ဈတ္တန္တိ နိယကဇ္ဈတ္တံ အဓိပ္ပေတန္တိ။ တတ္ထ ကာရဏမာဟ ဝိဘင်္ဂေ ပနာတိအာဒိ။ ပန-သဒ္ဒေါ အပိသဒ္ဒတ္ထော၊ ဝိဘင်္ဂေပီတိ အတ္ထော။ အယမေဝ ဝါ ပါဌော။ (ဂ) နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယာတိ နီလယောဂတော ဝတ္ထံ နီလံ ဝိယာတိ အဓိပ္ပါယော။(သာရတ္ထ-ပ၊ ၃၆၄)

ဘာသာဋီကာ။ ။(က) က-ဝါကျ၌ ဝိတက္ကဿ စ ဝိစာရဿ စ-ဖြင့် ဝိတက္ကဝိစာရာနံ-ပုဒ်၏ အသမာသ်ဟာရ ဒွန်ပုဒ်ဖြစ်ကြောင်း ပြ၏။ ဝိတက္ကော စ ဝိစာရော စ ဝိတက္ကဝိစာရာ-ဟုပြု။ သမတိက္ကမာကား ဝူပသမာ၏ အဓိပ္ပါယ်ဖွင့်တည်း။ ဆိုလိုရင်းမှာ ဒုတိယဈာန်ခဏဝယ် ဝိတက်ဝိစာရတို့ မဖြစ်တော့ခြင်း၊ မယှဉ်တော့ခြင်း-ဟု ဥဇုကတ္ထကိုပြလို၍ ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါ-ဟု မိန့်သည်။ (ခ) ခ-ဝါကျ၌ နိဿာယ ဇာတံ နိယံ၊ နိယံယေဝ နိယကံ၊ နိယကဥ္စ တံ အဇ္ဈတ္တဥ္စာတိ နိယကဇ္ဈတ္တံ-ပြု။ သာရတ္ထအဖွင့်ကိုထောက်လျှင် တွေကမေဝ ဝုတ္တံ-ဟု မရှိသင့်၊ ဝေမေဝ-ဟုသာ ရှိသင့်၏။ တွေကမေဝ-သည် မပြည့်စုံ-ဟုပြ၍ ဝေမေဝ-ကား ဤအဋ္ဌကထာနှင့် ထပ်တူ-ဟု ပြ၏။

http://www.dhammadownload.com



အတ္တနိ ဓာတံ-ပါဠ်ဖြင့် အဓွတ္တကို အဓိ+အတ္တ-ပုဒ်ခွဲ၍ အဓိသဒ္ဒါသည် ဓာတ အနက်ဟော၊ အတ္တနိ ဓာတံ အဇ္ဈတ္တံ-ဟု အဗျယီဘောသမာသ်တွဲပါ-ဟုပြ၏။ အတ္တနိ-မိမိ၌၊-ဟူရာဝယ် မိမိ၏စိတ်အစဉ်-ဟုလည်းကောင်း၊ ဓာတ-အရလည်း ဥပါဒ်ခြင်း၊ မွေးဖွားခြင်း အနက်ကို မယူဘဲ ဥပါဒ်ငြီဘင် ခဏသုံးပါးလုံးနှင့်ပြည့် စုံသော ဖြစ်ခြင်းအံနက်ကို ယူပါ-ဟုလည်းကောင်း သိစေလို၍ အတ္တနော သန္တာနေ နိဗ္ဗတ္တံ-ဟု အဓိပ္ပါယ်ကိုဖွင့်ပြသည်။ အချုပ်မှာ အတ္တနိ ဓာတံ-ဖြင့် အဓိအနက်နှင့် တကွ သမာသ်တွဲပုံကိုပြ၍ အတ္တနော သန္တာနေ နိဗ္ဗတ္တံ-ဖြင့် အဓိပ္ပါယတ္ထ-ကို ပြ၏။

(ဂ)ဂ-ဝါကျ၌ သမ္ပသာဒနံ-ဝယ် သံ,ပ ပုဗ္ဗ သဒဓာတ်၊ ကာရိတ်ကျေ၊ ယု-ပစ္စည်းတည်း။ သမ္ပသာဒယတီတိ သမ္ပသာဒနံ-ပြု၊ ဤဝစနတ္ထအရ သမ္ပယုတ် တရားတို့ကို ကြည်လင်စေတတ်သော သဒ္ဓါကို မုချအားဖြင့် သမ္ပသာဒန-ဟု ဆိုအပ်၏။ ဈာန်ကိုကား ဂုဏူပစာအားဖြင့် သမ္ပသာဒန-ဟု ဆိုအပ်၏။ ဤနည်း အလို သမ္ပသာဒနံ-ကြည်လင်စေတတ်သော-ဟုသာပေး၊ ကြည်လင်စေတတ်သော သဒ္ဓါရှိသောဟု အဿတ္ထိအနက် မပေးရ။ နီလဝတ္ထံ ဝိယ-အစား နီလံ ဝတ္ထံ ဝိယ-ဟု ဝါကျဖြင့်ရှိလျှင် သာ၍ရှင်း၏။ (ဘာဋီ-ပ၊ ၅၉၃)

## ၁-နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ-ပုစ္ဆာ။** ။ခ-မှတ်ပြဝါကျကို အနက်ယောဇနာပါ။

**ပါ-အဖြေ။** ။ဣဓ-ဤရှာနကထာ၌၊ နိယကဇ္ဈတ္တံ-မိမိကိုမှီ၍ ဖြစ်သော အဇ္ဈတ္တကို၊ အဇ္ဈတ္တန္တိ-အဇ္ဈတ္တံဟူ၍၊ အဓိပ္ပေတံ-အလိုရှိအပ်၏။ ဝိဘင်္ဂေ ပန-ရှာနဝိဘင်းပါဠိတော်၌ကား၊ တစ်နည်း၊ ဝိဘင်္ဂေ ပန-၌လည်း၊ အဇ္ဈတ္တံ ပစ္စတ္တန္တိ-တ္တံဟူ၍၊ ဧတ္တကမေဝ-ဤမျှလောက်ကိုသာ၊ တစ်နည်း၊ ဧဝမေဝ-ဤအတိုင်းသာ၊ ဘဂဝတာ-သည်၊ ဝုတ္တံ။ ပန-ဆက်၊ ယသ္မာ-ကြောင့်၊ နိယကဇ္ဈတ္တံ-ကို၊ အဓိပ္ပေတံ-၏၊ တသ္မာ-ကြောင့်၊ အတ္တနိ-မိမိ၌၊ ဓာတံ-ဖြစ်သော၊ အတ္တနော-၏၊ သန္တာနေ-၌၊ နိဗ္ဗတ္တံ-သော၊ ဣတိ၊ ဧတ္ထ-ဤအဇ္ဈတ္တံပုဒ်၌၊ အယံ အတ္ထော၊ ဟောတိ။

**မှတ်ချက်။** ။ဘာသာဋီကာအတိုင်း ပေးထားသည်။ ပြည်နိဿယကား ဝိဘင်္ဂေ ပန-၌ ပနကို ပန-မှန်၏၊ ဝါ-အကြင့်ကြောင့်-ဟု ပေး၏။

**သီ-ပုစ္ဆာ။** ။ဂ-ဝါကျကို အနက်ယောဇနာပါ။

**သီ-အဖြေ။** ။သမ္ပသာဒနန္တိ ဧတ္ထ-နံဟူသော ဤပါဠ်၌၊ သဒ္ဓါ-ကို၊ သမ္ပသာဒနံ-ဟူ၍၊ ဝုစ္စတိ-၏၊ သမ္ပသာဒနယောဂတော-ကြည်လင်စေတတ်သော

http://www.dhammadownload.com



သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့်၊ ဈာနမ္ပိ–ဈာန်သည်လည်း၊ သမ္ပသာဒနံ–မည်၏။ ကိမိဝ–အဘယ်ကဲ့သို့နည်း၊ နီလဝဏ္ဏယောဂတော–ညိုသောအဆင်းဂုဏ်နှင့် ယှဉ်ခြင်းကြောင့်၊ နီလဝတ္ထံ ဝိယ–နီလဝတ္ထမည်သကဲ့သို့တည်း။

**နီ–ပုစ္ဆာ။** ။ယ–ဝါကျကို အနက်ယောဇနာပြပါ။

**နီ–အဖြေ။** ။ဝါ–တစ်နည်း၊ ယသ္မာ–ကြောင့်၊ တံ ဈာနံ–သည်၊ သမ္ပသာဒန သမန္နာဂတတ္တာ–ကြည်လင်စေတတ်သော သဒ္ဓါနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရက္ခောဘဝူပသမနေနစ–ဝိတက်ဝိစာရတို့ လှုပ်ချောက်ချားမှု၏ ငြိမ်သက်ခြင်းကြောင့်လည်းကောင်း၊ စေတော–စိတ်ကို၊ သမ္ပသာဒယတိ–ကြည်လင်စေတတ်၏၊ တသ္မာပိ–ကြောင့်လည်း၊ သမ္ပသာဒနန္တိ–ဟူ၍၊ (ဘဂဝတာ)၊ ဝုတ္တံ–အပ်ပြီ။

## ၂–နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ–ပုစ္ဆာ။** ။ခ–မှတ်ပြဝါကျသို့ အနုသန္ဓေနည်းဖြင့် ကျမ်းတက်ပြပါ။

**ပါ–အဖြေ။** ။ဤသို့လျှင် က–မှတ်ပြဝါကျဖြင့် ဝိတက္ကဝိစာရာနံ ဝူပသမာ–ဟူသောပုဒ်တို့၏ အဖွင့်ကို ပြဆိုတော်မူပြီး၍ ယခုအခါ အဇ္ဈတ္တံ–ဟူသောပုဒ်၏ အဖွင့်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ခ–ဝါကျကို မိန့်တော်မူ၏။

**ပါ–ပုစ္ဆာ။** ။ခ–မှတ်ပြ ဒုတိယဝါကျသို့ အနာဘောဂပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြပါ။

**ပါ–အဖြေ။** ။ဆရာ၊ ဆရာသည် ပဌမဝါကျဖြင့် ဤဈာနကထာ၌ အဇ္ဈတ္တအရ နိယကဇ္ဈတ္တကိုသာ ယူရမည်–ဟု ဖွင့်ပြတော်မူ၏။ အကြောင်းကား အဘယ်ပါနည်း။ တစ်နည်း၊ အဘယ်အကြောင်းကြောင့် ယူရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဒုတိယဝါကျကို မိန့်တော်မူ၏။ အဓိပ္ပါယ်ကား– ဝိဘင်းပါဠိတော်လည်း ဤအတိုင်းပင် ဟောထားသောကြောင့် ယူရသည်–ဟူလို။

**မှတ်ချက်။** ။ဤကား တတ္ထ ကာရဏမာဟဝိဘင်္ဂေ ပနာတိ အာဒိ–ဟူသော ဋီကာနှင့်အညီ တက်အပ်သော အတက်တည်း။ ဓမ္မသင်္ဂဏီယံ အဇ္ဈတ္တန္တိ ဝတ္တကမေဝ ဝုတ္တံ၊ ဝိဘင်္ဂေ ပန ကိံ ဝုတ္တန္တိ အာဟ ဝိဘင်္ဂေ ပနာတိ အာဒိ။ ပန သဒ္ဒေါ ဝိသေသတ္ထော–ဟူသောယောဇနာအလို အောက်ပါအတိုင်း တက်ပါ။ ကျမ်းဆရာများ ယူဆထားကြပုံကို အတုယူပါ။ လက်တွေ့ စမ်းသပ်ကြည့်ပါ။ အသုံးချကြည့်ပါ။

http://www.dhammadownload.com



ဆရာ ဘုရားရှင်သည် ဓမ္မသင်္ဂဏီပါဠိတော်၌ အဇ္ဈတ္တံ–ဟု ဟောတော်မူ၏။ ဈာနဝိဘင်း၌ကား အဘယ်သို့ ဟောပါသနည်း။ ဤသို့ မေးဖွယ်ရှိ၍ ဒုတိယဝါကျကိုမိန့်။ အဓိပ္ပါယ်ကား–ဈာနဝိဘင်း ပါဠိတော်၌ကား အဇ္ဈတ္တံ ပစ္စတ္တံ–ဟု ဟောတော်မူသည် ဟူလို။

**သီ–ပုစ္ဆာ။** ။က–မှတ်ပြဝါကျပါ ဝိတက္ကဿ–ပုဒ်သို့ သဒ္ဒအနုသန္ဓေနည်းဖြင့် ကျမ်းထွက်ပြ၍၊ ဂ–မှတ်ပြဝါကျပါ ဝဏ္ဏသဒ္ဒါ၏ အတ္ထုဒ္ဓါရ၊ ဣတ္ထိ ပုမ၊ မိပ္ပေတ–တို့ကို ဖော်ပြပါ။

**သီ–အဖြေ။** ။ဤသို့လျှင် ဣတိ–ဟူသောပုဒ်ဖြင့် နိဒ္ဒေသနကို ပြတော်မူပြီး၍ ယခုအခါ ထို၏ နိဒ္ဒေသတဗ္ဗကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဝိတက္ကဿ–ဟူသောပါဠ်ကို မိန့်။

**တစ်နည်း။** ။ဤသို့လျှင် ဒိန္နံ–ဟူသောပါဠ်ဖြင့် သရူပဝစ္စကိုပြတော်မူပြီး၍ ယခုအခါ သရူပကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဝိတက္ကဿ ဟူသောပါဠ်ကို မိန့်။

ဝဏ္ဏော သဏ္ဌာနရူပေသု၊ ဇာတိစ္ဆဝိသု ကာရဏော။
ပမာဏေ စ ပသံသာယံ၊ အက္ခရေ စ ယသေ ဂုဏော။ (၇၇၉)

ဤ၌ ရူပအနက်ကို အလိုရှိအပ်ပါသည်။

**သီ–ပုစ္ဆာ။** ။ဂ–ဝါကျပါ သမ္ပသာဒနယောဂတော–ပုဒ်သို့ ပညတ်နည်းအားဖြင့် အနာဂေဘာဂပုစ္ဆာ ထွက်ပြ၍၊ ဃ–ဝါကျပါ စေတော–ပုဒ်သို့ ပရမတ်နည်းအားဖြင့် သာဘောဂပုစ္ဆာ ထွက်ပြပါ။

**သီ–အဖြေ။** ။(ဂ) ဆရာ၊ ဆရာသည် သမ္ပသာဒနံ–ဟူသောပါဠ်ဖြင့် သမ္ပသာဒနမည်သော–ဟု ဆိုတော်မူ၏။ အဘယ့်ကြောင့် သမ္ပသာဒနမည်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် သမ္ပသာဒနယောဂတော–ဟူသောပါဠ်ကို မိန့်။ အဓိပ္ပါယ်ကား–သမ္ပသာဒနမည်သောသဒ္ဓါနှင့် ယှဉ်ခြင်းကြောင့် သမ္ပသာဒနအမည်ရသည်–ဟူလို။

(ဃ) ဆရာ၊ ဆရာသည် သမ္ပသာဒယတိ–ဟူသောပါဠ်ဖြင့် အကျိုး သဟဇာတပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ထို၏အကြောင်း သဟဇာတပစ္စည်းတရားကား အဘယ်ပါနည်း၊ ထို၏အကြောင်း သဟဇာတပစ္စည်းတရားကို မပြတော့ပြီလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် စေတော–ဟူသောပါဠ်ကိုမိန့်။ အဓိပ္ပါယ်ကား–သမ္ပသာဒယတိ–ဟူသော အကျိုးသဟဇာတပစ္စယုပ္ပန်တရား၏ အကြောင်း သဟဇာတပစ္စည်းတရားကို ပြထားပါ၏။ ထို၏ အကြောင်း သဟဇာတပစ္စည်းတရားကား စိတ်ဖြစ်၏ ဟူလို။

http://www.dhammadownload.com



**မှတ်ချက်။** ။ကံနှင့်ကြိယာ ဖြစ်သော်လည်း အာရမဏာမျိုး မဟုတ်၊ သဟဇာတမျိုးသာ ဖြစ်သည်။

**နီ-ပုစ္ဆာ။** ။ဂ-မှတ်ပြဝါကျသို့ ဌပနာပဋ္ဌကနည်းဖြင့် စောဒနာတက်ပြပါ။

**နီ-အဖြေ။** ။ဆရာ ဆရာသည် ခ-မှတ်ပြဝါကျဖြင့် အဇ္ဈတ္တံ-ဟူသော ပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။ ဤမျှကိုသာ ဆိုချေသော် သမ္ပသာဒနံ-ဟူသောပုဒ်၏ အဖွင့်ကို မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် အဇ္ဈတ္တံ-ဟူသောပုဒ်၏ အဖွင့်ကိုသာ မပြဆိုသင့်။ သမ္ပသာဒနံ-ဟူသောပုဒ်၏ အဖွင့်ကို မပြဆိုချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ သမ္ပသာဒနံ-ဟူသောပုဒ်၏ အဖွင့်ကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် ဂ-ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား သမ္ပသာဒနံ-ဟူသော ပုဒ်၏အဖွင့်ကို ငါမပြသည်မဟုတ် ဂ-မှတ်ပြဝါကျဖြင့် ပြထားသည်သာ ဖြစ်ပါ၏။ ထို့ကြောင့် သင်တင်အပ်သော အဗျာပိတ, အပရိပုဏ္ဏဒေါသ ငါ့အပေါ်၌ မရောက်-ဟူလိုသော်။

**နီ-ပုစ္ဆာ။** ။ဃ-မှတ်ပြဝါကျသို့ ကျမ်းရိုးငါးချက်နည်းဖြင့် စောဒနာတက်ပြပါ။

**နီ-အဖြေ။** ။ဆရာ ဆရာသည် ဂ-မှတ်ပြဝါကျဖြင့် သမ္ပသာဒန-ပုဒ်၏ ဂုဏူပစာသဒ္ဒါ ဖြစ်ကြောင်းကို ဖွင့်ပြတော်မူ၏။ ဤမျှသာ ဖွင့်ပြချေသော် ယင်းသမ္ပသာဒနသဒ္ဒါသည် မုချသဒ္ဒါ မဖြစ်နိုင်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား မုချသဒ္ဒါ မဖြစ်နိုင်-ဟူသောအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်ငြားလသောကြောင့် မုချသဒ္ဒါဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲလျက် နေချေသော် ဆရာ့အပေါ်၌ အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ မုချသဒ္ဒါ ဖြစ်နိုင်ပုံကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာဖွယ်ကို သောဓနာလိုရကား ဃ-ဝါကျကိုမိန့်။ အဓိပ္ပါယ်ကား သမ္ပသာဒန၏ မုချသဒ္ဒါဖြစ်နိုင်ပုံကို မပြသည် မဟုတ် ဃ-ဝါကျဖြင့် ပြထားသည်သာ ဖြစ်သောကြောင့် သင်တင်အပ်သော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ငါ့အပေါ်၌ မရောက်-ဟူလိုသော်။

**မှတ်ချက်။** ။ပိဏ္ဍတ္ထနည်းအရ တက်ထားသည်။ အဓိပ္ပါယ်နည်းလည်း တက်ကြည့်ပါ။

http://www.dhammadownload.com



## ၃-နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ-ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို အကြောင်းနှင့်တကွ ဝါကျအမည်ပေး၍၊ ဃ-ဝါကျပါ သမ္ဘာဝနန္တိ-ပုဒ်ကို စပ်သင့်ရာ၌ စာစပ်ပြပါ။

**ပါ-အဖြေ။** ။ခ-ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ပါသည်။ အကြောင်းကား- ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ပုဒ်တို့၏ အဖွင့်မှတစ်ပါး အဇ္ဈတ္တံ-ဟူသောပုဒ်၏ အဖွင့်ကို ပြလိုသောကြောင့် ဖြစ်ပါသည်။ ဂ-ဝါကျသည် ပက္ခန္တရဝါကျဖြစ်ပါသည်။ အကြောင်းမှာ အဇ္ဈတ္တံ-ဟူသောပုဒ်၏ အဖွင့်မှတစ်ပါး သမ္ပသာဒနံ-ဟူသောပုဒ်၏ အဖွင့်ကို ပြသောကြောင့် ဖြစ်ပါသည်။ ဃ-ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ပါသည်။ အကြောင်းမှာ သမ္ပသာဒနံ-ဟူသောပုဒ်၏ အဖွင့်ကို တစ်မျိုးအားဖြင့် ပြသောကြောင့် ဖြစ်ပါသည်။

သမ္ပသာဒနန္တိကား ဟူ၍-ဟု အနက်ပေးသောကြောင့် ဝုတ္တံ-၌ အာကာရ၊ ဝုတ္တံ-ကား အာကာရဝန္တအဖြစ်ဖြင့် စပ်အပ်၏။

**ပါ-ပုစ္ဆာ။** ။အထက်ပါ ဝါကျတို့ကို အချင်းချင်းထောက်ဆ၍ ဝါကျအမည်ပေးပြပါ။

**ပါ-အဖြေ။** ။(ခ၊ ဂ၊ ဃ)ဝါကျတို့သည် ပက္ခန္တရဝါကျ ဖြစ်ပါသည်၊ ထိုဝါကျတို့ကို ထောက်၍ က-ဝါကျသည် ပက္ခဝါကျဖြစ်ပါသည်။ ပက္ခန္တရဝါကျထဲတွင် (ဂ၊ ဃ)ဝါကျတို့သည် ပက္ခန္တရဝါကျ ဖြစ်ပါသည်၊ ထိုဝါကျတို့ကို ထောက်၍ ခ-ဝါကျသည် ပက္ခဝါကျ ဖြစ်ပါသည်။ ပက္ခန္တရဝါကျထဲတွင် ဃ-ဝါကျသည် ပက္ခန္တရဝါကျ ဖြစ်ပါသည်၊ ထိုဝါကျကိုထောက်၍ ဂ-ဝါကျသည် ပက္ခဝါကျ ဖြစ်ပါသည်။

**သီ-ပုစ္ဆာ။** ။ကိဥ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပထမဇ္ဈာနဓမ္မာ န သန္တိ။ သြဠာရိကဿ ပန သြဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပထမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ ဝိတက္ကဝိစာရာဒီနံ ဝူပသမာတိ ဧဝံ ဝုတ္တံ-၌ စောဒကာသောဂါဒိစတုက္က ထုတ်ပြ၍ ကိဥ္စာပိ-သဒ္ဒါ ထားရခြင်း၏ အကြောင်းကိုလည်း ရှင်းပြပါ။

**သီ-အဖြေ။** ၁။နနု ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပထမဇ္ဈာနဓမ္မာ န သန္တိ။ (စော-သော)

(တသ္မာ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ န ဝတ္တဗ္ဗံ။ စောဒကာသောဂဖလ)

၂။ အထ ကိမတ္ထံ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တံ။ (စောဒနာ)

http://www.dhammadownload.com



၃။ သြဋ္ဌာရိကဿ သြဋ္ဌာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ။ (ပရိ-ဘော)

၄။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တံ။ (ပရိဟာရ)

ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ပါဠိတော်သဒ္ဒါကို စောဒကတို့ မနှစ်သက် ဖွယ်ရှိသောကြောင့် ကိဥ္စာပိ-သဒ္ဒါ ထားရပါသည်။

နီ-ပုစ္ဆာ။ ။ဃ-မှတ်ပြဝါကျ၌ ဝါ-သဒ္ဒါထားရပုံ၊ တသ္မာ-သဒ္ဒါထားရပုံ၊ ထိုဝါကျဖြင့် ပယ်အပ်သော ဒေါသတို့ကို ရှင်းလင်းဖော်ပြပါ။

နီ-အဖြေ။ ။ဃ-ဝါကျ၌ ဝါ-သဒ္ဒါကို သမ္ပသာဒနံ-ပုဒ်၏ ဂုဏ္ဏူပစာ သဒ္ဒါအဖြစ်မှတစ်ပါး မုချသဒ္ဒါအဖြစ်ကို လဲပြလိုသောကြောင့် ထားပါသည်။ ဝါ-သဒ္ဒါ သဒ္ဒါလဲ-ဟု ဆိုလိုပါသည်။ တစ်နည်း၊ သမ္ပသာဒနမည်သော သဒ္ဓါနှင့် ယှဉ်သည်၏အဖြစ်ကြောင့် သမ္ပသာဒနမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းမှတစ်ပါး စိတ်ကို ကြည်လင်စေတတ်သည်၏အဖြစ်ကြောင့် သမ္ပသာဒနမည်၏-ဟူသော ဗျုပ္ပတ်အကြောင်းတစ်မျိုးကို လဲပြလိုသောကြောင့် ဝါ-သဒ္ဒါ ထားပါသည်။ ဝါ-သဒ္ဒါ အကြောင်းလဲ-ဟု ဆိုလိုပါသည်။

အကျိုးဖလကို ပြလိုသောကြောင့် တသ္မာ-သဒ္ဒါထားရပါသည်။

သမ္ပသာဒနံ-ပုဒ်၏အဖွင့် မပြည့်စုံသည်ကို ပြည့်စုံအောင် ဖွင့်ပြသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

## ၄-နံပါတ် ပုစ္ဆာနှင့်အဖြေ

ပါ-ပုစ္ဆာ။ ။က-ဝါကျပါ ဝုတ္တံ-ကို ဝိဂ္ဂဟပြု၍ ဉာသ်နည်းအရကောက် ပြပါ။

ပါ-အဖြေ။ ။ဝစီယိတ္ထာတိ ဝုတ္တံ၊ အတ္တဇာတံ။ (အနက်ပေး ဝိဂ္ဂဟစစ်၊ ဓာတ်ပစ္စည်းခွဲပါ။) ဝစဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား ဆိုသောပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ထိုစိတ္တုပ္ပါဒ်၏ အနက်နှင့် အာရုံ+အာရမဏိကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ တ, ပစ္စည်း၏အရကား ထို မုချဌာနူပစာတို့ဖြင့် မှတ်အပ်သော အနက် ရ၏။

သီ-ပုစ္ဆာ။ ။ခ-ဝါကျပါ အဓိပ္ပေတံ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဝစနာဒိဆက္က ခွဲဝေပြပါ။

သီ-အဖြေ။ ။အဓိပ္ပီယတေ ဣစ္ဆီယတေတိ အဓိပ္ပေတံ၊ နိယကဇ္ဈတ္တံ။

http://www.dhammadownload.com



အဓိပ္ပေတံ-ဟူသော နိပ္ဖန္န-ပုဒ်သည် ဝစနမည်၏။

အဓိပ္ပါယတေ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

အလိုရှိခြင်း ကြိယာသကတ်သည်၊ ဝါ-အလိုအပ်သည်၏ အဖြစ်တည်းဟူသော ကမ္မသတ္တိသည် ဝစနဟေတုမည်၏။

ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။

အလိုရှိအပ်သော နိယကဓမ္မတ္တဒြပ်သည် ဝစနီယမည်၏။

ဣစ္ဆိတံ-စသော ပရိယာယ်သဒ္ဒါစုသည် ဝစနီယတ္ထမည်၏။

**နီ-ပုစ္ဆာ။** ။ဃ-ဝါကျပါ စေတောပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိစတုက္က ခွဲဝေပြပါ။

**နီ-အဖြေ။** ။စိန္တေတီတိ စေတော။

စေ-ဟူသော တော-ဟူသော အစိတ်အစိတ်သော ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။

စိန္တ ဓာတ်၊ ဏ, ပစ္စည်းသည်လည်းကောင်း၊ သိခြင်းကြိယာသည်လည်းကောင်း ဗျုပ္ပတ္တိနိမိတ်မည်၏။

စေတော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိမည်၏။

သိခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။ (အဘိဓာန်ဋီကာ)

စိန္တေတီတိ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိမည်၏။

သိခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။

စေတော-ဟူသော နိပ္ဖန္နပုဒ်သည် ပဝတ္တိမည်၏။

သိခြင်းကြိယာသည် ပဝတ္တိနိမိတ်မည်၏။ (ဘေဒစိန္တာဒီပနီ)

## ၅-နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ-ပုစ္ဆာ။** ။က-ဝါကျပါ သမတိက္ကမာ၊ ဈာန-ပုဒ်တို့၏ ဓာတ်၊ ပစ္စည်း၊ ဝိဘတ်၊ ကာရက၊ ကြိယာ-တို့ကို စိစစ်ပြပါ။

**ပါ-အဖြေ။** ။သမတိက္ကမာသည် သံ၊ရှေး, အဘိရှေးရှိသော ကမုဓာတ်၊ အ, ပစ္စည်း၊ ပဉ္စမီကေဝုစ် သ္မာဝိဘတ်၊ ကာရဏ အ, ကာရက၊ ဘောဟောကြိယာ ဖြစ်ပါသည်။

ဈာနသည် ဈေဓာတ်၊ ယုပစ္စည်း၊ ဆဋ္ဌီကေဝုစ် သ, ဝိဘတ်၊ သာမိအကာရက၊ ကတ္တားဟောကြိယာ ဖြစ်ပါသည်။

http://www.dhammadownload.com



**သိ–ပုစ္ဆာ။** ။ဃ–ဝါကျပါ သမ္ဗသာဒနသမနွာဂတတ္တာ–ဟူသော ဟိတ်၏ သမ္ဗန်ကိုခံလျက် အနက်အားလျော်စွာ စာစပ်ပြီးလျှင်၊ ဘာဝသမ္ဗန်ပုဒ်၏ ပစ္စယတ္ထကိုလည်း ဖော်ပြပါ။

**သိ–အဖြေ။** ။သမ္ဗန်ကား ဈာနဿ သမ္ဗသာဒနသမနွာဂတတ္တာ–ဖြစ်ပါသည်။

ဈာနဿ–ကား သည်–ဟူ၍ အနက်ပေးသောကြောင့် သမ္ဗသာဒနသမနွာဂတတ္တာ–ဝယ် သမ္ဗသာဒနသမနွာဂတ–၌ ဝါစ္စ တုလျတ် ကတ္တား၊ သမ္ဗသာဒနသမနွာဂတ–ကား ဝါစကလိင်္ဂတ် ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။ တစ်နည်း၊ ဈာနဿ–ကား ၏–ဟူ၍ အနက်ပေးသောကြောင့် သမ္ဗသာဒနသမနွာဂတတ္တာ–ဝယ် တ္တ–၌ သမ္ဗန် သတ္တိမန္တ၊ တ္တ–ကား သမ္ဗန္ဓိသတ္တိအဖြစ်ဖြင့် စပ်အပ်၏။

ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ဈာန်ဖြစ်ပါသည်။ တစ်နည်း၊ ကတ္တားအနက်ဖြစ်ပါသည်။ တစ်နည်း၊ ဥတ္တရပဒအနက် ဖြစ်ပါသည်။

**နီ–ပုစ္ဆာ။** ။ဃ–ဝါကျပါ ယသ္မာ၊ စေတော–ပုဒ်တို့၏ လိင်၊ ဂဏ၊ အန္တ၊ ပဒ–တို့ကို ပြပါ။

**နီ–အဖြေ။** ။ယသ္မာ–သည် အ, လိင်၊ ဂဏဝိမုတ်၊ အာ, ကာရန္တ၊ နိပါတ်ပုဒ် ဖြစ်ပါသည်။ စေတော–သည် ပုံလိင်, နပုံလိင်၊ မနောဂိုဏ်း၊ အ, ကာရန္တ၊ ကိတ်နာမ်ပုဒ် ဖြစ်ပါသည်။

**မှတ်ချက်။** ။ယသ္မာ–သည် ဒြပ်အနက် ပေါ်ထွက်အောင် ပေးရသော အရာမဟုတ်သောကြောင့် သလိင်္ဂိကပုဒ် မဖြစ်နိုင်။ သဗ္ဗနာမ်ပုဒ်လည်း မဟုတ်၊ နိပါတ်ပုဒ်သာ ဖြစ်နိုင်သည်။ ထို့ကြောင့် ဤသို့ ခွဲထားသည်၊ ယသ္မာ–အကြောင်း ယောကျ်ားကြောင့်စသည်ဖြင့် ပေးရာ၌ကား သဗ္ဗနာမ်ပုဒ်တည်း။

## ၆–နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ–ပုစ္ဆာ။** ။က–ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာ တို့ကို ဖော်ပြပါ။

**ပါ–အဖြေ။** ။ဝိတက္ကဿ စ ဝိစာရဿ စာတိ ဣမေသံ ဒွိန္နံ–ဖြင့် ဝိတက္ကဝိစာရာနံ–ပုဒ်ကို ဝိတက္ကော စ ဝိစာရော စ ဝိတက္ကဝိစာရာ–ဟု ဒွန္ဒသမာသ် ဝိဂ္ဂြိုဟ်ပြုရမည့်အဖြစ်ကို သိစေပါသည်။ သမာသ်ဖြစ်သော လိင်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ ရူပသမာ ဒုတိယဈာနက္ခဏေ အပါတုဘာဝါ–တို့ဖြင့် ဝိတက်ဝိစာရတို့၏ ငြိမ်းအေးခြင်းဟူသည်

http://www.dhammadownload.com



ဝိတက်ဝိစာရတို့ကို လွန်မြောက်ခြင်း၊ဝိတက်ဝိစာရတို့၏ ဒုတိယဈာန်ခဏ၌ ထင်ရှားမရှိခြင်းပင်တည်း-ဟု သိစေပါသည်။ အဓိပ္ပါယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

**သီ-ပုစ္ဆာ။** ။ဂ-ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

**သီ-အဖြေ။** ။သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ-ဖြင့် သမ္ပသာဒန-အရ သဒ္ဓါကို ကောက်ယူရမည့်အဖြစ်ကို သိစေပါသည်။ သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ-ဖြင့် ဈာန်ကိုကား သမ္ပသာဒနမည်သော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် သမ္ပသာဒန-ဟု ခေါ်ရသည်ဟု သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ-ဖြင့် ညိုသောအဆင်းနှင့် ယှဉ်သောကြောင့် အဝတ်ကို နီလ-ဟု ခေါ်ရသကဲ့သို့-ဟု ဥပမာကို ပြပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။

**နီ-ပုစ္ဆာ။** ။ဃ-ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

**နီ-အဖြေ။** ။တံ ဈာနံ-ဖြင့် သမ္ပသာဒန-အရ ဈာန်ကို ကောက်ရမည့်အဖြစ်ကို သိစေပါသည်။ သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန-တို့ဖြင့် သမ္ပသာဒနအမည်ရသော သဒ္ဓါနှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ ဝိတက်ဝိစာရတို့၏ လှုပ်ချောက်ချားမှု ငြိမ်းအေးခြင်းကြောင့်လည်းကောင်း ကြည်လင်ခြင်း-ဟု သိစေပါသည်။ အဓိပ္ပါယ်ရအနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ စေတော-ဖြင့် ကြည်လင်ခြင်း-ဟူသည် စိတ်ကိုကြည်လင်စေခြင်းပင်တည်း-ဟု သိစေပါသည်။ ဘာဝတ္ထသံဝဏ္ဏနာ ဖြစ်ပါသည်။ သမ္ပသာဒယတိ-ဖြင့် သမ္ပသာဒနံ-၌ ယုပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်ဟော၏ အဖြစ်ကို သိစေပါသည်။ ကိတ်ဖြစ်သော ပစ္စည်း၏အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ ဖြစ်ပါသည်။

## ၇-နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ-ပုစ္ဆာ။** ။ဃ-ဝါကျ၌ စေတော-အစား စေတံ-ဟု ရှိပါက သင့်မည် မသင့်မည်ကို သဒ္ဒါနည်းအရ ဆုံးဖြတ်ပါ။

http://www.dhammadownload.com



**ပါ–အဖြေ။** ။စေတော–အစား စေတံဟုရှိလျှင် သင့်သည်ပင် ဖြစ်ပါသည်။ အကြောင်းကား စေတ–ပုဒ်သည် မနောဂိုဏ်းဝင်ပုဒ်ဖြစ်၍ သဿ စော–ဟူသော သုတ်လာ စ–သဒ္ဒါဖြင့် အံဝိဘတ်ကို ဩပြုလျှင် စေတော–ပြီးနိုင်သကဲ့သို့ မပြုဘဲထားလျှင် စေတံ–ဟု ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

**မှတ်ချက်။** ။စေတံ–ဟူသောပါဠ်သည် သဒ္ဒါနည်းအရ ဖြစ်နိုင်သော်လည်း ဝေါဟာရကား မရှိချေ။ သို့သော် သဒ္ဒါနည်းအရ အဆုံးအဖြတ်ခိုင်းသောကြောင့် သင့်သည်–ဟု ဖြေရတော့သည်။

**သိ–ပုစ္ဆာ။** ။ဂ–ဝါကျပါ သဒ္ဒါ–ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြပါ။

**သိ–အဖြေ။** ။သံရေးရှိသော ဓာ, ဓာတ်၊ အ, ပစ္စည်းမှ နိဂ္ဂဟိတ်ကို န, ပြုခြင်း–ဟူသော ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ န, ကို ဒ, ပြုခြင်းဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်းတို့ဖြင့် သဒ္ဒါ–ဟု ပြီးနေပါသည်။

**နိ–ပုစ္ဆာ။** ။ခ–ဝါကျ၌ နိယကဇ္ဈတ္တံ–နောင် ဝေ–အကြေကြဲ၍ ယင်း၏ အနက်သုံးချက်ကို ထုတ်ပြပြီးလျှင်, ဝိဘင်္ဂေ ပန–၌ "ပန"နိပါတ်၏ အနက်ကိုလည်းကောင်း၊ တွေ–၏ စွဲရာအနက်နှင့် အမျိုးအစားကိုလည်းကောင်း ဖော်ပြပါ။

**နိ–အဖြေ။** ။နိယကဇ္ဈတ္တံ ဝေ–၌ နိယကဇ္ဈတ္တ–သည် ဂဟေတဗ္ဗတ္ထ။
အဇ္ဈတ္တဇ္ဈတ္တ–စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
မိမိ၏သန္တာန်၌ ဖြစ်ခြင်းဂုဏ်သည် အနုညာတတ္ထ ဖြစ်ပါသည်။
ပန–သဒ္ဒါ သမုစ္စည်းအနက်ကို ဟောပါသည်။
"တွေ–အဇ္ဈတ္တံပုဒ်၌"–ဟုစွဲ၍ တေ–သဒ္ဒါသည် ပက္ကန္တဝိသယ တေ–သဒ္ဒါ ဖြစ်ပါသည်။

## ၈–နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ–ပုစ္ဆာ။** ။ဝိတက္ကဝိစာရာနံ ဝူပသမာ–ပုဒ်၌ ဖြစ်သင့်သော ဥပစာနယတို့ကို ရှင်းပြပါ။

**ပါ–အဖြေ။** ။ ဝိတက္ကသိစာရာနံ ဝူပသမာ–ဟူသော စကားသည် ဒုတိယဈာန်ရခြင်း၏ အကြောင်းကိုသာ ပြသောစကား မဟုတ်သေး။ ပီတိကို လွန်မြောက်ခြင်းသည် တတိယဈာန်ကို ရခြင်း၏အကြောင်း, သုခကို လွန်မြောက်ခြင်းသည် စတုတ္ထဈာန်ကို ရခြင်း၏အကြောင်း–ဟု အထက်ဈာန်တို့ကိုရခြင်း၏ အကြောင်း

http://www.dhammadownload.com


များကိုလည်း ပြရာရောက်သေး၏။ ထို့ကြောင့် ဝိတက္ကဝိစာရာနံ ဝူပသမာ–သည် ပီတိ၊ သုခသမတိက္ကမတို့အတွက်ပါ မှတ်ရှုပြသော ဉပလက္ခဏနည်း။ အဝယဝ ပစာ (ကေဒေသူပစာ) စကားတည်းဟုမှတ်–ဟူသော ဘာသာဋီကာကို ဆိုရိုးကျ အောင် ရေးရုံမျှသာ။

**သီ–ပုစ္ဆာ။** ။ပထမဈာန်၌လည်း သဒ္ဓါယှဉ်ပါလျက် ဒုတိယဈာန်ကိုသာ "သမ္ပသာဒနံ"ဟုဆိုရပုံကို ရှင်းလင်းဖော်ပြပါ။

**သီ–အဖြေ။** ။ပထမဈာန်သည် ဝိတက်ဝိစာရတို့၏ လှုပ်ချောက်ချား မှုကြောင့် လှိုင်းငယ် လှိုင်းကြီး တို့ဖြင့် ရောပြွမ်းသော ရေကဲ့သို့ မကြည်လင်ပါ။ ထို့ကြောင့် သဒ္ဓါယှဉ်သော်လည်း သမ္ပသာဒနံ–ဟု မဆိုရပါ။ ဒုတိယဈာန်၌ကား ဝိတက် ဝိစာရ–ဟူသော အနှောက်အယှက်မရှိသဖြင့် သဒ္ဓါသည် အခွင့်ရ၍ အား ရှိပါသည်။ ထို့ကြောင့် ဒုတိယဈာန်ကိုသာ "သမ္ပသာဒနံ"ဟု ဆိုရပါသည်။

**နီ–ပုစ္ဆာ။** ။ဒုတိယဈာန်ကို ကိုယ်ပြု၍ ကြိယာငါးတန် ထုတ်ပြပါ။
**နီ–အဖြေ။** ။ဒုတိယဈာန်သည် ဒဿနတ္ထ။
ဒုတိယဈာန်၏ ပရိကမ္မဘာဝနာသည် ဒီပကတ္ထ။
ဒိဋ္ဌဓမ္မသုခဝိဟာရ–စသည်သည် ပကာသနတ္ထ။
ပထမဈာန်သည် ဝိဘာဝတ္ထ။
တတိယဈာန်–စသည်သည် အနုဘာဝတ္ထ ဖြစ်ပါသည်။

## ၉–နံပါတ် ပုစ္ဆာနှင့်အဖြေ

**ပါ–ပုစ္ဆာ။** ။ဆက်ဦးအံ့၊ ဤပထဝီကသိုဏ်း၌ ပရိကမ်ကိုပြု၍ စတုက္က ပဉ္စကဈာန်တို့ကို ဖြစ်စေ၍ ဈာန်လျှင်နီးသော အကြောင်းရှိသော ဝိပဿနာကို ပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်လိုသော အမျိုးကောင်းသားသည် အဘယ်သို့ ပြုထိုက်သနည်း–ဟူသောဝါကျကို ပါဠိစီကုံးပြပါ။

**ပါ–အဖြေ။** ။ဣမသ္မိံ ပန ပထဝီကသိဏေ ပရိကမ္မံ ကတွာ စတုက္က ပဉ္စကဈာနာနိ နိဗ္ဗတ္တေတွာ ဈာနပဒဋ္ဌာနံ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတ္တု– ကာမေန ကုလပုတ္တေန ကိံ ကာတဗ္ဗံ။

**သီ–ပုစ္ဆာ။** ။ဂ–ဝါကျကို ဂါထာစီ၍ ဂါထာအမည်လည်း ပေးပြပါ။
**သီ–အဖြေ။** ။သမ္ပသာဒနံ သဒ္ဓါ၀၊ ဈာနံ တု တေန ယောဂတော။
နီလဝဏ္ဏေန ယုတ္တတ္တာ၊ နီလဝတ္ထံ ဘဝေ ယထာ။
ဤဂါထာသည် ပထမ မ,ကာရဝိပုလာဂါထာ ဖြစ်ပါသည်။

http://www.dhammadownload.com



**နီ-ပုစ္ဆာ။** ။သဒ္ဒါ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

**နီ-အဖြေ။** ။သဒ္ဒါ သမ္ပသာဒနလက္ခဏာ။
သမ္ပက္ခန္ဒနလက္ခဏာ ဝါ၊
သဒ္ဒဟနလက္ခဏာ ဝါ၊
ဩကပ္ပနလက္ခဏာ ဝါ။
ပသာဒနရသာ၊ ပက္ခန္ဒနရသာ ဝါ။
အကာလုသိယပစ္စုပဋ္ဌာနာ၊
အဓိမုတ္တိပစ္စုပဋ္ဌာနာ ဝါ။
သဒ္ဓေယျဝတ္ထုပဒဋ္ဌာနာ၊
သောတာပတ္တိယင်္ဂပဒဋ္ဌာနာ ဝါ။

## ၁၀-နံပတ် ပုစ္ဆာနှင့်အဖြေ

**ပါ-ပုစ္ဆာ။** ။ဝိတက္ကသ-ပုဒ်ကို ဝေဝစနဟာရနေတ္တိနည်းဖြင့် ဖွင့်ပြပါ။

**ပါ-အဖြေ။** ။သုတ်ဒ္ဓလာသောပုဒ်ကို များစွာသော ဝေဝုစ်ပရိယာယ် စကားလှယ်တို့ဖြင့် ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် ဝေဝစနဟာရ မည်၏။ ဖွင့်ပြဟန်ကား ဝိတက္ကသ-ဟူသောပုဒ်၏ ပရိယာယ်ကား တက္ကသ၊ ဝိတက္ကသ၊ အပ္ပနာယ၊ ဥပ္ပာယ-စသည်တည်း။ ဤသို့လျှင် သုတ်ဒ္ဓလာသောပုဒ်ကို များစွာသော ဝေဝုစ်ပရိယာယ် စကားလှယ်တို့ဖြင့် ဖွင့်ပြကြောင်းဖြစ်သော ဟာရသည် ဝေဝစနဟာရ-မည်၏။

**သီ-ပုစ္ဆာ။** ။သဒ္ဒါ-ကို ကိုယ်ပြု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

**သီ-အဖြေ။** ။ယုံကြည်ခြင်းသည် ရတိဌာယိဘာဝ။

ရတနာသုံးပါးသည်လည်းကောင်း၊ ယောနိသောမနသိကာရသည်လည်းကောင်း အာရမ္ဘဏဝိဘာဝ။

ရတနာသုံးပါး၏ ဂုဏ်သည်လည်းကောင်း၊ သဒ္ဓမ္မဿဝန-စသည် သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ။

ကြည်ညိုသည့်အလျောက် ဆည်းကပ်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝ-မည်၏။

**နီ-ပုစ္ဆာ။** ။ဃ-ဝါကျဒ္ဓ စေတော-အရ ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော ပစ္စယသတ္တိ၊ ကျေးဇူးပြုသော ပစ္စည်းတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



**နီ–အဖြေ။** ။စေတော–အရကား ရူပါဝစရ ဒုတိယဈာန်စိတ် ဖြစ်ပါသည်။ သမ္ပသာဒယတိ–အရကား သဒ္ဓါစေတသိက် ဖြစ်ပါသည်။ သမ္ပသာဒယတိ–အရ သဒ္ဓါတရားက စေတော–အရ ဒုတိယဈာန်စိတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်နိုင်သော ပစ္စည်းများကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ–တို့ ဖြစ်ပါသည်။

စုပေါင်းလေ့ကျင့်ခန်း ပြီး၏။

ဓမ္မာစရိယမျက်ရှု အလုံးစုံ ပြီးပြည့်စုံပါပြီ။

ဣဒ္ဓိပါဒ၊ လေးဝစုံလင်၊ အောင်မြင် ပြီးစီးကြပါစေ။

အရှင်ကာရဏိက